သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဓမ္မပဒအဋ္ဌကထာ မြန်မာပြန်

ဓမ္မပဒဝတ္ထု

(ဒုတိယတွဲ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ၂၀၁၂

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဓမ္မပဒအဋ္ဌကထာ မြန်မာပြန်

ဓမ္မပဒဝတ္ထု

(ဒုတိယတွဲ)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ၂၀၁၂

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်

ဓမ္မပဒဝတ္ထု

(ဒုတိယတွဲ)

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	၃။ စိတ္တဝဂ်	
၁။	ပူတိဂတ္တတိဿ မထေရ်ဝတ္ထု	
	အတိတ်ကံဆိုးသော တိဿရဟန်းကြီး	၁
	မြတ်စွာဘုရားကိုယ်တော်တိုင် ပူတိဂတ္တတိဿ	
	မထေရ်အား စောင့်ရှောက်တော်မူခြင်း	၂
	ဒေသနာတော်၏ အကျိုးအာနိသင်	၄
၂။	နန္ဒဂေါပါလက နွားကျောင်းသားဝတ္ထု	၇
	ဘုရားထံမှ အပြန်တွင် မြားမှန်သေရခြင်း	၇
၃။	သောရေယျ သေဋ္ဌေးသားဝတ္ထု	၁၀
	အရှင်မဟာကစ္စည်းမထေရ်ကို ပြစ်မှားခြင်း	၁၀
	မိန်းမဖြစ်၍ တက္ကသိုလ်ပြည်သို့ ရောက်ခြင်း	၁၁
	သူငယ်ချင်း သေဋ္ဌေးသားနှင့် တွေ့ဆုံခြင်း	၁၃
	သောရေယျသေဋ္ဌေးသား ယောကျ်ားပြန်ဖြစ်ခြင်း....	၁၅
	အရှင်သောရေယျမထေရ် ရဟန္တာဖြစ်ခြင်း	၁၇
	၄။ ပုပ္ဖဝဂ်	
၁။	မြေကြီးအကြောင်း ပြောဆိုသော ရဟန်းငါးရာတို့ ဝတ္ထု	၁၉
၂။	တံလျှပ်ကမ္မဋ္ဌာန်းကို ရှုသော မထေရ်ဝတ္ထု	၂၁
၃။	ဝိဋ္ဋူဘမင်းသား ဝတ္ထု	၂၃
	မင်းသားကြီးသုံးယောက်	၂၃
	သံဃာတော်တစ်ထောင် ဆွမ်းလုပ်ကျွေးခြင်း	၂၅
	အကျွမ်းမဝင်ရန် အင်္ဂါ ၉ ပါး	၂၇
	အကျွမ်းဝင်ရန် အင်္ဂါကိုးပါး	၂၈
	ကောသလရသေ့ဝတ္ထု	၂၉
	ကောသလရသေ့အကြောင်း ဇာတ်ပေါင်းခြင်း	၃၂

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	သာကီဝင်မင်းသမီးနှင့် အမျိုးဆက်ခြင်း	၃၃
	ဝိဋ္ဋူဘ-ဟု အမည်မှည့်ခြင်း	၃၄
	သာကီဝင်မင်းတို့ထံ သွားခြင်း	၃၆
	ဝိဋ္ဋူဘထိုင်ခဲ့သည့် ပျဉ်ချပ်ကို နို့ရည်ဖြင့် ဆေးခြင်း....	၃၆
	အဘအမျိုးသာ ပမာဏဖြစ်ခြင်း	၃၇
	ဃင်းခွေသည်မအကြောင်း	၃၈
	ထင်းခွေသည်မအား လက်ဖွဲ့ပ်ပေးအပ်ခြင်း	၃၈
	မင်းကြီးက မိမိသားတော် မဟုတ်ဟု ငြင်းပယ်ခြင်း....	၃၉
	ဇာတ်ပေါင်းခြင်း	၄၁
	ဗန္ဓုလနှင့် မလ္လိကာဘွဲ့အကြောင်း	၄၁
	မလ္လိကာ ချင်ခြင်းတပ်ခြင်း	၄၂
	ဗန္ဓုလကို ရထားငါးရာဖြင့် လိုက်ခြင်း	၄၃
	လိစ္ဆဝီမင်းတို့ သေဆုံးခြင်း	၄၄
	တစ်စုံမစားရသော အမတ်တို့က ကုန်းချောခြင်း	၄၅
	ဗန္ဓုလနှင့်သားများ အသတ်ခံရခြင်း	၄၆
	ချွေးမတို့အား ဆုံးမစကားပြောခြင်း	၄၇
	မလ္လိကာသည် မိဘရပ်တံ ပြန်သွားခြင်း	၄၈
	ပသေနဒီကောသလမင်းကြီး နတ်ရွာစံခြင်း	၄၈
	ဆွေမျိုးအရိပ်သည် ပိုမိုအေးချမ်း၏	၄၉
	သာကီဝင်မင်းတို့ ပျက်စီးခြင်း	၅၀
	မဟာနာမ်မင်းကြီး နဂါးပြည်၌ စံနေခြင်း	၅၂
	ဝိဋ္ဋူဘမင်း ပရိသတ်နှင့်တကွ သေဆုံးခြင်း	၅၃
	သာကီဝင်တို့ ရှေးဘဝအကုသိုလ်ကံ	၅၄
၄။	ပတိပူဇိကာ ဥပါသိကာမဝတ္ထု	၅၆
	ပတိပူဇိကာ အမည်ရပုံ	၅၆
	ပတိပူဇိကာ နတ်ပြည်ပြန်ရောက်ခြင်း	၅၈
	ရဟန်းတို့ မျက်ရည်မဆည်နိုင်ကြခြင်း....	၆၀
၅။	မစ္ဆရိယကောသိယသေဋ္ဌေးဝတ္ထု	၆၂
	ကိုယ်ဘိုင်လဲ မစားရက်၊ သူတစ်ပါးကိုလဲ မပေးရက်ထဲ့ သေဋ္ဌေး	၆၂
	အရှင်မောဂ္ဂလာန် မုန့်အလှူခံ ကြွတော်မူခြင်း	၆၅
	အရှင်မောဂ္ဂလာန်အား မုန့်လှူဒါန်းခြင်း	၆၇
	သေဋ္ဌေးလင်မယား မုန့်အလှူရေစက်ချ	၆၉

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	သေဌေးလင်မယား သောတာပန်တည်ခြင်း	၇၀
	ရဟန်းတို့ကျင့်ရန် ဟောကြားတော်မူခြင်း	၇၀
	ဃောသကဇာတ်	၇၂
	ဃောသကသေဌေးအား အဖ သိကြားမင်းက ဆုံးမခြင်း	၇၄
	ဃောသက၏ ပစ္စည်းများ ထုတ်ယူလှူဒါန်းခြင်း	၇၅
	ဃောသကသေဌေးကို အလှူခံများက ရိုက်လွှတ်ခြင်း	၇၆
	ဃောသကသည် ဘုရင့်ထံ သွားရောက် လျှောက်ထားခြင်း	၇၇
	ဃောသကနှစ်ဦး ရွှေမရအောင် တူနေခြင်း	၇၈
	သိကြားမင်းက ဟောကြားဆုံးမခြင်း	၇၉
	ဇာတ်ပေါင်းခန်း	၈၀
၆။	ပါဝေယျကမည်သော အာဇီဝကဝတ္ထု	၈၀
	မြတ်စွာဘုရားကို ပင့်ရာ၌ နေရာဌာန မပြောခဲ့ရန် မှာကြားခြင်း	၈၁
	အာဇီဝကသည် ဆဲရေးကာ ထွက်ပြေးခြင်း	၈၂
	ဒါယိကာမကြီး စိတ်အနှောင့်အယှက်ဖြစ်ခြင်း	၈၃
၇။	ဆတ္တပါဏိဥပါသကာဝတ္ထု	၈၅
	မြတ်စွာဘုရားထံ၌ ကောသလမင်းကြီးနှင့် တွေ့ဆုံခြင်း	၈၅
	နန်းတော်တွင်း၌ ပိဋကတ်သုံးပုံသင်ပေးရန် တောင်းပန်ခြင်း	၈၆
	မလ္လိကာနှင့် ဝါသဘခတ္တိယာတို့ ပိဋကတ်သုံးပုံ သင်ကြခြင်း	၈၈
၈။	ဝိသာခါဒါယိကာမကြီးဝတ္ထု	၉၀
	ဆုထူးပန် ငါးယောက်	၉၀
	ဝိသာခါသည် ခုနစ်နှစ်အရွယ်က သောတာပန်တည်ခြင်း	၉၁
	ကောသလမင်းကြီးသည် ယောက်ဖတော် ဗိမ္ဗိသာရမင်းကြီးထံမှ သေဌေးကြီးတစ်ဦး တောင်းဆိုခြင်း	၉၂
	သာကေတမြို့တော်သစ် တည်ထောင်ခြင်း	၉၃
	သေဌေးသား ပုဏ္ဏဝဍ္ဎနအတွက် အိမ်ထောင်ဖက် အမျိုးသမီးရှာကြခြင်း	၉၄
	မိန်းမတို့ကောင်းခြင်း လက္ခဏာ ၅-ပါး	၉၄
	သေဌေးသမီးဝိသာခါ နက္ခတ်ပွဲသဘင် ထွက်ခြင်း	၉၆
	သေဌေးသမီးဝိသာခါ ပုဏ္ဏားတို့နှင့် စကားအခြေအတင် ပြောဆိုခြင်း	၉၇
	ပြေးသွား၍မတင့်တယ်သူ လေးဦး	၉၇

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	အဖိုးငွေတစ်သိန်းတန် ရွှေပန်းခိုင်ကို လက်ခံသိမ်းပိုက်ခြင်း	၉၉
	ဝိသာခါ၏ လက်ထပ်မင်္ဂလာပွဲ	၁၀၁
	မဟာလတာတန်ဆာဆင် ဖိုးငွေ ကိုးကုဋေ	၁၀၃
	သင်္ကန်းလှူရခြင်းအကျိုး	၁၀၄
	သမီးဝိသာခါအား ပစ္စည်းဥစ္စာရတနာတို့ကို ခွဲဝေပေးခြင်း	၁၀၄
	နွားအပေါင်းတို့သည် ခြကိုခုန်ထွက်၍ လိုက်ကြခြင်း	၁၀၅
	သမီးဝိသာခါအား ဆုံးမလိုက်သော စကားဆယ်ခွန်း	၁၀၆
	ရွာကြီးတစ်ဆယ့်လေးရွာမှ လူများအားလုံး လိုက်ကြခြင်း	၁၀၇
	အာဇာနည်မြင်းမ သားဖွားခြင်း	၁၀၈
	တက္ကတွန်းတို့က ဝိသာခါအား နှင်ထုတ်ပစ်ရန် ပြောခြင်း	၁၁၀
	ရဟန်းတော်တစ်ပါး ဆွမ်းခံကြွလာခြင်း	၁၁၁
	သေဌေးကြီးရှစ်ဦးအား တိုင်ကြားခြင်း	၁၁၁
	ဩဝါဒစကားဆယ်ခွန်း ရှင်းပြချက်...	၁၁၃
	မြတ်စွာဘုရားအမှူးပြုသော သံဃာတော်တို့အား ပြုစုလုပ်ကျွေးခြင်း	၁၁၆
	မိဂါရသေဌေးကြီး သောတာပန်တည်ခြင်း	၁၁၇
	မိဂါရမာတာဟု ခေါ်ပုံ	၁၁၈
	ချွေးမဝိသာခါအား အထူးပြု၍ ချီးမြှင့်ခြင်း	၁၂၀
	သားသမီး နှစ်ကျိပ်,မြေး လေးရာ,မြစ် ရှစ်ထောင်	၁၂၀
	ဝိသာခါအား ဆင်ပြောင်ကြီးနှင့်တိုက် စေလွှတ် အားစမ်းခြင်း	၁၂၁
	ဝိသာခါကဲ့သို့ အားကောင်းသော ကျွန်မ	၁၂၂
	မဟာလတာတန်ဆာ ဝတ်ဆိုက်သော မိန်းမသုံးဦး	၁၂၃
	ပုဗ္ဗာရုံကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခြင်း	၁၂၅
	ဗဟုရှင်မောဂ္ဂလာန် စောင့်ရှောက်တော်မူခြင်း	၁၂၆
	ဝိသာခါ၏ ကျောင်းတော်ပူဇော်ပွဲ	၁၂၈
	ဝိသာခါ၊ သံဆိုကျူးရင့်သော ဥဒါန်းငါးဂါထာ	၁၂၉
	ကျောင်းအမကြီးဝိသာခါ၏ ရေးဆုတောင်း	၁၃၀
	ပဒုမုတ္တရမြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခြင်း	၁၃၁
၅။	အရှင်အာနန္ဒတ္ထေရဝတ္ထု	၁၃၄
	အရှင်အာနန္ဒာ၏အမေး	၁၃၄
	မြတ်စွာဘုရား၏ အဖြေ	၁၃၅

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀။	မဟာကဿပတ္ထေရ ပိဏ္ဍပါတဒိန္နဝတ္ထု	၁၃၈
	အံ့ဖွယ်ဒါန	၁၃၈
	သိကြားမင်းနှင့် သုဇာတာတို့ သူဆင်းရဲအသွင်ဖန်ဆင်း၍ ဆွမ်းလှူဒါန်းကြခြင်း	၁၃၉
၁၁။	ဂေါဓိကမထေရ် ပရိနိဗ္ဗာန်ပြုခြင်းဝတ္ထု	၁၄၄
	ဂေါဓိကမထေရ်၏ အကြံတော်	၁၄၄
	မာရ်နတ်သားက မြတ်စွာဘုရားအား လျှောက်ထားခြင်း	၁၄၄
	အရှင်ဂေါဓိကမထေရ် ပရိနိဗ္ဗာန်ပြုခြင်း	၁၄၆
	မာရ်နတ်သား မေးလျှောက်ခြင်း	၁၄၇
	မြတ်စွာဘုရားရှင် ဖြေကြားတော်မူခြင်း	၁၄၇
၁၂။	သိရိဂုတ္တသူကြွယ်နှင့် ဂရဟဒိန္နသူကြွယ်တို့၏ဝတ္ထု	၁၄၈
	ကိုးကွယ်မှု မတူသော သူငယ်ချင်းနှစ်ယောက်	၁၄၈
	နိဂဏ္ဌတက္ကတွန်းစကားဖြင့် သိရိဂုတ္တသူကြွယ်အားပြောကြားခြင်း	၁၅၀
	နိဂဏ္ဌတက္ကတွန်းတို့ မစင်တွင်း၌ ကျရောက်ခြင်း	၁၅၁
	သိရိဂုတ္တသူကြွယ်အား ဒဏ်ပေးရန် မင်းကြီးထံသို့တိုင်ကြား ခြင်း	၁၅၃
	ဂရဟဒိန္နသူကြွယ်သည် သိရိဂုတ္တသူကြွယ်အား အမျက်ဒေါသ ထားခြင်း	၁၅၅
	မြတ်စွာဘုရားသည် မီးကျီးခဲအစုမှ ပဒုမ္မာကြာပန်းကြီးများ ပေါက်လာမည်ကို မြင်တော်မူခြင်း	၁၅၆
	ဂရဟဒိန္နသူကြွယ်သည် မကောင်းကြံစည် ပြုလုပ်ခြင်း	၁၅၇
	မီးကျီးခဲစုအတွင်းမှပဒုမ္မာကြာပန်းများထပေါက်ခြင်း	၁၅၉
	ဒေသနာတော်၏ အကျိုးအာနိသင်	၁၆၀
	မီးကျီးခဲစု အတွင်းမှ ပဒုမ္မာကြာများ ပေါက်ရောက်ဖူးကြောင်း အတိတ်ဝတ္ထု	၁၆၂
	ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူဒါန်းရာ မာရ်နတ်သားကဖျက်ဆီးခြင်း	၁၆၃
	မီးကျီးခဲအစုအတွင်းမှ အံ့ဩဖွယ် ပဒုမ္မာကြာများပေါက်ခြင်း	၁၆၅

၅—ဗာလဝဂ်

၁ ။	အညတရပုရိသဝတ္ထု	၁၆၆
	ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်မယ်အကြောင်း	၁၆၆
	ဓနီးကိုလိုချင်၍ လင်အားသတ်ရန် ရာထူးပေးအပ်ခြင်း	၁၆၇
	နဂါးမင်းက ကုမုဒြာကြာနှင့် အရှကာဝတီ မြေကိုပေးခြင်း	၁၆၉

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	မင်းခစားအား ကောသလမင်းကြီး အကောက်ကြံစည်ပြန်ခြင်း	၁၇၀
	လောဟကုမ္ဘိငရဲမှ "ဒု-သ-န-သော" အသံကြီးများကိုကြားရခြင်း	၁၇၁
	ပုဏ္ဏားများ လိမ်လည်၍ လျှောက်တင်ခြင်း	၁၇၁
	ပသေနဒီကောသလမင်းကြီး မလ္လိကာမိဖုရားနှင့် ဘုရားထံ သွားရောက် လျှောက်ထားခြင်း	၁၇၃
	မြတ်စွာဘုရားရှင် ဖြေတော်မူခြင်း	၁၇၅
	ဒု–သ–န–သော သေဌေးသားလေးယောက်အကြောင်း	၁၇၅
	ပြာသာဒ်မယ်၏ လင်ယောကျ်ား သောတာပန်တည်ခြင်း	၁၇၉
	ပညာရှိ မလ္လိကာ၏ အကြောင်း	၁၈၂
	သိကြားမင်းလည်း မကယ်နိုင်	၁၈၃
	ပညာရှိ ဓမ္မဒိန္နာမိဖုရားသည် မင်းမိဖုရားတို့အသက်ကို ကယ်ဆယ်ခြင်း	၁၈၄
	သိုးတစ်ကောင် သတ်ခဲ့ဖူးသော ရှေးအကြောင်း	၁၈၅
	ဇာတ်တော်ကိုပေါင်းခြင်း	၁၈၇
၂။	မဟာကာဿပတ္ထေရသဒ္ဓိဝိဟာရိကဝတ္ထု	၁၈၈
	အရှင်မဟာကဿပ၏ တပည့်ရဟန်းနှစ်ပါး	၁၈၈
	အရှင်မဟာကဿပအား ပြစ်မှားသော တပည့်ရဟန်းငယ် အဝီစိသို့ ကျရောက်ခြင်း	၁၉၀
	ပြစ်မှားသောရဟန်းငယ်၏ ရှေးအကြောင်း	၁၉၂
	မျောက်သည် ငှက်သိုက်ကို ဆွဲငင်ဖျက်ဆီးခြင်း	၁၉၃
	ဇာတ်တော်ကို ပေါင်းတော်မူခြင်း	၁၉၄
၃။	အာနန္ဒသေဋ္ဌိဝတ္ထု	၁၉၅
	အာနန္ဒာ သေဌေးကြီးသေ၍ ဒွန်းစဏ္ဍားဘဝ၌ဖြစ်ရခြင်း	၁၉၆
	ဒွန်းစဏ္ဍားမသည် သားအတွက် ဆင်းရဲလှ၍ခွဲခွာစွန့်ပစ်လိုက်ခြင်း	၁၉၇
	မူလသိရိသေဌေး သရဏဂုံတည်ခြင်း....	၁၉၈
၄။	ဂဏ္ဌိဘေဒကစောရဝတ္ထု	၂၀၀
	အထုပ်ကိုဖြည်တတ်သော သူခိုးနှစ်ယောက်အကြောင်း	၂၀၀
၅။	ဥဒါယိတ္ထေရဝတ္ထု	၂၀၂
	အရှင်ဥဒါယီမထေရ်အကြောင်း	၂၀၂
၆။	တိံသမတ္တပါဝေယျကာဘိက္ခုဝတ္ထု	၂၀၃
	သုံးကျိပ်သောပါဝေယျကတိုင်းရင်းသား ရဟန်းတို့အကြောင်း	၂၀၃

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	မြတ်စွာဘုရားထံ၌ မင်းသားတို့ ဧဟိဘိက္ခုရဟန်းဖြစ်ကြခြင်း	၂၀၄
	မင်းသားတို့၏ ရှေးအကြောင်း	၂၀၅
၇။	သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု.... .... —	၂၀၆
	သုပ္ပဗုဒ္ဓလူနူ၏အကြောင်း	၂၀၆
	သုပ္ပဗုဒ္ဓလူနူ သောတာပန်တည်ခြင်း....	၂၀၇
	သုပ္ပဗုဒ္ဓသည် ပစ္စည်းကြွယ်ဝသူဖြစ်ကြောင်း သိကြားမင်းအား ပြောကြားခြင်း	၂၀၇
	သုပ္ပဗုဒ္ဓအား သတ်သော ဘီလူးမအကြောင်း	၂၀၉
	သုပ္ပဗုဒ္ဓသည် တာဝတိံသာ၌ဖြစ်ခြင်း	၂၁၀
၈။	ကဿကဝတ္ထု	၂၁၂
	လယ်ထွန်သမားအကြောင်း	၂၁၂
	မြတ်စွာဘုရားသည် လယ်ထွန်ရာအရပ်သို့ ကြွတော်မူခြင်း	၂၁၂
	လယ်ထွန်သမားအား ခိုးမှုဖြင့် သေဒဏ်ပေးခြင်း	၂၁၃
	မြတ်စွာဘုရားထံသို့ သွားရောက် လျှောက်ထားခြင်း	၂၁၄
၉။	သုမနမာလာကာရဝတ္ထု	၂၁၆
	သုမနပန်းသည်အကြောင်း	၂၁၆
	သုမနပန်းသည် မြတ်စွာဘုရားအား ပန်းတို့ဖြင့်ပူဇော်ခြင်း	၂၁၇
	မြတ်စွာဘုရားအား တစ်ဆယ့်ရှစ်ကုဋေသော မြို့သူမြို့သားတို့ လှူဒါန်း ပူဇော်ကြခြင်း	၂၁၈
	စိတ်ထားမကောင်းသော မယားသည် လင်သုမနပန်းသည်နှင့် ကွာရှင်းခြင်း	၂၁၉
	သုမနပန်းသည်အား များမြတ်သော ဆုရှစ်မျိုးကို ဗိမ္ဗိသာရမင်းကြီးက ချီးမြှင့်ခြင်း	၂၂၀
	ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ဟု သုမနပန်းသည်အား ဗျာဒိတ် ပေးတော်မူခြင်း	၂၂၂
၁၀။	ဥပ္ပလဝဏ္ဏာထေရီ ဝတ္ထု —	၂၂၄
	ဥပ္ပလဝဏ္ဏာ သတို့သမီးနှင့် လက်ထပ်ရန် တောင်းဆိုကြခြင်း	၂၂၅
	ဥပ္ပလဝဏ် သတို့သမီး ရဟန်းပြုခြင်း	၂၂၅
	အလွန်မိုက်လှစွာသော နန္ဒလုလင် အဝီစိငရဲ၌ကျခြင်း	၂၂၆
	ရဟန္တာပုဂ္ဂိုလ်တို့အား အာရုံငါးပါး၌ ခုံမင်တပ်မက်ခြင်း မရှိကြောင်း	၂၂၇

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၁။ ဇမ္ဗုကာဇီဝကာ ဝတ္ထု — ၂၂၈

ကျောင်းနေ ရဟန်းသည် အာဂန္တုက ရဟန္တာအရှင်မြတ်အား ဆဲရေးပြစ်မှားခြင်း — ၂၃၀

ဘုရား နှစ်ဆူတို့၏အကြား၌ ငရဲခံရခြင်း ၂၃၁

ဇမ္ဗုက ရဟန်း၏ သူငယ်ဘဝ — ၂၃၂

ဇမ္ဗုကကို အာဇီဝကတို့က နှင်ထုတ်လိုက်ခြင်း ၂၃၃

ဇမ္ဗုကအား ကိုးကွယ်ပူဇော်ကြခြင်း ၂၃၄

မြတ်စွာဘုရား ဇမ္ဗုကထံသို့ ကြွတော်မူခြင်း ၂၃၅

ဇမ္ဗုကသည် မြတ်စွာဘုရားအား အမျက်ထွက်ခြင်း ၂၃၆

မြတ်စွာဘုရားအား နတ်·ဗြဟ္မာ အပေါင်းတို့ လာရောက် ပူဇော်ကြခြင်း ၂၃၇

ဇမ္ဗုကသည် မြတ်စွာဘုရားအား လှည့်ပတ်၍ လျှောက်ထားခြင်း ၂၃၈

ဇမ္ဗုကသည် ပဋိသမ္ဘိဒါပတ္တ "ဟေဘိက္ခု" ရဟန်းဖြစ်ခြင်း ၂၃၉

လူအပေါင်းတို့၏ ယုံမှားမှုကို ဇမ္ဗုကသည် ပယ်ရှား၍ပြခြင်း ၂၄၀

၁၂။ အဟိပေတ မြေပြိတ္တာတို့ ဝတ္ထု ၂၄၃

ကျီး ပြိတ္တာ အကြောင်း ၂၄၄

မြွေ ပြိတ္တာ အကြောင်း ၂၄၅

အရှင် ပစ္စေကဗုဒ္ဓါ၏ ကျောင်းကို မီးရှို့ပူးခြင်း ၂၄၆

၁၃။ သဋ္ဌိကူဋ ပြိတ္တာဝတ္ထု ၂၄၈

ကျောက်စခုန်ပစ်တတ်သော သူဆွံ့အကြောင်း ၂၅၀

စကားများလွန်းသော ပုရောဟိတ် ပုဏ္ဏား — ၂၅၁

ဆရာ့ဆွံ့၏ တပည့်သည် အရှင် ပစ္စေကဗုဒ္ဓါကို ပစ်သတ်ခြင်း ၂၅၂

၁၄။ စိတ္တဂဟပတိ ဝတ္ထု ၂၅၃

အဂ္ဂသာဝကနှစ်ပါးနှင့် သံဃာတော်တစ်ထောင်အား ဆွမ်းလှူဒါန်းခြင်း — — ၂၅၆

သုဓမ္မမထေရ်သည် စိတ္တသူကြွယ်အား တောင်းပန်ရခြင်း ၂၅၇

သုဓမ္မမထေရ် ရဟန္တာဖြစ်ခြင်း — — ၂၆၀

စိတ္တသူကြွယ်သည် မြတ်စွာဘုရားထံ သွားရောက်ပူဇော်ခြင်း ၂၆၁

နတ်များက စောင့်ရှောက်ကာ ပန်းမိုးရွာချခြင်း — ၂၆၃

စိတ္တသူကြွယ်၏ ရှေးဆုတောင်းအကြောင်း — ၂၆၆

၁၅။ စူဠဝါသီတိဿသာမဏေ ဝတ္ထု — — ၂၆၇

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဆင်းရဲလှသော မဟာသေနပုဏ္ဏားကြီး စေတနာကောင်းလှခြင်း	၂၆၈
	မဟာသေနပုဏ္ဏားကြီး နောက်ဘဝ လူပြန်ဖြစ်ခြင်း	၂၆၉
	သူငယ်လေး၏ အံ့ဩဖွယ်ဒါနကုသိုလ်	၂၇၁
	တိဿသူငယ် ရှင်သာမဏေပြုခြင်း	၂၇၂
	တိဿသာမဏေငယ်အား လှူဒါန်းသူ ပေါများခြင်း	၂၇၃
	တိဿသာမဏေငယ်သည် သံဃာတော် တစ်ထောင်အား ကမ္ဗလာသက်န်း လှူဒါန်းခြင်း	၂၇၄
	အထည်ကုန်သည်၏ ထူးမြတ်သောစေတနာ	၂၇၆
	တိဿသာမဏေငယ်သည် တောရကျောင်း၌ သီတင်းသုံးခြင်း	၂၇၇
	တိဿသာမဏေသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း	၂၇၈
	ရှင်သာရိပုတ္တရာနှင့်တကွ သံဃာတော် လေးထောင် တိဿသာမဏေထံသို့ ကြွတော်မူခြင်း	၂၇၉
	တိဿသာမဏေသည် ဆန်းကြယ်စွာ တရားဟောတော်မူခြင်း	၂၈၁
	တိဿသာမဏေငယ်ထံ မြတ်စွာဘုရား ကြွတော်မူခြင်း	၂၈၃
	ငိုကြွေးခဲ့ရသော မျက်ရည်သည် သမုဒ္ဒရာရေမျှမက များခြင်း	၂၈၅
	မသေဖူးသော နေရာမရှိ	၂၈၆
	အရှင်အာနန္ဒာ ပရိနိဗ္ဗာန်ပြုသော အရပ်	၂၈၈

၆။ ပဏ္ဍိတဝဂ်

၁။	ဓာရမထေရ် ဝတ္ထု	၂၉၅
	ဓာရပုဏ္ဏားသည် ရဟန်းပြုပြီး ရဟန္တာဖြစ်ခြင်း	၂၉၅
	ရှင်သာရိပုတ္တရာ၏ ရှေးအကြောင်း ကျေးဇူးသိတတ်လှသော ဆင်	၂၉၇
	သားငယ် ဆင်ဖြူတော်ကလေးကို	

ဓမ္မပဒဝတ္ထု

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	လက်ယွားတို့အား ပေးခြင်း	၂၉၉
	ဗာရာဏသီမင်းကြီး ဆင်ဖြူတော်ရတနာကို ဝယ်ယူတော်မူခဲ့ခြင်း	၃၀၀
	ဆင်အာဇာနည်သည် ရန်သူကောသလမင်းကို ဟိုက်ခိုက်အောင်မြင်ခြင်း	၃၀၁
	အလီနစိတ္တ ဇာတ်တော်ပေါင်းခြင်း	၃၀၄
၂။	အဿဇိ ပုန ဗ္ဗသုကရဟန်းဘို့ ဝတ္ထု	၃၀၇
၃။	ဆန္နမထေရ် ဝတ္ထု	၃၀၉
	ဖွားဖက်တော် ခုနစ်ယောက်	၃၁၀
	ဆန္နအမတ်သည် ရဟန်းပြုလျက် ဆဲရေး ရေရွတ်ခြင်း	၃၁၀
	ဆန္နမထေရ် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း	၃၁၂
၄။	မဟာကပ္ပိနမထေရ် ဝတ္ထု	၃၁၃
	ရက်ကန်းသည်တို့က ဝါဆိုကျောင်း လှူဒါန်းကြခြင်း	၃၁၄
	အမျိုးသား/သမျိုးသမီး နှစ်ထောင်တို့ စုပေါင်း ကောင်းမှုပြုခြင်း	၃၁၆
	မဟာကပ္ပိနမင်းကြီးနှင့် အနောဇာဒေဝီတို့၏ ကြီးကျယ်သော မင်းစည်းစိမ်	၃၁၇
	မဟာကပ္ပိနမင်းကြီး အမတ်တစ်ထောင်နှင့်တကွ မြတ်စွာဘုရားထံ သွားခြင်း	၃၁၈
	မြတ်စွာဘုရားသည် ခရီးဦး ကြိုဆိုတော်မူခြင်း	၃၂၀
	ရတနာသုံးပါးဂုဏ်ကို ယုံကြည်အဓိဋ္ဌာန်လျက် မြစ်သုံးတန်ကို ကူးမြောက်ခြင်း —	၃၂၁
	အမတ်တစ်ထောင်တို့နှင့် ကပ္ပိနမင်းကြီး သောတာပန် ဧဟိဘိက္ခု ရဟန်းဖြစ်ခြင်း	၃၂၂
	ရတနာသုံးပါးသတင်း ပြောကြားသူတို့အား အနောဇာဒေဝီ မိဖုရားသည် အသပြာကိုးသိန်းတို့ဖြင့် ပူဇော်ခြင်း —	၃၂၃
	မှူးမတ်ကတော် တစ်ထောင်နှင့် အနောဇာဒေဝီသည် ရဟန်းပြုရန် တိုင်းပြည်မှ ထွက်သွားခြင်း	၃၂၅
	မှူးမတ်ကတော် တစ်ထောင်နှင့် အနောဇာဒေဝီသည် သောတာပန်တည်ခြင်း	၃၂၆

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	မှူးမတ်ကတော် တစ်ထောင်နှင့် အနော်ဇာဒေဝီသည် သောတာပန်တည်ခြင်း	၃၂၆
	မှူးမတ်ကတော် တစ်ထောင်တို့နှင့် အနော်ဇာဒေဝီသည် ရဟန္တာထေရီမ ဖြစ်ခြင်း	၃၂၈
၅။	ပဏ္ဍိတ သာမဏေဝတ္ထု	၃၃၀
	သံဃာတော်နှစ်သောင်းနှင့် ကဿပမြတ်စွာဘုရားအား ဆွမ်းလှူ ပူဇော်ပွဲကြီး	၃၃၁
	အလွန်ဆင်းရဲသော မဟာဒုဂ်အကြောင်း	၃၃၂
	မဟာဒုဂ်မယား သူဆင်းရဲမ	၃၃၃
	မဟာဒုဂ်လင်မယားကို ကဿပမြတ်စွာဘုရား မြင်တော်မူခြင်း	၃၃၆
	မဟာဒုဂ်အား သိကြားမင်းက ကူညီလုပ်ကိုင် ပေးခြင်း	၃၃၆
	မဟာဒုဂ်သည် မြတ်စွာဘုရားသပိတ်တော်ကို ရခြင်း	၃၃၈
	မဟာဒုဂ်ထံမှ မြတ်စွာဘုရားသပိတ်တော်ကို ဝယ်ကြခြင်း	၃၄၀
	မဟာဒုဂ်အိမ်၌ ရတနာခုနစ်ပါး မိုးကြိုး ရွာခြင်း....	၃၄၁
	မိခင်သူဌေးသမီးအား ချင်ခြင်းဖြစ်ခြင်း	၃၄၃
	ပဏ္ဍိတသူငယ် ရှင်သာမဏေပြုခြင်း	၃၄၄
	ပဏ္ဍိတသာမဏေငယ်သည် ရှင်သာရိပုတ္တရာအား မေးမြန်း လျှောက်ထားခြင်း	၃၄၅
	ပဏ္ဍိတသာမဏေအား သိကြားနတ်မင်းတို့က စောင့်ရှောက်ခြင်း	၃၄၇
	မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာအား ပုစ္ဆာလေးခု မေးတော်မူခြင်း	၃၄၈
	ခုနစ်နှစ်သား ပဏ္ဍိတသာမဏေသည် ရှင်ပြုပြီး ရှစ်ရက်မြောက်၌ ရဟန္တာဖြစ်ခြင်း ...	၃၅၀
၆။	လကုဏ္ဍကဘဒ္ဒိယမထေရ် ဝတ္ထု	၃၅၂
၇။	ကာဏ သတို့သမီး၏မိခင် ဝတ္ထု	၃၅၃
	ကာဏမာတာသည် လက်ဆောင်အတွက် မုန့်ကို အကြိမ်ကြိမ် လှူဒါန်းခြင်း	၃၅၄
	ကာဏသတို့သမီး သောတာပန်တည်ခြင်း	၃၅၅
	ကာဏသတို့သမီးကို ကောသလမင်းကြီးက သမီးအဖြစ် ခေါ်မြောက်ခြင်း	၁၅၆

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
	ကာဏာသတို့သမီးကို ကောသလမင်းကြီးက သမီးအဖြစ် ချီးမြှောက်ခြင်း	....	၃၅၆
	ရဟန်းသံဃာတော်တို့အား အစဉ်မပြတ်လှူဒါန်းခြင်း .... ----	....	၃၅၇
	ကာဏာသတို့သမီး၏ ရှေးအကြောင်းအတိတ်ဝတ္ထု	....	၃၅၈
	ဥစ္စာစောင့်ကြွက်မနှင့် ကြောင်လေးကောင်တို့အကြောင်း	....	၃၅၉
	ဘုရားလောင်းအကူအညီကြောင့် ကြောင်တို့ဘေးရန်မှလွတ်ခြင်း .... ----	----	၃၆၀
၈။	ငါးရာကုန်သော ရဟန်းတို့ငတ္ထု	....	၃၆၃
	ကစားပျော်ရွှင်ကြသော စားကြွင်းစားငါးရာရှေးအကြောင်း အတိတ်ဝတ္ထု	----	၃၆၅
	ဓာတ်ကို ပေါင်းတော်မူခြင်း	----	၃၆၇
၉။	ဓမ္မိကထေရ်ဝတ္ထု	....	၃၆၉
၁၀။	ငါးရာသော တရားနာပုဂ္ဂိုလ်တို့ဝတ္ထု	----	၃၇၂
၁၁။	အာဂန္တုက ရဟန်းငါးရာတို့ဝတ္ထု	----	၃၇၄

ဓမ္မပဒဝတ္ထု ဒုတိယတွဲ

မာတိကာပြီး၏။

ဓမ္မပဒဝတ္ထု

(ဒုတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၃ - စိတ္တဝဂ်

၇- ပူတိဂတ္တတိဿမထေရ်ဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

အစိရံ ဝတ,ယံကာယော-အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စံနေတော်မူစဉ် ပူတိဂတ္တတိဿမထေရ် အရှင်မြတ်အား အကြောင်းပြု၍ ဟောကြားတော်မူခဲ့သည်။

အတိတ်ကံဆိုးသော တိဿရဟန်းကြီး

သာဝတ္ထိပြည်၌ နေလေ့ရှိသော အမျိုးကောင်းသား တစ်ယောက်သည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံ၌ တရားတော်ကို နာခံကြားသိရသဖြင့် ဘုရားမြတ်စွာ သာသနာတော်၌ ရင်ကိုပေး၍ ရဟန်းပြုအပ်သည် ရှိသော် ရအပ်သော ပဥ္စင်းအဖြစ် ရှိသောအားဖြင့် တိဿမထေရ်မည်သည် ဖြစ်ပေ၏။ နောက် နောက်သော ကာလရှည်လျား လှသော် ထိုတိဿမထေရ် ကိုယ်၌ ပြင်းစွာသော အနာသည် ပေါက်လာ၏။ ရှေးဦးစွာ မုန်ညင်းစေ့ခန့်ရှိကုန်သော အိုင်းအမာတို့သည် တပေါက်ကုန်၏။ ထိုအိုင်းအမာတို့သည် ပဲနောက်စေ့ခန့် ပဲစင်းငုံသီးခန့် ဆီးသီးခန့် ဆီးဖြူသီးခန့် ဥသျှစ်သီးခန့် ရှိအောင် အစဉ်အတိုင်း ကြီးပွားလာပြီးသည့်အခါ ပေါက်ကွဲကုန်သည်ဖြစ်၍ အလုံးစုံသော ကိုယ်သည် အပေါက်အပေါက်ဖြစ်၏။ ပူတိဂတ္တတိဿမထေရ်ဟူသောအမည်သည် ထင်ရှား၏။ ထိုမှနောက်အဖို့၌ မထေရ်အား အိုင်းအမာ တို့သည် အရိုးတို့ကို ဖောက်ခွဲ စွဲဝင်လေကုန်သောကြောင့် မသုတ်သင်နိုင်သော အဖြစ်သို့ ရောက်လေ၏။ ဝတ်ရုံ

သုံးဆောင်သော အဝတ် သင်္ကန်းတို့သည်လည်း ပြည်သွေးတို့ဖြင့် အလိမ်းလိမ်း အကျံကျံ ပြန်လှန်ရစ်ပတ် ဖွဲ့ယှက်အပ်သဖြင့် ပိုက်ကွန်၏ပမာ များစွာသော အပေါက်ရှိသော မုန့်ခြောက်နှင့် တူသည်ဖြစ်၍ အတူနေ တပည့်စသော သူတို့သည်လည်း ကြည့်ရှုပြုပြင် သုတ်သင်လုပ်ကျွေးခြင်းငှာ မစွမ်းနိုင် ကြသောကြောင့် ရှောင်တိမ်းဖယ်ရှားသွတ် စွန့်လွှတ်အပ်သည်ဖြစ်၍ ပူတိဂတ္တ တိဿမထေရ်သည် ထိုဤအမှု ကြည့်ရှုတတ်သော သူတည်းဟူသော ကိုးကွယ်ရာမှ မဲ့သည်ဖြစ်၍ တစ်ယောက်ထီးတည်း ညောင်စောင်း၌ အိပ်နေရလေ၏။

ဘုရားရှင် ကိုယ်တော်မြတ်တို့မည်သည်ကား တစ်နေ့ကို နှစ်ကြိမ် နှစ်ကြိမ် လောကအားလုံးကို သိမ်းကျုံးသမှု ကြည့်ရှုမြဲဖြစ်၍ မစွန့်အပ်သော အရာဌာနသည်ဖြစ်ပေ၏။ နံနက်မိုးသောက်သော အခါ၌ လောကကို ကြည့်ရှုတော်မူသည်ရှိသော် စကြဝဠာ အနားရေးမှစ၍ ဂန္ဓကုဋီသို့ ကျအောင် ဉာဏ်တော်ကို ရှေးရှု ပြီး ကြည့်ရှုတော်မူ၏။ ညချမ်းသောအခါ စကြဝဠာ လောကဓာတ်အားလုံးကို သိမ်းကျုံး ကြည့်ရှုတော်မူသည်ရှိသော် ဂန္ဓကုဋီတိုက်တော်မှအစ အပသို့ ရှေးရှု ဉာဏ်တော်ကို ပို့၍ ကြည့်ရှုတော်မူကုန်၏။

မြတ်စွာဘုရားကိုယ်တော်တိုင် ပူတိဂတ္တတိဿမထေရ်အား စောင့်ရှောက်တော်မူခြင်း

ထိုအခါ မြတ်စွာ ဘုရားသည် အစဉ်မပြတ် ရှုစားတော် မူအပ်သော ဉာဏ်တော် ကွန်ရက်၏ အတွင်း၌ ညောင်စောင်းဝယ် အိပ်လျောင်းညှိုးခွေခံနေရသော ပူတိဂတ္တတိဿမထေရ်ကို မြင်တော်မူ လေ၏။ ဘုရားကိုယ်တော်မြတ်သည် ပူတိဂတ္တတိဿမထေရ်၏ အရဟတ္တဖိုလ်သို့ ရောက်အံ့သော အကြောင်း၏ပြည့်စုံခြင်းကို မြင်တော်မူ၍ “ဤရဟန်းကို အတူနေတပည့် စသည်တို့သည် စွန့်ပစ်အပ်လေပြီ။ ယခုအခါ ဤရဟန်းအား ငါဘုရားမှတစ်ပါး အခြားသော အရာ၌ ဆောက်တည်ရာ မှီခိုရာမရှိလေပြီ”ဟုဆင်ခြင်တော်မူပြီးသော် ဂန္ဓကုဋီတိုက်မှ ထွက်ကြွတော်မူ၍ ကျောင်းစဉ် လှည့်လည်ခြင်းဖြင့် လှည့်လည်တော်မူဘိသကဲ့သို့ မီးတင်းကုပ်သို့ ကြွသွားတော်မူသော် အိုးခွက်တို့ကို ဆေးကြောသုတ်သင် ခုံလောက်သို့ တင်ပြီး၍ ရေပူ ရေနွေးသည် တိုင်အောင် ဆိုင်းတွင့်လင့်လျက် မီးတင်းကုပ်၌သာ တန့်ရပ် သီတင်းသုံးနေတော်မူ၏၊ ခုံလောက်၌ တင်ချက်အပ်သော ရေအေးသည် ပူနွေးသော အဖြစ်ကို သိရှိ၍ ကြွသွားတော်မူပြီးလျှင် ပူတိဂတ္တတိဿမထေရ်၏ ညှိုးလည်အိပ်လျောင်း ညောင်စောင်း အစွန်းကို လက်တော်ဖြင့် ကိုင်ငင်သုံးသပ်တော်မူ၏။ ထိုအခါ များစွာသော

ရဟန်းတို့သည် လျင်စွာ လာကြ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် ဖယ်ရှား၍ သီတင်းသုံး စံနေတော်မူပါ။ တပည့်တော် တို့သည် ကိုင်ငင် ဆောင်ယူပါကုန်အံ့ဟု လျှောက်ထား တောင်းပန်လျက် ညောင်စောင်းကို ချီကိုင်၍ မီးတင်းကုပ်သို့ ဆောင်ယူကြကုန်၏၊ ဘုရားကိုယ် တော်မြတ်လည်း သရက်ခေါက်ကို ခွါယူကျိုချက်စေ၍ ရေနွေးကို သွန်းလောင်း လဲလှယ်ပြီး ထိုရဟန်းတို့ကို ပူတိဂတ္တတိဿမထေရ် ဝတ်ရုံသော သင်္ကန်းတို့ကို ခွါယူစေ၍ ရေနွေးဖြင့် ဆုပ်နယ်ဖွပ်လျှော်ပြီးသော် နေပူ၌ ဖြန့်လှန်းစေ၏။ ထိုနောက်မှ ပူတိဂတ္တတိဿမထေရ်၏ ထံ၌ တန့်ရပ် တည်နေတော်မူပြီးသော် ကိုယ်ကို ရေနွေးဖြင့် သွန်းလောင်းဆွတ်ဖျန်း ပွတ်တိုက် ရေချိုးစေ၏။ ထိုမထေရ် ၏ ရေချိုး၍ ပြီးသောအခါ ဝတ်ရုံသော သင်္ကန်းလည်း ခြောက်သွေ့သဖြင့် ခြောက်သွေ့သော သင်္ကန်းကို ဝတ်ရုံစေပြီးလျှင် ဝတ်ရုံထားသောသင်္ကန်းကို ခွါယူပြန်ပြီး ရေဖြင့် ဆုပ်နယ် ဖွပ်လျှော်ပြီး၍ နေပူ၌ ဖြန့်လှန်းစေ၏။ ထိုအခါ မထေရ်၏ကိုယ်၌ ရေပြတ်ခါဖြင့် သာလျှင် ဝတ်ရုံသော သင်္ကန်းသည်လည်း ခြောက်သွေ့လေ၏။ မထေရ်သည်လည်း တစ်ထည်သော သင်္ကန်းကိုဝတ်၍ တစ်ထည်သော သင်္ကန်းကို ရုံပြီးလျှင် ပေါ့ပါးသော ကိုယ်ရှိသောအားဖြင့် တည်ကြည်သော စိတ်နှလုံး ရှိသည်ဖြစ်၍ အိပ်ရာညောင်စောင်း ထက်၌သာ လျောင်းညှိုးငွေ့ အိပ်၍နေ၏။

မြတ်စွာဘုရားကိုယ်တော်မြတ်သည် ပူတိဂတ္တတိဿမထေရ်၏ ဦးခေါင်းရင်း၌ တန့်ရပ်တည်တော်မူ၍ ချစ်သား ပူတိဂတ္တတိဿ ကေသာ့လောမာ အစရှိကုန် သော သုံးဆယ့်နှစ်ပါးကုန်သော ကောဋ္ဌာသအစုတို့သည် ပြုပြင်စီမံ၍ ထားအပ် သော အလျားတစ်လံ အနံတစ်ထွာမျှလောက်သာရှိသော ဤခန္ဓာကိုယ် အကောင်ပုပ်သည်ကား ဆိုလျှင် စောင့်ရှောက်တတ်သော ဝိညာဉ်မှ ကင်း၍ အကြွင်းမဲ့ ချုပ်ခဲ့သည်ရှိသော် ကောင်းရာ ကောင်းနိုး အကျိုးမရှိသည်ဖြစ်၍ ဖွဲထင်းနှင့်တူစွာ အသင်၏ ကိုယ်ခန္ဓာသည် မဟာပထဝီမြေထက်၌ ပက်လက် တစ်စောင်း လဲလျောင်း၍ အိပ်ရလတ္တံ့သည်တကားဟု မိန့်တော်မူ၍ ဤဂါထာ ကို ဟောကြားတော်မူ၏—

၄၁။　အစိရံ ဝတ’ ယံ ကာယော၊ ပထဝိံ အဓိသေဿတိ။
　　ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။

ဤကိုယ်ကောင်ပုပ်သည် ပယ်စွန့်အပ်သည်ဖြစ်၍ ဇီဝိန်ချုပ်ခြင်း ကင်းသော ဝိညာဉ် ရှိသည်ဖြစ်၍ အသုံးမကျသော ထင်းဖွဲကဲ့သို့ မကြာမြင့်မီ မြေပြင်ထက်၌ အိပ်ရလတ္တံ့သည်တကား။

ထိုဂါထာ၌ အစိရံဝတ=ဟူသည် ရဟန်း မကြာမြင့်မီပင်လျှင် ဤကိုယ်ကောင်သည် ပကတိအိပ်ရာ၌ အိပ်သကဲ့သို့လျှင် မြေပေါ်၌ အိပ်ရလတ္တံ့ ဟူလို။

ဆုဒ္ဓေါ=ဟူသည် စွန့်ပစ်အပ်သည်။ ဝိညာဉ်ကင်းသောကြောင့် အချိုးနှိုးဖြစ်၍ အိပ်ရလတ္တံ့၊ ဥပမာကား ထင်းတုံးကဲ့သို့ အသုံးမကျ အသုံးမဝင်၊ ထိုစကားမှန်၏၊ အဆောက်အဦ ဆောက်လုပ်လိုကုန်သော သူတို့သည် တောသို့ဝင်၍ ဖြောင့်သောသစ်ပင်ကို အဖြောင့်အလိုက်၊ ကောက်သော သစ်ပင်ကို အကောက်အလိုက် ဖြတ်၍ ဆောက်လုပ်ရန် သစ်သားအဖြစ် ယူကုန်၏။ ကြွင်းသော အခေါင်း၊ အမြက်၊ အကာတို့ကို ဖြတ်၍ ထိုနေရာ၌ပင် စွန့်ပစ်ထားခဲ့ကြကုန်၏။ ဆောက်လုပ်ရန် သစ်သားအဖြစ်ယူလိုသော အခြားသူတို့ လာသောအခါ ထိုစွန့်ပစ်ခဲ့ပြီးသော သစ်သားတို့ကို ယူရိုးထုံးစံ မရှိကြကုန်၊ ကြည့်ရှုစစ်ဆေး၍ မိမိအသုံးဝင်မည့် ကောင်းမွန်သောသစ်သားတို့ကိုသာ ယူကြကုန်၏။ ကြွင်းကျန်ခဲ့သော သစ်သားတို့သည် မြေဖာသာလျှင် ဖြစ်ကုန်၏။ ထိုကြွင်းကျန်သော သစ်တိုသစ်စများကို အခြား အသုံးဝင်သောနည်းလမ်းဖြင့် ညောင်စောင်းခြေ၊ ခြေပွတ်ခုံ၊ ခြေဆေးအင်းပျဉ်အဖြစ် ပြုလုပ်နိုင်သေး၏။ ဤခန္ဓာကိုယ်၌ ၃၂-ပါးသော အစုတို့ပွင် အစုတစ်စုသည်လည်း ညောင်စောင်း စသည်၏ အစွမ်းအားဖြင့်လည်းကောင်း အခြားသော အသုံးဝင်မှုကို ဦးတည်သဖြင့် မည်သို့မျှ အကျိုးကျေးဇူး မရှိ၊ အသုံးမဝင်သော ထင်းတုံးကဲ့သို့ ဤရုပ်ခန္ဓာကိုယ်သည် အသက်ဝိညာဉ် ကင်းသည်ဖြစ်၍ သာလျှင် နှစ်ရက် သုံးရက်ဖြင့် မြေပေါ်၌ အိပ်ရလတ္တံ့ ဟူလို။

ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ ပူတိဂတ္တတိဿမထေရ်သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်ကိုရသော ခီဏာသဝအစစ် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် စံယူလေ၏။ ပူတိဂတ္တဿမထေရ်မှ တပါးလည်း ဖြစ်ကုန်သော များစွာကုန်သော သူတို့သည်လည်း သောတာပန် အစရှိသည် ဖြစ်ကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုပူတိဂတ္တမထေရ်၏ ရုပ်အလောင်းကို ကောင်းစွာ ဖုတ်ကြည်းသင်္ဂြိုဟ်စေပြီး ဓာတ်တော်တို့ကို ယူစေ၍ စေတီတည်စေတော်မူ၏။

ရဟန်းတို့သည် မြတ်စွာဘုရားကိုယ်တော်မြတ် အထံသို့ ရှိသေစွာ ချဉ်းကပ်ဝပ်တွားလျက် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပူတိဂတ္တတိဿမထေရ်သည် အဘယ်အရပ်မှာ ဖြစ်ပါလိမ့်မည်နည်း" ဟုမထေရ်၏ လားရာဂတိကို မေးလျှောက်ကြကုန်၏။ ဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ငါ၏သားတော် ပူတိဂတ္တတိဿသည် ပရိနိဗ္ဗာန်ပြုလေသည်ဟုမိန့်တော်မူသောကာလ ရဟန်းတို့က ဘုန်းတော်ကြီးမြတ်တော်မူလှပေသောမြတ်စွာဘုရား ဤသို့သဘော

ရှိသော အရဟတ္တဖိုလ်သို့ ရောက်ခြင်းအကြောင်း ကောင်းသော ဥပနိဿယ အဆောက်အဦနှင့် ပြည့်စုံလုံလောက် ပြီးမြောက်သော သမ္ဘာရှိသော ဤမထေရ်မြတ် ရဟန်းအား အဘယ်အကြောင်းကြောင့် မကောင်းခံခက် ကွဲအက်ပုပ်သိုး အရိုးကွဲပြု ပြင်းပြသော အနာရောဂါသည် ဖြစ်လာပေါ်ပေါက် ကပ်ရောက်သောအားဖြင့် ခံစားရပါသနည်း။ အဘယ်အကြောင်းကြောင့် လမ်းကောင်းတက်ခို အရဟတ္တဖိုလ်၏ မငြိုငြင်ကောင်း အကြောင်းဥပနိဿယ ပြည့်ဝစုံလင်သည်၏ အဖြစ်သို့ ရောက်ပါလေသနည်းဟု လျှောက်ကြားကုန်သည် ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ထိုအလုံးစုံ အကုန်ချင်းတို့ကြောင်းကိစ္စ ဟူသမျှကို ငါ၏သားတော် ပူတိဂတ္တတိဿမထေရ်အား မိမိသည် ပြုအပ်သော ကံသည်သာလျှင် စီမံပြုပြင် စီရင်အပ်လေသည်ဟု မိန့်တော်မူပြီး ရဟန်းအပေါင်းတို့က ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား ထိုပူတိဂတ္တတိဿမထေရ်သည် အဘယ်အမှုကို ပြုစုခဲ့ဖူးပါသနည်းဟု မေးလျှောက်ကုန်သည်ရှိသော် "ထိုသို့ဆိုလျှင် ချစ်သားရဟန်းတို့ နာလင့်ကြကုန်လော့"ဟု မိန့်တော်မူ၍ မြတ်စွာဘုရားရှင်သည် ပူတိဂတ္တတိဿမထေရ်၏ ရှေး၌ဖြစ်ဖူးသော အတိတ်ဘဝကို ဆောင်တော်မူ၏။

ပူတိဂတ္တတိဿမထေရ်ဝတ္ထု

အတိတ်ဝတ္ထု

ချစ်သားရဟန်းတို့ ဤငါ၏သားတော်ဖြစ်သော ပူတိဂတ္တတိဿမထေရ်သည် ကဿပမြတ်စွာဘုရား လောကသုံးပါး၌ ပွင့်တော်မူစဉ် လက်ထက်က ငှက်မုဆိုးအတတ်ဖြင့် ငှက်အပေါင်းတို့ကို သတ်ဖြတ်လျက် အစိုးရသောသူကို ဝပ်လျှိုးခစားလုပ်ကျွေး၏၊ မင်းဂြိုးထံမှောက်သို့ ကပ်ရောက်ဆက်သွင်းသည်မှ ပိုလွန်ကြွင်းကျန် တိရစ္ဆာန်များစွာ ငှက်သတ္တဝါတို့ကို ထိုထိုသောင်းသောင်း လူအပေါင်းတို့အား ရောင်းစား၏။ "မကုန်ကြွင်းကျန်သောငှက်တို့ကို သတ်ဖြတ်၍ ထားချေက ရောင်းစားမကုန် ကြွင်းကျန်ကုန်သည်ရှိသော် မကောင်း ပုပ်သိုး အဖိုးမထိုက် စွန့်ပစ်လိုက်ရချေတော့မည်"ဟု ကြံဆင်ခြင်ပြီး အကြင်သို့သော အခြင်းအရာ ကျင်နာစွာသော ဒဏ်ရာဒဏ်ချက်ဖြင့် ရိုက်နှက်ပုတ်ခတ်၍ ထားရသည်ရှိသော် အသက်မသေဘဲ ပျံတက် ကူးကပြေးခြင်းငှာ မစွမ်းနိုင်ကုန်။ ထိုသို့သော အခြင်းအရာဖြင့် ကောင်းစွာဆင်ခြင် စီရင်ရိုက်နှက်လျက် ငှက်တို့၏ ဒူးရိုးအတောင်တို့ကို ရိုက်နှက်ချိုးဖဲ့ထားပြီးသော် စုပုံထား၏။ နံနက်မိုးသောက် အခါ၌ ရောင်းစားပြန်၏။ များစွာပိုလွန်သော အခါ၌ မိမိ၏ စားသုံးရန်အလို့ငှာလည်း ချက်ပြုတ်စေ၏။

ထိုအခါ တနေ့သ၌ ငှက်မုဆိုးအား ကောင်းမွန် မြိန်မြတ်ကုန်သော ဘောဇဉ်တို့ကို အိမ်တွင် ချက်ပြုတ်အပ်သည် ရှိသော် ရဟန္တာမထေရ်မြတ် တစ်ပါးသည် အိမ်စဉ်အတိုင်း လှည့်လည်ကာ ဆွမ်းအလို့ငှါဖြင့် ကြွလာတော်မူ၍ ငှက်မုဆိုး၏ အိမ်တံခါးဝ၌ ရပ်တန့်လာ၏၊ ထိုငှက်မုဆိုးသည် ရဟန္တာမထေရ်ကိုမြင်လျှင် ကြည်ရွှင်နှစ်သက် ထက်သန်သော စေတနာကို ဖြစ်စေပြီးလျှင်၊ "ငါသည် များစွာကုန်သော ငှက်သတ္တဝါတို့ကို သတ်ဖြတ်စားသောက်လျက် အသက်မွေးရသဖြင့် ဝန်လေးသော သဘောရှိလှပေ၏။ အရှင်မြတ်လည်း ငါ၏အိမ်တံခါး၌ တန့်တန့်မတ်မတ် ရပ်တော်မူလာပေ၏၊ ငါ၏အိမ်တွင်း၌လည်း ကောင်းမွန်မြိန်မြတ်သော အရသာရှိသော ဘောဇဉ်တို့ကို စီရင်ချက်ပြုတ်အပ်သည် ဖြစ်၍ ထင်ရှားရှိခဲ့ပေ၏။ ထိုအရှင်မြတ်အား သုမာဘုတ် ပမာ ရသာလိုင်ကြူ ဆွမ်းအလှူကို ကြည်ဖြူရွှင်လန်း လှူဒါန်းလိုက်တော့မည်" ဟု ကြံ၍ ရဟန္တာအရှင်မြတ်၏ သပိတ်တော်ကို ခွင့်ပန်တောင်းယူပြီးသော် မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို သပိတ်၌ ထည့်လောင်း ပြည့်စေပြီး မွန်မြတ်သော ဘောဇဉ်တို့ဖြင့် ပြည့်သောသပိတ်ကို အရှင်မြတ်၏ ယာမောက်သို့ ချဉ်းရောက်ဆက်ကပ်ပြီးမှ ရဟန္တာမထေရ်ကို ကြည်ညိုမြတ်နိုးသော အခြင်းအရာ ငါးပြားသောထိခြင်းဖြင့် ဝပ်စင်းညွှတ်လျိုး ရှိခိုးဦးခိုက်၍—

မြတ်စွာဘုန်းတော်သခင် အရှင်ဘုရား ..... များစွာကုန်သော သတ္တဝါတို့၏ အသက်ကို ပယ်ဖျက်ချသတ် အသက်မွေးလေ့ရှိသော တပည့်တော် ငှက်မုဆိုးသည် မြတ်နိုးစေတနာ သဒ္ဓါတရားတီးပွားသမှု ပြုစုအပ်သော ဤလှူသော ကောင်းမှုကံကြောင့် အရှင်မြတ်တို့သည် မျက်မှောက်ပြုအပ်သည် ဖြစ်၍ သိမြင်အပ်ကုန်သော တရားထူး တရားမြတ်၏ မကြွင်းဥဿုံ အကုန်အားလုံး ပြီးဆုံးခြင်းသို့ အမှန်ထုတ်ချောက် ရောက်ရပါလို၏ဟု ဆုတောင်းပတ္ထနာပြောကြားလိုက်၏။

ရဟန္တာမထေရ်ကလည်း "ဒါယကာ .... အသင်တို့သည် ဆုတောင်းပတ္ထနာသည့်အတိုင်း မချွတ်ကုံလုံ ပြည့်စုံစေသတည်း" ဟု အနုမောဒနာကို ပြု၍ ကြွသွားလေ၏။ ချစ်သား ရဟန်းတို့... ထိုအခါက ပြုခဲ့သမျှသော ကံသည် စိမ့်လှုပ်နှိုး အကျိုးကို ဖြစ်စေသောအားဖြင့် ပြီးပေ၏။ လွန်လေသော် ငှက်မုဆိုးဘဝက များစွာသော ငှက်တို့ကို အသက်မသေ တာရှည်လေးမြင့်စွာ ရောင်းစားရာ စိမ့်လျက် တောင်ပံ ဒူးရိုး ရိုက်ချိုးခဲ့ဖျက်သော အကျိုးဆက် ဝိပါကဖြင့် ငါ့သားတော် ပူတိဂတ္တအား ကိုယ်လုံးပုပ်သိုး အနှိုးကွဲဖြာခြင်း ဖြစ်ရလေသည်။ ရဟန္တာ ပုဂ္ဂိုလ်အား ကြည်ညိုသဒ္ဓါ စေတနာရှေ့ရှု ပြုလှူဆက်ကပ်အပ်သော သုဓာဘုတ်ဘောဇဉ်၏ အကျိုးဆက် ဖြာနှံ့သံသရာဖြင့်

အရဟတ္တဖိုလ်သို့ ရောက်ရလေသည်ဟု များစွာသော ရဟန်း အပေါင်းတို့ တုပ်ပျောင်းညွတ်လျှိုးရှိခိုးတောင်းပန် အပ်သည်ဖြစ်၍ဟောကြားတော်မူပေ၏။

ခုနစ်ခုမြောက် ပူတိဂတ္တတိဿမထေရ် ဝတ္ထု ပြီး၏။

၈-နန္ဒဂေါပါလကနွားကျောင်းသားဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

ဒိသော ဒိသံ-အစရှိသော ဤတရား ဒေသနာတော်ကို ရှင်တော်ဘုရားသည် ကောသလ ဇနပုဒ်၌ နန္ဒမည်သော နွားကျောင်းသားကို အကြောင်းပြု၍ ဟောတော်မူပေ၏။

ဘုရားထံမှအပြန်တွင် မြားမှန်သေရခြင်း

သာဝတ္ထိပြည်ကြီး၌ အနာထပိဏ်သေဋ္ဌေး၏နန္ဒနွားကျောင်းသားသည် များစွာသော နွားအပေါင်းကို ထိန်းကျောင်း စောင့်ရှောက်ပေသတတ်၊ ပစ္စည်းဥစ္စာ ရတနာရွှေငွေ အထွေထွေသော ဘဏ္ဍာကျိကျတို့ဖြင့် ကြွယ်ဝ ပြန့်ပြောသော စည်းစိမ်ရှိ၏။ ထိုနန္ဒဂေါပါလကကို ကောဏ်ယရသေ့တစ်ဦးသည် ရသေ့ရဟန်း၏ အသွင်ဖြင့် ပုံပြင်စောင့်ရှောက်ပေ၏။ ဤသို့သော အခြင်းအရာ နွားကျောင်းသားတို့၏ အနွယ်ဖြင့်သာလျှင် အဖြာဖြာသော မင်းပြစ်ဘေးဒဏ်တို့ကိုပယ်လှန် ညွတ်ကွင်း လွတ်ရှင်းဝေးကွာအောင် ကြဉ်ရှောင်လျက် သေဋ္ဌေးတို့ စည်းစိမ်ချမ်းသာကို ကောင်းစွာ စောင့်ရှောက် ခံစားပေ၏။ ထိုနန္ဒဂေါပါလကသည် ရံခါရံခါ နွားနို့ အရသာ ငါးမျိုးတို့ကို ယူ၍ အနာထပိဏ် သေဋ္ဌေးကြီး၏ အထံသို့ လာပြီးလျှင် မြတ်စွာဘုရား၏ ထံသို့ ဝင်ရောက်၍ ဖူးမြော်ရှိခိုး၏၊ တရားတော်ကို ကြားနာ၏။ ထိုနန္ဒဂေါပါလကသည် မိမိ၏ နေရာ အရပ် ဒေသသို့ ကြွလာတော် မူအံ့သောငှာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို တောင်းပန် လျှောက်ကြား၏။ မြတ်စွာ ဘုရားရှင်သည် ထိုနန္ဒဂေါပါလက၏ ဉာဏ်ပညာရင့်ကျက်ခြင်းကို ဆိုင်းငံ့လင့်တော်မူသော အားဖြင့် တစ်ပါးသော ဒေသသို့ ဒေသစာရီ ကြွချီတော် မူပြီးသော် ဒဗ္ဗသမ္ဘာ ကောင်းစွာ လောကလုံ ပြည့်စုံပေါ်မြင့် ပညာရင့်သည်ကို မြင်တော်မူသည့် တစ်နေ့သ၌ သုံးတိုက်မကုဋ္ဋ အတုလသင်းကျစ် ဓမ္မရာဇ်မင်းချား ဘုရားရှင်ကိုယ်တော်မြတ်သည် နောက်ထပ်သံဃာ များစွာခြံရံလျက် ဒေသစာရီ ကြွချီတော်မူသည်

ရှိသော် ခရီးလမ်းမှ ဖဲကြွသက်ဆင်း၍ ထိုနန္ဒဂေါပါလက ယောကျ်ား၏ နေရာအနီးဖြစ်သော သစ်ပင်ရင်းတစ်ခု၌ သီတင်းသုံးတော်မူ၏။ နန္ဒဂေါပါလကလည်း မြတ်စွာဘုရား၏ အထံသို့ လာရောက်၍ ရှိသေမြတ်နိုး ရှိခိုးပြီးသော် နှစ်သက် မြတ်နိုးဖွယ် အသွယ်သွယ်သော ပဉ္စဂေါရသကို ပူဇော်ပြီး မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသောရဟန်းတော် အရှင်မြတ် အပေါင်းအား မွန်မြတ်ရသော ဩဇာထက်ပွား ငါးပါးသောနွားနို့ အရသာအလှူကို ကြည်ဖြူမြတ်လေး ပေးလှူပူဇော်ပေ၏။ ခုနစ်ရက်မြောက် ကျရောက်တွက်လေ့ ရက်အစေ့၌ မိပတိထွတ်ထား ဘုရားရှင် ကိုယ်တော်မြတ်က ရောက်လာသော ပရိသတ်အပေါင်းအား တရားအနုမောဒနာကို ပြုတော်မူ၍ ဒါနကထာအစဖြာလျက်အစဉ်အားဖြင့် များစွာ အပြားရှိသောတရားစကားကို ဟောကြား ဆုံးမတော်မူပေ၏၊ ဒေသနာတော်၏ အဆုံး၌ နန္ဒဂေါပါလကသည် သောတာပတ္တိဖိုလ်၌ တည်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ နောက်တော်စဉ်စိုက် လိုက်၍ ပို့အပ်သောငှာသပိတ်တော်ကို ထမ်းဆောင်ယူငင်ပြီးလျှင် ဘုရားရှင် ကိုယ်တော်မြတ်၏နောက်သို့ အစဉ်ဘစိုက် လိုက်ခဲ့ရာအတော်ဝေးကွာသော အရပ်သို့ ရောက်၍ ဘုရားကိုယ်တော်မြတ်က “ဥပါသကာတန့်ရပ်နေထိုင်ခဲ့ပေဦးလော့”ဟု မိန့်တော်မူသည် ရှိသော် ဘုရားရှင်ကို ရှိခိုးဦးချ၍ ထိုနေရာဌာနကပင် ဆုတ်နစ်ပြန်လည်ခဲ့၏။

ထိုအခါ မုဆိုးတစ်ယောက်သည် မြတ်စွာဘုရား ကိုယ်တော်မြတ်ကိုလိုက်ပို့ရာမှ ပြန်လာသော နန္ဒဂေါပါလကကို လမ်းခရီးအရပ်၌ လေးဖြင့် ပစ်သတ်လေ၏။နောက်မှ လိုက်ကြွ၍ လာကုန်သော ရဟန်းတို့အား နန္ဒဂေါပါလက သေလွန်၍နေသော သူသေကောင်ကို လမ်းခရီးဒေသ၌ တွေ့မြင်ခဲ့ကြ၍မြတ်စွာဘုရား ကိုယ်တော်မြတ်ကို မီလှာသောအခါမှ များစွာသော ရဟန်းတို့က “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားနန္ဒဂေါပါလက ယောကျ်ားသည် အရှင်မြတ်တို့ ဤအရပ် ဒေသသို့ ကြွလာတော် မူကြသောကြောင့် သာလျှင် ကြီးစွာသော အလှူကြီးကို အထူးအားထုတ် ပြုလုပ်ပေးလှူ၍ အစဉ်ပို့လိုက်ပြီးသော် ပြန်လည်သော ကာလ၌ သေလွန်ရှာလေသည်။ အရှင်မြတ်တို့သည် ဤအရပ်ဒေသသို့ ကြွလာတော်မူကြသည်အကယ်၍မဖြစ်ကုန်အံ့၊ နန္ဒဂေါပါလက ဥပါသကာသည် သေလွန်ခြင်း မဖြစ်ပေရာ”ဟု လျှောက်ကြားကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကလည်းချစ်သား ရဟန်းတို့ ငါဘုရားသည် ကြွလာတော်မူသောသည်းကောင်း၊ ကြွလာတော် မမူသော် လည်းကောင်း၊ တူရူဖြစ်သော အရပ်လေးမျက်နှာတို့သို့ သွားသော် လည်းကောင်း၊ အထောင့်ဖြစ်သောအရပ်လေးမျက်နှာသို့ သွားသော်လည်းကောင်း ထိုနန္ဒဂေါပါလကအား သေခြင်းမှ လွတ်မြောက်အံ့သော အကြောင်းတစ်စုံတစ်ရာမျှ မရှိချေ။ ချစ်သား ရဟန်းတို့

အကြင် သတ်ဖြတ်ဖျက်ဆီးခြင်း အမှုကို ခိုးသူတို့သည်လည်း မပြုနိုင်ကုန်။ ရန်သူတို့သည်လည်း မပြုနိုင်ကုန်။ ထိုခိုးသူရန်ဘုတ်သည် မပြုနိုင် မဖျက်ဆီးနိုင်သော အရာကို သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ဖြစ်သော မသင့်မတင့် မကောင်းမြတ် မလျောက်ပတ်သောအားဖြင့် ကျင့်သုံးဆောက်တည် နှလုံးသွင်း အပ်သော စိတ်သည်သာလျှင် ပြုလေသတည်း”ဟု ဟောကြားတော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၄၂။ ဒိသော ဒိသံ ယံ တံ ကယိရာ၊ ဝေရီ ဝါ ပန ဝေရိနံ။
မိစ္ဆာပဏိဟိတံ စိတ္တံ၊ ပါပိယော နံ တတော ကရေ။

ခိုးသူတစ်ယောက်သည် အခြားခိုးသူတစ်ယောက်ကို လည်းကောင်း၊ ရန်သူတစ်ယောက်သည် အခြား ရန်သူ တစ်ယောက်ကို လည်းကောင်း အကျိုးမဲ့ ပြုငြားအံ့။ မကောင်းသဖြင့် ထားအပ်သော စိတ်ဆိုးစိတ်ယုတ်သည် မိမိကိုယ်ကို ထိုထက် အဆများစွာ ယုတ်မာလေအောင် ပြုလုပ်လေရာ၏။

ထိုဂါထာ၌ ဒိသော ဒိသံ=ဟူသည် ခိုးသူတစ်ယောက်သည်ခိုးသူတစ်ယောက်ကို မြင်၍ ဤသို့“ဒိသွာ”ဟူသော ပါဌ်ထည့်သင့်၏ ဟူလို။

ယံ တံ ကယိရာ=ဟူသည် ထိုခိုးသူအား အကြင်အကျိုးမဲ့ ပျက်စီးခြင်းကို ပြုရာ၏။ ဒုတိယပုဒ်၌လည်း ဤနည်းတူတည်း။

ဆိုလိုရင်း အဓိပ္ပာယ်မှာ—ခိုးသူတစ်ယောက်သည် ခိုးသူ တစ်ယောက်အား အဆွေခင်ပွန်း၌ ပြစ်မှားခြင်းရှိသော ခိုးသူဖြစ်၍ သားမယား၊ လယ်ယာ၊နွားကျွဲ စသည်တို့၌ ပြစ်မှားသောသူကိုလည်း ထို့အတူသာလျှင် မိမိ၌ ပြစ်မှားခြင်းရှိသော ခိုးသူကိုမြင်၍ ရန်သူတစ်ယောက်သည်မှုလည်း အကြောင်းတစ်ခုကြောင့် ရန်ငြိုးဖွဲ့ခံရသော ရန်သူကိုမြင်၍ မိမိ၏ ကြမ်းတမ်းခက်ထန်သည် အဖြစ်ဖြင့် ထိုသူအား အကျိုးမဲ့ ပျက်စီးခြင်းကို ပြုရာ၏။ သား၊ မယား၊ လယ်စသည်တို့ကို ဖျက်ဆီးရာ၏။ ထိုသူကို သတ်ရာ၏။ အကုသလကမ္မပထ ဆယ်ပါးတို့၌ မှားသောအားဖြင့် ထားအပ်သည်၏ အဖြစ်ကြောင့် မှားယွင်းစွာ ထားအပ်သော စိတ်တည်းဟူလို။

ပါပိယော နံ တတော ကရေ=ဟူသည် ထိုယောကျ်ားကို ထိုအကျိုးမဲ့ ပြုခြင်းထက် အလွန်ယုတ်မာစွာ ပြစ်မှားခြင်းကို ပြုရာ၏၊ ထိုစကားသင့်၏ ဆိုအပ်သော အဖြစ်ရှိသော ခိုးသူတစ်ယောက်သည် ခိုးသူတစ်ယောက်အား

လည်းကောင်း၊ ရန်သူတစ်ယောက်သည် ရန်သူတစ်ယောက်အားလည်းကောင်း ဤခန္ဓာကိုယ်၌မူလည်း ဆင်းရဲကိုလည်း ဖြစ်စေရာ၏၊ အသက်ကုန်ခြင်းကို မူလည်းပြုရာ၏။ အကုသလ ကမ္မပထတို့၌ မှားယွင်းစွာထားအပ်သော ဤစိတ်သည် မျက်မှောက်ဖြစ်သော ကိုယ်၌ အကျိုးမဲ့ ပျက်စီးစေနိုင်၏။ ဘဝအရာ အထောင် အသောင်း အသိန်းတို့၌လည်း အပါယ် လေးဆော့တို့၌ ပစ်ချ၍ ဦးခေါင်း ပြန်မဖော်နိုင် ဟူလို။

ဒေသနာတော်၏ အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ လူအပေါင်းအား ဒေသနာသည် အကျိုးရှိ၏၊ ဥပါသကာသည်ကား ဘဝတစ်ပါး၌ပြုအပ်သောကံကို ရဟန်းတို့သည် မမေးလျှောက်သော ကြောင့် မြတ်စွာဘုရားတို့သည် မဟောအပ်။

ရှစ်ခုမြောက် နန္ဒဂေါပါလကန္ဒားကျောင်းသားဝတ္ထုပြီး၏။

၉-သောရေယျ သေဋ္ဌေးသားဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

န တံ မာတာ ပိတာ ကယိရာ အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သောရေယျမထေရ်ကို အကြောင်းပြု၍ ဟောတော်မူပေ၏။ သောရေယျပြည်၌ ဖြစ်သော တရားစကားကို သာဝတ္ထိပြည်၌ ပြီးဆုံးတော် မူစေ၏။

အရှင်မဟာကစ္စည်းမထေရ်ကို ပြစ်မှားခြင်း

ဥယျာဉ်ဘုရား ငါးပါးတို့ကို သူတစ်ပါးမဆို အလိုလိုဘာသာ ကောင်းစွာ ထင်ထင် သိမြင်တော်မူတတ်သော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံး စံနေတော်မူစဉ် သောရေယျမြို့၌ သောရေယျသေဋ္ဌေးသားသည် သူငယ်ချင်း အဖော်တစ်ယောက်နှင့်အတူတကွ ကောင်းမွန်ငြိမ်သက် ချမ်းသာသော လှည်းယာဉ်၌ ထိုင်နေလျက် များစွာကုန်သော အခြံအရံနှင့်တကွ ရေချိုးခြင်းငှာ မြို့မှထွက်လာ၏၊ ထိုခဏ၌ အရှင်မဟာကစ္စည်းမထေရ်သည် သောရေယျမြို့၌ ဆွမ်းခံ ကြွတော်မူလို၍ မြို့အပအပြင်ဘက်၌ နှစ်ထပ်သော ဒုကုဋ်သင်္ကန်းကို ဝတ်ရုံ၍ နေတော်မူ၏၊ မထေရ်မြတ်၏ ရွှေအဆင်းကဲ့သို့သော အဆင်းရှိသော ကိုယ်ကို သောရေယျ သေဋ္ဌေးသား မြင်၍ ဤမထေရ်သည် ငါ၏ခင်ပွန်းမ မယားဖြစ်ပါမူကား ဩော်....ကောင်းလေစွ ငါ၏ ခင်ပွန်းမ မယား၏ ကိုယ်အဆင်းသည် ဤမထေရ်၏ကိုယ်အဆင်းကဲ့သို့ ရှိပါဘိမူကားကောင်းလေစွ”ဟု ကြံအောက်မေ့၏။ ထိုသောရေယျ သေဋ္ဌေးသားအား ကြံစည်ပြစ်မှားကာမျှ၌ သာလျှင် ယောကျ်ားအင်္ဂါသည် ကွယ်ပျောက်၏။

မိန်းမအင်္ဂါသည်ထင်ရှားဖြစ်ပေါ်လာလေ၏။ ထိုသေဋ္ဌေးသားသည်ရှက်နိုးလှသောကြောင့် ယာဉ်မှသက်ဆင်း၍ ထွက်ပြေးလေ၏၊ အခြံအရံဖြစ်သောသူအပေါင်းသည်လည်း ထိုအကြောင်းကို မသိသောကြောင့် လည်းကောင်း၊ မိန်းမ၏အဖြစ်သို့ ရောက်လေသဖြင့် မမှတ်မိသောကြောင့် လည်းကောင်း၊ "ဤသူသည်ကားအဘယ်သူဖြစ်ပါလိမ့်မည်နည်း" ဟုဆို၏။ ထိုမိန်းမသည်လည်း တက္ကသိုလ်တိုင်းပြည်သို့ သွားသော ခရီးလမ်းသို့ သွားလေ၏၊ သေဋ္ဌေးသား၏ အဖေ်ခင်ပွန်းတို့သည်လည်း ထိုမှဤမှ လိုက်ပြေးရှာဖွေသော်လည်း မတွေ့မမြင်ရကုန်၊ အလုံးစုံသော သူတို့သည် ရေချိုး၍ အိမ်သို့လာကုန်၏၊ "သေဋ္ဌေးသား အဘယ်မှာနည်း" ဟု ဆိုကုန်သည်ရှိသော် "ရေချိုးပြီး၍ ပြန်သွားနှင့်လေပြီ ဖြစ်ပေလိမ့်မည်၊ အောက်မေ့ထင်မှတ်ကုန်သည်"ဟု ဆိုကြကုန်၏။ ထိုအခါသေဋ္ဌေးသား၏ မိခင်ဖခင်တို့သည် ထိုထိုသောအရပ်တို့၌ လှည့်ပတ်ရှာမှီး၍ မတွေ့မမြင်ကုန်သည်ရှိသော် ငိုကြွေးမြည်တမ်း ကြကုန်လျက် "စုတိသေလွန်သည်ဖြစ်လိမ့်မည်"ဟုသေသူရည်မှန်းလှူအပ်သော မတကဘတ်ကိုပေးလှူကုန်၏။

မိန်းမဖြစ်၍တက္ကသိုလ်ပြည်သို့ ရောက်ခြင်း

ယောကျ်ားဘဝမှ ပြောင်းလဲအပ်သော ထိုမိန်းမသည် တက္ကသိုလ်တိုင်းပြည်သို့သွားသော တစ်ဦးသော လှည်းကုန်သည်ကို မြင်၍ "လှည်းယာဉ်၏နောက်မှနောက်မှ အစဉ်လိုက်၏။ ထိုအခါလှည်းယာဉ်၏နောက်၌အစဉ်လိုက်လာသော ထိုမိန်းမကိုမြင်၍"ငါတို့၏ လှည်းယာဉ်၏ နောက်မှ အဘယ့်ကြောင့်အစဉ်လိုက်ဘိသနည်း။ငါတို့သည် 'အသင်ကို အဘယ်သူ၏မယား'ဟူ၍ မသိကြကုန်" ဟု ဆိုကြကုန်၏။ထိုမိန်းမကလည်း"အရှင် အသင်တို့သည်တစ်စုံတစ်ခုသော စကားကို မမေးဆိုကြပါကုန်လင့်၊ မိမိ၏ လှည်းကိုသာလျှင် မောင်းနှင်ကြကုန်လော့၊ ငါသည် ခြေဖြင့်သာလျှင်သွားအံ့'ဟုဆို၍ သွားသည်ရှိသော် ခြေတို့သည် ကွဲကုန်၏။ ထိုအခါ မိမိ၌ပါလာသော လက်စွပ်ကိုပေး၍ တစ်ခုသော လှည်း၌ အခွင့်ကို ပြုစေ၍ တက်စီး၏။ လူတို့သည် တက္ကသိုလ်တိုင်းပြည်ဝယ်ငါတို့၏သေဋ္ဌေးသားအား မယားမရှိချေ။ ထိုသေဋ္ဌေးသားအားကြားပေအံ့၊ ငါတို့အားလည်းများစွာသော လက်ဆောင်ပဏ္ဏာကာရကိုရသည်ဖြစ်ပေလတ္တံ့ ဟု ကြံကြကုန်၏။ "တက္ကသိုလ်ပြည်သို့ ကျရောက်သောအခါ ထိုလူတို့သည် အိမ်သို့သွား၍ အရှင် ငါတို့သည် အရှင်တို့နှင့် ထိုက်တန်သော တစ်ယောက်သောမိန်းမရတနာကို ဆောင်ယူခဲ့ပါသည်"ဟုကြား၏ ထိုသေဋ္ဌေးသားလည်း ထိုစကားကို ကြား၍ ထိုမိန်းမကို ခေါ်စေပြီးသော် မိမိအားအရွယ်လျောက်ပတ်သည်ကို လည်းကောင်း၊ အလွန် အဆင်းသဏ္ဌာန် လှပသည်

ကိုလည်းကောင်း ကြည့်ရှုစဖွယ် တင့်တယ်ခြင်းရှိသည်ကိုလည်းကောင်း မြင်၍ ဖြစ်သော ချစ်ခင်ခြင်းရှိသဖြင့်မိမိ၏အိမ်၌သိမ်းဆည်း၍ မယားအိမ်ရှင်အဖြစ်ကို ပြုပေ၏။

ထိုစကားကို ထင်ရှားစွာ ပြဆိုဦးအံ့။ ယောကျ်ားတို့သည် မိန်းမတို့၏ အဖြစ်ကိုလည်းကောင်း၊ မိန်းမတို့သည်ယောကျ်ားတို့၏အဖြစ်ကို လည်းကောင်း မဖြစ်ဖူးသောမည်သည်မရှိ၊ ယောကျ်ားတို့သည်ပင်လျှင်သူတစ်ပါး၏မယားတို့၌ လွန်ကျူးပြုကျင့်မိ၍ သေခြင်းကို ပြုသည်ရှိသော် များစွာကုန်သော အနှစ် တစ်သိန်းတို့ပတ်လုံး ငရဲ၌ ကျက်ရပြီးလျှင် ငရဲမှ စုတေလာခဲ့သည်ကာလ လူ၏အဖြစ်သို့ ရောက်ရသည်ရှိသော် ဘဝတစ်ရာတို့ပတ်လုံးမိန်းမအဖြစ်သို့ ရောက်ရ၏၊ ကမ္ဘာတစ်သိန်း ဖြည့်ဆည်းပူးအပ်ပြီးသောပါရမီ အဆောက်အဦ ရှိသော အရိယာသာဝက ဖြစ်တော်မူသော အရှင်အာနန္ဒာ မထေရ်မြတ် သည်လည်း သံသရာ၌ ကျင်လည်၍ လာခဲ့သည့်အခါ တစ်ခုသော ဘဝဝယ် ပန်းထိမ်သည် အမျိုး၌ ဖြစ်ရလျှင် ပရဒါရကံကိုပြု၍ ငရဲ၌ ကျက်ရပြီး၍ အကျိုးကြွင်း၏ အစွမ်းဖြင့် တစ်ဆယ့်လေးဘဝတို့၌ ယောကျ်ား၏ခြေရင်း အလုပ်အကျွေးမိန်းမသည်ဖြစ်ရ၏။ ခုနစ်ပါးကုန်သော ကိုယ်အဖြစ်တို့၌ အစေ့ ထုတ်သည်အဖြစ်သို့ ရောက်လေ၏။ မိန်းမတို့သည် ဒါနအစရှိသော ကောင်းမှု တို့ကိုပြု၍ မိန်းမ၏အဖြစ်၌အလိုဆန္ဒနှစ်သက်ခြင်းကိုကင်းစေ၍ "အကျွန်ုပ်တို့၏ ဤကောင်းမှုသည် ယောကျ်ားအဖြစ်ကို ရရှိခြင်းငှာ ဖြစ်ပါစေသတည်း" ဟု စိတ်ကိုဆောက်တည်၍ သေလွန်ခြင်းကိုပြုခဲ့သည်ရှိသော်ယောကျ်ား၏အဖြစ်ကို ရကုန်၏။ အိမ်ဦးနတ်ကဲ့သို့ မိမိ၏ ခင်ပွန်းလင်ယောကျ်ား၌ ကောင်းစွာ ကျင့်ခြင်း ရှိသေစွာ လုပ်ကျွေးခြင်း၏ အစွမ်းဖြင့်လည်းယောကျ်ား၏အဖြစ်ကို ရကုန်သည်သာလျှင်တည်း။

ဤနေရာ၌ ကျယ်ဝန်းမည် စိုးသောကြောင့် ပါဠိသာဓကကို မထည့် လိုက်ပါ။ အလိုရှိတော်မူကြလျှင် ဋ္ဌင်းအဋ္ဌကထာမှာ ရှုတော်မူကြ ပါလေကုန်။ ဤကားအမှာ၊]

ဤသောရေယျမြို့သား သေဋ္ဌေးသားသည်ကား ရှင်မဟာကစ္စည်း မထေရ် မြတ်၌ မသင့်လျော် မလျောက်ပတ် မကြံစည်အပ်သောအားဖြင့် ပြစ်မှား ကြံစည်ခြင်း စိတ်ကိုဖြစ်စေသောကြောင့် ဤဘဝ၌ပင်လျှင် မိန်းမ၏ အဖြစ်ကို ရ၍ တက္ကသိုလ်ပြည်၌ သေဋ္ဌေးသားနှင့် အတူတကွ ပေါင်းဖော်နှီးနှော ရောယှက်ခြင်း သံဝါသကိုအစွဲပြု၍ ထိုမိန်းမ၏ ဝမ်းတိုက်၌ စွဲပိုက်သန္ဓေ တည်နေလေ၏။ ထိုမိန်းမသည်ဆယ်လကိုလွန်သဖြင့်သားကိုရရှိ၍ထိုသားငယ်၏ ခြေဖြင့် သွားလာနိုင်သော အရွယ်သို့ရောက်သည်ရှိသော် တစ်ပါးတစ်ယောက်

လည်းဖြစ်သောသားကို ရပြန်လေ၏။ ဤသို့သော အချင်းအရာဖြင့် ထိုမိန်းမ၏ ဝမ်း၌ ကိန်းပိုက်သန္ဓေ တည်နေ ဖွားမြင်အပ်ကုန်သော နှစ်ယောက်ကုန်သော သားယေ်တို့သည် ဖြစ်လေကုန်၏။ သောရေဃျမြို့၌လည်း ထိုသေဌေးသားတို့ အစွဲပြု၍ ဖွားမြင်ပြီးကုန်သော သားနှစ်ယောက်တို့သည် ရကုန်၏။ ထို့ကြောင့် နှစ်ဦးဆို ပေါင်းစပ်သောအားဖြင့် သားလေးယောက်တို့သည် ဖြစ်ကုန်၏။

သူငယ်ချင်း သေဌေးသားနှင့် တွေ့ဆုံခြင်း

ထိုကာလ၌ သောရေဃျမြို့မှ ထိုမိန်းမ၏ အဖော်အဆွေခင်ပွန်း ဖြစ်သော သေဌေးသားသည် လှည်းငါးရာတို့နှင့်အတူတကွ တက္ကသိုလ်တိုင်းပြည် သို့သွား၍ ငြိမ်သက်ကောင်းမွန် ချမ်းသာလှသော လှည်းယာဉ်၌ ထိုင်နေလျက် တက္ကသိုလ် ပြည်သို့ ဝင်၏။ ထိုအခါ သောရေဃျ ပြည်သား ယောကျ်ားအဖြစ်မှ ကူး ပြောင်းရသော ထိုမိန်းမသည် အထက်ဖြစ်သော ပြာသာဒ်အပြင်၌ လေသောက် ပြတင်းကို ဖွင့်လှစ်ပြီး ခရီးမသို့ ကြည့်ရှုလျက် တည်သည်ရှိသော် သောရေဃျ ပြည်မှလာသော အဖော်ခင်ပွန်းကို မြင်၍ ထိုအဖော်ခင်ပွန်းကို သိသောကြောင့် ကျွန်မကို စေလွှတ်ခေါ် စေပြီးလျှင် ကြီးကျယ်သော ပြာသာဒ်အပြင်၌ ထိုင်နေ စေလျက် ကောင်းမွန်စွာ မြတ်နိုးတနာ ပူဇော်လုပ်ကျွေးခြင်းကိုပြုပေ၏။ ထိုအခါ ကောင်းမွန်စွာ မြတ်နိုးတနာ ပူဇော်လုပ်ကျွေးပေသော မိန်းမကို သောရေဃျ ပြည်သား သေဌေးသားက ချစ်နှမအသင် ချစ်နှမကို ဤမှ ရှေးအခါ ကာလ တန်းက ငါတို့သည် မတွေ့မထင် မမြင်ဘူးချေသည်တကား။ ငါတို့ကို အဘယ် ကြောင့် ကြီးကျယ်ကောင်းမွန်စွာ မြတ်နိုးတနာ ပူဇော်ပြုစုလုပ်ကျွေး ဘိလေ သနည်း၊ ငါတို့ကို အသင်သည် သိအပ်လေသလောဟုဆို၏။ အရှင်အကျွန်ုပ် သည် သိအပ်ပါ၏။ အရှင်တို့သည် သောရေဃျမြို့၌ နေသည်မဟုတ်ကုန်လော ဟု မေး၏။ ချစ်နှမ ဩြော် ဟုတ်ပါပေ၏။ ငါတို့သည် သောရေဃျမြို့၌ နေပေ၏ဟု ပြောသည်ကာလမှ ထိုမိန်းမသည် မိခင်ဖခင်တို့၏ လည်းကောင်း၊ မယား၏ လည်းကောင်း၊ သားတို့၏ လည်းကောင်း၊ ရောဂါဗျာဓိ အနာမရှိ သည်အဖြစ်ကို မေးမြန်း၏၊ သေဌေးသားကလည်း "ချစ်နှမ ထိုသူတို့သည် အနာရောဂါ ကင်းရှင်းလျက် ချမ်းသာခြင်း ရှိကြပါကုန်၏" ဟု ပြောပြီးသော် "ချစ်နှမ အသင်သည် ထိုအလုံးစုံသော သူတို့ကို အကုန်သိလေသလော" ဟု ဆို၏။ အရှင်ဩြော်-သိပါ၏။ အရှင်ထိုသေဌေးကြီးတို့အားသားတစ်ယောက်သည် ရှိသည်ဂဟုတ်ပါလော။ ထိုသားသည် အခြားလူမဟုတ် အကျွန်ုပ်ပင် ဖြစ်ပါ သည်ဟု ပြောလျှင် ချစ်နှမ ဤသို့သောစကားကို မပြောကြားပါလင့်၊ ငါတို့ သည် ထိုသေဌေးသားနှင့် အတူတကွ ပေါင်းစပ်နေသည်၌ ကောင်းမွန်ငြိမ်သက် ချမ်းသာသော လှည်းယာဉ်၌ အတူနေထိုင်၍ ရေချိုးခြင်းငှာ ယှက်သွားကြ ကုန်သည်ရှိသော် ထိုသေဌေးသား၏ သွားရာလာရာ လမ်းခရီးကို မသိကြကုန်။

ထိုမှ ဤမှ ရှာဖွေစိစစ် မေးမြန်းပါသော်လည်း ထိုသေဌေးသားကို မတွေ့မမြင် သောကြောင့် မိခင်ဖခင်တို့အား ကြားရကုန်၏။ ထို မိခင်ဖခင်တို့သည်လည်း စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းလျက် သူသေ၏ကိစ္စကို ပြုကြရလေကုန်ပြီဟု ပြော၏။

အရှင် ထိုသေဌေးသားသည် အကျွန်ုပ်ပင် ဖြစ်ပါသည်ဟု ပြောပြန်၏။ ချစ်နှမ ဖဲသွားပါလေလော့၊ အဘယ်သို့သောစကားကို ပြောကြားဘိသနည်း၊ ငါ၏ အဖော်ခင်ပွန်းဖြစ်သောသေဌေးသားသည် နတ်သားလုလင်ကဲ့သို့ အလွန် လျှင် အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍ လုပသင့်တင့် ရှုစချင့်သော ယောကျ်ားတစ်ယောက် ဖြစ်ပချေသည်ဟု ဆိုသည် ရှိသော် အရှင်ယောကျ်ားပင် ဟုတ်ပါစေလော့။ ထိုသေဌေးသားသည် အခြားသူမဟုတ် အကျွန်ုပ်ပင် ဖြစ်ပါသည်ဟု ပြောပြန်၏။ ထိုအခါ သောရေယျ ပြည်သား အဖော်ဖြစ်သော သေဌေးသားက ချစ်နှမဤအမှုသည် အဘယ်မည်သော အမှု ပေနည်းဟု မေးလျှင် အရှင် ထိုနေ့၌ အသင်နှင့် အတူတကွ ငြိမ်သက် ကောင်းမွန်လှသော လှည်းယာဉ်၌ စီး၍ သွားကြစဉ် ကာလက အသင်သည် အရှင်မဟာကစ္စည်းမထေရ်ကို မြင်လိုက်ပါ၏လောဟု မေးသည်ရှိသော် ချစ်နှမ ပြော်-မြင်လိုက်ပါ၏ဟု ပြောလျှင် "အရှင် အကျွန်ုပ်သည် ဤအရှင်မဟာ ကစ္စည်းမထေရ်ကို ကြည့်၍ ဤမထေရ်သည် ငါ၏ အိမ်ရှင်မယား ဖြစ်မူကား ပြော်ကောင်းလေစွ၊ ထိုမထေရ်၏ ကိုယ်အဆင်းကဲ့သို့ ငါ၏ အိမ်ရှင်မယား၏ ကိုယ်အဆင်းသည် ဖြစ်ပါသိမူကား ကောင်းလေစွ" ဟု ကြံမိပေ၏၊ ကြံမိသော ခဏ၌သာလျှင်ယောကျ်ားအင်္ဂါ ကွယ်ပျောက်သွားပြီးသော် မိန်းမအင်္ဂါသည် ထင်ရှားစွာ ဖြစ်ပေါ်လာခဲ့၏။ ထိုအခါ ကျွန်ုပ်သည် အလွန်တရာ ရှက်စနိုး လှသည်ဖြစ်သောကြောင့် တစ်စုံတစ်ယောက်သော သူအား တစ်စုံတစ်ခုသော စကားကိုမျှ ပြောကြားခြင်းငှာ မစွမ်းနိုင်ဘဲ ပြေးထွက်ခဲ့ပြီး၍ ဤအရပ်သို့ လာခဲ့ရပါသည်ဟု အကြောင်း အလုံးစုံကို အကုန် ပြန်ကြား ပြောဆိုပေ၏။

အသင်သည် အလွန် ဝန်လေးသော အမှုကို ပြုမိပလေသည်။ ထို အခါက အဘယ်ကြောင့် ငါအား မပြန်ကြားဘိလေသနည်း။ စင်စစ် သော်ကား အသင်သည် မထေရ်ကို သည်းခံစေသော အားဖြင့် ကန်တော့ ဝန်ချပါ၏လောဟု မေး၏။ အရှင် သည်းမခံစေအပ်ပါသေးဟု ပြောသည် ကာလ ယခုအခါ အရှင်မဟာကစ္စည်း မထေရ်သည် အဘယ်အရပ်၌ သီတင်း သုံးတော်မူသည်ကို အသင်သည် သိ၏လောဟု မေးသဖြင့် အရှင်မဟာကစ္စည်း မထေရ် အရှင်မြတ်သည် ဤမြို့ကိုမှီ၍ သီတင်းသုံး စံနေတော်မူပါသည်။ မထေရ်မြတ်သည် ဆွမ်းအလို့ငှာ လှည့်လည်သည်ရှိသော် ဤအရပ်နေအိမ်သို့ ကြွ၍ကြွလာတော်မူသည် ဖြစ်ခဲ့အံ့။ အကျွန်ုပ်သည် မထေရ်အရှင်မြတ်အား

ဆွမ်းခဲဖွယ်ဘောဇဉ် အာဟာရကို လှူဒါန်းလုပ်ကျွေး ပေးကမ်းလိုပါ၏ဟုဆို၏။ ထိုသို့ဖြစ်လျှင် ချစ်နှမ မပေးကမ်းလှူဒါန်းဖွယ် အသွယ်သွယ်သော ပူဇော်သက္ကာရ ဝတ္ထုကို ပြုစုပြင်ဆင်ပါလော့။ ငါတို့သည် မထေရ်အရှင်မြတ်ကို သည်းခံစေကုန်အံ့” ဟုပြောဆိုပြီး အရှင်မဟာကစ္စည်းမထေရ်၏ သီတင်းသုံးစံနေတော်မူရာအရပ်သို့ သွားရောက်ပြီးသော် ရိုသေမြတ်နိုး ရှိခိုးပြီး၍ သင့်တင့်လျောက်ပတ်သော အရပ်၌ထိုင်နေလျက် “ဘုန်းတော်ကြီးပေသော အရှင်ဘုရား နက်ဖြန်ခါ၌ တပည့်တော်၏ဆွမ်းကို အလှူခံတော်မူပါကုန်လော” ဟု လျှောက်ကြား၏၊ မထေရ်က သေဋ္ဌေးသား သင်သည် ခရီးသွားညှော့်သည် အာဂန္တုမဟုတ်တုံလောဟု မေးတော်မူသော် အရှင်ဘုရား တပည့်တော်တို့အား ခရီးသွားညှော့်သည် အာဂန္တု၏အဖြစ်ကို မေးတော် မမူပါကုန်လင့်။ နက်ဖြန်ခါ၌ တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူပါဟု လျှောက်လျှင် မထေရ်အရှင်သည် ဆိတ်ဆိတ်သည်းခံတော်မူပေ၏။

သောရေယျသေဋ္ဌေးသား ယောကျ်ားပြန်ဖြစ်ခြင်း

အိမ်၌လည်း မထေရ်အရှင်မြတ်အား လှူဒါန်ပေးကမ်း ပူဇော်ဖွယ်ဝတ္ထုကို ပြုစုစီရင်၍ထား၏။ အရှင်မဟာကစ္စည်း မထေရ်မြတ်သည်လည်း တစ်နေ့မိုးသောက် နက်ဖြန်သို့ ရောက်သောအခါ၌ ထိုသူ၏ အိမ်တံခါးသို့ ကြွလာတော်မူ၏၊ ထိုအခါ မထေရ်အရှင်မြတ်ကို ကောင်းမွန်စွာ ထိုင်နေ သီတင်းသုံးတော်မူစေ၍ မွန်မြတ်သော အာဟာရဖြင့် လုပ်ကျွေးပြီး သောရေယျပြည်က လာရောက်သော အဖော်ခင်ပွန်းဖြစ်သော သေဋ္ဌေးသားသည် ထိုမိန်းမကို ခေါ်ယူပြီးမှ မထေရ်မြတ်၏ ခြေတော်ရင်း၌ ဝပ်စင်းညွှတ်လျှိုး ရှိခိုးနေစေပြီးသော် “အရှင်ဘုရား တပည့်တော်၏ အဖော်မအား သည်းခံတော်မူပါကုန်လော့”ဟု လျှောက်ကြား၏၊ မထေရ်အရှင်မြတ်ကလည်း၊ ဤသည်းခံရမည့်အရာသည် အဘယ်နည်းဟု မေးတော်မူသဖြင့် အရှင်ဘုရား ဤဒါယိကာမသည်ကား ရှေးအခါ၌ တပည့်တော်၏ အဖော်ခင်ပွန်း ဖြစ်ပါသည်။ အရှင်ဘုရားတို့ကို ကြည့်ရှုပြီး ဤအမည်ရှိသောအကြံကို ကြံမိပါသည်။ ထိုသို့ကြံမိသောအခါ၌ တပည့်တော်၏ ထိုခင်ပွန်းအဖော်အား ယောကျ်ားအင်္ဂါ ကွယ်ပျောက်ပြီးသော် မိန်းမအင်္ဂါ ထင်ရှားဖြစ်ပေါ်လာပါ၏။ အရှင်ဘုရားတို့သည် သည်းခံတော်မူပါကုန်လော့ဟုလျှောက်ထား၏။ ထိုသို့ဆိုပြီးလျှင် ထလေလော့။ အသင်အား ငါသည် သည်းခံ၏ဟု မိန့်တော်မူ၏။ မထေရ်အရှင်မြတ်သည် “သည်းခံ၏”ဟု မိန့်တော်မူကာမျှ၌သာလျှင် မိန်းမအင်္ဂါသည် ကွယ်ပျောက်လေ၏။ ယောကျ်ားအင်္ဂါသည် ထင်ရှားဖြစ်ပေါ်လာ၏။ ယောကျ်ားအင်္ဂါ ထင်ရှားဖြစ်ပေါ်လာ၍ ယောကျ်ားဖြစ်သော ခဏ၌သာလျှင် ထိုသောရေယျသေဋ္ဌေးသားကိုတက္ကသိုလ်ပြည် သေဋ္ဌေးသားက“အဖော်ဖြစ်ပေသော အို.... အချင်း ဤနှစ်ယောက်ကုန်

ဓသော သားသူငယ်တို့သည် အသင်၏ဝမ်း၌ ကိန်းအောင်း ဖွားမြင်လာသော သားသူငယ်တို့ပေတည်း၊ ငါ့ကိုစွဲ၍ဖြစ်ပေ၏။ နှစ်ယောက်ကုန်သော ငါတို့သည် သားငယ်ဘွဲ့နှင့် အတူတကွသာလျှင် ဤအရပ်၌ နေကြပါကုန်အံ့၊ အသင်အား ဆန့်ကျင်ခြင်း မဖြစ်ပါလင့်” ဟုတောင်းပန်၏။

“အဆွေ ငါသည်တစ်ခုသော ကိုယ်၏ အဖြစ်ဖြင့် ရှေးဦးစွာ ယောကျ်ား ဖြစ်၍ တစ်ဖန် မိန်းမအဖြစ်သို့ ရောက်ရပြန်၏။ မိန်းမအဖြစ်မှ တစ်ဖန် ယောကျ်ားဖြစ်ရပြန်သည် ဖြစ်၍ အလွန်အကျူး အထူး ဖောက်ပြန်ခြင်းသို့ ရောက်ခဲ့၏ ရှေးဦးစွာငါ့ကိုအစွဲပြု၍ နှစ်ယောက်ကုန်သောသားတို့သည်ဖြစ်ကုန်၏၊ ဤယခုအခါ၌ ငါ၏ဝမ်းမှ နှစ်ယောက်ကုန်သော သားငယ်တို့သည် ဖွားကုန်၏၊ ငါသည် တစ်ခုသော အတ္တဘောကိုယ်၏ အဖြစ်ဖြင့် ဖောက်ပြန်ခြင်းသို့ ရောက်၍တစ်ဖန် “အိမ်၌နေအံ့”ဟူသော အမှတ်သညာကို မပြုပါပြီ ငါသည် အရှင်မထေရ်မြတ်၏ထံ၌သာလျှင် ရဟန်းပြုတော့အံ့။ ဤနှစ်ယောက်ကုန်သော သားသူငယ်တို့သည် အသင်၏ဝန် ဖြစ်ပါစေလော့၊ ဤသားငယ်တို့၌ မမေ့မလျော့ပါလင့်” ဟုမှာထားပြီးသားငယ်တို့ကို ဖက်လဲနမ်းရှုပ် ဆုပ်နယ်သုံးသပ်သည်ကိုပြု၍ ရင်ခွင်ထက်၌ လျှောင်းဖက် အိပ်စေပြီးလျှင် ဖခင် သေဌေးသားအား ဆောင်နှင်း အပ်နှံခဲ့ပြီးသော် ထွက်လာခဲ့၍ မထေရ်၏ထံ၌ ရဟန်း အဖြစ်ကို တောင်းပန်၏၊ အရှင်မဟာကစ္စည်း မထေရ်မြတ်သည်လည်း ထို သေရေယျသေဌေးသားကို ရဟန်းပြုပြီး ပဉ္စင်းအဖြစ်ကို ရစေ၍ ကမ္မဋ္ဌာန်း တရားကိုချီးမြှင့်ပြီးသော် ဒေသစာရီကို လှည့်လည်လျက် အစဉ်အတိုင်းအားဖြင့် သာဝတ္ထိပြည်သို့ ရောက်လာခဲ့၏။

ထိုရဟန်းအား သောရေယျမထေရ် အမည်သည် ဖြစ်၏။ ဇနပုဒ်၌ နေကုန်သောလူတို့သည် ထိုအကြောင်းကိုကြား၍ တုန်လှုပ် ချောက်ချားလျက် အုတ်အုတ်ကျက်ကျက် ဖြစ်၏ ထို သောရေယျ မထေရ်ကို ချဉ်းကပ်၍ “အရှင်ဘုရား ဤသို့ဖြစ်သော ဟူသည် မှန်ပေသလော”ဟု မေးလျှောက် ကုန်၏။ ငါ့ရှင်တို့ပြောဆိုကြသည့်အတိုင်းပင် မှန်ပေ၏ဟု ဝန်ခံ၏။

အရှင်ဘုရား ဤသို့သော အကြောင်းမည်သည်ဖြစ်ပါသည်။ အရှင်မြတ်တို့၏ ဝမ်း၌ နှစ်ယောက်ကုန်သော သားသူငယ်တို့သည်ဖြစ်ပါကုန်သည်။ အရှင်မြတ်ကို စွဲ၍ သားငယ် နှစ်ယောက်တို့သည် ဖြစ်ပါကုန်သည်၊ ထိုသားနှစ်မျိုးတို့တွင် အရှင်တို့အား အဘယ်သားတို့၌ အားကြီးသောချစ်ခြင်းရှိသည် ဖြစ်ပါလေ သနည်းဟု မေးလျှောက်ကုန်၏။ ငါ့ရှင်တို့ ဝမ်း၌ဖြစ်၍ ဖွားမြင်ရကုန်သော သားတို့၌ သာလွန်ပိုမိုအားကြီးသော ချစ်ခြင်းသည် ဖြစ်လေသည်ဟု ပြော၏။ လာတိုင်းလာတိုင်းသော သူတို့သည် အမြဲမပြတ် ထိုအတူသာလျှင် မေးကုန်၏။ မထေရ်သည်လည်း “ဝမ်း၌လွယ်ငြား ဖွားမြင်အပ်သော သားတို့၌သာလျှင်

ချစ်ခြင်းသည် အားကြီးပါသည်”ဟု အဖန်တလဲလဲ ပြောဆိုရသည် ရှိသော် ရှုဏ်နိုးသည်ဖြစ်၍ တစ်ယောက်ထီးတည်းသာ ထိုင်နေ၏၊ တစ်ယောက် ထီးတည်းသာ ရပ်နေ၏။

အရှင်သောဒရေယျမထေရ် ရဟန္တာဖြစ်ခြင်း

ထိုသောဒရေယျမထေရ်သည် ဤသို့တစ်ယောက်ထီးတည်း နေထိုင်ခြင်းသို့ ကပ်လျက် အတ္တဘော၌ ခယ,ဝယကမ္မဋ္ဌာန်းကို ဖြစ်စေလျှင် ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုနောက် သောဒရေယျမထေရ်ကို လာတိုင်းလာတိုင်းကုန်သော သူတို့သည် “အရှင်ဘုရား ဤသို့သော အခြင်းအရာ ဖြင့် ဖြစ်သောဟူသည် ဟုတ်မှန်ပါသလော”ဟု မေးကုန်၏။ ငါ့ရှင်တို့ ဟုတ်ပေ၏ ဟု ဝန်ခံသည့်ကာလ အဘယ်သားတို့၌ အရှင်ဘုရားတို့အား ချစ်ခြင်း အားကြီး ပါသနည်းဟု မေးလျှောက်ကြလျှင် ငါ့အား တစ်စုံတစ်ခုသော ဝတ္ထုအာရုံ၌ ခုံမင်နှစ်သက် စုံမက်ချစ်ခင်ခြင်း မရှိပြီဟု ပြောဆိုလိုက်၏။ ရဟန်းတို့က “ဤသောဒရေယျမထေရ်သည် မဟုတ်မမှန်သောစကားကို ပြောဆိုဘိ၏။ ရှေ့ဖြစ် သောနေ့၌ ဝမ်း၌လွယ်၍ ဖွားအပ်သော သားတို့၌ ချစ်ခင်ခြင်းအားကြီးသည်ဟု ဆိုပြီးလျက် ဤယခုအခါ၌ ငါ့အား တစ်စုံတစ်ခုသော ဝတ္ထုအာရုံ၌ ခုံမင် နှစ်သက် စုံမက်ခြင်း မရှိပြီဟု ဆိုလေသည်”ဟု မြတ်စွာဘုရားရှင်အား ကြားလျှောက်ကြကုန်၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤသောဒရေယျမထေရ်သည် မဟုတ်မမှန်သောစကားကို ပြောကြားလေဘိသည်။ အရဟတ္တဖိုလ်ကို ပြောဆို လေဘိသည်ဟု လျှောက်ကြားကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က “ချစ်သားရဟန်းတို့....ငါ၏သားတော်သည် အရဟတ္တဖိုလ်ကို ဖြေကြားပြောဆို သည်မဟုတ်၊ ကောင်းစွာ ဆောက်တည်အပ်သော စိတ်ဖြင့် မဂ်ကို မြင်အပ်သော ကာလမှစ၍ တစ်စုံတစ်ခုသော ဝတ္ထုအာရုံတို့၌ ခုံမင်နှစ်သက် စုံမက်မြတ်နိုးခြင်း မရှိသည် ဖြစ်ပေ၏။ ဤမဂ်ဖိုလ်တည်းဟူသော စည်းစိမ်ချမ်းသာကို အမိသည် လည်း ပြုပြင်၍ပေးခြင်းငှာ မစွမ်းနိုင်။ အဖသည်လည်း ပြုပြင်၍ပေးခြင်းငှာ မစွမ်းနိုင်။ ထိုမဂ်ဖိုလ်တည်းဟူသော စည်းစိမ်ချမ်းသာကို ဤသတ္တဝါတို့၏ ကိုယ်တွင်းသန္တာန်၌ ကောင်းစွာ ဖြစ်စေအပ်သော စိတ်သည်သာလျှင် ပေးလေ သတည်း”ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၄၃။ န တံ မာတာ ပိတာ ကယိရာ၊ အညေဝါပိ စ ဉာတကာ။
သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။

ထိုလူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို မိခင်သည် ပြုပြင်စီရင်၍ မပေးနိုင်ရာ၊ ဖခင်သည် ပြုပြင်စီရင်၍ မပေးနိုင်ရာ။ မိခင်ဖခင်မှ တစ်ပါးကုန်သော ဆွေမျိုးပေါက်ဖော် တော်စပ်သော သူတို့သည်လည်း ပြုပြင်စီရင်၍ မပေးနိုင်ကုန်ရာ၊ ကောင်းစွာ ဆောက်တည်အပ်သော ကုသိုလ်စိတ်သည် ထိုမိဘဆွေမျိုးထက် ထိုပုဂ္ဂိုလ်ကို တစ်ဆင့်တစ်ဆင့် မြင့်မြတ်လေအောင် ပြုရာ၏။

ထိုဂါထာ၌–နတံ=ဟူသည် ထိုအကြောင်းကို အမိ၊ အဖနှင့် အခြားသော ဆွေမျိုးတို့သည်မပြုလုပ်နိုင်ဟူလို။

သမ္မာ ပဏိဟိတံ=ဟူသည် ကုသလကမ္မပထတရား ဆယ်ပါးတို့၌ ကောင်းစွာ ထားအပ်သော ဟူလို။

သေယျသော နံ တတော ကရေ=ဟူသည် ထိုအကြောင်းထက် ထိုပုဂ္ဂိုလ်ကို အလွန်မြတ်ခြင်းကို ပြုတတ်၏ဟု အနက်ပေး။

မှန်၏၊မိဘတို့သည် သားသမီးတို့အား ဥစ္စာပေးကုန်သည်ရှိသော် ဤထစ်ဘဝ၌သာလျှင် အလုပ်မလုပ်ဘဲချမ်းသာစွာ အသက်မွေးနိုင်လောက်သော ဥစ္စာကို ပေးနိုင်ကုန်၏။ ဝိသာခါ၏ မိဘတို့သည်လည်း ရှေးဦးစွာ ဥစ္စာ များစွာရှိကုန်၏။ ဂည်းစိမ်များစွာ ရှိကုန်၏။ ထိုဝိသာခါ၏ ဤခန္ဓာကိုယ် အဖြစ်၌ပင်လျှင် ချမ်းသာစွာ အသက်မွေးနိုင်လောက်သော ဥစ္စာကို ပေးနိုင်ကုန်၏။ လေးကျွန်းလုံးတို့၌ စကြဝတေးမင်း စည်းစိမ်ကို သားသမီးတို့အား ပေးနိုင်ကုန်သော မိဘတို့မည်သည်မရှိ၊ နတ်ပြည်၌ နတ်စည်းစိမ်ကို လည်းကောင်း ပဌမစျာန်စသည်နှင့် ပြည့်စုံခြင်းကို လည်းကောင်း၊ လောကုတ္တရာစည်းစိမ်ကို လည်းကောင်း ပေးရာ၌ ဆိုဖွယ်ရာ မရှိနိုင်၊ စိတ်ကောင်းထားခြင်းသည်ကား အလုံးစုံသော ဤစည်းစိမ်ကိုပေးနိုင်သောကြောင့် "သေယျသော နံ တတော ကရေ"ဟု ဟောတော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။ ဒေသနာသည်လူအပေါင်းအား အကျိုးရှိ၏။

ကိုးခုမြောက် သောရေယျ သေဋ္ဌေးသားဝတ္ထုပြီး၏။

သုံးခုမြောက် စိတ္တဝဂ်အဖွင့်ပြီး၏။

၄—ပုပ္ဖဝဂ်

၁—မြေကြီးအကြောင်း ပြောဆိုသော ရဟန်းငါးရာတို့ ဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

ကော ဣမံ ပထဝိံ ဝိစေဿတိ–အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် မြေ၏ လက္ခဏာကောင်း မကောင်း ပြန်ပြောင်းအထွေထွေ မြေစကားကို ပြောကြား ဖွဲ့ရှည်ကုန်သော ငါးရာကုန်သော ရဟန်းတို့ကို အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူ၏။

ထို ရဟန်းငါးရာတို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့် အတူတကွ ဇနပုဒ်ဒေသစာရီကို လှည့်လည်ပြီးသော် ဇေတဝန်ကျောင်းတော်သို့ ရောက်လာ ခဲ့၍ ညချမ်းအခါဝယ် စည်းဝေးခစားရာ ဇရပ်၌ ထိုင်နေ စည်းဝေးကုန်လျက် မိမိတို့သည် ရောက်ရာရောက်ရာ အရပ်တို့၌ "ဤအမည်ရှိသော ရွာမှ ဤအမည် ရှိသောရွာသို့ သွားသော လမ်းခရီးဌာန၌ ညီညွတ်၏။ မညီညွတ် ရွှံ့နွံပေါ်များ ၏၊ကျောက်စရစ် ကျောက်ပြုတ်ပေါ်များ၏၊ မည်းနက်သောမြေစိုင်ရှိ၏၊ မြေနီ မြေစိုင်ရှိ၏" ဟု မြေစကားကို ပြောကြား၍ နေကြကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ကြွတော်မူလာ၍ "ချစ်သားရဟန်းတို့....ယခု ငါဘုရား ကြွတော်မူလာဆဲသော ဤအခါ၌ အဘယ်သို့သောစကားဖြင့် ပြောကြား စည်းဝေးကြကုန်သနည်း" ဟု မေးတော်မူ၍ "ဘုန်းတော်ကြီးမြတ်တော် မူလှပေသော မြတ်စွာဘုရား တပည့်တော်တို့သည် လှည့်လည်၍ လာကြသော နေရာဌာနတို့၌ မြေနှင့်စပ်လျဉ်းသော စကားဖြင့် ပြောကြား စည်းဝေး၍နေပါ ကုန်သည်"ဟု လျှောက်ကုန်သည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ဤမြေသည်အပဖြစ်သော မြေကြီးမည်ပေ၏။ အသင်တို့သည် ဘတွင်း အဇ္ဈတ္တသန္တာန်၌ဖြစ်သော မြေကြီး၌ ပရိကံကိုပြုခြင်းငှာ သင့်လျော် လျောက်ပတ်အပ်၏ဟု မိန့်တော်မူပြီး၍ ဤနှစ်ဂါထာကို ဟောတော်မူ၏—

၄၄။ ကော ဣမံပထဝိံ ဝိစေဿတိ၊ ယမလောကဉ္စ ဣမံ သဒေဝကံ။
ကော ဓမ္မပဒံ သုဒေသိတံ၊ ကုသလော ပုပ္ဖမိဝ ပစေဿတိ။

၄၅။ သေခေါ ပထဝိံ ဝိစေဿတိ၊ ယမလောကဉ္စ ဣမံ သဒေဝကံ။
သေခေါ ဓမ္မပဒံ သုဒေသိတံ၊ ကုသလော ပုပ္ဖမိဝ ပစေဿတိ။

အဘယ်သူသည် ဤအတ္တဘောတည်းဟူသော မြေကြီးကို ဝေဖန်ရွေးချယ်နိုင်လတ္တံ့နည်း။ အပါယ်ဘုံကိုလည်းကောင်း နတ်ပြဟ္မာဘုံနှင့် တကွသော ဤလူ့ဘုံကိုလည်းကောင်း အဘယ်သူသည် ဝေဖန်ရွေးချယ်နိုင်လတ္တံ့နည်း။ အကြောင်းအရာ လိမ္မာသော ပန်းသည်သည် ပန်းအများကို မကောင်းကိုပယ် ကောင်းရာသယ်လျက် ရွေးချယ်ဘိသကဲ့သို့ ကောင်းစွာ ဟောကြားတော်မူအပ်သောတရားအစုကို အဘယ်သူသည် ရွေးချယ်နိုင်ပါအံ့နည်း။

သောတာပန်စသော သေခပုဂ္ဂိုလ် ခုနှစ်ယောက်သည် ဤအတ္တဘောတည်းဟူသော မြေကြီးကို မိမိ၏ ပညာဉာဏ်ဖြင့် ဝေဖန်ရွေးချယ်လတ္တံ့။ အပါယ်ဘုံကိုလည်းကောင်း နယ်ပြဟ္မာဘုံနှင့် တကွသော ဤလူ့ဘုံကိုလည်းကောင်း မိမိ၏ ဉာဏ်ဖြင့် ဝေဖန်ရွေးချယ်နိုင်လတ္တံ့။ အကြောင်းအရာလိမ္မာသော ပန်းသည်သည် ပန်းအများကို မကောင်းကိုပယ် ကောင်းကိုသယ်လျက် ရွေးချယ်ဘိသကဲ့သို့ ကောင်းစွာ ဟောကြားတော်မူအပ်သော တရားအစုကို သေခ ပုဂ္ဂိုလ်သည် ရွေးချယ်နိုင်လတ္တံ့။

ထိုဂါထာတို့၌ **ကော ဣမံ**=ဟူသည် အဘယ်သူသည် အတ္တဘောဟု ဆိုအပ်သော ဤမြေကြီးကို ဟူလို။

ဝိစေဿတိ=ဟူသည် မိမိဉာဏ်ဖြင့် ထိုးထွင်း၍ သိလတ္တံ့၊ မျက်မှောက်ပြုလတ္တံ့နည်းဟု အနက်ပေးရမည် ဟူလို။

ယမလောကဉ္စ=ဟူသည် အပါယ်လေးဘုံကိုလည်းကောင်း ဟူလို။

ဣမံ သဒေဝကံ=ဟူသည် နတ်ပြည်ခြောက်ထပ်နှင့်တကွ လူ့ပြည်လောကကို အဘယ်သူသည် ထိုးထွင်း၍ သိလတ္တံ့၊ မျက်မှောက်ပြုလတ္တံ့နည်းဟု မေး၏ဟူလို။

ကော ဓမ္မပဒံ သုဒေသိတံ=ဟူသည် အရှိကို အရှိတိုင်း ဟောအပ်သည်၏ အဖြစ်ကြောင့် ၃၇-ပါးသော ဗောဓိပက္ခိယဟုဆိုအပ်သော တရားအဖို့အစုကို လိမ္မာကျွမ်းကျင်သော ပန်းသည်သည် ပန်းပွင့်ကို ရွေးချယ်ဓိစစ်သကဲ့သို့ အဘယ်သူသည် ရွေးချယ်စိစစ်၍ သိလတ္တံ့၊ ဆင်ခြင်လတ္တံ့၊ ထိုးထွင်း၍ သိလတ္တံ့၊ မျက်မှောက်ပြုလတ္တံ့နည်းဟု အနက်ပေးရမည် ဟူလို။

သေခ=ဟူသည် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာ ၃-ပါးတို့ကို ဆိုအပ်ပြီးသော အပြားအားဖြင့် ကျင့်ခြင်းကြောင့် သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်မှ စ၍ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တိုင်အောင် ၇-ပါး အပြားရှိသော ပုဂ္ဂိုလ်သည် ဓသခမည်၏။ အတ္တဘောဟု ဆိုအပ်သော ဤမြေကြီးကို အရဟတ္တမဂ်ဖြင့် စိစစ်ခြင်းကို ပြုအပ်၏။ ဆန္ဒရာဂကို ဆွဲငင်ထုတ်မြီးသော် စိစစ်လတ္တံ့၊ သိလတ္တံ့၊ ထိုးထွင်းလတ္တံ့၊ မျက်မှောက်ပြုလတ္တံ့ ဟူလို။

ယမကလောကဥ္စ=ဟူသည် ဆိုခဲ့ပြီးသော အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ဘုံကို ထိုသူသည်လျှင် စိစစ်၍သိလတ္တံ့၊ ထိုးထွင်းလတ္တံ့၊ မျက်မှောက်ပြုလတ္တံ့ ဟူလို။

သေခ=ဟူသည် သေက္ခပုဂ္ဂိုလ်၇-ယောက်သည်လျှင် လိမ္မာသော ပန်းသည်သည် ပန်းဥယျာဉ်သို့ဝင်၍ ပွင့်စဖြစ်သော ပန်းတို့ကိုလည်းကောင်း၊ ပိုးငှက်တို့သည် ဆိပ်ဆွအပ်ကုန်သော ပန်းတို့ကိုလည်းကောင်း၊ ညှိုးနွမ်းကုန်သော ပန်းတို့ကိုလည်းကောင်း၊ အတွန့်အလိပ် အဖုအဆစ် များကုန်သော ပန်းတို့ကိုလည်းကောင်း၊ မဆွတ်ဘဲထား၍ အလွန်ကောင်းစွာ ပွင့်သည်သာလျှင် ဖြစ်ကုန်သော ပန်းတို့ကို ဆွတ်ယူဘိသကဲ့သို့ ဤအတူလျှင် ကောင်းစွာ ဆိုအပ်သော လွန်စွာ ညွှန်ပြခြင်းရှိသော ဗောဓိပက္ခိယ ဟူသော တရားအပေါင်းကိုလည်း ပညာဖြင့် သိလတ္တံ့၊ စူးစမ်းဆင်ခြင်လတ္တံ့၊ ထိုးထွင်းလတ္တံ့၊ မျက်မှောက်ပြုလတ္တံ့ဟု ဘုရားရှင် ကိုယ်တော်တိုင်သာလျှင် အမေးပုစ္ဆာကို ဖြေတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ ရဟန်းငါးရာတို့သည် ပဋိသမ္ဘိဒါနှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားဟောခြင်းဖြစ်၏။

ရှေးဦးစွာ မြေကြီးအကြောင်း ပြောဆိုမသော

ရဟန်းငါးရာတို့ဝတ္ထု

ပြီး၏။

၂– တံလျှပ်ကမ္မဋ္ဌာန်းကိုရှုသော မထေရ်ဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

ဖေဏူပမံ–အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် အမျိုးအမည်အားဖြင့် မထင်ရှားသော တံလျှပ်ကို ကမ္မဋ္ဌာန်းရှုခြင်းရှိသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုအညတရ ရဟန်းသည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံတော်၌ ကမ္မဋ္ဌာန်းကိုယူ၍ "ရဟန်းတရားကို အားထုတ်၍ ပြုပေအံ့"ဟု တောသို့ ဝင်ပြီးသော် စေ့ဆော် လုံ့လဖြင့် အားထုတ် ပါသော်လည်း အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ မစွမ်းနိုင်သောကြောင့် "အထူးပြု၍ ကမ္မဋ္ဌာန်းကို ဟောတော်မူစေဦးအံ့"ဟု ကြံပြီးလျှင် မြတ်စွာဘုရားကိုယ်တော်မြတ်၏ အထံသို့ လာခဲ့သည်ရှိသော် ယာမ်းခရီးအကြား၌ တံလျှပ်ကိုမြင်၍ "အကြင်သို့သော

၂၉၁၂၃

အခြင်းအရာဖြင့် ဤတံလျှပ်သည် နွေဥတုအခါ၌ ဖြစ်ပေါ်လာ၏။ တံလျှပ်သည် အဝေး၌ တည်ကုန်သော သူတို့အား ရောက်လာသော အဆင်းသဏ္ဌာန်ကဲ့သို့ ထင်၏။ အနီးသို့ ရောက်လာကုန်သော သူတို့အား မထင်။ ဤခန္ဓာကိုယ် အတ္တဘောသည်လည်း ဖြစ်တတ် ပျက်တတ်သော အနက်သဘောကြောင့် ဤ တံလျှပ်နှင့်တူသော သဘောရှိပေ၏”ဟု တလျှပ်ကမ္မဋ္ဌာန်းကို ပွားများလျက် လာခဲ့သည်ရှိသော် ခရီးသွားစဉ် ပင်ပန်းသည်ဖြစ်သောကြောင့် အစိရဝတီမြစ်၌ ခရချိုး၍ အဟုန်ပြင်းစွာ စီးလာသော အလျဉ်ရှိသော တစ်ခုသောမြစ်ကမ်းနား သစ်ပင်၌ ထိုင်နေပြီးသော် ရေအဟုန်သည် တိုက်ခတ်အပ်သဖြင့် တက်ဆူ ပွက်ကုန်သော အလွန်ကြီးကုန်သော ရေမြှုပ်စိုင်တို့သည် တက်ဆူ ပွက်ထပြီး ပျက်စီးသည်တို့ကို မြင်၍ “ဤခန္ဓာကိုယ် အတ္တဘောသည်လည်း ဖြစ်ပြီး၍ ပျက်တတ်သော သဘောရှိသောကြောင့် ရေမြှုပ်စိုင်နှင့်တူသော သဘော ရှိသည်သာလျှင်တည်း”ဟူသော အာရုံကို ယူ၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံးတော်မူလျက်သာလျှင် ထိုမထေရ်ကို မြင်တော်မူ၍ ချစ်သားရဟန်း ဤအတူသာလျှင် ဤသို့ သဘောရှိသော ခန္ဓာကိုယ်အတ္တဘောသည် ရေမြှုပ်စိုင်ကဲ့သို့ လည်းကောင်း၊ တံလျှပ်ကဲ့သို့လည်းကောင်း ဖြစ်ပြီးသည်ရှိသော် ပျက်တတ်သော သဘော ရှိသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၄၆။ ဖေဏူပမံ ကာယမိမံ ဝိဒိတွာ၊ မရီစိဓမ္မံအဘိသမ္ဗုဓာနော
ဆေတွာန မာရဿ ပပုပ္ဖကာနိ၊ အဒဿနံမစ္စုရာဇဿ ဂစ္ဆေ။

ဤခန္ဓာကိုယ် အတ္တဘောကို ရေမြှုပ်ပမာ ပျက်တတ်သည်ဟု သိ၍ တံလျှပ် အတူ ယူ၍မရ အထင်မျှသာဖြစ်၏ဟု ကောင်းစွာ သိသည်ဖြစ်၍ မာရ်မင်း၏ ပန်းမာလ်နှင့်တကွ ဖြစ်သည်ဟု ဆိုအပ်ကုန်သော တေဘူမက ဝဋ္ဋဒုက္ခတို့ကို ပယ်ချဖြတ်တောက်၍ ရှင်သေမင်း၏ မမြင်ရာမှန် နိဗ္ဗာန်အောင်မြို့သို့ ရောက်ပေရာ၏။

ထိုဂါထာ၌ ဖေဏူပမံ=ဟူသည် ဆံပင် အစရှိသော အပေါင်းဟု ဆိုအပ်သော ဤခန္ဓာကိုယ်သည် အားနည်းသောကြောင့် ခွန်အားမရှိသော တစ်ခဏမျှ တည်ခြင်းသဘောကြောင့် အရှည်မခံ ရေမြှုပ်စိုင်နှင့်တူ၏။ ဤသို့သိ၏ ဟူလို။

မရီစိဓမ္မံ=ဟူသည် တံလျှပ်သည် အဝေးနေသူတို့အား ရုပ်ရုံကဲ့သို့ အာရုံ ယူလောက်သကဲ့သို့ ဖြစ်၏။ အနီး ရောက်လာသူတို့အား အချည်းနှီး ဖြစ်၍

အာချက်ကို ယူမရသကဲ့သို့ ဖြစ်၏။ ဤအတူ ခဏနှင့်စပ်သဖြင့် တိုသည်ဖြစ်၍ ထင်သော သဘောကြောင့် ဤခန္ဓာကိုယ်သည်လည်း တံလျှပ်နှင့် တူသော သဘောရှိသည်ဟူ၍ သိသည်ဖြစ်၍ အနက်ပေးပါဟူလို။

မာရဿ ပပုပ္ဖကာနိ=ဟူသည် ကိလေသာမာရ်၏ ပန်းပွင့်ဟု ဆိုအပ်ကုန်သော တေဘုမ္မကဝဋ်တို့ကို အရဟတ္တမဂ်ဖြင့် ဖြတ်၍ ရဟန္တာဖြစ်သော ရဟန်းသည် သေမင်း၏ မမြင်ရာ၊သေခြင်းမရှိရာ မြတ်နိဗ္ဗာန်သို့ ရောက်ရာ၏ဟု အနက်ပေးပါဟူလို။

ဂါထာအဆုံး၌ မရီစိကမ္မဋ္ဌာနမထေရ်သည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်၍ မြတ်စွာဘုရား၏ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ကိုယ်ကို ချီးမွမ်း၍ ရှိခိုးလျက် မိမိနေရာကျောင်းသို့ ပြန်လာ၏။

လေးခုမြောက် တံလျှပ်ကမ္မဋ္ဌာန်းကို ရှုသော မထေရ်ဝတ္ထုပြီး၏။

၃–ဝိဋ္ဋချုံဘမင်းသားဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

ပုပ္ဖါနိ ဟေဝ ပစိနန္တံ–အစရှိသော ဤတရားဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် ပရိသတ်အခြံအရံနှင့်တကွ ကြီးစွာသော ရေအဟုန်ဖြင့် သုန်သုန်ကျဖို့ လွှမ်းမိုးနစ်မွန်း၍ သေလေသော ဝိဋ္ဋချုံဘမင်းသားကိုအကြောင်းပြု၍ ဟောကြားတော်မူပေ၏။

မင်းသားကြီး သုံးယောက်

သာဝတ္ထိပြည်၌ မဟာကောသလမင်းကြီး၏ သားတော်သည် ပသေနဒီမင်းသားအမည်ရှိ၏၊ ဝေသာလီပြည်၌ လိစ္ဆဝီမင်း၏သားတော် လိစ္ဆဝီမင်းသားသည် မဟာလိ မည်၏။ ကုသိနာရုံပြည် မလ္လာမင်း၏သားတော်သည် ဗန္ဓုလ မည်၏။ ဤမင်းသားသုံးယောက်တို့သည် ဒိသာပါမောက္ခဆရာ၏ အထံ၌ အတတ်ကိုသင်ယူခြင်းငှာ တက္ကသိုလ်တိုင်းပြည်သို့ သွားကြ၍ မြို့ပြင်ဇရပ်၌ ကောင်းစွာ ပေါင်းဆုံမိသော် အချင်းချင်းအား လာရောက်ကြောင်းကိုလည်းကောင်း၊ အမျိုးကိုလည်းကောင်း၊ အမည်ကိုလည်းကောင်း မေးမြန်းပြီးသော် အဖော်အဆွေခင်ပွန်းဖြစ်ကြ၍ တပေါတည်းသွားလျှင် ဆရာသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် အတတ်ဘိုကို သင်ယူကုန်သည်ရှိသော် မကြာမြင့်မီ ပင်လျှင် သင်ယူအပ်သော အတတ်ပညာတို့သည် အပြီးသို့ရောက်လေကုန်၏။

ထိုမင်းသားသုံးယောက်တို့သည် ဆရာ၏ အဖိုးကို ပေး၍ ဆရာကို ပန်ကြား ခွင့်တောင်းပြီးသော် တစ်ပေါင်းတည်းသာလျှင် ထွက်ခဲ့၍ မိမိတို့အရပ်ဒေသန တိုင်းပြည်သို့ ပြန်သွားကြကုန်၏။ ထိုမင်းသားသုံးယောက်တို့တွင် ပသေနဒီ မင်းသားသည် ခမည်းတော် မင်းကြီးအား အတတ်ကိုပြသည်ရှိသော် ကြည်ညို စုံမက် နှစ်သက်ခြင်းရှိသဖြင့် ခမည်းတော်မင်းကြီးက မင်းအဖြစ်ဖြင့် အဘိသိက် သွင်းတော်မူ၏။

မဟာလိမင်းသားသည် လိစ္ဆဝီမင်းတို့အား အတတ်ပညာကို ပြသည် ရှိသော် ကြီးကျယ်စွာသော လုံ့လဖြင့်ပြ၏။ ထို့ကြောင့် မဟာလိ မင်းသားအား မျက်စိတို့သည် ကွဲပျက်ခြင်းသို့ ရောက်ကုန်။ လိစ္ဆဝီမင်း တို့သည် "ဆရာသည် ဩဝါဒအံ့ဖွယ်ရှိလေစွတကား၊ မျက်စိ၏ပျက်စီးခြင်းသို့ ရောက်ခဲ့ချေပြီတကား။ ထိုသို့မျက်စိပျက်စီးခြင်းသို့ ရောက်သော်လည်း ဆရာကို ငါတို့မစွန့်ကုန်အံ့။ လုပ်ကျွေးပြုစုကုန်အံ့" ဟု တိုင်ပင်စည်းဝေးပြောဆို၍ အခွန် တစ်သိန်းထွက်သော တံခါးတစ်ခုကို ပေးကြကုန်၏။ မဟာလိမင်းသားသည် ထိုတံခါးကိုအမှီပြု၍ လိစ္ဆဝီမင်းသားငါးရာတို့ကို အတတ်ပညာကို သင်စေလျက် နေ၏။

ဗန္ဓုလမင်းသားသည် အတောင်ခြောက်ဆယ် အတောင်ခြောက်ဆယ်စီရှိ သော ဝါးကိုယူ၍ အလယ်၌ သံတိုင်သံချောင်းကို ထည့်သွင်းပြီး ဝါးစည်း ခြောက်ဆယ်တို့ကို စိုက်ထောင်စေ၍ ထားအပ်ကုန်ပြီး မလ္လာမင်းတို့က "ဤဝါးစည်းတို့ကို ဖြတ်ခြင်းကို ပြုစေသတည်း" ဟု ဆိုသည်ရှိသော် အတောင် ရှစ်ဆယ်မျှလောက် ကောင်းကင်သို့ ခုန်တက်၍ သန်လျက်ဖြင့်ပိုင်းဖြတ်၍သွား လေ၏၊ ထိုဗန္ဓုလမင်းသားသည် အဆုံးဖြစ်သောဝါးစည်း၌ သံတိုင်-သံချောင်း ၏ "ကျစ်ကျစ်-ချင်ချင်" ဟူသော အသံကိုကြား၍ "ဤအသံသည်ကား အဘယ် အသံနည်း" ဟုမေးသော်အလုံးစုံကုန်သောဝါးစည်းတို့၌ သံတိုင်သံချောင်းတို့၏ ထည့်သွင်း၍ထားအပ်သည်၏ အဖြစ်ကို ကြားသိ၍ သံလျက်ကိုစွန့်ပစ်ပြီးလျှင် ငိုကြွေးလျက် "ငါ့အား ဤမျှလောက် အတိုင်းအရှည်ရှိကုန်သော ဆွေမျိုးတို့၏ အလယ်၌ တစ်ယောက်သော သူမျှသည်လည်း ချစ်ခင်နှစ်သက်စုံမက်ခြင်းရှိသည် ဖြစ်၍ ဤကဲ့သို့သော အကြောင်းကို မပြောကြားပေ၊ အကယ်၍ ငါသည် သိသည်ဖြစ်အံ့၊ သံတိုင်-သံချောင်း၏အသံကို မထွက်မကြားစေဘဲ ဖြတ်ပိုင်း ရာ၏" ဟု ဆို၍ ငါသည် "အလုံးစုံကုန်သော သူတို့ကို သတ်၍ မင်းအဖြစ်ကို ပြုအံ့" ဟုမိခင်ဖခင်တို့အား ပြောကြား၏။ ထိုမိခင်ဖခင်တို့က "ချစ်သား ဤ မင်းစဉ် မင်းဆက်မည်သည်ကို ဤသို့ပြုခြင်းငှာ မရအပ်" ဟု အထူးထူးသော အခြင်းအရာဖြင့် တားမြစ်အပ်သည်ရှိသော် "ထိုသို့ဖြစ်လျှင် ငါ၏အဖော်အဆွေ ခင်ပွန်းဖြစ်သော ပသေနဒီမင်းသား၏ အထံသို့ သွားတော့အံ့" ဟုပြောဆို၍

သာဝတ္ထိပြည်သို့ သွားလေ၏။ ပသေနဒီ ကောသလမင်းသည်လည်း ထိုဗန္ဓုလ မင်းသား၏ လာကြောင်းကို ကြားသိ၍ ခရီးဦးကြိုဆိုပြီးသော် ကြီးကျယ်စွာသော ပူဇော်သက္ကာရဖြင့် ထိုဗန္ဓုလမင်းသားကိုမြို့တွင်းသို့ သွင်းခေါ်ဆောင်ယူပြီးစစ်သူကြီး၏ အရာ၌ထားပေ၏။ ထိုဗန္ဓုလ စစ်သူကြီးသည် မိခင်ဖခင်တို့ကို ခေါ်စေ၍ သာဝတ္ထိပြည်၌သာလျှင် နေခြင်းကိုပြု၏။

သံဃာတော်တစ်ထောင် ဆွမ်းလုပ်ကျွေးခြင်း

ထိုနောက်တစ်နေ့သ၌ ပသေနဒီကောသလ မင်းကြီးသည် ပြာသာဒ်၏ အထက်၌ ရပ်တည်လျက် ခရီးမကို ကြည့်ရှုသည်ရှိသော် "မဟာအနာထပိဏ် သေဋ္ဌေး၏လည်းကောင်း၊ စူဠအနာထပိဏ် သေဋ္ဌေး၏လည်းကောင်း၊ ဝိသာခါ ဒါယိကာမ၏လည်းကောင်း၊ သုပ္ပဝါသာ၏လည်းကောင်း" ထိုသူတို့၏ အိမ်သို့ အမြဲနိစ္စဘတ် မပြတ်ဆွမ်းစားခြင်းငှာ ကြွသွားတော် မူကြကုန်သော အထောင်မကများစွာကုန်သော ရဟန်းတော် အရှင်မြတ်တို့ကိုမြင်၍ "အရှင်တို့သည် အဘယ်အရပ်သို့ ကြွတော်မူကြကုန်သနည်း"ဟု မေးတော်မူလျှင် အရှင်မင်း မြတ်အနာထပိဏ်သေဋ္ဌေး၏အိမ်၌ အမြဲမပြတ် နိစ္စဘတ်၊ သလာကဘတ်၊ ဂိလာနဘတ်စသည်တို့၏ အလို့ငှာ နေ့တိုင်းနေ့တိုင်း နှစ်ထောင်မျှလောက်ကုန်သော ရဟန်းတို့သည် ကြွသွားတော်မူကုန်၏။ စူဠအနာထပိဏ် သေဋ္ဌေးအိမ်၌ ရဟန်း ငါးရာ၊ ထို့အတူ ဝိသာခါဒါယိကာမ၏ အိမ်၌လည်းကောင်း၊ သုပ္ပဝါသာ၏ အိမ်၌လည်းကောင်း ငါးရာ ငါးရာကုန်သော ရဟန်းတို့ကို အမြဲမပြတ် နိစ္စဘတ်စသည်တို့ဖြင့် ပြုစုလုပ်ကျွေး အပ်ကုန်သည် ဖြစ်သောကြောင့် ကြွသွားတော်မူကြပါကုန်သည်ဟု လျှောက်တင်ကုန်သည်ရှိသော် မိမိသည်လည်း ရဟန်းသံဃာတော်အပေါင်းကို လုပ်ကျွေးပြုစုခြင်းငှာ အလိုရှိသည်ဖြစ်၍ ကျောင်းတော်သို့ သွားရောက်ပြီးလျှင် ရဟန်းတစ်ထောင်နှင့်တကွ မြတ်စွာဘုရားကို ပင့်ဖိတ်၍မိမိ၏လက်ဖြင့် ခုနှစ်ရက်တို့ပတ်လုံး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်အား အလှူကြီးကိုပေးလှူပြီး ခုရက်မြောက်သောနေ့၌ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် "ဘုန်းတော်ကြီးတော်မူလှပေသော မြတ်စွာဘုရား ရဟန်းငါးရာတို့နှင့် အတူတကွအမြဲမပြတ် ဒကာတော်၏ ဆွမ်းကို အလှူခံယူ၍ သုံးဆောင်တော်မူပါကုန်လော့"ဟု လျှောက်ကြား၏။ "ဒါယကာမင်းမြတ် ဘုရားတို့ မည်သည်ကား တစ်ခုသောအရပ်၌ အမြဲမပြတ်ဆွမ်းကို မခံယူကုန်။ လူများစွာတို့သည် ဘုရားရှင်တို့၏ ကြွလာတော်မူခြင်းကို တောင်းတကုန်၏"ဟု မိန့်တော်မူသော် "ထိုသို့ဖြစ်လျှင်ရဟန်းတစ်ပါးကို အမြဲစေလွှတ်တော် မူပါကုန်လော့"ဟု လျှောက်ထား၏၊ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာ မထေရ်၏ ဝန်ကိုပြုတော်မူ၏။ မင်းသည် ရဟန်းသံဃာတော်သည် ကြွလာကုန်သည်ရှိသော် သပိတ်ကိုယူ၍ "ဤအမည်ရှိကုန်သော သူတို့သည် လုပ်ကျွေးပြုစုစေကုန်သတည်း"ဟုမစိစစ်မစီရင်

မူ၍ ခုနစ်ရက်ပတ်လုံး မိမိကိုယ်တော် တိုင်သာလျှင် လုပ်ကျွေးပြီး ရှစ်ရက်မြောက်သောနေ့၌ ပျံ့လွင့်သော စိတ်အကြံအစည်ရှိသည်ဖြစ်၍ မေ့လျော့ခြင်းကိုပြုလေ၏။

မင်း အိမ်နန်းတော်မည်သည်ကား မစေခိုင်းအပ်သည်ရှိသော် နေရာတို့ကိုခင်းစေ၍ ရဟန်းတို့ကို ထိုင်နေ သီတင်းသုံးစေပြီးလျှင် လုပ်ကျွေးပြုစုခြင်းငှာ မရကုန်။ ရဟန်းတို့သည် "ငါတို့ကား ဤအရပ်၌ တည်နေခြင်းငှာ မစွမ်းနိုင်ကုန်" ဟုများစွာကုန်သော ရဟန်းတို့သည် ဖဲကြကုန်၏။ မင်းကြီးသည် နှစ်ရက်မြောက်သော နေ့၌လည်း မေ့လျော့၏၊ များစွာကုန်သော ရဟန်းတို့သည် ဖဲကြကုန်၏၊ သုံးရက်မြောက်သောနေ့၌လည်း မေ့လျော့လေ၏၊ ထိုသုံးရက်မြောက်အခါ၌မူကား အာနန္ဒာမထေရ် တစ်ပါးတည်းကိုထား၍ ကြွင်းကုန်သော ရဟန်းတို့သည် ဖဲကြကုန်၏။ ပြုအပ်ပြီးသော ကောင်းမှုရှိကုန်သော ပုဂ္ဂိုလ်တို့မည်သည်ကား အကြောင်းကို ယောက်ညာသဖြင့် နေခြင်းရှိကုန်၏၊ ဒါယကာတို့သဒ္ဓါကြည်ညိုခြင်းကို စောင့်ရှောက်ကုန်၏၊ မြတ်စွာဘုရား ကိုယ်တော်မြတ်အား သာရိပုတ္တရာ မထေရ် မောဂ္ဂလာန်မထေရ် ဟူကုန်သော နှစ်ပါး ကုန်သော အဂ္ဂသာဝကတို့သည် လည်းကောင်း၊ ရဟန်းမိန်းမ တို့တွင် ခေမာ၊ ဥပ္ပလဝဏ် ဟူကုန်သော တပည့်အဂ္ဂသာဝိကာမ နှစ်ပါးတို့သည် လည်းကောင်း၊ ဒါယကာယောကျ်ားတို့တွင် စိတ္တသူကြွယ်၊ ဟတ္ထာဠဝက ဟူကုန်သော ဥပါသကာနှစ်ယောက်တို့သည်လည်းကောင်း၊ ဥပါသိကာမတို့တွင် ဝေဠုကဏ္ဍကီရွာ၌နေသော နန္ဒမာတာနှင့် ခုဇ္ဇုတ္တရာ မြတ်သော ဥပါသိကာမ နှစ်ယောက် တို့သည် လည်းကောင်း ဤသို့ပြုအပ်ပြီးသော ဤရှစ်ယောက်ကုန်သော သူတို့ကိုအစပြု၍ ရာထူးသို့ ရောက်တော်မူကုန်သော အလုံးစုံကုန်သော တပည့်သာဝကတို့သည် တစိတ်အားနှင့် ပါရမီဆယ်ပါးတို့ကို ဖြည့်ဆည်းပူးအပ် ကုန်သည် ဖြစ်ကြသောကြောင့် ကြီးသော ဘုန်းကံရှိကုန်၏၊ ဆုတောင်းနှင့် ပြည့်စုံကုန်၏။ အာနန္ဒာမထေရ် သည်လည်း ကမ္ဘာကစ်သိန်း ကာလပတ်လုံး ဖြည့်ဆည်းပူးအပ်သော ပါရမီရှိသည်ဖြစ်၍ ဆုတောင်းခြင်းနှင့် ပြည့်စုံသောကြောင့် ကြီးသော ဘုန်းကံရှိပေ၏။ အကြောင်းကိုယောက်ညာ၍ မိမိ၏ကရုဏာဖြင့် ဒါယကာတို့၏ သဒ္ဓါတရားကို စောင့်ရှောက်သော အားဖြင့် တည်နေတော်မူ၏။ ထိုအရှင် အာနန္ဒာ တစ်ပါးကိုသာလျှင် ထိုင်နေသီတင်းသုံး စေသည်ဖြစ်၍ လုပ်ကျွေးပြုစုကြကုန်၏။

မင်းကြီးသည် ရဟန်းတို့၏ ကြွသွားတော် မူကြသောအခါ၌ လာ၍ ခဲဖွယ်ဘောဇဉ်တို့သည် ထိုးထားမြဲတိုင်းသော နေရာ၌သာလျှင် တည်နေကုန်သည်တို့ကိုမြင်၍ "အရှင်တို့သည် အဘယ်ကြောင့် မကြွလာတော် မူကြကုန်သနည်း" ဟု မေးလျှောက်မူသော် အရှင်မင်းမြတ် "အာနန္ဒာမထေရ် တစ်ပါးတည်းသာ ကြွလာ

တော်မူပါသည်''ဟု လျှောက်ထားသောစကားကို ကြားသိသော် မချွတ်မှန်လှ ဤမျှအတိုင်းအရှည် ရှိကုန်သော ငါ၏ဥစ္စာတို့၏ ပျက်စီးကုန်ပြတ်ခြင်းကိုပြု လေဘိသည်ဟု ရဟန်းတို့အား အမျက်ထွက်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ သွားရောက်ပြီးလျှင် ''ဘုန်းတော် ကြီးမြတ်တော်မူလှပေသော မြတ်စွာဘုရား ဒကာတော်တို့သည် ရဟန်းငါးရာတို့အား ဆွမ်းကို ပြုပြင်စီရင်၍ ထားပါကုန်သည် အရှင်အာနန္ဒာ မထေရ်တစ်ပါးသည်သာ ကြွလာတော်မူပါသတတ်၊ ပြုပြင်စီရင်၍ ထားအပ်ကုန်သော ဆွမ်းတို့သည် တားမြဲတိုင်းသော ထိုအရပ်၌သာလျှင် တည်၍ ရှိပါကုန်သည်၊ ရဟန်းငါးရာတို့သည် ဒကာတော်၏ နန်းအိမ်တော်၌ ဆွမ်းဘုဉ်းပေးခြင်းငှါအမှတ်ကို မပြုကြပါကုန်၊ အကြောင်းကား အဘယ်သို့ပါနည်း''ဟု မေးလျှောက်၏။

အကျွမ်းမဝင်ရန် အင်္ဂါ ၉-ပါး

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ရဟန်းတို့အား အပြစ်မဆိုမူ၍ ''ဒကာတော်မင်းကြီး ငါ၏ တပည့်သား သာဝကတို့အား အသင်မင်းကြီးတို့နှင့် အတူတကွ အကျွမ်းဝင်ခြင်းမရှိ။ ထိုကြောင့် မကြွလာကုန်သည် ဖြစ်ပေကုန်လတ္တံ့''ဟု မိန့်တော်မူပြီးသော် ဒါယကာတို့သို့ မသွားရောက် မကပ်အပ်သော အကြောင်းကိုလည်းကောင်း၊ သွားရောက်ချဉ်းကပ်အပ်သော အကြောင်းကိုလည်းကောင်း ပြတော်မူလျက် ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင် ဤတရားတော်ကို ဟောကြားတော်မူ၏။

> ''ငါ၏ချစ်သား ရဟန်းများတို့....အင်္ဂါကိုးပါးတို့နှင့် ပြည့်စုံသော ဒါယကာအိမ်သို့ အဖန်တလဲလဲ မသွားမူ၍သာလျှင် ကပ်ခြင်းငှာမသင့်၊ ကပ်ပြီး၍သာလျှင် ထိုင်နေခြင်းငှာ မသင့်၊ ကိုးပါးတို့ဟူသည် အဘယ်သည်တို့နည်း ဟူမူကား—
>
> နှစ်လိုခြင်းဖြင့် ထ၍ ခရီးဦး မကြိုဆိုကုန်။
>
> နှစ်သက်ခြင်းဖြင့် ရှိသေစွာ ရှိမခိုးကုန်။
>
> နှစ်သက်ခြင်းဖြင့် နေရာကို မပေးကုန်။
>
> ထင်ရှားရှိသော ပစ္စည်းဝတ္ထုကို ထိုဒါယကာသည် လျှို့ဝှက် ဖွက်ထားကုန်၏။
>
> အများလှူအပ်သည်ကိုလည်း အနည်းငယ်ပေးလှူကုန်၏၊
>
> မွန်မွန်မြတ်မြတ် လှူအပ်သည်ကိုလည်း ယုတ်ညံ့သည်ကို ပေးလှူကုန်၏။

မရှိမသေ ပေးလှူကုန်၏၊ ရှိသေစွာ မပေးလှူကုန်။

တရားနာခြင်းအကျိုးငှာ ချဉ်းကပ် မထိုင်နေကုန်။

ထိုဒါယကာအား ဟောအပ်သောတရားကို ကောင်းစွာ မနာကုန်။

ပါ၏ချစ်သား ရဟန်းများတို့....စင်စစ် ဤအင်္ဂါကိုးပါးတို့နှင့် ပြည့်စုံသော ဒါယကာအိမ်သို့ အဖန်တလဲလဲ မသွားမူ၍သာလျှင် ကပ်ခြင်းငှာ မသင့်၊ သွားပြီး၍လျှင် ချဉ်းကပ် ထိုင်နေခြင်းငှာ မသင့်၊ မအပ်။

အကျွမ်းဝင်ရန် အင်္ဂါကိုးပါး

ငါ၏ချစ်သား ရဟန်းများတို့... အင်္ဂါကိုးပါးတို့နှင့် ပြည့်စုံသော ဒါယကာအိမ်သို့ အဖန်တလဲလဲ မသွားရောက်မူ၍လည်း ကပ်ခြင်းငှာ သင့်လျော် လျောက်ပတ်၏၊ ကပ်ပြီး၍လည်း ထိုင်နေခြင်းငှာ သင့်လျော် လျောက်ပတ်၏၊ ကိုးပါးတို့သည် အဘယ်သည်တို့နည်းဟူမူကား–

ဝမ်းမြောက်ဝမ်းသာ ခရီဦးကြိုဆိုကုန်၏။

ကြည်ညိုစွာ ရှိခိုးကုန်၏၊

စုံမက်မြတ်နိုးစွာ နေရာကို ပေးကုန်၏။

ထိုဒါယကာအား (ဝါ) ထိုဒါယကာသည် ထင်ရှားရှိသော လှူဖွယ်ပစ္စည်းကို လျှို့ဝှက်၍ မထားကုန်။

များစွာလှူအပ်သည်ကိုလည်း များစွာ ပေးလှူကုန်၏။

မွန်မွန်မြတ်မြတ် လှူအပ်သည်ကိုလည်း မွန်မွန်မြတ်မြတ် ပေးလှူကုန်၏၊

ရိုသေကောင်းမွန်စွာ ပေးလှူကုန်၏၊ မရိုမသေ မပေးလှူကုန်။

တရားနာခြင်းအကျိုးငှာ ချဉ်းကပ် ထိုင်နေကုန်၏။

ထိုဒါယကာအား ဟောအပ်သော တရားကို ကောင်းစွာ နာကုန်၏။

ရဟန်းတို့ ဤသို့သျှင် ဤအင်္ဂါကိုးပါးတို့နှင့် ပြည့်စုံသော ဒါယကာအိမ်သို့ အဖန်ဖန် မကပ်မူ၍လည်း သွားခြင်းငှာ သင့်လျော်လျောက်ပတ်၏။ ကပ်ပြီး၍လည်း ထိုင်နေခြင်းငှာ သင့်လျော်လျောက်ပတ်ကုန်၏။

ဤသို့သော သုတ်ကို ဟောကြားတော်မူပြီးမှ ဒကာတော် မင်းကြီး ငါ၏ တပည့်သာဝကတို့သည် ဒကာတော်မင်းကြီးတို့၏ အထံ၌ အကျွမ်းဝင်ခြင်းကို

မရကုန်သောကြောင့် မကြွလာကုန်သည် ဖြစ်ပေကုန်လတ္တံ့။ ဒကာတော် မင်းကြီးရှေးပညာရှိတို့သည်လည်း အကျွမ်းမဝင်သော နေရာ၌ ရှိသေ ကောင်း မွန်စွာ လုပ်ကျွေးပြုစုပါသော်လည်း သေခါနီးမျှလောက်သောရောဂါဝေဒနာသို့ ရောက်သောအခါ အကျွမ်းဝင်သောအရပ်ဌာနသို့သာ သွားကြလေကုန်သတည်း ဟု မိန့်တော်မူ၏။ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်အခါ၌ ပါနည်း"ဟု မင်းကြီးသည် မေးလျှောက်အပ်သည် ရှိသော် အတိတ်ကိုဆောင် တော်မူ၏။

ကေသဝရသေ့ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်း အဖြစ်ကို ပြုသည်ရှိသော် ကေသဝအမည်ရှိသော မင်းကြီးသည် မင်းအဖြစ်ကို စွန့်လွှတ်ပယ်ချလျက် ရသေ့ရဟန်းအဖြစ်ကို ပြု၏။ ထိုကေသဝမင်းကြီးသို့ ယောကျ်ားငါးရာတို့သည်အစဉ်လိုက်၍ ရသေ့ရဟန်းပြုကြကုန်၏။ ထိုရသေ့သည် ကေသဝရသေ့မည်သည်ပင်ဖြစ်၏။ ကေသဝရသေ့ ၏မင်းပြုစဉ်အခါက မုတ်ဆိတ် ဆံ စသည်ကို ပြုပြင်သုတ်သင်ခြင်း, တန်ဆာဆင်ခြင်းနှင့် ယှဉ်သော မင်းကြီး ၏ အမှုကိစ္စ၌ ရှက်ဆောင်ပေးသော ကပ္ပကသည်လည်း ရသေ့ရဟန်းပြု၍ ကပ္ပကအမည်ရှိသော အတွင်းနေ တပည့်သည် ဖြစ်၏။ ကေသဝရသေ့သည် ပရိတ်သတ်နှင့်တကွ ရှစ်လတို့ပတ်လုံး ဟိမဝန္တာ၌နေ၍ မိုးရွာသွန်းသောအခါ ချဉ်ဆားမှီဝဲခြင်းငှာ ဗာရာဏသီပြည်သို့ သွားရောက်၍ ဆွမ်းအလို့ငှာ မြို့တွင်းသို့ ကြွဝင်လေ၏။ ထိုအခါ ကေသဝရသေ့ကို ဗာရာဏသီပြည်ကြီးရှင် ဘုရင်ဗြဟ္မဒတ် မင်းကြီးသည် မြင်မြင်ချင်းပင် ကြည်ရွှင်သောစိတ်စေတနာ သဒ္ဓါတရား ရှိလှ သောကြောင့် မိုးလေးလပတ်လုံး မိမိထံ၌ နေစိမ့်သောငှာ ပဋိညာဉ်ကို ယူစေ လျက် ဥယျာဉ်၌ နေစေပြီးလျှင် ညချမ်းနံနက် ထိုရသေ့၏ အထံသို့ဆည်းကပ် သွားရောက်၏။

ကြွင်းကုန်သော ရသေ့တို့သည် နှစ်ရက် သုံးရက်နေပြီး ဆင်သံ မြင်းသံ စသည်တို့ဖြင့် နှိပ်စက်အပ်ကုန်သည် ဖြစ်၍ ဆန့်ကျင့်ကုန်သောကြောင့် "ဆရာ အကျွန်ုပ်တို့သည် ဆန့်ကျင့်ခြင်း ဖြစ်ကြကုန်၏။ သွားကြကုန်အံ့" ဟုဆိုကုန်၏။ အမောင်တို့ အဘယ်အရပ်သို့ သွားကုန်အံ့နည်းဟု မေးလျှင် ဆရာ ဟိမဝန္တာသို့ သွားကုန်အံ့ဟု ဆိုလေသဖြင့် အမောင်တို့ မင်းကြီးသည် ငါတို့အားရောက်လာ သော နေ့၌သာလျှင် မိုးလေးလပတ်လုံး ဤအရပ်၌ နေစေခြင်းငှာ ပဋိညာဉ်ကို ယူအပ်၏။ အဘယ်သို့ သွားကုန်အံ့နည်းဟု ဆို၏။ "ဆရာ အရှင်တို့သည် ငါတို့အား မပြောမကြားမူ၍သာလျှင် ပဋိညာဉ်ကို ပေးအပ်ကုန်၏။ ငါတို့သည် နေခြင်းငှာ မစွမ်းနိုင်ကုန်။ ဤမှ မနီးမဝေး အရှင်ဆရာတို့၏ သတင်း

စကားကို ကြားကောင်းသော အရပ်ဌာနဌ်သာလျှင် နေပါကုန်အံ့” ဟု ပြောဆိုပြီး ရှိခိုး၍ ဖဲသွားကြကုန်၏၊ ကပ္ပကအမည်ရှိသော အတွင်းနေ တပည့်နှင့်အတူတကွ ဆရာရသေ့သည်သာလျှင် ကျန်ရစ်ခဲ့၏။ ပြည့်ရှင်မင်းကြီးသည် ခစားဆည်းကပ်ခြင်းသို့ လာရောက်သည်ရှိသော် အရှင်တို့ဘယ်မှာနည်းဟု မေးလျှောက်၏။ မင်းကြီး အရှင်တို့ ဆန္ဒကျင်ခြင်း ဖြစ်ကုန်သည်ဟု ဆို၍ ဟိမဝန္တာသို့ သွားကုန်သတည်း”ဟု ဆို၏။ အတွင်းနေ တပည့်ဖြစ်သော ကပ္ပကသည်လည်း မကြာမြင့်မီပင်လျှင် ဆန္ဒကျင်ခြင်းရှိသည် ဖြစ်၍ ဆရာရသေ့သည် အဖန်တလဲလဲ တားမြစ်တောင်းပန် အပ်သော်လည်း “မစွမ်းနိုင်ပါ” ဟု ဆို၍ ဖဲသွားပြီး ရှေ့ဦးစွာ သွားနှင့်သော ရသေ့တို့၏ အထံသို့ သွားရောက်၍ ဆရာရသေ့၏ သတင်းစကားကို နားထောင်လျက်သာလျှင် မနီးမဝေးသော အရပ်၌ နေ၏။ နောက်အဖို့၌ ဆရာရသေ့အား အတွင်းနေ တပည့်တို့ကို အစဉ်မပြတ် အောက်မေ့သောကြောင့် ဝမ်းကျွဲရောဂါသည် ဖြစ်၏။ဗာရာဏသီ ပြည့်ရှင် ဘုရင်ဗြဟ္မာဒတ်မင်းကြီးသည် ဆေးသမားတို့ဖြင့် ကုစားစေပါသော်လည်း ရောဂါသည် မငြိမ်းမပျောက်လေ။

ထိုအခါ ကေသဝရသေ့က ဒကာတော်မင်းကြီး အသို့နည်း ငါ၏ရောဂါ ချမ်းသာ ငြိမ်းပျောက်ခြင်းကို အလိုရှိပါသလောဟု ဆို၏။ အရှင်ဘုရား အရှင်မြတ်၏ ရောဂါသည် ချမ်းသာခြင်းငှာ အကယ်၍ စွမ်းနိုင်သည် ဖြစ်ခဲ့ပါတုံအံ့။ ဒကာတော်သည် ဤယခုပင်လျှင် ချမ်းသာခြင်းကို ပြုလိုပါ၏ဟု လျှောက်ကြားလျှင် ဒကာတော်မင်းကြီး ငါ၏ရောဂါချမ်းသာခြင်းကို အကယ်၍ အလိုရှိသည် ဖြစ်ခဲ့ပါအံ့။ ငါ၏ အတွင်းနေ တပည့်တို့ နေရာအထံသို့ ငါ့ကို စေလွှတ်ပို့သလိုက်ပါလော့ဟု ဆို၏။ မင်းကြီးကလည်း အရှင်ဘုရား ကောင်းလှပါပြီဟု ဝန်ခံ၍ ထိုကေသဝရသေ့ကို ညောင်စောင်းထက်၌ အိပ်စေပြီးလျှင် နာရဒအမတ် အမှူးရှိကုန်သော အမတ်လေးယောက်တို့ကို ငါ့အရှင် ဆရာမြတ်၏ အကြောင်းဖြစ်ခြင်း သတင်းစကားကို ကြားသိအောင်ပြု၍ ငါ့အား သတင်းစကားကို စေလွှတ်လိုက်ကြကုန်လော့ဟု မှာထားမိန့်တော်မူ၍ စေလွှတ်လိုက်၏။ ကပ္ပကအမည်ရှိသော အတွင်းနေ တပည့်သည် ဆရာရသေ့၏ ကြွလာသော သတင်းစကားကို ကြား၍ ခရီးဦး ကြိုဆိုခြင်းကိုပြုပြီးလျှင် ဤမှတစ်ပါးသော ရသေ့သည်ကား အဘယ်မှာနည်းဟု ဆိုသည်ရှိသော် ဤမည်သော အရပ်၌ နေပါကုန်သည်ဟု ပြော၏။

ထိုရသေ့ အပေါင်းတို့သည် ဆရာ ကေသဝရသေ့၏ လာသည်၏အဖြစ်ကို ကြားသိသည်ဖြစ်၍ ထိုအရပ်၌သာလျှင်စုဝေးကြပြီး ဆရာရသေ့အား ရေနွေးကို ပေး၍ သစ်သီးကြီးငယ်ကို ကျွေးမွေး ပေးကမ်းကုန်၏။ ထိုခဏ၌သာလျှင်

ဆောင်ဂါလည် ငြိမ်းပျောက် ချမ်းသာလေ၏။ ကေသဝ ရသေ့သည် နှစ်ရက်သုံးရက်ဖြင့်သာလျှင် ရွှေအဆင်းကဲ့သို့ အဆင်းရှိသည် ဖြစ်လေသည်။ ထိုအခါ ကေသဝရသေ့ကို နာရဒအမတ်က ဤဂါထာဖြင့် မေးလျှောက်၏-

မနုဿိန္ဒံ ဇဟိတွာန၊ သဗ္ဗကာမသမိဒ္ဓိနံ။
ကထံ နု ဘဂဝါ ကေသီ၊ ကပ္ပဿ ရမတိ အဿမေ။

ဘုန်းကြီးတော် မူပေသော ဆံကျစ်ဖွဲ့ကုံး ရစ်ထုံးသော ကေသဝ ရှင်ရသေ့...အရှင် ရသေ့မြတ်သည် ခပ်သိမ်းသော အလိုကို မငြိုမငြင် မြန်စွာ ရအောင် ပြည့်ဝသော ဘုန်းကျက်သရေ ရှိတော်မူထသော လူများစွာတို့ကို အစိုးရတော်မူသော ပြည်ကြီးသေဌ်နှင်းမင်းမြတ်ကို မကပ်ပယ်ကာ လွှတ်ရှောင်ခွါလျက် ခြင်းရာရုံးပေါင်း ဘယ်သို့သော အကြောင်းကြောင့် မြိုင်စောင်းတောစ တည်နေရသည့် ကပ္ပကရသေ့၏ သခ်မ်း၌ စံမြန်းရှင်ပျော် မွေ့လျော်ခြင်း ဖြစ်ပါဘိလေသနည်းဟု မေးလျှောက်သော် ကေသဝရသေ့က နာရဒ အမတ်အား ဤဂါထာဖြင့် ဖြေဆို၏—

သာဒူနိ ရမဏီယာနိ၊ သန္တိ ဝက္ခာ မနောရမာ။
သုဘာသိတာနိ ကပ္ပဿ၊ နာရဒ ရမယန္တိ မံ။

အို နာရဒအမတ် ငါ့ရှင်တပည့် ကပ္ပကရသေ့၏ ဤကျောင်းသခ်မ်း၌ကား လူ့သံမနှော တောကြီးအစပ် အရပ်မွေ့သိမ် ဆိတ်ငြိမ် ကောင်းမွန်ကုန်သည် ဖြစ်သောကြောင့် နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ကောင်းပါပေကုန်၏။ နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိကုန်သော ပွင့်သီးညွန့်စို စိမ်းညိုသော သစ်ပင်အပေါင်းတို့သည် မြိုင်စောင်းတောစပ်၌ အထင်အရှား ရှိပေကုန်၏။ အိုနာရဒ အမတ် ငါ့ရှင်တပည့် ကပ္ပရသေ့၏ သာယာပြေပြစ် ကျစ်လျစ်ညင်းပျောင်း ကောင်းစွာ ပြောဆိုအပ်ကုန်သော စကားတို့သည် သည်းကြားနှလုံးကို သိမ်းကျုံး၍ ယူဘိသော အလားကဲ့သို့ အလွန်အားဖြင့် နှလုံးမွေ့လျော်ခြင်း ဖြစ်ပေကုန်၏ဟု ပြောဆိုသော် နာရဒအမတ်က ဤဂါထာဖြင့် မေးလျှောက်ပြန်၏—

သာလီနံ ဩဒနံ ဘုဉ္ဇေ၊ သုစိံ မံသူပသေစနံ၊
ကထံ သာမာကနီဝါရံ၊ အလောဏံ ဆာဒယန္တိ တံ-

နာရဒ အမတ်သည် ရှင်ရသေ့မြတ်....အလွန်တရာ သန့်ရှင်းစင်ကြယ်စွာ ရသောကြိုင်မွှမ်း သားဖြင့် ပြွမ်းအပ်သော နံ့သာကြိုင်မွှေး သလေးထမင်းကို သုံးဆောင်စားသောက်၍ နေသည် ဖြစ်ပါလျက် ယခုတဖန် ဆားမျှမခတ် တောရပ်၌ဖြစ်သော ရှန့်ရင်း ကြမ်းတမ်းသော မြက်သီးဆန်, ကျိုက်ထမန်းဆန်

အစာအာဟာရကို မျှတစားသောက်လျက် ထောအောက်မြိုင်ကြား၌ အဘယ် အကြောင်းဖြင့် ပျော်ပါးမွေ့လျော်နိုင်အောင် နှစ်သက်စေတော် မူပါလိမ့်မည် နည်းဟု မေးလျှောက် ပြန်သည်ရှိသော် ကောသဝ ရသေ့က ဤဂါထာဖြင့် ပြန်ကြား၏—

သာဒုံ ဝါ ယဒိ ဝါ’ သာဒုံ၊ အပ္ပံ ဝါ ယဒိ ဝါ ဗဟုံ။
ဝိဿတ္ထော ယတ္ထ ဘုဉ္ဇေယျ၊ ဝိဿာသပရမာ ရသာ။

အိုနာရဒ အမတ်ကြီး....အရသာ ကြမ်းတမ်း မကောင်းသော အစာ၊ အာဟာရပင် ဖြစ်စေ၊ နူးညံ့သိမ်မွေ့ အတွေ့ ကောင်းမွန်သော အစာ၊ အာဟာရပင် ဖြစ်စေ၊ မသုံးမစားလောက်သဖြင့် နည်းသော အစာ အာဟာရ မူလည်းဖြစ်စေ၊ သုံးစားမကုန် ပြည့်စုံပေါမျှားသော အစာအာဟာရပင်ဖြစ်စေ အကြင်သို့သော ခံဖွယ် ဘောဇဉ် ချိုချဉ်အာဟာရ၌ ရဲရဲဝံ့ဝံ့ မတွန့်မတို မငြိုသော မျက်နှာဖြင့် ကောင်းစွာ စားသောက်ရပေ၏။ ယင်းသို့ မတွန့်မတို မငြိုမျက်နှာ ကျွမ်းဝင်ကာဖြင့် ကောင်းစွာ စားသောက် မှီဝဲရခြင်းသည် လွန်ကဲသော အရသာ မည်ပါပေသည်ဟု ဖြေဆိုတော်မူ၏။ နာရဒ အမတ် သည်လည်း ထိုအကြောင်းအလုံးစုံကို အကုန်ပြန်ကြား၍ ဗြဟ္မဒတ်မင်းကြီးအား လျှောက်ထားပေ၏—

ကောသဝ ရသေ့အကြောင်း ဇာတ်ပေါင်းခြင်း

မြတ်စွာဘုရားရှင်သည် ဤသို့သော မေ့ဒေသနာကို ဆောင်တော်မူ၍ ဇာတ်တော်ကို ပေါင်းတော်မူ၏။

“ဒကာတော် ပသေနဒီ ကောသလမင်းကြီး ထိုအချိန်အခါက ဗာရာဏသီ ပြည်ကြီးကို အစိုးရတော်မူသော ဗြဟ္မဒတ်မင်းကြီးသည် ယခုအခါ ငါဘုရား၏ သားတော် မောဂ္ဂလာန် ဖြစ်လာ၏၊ ထိုအခါက နာရဒ အမတ်သည် ယခုအခါ ငါဘုရား၏ သားတော် သာရိပုတ္တရာ မထေရ်ဖြစ်လာ၏၊ ထိုအခါက အတွင်းနေ တပည့်ကပ္ပက ရသေ့သည် ယခုအခါ အာနန္ဒာ ဖြစ်လာ၏၊ ထိုအခါက ဆရာ ဖြစ်သော ကောသဝ ရသေ့သည် ယခုအခါ ငါဘုရားပင် ပေတည်း”ဟု မိန့်ဆို တော်မူပြီး၍“ ဒကာတော် မင်းကြီး ဤသို့သော နည်းဖြင့် ရှေးရှေးသော အခါ၌ ပညာရှိအစစ် ဖြစ်တော်မူကြကုန်သော ပုဂ္ဂိုလ်တို့သည် သေခါနီး မျှလောက် ရှုံကြောက်ဖွယ်ရာ ပြင်းစွာသော ဒုက္ခဝေဒနာကို ခံစားရခြင်းဟု ဆိုအပ်သော ရောဂါဗျာဓိတွေ့ထိခြင်းသို့ ရောက်၍ ချစ်ကျွမ်းဝင်သော အရပ် ဌာနသို့သာလျှင် သွားကြလေကုန်ဘိသည်၊ ဒကာတော်မင်းကြီး၊ ငါဘုရား၏ သားတော် ဖြစ်ကုန်သော ရဟန်းတို့သည်လည်း အသင်တို့၏အထံ၌ ချစ်ကျွမ်း ဝင်ခြင်းကို မရသောဟန် သဏ္ဌာန် လက္ခဏာ ထင်လေသည်”ဟု မိန့်တော်မူ၏။

သာကီဝင် မင်းသမီးနှင့် အမျိုးဆက်ခြင်း

ပသေနဒီကောသလမင်းကြီးလည်း “ငါသည် ရဟန်းသံဃာတော်နှင့် တကွ အကျွမ်းတဝင်ဆက်ဆံခြင်းငှာ သင့်လျော် လျောက်ပတ်အပ်ပေ၏။ အဘယ်သို့ ပြုရအံ့ပါနည်း၊ မြတ်စွာဘုရား၏ ဆွေတော် မျိုးတော်ဖြစ်သော သတို့သမီးငယ် တစ်ယောက်ကို ငါ၏နန်းအိမ်တော်၌ ယူဆောင်၍ ထားသည်ကို ပြုခြင်းငှာ သင့်လျော်၏၊ ဤသို့ မြတ်စွာဘုရားရှင်၏ ဆွေတော် မျိုးတော် ဖြစ်သော သတို့သမီးတစ်ယောက်ကို ငါ၏ နန်းအိမ်တော်၌ ထားရသည်ရှိသော် ‘ရဟန်းငယ်တို့သည် လည်းကောင်း၊ သာမဏေတို့သည် လည်းကောင်း ဤမင်းကြီးသည်ကား ငါတို့၏ဖခင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ ဆွေတော်မျိုးတော် ဖြစ်သော မင်းပေတည်း’ဟု ငါ၏ ဒဲ့ထံသို့ ရဲရဲဝံ့ဝံ့ အမြဲမပြတ် ချဉ်းကပ် လာရောက်ကြကုန်လတ္တံ့”ဟု ကြံ၍ “ငါ့အား သတို့သမီးငယ် တစ်ယောက်ကို ပေးစေသတည်း”ဟု သာကီဝင်မင်းတို့၏ အထံသို့ သတင်းစကားကို ပြောကြား ပို့လွှတ်စေခိုင်း၏။

ယင်းသို့စေလွှတ်လိုက်သောအခါ၌ “အဘယ်အမည်ရှိသော သာကီဝင်မင်း၏ သမီးပေနည်း”ဟု မေးမြန်း၍သာလျှင် “အမှန်အညီတည့် သိအောင်ပြုပြီး ပြန်လည်၍ လာခဲ့ကြကုန်လော့”ဟု မှာထားပြီးမှသာ တမန်တို့ကို စေလွှတ် လိုက်ပေ၏။ စေလွှတ်အပ်သောတမန်တို့သည် ကပိလဝတ်ပြည်သို့ သွားရောက် ကြ၍ သာကီဝင်မင်းတို့ကို အကြောင်းခြင်းရာ အလုံးစုံတို့ကို အကုန်ပြန်ကြား လျှောက်ထားပြီး သတို့သမီးကို တောင်းဆိုကြကုန်၏။ သာကီဝင် မင်းအပေါင်း တို့လည်း ကောင်းစွာစည်းဝေးကြပြီး “တိုင်းတစ်ပါးမှ ဖြစ်သော မင်းသည် ဆွေရင်းမျိုးသက် ဆက်လိုသောအကြောင်းဖြင့် တောင်းဆိုလာသည့် အရေးကို မပေး မဆောင်နိုင်ခဲ့လျှင် အမျက်ဒေါသ လွှက်ကြွတင်ဖွဲ့သော ရန်ငြိုးဖြင့် ငါတို့၏ အမျိုးကိုဖျက်ဆီးပေလတ္တံ့၊ ငါတို့၏ အမျိုးနှင့်တူမျှသော အမျိုးသည် မရှိ။ ငါတို့၏အမျိုးကို တစ်ပါးသော အမျိုးတို့နှင့် ဆက်ဆံခြင်းငှာလည်း မတတ်ကောင်း။ အဘယ်သို့ပြုကြပါကုန်အံ့နည်း”ဟု ကြံစည်တိုင်ပင်ကြကုန်၏။ ထို့နောက်မဟာနာမမင်းကြီးက “ငါ၏ကျွန်မဝမ်းဝယ် ဖွားမြင်အပ်သော ဝါသဘခတ္တိယာ အမည်ရှိသော သတို့သမီးငယ် တစ်ယောက်သည် အဆင်းသဏ္ဌာန် ကြွန်အင် အသွယ်သွယ်၌ တင့်တယ်ပြည့်ဝှိတ် အထွတ်အထိပ်သို့ ရောက်သည် ရှိပေ၏။ ထိုသတို့သမီးငယ်ကို ပေးကုန်အံ့”ဟု ပြောဆိုတိုင်ပင်သော် လာရောက် တောင်းဆိုလာသော တမန်တို့ကို ကောင်းလှပေပြီ ကောသလ မင်းကြီးအား သတို့သမီးကို ပေးကုန်အံ့”ဟု ဆိုကုန်၏။ အဘယ်သူ၏ သမီးပေနည်းဟု တမန် တို့က မေးမြန်းလျှင် မြတ်စွာဘုရား ဘထွေးတော်၏သား မဟာနာမအမည်

ရှိသော သာကီဝင်မင်း၏ သမီး ဝါသဘခတ္တိယာ အမည်ရှိသော မင်းသမီးပေတည်းဟု ပြောကြားကြကုန်၏၊ ထိုတမန်တို့သည် သာဝတ္ထိပြည်သို့ ပြန်သွား၍ မင်းကြီးအား ကြားလျှောက်ကုန်၏။

ပသေနဒီ ကောသလမင်းကြီးလည်း "ယင်းသို့ ဖြစ်လျှင် ကောင်းလှပေပြီ၊ လျင်မြန်စွာ ဆောင်ယူခဲ့ကြကုန်လော့၊ မင်းတို့မည်သည် အား များသောမာယာ ရှိကုန်၏၊ ကျွန်မ၏ သမီးကိုသော်လည်း ပို့ဆက် စေလွှတ်ထက်ချေကုန်၏။ ဖခင်ဖြစ်သော မင်းကြီးနှင့် အတူတကွ တစ်ခုသောထမင်း ပွဲတော်အုပ်၌ စားသောက် သုံးဆောင်သည်ရှိသော် ဆောင်ယူခဲ့ကြကုန်လော့"ဟု မှာထား စေလွှတ်လိုက်၏။ တမန်တို့သည် ကပိလပြည်သို့သွားရောက်ကြ၍ အရှင်မင်းကြီး အရှင်မင်းကြီး တို့နှင့် အတူတကွ တပေါင်းတည်း တစ်ခုသော ပွဲတော်အုပ်၌ ပရဘုတ်သုံးဆောင်စားသောက်သော်သာလျှင် အကျွန်ုပ်တို့သခင် အရှင်မင်းကြီးသည် အလိုရှိပါသည်ဟု လျှောက်ကြားကုန်၏။ မဟာနာမ မင်းကြီးကလည်း "ကောင်းလှပေပြီအမောင်တို့"ဟုဝန်ခံပြီးလျှင်ထိုမင်းသမီးကို တန်ဆာဆင်စေ၍ မိမိသည် ဘောဇဉ်သုံးဆောင်သောအခါ၌ ခေါ်စေ၍ ထိုမင်းသမီးနှင့် တစ်ခုတည်းသော ထမင်းပွဲတော်အုပ်၌ အတူတကွ စားသောက် ဘိသကဲ့သို့သော အခြင်းအရာကိုပြ၍ ထိုမင်းသမီးကို တမန်တို့အား ဆောင်နှင်းအပ်နှံလိုက်ပေ၏။ တမန်တို့သည်လည်း ဝါသဘခတ္တိယာ မင်းသမီးကို သာဝတ္ထိပြည်သို့ ဆောင်ယူသွားပြီးလျှင် ထိုကဲ့သို့သော အကြောင်းအလုံးစုံကို မင်းကြီးအား ပြန်ကြားလျှောက်တင်ကြကုန်၏။ ပသေနဒီ ကောသလမင်းကြီးသည် နှစ်သက်သော စိတ်ရှိသည် ဖြစ်၍ ထို ဝါသဘခတ္တိယာ မင်းသမီးကို မိန်းမငါးရာတို့၏ အကြီးအမှူးကိုပြု၍ မြတ်သော မိဖုရားကြီးအရာ၌ အဘိသိက် သွန်းလောင်းတော်မူ၏။

ဝိဋူဋဘဟု အမည်မှည့်ခြင်း

ထို ဝါသဘခတ္တိယာ မိဖုရားသည် မကြာမြင့်ပင်လျှင် ရွှေအဆင်းကဲ့သို့ အဆင်းရှိသော သားကိုဖွားမြင်လေ၏။ ထိုအခါသားတော်အား အမည်ကိုမှည့်အံ့သောနေ့၌ ပသေနဒီ ကောသလမင်းကြီးသည် အဘိုး၏အထံသို့ "သာကီဝင်မင်းသမီးဖြစ်သော ဝါသဘခတ္တိယာ မင်းသမီးသည် သားရတနာကို ဖွားမြင်အပ်၏၊ ထိုသားငယ်၏အမည်ကို ပြုစေသတည်း"ဟု သတင်းစကားကိုပြောကြား စေလွှတ်လိုက်၏။ ထိုသတင်းစကားကိုယူဆောင်၍သွားသော အမတ်ကြီးသည် အနည်းငယ်ဆွံ့သော ထိုင်းသော နားရှိ၏။ ထိုအမတ်ကြီးသည် သွားရောက်၍ ဘိုးတော်ဖြစ်သော မဟာနာမမင်းကြီးအား ကြားလျှောက်ပေ၏။ မဟာနာမ

မင်းကြီးလည်း ထိုသတင်းစကားကိုကြား၍ "ဝါသဘခတ္တိယာသည် သားကို မဖွားမြင်ဘဲသော်လည်း အလုံးစုံသောလူတို့ကို နှိပ်စက်ညှဉ်းပန်း ညှိုးနွမ်းသော စိတ်နှလုံးရှိအောင်ပင် ဖြစ်ချေသေး၏။ ယခုအခါ သားကို ဖွားမြင်ရာ၌ကား မင်းကြီးအား အလွန်ပင် အကျွမ်းဝင်ခြင်း ဖြစ်ပေလတ္တံ့"ဟုဆို၏။ ထိုသို့ပြော ဆိုသည်ရှိသော် နားဆွံ့သော တမန်အမတ်သည် "ဝလ္လဘ"ဟူသော စကားကို မဟုတ်မမှန် ဖောက်ပြန်တိမ်းပါး မှားသောစကားဖြင့် ကြား၍ "ဝိဋူဋ္ဌဘ" ဟူသော ဘွဲ့အမည်ကို ပေးလိုက်သတည်းဟု မှတ်ပြီးလျှင် ပြန်လာပြီး ပသေနဒီ ကောသလမင်းကြီးကို ချဉ်းကပ်၍ "အရှင်မင်းမြတ် သားငယ်ကို "ဝိဋူဋ္ဌဘ" ဟူသော အမည်ကို ပြုလိုက်ပါသတည်း"ဟု တင်လျှောက်၏၊ မင်းကြီးသည် "ရှေး၌ဖြစ်သော အမျိုးတို့၏ အနွယ်အဆက် ဥစ္စာဖြစ်သော အမည် ဖြစ်ပေ လိမ့်မည်"ဟုကြံအောက်မေ့၍ဝိဋူဋ္ဌဘဟူသောအမည်ကိုပင်ပြုလေ၏။ထိုနောက် ဝိဋူဋ္ဌဘမင်းသား ငယ်စဉ်ကာလ၌ပင်လျှင် ခမည်းတော်မင်းကြီးသည် "မြတ်စွာ ဘုရားရှင်အား ချစ်မြတ်နိုးခြင်းဖြစ်ခစေအံ့"ဟု စစ်သူကြီးအရာကို ပေးသနား တော်မူ၏။

ထိုဝိဋူဋ္ဌဘမင်းသားသည် မင်းသားတို့ အစောင့်အရှောက် အခြံအရံဖြင့် သာလျှင် ကြီးပွားခဲ့၍ ခုနစ်နှစ်သားအရွယ်သို့ ကျရောက်သောအခါ၌ တစ်ပါး ကုန်သော မင်းသားတို့အား မယ်တော် ဘွားတော်စသော မြတ်သောအမျိုးမှ ဆင်ရုပ်, မြင်းရုပ် အစရှိသည် ဆောင်ခဲ့ကြကုန်သည်တို့ကို မြင်သောကြောင့် မယ်တော်သို့ချဉ်းကပ်ပြီးလျှင် "မိခင်တစ်ပါးသောမင်းသားတို့အား မယ်တော် ဘွားတော်စသော မြတ်သောအမျိုးမှ လက်ဆောင်ကို ဆောင်ယူကြကုန်၏။ အကျွန်ုပ်သားတော်အား တစ်စုံတစ်ယောက်သောသူသည် တစ်စုံတစ်ခုသော လက်ဆောင်ကို မပို့လာချေ အကြောင်းအသို့နည်း၊ အသင်မိခင်သည် အမိအဖမရှိလေသလော"ဟု မေးမြန်းသောအခါ ဝိဋူဋ္ဌဘ မယ်တော်ဖြစ်သော ဝါသဘခတ္တိယာ မိဖုရားက ထိုဝိဋူဋ္ဌဘမင်းသားကို "ချစ်သား အသင်၏ အဘိုးအဘွား ဖြစ်ကုန်သော သာကီဝင်မင်းတို့သည် ဝေးကွာသော အရပ် ဒေသ၌နေကြကုန်၏။ ထိုကြောင့်သာ တစ်စုံတစ်ခုသော လက်ဆောင်ကို မပို့လွှတ် မစေခိုင်းကြသတည်း" ဟု ပြောဆို ဖြောင်းဖြ၍ လှည့်ပတ်၏။ တစ်ဖန် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ကျရောက်ပြန်သောအခါ မယ်တော်၏ ဇာတိမျိုးတော်ကို ကြည့်ရှု ဖူးမြော်ခြင်းငှာ အလိုရှိပါသည်"ဟု ဆိုလျှင် "ချစ်သား ထိုအရပ်သို့ သွားသဖြင့် အဘယ်သို့ပြုပါအံ့နည်း၊ ငါ့သားတော်သည် မသွားပါလေလင့်"ဟု တားမြစ် ပိတ်ပင်ပါသော်လည်း အဖန်တလဲလဲ တောင်းပန်၏။ထိုအခါမယ်တော်က ထိုသို့ဖြစ်ပါလျှင် 'ချစ်သားသွားလေလော့' ဟု ဝန်ခံ၍ ခွင့်ပေး၏။

သာကီဝင်မင်းတို့ထံသွားခြင်း

ဝိဋ္ဋူဘမင်းသားသည် ခမည်းတော် မင်းကြီးအား လျှောက်ကြား၍ များစွာသော အခြံအရံဖြင့် သာဝတ္ထိပြည်မှ ထွက်လာခဲ့၏။ ဝါသဘခတ္တိယာ မိဖုရားသည် ရှေးဦးစွာကပင် ကျွန်တော်မသည် ဤအရပ်ထံ၌ ချမ်းသာစွာ နေပါ၏၊ ယခုရောက်လာသော ကျွန်တော်မ၏သား ဝိဋ္ဋူဘအား အရှင်တို့သည် ထစ်စုံတစ်ရာ ညင်ကျူးမျှတွယ် အန္တရာယ်ဖြစ်ရန် ဇာတိမာန်ကိုဖော် လှန်ကျူး ပြုတော်မမူလိုက်ကြပါနှင့်” ဟု တောင်းပန် လျှောက်ထားသော ကမ္ပည်းစာကို လျင်မြန်စွာ ပို့စေ၏၊ သာကီဝင်မင်းတို့သည် ဝိဋ္ဋူဘ၏ လာခြင်းကိုကြားသိ၍ “ငါတို့သည် ရှိခိုးခြင်းငှာ မစွမ်းနိုင်ကုန်”ဟု ဝိဋ္ဋူဘ အောက် အသက်အရွယ်ငယ်ကုန်သော မင်းသားတို့ကိုဇနပုဒ်သို့ စေလွှတ်၍ ထိုဝိဋ္ဋူဘသည် ကပိလပြည်သို့ ရောက်သည်ရှိသော် မင်းကွန်း၌ စည်းဝေးကြကုန်၏၊ ဝိဋ္ဋူဘမင်းသားသည် ထိုမင်းကွန်းသို့သွား၍ ရပ်တည်၏၊ ထိုအခါ ဝိဋ္ဋူဘမင်းသားကို “ချစ်သား ဤသူသည်ကား သင်ချစ်သား၏ ဖွားတော်တည်း၊ ဤသူသည်ကား သင်ချစ်သား၏ ဦးရီးတည်း”ဟု ပြောဆို၍ ရှိခိုးစေကုန်၏၊ ဝိဋ္ဋူဘမင်းသားသည် အလုံးစုံသော သူတို့ကို ရှိခိုးလျက် လှည့်လည်ပြီး တစ်စုံတစ်ယောက်သောသူမျှ မိမိအား ရှိခိုးသည်ကို မမြင်သောကြောင့် “အသို့နည်း၊ ငါ့ကို ရှိခိုးထိုက်သောသူတို့သည် မရှိလေသလော”ဟု မေး၏။ အာကီဝင်မင်းတို့သည် “ချစ်သား သင့်အောက် အသက်အရွယ်ငယ်ကုန်သော အသင်၏ ညီတော်ဖြစ်ကုန်သော မင်းသားတို့သည် ဇနပုဒ်သို့သွားကြကုန်သည်” ဟု ပြောဆို၍ ဝိဋ္ဋူဘမင်းသားအား ကြီးကျယ်စွာသော ပူဇာသက္ကာရကို ပြုကုန်၏၊ ထိုဝိဋ္ဋူဘမင်းသားသည် နှစ်ရက်သုံးရက်မျှနေခဲ့၍ ကြီးစွာသော အခြံအရံဖြင့် ကပိလပြည်မှ ထွက်ခဲ့၏။

ဝိဋ္ဋူဘ ထိုင်ခဲ့သည့်ပျဉ်ချပ်ကို နို့ရေဖြင့်ဆေးခြင်း

ထိုအခါ ကျွန်မတစ်ယောက်သည် မင်းကွန်း၌ ဝိဋ္ဋူဘ မင်းသား၏ ထိုင်နေရာပျဉ်ချပ်ကို “ဤနေရာသည်ကား ဝါသဘခတ္တိယာ ကျွန်မသား၏ နေရာပျဉ်းချပ်တည်း”ဟု ဆဲရေးရေရွတ်၍ နို့ရေဖြင့် ဆေးကြော၏၊ မင်းချင်းယောကျ်ားတစ်ယောက်သည် မိမိ၏လက်နက်ကို မေ့လျော့၍ ချထားမိခဲ့သောကြောင့် ဆုတ်နစ်ပြန်လည်၍ ထိုလက်နက်ကို ယူသည်ရှိသော် ဝိဋ္ဋူဘ မင်းသားအား ဆဲရေးသောအသံကို ကြား၍ ကျွန်မကို မေးသည်ရှိသော် “ဝါသဘခတ္တိယာမိဖုရားသည် ကျွန်မ ဝမ်းသယ် မဟာနာမ သာကီဝင်မင်းကိုအစွဲပြု၍ ပဋိသန္ဓေတည်နေ ဖွားမြင်ရသတည်း”ဟု သိ၍ စစ်သည်အပေါင်းအား ပြောကြား၏၊ ဝါသဘခတ္တိယာမိဖုရားသည် ကျွန်မ၏သမီး ဖြစ်ပေသတတ်ဟု

ဆုတ်အုတ်ကျက်ကျက်သော အသံသည် ဖြစ်လေ၏။ ထိုကဲ့သို့သော စကားကို ကြားသိသောအခါ ဝိဋ္ဋူဘမင်းသားက ဤသာကီဝင်မင်းတို့သည် ငါ၏ ထိုင်နေရာဖြစ်သော ပျဉ်ချပ်ကို နို့ရေဖြင့် ဆေးကြောသည်ကား ဆေးကြောနှင့်စေဦးတော့၊ ငါသည် မင်းအဖြစ်၌ တည်သော် ထိုသူတို့၏ လည်ချောင်းသွေးကိုယူပြီးလျှင် ငါ၏ထိုင်နေရာ ပျဉ်ချပ်ကို ပွတ်သပ်ဆေးကြောပေအံ့ဟူသော စိတ်အကြံကို ဖြစ်စေ၏။ ထိုဝိဋ္ဋူဘမင်းသားသည် သာဝတ္ထိပြည်သို့ ရောက်သည်ရှိသော် အမတ်တို့သည် အလုံးစုံသော အကြောင်းကို မင်းကြီးအား ကြားလျှောက်ကုန်၏၊ ပသေနဒီကောသလ မင်းကြီးသည် ငါ့အား ကျွန်မ၏ သမီးကို ပေးလေကုန်ဘိသည်ဟု သာကီဝင်မင်းတို့အား အမျက်ထွက်၍ ဝါသဘခတ္တိယာ မိဖုရားအား လည်းကောင်း သားတော် ဝိဋ္ဋူဘအား လည်းကောင်း ပေးအပ်သော အစောင့်အရှောက် အခြံအရံကိုဖြုတ်၍ ကျွန်ယောကျ်ား ကျွန်မိန်းမတို့သည် ရအပ်သော စည်းစိမ်မျှကိုသာလျှင် ပေးလေ၏။

အဘအမျိုးသာ ပမာဏဖြစ်ခြင်း

ယင်းမှ ထိုနောက် နှစ်ရက်သုံးရက်ကို လွန်မြောက်သဖြင့် မြတ်စွာဘုရားရှင်သည် မင်းကြီး၏ နန်းအိမ်တော်သို့ ကြွသွားတော်မူ၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေ သီတင်းသုံးတော်မူ၏။ မင်းကြီးသည် မြတ်စွာဘုရားကိုယ်တော်မြတ်၏အထံသို့ ချဉ်းကပ်လာရောက်၍ ရှိသေမြတ်နိုးရှိခိုးပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားတို့၏ ဆွေတော်မျိုးတော်တို့သည် ဒကာတော်အား ကျွန်မ၏သမီးကို ပေးကုန်ဘိသည်၊ ထိုကြောင့် ဒကာတော်သည် မိဖုရားအား သားတော်နှင့်တကွ ရာထူးမှနုတ်ချပြီး အစောင့်အရှောက် အခြံအရံတို့ကို ဖျက်သိမ်းပြီးလျှင် ကျွန်ယောကျ်ား ကျွန်မိန်းမတို့ ခံစားရသော စည်းစိမ်ချမ်းသာမျှလောက်ကိုသာပေးသနား၍ထားအပ်ပါသည်ဟု လျှောက်၏၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကလည်း ဒကာတော်မင်းကြီး သာကီဝင်မင်းတို့သည် ပြုအပ်သောအမှုသည် မသင့်တင့် မလျောက်ပတ် မြင့်မြတ်သော အမျိုးအနွယ်ရှိကုန်သော မင်းကြီးတို့အား ဆောင်နှင်းပေးအပ်သည် ရှိသော် မြင့်မြတ်သော အမျိုးအနွယ်မှ တူမျှသော သတို့သမီးကိုသာလျှင် ပေးကုန်ရာ၏။ ဒကာတော်မင်းကြီး ငါဘုရားသည် တစ်ခုသော တရားစကားကို ဟောကြားဆုံးမတော်မူအံ့၊ ငါ၏စကားကို မှတ်သား နာယူဘိလော့၊ ဝါသဘခတ္တိယာမင်းသမီးသည် ခတ္တိယစင်စစ် ဖြစ်လေသော မင်း၏ နန်းအိမ်တော်၌ အဘိသိက်သွန်းခြင်းကို ရပေ၏။ ဝိဋ္ဋူဘသည်လည်း ခတ္တိယစင်စစ် မင်းမျိုးဖြစ်သော အသင်မင်းကြီးကိုသာလျှင် အစွဲပြု၍ ဖြစ်ပေ၏၊ ဒကာတော်မင်းကြီး အမိအမျိုးဟူသည် အသို့ပြုလတ္တံ့နည်း၊ အဘ၏ အမျိုးအနွယ်သာ ပမာဏ ဖြစ်လေသည်၊ ရှေး၌ ပညာရှိတို့သည်လည်း သူဆင်းရဲဖြစ်သော ထင်းခွေသည်

မိန်းမကို အဂ္ဂမဟေသီ မိဖုရားကြီးအရာကို ကောင်းစွာ ပေးသနားတော်မူလန်ပြီ၊ ထိုထင်းခွေသည် မိန်းမ၏ ဝမ်းတိုက်၌ ကိန်းပိုက်သစန္ဒ တည်နေ ဖွားမြင်လာသော မင်းသားငယ်သည်လည်း တစ်ဆယ့်နှစ်ယူဇနာ ကျယ်ပြန့်သော ဗာရာဏသီပြည်ကြီး၌ ဘုန်းမီး နေလ တောက်ပ ထွန်းလင်းသော မင်းအဖြစ်သို့ရောက်၍ ကဋ္ဌဝါဟန အမည်ရသော မင်းအဖြစ်ဖြင့် ဖြစ်ဖူးလေပြီဟု အတိတ်၌ဖြစ်သော ကဋ္ဌဝါဟနဇာတ်ကို ဆောင်တော်မူ၏။

ထင်းခွေသည်မ အကြောင်း

ဒကာတော်မင်းကြီး ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းလုပ်တော်မူသည်ရှိသော် တစ်ရံသောအခါ၌ ထိုဗြဟ္မဒတ်မင်းကြီးသည် ကြီးကျယ်များပြားသော အခြံအရံဖြင့် ဝန်းရံစီစဉ် ဥယျာဉ်သို့ ထွက်ကြွတော်မူပြီး၍ ထိုဥယျာဉ်တော်၌ အထပ်ထပ်သော အပွင့် အဆင့်ဆင့်သော အသီး ကြည့်ရှု၍ မငြီးအောင် အပင်ကြီး အပင်ငယ် အသွယ်သွယ်၌ တပ်မက်လှသော စိတ်ဖြင့် ငင်ချိတ်ဆွဲပို့ ကြည့်ရှု လှည့်လည်တော်မူသည်ရှိသော် ဥယျာဉ်တောအုပ် အတွင်း၌ သီချင်းသီဆို၍ အလိုရှိသော ထင်းတို့ကို ထုတ်ဆောင်ယူဆဲ့ ဆင်းရဲတုံမြောက် မိန်းမပျို တစ်ယောက်ကို တွေ့မြင်တော်မူသည် ရှိသော် ချစ်ခင်နှစ်သက် စုံမက်နှောင်ဖွဲ့သော စိတ်ရှိသည် ဖြစ်၍ ပေါင်းဖော်ခြင်းအမှုကို ပြုလေ၏။

ထင်းခွေသည်မအား လက်စွပ်ပေးအပ်ခြင်း

ထိုအခါ ယင်းခဏ၌သာလျှင် ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည် ထိုထင်းခွေသည် မိန်းမပျို၏ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေစွဲယူလေ၏၊ ဘုန်းကံကြီးမား ပုဂ္ဂိုလ်များ၌ ထင်ရှားတတ်သည်ဖြစ်ဘိရကား ထိုခဏ၌သာလျှင် ထင်းခွေသည် မိန်းမပျိုအား ကြီးမားရောင်ရှိန် ဝရဇိန်ဖြင့် ပြည့်ဘိသကဲ့သို့ လေးသော ဝမ်းတိုက်ရှိသည် ဖြစ်လေ၏၊ ထိုထင်းခွေသည် မိန်းမသည် မိမိ၌ ကိုယ်ဝန်တည်သည့် အဖြစ်ကို သိ၍ အရှင်မင်းမြတ် ကျွန်တော်မအား ထင်ရှားပြည့်နှ် ကိုယ်ဝန်တည်ခဲ့ပြီဟု ကြားလျှောက်၏။ ဗြဟ္မဒတ်မင်းကြီးသည် မိမိဝတ်ဆင်သော လက်ဝတ်တော် ရတနာကို ကောင်းစွာ ချွတ်၍ ပေးသနားတော်မူပြီးလျှင် အသင်နှမတော်အား သမီးငယ်ကို မွေးဖွားသည် အကယ်၍ ဖြစ်ခဲ့အံ့၊ ငါပေးသနားတော် မူအပ်သော ဤလက်စွပ်ရတနာကို လျော်စွာ ရောင်းချစွန့်လွှတ်၍ ညီညွတ်ရွှေရေး မွေးမြူပါဘိလော့၊ သားတော်မြတ်ရတနာ မွေးဖွားလာသည် အကယ်၍သာ ဖြစ်ခဲ့အံ့၊ ဤလက်စွပ်တော် ရတနာနှင့်တကွ ငါမင်းမြတ်၏ အထံတော်သို့ ဆောင်ယူခဲ့ပါကုန်လော့ဟု ပြောဆိုမှာထားပြီးလျှင် ဖဲသွားတော်မူလေ၏။

ထိုထင်းခွေသည် မိန်းမသည် ပြည့်စုံသော ကိုယ်ဝန်ရှိသည်ဖြစ်၍ နောက်အခါ၌ ဘုရားအလောင်းတော်ကို ဖွားမြင်လေ၏။ ထိုသူငယ်၏ အရွယ်လျှောက်ကြီးမြောက်စဉ်စီ ထို-ဤဖားဖား ပြေးသွား၍ လှည့်လည် နိုင်လောက်သောအခါ ကစားရာ ဖြစ်သော အပြင်၌ ကျင်လည် ကစားသော ထိုသူငယ်အား အားကိုးရာမရှိ အဖမဲ့သော သူတို့သည် ငါတို့အား ဖြစ်မှားပုတ်ခတ်ဘိသည်ဟု ကစားဖော်ဖြစ်သော သူငယ်တို့က ပြောဆိုကြသည် ဖြစ်ကုန်၏၊ ထိုပြောဆိုသော စကားကို ကြားရသည်ရှိသော် ဘုရားအလောင်း မင်းသားကလေးသည် မိခင်၏ အထံသို့သွား၍ မိခင် အကျွန်ုပ်၏ဖခင်သည် အဘယ်သူပါ နည်းဟု မေး၏။ ချစ်သားအသင်သည် ဗာရာဏသီ ပြည်ကြီးရှင် ဘုရင်ဗြဟ္မဒတ်မင်းကြီး၏ သားတော်ပေတည်းဟု ပြောကြားသော် မိခင်သက်သေညွှန်ကြား ထင်ရှားသော ဝတ္ထု တစ်စုံတစ်ခုသည် ရှိပါသလောဟု မေးမြန်းသဖြင့် ချစ်သား အသင်၏ ခမည်းတော် မင်းကြီးသည် ဆင်ထားပြင်ဝတ်သော ဤလက်စွပ်ရတနာကို ကောင်းစွာ ပေးသနားတော်မူ၍ သမီးတော် မွေးဖွားသည် အကယ်၍ဖြစ်ခဲ့အံ့၊ ဤလက်စွပ်ရတနာကို ကောင်းစွာ စွန့်လွှတ် ရောင်းချ၍ ရသမျှသော ပစ္စည်းအစုဖြင့် ကြည့်ရှု မွေးမြူလေလော့၊ သားတော်မြတ် ရတနာ ဖွားမြင်လာသည် အကယ်၍ ဖြစ်ခဲ့တုံအံ့ ဤလက်စွပ် ရတနာနှင့် တကွ ငါ၏ထံသို့ ဆောင်ခဲ့လေလော့ဟု ပြောဆိုမှာထား ပြီးလျှင် ကြွသွားတော် မူလေသည်ဟု ပြန်ကြားပြောဆို၏။ မယ်တော် ဤသို့ ဖြစ်ခဲ့သည်ရှိသော် အဘယ်ကြောင့် အကျွန်ုပ်ကို ခမည်းတော်၏အထံသို့ မဆောင်မပို့ပါသနည်းဟု မေးမြန်းသဖြင့် ထိုထင်းခွေသည် မိန်းမသည် သားငယ်၏ အလိုကိုသိ၍ သားငယ်ကို ဆောင်ယူပြီးလျှင် နန်းတော်တံခါးသို့သွား၍ မင်းကြီးအား ကြားလျှောက်စေ၏။

မင်းကြီးက မိမိသားတော်မဟုတ်ဟု ငြင်းပယ်ခြင်း

မင်းကြီးသည်လည်း အမိန့်တော်ဖြင့် ခေါ်စေသည် ဖြစ်သောကြောင့် ထိုထင်းခွေသည် မိန်းမသည် နန်းတော်၏ အတွင်းသို့ ဝင်သွားပြီးသော် ဗြဟ္မဒတ် မင်းမြတ်ကိုရှိခိုးဦးတင်၍ အရှင်မင်းမြတ် လျှောက်ပတ် တင့်တယ်ဤ သူငယ်ကား အရှင်မင်းမြတ်၏ သားတော်ပါတည်းဟု လျှောက်ထားလေ၏။ ဘုရင်မင်းမြတ်သည် ကပ်အပ်တိတိ သိသျက်ပင်သော်လည်း ပရိသတ်အလယ်၌ ရှက်ဖွယ်လိလိ ရှိအံ့ဟု ထင်သောအားဖြင့် ငါ၏သားတော်မဟုတ်ဟု မိန့်ဆိုတော်မူ၏၊ အရှင်မင်းမြတ် ဤလက်စွပ်ရတနာသည် အရှင် မင်းမြတ်၏ လက်စွပ်တော် ရတနာ မဟုတ်ပါတုံလော၊ ဤလက်စွပ်တော် ရတနာကို ကောင်းစွာတိတိ သိတော်မူသည် မဟုတ်ပါတုံလောဟု လျှောက်ထားပြန်သဖြင့် ဤလက်စွပ် ရတနာသည်လည်း ငါ၏လက်စွပ်ရတနာမဟုတ်ဟု မိန့်ဆိုတော်မူ၏၊ ထိုအခါ ထင်းခွေသည် မိန်းမက အရှင်မင်းမြတ် ဤယခုအခါ၌ သစ္စာပြုခြင်းကို

ထား၍ သစ္စာပြုခြင်းမှတစ်ပါး ကျွန်တော်မအား ထင်ရှားလှပေ သက်သေပြနိုင်ဖို့ရာ မရှိချေတော့ပြီ၊ ဤသူငယ်ကလေးသည် အရှင်မင်းမြတ်တို့ကို စွဲ၍မွေးဖွားသော သားသည် အကယ်၍ ဖြစ်ခဲ့တုံအံ့၊ အဇဋ္ဌာဝေဟင် ထက်ကောင်းကင်၌ တည်နေပါစေသတည်း။ အရှင်မင်းမြတ်တို့ကို စွဲ၍မွေးဖွားအပ်သော သားသည် အကယ်၍ မဖြစ်ခဲ့အံ့၊ မြေကြီးအထက်၌ ဆင်းသက် ကျရောက်၍ ခံသပါစေသတည်းဟု သစ္စာကိုပြုပြီးလျှင် ဘုရားလောင်းသူငယ်ကလေး၏ ခြေတို့ကို ကိုင်ငင်ယူဆွဲ၍ အထက်ကောင်းကင်သို့ ရောက်အောင် မင့်မြှောက်ပစ်လွှင့်လိုက်၏။

ဘုရားလောင်းသည် ကောင်းကင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် သာယာစွာသော အသံဖြင့် ခမည်းတော်မင်းမြတ်အား ဤဂါထာဖြင့် တရားဟောတော်မူ၏ –

ပုတ္တော တျာဟံ မဟာရာဇ၊ တွံ မံ ပေါသ ဇနာဓိပ။
အညေပိ ဒေဝ ပေါသေတိ၊ ကိဉ္စ ဒေဝေါ သကံ ပဇံ။

ဖခင်မင်းမြတ် အကျွန်ုပ်သည် အရှင်မင်းကြီး၏ သားတော် ပါတည်း။ လူအပေါင်းကို အစိုးရတော်မူပေသော မင်းမြတ် အရှင်မင်းမြတ်သည်ကိုယ့်သွေးကိုယ့်သားဖြစ်သော အကျွန်ုပ်ကို သိမ်းယူပိုက်ထွေး မွေးမြူတော် မူပါလော့။ လူ ဘို့၏ အရှင်ဖြစ်တော် မူပါသော မင်းမြတ်သည် အမျိုးမစပ် ကင်းပြတ်ဝေးငြား သူတစ်ပါးတို့ကို သော်လည်း သင့်လျော်မွေးကျွေး ပေးကမ်းသမှု ကြည့်ရှုစောင်မတော် မူချေသေးသည်၊ မိမိမှဖြစ်သော သားကို အဘယ်သို့သော အကြောင်းကြောင့် ကောင်းစွာပြုပြင် သုတ်သင် ပေးကျွေး မမွေးမြူလိုပါဘိ သနည်းဟု ပြောဆို၏။

မင်းကြီးသည် ကောင်းကင်အပြင်၌ ထိုင်နေ၍ ဤသို့သော တရားစကားကို ဟောကြားသော ဘုရားလောင်း၏ တရားကိုကြားနာရ၍ ချစ်သားလာလှည့်ဟုခေါ် ဆို၍လက်ကို ဖြန့်တော်မူ၏။ ငါသည်သာလျှင် မွေးမြူအံ့၊ ငါသည်သာလျှင် မွေးမြူအံ့ဟု ပြောဆိုကြကုန်လျက် တစ်ထောင် မျှလောက်သော လက်ကို အမတ်စစ်သူကြီး စသည်တို့သည် အသီးသီး ဖြန့်ကြကုန်၏။ ဘုရားလောင်းသည် တစ်ပါးသောသူ၏ လက်၌ မသက်မဆင်းမူ၍ မင်းကြီး၏ လက်၌သာလျှင် သက်ဆင်းပြီးသော် ရင်ခွင်၌ ထိုင်နေ၏။ မင်းကြီးသည် ထိုသားတော်အား အိမ်ရှေ့မင်းအဖြစ်ကို ပေး၍ မယ်တော်ကို မြတ်သော မိဖုရားကြီးအဖြစ်ကို ပြုပေ၏။ ထိုဘုရားအလောင်း မင်းသားသည် ခမည်းတော်ကွယ်လွန်သဖြင့် ကဋ္ဌဝါဟန မင်းမည်သည်ဖြစ်၍ တရားသဖြင့် မင်းအဖြစ်ကို ပြုပြီးသော် ကံအားလျော်စွာ လားကပ်ရလေ၏။

ဇာတ်ပေါင်းခြင်း

မြတ်စွာဘုရားရှင်သည် ကောသလမင်းကြီးအား ဤမဟာဒေသနာတော်ကို ဆောင်တော်မူ၍ အနုသန္ဓေကို စပ်ပြီးသော် ဒကာတော်မင်းကြီး ထိုအခါ၌ ထင်းရှူးသည်မ ဖြစ်ဖူးသော မယ်တော် မိဖုရားသည် ယခုအခါ၌ မဟာမာယာ မိဖုရားကြီး ဖြစ်လာသည်။ ထိုအခါ ခမည်းတော် ဗြဟ္မဒတ်မင်းကြီးသည် ယခု အခါ၌ သုဒ္ဓေါဒနမင်းကြီး ဖြစ်လာသည်။ ထိုအခါ ကဋ္ဌဝါဟနမင်းသည် ယခုအခါ၌ ငါဘုရားသည်သာလျှင် ဖြစ်လာသည်ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။ ဒကာတော်မင်းကြီး ရှေးပညာရှိတို့သည် ဆင်းရဲပင်ပန်းလှသော ထင်းခွေသည်မ အားဖြစ်သော မိဖုရားအရာကို ပေးတုံသေး၏။ ထိုထင်းခွေသည် မိန်းမ၏ ဝမ်း၌ ကိန်းပိုက်မွေးဖွားသော မင်းသားသည် တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်ကြီး၌ မင်းအဖြစ်သို့ရောက်၍ ကဋ္ဌဝါဟန မင်းမည်သည် ဖြစ်ပေ၏ဟု ကဋ္ဌဝါဟနဇာတ်ကို ဟောကြားတော်မူ၏။

ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားစကားကို ကြားနာရ၍ အမိ၏ အမျိုးအနွယ်သည် ပမာဏမဟုတ်၊ အဖ၏ အမျိုးအနွယ်သည်သာ ပမာဏ ဖြစ်ပေသတတ်ဟု နှစ်သက်၍ ဝါသဘခတ္တိယာ မိဖုရားအားလည်းကောင်း၊ သားတော်ဖြစ်သော ဝိဋူဍူဘအား လည်းကောင်း ရှေးအတိုင်းသော အစောင့်အရှောက် အခြံအရံတို့ကိုသာလျှင် ပေးသနားတော်မူစေ၏၊ သားတော် ဝိဋူဍူဘမင်းကိုလည်း စစ်သူကြီးအရာ၌ ပင် ထားပေ၏။

ဗန္ဓုလနှင့် မလ္လိကာတို့အကြောင်း

ဗန္ဓုလစစ်သူကြီးအားလည်း ကုသိနာရုံပြည်၌ မလ္လာမင်း၏သမီး မလ္လိကာ အမည်ရှိသော ခင်ပွန်းမ မယားသည် ရှိသည်ဖြစ်ပေ၏။ ထိုမလ္လိကာသည် ကာလ မြင့်ရှည် တည်နေသော နေည၌ ကာလပတ်လုံး သားသမီး တစ်စုံတစ်ယောက် ကိုမျှ မဖွားမြင်လေ၊ ထိုအခါ မလ္လိကာခင်ပွန်းမကို ဗန္ဓုလစစ်သူကြီးက ချစ်နှမ အသင်သည် အသင်၏ အမျိုးဟု ဆိုအပ်သော မိခင်ဖခင်တို့၏ အိမ်သို့သာလျှင် ပြန်သွားလေတော့ဟု စေလွှတ်လိုက်၏။ မလ္လိကာသည်လည်း မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ရှိခိုးဖူးမြင်၍သာ သွားတော့အံ့ဟု ဇေတဝန်ကျောင်း တော်သို့ ဝင်ပြီးသော် မြတ်စွာဘုရားရှင်ကို ကြည်လင်သွတ်လျှီး ရှိခိုးဦးချပြီး တည်နေသည်ကို မြတ်စွာဘုရားကိုယ်တော်မြတ်က ဘယ်အရပ်သို့သွားအံ့နည်းဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးမြတ်တော်မူလှပေသော မြတ်စွာ ဘုရား တပည့်တော်မ၏ အရှင် ခင်ပွန်းသော် ဖြစ်သော ဗန္ဓုလစစ်သူကြီးက အမျိုးဖြစ်သော မိခင် ဖခင်တို့၏အိမ်သို့ ပြန်သွားရန် လွှတ်လိုက်ပါသည်ဟု

လျှောက်ကြား၏၊ အဘယ်အကြောင်းကြောင့် အမျိုးဖြစ်သော မိခင်ဖခင်တို့၏ အိမ်သို့ ပြန်လွှတ်သနည်းဟု မေးတော်မူပြန်သော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား သမီး သား တစ်ယောက်ကို မရရှိ မဖွားမြင်သဖြင့် လူ့ ခွင်လောက၌ အသရေမဲ့လှသော မိန်းမမြုံမဟု အိမ်ကနှင်ထုတ်လိုက်၍ အမျိုးဖြစ်သော မိခင်ဖခင်တို့ အိမ်သို့ ပြန်လည်ရန် စေလွှတ်လိုက်ပါသည် ဘုရားဟု လျှောက်ကြားလျှင် မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒါယိကာမ မလ္လိကာ သားသမီးမရ မိန်းမမြုံမဟု မိဘရပ်ထံ အိမ်သို့ပြန်ရန် အကြောင်းမရှိ၊ မိမိ၏ နေထိုင်ရာ အိမ်သို့သာလျှင် ကောင်းစွာ ဆုတ်နစ် ပြန်လည်၍ သွားလေတော့ဟု မိန့်တော်မူ၏။ မလ္လိကာသည်လည်း နှစ်သက် ရွှင်လန်းသောစိတ် ရှိသည်ဖြစ်၍ မြတ်စွာဘုရားရှင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးပြီးသော် မိမိနေထိုင်ရာ အိမ်သို့ ပြန်သွားသောအခါ ဗန္ဓုလ စစ်သူကြီးက အဘယ်ကြောင့် ပြန်လည်၍ လာပြန်ဘိသနည်းဟု မေးသည်ရှိသော် မြတ်စွာဘုရားရှင်က ဆုတ်နစ်ပြန်လည်သွားလေဟု မိန့်တော်မူသောကြောင့် လာခဲ့ပါသည်ဟု ပြောကြား၏။ ဗန္ဓုလစစ်သူကြီးလည်း မြတ်စွာဘုရားရှင်သည် ကာလမြင့်တည် နည်းလှစွာသော အကြောင်းဖြစ်အင်ကို သိမြင်တော်မူပေလိမ့်မည်ဟုကြံ၍ ထိုသို့ဖြစ်လျှင် ချစ်နှမ ကောင်းလှပေပြီ၊ ကောင်းမွန်စွာ နေလေလော့ဟု ဝန်ခံ၏။

မလ္လိကာ ချင်ခြင်းတပ်ခြင်း

မလ္လိကာသည်လည်း ကြာမြင့်မိပင်လျှင် ကိုယ်ဝန်ကိုရ၍ ချင်ခြင်းဖြစ်သောကြောင့် မိမိ၏ ခင်ပွန်းလင် ဖြစ်သော ဗန္ဓုလ စစ်သူကြီးကို အရှင် အသင့်ကြင်ဖော်ဖြစ်သော ကျွန်တော်မအား နှလုံးငြိုငြင် ခင်မင် တောင့်တခြင်းဟုဆိုအပ်သော ချင်ခြင်းသည် ဖြစ်ပေါ်လာချေပြီဟု ပြောကြား၏။

ချစ်နှမ အဘယ်ကဲ့သို့သော ချင်ခြင်း ဖြစ်ပေါ်လာသနည်းဟု ဗန္ဓုလစစ်သူကြီးက မေးပြန်သောကာလ အို ချစ်လင် ဝေသာလီပြည်ကြီး၌ အလုံးစုံကုန်သော လိစ္ဆဝီမင်းတို့၏ ဘိသိက်သွန်းရာ မင်္ဂလာရေကန်သည် ရှိပါသည်။ ထိုမင်္ဂလာရေကန်၏ အတွင်းသို့ သက်ဆင်းပြီး ရေချိုးသုံးသပ်ပြီး၍ ရေကိုသောက်မျိုခြင်းငှာ အလိုဆန္ဒ ရှိပါသည်။ ဤသို့ အမြဲ နှလုံးထဲ၌ စွဲကပ်သော ချင်ခြင်းရှိပါသည်ဟု ပြောကြားသော် ဗန္ဓုလ စစ်သူကြီးက ကောင်းလှပြီ ချစ်နှမ မကြောင့်ကြလင့်ဟု နှစ်သိမ့်စေပြီးလျှင် ဗိုလ်တစ်ထောင်အားမှ ပင့်မချီကိုင်တင်နိုင်သော လေးကိုယူ၍ ခင်ပွန်းဖြစ်သော မလ္လိကာကို ရထားထက်၌တင်၍ သာဝတ္ထိပြည်မှ ထွက်ပြီးသော် ရထားကို မောင်းနှင်လျက် မဟာလိလိစ္ဆဝီမင်းသား ပေးထားအပ်သော တံခါးဖြင့် ဝေသာလီပြည်သို့ ဝင်လေ၏။

မဟာလိ လိစ္ဆဝီမင်း၏ နေရာအိမ်သည်လည်း တံခါး၏အနီး၌သာလျှင် ဖြစ်ပေ၏။ မဟာလိ လိစ္ဆဝီမင်းသားသည် ရထား၏ တံခါးခုံ၌ ထိခိုက်သော အသံကို ကြား၍သာလျှင် ဤအသံသည်ကား ဗန္ဓုလစစ်သူကြီး၏ ရထားသံတည်း။ ယနေ့ လိစ္ဆဝီမင်းတို့အား ဘေးအန္တရာယ် ငြိတွယ်ကျရောက်ခြင်း ဖြစ်လတ္တံ့ဟု ဆို၏။ ရေကန်သည်လည်းအတွင်း၌ ဂညီးကောင်း၊ အဝ၌ လည်းကောင်း အစောင့်အရှောက် လွန်စွာအားကြီး၏၊ အထက်၌ သံကွန်ရက်ဖြင့် မြေးယှက် အုပ်ကာ၍ ထားအပ်သောကြောင့် ကောင်းကင်သို့ ပျံသွားသော ငှက်များပင် သော်လည်း ဝင်နိုင်ရန် အခွင့်မရှိ။ ဗန္ဓုလစစ်သူကြီးသည် ရထားမှသက်ဆင်း၍ အစောင့်အရှောက်ဖြစ်ကုန်သော လူတို့ကို သန်လျက်ဖြင့်ပုတ်ခတ်၍ ထွက်ပြေးစေပြီးလျှင် သံကွန်ရက်ကို ဖြတ်ပြီးသော် ရေကန်၏အတွင်းသို့ မယားကို သက်ဆင်း၍ ချိုးစေ သောက်စေပြီး မိမိသည်လည်း ရေချိုး၍တစ်ဖန် မလ္လိကာကို ရထားထက်သို့ တင်ပြီးသော် မြို့မှထွက်၍ လာခဲ့သော လမ်းခရီးဖြင့်သာလျှင် သွားလေ၏။

ဗန္ဓုလကို ရထားငါးရာဖြင့် လိုက်ခြင်း

ရေကန်အစောင့်အရှောက်တို့သည်လည်း လိစ္ဆဝီမင်းတို့အား ကြားလျှောက်ကုန်၏။ လိစ္ဆဝီ မင်းတို့သည်လည်း ဒေါသအမျက် ထွက်၍ ရထားငါးရာတို့သို့ တက်စီးကုန်လျက် ဗန္ဓုလစစ်သူကြီးကိုလည်းကောင်း၊ မလ္လိကာကို လည်းကောင်း ဖမ်းယူအံ့ဟု ထွက်ကုန်၏၊ ထိုသို့သော အကြောင်းကိုလည်း မဟာလိလိစ္ဆဝီမင်းအားကြားကုန်၏၊မဟာလိမင်းသားကလည်း အသင်တို့သည် မလိုက်ကြပါကုန်လင့်၊ ထိုဗန္ဓုလသည် အလုံးစုံသော အသင်တို့ကို သတ်ပေလတ္တံ့ဟု တားမြစ်ပြောဆို၏။ ဆရာ ငါတို့သည် တားမြစ်သော်လည်း မနေ လိုက်ကုန်အံ့ဟု ဆိုကုန်သည်ရှိသော် ထိုသို့ဖြစ်လျှင် ထိုဗန္ဓုလရထား၏လှည်းဘီးစက်၏ ပုံတောင်းချက်မျှတိုင်အောင် မြေသို့ ဝင်ရာအရပ်ကို မြင်သည်ရှိသော် ပြန်လည်ခဲ့ကြကုန်လော့၊ ထိုမျှလောက်အရပ်ဌာနမှ မဆုတ်နစ် မပြန်လည်ခဲ့ကြမူ ရှေ့မှမိုးကြိုးစက် အသံကဲ့သို့သော အသံကို ကြားရကုန်လတ္တံ့၊ ထိုမိုးကြိုးစက်ကဲ့သို့သော အသံကိုကြား၍ ကြားသော အရပ်ဌာနမှ ပြန်လည်ခဲ့ကြကုန်လော့၊ ထိုအရပ်မှ မဆုတ်နစ် မပြန်လည်ခဲ့သည်ရှိသော် သင်တို့၏ ရထားဦးတို့၌ အပေါက်ကို မြင်ကုန်လတ္တံ့၊ ယင်းသို့ မြင်သော် ထိုနေရာဌာနက ဆုတ်နစ်ပြန်လည်ကြကုန်လော့၊ ထိုအရပ်မှ တစ်ဖန် မပြန်ခဲ့သည်ရှိသော် ရှေ့နောက်စဉ်ကာ မသွားကုန်လင့်ဟု မှာထားလိုက်၏။

ထိုလိစ္ဆဝီမင်းတို့သည် မဟာလိမင်းသားမှာထားသော စကားဖြင့် မဆုတ်နစ် မပြန်လည်မူ၍ ထိုဗန္ဓုလကို လျင်မြန်စွာ အစဉ်လိုက်ကြကုန်၏။ ဤသို့ လိုက်လာသည်ကို မလ္လိကာကမြင်လျှင် အရှင်ရထားတို့သည် ထင်မြင်ကုန်၏ဟု

ပြောကြား၏၊ ထိုသို့ဖြစ်လျှင် ချစ်နှမ အလုံးစုံကုန်သော ရထားတို့သည် တစ်ခုတည်းသော ရထားကဲ့သို့ ထင်သောကာလ၌ ငါ့အား ကြားလော့ဟု မှာထား၏၊ မလ္လိကာသည်လည်း အကြင်အခါ၌ အလုံးစုံကုန်သော ရထားတို့သည် တစ်ခုတည်းသော ရထားတို့ကဲ့သို့ ရှေ့နောက်စဉ်လျက် ထင်ကုန်၏။ ထိုအခါ မလ္လိကာက အရှင်တစ်ခုတည်းသော ရထားကဲ့သို့သာ ထင်မြင်ပါကုန်သည်ဟုပြော၏။ ဗန္ဓုလစစ်သူကြီးက ထိုသို့ဖြစ်လျှင် ချစ်နှမ ကြိုးတို့ကို ကိုင်ငင်လော့ဟု မလ္လိကာအား ကြိုးတို့ကိုပေး၍ ရထား၌ တည်လျက်ပင်လျှင် လေးကိုတင်၍ ရထားလှည်းဘီးစက်သည် ပုံတောင်းချက်တိုင်အောင် မြေသို့ ဝင်လေ၏။ လိစ္ဆဝီမင်းတို့သည် ထိုသို့သော အရာဌာနကို မြင်ပါလျက်လည်း မဆုတ်နစ် မပြန်လည်ကုန်၊ ဗန္ဓုလစစ်သူကြီးသည် အတန်ငယ်သို့ ကို ဖုတ်ခတ်သော် မိုးကြိုးစက်ကဲ့သို့သော အသံသည်ဖြစ်၏၊ လိစ္ဆဝီမင်းတို့သည် ထိုအရပ်မှလည်း မဆုတ်နစ် မပြန်လည်ကြဘဲ အစဉ်အတိုင်းလာကုန်သည်သော် သွားလျက်ပင် ဗန္ဓုလစစ်သူကြီးသည် ရထားထက်၌ တည်လျက်သာလျှင် တစ်ခုသောမြားကို ပစ်လွှတ်၏။ ထိုမြားသည် ရထားငါးရာတို့၏ ရထားဦးတို့၌ အပေါက်ပြု၍ လိစ္ဆဝီမင်းသားငါးရာတို့ ရှေ့နောက်ဝန်းညှပ် ဖွဲ့အပ်သော နေရာ၌ ထုတ်ချင်းယှဉ်ပေါက်၍ မဟာပထဝီမြေကြီးသို့ ဝင်လေ၏။

လိစ္ဆဝီမင်းတို့ သေဆုံးခြင်း

လိစ္ဆဝီမင်းသားတို့သည် မိမိတို့အား မြားပေါက်ထွင်း၍ သွားသည်အဖြစ်ကို မသိသောကြောင့် အချင်း ဗန္ဓုလ ရပ်ဦးလော့ အချင်း ဗန္ဓုလ ရပ်ဦးလော့ ဟု ဆိုကုန်လျက် အစဉ်လိုက် ကုန်သည် သာလျှင်တည်း။ ဗန္ဓုလသည်လည်း ရထားကို မောင်းနှင်လျက် သာလျှင် အသင်တို့သည် သေလွန်ကုန်ပြီ၊ သေလွန်ကုန်ပြီးသော အသင်တို့နှင့် အတူတကွ ငါ့အား စစ်ထိုးဖွယ်ကိစ္စမည်သည် မရှိဟု ဆို၏၊ လိစ္ဆဝီမင်းတို့က သေလွန်သော သူတို့မည်သည် ငါတို့နှင့် တူသည် မဖြစ်ကုန်၊ ငါတို့သည် မသေလွန်ကုန်ဟု ပြန်-ပြောသည့်အခါ ထိုသို့ဖြစ်လျှင် အလုံးစုံကုန်သော သူတို့၏ ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း တည်ရှိသော မြဲမြံစွာ ဖွဲ့အပ်သော အဖွဲ့တို့ကို ဖြေချွတ်ကုန်လော့ဟု ဆိုသဖြင့် လိစ္ဆဝီမင်းတို့သည် ဖြေချွတ်ကုန်သော် ထိုခဏ၌သာလျှင် သေ၍ လဲကြလေ၏။ ထိုအခါမှ ဗန္ဓုလစစ်သူကြီးက အလုံးစုံကုန်သော အသင်တို့သည်လည်း ဤသို့သဘောရှိသည်သာလျှင် ဖြစ်ကုန်သည်။ မိမိ၏ အိမ်သို့ လျင်မြန်စွာ ပြန်သွား၍ စီရင်အပ်သည်ကို စီရင်၍ သားမယားတို့ကို ဆုံးမ၍ အဖွဲ့ကိုဖြေချွတ်ကုန်လော့ဟု ဆို၏။ လိစ္ဆဝီမင်းတို့လည်း ထိုသို့ပြောဆိုသော အခြင်းအရာဖြင့် ပြု၍ အလုံးစုံကုန်သော လိစ္ဆဝီမင်းတို့သည် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏။

ဗန္ဓုလသည်လည်း ခင်ပွန်းဖြစ်သော မလ္လိကာကို သာဝတ္ထိပြည်သို့ ဆောင်ဖေ၏။ မလ္လိကာသည်လည်း တစ်ဆယ့်ခြောက်ကြိမ် အစုံအစုံကုန်သော သားတို့ကို ဖွားမြင်လေ၏။ အလုံးစုံကုန်သော သားတို့သည်လည်း ရဲရင့်ကုန်၏။ အားအစွမ်းနှင့် ပြည့်စုံသည် ဖြစ်ပေကုန်၏။ အလုံးစုံကုန်သော သားတို့သည် အလုံးစုံကုန်သော အတတ်ပညာတို့၌အပြီးအဆုံးသို့ ရောက်ကုန်၏။တစ်ယောက် တစ်ယောက်၏သော သားအား ယောကျ်ားတစ်ထောင် အခြံအရံရှိ၏။ ဖခင်နှင့်တကွ မင်းအိမ်တော်သို့ ခစားရန် သွားကြကုန်သည် ရှိသော် ထိုသူတို့ဖြင့် သာလျှင် မင်းယင်ပြင်အသည် ပြည့်လေ၏၊ထို့နောက် တစ်နေ့သ၌ တရားဆုံးဖြတ်ကုန်သော အမတ်တို့သည် တံစိုး လက်ဆောင်စားလျက် ကောက်ကျစ်စဉ်းလဲသောအားဖြင့် ရှုံးစေအပ်ကုန်သော ပစ္စည်းရှင်ဖြစ်ကုန်သော လူတို့သည် ဗန္ဓုလစစ်သူကြီး ခရီးသစ်အခါ၌ လာသည်ကို မြင်ကုန်သည်ရှိသော် ကြီးကျယ်စွာသော အသံဖြင့် မြည်တမ်းဟစ်အော်ကုန်လျက် တရားဆုံးဖြတ်ကုန်သော အမတ်တို့သည် မဖြောင့်မတ်ဘဲ စဉ်းလဲချတ်ချော် မတော်မလျော် တရားဆုံးဖြတ်ကြသော အကြောင်းကို ဗန္ဓုလစစ်သူကြီးအား လျှောက်ကြားကုန်၏၊ ဗန္ဓုလစစ်သူကြီးလည်း တရားဆုံးဖြတ်ရာ အရပ်သို့ သွားပြီးသော် ထိုတရားကိုပင် စိစစ်ပြန်၍ ပစ္စည်းရှင်ဖြစ်သော သူကိုသာလျှင် ပစ္စည်းရှင်ဖြစ်အောင် ပြုပေ၏။ များစွာသော လူများအပေါင်းသည် ကျယ်စွာသော အသံဖြင့် ကောင်းချီးပေးခြင်းကို ဖြစ်စေကုန်၏။ ပသေနဒီ ကောသလမင်းကြီးက ဤအသံကား အဘယ်အသံနည်းဟု မေးတော်မူ၍ ထိုအကြောင်းကို ကြားသိရသည်ရှိသော် နှစ်သက်တော်မူသောကြောင့် တရားဆုံးဖြတ်သော အလုံးစုံသော အမတ်တို့ကို ရာထူးမှ ဆုတ်ယုတ်နုတ်ထွက်စေ၍ ဗန္ဓုလ စစ်သူကြီးအားသာလျှင် တရားဆုံးဖြတ်သော အရာကို ဆောင်နှင်းတော်မူ၏။ ထိုအခါကာလမှစ၍ ဗန္ဓုလစစ်သူကြီးသည်သာ ကောင်းစွာ တရားဆုံးဖြတ်ပေ၏။

တံစိုးမစားရသော အမတ်တို့က ကုန်းချောခြင်း

ထိုသို့ ဗန္ဓုလစစ်သူကြီးသည်သာ တရားဆုံးဖြတ်သောကြောင့် ရှေးက တရားဆုံးဖြတ်ကုန်သော အမတ်တို့သည် တစ်စုံတစ်ခုသော တံစိုးလက်ဆောင် မရကုန်သည်ဖြစ်၍ နည်းသော လာဘ် သပ်ပကာ ရှိကြကုန်သောကြောင့် ဗန္ဓုလစစ်သူကြီးသည် မင်းအဖြစ်ကို တောင့်တကြံစည်၏ဟု မင်းကြီးအား ကုန်းချောစကား လျှောက်ကြားလျက် အချစ်ပျက်ခြင်း အမှုကို ပြုကုန်၏။ မင်းကြီးသည်လည်း ထိုအမတ်တို့ လျှောက်ထားသော ကုန်းချောစကားကို ယုံကြည်ခြင်း ရှိသည်ဖြစ်၍ မိမိစိတ်ကို နှိပ်ကွပ် ငြိမ်းအောင် မစွမ်းနိုင်၊ ကြံနိုင်မြဲ ပွဲထားသော ရန်လုံ့ဖြင့် အထန်တန် စိုးရိမ်ပူပန် ဖြူစွာဖြင့် ဤသူ

တို့ကို ဤအရပ်ဒေသ၌သာ သတ်ချအပ်သည်ရှိသော် ငါ့အား ကဲ့ရဲ့ရှုတ်ချခြင်း ဖြစ်ကုန်လတ္တံ့ဟု ကြံစည်ဆင်ခြင်ပြီး အမှုကို ရှက်ဆောင်ကုန်သော မင်းချင်းယောကျ်ားတို့ဖြင့် ပစ္စန္တရစ်အရပ်ကိုပုတ်ခတ်ထိပါး ချောက်ချားတုန်လှုပ်သည်ကို ပြုစေ၍ ဗန္ဓုလစစ်သူကြီးကို ခေါ်တော်မူပြီးလျှင် ပစ္စန္တရစ်ဒေသသည် ထကြွဖျက်ဆီး ပျက်စီး၍ ရှိပေ၏။ အသင်၏ သားတို့နှင့် အတူတကွ သွား၍ ခိုးသူတို့ကို ဖမ်းယူပါလောဟု စေလွှတ်၍ ထိုအရပ်၌သာလျှင် သားသုံးကျိပ်နှစ်ယောက်တို့နှင့် အတူတကွ ဗန္ဓုလစစ်သူကြီး ဦးခေါင်းကို ဖြတ်၍ ယူဆောင်ခဲ့ကြကုန်လော့ဟု ထိုသူတို့နှင့် အတူတကွသာလျှင် တစ်ပါးကုန်သော ဆောင်စွမ်းနိုင်သော စစ်သည်တို့ကို စေလွှတ်၏။

ဗန္ဓုလနှင့် သားများ အသတ်ခံရခြင်း

ဗန္ဓုလစစ်သူကြီးသည် ပစ္စန္တရစ်အရပ်သို့ သွားရောက်ခါမျှဖြင့် သာလျှင် စစ်သူကြီးသည် လာပေသတတ်ဟု လုယူဖျက်ဆီး ပုန်ကန်သောင်းကျန်းကုန်သော ခိုးသူတို့သည် ထွက်ပြေးတိမ်းရှောင်ကုန်၏။ ဗန္ဓုလစစ်သူကြီးသည် ထိုပစ္စန္တရစ် အရပ်ဒေသကို ဖွဲ့စည်းငြိမ်းအေး ပိပြားသေဝပ်အောင် စံမံလျက် တပန်နေစေပြီး၍ ဆုတ်နစ်ပြန်လည်၍ လာခဲ့ရာ မြို့နှင့်မဝေးမကွာသော နေရာဌာနသို့ ကျရောက်သောကာလ၌ မင်းကြီးစေလွှတ်အပ်ကုန်သော ထိုစစ်သည်တို့သည် သားသုံးကျိပ်နှစ်ယောက်တို့နှင့်တကွ ဗန္ဓုလစစ်သူကြီး၏ ဦးခေါင်းကို ဖြတ်ကုန်၏။ ထိုနေ့၌ပင် မလ္လိကာသည် ရဟန်းငါးရာတို့နှင့်တကွ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန် ဟူကုန်သော အဂ္ဂသာဝက နှစ်ပါးတို့ကို ပင့်ဖိတ်၍ ထားအပ်ကုန်၏။ ထိုအခါ မလ္လိကာအား နံနက်မိုးသောက်ကျရောက်စဉ် ကာလကပင်လျှင် သားသုံးကျိပ်နှစ်ယောက်တို့နှင့်တကွ အသင်၏ အရှင် ခင်ပွန်းလင်ဖြစ်သော ဗန္ဓုလ၏ ဦးခေါင်း ဦးဆက်ကို ဖြတ်၍ သတ်အပ်ကုန်ပြီဟူသော ကမ္ပည်းစာကို ဆောင်ယူခဲ့ပြီး ပို့လာကုန်၏။ မလ္လိကာသည် ထိုအကြောင်းကို သိ၍ တစ်စုံတစ်ခုသော အကြောင်းကိုမျှ တစ်စုံတစ်ယောက်သောသူအား မပြောမကြားဘဲ ကမ္ပည်းစာကို ရင်ခွင်ထက်၌ ထည့်သွင်းတင်ထားပြီးလျှင် ရဟန်းသံဃာတော်ကိုသာလျှင် လုပ်ကျွေးပြုစုပေ၏။ ထိုအခါ မလ္လိကာ၏ အလုပ်အကျွေးတို့သည် ရဟန်းတို့အား ဆွမ်းကို ကပ်လှူပြီး၍ ထောပတ်အိုးကို ဆောင်ခဲ့ကုန်သည်ရှိသော် မထေရ်တို့၏ ရှေ့သို့ကျမှ ထောပတ်အိုးသည် ကွဲလေ၏။ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်က ဒါယိကာမ အနိစ္စသဘောဖြင့် ရှေးလျောမတည် ကွဲပြိုပျက်စီးတတ်သော တရားသည် သဘောအားလျော်စွာ ကွဲအက်ပြုန်းတီးပျက်စီးလေတော့သည်၊ ငါ၏ ပစ္စည်းဥစ္စာသည် ကွဲပြိုပျက်စီး ပြုန်းတီးရာ

သလောဟု မနောပဒေါသ သောကယှက်ထွေး ပူးဆွေ၊ညှိုးပိန် စိုးရိမ်ကြံစည် ကြောင့်ကြခြင်းကို မပြုအပ်ဟု ဆုံးမဟောကြားတော်မူပေ၏။ ထိုမလ္လိကာသည် မိမိ၏ ရင်ခွင်ထဲမှ ကမ္ပည်းစာကို ဆွဲထုတ်ယူ၍ ဖတ်ပြီးသော် ဤသို့လျှောက်ထား၏။

အရှင်ဘုရား သားသုံးကျိပ်နှစ်ယောက်တို့နှင့်တကွ ဖခင်ဖြစ်သော ဗန္ဓုလ စစ်သူကြီး၏ ဦးခေါင်းကို ဖြတ်အပ်သတည်းဟု ဤကမ္ပည်းစာကို ဆောင်ယူ၍ ပို့လာပါကုန်သည်။ တပည့်တော်မသည် ဤသို့သော အကြောင်းကို ကြားသိ ပါလျက်ပင်သော်လည်း ကြံစည် ညှိုးပိန် စိုးရိမ်ကြောင့်ကြ သောကပူဆွေး ငိုကြွေးခြင်းမရှိပါ။ ဤထောပတ်အိုး ကွဲပျက်ရာ၌ အဘယ်မှာ ကြံစည်စိုးရိမ် ခြင်း ဖြစ်ပါအံ့နည်းဟု လျှောက်ကြား၏။ တရားစစ်သူကြီး ဖြစ်တော် မူသော ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်သည်လည်း "အနိမိတ္တမနညာတံ၊ မစ္စာနံ ဣဓ ဇီဝိတံ" အစရှိသည်တို့ကို ရွတ်ဆိုတော်မူပြီး တရားစကားဟောကြား တော်မူပြီးသော် နေရာမှ ထ၍ ကျောင်းတော်သို့ ကြွသွားတော်မူ၏။

ချွေးမတို့အား ဆုံးမစကားပြောခြင်း

မလ္လိကာသည်လည်း ချွေးမသုံးကျိပ်နှစ်ယောက်တို့ကို ခေါ်စေ၍ ဤသို့ ပြောဆိုဆုံးမ၏၊ ချစ်သမီးတို့ အသင်တို့၏အရှင် ယော်ချစ်လင်တို့သည် ကင်းစင်အပြစ် မှုညစ်တင်မေး ယှက်ထွေးသောအရာ မရှိပါသော်လည်း ရှေးခါ ကာလ သံသာရက ပြုကျင့် ပြစ်မှားမိခဲ့ကြသော ကံ၏အကျိုးကို ကံသာလျှင် ပြုပြင်စီမံဆုကို ခံရသော သတ္တဝါမျိုးဖြစ်၍ မရှောင်မငြင်းသာသော အားဖြင့် ခံစားရရှာလေကုန်ပြီ။ အသင် ချစ်သမီးတို့သည် ငါတို့၏ ချစ်လင်လူလှ သေလွန် ရသည်ဟု မစိုးရိမ်ကြပါကုန်လင့်။ ရှေးဖြစ်နောက်ကြောင်း တပြောင်းပြန်ပြန် ကြံဖန်တွေးဆလျက် မငိုကြွေးကြပါကုန်လင့်။ ကျေးဇူးတော်သခင် ပသေနဒီ မင်းမြတ်၏ အပေါ်၌လည်း အပြစ်အာစာရ အနည်းငယ်မျှ မရှိပါဘဲလျက် ဆက်သက် သူတစ်ပါးတို့ ကုန်းချောသော်စကားဖြင့် တက်ပွားအမျက် ကုပ်မျက် သတ်ဖြတ်ခြင်းကို ပြုရာသလောဟု မနောပဒေါသ ပြစ်မှားခြင်းကို မပြုကြပါ ကုန်လင့်ဟု ဆုံးမပေ၏။ သတင်းစကားကို နားထောင် လှည့်ကုန်သော မင်းချင်း ယောကျ်ားတို့သည် မလ္လိကာပြောဆိုဆုံးမသော ထိုစကားကို ကြား၍ မင်းကြီး ထံသို့ သွားရောက်ပြီးလျှင် ဗန္ဓုလ စစ်သူကြီးနှင့်တကွ သား၃၊သုံးကျိပ်နှစ်ယောက် တို့၏ အပြစ်အာစာရမရှိသော အဖြစ်ကို ကြားလျှောက်ကုန်၏။ ပသေနဒီ ကောသလ မင်းကြီးသည် ထိတ်လန့်ခြင်းသို့ ရောက်၍ မလ္လိကာ၏ နေအိမ်သို့ ရောက်၍ မလ္လိကာ၏ နေအိမ်သို့ သွားရောက်ပြီးသော် မလ္လိကာကိုလည်းကောင်း၊ ချွေးမ သုံးကျိပ်နှစ်ယောက်တို့ကို လည်းကောင်း သည်းခံစေ၍ မလ္လိကာအား ဆုကိုပေး၏။

မလ္လိကာသည် မိဘရပ်ထံ ပြန်သွားခြင်း

မလ္လိကာသည်လည်း အရှင်မင်းမြတ်သည်ပေးသနားတော်မူအပ်သော ဆုကို ယူအပ်သည်ဖြစ်ပါစေလော့ဟုလျှောက်ကြားပြီးမှ ပသေနဒီ ကောသလမင်းကြီး ပြန်သွားသည်ရှိသော် ထိုအိမ်၌ သေလွန်လေသော သူတို့အား ရည်မှန်၍ ကျွေးမွေးပေးကမ်း လှူဒါန်းခြင်းတည်းဟူသော မတကဘတ်ကို လှူဒါန်း ကျွေးမွေးပြီး မင်းကြီး၏ အထံသို့ ချဉ်းကပ်ညွတ်လျှိုး ရှိခိုးပြီးသော် အရှင်မင်းမြတ် အရှင်မြတ်တို့သည် ကျွန်တော်မအား အစဉ်သနားသဖြင့် တစ်ခုသောဆု ပေးသနားတော် မူပါသည်။ ယင်းသို့ ပေးသနားတော်မူသော ဆုအရ တစ်ပါးသောကိစ္စဖြင့် ကျွန်တော်မအား အလိုဆန္ဒမရှိပါ။ ချွေးမ သုံးကျိပ်နှစ်ယောက်တို့နှင့် ကျွန်တော်မကို ဆွေမျိုးဉာတိ မိဘတို့အိမ်သို့ ကောင်းစွာ ပြန်လည်ရန် အခွင့်ကိုသာ ခွင့်ပေးသနားတော်မူပါကုန်လော့ဟု လျှောက်ကြား၏။ မင်းကြီးလည်း ဝန်ခံပေ၏။ မလ္လိကာသည် ချွေးမ သုံးကျိပ်နှစ်ယောက်တို့ကို မိမိတို့၏ ဆွေမျိုးဉာတိ မိဘတို့အိမ်သို့ စေလွှတ်၍ ပို့စေ၏။ မိမိသည်လည်း ကုသိနာရုံပြည် ဆွေမျိုးဉာတိ မိမိ၏မိခင် ဖခင်တို့ အိမ်သို့ ပြန်လာခဲ့၏။

ပသေနဒီကောသလမင်းကြီးသည် ဗန္ဓုလစစ်သူကြီး၏ တူဖြစ်သော ဒီဃ-ကာရာယနအား စစ်သူကြီးအရာကို ပေးတော်မူ၏။ ဒီဃကာရာယန စစ်သူကြီး လည်း ဤမင်းကြီးသည် ငါ၏ဦးရီးကို ကပ်မျက် သတ်ဖြတ်လေသောသူတ ည်းဟု စိတ်၌ ကြံစည်အောက်မေ့လျက် မင်းကြီး၏ သတိမေ့လျော့သော အခွင့်ကိုသာ ရှာကြံကြည့်ရှုပြီး လှည့်ပတ်ခစား၍ နေ၏။ ပသေနဒီကောသလမင်းကြီးသည် အပြစ်အာစာရ အနည်းငယ်မျှ မရှိသော ဗန္ဓုလစစ်သူကြီးအား သတ်အပ် သော ကာလမှစ၍ နှလုံးမသာယာခြင်း ရှိသည်ဖြစ်၍ စိတ်၏ သက်သာရာကို မရ၊ မင်း၏ စည်းစိမ်ချမ်းသာကို မခံစားလေ၊ ထိုအခါ မြတ်စွာဘုရားရှင်သည် သာကီဝင်မင်းတို့၏ ရွာဖြစ်သော မေဒါဠုပ နိဂုံးကို အမှီပြု၍ သီတင်းသုံး နေတော်မူ၏။

ပသေနဒီကောသလမင်းကြီး နတ်ရွာစံခြင်း

ပသေနဒီ ကောသလမင်းကြီးသည် ထိုမြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဖြစ်သော အရပ်နေရာသို့ သွားရောက်၍ ကျောင်းတော်အာရာမ်မှ မနီးမဝေး၌ သစ်ခက်တဲနန်းဖွဲ့၍ နေပြီးသော် များစွာသော အခြံအရံနှင့်တကွ မြတ်စွာ ဘုရားကို ရှိခိုးအံ့ဟု ကျောင်းတော်သို့ သွားပြီးလျှင် မင်းမြောက်တန်ဆာ ငါးပါးတို့ကို ဒီဃကာရာယန စစ်သူကြီးအား ပေးအပ်၍ တစ်ယောက်ထည်းသာ ဂန္ဓကုဋိသို့ ဝင်တော်မူ၏။ မင်းကြီးသည် ဂန္ဓကုဋိတိုက် ဘုရားအထံတော်သို့ ဝင်တော်မူသည်ရှိသော် ဒီဃကာရာယန စစ်သူကြီးသည် မိမိအား အပ်နှံ၍

ထားခဲ့သော မင်းမြောက်တန်ဆာ ငါးပါးတို့ကို ယူ၍ ဝိဋ္ဋူဘ မင်းသားကို မင်းမြှောက်သည်ကိုပြုပြီးလျှင် မင်းကြီးအား မြင်းတစ်ကောင်, ခြေရင်း အလုပ်အကျွေး မိန်းမတစ်ယောက်ကို ထား၍ သာဝတ္ထိပြည်သို့ ပြန်လည်၍ သွား၏။ ပသေနဒီ ကောသလမင်းကြီးသည်လည်း မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့် အတူတကွ ချစ်ခင်နှစ်သက်ဖွယ်ရာသော စကားတို့ကို ပြောဆို လျှောက်ထားပြီး မြတ်စွာဘုရားကို ရှိခိုးဦးချ၍ ထွက်လာသည်ရှိသော် စစ်သည် အပေါင်းကို မမြင်သောကြောင့် ကြွင်းကျန်စောင့်နေသော မိန်းမတစ်ယောက်ကို မေးသည်ရှိသော် အခြင်းအရာအကြောင်း အလုံးစုံတို့ကို အကုန်ပြန်ကြား လျှောက်ထားသဖြင့် ကြားသိသောအခါ ငါသည် တူတော်ဖြစ်သော အဇာတသတ်မင်းကို သွားရောက်ခေါ်ယူပြီး တူတော် အဇာတသတ်မင်းနှင့် အတူတကွ သာဝတ္ထိပြည်သို့ သွားပြီးသော် ဝိဋ္ဋူဘကို ဖမ်းယူအံ့ဟုကြံ၍ ရာဇဂြိုဟ်ပြည်သို့ ရှေးရှုသွားသည် ရှိသော် ညချမ်းသောအခါ မြို့တံခါးတို့ကိုပိတ်ထားပြီးသော အခါတို့၌ မြို့သို့ရောက်၍ မြို့တံခါး၏အနီး ဇရပ်တစ်ခု၌ အိပ်စက်တော် မူသည် ရှိသော် လေနေပူတို့ဖြင့် ပင်ပန်းသော သဘောရှိသည်ဖြစ်၍ ညဉ့်အဖို့ကာလဝယ် ထိုဇရပ်၌ပင်လျှင် စုတိသေလွန်လေ၏။

ထိုညဉ့် မိုးသောက်ယံ၌ "ကောသလတိုင်းကြီးရှင် ဘုရင်နရိန္ဒရာဇာသည် ဤဒေသ ဤအရပ်၌ ဆည်းကပ်မည့်သူ ပါးရှားလျက် ကိုးကွယ်ရာ မဲ့သောအားဖြင့် ဖြစ်ခဲ့လေပြီတကား"ဟု ဟစ်အော် ငိုကြွေးသော အလုပ်အကျွေး ထိုမိန်းမ၏ အသံကိုကြား၍ မင်းကြီးအား ကြားလျှောက်ကုန်၏။အဇာတသတ်မင်းကြီးလည်း ဦးရီးတော်၏ အလောင်းတော်ကို ကြီးကျယ်စွာသော ပူဇော်သက္ကာရဖြင့် ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်းအမှုကို ပြုပေ၏။ ဝိဋ္ဋူဘသည်လည်း မင်းအဖြစ်ကိုရ၍ ရှေးက ပြုဖူးမသောရန်ကို ပြန်လှန်စေ့စေ့ အောက်မေ့မိသည် ဖြစ်၍ အလုံးစုံကုန်သော သာကီဝင်မင်းတို့ကို သတ်အံ့ဟု များစွာသော စစ်သည်ဗိုလ်ထုနှင့် တကွ သာဝတ္ထိပြည်မှ ထွက်ခဲ့၏။

ဆွေမျိုးအရိပ်သည် ပိုမိုအေးချမ်း၏

ထိုနေ့၌ မြတ်စွာဘုရားရှင်သည် မိုးသောက်ယံ၌ လောကကို ကြည့်ရှုတော်မူသည်ရှိသော် ဆွေတော်မျိုးတော်အပေါင်း၏ ပျက်စီးအံ့သည်ကို မြင်တော်မူသောကြောင့် ဆွေတော်မျိုးတော်တို့အား ချီးမြှင့်ခြင်းကိုပြုခြင်းငှာ သင့်လျော်လျောက်ပတ်အံ၏ဟု ကြံတော်မူ၍နံနက်သောအခါ၌ ဆွမ်းအလို့ငှာ လှည့်လည်တော်မူပြီး ဆွမ်းခံရွာမှ ဖဲကြွတော်မူသည်ရှိသော် ဂန္ဓကုဋီတိုက်တော်၌မြတ်သော လျောင်းခြင်းဖြင့် လျောင်းစက်တော် မူခြင်းကို ပြုတော်မူပြီး၍ ညချမ်းသောအခါ၌ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူခဲ့ပြီးလျှင် ကပိလဝတ်ပြည်၏အနီး

ဖြစ်သောပြောက်ကျားကျဲတဲသော အရိပ်ရှိသော သစ်ပင်ရင်းတစ်ခု၌သီတင်းသုံး ထိုင်နေတော်မူ၏။ ထိုမှတပါး ဝိဋူဍဘမင်းသား၏ နိုင်ငံတွင်း အပိုင်းအခြားဝယ် စည်ကားခက်သက် အေးမြက်ဝေဆာသော အရိပ်ရှိသော ပညောင်ပင်ကြီး သည်ရှိ၏။ ဝိဋူဍဘမင်းသားသည် ခရီးစဉ်အတိုင်း လာခဲ့၍ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို မြင်လျှင် ကြည်လင်ညွှတ်သျှိုး ရှိခိုးချဉ်းကပ်ပြီး ဘုန်းတော် ကြီးမြတ်တော်မူလှပေသော မြတ်စွာဘုရား ဤသို့ သဘောရှိသော ပူပြင်းလှ သောအခါ၌ ပြောက်ကျားကျဲတဲသော အရိပ်ရှိသော ဤသစ်ပင်ရင်း၌ အဘယ် အကြောင်းကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် သီတင်းသုံးတော် မူပါသနည်း၊ တုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထူထဲခက်ရွက် အေးမြက်ဝေဆာသော အရိပ်နေရာရှိသော ထိုပညောင်ပင်ကြီးသည် ရှိပါသည်၊ ထိုပညောင်ပင်ရင်း၌ အရှင်ဘုရား တို့သည် သီတင်းသုံးတော် မူပါကုန်လော့ဟု လျှောက်ကြားသော် မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒကာတော်မင်းကြီး ရှိပါစေတော့၊ ဆွေမျိုးတို့၏ အရိပ်မည်သည်ကား အလွန်ပင် ချမ်းအေး လှပေသည်ဟု မိန့်တော်မူသည် ရှိသော် ဆွေတော်မျိုးတော်တို့အား စောင့် ရှောက်ခြင်းငှာ မြတ်စွာဘုရားရှင်သည် ကြွလာတော်မူသည် ဖြစ်ပေလိမ့် မည်ဟု ကြံ၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးလျှင် ဆုတ်နစ် ပြန်လည်ခဲ့ပြီး သာဝတ္ထိပြည်သို့သာလျှင် ပြန်လာခဲ့၏။ မြတ်စွာဘုရားရှင် သည်လည်း ကောင်းကင်သို့ ပြန်တက်တော်မူ၍ ဇေတဝန်ကျောင်းတော်သို့သာ ကြွတော်မူ ခဲ့၏။ ဝိဋူဍဘမင်းသည်လည်း သာကီဝင်မင်းတို့၏ အပြစ်ကို စိစစ်အောက်မေ့ ဆင်ခြင်၍ နှစ်ကြိမ်မြောက် ထွက်တော်မူပြန်သည်ရှိသော် ထိုအရပ်၌သာလျှင် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို တွေ့မြင်၍ ရှေးနည်းအတူ ဆုတ်နစ် ပြန်လည် လေ၏။ သုံးကြိမ်မြောက်လည်း ထွက်သွား၍ ဘုရားကိုယ်တော်မြတ်ကို တွေ့မြင် သော် ထိုနေရာကပင် ဆုတ်နစ်ပြန်လည်၏။

သာကီဝင်မင်းတို့ ပျက်စီးခြင်း

လေးကြိမ်မြောက်၌ သော်ကား ဝိဋူဍဘမင်းသည် စစ်သည် ဗိုလ်ပါတို့နှင့် တကွ ထွက်သွားသည်ရှိသော် မြတ်စွာဘုရားရှင်သည် သာကီဝင်မင်းတို့၏ ရှေးကပြုခဲ့ဖူးသော မကောင်းမှုကံကို ကြည့်ရှုသော် ထိုသာကီဝင်မင်းတို့အား ဟစ်နေ့သောအခါ၌ မြစ်၌ ငါးအဆိပ်ဆေးခတ်မိသော မကောင်းမှုကံ၏ ပြင်းထန် ယှက်ထွေး ဝန်လေးလှသော သဘောရှိသဖြင့် မတားမြစ် ကောင်းသည်၏ အဖြစ်ကြောင်းအင်ကို သိမြင်တော်မူသည် ဖြစ်၍သာလျှင် လေးကြိမ်မြောက်၌ မြတ်စွာဘုရားသည် ကြွလာတော်မမူ၊ ဝိဋူဍဘမင်းသည်လည်း သာကီဝင်မင်း တို့ကို သတ်အံ့ဟု ကြီးကျယ်များပြားသော စစ်သည်ဗိုလ်ထုဖြင့် ထွက်လာ၏။

မြတ်စွာဘုရားရှင်၏ ဆွေတော်မျိုးတော်ဖြစ်ကုန်သော သာကီဝင်မင်းတို့သည် သူတစ်ပါး၏အသက်ကိုပယ်ဖျက်ချဘတ်ခြင်း သဘောမရှိသောအသတ္တဃာတက မည်ကုန်ရကား မိမိ၏အသက်ပင် သေလွန်သော်လည်း သူတစ်ပါး၏ အသက်ကို မချသတ်ကုန်၊ ထိုသာကီဝင်မင်းတို့သည် စည်းဝေးကြပြီး ငါတို့သည် သင်ကြား၍ တတ်မြောက်အပ်သော ကြီးကျယ်မြင့်မြတ်သော လေးအတတ်ပညာတို့သည်ကား ရှိပေ၏။ ယင်းသို့ပင် ရှိပါသော်လည်း သူတစ်ပါး၏ အသက်ကို ချသတ်ခြင်းငှာ မတတ်ကောင်း၊ မိမိ၏ ဒူ တတ်ပညာ အမှုကိစ္စကိုပြလျက် ထွက်ပြေးစေကုန်အံ့ဟု တိုင်ပင် ကြံစည်ကြပြီး သာကီဝင်မင်း အပေါင်းတို့သည် ရုံးစုစည်းဝေးလျက် ထွက်သွားပြီးသော် စစ်ထိုးခြင်းငှာ အားထုတ်ကုန်၏။ ထိုသာကီဝင်မင်းတို့သည် ပစ်လွှတ်အပ်သော မြားတို့သည် ဝိဋူဍဘမင်းပရိသတ် စပ်သည်ဗိုလ်ထုဘို့၏ အကြားအကြားဖြင့် သွားကုန်၏။ ပျဉ်ချပ်အကြားတို့ဖြင့် လည်းကောင်း၊ နားပေါက်စသည်တို့ဖြင့် လည်းကောင်း ထွက်သွားကုန်၏။ ဝိဋူဍဘမင်း မြင်သည်ရှိသော် အိုအချင်းတို့ သာကီဝင်မင်းတို့သည် သတ္တဝါတို့ကို မသတ်ပုတ်မည့်ဦးဆဲဟု ဆိုကုန်သည် မဟုတ်တုံလော။ ယခုအခါ ငါ၏စစ်သည်တော် ယောကျ်ားတို့ကို အဘယ့်ကြောင့် ထိပါးပုတ်ခတ်ဖျက်ဆီးကုန်သနည်းဟု ဆို၏။ ထိုအခါ ဝိဋူဍဘမင်းကို ခင်းချင်းယောကျ်ား တစ်ယောက်က အရှင်မင်းမြတ် အသို့နည်း ဆုတ်နစ်ပြန်လည်၍ ကြည့်ရှုတော်မူပါလော့။ သာကီဝင်မင်းတို့သည် ငါ၏မင်းချင်း ယောကျ်ားတို့ကို သတ်ဖြတ်သည်ဟု ဆိုကုန်၏။ အရှင်မင်းကြီး၏ မင်းချင်းယောကျ်ား တစ်ယောက်မျှ သေသောသူမည်သည် မရှိဟု လျှောက်ကြား၏။ အချင်းတို့ ထိုသို့ဖြစ်လျှင် ငါတိုက်တွန်း၏။ ရေတွက်ကြကုန်လော့ဟု ပြောဆို၍ ရေတွက်စေသည်ရှိသော် တစ်ယောက်သော သူမျှ ကုန်ပျောက်ခြင်းကို မမြင်၊ ဝိဋူဍဘမင်းသည် ထိုအရပ်မှ ပြန်နစ်၍ အချင်းတို့ အကြင်သူတို့သည် သာကီဝင်ဟူ၍ ဆိုကုန်၏။ အလုံးစုံကုန်သော ထိုသူတို့ကို သတ်ဖြတ်ကြကုန်လော့။ ငါ၏ ဘိုးတော်ဖြစ်တော်မူသော မဟာနာမ်သာကီဝင်မင်း၏ အထံ၌ တည်ကုန်သောသူတို့အား အသက်ကိုပေးကုန်လော့ဟု စေလွှတ်မိန့်ဆိုတော်မူ၏။

သာကီဝင်မျိုးတို့သည် ဆွဲငင်ယူလှမ်း မိုရမ်းခိုကိုးစရာ တစ်စုံတစ်ခုမျှကို မမြင်ကုန်သည်ဖြစ်၍ အချို့ကုန်သော သာကီဝင်မင်းတို့သည် မြက်ကို ကိုက်ခဲပြီး ရပ်တည်ကုန်၏။ အချို့ကုန်သော သာကီဝင်မင်းတို့သည် ကျူကို ကိုင်ငင်ဆွဲယူပြီး ရပ်တည်ကုန်၏။ အသင်တို့သည် သာကီဝင်တို့ပင် ဖြစ်လေသလော၊ သာကီဝင်မင်း မဟုတ်ဘဲပင် ရှိလေသလော မေးမြန်း၏။ ထိုသာကီဝင်တို့သည် အသက်ပင် သေစေကာမူ ချွတ်ယွင်းသော စကားတို့ကို မပြောကြကုန်။ ထို့ကြောင့် မြက်တို့ကို ကိုက်ခဲ၍ ဟည့်ကုန်သော သာကီဝင်တို့သည် ငါတို့သည် တိဏ, သာကီဝင်

မဟုတ်ကုန်ဟု ဆိုကုန်၏။ ကျူကို ဆွဲငင်ကိုင်ယူ၍ တည်ကုန်သော သာကီဝင်တို့သည် ငါတို့သည် နဠ, သာကီဝင်မဟုတ်ကုန်ဟု ဆိုကုန်၏။ အကြင်သာကီဝင်တို့သည် မဟာနာမ သာကီဝင်မင်းတို့၏ အထံ၌ တည်ကုန်၏။ ထိုသူတို့သည် အသက်ကို ရကုန်၏။ ထိုကြွင်းကျန်ရစ်ခဲ့ကုန်သော သာကီဝင်မင်းအပေါင်းတို့တွင် မြက်ကိုကိုက်ခဲ၍ တည်ကုန်သော သာကီဝင်တို့သည် တိဏသာကီဝင် မည်ကုန်၏။ ကျူကို ဆွဲယူကိုင်ငင်၍ တည်ကုန်သော သာကီဝင်တို့သည် နဠသာကီဝင်မည်သည် ဖြစ်ကုန်၏။ ဝိဋ္ဋူဘမင်းသည် ကြွင်းကုန်သော နို့စို့မျှသော သူငယ်တို့ကိုသော်လည်း မလွတ်မူ၍ အလုံးစုံကုန်သော သာကီဝင်တို့ကို သတ်စေပြီးသော် သွေးချောင်းစီးခြင်းကို ဖြစ်စေလျက် ထိုသာကီဝင်မင်းတို့၏ လည်ချောင်းသွေးဖြင့် ပျဉ်ချပ်ကို ဆေးကြောစေ၏။ ဤသို့သောအခြင်းအရာဖြင့် သာကီဝင်မင်း အဆက်အနွယ်သည် ဝိဋ္ဋူဘမင်း၏ဘေးဖြင့် ပြတ်ခြင်းသို့ ရောက်လေ၏။

မဟာနာမ်မင်းကြီး နဂါးပြည်၌ စံနေခြင်း

ဝိဋ္ဋူဘမင်းသည်လည်း ဘိုးတော်ဖြစ်တော်မူသော မဟာနာမ်မင်းကြီးကို ခေါ်ဆောင်ပြီး ဆုတ်နစ်ပြန်လည်၍ လာခဲ့ရာ နံနက်စာ စားချိန်သို့ ကျရောက်သောအခါ၌ နံနက်စာ စားခြင်းကို ပြုကုန်အံ့ဟု တစ်ခုသောနေရာ၌ ချဉ်းကပ်သက်ဆင်း ထိုင်နေ၍ ဘောဇဉ်အုပ်ကို ဆောင်ယူအပ်သည် ရှိသော် ဝိဋ္ဋူဘမင်းသည် ငါသည် ဘိုးတော်နှင့်အတူတကွ ပွဲတော်တည်အံ့ဟု ဘိုးတော် မဟာနာမ်မင်းကြီးကို ခေါ်စေ၏။ မင်းမျိုးတို့မည်သည်ကား မိမိ၏ အသက်ကို ပယ်ဖျက် စွန့်လွှတ်ရလေငြားသော်လည်း ကျွန်မ၏ သားတို့နှင့် အတူတကွ ပွဲတော်စာစားသုံးခြင်းကို မပြုကြကုန်။ ထို့ကြောင့် မဟာနာမ် မင်းကြီးသည် ရေတို့ဖြင့် ပြည့်သော တစ်ခုသော ရေအိုင်ကိုကြည့်၍ ချစ်သား ဘိုးတော်သည် ပင်ပန်း နွမ်းနယ်သော ကိုယ်ရှိ၏၊ ရေသုံးသပ်ဦးအံ့ဟု ဆို၏။ ဝိဋ္ဋူဘမင်းကလည်း ဘိုးတော် ကောင်းလှပါပြီ၊ ရေသုံးသပ်တော် မူပါကုန်ဦးဟု ဆိုသော် မဟာနာမ် မင်းကြီးသည် ဤ ငါ၏ မြေးတော်သည် တစ်ခုသော ဘောဇဉ် ပွဲတော်အုပ်၌ အတူတကွ ညီမျှရှင်ပြုံး မစားသုံးချေက နှလုံးမသာ ပြင်းစွာ အမျက်ထွက်၍ ငါ့အား သတ်ဖြတ်ပေလတ္တံ့၊ ငါသည် သူ့ထံပါး သတ်ပုတ်သည်ကို ခံရသောထက် မိမိအလိုလို သေရခြင်းသည် မြတ်ထွတ်ခြင်း ဖြစ်ပေလိမ့်မည်ဟုကြံ၍ ဆံပင်ကို ဖြည်ပြီးသောအခါ အဖျား၌ အထုံးအစုကို ဖွဲ့ချည်ပြီး ဆံပင်တို့၌ ခြေမတို့ကိုသွတ်သွင်း၍ ရေ၏အတွင်းသို့ ခုန်ဆင်းငုပ်လျှိုးလေ၏။ ထိုရောအခါ မဟာနာမ သာကီယမင်းမြတ်၏ ဂုဏ်သရေတ် တန်ခိုးတော်

ကြောင့် နဂါးတို့၏စံနေရာဖြစ်သောပြည်၌ မတည်မရပ်နိုင်စရာ ပူလောင်သော အခြင်းအရာကို ပြပေ၏။ နဂါးမင်းသည်လည်း အကြောင်းအသို့နည်းဟု တွေးတော ဆင်ခြင်သည်ရှိသော် ထိုအကြောင်းအလုံးစုံကို အကုန်သိမြင်၍ မဟာနာဂမ်မင်းကြီး၏ အထံသို့ လျင်မြန်စွာ လာရောက်ပြီးလျှင် ထိုမဟာနာဂမ် မင်းကြီးကို မိမိ၏ပါးပျဉ်းထက်၌ထိုင်နေစေ၍နဂါးပြည်သို့ပင့်ဆောင် သွက်သွင်း ခဲ့လေ၏၊ မဟာနာဂမ်မင်းကြီးသည် တစ်ဆယ့်နှစ်နှစ်ပတ်လုံး နဂါးပြည်၌ သာလျှင် စံနေတော်မူ၏။

ဝိဠုရျပဏ္ဍိတ ပရိသတ်နှင့်တကွ သေဆုံးခြင်း

ဝိဠုရျပဏ္ဍိတလည်း ငါတို့တော်သည်ကြွယခုပင် လာလတ္တံ့ ဟုမျှော်ငံ့ ထိုင်းတွေလျက်သာနေ၏။ ထိုမဟာနာဂမ်မင်းကြီးသည် အလွန်ကြာမြင့်သည်ရှိ သော် ရေအိုင်သို့သွား၍ စူးစမ်းကြည့်ရှုပြီးသောအခါ အလျှံတောက်ပစွာသော မီးတိုင်မီးရှူးတို့ကို ညှိထွန်းလျက် သူတစ်ပါးတို့ အဝတ် အသုံးအဆောင် အကြားတို့ကိုလည်း ရှာဖွေကြည့်ရှု၍ မမြင်သောကြောင့် အရပ်တပါးသို့ ထွက်သွားတော်မူသည်ဖြစ်ပေလိမ့်မည်ဟု ဖဲသွားလေ၏။ ထိုဝိဠုရျပဏ္ဍိတသည် ညဥ့်အဖို့ကာလ၌ အစိရဝတီမြစ်သို့ ရောက်၍သစ်ခက်တနန်းတောင်ကို ဖွဲ့ပြီးနေ၏။ ဝိဠုရျပဏ္ဍိတ စစ်သည်ဗိုလ်ပါ ပရိသတ်တို့တွင် အချို့ကုန်သော သူတို့သည် မြစ်၏အတွင်းဖြစ်သော ပုံသဲစုထက်၌ အိပ်နေကြကုန်၏၊ အချို့ကုန်သော သူတို့သည် မြစ်မှအပဖြစ်သော ကုန်းပြင်ထက်၌ အိပ်နေကြကုန်၏၊ မြစ်၏ အတွင်း၌ သက်ဆင်း၍ အိပ်နေကုန်သော သူတို့တွင်လည်းရှေးလွန်လေကာလ ဘဝတို့က မကောင်းမှုအကုသိုလ်ကံကို ပြုဖူးသောသူတို့သည်း ရှိပေကုန်၏။ မြစ်မှအပဖြစ်သော ကုန်းပြင်ထက်၌ အိပ်နေကုန်သော သူတို့တွင်လည်း ရှေးရှေးသောကာလ ဘဝကပြုခဲ့ဖူးသော အကုသိုလ်မကောင်းမှုကံ ရှိသော သူတို့သည်လည်း ရှိပေကုန်၏။ ထိုသူတို့၏အိပ်ရာနေရာတို့၌ ပိုးရွခြမွှားတို့သည် ထကုန်သဖြင့် ငါ၏အိပ်ရာနေရာ၌ ပိုးရွခြမွှားတို့ရှိကုန်၏၊ငါ၏နေရာ၌ ပိုးရွခြမွှား တို့ ရှိကုန်၏ဟု ထကြပြီးသောအခါပြုခဲ့ဖူးသော မကောင်းမှုအကုသိုလ်မရှိကုန် သော သူတို့သည် မြစ်တွင်းမှတက်၍ ကုန်းပြင်၌ အိပ်ကုန်၏။ ပြုအပ်ပြီးသော အကုသိုလ်မကောင်းမှု ကံရှိကုန်သောသူတို့သည် မြစ်၏အတွင်းသို့ သက်ဆင်း၍ သဲစုသဲပုံထက်၌ အိပ်ကုန်၏။

ထိုခဏ၌သာလျှင် ကြီးစွာသော မိုးကြီးသည် ထလတ်၍ တစ်ခဲနက်သော အလျဉ်ရှိသော မိုးကြီးရွာလေ၏၊ မြစ်ရေအလျဉ်သည် စီးလာ၍ ပရိသတ်နှင့် တကွ ဝိဠုရျပဏ္ဍိတသားကို သမုဒ္ဒရာသို့သာလျှင် မျောကျရောက်စေသဖြင့် မြစ်ထဲ၌ နစ်မွန်းမျောပါကုန်သော အလုံးစုံကုန်သော သတ္တဝါတို့သည် ငါးလိပ်

တို့၏အစာဖြစ်ကုန်၏။ လူအပေါင်းသည်လည်း သာကီဝင်မင်းအပေါင်းတို့အား ဤသို့သေလွန်ရခြင်းသည်မသင့်လျော်လေ။ဝိဋ္ဋူဘသည်လည်း ဤမျှလောက် ... အခြံအရံဖြင့်ပြင်းစွာ အချက်ထွက်ပြီး သာကီဝင်မင်းတို့ကိုသတ်ဖြတ် ပယ်ချလေ၏။ ထိုအကြောင်းသည် ...သင့်လျော်ချေတကား ဟူသောစကားကို ပြောကြားကုန်၏။ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ပြောကြားသော စကားကို ...းသိတော်မူသော် ချစ်သားရဟန်းတို့... ... ...ကြင်သော ...တ္တဘော၌ကား သာကီဝင်မင်းတို့အား မသင့်လျော် မလျောက်ပတ်သဖြင့် သေလွန်...ခြင်းသည် အကယ်၍ကား ... ...ပေ၏။ ... ရှေးဘဝက ပြုခဲ့ကြသော အကုသိုလ်အကျိုးဆက်၏ အစွမ်းအားဖြင့်ကား သင့်လျော်လျောက်ပတ်သော အကျိုးကို ခံစားခုရှိကုန်သည်ဟု မိန့်တော်မူ၏။

သာကီဝင်မင်းတို့ရှေးဘဝအကုသိုလ်ကံ

ဘုန်းတော်ကြီးမြတ်တော်မူလှပေသော မြတ်စွာဘုရား.... ထိုသာကီဝင် မင်းတို့သည် ရှေးအဖို့အခါ၌ အဘယ်သို့သောမကောင်းမှု အကုသိုလ်ကံကို စီမံပြုစုခဲ့ကြဖူးပါသနည်းဟု ရဟန်းတို့က မေးလျှောက်သော် ချစ်သား ရဟန်းတို့....အလုံးစုံကုန်သော ဤသာကီဝင်မင်းတို့သည် ရှေးဘဝ၌ညီညွတ် ...မ်းမြောက်ခြင်းရှိကြသဖြင့် တပေါင်းတည်း ဖွဲ့စုယှက် တစ်ခုသောမြစ်ဝယ် ငါးဆေးအဆိပ်ကို သည့်ခတ်ခဲ့ကြကုန်သတည်းဟု မြတ်စွာဘုရားကိုယ်တော်မြတ် က မိန့်တော်မူ၏။ တစ်နေ့ မိုးသောက်ရောက်သောနေ့၌ များစွာကုန်သော ရဟန်းတို့ သည် တရားသဘင်၌ ငါ့ရှင်တို့ ဝိဋ္ဋူဘမင်းသည် ဤမျှအတိုင်းအရှည် ရှိကုန်သော သာကီဝင်မင်းတို့ကို သတ်ဖြတ်ပြီး လာခဲ့သည်ရှိသော် မိမိ၏ စိတ်နှလုံးအလို နှစ်မျှပြီးဆုံးခြင်းသို့ မရောက်မီသာလျှင် လူအပေါင်းတို့ကို ယူပြီး၍ အပြောကျယ်စွာ မဟာသမုဒ္ဒရာ၌ ငါးလိပ်တို့၏အစာဖြစ်ရလေသည် ဟူသောစကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားရှင်သည် တရားသဘင်အစည်း အဝေးခွင်သို့ကြွဝင်တော်မူလာတော်မူပြီးသျှင် ချစ်သားရဟန်းတို့ ယခုငါဘုရား ကြွတော်မူလာဆဲသောအခါ၌ အဘယ်မည်သော တရားစကားဖြင့် ပြောကြား စည်းဝေးနေထိုင်ကြကုန်ဘိသနည်းဟု မေးတော်မူ၍ ဤမည်သောအကြောင်း စကားကို ပြောကြားစည်းဝေးပါသည်ဟု လျှောက်ကြားသည် ရှိသော် ချစ်သားရဟန်းတို့.... ဤသတ္တဝါတို့အား စိတ်နှလုံးအလို နှစ်မျှပြီးဆုံးခြင်းသို့ မရောက်မီသာလျှင် သေမင်းတည်းဟူသော မဇ္ဈုသည် အိပ်၍ပျော်သော လူရှိက်ရွာကို လွှမ်းမိုးဖိစီး တိုက်ယူသော ကြီးကျယ်စွာသော ရေအလျဉ်ကဲ့သို့ ဇီဝိတိန္ဒြေ အသက်ကို ပယ်ဖျက်ဖြတ်တောက်ပြီး အပါယ်လေးပါးတည်း ဟူသော သမုဒ္ဒရာတို့၌ မျောပါနစ်မွန်း ငုပ်လျှိုးစေ၏ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၄၇။ ပုပ္ဖာနိဟောဝ ပစိနန္တံ၊ ဗျာသတ္တမနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

ပန်းတို့ကို ကောင်းနိုးရာ ရွေးချယ်သူကဲ့သို့ ကာမဂုဏ်ကို ကောင်းနိုးရာ ရွေးချယ်ထသော ရောက်ပြီး ရောက်တုံကာမဂုဏ်ဟု အာရုံငါးပါးလိုက်စားပြီး လွန်စွာ ကပ်ငြိသောစိတ်ရှိထသော ရဟန်းရှင်လူ သတ္တဝါကို ကြီးစွာသော ရေအလျဉ်သည် အိပ်မောကျသောသူကို ယူဆောင်ကာ သွားလေဘိသကဲ့သို့ ရှင်သေမင်းသည် ယူဆောင်၍ သွားလေ၏။

ထိုဂါထာ၌ ဗျာသတ္တမနသံ နရံ=ဟူသည် ရောက်အပ်သော ကာမဂုဏ်၌ လည်းကောင်း၊ မရောက်အပ်သော ကာမဂုဏ်၌ လည်းကောင်း ကပ်ငြိသော စိတ်ရှိသောလူကို ဟု ဆိုလို၏။ ပန်းသည်သည ပန်းအာရာမ်သို့ ဝင်၍ ပန်းတို့ကို ရွေးချယ် စိစစ်အံ့၊ ဤသို့ကြံလျက် ထိုပန်းအာရာမ်မှ ပန်းတို့ကို မဆွတ်မယူမူ၍ တစ်ပါးတစ်ပါးလည်း ဖြစ်သော ပန်းချုံကိုတောင့်တလျက် အလုံးစုံသော ပန်းအာရာမ်၌ စိတ်ကိုစေလွှတ်၏။ ထိုမှ ဤမှလည်း ပန်းတို့ကို ရွေးချယ်၍ ဆွတ်ခူးအံ့ဟူ၍ ထိုပန်းအာရာမ်မှ မဆွတ်မယူမူ၍ တပါးဉယျာဉ်သို့ စိတ်ကိုစေ၏။ ထိုပန်းချုံကိုလျှင် ပန်းကို ရွေးချယ်သည်ရှိသော် မေ့လျော့ ခြင်းသို့ ရောက်သကဲ့သို့၊ ဤအတူလျှင် ဒ ချိုသော ပုဂ္ဂိုလ်သည် ပန်းအာရာမ် နှင့်တူသော ကာမဂုဏ်ငါးပါး အလယ်သို့ဆင်း၍ နှလုံးမွေ့လျော်ဖွယ်ရှိသော ရူပါရုံကို ရပြီးသည်ရှိသော် နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော သဒ္ဒါရုံ, ဂန္ဓာရုံ ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, တို့တွင်လည်း တစ်ပါးပါးကို တောင့်တ၏။ ထိုငါးပါး, သော ကာမဂုဏ်တို့တွင်လည်း တစ်ပါးပါးကို ရပြီး၍ တစ်ပါးသော ကာမ ဂုဏ်ကို တောင့်တ၏။ ရူပါရုံကိုမူလည်းရ၍ တစ်ပါးကို မတောင့်တဘဲ ထို အဆင်းကိုသာလျှင် သာယာနှစ်သက်၏။ သဒ္ဒါရုံ အစရှိသည်တို့တွင်လည်း တစ်ပါးကိုရ၍ တစ်ပါးကိုတောင့်တ၏။ နွား, ကျွဲ, ကျွန်မိန်းမ, ကျွန်ယောကျ်ား လယ်, ယာ, ရွာ နိဂုံး, ဇနပုဒ် စသည်တို့၌ ဤနည်းပင်တည်း။ ရဟန်းတို့ အားလည်း ပရိဝုဏ်, ကျောင်း, သပိတ်သင်္ကန်းတို့တွင် တစ်ပါးပါးကို တောင့်တ ၏။ ဤသို့ ကာမဂုဏ်ငါးပါးဟု ဆိုအပ်ကုန်သော ပန်းတို့ကိုလျှင် ရွေးချယ် စိစစ်လျက် ရောက်လာသော ကာမဂုဏ်၌ လည်းကောင်း၊ မရောက်အပ်သေး သော ကာမဂုဏ်၌လည်းကောင်း အလွန်ကပ်ငြိတတ်သောစိတ်ရှိသော သူကို ဟူလို။

သုတ္တံ ဂါမံ=ဟူသည် ရွာသူရွာသားအပေါင်း၏ အိမ်နံရံစသည်တို့၏ကား အိပ်ခြင်း၏ အစွမ်းဖြင့် အိပ်ခြင်းမည်သည် မရှိ။ သတ္တဝါတို့၏ကား အိပ်ပျော်ခြင်း ဟူသော မေ့လျော့ခြင်းကို စွဲ၍ အိပ်ပျော်ခြင်းမည်သည်ဖြစ်၏။ ဤသို့အိပ်ပျော်

သောလူအပေါင်းကိုနှစ်ယူဇနာ, သုံးယူဇနာတိုင်တိုင်ရှည်လျားသဖြင့်အစောက်လည်းနက်လှသော ကြီးစွာသောရေအလျဉ်သည် စီးသွားဘိသကဲ့သို့ သေမင်းသည် ခေါ်ငင်သွား၏။ ထိုကြီးစွာသောရေအလျဉ်သည် မိန်းမ, ယောကျ်ား၊ နွား,ကျွဲ,ကြက်,စသည်တို့တွင် တစ်စုံတစ်ခု မကြွင်းစေမူ၍ ထိုသတ္တဝါအားလုံးကို သမုဒ္ဒရာသို့ရောက်စေ၍ ငါးလိပ်တို့၏ အစာကို ပြုသကဲ့သို့ ဤအတူသာလျှင် ကာမဂုဏ်ငါးပါး၌ အလွန်ကပ်ငြိတတ်သော စိတ်ရှိသော သတ္တဝါကို သေမင်းသည် ဆွဲငင်၍ ထိုသတ္တဝါ၏ဇီဝိတိန္ဒြေကို ဖြတ်၍ အပါယ်လေးပါးတည်းဟူသော သမုဒ္ဒရာတို့၌ ငုပ်စေ၏ဟု အနက်ပေးပါဟူလို။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ရောက်ကုန်၏။ လူအပေါင်းအား အကျိုးရှိသော ဒေသနာသည်ဖြစ်၏။

သုံးခုမြောက် ဝိဋ္ဋူဘမင်းသား ဝတ္ထုပြီး၏။

၄-ပတိပူဇိကာဥပါသိကာမဝတ္ထု

ပုပ္ဖာနိ ဟေဝ-အစရှိသော ဤဓမ္မဒေသနာတော်ကို ရှင်တော်ဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် ပတိပူဇိကာဒါယိကာမအား အကြောင်းပြု၍ ဟောကြားတော်မူ၏။ ဝတ္ထုသည် တာဝတိံသာနတ်ပြည်၌ ဖြစ်၏၊

ပတိပူဇိကာ အမည်ရပုံ

သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်၌ မာလာဘာရီနတ်သားသည် နတ်သမီးတစ်ထောင် ဝန်းမြောင်း ခြံရံလျက် ပန်းအာရာမ် ဥယျာဉ်တွင်းသို့ သက်ဆင်း၍ဝင်ခဲ့၏။ ဝန်းမြောင်း ခြံရံကာ လိုက်ပါလာကုန်သော ထိုနတ်သမီး တစ်ထောင်တို့တွင် နတ်သမီးငါးရာတို့သည် သစ်ပင်ထက်သို့ တက်၍ နှစ်သက်ဖွယ်ရာ များစွာကုန်သော ပန်းတို့ကို ချွေခူတ်၍ ချကုန်၏။ နတ်သမီးငါးရာတို့သည် ပန်းပင်ထက်မှ ကြွေသက်ကျလာ များစွာကုန်သော ပန်းတို့ကို လှမ်းကောက်ယူငင်၍ အရှင်ဖြစ်သော မာလာဘာရီ နတ်သားကို ဝပ်တွားလျှောက်တင် တန်ဆာဆင်ကုန်၏။ ထိုနတ်သမီးတစ်ထောင်တို့တွင် သစ်ပင်ထက်သို့တက်၍ ချွေညှတ် ပန်းကို ဆွတ်ကုန်သော နတ်သမီးတို့မှ နတ်သမီးတစ်ဦးသည် သစ်ကိုင်းတစ်ခက်ဝယ် နတ်သက်ကုန်ခန်းငြိမ်းချုပ်သော မီးတောက်ကဲ့သို့ ကွယ်ပျောက်သော ခန္ဓာကိုယ်ရှိသဖြင့် စုတိချုပ်လေ၏။ ထိုနတ်သမီးသည် သာဝတ္ထိပြည်၌ အမျိုးတစ်ဦးအိမ်ဝယ် ပဋိသန္ဓေ တည်နေစွဲယူပြီး၍ ဖွားမြင်လာသော် ဇာတိဿရ

ဉာဏ်ဖြင့် မြန်လှန်ထင်ထင် သိမြင်ခြင်းရှိသည်ဖြစ်၍ မာလာဘာရီ နတ်သား၏ မယား ဖြစ်လိုသည်ကိုသာ ကြံစည်တောင့်တ ကြောင့်ကြ အောက်မေ့လျက် အတော်ကြီးပြင်းသော အရွယ်သို့ကျသော် ဘုရားစသော ရတနာမြတ်တို့အား ဆည်းကပ်ပြီးသောအခါ ပန်းနှံသာ စသည်တို့ဖြင့် ပူဇော်လှူဒါန်းခြင်းကို ပြု၍ ဤကောင်းမှုကုသိုလ်ကြောင့် တစ်ဖန်ပြောင်းကြွ နောင်ဘဝဝယ် အရှင် ဖြစ်သော မာလာဘာရီ နတ်သား၏ အထံ၌ ပြန်၍ဖြစ်ရန် အကြောင်းကိုသာ တောင့်တပန်ဆင်၏။

ထိုသတို့သမီးငယ်သည် တစ်ဆယ့်ခြောက်နှစ် အရွယ် ရောက်သောအခါ ထိုက်လျောက်သော သတို့သားတစ်ယောက်နှင့် ချီးမြှောက်ထိမ်းမြား၍ ယင်း အိမ်သို့ သွားရောက်ရသော ကာလလည်း စာရေးတံချ၍ လှူဒါန်းခြင်းတည်း ဟူသော သလာကဘတ်ကိုလည်းကောင်း၊ တစ်ဆယ့်လေးရက် တစ်ဆယ့်ငါးရက် ပက္ခတိုင်း လှူဒါန်းခြင်းဟူသော ပက္ခိကဘတ်ကို လည်းကောင်း၊ ဝါဆို သင်္ကန်းစသည်တို့ကိုလည်းကောင်း လှူဒါန်းပေးကမ်း၍—

အကျွန်ုပ်၏ အားထုတ်သမှု လှူဒါန်းပူဇော်သော ဤကောင်းမှုအပေါင်း သည် လွန်လေသော အတိတ်ဘဝက ကျင်လည်ခဲ့ဖူးသည့် ကျွန်တော်မ သခင် အရှင်ဖြစ်သော မာလာဘာရီနတ်သား၏ စံတော်မူရာ ထံတော်သာ၌ ဤဘဝမှ ပြောင်းကြွခဲ့လို့ရှိက နောင်ဘဝ၌ ဖြစ်ပါရခြင်း အကျိုးငှာ အထောက်အပံ့ ဖြစ်ပါစေသတည်းဟု ဆုတောင်းပတ္ထနာသည်ကို ပြု၏။

ထိုအခါ ရဟန်းတို့က ဤဒါယိကာမသည် ထကြွလုံ့လ ဥဿာဟရှိသည် ဖြစ်၍ ဒါနစသော ကုသိုလ်ကောင်းမှုကို ပြုစုတိုင်းပြုစုတိုင်း အရှင်လင်ကိုသာ အစဉ်မပြတ် တောင့်တ၏။ ယနေ့မှစ၍ ပတိပူဇိကာ အမည်ကို ပြုကြကုန်၏၊ ထိုပတိပူဇိကာ ဒါယိကာမသည်လည်း အမြဲမပြတ်သောအားဖြင့် ဆွမ်းစား ဇရပ်ကို ရှင်းလင်း သုတ်သင် သိမ်းဆည်း၏၊ သံဃာတော်တို့ သောက်ရေ သုံးဆောင်ရေကို တည်ထား၏၊ သံဃာတော်တို့ ထိုင်နေသုံးဆောင်ရာ နေရာတို့ကို ခင်းထား၏။ တပါးသော လူတို့သည် သလာကဘတ် စသည်တို့ကို ပေးလှူလိုကုန်သည်ရှိသော် ချစ်သမီး....ဤမျှလောက်သော ပစ္စည်းဝတ္ထုတို့ကို ရဟန်းသံဃာတော်အား အသီးဝေဖန်ခွဲခြမ်း၍ လှူဒါန်းစီရင်ပါလော့ဟု စေခိုင်း ပြောဆိုသည်ရှိသော် ကောင်းမွန်စွာ ယူဆောင်၍ ပေးလှူ၏၊ ထိုသို့သော အကြောင်းကြောင့် ထိုပတိပူဇိကာဥပါသိကာမသည် လာသည်ရှိသော်လည်း ကောင်း၊ သွားသည်ရှိသော် လည်းကောင်း ဂစ်ခုတင်ခုသော ခြေလှမ်း အကြိမ်၌ ကုသိုလ်တရား ငါးဆယ့်ခြောက်ပါးတို့ကို ရပေ၏။

[ဤနေရာ၌ ဆပညာသကုသိုလ် အရ ဗောကို ကောက်ယူရန် သင့်မသင့်မှုပြင်ကြီး ဆရာတော်ဘုရားကြီးကို လျှောက်ထားမေးမြန်းရာ စဉ်းစားဆင်ခြင်၍ သဘောကျနခြင်း မရှိသေးဟု သုံးကြိမ် သုံးခါ တိုင်တိုင် မိန့်တော်မူသော ဟူ၏၊ ပညာရှင်တို့ ဆင်ခြင်တော်မူကြပါကုန်]

ပတိပူဇိကာ နတ်ပြည်ပြန်ရောက်ခြင်း

လင်၏အိမ်သို့ရောက်၍ ချီးမြှောက်အပ်သော စည်းစိမ်ချမ်းသာဖြင့် သံဃာတော်တို့အား ပြုနုလုပ်ကျွေး လှူဒါန်းခြင်း စသော ကုသိုလ်အထူးကိုသာ ဆည်းပူးရှာကြံလေ့ရှိသော ထိုပတိပူဇိကာ ဥပါသိကာမ၏ ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေပြီးမှ ဆယ်လကိုလွန်သဖြင့် သားငယ်ကို ဖွား၍ ထိုသားငယ်၏ ခြေဖြင့် သွားနိုင်သော အရွယ်သို့ ရောက်သောအခါ နောက်၌ တစ်ဖန် တစ်ယောက် တစ်ယောက်သော သားငယ်ကို ဖွားမြင်ပြန်၏။ ဤသို့ အစဉ်အတိုင်း ဖွားမြင်သောအားဖြင့် လေးယောက်သော သားတို့ကို ရလေ၏။ ထိုပတိပူဇိကာ ဥပါသိကာမသည် တစ်နေ့သောနေ့၌ အလှူဒါန ဒါယကဗ္ဗဝတ္တုကို ပြုစုလှူဒါန်း ပေးကမ်းပူဇော်ခြင်းပြုလျက် တရားတော်ကို နာပြီး သိက္ခာသီလတို့ကို လုံလ ကြိုးကုတ် အားထုတ်စောင့်ရှောက်ပြီး၍နေ့၏အဆုံး ညချမ်းအခါ၌ ထိုခဏ၌သာ လျင်ကက်ကြွဖြစ်ပေါ် လာသော တစ်စုံတစ်ခုသော ရောဂါဖြင့် လူ့ဘဝမှ သေလွန် ခြင်းကိုပြု၍ ဘဝဟောင်းက မိမိ၏အရှင်လင်ဖြစ်သော မာလာဘာရီနတ်သား၏ အထံ၌သာ တစ်ဖန် ဖြစ်ပြန်လေ၏။ အတိတ်ဘဝ နတ်သမီးဖြစ်စဉ်က မိမိနှင့် အတူတကွ ပန်းကိုဆွတ်ခူးပန်ဆင်ကြကုန်သော အဖော်ဖြစ်ကုန်သော နတ်သမီး တို့သည်လည်း ဤမျှလောက်သော ကာလပတ်လုံး မာလာဘာရီ နတ်သားကို တန်ဆာဆင်ယင်ပြုပြင်လျက်ပင် ရှိကြကုန်သေး၏။

မာလာဘာရီ နတ်သားသည် လူ့ပြည်မှတစ်ဖန် စုတိပြန်လာခဲ့သော ထို နတ်သမီးကို မြင်၍ အသင်သည် စောစောသော ကာလမှစ၍ ဤဒေသ ဤအရပ်၌ တပ်အပ်ယင်ယင် ငါမမြင်ချေ၊ ဘယ်အကြောင်းဖြင့် ဘယ်ဒေသ အရပ်သို့ လှည့်ပတ်သွားလာသနည်းဟု မေး၏။ အရှင်.. ကျွန်တော်မသည် စုတိပြောင်းကြွေ သေလွန်ပါသည်ဟု ပြောလျှင် အသင်နတ်သမီး....အသင်သည် အဘယ်သို့သော စကားကို ပြောကြားလိုက်ပါသနည်းဟု မေးပြန်သောအခါ နတ်သမီးက အရှင်....သေလွန်ကြောင်းကို ပြောဆိုပါသည်ဟု တစ်ဖန် ပြန်ပြောသောအခါမှ ယင်းသို့ သေလွန်သည်ဖြစ်ပါက အသင်နတ်သမီးသည် ဘယ်အရပ်၌ ဖြစ်ရပေသနည်းဟု မေးလျှင် အရှင်....သာဝတ္ထိပြည်ဝယ် တစ်ခုံး သော အမျိုးအိမ်၌ ဖြစ်ရပါသည်ဟု ပြောဆို၏။ ထိုဘဝ၌ ကာလဘယ်လောက်

ကြာမြင့်အောင် တည်နေခဲ့ရပါသနည်းဟု နတ်သားက မေးသည်ရှိသော် အရှင်.. ထိုသာဝတ္ထိပြည် အမျိုးတစ်ဦးအိမ်၌ ပဋိသန္ဓေတည်နေ၍ကောင်းအောင်းပြီး ဆယ်လလွန်မြောက် မိခင်ဝမ်းမှ ဖွားမြင်ခြင်းသို့ ရောက်၍ တစ်ဆယ့်ခြောက်နှစ်မြောက် ရှိသောအခါဝယ် လင်၏အိမ်သို့ သွားရောက်ရ၍ ထိုခင်ပွန်းလင်ကို အစွဲပြုသောအားဖြင့် သားလေးယောက်တို့ကို ဖွားမြင်ပြီးလျှင် ဒါနအစရှိကုန်သော ကောင်းမှုတို့ကို ပြုစုအားထုတ်၍ အရှင်နတ်မင်း၏ အထံ၌ ဖြစ်ရန်ဖြစ်ကြောင်း ဆုတောင်းပန်ဆင်၍ သာဝတ္ထိပြည်ကြီးမှ ချုပ်တည်းစုတိကာ ဤအရပ်သို့ လာခဲ့၍ အရှင်၏ အထံ၌ ဖြစ်လာရပါသည်ဟု ပြောဆိုလျှင် အသင်နတ်သမီး လူတို့အား အဘယ်မျှလောက် အသက်ရှည်ကြပါသနည်းဟု မေးပြန်သော် အရှင်နတ်မင်း အနှစ်တစ်ရာမျှလောက် အသက်ရှည်ကြပါကုန်သည်ဟု ပြော၏။ လူတို့သည် အနှစ်တစ်ရာမျှလောက်သာ အသက်ရှည်ကုန်သလောဟု နတ်သားက ထပ်၍ မေးပြန်သဖြင့် ဪ-ဟုတ်ပါ၏ ဤမျှလောက်သာ အသက်ရှည်ပါသည်ဟု နတ်သမီးက ဝန်ခံလျှင် ဤသို့ ဖြစ်ခဲ့သည်ရှိသော် အသင် နတ်သမီး ဤမျှလောက် ပရိစ္ဆေဒ အနှစ်တစ်ရာမျှလောက်သော အသက်ကိုယူ၍ ကြာမြင့်အောင် တည်နေ ကျင်လည်ကြရသော လူတို့သည် အသို့နည်း၊ အိပ်ပျော်ခြင်း မေ့လျော့ခြင်း ရှိကုန်သည်ဖြစ်၍ ကာလကိုလွန်စေကုန်ဘိလေသလော၊ သို့တည်းမဟုတ် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကိုသာ ပြုစုအားထုတ်၍ ကာလကိုလွန်စေကုန်သလောဟု မေးပြန်သောအခါ အရှင်နတ်မင်း အဘယ်သို့ အမိန့်တော်ရှိပါသနည်း လူ့ပြည်၌ တည်ရှိကုန်သော လူများအပေါင်းတို့သည် နှစ်အသချေ မရေမတွက်နိုင်သော အသက်ကိုယူလျက် မြင့်ရှည် တည်နေရဘိသကဲ့သို့၊ မအို မသေ တည်နေရဘိသကဲ့သို့ အမြဲမပြတ် တစ်စပ်တည်း မေ့လျော့ကြပါကုန်သည်ဟု ပြောကြားသောအခါ မာလာဘာရီနတ်သားအား ပြင်းပြစွာ ထိတ်လန့်သော သံဝေဂဉာဏ်သည် ထင်ရှား ဖြစ်ပေါ်လာ၏။

အနှစ်တစ်ရာမျှလောက်သော အသက်ကို ယူကုန်သော လူတို့သည် မေ့လျော့ ပေါ့ဟန့်ကုန်သည်ဖြစ်၍ အိပ်ပျော်၍သာ နေကြကုန်သည် ဖြစ်ပါက အဘယ်ရောကာလ၌ ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ပါကုန်အံ့နည်း ဟူသော သံဝေဂဉာဏ်သည် ထင်ရှား ဖြစ်ပေါ်လာ၏။

ဤနေရာ၌ ထင်ရှားစွာ ချဲ့၍ ဆိုလိုက်ဦးအံ့၊ လူတို့၏ နှစ်အရေအတွက် အနှစ်တစ်ရာသည် အနည်းငယ်သာဖြစ်၏။ ၎င်းအနှစ်တစ်ရာသည် တာဝတိံသာ နတ်တို့အား တစ်နေ့တစ်ညဥ့်သာဖြစ်၏။ ထိုနေ့ညဥ့် အရေအတွက်ဖြင့် နေ့ညဥ့် သုံးဆယ်သည် တာဝတိံသာ နတ်တို့အား တစ်လ၊ ထိုလဖြင့် တစ်ဆယ့်နှစ်လ

ထည် တာဝတိံသာနတ်တို့အား တစ်နှစ်ဖြစ်၏။ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော အနှစ်တစ်ထောင် အသက် အပိုင်းအခြား ပမာဏရှိ၏။လူတို့၏ နှစ်အရေ အတွက်ဖြင့် နှစ်ပေါင်း ကိုးကုဋေ ခြောက်သန်း အရေအတွက် ရှိသည်ဖြစ်၏။ ထို့ကြောင့် မာလာဘာရီနတ်သား ပတိပူဇိကာဥပါသိကာမ၏ လူ့ပြည်၌ လာ၍ ဖြစ်ခြင်းသည် တစ်နေ့တစ်ရက်ကိုမျှမလွန် တစ်မုဟုတ်မျှ ပမာဏ ကဲ့သို့ဖြစ်၏။ဤသို့လျှင် အနည်းငယ်မျှသော အသက်ရှိကုန်သော လူတို့အား မေ့လျော့ပေါ့တန်၍ နေခြင်းသည် အလွန်ပင် မသင့်တင့် မလျောက်ပတ်ခြင်း ဖြစ်လေသည်ဟု အဋ္ဌကထာ၌ ပြဆိုတော်မူ၏။

ရဟန်းတို့ မျက်ရည် မဆည်နိုင်ကြခြင်း

နောက်တစ်နေ့၌ ရဟန်းအများတို့သည် ရွာတွင်းသို့ ဝင်ကုန်သည်ရှိသော် ဆွမ်းစားဇရပ်ကို သုတ်သင် ရှင်းလင်းသည်ကိုလည်းကောင်း၊ ရဟန်းတော်တို့ ထိုင်နေ သိတင်းသုံးရာ နေရာ သန့်ရှင်းမခင်းကျင်းအပ်သည်တို့ကို လည်းကောင်း၊ သောက်ရေ သုံးရေကို မတည်အပ်ကုန်သည်ကိုလည်းကောင်း မြင်ကုန်သည် ဖြစ်၍ ပတိပူဇိကာဒါယိကာမတို့သည် အဘယ်သို့သွားသနည်းဟုမေးမြန်းကုန်၏။ အရှင်ဘုရားတို့ အရှင်မြတ်တို့သည် အဘယ်မှာ ပတိပူဇိကာဥပါသိကာမကို မြင်နိုင်ပါကုန်အံ့နည်း။ ယမန်နေ့က အရှင်ဘုရားတို့ ဆွမ်းဘုဉ်းပေးပြီး၍ ကြွတော်မူကုန်သည် ရှိသော် ညချမ်းအခါ၌ ဥပါသိကာမသည် သေလွန်၍ သွားပါသည်ဟု လျှောက်ကြားသောအခါ ပတိပူဇိကာ ဥပါသိကာမ၏ သေလွန်သော အကြောင်းကို ကြား၍ ပုထုဇဉ်ဖြစ်သော ရဟန်းတို့သည် ထို ဥပါသိကာမ၏ ကျေးဇူးဥပကာရ များလှသည့် ဖြစ်အင်ကို ဆင်ခြင်အောက် မေ့မိကုန်သည်ဖြစ်၍ မျက်ရည်စက်လက် ယိုထွက်ကျစီးသည်ကို မတားမြစ်နိုင် အောင် ဖြစ်ကြကုန်၏။ကိလေသာ အာသဝေါတရား ကုန်ခမ်းပြီးသော ရဟန္တာ အရှင်မြတ်တို့အား ဓမ္မသံဝေဂ သည် ထင်ရှားဖြစ်ပေါ်လာ၏။

ထိုရဟန်းအများတို့သည် ဆွမ်းစားခြင်း အမှုကိစ္စကို ပြုလုပ်ကြပြီး၍ ကျောင်းသို့ သွားရောက်ပြီး ဘုန်းတော် အလွန် ကြီးတော်မူလှပေသော မြတ်စွာဘုရား ပတိပူဇိကာ ဥပါသိကာမသည် ထကြွ လုံ့လ ဥဿာဟဖြင့် အထူးထူးအပြားပြား များစွာကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ် သည်ရှိသော် မိမိအရှင် ခင်ပွန်းလင်ကိုသာလျှင် အစဉ်မပြတ် တောင့်တ၏၊ ထိုဥပါသိကာမသည် သေလွန်သောယခုအခါ၌ ဘယ်အရပ်မှာဖြစ်ပါလေ သနည်းဟု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ရှိခိုးမေးလျှောက်ကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့....ထိုဥပါသိကာမသည် မိမိ၏အရှင် ခင်ပွန်းလင်၏ ထံမှောက်သို့သာ ပြန်ရောက်သောအားဖြင့် ထင်ရှား

ဖြစ်ရလေသည်ဟု မိန့်တော်မူသော် အရှင်ဘုရား ထိုဥပါသိကာမသည် သူ၏ ခင်ပွန်းအရှင် လင်၏ထံ၌ မရှိပါဟု ရဟန်းတို့က လျှောက်ကြားပြန်သော် ချစ်သားရဟန်းတို့ ထိုပတိပူဇိကာဥပါသိကာမသည် ယခုဘဝ၌ ထင်ရှားရှိသော ခင်ပွန်းလင်ကို တောင့်တသည် မဟုတ်၊ ရှေးဘဝက တာဝတိံသာနတ်ပြည်၌ ပတိပူဇိကာ ဥပါသိကာမအား မာလာဘာရီ အမည်ရှိသော နတ်သား ခင်ပွန်း လင်သည် ရှိ၏၊ ထိုနတ်သားအား ပန်းကို ပန်ဆင်ပြုပြင်သော နေရာ၌သာနက စုတိစိတ်ကျခဲ့သောကြောင့် တောင့်တပန်ဆင် ထိုနတ်သားအရှင်၏ ထံ၌သို့ ဖြစ်လိုသော ဆန္ဒရှိသည်အတိုင်း ထိုနတ်သား၏ အထံ၌သာ တစ်ဖန်ပြန်၍ ဖြစ်သည်ဟု မိန့်တော်မူလိုက်သည်ရှိသော် အရှင်ဘုရား ဤသို့ဖြစ်ပါလေ သလောဟု မေးလျှောက်ပြန်သောအခါ ချစ်သားရဟန်းတို့ ဪ... ဟုတ်ပေ ၏ဟု မြတ်စွာဘုရား ကိုယ်တော်မြတ်က ဝန်ခံမိန့်ဆိုတော်မူသဖြင့် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား သတ္တဝါတို့၏ အသက်သည်ကား အလွန် နည်းလေစွ တကား၊ နံနက် စောစောကပင်လျှင် တပည့်တော်တို့ကို လုပ်ကျွေးပြုစုပြီး၍ ညချမ်းသောအခါ ဖြစ်ပေါ်လာသော ရောဂါဗျာဓိဖြင့် သေလွန်ရချေသည်တကားဟု ရဟန်းအများတို့က လျှောက်ကြားသောအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဪ... ဟုတ်လှပေ၏။ ချစ်သားရဟန်းတို့ သတ္တဝါတို့၏ အသက် မည်သည်ကားဆိုလျှင် အလွန်ပင် နည်းလှချေ၏။ ယင်းသို့ နည်းလှသော အသက်ရှိခြင်းကြောင့် ဤသတ္တဝါတို့သည် ဝတ္ထုအာရုံ ကာမဂုဏ်တို့ဖြင့် လည်းကောင်း၊ ကိလေသာအာရုံ ကာမဂုဏ် တို့ဖြင့် လည်းကောင်း၊ မရောင့်ရဲ မတင်းတိမ်ဘဲသာလျှင် ကိုးဆယ့်ရှစ်ပြား များစွာသော စိတ်သည်မိုးလိပ်ပါရှိသော် သေမင်းမိုက်သည် မိမိအလိုနိုင်ငံသို့ လိုက်ပါစေလျက် ငိုကြွေးမြည်တမ်း ပင်ပန်းဟစ်အော်စဉ် အလျင်ဖမ်းယူ၍ သွားတော့လေသတည်းဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏။

၄၇။ ပုပ္ဖာနိဟေဝ ပစိနန္တံ၊ ဗျာသတ္တမနသံ နရံ။
အတိတ္တံယေဝ ကာမေသု၊ အန္တကော ကုရုတေ ဝသံ-

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ယူသကဲ့သို့ ကာမဂုဏ်ငါးပါးကို ကောင်းနိုး ရာရာ ရွေးချယ်ထသော မရှိတောင့်တ၊ ရှိကြောင့်ကြလျက် ကပ်ငြိသော စိတ်ရှိထသော ဝတ္ထုကိလေသာ နှစ်ပြား ကာမတို့၌ တင်းတိမ် ရောင့်ရဲခြင်း မရှိသော သတ္တဝါကို သေမင်းမိုက်သည် မိမိအလိုသို့ ပြုလေ၏။

ထိုဂါထာ၌ ပုပ္ဖာနိ ဧဝ ပစိနန္တံ=ဟူသည် ပန်းအာရာမ်၌ ပန်းသည်သည် အထူးထူးသောပန်းတို့ကို ရွေးချယ်စိစစ်၍ ဆွတ်သကဲ့သို့ အတ္တဘောနှင့် စပ်သည် လည်း၊ ဖြစ်ကုန်သော၊ အခေါက်အဆုံးနှင့် စပ်သည်လည်း ဖြစ်ကုန်သော

ကာမဂုဏ် ငါးပါးတည်းဟူသော ပန်းတို့ကို ဆွတ်သည်သာလျှင် ဖြစ်သော- ဟူလို။

ဗျာသတ္တမနသံ နရံ=ဟူသည် မရောက်အပ်သော အာရုံတို့၌ တောင့်တသည်၏ အစွမ်းဖြင့် ရောက်ပြီးသော အာရုံတို့၌ တပ်မက်မောသည်၏ အစွမ်းဖြင့် အထူးထူးသော အပြားဖြင့် ကပ်ငြိသော စိတ်ရှိသော ဟူလို။

အတိတ္တံယေဝ ကာမေသု=ဟူသည် ဝတ္ထုကာမ, ကိလေသာကာမ တို့၌ ရှာမှီးခြင်းဖြင့်လည်းကောင်း၊ ရခြင်းဖြင့်လည်းကောင်း၊ သုံးဆောင်ခြင်းဖြင့်လည်းကောင်း၊ တည်ထားခြင်းဖြင့်လည်းကောင်း၊ ဝါ-သိမ်းဆည်းစုရုံးခြင်းဖြင့်လည်းကောင်း မရောင့်ရဲမီလျှင် ဖြစ်လျက် ဟူလို။

အန္တကော ကုရုတေ ဝသံ=ဟူသည် သေခြင်းဟု ဆိုအပ်သော သေမင်းသည် ငိုကြွေးစဉ်၊ မြည်တမ်းစဉ် ခေါ်ငင်၍သွားလျက် မိမိ၏အလို ဝါ-အလိုနိုင်ငံသို့ ရောက်စေ၏ဟု အနက်ပေးပါဟူလို။

ဒေသနာတော်၏ အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။ ဒေသနာသည် လူအပေါင်းအား အကျိုးနှင့် တကွ ဖြစ်၏။

လေးခုမြောက် ပတိပူဇိကာဥပါသိကာမဝတ္ထု ပြီး၏။

၅-မစ္ဆရိယကောသိယ သေဌေးဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

ယထာပိ ဘမရော ပုပ္ဖံ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ပြည်ခွင်ဘုမ္မိ သာဝတ္ထိမြို့၌ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူလျက် မစ္ဆရိယကောသိယအမည်ရသော သေဌေးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။ အကြောင်းဝတ္ထုကား ရာဇဂြိုဟ်ပြည်၌ ဖြစ်၏။

ကိုယ်တိုင်လည်း မစားရက် သူတစ်ပါးကိုလည်း မပေးရက်တဲ့ သေဌေး

ရာဇဂြိုဟ်ပြည်၏ မနီးမဝေးသော အရပ်ဒေသ၌ သက္ကာရနိဂုံးတစ်ခု ရှိ၏။ ထိုသက္ကာရ နာမည်ရှိသော နိဂုံးဒေသရပ်ဂါမ၌ မစ္ဆရိယကောသိယ သေဌေးသည် ကုဋေရှစ်ဆယ် ပြည့်ကြွယ်ရိပ်ငြိမ် စည်းစိမ်ချမ်းသာ ရှိသည်ဖြစ်၍ နေထိုင်၏။ ထိုသေဌေးသည် သမန်းမြက်ဖျား၌ ထင်ရှားကပ်ငြိ ရေပေါက်ကဲ့သို့ မမှာဆနည်းငယ်

မျှသာ ဖြစ်သော ဆီကိုလည်း သူတစ်ပါးတို့အား သနား ပေးကမ်းခြင်းကို မပြု။ မိမိသည်လည်း မသုံးဆောင် မခံစား ဆုံးပါးကုန်ခန်းအံ့သည်ကို ပင်ပန်း စိုးရိမ်ကြောင့်ကြသောကြောင့် ရသမျှ ပစ္စည်းကို သိမ်းဆည်း သိုမှီး၍သာ ထား၏။ ထိုသို့သော အကြောင်းကြောင့် ၎င်းသေဋ္ဌေး၏ စည်းစိမ်ချမ်းသာကို မယား, သားသမီးတို့အားလည်းကောင်း၊ ရဟန်းပုဏ္ဏားတို့အားလည်းကောင်း ထင်စိုတစ်ခုမျှသော အကျိုးကို မသုံးဆောင် မခံစားရလေ။ အစောင့်အရှောက် ရက္ခိုသ်ဘီလူးတို့သည် အထူးသိမ်းဆည်း စောင့်ရှောက်အပ်သော ရေကန်ကဲ့သို့ မသုံးဆောင်နိုင်သော အရာ၌ တည်၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် တစ်ပါးသောနေ့ မိုးသောက်ယံ၌ မဟာကရုဏာသမာပတ်မှ ထတော်မူ၍ အလုံးစုံသော လောကဓာတ်၌ ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါတို့ကို ကြည့်ရှု ဆင်ခြင်ပော်မူသည်ရှိသော် သာဝတ္ထိပြည်မှ ခရီးယူဇနာ လေးဆယ့်ငါးယူဇနာမျှ ဝေးကွာသောအရပ်၌ နေထိုင်လေ့ရှိသော မစ္ဆရိယကောသိယသေဋ္ဌေး၏ ခင်ပွန်းမယားနှင့်တကွ သောတာပတ္တိဖိုလ် အကြောင်းပြည့်စုံခြင်းကို မြင်တော်မူလေ၏။

မြတ်စွာဘုရားရှင်သည် ကြည့်ရှု ထင်ထင် မြင်တော်မူသောနေ့မှ ရှေးအဖို့ဖြစ်သောနေ့၌ ထိုမစ္ဆရိယ ကောသိယ သေဋ္ဌေးသည် မင်းကြီးကို ခစားခြင်းငှာ ရာဇဂြိုဟ်ပြည်သို့ သွားရောက်၍ မင်းကြီးအား ခစားခြင်းကိုပြု၍ ပြန်လာခဲ့သည်ရှိသော် တစ်ခုသောမုန့် ချက်လုပ်သော ဇရပ်၌ မုယောမုန့်ကိုလည်းကောင်း၊ အိုးကင်းမုန့်ကိုလည်းကောင်း စားသောက်သော ဇနပုဒ်နေသူ လူအပေါင်းကို မြင်၍ ထိုမုန့်၌ မွတ်သိပ်နှစ်မျှ စားလိုခြင်း ဖြစ်ပြီးလျှင် မိမိ၏ အိမ်သို့ သွားရောက်ပြီး စဉ်စား ကြံဆင်ခြင်သည်မှာ ငါသည် အိုးကင်းမုန့်ကို စားလိုသော ဆန္ဒဖြစ်ပေသည်ဟု အကယ်၍ ဆိုခဲ့အံ့၊ များစွာကုန်သော လူတို့သည် ငါနှင့်အတူတကွ စားသောက်လိုသည် ဖြစ်ကုန်လတ္တံ့။ ယင်းသို့ စားလိုကုန်သည် ဖြစ်၍ စားသောက်ခဲ့သည်ရှိသော် ငါ၏ နှမ်း, ဆန်, ထောပတ်, တင်လဲ စသည်တို့သည် ကုန်ခန်းခြင်းသို့ ရောက်ပေလတ္တံ့။ ငါသည် တစ်စုံတစ်ယောက်သောသူအား မပြောကြားတော့အံ့ဟု ကြံ၍ ပြင်းထန်စွာ စားလိုခြင်း၌ တပ်မက်သော တဏှာကို သိမ်းဆည်း သည်းခံလျက်သာ လှည့်ပတ် သွားလာ နေထိုင်ခြင်းကို ပြု၏။ မစ္ဆရိယကောသိယသေဋ္ဌေးသည် သွားတိုင်း သွားတိုင်းသော အချိန်၌ ကိုယ်ရေနွမ်းပျော့ ဖြော့တော့သောအဆင်းရှိခြင်း၊ ကွမ်းရွက်တမျှ ပမာဏကဲ့သို့ အကြောပြိုင်းပြိုင်း ထခြင်းသည် ဖြစ်၏။ ထိုနောက်မှ သေဋ္ဌေးသည် မုန့်၌ စားလိုသော တဏှာကို သည်းခံခြင်းငှာ မစွမ်းနိုင်သောကြောင့် တိုက်ခန်းထဲသို့ ဝင်၍ ညောင်စောင်းထက်၌ ပက်လက် တစောင်း ဘယ်ညာ ပြောင်းလျက် ဦးခေါင်းရုံခြင်းကို ပြု၍ အိပ်၏။ ဤမျှလောက်သော ဆင်းရဲဒုက္ခသို့ ရောက်ရ

လေငြားသော်လည်း ပစ္စည်းဥစ္စာ ဆုတ်ယုတ်အံ့သည်မှ ရှုံကြောက် စိုးရိမ်သဖြင့် တစ်စုံတစ်ယောက်သော သူအား တစ်စုံတစ်ခုသော စကားကိုမျှ မပြောမဆိုဘဲ တိတ်တဆိတ်သာ နေလေ၏။

ထိုအခါ၌ မစ္ဆရိယကောသိယသေဋ္ဌေးကို ခင်ပွန်းမ သေဋ္ဌေးကတော်သည် ချဉ်းကပ်၍ ကျောက်ကုန်းကို ဆုပ်နယ်ပြီးသော် အရှင် အသို့ပေနည်း အရှင်အား အဘယ်သို့သော မချမ်းသာခြင်းသည် ဖြစ်ပါသနည်းဟု မေး၏။ ချစ်နှမ ငါ့အား တစ်စုံတစ်ခုသော မချမ်းမသာ ရောဂါစွဲကပ်ခြင်း မရှိပေဟု ပြောကြားသည်ရှိသော် အသို့နည်း အရှင် အရှင်အား ပြည့်ရှင်မင်းကြီးသည် အမျက်ထွက်လေ သလောဟု မေးပြန်သော် ချစ်နှမ ငါ့အား မင်းကြီးသည် အမျက်မထွက်ပေဟု ပြော၏။ ထိုသို့ မဟုတ်ခဲ့သည်ရှိသော် အသို့ပေနည်း အရှင်အား သားသမီးတို့သည်လည်းကောင်း၊ ကျွန်အမှုလုပ် စသည်တို့သည် လည်းကောင်း တစ်စုံတစ်ခု မနှစ်သက်ဖွယ်သော အမှုကို ပြုပါသလောဟု မေးပြန်က တစ်စုံဘစ်ခုမျှကို ပြုသည် မရှိပေဟု ပြောသဖြင့် အရှင်.... အရှင်အား တစ်စုံတစ်ခုသော ပစ္စည်းဝတ္ထု၌ တပ်မက်ခြင်းသည် ရှိပါသလောဟု မေး၏။ ဤသို့ မေးမြန်းအပ်သော်လည်း ပစ္စည်းဥစ္စာ ဆုတ်ယုတ်အံ့သည်မှ ရှုံကြောက်သောကြောင့် တစ်စုံတစ်ခုမျှသော စကားကို မပြောမဆိုဘဲ အသံဆိတ်သည် ဖြစ်၍သာလျှင် အိပ်နေ၏။ ထိုအခါ ခင်ပွန်းမဖြစ်သော သေဋ္ဌေးကတော်က အရှင် အသင်သည် တစ်စုံတစ်ခုသော ပစ္စည်းဝတ္ထု၌ တပ်မက်သော တဏှာ ဖြစ်ခဲ့ပါမူကား ကျွန်တော်မအား ပြန်ကြားပါလော့ဟု အထပ်ထပ် အတန်တန် မေး၏။ ထိုသေဋ္ဌေးသည် မယား၏ စကားကို ပြန်ကြားရမည့်အရာ ပင်ပန်းဘိသကဲ့သို့ ဖြစ်ပြီးလျှင် ချစ်နှမ ငါ့အား တစ်ခုသော ပစ္စည်းဝတ္ထု၌ တပ်မက်၍ နေသော တဏှာသည် ရှိပေသည် ဟုပြော၏။ အရှင် တပ်မက်သော အရာသည် အဘယ်ပါနည်းဟု မေးလျှင် ချစ်နှမ အိုးကင်းမုန့်ကို စားခြင်းငှာ အလိုရှိခြင်း ဖြစ်ပေသည်ဟု ပြော၏။ အရှင် ထိုသို့ ဖြစ်ပါလျက် အဘယ့်ကြောင့် ကျွန်တော်မအား ထိုအကြောင်းကို မကြား မဆိုဘိသနည်း၊ အသို့နည်း အသင်သည် ဆင်းရဲသော သူလော၊ ဤယခုအခါ၌ အလုံးစုံသော မြို့နိဂုံး တစ်ရွာယုံး၌ နေသော လူတို့အား စားသုံးလောက်အောင်သော မုန့်တို့ကို ချက်ပေအံ့ဟု ဆို၏။

ချစ်နှမ ထိုရွာသူ ရွာသားတို့သည် အသင်၏ မုန့်တို့ကို စားပြီး မိမိတို့၏ အမှုကိစ္စကို မိမိတို့ ပြုကြကုန်လတ္တံ့။ ထိုရွာသူ ရွာသားတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု ဆို၏။ ထိုသို့ဖြစ်လျှင် အရှင် ခရီးလမ်းမတစ်ခု၌ နေလေ့ရှိသော သူတို့အား စားသုံးလောက်အောင် မုန့်တို့ကို ချက်အံ့ဟုဆို၏။ ထိုအခါ သေဋ္ဌေးက

ချစ်နှမ ငါသည် သင့်အား ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသည်၏ အဖြစ်ကို သိပါ၏ဟု ပြောသဖြင့် ယင်းသို့ဖြစ်လျှင် ဤအိမ်၌နေကုန်သော အလုံးစုံကုန်သောသူတို့အား စားသုံးလောက်သည်ကို ပြု၍ မုန့်တို့ကို ချက်အံ့ဟု ဆို၏။ ချစ်နှမအသင် အလိုကြီးသည်၏ အဖြစ်ကို ငါသည်သိပါ၏ဟု ပြောပြန်သဖြင့် ထိုသို့ဖြစ်လျှင် အရှင်သေဋ္ဌေး၏ သားသမီးမျှ စားလောက်ရုံကို ပြု၍ ချက်ပါအံ့ဟုဆိုလျှင် ထိုသားသမီးတို့ဖြင့် အဘယ်သို့ပြုအံ့နည်းဟု ဆိုသဖြင့် အသို့နည်း အရှင် အရှင့်အားလည်းကောင်း ကျွန်တော်မအားလည်းကောင်း စားလောက်ရုံကိုပြု၍ ချက်ပါတော့အံ့ဟု ပြောက အသင့်မှာ အဘယ်သို့ ဖြစ်၍ လေးလတ္တံ့နည်းဟုပြောဆိုပြန်သဖြင့် ထိုသို့ဖြစ်လျှင် အရှင် အရှင်တစ်ယောက် စားလောက်ရုံကိုသာပြု၍ ချက်ပါတော့အံ့ဟု ပြော၏။ ထိုအခါ သေဋ္ဌေးက ချစ်နှမ ဤအရပ်ဌာန၌ မုန့်ကို ချက်လုပ်သည်ရှိသော် များစွာသော သူတို့သည် တောင်းလာ စားလိုခြင်း ဖြစ်ပေလိမ့်မည်။ ကောင်းမွန်သော ဆန်တို့ကို ထား၍ ဆန်ကျိုးဆန်ကွဲတို့ကို လည်းကောင်း၊ ခုံလောက်ငယ် အိုးကင်းငယ် တို့ကိုလည်းကောင်း ယူပြီးအနည်းငယ် မျှသာဖြစ်သော နို့ရည်၊ ထောပတ်၊ ပျားတင်လဲတို့ကို ယူ၍ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အထက်ဆင့် အပြင်ထက်သို့ တက်ပြီးသော် မုန့်ကို ချက်ပါလေလော့၊ ထိုအရပ်၌ ငါသည်တစ်ယောက်ချင်းသာလျှင် ထိုင်နေ၍ စားသောက်အံ့ဟု ဆို၏။ သေဋ္ဌေးကတော်လည်း ကောင်းပါပြီဟု ဝန်ခံပြီး ယူသင့်ယူထိုက်သော အဆောက်အဦး အလုံးစုံကို ကုန်ယူစေ၍ ပြာသာဒ်ထက်သို့တက်ပြီးသော် လိုက်ပို့သော ကျွန်မတို့ကို လွှတ်လိုက်ပြီးလျှင် သေဋ္ဌေးကို ခေါ်စေ၏၊ ထိုသေဋ္ဌေးလည်း အစဖြစ်သောဘုံအဆင့်မှစ၍တံခါးတို့ကိုပိတ်လျက် အလုံးစုံသော တံခါးတို့၌ မင်းတုပ်ကြီးငယ်တို့ကို ချပိတ်၍ ခုနစ်ခုမြောက်သော ပြာသာဒ်အပြင်ထက်သို့ တက်ပြီးသော် ထိုပြာသာဒ်အပြင်၌လည်း တံခါးကို လုံခြုံစွာပိတ်၍ ထိုင်နေ၏၊ သေဋ္ဌေးကတော်သည်လည်း ခုံလောက်၌ မီးကိုညှိပြီးသောအခါ အိုးကင်းကို ခုံလောက်ထက်သို့ တင်၍မုန့်တို့ကို ချက်ခြင်းငှာ အားထုတ်၏။

အရှင်မောဂ္ဂလာန် မုန့်အလှူခံ ကြွတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် နံနက်စောစောကပင်လျှင် အရှင်မဟာမောဂ္ဂလာန်မထေရ်ကိုခေါ်တော်မူ၍ ချစ်သောမောဂ္ဂလာန် ရာဇဂြိုဟ်ပြည်၏ မနီးမဝေးဖြစ်သော သက္ကာရနိဂုံး၌ မစ္ဆရိယကောသိယ သေဋ္ဌေးသည် အိုးကင်းမုန့်ကို စားအံ့ဟူ၍ သူတစ်ပါးတို့ မြင်အံ့သောဘေးမှ ကြောက်သောကြောင့် ဘုံခုနစ်ဆင့် မြောက်ဖြစ်သော ပြာသာဒ်အပြင်ထက်၌ အိုးကင်းမုန့်တို့ကို ချက်စေ၏။ သင်ချစ်သားသည် ထိုသက္ကာရ နိဂုံးအရပ်ဒေသသို့ သွားရောက်၍ သေဋ္ဌေးကို တကျော အဆိပ်မရှိအောင် ကြည့်ရှု ဆုံးမပြုပြီးသော် ခပ်ပွန်းလင်

မယားနှစ်ယောက်တို့ကိုလည်းကောင်း၊ မုန့်တို့ကိုလည်းကောင်း၊ နို့ရည်ထောပတ်များ တင်လဲတို့ကိုလည်းကောင်း ယူစေပြီး၍ မိမိ၏အစွမ်းဖြင့် ငါဘုရားသီတင်းသုံးတော်မူရာဖြစ်သော ဇေတဝန်ကျောင်းတော်သို့ ခေါ်ဆောင်ခဲ့လေလော့။ ငါဘုရားသည် ယနေ့ ငါးရာကုန်သောရဟန်းတို့နှင့် အတူတကွ ကျောင်းတော်၌ သာလျှင် သီတင်းသုံးတော်မူအံ့၊ မုန့်တို့ဖြင့်သာလျှင် ဆွမ်းဘုဉ်းပေးခြင်း ကိစ္စပြုတော်မူအံ့ဟု မိန့်တော်မူ၏။ အရှင်မဟာမောဂ္ဂလာန် မထေရ်လည်း ကောင်းလှပါပြီ အရှင်ဘုရားဟု မြတ်စွာဘုရားစကားတော်ကိုလျှောက်ကြားဝန်ခံ၍ ထိုခဏ၌သာလျှင် တန်ခိုးတော်အစွမ်းဖြင့် သက္ကရဋ္ဌာနိဂုံးသို့ကြွတော်မူ၍ ထိုမစ္ဆရိယ- ကောသိယသေဌေး ပြာသာဒ်၏ ခြသေ့ရပ်တပ်တံခါး၌သက်န်းကို ကောင်းစွာ ဝတ်ရုံတော်မူလျက် ကောင်းကင်အပြင်၌ ပတ္တမြားဆင်းတုတမျှ ပမာဏကဲ့သို့ ဓတ်မတ်ရပ်၍ သီတင်းသုံးတော်မူ၏။

မစ္ဆရိယကောသိယ သေဌေးအား အရှင်မောဂ္ဂလာန် မထေရ်ကို မြင်သောအခါ နှလုံးတုန်လှုပ်ခြင်း ဖြစ်လေ၏။ ငါသည်ဤသို့သဘောရှိသော သူဘစ်ပါးအား ပေးရအံ့သောဘေးမှ တွေးတော၍ကြောက်ခြင်း ရှိသည်ဖြစ်၍ ဤအရပ်သို့လာခဲ့၏။ ဤရဟန်းသည်လည်း ကောင်းကင် ခရီးဖြင့် ကြွလာ၍ လေသောက် ပြတင်းတံခါး၌ ရပ်လာ၏ဟု ကြံစည်စိုးရိမ်လျက် ယူသင့်ယူထိုက်သော ပစ္စည်းဝတ္ထုကိုမျှ ကြည့်ရှုထင်ထင် မမြင်နိုင်ဘဲ မီးထဲ၌ ထည့်အပ်သော ဆားကဲ့သို့ ဖျစ်ဖျစ်မြည်လျက် အမျက်ဒေါသဖြင့် အရှင်ရဟန်း အသင်သည် ကောင်းကင်ထက်၌ မတ်မတ် ရပ်တည်၍ နေသော်လည်း အဘယ်ကို ရလတ္တံ့နည်း၊ ရပ်တန့်ရုံမျှမက ခြေရာမထင် ကောင်းကင်ပြင် ထက်၌ ခြေရာကိုပြုလျက် စင်္ကြံကြွ၍နေစေကာမူ တစ်စုံတစ်ခုကိုမျှ မရလတ္တံ့ဟုဆို၏။ အရှင်မောဂ္ဂလာန် မထေရ်သည် ထိုလေသောက် ပြတင်းအရပ်၌ပင် ထိုမှ ဤမှ စင်္ကြံတုန့်ခေါက် လျှောက်၍နေတော်မူ၏။သေဌေးကလည်း အရှင်ရဟန်း၊အသင်သည် စင်္ကြံတုန့်ခေါက်လျှောက်၍ နေသော်လည်း အဘယ်ကိုရလတ္တံ့နည်း၊ စင်္ကြံလျှောက်ရုံမျှမက ကောင်းကင်ပြင်ထက်၌ပလ္လင်ဖွဲ့ခွေထိုင်၍ နေသော်လည်း တစ်စုံတစ်ခုကိုမျှ မရလတ္တံ့သည်သာလျှင်တည်းဟု ဆို၏။ အရှင်မောဂ္ဂလာန် မထေရ်လည်းကောင်းကင်ပြင်ထက်၌ ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူ၏။ ထို့နောက် သေဌေးက အရှင်ရဟန်း အသင်သည် ကောင်းကင်ပြင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေသော်လည်း အဘယ်ကို ရလတ္တံ့နည်း။ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေရုံမျှမက ဤသို့ကြွလာခဲ့၍ လေသောက် ပြတင်းတံခါးခုံ၌ ရပ်တည်လေငြား သော်လည်း တစ်စုံတစ်ခုကိုမျှ မရပေလတ္တံ့ ဟုဆို၏။ အရှင် မောဂ္ဂလာန် မထေရ်သည် လေသောက်ပြတင်းတံခါးခုံ၌ ရပ်တန့်တော်မူ၏။ ထို့နောက်သေဌေးက အရှင် မောဂ္ဂလာန်မထေရ်ကို အရှင်ရဟန်း အသင်သည် တံခါးခုံ၌ ရပ်တည်လေငြား

သော်လည်း အဘယ်ကို ရလတ္တံ့နည်း၊ တံခါးခုံ၌ ရပ်တည်ရုံမျှမက အခိုးအငွေ့ လွှတ်လေငြားသော်လည်း တစ်စုံတစ်ခုမျှကို မရပေလတ္တံ့ဟု ဆို၏။ အရှင်မောဂ္ဂလာန် မထေရ် သည်လည်း အခိုးအငွေ့ကို လွှတ်တော်မူ၏။ အလုံးစုံသော ပြာသာဒ်သည် တစ်ပြိုင်နက် အခိုးအငွေ့ဖြင့် ပြီးသည် ဖြစ်လေ၏။ သေဌေးအား မျက်စိကို အပ်ဖြင့် ထိုးဆွဘိသကဲ့သို့ အလွန် ကျင်နာခြင်းသည် ဖြစ်၏။ အိမ်ကို မီးလောင်အံ့သောသောအားမှ ကြောက်သော ကြောင့် အိမ်ကိုမီးလျှံတောက်အောင် ပြုငြားသော်လည်း တစ်စုံတစ်ခုမျှ မရပေလတ္တံ့ဟုနှုတ်က မဆိုဝံ့မူ၍ ဤရဟန်းသည် ငါတို့အား ကောင်းစွာကပ်ငြိ၍ နေ၏။ တစ်စုံတစ်ခုမျှကို မရသည်ရှိသော် မသွားဘဲနေလတ္တံ့။ ထိုရဟန်းအား တစ်ခုသောမုန့်ကို ပေးစေအံ့ဟုကြံ၍ ခင်ပွန်းမယားကို ချစ်နှမသေးငယ်စွာသော တစ်ခုသောမုန့်ကို ချက်၍ ရဟန်းအား ပေးပြီး လွှတ်လိုက်ပါလော့ဟု ဆို၏။

အရှင်မောဂ္ဂလာန်အား မုန့်လှူဒါန်းခြင်း

သေဌေးကတော်သည် အနည်းငယ်သောမုန့်ညက်ကို အိုးကင်းခွက်၌ ထည့်၏။ ကြီးစွာသော မုန့်ကြီးဖြစ်၍ အိုးကင်းခွက် တစ်ပြင်လုံးကို ပြည့်၏။ ဖူးဖူး ယောင်တက် ကြသည်ဖြစ်၍ တည်၏။ သေဌေးသည် ထိုအခြင်းအရာကိုမြင်လျှင် အသင်သည် မုန့်ညက်တို့ကို များစွာထည့်သောကြောင့် ဤသို့ ဖြစ်လေသည်ဟု ပြောဆိုပြီးလျှင် မိမိကိုယ်တိုင် ယောက်မကို ကိုင်၍ ယောက်မဖျားအနားစွန်းဖြင့် အလွန်တရာ နည်းလှစွာသော မုန့်ညက်ကို ယူ၍ ထည့်၏။ မုန့်သည် ရှေ့ထက် တိုးတက်၍ တိုးတက်၍သာ ကြီးခြင်းဖြစ်လေ၏။ ဤသို့သော နည်းဖြင့် အကြင် အကြင်သို့သော မုန့်သည် ကျက်၏၊ ထိုကျက်သောမုန့်ထက် နောက်နောက် ချက်လုပ်အပ်သော မုန့်သည် ကြီး၍သာ နေသောကြောင့် ငြီးငွေ့သောသဘောရှိ လေရကား မိမိခင်ပွန်းမ သေဌေးကတော်ကို ချစ်နှမ ဤရဟန်းအား တစ်ခုသော မုန့်ကို ပေးကမ်းလှူဒါန်း လိုက်ပါလော့ဟု ဆို၏။ သေဌေးကတော်အား မုန့်ထည့် သောခြင်းမှ တစ်ခုသော မုန့်ယူက်ကို ယူသည်ရှိသော် အလုံးစုံကုန်သောမုန့်တို့ သည်တစ်စပ်တည်းကဲ့သို့ ကပ်ငြိ၍တည်ကုန်၏၊ သေဌေးကတော်သည် သေဌေးကို အရှင် အလုံးစုံကုန်သော မုန့်တို့သည် တစ်စပ်တည်းကဲ့သို့ ကပ်ငြိ၍ တည်ကုန်၏။ အသီးအခြားတစ်ခုသော မုန့်ယူက်ကို ယူခြင်းငှာ မစွမ်းနိုင်ပါဟု ပြောကြား၏။ ထိုအခါ သေဌေးက ငါပြုအံ့ဟု ဆို၍ ထိုသေဌေးသည် ခွါ၍ ယူသော်လည်း ခွါယူ၍မရ၊ ခွါယူခြင်းငှာ မစွမ်းနိုင်သဖြင့် နှစ်ယောက်ကုန်သော သေဌေး လင်မယားတို့သည် အစွန်း၌ကိုင်၍ ဆွဲငင်ဖဲ့ခွါ ကုန်သော်လည်း ခွါယူခြင်းငှာ မစွမ်းနိုင်သည်သာလျှင် ဖြစ်လေကုန်၏။ ထိုသို့ သေဌေးအား မုန့်တို့နှင့်တကွ လုံ့လပြုစဉ်ပင်လျှင် ကိုယ်မှချွေးတို့သည် အပြိုင်အပြိုင် စီးထွက်ကုန်၏။

မှတ်သိပ်ခြင်း ပြုတ်လေ၏။ ထိုနောက်မှ သေဌေးက ခင်ပွန်းမ သေဌေးကတော်ကို နှမ ငါ့အား ဤမုန့်တို့ဖြင့် အလိုမရှိပြီ၊ ခြင်းတောင်းနှင့် တကွသာလျှင် ဤရဟန်းအား ပေးလှူလိုက်ပါလော့ဟု ပြော၏။ သေဌေးကတော်သည်လည်း မုန့်ခြင်းတောင်းကို ယူ၍ အရှင်မောဂ္ဂလာန် မထေရ်သို့ ချဉ်းကပ်၏။

အရှင်မောဂ္ဂလာန် မထေရ်သည်နှစ်ဦးကုန်သော သေဌေးခင်ပွန်း လင်မယားတို့အား တရားစကား ဟောကြားဆုံးမတော်မူ၏။ ရတနာ သုံးပါး တို့၏ ဂုဏ်ကျေးဇူး အထူးကို မိန့်ဆိုဟောပြတော်မူ၏။ "အတ္ထိ ဒိန္နံ အတ္ထိ ယိဋ္ဌံ" စသည်ဖြင့် အလှူဒါန၏ အကျိုးကို ကောင်းကင်ပြင်အလယ် တင့်တယ်တောက်ထွန်းသော လပြည့်ဝန်းကဲ့သို့ ထင်ရှားစွာ ပြတော်မူ၏။ ထိုသို့သော တရားစကားကို ကြားနာရသည်ရှိသော် ကြည်ညို ညွတ်ရှိုင်းသော စိတ်ရှိသည် ဖြစ်၍ သေဌေးသည် ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား အရှင်မြတ်သည် ကြွလာတော်မူပြီး ဤပလ္လင်ထက်၌ ထိုင်နေသီတင်းသုံး၍ မုန့်ကို ဘုဉ်းပေးတော်မူပါကုန်လော့ဟု လျှောက်ကြား၏။ အရှင်မောဂ္ဂလာန် မထေရ်မြတ်က သေဌေးကြီး မြတ်စွာဘုရား ကိုယ်တော်မြတ်သည် မုန့်တို့ကို ဘုဉ်းပေးသုံးဆောင်တော်မူမည် ဟူ၍ ရဟန်း ငါးရာတို့နှင့်တကွ ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ အသင်တို့သည် ရှင်လန်းနှစ်မြို့ အလိုရှိကုန်သည်ရှိသော် အသင်၏ ခင်ပွန်းမဖြစ်သော သေဌေးကတော်ကိုမုန့်တို့ကိုလည်းကောင်း၊ နို့ရည်စသည်တို့ကို လည်းကောင်း ယူစေကုန်လော့ အသင်တို့ကို မြတ်စွာဘုရား ကိုယ်တော်မြတ်၏ ထံတော်သို့ ယူဆောင်၍ သွားကုန်အံ့ဟု မိန့်တော်မူ၏။ အရှင်ဘုရား ယခုအခါ၌ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် အဘယ်အရပ်၌ သီတင်းသုံးတော်မူပါသနည်းဟု မေးလျှောက်၏။ ဒါယကာ သေဌေးကြီး ဤသက္ကာရနိဂုံးရွာမှ လေးဆယ့်ငါး ယူဇနာမျှလောက် ဝေးကွာသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသတည်းဟု မိန့်တော်မူလျှင် အရှင်ဘုရား ဘုဉ်းပေးအံ့သော အခါကို မလွန်မူ၍ ဤမျှလောက် အဝေးရှည်စွာ ဝေးကွာသော အရပ်သို့ အဘယ်သို့ သွားနိုင်ပါကုန်အံ့နည်းဟု လျှောက်သော် အရှင်မောဂ္ဂလာန် မထေရ်မြတ်က သေဌေးကြီး အသင်တို့သည် အလိုရှိသည်ရှိသော် ငါသည် အသင်တို့အား မိမိ၏ တန်ခိုး၏ အစွမ်းဖြင့် ဆောင်ပေအံ့။ အသင်တို့၏ပြာသာဒ်စောင်းတန်းဦးသည် မိမိ၏တည်ရာ အရပ်၌သာ ဖြစ်လတ္တံ့ စောင်းတန်း၏ အဆုံးသည်ကား ဇေတဝန် ကျောင်းတော်၏ တံခါးမုခ်ဝ၌ ဖြစ်လတ္တံ့။ အထက်ပြာသာဒ်အပြင်မှအောက်ပြာသာဒ်အပြင်သို့သက်ဆင်းကာမျှဖြင့်သာလျှင် အသင်တို့အား ဇေတဝန် ကျောင်းတော်သို့ ရောက်အောင် ဆောင်ယူအံ့ဟု မိန့်တော်မူသော် ထိုသေဌေးကြီးသည် ကောင်းလှပါပြီ အရှင်ဘုရားဟု ဝန်ခံ၏။

သေဌေးလင်မယား မုန့်အလှူရေစက်ချ

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် စောင်းတန်းဦးကို ထိုအရပ်၌သာလျှင် ပြု၍ စောင်းတန်းခြေရင်းသည် ဇေတဝန်ကျောင်းတော်၏ တံခါးမုခ်ဝ၌တည်စေသတည်းဟု ဓိဋ္ဌာန်တော်မူ၏။ မထေရ်မြတ် ဓိဋ္ဌာန်တော်မူတိုင်းသာလျှင်ဖြစ်လေ၏။ ဤသို့သော အခြင်းအရာဖြင့် ပြုတော်မူပြီးမှ အရှင်မောဂ္ဂလာန် မထေရ်သည် သေဌေးကိုလည်းကောင်း၊ သေဌေးကတော်ကို လည်းကောင်း အထက်ဖြစ်သော ပြာသာဒ်အပြင်ထက်မှအောက်ဖြစ်သောပြာသာဒ်သို့သက်ဆင်းသော အခါမှ လျင်မြန်စွာ ဇေတဝန်ကျောင်းတော်သို့ ရောက်စေ၏။ ထိုသေဌေးလင်မယား နှစ်ယောက်တို့သည် မြတ်စွာဘုရားရှင်၏ ထံပါးသို့ ချဉ်းကပ်၍အခါကာလကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားရှင်သည် ဆွမ်းစား ဇရပ်သို့ သံဃာတော်တို့နှင့် တကွ ကြွဝင်တော်မူ၍ ခင်းထားအပ်သော ဘုရားရှင်တို့ နေရာ၌ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ထိုင်နေ သီတင်းသုံးတော်မူ၏။ သံဃာတော်တို့လည်း၊ အသီးသီး မိမိတို့လျှောက်ပတ်သော နေရာအားလျော်စွာ ထိုင်နေ သီတင်းသုံးတော်မူကြကုန်၏။ သေဌေးကြီးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား၊ အလှူရေစက်ကို သွန်းချပေးလှူ၏။ သေဌေးကတော်သည် မြတ်စွာဘုရားရှင်၏ သပိတ်တော်၌ မုန့်ကိုထည့်၍ ကပ်စေ၏။ မြတ်စွာဘုရားသည်လည်း မိမိအား မျှလောက်ရုံမျှကို အလှူခံတော်မူ၏။ ဤသို့သော နည်းဖြင့် ငါးရာကုန်သော ရဟန်းတို့သည်လည်း မျှလောက်ရုံမျှကို ခံယူကြကုန်၏။ မစ္ဆရိယ ကောသိယသေဌေးသည် နို့ရည် ထောပတ်·ပျား ကင်လဲ သကာ စသည်တို့ကို ပေးလှူ ထည့်လောင်းသည် ရှိသော် မကုန်နိုင်သည့် အဖြစ်သို့ ရောက်လေ၏။

မြတ်စွာဘုရားရှင်သည် ရဟန်းငါးရာ တို့နှင့်တကွ ဆွမ်းစားခြင်း ကိစ္စကို ပြီးဆုံးစေတော်မူ၏။ သေဌေးသည်လည်း မိမိ၏ ခင်ပွန်းမဖြစ်သော မယားနှင့် တကွ အလိုရှိတိုင်း မုန့်တို့ကို စားသောက်လေ၏။ မုန့်၏ ကုန်ခန်းခြင်း အဖြစ်သည် မထင်။ အလုံးစုံကုန်သော ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးကုန်သော ရဟန်းတို့အား လည်းကောင်း၊ စားကြွင်းစားတို့အား လည်းကောင်း ပေးကမ်းလှူဒါန်း၍ စားသောက် ဘုန်းပေးကြသော်လည်း ကုန်ခန်းခြင်း မရှိသောကြောင့်မြတ်စွာဘုရားကိုယ်တော်မြတ်သို့ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူလှပေသော မြတ်စွာဘုရား အလုံးစုံသော သူတို့ပင် စားသောက် သုံးဆောင်လေကြသော်လည်း မုန့်တို့သည် ပြီးဆုံး ကုန်ခန်းခြင်းသို့ မရောက်ပါကုန်ဟု မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ထိုသို့ဖြစ်လျှင် ဇေတဝန် ကျောင်းတော်ကြီး၏ တံခါးမုခ်ဝ၌ စွန့်ပစ်ကြကုန်လော့

ဟု မိန့်တော်မူ၏။ ထိုအခါ သေဋ္ဌေးခင်ပွန်း လင်မယားတို့သည် ပိုလွန်ကြွေးကျန် သော မုန့်တို့ကို ဇေတဝန်ကျောင်း အရံတံခါးမုခ်ဝ၏ မနီးမဝေး ဖြစ်သော ချိုင့်ဝှမ်းသောအရပ်ဒေသတစ်ခု၌စွန့်ပစ်ကြကုန်၏။ ယနေ့ထက်တိုင်အောင်လည်း ထိုနေရာဌာနသည် "ကပလ္လပူဝပဗ္ဘာရ" အိုးကင်းမုန့်ချိုင့်ဝှမ်း ဟူသော အမည် သည် ထင်ရှားလေ၏။

သေဋ္ဌေးထင်မယား သောတာပန်တည်ခြင်း

သေဋ္ဌေးကြီးလည်း ခင်ပွန်းမ သေဋ္ဌေးကတော်နှင့်တကွ မြတ်စွာဘုရား ကိုယ်တော်မြတ်သို့ ချဉ်းကပ်ပြီး ရှိခိုးဦးချ၍ တင့်အပ်လျောက်ပတ်သောအရပ်၌ တည်နေ၏။ မြတ်စွာဘုရားရှင်သည် အနုမောဒနာကို ပြုတော်မူ၏။ အနုမော ဒနာ ဒေသနာတော်အဆုံး၌ သေဋ္ဌေးခင်ပွန်း လင်မယားတို့သည် သောတာ ပတ္တိဖိုလ်၌တည်၍ မြတ်စွာဘုရားကိုယ်တော်မြတ်အား ညွတ်ပြတ်ဝပ်လျိုးရှိခိုးပြီး တံခါးမုခ်ဝ၌ရှိသော စောင်းတန်းသို့တက်၍ မိမိ၏ပြာသာဒ်ထက်၌သာလျှင် တည်ကြကုန်၏။

ထိုနေ့မှစ၍ သေဋ္ဌေးကြီးသည်ကုဋေရှစ်ဆယ်မျှလောက်ကုန်သောပစ္စည်းဥစ္စာ တို့ကို မြတ်စွာဘုရား သာသနာတော်၌ စွန့်ကြဲပေးလှူ၏။ နောက်တစ်နေ့ ညချမ်းသောအခါ တရားသဘင်၌ ကြွဝင်စည်းဝေး ထိုင်နေတော်မူကြ ကုန်သော ရဟန်းအပေါင်းတို့သည် ငါ့ရှင်တို့ အရှင်မဟာမောဂ္ဂလာန် မထေရ် မြတ်၏ တန်ခိုးအာနုဘော်ကို ကြည့်ရှုတော်မူကြပါကုန်လော့။ သဒ္ဓါတရား စီးပွားချမ်းသာ များစွာသော ဥစ္စာတို့ကို ယိခိုက်ယှင်းကွက် ပျက်စီးခြင်းကို မဖြစ်စေမူ၍ မစ္ဆရိယသေဋ္ဌေးကို တစ်မုဟုတ်မျှဖြင့် ဆုံးမတော်မူပြီး မစ္ဆရိယ လောဘညစ်ကြေး မရှိအောင်ပြု၍ မုန့်ဘို့ကိုယူစေပြီးလျှင် ဇေတဝန်ကျောင်း တော်သို့ ဆောင်၍ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ မျက်မှောက်တော်၌ ရောက်သည်ကိုပြုပြီး သောတာပတ္တိဖိုလ်၌ တည်စေ၏။ အရှင်မောဂ္ဂလာန် မထေရ်မြတ်၏ တန်ခိုးအာနုဘော်သည် အံ့ဩဖွယ်ရှိပါပေစွတကားဟု အရှင် မောဂ္ဂလာန်မထေရ်၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူးပြောဆိုကုန်လျက် ထိုင်နေကြ ကုန်၏။

ရဟန်းတော်တို့ကျင့်ရန် ဟောကြားတော်မူခြင်း

မြတ်စွာဘုရားရှင်သည် နတ်၌ဖြစ်သော အသံဓာတ်ဖြင့် စကားကိုကြားတော် မူသောကြောင့် တရားသဘင် အစည်းအဝေးခင်သို့ ကြွဝင်တော်မူလာ၍ ချစ်သားရဟန်းတို့....ငါဘုရားကြွလာတော်မူသောယခုအခါ၌ အဘယ်သို့သော တရားစကားဖြင့်ပြောကြားစည်းဝေးကြကုန်သနည်းဟုမေးတော်မူသည်ရှိသော်

ဤအမည်ရှိသော အကြောင်းပါဟု ပြောကြား စည်းဝေးသော အကြောင်း စကားကို လျှောက်ထားသည်ရှိသော် ချစ်သားရဟန်းတို့.... အမျိုးကို ဆုံးမ ယဉ်ကျေးစေသော ရဟန်းမည်သည်ကား သဒ္ဓါတရား များစွာကုန်သော ပမွှည်းဥစ္စာ စည်းစိမ်ချမ်းသာတို့ကို မထိမခိုက်စေဘဲ အမျိုးစည်းစိမ် ရိပ်ငြိမ် ချမ်းသာကို မငြစ်နွမ်းမပျက်စီးစေမူ၍ ပန်းအပေါင်း၏ ကောင်းစွာစုပ်ယူသော ပိတုန်းကဲ့သို့ ချဉ်းကပ်၍ ဘုရားကျေးဇူး ဂုဏ်ထူးအထွေထွေကို သိစေအပ်၏၊ ရဟန်းသည်လည်း ငါ၏သားတော်ဖြစ်သော မောဂ္ဂလာန်နှင့် အလားတူသည် ဖြစ်ပေရာ၏ဟု အရှင်မောဂ္ဂလာန်မထေရ်မြတ်ကို ချီးမွမ်းထောမနာတော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏။

ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓမဟေဌယံ။

ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနီ စရေ။

ပျားပိတုန်းတို့သည် ပန်းပွင့်ကို လည်းကောင်း၊ ပန်းအဆင်းအနံ့ကို လည်းကောင်း၊ မပျက်စီးစေမူ၍ အရသာကိုစုပ်ယူ၍ အလိုရှိရာသို့ ပျံသွား သကဲ့သို့ ထိုအတူရွာ၌ ရဟန်းသည် သဒ္ဓါပန်းကိုလည်းကောင်း၊ အဆင်းအနံ့ကို လည်းကောင်း မပျက်စီးမစေဘဲ ပစ္စည်းလေးပါးဟူသောရသာကို ခံယူ၍ကျင့်ပေရာ၏။

ထိုဂါထာ၌ ဘမရောဟူသည်–ဟူမှတ်မရှိသောပျားအရသာကို ပြုတတ်သော သဘောရှိသော သတ္တဝါတည်းဟူလို။

ပုပ္ဖံဟူသည်–ပန်းအာရာမ်၌ကျက်စားသည်ရှိသော်ပန်းပွင့်ကိုလည်းကောင်း၊ ပန်းအဆင်းကို လည်းကောင်း၊ ပန်းအနံ့ကို လည်းကောင်း မညှင်းဆဲစေမူ၍ မပျက်စေမူ၍ ကျက်စား၏ဟု ဆိုနက်ပေးပါဟူလို။

ပလေတိဟူသည်–ဤသို့ကျက်စား၍ အလိုရှိတိုင်း ပန်းရည် ပန်းရက်ကို သောက်၍ တစ်ပါးပန်းရက်ကိုလည်း ပျားအုံ၊ ပျားလဘို့ ပြုခြင်းငှာယူ၍ပျံ၏။ ထိုပျားပိတုန်းသည် တောအုပ်တစ်ခုသို့ သက်ဝင်၍ သစ်ပင်အခေါင်းတစ်ခု၌ မြူနှင့်ရောသော ထိုအရည်ကို ထား၍ အစဉ်အားဖြင့် ချိုမြိန်သောအရသာ ရှိသောပျားအုံကို ပြု၏။ ထိုပျားပိတုန်းတို့၏ ပန်းအာရာမ်၌ ကျက်စားခြင်း ဟူသောအကြောင်းကြောင့် အပွင့်ကိုလည်းကောင်း၊ အဆင်းကိုလည်းကောင်း၊ အနံ့ကိုလည်းကောင်း ချိုးဖဲ့ဖျက်ဆီး၍ မပျံမသွား၊ စင်စစ်သော်ကား အလုံး စုံသော ပန်းပွင့်သည် ပင်ကိုအတိုင်းသာလျှင်ဖြစ်၏ ဟူလို။

ဝေဝံ ဂါမေ မုနီ စရေ့ဟူသည်--ဤသို့ သေက္ခ, အသေက္ခဟု ဆိုအပ်သော ရဟန်းသည် အိမ်စဉ်ဆွမ်းခံခြင်းဖြင့် ရွာ၌ ဆွမ်းကိုခံယူလျက် သွားလာ၏ ဟု အနက်ပေးပါဟူလို။

ထိုစကားမှန်၏၊ ထိုရဟန်း၏ ဆွမ်းခံ ရွာ၌ ကျက်စားခြင်းတည်း ဟူသော အကြောင်းကြောင့် ဒါယကာတို့၏ သဒ္ဓါ၏ ဆုတ်ယုတ်ခြင်းသည်လည်း မဖြစ်၊ သဒ္ဒါဟုရေး ဥစ္စာတို့သည်လည်း ပင်ကိုအတိုင်းဖြစ်ကုန်၏။ ဤသို့ကျက်စားပြီး၍ ကား ထွက်၍ အသေက္ခရဟန်းမှ ရှေးဦးစွာသေက္ခရဟန်းကို ဆိုဦးအံ့၊ သေက္ခ ဖြစ်သော မုနိသည် ရွာပ၌ ရေရလွယ်၍ ချမ်းသာခြင်းရှိသော အရပ်၌ ဒုကုဋ္ဋ သင်္ကန်းကို ခင်း၍နေလျက် လှည်းဝင်ရိုးထိုးခြင်း၊ အနာကို ဆေးလိမ်းကျံသဖြင့် ဖုံးအုပ်ခြင်း၊ သား၏အသားကိုစားခြင်း ဥပမာ စသည်တို့၏ အစွမ်းဖြင့်ဆင်ခြင် လျက် ဆွမ်းကိုဘုဉ်းပေး၍ ထိုသို့သဘောရှိသော တောအုပ်သို့ဝင်၍ ကိုယ်တွင်း ၌ဖြစ်သော ကမ္မဋ္ဌာန်းကိုသုံးသပ်ဆင်ခြင်လျက် မဂ်ခလေးပါးတို့ကိုလည်းကောင်း၊ ဖိုလ်လေးပါးတို့ကို လည်းကောင်းလက်သို့ ရောက်သည်တိုင်အောင် သာလျှင်ပြု၏။ သေက္ခရဟန်းမှတစ်ပါး အသေက္ခရဟန်းကိုဆိုဦးအံ့၊ ရဟန္တာဖြစ်သော မုနိသည် မျက်မှောက်၌ ဖြစ်သောအရဟတ္တ အဖန်တလဲလဲ အားဟုတ်၏၊ ဤသည်လျှင် ဖိုလ်ချမ်းသာဖြင့် နေခြင်းကို ထိုရဟန်း၏ ပျားပိတုန်းနှင့်တကွ ပျားပိတုန်းနှင့် တူသည်ကို သိအပ်၏။ ဤဒေသနာဂါထာ၌ကား ရဟန္တာပုဂ္ဂိုလ်ကိုသာလျှင် အလိုရှိအပ်၏။

အတိဟ်ဇာတ်ကြောင်း

ထိုဒေသနာတော်၏အဆုံး၌များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ရောက်ကုန်၏။ မြတ်စွာဘုရားရှင်သည် ဤသို့သော ဓမ္မဒေသနာ ပါဌ်ဂါထာကို ကောင်းစွာ ဟောကြားတော်မူပြီး၍ ထိုထက် လွန်စွာ မထေရ်၏ ဂုဏ်ကျေးဇူးကို ပြတော်မူခြင်းငှာ ချစ်သားရဟန်းတို့ ငါ့သားတော်ဖြစ်သော မောဂ္ဂလာန်သည် ဤယခုအခါ၌သာလျှင် မစ္ဆရိယသေဌေးကို ဆုံးမအပ်သည် မဟုတ်သေး၊ ရှေးအတိတ်ဘဝကလည်း ထိုမစ္ဆရိယသေဌေးကိုဆုံးမ၍ ကံ-ကံ၏ အကျိုးနှင့်စပ်သည်ကို သိစေဖူးသည်သာတည်းဟု မိန့်တော်မူ၍ ဤသို့သော အကြောင်းကို ပြခြင်းငှာ အတိတ်ကို ဆောင်တော်မူ၏။

ဣလ္လိသဇာတ်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် အမည်ရှိသော မင်းသည် မင်းပြုတော်မူသည်ရှိသော် ထိုဗာရာဏသီမြို့တွင်း၌ ကုဋေရှစ်ဆယ် ဥစ္စာကြွယ်ဝသော ဣလ္လိသမည်သော သေဌေးသည်ရှိပေသတတ်။ ထိုသေဌေး သည် ခြေခွင်ခြင်း, လက်ကောက်ခြင်း, မျက်စိစွေခြင်း ဖုန်းဟောင်း

ယာစကာ စသော အလှူခံပုဂ္ဂိုလ်တို့၌ မကြည်မညို ဝန်တိုပိတ်ပင်ခြင်း စသော ယောကျ်ားယုတ်တို့၏ အင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံ၏။ မိမိ၏ ပစ္စည်းဥစ္စာကို အလှူခံ ယာစကာတို့အား သမန်းမြက်ဖျားမျှဖြင့် သော်လည်း ပေးဖူးသည်မရှိ၊ မိမိသည်လည်း မသုံးဆောင်၊ မယား သားသမီး ဆွေမျိုးဉာတကာတို့လည်း မသုံးဆောင်ရ၊ ထိုသေဋ္ဌေး၏ အိမ်သည် ရက္ခိုက် စောင့်ရှောက်သော ရေကန်ပမာဏကဲ့သို့ရှိရလေသတည်း။ ထိုဣလ္လိသ သေဋ္ဌေး၏ မိဘ ဘေးဘိုး အမျိုး ခုနစ်ဆက်တို့သည်ကား မပျက်ပေးကမ်း လှူဒါန်း စွန့်ကြဲလေ့ရှိကြ၏။ ဣလ္လိသ သေဋ္ဌေးသည် ကျေးဇူးအရှင် ဖခင်သေဋ္ဌေးသည် သေလွန်ပြောင်းကြွ သေဋ္ဌေးအရာကို ရသောအခါမှစ၍ မိဘဘေးဘိုး အမျိုး အဆက်ဆက် မပျက်တည်လုပ်သော အလှူတင်းကုပ် မဏ္ဍပ်တို့ကို မီးရှို့ဖျက်ဆီး ပျက်စီးပြတ်တောက်စေပြီးမှ လာသမျှသော ဖုန်းတောင်းယာစကာ အလှူခံ ပုဂ္ဂိုလ်တို့ကို ရိုက်ပုတ် နှင်ထုတ်စေပြီး ဥစ္စာပစ္စည်းကိုသာ သိမ်းဆည်း တိုးပွားစေ၏။

ထိုဣလ္လိသသေဋ္ဌေးသည် တစ်နေ့သောအခါ ပြည့်ရှင်မင်းမြတ်၏ ထံသို့ ခစားအံ့သောငှာ သွားရောက်၍အိမ်သို့ပြန်လာသည်ရှိသော် လမ်းခရီးအကြား၌ ခရီးပင်ပန်းသော ခရီးသွားတစ်ယောက်သည် တစ်ခုသော သူရာခွက်ကိုယူ၍ အင်းပျဉ်၌ထိုင်ပြီးသော် ချဉ်သောသူရာခွက်ကို ပြည့်စေလျက် ငါးပုပ်ခပ်သော ဟင်းလျာဖြင့် သူ့ရာသောက်သည်ကို မြင်လျှင် အလွန်ပင် သူရာကို သောက်လို ခြင်းသည်ဖြစ်၍ ငါသည်သူရာကို အကယ်၍ သောက်ခဲ့သည်ဖြစ်အံ့၊ ငါသောက် သည်ရှိသော် များစွာကုန်သော သူတို့သည်လည်း သောက်လိုခြင်းဖြစ်ကုန်လတ္တံ့။ ယင်းသို့ သောက်ကုန်သည် ရှိသော် ပစ္စည်းဥစ္စာ များစွာ ကုန်ခမ်းခြင်း ဖြစ်ပေလတ္တံ့ဟု ကြံ၍ သေသောက်လိုခြင်းကို သည်းခံလျက်သာ သွားလာ လှည့်လည်၏၊ ကြာမြင့်သောအခါသို့ ကျရောက်သည်ရှိသော် သည်းခံအံ့ သောငှာ မစွမ်းနိုင်သည်ဖြစ်၍ ကြိတ်အပ်သော ဝါဂွမ်းကဲ့သို့ ညိုးနွမ်း ဖျော့ တော့သော ကိုယ်ရှိသဖြင့် အကြောတို့သည် အပြိုင်းပြိုင်းထကုန်၏။ ထိုအခါ တစ်နေ့မျှ၌ အိပ်ရာတိုက်ခန်းသို့ ဝင်ပြီးလျှင် ညောင်စောင်းငယ်၌ သ်မ်းခြုံ ဦးခေါင်းလျှော်၍ အိပ်နေ၏။ ထိုဣလ္လိသသေဋ္ဌေး၏ခင်ပွန်းမ သေဋ္ဌေးကတော် သည်လည်း ဣလ္လိသသေဋ္ဌေးကို ချဉ်းကပ် ရှင်ပြုံး ကျောက်ကုန်းရိုး စသည် တို့၌ ဆုပ်နယ်လျက် အရှင် သင့်အား အဘယ်သို့သော မချမ်းမသာ ရောဂါ စွဲကပ်ခြင်း ဖြစ်ပါလေသနည်းဟု အောက်က ပြဆိုအပ်ခဲ့သည့်အတိုင်း အစဉ် လျှောက်၍ မေး၏။ ဣလ္လိသသေဋ္ဌေးလည်း အောက်ကပြဆိုခဲ့သည့်အတိုင်း အစဉ် လျှောက်၍ပြောသဖြင့် သိရပြီးသော် ထိုသို့ဖြစ်လျှင် အရှင်တစ်ယောက်တည်း သာလျှင် သောက်လောက်ရုံ သေကိုဖော်၍ ပေးပါအံ့ဟု ဝန်ခံကာ အိမ်၌

သူရာကို ဖော်သည်ရှိသော် များစွာကုန်သော သူတို့သည် သောက်လိုသည်ဖြစ်ကုန်လတ္တံ့၊ အိမ်စျေးမှ ဝယ်ယူစေပြီး ဤအိမ်၌သောက်ခြင်းငှာမတတ်ကောင်းဟု ကြံပြီးလျှင် တစ်ပဲမျှသော ဥစ္စာကိုပေး၍ အိမ်စျေးမှ သေကို ခဆောင်ယူစေပြီး အဝတ်အပါးကိုဆောင်ယူစေပြီးလျှင် မြို့မှထွက်၍ မြစ်ဆိပ်သို့သွားသော လမ်းအနီးအပါး ဖြစ်သော တစ်ခုသော ချုံသို့ဝင်ပြီး သေခွက်ကို ချထားစေပြီးသော် အဝတ်အပါးကို တစ်ခြားသောအရပ်သို့ ဖဲသွားစေ၍ မိမိတစ်ယောက်တည်း ချုံ၌ တည်နေလျက် သေကိုသောက်ခြင်းငှာ အားထုတ်၏။

ဇလ္လိသသေဋ္ဌေးအား အဖ သိကြားမင်းက ဆုံးမခြင်း

ထိုဇလ္လိသ သေဋ္ဌေး၏ ဖခင်ဖြစ်သော သေဋ္ဌေးသည်ကား လူဖြစ်စဉ်အခါက များစွာသော ကောင်းမှုတို့ကို ပြုစုအားထုတ်ခဲ့ခြင်းကြောင့် တာဝတိံသာ နတ်ပြည်၌ သိကြားနတ်မင်း၏ အဖြစ်ဖြင့် ဖြစ်၍နေရကား သိကြားနတ်မင်းသည် ဇလ္လိသသေဋ္ဌေး သေသောက်ဆဲခဏ၌ သတိရသဖြင့် ငါ၏ အလှူတင်းကုပ်မကျွပ်သည် ရှိသေးသလော၊ မရှိပြီလော စသည်ဖြင့် ရှေးဘဝ အကြောင်းကို ရုံးပေါင်း ဆင်ခြင်သည် ရှိသော် သားဖြစ်သော ဇလ္လိသ သေဋ္ဌေးသည် အလှူမကျွပ်တင်းကုပ်တို့ကို ပယ်ဖြုတ်ဖျက်ဆီးမီးဖြင့် တိုက်ရှို့ခြင်း၊ ဖုန်းတောင်းယာစကာ အလှူခံတို့ လာသည်ကို ရိုက်ပုတ် နှင်ထုတ်ခြင်း အနည်းငယ်မျှကိုသော်လည်း မပေးမကမ်းဘဲ မိဘဘောဘိုး အမျိုးတို့အဆက်ကို ပယ်ဖျက်ဖြတ်တောက်ခြင်း၊ မိမိသည် သေကိုသောက်လိုသည်ဖြစ်၍ သူတစ်ပါးတို့ မသိ မမြင်ရအောင် ချုံအတွင်းသို့ ဝင်ရောက်ခြင်းအားဖြင့် များစွာသော အကြောင်းတို့ကို ရုံးပေါင်း၍ မြင်သောအခါ ငါသည် လူ့ပြည်သို့သက်ဆင်း၍ သွားရောက်၍ ထိုသူကို ခြိမ်းခြောက်ပြီး ကံ ကံ၏အကျိုးနှင့်စပ်သည်ကို ဆုံးမ သွန်သင် ပြသသိရှိစေပြီးလျှင် ဇလ္လိသ ကို နတ်ပြည်သို့ ဆောင်စေတတ်သော ကုသိုလ်ကောင်းမှုကံကို စီမံ ပြုစုစေခြင်းငှာ အပ်၏ဟု ကြံ၍ လူ့ပြည်သို့ သက်ဆင်းပြီးသော် ခွင်သောခြေရှိခြင်း, ကောက်သောလက်ရှိခြင်း, စွေစောင်းသောမျက်စိရှိခြင်း စသောအားဖြင့် ဇလ္လိသသေဋ္ဌေးနှင့် တူစွာ မိမိကိုယ်ကိုဖန်ဆင်းပြီးသော် ဗာရာဏသီမြို့တွင်းသို့ ချဉ်းကပ် ဝင်ရောက်ပြီးမှ မင်းကြီး၏ နန်းတော်တံခါး၌ ရပ်တန့်၍ မိမိလာသော အဖြစ်ကို မင်းကြီးအား လျှောက်ကြားခွင့်ပန်စေ၍ ဝင်ရန်အရေးကို ခွင့်ပေးတော်မူသော် နန်းတော်သို့ ဝင်၍ မင်းကြီးကို ရှိခိုးလျက် တည်၏။

မင်းကြီးက သေဋ္ဌေးကြီး အခါမဟုတ်ဘဲလျက် အဘယ်သို့သော အတွက်ကြောင့် နန်းတော်သို့ဝင်လာပေသနည်းဟု မေးတော်မူသော် ဘုန်းတော်ကြီးတော်မူသော အရှင်မင်းမြတ် အခါမဟုတ်သည်၌ ဗျတ်တရက်နန်းတော်သို့ဝင်လာ

သည်ကား မှန်ပေ၏။ အကျွန်ုပ်၏ အိမ်၌ ကုဋေရှစ်ဆယ် ပမာဏ များပြား လှသော ဥစ္စာတို့သည် ရှိပါသည်။ ထိုပစ္စည်းဥစ္စာ ဘဏ္ဍာအထွေထွေတို့ကို ဆောင်ယူစေပြီး အရှင်မင်းမြတ်၏ ကျီကြ ဘဏ္ဍာတို့၌ ပြည့်ပါစေလော့ဟု ဆိုသည်ရှိသော် ပြည့်ရှင်မင်းကြီးက သေဌေးကြီး ငါသည် အသင့်ဥစ္စာမှ အလို မရှိချေ။ ငါတို့၏ ပစ္စည်းဥစ္စာတို့သည် သင်၏ ပစ္စည်းဥစ္စာထက် လွန်စွာတိုးပွား များပြားလှပေသေးသည်ဟု ပြောကြားက အရှင်မင်းမြတ် အရှင်မင်းမြတ်သည် ပစ္စည်းဥစ္စာတို့ဖြင့် အကယ်၍ အလိုမရှိသည် ဖြစ်ခဲ့ပါသည် ဖြစ်အံ့၊ အကျွန်ုပ်သည် ထိုပစ္စည်းဘဏ္ဍာဥစ္စာကို ထုတ်ယူ၍ အလှူကြီးကို ပေးလှူပါအံ့ဟု ခွင့်တောင်း၏၊ ပြည့်ရှင်မင်းကြီးကလည်း သေဌေးကြီး ကောင်းပြီ ပေးလှူလော့ဟု ခွင့်ပြုတော်မူ၏၊

ဣလ္လိသ၏ ပစ္စည်းများ ထုတ်ယူ လှူဒါန်းခြင်း

သိကြားမင်းလည်း ကောင်းပါပြီဟု ဝန်ခံပြောဆိုပြီး မင်းကြီးကို ရှိခိုး၍ ထွက်လာပြီးသော် ဣလ္လိသသေဌေးကြီး၏အိမ်သို့သွား၏။ အလုံးစုံသော အလုပ် အကျွေး ဟူသမျှတို့သည် ခြံရံကုန်၏။ တစ်စုံတစ်ယောက်မျှသော သူသည်လည်း ဤသူကား ဣလ္လိသသေဌေး မဟုတ်ဟုမည် မထင်နိုင်ကြကုန်။ သိကြားမင်း သည်လည်း အိမ်သို့ ဝင်၍ တံခါးခုံအတွင်း၌ ရပ်တံ့ပြီးသော် တံခါးစောင့်ကို ခေါ်စေ၍ ငါမှတစ်ပါး ငါနှင့် အသွင်သဏ္ဌာန် ကြွန်အင်လက္ခဏာ တူမျှသော တစ်ယောက်သော သူသည် လာ၍ ဤအိမ်သည် ငါ့အိမ်ဟု ဝင်လာလတ္တံ့။ ထိုသူကို ကျောက်ကုန်း၌ ကြိမ်ဖြင့် ရိုက်ခတ်၍ နှင်ထုတ် ကုန်လော့ဟုမှာထား ပြောဆိုပြီးလျှင် ပြာသာဒ်ထက်သို့ တက်ပြီး မြတ်သော သူတို့အားသာ ထိုက်သောနေရာ၌ နေ၍ သေဌေးမကို ခေါ်စေပြီးသော် ပြုံးရွှင်သော အခြင်း အရာကို ပြ၍ ချစ်နှမ အလှူဒါနကို စွန့်ချ ပေးကမ်းကုန်အံ့ဟု ဆို၏။ ထိုသို့ သိကြားမင်း ပြောဆိုသော စကားကို ကြားလျှင် သေဌေးကတော်နှင့် တကွ သားသမီး ကျွန် အမှုလုပ် အစရှိသည်တို့သည် ဤမျှကာလ ရှည်ဝေးလှသဖြင့် နေရပါသော်လည်း အလှူပေးအံ့ဟူသော စိတ်အကြံသည် တစ်ရံတစ်ခါမျှ မသက် နှုတ်မြွက်ပြောဆိုသည်ကို မကြားစဖူး အထူးဝိသေသ ယနေ့မှလျှင် သေကိုသောက်ရသည်ဖြစ်၍ နူးညံ့သော စိတ်နှလုံးရှိသဖြင့် လှူလိုသော သဘောရှိသည် ဖြစ်ပေလိမ့်မည်ဟု ကြံစည်ပြောဆိုကြကုန်၏။

ထိုနောက်သေဌေးကတော်က အရှင် အသင် အလိုရှိတော်မူသည့် အတိုင်း လှူဒါန်းပေးကမ်း ပါလော့ ဆိုသဖြင့် လိုသို့ဖြစ်လျှင် စည်ထီးဗာထ်သော သူကို ခေါ်၍ ရွှေ ငွေ ပုလဲ မျက်ရွဲ ပတ္တမြား ဥဿဖယား စပါး ဆန်ရေစသော သက်မဲ့ဥစ္စာ၊ ဆင်မြင်း ကျွဲနွား စသော သက်ရှိဥစ္စာ ရတနာတို့ကို အလိုရှိ

ကုန်သော သူတို့သည် ဃောသိတသူဌေး၏ အိမ်သို့ သွားကြကုန်လော့ ဟူသော စည်ကို မြို့၌ လှည့်ပတ်စေလော့ဟု ဆို၏။ သူဌေးကတော်သည်လည်း သိကြားမင်းဆိုတိုင်း ပြုစေ၏။ လူများအပေါင်း-တို့လည်း တောင်း အိတ် စသည်တို့ကို လက်စွဲကိုင်ငင်ကုန်လျက် သူဌေး၏ အိမ်တံခါးဝသို့ လာရောက် စည်းဝေးကြကုန်၏၊ သိကြားမင်းလည်း ရတနာ ခုနစ်ပါးဖြင့် ပြည့်သော တိုက်ခန်းတို့ကို လည်းကောင်း၊ ကျီကြီးဘဏ္ဍာတိုက်တို့ကို လည်းကောင်း ဖွင့်လှစ်စေ၍ သင်တို့အား ငါပေးကမ်းလှူဒါန်း၏၊ အလိုရှိသောအတိုင်း ယူငင်သယ်ပိုး၍ သွားကြကုန်လော့ဟု ဆို၏။ လူများအပေါင်းတို့သည် ဥစ္စာတို့ကို ထုတ်၍ ကျယ်သော နေရာအပြင်၌အစုအပုံကိုပြုပြီး မိမိတို့ ယူဆောင်ခဲ့ကြသော တောင်းအိတ်တို့၌ အသီးသီး ထည့်ယူဆောင်ပြည့်စေ၍ သွားကြကုန်၏။

ဃောသိတသူဌေးကို အလှူခံများက ရိုက်လွှတ်ခြင်း

ဇနပုဒ်ရွာသားဖြစ်သော လူတစ်ယောက်သည် ဃောသိတသူဌေး၏ နွားတို့ကို ထိုဃောသိတသူဌေး၏ ရထား၌သာလျှင် က၍ ရတနာ ခုနစ်ပါးတို့ဖြင့် လှည်းကို ပြည့်စေ၍ မြို့မှထွက်၍ခရီးသို့သွားပြီး ဃောသိတသူဌေး သေသောက်၍နေသော ချုံ၏အနီး လမ်းခရီးဖြင့် လှည်းကို မောင်းနှင်လျက် အရှင် ဃောသိတသူဌေးကြီး အသင့်ကို အမှီပြု၍ ယခုအခါ ငါသည် အသက်ထက်ဆုံး အမှုကိစ္စကို မပြုလုပ်ရဘဲ ချမ်းသာစွာ အသက်မွေးရပေသည်၊ ဤနွားသည်လည်း အသင်၏ နွားတို့ပင် ဖြစ်ပေသည်၊ ဤရထား သည်လည်း အသင်၏ ရထားပင် ဖြစ်ပေသည်၊ ဤရထားလှည်းပေါ်၌ တင်ထားသော ပစ္စည်းအစုသည်လည်း အသင်၏ ပစ္စည်း အစုသာလျှင် ဖြစ်ပေသည်၊ ငါ့မိဘသည် ပေးကမ်းအပ်သော ပစ္စည်း ဥစ္စာတို့ မဟုတ်ကုန်၊ အရှင်သူဌေးကြီးကိုသာ အမှီပြု၍ ရပါပေသည်။ သို့ဖြစ်၍ အရှင်သူဌေးကြီးသည် အသက်တစ်ရာမြင့်ကြာတည်တည် ရှည်ပါစေသတည်းဟု ဆိုမြည်းတမ်းတ ကျေးဇူးကို ချီးပလျက် သွား၏၊ ချုံအတွင်း၌ သေသောက်၍ နေသော ဃောသိတ သူဌေးသည် ထိုအသံကို ကြားသော် ထိတ်လန့် ကြောက်ရွံ့ခြင်းဖြစ်၍ ဤသူသည်ငါ၏ နှစ်သက်ဖွယ်တို့ကို ယူ၍ ဤသို့သဘောရှိသော ကျေးဇူးစကားတို့ကို ပြောဆိုဟစ်အော်၍ သွားသည်မှာ ငါ၏ပစ္စည်းဥစ္စာကို ပြည့်ရှင်မင်းကြီးသည် ယူ၍ ဤသူအား ပေးအပ်လေသလောဟု ကြံ၍ ချုံမှ ထွက်ပြီးလျှင် ကြည့်ရှုသည် ရှိသော် နွားတို့ကိုလည်းကောင်း၊ ရထားကို လည်းကောင်းမြင်၍ မိမိနွား၊ရထား၏အဖြစ်ကို သိသောကြောင့် ဟယ် ကျွန်ယုတ် ငါ၏နွားတို့တည်း၊ ငါ၏ရထားတည်းဟု ပြောဆိုမြည်ကမ်းလျက် နွားကြိုးတို့၌ ကိုင်ငင်ဟန့်တား၏၊ဇနပုဒ်သားလည်း ရထားမှ သက်ဆင်းပြီးလျှင် ဟယ် ကျွန် ယုတ် ဃောသိတသူဌေးကြီးသည် အလုံးစုံကုန်သော မြို့သူမြို့သား အပေါင်း

တို့အား အလှူကြီးကို ပေးသည်ဖြစ်၍ ငါရခဲ့ပေ၏။ သင်အသို့ဖြစ်သနည်းဟု မိုးကြိုးကျ သကဲ့သို့ ပြောလာ၍ လည်ကုတ်ကို ကိုင်တွန်းရိုက်ခတ်ပြီးလျှင် ရထားကို မောင်းနှင်ယူသွား၏။

ဣလ္လိသသေဋ္ဌေးသည် တစ်ဖန် တုန်တုန်လှုပ်လှုပ်ထ၍ မြေမှုန့်လိမ်းကပ်သော ကိုယ်လက်ရှိသဖြင့် ပုတ်ခါပြီးသော် လျှင်မြန်စွာလိုက်၍ ရထားကို ဆွဲငင်ပြန်၏။ ဇနပုဒ်ရွာသားလည်း ရထားမှ သက်ဆင်း၍ လည်ပင်းဦးဆက်နှင့်တကွ ဦးစွန်းဆံပင်ကို ကိုင်ငင်ဆွဲနှိမ် အကြိမ်ကြိမ် ထောင်းထုပြီးမှ လည်ကိုကိုင်၍ လာရာ ခရီးသို့ ပစ်လွှတ်လိုက်ပြီး သွားမြဲတိုင်း သွား၏။ ဣလ္လိသသေ ဋ္ဌေးအား ထိုမျှလောက် ထောင်းသတ်ခြင်းဖြင့် သေယစ်ခြင်း ပြေပျောက် ဖြတ်တောက်၍ ကြောက်ရွံ့တုန်လှုပ်လျက် အိမ်တံခါးသို့ လျှင်မြန်စွာ သွားရောက် ကြည့်ရှုက အသီးအသီး ဥစ္စာတို့ကို ယူဆောင်၍သွားသော လူတို့ကိုမြင်၍ အချင်းတို့ ဤအမှုသည် အဘယ်မည်သော အမှုနည်း၊မင်းကြီးသည် ငါ၏ ဥစ္စာကို လုယက်စေ သလောဟု ပြောဆိုမြည်တမ်း၍ ဥစ္စာကို ယူကုန်သော သူတို့အား သွား၍ သွား၍ ကိုင်ငင်ဟန့်တားသဖြင့် လူများအပေါင်းသည် ထောင်းထု ပုတ်ခတ် လူးလဲကျစေကုန်၏။ ဣလ္လိသသေဋ္ဌေးသည် အိမ်သို့ဝင်ခြင်းငှာ အားထုတ်၍ အိမ်တံခါးသို့ သွားသည်ရှိသော် တံခါးစောင့်တို့လည်း ဟယ် သူယုတ် အဘယ်သို့ ဝင်အံ့နည်းဟု ဆို၍ ဝါးခြမ်းစိတ် စသည်တို့ဖြင့် ရိုက်ခတ်ပြီးလျှင် ကိုင်ငင်ဆွဲထုတ်ကုန်၏။

ဣလ္လိသသည် ဘုရင့်ထံ သွားရောက် လျှောက်ထားခြင်း

ဣလ္လိသသေဋ္ဌေးလည်း ယခုအခါ ငါ့အား ပြည့်ရှင်မင်းကြီးကိုထား၍ မင်းကြီးမှတစ်ပါး အခြားကိုးကွယ်ရာမရှိဟု ကြံ၍ လျှင်မြန်စွာ မင်းကြီး၏အထံသို့ သွားရောက်၍ အရှင်မင်းကြီး အရှင်မင်းကြီးတို့သည် အကျွန်ုပ်၏ အိမ်ကို လုယက်ဖျက်ဆီး စေကုန်သလောဟု လျှောက်ကြား၏။ မင်းကြီးကလည်း သေဋ္ဌေးကြီး ငါသည်မလုယက်စေ။ အသင်သည်ပင်လျှင် လာရောက်၍ အရှင်မင်းကြီး အကျွန်ုပ်၏ ဥစ္စာတို့ကို ယူတော်မူကုန်လော့၊ အကယ်၍ မယူသည်ရှိသော် အကျွန်ုပ်၏ဥစ္စာကို အကျွန်ုပ် အလှူပေးအံ့ဟု လာ၍ လျှောက်ထားပြီးသည့်ကာလ မြို့၌ စည်ကို လည်စေ၍ အလှူကိုပေးသည် မဟုတ်ပါလောဟု ဆို၏။ အရှင်မင်းကြီး အကျွန်ုပ်သည် အရှင်မင်းမြတ်၏ ထံမှောက်သို့ လာရောက် လျှောက်ထားရသည် မဟုတ်ပါ။ အရှင်မင်းကြီးတို့သည် အကျွန်ုပ်၏ ပစ္စည်းဥစ္စာ၌ လွန်စွာ ဝန်တိုနှမြောစုံမက်တတ်သည်ကို မသိပါသလော၊အကျွန်ုပ်သည် မြက်ဖျား၌ ကပ်ပါသော ဆီပေါက်ကိုမျှ တစ်စုံတစ်ယောက်သော သူအား မပေးနိုင်၊ မကမ်းနိုင်ပါ။ အရှင်မင်းကြီး အကြင်သူသည် အလှူကိုပေးလျှူ၏။

ထိုသူကို ခေါ်၍ သိအောင် စူးစမ်းတော်မူပါဦးလော့ဟု လျှောက်ကြား၏။ မင်းကြီးလည်း သိကြားကိုခေါ်စေ၍ လာရောက်ထိုင်နေသော် အဘယ်သူသည် ဇာလိယ သေဌေးဟု မသိနိုင်၊ အမတ်စသူကြီးစသော သူတို့သည်လည်း မသိနိုင် ကုန်ကြသည်သာလျှင်တည်း။

ဇာလိယသနှစ်ဦး ခွဲမရအောင် တူနေခြင်း

ဇာလိယသေဌေးက အသို့နည်း အရှင်မင်းကြီး အကျွန်ုပ်သည် ဇာလိယသေဌေး ပါဟု ဆို၏။ မင်းကြီးကလည်း ငါတို့သည် ခွဲခြမ်း၍မသိကုန်။ သင်အား သိနိုင်သူ တစ်စုံတစ်ယောက်မျှ မရှိပါသလောဟု မေးက အကျွန်ုပ် ခင်ပွန်းမ သေဌေး ကတော်သည် သိပါသည်ဟု လျှောက်လျှင် သေဌေးကတော်ကို ခေါ်စေ၍ မေးမြန်းသော် သေဌေးကတော်က သိကြားမင်းကို ဤသူသည် အကျွန်ုပ် အရှင်လင်ဖြစ်သော ဇာလိယ သေဌေးပါဟုဆို၍ သိကြားမင်း၏ အနီး၌ ထိုင်နေ၏။ သားသမီးတို့ကိုလည်းကောင်း၊ ကျွန်အမှုလုပ်တို့ကိုလည်းကောင်း ခေါ်စေ၍ မေးမြန်းသောအခါ ရှေးနည်းအတူသာလျှင် ပြောဆို၍ အလုံး စုံသောသူတို့သည် သိကြားမင်း၏အနီး၌သာ တည်နေကုန်၏။ ထိုနောက်တစ်ဖန် ဇာလိယသေဌေးသည် ငါ၏ဦးခေါင်း၌ ဆံတို့ဖြင့် ဖုံးလွှမ်းအပ်သော မှဲ့သည်ရှိ၏။ ထိုမှဲ့ကိုကား ငါ၏ ဆတ္တာသည် တစ်ယောက်သာသိ၏။ ထို ဆတ္တာသည်ကို ခေါ်စေ၍ မေးရသည်ရှိသော် သင့်လျော်လျောက်ပတ်လိမ့်မည်ဟုကြံ၍ အရှင် မင်းကြီး အကျွန်ုပ်၏ ဆတ္တာသည်ကို ခေါ်စေ၍မေးတော်မူပါလော့၊ ဆတ္တာ သည်သည် သိပါလိမ့်မည်ဟု လျှောက်ထား၏။ ထိုအခါ၌ ဘုရားလောင်းသည် ဇာလိယသေဌေး၏ ဆတ္တာသည်ဖြစ်၏။ မင်းကြီးသည် ဆတ္တာသည်ကို ခေါ် စေ၍ အသင်သည် ဇာလိယသေဌေးကို သိ၏လောဟု မေးတော်မူသဖြင့် အရှင် မင်းကြီး ဦးခေါင်းကို ကြည့်ရှုရပါမူကား သိတန်စရာရှိပါ၏ဟု လျှောက်ထား၏။ ထိုသို့ဖြစ်လျှင် နှစ်ယောက်ကုန်သော သူတို့၏ဦးခေါင်းကို ကြည့်ရှုလေလော့ဟု မိန့်တော်မူ၏။ ထိုခဏ၌ သိကြားမင်းသည် ဦးခေါင်း၌မှဲ့ကို ဖန်ဆင်း၍ ထား လေ၏။ ဘုရားလောင်း ဆတ္တာသည်သည် နှစ်ယောက်ကုန်သော သူတို့၏ ဦးခေါင်းကို ကြည့်ရှုသည်ရှိသော် မှဲ့ကိုမြင်၍ မင်းကြီးအား လျှောက်ကြား လိုသည် ဖြစ်သောကြောင့် ဤဂါထာကို ရွတ်ဆို၏။

ဥဘော ခဥ္စာ ဥဘော ကုဏီ၊ ဥဘော ဝိသမစက္ခုကာ။
ဥဘိန္နံ ပိဠကာ ဇာတာ၊ နာဟံ ပဿာမိ ဇာလိယံ။

ပြည်ကြီးသနင်း မင်းမြတ် နှစ်ဦးနှစ်ယောက်ကုန်သော သူတို့သည် ခွင်သော ခြေရှိသည်ဖြစ်ကုန်၏၊ ကောက်ကွေးသော လက်ရှိသည် ဖြစ်ကုန်၏။ မညီညွတ် မကောင်း စွေစောင်းသော မျက်စိ ရှိကုန်၏။ နှစ်ဦးနှစ်ယောက် ကုန်သော

သူတို့အား ဦးခေါင်း၌ မှဲ့တို့သည် ပေါက်ရောက်၍ ရှိပါကုန်၏။ ထို့ကြောင့် အကျွန်ုပ်သည် အဘယ်သူသည် ဣလ္လိသသေဋ္ဌေးဟူ၍ ခွဲခြမ်း၍ မသိနိုင်ပါဟု လျှောက်ကြား၏။

ဘုရားလောင်း ဆတ္တာသည် လျှောက်ထားသော စကားကို ကြားလျှင် ဣလ္လိသသေဋ္ဌေးသည်တုန်လှုပ်၍ ဥစ္စာ၌ စိုးရိမ်ကြောင့်ကြခြင်းဖြင့် သတိကိုတည် စေအံ့သောငှာ မစွမ်းနိုင်ရကား ထိုနေရာ၌ပင် လဲလေ၏။

သိကြားမင်းက ဟောကြားဆုံးမခြင်း

ထိုခဏ၌ သိကြားမင်းသည် အရှင်မင်းကြီး ငါသည်ကား ဣလ္လိသသေဋ္ဌေ မဟုတ်၊ သိကြားနတ်မင်းတည်းဟုဆို၍ ကောင်းကင်၌ ရပ်တည်ပြီး ဣလ္လိသ သေဋ္ဌေး၏ မျက်နှာကို သုတ်သင် ပွတ်သပ်၍ ရေစက်ဖြင့် သွန်းလောင်း၏။ ထိုခဏ၌ ဣလ္လိသသေဋ္ဌေးသည် သတိရ၍ ထပြီးလျှင် သိကြားမင်းကို ရှိခိုး၍ ရပ်တည်၏။ ထိုအခါ သိကြားမင်းက အသင်ဣလ္လိသ ဤပစ္စည်း ဥစ္စာရတနာ သည် အသင်၏ ပစ္စည်းဥစ္စာမဟုတ်၊ ငါ၏ပစ္စည်းဥစ္စာ ဖြစ်ချေသည်။ ထိုစကား မှန်၏။ ငါသည် အသင်၏ ဖခင်တည်း။ အသင်သည် ငါ၏သားတည်း။ ငါသည် ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်ခဲ့သောကြောင့် သိကြား နတ်မင်း၏အဖြစ်သို့ရောက်၏။ အသင်သည်ကား မိဘဘေးဘိုး အမျိုးအနွယ်ကို ပယ်ဖျက် ဖြတ်တောက်ပြီးသောအခါ မသဒ္ဓါမကြည်ညို ဝန်တိုငြူစူ အလှူမဏ္ဍပ် တင်းကုပ်တို့ကို လှန်ဖြုတ်မီးရှို့ အလှူခံတို့ကိုလည်း နှင်ထုတ်ပြီးလျှင် ဥစ္စာပစ္စည်း ကိုသာ တည်စေ၏။ ထိုပစ္စည်းဥစ္စာကို မိမိနှင့်တကွ မယားသားသမီးတို့ကိုလည်း မသုံးဆောင်ရ၊ သူတစ်ပါးတို့အားလည်း မပေးကမ်း မလှူဒါန်း၊ ရက္ခိုက်စောင့် သော ရေကန်ကဲ့သို့ တည်နေ၏။ ယနေ့မှစ၍ ငါပြုလုပ်၍ ထားခဲ့သော အလှူ တင်းကုပ်ကို ပကတိအတိုင်းပြုလုပ်၍ အလှူကိုအကယ်၍ပေးခဲ့အံ့၊ ကောင်းလှ ပေ၏။ အကယ်၍မပေးကမ်း မလှူဒါန်းသည်ဖြစ်ခဲ့အံ့။ အသင်၏ ပစ္စည်းဥစ္စာ အလုံးစုံကို အကုန်ကွယ်ပျောက်စေပြီး ဝရဇိန် လက်နက်ဖြင့် ဦးဆက်ကို ခွင်းဖျက်၍ အသက်ကုန်ခြင်းသို့ ရောက်စေအံ့ဟု ခြိမ်းခြောက်ပြောဆို၏။

ဣလ္လိသသေဋ္ဌေးသည် သေဘေးမှ ရှုံကြောက် ထိတ်လန့်သောကြောင့် ယခု နေ့မှစ၍ အလှူဒါနကို ဝေငှလှူဒါန်းပါတော့မည်ဟု ဝန်ခံ၏။ သိကြားနတ်မင်း သည် ဣလ္လိသသေဋ္ဌေး၏ ဝန်ခံခြင်းကိုယူ၍ ကောင်းကင်၌ ရပ်တည်ပြီး သီလ စသည်ကိုလည်း စောင့်ရှောက် လေလော့ဟု တရားဓမ္မ ဆုံးမဟောကြား၍မိမိ စံရာ တာဝတိံသာနတ်ပြည်သို့ ပြန်သွား၏။ ဣလ္လိသသေဋ္ဌေးလည်း ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်၍ သေလွန်သော် နတ်ပြည်သို့ လားရ လေ၏။

ဇာတ်ပေါင်းခန်း

မြတ်စွာဘုရားသည် ဤသို့သော အတိတ်ဇာတ်ကိုဆောင်တော်မူ၍ ချစ်သား ရဟန်းတို့ ငါ၏သားတော်ဖြစ်သော မောဂ္ဂလာန်သည် ယခုအခါသာ မစ္ဆရိယ ကောသိယသေဋ္ဌေးကို ယဉ်ကျေးအောင်ဆုံးမဖူးသည်မဟုတ်သေး၊ ရှေးအခါ ၌လည်း ဆုံးမဖူးသည် သာလျှင်တည်းဟု အနုသန္ဓိကို စပ်တော်မူ၏။ ချစ်သားရဟန်းတို့ ယခုအခါ မစ္ဆရိယ ကောသိယသေဋ္ဌေးသည် ယိုအခါဣလ္လိသ သေဋ္ဌေးဖြစ်ဖူးပြီ။ ယခုအခါ ငါ၏သားတော် မောဂ္ဂလာန်သည် ထိုအခါက သိကြားနတ်မင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါ၏ညီတော် အာနန္ဒာသည် ထိုအခါ ပြည့်ရှင်မင်းကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် ပင်လျှင် ထိုအခါက ဆေတ္တာသည်ဖြစ်ဖူးပြီဟု ဇာတ်တော်ကို ပေါင်းရုံး၍ နိဂုံးကမ္ပတ်သတ်တော်မူ၏။

ငါးခုမြောက် မစ္ဆရိယ ကောသိယသေဋ္ဌေးဝတ္ထုပြီး၏။

၆။ ပါဝေယျကမည်သော အာဇီဝကဝတ္ထု

ပဋ္ဌုပ္ပန်ဝတ္ထု

"န ပရေသံ ဝိလောမာနိ" အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရား ရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် မကြည်ဖြူ မသဒ္ဓါလ္လာ မစ္ဆရိယ နှောင့်ယှက်လှသော ပါဝေယျက အမည်ရှိသော အာဇီဝကကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

သာဝတ္ထိပြည်၌ သူကြွယ်မ တစ်ဦးသည် ပါဝေယျက အမည်ရှိသော အာဇီဝကကို မိမိမှ မွေးဖွားအပ်သော သားရင်းကဲ့သို့ သားအရာ၌ထားလျက် များစွာသော ပစ္စည်းတို့ဖြင့် ချီးမြှင့်စောင့်ရှောက်သုတ်သင်မွေးမြူ ပေသတတ်၊ ထိုသူကြွယ်မအိမ်၏ အခြားမဲ့ဖြစ်သော အနီးဖြစ်ကုန်သော အိမ်တို့၌ နေထိုင်၍ ရှိကြကုန်သော လူတို့သည် မြတ်စွာဘုရား ဟောကြားဆုံးမသော ဓမ္မဒေသနာကို ကောင်းစွာ နာခံမှတ်သားရ၍ အိမ်သို့ပြန်လာပြီး မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်တို့၏ တရားဒေသနာတော်သည် ဩဇာအံ့ဖွယ်ရှိလှပါပေသည် တကားဟု အထူးထူးအပြားပြား များစွာကုန်သော အခြင်းအရာတို့ဖြင့် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ ဂုဏ်တော်ကို ချီမွမ်းထောမနာကုန်၏။ ထိုသူကြွယ်မသည် မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးစကားတို့ကို ကြားသိရသော် ကျောင်းတော်သို့ သွား၍ တရားတော်ကို နာလိုသည်ဖြစ်၍ ထိုအကြောင်းကို အာဇီဝကအား ပြန်ကြားပြောဆိုပြီး သွားအံ့ဟု ကြံ၍ အရှင်၊ အကျွန်ုပ်သည် မြတ်စွာဘုရား

ရှင်၏ အထံသို့ တရားနာခြင်းငှါ သွားအံ့ဟု ပြောဆို၏။ ပါဝေယျက အာဇီဝက လည်း မသွားလေလင့်ဟု တားမြစ်ပိတ်ပင်သောကြောင့် အာဇီဝကကိုအဖန်ဖန် တောင်းပန်ပါသော်လည်း ထိုအာဇီဝကသည် တားမြစ် ပိတ်ပင်သည်သာလျှင် တည်း၊ သူကြွယ်မလည်း ဤသူသည် ငါ့အား ကျောင်းတော်သို့သွား၍ တရား နာအံ့သောငှါ ခွင့်မပေး။ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ပင့်ဖိတ်၍ ဤအိမ်၌ သာလျှင် တရားတော်ကို နာတော့အံ့ဟု ကြံ၍ ညချမ်းအခါ၌ သားငယ်ကို ခေါ်စေပြီးသော် ချစ်သား သွားတဲ့ချေ၊ နက်ဖြန်အလို့ငှါ မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်၍ ပေးပါလော့ဟု စေလွှတ်၏။

မြတ်စွာဘုရားကိုပင့်ရာ၌ နေရာဌာန မပြောခဲ့ရန် မှာကြားခြင်း

ထိုသားငယ်သည် မိခင်စေခိုင်းသောစကားဖြင့် သွားသည်ရှိသော် ရှေ့ဦးစွာ အာဇီဝက၏နေရာဖြစ်သော အရပ်သို့သွား၍ ရှိခိုးပြီး ထိုင်နေ၏။ ထိုအခါ လုလင်ကို အာဇီဝက က အသင် ဘယ်အရပ်သို့ သွားအံ့နည်းဟုမေး၏။ မိခင်၏ စကားဖြင့် မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်ခြင်းငှါ သွားပါအံ့ဟုဆိုလျှင် ထိုရှင်ကြီး ဂေါတမ၏ အထံသို့ မသွားလေလင့်ဟု ဆို၏။ လုလင်ကလည်း အရှင် ဤ အကြောင်းသည် မလျော်ပါ၊ အကျွန်ုပ်၏မိခင်အား ကြောက်ရွံ့လှပါသည်၊ အကျွန်ုပ်သည် သွားပါအံ့ဟု ပြောဆို၏။ အာဇီဝက-က မသွားလေလင့်၊ ထို ရှင်ဂေါတမအား ပူဇော်သက္ကာရအဖို့ကို ငါတို့နှစ်ယောက်တို့သည် စားသောက် ကုန်အံ့ဟု ဆို၏။ လုလင်သည်လည်း အရှင် ဤအကြောင်းသည် မသင့်လျော်ပါ၊ မိခင်သည် အကျွန်ုပ်အား အမျက်ထွက်ရောက် ခြိမ်းခြောက်ပါလိမ့်မည်ဟု ဆို၏။ ထိုသို့ဖြစ်လျှင် သွားချေ သွားပြီး၍ကား ပင့်ဖိတ်ပြီးလျှင် အကျွန်ုပ် တို့၏ အိမ်သည် ဤ အမည်ရှိသော အရပ်၌သည်းကောင်း၊ ဤ အမည်ရှိသော ခရီး၌ လည်းကောင်း တည်ရှိ ပါသည်၊ ဤ အမည် ရှိသောခရီးဖြင့် သွားရပါသည်ဟု မပြောကြားလေလင့်၊ ထိုသူ၏ အထံ၌ တည်အံ့သကဲ့သို့ တန်ပါးသော ကိစ္စကို အောက်မေ့နှလုံးသွင်း၍ သွားဘိသကဲ့သို့လည်းကောင်း ထွက်ပြေး၍လာခဲ့လော့ဟု မှာထားလိုက်၏၊ ထိုသူကြွယ်မ၏ သားသည်လည်း အာဇီဝက၏ စကားကိုနာ၍ မြတ်စွာဘုရားရှင်၏ အထံသို့ သွားရောကပြီးလျှင် ပင့်ဖိတ်၍ ဆုတ်နစ်ပြန်လည်ပြီး အာဇီဝကသည် မှာထားပြောကြားလိုက်သော အမှတ်ဖြင့်သာလျှင် အလုံးစုံကိုပြု၍ အာဇီဝက၏ အထံသို့ ပြန်လာခဲ့သည် ရှိသော် အသို့နည်း အသင်အား ငါ မှာထားလိုက်သော အစဉ်အတိုင်းကို ပြုခဲ့ ပါ၏လောဟု မေးသဖြင့် အရှင် အသင်မှာထားလိုက်သောအတိုင်း အလုံးစုံကိုပင် ပြုခဲ့ပါသည်ဟု ဆို၏၊ ယင်းသို့ဖြစ်လျှင် အသင်အား ကောင်းမြတ်သည်ကို ပြုအပ်၏။ ထိုရှင်ကြီးဂေါတမအား ပူဇော်သက္ကာရ ဒါနဝတ္ထု ပြုစုစီမံသည်ကို

ငါတို့နှစ်ယောက်သည် စားကုန်အံ့ဟုဆို၍ တစ်ဖန်မိုးသောက် ရောက်သောနေ့၌ အာဇီဝကသည် စောစောကသာလျှင် အိမ်သို့လာခဲ့၍ မိမိအလိုငှာ ခင်းထားအပ်သော အာဇီဝကနေရာကို ယူ၍ နောက်ဖြစ်သော တိုက်ခန်း၌ နေစေ၏။

အိမ်နီးချင်း ဖြစ်ကုန်သော လူတို့သည် ထိုသူကြွယ်မ၏ အိမ်ကို စိုသော နွားချေးတို့ဖြင့် လိမ်းကျံ၍ ပေါက်ပေါက်လျှင် ငါးခုမြောက်သော ပန်းတို့ကို လှူ၍ မြတ်စွာဘုရား ထိုင်နေ သီတင်းသုံးတော်မူရန် အလိုငှာ မြတ်သော သူတို့အားသာ ထိုက်သောနေရာကို ခင်းထားကုန်၏။ ထိုစကားမှန်၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တို့နှင့် အတူတကွ မလေ့ကျက်ဖူး (မရင်းနှီး) ကုန်သော လူတို့သည် နေရာခင်းခြင်းကို မသိကြကုန်။ ထိုကြောင့် အိမ်နီးချင်းတို့သည် လာ၍ မြတ်စွာဘုရား နေရာတော် ပြုပြင်စီမံ ခင်းထား၍ ပေးရကုန်သတည်း။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်တို့အား ခရီးကို ညွှန်ကြား ပြောဆိုခြင်းဖြင့် ပြုဖွယ်ကိစ္စ မည်သည် မရှိ။ ဗောဓိပင်အရင်း၌ တစ်သောင်းသော လောကဓာတ်ကို တုန်လှုပ်တော်မူစေ၍ သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်တော်မူသော နေ့၌သာလျှင် ထိုဘုရားရှင်တို့အား ဤလမ်းခရီးသည်ကား ငရဲသို့ သွားအံ့သော လမ်းခရီးတည်း။ ဤလမ်းခရီးကား တိရစ္ဆာန်မျိုးသို့ သွားအံ့သော လမ်းခရီးတည်း။ ဤလမ်းခရီးကား ပြိတ္တာဘုံသို့ သွားအံ့သော လမ်းခရီးတည်း။ ဤလမ်းခရီးကား လူ့ဘုံသို့ သွားအံ့သော လမ်းခရီးတည်း။ ဤလမ်းခရီးကား နတ်ဗြဟ္မာဘုံသို့ သွားအံ့သော လမ်းခရီးတည်း။ ဤလမ်းခရီးကား အမတရပ်ထံ နိဗ္ဗာန်ပြည်မြတ်သို့ သွားအံ့သော လမ်းခရီးတည်းဟု အလုံးစုံသော ခရီးလမ်းတို့သည် လွန်စွာ ထင်ရှားသည်ဖြစ်၍ သိတော်မူသေး၏။ ရွာ နိဂုံးတို့၏ လမ်းခရီးမျှ၌ ဆိုဖွယ်ရာမရှိလေ။ ထိုကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်သည် နံနက်စောစောကပင်လျှင် သပိတ်သင်္ကန်းကို ယူတော်မူ၍ သူကြွယ်မ ဖြစ်သော ဥပါသိကာမကြီး၏ အိမ်တံခါးသို့ ကြွတော်မူ၏။

အာဇီဝကသည် ဆဲရေးကာ ထွက်ပြေးခြင်း

သူကြွယ်မကြီးသည်လည်း အိမ်မှထွက်၍ မြတ်စွာဘုရားရှင်ကို ငါးပါးသော ထိခြင်းဖြင့် ရှိသေမြတ်နိုး ရှိခိုးပူဇော်ပြီး၍ အိမ်၏အတွင်းသို့ သွင်းပြီးသော် ခင်းထားအပ်သော နေရာ၌ ထိုင်နေ သီတင်းသုံးစေ၍ အလှူရေစက်ကို ပေးဆက်လှူဒါန်းသည်ကို ပြုပြီးသော် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် လုပ်ကျွေး၏ ဒါယိကာမကြီးသည် ပြုအပ်သော ဆွမ်းစားခြင်း ကိစ္စရှိသော

မြတ်စွာဘုရားရှင်အား အနုမောဒနာကို ပြုစေလိုသည်ဖြစ်၍ သပိတ်တော်ကို ယူ၏။ မြတ်စွာဘုရားရှင်သည် သာယာစွာသော မြတ်သော အသံတော်ဖြင့် အနုမောဒနာ တရားစကားကို အားထုတ် ဟောကြားတော်မူ၏။ ဒါယိကာမ ကြီးလည်း သာဓု သာဓုဟု ကောင်းချီးပေးလျက် တရားတော်ကို နာ၏။ အာဇီဝကသည် နောက်ဖြစ်သော တိုက်ခန်း၌နေလျက် ကောင်းချီးကို ပေး၍ တရားတော်ကို နာသော ထိုဥပါသိကာမကြီး၏ အသံကို ကြားသည် ရှိသော် တည်တံ့၍ နေအံ့သောငှာ မစွမ်းနိုင်သည်ဖြစ်၍ ဤဥပါသိကာမသည် ယခု အခါ ငါ့အား လျှဒါန်းပေးကမ်း သဒ္ဓါကြည်ညိုခြင်းကို မပြုပေတော့အံ့ဟု ကြံစည်ကြောင့်ကြ စိုးရိမ်လှသဖြင့် တိုက်ခန်းမှထွက်၍ ဟယ်....သူ့သုတ်မကြီး၊ ထိုရှင်ကြီးဂေါတမအား ဤသို့သော ပူဇော်သက္ကာရကို ပြု၏။ အသင်သည် ပျက်လေလေ့ဟု အထူးထူး အပြားပြား များစွာကုန်သော အခြင်းအရာဖြင့် ဒါယိကာမကြီးကို လည်းကောင်း၊ မြတ်စွာဘုရားရှင်ကို လည်းကောင်း ဆဲရေး ရေရွတ်လျက် ပြေးသွား၏။

ဒါယိကာမကြီးစိတ်အနှောင့်အယှက်ဖြစ်ခြင်း

ဒါယိကာမကြီးသည် ထိုအာဇီဝက၏ ဆဲရေး ရေရွတ်သော စကားဖြင့် ရှက်နိုးသည် ဖြစ်သောကြောင့် အာရုံတစ်ပါးသို့ တုန်လှုပ်ပြေးသွားသော စိတ် ရှိသည် ဖြစ်၍ ဒေသနာတော်သို့ အစဉ်လျောက်သော အားဖြင့် ဉာဏ်ကိုရှေးရှု တည့်ခိုင် စေလွှတ်ခြင်းငှာ မစွမ်းနိုင်လေ။ ထိုအခါ ဒါယိကာမကြီးကို မြတ်စွာ ဘုရား ကိုယ်တော်မြတ်က ဒါယိကာမကြီး အသို့နည်း မိမိ၏စိတ်ကို ဒေသနာ တော်သို့ အစဉ်လျောက်၍ အောက်မေ့တည်တံ့သည်ကို ပြုခြင်းငှာ မစွမ်းနိုင် သလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထို အာဇီဝက၏ စကားဖြင့် တပည့်တော်မ၏ စိတ်သည် အာရုံတစ်ပါးသို့ တုန်လှုပ် ပြေးသွားပါသည်ဟု လျှောက်ကြားသော် မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒါယိကာမကြီး ဤသို့ သဘောရှိသော ဆန့်ကျင်ဘက် ဖြစ်သော ဝိသဘာဂ လူ၏ ပြောဆို ဆဲရေးအပ်သော စကားမည်သည်ကို ဆင်ခြင် အောက်မေ့၍ နေခြင်းငှာ မအပ်။ ဤသို့သဘောရှိသော ပြောဆိုဆဲရေးသော စကားကိုနှလုံး မသွင်းမူ၍ မိမိ၏သာလျှင် ကုသိုလ်ကောင်းမှုကို ပြုအပ်လေပြီလော ဟူ၍ လည်းကောင်း၊ မပြုအပ်သေးဟူ၍ လည်းကောင်း မိမိ ကိုယ်ကိုသာလျှင် ဆင်ခြင်ကြည့်ရှုခြင်းငှာအင်၏ဟု မိန့်တော်မူပြီး၍ဤဂါထာကို ဟောတော်မူ၏

၅၀။ န ပရေသံ ဝိလောမာနိ၊ န ပရေသံ ကတာကတံ။
အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိစ။

သူတစ်ပါးတို့၏ မလျော်သော အမှုတို့ကို မရှုမကောင်ခြင်ရာ၊ ကောင်းမှု မကောင်းမှု ပြု-မပြုကို မရှုမဆင်ခြင်ရာ၊ မိမိပြုပြီးသော ကောင်းမှုတို့ကို လည်းကောင်း၊ မပြုရသေးသော ကုသိုလ်တို့ကို လည်းကောင်း ကြံတွေးဆင်ခြင် ရာ၏။

ထိုဂါထာ၌ **န ပရေသံ ဝိလောမာနိ**=ဟူသည် သူတစ်ပါးတို့၏ ကြမ်းတမ်း ခက်မာကုန်သော ဝန့်တိုခြင်းရှိကုန်သော စကားတို့ကို နှလုံးမသွင်းအပ်ကုန် ဟူလို။

န ပရေသံ ကတာကတံ= ဟူသည် ယုံကြည်ခြင်း မရှိ၊ ကြည်ညိုခြင်းမရှိသော ဒါယကာ၏ အိမ်၌ တစ်ယောက်မျှသော ဆွမ်းစသည်တို့ကို လှူအပ်သည် မရှိကုန်၊ စာရေးတံဆွမ်း စသည်တို့ကို မလှူနိုင်ကုန်၊ သင်္ကန်း စသောပစ္စည်းဖြင့် ပေးခြင်းသည် ဤဒါယကာအား မရှိ၊ ထို့အတူ ယုံကြည်ခြင်း မရှိသော၊ ကြည်ညို ခြင်း မရှိသော မိန်းမ၏ အိမ်၌ တစ်ယောက်မျှသော ဆွမ်း စသည်တို့ကို မလှူ နိုင်ကုန်၊ စာရေးတံဆွမ်း စသည်တို့သည် မရှိကုန်၊ သင်္ကန်း စသော ပစ္စည်းဖြင့် ပေးလှူခြင်းသည် ဤမိန်းမအား မရှိ၊ ထို့အတူ သဒ္ဓါတရားမရှိသော၊ ကြည်ညို ခြင်း မရှိသော ရဟန်းအား ဥပဇ္ဈာယဝတ်ကို ပြုလေမရှိ၊ ဆရာ့အား ပြုအပ် သော ဝတ်မရှိ၊ အာဂန္တုကဝတ်မရှိ၊ ဂမိကဝတ်မရှိ၊ စေတီရင်ပြင်၌ပြုအပ်သောဝတ် ကိုမပြု။ ဥပုသ်အိမ်၌ပြုအပ်သော ဝတ်ကို ပြုလေ့မရှိ၊ ဆွမ်းစားဇရပ်၌ ပြုအပ်သော ဝတ်ကို ပြုလေ့မရှိ၊ ဇရုံးအိမ်၌ ပြုအပ်သော ဝတ် စသည်တို့ကို ပြုလေ့ မရှိကုန်၊ ထိုရဟန်းအား တစ်စုံတစ်ခုသော ဓုတင်ဆောက်တည်ခြင်းမရှိ၊ ကမ္မဋ္ဌာန်းစီးဖြန်း ခြင်းဖြင့် မွေ့လျော်ခြင်း၌ အားထုတ်ကာမျှသည်လည်း မရှိ။ ဤသို့ သူတစ်ပါး တို့၏ ပြုအပ်သည်၌ မပြုခြင်း မည်သည်ကို မကြည့်အပ်။

အတ္တနောဝ အဝေက္ခေယျ=ဟူသည် အဘယ်သို့ဖြစ်၍ ဖြစ်လျှင် ငါ၏ ညဉ့်နေ့ တို့ကို လွန်စေကုန်အံ့နည်း။ ဤသို့ ရဟန်းဖြစ်သော သူသည် မပြတ်ဆင်ခြင် အပ်၏။ ဤသို့ ဤအဆုံးအမကို အောက်မေ့လျက် သဒ္ဓါတရားဖြင့် ရဟန်း ပြုသော အမျိုးကောင်းသားသည် ငါသည် အမြဲမရှိ၊ ဆင်းရဲအတိသာ ဖြစ်၏။ အစိုးမရသော သဘောရှိ၏၊ ဤသို့ လက္ခဏာရေး သုံးပါးတင်၍ ယောဂ၏ ဖန့်ခြင်းကို ပြုခြင်းငှါ တတ်နိုင်အံ့လော။ မတတ်နိုင်အံ့လော။ ဤသို့ မိမိ၏ ပြုနိုင် မပြုနိုင်သည်တို့ကို ကြည့်ရှုဆင်ခြင်ရာ၏ဟု အနက်ပေးပါဟူလို။

ဒေသနာတော်၏ အဆုံး၌ ထိုဒါယိကာမသည် သောတာပတ္တိဖိုလ်၌ တည်၏။ တရားဒေသနာသည် လူအပေါင်းအား အကျိုးရှိ၏။

ခြောက်ခုမြောက် ပါဝေယျကအာဇီဝကဝတ္ထု ပြီး၏။

ဆတ္တပါဏိဥပါသကာဝတ္ထု

ယထာပိ ရုစိရံ ပုပ္ဖံ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိမြို့၌ သီတင်းသုံးတော်မူစဉ် ဆတ္တပါဏိ ဥပါသကာကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေ၏။

သာဝတ္ထိပြည်၌ ဆတ္တပါဏိ ဥပါသကာသည် ပိဋကတ်သုံးပုံကို ဆောင်သော အနာဂါမ်ပုဂ္ဂိုလ်တည်း။ ထိုဆတ္တပါဏိ ဥပါသကာသည် နံနက်စောစောကပင်လျှင် ဥပုသ်သီလကို စောင့်သုံးသည် ဖြစ်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ခစား ဆည်းကပ်ခြင်းငှါ သွားလေ၏။ ထိုစကားမှန်၏။ အနာဂါမ် ဖြစ်ကုန်သော အရိယာသာဝကတို့အား ဆောက်တည်ခံယူသည်၏ အစွမ်းဖြင့် ပြုအပ်သော ဥပုသ်ကိစ္စသည်သည် မရှိ။ မဂ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် သာလျှင် အဗြဟ္မစရိယကို ပယ်ရှားခြင်းဟု ဆိုအပ်သော ဗြဟ္မစရိယသည် လည်းကောင်း၊ တစ်ထပ်တည်းသော ထမင်းကို စားသောက်ခြင်းသည် လည်းကောင်း လာနေကျရှိ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် မဇ္ဈိမပဏ္ဏာသပါဠိတော်၌ ဤသို့ ဟောကြားတော်မူခဲ့၏-

> ဒကာတော် ကိကီမင်းကြီး စင်စစ် ဃဋိကာရ အမည်ရှိသော အိုးထိန်းသည်သည် တစ်ထပ် သာစား၏။ မြတ်သော အကျင့်ရှိ၏။ သီလရှိ၏။ ကောင်းသောတရားရှိ၏။

ဤသို့သောနည်းဖြင့် အနာဂါမ် ပုဂ္ဂိုလ်တို့သည် ပကတိအားဖြင့် သာလျှင် ညစာမစား၊ နံနက်အခါစားခြင်း ဟူသော တစ်ထပ်တည်းသောထမင်း ရှိသည်လည်းကောင်း၊ မြတ်သော အကျင့်ရှိသည်လည်းကောင်း ဖြစ်ကြကုန်၏။ ထိုဆတ္တပါဏိ ဥပါသကာသည်လည်း ထိုအတူသာလျှင် ပကတိသော ဥပုသ် သုံးခြင်း ရှိသည်ဖြစ်၍ မြတ်စွာဘုရားရှင်ကို ဆည်းကပ်ပြီးလျှင် ရိုသေမြတ်နိုး ရှိခိုးပြီးသော် တရားစကား ကြားနာလျက် ထိုင်နေ၏။

မြတ်စွာဘုရားထံ၌ ကောသလမင်းကြီးနှင့် တွေ့ဆုံခြင်း

ထိုအခါ ပသေနဒီ ကောသလမင်းကြီးသည် ဘုရားရှင်အား ဆည်းကပ်ခြင်းငှါ သွား၏။ ဆတ္တပါဏိ ဥပါသကာသည် ရှေးရှုလာသော ထိုပသေနဒီကောသလ မင်းကြီးကိုမြင်၍ ငါသည် ထ၍ သွားရအံ့လော၊ ထ၍မသွားမူ၍ပင် နေရအံ့လောဟု ကြံ၍ ငါသည် မြတ်သော မင်းဖြစ်တော်မူသော မြတ်ဘုရားရှင်၏ အထံတော်၌ နေလျက် တစ်စိတ်တစ်ဒေသ အစိုးရသော ပဒေသရာဇ်မင်း လာသည်ကိုမြင်၍ ထသွားခြင်းငှါ ငါ့အား မသင့်လျော်ချေ။ မင်းကြီးသည်

ထ၍ မရှောင်ကြဉ်သော ငါ့အား အမျက်ထွက်လတ္တံ့။ ထိုမင်းကြီးသည် အမျက်ထွက်သော်လည်း ငါမထတော့အံ့၊ မင်းကြီးကိုမြင်၍ ထသွားသည် ရှိသော် မင်းကြီးကို အလေးပြုရာ ရောက်ပေလိမ့်မည်။ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားကို မလေးစားရာ ရောက်ချေတော့မည်။ ထိုမှကြောင့် မထ မဖယ်ရှောင်ဘဲ သာလျှင် နေတော့အံ့ဟု မထမူ၍သာလျှင် နေ၏။ ပညာရှိသော ယောကျ်ားတို့ မည်သည်ကား အလေးအမြတ် ပြုအပ်သော ဆရာတို့၏ အထံ၌ ထိုင်နေလျက် မသာ မဖယ်ရှောင်သော သူကိုမြင်သော်လည်း အမျက်မထွက်ကုန်ဟု အဋ္ဌကထာ၌ ပြဆိုကုန်၏။

ပသေနဒီကောသလမင်းကြီးသည်ကား မထမဖယ်ရှောင်သောထိုဆတ္တပါဏိ ဥပါသကာကို မြင်၍ အမျက်ထွက်သော စိတ်ရှိလျက် မြတ်စွာဘုရားရှင်ကို ရှိခိုးပြီး တင့်အပ် လျောက်ပတ်သော အရပ်၌ ထိုင်နေ၏။ မြတ်စွာဘုရားရှင်သည် ထိုမင်းကြီး၏ အမျက်ထွက်သည်ကို သိ၍ ဒကာတော်မင်းကြီး ဤဆတ္တပါဏိ ဥပါသကာသည် ပညာရှိ၏။ သိမြင်အပ်ပြီးသော တရားရှိ၏။ ပိဋကတ်သုံးပုံကို ဆောင်၏၊ အကျိုးဟုတ်သည် မဟုတ်သည်၌ လိမ္မာ၏ဟု ဥပါသကာ၏ ဂုဏ်ကျေးဇူးကို ချီးကျူးမိန့်ဆိုပေါ်မူ၏။ ပသေနဒီကောသလမင်းကြီးအား ထိုဆတ္တပါဏိ ဥပါသကာ၏ ဂုဏ်ကျေးဇူးစကားကို ကြားနာရစဉ်ပင်လျှင် စိတ်သည် နူးညံ့ခြင်း ဖြစ်လေ၏။

နန်းတော်တွင်း၌ ပိဋကတ်သုံးပုံ သင်ပေးရန် တောင်းပန်ခြင်း

ယခုနောက် တစ်ခုသောနေ့၌ ပသေနဒီကောသလမင်းကြီးသည် အထက် ဖြစ်သော ဘုံနန်းပြာသာဒ်၌ စံပယ်တော်မူစဉ် ဆတ္တပါဏိ ဥပါသကာသည် ပြုအပ်ပြီးသော ထမင်းစား ခြင်း ကိစ္စရှိသည်ဖြစ်၍ ထီးကို ယူငင်လျက် ဖိနပ်ကို စီးပြီးသော် မင်းရင်ပြင်ဖြင့် သွားသည်ကို မြင်၍ ခေါ်စေတော်မူ၏။ ဆတ္တပါဏိ ဥပါသကာသည် ထီး ဖိနပ်ကို ပယ်ထားခဲ့ပြီး မင်းကြီးသို့ ချဉ်းကပ်၍ ရှိခိုးပြီးသော် သင့်တင့်လျောက်ပတ်သောအရပ်၌ တည်နေ၏။ ထိုအခါ ဆတ္တပါဏိ ဥပါသကာကို မင်းကြီးက အိုအချင်း ဥပါသကာ အသင်၏ ထီးဖိနပ်တို့ကို အဘယ့်ကြောင့်ပယ်ချ စွန့်ပစ်၍ ထားခဲ့သနည်းဟု မေးတော်မူ၏။ အရှင်မင်း မြတ်သည် ခေါ်တော်မူအပ်သည်ဟု ကြားသိရသည် ဖြစ်ပါသောကြောင့် ထီး ဖိနပ်တို့ကို ပယ်ချ စွန့်ပစ်၍ ထားခဲ့ပြီး လာခဲ့ရပါသည်ဟု လျှောက်၏။ ယနေ့ ငါတို့၏ ပြည့်ရှင်မင်းအဖြစ်ကို အသင်တို့သည် သိအပ်သည် ဖြစ်ပေလိမ့်မည်ဟု မင်းကြီးက မိန့်တော်မူလျှင် ဆတ္တပါဏိ ဥပါသကာက အရှင်မင်းမြတ် အခြင်းခပ်သိမ်းလည်း အကျွန်ုပ်တို့သည် အရှင်တို့၏မင်းအဖြစ်ကို သိပါကုန်၏ဟု လျှောက်တင်သော် အခါ ဤသို့ ငါ၏မင်းအဖြစ်ကို သိသည် အကယ်၍ ဖြစ်ခဲ့အံ့၊ ရှေးဖြစ်သောနေ့

အခါက မြတ်စွာဘုရားရှင်၏ အထံတော်၌ ထိုင်နေလျက် ငါ့ကို မြင်သည်ရှိသော် အဘယ့်ကြောင့် ထသွား ဖယ်ရှောင်၍ မပေးသနည်းဟု မေးတော်မူပြန်သော အခါ အရှင်မင်းကြီး မင်းတကာတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားရှင်၏ အထံတော်၌ နေပါလျက် တစ်နိုင်ငံ တစ်ဒေသမျှကို အစိုးရတော်မူသော ပဒေသရာဇ်မင်းကို မြင်၍ ဖယ်ရှောင် ထသွားသည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်၌ မရိုသေခြင်းသည် ဖြစ်ခဲ့ပေရာ၏။ ထိုကြောင့် အကျွန်ုပ်သည် မထသွား မဖယ်ရှောင်ပါသတည်းဟု လျှောက်တင်၏။

မင်းကြီးကလည်း အိုအချင်း ဥပါသကာ အသင် လျှောက်တင်သောအတိုင်း ဖြစ်ပါစေလော့။ ဤစကားကို တံ့ရပ်၍ ထားပါဦးလော့။ အသင်တို့သည် မျက်မှောက်ပစ္စုပ္ပန် အတ္တဘော၌ ဖြစ်သော အကျိုး, တမလွန်လောက နောင်ဘဝ၌ ဖြစ်လတ္တံ့သော အကျိုးအားဖြင့် အကျိုးနှစ်ပါးတို့အား သိကျွမ်းလိမ္မာသည် ဖြစ်ပေကုန်သတတ်။ ပိဋကတ်သုံးပုံ ဆောင်ကုန်ပေသတတ်။အသင်တို့သည် ငါတို့၏ နန်းတော်တွင်း၌ မြတ်စွာဘုရား တရားတော်ကို ချပို့ခဲ့လော့ဟု မိန့်တော်မူလျှင် အရှင်မင်းမြတ် မဖွင့်နိုင်ပါဟု လျှောက်ကြား၏။ အဘယ် အကြောင်းကြောင့်နည်းဟု မေးတော်မူလျှင် အရှင်မင်းမြတ် မင်းအိမ်နန်းတော် မည်သည်ကား ဆိုလျှင် များသောအပြစ် ရှိပါသည်။ အရှင်မင်းမြတ် ဤနန်း အိမ်တော်၌ မကောင်းသောသူ ကောင်းသောသူတည်းဟူသော များစွာသော သူတို့နှင့် ရောယှက် ဆေးယှဉ်သောအားဖြင့် အလွန်ပင် ဝန်လေးလှပါသည်ဟု လျှောက်ကြား၏။ မင်းကြီးကလည်း အချင်း သင်တို့သည် ဤသို့ ကြောက်ရွံ့ ပစ်ပယ်သော စကားတကို မပြောမကြားပါကုန်လင့်။ ရှေးဖြစ်သော နေ့၌ ငါ့ကို မြင်၍ မထ မဖယ်ရှောင်မိသောကြောင့် ရှုံကြောက် တွေးတောခြင်း ဖြစ်သော အလိုလို့ကို မဖြစ်ပါစေလင့်ဟု ဆိုလျှင် ဆတ္တပါဏိဥပါသကာ-က အရှင်မင်းမြတ် လူတို့၏ သွားလာလှုပ်လည်သော အရပ်မည်သည် များသော အပြစ်ရှိပါသည်။ ရဟန်းတော် အရှင်မြတ်တစ်ပါးကို ဖိတ်မန် ပင့်ခေါ်ပြီး မြတ်စွာဘုရားတရားတော်ကို ချပို့ပါစေလော့ဟု လျှောက်၏။ ဗုံအချင်း ဥပါသကာ ကောင်းပြီ၊ အသင်တို့သည် သွားကြကုန်လေလော့ဟု ဥပါသကာကို လွှတ်လိုက်ပြီးလျှင် မင်းကြီးသည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ ထံသို့ သွားရောက်၍ မြတ်စွာဘုရားရှင်ကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မလ္လိကာ မိဖုရားသည် လည်းကောင်း၊ ဝါသဘခတ္တိယာ မိဖုရားသည် လည်းကောင်း မြတ်စွာဘုရား တရားတော်ကို သင်ပါကုန်လတ္တံ့။ အရှင်ဘုရား သည် ငါးရာကုန်သော ရဟန်းတို့နှင့်တကွ ဒကာတော်၏ နန်းတော်သို့ အမြဲ ကြွတော်မူ၍ ထိုမိဖုရားတို့အား တရားတော်ကို သင်တော်မူစေကုန်လော့။ တရားတော်ကို ဟောကြားတော်မူကုန်လော့ဟု တောင်းပန် လျှောက်ကြား၏။

မလ္လိကာနှင့်ဝါသဘခတ္တိယာတို့ပိဋကတ်သုံးပုံသင်ကြခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒဂ.ာတော်မင်းကြီး ငါဘုရားတို့မည်သည်ကား အမြဲမပြတ် တစ်နေ့တည်းသော အရပ်သို့ သွား·အပ်သည်မဟုတ်သည်မရှိဟု မိန့်တော်မူက ထိုသို့ ဖြစ်လျှင် ဘုန်းတော်ကြီးတော် မူလှပေသော မြတ်စွာဘုရား သင့်လျော် လျောက်ပတ်သော တန်ပါးသော ရဟန်းကိုစေလွှတ်သနားတော်မူပါဘုလျှောက်ကြားတောင်းပန်ပြန်သဖြင့် မြတ်စွာဘုရားရှင်သည် အာနန္ဒာမထေရ်၏ဝန်ကို ပြုတော်မူ၏။ အရှင်အာနန္ဒာမထေရ်သည် အမြဲမပြတ်နန်းတော်သို့ ကြွသွားတော်မူ၍ ထိုမိဖုရားတို့အား ဘုရားဟောဖော် တရားတော်ကို သင်စေ၏။ ထိုမိဖုရားနှစ်ပါးတို့တွင် မလ္လိကာမိဖုရားသည် တရားတော်ကို ရိုသေ ကောင်းမွန်စွာ နာခံသင်ယူ၍ ကောင်းစွာ သရဇ္ဈာယ်ပြီးလျှင် ပါဠိအရှည် ခံ့သည်ကို ဖြစ်စေ၏။ ဝါသဘခတ္တိယာ မိဖုရားသည်ကား ရိုသေ ကောင်းမွန်စွာ မသင်ယူ၊ မသရဇ္ဈာယ်၊ ပါဠိအရှည်ခံ့ခြင်းငှါ မစွမ်းနိုင်။ ထို့နောက် တစ်နေ့သောအခါ၌ မြတ်စွာဘုရားသည် ချစ်သားအာနန္ဒာ အသို့နည်း။ ဒကာတော်မ မိဖုရားတို့သည် တရားကို သင်ယူကြပါကုန်၏လောဟု မထေရ်ကို မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ရိုသေကောင်းမွန်စွာ သင်ယူကြပါကုန်၏ဟု မထေရ်ကလျှောက်သဖြင့် ချစ်သား အာနန္ဒာ အဘယ်မိဖုရားသည် နာခံသင်ယူသနည်းဟု မေးတော်မူပြန်သော် ဘုန်းတော်ကြီးတော်မူလှပေသော မြတ်စွာဘုရား မလ္လိကာမိဖုရားသည် ရိုသေ ကောင်းမွန်စွာ တရားတော်ကို သင်ယူပါသည်၊ ရိုသေကောင်းမွန်စွာ တရားတော်ကို သရဇ္ဈာယ် ပါသည်။ ရိုသေ ကောင်းမွန်စွာ ပါဠိကို ခံယူစေခြင်းငှါ စွမ်းနိုင် ပါသည်။ အရှင် မင်းမြတ်တို့၏ ဆွေတော်မျိုးတော် သမီးဖြစ်သော ဝါသဘခတ္တိယာ မိဖုရားသည် တရားတော်ကိုရိုသေ ကောင်းမွန်စွာ မသင်ယူ၊ မသရဇ္ဈာယ်ပါ။ ပဠိကို ခံယူခြင်းငှါ မစွမ်းနိုင်ပါဟု လျှောက်ကြား၏။

မြတ်စွာဘုရားရှင်သည် အာနန္ဒာမထေရ် လျှောက်ကြားသော စကားကို ကြားတော်မူလျှင် ချစ်သားအာနန္ဒာ ငါဘုရား ဟောကြားတော် မူအပ်သော တရားတော်မည်သည် ရိုသေကောင်းမွန်စွာ မနာခံ မသရဇ္ဈာယ် မမှီဝဲသောသူအား အဆင်းသဏ္ဌာန်နှင့်သာ ပြည့်စုံ၍ အနံ့မရှိသော ပန်းကဲ့သို့ အကျိုးမရှိသည် ဖြစ်ပေ၏။ ရိုသေ ကောင်းမွန်စွာ တရားနာခြင်း စသည်ကို ပြုသောသူအား ကြီးကျယ်ပြန့်ပြော များမြတ်သော အကျိုးအာနိသင် ရှိသည်ဖြစ်ပေ၏ဟု မိန့်တော်မူပြီး၍ ဤနှစ်ဂါထာကို ဟောတော်မူ၏–

၅၁။ ယထာပိ ရုစိရံ ပုပ္ဖံ၊ ဝဏ္ဏဝန္တံ အဂန္ဓကံ။
ဧဝံ သုဘာသိတာ ဝါစာ၊ အဖလာ ဟောတိ အကုဗ္ဗတော။

၅၂။ ယထာပိ ရုစိရံ ပုပ္ဖံ၊ ဝဏ္ဏဝန္တံ သဂန္ဓကံ။
ဧဝံ သုဘာသိတာ ဝါစာ၊ သဖလာ ဟောတိ ကုဗ္ဗတော–

တင့်တယ်သောအဆင်းရှိ၍ အနံ့မရှိသောပန်းသည် အကျိုးမရှိသကဲ့သို့ ယှဉ်အတူ ကောင်းစွာဟောကြားတော်မူအပ်သော ဘုရားစကားတော်သည် ရိုသေကိုင်းညွတ်ခြင်းကို မပြုသူအား မဂ်ဖိုလ်နိဗ္ဗာန်ရရန် အကျိုးမရှိ။

တင့်တယ်သောအဆင်းရှိ၍ အနံ့လည်းရှိသောပန်းသည် အကျိုးရှိသကဲ့သို့ ဤအတူ ကောင်းစွာဟောကြားအပ်သော ဘုရားစကားတော်သည် ရိုသေကိုင်းညွတ်ခြင်းကိုပြုသူအား မဂ်ဖိုလ်နိဗ္ဗာန်ရရန် အကျိုးရှိ၏။

ထိုဂါထာတို့တွင် ရုစိရံ=ဟူသည် တင့်တယ်ခြင်းရှိသော–ဟူလို။

ဝဏ္ဏဝန္တံ=ဟူသည် အဆင်းသဏ္ဌာန်နှင့်ပြည့်စုံသော–ဟူလို။

အဂန္ဓကံ=ဟူသည် အနံ့မှကင်းသော ပင်လယ်ကသစ်, တောင်ဇလပ်, လယ်ခေါင်ရန်း စသော ပန်းအထူးတည်း–ဟူလို။

ဧဝံ သုဘာသိတာဝါစာ=ဟူသည် ပိဋကတ်သုံးပုံဟု ဆိုအပ်သော ဘုရားစကားတော်တည်း။ ထိုဘုရားစကားသည် အဆင်းသဏ္ဌာန်နှင့်ပြည့်စုံသော အနံ့မရှိသောပန်းနှင့်တူ၏။ ထိုအနံ့မရှိသောပန်းကို ဆောင်သောသူ၏ကိုယ်၌ အနံ့သည်မနံ့သကဲ့သို့ ဤအတူလျှင် ဤဘုရားတရားတော်ကိုလည်း ရိုသေစွာနာခြင်း စသည်တို့ဖြင့် ကောင်းစွာမကျင့်သော ပုဂ္ဂိုလ်သည် ရိုသေစွာ, ကောင်းစွာ မကျင့်သည်ရှိသော် ထိုဘုရား၌ ပြုအပ်သော သာမိစိကိရိယာကို မပြုခြင်းကြောင့် အကြားအမြင်များသော သုတအနံ့ကိုလည်းကောင်း၊ ရွတ်အံသရဇ္ဈာယ်ခြင်း တည်းဟူသော ဝါစာအနံ့ကိုလည်းကောင်း၊ အကျင့်ဟုဆိုအပ်သော ပဋိပတ္တိအနံ့ကိုလည်းကောင်း မရွက်ဆောင်နိုင်၊ အကျိုး မရှိသည်ဖြစ်၏။ ထို့ကြောင့် "ဧဝံ သုဘာသိတာဝါစာ အဖလာ ဟောတိ အကုဗ္ဗတော" ဟူ၍ ဟောအပ်ပြီ။

သဂန္ဓကံ=ဟူသည် စကားပန်း၊ ကြာညိုပန်း စသော ပန်းအထူးတည်း။

ဧဝံ=ဟူသည် ထိုစကားပန်း စသောပန်းကို ပန်သူ၏ ကိုယ်အနံ့သည် နံ့သကဲ့သို့ ဤအတူ ပိဋကတ်သုံးပုံတည်းဟူသော ဘုရားစကားဟု ဆိုအပ်သော ကောင်းစွာဆိုအပ်သော စကားတော်ကိုလည်း ရိုသေစွာနာခြင်း စသည်တို့ဖြင့် ကောင်းစွာပြုလေ့ရှိသော ပုဂ္ဂိုလ်အား အကျိုးရှိ၏။ အရိုအသေပြုသူအား သုတဂန္ဓ၊ ဝါစာဂန္ဓ ပဋိပတ္တိဂန္ဓတို့ကို ရွက်ဆောင်နိုင်ခြင်းကြောင့် များသော အကျိုးရှိ၏၊ များသော အာနိသင်ရှိ၏ဟု အနက်ပေးပါဟူလို။

ဒေသနာတော်၏အဆုံး၌ များစွာ သောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ ဒေသနာသည် လူအပေါင်းအား အကျိုးရှိ၏။

ခုနစ်ခုမြောက် ဆတ္တပါဏိ ဥပါသကဝတ္ထု ပြီး၏။

၈–ဝိသာခါဒါယိကာမကြီး ဝတ္ထု

ယထာပိ ပုပ္ဖရာသိမှာ–အစရှိသော ဤဓမ္မဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိမြို့ကို အမှီပြု၍ ပုဗ္ဗာရုံကျောင်းကြီး၌ သီတင်းသုံးတော်မူစဉ် ဝိသာခါ ဒါယိကာမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုဝိသာခါဒါယိကာမသည်ကား အင်္ဂတိုင်းဘဒ္ဒိယမြို့၌ မေဏ္ဍကသေဋ္ဌေးကြီး၏ သားဓနဉ္စယသေဋ္ဌေး၏ အဂ္ဂမဟေသီ သုမနသေဋ္ဌေးမ၏ဝမ်းတိုက်၌ကိန်းပိုက် သန္ဓေ တည်နေ၍ ဆယ်လစေ့မြောက် ဖွားမြင်ခြင်းသို့ရောက်ပြီးမှ ထိုဝိသာခါ သည် ခုနစ်နှစ်သမီးအရွယ်၌ မြတ်စွာဘုရားရှင်သည် သေလပုဏ္ဏား အစရှိ ကုန်သော ကျွတ်ထိုက်ကုန်သော သတ္တဝါတို့၏ အကြောင်း၏ ပြည့်စုံခြင်းကို မြင်တော်မူသောကြောင့် များစွာသော ရဟန်းသံဃာတော်အပေါင်းခြံရံလျက် ဒေသစာရီလှည့်လည်တော်မူသည်ရှိသော် ထိုဘဒ္ဒိယမြို့သို့ ရောက်တော်မူလေ၏။

ဆုထူးပန်ငါးယောက်

ထိုအခါဝယ် ဘဒ္ဒိယမြို့၌ မေဏ္ဍကသေဋ္ဌေးကြီးသည် ဘုန်းကံကောင်းမှု ရှိကုန်သောသူ ငါးဦးတို့၏အကြီးအမှူးဖြစ်၍ သေဋ္ဌေး၏အရာကိုပြု၏၊ ကောင်းမှု ဘုန်းကံရှိသောသူငါးဦးတို့မည်သည်ကား–

၁။ မေဏ္ဍက သေဋ္ဌေးကြီး တစ်ဦး၊

၂။ ထိုမေဏ္ဍက သေဋ္ဌေးကြီး၏သေဋ္ဌေးကတော် စန္ဒပဒုမာမည်သူ တစ်ဦး။

၃။ ထိုမေဏ္ဍက သေဋ္ဌေးကြီး၏ သား ဓနဉ္စယမည်သူ တစ်ဦး။

၄။ ထိုဓနဉ္စယ၏ မယား သုမနဒေဝီမည်သူ ချွေးမ တစ်ဦး။

၅။ မေဏ္ဍက သေဋ္ဌေးကြီး၏ ကျွန် ပုဏ္ဏမည်သူ တစ်ဦး။–

အားဖြင့် ငါးဦးတို့ပေတည်း။

ဤမေဏ္ဍကသေဋ္ဌေးကြီး တစ်ဦးသာမဟုတ်၊ ဗိမ္ဗိသာရမင်းကြီး၏ တိုင်းပြည်နိုင်ငံတော်အတွင်း၌ အတိုင်းမသိသော စည်းစိမ်ချမ်းသာ ရှိကုန်သော သေဋ္ဌေးကြီး ငါးဦးတို့သည် ရှိကုန်၏။ သေဋ္ဌေးကြီးငါးဦးတို့ ဟူသည်ကား ဇောတိကသေဋ္ဌေး၊ဇဋိလသေဋ္ဌေး၊မေဏ္ဍကသေဋ္ဌေး၊ပုဏ္ဏသေဋ္ဌေး၊ကာကဝလိယသေဋ္ဌေး အားဖြင့် ငါးဦးတို့ပေတည်း။

ဝိသာခါသည် ခုနစ်နှစ်အရွယ်က သောတာပန်တည်ခြင်း

ထိုသေဋ္ဌေးကြီး ငါးဦးတို့တွင် ဤမေဏ္ဍက သေဋ္ဌေးကြီးသည် မြတ်စွာဘုရားရှင် ဘဒ္ဒိယမြို့သို့ ကြွရောက်တော်မူလာသည်ကို ကြားသိ၍ သားဖြစ်သော ဓနဉ္စယသေဋ္ဌေး၏ သမီး ဝိသာခါ သတို့သမီးငယ်ကို ခေါ်စေ၍ ချစ်မြေး အသင့်အားလည်းကောင်း မြတ်သော မင်္ဂလာသည် ဖြစ်ပါလတ္တံ့။ ငါတို့အား လည်းကောင်း မြတ်သော မင်္ဂလာသည် ဖြစ်ပါလတ္တံ့။ အသင် ချစ်မြေးသည် အခြံအရံ ဖြစ်ကုန်သော သတို့သမီးငါးရာတို့နှင့် အတူတကွ ရထားငါးရာတို့သို့ တက်စီး သွားရောက်ပြီး သတို့သမီးငယ်ငါးရာတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရားရှင် အား ခရီးဦးကြိုဆိုခြင်းကို ပြုပါလေ့ဟု ဆို၏။ ဝိသာခါ သတို့သမီးသည်လည်း ကောင်းလှပါပြီဟု ဝန်ခံ၍ ဘိုးတော် သေဋ္ဌေးကြီး မိန့်ဆိုတိုင်းကို လိုက်နာ၍ ပြုပေ၏။ အကြောင်း ဟုတ်သည် မဟုတ်သည်တို့၌ ပညာ အဆင်အခြင်နှင့် ပြည့်စုံသောကြောင့် ဒ ကြင်မျှလောက် ယာဉ်ဖြင့် သွားခြင်းငှာ လျောက်ပတ်သော မြေပြင်၌ ယာဉ်ဖြင့် သွား၍ ယာဉ်မှ သက်ဆင်း၍ သွား ခြင်းငှာ လျောက်ပတ်သော အရပ်ဒေသသို့ ရောက်သောအခါ ယာဉ်မှ သက်ဆင်း၍ ခြေဖြင့် လာပြီးသော် မြတ်စွာဘုရားမှင်ကို ရှိခိုးပြီးလျှင် တင့်အပ် လျောက်ပတ်သော အရပ်၌ နေ၏။ ထိုအခါ ဝိသာခါအား ရှေးရှေးသောဘဝက ဖြည့်ဆည်းပူးခဲ့သော ကောင်းမှုထုံး စရိုက်အလိုက် မြတ်စွာဘုရားရှင်သည် တရားဒေသနာတော်ကို ဟောကြားတော်မူပေ၏။

ထိုဝိသာခါ သတို့သမီးသည် ဒေသနာတော်၏ အဆုံး၌ သတို့သမီးငယ်ငါးရာတို့နှင့် တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။ မေဏ္ဍက သေဋ္ဌေးကြီးသည်လည်း မြတ်စွာဘုရားရှင်ကို ရှိခိုး ချဉ်းကပ်၍ တရားနာရသောကြောင့် သောတာပတ္တိဖိုလ်၌ တည်ပြီး၍ နက်ဖန်အလို့ငှာ မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကို ပင့်ဖိတ်၍ တစ်ဖန် မိုးသောက်သော နေ့၌ မိမိ၏ နေအိမ်ဝယ် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ဘုရားအမှူးရှိသော ရဟန်းအပေါင်းကို လုပ်ကျွေး မွေးမြူ လှူဒါန်းပြီး ဤသို့သော အမှတ်ဖြင့်သာလျှင် မပြတ်မစဲ လခွဲတိုင်တိုင် ကြီးစွာသော အလှူကြီးကို ပေးလှူ၏။ မြတ်စွာဘုရားရှင်သည် ဘဒ္ဒိယမြို့၌ မွေ့လျော်သမျှ ကာလပတ်လုံး သီတင်းသုံး မှုတော်မူပြီး၍ ဖကြွတော်မူ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်ကြီးကို အစိုးရတော်မူသော ဗိမ္ဗိသာရမင်းကြီးနှင့် ပသေနဒီကောသလမင်းတို့သည် အချင်းချင်း အတူတကွ နှစ်မနှင့် လက်ထပ်ကြသော ယောက်ဖတော်တို့ ဖြစ်ကုန်၏။

ကောသလမင်းကြီးသည် ယောက်ဖတော် ဗိမ္ဗိသာရမင်းကြီးထံမှ သေဌေးကြီးတစ်ဦး တောင်းဆိုခြင်း

ထိုအခါ တစ်နေ့သ၌ ကောသလ မင်းကြီးသည် ကြံဆင်ခြင်တော်မူ၏။ ငါ၏ ယောက်ဖတော် ဖြစ်သော ဗိမ္ဗိသာရမင်း၏ နိုင်ငံတော်အတွင်း၌ အတိုင်းမသိသော ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာကုန်သော သေဌေးကြီးငါးဦးတို့သည် အထင်အရှား နေထိုင်၍ နေပေကုန်၏။ ငါ၏ နိုင်ငံတော်အတွင်း၌ ထိုသို့ သဘောရှိကုန်သော သေဌေးကြီးတို့သည် တစ်ဦးတစ်ယောက်မျှ မရှိချေ။ ငါသည် ယောက်ဖတော် ဗိမ္ဗိသာရမင်းကြီး၏ ထံသို့ သွားပြီး ထိုသို့ သဘောရှိသော ကောင်းမှုဘုန်းကံရှိသော သေဌေးကြီးတစ်ဦးကို တောင်းယူ ခေါ်ဆောင်အံ့ဟု ကြံတော်မူ၏၊ ထိုသို့ ကြံဆင်ခြင်ပြီးမှ ကောသလမင်းကြီးသည် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး၏ အထံသို့ သွားရောက်၍ ဗိမ္ဗိသာရမင်းကြီးက ပဋိသန္ထာရ ပြုဖွယ်ကိစ္စတို့ကို တစ်တည်း ပြည့်စုံစေပြီးမှ အသင်မင်းကြီးသည် အဘယ် အကြောင်းကြောင့် ကြွလာတော်မူပါသနည်းဟု မေးသည်ရှိသော် အသင် ယောက်ဖတော်၏ တိုင်းပြည်နိုင်ငံ၏ အတွင်း၌ စည်းစိမ်ရှင် ဖြစ်ကုန်သော ဘုန်းကံရှိကုန်သော သေဌေးကြီး ငါးဦးတို့သည် အထင်အရှား နေ၍ ရှိကုန်၏။ ထိုသေဌေးကြီးငါးဦးတို့မှ သေဌေးကြီးတစ်ဦးကို ပြောဆိုတောင်းယူပြီး သွားအံ့ဟု အကျွန်ုပ်လာခဲ့ပေသည်။ ထိုသေဌေးကြီးငါးဦးတို့တွင် တစ်ဦး ရွေးကောက်၍ ထည့်ပေးလိုက်ပါကုန်လော့ဟု ဆို၏။

ဗိမ္ဗိသာရ မင်းကြီးကလည်း ထိုသေဌေးကြီးတို့သည် ကြီးကျယ် ပြန့်ပြော များမြတ်သော ကောင်းမှုဘုန်းကံရှိသော သူတို့ ဖြစ်ပေသည်။ ငါတို့သည် လှုပ်ရှားပြောင်းရွှေ့ စေခြင်းငှါ မစွမ်းနိုင်ပါဟု ဆိုလျှင် ငါသည် တစ်ဦး တစ်ယောက်သော သေဌေးကြီးကိုမျှ မရသည်ရှိသော် မပြန်တော့အံ့ဟု ကောသလမင်းကြီးက ဆို၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် အမတ်တို့နှင့် တိုင်ပင်တော်မူ၍ ဇောတိကစသော သေဌေးကြီးတို့အား ရွှေ့ပြောင်းတုန်လှုပ်စေခြင်း မည်သည် မဟာပထဝီမြေကြီးကို ရွှေ့ပြောင်း တုန်လှုပ်စေရသည်နှင့် တူ၏။ မေဏ္ဍကသေဌေးကြီး၏ သားဖြစ်သော ဓနဉ္စယ သေဌေးမည်သည် ရှိ၏၊ ထိုဓနဉ္စယ သေဌေးနှင့် အတူတကွတိုင်ပင် မေးမြန်း ပြောဆိုပြီးမှ အသင် မင်းကြီးအား ပြန်ကြား ပြောဆိုနိုင်တော့မည်ဟု ပြောဆိုပြီးသော် ဓနဉ္စယ

သေဋ္ဌေးကို ခေါ်စေပြီးလျှင် အမောင် သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလမင်းသည် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော သေဋ္ဌေးတစ်ဦး တစ်ယောက်ကို ခေါ်ငင်ယူဆောင်၍ သွားခြင်းငှါ လာသည်ဟု ပြောဆို၏၊ အမောင်သည် ထိုကောသလမင်းနှင့် အတူတကွ သာဝတ္ထိပြည်သို့ လိုက်သွားပါလော့ဟု ပြော၏။ ဓနဥ္စယ သေဋ္ဌေးကလည်း အရှင်မင်းမြတ် အရှင်မင်းမြတ်တို့သည် လိုက်စေလိုသော ဆန္ဒတော်ဖြင့် စေလွှတ်အပ်ကုန်သည်ရှိသော် အကျွန်ုပ်သည် လိုက်သွားအံ့ဟု လျှောက်လျှင် အမောင် ထိုသို့ဖြစ်လျှင် သွားအံ့သော အကြောင်းအခြင်းရာ အလုံးစုံတို့ကို အကုန် ပြုပြင်ပါလေလော့ဟု မင်းကြီးက မိန့်ဆိုသဖြင့် ဓနဥ္စယသေဋ္ဌေးလည်း အိမ်သို့ ပြန်သွားပြီး မိမိသည် ပြုသင့်ပြုထိုက်သော အကြောင်းအလုံးစုံကို အကုန်ပြုပြင်စေ၏။

ဗိမ္ဗိသာရမင်းကြီးလည်း ဓနဥ္စယသေဋ္ဌေးကြီးအား ကြီးစွာသော ချီးမြှင့်ပူဇော်ခြင်းကို ပြု၍ ဤသေဋ္ဌေးကို ယူ၍ သွားပါလေလော့ဟု ပသေနဒီကောသလမင်းကြီးကို လွှတ်လိုက်ပေ၏။ ပသေနဒီ ကောသလမင်းလည်း ထိုဓနဥ္စယ သေဋ္ဌေးကို ယူ၍ မိမိစံတော်မူရာ ဖြစ်သော သာဝတ္ထိပြည်သို့ ပြန်လည်တော် မူလာခဲ့ပြီး အလုံးစုံသော လမ်းခရီးဌာန၌ တစ်ညဥ့်မျှအိပ်ခြင်းဖြင့် တစ်ဖန် သွားပြန်သည်ရှိသော် ချမ်းသာအေးမြသော တစ်နေရာသို့ရောက်၍ တည်းခိုတော်မူ၏။

သာကေတမြို့တော်သစ် တည်ထောင်ခြင်း

ထိုအခါ ပသေနဒီကောသလမင်းကြီးကို ဓနဥ္စယသေဋ္ဌေးကြီးက အရှင်မင်းမြတ် ဤနေရာအရပ်သည် အဘယ်သူ၏ တိုင်းပြည် နိုင်ငံတော်တွင်း ကျပါသနည်းဟု မေးလျှောက်၏။ မင်းကြီးက ငါ၏ နိုင်ငံတော် အတွင်းကျသည်ဟု မိန့်တော်မူလျှင် အရှင်မင်းမြတ် ဤအရပ်မှသည် သာဝတ္ထိပြည်ကြီးသို့ ခရီးအဘယ်မျှလောက် ဝေးကွာပါသနည်းဟု မေးလျှောက်ပြန်သဖြင့် သေဋ္ဌေးကြီး ခုနစ်ယူဇနာမျှလောက် ဝေးကွာသော အရပ်အထက်၌ ငါစံနေရာဖြစ်သော သာဝတ္ထိပြည် တည်ရှိသည်ဟု မိန့်တော်မူသော် ဓနဥ္စယ သေဋ္ဌေးကြီးက အရှင်မင်းမြတ် မြို့၏ အတွင်းမည်သည်ကား ကျဉ်းမြောင်းသော နေရာရှိသည်ဖြစ်ပါသည်၊ အကျွန်ုပ်တို့အား အခြံအရံ အလုပ်အကျွေးဖြစ်သော လူပရိသတ်ကား အလွန်အားအင်ကြီးကျယ် များပြားပါသည်၊ အရှင်မင်းမြတ်တို့သည် အကယ်၍ နှစ်သက်ကုန်သည် ဖြစ်ခဲ့တုံအံ့ ဤအရပ်ဒေသ၌ပင် အကျွန်ုပ်သည် နေလိုပါ၏ဟု တောင်းပန်လျှောက်ကြား၏။ မင်းကြီးသည်း ကောင်းလှပေပြီဟု ဝန်ခံတော်မူ၍

ထိုအရပ်၌ပင်လျှင် မြို့ကို တည်ထောင် ပြုစုစီရင်၍ ခနဥ္စယ သေဋ္ဌေးကြီးအား ပေးအပ် ဆောင်နှင်းတော်မူပြီး သာဝတ္ထိပြည်သို့ ကြွသွားလေ၏။ ထိုအရပ် ဒေသ၌မိမိသည် နေထိုင်ခြင်းအလို့ငှါ တောင်းပန် လျှောက်ကြား၍ ယူအပ်သည် ၏ အဖြစ်ကြောင့် ခနဥ္စယသေဋ္ဌေးကြီး နေထိုင်သော ထိုမြို့၏ သာကေတမြို့ ဟူသောအမည်သည် ဖြစ်လေ၏ ဟု အဋ္ဌကထာ၌ မိန့်တော်မူ၏။

သေဋ္ဌေးသား ပုဏ္ဏဝဍ္ဎနအတွက် အိမ်ထောင်ဖက် အမျိုးသမီး ရှာကြခြင်း

သာဝတ္ထိပြည်ကြီး၌လည်း မိဂါရသေဋ္ဌေး၏ သားဖြစ်သော ပုဏ္ဏဝဍ္ဎန သတို့သားသည် အရွယ်သို့ ရောက်သည် ဖြစ်ပေ၏။ ထိုအခါ သားငယ်ပုဏ္ဏဝဍ္ဎန သတို့သားကို အမိအဖတို့က ချစ်သား အသင်၏ နှစ်သက်သောအရပ်၌ ဒေသ အမျိုးအနွယ်၌ အမျိုးသမီးတစ်ယောက်ကို စူးစမ်းဆင်ခြင် ရှာဖွေ ကြည့်ရှုပါ လော့ဟု ဆိုကြကုန်၏။ သားငယ်ဖြစ်သော ပုဏ္ဏဝဍ္ဎန-က မိခင် ဖခင်တို့ အကျွန်ုပ် သားတော်အား ခင်ပွန်းမယား၏ ကိစ္စဖြင့် အလိုဆန္ဒ မရှိပါဟု ပြောလျှင် ချစ်သား ဤသို့ မပြုပါလင့် သားမရှိသော အမျိုးတို့မည်သည်ကား စည်းစိမ်ချမ်းသာ ပျက်စီးတတ်ပါသည်၊ သို့ဖြစ်၍ ဤသို့မပြုပါလင့်ဟု အထပ်ထပ် တောင်းပန် တိုက်တွန်းသည်ရှိသော် ပုဏ္ဏဝဍ္ဎန သတို့သားက ထိုသို့ဖြစ်လျှင် မိခင် ဖခင်တို့ ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံသော သတို့သမီးကို ရသည်ရှိသော် အသင်တို့ ပြောကြားသောစကားကို မှတ်သားလိုက်နာခြင်းကို ပြုပါတော့အံ့ဟု ဝန်ခံ၏။

မိန်းမတို့ ကောင်းခြင်းလက္ခဏာ ၅-ပါး

ချစ်သား ကောင်းခြင်း ငါးပါးတို့ဟူသည် အဘယ်သည်တို့နည်းဟု မေးသဖြင့် ဆံ၏ ကောင်းခြင်း၊ အသား၏ကောင်းခြင်း၊ အရိုး၏ကောင်းခြင်း၊ အရေ၏ ကောင်းခြင်း၊ အရွယ်၏ ကောင်းခြင်းတို့ပေတည်း၊ ထိုငါးပါးတို့တွင်—

၁။ ဆံ၏ ကောင်းခြင်းဟူသည်ကား— ဘုန်းရှိသော မိန်းမ၏ ဆံပင်သည် ဥဒေါင်းမြီးကို စည်းနှောင်၍ ထားသကဲ့သို့ တူကုန်သည်ဖြစ်၍ ဖြေ၍ ချလိုက်သည်ရှိသော် ခြေဖနောင့်သို့ ဆံဖျားထိရောက်ပြီးမှ ကော့ညွတ် သော ဆံဖျားရှိ၏။ ဤကား ဆံ၏ ကောင်းခြင်းတည်း။

၂။ အသား၏ ကောင်းခြင်းဟူသည်ကား—နှုတ်ခမ်းသည် ပကတိအတိုင်း အားဖြင့် ကျီးအာသီး အမှည့်ကဲ့သို့ နီမြန်းသော နှုတ်ခမ်းရှိ၏၊ ကောင်းစွာ စေ့စပ်သည်ဖြစ်၍ ထိ၏။ ဤကား အသား၏ကောင်းခြင်း တည်း။

၃။ အရိုး၏ ကောင်းခြင်း ဟူသည်ကား—သွားတို့သည် မခေါ မပေါ် မစိပ် မကျဲ ရွှံကို စီထားဘိသကဲ့သို့ ရှိ၏၊ ကောင်းစွာ စိုက်ထားအပ် သော ပုလဲဝရဇိန်ကဲ့သို့ သန့်ရှင်း ဖြူစင်၏။ ကောင်းစွာ တည်းဖြတ် အပ်သော ခရုသင်းကဲ့သို့ အနိမ့် အမြင့်မရှိ၊ ပကတိ ညီညွတ်၏၊ အရိုးအဆစ်တို့လည်း မခေါ မထ ပြေပြစ်ချောမွေ့ခြင်းရှိ၏။ ဤကား အရိုးကောင်းခြင်းတည်း။

၄။ အရေ၏ ကောင်းခြင်းဟူသည်ကား—မည်းသော ညိုသော အဆင်း ရှိသော မိန်းမအား ညိုသောအဆင်း အစရှိသည်ဖြစ်၍မတွန့် မလိပ် သော ကိုယ်ရေရှိ၏။ ကိုယ်ရေသည် ချောမွေ့ ပြေပြစ်၏၊ ကြာညိုပွင့် ပန်းဆိုင်းနှင့်တူသော အဆင်းရှိ၏၊ ရွှေသော အသားရှိသော မိန်းမအား မဟာလှေကားပွင့် အဆင်းကဲ့သို့ ဝင်းဝင်းတောက်ပသော အဆင်း ရှိ၏။ ဤကား အရေ၏ ကောင်းခြင်းတည်း။

၅။ အရွယ်၏ ကောင်းခြင်း ဟူသည်ကား—ဆယ်ကြိမ်တိုင်အောင် သား သမီးတို့ကို ဖွားမြင်လေငြားသော်လည်း တစ်ကြိမ် သားဖွားသော သူကဲ့သို့ အရေအဆင်း ယုတ်လျော့ပျက်စီးခြင်းမရှိ၊ ဤကား အရွယ်၏ ကောင်းခြင်းတည်း။

ထိုအခါ ပုဏ္ဏားစုန လုလင်၏ မိခင် ဖခင်တို့လည်း ပုဏ္ဏားရှစ်ယောက်တို့ကို ဖိတ်မန်ပြီး ထမင်းဘောဇဉ် ချိုချဉ် အာဟာရတို့ကို ကျွေးမွေး၍ ကောင်းခြင်း ငါးပါးတို့နှင့်ပြည့်စုံကုန်သော မိန်းမတို့မည်သည် ရှိပါကုန်သလောဟုမေးကုန်၏။ ပုဏ္ဏားတို့က ဩော်....သေဌေးမင်းတို့ ရှိပါကုန်၏ဟု ဆိုလျှင် ထိုသို့ ဖြစ်လျှင် ဤသို့ သဘောရှိသော ကောင်းခြင်းငါးပါးတို့နှင့်ပြည့်စုံသော သတို့သမီးကို ရှာမှီးခြင်းငှာ အရှင်ပုဏ္ဏားရှစ်ယောက်တို့သည် သွားပါကုန်လော့ဟု များစွာ ကုန်သော ပစ္စည်းဥစ္စာတို့ကို ပေးပြီး၍ တွေ့ဆုံ ကြုံကြိုက်၍ ပြန်လည်လာသော အခါ၌လည်း အသင်တို့အား ပေးကမ်း ချီးမြှင့်ဖွယ် အသွယ်သွယ်တို့ကို ငါတို့ သိရှိ ကြည့်ရှုပြီး ပြုစုပါကုန်အံ့၊ သွားတဲ့ကြပါကုန်။ ဤသို့ သဘောရှိသော သတို့သမီးငယ်ကို ရှာဖွေကြပါကုန်လော့၊ တွေ့မြင်သော အခါ၌လည်း

၍ ပန်ဆင်အပ်သော ပန်းတည်းဟူသော တန်ဆာကိုလည်း ပန်ဆင်၍ ပေးကြပါကုန်လော့ဟု အဖိုးတစ်သိန်းထိုက်သော ရွှေပန်းခိုင်ကို ပေး၍ စေလွှတ်လိုက်ကုန်၏။

ထိုပုဏ္ဏားတို့သည်လည်း ကြီးကျယ် ပြန့်ပြော စည်ကားသော မြို့ကြီးတို့သို့ သွား၍ ရှာမှီးပါကုန်သော်လည်း ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံသော သတို့သမီးငယ်ကို တစ်ယောက်မျှ မတွေ့ရသည် ဖြစ်၍ ပြန်လည် ဆုတ်နစ်၍ လာခဲ့ကုန်သည်ရှိသော် ဝိဝဋ္ဋ နက္ခတ်ပွဲသဘင် ကြိမ်သောနေ့၌ သာကေတမြို့သို့ အစဉ်အတိုင်း ရောက်လာကြကုန်သည် ဖြစ်၍ ယခုနေ့ ငါတို့၏ အမှုကိစ္စသည် မုချပြီးခြင်းသို့ ရောက်လတ္တံ့ဟု ကြံဆင်ခြင်ကြကုန်၏။ ထိုသာကေတမြို့၌ နှစ်တိုင်း နှစ်တိုင်း တစ်နှစ်ကို တစ်ကြိမ် တစ်ကြိမ် "ဝိဝဋ္ဋ နက္ခတ်ပွဲ" မည်သည် ဖြစ်ပေသတတ်၊ ထိုနက္ခတ်ပွဲကြိမ်သောအခါ အပပြင်ဘက်သို့ မထွက်ကုန်သော အမျိုးသမီးတို့သည် အခြံအရံနှင့်တကွ နေအိမ်မှထွက်၍ ရထားစသည်တို့ဖြင့် မဖုံးမကွယ် တင့်တယ်ပေါ်ယံသော ကိုယ်ရှိသဖြင့် ခြေဖြင့်သာလျှင် မြစ်ကမ်းဆိပ်သို့သွားကြကုန်၏၊ ထိုနေ့၌ မင်း, ပုဏ္ဏား, သူကြွယ် အစရှိသည်တို့၏ သားတို့သည်လည်း မိမိနှင့်တူမျှသော အမျိုးအနွယ်ရှိသော အမျိုးသမီးတို့ကို စိစစ်ရွေးချယ်ကြည့်သော် ပန်းကုံးဖြင့် ပစ်ချရွေးကောက်ကုန်အံ့ဟု ထိုသို့သော ခရီးကိုမှီ၍ စောင့်စားငံ့တည်၍ နေကုန်၏။ ထိုပုဏ္ဏားတို့သည်လည်း မြစ်၏ ကမ်း၌တစ်ခုသော ဇရပ်သို့ ဝင်ရောက်၍ တည်းခိုနေထိုင်ကြကုန်၏။

သေဋ္ဌေးသမီးဝိသာခါ နက္ခတ်ပွဲသဘင် လှူက်ခြင်း

ထိုအခါ၌ ဝိသာခါသေဋ္ဌေးသမီးသည် တစ်ဆယ့်ငါးနှစ်, တစ်ဆယ့်ခြောက်နှစ်, အရွယ်သို့ရောက်သည်ဖြစ်၍ အလုံးစုံကုန်သော တန်ဆာတို့ကို ဝတ်ဆင်ပြီးသော် သတို့သမီးငယ် ငါးရာတို့ဖြင့် ခြံရံလျက် မြစ်ဆိပ်သို့ သွား၍ ရေချိုးအံ့ဟု သက်ဆင်း၍လာခဲ့သဖြင့် ပုဏ္ဏားတို့ တည်းခိုနေထိုင်ရာဖြစ်သော ထိုဇရပ်အနီးသို့ ရောက်လာ၏၊ ထိုအခါ ကြီးစွာသော မိုးကြီးသည် ရွာ၏၊ ဝိသာခါသေဋ္ဌေးသမီး၏ အခြွေအရံဖြစ်ကုန်သော သတို့သမီး ငါးရာတို့သည် လျင်စွာပြေးသွားကြ၍ တည်းခိုရာဇရပ်သို့ ဝင်ကြကုန်၏။ ညွှန့်သည်ပုဏ္ဏားတို့သည် ပြေးလာသော သတို့သမီးတို့၏ အတွင်း၌ ကြည့်ရှုကုန်သည်ရှိသော် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီးကို တစ်ယောက်မျှ မမြင်လေကုန်၊ ဝိသာခါသည်ကား မိုးကြီးသည်းထန်စွာ ရွာ၍လာသော်လည်း လျင်မြန်စွာ ပြေးသွားခြင်းကို မပြုမူ၍ ဖြည်းဖြည်းသွားခြင်းဖြင့်သာလျှင် သွားပြီး ဇရပ်သို့ဝင်၏၊ အဝတ်တန်ဆာ ဟူသမျှတို့သည် မိုးစွတ်ကုန်၏။ ပုဏ္ဏားတို့သည် ထိုဝိသာခါသတို့သမီး၏ ကောင်းခြင်းလေးပါးနှင့် ပြည့်စုံသည်တို့ကို မြင်၍ သွားတို့ကို ကြည့်ရှုလိုသောကြောင့်

ဤ ငါတို့သမီးငယ်သည်ကား ပျင်းရိထိုင်းမှိုင်းသော သဘောရှိ ဟန်ရှိချေသည် ထိုသတို့သမီး၏ ခင်ပွန်းအရှင် ချစ်လင်များသည် ပအုန်းရည်ကိုမျှလည်း မရလွယ်မည် ဖြစ်ပေလိမ့်မည်တကားဟု အချင်းချင်းပြောဆိုကြကုန်၏။

သေဌေးသမီး ဝိသာခါ ပုဏ္ဏားတို့နှင့် စကားအခြေအတင် ပြောဆိုခြင်း

ထိုအခါ ဝိသာခါက ထိုပုဏ္ဏားတို့ကို အသင်တို့သည် အဘယ်ကို ပြောဆိုကုန်သနည်းဟုမေး၏။ ချစ်သမီး အသင့်ကို ပြောဆိုကုန်သည်ဟု ပုဏ္ဏားတို့က ဆို၏။ ထိုဝိသာခါ၏ အသံသည်ကား သာယာ၏၊ ကြေးခွက်ကို ခေါက်နှက်သော အခါ ထွက်လာသော ကြေးဟီသံနှင့် တူ၏ဟု အဋ္ဌကထာ၌ ပြဆို၏။

ထိုသို့ သာယာကောင်းမြတ်လှသော အသံဖြင့် တစ်ဖန် ထပ်မံ၍ အသင်တို့သည် အဘယ်အကြောင်းကြောင့် ပြောဆိုကြပါကုန် သနည်းဟု မေး၏။ ချစ်သမီး အသင်၏ အခြံအရံဖြစ်ကုန်သော မိန်းမတို့သည် အလုံးစုံသော တန်ဆာတို့ ဆင်ယင်ဝတ်စားလျက်သာ လာကုန်သည်ရှိသော် သည်းစွာသော မိုးကြီးရွာလာသောကြောင့် အဝတ်တန်ဆာတို့ကို မိုးမစွတ်စေမူ၍ လျင်မြန်စွာ ပြေးလာသဖြင့် ဇရပ်သို့ဝင်ရောက်ကြကုန်၏။ အသင် တစ်ယောက်အားမူကား ဤမျှလောက်သော အရပ်သို့ လျင်မြန်စွာလာခြင်းမရှိ။ အဝတ်တန်ဆာတို့ကို မိုးစွတ်စေသဖြင့်သာလျှင် လာသည်ဖြစ်ပေ၏။ ထိုကြောင့်ငါတို့သည် ပြောဆိုကြကုန်သတည်းဟု ပုဏ္ဏားတို့က ပြောဆိုလျှင် ဖခင်တို့ ဤသို့သော စကားကို မပြောကြား မဆိုကြပါကုန်လင့်။ ကျွန်တော်မသည် ထိုမိန်းမတို့ထက် ကြီးသော ခွန်အား လျင်မြန်သော စွမ်းပကား ရှိပါသည် တစ်စုံတစ်ရာသော အကြောင်း ဖြစ်အင်ကို တင်မြင်သိရှိပါသောကြောင့် လျင်မြန်သောအဟုန်ဖြင့် မပြေး မလွှား နှေးသော သွားလာခြင်း ဖြစ်ပါသည်ဟု ပြောလျှင် ချစ်သမီး အကြောင်းအဘယ်သို့ ရှိပါသနည်းဟု မေးသော် ဖခင်တို့ လောက၌ လေးဦး ကုန်သော သူတို့သည် လျင်မြန်စွာ ပြေးသွားသဖြင့် တင့်တယ်ခြင်း မဖြစ်ကြပါ။ ဤလည်းအကြောင်းတစ်ပါး ဖြစ်ပါသည်။ ထိုမှတစ်ပါးလည်း အကြောင်း တစ်ပါးရှိပါသေးသည်။ ဤသို့သောအကြောင်းတို့ကို ကောင်းစွာ သိရှိသော ကြောင့် လျင်မြန်စွာ မသွားဘဲ နှေးသော သွားခြင်း ဖြစ်ပါသည်ဟု ဝိသာခါက ဆိုလျှင် ချစ်သမီး လေးဦးကုန်သော သူတို့သည် လျင်မြန်စွာ သွားလာခြင်းဖြင့် မတင့်တယ်ဟု ဆိုသည်မှာ ထိုလေးဦးသော သူတို့သည် အဘယ်သူတို့ပါနည်းဟု မေးလျှင်—

ပြေးသွား၍ မတင့်တယ်သူလေးဦး

၁။ ဖခင်တို့ အဘိသိက်သွန်း အပ်ပြီးသော မင်းသည် အလုံးစုံသော မင်းမြောက်တန်ဆာဖြင့် ဆင်ယင်ဝတ်စားပြီးသောအခါ ခါးတောင်း

အောက်ပိုးကြိုက်ခြင်းကို ပြု၍ မင်းယင်ပြင်၌ လျင်မြန်စွာ သွားလာသည် ရှိသော် မတင့်တယ်ပါ။ ဤမင်းသည်ကား အိမ့်ရှင်ယောကျ်ား ကဲ့သို့ လျင်မြန်စွာ သွားဘိသည်ဟု စင်စစ် ကဲ့ရဲ ရှုတ်ချခြင်းကို ခံရပါသည်။ ဖြည်းဖြည်းသာသာ သွားလာသော်သာလျှင် တင့်တယ် စံပယ်ခြင်းကို ရပါသည်။

၂။ ပြည့်ရှင်မင်းကြီး၏ မင်္ဂလာ ဆင်တော်သည် တန်ဆာ ဆင်ယင်လျက် လျင်မြန်စွာ သွားခြင်းသည် မတင့်တယ်ပါ။ ဆင်ယာဉ်တို့၏ တင့်တယ် စံပယ်ခြင်းဖြင့် သွားသော်သာလျှင် တင့်တယ်ပါသည်။

၃။ ရဟန်းတော် အရှင်မြတ်သည်လည်း လျင်မြန်စွာ သွားသည် ရှိသော် မတင့်တယ်ပါ။ ဤရဟန်းသည်ကား လူကဲ့သို့ပင် လျင်စွာ ပြေးသွားဘိသည်ဟု သက်သက်ကဲ့ရဲ ရှုံ့ချခြင်းကိုသာ ခံရပါသည်။ ပကတိ ငြိမ်သက်စွာ သွားခြင်းဖြင့်သာ တင့်တယ် ကောင်းမြတ်ပါသည်။

၄။ မိန်းမတို့မည်သည် လျင်မြန်စွာ သွားလာခြင်းတို့သည် တင့်တယ်ခြင်း မဖြစ်ပါကုန်။ ဤမိန်းမကား ယောကျ်ားကဲ့သို့ လျင်မြန်စွာ ပြေးသွားလေသည်ဟု ကဲ့ရဲ့ရှုတ်ချခြင်းကို သာ ခံရပါသည်။ ဖြည်းဖြည်း သာသာ သွားလာခြင်းဖြင့်သာ တင့်တယ်ပါသည်။

ဖခင်တို့ ဤလေးဦးသော သူတို့သည် လျင်မြန်သော သွားလာခြင်းတို့ဖြင့် မတင့်တယ် မလျောက်ပတ်သော သူတို့ ဖြစ်ပါသည်ဟု ဆိုလျှင် ချစ်သမီး အသင်က သည့်ပြင် အကြောင်းတစ်ပါးလည်း ရှိပါသည်ဟု ပြောသည်မှာ ထိုအကြောင်းကား အဘယ်ပါနည်းဟု မေးပြန်သ ဖြင့် ဖခင်တို့ အမိအဖတို့ မည်သည်ကား မိမိသမီးကို အင်္ဂါကြီးငယ် အသွယ်သွယ် အဝတ္ထုတို့ကို လုပ တင့်တယ် ရှုချင်ဖွယ် ရှိသည်၏ အဖြစ်၌ တည်စေလျက် မွေးမြူကုန်၏။ ငါတို့ သတို့သမီးကို မိဖတို့ မွေးမြူရခြင်းသည်ကား ဆောင်းစားခြင်းငှာ ဝယ်ယူ၍ ထားအပ်သော ဘဏ္ဍာနှင့်အလားတူသည်ဖြစ်၍ အရှင်လင်၏ အိမ်သို့ပို့ခြင်းငှာ မွေးမြူအပ်ကုန်၏။ လျင်မြန်စွာ သွားလာသည် ရှိသော် အဝတ်ပုဆိုးစွန်း၌ ငင်ချိတ်နင်းနယ်မိသည် ဖြစ်၍လည်းကောင်း၊ မြေကြီး၌ ချွတ်ချော်သည် ဖြစ်၍ လည်းကောင်း၊ အကယ်၍ လဲခဲ့သည်ရှိသော် လက်-ခြေ အင်္ဂါကျိုးပျက် သောအခါ ဒ‌ ‌မျိုးမိဖတို့၏ စိတ်နှလုံးပူပန် ညှိုးငယ်ခြင်း တာဝန်သာဖြစ်ခဲ့ ရာ၏။ အကျွန်ုပ်၏ ဤအဝတ်တန်ဆာတို့ကို မိုးစွတ်သဖြင့်လည်း တ‌ ‌စ်စုံတစ်ရာ ပျက်စီးဖို့ရာမရှိ၊ မချွတ် ခြောက်သွေ့လတ္တံ့။ ဤသို့သော အကြောင်းကို သိမြင် သောကြောင့်လည်း လျင်မြန်စွာ သွားလာခြင်းကို မပြုပါသည်ဟု ပြော၏။

ပုဏ္ဏားတို့လည်း ဝိသာခါ သတို့သမီး စကားဆိုသော အခါ၌ သွား၏ပြည့်စုံခြင်းကို မြင်ရ၍ ဤသို့သဘောရှိသော သွား၏ ကောင်းခြင်းနှင့် ပြည့်စုံသော သဘောရှိသော သတို့သမီးကို ငါတို့သည် တစ်ရံတစ်ခါမျှ မတွေ့မထင် မမြင်ဖူးချေဟု အချင်းချင်း ပြောဆိုပြီးမှ ထိုဝိသာခါအား ကောင်းချီးပေးပြီးလျှင် ချစ်သမီး ဤရွှေပန်းခိုင်သည် အသင့်အားသာလျှင် သင့်လျော်၏ဟု ပြောဆို၍ မိမိတို့ဆောင်ယူလာသော ရွှေပန်းခိုင်ကို ဝိသာခါ သတို့သမီးအား ပန်ဆင်ရန် အပ်နှံဆောက်နှင်းကုန်၏။

အဖိုးငွေတစ်သိန်းတန် ရွှေပန်းခိုင်ကို လက်ခံသိမ်းပိုက်ခြင်း

ထိုအခါ ဝိသာခါက ပုဏ္ဏားတို့ကို ဖခင်တို့ ဖခင်တို့သည် ဘယ်မြို့ ဘယ်ရွာမှ လာခဲ့ကြပါကုန်သနည်းဟု မေးသဖြင့် ချစ်သမီး ငါတို့သည် သာဝတ္ထိပြည်မှ လာခဲ့ကြပါကုန်သည်ဟု ဆိုလျှင် ဖခင်တို့သေဌေးမျိုးသည် အဘယ်အမည် ရှိပါသနည်းဟု မေးပြန်သော် ချစ်သမီး "မိဂါရသေဌေး" မည်ပါသည်ဟု ပြောလျှင် အရှင်သေဌေး၏ သားသည် အဘယ်အမည် ရှိပါသနည်းဟု မေးသဖြင့် ချစ်သမီး "ပုဏ္ဏဝဍ္ဎန" သတို့သား မည်ပါသည်ဟု ပြော၏။ ဝိသာခါ သတို့သမီးလည်း ငါတို့နှင့် တူမျှသော ဇာတ်ရှိသော အမျိုးဖြစ်ပေသည်ဟု ရွှေပန်းခိုင်ကို သိမ်းပိုက်ခံယူ ပန်ဆင်ပြီး ကျွန်ုပ်တို့အား ရထားကို စေလွှတ်လိုက်ပါလော့ဟု ဖခင်ဖြစ်သော ဓနဉ္စယသေဌေးအား သတင်းစကား မှာကြား စေလွှတ်လိုက်၏။ ထိုစကားမှန်၏။ ဝိသာခါသည် လာသောအခါ ခြေဖြင့်သာလျှင် အကယ်၍ လာအပ်၏၊ ယင်းသို့ ခြေဖြင့်သာလျှင် လာအပ်သော်လည်း ရွှေပန်းခိုင်ကို ခံယူပန်ဆင်သော အခါမှစ၍ ထိုသို့သော ခြေဖြင့် သွားခြင်းငှာ မရပေ။ အစိုးရသော အရှင်ခင်ပွန်းလင် ရှိကုန်သော သတို့သမီးတို့သည် ရထားစသည်တို့ကို စီးနင်းလျက် သွားကြကုန်၏။ ဤမှ တစ်ပါးကုန်သော မိန်းမတို့သည် ပကတိသော ယာဉ်သို့မူလည်း တက်စီးကုန်၏။ ထီးကိုလည်းကောင်း၊ ထန်းရွက်ယပ်ကိုလည်းကောင်း အထက်၌ မိုးကြက်ဖြန့်ဆောင်းသည်ကို ပြုကြကုန်၏။ ထိုမျှလောက်ပင် မစွမ်းနိုင်သော သတို့သမီးတို့မှာ ဝတ်ရုံအပ်သော အဝတ်ပုဆိုး၏ အစွန်းကို ပင့်၍ ပခုံး၌ ပစ်ချ တင်ထားရကုန်သည်သာလျှင်တည်း။ ထို့ကြောင့် ဝိသာခါ သတို့သမီးတို့သည် ဖခင်အထံသို့ ရထား လွှတ်ရန်ကို စေလိုက်လေသတည်း။

ထို ဝိသာခါ၏ ဖခင်သည် သမီးမှာကြားလိုက်သော သတင်းစကားဖြင့် ရထားငါးရာတို့ကို ပို့လွှတ်စေ၏။ ဝိသာခါသည် အခြံအရံနှင့် တကွ ရထားထက်သို့ တက်စီး၍ သွားကြကုန်၏။ ပုဏ္ဏားတို့သည်လည်း အတူတကွသာလျှင်လိုက်သွားကုန်၏။ အိမ်သို့ကြရောက်သော် ထိုပုဏ္ဏားတို့ကို ဓနဉ္စယသေဌေးက ဘယ်အရပ်မှ

လာခဲ့ကြပါသနည်းဟု မေး၏။ သေဋ္ဌေးကြီး အကျွန်ုပ်တို့သည် သာဝတ္ထိပြည်မှ လာခဲ့ကြပါကုန်သည်ဟု ပြောလျှင် အသင်တို့၏ သေဋ္ဌေးသည် အဘယ်အမည် ရှိသနည်းဟု မေးသဖြင့် "မိဂါရသေဋ္ဌေး" မည်ပါသည်ဟု ပြော၏။ အသင်တို့၏ သေဋ္ဌေးသားသည် အဘယ်အမည် ရှိသနည်းဟု မေးပြန်လျှင် "ပုဏ္ဏဝဍ္ဎန" သတို့သား မည်ပါသည်ဟု ပြော၏။ အသင်တို့ သေဋ္ဌေးအား ပစ္စည်းဥစ္စာ အဘယ်မျှ ချမ်းသာကြွယ်ဝပါသနည်းဟု မေးပြန်လျှင် အရှင်သေဋ္ဌေးမင်း ကုဋေ လေးဆယ်မျှသော ဥစ္စာ ကြွယ်ဝချမ်းသာပါသည်ဟု ပြောကြားသော် ဓနဉ္စယ သေဋ္ဌေးကြီးက ဤကုဋေလေးဆယ်မျှသော ပစ္စည်းဥစ္စာသည်ကား ငါတို့၏ ဥစ္စာကို ထောက်ဆ ချင့်တွက်စာနာသည်ရှိသော် တစ်ခြင့်ခွဲမျှလောက်သာ အဖိုးထိုက်ချေသည်။ သို့သော်လည်း ငါ၏သမီးသည် အစောင့်အရှောက် ရယူသောအခါမှစ၍ တစ်ပါးသော အကြောင်းဖြင့် ပြောဆိုသဖြင့် အဘယ် အကျိုးရှိတော့အံ့နည်းဟု ဝန်ခံ၏။ ဓနဉ္စယသေဋ္ဌေးကြီးသည် ထိုပုဏ္ဏားတို့အား ကြီးစွာသော ပူဇော်သက္ကာရကို ပြု၍ နှစ်ရက်သုံးရက်ပတ်လုံး နေစေပြီးသော် ပြန်လွှတ်ပေ၏။

ထိုပုဏ္ဏားတို့သည် သာဝတ္ထိပြည်သို့ ပြန်သွား၍ ငါတို့စေလွှတ်ရှာဖွေ စေအပ်သော သတို့သမီးကို ရပါ၏လောဟု မေးလျှင် ရပါ၏ဟုပြောသဖြင့် အဘယ် သူ၏ သမီးနည်းဟု မေးပြန်လျှင် ဓနဉ္စယသေဋ္ဌေးကြီး၏ သမီးဖြစ်ပါသည်ဟု ပြော၏။ မိဂါရသေဋ္ဌေးလည်း ကြီးကျယ်မြင့်မြတ်သော အမျိုး၏သမီးကို ငါတို့ သည် ရအပ်ကုန်၏။ လျင်မြန်စွာ ဆောင်ယူခြင်းငှာ အပ်၏ဟု ပြောဆိုတိုင်ပင်၍ ထိုအရပ်သို့သွားခြင်းငှာဘုရင်ပသေနဒီကောသလမင်းကြီးအားကြားလျှောက်၏ ပသေနဒီကောသလမင်းကြီးက ဤသေဋ္ဌေးကြီးကို ငါသည် ဗိမ္ဗိသာရမင်း၏ အထံမှတောင်းဆိုဆောင်ယူပြီး သာကေတမြို့၌ နေစေအပ်၏။ ထိုသေဋ္ဌေးကြီးကို ကောင်းစွာချီးမြှင့် ထောက်ပံ့ခြင်းငှာ အပ်၏။ ငါသည်လည်း ထိုအရပ်သို့လိုက်အံ့ ဟု မိန့်တော်မူ၏။ မိဂါရသေဋ္ဌေးလည်း အရှင်မင်းမြတ် ကောင်းလှပါပြီဟု ဝန်ခံ ပြောဆို၍ ဓနဉ္စယသေဋ္ဌေးကြီး၏ အထံသို့သတင်းစကားမှာကြားပေးပို့လိုက်၏။

> "ငါသည် လာသည်ရှိသော် ဘုရင်မင်းမြတ်သည်လည်း ကြွလာတော်မူပါလတ္တံ့။ မင်းကြီး၏ စစ်သည်ဗိုလ်ပါသည် အလွန်တစ်ရာ များပြား၏။ ဤမျှလောက်သော လူအပေါင်းအား ကောင်းမွန် ကျွေးမွေး ပေးကမ်းနှစ်ခြိုက် ပြုထိုက်သင့်သော အမှုကိစ္စအဝဝ အလုံး စုံကို အကုန်ပြုခြင်းငှာ စွမ်းဆောင်နိုင်ပါလတ္တံ့လော၊ မစွမ်းနိုင်ဘဲပင် ရှိမည်လော"—

ဟု သတင်းစကား မှာကြားပေးပို့လိုက်၏။

နေဥယျာသူဌေးကြီးက "တစ်ကျိပ်ကုန်သော မင်းတို့သည် စစ်သည် ဗိုလ်ပါ အခြံအရံ များစွာတို့နှင့်ကက္က လာလိုသော်လည်း လာစေ၊ ငါ့အား အနည်းငယ်မျှ ကြောင့်ကြပူပန်ခြင်း မရှိ"—

ဟု သတင်းစကားကို ပြန်ကြား၍ ပို့လိုက်၏။

ဝိသာခါ၏ လက်ထပ်မင်္ဂလာပွဲ

မိဂါရသေဌေးကြီးသည် ကြီးစွာသော အခြံအရံဖြင့် မြို့အိမ်စောင့်မျှ လောက်ကိုသာ၍ ကြွင်းသော လူအပေါင်းကို ခေါ်ယူ၍ သွားပြီးသော် ယူဇနာ ခွဲမျှသော အရပ်၌ နေ၍ မိမိဘို့လာသော သတင်းစကားကို စေလွှတ်၏။ နေဥယျ သေဌေးသည် လက်ဆောင်ပဏ္ဏာကို ပို့စေပြီးလျှင် သမီးငယ်ဝိသာခါကိုခေါ်၍ အတူတကွ တိုင်ပင်၏၊ ချစ်သမီး အသင်၏ ယောက္ခမဖြစ်သော မိဂါရသေဌေး သည် ဘုရင်ကောသလမင်းမြတ်နှင့် အတူတကွ လာ၏။ ထိုသေဌေးကို အဘယ် သို့သောအိမ်ကို သုတ်သင်ပြုစု၍ နေထိုင်စေအံ့နည်း။ ပြည့်ရှင်မင်းကြီး အိမ်ရှေ့မင်း စသည်ဘို့အား အဘယ်သို့ ပြုစုလုပ်ကျွေးအံ့နည်းဟု တိုင်ပင် မေးမြန်း၏။ ပညာရှိသော သေဌေးသမီးသည် ကမ္ဘာတစ်သိန်း ကာလပက်လုံး တောင့်တပန်ဆင်အပ်သော ဆုတောင်းရှိကာဖြင့် ဝရဇိန်ပမာ ထက်စွာသော ဉာဏ်ပညာ ရှိသည်ဖြစ်၍ ဖခင် အကျွန်ုပ်၏ ယောက္ခမဖြစ်သော သေဌေးကြီး ကို ဤအမည်ရှိသော အိမ်ကို သုတ်သင်ပြုစု၍ ထားပါအံ့၊ ပြည့်ရှင်မင်းကြီးအား ဤအမည်ရှိသော အိမ်ကို၊ အိမ်ရှေ့မင်းအား ဤအမည်ရှိသော အိမ်ကို ပြုစု သုတ်သင်၍ ထားပါအံ့ဟု ပြောဆိုစီမံ၍ ကာန်အမှုလုပ်တို့ကို ခေါ်စေပြီးလျှင် ဤမျှလောက်သော အသင်တို့သည် မင်းကြီး၏ ပြုဖွယ်ကိစ္စ ဟူသမျှကို တစ်စ မကျန် ပြုစုရှက်ဆောင်ကြကုန်လော့။ ဤမျှလောက်သော အသင်တို့သည် အိမ်ရှေ့မင်း စသည်ဘို့အား ပြုစုကြကုန်လော့၊ အသင်တို့က ဆင်၊ မြင်း စသည် တို့ကို ပြုစုသုတ်သင်ကြကုန်လော့။ ဆင် မြင်း ထိန်းကျောင်း စောင့်ရောက်သော သူတို့သည်လည်း မင်္ဂလာသဘင် ဆင်ယင်ကျင်းပသည်ကို ကြည့်ရှုလိုကြကုန် လတ္တံ့ဟု ပြောဆိုစီရင်၍ ထား၏။ အဘယ်သို့သော အကြောင်းကြောင့် ဤကဲ့သို့ စီမံအားထုတ်၍ ထားသနည်းဟူမူကား ငါတို့သည် ဝိသာခါသေဌေးသမီး၏ မင်္ဂလာပွဲရာ အရပ်သို့ သွားရောက်၍ တစ်ပုံတစ်မှုကိုမျှ ကြည့်ရှုခွင့်မရ၊ ဆင်၊ မြင်း စသည်တို့ကို စောင့်ရှောက် ထိန်းကျောင်း၍ နေရသည်ဖြစ်သောကြောင့် ချမ်းသာစွာ ပွည့်ပတ်ကြည့်ရှုခြင်းကို မရကုန်ဟု အချို့ကုန်သော သူတို့သည် ပြောဆို ပြစ်တင်ခွင့်ကို မရပါစေသည်းဟု နှလုံးသွင်း၍ ပြုစုစီမံပြီး ထားလေ သတည်း။

ထိုနေ့၌ပင်လျှင် ဓနဥ္စယသေဋ္ဌေးကြီးသည် ရွှေပန်းထိမ်သည် ငါးရာတို့ကို ခေါ်စေ၍ ငါ့ငါသမီး ဆင်ယင်ဖို့ရာ မဟာလတာ တန်ဆာ မည်သည်ကိုပြုကြကုန် လော့ဟု နီမြန်းသော ရွှေစင်နိက္ခတစ်ထောင်ကို လည်းကောင်း၊ ထိုရွှေစင်အား ထိုက်လျော် လျောက်ပတ်သော ငွေ ပတ္တမြား, ပုလဲ, သန္တာ, ဝရဇိန် အစရှိသည် တို့ကိုလည်းကောင်း ပေးစေ၏။ ပသေနဒီ ကောသလမင်းကြီးသည် သာကေတ ပြည်သို့ရောက်၍ နှစ်ရက်သုံးရက်မြောက် ကျရောက်သော် ဓနဥ္စယသေဋ္ဌေးကြီး၏ ထံသို့ တမန်စေလွှတ် ပြောကြားသည်မှာ သေဋ္ဌေးကြီး ငါတို့၏ စစ်သည်ဗိုလ်ပါ တို့သည် များ၏၊ အသင်သည် တာရှည် လေးမြင့်စွာ လုပ်ကျွေး ပြုစု မွေးမြူ ခြင်းငှာ မစွမ်းနိုင်လတ္တံ့။ ဤယခုအခါ သတို့သမီးငယ်ကို ထိမ်းမြားလက်ထပ် ထည့်အပ်ဆောက်နှင်းသော အားဖြင့် သွားအပ်သော အခါကို သိစေလော့ဟု သတင်းစကားကို ကြား၍ အရှင်မင်းမြတ် ယခုအခါသည်ကား မိုးလအခါ ဖြစ်ပါသည်။ လှည့်လည် ပြန်ကြွတော်မူခြင်းငှာ မသင့်ပါသေး အရှင်မင်းမြတ်၏ စစ်သည်ဗိုလ်ထုကို ပေးကမ်းချီးမြှင့်သော အရာ၌ အကျွန်ုပ် တာဝန်သာ ဖြစ်ပါစေ။ သွားရန်သင့်မြောက် အချိန်ရောက်က အကျွန်ုပ် လျှောက်တင်ပါအံ့။ ထိုအခါမှ ကြွတော်မူပါဟု ပြန်၍ လျှောက်ကြားလိုက်၏။

ထိုနေ့မှစ၍ သာကေတ မြို့အလုံးစုံသည် အမြဲမပြတ် နက္ခတ်ပွဲသဘင်ကဲ့သို့ ဖြစ်လေ၏။မင်းကြီးကိုအစပြု၍ အလုံးစုံသောလူများအပေါင်းတို့အား ပန်းနံ့သာ အဝတ် အသုံးအဆောင် စသည်တို့ကို ဆင်ယင်ဝတ်စား သုံးဆောင် လျက်သာ လှည့်လည် ပျော်ပါးကုန်၏၊ ထိုလူများအပေါင်းတို့သည် သေဋ္ဌေးကြီးသည် ငါတို့အားသာလျှင် ကြီးစွာ ပူဇော်ချီးမြှင့်ခြင်းကို ပြုလေဘိသည်ဟု ကြံစည် အောက်မေ့ မှတ်ထင် ကြရကုန်၏။ ဤသို့သော နည်းဖြင့် သုံးလတ္တံ့ကို လွန်မြောက်ပါသော်လည်း မဟာလတာ တန်ဆာသည် မပြီးဆုံးလေ၊ ထိုထို သို့သော အမှုကို ပြုစု ရွက်ဆောင်ကုန်သော သူတို့သည် လာ၍ သေဋ္ဌေးကြီး အကျွန်ုပ်တို့အား တစ်ပါးမရှိသော အရာသည်မရှိပါ၊ စစ်သည် အပေါင်းအား ကျွေးမွေးရန် အလို့ငှာ ချက်ပြုတ်သော အရာမှာသာ ထင်းကိစ္စဖြင့် မလောက် မမျှပါကုန်ဟု ပြောလျှင် သေဋ္ဌေးကြီးက အမောင်တို့ သွားကြချေ၊ ဤမြို့၏ အတွင်း၌ ဟောင်းနွမ်း ဆွေးမြေ့ကုန်သော ဆင်တင်းကုတ် စသည်တို့ကို လည်း ကောင်း၊ ဟောင်းနွမ်းဆွေးပျက်သော အိမ်တို့ကိုလည်းကောင်း ဖျက်ဆီး ဆောင် ယူ၍ ချက်ပြုတ်ကုန်လော့ဟုဆို၏။ ဤသို့သေဋ္ဌေးကြီးဆိုတိုင်း ချက်ပြုတ်ကုန်သည် ရှိသော် လခွဲကို လွန်မြောက်လေ၏။ ထိုနောက် တစ်ဖန် ထင်းမလောက်ပြန်ပါ ဟု ပြောကြားကြပြန်လျှင် ဤမြို့၏အတွင်း၌ ထင်းတို့ကို ရနိုင်ဖွယ်မရှိချေ။ ပုဆိုး ဘဏ္ဍာ ကျီကြတိုက်တို့ကို ဖွင့်လှစ်စေ၍ ကြမ်းတမ်းသော ပုဆိုးတို့ကို ဖျစ်ကျစ်ပြီး ဆီအိုးစရည်းတို့၌ ထည့်၍ ဆီဖြင့်စိုစွတ်စေပြီးသောအခါ ပုဆိုးတို့ဖြင့် ချက်ပြုတ်

ခြင်းကိစ္စကို ပြုကြကုန်လော့ဟု ဆို၏။ အမှုရှက်ဆောင်သော သူတို့လည်း ထိုသို့ ပြောဆိုတိုင်းကို ပြုသဖြင့် လေးလတို့ကို လွန်မြောက်လေကုန်၏။ ပြုပြင်စီမံသော မဟာလတာတန်ဆာ သည်လည်း ပြီးဆုံးခြင်းသို့ ရောက်လေ၏။

မဟာလတာ တန်ဆာအဖိုးငွေ ကိုးကုဋေ

ထိုမဟာလတာ တန်ဆာ၌ ဝရဇိန် လေးကွမ်းစား၊ ပုလဲ တစ်ဆယ့်တစ်ကွမ်းစား၊ သန္တာ နှစ်ဆယ့်နှစ်ကွမ်းစား၊ ပတ္တမြားရတနာ သုံးဆယ့်သုံးကွမ်းစား တို့ဖြင့် လည်းကောင်း၊ တစ်ပါးကုန်သော ရတနာတို့ဖြင့် လည်းကောင်း၊ ပြုပြင် စီရင်ခြယ်လှယ်အပ်သည် ဖြစ်၍ပြီးခြင်းသို့ရောက်၏။ ပိုးချည် ဝါချည် တို့ဖြင့်မရော ယှက်သက်သက်သော ရွှေချည်ငွေချည်တို့ဖြင့်သာ ချည်ကိစ္စကို ပြီးစေကုန်၏။ ထိုမဟာလတာတန်ဆာကိုဦးခေါင်းဦးထိပ်မှစ၍ချလိုက်သည်ရှိသော် ခြေဖမိုး တိုင်အောင် ဖုံးမိ၏။ ထိုထိုသို့သောနေရာ၌ အကွမ်းအချို့တို့ကို ယှဉ်၍ ပြုအပ်ကုန်၏။ ရွှေဖြင့်ပြီးသော အဖုအဆစ် အကြစ်ကို ပြုအပ်သည်ဖြစ်၍ ငွေဖြင့် ပြီးသော အကွင်းအချို့ကို ဦးခေါင်းဦးထိပ်၌ တစ်ချို၊ နားနှစ်ဖက်တို့၌ နှစ်ချို၊ လည်ချောင်းရေမျို၌ တစ်ချို၊ နှစ်ဖက်သော ဒူးဆစ်နေ...၌ နှစ်ချို၊ နှစ်ဖက် သောတံတောင်၊နှစ်ဖက်သောပေါင်တို့၌နှစ်ချို၊ ခါးစောင်း နှစ်ဖက်တို့၌နှစ်ချို၊ အားဖြင့် တစ်ဆယ့်နှစ်ချိုကုန်သော လက်စွပ်ကွင်းသဏ္ဌာန် အလျှံရောင်ညီး အတွင်းအချည်တို့ကို တည်ဘည်ညွတ်ကွေး ယှဉ်ကျေးအောင် ပြုလုပ်အပ်ကုန်၏။ ထိုမဟာလတာ တန်ဆာ၌ တစ်ခုသော ထိုဥဒေါင်းရုပ်ကိုလည်း ပြုအပ်ကုန်၏။ ထိုဥဒေါင်းရုပ်၏ လက်ယာတောင်ရွက်ဖျားငါးရာ၊ လက်ဝဲတောင်ရွက်ဖျားငါးရာ တို့သည်မီးလျှံပမာ နီမြန်းသော် အရောင်ရှိသော ရွှေဖြင့်ပြီးကုန်၏။ နှုတ်သီး သည်သန္တာဖြင့် ပြီး၏၊ မျက်လုံး လည်းဆံမြီးဆံ ဤသုံးပါးတို့သည် ပတ္တမြားဖြင့် ပြီးကုန်၏၊ အဘောင်၏အရိုး မြင်းခေါင်းစသော အင်္ဂါ ဘို့သည်ကား ငွေစင်ဖြင့် ပြီးကုန်၏။ ထိုဥဒေါင်းရုပ်သည် ဝိသာခါသေဋ္ဌေးသမီး၏ ထိပ်ထက်အလယ်၌ တောင်ထိပ် တောင်တွတ်ဝယ် ကွေးညွတ်ပျံကျ ကောင်းမွန်စွာ ကအပ်သော ဥဒေါင်းကဲ့သို့ထင်ရ၏၊ အတောင်ရိုး တစ်ထောင်၏ အသံသည် ဘုန်းသမ္ဘာကာ စီမံပြုအပ် လွန်တူးမြတ်သော နတ်၌ဖြစ်သော တူရိယာကဲ့သို့ လည်းကောင်း၊ အင်္ဂါငါးဖြာ ကောင်းစွာ ပြည့်စုံသော တူရိယာကဲ့သို့ လည်းကောင်း၊ ကြားနာသူပေါင်း ညွတ်ပျောင်းခွေအိ ယူကျုံးဘိသကဲ့သို့သော အသံသည် ဖြစ်၏၊ အနီးသို့ ချဉ်းကပ်မိသော်သာလျှင် ဥဒေါင်းစစ်မဟုတ် အရုပ်၏ အဖြစ်ကိုသိကုန်၏။ ထိုမဟာလတာတန်ဆာသည် ကိုးကုဋေအဖိုး ထိုက်တန်၏။ လက်ခ အဖိုး တစ်သိန်း ပေးရ၏။

သက်န်းလှူရခြင်း အကျိုး

အဘယ်ကဲ့သို့သော အကျိုးဆက် အာနိသံသဖြင့် ဝိသာခါ သေဋ္ဌေးသမီးအား ဤမဟာလတာတန်ဆာကို ဆင်မြန်း သုံးဆောင်ရလေသနည်း ဟူမူကား သေဋ္ဌေးသမီး ဝိသာခါသည် ရှေးအခါကာလ ကဿပဘုရား ပွင့်တော်မူသောအခါ၌ နှစ်သောင်းမျှလောက် ကုန်သော ရဟန်းတို့အား သင်္ကန်းအလို့ငှာ ပုဆိုးတို့ကို ဆက်ကပ်၍ ချည်အပ်ဆိုးရည်တို့ကိုလည်း မိမိ၏ ဥစ္စာဖြင့်သာ ကောင်းစွာလှူဒါန်းပေသတတ်။ ထိုသင်္ကန်း အလှူဒါန၏ အကျိုးဆက်ဖြင့် ဤမဟာလတာတန်ဆာ ထူးမြတ်ကို ဆင်ယင်ခြင်းငှာ ရအပ်ပေသတည်း။ ထိုစကားမှန်၏။ မာတုဂါမတို့အား အဝတ်သင်္ကန်းကို လှူဒါန်းပေးကမ်းခြင်းသည် မဟာလတာ တန်ဆာကို ဆင်ယင်သုံးဆောင်ရသဖြင့် အထွတ်အထိပ်သို့ ရောက်ရပေ၏။ ဒါယကာ ယောကျာ်းတို့အား တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းကို ဆင်မြန်းသုံးဆောင်ရသဖြင့် အထွတ်အထိပ်သို့ ရောက်ရပေ၏ဟု အဋ္ဌကထာ၌ ပြဆိုအပ်၏။

သမီးဝိသာခါအား ပစ္စည်းဥစ္စာရတနာတို့ကို ခွဲဝေပေးခြင်း

ထိုသို့သော အခြင်းအရာဖြင့် သေဋ္ဌေးကြီးသည် လေးလတို့ဖြင့် သမီးငယ် ဝတ်ဆင်ရန် တန်ဆာကို ကောင်းစွာပြုပြင်ပြီးမှ ထိုသမီးငယ်အား ပေးကမ်းချီးမြှင့်ဖွယ် ပစ္စည်းအစုတို့ကို ကြည့်ရှုဆောက်နှင်း လိုသည်ဖြစ်၍ အသပြာဖြင့် ပြည့်ကုန်သော လှည်းငါးရာတို့ကို လည်းကောင်း၊ ရွှေခွက်ဖြင့် ပြည့်ကုန်သော လှည်းငါးရာတို့ကို လည်းကောင်း၊ ငွေခွက်ဖြင့်ပြည့်ကုန်သော လှည်းငါးရာတို့ကိုလည်းကောင်း၊ ယလွဲခွက်တို့ဖြင့် ပြည့်ကုန်သော လှည်းငါးရာတို့ကိုလည်းကောင်း၊ ပတ္တုဏ္ဏတိုင်းမှ ဖြစ်သောပုဆိုး ပိုးချည်ပုဆိုးတို့ဖြင့် ပြည့်သောလှည်းငါးရာတို့ကိုလည်းကောင်း၊ ထောပတ်ဖြင့်ပြည့်သော လှည်းငါးရာ၊ ဆီဖြင့်ပြည့်သောလှည်းငါးရာ၊ သလေးဆန်ဖြင့် ပြည့်သော လှည်းငါးရာ၊ ထွန်သွားထွန်တံစသော အဆောက်အဦးတို့ဖြင့် ပြည့်သော လှည်းငါးရာအားဖြင့် ဤမျှားစွာကုန်သော အသုံးအဆောင်ပစ္စည်း ဥစ္စာတို့ကို ပေးကမ်း ဆောင်နှင်းလိုက်၏။

ဓနဉ္စယ သေဋ္ဌေးကြီးသည် ဤမျှလောက်သော ပစ္စည်းဥစ္စာ တို့ဖြင့် ကောင်းစွာချီးမြှင့် ပေးကမ်းလိုက်ခြင်းသည် ငါ၏သမီးသည် ရောက်ရာဒေသရပ်ဌာန၌ ဤအမည်ရှိသော ဥစ္စာဖြင့် ငါ့မှာ အလိုရှိပါ ဘိတော့သည်ဟု ကြံစည်တောင်းတ ပူပန်ရသဖြင့် သူတစ်ပါး၏အိမ်သို့ ချေးငှားရန် မစေလွှတ်ရပါစေသတည်းဟု နှလုံးသွင်းပြီး ဆောင်နှင်း ပေးအပ်လိုက် ပေသတည်း။ ထို့မှတစ်ပါးလည်း တစ်ခုတစ်ခုသော ရထား၌ အလုံးစုံကုန်သော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော သုံးယောက် သုံးယောက်ကုန်သော အမျိုးကျွန်မ

တို့ကို တင်ထားလျက် ရထားငါးရာတို့ကို ပေးလိုက်၏။ ထိုအမျိုးသမီးကျွန်မ တစ်ထောင်ငါးရာတို့ကို ပေးအပ်လိုက်ခြင်းမှာ ထိုအမျိုးသမီး ကျွန်မတို့သည် ငါ၏သမီး သွားလာလှည့်ပတ်သောအခါ ထမင်း ဘောဇဉ် ချိုချဉ်အာဟာရ သုံးဆောင်စားသောက်သောအခါ တန်ဆာဆင်ယင်သော အခါတို့၌ အခြွေအရံ အလုပ်အကျွေး ဖြစ်ပါစိမ့်သောငှာ ပေးထည့်လိုက်ပေသတည်း။

ထို့နောက် သေဋ္ဌေးကြီးသည် ငါ၏ သမီးအား နွားတို့ကို ပေးလိုက်ဦးအံ့ဟု ကြံ၍ အလုပ်အကျွေး ယောကျ်ားတို့ကို ခေါ်ပြီးလျှင် အချင်းတို့ သွားတဲ့ကြချေကုန်။ ခြံ၌ တံခါးငယ်တို့ကိုဖွင့်ပြီး သုံးဂါဝုတ်ရှိသော အရပ်ဌာနတို့၌စည်ကြီးတို့ကို ယူ၍ တည်ကြကုန်လော့၊ အပြန့်အကျယ်အားဖြင့် တစ်ဥသဘမျှသော အရပ်၌ နံပါးနှစ်ဖက်တို့၌တည်ကြကုန်လော့။ ထိုအရပ်မှ ကြွင်းကျန်ပိုလွန်သော အရပ်၌ တည်ရှိကုန်သော နွားတို့ကို လိုက်သွားအံ့သော အခွင့်ကို မပေးဘဲ ဤအရပ်၌ တည်ရှိကုန်သော နွားတို့ကို ထွက်ပြေးလိုက်သွားရန် စည်ဖြင့်အမှတ်ကို ပေးကြကုန်လော့ဟုစေခိုင်း၏၊ ကျွန်အမှုလုပ်ယောကျ်ားတို့လည်းထိုသေဋ္ဌေးကြီး ပြောကြားသော စကားအတိုင်း ပြုကြကုန်၏။ ထိုနွား အပေါင်းတို့သည်ခြံမှ ထွက်၍ တစ်ဂါဝုတ်မျှသော အရပ်သို့ရောက်သော အခါ၌ စည်အမှတ်ကို ပြုကြကုန်၏၊ တစ်ဖန်ယူဇနာခွဲသို့ ရောက်သောအခါ၌ စည်အမှတ်ကို ပြုကြကုန်၏၊ တစ်ဖန် သုံးဂါဝုတ်ပမာဏ ရှိသောအရပ်သို့ ရောက်သောအခါ၌ ခွန်အားစွမ်းပကားနှင့် ပြည့်စုံကုန်သော ယောကျ်ားတို့သည် ခြံတံခါးကို ပိတ်ထားလျက် ကျန်နွားတို့သည် မသွားမထွက်ရအောင် တားမြစ်ပိတ်ပင်ကုန်၏။ ဤသို့သော အမှတ်သညာဖြင့် ပေးအပ်သော နွားတို့သည် အလျားအားဖြင့် သုံးဂါဝုတ်၊ အပြန့်အကျယ်အားဖြင့် တစ်ဥသဘရှိသော အရပ်၌ အချင်းချင်း ကျောချင်းစပ်ထိကာ တည်ကုန်၏။

နွားအပေါင်းတို့သည် ခြံကို ခုန်ထွက်၍ လိုက်ကြခြင်း

သေဋ္ဌေးကြီးလည်း ငါ၏သမီးအား ဤမျှသောနွားတို့ဖြင့် တော်သင့်လောက်ပေပြီ၊ ခြံတံခါးကို ပိတ်ထားကုန်လော့ဟု စေခိုင်းပိတ်ထားစေ၏။ ထိုသို့ ပိတ်ထား တားမြစ်စေအပ်သော်လည်း ဝိသာခါ သေဋ္ဌေးသမီး ကောင်းမှု၏ အကျိုးဆက်ဖြင့် ခွန်အားကြီးကုန်သော နွားလားတို့သည် လည်းကောင်း၊ နွားပတို့သည်လည်းကောင်း၊ ခုန်ထွက်ကုန်၏။ လူတို့သည် ဟန့်တားပိတ်ပင်စဉ်လျှင် နွားလား ခြောက်သောင်းတို့သည်လည်းကောင်း နွားမ ခြောက်သောင်းတို့သည် လည်းကောင်း၊ နွားပိုက်ခြောက်သောင်း တို့သည် လည်းကောင်း ခုန်ထွက်ပြေးသွား၍ လိုက်ကုန်သဖြင့် တစ်ဥသဘမျှပင် ရှိလေကုန်သတည်း။ ယိုတစ်ဥသဘမျှလောက်သော နွားတို့သည် တားမြစ်ပိတ်ပင်စဉ် ခုန်ထွက်၍ လိုက်ခြင်းသည်

ကား ဝိသာခါသေဋ္ဌေးသမီးအား ရှေးကောင်းမှု အကျိုးဆက်ပေတည်း။ ထို ဝိသာခါ သေဋ္ဌေးသမီးသည် ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်အခါ၌ ကိကီမင်းကြီး၏သမီးတော်ခုနစ်ယောက်တို့တွင် ညီမငယ် အထွေးဆုံး သံဃဒါသီ မည်သော မင်းသမီးဖြစ်၍ သံဃာတော် နှစ်သောင်းမျှတို့အား ငါးပါးကုန်သော နွားနို့အရသာတို့ကို ပေးလှူဆက်ကပ်သည်ရှိသော် မထေရ်၏လည်းကောင်း၊ သီတင်းငယ်တို့၏လည်းကောင်း၊ သာမဏေတို့၏လည်းကောင်း၊ သပိတ်ကို ပိတ်ထား၍ တန်ပြီဟု တားမြစ်ပိတ်ပင် ကုန်သော်လည်း ဤအရသာ သည်ကား ကောင်းမြတ်ချိုမြိန် လှပါသည်၊ ဤအရသာသည်ကား နှစ်သက် မြတ်နိုးဖွယ် ရှိလှပါသည်၊ အလှူခံတော်မူပါဦး၊ ဘုဉ်းပေးသုံးဆောင်တော်မူပါဦးဟု ထပ်ကာ ထပ်ကာ လှူဒါန်း ပေးကမ်းအပ်သည်သာလျှင်တည်း၊ ဤသို့ လှူဒါန်းပေးကမ်း အပ်သော ထိုကောင်းမှု၏ အကျိုးဆက်ဖြင့် ပိတ်ပင်ပါသော်လည်း နွားအပေါင်း တို့သည် ခုန်ထွက်ပြေးလိုက်ကြကုန်သည်သာ ဖြစ်ပေကုန်၏။

ဤမျှလောက်သော ပစ္စည်းဥစ္စာ ရတနာတို့ကို ပေးအပ် ဆောင်နှင်းသော် မနဉ္စယသေဋ္ဌေးကြီးအား သေဋ္ဌေးကတော်ဖြစ်သော သုမနဒေဝီက အရှင် သေဋ္ဌေးမင်း အချင်တို့သည် ကျွန်တော်မ သမီးငယ်အား ပေးကမ်းဖွယ် ပစ္စည်း တို့ကို ပြုစုစီမံ အပ်ကုန်၏၊ အမှုကြီးငယ်ကို ရွက်ဆောင်သုပ်ကျွေးအံ့သော ကျွန် ယောကျ်ား ကျွန်မိန်းမတို့ကို မစီရင်မဆောင်နှင်းမပေးအပ်ခြင်းသည် အကြောင်း မည်သို့ရှိပါသနည်းဟု ဆို၏၊ ရှင်မ ငါ၏သမီးကို မေတ္တာသက်ဝင် ချစ်ခင်သောသူ၊ မေတ္တာမသက်ဝင် မချစ်ခင်သော သူတို့ကို သိလိုသောကြောင့်သာ ဤအမှု ကိစ္စ တစ်ခုမျှကို မစီရင်မဆောင်နှင်းဘဲ ပယ်ရှား၍ ထားပေသည်။ လိုက်သွား လိုသော ဆန္ဒ သဘောမျှသောသူကို လိုက်သွားရမည်ဟူ၍ ငါကနှိပ်စက်ဖိစီး တိုက်တွန်းစေခြင်းငှာ အလိုမရှိချေ။ ငါ၏သမီးသည် သွားရန်အလို့ငှာ ယာဉ် ထက်သို့ တက်စီးကျရောက် ထွက်သွားသော ကာလမှသာလျှင် ငါ၏သမီးနှင့် အတူတကွ လိုက်သွားလိုကြကုန်သော သူတို့သည်လိုက်သွားကြစေကုန်သတည်း။ သဘောမနှစ်ခြိုက်မသွားမလိုက်လိုသော သူတို့သည် မသွားမလိုက်စေသတည်းဟု ပြောဆိုတော့အံ့ဟု ဆို၏

သမီးဝိသာခါအား ဆုံးမလိုက်သော စကားဆယ်ခွန်း

ထိုနောက်မှ ဓနဉ္စယသေဋ္ဌေးကြီးသည် နက်ဖြန် ရောက်က ငါ၏သမီးသည် ခရီးဝေးကွာ လင့်ရှာလင့်အိမ်သို့ သွားပေတော့လတ္တံ့ဟု တိုက်ခန်းတွင်းသို့ ဝင်၍ တိုင်နေပြီးသော် သမီးဝိသာခါကို အနီး၌ ထိုင်နေစေ၍ ချစ်သမီး ခင်ပွန်း အရှင်သင်၏ အချိုးအိမ်၌ နေသော သူမည်သည်ကား ဤသို့သော အကျင့်ကို စောင့်ရှောက်ခြင်းငှာ အပ်၏ဟု အဆုံးအမပေး၏။

ဤမိဂါရ သေဋ္ဌေးသည်လည်း အခြားမဲ့ဖြစ်သော တိုက်ခန်းတစ်ခု၌နေလျက် မေဏ္ဍကသေဋ္ဌေး၏ ဩဝါဒကို ကြားနာ၍နေ၏။ မေဏ္ဍကသေဋ္ဌေးကြီးသည် သမီးဖြစ်သော ဝိသာခါကို ဤသို့ဆုံးမ၏။

အန္တော အဂ္ဂိ ဗဟိ န နီဟရိတဗ္ဗော။
ဗဟိအဂ္ဂိ အန္တော န ပဝေသေတဗ္ဗော။
ဒဒန္တဿေဝ ဒါတဗ္ဗံ။
အဒဒန္တဿ န ဒါတဗ္ဗံ။
ဒဒန္တဿာပိ အဒဒန္တဿာပိ ဒါတဗ္ဗံ။
သုခံ နိသီဒိတဗ္ဗံ။
သုခံ ဘုဉ္ဇိတဗ္ဗံ။
သုခံ နိပဇ္ဇိတဗ္ဗံ။
အဂ္ဂိ ပရိစရိတဗ္ဗော။
အန္တော ဒေဝတာ နမဿိတဗ္ဗာ–

ချစ်သမီးဝိသာခါ ခင်ပွန်းအရှင်၏ ယောက္ခမတို့၏ နေအိမ်သို့ လိုက်ပါနေထိုင်ရသော အမျိုးချွေးမတို့ မည်သည်ကား—

၁။ အတွင်းမီးကို အပပြင်ဘက်သို့ မထုတ်ဆောင်အပ်။
၂။ အပပြင်ဘက်ဖြစ်သော မီးကို အတွင်းသို့ မသွင်းအပ်။
၃။ ပေးကမ်းသော သူအားသာလျှင် ပေးကမ်းအပ်၏။
၄။ မပေးမကမ်းသော သူအား မပေးမကမ်းအပ်။
၅။ ပေးကမ်းသော သူအားလည်းကောင်း၊ မပေးမကမ်းသော သူအားလည်းကောင်း ပေးကမ်းအပ်၏။
၆။ ချမ်းသာစွာ နေထိုင်အပ်၏။
၇။ ချမ်းသာစွာ စားသောက်အပ်၏။
၈။ ချမ်းသာစွာ အိပ်အပ်၏။
၉။ မီးကို လုပ်ကျွေးအပ်၏။
၁၀။ အိမ်တွင်းနတ်ကို ရိုသေသတ်လျှိုး ရှိခိုးအပ်၏—

ဟု အဆုံးအမဩဝါဒ ဆယ်ပါးကို ပေး၍ နောက်တစ်နေ့၌ စစ်သည်ဗိုလ်ပါအားလုံးတို့ကို စည်းဝေးစေ၍ မင်းကြီး စစ်တပ်အလယ်၌ ဥစ္စာရှိကုန်သော သေဋ္ဌေးကြီး ရှစ်ယောက်တို့ကို ခေါ်ယူပြီး မိမိ၏ကိုယ်စား အာမခံအဖြစ်

ထားလျက် ရောက်ရာဒေသ ရပ်ရွာနှ ငါ၏သမီးအား ဆုံးမဖွယ်သောအပြစ်သည် အကယ်၍ဖြစ်ခဲ့အံ့၊ အသင်တို့သည် ကြည့်ရှုပြုပြင် သုတ်သင်ဆုံးမပါကုန်လော့ဟု ဆောက်နှင်း အပ်နှံပြောဆိုပြီးသော် အဖိုးကိုးကုဋေ ထိုက်တန်သော မဟာလတာတန်ဆာဖြင့် သမီးကိုဝတ်ဆင်စေ၍ ရေချိုး ကသယ်မှုန့် အဖိုးကလို့ငါးဆယ့်လေးကုဋေသော ဥစ္စာကို ပေးအပ်၍ ယာဉ်ထက်သို့ တင်စေပြီးလျှင် သာကေတမြို့၏ အနီးဖြစ်ကုန်သော သီဟိုဠ်ကျွန်း၌ အနုရာဓမြို့မျှ ပမာဏကြီးကျယ်ပြန့်ပြော စည်ကားကုန်သော မိမိ၏ ဥစ္စာဖြစ်ကုန်သော ရွာကြီး တစ်ဆယ့်လေးရွာတို့၌ ငါ၏သမီးနှင့် အတူတကွ သွားလို လိုက်လိုသော သူတို့သည် သွားစေလိုက်စေကုန်သတည်း ဟူသော စည်ကို လည်စေကုန်၏။

ရွာကြီးတစ်ဆယ့်လေးရွာမှ လူများအားလုံး လိုက်ကြခြင်း

ထိုစည်လည်သော အသံကို ကြားကုန်သော လူအများ အပေါင်း တို့သည် အရှင်မ ဝိသာခါသည် သွားသောအခါ၌ ဤအရပ်ဝယ် နေသဖြင့် ငါတို့အား အဘယ်အကျိုး ရှိအံ့တော့နည်းဟုရွာကြီးတစ်ဆယ့်လေးရွာ၌ တစ်စုံတစ်ယောက်မျှသော သူသည် မကြွင်းမကျန်မူ၍ ထွက်ကြကုန်၏။ ဓနဉ္စယ သေဋ္ဌေးကြီးသည် ပသေနဒီ ကောသလမင်းအား လည်းကောင်း၊ မိဂါရ သေဋ္ဌေးကြီးအား လည်းကောင်း၊ ပူဇော်သက္ကာရကို ပြု၍ အနည်းငယ် အစဉ်လိုက်ပို့ပြီးသော် လမ်းခရီးမြို့ ကျလျှင် ထိုသူတို့နှင့် အတူတကွ မိမိ၏ သမီး ဝိသာခါကို ထည့်၍ လွှတ်လိုက်၏။ မိဂါရ သေဋ္ဌေးသည် အလုံးစုံသော သူတို့၏ နောက်မှ တစ်ခုသော ယာဉ်၌ စီးနေလျက် သွားသည်ရှိသော် များစွာသော လူထုအပေါင်းကို မြင်၍ ထိုသူတို့သည် အဘယ်သို့ သဘောရှိသော သူတို့ပေနည်းဟု မေး၏။ အရှင်သေဋ္ဌေးမင်း အသင့်ချွေးမ၏အမှုလုပ်ဖြစ်ကုန်သော ကျွန်မိန်းမ ကျွန်ယောကျာ်းတို့ပါဟု ပြောလျှင် ဤမျှလောက်သော သူတို့ကို အဘယ်သူသည် မွေးကျွေးနိုင်ပါလတ္တံ့နည်း။ ထိုသူတို့ ကို ရိုက်နှက် ပုတ်ခတ်၍ထွက်ပြေးစေကြကုန်လော့ဟု ဆို၏။ ဝိသာခါက တားမြစ်ပုတ်ခတ်အပ်သော သူတို့ကို အသင်တို့သည် ဖယ်သွားကြပါကုန်လော့၊ မတားမြစ်ပါ ကုန်လင့်၊ ဤများစွာသော လူထုအပေါင်းသည်သာလျှင် များစွာသော လူထုအပေါင်းအား ထမင်း၊ ဘောဇဉ်၊ ချိုချဉ် အာဟာရစသည် ပေးကျွေးမွေးမြူခြင်းကို ပြုပါလတ္တံ့ဟု ဆို၏။

ဤသို့ ဝိသာခါသည် တားမြစ်ဘောင်းပန် ပြောဆိုပါသော်လည်း မိဂါရသေဋ္ဌေးက ချစ်သမီး ငါတို့အား ဤမျှလောက်သော လူအပေါင်းဖြင့် အလိုမရှိ၊ ဤမျှလောက်သော လူတို့ကို အဘယ်သူ ကျွေးမွေးနိုင်လတ္တံ့နည်းဟု ဆို၍ ခဲ အုတ် ကျောက်တုတ်ဒဏ် စသည်တို့ဖြင့် ပုတ်ခတ်ရိုက်နှက် ထုတ်ပြေးစေပြီးမှ အတန်ငယ်မျှသော သူတို့သည် ကြွင်းကျန်ကုန်သည်ရှိသော် ငါတို့အား ဤမျှ

လောက် ကုန်သော လူတို့ဖြင့် တော်လျော်သင့်မျှလောက်ပေပြီဟု ထိုမျှ လောက်သော လူတို့ကို ယူ၍သွားလေ၏။ ထို့နောက် သာဝတ္ထိပြည် မြို့တံခါးသို့ ရောက်သောအခါ၌ ဝိသာခါသေဌေးသမီးသည် ကြံဆင်ခြင်သည်မှာ ဖုံးကွယ် လုံခြုံသော ယာဉ်၌ တက်စီးနေထိုင်ပြီး မြို့သို့ ဝင်ရအံ့လော၊ သို့တည်းမဟုတ် ရထား၌စီးနင်း၍ မြို့တွင်းသို့ ဝင်ရအံ့လောဟု ကြံဆင်ခြင်၏။ ထို့နောက် တစ်ဖန် ကြံဆင်ခြင်ပြန်သည်မှာ ဖုံးကွယ်လုံခြုံသော ယာဉ်၌ စီးနင်းပြီး မြို့တွင်းသို့ ဝင်သည်ရှိသော် မဟာလတာတန်ဆာ၏ ဂုဏ်ထူးဝိသေသသည် မထင်ရှားသည် ဖြစ်ပေလတ္တံ့ဟု ကြံ၍ ဝိသာခါသည် အလုံးစုံသော မြို့အား မိမိ၏ ကိုယ်ကို ပြလျက် ရထားထက်၌ စီးနင်းပြီး မြို့သို့ဝင်လေ၏။ သာဝတ္ထိပြည်၌ နေလေ့ ရှိကုန်သော ပြည်သူပြည်သား ယောကျ်ား၊ မိန်းမ အပေါင်းတို့သည် သေဌေး သမီး ဝိသာခါ၏ အံ့ဖွယ်မခန်း ထူးဆန်းရိပ်ငြိမ် စည်းစိမ်၏ ပြည့်စုံခြင်းကိုမြင်၍ ဤသတို့သမီးသည် ဝိသာခါ အမည်ရှိပေသတတ်၊ ဤသို့ သဘောရှိသော စည်းစိမ်ချမ်းသာသည် ထိုဝိသာခါ သတို့သမီးသာလျှင် တင့်တယ် လျောက်ပတ် ပေ၏ဟု ပြောဆိုကြကုန်၏ ဤသို့လူအပေါင်းတို့ ချီးမွမ်းပြောဆိုစဉ် ကြီးကျယ် စွာသောစည်းစိမ်ချမ်းသာ၏ပြည့်စုံခြင်းဖြင့် မိဂါရသေဌေး၏အိမ်သို့ ဝင်လေ၏။

ထိုဝိသာခါ၏ မိဂါရ သေဌေး၏ အိမ်သို့ ရောက်သောအခါ၌ မြို့သူမြို့သား အားလုံးတို့သည် ဓနဉ္စယသေဌေးကြီးသည် မိမိ၏ မြို့သို့ လိုက်ပါသွားရောက် ကုန်သော ငါတို့အား ကြီးစွာသော ပူဇာသက္ကာရကို ပြုဖူးပေးသည်ဟု အစွမ်း သတ္တိ ရှိသည့်အလျောက် ချီးမြှောက် ပူဇော်လိုသောကြောင့် လက်ဆောင် ပဏ္ဏာကာရကို ဂိုသောင်စေလွှတ်ကြကုန်၏။ ဝိသာခါသည် စေလွှတ်ပို့လာ တိုင်းသော လက်ဆောင်ပဏ္ဏာကာရကို ထိုမြို့၌သာလျှင် အချင်းချင်းဖြစ်ကုန် သောအမျိုးတို့၌ ရောက်လာတိုင်းသော လက်ဆောင်ပဏ္ဏာကာရတို့ကို လဲလှယ် လျက် ဤပစ္စည်းဥစ္စာကို ငါ၏မိခင်အား ပေးကမ်းကြပါကုန်လော၊ ဤပစ္စည်း ဥစ္စာကိုငါ၏ ဖခင်အား ပေးကမ်းကြပါကုန်လော့၊ ဤပစ္စည်းဥစ္စာကို ငါ၏မောင် ကြီးအား ပေးကမ်းကြပါကုန်လော့၊ ဤပစ္စည်းဥစ္စာကို ငါ၏အစ်မအားပေးကမ်း ကြပါကုန်လော့ဟု ထိုသူတို့၏ အရွယ်အား လျော်ပတ်စွာ ချစ်ဖွယ်သော စကားကိုဆို၍ လက်ဆောင်ပဏ္ဏာကာရကို တစ်ဖန် တုံ့ပြန်ပို့စေ၏။ မြို့သူမြို့သား အားလုံးတို့သည် ဆွေမျိုးညာတိကဲ့သို့ ပြုပေ၏။

အာဇာနည်မြင်းမ သားဖွားခြင်း

ထို့နောက် ဝိသာခါသေဌေးသမီး အိမ်သို့ရောက်သော ထိုညဉ့်ပင်လျှင် အာဇာနည်မြင်းငယ်ကို ကိုယ်ဝန်ဆောင်သော မြင်းမသည်ကိုယ်ဝန်မှ ထမြောက် ဖွားမြင်လေ၏။ ဝိသာခါသည် ကျွန်မနှင့်တကွ မီးရှူမီးတိုင်တို့ကို ယူစေပြီး

ထိုမြင်းမရှိရာ မြင်းဇောင်းသို့ သွားရောက်၍ မြင်းမကို ရေနွေးဖြင့် ဆေးကြောပြီးလျှင် ဆီဖြင့် လိမ်းကျံ စေ၍ မိမိ၏ နေရာအရပ်သို့ သာလျှင် သွား၏။ မိဂါရသေဋ္ဌေးသည် မိမိ၏သားအား ထိမ်းမြားလက်ထပ်ခြင်းမင်္ဂလာကို ပြုသည်ရှိသော် အမြဲသီတင်းသုံးတော်မူရာ၌ နေတော်မူသော မြတ်စွာဘုရားကို သတိမမူဘဲ ကြာမြင့်စွာသော နေ့ညဥ့်ပတ်လုံး အဝတ်မဝတ်သော အစေလက တက္ကတွန်းတို့၌ ရည်ညွှန်းဆောက်တည် ချစ်ကြည်မြတ်နိုးခြင်းဖြင့် အောက်မေ့ဆင်ခြင်မိသည်ဖြစ်၍ ငါတို့သည် အရှင်ကောင်းတို့အားလည်း ပူဇော်သက္ကာရကို ပြုကုန်အံ့ဟူ၍ တစ်နေ့သ၌ တစ်ရာမက များပြားလှကုန်သော အိုးသစ်တို့၌ ရေမရောသော နို့ထမင်းကိုချက်စေ၍ အဝတ်မဝတ်သောအစေလက တက္ကတွန်း ငါးရာမျှတို့ကို ပင့်ဖိတ်စေပြီးသော် အိမ်တွင်းသို့ သွင်းစေပြီး၍ ငါ၏ချွေးမသည် ရဟန္တာတို့ကို ရှိခိုးပူဇော်ခြင်းငှာ လာပါစေသတည်းဟု ဝိသာခါအား သတင်းစကားပြောကြားပေးပို့ရန် စေလွှတ်လိုက်၏။

တက္ကတွန်းတို့က ဝိသာခါအား နှင်ထုတ်ပစ်ရန် ပြောခြင်း

သောတာပန် အရိယာဖြစ်ပြီးသော ထိုဝိသာခါသည် ရဟန္တာဟူသော စကားကိုကြား၍ ရွှင်လန်းနှစ်သက်သော စိတ်ရှိသည်ဖြစ်ရကား ထိုသူတို့၏ ဆွမ်းကျွေးရာအရပ်သို့ လျှင်မြန်စွာလာရောက်၍ ထိုအစေလက တက္ကတွန်းတို့ကို ကြည့်ရှုထင်ထင် မြင်တဲ့လျှင် ဤသို့သဘောရှိကုန်သော ရှက်ခြင်း ကြောက်ခြင်း ဟိရီဩတ္တပ္ပမှ ကင်းကုန်သော သူတို့သည် ရဟန္တာမည်သည် မဖြစ်ကုန်။ အဘယ်ကြောင့် ငါ၏ယောက္ခမသည် ငါ့ကို ခေါ်ဘိသနည်း။ စက်ဆုပ် ရွံရှာဖွယ် ရှိလေစွ၊ စက်ဆုပ်ရွံရှာဖွယ်ရှိလေစွဟု ကဲ့ရဲ့ရှုတ်ချ၍ မိမိ၏နေရာ တိုက်ခန်းသို့ သွားလေ၏။ အလုံးစုံသောအစေလက တက္ကတွန်းတို့သည် ထိုဝိသာခါကို မြင်၍ တစ်ပြိုက်နက်တည်းသာလျှင် သေဋ္ဌေးကြီးကို ကဲ့ရဲ့ရှုတ်ချကုန်ပြီး ဒါယကာ သေဋ္ဌေးကြီး အသင့်အား တစ်ပါးသော အမျိုးကောင်းသမီးကို မရနိုင်ပါသလော၊ ရဟန်းဂေါတမ၏ တပည့်မဖြစ်သော အလွန်ယုတ်မာသော သူယုတ်မကို အဘယ်ကြောင့် ဤအိမ်သို့ ဆောင်ယူသွင်းထားပေသနည်း။ လျင်စွာ ဤအိမ်မှ နှင်ထုတ်စေလော့ဟု ဆိုကုန်၏။ မိဂါရသေဋ္ဌေးကြီးသည် ဤအရှင်တို့၏ စကားမျှဖြင့် သာလျှင် ကြီးကျယ်ပြန့်ပြော များမြတ်သော စည်းစိမ်ချမ်းသာရှိသော အမျိုးသမီးကို နှင်ထုတ်ခြင်းငှာ မသင့်လျော် မလျောက်ပတ်ဟူ၍ ကြံပြီး အရှင်ဘုရားတို့ အသက်အရွယ် နုနယ်ပျိုမျစ်သော သူတို့မည်သည်ကား သိသည်ဖြစ်၍လည်းကောင်း မသိသည်ဖြစ်၍လည်းကောင်း ပြုသော်လည်း ပြုတတ်ပါသည်။ ပြောဆိုသော်လည်း ပြောဆိုတတ်ပါသည်၊ အရှင်တို့သည် တိတ်တဆိတ် သည်းခံခြင်း ဖြစ်တော်မူကုန်လော့ဟု တောင်းပန်

လျှောက်ကြား၍ထိုတက္ကတွန်းတို့အား လွှတ်လိုက်ပြီးမှ မြတ်သောသူတို့အားသာ ထိုက်သောနေရာ၌ ထိုင်နေလျက် ရွှေခွက်၌ အနည်းငယ်မျှသာ ရေရှိသော ချိုမြိန်ကောင်းမြတ်သော နို့ထမင်းအဖျော်ကို သုံးဆောင်စားသောက်၍နေ၏။

ရဟန်းတော်တစ်ပါး ဆွမ်းခံကြွလာခြင်း

ထိုအခါ၌ ဆွမ်းခံလှည့်လည်လေ့ရှိသော မထေရ်တစ်ပါးသည် ဆွမ်းအလို့ငှာ လှည့်လည်လျက် ထိုမိဂါရသေဌေးကြီး၏အိမ်သို့ ကျရောက်သော် အိမ်သို့ဝင်၍ ရပ်ခံ၏။ဝိသာခါသည်လည်း ယောက္ခမဖြစ်သော မိဂါရသေဌေးကို ယပ်ခပ်လျက် ထိုင်နေရာမှ ဆွမ်းရပ်ခံသော ထိုရဟန်းကိုမြင်၍ ငါ၏ယောက္ခမအား ပြောကြားခြင်းငှာ မသင့်လျော်ချေ၊ အကြင်သို့သော အခြင်းအရာဖြင့် ပြုသည်ရှိသော် ထိုသေဌေးကြီးသည် မထေရ်ကိုမြင်ရာ၏။ ဤသို့ မထေရ်ကို မြင်လောက်သော အခြင်းအရာဖြင့်ပြုမှသာ သင့်လျော်လျောက်ပတ်ပေလိမ့်မည်ဟု ကြံ၍ အနည်းငယ် ဖဲသွားပြီး တစ်ပါးသောအရပ်၌ တည်နေ၏။ ထိုမိဂါရသေဌေးသည်ကား မိုက်မဲတွေဝေသည်၏ အဖြစ်ကြောင့် မထေရ်ကို မြင်ပါလျက်လည်း မမြင်ဘိ သကဲ့သို့ပြု၍ အောက်သို့သာလျှင် မျက်နှာချမှု၍ စားနေသလျှင်ကတည်း။ ဝိသာခါသည် မထေရ်ကိုမြင်ပါလျက်သော်လည်း ငါ၏ ယောက္ခမသည် ကောင်းမှုကို မပြုလေဟုသိ၍ အရှင်ဘုရား ကန်တော့ပါသေး၏ဘုရား၊တပည့်တော်မ၏ ယောက္ခမသည် အဟောင်းကိုသာ စားသောက်ပါသည်ဟု လျှောက်ဆို၏။ ထိုမိဂါရသေဌေးသည် နိဂဏ္ဌတက္ကတွန်းတို့က ပြောဆိုသောကာလ၌ သည်းခံ လျက် နေခဲ့ရာ အဟောင်းကိုသာ စားသောက်ပါသည်ဆိုသော ခဏ၌သာလျှင် လက်ကိုပယ်၍ ဤနို့ထမင်းကို ဆောင်ယူကြကုန်လော့။ ဤ သူယုတ်မကို ဤအိမ်မှ နှင်ထုတ်ကြကုန်လော့၊ ဤသူယုတ်မသည် ဤသို့သဘောရှိသော မင်္ဂလာကို ပြုသောအခါ၌ငါ့အား မစင်ကို စားသောက်သည် အဖြစ်ကို ပြုလေ သည်ဟု ဆို၏။

သေဌေးကြီး ရှစ်ဦးအား တိုင်ကြားခြင်း

ထိုအခိုက်အခါ အနီးအပါးအိမ်၌ တည်ရှိကုန်သော အလုံးစုံကုန်သော ကျွန် အမှုလုပ်စသည်တို့သည် ဝိသာခါ၏ဥစ္စာဖြစ်ကုန်သော ကျွန်အမှုလုပ်တို့သည်သာ လျှင်တည်း။ အဘယ်သူသည် ထိုဝိသာခါကို လက်၌လည်းကောင်း၊ခြေ၌လည်း ကောင်း ကိုင်ဆွဲပူငင်ဝံ့အံ့နည်း။ အယုတ်အားဖြင့် နှုတ်စကားဖြင့်သော်လည်း ဝိသာခါကို ပြောဆိုဝံ့သောသူ မည်သည် မရှိ။ ဝိသာခါသည် မိဂါရသေဌေး၏ စကားကိုကြား၍ ဖခင် အကျွန်ုပ်တို့သည် ဤမျှသော စကားကို ပြောဆိုကာ မတ္တမျှဖြင့် မထွက် မသွားနိုင်ပါ။ ကျွန်တော်မသည် အသင်တို့ ရေဆိပ်မှ ဝေါ် ငင်ယူဆောင်လာသော အမျိုး ကျွန်မကဲ့သို့ အညတရ သာမည မဟုတ်ပါ၊

အမိအဖတို့ ထင်ရှားရှိသော သမီးဖြစ်ပါသည်။ သို့ဖြစ်၍ ဤမျှလောက်သော ပြောဆိုကာ မှတ္တမျှနှင့် မထွက်မသွားနိုင်ပါ၊ ထိုသို့သော အကြောင်းဖြင့် ကျွန်တော်မ၏ ဖခင်သည် ဤအရပ် နေအိမ်သို့ လာသောအခါ၌ သေဌေးကြီး ရှစ်ယောက်တို့ကို ခေါ်စေ၍ ငါ၏သမီးအား အပြစ်သည် အကယ်၍ ဖြစ်ခဲ့တုံအံ့၊ အသင်တို့သည် ကြည့်ရှုစီရင် သုတ်သင်ကြပါကုန်လော့ဟု ဆို၍ ကျွန်တော်မကို ထိုသေဌေးကြီးတို့၏လက်၌ ဆောင်နှင်းအပ်နှံ၍ ထည့်လိုက်ပါသည်။ ထိုသေဌေးကြီး ရှစ်ယောက်တို့ကို ခေါ်ဆောင်စေပြီး ကျွန်တော်မ၏ အပြစ်ရှိသည်, မရှိသည်တို့ သုတ်သင်ရှင်းလင်းတော်မူပါကုန်ဦးဟု ဆို၏။

မိဂါရသေဌေးကြီးကလည်း ဝိသာခါသည် ကောင်းမြတ်သင့်လျော်သော အကြောင်းကို ဆိုပလေသည်ဟု အောက်မေ့မိ၍ သေဌေးကြီးရှစ်ယောက်တို့ကို ခေါ်ဆောင်ဖိတ်ကြား၍ အိမ်သို့ရောက်လာပြီး သင့်တင့်သော နေရာ၌ ထိုင်နေစေပြီးလျှင် မိဂါရသေဌေးကြီးက အချင်းသေဌေးမင်းတို့ ဤသူငယ်မသည် မင်္ဂလာပြုသောအခါ၌ ထိုင်နေပြီး ရွှေခွက်၌ ရေမရောသော နို့အဖျော်ထမင်းကို သုံးဆောင် စားသောက်၍ နေသောငါ့ကို မစင်ကျင်ကြီးကို သုံးဆောင်စားသောက်သည်ဟူ၍ ဆိုလေဘိသည်။ သို့ဖြစ်၍ ဤသို့သောအပြစ်ကို တင်ပြီး ဤသူငယ်မကို ဤအိမ်မှ နှင်ထုတ်လိုက်တော့ကုန်အံ့ဟု ပြောဆို၏၊ သေဌေးကြီးရှစ်ယောက်တို့ကလည်း ချစ်သမီး အသင်သည် ဤသို့ ပြောဆိုသောဟူသည် ဟုတ်မှန်ပေသလောဟု မေး၏။ ဝိသာခါက ဖခင်တို့ ကျွန်တော်မသည် ဤသို့ ပြောဆိုရသည်မဟုတ်ပါ၊ ဆွမ်းခံလှည့်လည်လေ့ရှိသော မထေရ်တစ်ပါးသည် အိမ်တံခါး၌ ဆွမ်းရပ်ခံလာသည်ရှိသော် ကျွန်တော်မ၏ယောက္ခမသည် နည်းသောရေရှိသော ချိုမြိန်ကောင်းမြတ်သော နို့ထမင်းကို သုံးဆောင်စားသောက်၍ နေပါလျက် လှူဒါန်းဖို့ရာကို အနည်းငယ်မျှ နှလုံးမယှဉ်းသောကြောင့် ဤငါ၏ ယောက္ခမသည်ကား ဤပစ္စုပ္ပန်ဖြစ်သော ခန္ဓာကိုယ်အတ္တဘော၌ ကောင်းမှုကိုမပြု၊ ရှေးရှေးသောဘဝက ပြုစုလှူဒါန်းခဲ့သော အဟောင်းဖြစ်သော ကောင်းမှုကိုသာ သုံးဆောင် စားသောက်လေသည်ဟု ကြံ၍ အရှင်ဘုရား ကန်တော့ပါသေး၏၊ သည်းခံတော်မူပါဦး၊ တပည့်တော်မ၏ ယောက္ခမသည် အဟောင်းကိုသာ သုံးဆောင် စားသောက်ပါသည်ဟု ပြောဆိုမိပါသည်၊ ဤသို့ ပြောဆိုမိရာ၌ ကျွန်တော်မအား အဘယ်သို့ အပြစ်အာစာရဖြစ်ပါသနည်းဟု ဆို၏။

သေဌေးကြီးတို့ကလည်း အရှင်သေဌေးမင်း ငါတို့၏သမီးအား တစ်စိုးတစ်စိ အပြစ်မရှိချေတကား၊ ငါတို့သမီးသည် သင့်လျော်လျောက်ပတ်ကောင်းမြတ်သည်ကိုသာ ဆိုချေသည်တကား၊ အဘယ့်ကြောင့် အသင်

အမျက် ထွက်ဘိသနည်းဟု ဆို၏။ ထိုအခါ မိဂါရ သေဌေးက အရှင် သေဌေးမင်းတို့ ဤစကားသည်ကား ထင်ရှားသော အပြစ်မပြစ်ပါလျှင်ရှိပါစေ ဦးတော့၊ ဤဝိသာခါသည် တစ်နေ့သောအခါ မဋ္ဌိမယံ၌ ကျွန်မိန်းမ ကျွန် ယောကျ်ားတို့ဖြင့် ခြံရံလျက် အိမ်၏ အနောက်သို့ ဆင်းသွားပါသည်၊ ၎င်း ညဉ့်နက်သန်းခေါင် ဆင်းသွားခြင်းသည် ဤဝိသာခါ၏ အပြစ်မဟုတ်ပါလောဟု ဆို၏။ သေဌေးကြီးရှစ်ဦးတို့က ချစ်သမီးဝိသာခါ ဤမိဂါရသေဌေးကြီး ပြောဆို တိုင်းပင် ဟုတ်မှန်ပေသလောဟု မေးမြန်းသော် ဝိသာခါက ဖခင်တို့၊ကျွန်တော်မ သည် တစ်ပါးသော အကြောင်းကိစ္စဖြင့် ပြုလုပ်ရန်ရှိသောကြောင့် သက်ဆင်း သွားခြင်းကို ပြုရသည်မဟုတ်ပါ။ ဤအိမ်၌ အာဇာနည်မြင်းမသည် သား ပေါက်ဖွားရာ၌ အမှတ်သညာမျှကိုသော်လည်း မပြုဘဲနေခြင်းငှာ မအပ်ဟု နှလုံးသွင်း၍ မီးရှူးမီးတိုင်တို့ကို ယူစေပြီးသော် ကျွန်မတို့နှင့် အတူတကွ သွားရောက်၍ မြင်းမ သားဖွားသော် အစောင့်အရှောက် သုတ်သင်ပြုစုခြင်း အမှုကို ပြုမိပါသည်ဟု ပြော၏။ သေဌေးကြီးရှစ်ဦးတို့က အရှင်သေဌေးမင်း၊ ငါတို့၏ သမီးသည် အသင်၏အိမ်၌ အမှုလုပ် ကျွန်မတို့ပင်သော်လည်း မပြုနိုင် သော အမှုကိုပြုပေသည်တကား၊ အသင်သေဌေးမင်းသည် ဤမျှလောက်ကိုပင် အပြစ်အာစာရ ဟူ၍ အောက်မေ့မှတ်ထင် ကြည့်ရှုပါသလောဟု ပြောဆို ကြကုန်၏။

ဩဝါဒစကားဆယ်ခွန်း ရှင်းပြချက်

မိဂါရသေဌေးကြီးကအရှင်သေဌေးမင်းတို့ ဤအရာ၌လည်း ဝိသာခါ၏အပြစ် မဟုတ်ပါမူ ရှိပါစေဦးတော့၊ ဤဝိသာခါ၏အဖ မနဥ္စယသေဌေးကြီးသည် ဤ အိမ်သို့ လာခါနီးအခါ၌ ဤဝိသာခါကို ဆုံးမလျက် လျှို့ဝှက်ဖုံးကွယ်သော နေရာ၌ ဤဆယ်ပါးသော အဆုံးအမဩဝါဒကို ပေး၏။ ထိုအဆုံးအမဩဝါဒ စကားတို့၏အနက်ကို ငါသည်မသိ။ထိုအဆုံးအမ ဩဝါဒစကားတို့၏ အနက်ကို ဆိုဦးလော့၊ဤဝိသာခါ၏အဖ မနဥ္စယသေဌေးကြီးသည် အတွင်းမီးကို ပြင်ပသို့ မထုတ်အပ်ဟု ဆုံးမ၏။ အသို့နည်း ငါတို့သည် အိမ်နီးချင်း ဖြစ်ကုန်သော သူတို့အား မီးကို မပေးမဂ မ်းဘဲ နေရမည်လော၊ နေနိုင်ပါအံ့လောဟု ဆို၏။ ရှစ်ဦးကုန်သော သေဌေးကြီးတို့က ချစ်သမီး ဤသို့ပြောဆိုတိုင်း ဟုတ်မှန်ပေ သလောဟု မေးမြန်း၏။

ကျွန်တော်မ၏ဖခင်သည် ဤသို့သောမီးကို ရည်ညွှန်း၍ ပြောဆိုဆုံးမသည် မဟုတ်ပါ၊ ချစ်သမီး ယောကျ်ာမ ချစ်လင်တို့၏ ကျေးဇူးမဲ့ဖြစ်သော အပြစ် ဒေါသကို မြင်၍ အပဖြစ်သော ထိုဘိုသို့သောအိမ်၌ မပြောမဆိုပါလေလင့်၊ ဤသို့ ယောကျ်ာမ ချစ်လင်တို့၏ ကျေးဇူးမဲ့အပြစ်ကို ပြောဆိုခြင်းနှင့်တူသော ပူလောင်စေတတ်သော မီးသည် လောက၌ မရှိဟု ဆိုလိုပါသည်ဟု ဝိသာခါ

ပြန်ကြား ဖြေဆိုသော် မိဂါရသေဋ္ဌေးကြီးက အရှင်သေဋ္ဌေးမင်းတို့ ထိုစကားသည် ဤသို့ ပြန်ကြား ပြောဆိုတိုင်း ရှိပါစေဦးတော့၊ ဤဝိသာခါ၏ အဖ ဓနဉ္စယသေဋ္ဌေးကြီးက ပြင်ပမှ ဖြစ်သော မီးကို အတွင်းသို့ မသွတ်သွင်းရဟု ပြောဆို မှာထားလိုက်သည်မှာ ငါတို့သည် အိမ်တွင်း၌ မီးမရှိခဲ့သည် ရှိသော် ပြင်ဘက်အပမှ ဖြစ်သော မီးကို အတွင်းသို့ မဆောင်သွင်းဘဲ နေခြင်းငှာ ငါတို့ မတတ်နိုင်ချေဟု ဆိုပြန်၏။ သေဋ္ဌေးကြီးရှစ်ဦးတို့က ချစ်သမီး ဤသို့ပြောဆိုတိုင်း မှန်ပေသလော ဟု မေးပြန်၏။

ဝိသာခါက ဖခင်တို့ ကျွန်တော်မ၏ ဖခင်သည် ဤသို့ သဘောရှိသော မီးကို ရည်ညွှန်းပြီး မိန့်ဆိုဆုံးမသည် မဟုတ်ပါ၊ အိမ်နီး၌ တည်ရှိကုန်သော ယောကျ်ားတို့သည်လည်းကောင်း၊ မိန်းမတို့သည်လည်းကောင်း ယောက္ခမ ချစ်လင်တို့၏ အကျိုးကျေးဇူးမဲ့ကို ပြောဆိုကုန်သည်ရှိသော် ထိုသူတို့ ပြောဆိုအပ်သော စကားတို့ကို ဆောင်ယူ၍ ဤအမည်ရှိသော သူတို့သည် အသင်တို့၏ ဤအမည်ရှိကုန်သော အပြစ်ကျေးဇူးမဲ့ကို ပြောဆိုအပ်သည်ဟု တစ်ဖန်ပြန်ကြားပြောဆိုခြင်းကို မပြုလေလင့်၊ ဤသို့သဘောရှိသော မီးနှင့်တူသော မီးမည်သည် မရှိ၊ ဤသို့သော အကြောင်းကို ရည်ညွှန်းတော်မူ၍ ဆုံးမပါသည်ဟု ပြောပြန်သော အခါ မိဂါရသေဋ္ဌေးကြီးက အရှင်သေဋ္ဌေးမင်းတို့ ဤစကား၌ ပြန်ကြား ဖြေဆိုတိုင်းပင် ရှိပါစေဦးတော့၊ ဤဝိသာခါ၏ အဖ ဓနဉ္စယသေဋ္ဌေးကြီးက ပေးကမ်းသော သူအားသာလျှင် ပေးကမ်းအပ်၏၊ မပေးမကမ်းသောသူအား မပေးမကမ်းအပ်။ ပေးကမ်းသောသူအားလည်းကောင်း၊ မပေးမကမ်းသောသူအားလည်းကောင်း ပေးကမ်းအပ်၏၊ ချမ်းသာစွာ နေထိုင်အပ်၏၊ ချမ်းသာစွာ စားအပ်၏၊ ချမ်းသာစွာ အိပ်အပ်၏။ မီးကို ရိုသေစွာ လုပ်ကျွေးအပ်၏။ အိမ်တွင်းနတ်ကို ရိုသေညွတ်လျှိုး ရှိခိုးအပ်၏ဟု မှာထား ဆုံးမလိုက်သော စကားသည် အဘယ်ကိုပြောကြားလေဘိသနည်း၊ ၎င်းမှာထားသော စကား၏ အလိုတို့ကို ငါတို့မသိရလေဟု ပြောပြန်သော် ဝိသာခါကလည်း ၎င်းစကားတို့၏ အပြစ်သည် တစ်စုံတစ်ခုမျှ မရှိပါ။

ပေးကမ်းသော သူကိုသာ ပေးကမ်းအပ်၏ဟု ကျွန်တော်မ ဖခင်သည် ဆုံးမလိုက်သည်မှာ မိမိ၏ ပစ္စည်းဥစ္စာတို့ကို အလိုရှိ၍ တောင်းဆိုသောအခါ၌ ပြန်၍ပေးသော သူအားသာလျှင် ပေးအပ်၏ဟု ဤကို ရည်ညွှန်း၍ ပြောဆို ဆုံးမလိုက်ပါသည်။

မပေးကမ်းသောသူတို့အား မပေးကမ်းအပ်ဟု ပြောဆို ဆုံးမလိုက်သည်မှာ မိမိအလိုရှိ၍ တောင်းဆိုသော် ပြန်၍ ပေးကမ်းခြင်းကို မပြုကုန်သော သူတို့အား မပေးကမ်းအပ်ဟု ပြောဆို ဆုံးမပါသည်။

ပေးကမ်းသော သူအားလည်းကောင်း၊ မပေးကမ်းသော သူအားလည်းကောင်း ပေးကမ်းအပ်၏ဟု ဆိုသည်မှာ ဆင်းရဲငြိုငြင် ပင်ပန်းကုန်သော အဆွေအမျိုး အဆွေခင်ပွန်းတို့သည် ရောက်လာကုန်သည် ရှိသော် ပြန်၍ ပေးခြင်းငှာ စွမ်းနိုင်ကုန်သော်လည်းကောင်း၊ မစွမ်းနိုင်ကုန်သော်လည်းကောင်း အထိုက်အလျောက် ချီးမြှောက် ပေးကမ်းခြင်းငှာ အပ်၏ဟု ဤသို့သော အကြောင်းကို ရည်ညွှန်း၍ ဆိုးမပါသည်။

ချမ်းသာစွာ နေသိုင်အပ်၏ ဟူသော စကားကို ယောက္ခမ ချစ်လင်တို့ကို မြင်၍ ထအပ်သော နေရာ၌ ထိုင်၍နေခြင်းငှာ မလျောက်ပတ်သည်ကို ရည်ညွှန်း၍ ဆိုးမပါသည်။

ချမ်းသာစွာ စားအပ်၏ ဟူသော ဤစကားကို ယောက္ခမ မိဘ အရှင် လင်တို့၏ ရှေးဦးစွာ စားသောက်ခြင်းကို မပြုမူ၍ ထိုယောက္ခမ မိဘ အရှင် လင်တို့ကို ပြုပြင်ညွှတ်လေး ရှေးဦးစွာ လုပ်ကျွေးပြီး၍ ထိုသူတို့အား ပြည့်စုံလုံလောက်စွာ ရအပ်သည်၊ မရအပ်သည်ကို သိပြီး၍ နောက်မှ စားသောက်ခြင်းကို ပြုခြင်းငှာအပ်သည်ကို ရည်ညွှန်း၍ ပြောဆိုဆုံးမပါသည်။

ချမ်းသာစွာ အိပ်အပ်၏ ဟူသော ဤစကားကို ယောက္ခမ မိဘ အရှင်လင်တို့၏ ရှေးဦးစွာ အိပ်ရာသို့ တက်၍ မအိပ်မူ၍ ထိုသူတို့အား ပြုခြင်းငှာ သင့်လျော် လျောက်ပတ်သော ဝတ်ကြီး ဝတ်ငယ်ကို ပြုပြီး၍ နောက်မှ မိမိသည် အိပ်ခြင်းငှာ သင့်လျော်သည်ကို ရည်ညွှန်း၍ ပြောဆို ဆုံးမပါသည်။

မီးကို ရှိသေစွာ လုပ်ကျွေးအပ်၏ဟူသော ဤစကားကို အရှင်လင်၏ ဖခင်ကိုလည်းကောင်း၊ မိခင်ကိုလည်းကောင်း၊ မီးပုံကြီးကဲ့သို့လည်းကောင်း၊ အဆိပ်ထန်သော နဂါးမင်းကဲ့သို့လည်းကောင်း ရှိသေကြောက်ရွံ့ခြင်းကို ပြု၍ ကြည့်ရှုခြင်းငှာ သင့်လျော်သည်ကို ရည်ညွှန်း၍ ပြောဆို ဆုံးမပါသည်။

အိမ်တွင်းနတ်ကို ရှိသေမြတ်နိုး ရှိခိုးအပ်၏ဟူသော ဤစကားကိုအရှင်လင်၏ ဖခင် မိခင်ကိုလည်းကောင်း၊ အရှင်လင်ကိုလည်းကောင်း နတ်ကဲ့သို့ ရှိသေ တုံ့ဝပ်ခြင်းကို ပြု၍ ကြည့်ရှုခြင်းငှာ အပ်သည်ကို ရည်ညွှန်း၍ ပြောဆို ဆုံးမလိုက်ပါသည်ဟုအကျယ်အားဖြင့် ပြန်ကြား ဖြေဆိုအပ်သော ဤဆယ်ပါးသော စကားအဓိပ္ပာယ်တို့ကို ကြားသိသောအခါ မိဂါရသေဌေးကြီးသည် တုံ့ပြန် ဖြေဆိုဖို့ရာ တစ်စုံတစ်ခုသော စကားမျှကို ကြည့်ရှု၍ မမြင်သောကြောင့် အောက်သို့ ချအပ်သော မျက်နှာရှိသည် ဖြစ်၍ နေ၏။

ထိုအခါ သေဋ္ဌေးကြီးရှစ်ဦးတို့ကို မိဂါရသေဋ္ဌေးက အရှင်သေဋ္ဌေးကြီးတို့ အသို့နည်း၊ ထိုမှတပါးလည်း ဖြစ်သော ငါတို့ သမီး ဝိသာခါ၏ အပြစ်သည် ရှိပါသေးသလောဟု မေးကြကုန်၏၊ မရှိပါပြီဟု မိဂါရသေဋ္ဌေးကြီးကဆိုလျှင် ထိုသို့အပြစ်မရှိဘဲလျက် အကြောင်း မဟုတ်ဘဲ အပြစ်မရှိသော ဤသတို့သမီးကို အဘယ့်ကြောင့် အိမ်မှနှင်ထုတ်ဘိသနည်းဟု ပြောဆိုကုန်၏၊ ဤသို့ပြောဆိုသည် ရှိသော် ဝိသာခါက ဖခင်တို့ ကျွန်တော်မအား ယောက္ခမ၏ နှင်ထုတ်သော စကားဖြင့် သွားခြင်းငှာ မလျောက်ပတ်၊ ကျွန်တော်မ၏ ဖခင်သည် ကျွန်တော်မအား ဤအိမ်သို့ လိုက်ပါလာစဉ်က ကျွန်တော်မ၏ အပြစ် ကြီးငယ်ကိုကြည့်ရှု သုတ်သင်ရန် ဖခင်တို့၏ ထံ၌ အပ်နှံဆောင်နှင်း လိုက်ပေ၏၊ အရှင် ဖခင်တို့ သည်လည်း ကျွန်တော်မ၏ အပြစ်အနည်းငယ်မျှ မရှိသည်ကို သိအပ်ကုန်ပြီ၊ ဤသခုအခါ၌ ကျွန်တော်မသည် သွားခြင်းငှာ သင့်လျော်လျောက်ပတ်ပေပြီဟု ပြော၏။ ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ကို ယာဉ် စသည်တို့ကို စီရင်ကြကုန် လော့ဟု စေခိုင်း၏။

မြတ်စွာဘုရားအမှူးပြုသော သံဃာတော်တို့အား ပြုစုလုပ်ကျွေးခြင်း

ထိုအခါ မိဂါရသေဋ္ဌေးကြီးသည် သေဋ္ဌေးကြီးရှစ်ဦးတို့နှင့်တကွ ပြောဆိုပြီး ချစ်သမီး ငါသည် မသိမထင် မမြင်နိုင်သောကြောင့် ပြောဆိုမိပါသည်။ငါ့အား သည်းခံပါလော့ဟု တောင်းပန်ပြောဆို၏။ဝိသာခါက ဖခင်တို့ အရှင်တို့ သည်းခံစေအပ်သည်ကို ကျွန်တော်မသည် သည်းခံပါ၏။သို့သော်လည်း ကျွန်တော်မသည် မြတ်စွာဘုရားရှင်၏ သာသနာတော်၌ မဘုန်မလှုပ် သက်ဝင်ကြည်ညို လေးမြတ်သော အမျိုးသမီး ဖြစ်ပါသည်။ ကျွန်တော်မသည် ရဟန်း သံဃာတော်နှင့် ကင်း၍ နေခြင်းငှာ မစွမ်းနိုင်ပါ၊ ကျွန်တော်မ၏ အလို အလျောက် နှစ်သက်သည် အားလျော်စွာ ရဟန်း သံဃာတော်ကို ပြုစု လုပ်ကျွေး ဆည်းကပ်ခြင်းငှာ အကယ်၍ ရပါသည် ဖြစ်ခဲ့တုံအံ့။ ဤအိမ်၌ နေပါဦးတော့အံ့ဟု ပြန်ပြောလျှင် မိဂါရသေဋ္ဌေးကြီးက ချစ်သမီး အသင်သည် အလိုရှိတိုင်း အသင်၏ ရဟန်း သံဃာတော်တို့ကို ပြုစု လုပ်ကျွေးပါလော့ဟု ခွင့်ပေး၏။ ဝိသာခါသည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ပင့်ဖိတ်စေ၍ နက်ဖြန် မိုးသောက် ရောက်သောနေ့၌ ကြွတော်မူလာသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကို သံဃာတော်တို့နှင့်တကွ မိမိအိမ်သို့ ပင့်တင်၏၊ အပတ်မဝတ် အချည်းနှီးသော အစေလကတက္ကတွန်းတို့သည် မြတ်စွာဘုရား ကိုယ်တော် မြတ်သည် မိဂါရသေဋ္ဌေး၏ အိမ်သို့ ကြွတော်မူသည်၏ အဖြစ်ကို ကြား၍ သွားရောက်ကြပြီး အိမ်၌ ခြံရံလှည့်ပတ်၍ ထိုင်နေကုန်၏။ ဝိသာခါသည် အလှူ ရေစက် ပေးဆက် လှူဒါန်း၍ အလုံးစုံသော ပူဇောသက္ကာရကို စီရင်ပြီးသော်

ငါ၏ ယောက္ခမသည် ကြွလာ၍ မြတ်စွာဘုရားရှင်ကို ပြုစု လုပ်ကျွေးတော်မူပါလော့ဟု သတင်းစကား ပြောကြားရန် စေလွှတ်လိုက်၏။

ထိုအခါ သွားခြင်းငှာ အလိုရှိသော မိဂါရသေဌေးကြီးကို အာဇီဝကတက္ကတွန်းတို့က သေဌေးကြီး အသင်သည် ရှင်ကြီးဂေါတမ၏ အထံသို့ မသွားလေလင့်ဟု တားမြစ်ကြကုန်၏။ မိဂါရသေဌေးကြီးကလည်း ငါ၏ ချွေးမသည် မိမိ၏ အလိုလိုသာ လုပ်ကျွေးလှူဒါန်းပါလော့ဟု စေလွှတ်ပြန်ကြားလိုက်၏။ ဝိသာခါသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်ကို ပြုစု လုပ်ကျွေးပြီးကျွန်တော်မ၏ ယောက္ခမသည် လာရောက်၍ မြတ်စွာဘုရား တရားတော်ကို ကြားနာတော်မူပါလော့ဟု တစ်ဖန်သတင်းစကားကို ဖိတ်ကြားစေလွှတ်ပြန်၏။

မိဂါရသေဌေးကြီး သောတာပန်ဖြစ်ခြင်း

ယခုအခါ မိဂါရသေဌေးကြီးက အာဇီဝကတက္ကတွန်းတို့ကို အရှင်တို့ ယခုအခါ၌ကား မသွားဘဲနေခြင်းငှာ အလွန်လျှင် မသင့်လျော် မလျောက်ပတ်ခြင်း ဖြစ်ပါလိမ့်မည်။ တရားတော်ကို နာခြင်းငှာ အလိုမရှိသော်လည်း သွားရောက်မှပင် သင့်လျော်ပါမည်ဟု ပြော၏။ ယင်းသို့ ပြောဆိုသော် အာဇီဝကတက္ကတွန်းတို့က ထိုသို့ဖြစ်လျှင် ဒါယကာသေဌေးကြီး ရဟန်းဂေါတမ၏အထံ၌ တရားကို နာသည်ရှိသော် တင်းတိမ်အကာ၏ ပြင်ဘက်က နေ၍သာ နာလော့ဟု မှာလိုက်ကုန်၏။ မိဂါရသေဌေးကြီး မသွားမီ ရှေးဦးကပင်လျှင် သွားရောက်ကြ၍ သေဌေးကြီးနေလတ္တံ့သော နေရာ၌ အကာတင်းတိမ်ကို ကာရံ၍ ထားကြကုန်၏။ မိဂါရသေဌေးကြီးသည် သွားရောက်၍ တင်းတိမ်အရံ၏ အပြင်၌ ထိုင်နေ၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အသင်သည် တင်းတိမ်အပ၌ တည်နေသည်မူလည်းဖြစ်စေ၊ တိုက်နံရံခြားသော အရပ်၌ တည်နေသည်မူလည်းဖြစ်စေ၊ စကြဝဠာတစ်ပါး၌ တည်နေသည်မူလည်းဖြစ်စေ ငါသည် သတ္တဝါလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ပြီးသော ဘုရားစင်စစ် ဖြစ်ပေ၏။ ငါ့တရားကို မကြားဘဲ နေခြင်းငှာ မတတ်ကောင်းချေဟု မိန့်တော်မူ၍ သပြေပင်ကြီး၏ ပင်စည်ကို ကိုင်ငင်၍ လှုပ်ဘိသကဲ့သို့ လည်းကောင်း၊ အမြိုက်တရားတည်းဟူသော မိုးကို ဖြိုးဖြိုး သွန်းကာ ရွာစေဘိသကဲ့သို့လည်းကောင်း တရားတော်ကို ဟောကြားတော်မူခြင်းငှာ အစဉ်သော စကားကို အားထုတ်တော်မူ၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် တရားတော်ကို ဟောကြားတော်မူသည်ရှိသော် ရှေ့တည့်တည့်မှ တည်နေကုန်သော်လည်းကောင်း၊ နောက်တည့်တည့်မှ တည်နေကုန်သော်လည်းကောင်း စကြဝဠာ အရာအထောင်ကို

လွန်မြောက်၍ တည်နေကုန်သော်လည်းကောင်း၊ အကနိဋ္ဌဗြဟ္မာ့ပြည်၌ တည်နေကုန်သော်လည်းကောင်း၊ မြတ်စွာဘုရားရှင်သည် ငါ့ကိုကြည့်ရှုပြီး ငါ့ကိုသာ တရားဟောကြားတော်မူလေသည်ဟကားဟု ပြောဆိုမှည်တမ်းကြရကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုထိုသို့သောသူတို့ကို ကြည့်ရှု၍ ထိုထိုသော သူတို့နှင့် အတူတကွ စကားပြောဆိုဘိသကဲ့သို့ ဖြစ်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်တို့သည် လမင်းနှင့်တူကုန်၏။ လမင်းသည် ကောင်းကင်လယ်၌ တည်လျက် ငါ၏ အထက်၌ လမင်းတည်ရှိလေသည်၊ ငါ၏ အထက်၌ လမင်းတည်ရှိလေသည်ဟူ၍ အသုံးစုံသော သတ္တဝါတို့ ထင်မှတ်ရသကဲ့သို့ ထိုအတူ အမှတ်မထင် အကြောင်းတစ်စုံတစ်ခုသော အရပ်၌ တည်နေကုန်သော သူတို့အား ရှေ့တူရှု၌ တည်နေဘိသကဲ့သို့ မှတ်ထင်ရကုန်၏၊ ဤသို့ မှတ်ထင်ရခြင်းသည် အဘယ်သို့သော ကောင်းမှုကံ၏ အကျိုးအာနိသင် ဖြစ်လေသနည်းဟူမူကား ပါရမီဖြည့်တော်မူစဉ်က ထိုဘုရားလောင်းတို့အား တန်ဆာဆင်အပ်သော ဦးခေါင်းတော်ကို ဖြတ်ပိုင်း၍ ပေးလှူတော်မူခြင်း၊ မျက်လုံးတော်ကိုထုတ်၍ လှူတော်မူခြင်း၊ နှလုံးသားကိုထုတ်၍ လှူတော်မူခြင်း၊ သူတစ်ပါး၏ ခိုင်းစေရန် ကျွန်အလို့ငှာ ဇာလီမင်းသားနှင့် တူကုန်သော သားတော်တို့ကို ပေးလှူတော်မူခြင်း၊ ကဏှာဇိန်နှင့် တူကုန်သော သမီးတော်တို့ကို ပေးလှူတော်မူခြင်း၊ မဒ္ဒီမိဖုရားနှင့်တူကုန်သော ခင်ပွန်းမယားတို့ကို စွန့်လွှတ်ပေးလှူတော်မူခြင်းအားဖြင့် ဤသို့သော ကောင်းမှုကံတို့၏ အကျိုးဆက် အာနိသင်ပေတည်း။

ပိဂါရမာတာဟု ခေါ်ပုံ

မိဂါရသေဋ္ဌေးကြီးသည်လည်း မြတ်စွာဘုရား တရားတော်ကို ကြားနာရ၍ တင်းတိမ်အရံမှအပ အခြားဖြစ်သောနေရာကနေလျက်သာလျှင် နည်းတစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော ဒေသနာပရိယာယ်ကို တည်လျက် မတုန်မလှုပ် မြဲမြံခိုင်ခံ့တည်တံ့သော သဒ္ဓါတရားနှင့် ပြည့်စုံသဖြင့် သရဏဂုံသုံးပါးတို့၌ ယုံမှားခြင်းကင်းသည်ဖြစ်၍သာလျှင် တင်းတိမ်အရံကို ပင့်တင်ပြီး ချွေးမဖြစ်သော ဝိသာခါ၏အထံသို့ သွားရောက်၍ ချွေးမ၏ သားမြတ်ကို ခံတွင်းဖြင့် ယူပြီးသောအခါ သင်သည် ယနေ့မှစ၍ ငါ၏မိခင်ပေတည်းဟု မိခင်အရာ၌ ထား၏၊ ထိုဝိသာခါသည်လည်း ထိုနေ့မှစ၍ မိဂါရမာတာ မည်သည်ဖြစ်လေ၏၊ ထို့ကြောင့် ဋ္ဌကထာ၌—

ထိုဝိသာခါသည်လည်း ထိုနေ့သမယ ထိုကာလမှစ၍သာလျှင် မိဂါရမာတာမည်သည် (ဝါ) မိဂါရသေဋ္ဌေး၏အမိမည်သည်ဖြစ်လေ၏ ဟု မိန့်၏။

နောက်၌ ဝိသာခါသည် သားကို ဖွားမြင်ရရှိသော်လည်း မိဂါရ ဟူသော အမည်ကို ပြုလေ၏။ ထို့ကြောင့် ဌင်းအဋ္ဌကထာ၌ပင်–

ထိုဝိသာခါသည် နောက်အဖို့၌ သားကို ရ၍လည်း ထိုသားအား မိဂါရ ဟူသောအမည်ကို ပြုလေ၏ဟု မိန့်၏။

မိဂါရသေဌေးကြီးသည် ချွေးမ၏သားမြတ်ကို လွှတ်ပြီးသော် မြတ်စွာဘုရားရှင်၏အထံသို့သွား၍ မြတ်စွာဘုရားရှင်၏ ခြေတော်ရင်းတို့၌ ဝပ်စင်းဦးချလျက် ခြေတော်တို့ကို လက်တို့ဖြင့် ပွတ်သပ်လျက် ခံတွင်းဖြင့် နမ်းစုပ်ပြီးလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် မိဂါရပါတည်းဟု သုံးကြိမ်တိုင်တိုင်အမည်ကို လျှောက်ကြား၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် ဤမျှအတိုင်းအရှည်ရှိသောကာလပတ်လုံး ဤရတနာသုံးရပ်၌ ဆည်းကပ် လှူဒါန်းအပ်သော ကောင်းမှုကံ၊ အကျိုးအာနိသင် ကြီးကျယ်သည်ကို မသိပါ၊ ယခုအခါ၌ တပည့်တော်၏ချွေးမကို အမှီပြုရ၍ သိအပ်ပါပြီ၊ အလုံးစုံသော အပါယ်ဆင်းရဲမှ လွတ်မြောက်ရပေပြီ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်၏ အကျိုးစီးပွား များပြားအံ့သောအလို့ငှာ တပည့်တော်၏ချွေးမသည် ဤအိမ်သို့ လာရောက်ရပါသည်ဟု လျှောက်ကြား၍ ဤဂါထာကိုဆို၏–

သောဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
အတ္ထာယ ဝတ မေ ဘဒ္ဒါ၊ သုဏိသာ ဃရမာဂတာ–

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မိဂါရဟု နာမတွင်ခေါ် ထိုတပည့်တော်သည် အကြင်အလှူခံပုဂ္ဂိုလ်၌ စွန့်ကြဲပေးကမ်း လှူဒါန်းအပ်သော အလှူဒါနသည် ကြီးကျယ်ပြန့်ပြော များမြတ်သောအကျိုးအာနိသင် ရှိသည်ကို ယခု မကြွင်းမကျန် အမှန် ထင်ထင်ရှားရှား သိရပေ၏။ စင်စစ် တပည့်တော်၏ အကျိုးစီးပွားအလို့ငှါ ငါးပါးသော ကောင်းခြင်းရှိသော ချွေးမ ဝိသာခါသည် တပည့်တော်၏ အိမ်သို့ လာရောက်ပါပေ၏။

ဝိသာခါသည် တစ်ဖန် မိုးသောက် ရောက်သောနေ့၌လည်း ဆွမ်းကို အလှူခံရန်အလို့ငှါ မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်၏။ ထိုနောက်တစ်ဖန် မိုးသောက် ရောက်သောနေ့၌လည်း ထိုဝိသာခါ၏ ယောက္ခမဖြစ်သော သေဌေးကတော်သည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုအခါမှစ၍ မိဂါရသေဌေးကြီး၏အိမ်သည် သာသနာတော်အား ဟင်းလင်းဖွင့်ထားအပ်သော တံခါးနှင့်တူသည် ဖြစ်လေ၏။

ချေးမဝိသာခါအား အထူးပြု၍ ချီးမြှင့်ခြင်း

ထိုနောက်မှ မိဂါရသေဋ္ဌေးကြီးသည် ကြံစည်ဆင်ခြင်သည်မှာ ငါ၏ချွေးမသည် ငါ့အား အလွန်လျှင် ကျေးဇူးများလှပေသည်။ ထိုချွေးမအား ကြည်ညိုသော အခြင်းအရာကို ပြုအံ့ဟုကြံ၍ ငါ၏ချွေးမအား ယခုရှိသော မဟာလတာ တန်ဆာသည် ဝန်လေးသော သဘောရှိသည်။ အမြဲကာလပတ်လုံး ဝတ်ဆင်ခြင်းငှာ မစွမ်းနိုင်လတ္တံ့၊ နေ့၌သော်လည်းကောင်း၊ ညဉ့်၌သော်လည်းကောင်း အလုံးစုံကုန်သော သွားလာခြင်းကိစ္စတို့၌ ဝတ်ဆင်ခြင်းငှာ ခံ့သော တန်ဆာ တစ်ခုကို ပြုစု၍ ပေးအံ့ဟု ကြံပြီးလျှင် အဖိုးတစ်သိန်းထိုက်သော "ဃနမဋ္ဌက" မည်သော တန်ဆာကို ပြုစေ၍ ထိုတန်ဆာပြီးသည်ရှိသော် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ်၍ ရိုသေကောင်းမွန်စွာ ဆွမ်းကျွေးပြီးသော် ဝိသာခါကို တစ်ဆယ့်ခြောက်လုံးကုန်သော နံ့သာရေတို့ဖြင့် ရေချိုးစေ၍ မြတ်စွာဘုရား ရှေ့တူရူ၌ထား၍ တန်ဆာကို ဝတ်ဆင်စေပြီးလျှင် မြတ်စွာဘုရားရှင်ကို ရှိခိုးစေ၏။ မြတ်စွာဘုရားရှင်သည် အနုမောဒနာကို ပြုတော်မူ၍ ကျောင်းတော်သို့သာလျှင် ကြွတော်မူ၏။ ဝိသာခါသည်လည်း ထိုအခါမှစ၍ ဒါန စသော ကောင်းမှုတို့ကို ပြုလျက် မြတ်စွာဘုရားကိုယ်တော်မြတ်၏ အထံ၌ ရှစ်ပါးသော ဆုကိုရ၍ ကောင်းကင်အပြင်၌ လရေးကောက်ကဲ့သို့ အလွန်ထင်ရှားလျက် သားသမီးတို့ဖြင့် ကြီးပွားခြင်းသို့ ရောက်လေ၏၊ ဝိသာခါအား တစ်ကျိပ်ကုန်သော သားတို့သည် လည်းကောင်း၊ တစ်ကျိပ်ကုန်သော သမီးတို့သည် လည်းကောင်း ဖြစ်ကုန်၏။

သားသမီးနှစ်ကျိပ် မြေးလေးရာ မြစ်ရှစ်ထောင်

ထိုသားသမီးတို့တွင် တစ်ယောက် တစ်ယောက်အား တစ်ကျိပ်ကုန်သော သားတို့သည် လည်းကောင်း၊ တစ်ကျိပ်ကုန်သော သမီးတို့သည် လည်းကောင်း ဖြစ်ကုန်၏။ ထိုမြေးတို့ဘွင်လည်း တစ်ယောက် တစ်ယောက်အား တစ်ကျိပ်ကုန်သော သားတို့သည် လည်းကောင်း၊ တစ်ကျိပ်ကုန်သော သမီးတို့သည် လည်းကောင်း ဖြစ်ကြကုန်၏။ ဤသို့လျှင် ဝိသာခါအား သား, မြေး, မြစ် အစဉ်၏ အစွမ်းဖြင့် ရှစ်ထောင့်လေးရာနှစ်ဆယ်တို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ရှေးသင်္ဂါယနာတင် ဆရာတော်ကြီးတို့သည် ဤဂါထာကို မိန့်ဆိုတော်မူခဲ့ကြကုန်၏။

ဝိသာခါ ဝီသတိ ပုတ္တာ၊ နတ္တာစ စတုရောသတာ။

ပနတ္တာ အဋ္ဌသဟဿာ၊ ဇမ္ဗုဒီပေ သုပါကဋာ

ဝိသာခါသည် နှစ်ကျိပ်သော သားသမီးရှိကုန်သည် ဖြစ်ကုန်၏။ မြေးလေးရာ ရှိကုန်သည် ဖြစ်ကုန်၏။ မြစ်ရှစ်ထောင် ရှိကုန်သည်လည်း ဖြစ်ကုန်၏၊ ဤသို့ ဇမ္ဗူဒိပ်ကျွန်း၌ ထင်ရှားပေ၏။

ဝိသာခါသည် အသက်တစ်ရာ့နှစ်ဆယ်ရှည်၏၊ ဦးခေါင်း၌ တစ်ခုသော ဆံပင်မျှသော်လည်း ဖြူခြင်းမည်သည် မဖြစ်၊ အမြဲသာလျှင် တစ်ဆယ့်ခြောက်နှစ်အရွယ်ကဲ့သို့တည်၏။ ထိုဝိသာခါသည် သား, သမီး, မြေး မြစ် ခြံရံလျက် ကျောင်းသို့ သွားသည်ကို မြင်ကုန်သည်ရှိသော် ဤသူတို့တွင် အဘယ်သူသည် ဝိသာခါပါလိမ့် မည်နည်းဟု မေးရကုန်၏။ အကြင်သူတို့သည် ဝိသာခါသည် သွားသောအခါ၌ မြင်ရကုန်၏၊ ဤယခုအခါ၌ အနည်းငယ်သွားပါစေဦး၊ သွားလျက်သာလျှင် ငါတို့၏အရှင်မသည် ကြည့်ရှုစဖွယ် တင့်တယ်လှပေသည်ဟု ကြံကြကုန်၏။ အကြင်သူတို့သည် ရပ်နေသောအခါ ထိုင်နေသောအခါ အိပ်နေသော အခါတို့၌ မြင်ရကုန်၏။ ဤယခုအခါ၌ အနည်းငယ် ရပ်ပါစေဦး အနည်းငယ် ထိုင်နေပါစေဦး အနည်းငယ် အိပ်ပါစေဦး ရပ်နေသောအခါ ထိုင်နေသော အခါ အိပ်နေသောအခါတို့၌ ငါတို့၏ အရှင်မသည် ကြည့်ရှုစဖွယ်သာ၍ပင် တင့်တယ်ပါပေသည်ဟု ကြံကြကုန်၏။ ဤသို့သော အခြင်းအရာဖြင့် ဣရိယာပထလေးဖြာတို့တွင် ဤအမည်ရှိသော ဣရိယာပုတ်၌မူကား မတင့်တယ်ချေတကားဟု ဆိုဖွယ်မရှိ။

ဝိသာခါအား ဆင်ပြောင်ကြီးနှင့်တိုက်စေလျက် အားစမ်းခြင်း

ထိုဝိသာခါသည် ဆင်ပြောင်ငါးစီးအားကိုလည်း ဆောင်စွမ်းနိုင်၏။ ပသေနဒီကောသလမင်းကြီးသည် ဝိသာခါသည် ဆင်ပြောင်ငါးစီး၏ အားအစွမ်းကို ဆောင်နိုင်သည်ဟု ကြား၍ ထိုဝိသာခါသည် ကျောင်းသို့သွား၍ တရားတော်ကို ကြားနာ၍ ပြန်လာသောအခါ အားအစွမ်းကို စူးစမ်းလိုသောကြောင့် ဆင်ကို လွှတ်စေ၏။ ထိုဆင်သည် နှာမောင်းကိုပင့်၍ ဝိသာခါသို့ ရှေးရှုပြေးလာ၏။ ဝိသာခါ၏ အခြံအရံဖြစ်ကုန်သော ငါးရာမျှလောက်ကုန်သော မိန်းမတို့သည် ထွက်ပြေးကြကုန်၏။ အချို့ကုန်သော ရှေ့မှပြန်ပြေးလာကုန်သော မိန်းမတို့ကို ဖမ်းဆီး၍ ဤအမှုသည် အဘယ်အမှုနည်းဟု ဆိုသည်ရှိသော် အရှင်မ မင်းကြီးသည် အရှင်မအားအစွမ်းကို စူးစမ်းလိုသောကြောင့်ဆင်ကို လွှတ်စေဘိသည်ဟု ပြောဆိုကုန်၏။ ဝိသာခါသည် ဤဆင်ကိုမြင်၍ အဘယ်သို့ ပြေးသွားအံ့နည်း။ ဤဆင်ကို ငါသည် အဘယ်သို့ဖမ်းရအံ့နည်း။ အကယ်၍ ငါသည် မြဲမြံစွာ ဖမ်းကိုင်ခဲ့အံ့ ဤဆင်သည် ပျက်စီးခြင်းသို့ ရောက်ပေရာ၏ဟု ကြံ၍ လက်နှစ်ချောင်းတို့ဖြင့် နှာမောင်းကိုကိုင်၍ နောက်သို့ ညွတ်အောင် တွန်းလိုက်၏။ ဆင်သည် မိမိ၏ကိုယ်ကို တည်တံ့စွာ ရပ်နေခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍

မင်းရင်ပြင်၌ ဆောင့်ကြောင့် လဲလေ၏။ များစွာကုန်သော လူအပေါင်းတို့သည် ကောင်းချီးပေးကြကုန်၏။ ဝိသာခါသည် အခြံအရံတို့နှင့်တကွ ချမ်းသာစွာ အိမ်သို့ သွားလေ၏။ ထိုအခါ သာဝတ္ထိပြည်၌ ဝိသာခါ မည်သော မိဂါရမာတာ သည် များစွာသော သားရှိ၏။ များစွာသောမြေးရှိ၏။ အနာရောဂါမှကင်းရှင်း သော သားသမီးတို့ရှိကုန်၏။ အနာရောဂါ ကင်းကုန်သော မြေးတို့ရှိကုန်၏။ အလွန်မင်္ဂလာရှိသည်ဟု သမုတ်အပ်ကုန်၏။

ထိုမျှလောက်ကုန်သော သားသမီးအထောင်တို့တွင် တစ်စုံတစ်ယောက်သော သူမျှလည်း အကြား၌ သေလွန်သော သူမည်သည် မရှိ။ သာဝတ္ထိ ပြည်သူ ပြည်သား များစွာကုန်သော သူတို့သည် မင်္ဂလာတို့၌လည်းကောင်း၊ သဘင်တို့၌ လည်းကောင်း ဝိသာခါကို ရှေးဦးစွာ ဖိတ်မံ၍ ကျွေးမွေးကုန်၏။ ထို့နောက် တစ်နေ့သော သဘင်နေ့၌ များစွာသော လူအပေါင်းတို့သည် အဝတ်တန်ဆာ တို့ကို ကောင်းစွာ ဝတ်ဆင်လျက် တရားတော်ကို ကြားနာအံ့သောငှာ ကျောင်းသို့ သွားကုန်သည်ရှိသော် ဝိသာခါသည်လည်း ဖိတ်ကြားရာအရပ်၌ စားသောက်ပြီး၍ မဟာလတာ တန်ဆာကို ဝတ်ဆင်လျက် များစွာသော လူအပေါင်းတို့နှင့်တကွ ကျောင်းသို့သွားသည်ရှိသော် တန်ဆာကို ဖြေချွတ်၍ ထုပ်ပိုးပြီး ကျွန်မအား ဤဘဏ္ဍာထုပ်ကို ယူခဲ့လော့ဟု ပေး၏။

ဝိသာခါကဲ့သို့ အားကောင်းသော ကျွန်မ

ဝိသာခါသည် ကျောင်းသို့သွားသည်ရှိသော် ဤသို့ သဘောရှိသော အဖိုး များစွာထိုက်သော ဦးခေါင်း၌စွပ်၍ ခြေဖနောင့်တိုင် ရောက်သော တန်ဆာကို ဆင်ယင်ဝတ်စားပြီး ကျောင်းတော်သို့ ဝင်ခြင်းငှာ မသင့်မလျော်ဟု ထိုတန်ဆာ ကို ဖြေချွတ်ပြီး အထုပ်ကိုပြု၍ မိမိ၏ ကောင်းမှုကြောင့်သာလျှင် ဖြစ်ပေါ် လာသော ဆင်ပြောင်ငါးစီးအားကို ဆောင်စွမ်းနိုင်သော ကျွန်မ၏လက်၌ ပေးအပ်၏။ ထိုကျွန်မသည်သာလျှင် ဆောင်ယူခြင်းငှာ စွမ်းနိုင်၏၊ ထို့ကြောင့် မိခင် ဤမဟာလတာ တန်ဆာကို သိမ်းယူထားပါလော့။ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံမှ ပြန်လည်လာသောအခါမှ ဝတ်ဆင်တော့အံ့ဟု ဆို၍ ထိုမဟာလတာ တန်ဆာကို ကျွန်မအား ပေးအပ်ပြီးလျှင် ဃနမဋ္ဌက တန်ဆာကို ဝတ်ဆင်၍ မြတ်စွာဘုရားကိုယ်တော်မြတ်၏ အထံတော်သို့ ချဉ်းကပ်၍ တရား တော်ကို နာလေသတည်း။ တရားနာပြီးသည်၏ အဆုံး၌ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ရှိခိုးဖူးမြော်ပြီး နေရာမှထ၍ ဖယ်သွားလေ၏။ မဟာလတာ တန်ဆာထုပ်ကို သိမ်းဆည်းသော ထိုကျွန်မသည်လည်း သတိလွတ်ကင်းသဖြင့် မေ့လျော့ခဲ့၏ တရားတော်ကို ကြားနာ၍ ဖဲသွားသော ပရိသတ်သည် တစ်စုံတစ်ခုသော ပစ္စည်းဝတ္ထုသည် အကယ်၍ မေ့လျော့၍ ကျန်ရစ်ခဲ့အံ့၊

ထိုပစ္စည်းဝတ္ထုကို ရှင်အာနန္ဒာမထေရ်သည် သိမ်းဆည်းသိုမှီး၍ ထားပေ၏။ ထိုနေ့၌လည်း အရှင်အာနန္ဒာမထေရ်သည် မဟာလတာ တန်ဆာကို မြင်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဝိသာခါသည် မဟာလတာတန်ဆာကို မေ့လျော့၍ သွားကြကုန်ပြီဟု မြတ်စွာဘုရားရှင်ကို လျှောက်ထား၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားအာနန္ဒာ သင့်တင့်လျောက်ပတ် တစ်ခုသော အရပ်၌ ထားလေတော့ဟု မိန့်တော်မူသဖြင့် အရှင်အာနန္ဒာ မထေရ်သည် ထိုတန်ဆာကို ပင့်ချီယူမရွဲ စောင်းတန်း နံပါး၌ တွဲလဲဆွဲ၍ ထား၏။ ဝိသာခါသည် သုပ္ပိယာ ဒါယိကာမနှင့်တကွ အာဂန္တု ဧည့်သည်ရဟန်း သူနာရဟန်း စသည်တို့အား ပြုသင့်ပြုထိုက်သော ပေးကမ်းလှူဒါန်းဖွယ်ကို သိရအံ့ဟု ကျောင်းတွင်း၌ လှည့်လည်ခဲ့လေ၏။

ထိုစကားမှန်၏။ ထိုသုပ္ပိယာဥပါသိကာမနှင့် ဝိသာခါဒါယိကာမ တို့သည် ကျောင်းသို့ လာရောက်တိုင်း လာရောက်တိုင်းသော အခါတို့၌ ထောပတ် ပျားရည် စသည် လက်စွဲကုန်လျက် ကျောင်း၏ အတွင်း၌ အာဂန္တုရဟန်း သူနာရဟန်းတို့ကို လှည့်လည် မေးမြန်းသည်ရှိသော် ထိုသူတို့၏ သဒ္ဓါတရား တိုးပွားထက်သန်သည်၏ အဖြစ်ကို သိ၍ ရဟန်းငယ်တို့သည်လည်းကောင်း သာမဏေတို့သည်လည်းကောင်း ခွက်စသည်တို့ကို လက်စွဲလျက် ချဉ်းကပ် ခံယူခြင်းကို ပြုလေ့ရှိကြကုန်၏။ ဤနေ့၌လည်း ထိုနည်းအတူသာလျှင် ပြုကြကုန်၏။

သုပ္ပိယာ ဥပါသိကာမသည် တစ်နေ့သ၌ သူနာရဟန်းကို တွေ့မြင်၍ အရှင်ဘုရား၊ အရှင်မြတ်အား အဘယ်ဝတ္ထုဖြင့် အလိုတော်ရှိပါသနည်း ဟု မေးလျှောက်၏။ သူနာရဟန်းကလည်း ဒါယိကာမကြီး သားစိမ်းရည်ဖြင့် အလို ရှိပါသည်ဟု မိန့်တော်မူသည် ရှိသော် ရှိပါစေတော့။ အရှင်မြတ်အား တပည့် တော်မသည် စေလွှတ်၍ ပို့လိုက်ပါအံ့ဟု လျှောက်ပြီးလျှင် နှစ်ရက်မြောက် သောနေ့၌ အိမ်ဈေးစသည်တို့၌အပ်သော ကပ္ပိယ သားစိမ်းကို ရှာကြံ၍ မရ သည်ရှိသော် မိမိ၏ပေါင်သားဖြင့် ပြုဖွယ်ကိစ္စကို မချွတ်မယွင်းရအောင်ပြု၍ နောင်မြတ်စွာဘုရား၌ ကြည်ညိုသောစိတ်ကြောင့် ပကတိအတိုင်း ကျန်းမာစွာ ဖြစ်၏။ ဝိသာခါသည်လည်း သူနာရဟန်းတို့ကို လည်းကောင်း၊ ရဟန်းငယ် သာမဏေငယ်တို့ကိုလည်းကောင်း ကြည့်ရှုပေးကမ်း လှူဒါန်းချီးမြှင့်ပြီးသော် တစ်ပါးသောတံခါးဖြင့် ထွက်ခဲ့၍ ကျောင်း၏ဥပစာ၌တည်ပြီ မိခင်–တန်ဆာကို ယူခဲ့လော့ ဝတ်ဆင်အံ့ဟု ဆို၏။ ထိုခဏ၌ ကျွန်မသည် မေ့လျော့၍လာမိခဲ့သည်၏ အဖြစ်ကိုသိ၍ အရှင်မ မေ့လျော့၍ကျန်နေခဲ့ပြီဟုပြော၏၊ ထိုသို့ ဖြစ်လျှင်သွား၍ ဆောင်ယူပြီး လာခဲ့လော့။ ငါ၏ အဝတ်တန်ဆာကို အရှင်အာနန္ဒာမထေရ်သည်

ပင့်ချီယူမ၍ အရပ်တပါး၌ အကယ်၍ထားသည်ဖြစ်အံ့။ မဆောင်ယူခဲ့လေလင့် အရှင်မြတ်အားသာလျှင် ငါသည် ပစ္စည်းကို စွန့်လွှတ်အပ်၏ဟု ဆို၏။

ဤသို့သောစကားကိုနာသားလိုက်ခြင်းသည်ကားထိုဝိသာခါသည်မေ့လျော့ ကြွင်းကျန်၍ ရှိကုန်သော ပစ္စည်းဘဏ္ဍာ ဥစ္စာကို အရှင်အာနန္ဒာသည် သိမ်းဆည်းသိမ်း၍ ထားသတတ်ဟု သိပေသသတ်။ ထို့ကြောင့် မှာထား လိုက်၏၊အရှင်အာနန္ဒာမထေရ်သည်လည်း ထိုကျွန်မကိုမြင်၏၊ အဘယ်အကျိုး ငှာ လာသနည်းဟု မေးတော်မူလျှင် အရှင်မ၏ တန်ဆာကို တပည့်တော်မ မေ့လျော့၍ သွားမိသောကြောင့် ပြန်လာပါသည်ဟု လျှောက်သည်ရှိသော် ငါသည် ထိုစောင်းတန်းနံပါး၌ ထားအပ်၏။သွားတဲ့ချေ ထိုဘဏ္ဍာကိုယူချေ လေ့ဟု ဆို၏။ ကျွန်မကအရှင်ဘုရား အရှင်မြတ်တို့၏လက်ဖြင့် သုံးသပ်အပ် သောဘဏ္ဍာကို ငါ၏အရှင်အား စွန့်လှူပြီးဖြစ်သည်။ မဆောင်ယူခဲ့ လေလင့် ဟုမှာကြားလိုက်သည်။ လျှောက်ကြား၍ အချည်းနှီးသော လက်ဖြင့် သာလျှင်သွားရောက်သော် ဝိသာခါက မိခင် အဘယ်သို့နည်းဟု မေးသည် ရှိသော် ထိုအလုံးစုံသော အကြောင်းကို ကြားသိပေ၏။ ဝိသာခါက မိခင် ကျွန်တော်မသည် ငါ၏အရှင်ဖြစ်သော အာနန္ဒာမထေရ်သည် သုံးသပ်အပ် သော ဘဏ္ဍာကို မဝတ်မဆင်တော့အံ့၊ အရှင်အားသာလျှင် စွန့်အပ်ပေပြီ။ ယင်းသို့စွန့်လွှတ်ပေးလှူအပ်သော်လည်း ဤဘဏ္ဍာကို အရှင်တို့သည် စောင့် ရှောက် ထိန်းသိမ်း လုံခြုံစေခြင်းငှာ ခဲယဉ်းငြိုငြင်ပေလတ္တံ့။ ၎င်းဘဏ္ဍာကို စွန့်လွှတ်ရောင်းချပြီး အပ်သော ကပ္ပိယဘဏ္ဍာကို ဆောင်လှူအံ့၊သွားတဲ့ချေ ထိုဘဏ္ဍာကို ဆောင်ယူခဲ့လေ့ဟု စေလွှတ်ပြန်၏။ကျွန်မသည်သွားရောက်၍ ဆောင်ယူခဲ့လေ၏။ဝိသာခါသည်ပန်းထိမ်သည်တို့ကိုခေါ်ပြီးသော် ထိုတန်ဆာကို အဖိုးဖြတ်စေ၏။ ထိုပန်းထိမ်သည်တို့က အဖိုးအားဖြင့် ကိုးကုဋေ ထိုက်တန်၏။ လက်ခအားဖြင့် တစ်သိန်းထိုက်တန်၏ဟု ဆိုသည်ရှိသော် တန်ဆာကိုယာဉ်၌ တင်ထားပြီး စွမ်းနိုင်သောသူတို့သည် ဝယ်ယူကြကုန်လေ့ဟု လှည့်လည်၍ ရောင်းချစေ၏။

မဟာလတာတန်ဆာဝတ်ထိုက်သောမိန်းမသုံးဦး

ထိုမျှလောက်သော အဖိုးဥစ္စာကိုပေး၍ ဝယ်ယူနိုင်သောသူ တစ်စုံ တစ်ယောက်မျှ မရှိ။ ထိုမဟာလတာတန်ဆာကိုဝတ်ဆင်ခြင်းငှာ သင့်လျော် လျောက်ပတ်ကုန်သော မိန်းမတို့မည်သည် ရခဲကုန်၏။ထိုစကားမှန်၏။ ဇမ္ဗူဒိပ် မြေဝန်းအပြင်၌ သုံးဦးကုန်သော မိန်းမတို့သည်သာ မဟာလတာတန်ဆာကို ဝတ်ဆင်ရကုန်၏။ သုံးဦးသောမိန်းမတို့ဟူသည်ကား—

၁။ ဝိသာခါ ဒါယိကာမကြီး၊

၂။ ဗန္ဓုလ အမည်ရှိသော မလ္လာမင်းသား စစ်သူကြီး၏ မယားခင်ပွန်း ဖြစ်သော မလ္လိကာ၊

၃။ ဗာရာဏသီသေဌေးကြီး၏ သမီး၊

ဤသုံးဦးပေတည်း။

ထိုသို့ တစ်စုံတစ်ယောက်မျှ ဝယ်ယူဝတ်ဆင်နိုင်သူ မရှိသောကြောင့်ဝိသာခါသည် ကိုယ်တိုင်သာလျှင် ထိုတန်ဆာ၏ အဖိုးကိုပေး၍ ဝယ်ယူပြီးလျှင် တစ်သိန်းအလွန်ရှိသော ကိုးကုဋေသော အသပြာတို့ကို လှည်းထက်သို့ တင်၍ ကျောင်းသို့ ဆောင်ပြီးသော် မြတ်စွာဘုရားရှင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုး ပူဇော်ပြီး၍ ဘုန်းတော်အလွန်ကြီးတော်မူသော မြတ်စွာဘုရား အရှင်အာနန္ဒာ မထေရ်သည်တပည့်တော်မ၏မဟာလတာတန်ဆာကိုလက်တော်ဖြင့်သုံးသပ်အပ်၏၊ ထိုမထေရ် သုံးသပ်သော ကာလမှစ၍ ထိုတန်ဆာကို တပည့်တော်မ ဝတ်ဆင်ခြင်းငှာ မတတ်နိုင်ပါ။ ထိုတန်ဆာကို စွန့်လွှတ်ရောင်းချ၍အပ်သောကပ္ပိယ ဘဏ္ဍာကို ဆောင်အံ့ဟု ရောင်းချစေပါသော်လည်း တစ်စုံတစ်ယောက်မျှသော သူသည် ဝယ်ယူခြင်းငှာ မစွမ်းနိုင်သောကြောင့် တပည့်တော်မသည်ပင်လျှင် ထို တန်ဆာ၏အဖိုးကို ယူစေ၍ လာရောက်ခဲ့ပါသည်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပစ္စည်း လေးပါးတို့တွင် အဘယ် ပစ္စည်းဖြင့် လှူဒါန်းရပါအံ့နည်းဟုလျှောက်၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဝိသာခါ အသင် အား မြို့၏ အရှေ့မျက်နှာ တံခါး၌ သံဃာတော်တို့ သီတင်းသုံးနေရာဖြစ်သော ကျောင်းကိုဆောက်လုပ်ခြင်းငှာ သင့်လျော်၏ဟု မိန့်တော်မူ၏။

ပုဗ္ဗာရုံ ကျောင်းတော်ကြီး ဆောက်လုပ် လှူဒါန်းခြင်း

ဝိသာခါသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား သင့်လျော် လျှောက်ပတ်ပါပြီဟု လျှောက်ကြား၍ နှစ်သက်ဝမ်းမြောက်စွာ ကိုးကုဋေသော အသပြာတို့ဖြင့် မြေကိုဝယ်ယူ၏။ တစ်ပါးလည်းဖြစ်ကုန်သော ကိုးကုဋေတို့ဖြင့် ကျောင်းကို ဆောက်လုပ်ခြင်းငှာ အားထုတ်၏။ ထိုနောက် တစ်နေ့သောနေ့ မိုးသောက်ယံ၌ မြတ်စွာဘုရားရှင်သည် လောကကို ကြည့်ရှုတော်မူသည်ရှိသော် နတ်ပြည်မှ စုတိစိတ်ကျလာခဲ့၍ ဤဘဒ္ဒိယမြို့ဝယ် သေဋ္ဌေးမျိုး၌ ဖြစ်သော ဘဒ္ဒိယမည်သော သေဋ္ဌေးသား၏ အကြောင်း၏ ပြည့်စုံခြင်းကို မြင်တော်မူ၍ အနာထပိဏ် သေဋ္ဌေးကြီးအိမ်၌ ဆွမ်းစားခြင်းကိစ္စကို ပြု၍ မြောက်တံခါးသို့ ရှေးရှု ကြွတော်မူ၏။ပကတိသဘောအားဖြင့်မြတ်စွာဘုရားကိုယ်တော်မြတ်သည် ဝိသာခါ၏အိမ်၌ ဆွမ်းကို ခံယူတော်မူပြီးသော် တောင်တံခါးဖြင့် ထွက်ကြွတော်

မှု၍ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ အနာထပိဏ်သေဌေးအိမ်၌ ဆွမ်းကိုခံယူပြီးသော် အရှေ့တံခါးဖြင့် ထွက်ကြွတော်မူ၍ ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ မြောက်မျက်နှာတံခါးကို ရှေးရှုရည်ညွှန်း၍ ကြွတော်မူသည်ရှိသော်သာလျှင် မြတ်စွာဘုရားကို မြင်၍ ဒေသစာရီ လှည့်လည်ခြင်းကို ဖဲကြွလတ္တံ့ ဟု သိကြရကုန်၏။ ဝိသာခါသည် ထိုနေ့၌ မြတ်စွာဘုရားရှင်သည် မြောက်မျက်နှာတံခါးသို့ ရှေးရှုကြွသွားတော်မူသည်ဟူ၍ ကြားသိသောကြောင့် လျင်စွာလိုက်သွား၍ ရှိသေမြတ်နိုး ရှိခိုးပြီးသော် ဘုန်းတော်ကြီးမြတ်တော်မူပေသော မြတ်စွာဘုရား အရှင်မြတ်သည် ဒေသစာရီ လှည့်လည်ကြွမြန်းတော်မူလိုယောင်တကားဟု လျှောက်၏။ ဘုရားကိုယ်တော်မြတ်က ဩော်ဟုတ်ပေ၏ ဝိသာခါဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤမျှလေးစက်ကုန်သေပ ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်၍ အရှင်မြတ်တို့ သီတင်းသုံးတော်မူရာဖြစ်သော ကျောင်းအာရာမ်ကို ဆောက်လုပ်ပြုစုပါသည်။ အရှင်ဘုရားသည် ကြွသွားတော်မမူဘဲ ဆုတ်နစ်ပြန်လည်တော်မူပါဟု လျှောက်၏။

အရှင်မောဂ္ဂလာန် စောင့်ရှောက်တော်မူခြင်း

ဝိသာခါ ငါဘုရားသည် မဆုတ်နစ်သော ကြွသွားခြင်း ရှိသတည်းဟု မိန့်တော်မူသော် ဝိသာခါသည် ဤသို့ ကြွသွားတော်မူရာ၌ အကြောင်း ဥပနိဿယ ကုသိုလ်အဆောက်အဦး ပြည့်စုံသော တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကို မြင်တော်မူပေလိမ့်မည်ဟု ကြံ၍ ထိုသို့ဖြစ်လျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပြုအပ် မပြုအပ် လျှောက်ပတ်သည် မလျှောက်ပတ်သည်ကို ကြည့်ရှုစိစစ်တတ်သော အရှင်မြတ်တစ်ပါးကို တပည့်တော်မအား သနားကယ်မတော်မူသောအားဖြင့် ဆုတ်နစ်ပြန်လည်တော်မူစေ၍ ကြွတော်မူပါဘုရားဟု လျှောက်ကြား၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဝိသာခါ အသင်သည် အကြင်ရဟန်းအား နှစ်သက်၏။ ထိုရဟန်း၏ သပိတ်ကို ယူလိုက်လေလော့ဟု မိန့်တော်မူသောအခါ ထိုဝိသာခါသည် စင်စစ်အားဖြင့် အရှင်အနန္ဒာ၌ မြတ်နိုးကြည်ညိုခြင်းရှိပေ၏။ ယင်းသို့ပင်မြတ်နိုး ကြည်ညိုခြင်း ရှိသော်လည်း အရှင်မောဂ္ဂလာန် မထေရ်သည် တန်ခိုးအာနုဘော် ကြီး၏။ ထိုအရှင်မောဂ္ဂလာန်ကို အမှီပြုရလျှင် အမှုကိစ္စသည် လျင်မြန်စွာ ပြီးပေလတ္တံ့ ဟုကြံ၍ အရှင်မောဂ္ဂလာန်မထေရ်၏ သပိတ်တော်ကိုယူ၍ အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားကို မော်၍ကြည့်ရှု၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သား မောဂ္ဂလာန် အသင်၏ အခြံအရံ ဖြစ်ကုန်သော ငါးရာတို့ကို ယူပြီး ဆုတ်နစ်ပြန်လည်လေလော့ဟု မိန့်တော်မူသဖြင့် အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရား မိန့်တော်မူတိုင်းကို ပြု၏။ ထိုအရှင်မောဂ္ဂလာန်၏ တန်ခိုး အာနုဘော်ဖြင့် ယူဇနာ ငါးဆယ် ခြောက်ဆယ်ရှိသော အရပ်တို့သို့ သစ်

အလှိုင်ငှါလည်းကောင်း၊ ကျောက်အလှိုင်ငှါ လည်းကောင်း သွားကုန်သည်ရှိသော် ကြီးကုန် ကြီးကုန်သော သစ် ကျောက်တို့ကို ယူ၍ ထိုနေ့၌ပင် ပြန်လာကြကုန်၏။ လှည်းထက်သို့ သစ် ကျောက်တို့ကို တင်ရာ၌ ပင်ပန်းခြင်းမည်သည် မရှိကုန်။ လှည်းဝင်ရိုး ကျိုးပျက်ခြင်း စသည်ဖြင့် တစ်စုံတစ်ရာ ချွတ်ယွင်းပျက်စီးခြင်း မည်သည် မရှိပေ။ မကြာမြင့်မီပင်လျှင် ဘုံနှစ်ဆင့်ရှိသော ပြာသာဒ်ကျောင်းကြီးကို ဆောက်လုပ်ကုန်၏။ အောက်ဖြစ်သော ဘုံအဆင့်၌ တိုက်ခန်းငါးရာ အထက်ဖြစ်သော ဘုံအဆင့်၌ တိုက်ခန်းငါးရာ အားဖြင့် ပြာသာဒ်သည် တိုက်ခန်း တစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်၏။

ရှစ်ပယ်မျှလောက်သောအရပ်၌ ဆောက်လုပ်သော ပြာသာဒ်ကျောင်းကြီးသည် တစ်ဆောင်တည်းဖြင့် မတင့်တယ်ဟုကြံ၍ ထိုပြာသာဒ် ကျောင်းကြီးကိုဝန်းရံပြီးသောအခါ ပြာသာဒ်ငယ် ငါးရာတို့ကိုလည်းကောင်း ကျောင်းငယ်ငါးရာတို့ကိုလည်းကောင်း ဇရပ်ရှည် ငါးရာတို့ကိုလည်းကောင်း ပြုစေ၏။ ထိုနောက် မြတ်စွာဘုရားရှင်သည် ကိုးလတို့ဖြင့် ဒေသစာရီ လှည့်လည်တော်မူ၍ တစ်ဖန် သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူလာ၏။ဝိသာခါ၏လည်း ကျောင်း ပြာသာဒ် ဆောက်လုပ်သော အမှုသည် ကိုးလတို့ဖြင့်သာလျှင် ပြီး၏။ ပြာသာဒ်အထွတ် ထုပိကာသည် နီမြန်းသော ရွှေစင် ရွှေနှစ်ဖြင့် ပြီးသဖြင့် ခြောက်ဆယ်သော ရေအိုးယူနိုင်လောက်သည်ကို ပြုစေ၏။ ဝိသာခါသည် ကျောင်းကိစ္စပြီးသည်နှင့် တစ်ပြိုင်နက် မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူလာသည်ဟု ကြားသိ၍ ခရီးဦးကြိုဆိုပြီးလျှင် မြတ်စွာဘုရားရှင်ကို မိမိ၏ကျောင်းသို့ဆောင်၍ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား... ဤမိုးလေးလပတ်လုံး သံဃာတော်တို့နှင့် တကွ ဤကျောင်း၌ သီတင်းသုံးတော်မူအံ့သော ပဋိညာဉ်ကို ပေးသနားတော်မူပါလော့ တပည့်တော်မသည် ကျောင်းပူဇော်ခြင်းကို ပြုပါအံ့ဟု ကြားလျှောက်သဖြင့် မြတ်စွာဘုရားရှင်သည် သည်းခံတော်မူ၏။ထိုအခါမှစ၍ ဝိသာခါသည် ဘုရားအစရှိသောသံဃာတော်တို့အား ကျောင်း၌သီတင်းသုံးစေတော်မူလျက် အလှူကို ပေးလှူစွန့်ကြဲ၏။ ထိုအခါ ဝိသာခါ၏ ခင်ပွန်းမဖြစ်သော ဒါယိကာမတစ်ယောက်သည် အဖိုးတစ်သိန်းထိုက်သော တစ်ခုသောကမ္ဗလာကို ယူလာ၍ အို အဆွေခင်ပွန်းမဖြစ်သော ဝိသာခါ....ငါသည် ဤကမ္ဗလာကို အသင်၏ ကျောင်းပြာသာဒ်၌မြေအခင်းမှုအဖြစ်ဖြင့်ခင်းလိုပါသည်။ခင်းဖို့ရာ အရပ်ဌာနတစ်ခုကို ငါ့အားညွှန်ကြားပြသပါလော့ဟုဆို၏၊ ဝိသာခါကလည်း အချင်း အဆွေမ ငါသည် ခင်းဖို့ရာ အရပ်မရှိဟုဆိုသည်ရှိသော် ငါ့အားအခွင့် မပေးလိုသောကြောင့် ပြောဆိုသည်ဟု အသင်မှတ်ထင် အောက်မေ့ပေလိမ့်မည်။ အသင်ကိုယ်တိုင် ပြာသာဒ်၏ နှစ်ဆင့်ကုန်သော ဘုံတို့ကို လည်းကောင်း တိုက်ခန်း တစ်ထောင်တို့ကို လည်းကောင်း

ကြည့်ရှုပြီး လစ်လပ်ကြွင်းကျန်သော နေရာ၌ခါနန္ဒ ခင်းပါလေလော့ဟု ဆို၏။

ထိုအဖော်မသည်လည်း အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာကို လက်၌ ကိုင်ယူလျက် ထိုထိုသို့သော ကျောင်းနေရာတို့ကို လှည့်ပတ်ကြည့်ရှုသည့် အခါ အပြည့်အကြပ်အားဖြင့် ခင်းထားအပ်သော ကမ္ဗလာတို့တွင် မိမိယူလာသော ကမ္ဗလာထက် အဖိုးနည်းသောကမ္ဗလာကို မမြင်သောကြောင့်ဤကျောင်း ပြာသာဒ်၌ ငါသည် ကောင်းမှုအဖို့ မရဘဲ ရှိချေအံ့ဟု နှလုံးမသက်သာခြင်းသို့ ရောက်သည်ဖြစ်၍ တစ်ခုသောနေရာ၌ ငိုကြွေး၍ ရပ်တည်နေ၏၊ ထိုအခါ အရှင်အာနန္ဒာသည် ငိုကြွေး၍နေသော ဒါယိကာမကို မြင်၍ အသင်သည် အဘယ် ကြောင့် ငိုကြွေး၍ နေသနည်းဟု မေးတော်မူသဖြင့် ထိုအကြောင်းကို ကြား လျှောက်၏။ မထေရ်ကသည်း ဒါယိကာမ မကြောင့်ကြလင့် ငါသည် အသင်၏ ကမ္ဗလာခင်းဖို့ရာ အရပ်ကို ညွှန်ပြ ပြောကြားအံ့ဟု မိန့်တော်မူပြီးသော် စောင်း တန်းရင်း ခြေဆေးရာအရပ်၏ အခြားမဲ့ဖြစ်သော ဤနေရာ၌ ခြေသုတ်ပုဆိုးပြု၍ ခင်းလေလော့၊ ရဟန်းတို့သည် ခြေကိုဆေးသောအခါ ရှေးဦးစွာ ထိုကမ္ဗလာ၌ ခြေကိုသုတ်၍အတွင်းသို့ ကြွဝင်ကုန်လတ္တံ့။ ဤသို့ ခင်းအပ်သည်ရှိသော် အသင် အား အကျိုးကြီးသည် ဖြစ်ပါလတ္တံ့ဟု မိန့်တော်မူ၏။

ဝိသာခါ၏ ကျောင်းတော်ပူဇော်ပွဲ

ထိုနေရာ၌ ဝိသာခါသည် အမွှတ်သညာကို မရ၍ ကြွင်းကျန်ရစ်ခဲ့သော နေရာပေတည်း၊ဝိသာခါသည် လေးလပတ်လုံးကျောင်း၏အတွင်း၌ ဘုရားအမှူး ရှိသော ရဟန်းသံဃာတော်အား အလှူကို ပေးလှူ၏၊ အဆုံးဖြစ်သောနေ့၌ ရဟန်းသံဃာတော်အား သင်္ကန်းလျာ ပုဆိုးကို ပေးလှူ၏။ သီတင်း အငယ်ဆုံးဖြစ်သော သံဃနဝကရဟန်း ရအပ်သော သင်္ကန်းလျာ ပုဆိုးသည် အဖိုးတစ်သိန်းထိုက်၏။ အလုံးစုံကုန်သော ရဟန်းတို့၏ သပိတ်တို့ကို ပြည့်စေ၍ ဆေးကိုလည်း ပေးလှူ၏။ ဤသို့အားဖြင့် အသီးသီးသော ဒါနဝတ္ထုကိုပြုစု လှူဒါန်းခြင်းသည် အသပြာကိုးကုဋေမျှ ကုန်၏။ ကျောင်းကို ဆောက်လုပ်ရန် မြေကို ဝယ်ယူခြင်းသည်လည်း ကိုးကုဋေပင် ကုန်၏။ ကျောင်းကိုဆောက်လုပ် ခြင်း၌လည်း ကိုးကုဋေပင် ကုန်ကျ၏၊ ကျောင်းတွင် ပူဇော်သဖြင့် ကိုးကုဋေ ကုန်ကျသည်ဖြစ်၍ နှစ်ဆယ့်ခုနစ်ကုဋေကုန်သော အသပြာတို့ကို မြတ်စွာဘုရား သာသနာတော်၌ စွန့်ကြဲလှူဒါန်းပေ၏။ မိန်းမ၏အဖြစ်၌ တည်လျက် မိစ္ဆာ ဒိဋ္ဌိ၏ အိမ်၌နေပြီး ဤသို့သဘောရှိသော စွန့်ကြဲလှူဒါန်းခြင်းသည် ဝိသာခါမှ တပါးသော တစ်စုံတစ်ယောက်မျှသော် မာတုဂါမသည် မရှိလေဟု ရင်းအဋ္ဌ ကထာ၌ မိန့်တော်မူ၏။

ဝိသာခါ သီဆိုကျူးရင့်သော ဥဒါန်းငါးဂါထာ

ထိုဝိသာခါသည် ကျောင်းပူဇော်ခြင်း၏ ပြီးဆုံးသောနေ့ ညချမ်းအခါ၌ သား သမီး မြေးအပေါင်း ခြံရံလျက် ငါသည် ရှေး၌ တောင့်တအပ်သော အလုံးစုံသည် အကုန်ပြီးဆုံး ပြည့်စုံခြင်းသို့ ငါ့အား ရောက်ရပေပြီဟု ကျောင်းပြာသာဒ်သို့ အစဉ်လှည့်လည်လျက် သာယာစွာသော အသံဖြင့် ဥဒါန်းဂါထာတို့ကို သီဆိုကျူးရင့်၏—

ကဒါဟံ ပါသာဒံ ရမ္မံ၊သုဓာမတ္တိကလေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊သင်္ကပ္ပေါ မယှ ပူရိတော။

ကဒါဟံ မဉ္စပီဌဉ္စ၊ ဘိသိဗိမ္ဗောဟနာနိ စ။
သေနာသနဘဏ္ဍံ ဒဿာမိ၊သင်္ကပ္ပေါ မယှ ပူရိတော။

ကဒါဟံ သလာကဘတ္တံ၊သုစိံ မံသူပသေစနံ။
ဘောဇနဒါနံ ဒဿာမိ၊သင်္ကပ္ပေါ မယှ ပူရိတော။

ကဒါဟံ ကာသိကံ ဝတ္ထံ၊ခေါမကပ္ပါသိကာနိ စ။
စီဝရဒါနံ ဒဿာမိ၊သင်္ကပ္ပေါ မယှ ပူရိတော။

ကဒါဟံ သပ္ပိနဝနီတံ၊မဓုတေလဉ္စ ဖာဏိတံ။
ဘေသဇ္ဇဒါနံ ဒဿာမိ၊သင်္ကပ္ပေါ မယှ ပူရိတော။

အဘယ်အခါ၌ ငါသည် ထုံး အင်္ဂတေ မြေညက်ဖြင့် လိမ်းကျံအပ်သော ပြာသာဒ်ကို ပြု၍ ဘုရားမြတ်စွာ သံဃာကိန်းအောင်း ကျောင်းအလှူကို ကြည်ဖြူရွှင်လန်း လှူဒါန်းရပါအံ့နည်း။ ဤသို့ ငါသည် ကြံစည်အပ်၏။ ငါ၏ အကြံသည် ပြည့်စုံပေပြီ။

အဘယ်အခါ၌ ငါသည် ညောင်စောင်း အင်းပျဉ်ကိုလည်းကောင်း၊ ဘုံလျှို ခေါင်းအုံးတို့ကိုလည်းကောင်း ကျောင်း၏အသုံးအဆောင် ဘဏ္ဍာကို ပြု၍ ကြည်ဖြူရွှင်လန်း လှူဒါန်းရပါအံ့နည်း ဤသို့ ငါသည် ကြံစည်အပ်၏။ ငါ၏ အကြံသည် ပြည့်စုံပေပြီ။

အဘယ်အခါ၌ ငါသည် စင်ကြယ်ထူးပြား ငါးအမဲဖြင့် ပြွမ်းထသော နံ့သာကြိုင်မွှေး သလေးထမင်းဟု ဆိုအပ်သော ဆွမ်းအလှူဒါနကို ပြု၍ ကြည်ဖြူရွှင်လန်း လှူဒါန်းရပါအံ့နည်း။ ဤသို့ ငါသည် ကြံစည်အပ်၏။ ငါ၏ အကြံသည် ပြည့်စုံပေပြီ။

အဘယ်အခါ၌ ငါသည် ဂါသိကရာဇတိုင်းဖြစ် ပုဆိုးကိုလည်းကောင်း ခေါမတိုင်းဖြစ် ပုဆိုး,ဝါချည် ပုဆိုးတို့ကိုလည်းကောင်း၊အဝတ်သက်န်းအလှူကို ပြု၍ ကြည်ဖြူ ရွှင်လန်း လှူဒါန်းရပါအံ့နည်း ဤသို့ ငါသည် ကြံစည်အပ်၏။ ငါ၏ အကြံသည် ပြည့်စုံပေ၏။

အဘယ်အခါ၌ ငါသည် ထောပတ်ဆီဦးကိုလည်းကောင်း ၊ ပျားရည် ဆီဦးကိုလည်းကောင်း၊ကာင်လဲကိုလည်းကောင်း၊ ဆေးအလှူကို ပြု၍ ကြည်ဖြူ ရွှင်လန်း လှူဒါန်းရပါအံ့နည်း ဤသို့ ငါသည် ကြံစည်အပ်၏။ ငါ၏ အကြံသည် ပြည့်စုံပေပြီ။

ရဟန်းအပေါင်းတို့သည် ထိုဝိသာခါ ဒါယိကာမ၏ဂါထာရွတ်ဆိုသောအသံကို ကြား၍ ဘုန်းတော်ကြီးတော်မူပေသော မြတ်စွာဘုရား တပည့်တော်တို့သည် ဤမျှလောက် ကြာမြင့်စွာသော ကာလပတ်လုံး သီတင်းသုံးနေကြသည်မှာ ဝိသာခါ ဒါယိကာမ၏ သီချင်းသီသော အသံမည်သည် တစ်ရံတစ်ခါမျှ မကြား မမြင်ဖူးပါ။ထိုဝိသာခါသည် ယနေ့အခါ များစွာကုန်သော သားသမီးမြေး မြစ်အပေါင်းတို့ဖြင့် ခြံရံပြီး သီချင်းကိုသီလျက် ကျောင်းပြာသာဒ်ကို အစဉ် လှည့်လည်ပါသည်၊ အသို့နည်း အရှင်ဘုရား ဝိသာခါအား သည်းခြေ ပျက်ပြားခြင်း ဖြစ်လေသလော၊သို့တည်းမဟုတ် ရူးသွပ်ခြင်းပင် ဖြစ်လေ သလောဟု ကြားလျှောက်ကုန်၏၊ မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ ငါ၏သမီးတော် ဝိသာခါသည် သီချင်းသီဆိုသည် မဟုတ်၊မိမိ၏ အလိုဆန္ဒ အဇ္ဈာသယသည် ပြည့်စုံသည်ဖြစ်၍ ယခုအခါ ငါ၏တောင့်တ ရည်ရွယ်ခြင်းသည် အပြီးအဆုံးသို့ ရောက်ပေပြီဟု နှစ်သက် ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ ဥဒါန်းကို ရွတ်ဆို ကျူးရင့်ပြီးလျှင် လှည့်လည်လေ သည်ဟု မိန့်တော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်အခါ၌ တောင့်တပန်ဆင်ခဲ့ပါသနည်းဟု ရဟန်းတို့က မေးလျှောက်လျှင် ချစ်သားရဟန်းတို့....နာလိုကုန်သလောဟု မိန့်တော်မူသဖြင့် နာကြားလိုပါ ကုန်သည် အရှင်ဘုရားဟု ရဟန်းတို့က ကြားလျှောက်သည်ရှိသော် မြတ်စွာ ဘုရားရှင်သည် အတိတ်ကို ဆောင်တော်မူ၏။

ကျောင်းအမကြီး ဝိသာခါ၏ရှေးဆုတောင်း

ချစ်သားရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဤဘဒ္ဒကပ်ကမ္ဘာမှ သင်္ချာ အရေအတွက် အထက်ကပ်တစ်သိန်းမြောက်၏ အထက်၌ ပဒုမုတ္တရမည်တော် မူသော လောကထွတ်ထား ဘုရားကိုယ်တော်မြတ်သည် သုံးရပ်သော လောက ဓာတ်၌ ဘုရားဖြစ်တော်မူ၏။ ထိုမြတ်စွာဘုရားရှင်သည် အနှစ်တစ်သိန်း

အသက်အပိုင်းအခြားရှိသော ကာလ၌ ဖြစ်တော်မူ၏။ ရဟန္တာတစ်သိန်း အခြံအရံ ရှိ၏၊ မြတ်စွာဘုရား ဖွားမြင်တော်မူသော မြို့သည် ဟံသာဝတီအမည် ရှိ၏၊ ခမည်းတော် မင်းကြီးသည် သုနန္ဒမင်း မည်တော်မူ၏။ မယ်တော် မိဖုရားကြီးသည် သုဇာတာမည်၏၊ ထိုပဒုမုတ္တရ မြတ်စွာဘုရား၏ မြတ်သော အလုပ်အကျွေးဖြစ်သော ဒါယိကာမ တစ်ယောက်သည် ဆုရှစ်ပါးတို့ကို တောင်းယူ၍ မိခင်၏ အရာ၌ တည်ပြီးလျှင် မြတ်စွာဘုရားရှင်ကို လေးအင်သော ပစ္စည်းတို့ဖြင့် လုပ်ကျွေးပြုစု သုတ်သင်ပေး၏၊ ညချမ်း နံနက် ချိန်နှစ်ချက်၌ မပျက်ကွက် စေသောအားဖြင့် ခစားလုပ်ကျွေးခြင်းငှာ သွားရောက်၏။ ထိုအခါ အဖော်ဖြစ်သော ဒါယိကာမ တစ်ယောက်သည် ထိုမြတ်စွာဘုရား အလုပ်အကျွေး ဒါယိကာမနှင့် အတူတကွ အမြဲမပြတ် ဘုရားကျောင်းတော်သို့ လိုက်ပါသွားရောက်၏။ ဘုရား၏ အလုပ်အကျွေးဖြစ်သော မိမိ၏ အဖော်မသည် ဘုရားနှင့်အတူတကွ ကျွမ်းဝင်သဖြင့် စကားပြောဆိုကြသည်ကို လည်းကောင်း အကျွမ်းဝင်သည်၏ အဖြစ်ကို လည်းကောင်း မြင်၍ အဘယ်သို့သော ကောင်းမှု၊ ကုသိုလ်ကံကို စီမံပြုစုခြင်းကြောင့် ဤသို့ မြတ်စွာဘုရား ကိုယ်တော်မြတ်တို့အား အကျွမ်းဝင်ခြင်း ဖြစ်လိမ့်မည်နည်းဟု ကြံ၍ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤဒါယိကာမသည် အရှင်ဘုရားတို့အား အဘယ်ကြောင့် အကျွမ်းဝင်ပါသနည်းဟု မေးလျှောက်၏၊ မြတ်သော အလုပ်အကျွေး ဖြစ်ပေသည်ဟု မြတ်စွာဘုရားက မိန့်တော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြုက အဘယ်မျှလောက် ကြာမြင့်အောင် ဆည်းပူးအားထုတ်ပြုလုပ်ပါက ဥပါသိကာမ· အလုပ်အကျွေးမြတ်၏ ဘဝကို ရနိုင်ပါသနည်းဟု မေးလျှောက်လျှင် ဘုရားရှင် ကိုယ်တော်မြတ်က ကမ္ဘာတစ်သိန်းကာလမျှ ပါရမီဖြည့်ကျင့်က ရသင့်ရထိုက်ပေသည်ဟု မိန့်တော်မူသော် တပည့်တော်မယခု အားထုတ်ရသည်ရှိသော် ရနိုင်ပါအံ့လောဟု မေးလျှောက်ပြန်သောအခါ သြော် ရခြင်းငှာ စွမ်းနိုင်ပါအံ့ဟု မြတ်စွာဘုရားက မိန့်တော်မူသဖြင့် ထိုသို့ဖြစ်လျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တစ်သိန်းသော သံဃာတော်တို့နှင့်တကွ တပည့်တော်မ၏ ဆွမ်းကို အလှူခံတော်မူပါကုန် ဘုရားဟု လျှောက်ကြားပင့်ဖိတ်၏၊ ဘုရားရှင် ကိုယ်တော်မြတ်သည်လည်း ဆိတ်ဆိတ် သည်းခံတော်မူ၏။

ပဒုမုတ္တရမြတ်စွာဘုရားဗျာဒိတ်ကြားတော်မူခြင်း

ထိုဒါယိကာမသည် ခုနစ်ရက် ပတ်လုံး ပေးကမ်းစွန့်ကြဲ လှူဒါန်း၍ အဆုံးဖြစ်သော နေ့၌ သင်္ကန်းလျာ ပုဆိုးတို့ကို လှူဒါန်းပြီးလျှင် မြတ်စွာဘုရား

ဖခြေတော်ရင်း၌ ရှိခိုးပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား.... တပည့်တော်မသည် ဤအလှူဒါန၏ အကျိုးဆက်ဖြင့် လောကီစည်းစိမ် အပေါင်းတို့တွင် အမှတ်မထင် အကြင် တစ်စုံတစ်ရာသော စည်းစိမ်ချမ်းသာကို ရပါစေကြောင်း တောင့်တရည်ရွယ်ခြင်းမရှိပါ၊ အရှင်မြတ်ကဲ့သို့ သဘော ရှိသော ဘုရားတစ်ဆူ၏ အထံတော်၌ ဆုမြတ်ရှစ်ပါးတို့ကို ရပြီး မိခင်၏ အရာ၌ တည်ပြီးလျှင်ပစ္စည်းလေးဖြာတို့ဖြင့် လှူဒါန်းလုပ်ကျွေးခြင်းငှာ စွမ်းနိုင်ကုန်သော သူတို့ထက် မြတ်သောအလုပ်အကျွေးသည် ဖြစ်ရပါလိုသော ဟူသောဆုတောင်း ခြင်းကို ဖြစ်စေ၏။ မြတ်စွာဘုရားရှင်သည် ပြည့်စုံလတ္တံ့လော၊ မပြည့်စုံ လတ္တံ့လော အနာဂတ်ကို ကြည့်ရှု ဆင်ခြင်တော်မူသည်ရှိသော် ပြည့်စုံ လတ္တံ့သည်ကို မြင်တော်မူ၍ ဥပါသိကာမ ဤကမ္ဘာမှလွန်မြောက် ကမ္ဘာ တစ်သိန်းရောက်သည့်အဆုံး၌ ဂေါတမဘုရားသည် ထင်ရှားဖြစ်ပေါ်လတ္တံ့။ ထိုအခါ အသင်သည် ဝိသာခါမည်သော ဒါယိကာမဖြစ်၍ ထိုဂေါတမဘုရား၏ အထံ၌ ဆုမြတ်ရှစ်ပါးတို့ကို ရ၍ မိခင်၏ အရာ၌ တည်ပြီး ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှင့် လုပ်ကျွေးရကုန်သော ဒါယိကာမတို့တွင် အထွတ်အမြတ်ဖြစ်ပေလတ္တံ့ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ၏။

ဥပါသိကာမသည်လည်း မြတ်စွာဘုရားမိန့်ကြားတော်မူသော စည်းစိမ် ချမ်းသာကို နက်ဖြန်ခါ၌ ရတော့မည်ကဲ့သို့ အောက်မေ့မှတ်ထင်၍ ထိုဘဝ၌ပင် အသက်ရှင်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုကို ဆည်ပူးပြုစု၍ ထိုဘဝမှ သေလွန်သည်ရှိသော် နတ်ပြည်၌ဖြစ်၍ နတ်ပြည် လူ့ပြည်တို့ဝယ် ကျင်လည် ခံစား၍ လာခဲ့ရာ ကဿပမြတ်စွာဘုရား ထင်ရှားပွင့်တော်မူသော အခါ၌ ကိကီမင်းကြီး၏ သမီးတော် ခုနစ်ယောက်တို့တွင် အငယ်ဆုံး သံဃဒါသီ အမည်ရှိသော မင်းသမီးဖြစ်၍ ခင်ပွန်းအရှင် ချစ်လင်၏နောက် တပါးသော အမျိုးသို့ သွားရောက်ရသည် ရှိသော်လည်း ထိုအစ်မတော်တို့နှင့် အတူတကွ သာလျှင် ကြာရှည်စွာသော နေ့ညဉ့်တို့ပတ်လုံး ဒါန အစရှိကုန်သော ကုသိုလ် ကောင်းမှုတို့ကို ပြုစုအားထုတ်၍ ကဿပမြတ်စွာဘုရား ခြေတော်ရင်း၌လည်း နောင်လာလတ္တံ့သော အနာဂတ်ဝယ် အရှင်မြတ်တို့ကဲ့သို့သော ဘုရားရှင်၏ မိခင်၏အရာ၌ တည်ပြီးလျှင် ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှင့် လုပ်ကျွေးကုန်သော ဒါယိကာမတို့တွင် အထွတ်အမြတ် ဖြစ်ရပါလို၏ဟူသော ဆုတောင်းကိုပြု၏။ ထိုဘဝမှစ၍ နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ပြေးသွား ခံစားလျက်သာ လာခဲ့ရာ ဤဘဝခန္ဓာကိုယ် အတ္တဘော၏ အဖြစ်၌ မေဏ္ဍကသေဋ္ဌေးကြီး၏သား ဓနဉ္စယသေဋ္ဌေး၏ သမီးအဖြစ်ဖြင့် ဖြစ်၍ ငါဘုရားသာသနာတော်၌ များစွာ ကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်လေ၏။

ချစ်သားရဟန်းတို့ ဤသို့ ပြအပ်ခဲ့ပြီးသော အစဉ်အတိုင်းအားဖြင့် ငါ၏ သမီးတော် ဝိသာခါသည် သီချင်းကို သီဆိုသည်မဟုတ်၊ တောင့်တ ပန်ဆင် အပ်သော ပတ္ထနာ ပြီးဆုံးပြည့်စုံသည်၏ အဖြစ်ကို မြင်သောကြောင့်သာ ဥဒါန်းကို ကျူးရင့်ခြင်း ဖြစ်လေသည်ဟု မိန့်တော်မူပြီး၍ တရားတော်ကို ဟောကြားလိုသောကြောင့် ချစ်သားရဟန်းတို့ ဥပမာမည်သည်ကား လိမ္မာ လှစွာသော ပန်းသည်သည် အထူးထူးအပြားပြားကုန်သော ပန်းတို့၏ ကြီးစွာ သော အစုကိုပြု၍ ထူးပြားအံ့ဖွယ် ဆန်းကြယ်သော ပန်းကုံးကို သီကုံး ပြုပြင်ဘိ သကဲ့သို့ ထိုအတူသာ ဝိသာခါသည်လည်း အထူးထူးအပြားပြား များစွာကုန် သော ကုသိုလ်ကောင်းမှုတို့ကို ပြုစုခြင်းငှာ စိတ်သည် ညွတ်လေ၏ဟု မိန့်ဆို တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၅၃။ ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ။
ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

ပန်းအစုမှ များစွာသော ပန်းကုံးတို့ကို ကျွမ်းကျင်လိမ္မာသော ပန်းသည် သည် ပြုသကဲ့သို့ ထိုအတူ မွေးဖွား၍ နှစ်မျော သေတတ်သော သတ္တဝါသည် ပစ္စည်းဥစ္စာ သဒ္ဓါပန်းအစုမှ များစွာသော ကုသိုလ်ပန်းကုံးကို ပြုလုပ်အပ်၏။

ထိုဂါထာ၌ ပုပ္ဖရာသိမှာ=ဟူသည် အထူးထူးအပြားပြား ရှိကုန်သော ပန်းတို့၏ အစုအပေါင်းမှ ဟူလို။

ကယိရာဟူသည်= ပြုရာ၏ ဟူလို။

မာလာဂုဏေဗဟူ-ဟူသည်= ပွင့်ညှာတဘက်ဆိုင် ပန်းကုံးစသည် အပြား ရှိကုန်သော အထူးထူးအပြားပြားရှိကုန်သော ပန်းကုံး အထူးတို့တည်း ဟူလို။

မစ္စေနဟူသည်=သေခြင်းသဘောရှိသည်၏ အဖြစ်ဖြင့် မစ္စဟူ၍ ရအပ်သော အမည်ရှိသော သတ္တဝါသည် သင်္ကန်းလှူခြင်းစသည် အပြားရှိသော များစွာ သော ကုသိုလ်ကို ပြုအပ်၏။

ထိုဂါထာ၌ ပုပ္ဖရာသိ ဟူသော သဒ္ဒါကို များစွာသော ပန်းအပေါင်းကို ပြခြင်းငှာ ဆိုအပ်၏၊ မှန်၏။ နည်းကုန်သော ပန်းတို့သည် ဖြစ်ကုန်အံ့ လိမ္မာ သော ပန်းသည်သည် များစွာသော ပန်းကုံးတို့ကိုလည်း သီခြင်း ကုံးခြင်းငှာ မတတ်နိုင်၊ မလိမ္မာသော ပန်းသည်သည်ကား နည်းသည်လည်း ဖြစ်ကုန်သော များသည်လည်း ဖြစ်ကုန်သော ပန်းတို့၌ ကုံးခြင်းငှာ မတတ်နိုင်သည်သာလျှင် တည်း။ များစွာကုန်သော ပန်းတို့သည် ရှိကုန်သည်ရှိသော် လိမ္မာသော အမြော်အမြင်နှင့် ပြည့်စုံသော အကြောင်း၌ လိမ္မာသော ပန်းသည်သည်

များစွာသော ပန်းကုံးတို့ကို ပြုသကဲ့သို့ ဤအတူသာလျှင် အချို့သောသူအား ယုံကြည်ခြင်းသည် နည်းသည် အကယ်၍ဖြစ်အံ့၊ ဥစ္စာစည်းစိမ် တို့သည်လည်း များစွာ အကယ်၍ ရှိကုန်သည် ဖြစ်အံ့၊ များစွာကုန်သော ကုသိုလ် တို့ကို ပြုခြင်းငှာ မတတ်နိုင်။ နဲ့သောယုံကြည်ခြင်းကြောင့်လည်းကောင်း၊ဥစ္စာတို့သည် နည်းကုန်သောကြောင့် လည်းကောင်း လှူခြင်းငှာ မတတ်နိုင်သည် သာလျှင် တည်း။

ယုံကြည်ခြင်း၏ ပြန့်ပြောခြင်းသည် ရှိသော်လည်းကောင်း၊ ပြန့်ပြောကုန် သော ဥစ္စာတို့သည် ရှိကုန်သော်လည်းကောင်း တတ်နိုင်၏။ ထိုသို့သဘော ရှိသည်သာလျှင် ဖြစ်သော ဝိသာခါ ဒါယိကာမသည် ရှိ၏။ ထိုဝိသာခါကို ရည်ရွယ်၍ ယထာ။လ။ကတ္တဗ္ဗံ ကုသလံ ဗဟုံ-ဟူ၍ ဤတရားဒေသနာတော်ကို ဟောအပ်၏။

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပန် အစရှိသည်တို့သည် ဖြစ်ကုန်၏။ လူအပေါင်းအား အကျိုးရှိသော တရား ဟောခြင်းသည် ဖြစ်၏။

ရှစ်ခုမြောက် ဝိသာခါ ဒါယိကာမကြီး ဝတ္ထု ပြီး၏။

၉- အာနန္ဒတ္ထေရပဉှာဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာ ဘုရားသည် သာဝတ္ထိမြို့၌ သီတင်းသုံးနေတော်မူစဉ် ရှင်အာနန္ဒာမထေရ်မြတ်၏ မေးလျှောက်အပ်သော အမေးပုစ္ဆာကို ဖြေဆိုတော်မူခြင်းကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသည်။

အရှင်အာနန္ဒာ၏အမေး

အရှင်အာနန္ဒာ မထေရ်သည် ညချမ်းသော အခါ၌ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ် ကိန်းအောင်းတော်မူပြီးသော အခါ ကြံဆင်ခြင်တော်မူသည်မှာ မြတ်စွာဘုရားရှင်သည် အနှစ်တည်းဟူသော အနံ့၊ အမြစ်တည်းဟူသော အနံ့ အပွင့်တည်းဟူသော အနံ့အားဖြင့် ဤအနံ့သုံးပါးတို့ကို မြတ်သောအနံ့တို့ဟူ၍ ဟောကြားတော်မူအပ်ကုန်၏။ ထိုအနံ့တို့သည် လေအောက်သို့သာ အစဉ် လျှောက်၍ သင်းပျံ့မွှေးကြိုင် လှိုင်စေနိုင်၏။ လေတင် လေညာသို့ တက်ကာ

မွှေးကြိုင် လှိုင်ခြင်းငှါ မစွမ်းနိုင်၊ အကြင်အနံ့သည် လေတင် လေညာသို့ လည်းကောင်း၊ လေအောက်သို့ လည်းကောင်း ပြေးရောက်ပျံ့ကြိုင် ရနံ့လှိုင်စေ နိုင်၏၊ ထိုသို့သော နံ့သာသည် ရှိပါအံ့လော။ ဤသို့သော အကြောင်းကို ငါသည် ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို လျှောက်ထားမေးမြန်းအံ့ဟု ကြံ၍ ထိုအာနန္ဒာသည် မြတ်စွာဘုရား သီတင်း သုံးတော်မူရာ အရပ်သို့ ချဉ်းကပ် ဝပ်တွားလျက် လျှောက်ကြား ပန်ဆင်သည် မှာ ဘုန်းတော်အလွန် ကြီးမြတ်တော်မူပေသော မြတ်စွာဘုရား လောက၌ ထင်ရှားရှိကုန်သော ဤနံ့သာသုံးပါးတို့သည် လေအောက်သို့သာ သင်းပျံ့ မွှေးကြိုင် လှိုင်သောရနံ့ကို ဖြစ်စေနိုင်ပါသည် လေတင်လေညာသို့ တက်ကာ မွှေးကြိုင်လှိုင်သော ရနံ့ကို မဖြစ်စေနိုင်ပါ၊ ထိုအနံ့သုံးပါးတို့ဟူသည် အဘယ်သည် တို့ပါနည်း ဟူမူကား အမြစ်တည်းဟူသော နံ့သာတစ်ပါး အနှစ်တည်းဟူသော နံ့သာတစ်ပါး အပွင့်တည်းဟူသော နံ့သာတစ်ပါး အားဖြင့် ဤသုံးပါးတို့တည်း။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုသုံးပါးကုန်သော အနံ့တို့သည် လေအောက်သို့သာ သင်းပျံ့ကြိုင်လှိုင်သော ရနံ့ရှိနိုင်ပါသည်။ လေတင် လေညာ သို့ ဆန်တက်၍ နှစ်သက်ဖွယ်ရာ နံ့သာသင်းကြိုင် လှိုင်စေနိုင်သည် မဟုတ်ပါ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အကြင်အနံ့သည် လေအောက်သို့ လည်းကောင်း၊ လေတင်လေညာသို့သော် လည်းကောင်း၊ လေအောက်လေညာ သို့သော် လည်းကောင်း သင်းပျံ့မွှေးကြိုင် လှိုင်စေနိုင်၏။ ထိုနံ့သာသည် လောက၌ ရှိပါအံ့လောဟု မေးလျှောက်၏။

မြတ်စွာဘုရား၏အဖြေ

မြတ်စွာဘုရား ကိုယ်တော်မြတ်က ထိုအမေးကို ဖြေဆိုတော်မူလိုသော ကြောင့် ချစ်သားအာနန္ဒာ အကြင်နံ့သာတို့သည် လေအောက်သို့သော် လည်းကောင်း၊ လေညာသို့သော် လည်းကောင်း လေအောက် လေညာသို့သော် လည်းကောင်း သင်းပျံ့မွှေးကြိုင် လှိုင်သောရနံ့ကို ရောက်စေနိုင်၏။ ထိုနံ့သာ တို့သည် အထင်အရှား ရှိပေကုန်၏ဟု ဝန်ခံ၍ မိန့်တော်မူလျှင် အရှင်အာနန္ဒာ မသေရိကာ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား လေအောက်သို့သော် လည်းကောင်း၊ လေညာသို့သော် လည်းကောင်း၊ လေအောက်လေညာသို့သော် လည်းကောင်း သင်းပျံ့ ရနံ့ မွှေးထုံနိုင်သော နံ့သာဟူသည် အဘယ် ပါနည်းဟု လျှောက်ကြားပြန်သော် မြတ်စွာကိုယ်တော်မြတ်က ချစ်သား အာနန္ဒာ အကြင်သို့သော မြို့ ရွာ၌ လည်းကောင်း နိဂုံး ဇနပုဒ်၌ လည်းကောင်း နေထိုင်သော ရှိသော မိန်းမသည် လည်းကောင်း ယောကျ်ားသည် လည်းကောင်း မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ဆည်းကပ်ခြင်းသို့ ရောက်၏ တရားတော်ကို

ဆည်းကပ်ခြင်းသို့ ရောက်၏ သံဃာတော်ကို ဆည်းကပ်ခြင်းသို့ ရောက်၏။ သူတစ်ပါး၏ အသက်ကို ပယ်ဖျက်ချသတ်ခြင်း တည်းဟူသော ပါဏာတိပါတမှ ကြဉ်ရှောင်၏။ အရှင်မပေးသော သူတစ်ပါး၏ ဥစ္စာကိုခိုးယူခြင်း တည်းဟူသော အဒိန္နာဒါနမှ ကြဉ်ရှောင်၏။ မသွားမရောက်အပ်သော ကာမဂုဏ်တို့၌ မှားသော အကျင့်ဖြစ်သော ကာမေသုမိစ္ဆာစာရမှ ကြဉ်ရှောင်၏။ မဟုတ်မမှန် ချွတ်ယွင်းသော စကားကို ပြောဆိုခြင်းတည်းဟူသော မုသာဝါဒမှ ကြဉ်ရှောင်၏။ သေအရက်ကို သောက်စာ ယစ်မူး မေ့လျော့ခြင်း၏ တည်ရာဖြစ်သော သုရာ-မေရယ မဇ္ဇပမာဒဋ္ဌာနမှ ကြဉ်ရှောင်၏။ သီလရှိ၏။ ကောင်းသော အကျင့်ရှိ၏။ ကင်းပျောက် ပယ်ရှားအပ်သော မစ္ဆရိယတည်းဟူသော အညစ်အကြေးရှိသော စိတ်ဖြင့် အိမ်ရာထောင်သော လူ့ဘောင်၌ နေ၏၊ လွတ်လွတ်စွန့်ကြဲသော စိတ်နှလုံးရှိသည်ဖြစ်၍ ဖြန့်အပ်သော လက်နှင့်တူသော သဘောရှိ၏။ ခွဲခြမ်းဝေဖန်၍ ပေးကမ်းလှူဒါန်းခြင်း၌သာ မွေ့လျော်လေ့ရှိ၏။

ထိုကဲ့သို့သော သမဏတို့သည် လည်းကောင်း၊ ဗြာဟ္မဏ တို့သည် လည်းကောင်း၊ ဤအမည်ရှိသော မြို့ ရွာ ဤအမည်ရှိသော နိဂုံးဇနပုဒ်၌ နေလေ့ရှိသော မိန်းမသည် လည်းကောင်း၊ ယောကျ်ားသည် လည်းကောင်း ဘုရား တရား သံဃာအားဖြင့် ရတနာသုံးပါးကို မှီဝဲဆည်းကပ်ခြင်းသို့ ရောက်ပေ၏။ ပါဏာတိပါတ စသော ငါးပါးကုန်သော ဂရုဓမ္မတို့မှ ကြဉ်ရှောင်ကုန်၏။ သီလရှိကုန်၏ စသည်တို့ဖြင့် ဂုဏ်ကျေးဇူးစကားတို့ကို များစွာ ချီးမွမ်းပြောကြားကုန်၏။ ထိုကဲ့သို့ သဘောရှိသော ပုဂ္ဂိုလ်ကို တန်ခိုးကြီးဒိဗ္ဗပါဒ် ကြီးမြတ်ကုန်သော နတ်များအပေါင်းတို့သည် ဤအမည်ရှိသော မြို့ ရွာ နိဂုံး ဇနပုဒ်၌ နေလေ့ရှိသော မိန်းမ ယောကျ်ားသည် သရဏဂုံသုံးပါး ဆည်းကပ်ခြင်းသို့ ရောက်၏ စသည်တို့ဖြင့် ဂုဏ်ကျေးဇူးစကားတို့ကို များစွာ ချီးမွမ်း ထောမနာ ပြောကြားကုန်၏။

ချစ်သား အာနန္ဒာ အကြင်သူအား ဤသို့ သဘောရှိသော သီလ စောင့်သုံးခြင်းစသည်ဖြင့် ချီးမွမ်းသည်ကို ခံရသော ရနံ့သည်သာ လေအောက် လေညာသို့ ရောက်လေသည်ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၅၄။ န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊
န စန္ဒနံ တဂရမလ္လိကာ ဝါ။
သတဉ္စ ဂန္ဓော ပဋိဝါတမေတိ၊
သဗ္ဗာ ဒိသာ သပ္ပုရိသော ပဝါယတိ။

၅၅။ စန္ဒနံ တဂရံ ဝါပိ၊
ဥပ္ပလံ အထ ဝဿိကီ။
ဧတေသံ ဂန္ဓဇာတာနံ၊
သီလဂန္ဓော အနုတ္တရော—

ပန်းရနံ့သည့် လေညာသို့ မရောက်နိုင်၊ စန္ဒကူးနံ့၊ တောင်ဇလပ်ပန်းနံ့၊ စံပယ်ကြက်ရိုးနံ့တို့သည် လေညာသို့ မရောက်နိုင်၊ သီလရနံ့သည် လေညာသို့ ရောက်၏၊ သူတော်ကောင်းတို့ အနံ့သည် အရပ်အားလုံးတို့သို့ ပျံ့နှံ့လိုင်၏။

စန္ဒကူးနံ့၊ တောင်ဇလပ်ပန်းနံ့၊ ကြာပန်းနံ့ မြလေး ကြက်ရိုး ပန်းနံ့တို့ ထက် သီလ အနံ့သည်သာ လွန်ထူးမြတ်၏။ စန္ဒကူးသည်လည်းကောင်း၊ တောင်ဇလပ်ပန်းသည်လည်းကောင်း၊ ကြာပန်းသည်လည်းကောင်း၊ ထိုမှတစ်ပါး မြတ်လေးကြက်ရိုး ပန်းသည်လည်းကောင်း ရှိ၏။ ထိုသို့ ပြအပ်ခဲ့ပြီးကုန်သော အနံ့မျိုးပေါင်းတို့ထက်။ သီလသီတင်း စောင့်သုံးခြင်း ရနံ့သည် လွန်ကဲထူးမြတ်ပေ၏။ ဝါ၊ အတုမရှိလေ။

ထိုဂါထာတို့၌ န ပုပ္ဖဂန္ဓောဟူသည်=တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပင်သည် အလျားအားဖြင့်လည်းကောင်း၊ အနံအားဖြင့်လည်းကောင်း၊ ယူဇနာတစ်ရာရှိ၏၊ ထိုပင်လယ်ကသစ်ပင်၏ အပွင့်တို့၏ အရောင်တို့သည် ယူဇနာ ငါးဆယ်တိုင်တိုင် ပျံ့နှံ့၏၊ အနံ့သည် ယူဇနာတစ်ရာတိုင်တိုင် ပျံ့နှံ့၏။ ထိုအနံ့သည် လေအောက်သို့သာ လိုင်၏၊ လေညာသို့ လက်ရှစ်သစ်မျှ မလိုင်နိုင်ပေ၊ ဤသို့သော ပန်းအနံ့သည် လေညာသို့ မရောက်ဟူလို။

စန္ဒနံဟူသည်=စန္ဒကူးအနံ့တည်းဟူလို။

တဂရမလ္လိကာဝါဟူသည်=ဤပန်းတို့၏လည်း အနံ့ကိုသာလျှင် ဒ္ဓလိုရှိအပ်၏။ အနှစ်၊ အညွန့်၊ စန္ဒကူးနီ၊ တောင်ဇလပ်၊ ကြက်ရိုးတို့၏ အနံ့သည် လေအောက်သို့သာလျှင် လိုင်၏။ လေညာသို့ မလိုင် ဟူလို။

သတဥ္စဂန္ဓောဟူသည်=သူတော်ကောင်း ဖြစ်ကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့၏သီလအနံ့သည်ကား လေညာသို့လိုင်၏။အဘယ်အကြောင်းကြောင့် လိုင်သနည်း–သူတော်ကောင်းသည် သီလအနံ့ဖြင့် အရပ်အားလုံးကို လွှမ်းမိုး၍ လိုင်သောကြောင့် ထိုသူတော်ကောင်း၏ သီလအနံ့သည် လေညာသို့ မရောက်ဟု မဆိုအပ်။ ထို့ကြောင့် ပဋိဝါတမေတိ-ဟူ၍ ဆိုအပ်ပြီ။

ဝဿိကီဟူသည်=မြတ်လေးပန်းတည်း ဟူလို။

ဓေတေသံဟူသည်=အနံ့မျိုးဖြစ်ကုန်သော ဤစန္ဒကူးစသည်တို့၏ အနံ့ထက် သီလရှိကုန်သော သူတော်ကောင်းတို့၏ သီလအနံ့သည် အတုမရှိမြတ်၏။ တုဘက်ကင်း၏။ ဟူလို –

ဒေသနာတော်၏ အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ် စသည် တို့သို့ ရောက်ကုန်၏။ ဒေသနာသည် လူအပေါင်းအား အကျိုးရှိ၏။

ကိုးခုမြောက် အာနန္ဒတ္ထေရပဉှာဝတ္ထု ပြီး၏။

၁၀။ မဟာကဿပတ္ထေရပိဏ္ဍပါတဒိန္နဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

အပ္ပမတ္တော အယံ ဂန္ဓော-အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာ ဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာကဿပ မထေရ်မြတ်အား ဆက်ကပ်လှူဒါန်းအပ်သော ဆွမ်းဒါနကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသည်။

အံ့ဖွယ်ဒါန

တစ်နေ့သောအခါ အရှင်မဟာကဿပမထေရ်သည် ခုနစ်ရက်ကိုလွန်မြောက် သဖြင့် နိရောဓသမာပတ်မှ ထတော်မူသည်ရှိသော် ရာဇဂြိုဟ်မြို့၌အိမ်စဉ်အတိုင်း ဆွမ်းခံခြင်းငှါ လှည့်လည်အံ့ဟု ထွက်ကြွတော်မူ၏။ ထိုခဏ၌ နတ်တို့ကို အစိုးရသော သိကြားမင်း၏ အခြွေအရံ အလုပ်အကျွေးဖြစ်ကုန်သော ခိုခြေ အဆင်းရှိကုန်သော နတ်သမီး ငါးရာတို့သည် မထေရ်အရှင်မြတ်အား ဆွမ်း အလှူကို ကြည်ဖြူရွှင်လန်း ဆက်ကပ်အံ့-ဟူသော အားထုတ်ခြင်း ရှိကုန် သည်ဖြစ်၍ ငါးရာမျှသောကုန်သော ဆွမ်းတို့ကို စီရင်ပြီးလျှင် ယူလာခဲ့၍ လမ်းခရီးအကြားက ဆီးကြိုတန့်ရပ်ပြီး လျှောက်ကြား တောင်းပန်ကြ ကုန်၏။ ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား နတ်၌ဖြစ်သော မွန်မြတ်သော ဤဆွမ်းဘောဇဉ်ကို အရှင်မြတ်တို့သည် သနားကြည်ဖြူ အလှူခံတော်မူပါကုန်လော့ အကျွန်ုပ်တို့အား လောကီ လောကုတ္တရာ နှစ်ပြာပွါးတိုး အကျိုးကြီးမြင့်အောင် ချီးမြှင့်တော်မူပါကုန်လော့ ဟု

လျှောက်ထား တောင်းပန်ကြကုန်လျှင် ရှင်မဟာကဿပ မထေရ်မြတ်က အသင်တို့သည် ဖဲသွားကြကုန်၊ ငါသည် ဆင်းရဲငြိုငြင် ပင်ပန်းနွမ်းနယ်သော သူတို့အား ချီးမြှင့်ခြင်းကို ပြုအံ့ဟု မိန့်တော်မူ၏၊ အရှင်ဘုရား တပည့်တော်မတို့ကို မပျက်ဆီးပါလင့် အရှင်ဘုရားသည် အလှူခံတော်မူပါ တပည့်တော်မတို့အား ချီးမြှင့်တော်မူပါကုန်ဟု နတ်သမီးတို့သည် ထပ်ကာထပ်ကာ တောင်းပန်သောအခါ၌ ရှင်မဟာကဿပမထေရ်သည် ထပ်ကာထပ်ကာ ပယ်မြစ်သော်လည်း နတ်သမီးတို့သည် ဖဲခွါ၍ မသွားလိုသောကြောင့် အသင်တို့သည် မိမိ၏ ပမာဏကို မသိကြလေကုန် ဖဲသွားကြကုန်လော့ဟု မိန့်တော်မူ၍ မထေရ်သည် လက်ဖျစ်ကို တီးခတ်တော်မူ၏၊ မထေရ်၏ လက်ဖျစ်တီးသံကို ကြား၍ နတ်သမီးငါးရာတို့သည် တုန်လှုပ်ထိတ်လန့်ခြင်း ရှိသဖြင့် မိမိ၏နေရာ၌ ရပ်တည်၍ နေခြင်းငှာ မစွမ်းနိုင်ရကား ပြေးလွှား တိမ်းရှောင်ပြီးသောအခါ နတ်ရွာဒေသ သိကြားမင်း ထံမှောက်သို့ ပြန်ရောက် တက်သွားကြသဖြင့် သိကြားမင်းက အသင်တို့ ဘယ်အရပ်သို့ သွားကြသနည်းဟု မေးသည်ရှိသော် အရှင်သိကြားမင်း၊ သမာပတ်မှ ထတော်မူလာသော အရှင်မဟာကဿပ မထေရ်အား ဆွမ်းလှူခြင်းငှာ သွားပါသည်ဟု လျှောက်လျှင် အသင်တို့ လှူရပါ၏လောဟု မေးသဖြင့် အရှင်သိကြားမင်း မထေရ်မြတ်က ခံယူတော်မူခြင်းငှာ အလိုမရှိပါဟု လျှောက်ပြန်သော် မထေရ်မြတ် က အဘယ်သို့မိန့်တော်မူသနည်းဟု မေးတော်မူပြန်လျှင် အရှင်သိကြားမင်း မထေရ်မြတ်က ဆင်းရဲငြိုငြင် ပင်ပန်းနွမ်းနယ်ကုန်သော သူတို့အား ချီးမြှင့်ခြင်းကို ပြုအံ့ဟု မိန့်တော်မူပါသည်ဟု လျှောက်၏။

သိကြားမင်းနှင့် သုဇာတာတို့ သူအိုအသွင်ဖန်ဆင်း၍ ဆွမ်းလှူဒါန်းကြခြင်း

အသင်တို့က အဘယ်သို့သောအသွင်ဖြင့် သွားရောက်ကြ ကုန်သနည်းဟု မေးမြန်းသဖြင့် အရှင်သိကြားမင်း၊ ဤနတ်၏အသွင်ဖြင့်သာ သွားရောက်ပါသည်ဟု လျှောက်သည်ရှိသော်၊ သိကြားမင်းသည် အသင်တို့ကဲ့သို့ သဘောရှိသော သူတို့သည် မထေရ်အား ဆွမ်းအလှူကို အဘယ်မှာလှူရပေအံ့နည်းဟု ပြောဆို၍ မိမိသည် ပေးလှူခြင်းငှာ အလိုရှိသည် ဖြစ်သောကြောင့် အိုမင်းကြီးရင့်လေပြီးသော ကျိုးသော သွားရှိသော ဖွေးဖွေးဖြူသော ဆံရှိသော နံရိုးကျဲတဲ တုန်လဲမတတ် တည့်မတ်အောင် မရပ်နိုင်သော ရက်ကန်းသည် အဘိုးအို၏ အသွင်ကို ပြုပြင် ဖန်ဆင်းပြီး၍ သုဇာဘာမည်သော နတ်မိဖုရားကိုလည်း ထိုသို့ သဘောရှိသော သူအိုမ၏ အသွင်ကို ပြုပြင် ဖန်ဆင်းလျက်

တစ်စုံသော ရက်ကန်းသည်တို့နေရာ ခရီးကို ဖန်ဆင်းပြီးသော်ရက်ကန်းချည်ကို ဖြန့်လျက်နေလေ၏။

ရှင်မဟာကဿပ မထေရ်သည်လည်း ဆင်းရဲငြိုငြင် ပင်ပန်းနွမ်းနယ်ကုန်သော သူတို့အား ချီးမြှင့်ခြင်းကိုပြုအံ့ဟု မြို့သို့ရှေးရှုကြွတော်မူလျက်မြို့၏အပ၌သာလျှင်ဖြစ်သော ထိုရက်ကန်းသည် လမ်းခရီးကိုမြင်၍ ကြည့်ရှုတော်မူသည်ရှိသော် ထိုနှစ်ဦးကုန်သော သူအိုခင်ပွန်းလင်မယားတို့ကို မြင်တော်မူလေ၏၊ ထိုခဏ၌ သိကြားမင်းသည် ရက်ကန်းကိုဖြန့်၍နေ၏၊ သုဇာတာသည် ရက်ဖောက်ကို လုံး၍နေ၏၊ ရှင်မဟာကဿပမထေရ်မြတ်သည် ကြံဆင်ခြင်တော်မူသည်မှာ ဤသူအိုလင်မယားတို့သည် အရွယ်ကြီးရင့်သော်လည်း အသက်မွေးပြုအမှုကိစ္စကို ပြုလုပ်ရကုန်၏။ ဤမြို့၌ ဤသူတို့ထက် သာလွန်ပိုမို၍ ဆင်းရဲငြိုငြင်ပင်ပန်းနွမ်းနယ်သောသူသည် မရှိယောင်တကား၊ ဤသူအိုလင်မယားနှစ်ယောက်တို့သည် တစ်ယောက်ချို တစ်မှုတ်မျှသော ဆွမ်းယာဂုဟင်းရွက်ပြုတ်မျှကို ခံယူသုံးဆောင်၍ ဤသူအိုလင်မယားတို့အား ချီးမြှင့်ခြင်းကို ပြုအံ့ဟု ကြံဆင်ခြင်တော်မူ၏။ ကြံဆင်ခြင်တော်မူပြီးသော် ရှင်မဟာကဿပမထေရ်မြတ်သည် ထိုသူတို့၏အိမ်တံခါးဝသို့ ရှေးရှု ကြွတော်မူလေ၏။

သိကြားမင်းသည် မိမိတို့ အိမ်နေရာသို့ ရှေးရှု ကြွတော်မူလာသော မထေရ်ကိုမြင်၍ သုဇာတာကို ချစ်နှမ ငါတို့၏ အရှင်မထေရ်သည် ဤလမ်းခရီးဖြင့်ကြွတော်မူလာ၏။ အသင်သည် မမြင်ဘိသကဲ့သို့ ဆိတ်ဆိတ်နေပါလော့ ထိုခဏဖြင့်သာလျှင် လှည့်ပတ်ပြီး ဆွမ်းကို ပေးလှူကုန်အံ့ဟု ဆို၏၊ မထေရ်သည်လည်း အစဉ်အတိုင်း ကြွတော်မူလာ၍ အိမ်တံခါး၌ ရပ်တန့်တော်မူ၏။ ထိုသူအိုသမီးခင်ပွန်းတို့သည်လည်း မမြင်ဘိသကဲ့သို့ ပြု၍ အနည်းငယ်ငံ့လင့်ကုန်၏ ထိုနောက်မှ သိကြားမင်းက ရှင်မငါတို့အိမ်တံခါးဝ၌ တစ်ဦးသော မထေရ်သည် ရပ်တည်၍ နေဘိသကဲ့သို့ ထင်၏၊ သွားရှုချေ စူးစမ်းကြည့်ရှု ပါချေလော့ဟု စေခိုင်း၏ အရှင်အသင်တို့သည် သွားချေက် စူးစမ်းကြည့်ရှုပါချေဟု တစ်ဖန်ပြန်ပြောသဖြင့် သူအိုအသွင် ဖန်ဆင်းအပ်သော သိကြားမင်းသည် အိမ်မှထွက်လာ၍ မထေရ်အားထိခြင်းငါးပါးတို့ဖြင့်ရှိခိုး၍ လက်နှစ်ဖက်တို့ဖြင့် ဒူးကိုထောက်အဘယ်မထေရ် ဖြစ်ပါလေသနည်း အဘယ်မထေရ် ဖြစ်ပါလေသနည်းဟုပြောဆိုညီးတွားပြီးလျှင် အတန်ငယ် အတန်ငယ်တွန့်တိုဆုတ်နစ်၍ သွားပြီးသော် မျက်စိတို့သည် သိမ့်ထိုင်းမှိုင်းတွေဝေလှသည် တကား ဟုဆို၍ နဖူးထက်၌ လက်ကိုတင်ထားပြီးလျှင် အထက်သို့မော့၍ ကြည့်ရှုပြီးသော် ဩော်-ဆင်းရဲလေစွတကား ငါတို့၏အရှင် ဖြစ်တော်မူသော ရှင်မဟာကဿပသည် ငါတို့၏အိမ်တံခါးဝသို့ မကြွတော်မူလာသည်ကား ကြာမြင့်လှပေပြီ ယခုကြွတော်

မူလာသည် တစ်စုံတစ်ခု ပေးကမ်းလှူဒါန်းဖွယ် ဖြစ်သော ပစ္စည်းဝတ္ထုသည် ရှိပါသလောဟုဆို၏။ သုဇာတာသည် အတန်ငယ်မွှေနှောက် ရှာဖွေဟန်ပြု၍ အရှင် ရှိပါ၏ဟု တုံ့ပြန်ပြောဆို၏။

သိကြားမင်းသည် ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား ခေါင်းပါး ရှုန့်ကြမ်းသည်ကိုလည်းကောင်း၊ မွန်မြတ်သည်ကို လည်းကောင်း မရေမတွက် မကြံစည်မူ၍ အကျွန်ုပ်တို့အား ချီးမြှင့်ခြင်းကို ပြုတော်မူပါကုန်လော့ ဟု လျှောက်၏။ သပိတ်ကိုယူ၍ မထေရ်ကလည်း ထိုသူတို့သည် ဟင်းရွက်ကုက် ရေကို ပေးလှူသည်မူလည်း ဖြစ်စေ၊ ဆန်ကျိုးဆန်ကွဲ ဖွဲနှင့်ရောလျှင်း ပုန်း ရည်ဟင်းကိုလည်း ပေးလှူသည်ဖြစ်စေ ငါသည် ထိုသူတို့အား ချီးမြှင့်ခြင်းကို ပြုအံ့ဟု ကြံတော်မူ၍ သပိတ်တော်ကို ပေးသနားတော်မူ၏။ ထိုသူအိုသည် အိမ်တွင်းသို့ဝင်၍ ထိုမှ ထမင်းဘောဇဉ်ကို ခူးထုတ် ယူငင်ပြီးလျှင် သပိတ်ကို ပြည့်စေ၍ မထေရ်၏လက်၌ တင်ထား၏။ ထိုဆွမ်းသည် များစွာကုန်သော လက်သုတ်ဟင်းလျာ ရှိသည်ဖြစ်၍ အလုံးစုံသော ရာဇဂြိုဟ်မြို့ကြီးကို အနံ့ဖြင့် လွှမ်းမိုးလေ၏။ထိုအခါမထေရ်သည် ဤယောကျ်ားအိုကြီးကားနည်းသော ဘုန်း ကံရှိ၏၊ ဆွမ်းသည်ကား ကြီးမြတ်သောသူတို့ သုံးဆောင်ရာဖြစ်ပေ၏။ ဤဆွမ်း သည်ကား သိကြားမင်း၏ ဘောဇဉ်နှင့်တူ၏။ အဘယ်သူနည်းဟုဆင်ခြင် တော်မူ၏။ ထိုသို့ဆင်ခြင်တော်မူသောအခါ သိကြားမင်းတည်းဟု သိတော်မူ၍ သိကြားမင်း အသင်သည် ဆင်းရဲပြိုငြင်ပင်ပန်းသောသူတို့၏စည်းစိမ်ချမ်းသာကို လုယက် ဖျက်ဆီးသဖြင့် ဝန်လေးသောအမှုကို ပြုပေ၏။ ယနေ့ငါ့အား အလှူ ဒါနကိုပေးလှူ၍ တစ်စုံတစ်ယောက်သည်သာ ဖြစ်သောဆင်းရဲ ငြိုငြင်ပင်ပန်း သောသူသည် စစ်သူကြီးအရာကိုသော်လည်းကောင်း၊ သေဌေးကြီး၏ အရာကို သော်လည်းကောင်းရပေ၏ဟု မိန့်တော်မူ၏။သိကြားမင်းက အရှင်ဘုရားတပည့် တော်ထက် ဆင်းရဲသူ မရှိပါဟု လျှောက်လျှင် အသင်သိကြားမင်းသည် နတ် ပြည်၌ နတ်အပေါင်းကို အစိုးရသော သိကြားနတ်မင်း၏ စည်းစိမ်ချမ်းသာကို ခံစား၍နေရပါလျက် အဘယ်အကြောင်းကြောင့် ဆင်းရဲသနည်းဟု မေးတော် မူသောကာလ အရှင်ဘုရား တပည့်တော်သည် နတ်တို့ကို အစိုးရသော သိကြားမင်းဖြစ်သော်လည်း ဘုရားပွင့်တော်မမူမီ သာသနာပ အခါ၌ ကုသိုလ် ကောင်းမှု ပြုစုအားထုတ်ရပါသည်၊ဘုရားပွင့်တော်မူရာအခါ၌ ကုသိုလ်ကောင်းမှု ပြု၍ နတ်အဖြစ်ကို ရခဲ့ကြကုန်သော စူဠရထနတ်သားသည် လည်းကောင်း၊ မဟာရထနတ်သားသည် လည်းကောင်း၊ အနေကဝဏ္ဏနတ်သားသည် လည်း ကောင်း ဤနတ်သား သုံးယောက်တို့သည် တပည့်တော်၏ အနီး၌ ဖြစ်ကြ ပါကုန်၏။ ကြီးကျယ်တောက်ပသော တန်ခိုးအာနုဘော် ကိုယ်ရောင်ရှိပါကုန်

သည်။ ထိုနတ်သားတို့သည် နက္ခတ်ကစားကုန်အံ့ဟု အလုပ်အကျွေး အခြွေအရံတို့ကိုယူပြီး ခရီးမသို့ သက်ကုန်သည်ရှိသော် တပည့်တော်သည် ပြေးသွားပြီး တိုက်ခန်းသို့ဝင်၍ ပုန်းအောင်း ရပါသည်။ ထိုနတ်သားတို့၏ ကိုယ်မှဖြစ်သော ကိုယ်ရောင်သည် တပည့်တော်၏ ကိုယ်ရောင်ကို လွှမ်းမိုးနိုင်ပါသည်။ တပည့်တော်၏ ကိုယ်မှထွက်သော ကိုယ်ရောင်သည် ထိုနတ်သားတို့၏ ကိုယ်ရောင်ကို မလွှမ်းမိုးနိုင်ပါ၊ အရှင်ဘုရား တပည့်တော်ထက် ဆင်းရဲသူသည် အဘယ်မှာ ရှိအံ့နည်းဟု လျှောက်၏။

ရှင်မဟာကဿပ မထေရ်မြတ်က ဒကာတော် သိကြားမင်း ဤသို့ပင် ဖြစ်သော်လည်း ဤနေ့ ဤအခါမှစ၍ နောက်နောင်သောအခါ၌ ငါ့အား ဤသို့သော လှည့်ပတ်ပေးလှူခြင်းကို မပြုပါလေလင့်ဟု မိန့်တော်မူ၏၊ သိကြားမင်းက အရှင်ဘုရား အရှင်မြတ်တို့အား လှည့်ပတ်ပေးလှူသော အလှူဒါန၌ တပည့်တော်တို့အား ကုသိုလ်ကောင်းမှုသည် ရရှိပါအံ့လော၊ မရမရှိဘဲပင်ရှိအံ့လောဟု မေးလျှောက်ပြန်လျှင် ဒါယကာ သိကြားမင်း ကောင်းမှု ကုသိုလ်ကို မူကား ရရှိပါ၏ဟု မိန့်တော်မူသော် ဤသို့ဖြစ်ခဲ့လျှင် ကုသိုလ် ကောင်းမှုကို ပြုစုအားထုတ်ခြင်းမည်သည် ဒကာတော်၏ ဝန်ပါဘုရားဟု လျှောက်ကြား၍ သိကြားမင်းသည် မထေရ်ကို ရှိခိုးပြီးလျှင် သုဇာတာကို ခေါ်ယူ၍ မထေရ်ကို လက်ယာရစ် လှည့်သည်ကို ပြု၍ ကောင်းကင်သို့ တက်ကြွပြီးသော် ငါသည် ပေးကမ်းလှူဒါန်းအပ်သော ဒါနသည် ဩော်-အံ့ဖွယ်ရှိလေစွတကား။ အလွန်အကြူး အထူး ကောင်းမြတ်သော ဒါနကို ခုတင် ၁၃-ပါး ပဋိပတ်ကို မပြတ်ဖြည့်ဆောင်သော ဘုန်းရောင်တောက်ပ ရှင်မဟာကဿပ၌ တည်စေအပ်ပေပြီဟု-သုံးကြိမ်တိုင်အောင် ဥဒါန်းကျူးရင့်လျက် ကောင်းကင်သို့ တက်ပြီး မိဒိစ်ရာတာဝတ ံသာနတ်ပြည်သို့သွား၏။ မြတ်စွာဘုရားရှင်သည် ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် သာလျှင် ထိုသိကြားမင်း၏ ဥဒါန်းကျူးရင့်သော အသံကိုကြား၍ ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင် ချစ်သားရဟန်းတို့ ကြည့်ရှုကြကုန်လော့၊ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ဥဒါန်းကို ကျူးရင့်လျက် ကောင်းကင်သို့ သွားလေဘိသည်ဟု မိန့်တော်မူ၏၊ ရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုသိကြားမင်းသည် အဘယ်ကြောင့် ဥဒါန်း ကျူးရင့် ပါသနည်းဟု မေးလျှောက်လေလျှင် ချစ်သားရဟန်းတို့ ထိုသိကြားမင်းသည် လှည့်ပတ်ပြီး ငါ၏သားတော် ကဿပအား ဆွမ်းကို ပေးလှူ၏၊ ဆွမ်းကိုပေးလှူပြီး၍ ဝမ်းမြောက် ဝမ်းသာသော စိတ်ရှိသည်ဖြစ်၍ ဥဒါန်းကို ကျူးရင့်လျက် သွားလေဘိသည်ဟု မိန့်တော်မူသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်မြတ်သည် အဘယ့်ကြောင့် သိအပ်ပါသနည်းဟု မေးလျှောက်ပြန်သော် ချစ်သားရဟန်းတို့ ငါ၏သားတော်

နှင့်တူသော အိမ်စဉ်မပြတ် ဆွမ်းရပ်ခံသော ပိဏ္ဍပါတိက ပုဂ္ဂိုလ်ကို နတ်တို့သည်လည်းကောင်း, လူတို့သည် လည်းကောင်း ချစ်မြတ်နိုး ကုန်သည်လျှင်ကတည်းဟု မိန့်တော်မူပြီး၍ ဥဒါန်းကို ကျူးရင့်တော်မူ၏–

ပိဏ္ဍပါတိကဿ ဘိက္ခုနော၊ အတ္တဘရဿ အနညပေါသိနော၊

ဒေဝါ ပိဟယန္တိ တာဒိနော၊ ဥပသန္တဿ သဒါ သတီမတော–

ဟူသော ဥဒါန်းကို ကျူးရင့်တော်မူ၏။

မိမိကိုယ်ကို လုပ်ကျွေးမွေးမြူထသော သူတစ်ပါးမမွေးမြူ အပ်ထသော ဆွမ်းခံ လှည့်လည်ထသော ကိလေသာမှ ငြိမ်းပြီးသည်ဖြစ်၍၊ ဝါ၊ ငြိမ်းထသော အခါခပ်သိမ်း အမြဲမပြတ် ဆောက်တည်အပ်သော ထိုသို့သဘောရှိသော။ ဝါ၊ တာဒိဂုဏ်နှင့် ပြည့်စုံသော။ သတိရှိထသော ရဟန်းအား တန်ခိုးကြီးပါဒ် လွန်ထူးမြတ်သော နတ်တို့သည်လည်း သဒ္ဒါကြည်ညို ရှိသေ ချစ်မြတ်နိုးကုန်၏။

မြတ်စွာ ဘုရားရှင်သည် ဤသို့သော ဥဒါန်းကို ကျူးရင့်တော် မူပြီး၍ ချစ်သား ရဟန်းတို့ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ငါဘုရား သားတော်ဖြစ်သော ကဿပ၏ သီလတည်းဟူသော အနံ့ကြောင့် လာရောက်ပြီးလျှင် ဆွမ်းအလှူကို ကြည်ဖြူရွှင်လန်း လှူဒါန်းပေးကမ်းခြင်းကို ပြုလေသတည်းဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏–

၅၆။ အပ္ပမတ္တော အယံ ဂန္ဓော၊ ယွာယံ တဂရစန္ဒနံ။
ယော စ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော–

တောင်ဇလပ်ပန်း စန္ဒကူးနံ့သည် အနည်းငယ် အတိုင်အရှည်ရှိ၏၊ သီလရှိသူတို့၏ အနံ့ကား ထူးကဲလွန်မြတ်၏၊ နတ်ပြည်ပြဟ္မာ့ပြည်တို့၌ ပျံ့နှံ့လှိုင်၏။

ထိုဂါထာ၌ အပ္ပမတ္တောဟူသည်=အနည်းငယ်သာတည်းဟူလို။

ယော စ သီလဝတံဟူသည်=သီလအနံ့သည် တောင်ဇလပ်ပန်း၊ စန္ဒကူးနံ့တို့ကဲ့သို့ အနည်းငယ်မဖြစ်၊ အလွန်မြတ်၏၊ ပျံ့နှံ့၏။ ထိုအကြောင်းကြောင့်လျှင် ဒေဝေသု ဥတ္တမောဟူ၍ဆို၏ ဟူလို။

ဝါတိ ဒေဝေသု ဥတ္တမောဟူသည်=မြတ်သည်ဖြစ်၍ နတ်ပြည် တို့၌လည်းကောင်း၊ လူ့ပြည်တို့၌ လည်းကောင်း၊ အလုံးစုံသောအရပ်သို့လျှင် လှိုင်၏၊ လွှမ်းမိုးလျက် ရောက်၏ ဟူလို။

ဒေသနာတော်၏အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။ ဒေသနာသည် လူအပေါင်းအား အကျိုးရှိ၏။

ဆယ်ခုမြောက် မဟာကဿပတ္ထေရပိဏ္ဍပါတဒိန္နဝတ္ထု ပြီး၏။

၁၁—ဂေါဓိကမထေရ် ပရိနိဗ္ဗာန် ပြုခြင်းဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

တေသံ သမ္ပန္နသီလာနံ·အစရှိသော ဤတရားဒေသနာတော်ကိုဘုရားရှင်သည် ရာဇဂြိုဟ်မြို့ကို မှီ၍ ဝေဠုဝန်ကျောင်း၌ ကိန်းအောင်း စံပယ်တော်မူစဉ် ဂေါဓိကမထေရ်၏ ပရိနိဗ္ဗာန် စံယူတော်မူသည်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသည်။

ဂေါဓိကမထေရ်၏ အကြံတော်

ထိုအရှင်ဂေါဓိက မထေရ်သည် ဣသိဂိလိတောင်၏ နံပါးဖြစ်သော မျက်စဉ်းညိုရောင် ပြောင်ပြောင်တောက်ပသော ကျောက်ဖျာတစ်ခုထက်၌ သီတင်းသုံးတော်မူလျက် မမေ့မလျော့ ပြင်းစွာ အားထုတ်အပ်သော လုံ့လဝီရိယဖြင့် ကေဝတာ သမာဓိဈာန်တရားသို့ ရောက်စေပြီး၍ တစ်ယောက် ထီးတည်း လျောင်းအိပ်လျက် မထမလှန် မပြန်နိုင်သော ရောဂါဝေဒနာ၏ အစွမ်းဖြင့် ရအပ်သော ဈာန်မှ ယုတ်လေ၏၊ ဤနည်းအတူသာလျှင် ဈာန်ကို ဖြစ်စေ၍ ခြောက်ကြိမ်တိုင်တိုင် ဈာန်မှ ယုတ်၏၊ ခုနစ်ကြိမ်မြောက်၌ ဈာန်ကိုဖြစ်စေ၍ ကြံဆင်ခြင် တော်မူသည်မှာ ငါသည် ခြောက်ကြိမ်တိုင်တိုင် ရအပ်ပြီးသော ဈာန်မှ ယုတ်ခဲ့၏။ ယုတ်သော ဈာန်ရှိသည်ဖြစ်၍ ပကတိသော အဖြစ်ဖြင့် သေလွန်ကွယ်ပျောက် စုတိချုပ်ငြိမ်းခြင်းသို့ ရောက်ရသည်ရှိသော် လားရာဂတိ ချွတ်လွဲ၍ မမြဲသည်သာ အမှန်စင်စစ် ဖြစ်မေအံ့သည်။ ယခု ခုနစ်ကြိမ်မြောက် ဈာန်သို့ ရောက်သည့်အခါ လက်နက်ကို ရှာဖွေယူဆောင်၍ မိမိ၏ ကိုယ်ကို မိမိ သတ်ဖြတ်၍ သေတော့အံ့ဟု ကြံပြီးလျှင် ဆံရိတ်သော ဓားငယ်ကို ကိုင်ယူ၍ လည်ချောင်းကို လှီးဖြတ်ခြင်းငှာ ညောင်စောင်း၌ လျောင်းအိပ်၏။

မာရ်နတ်သားကား မြတ်စွာဘုရားအား လျှောက်ထားခြင်း

ဝသဝတ္တီနတ်ပြည်၌ စံနေသော မာရ်နတ်မင်းသည် ထိုဂေါဓိက မထေရ်မြတ်၏ စိတ်အကြံတော်ကိုသိ၍ ဤရဟန်းသည် လက်နက်ကို ဆောင်ယူ ကိုင်ငင်ပြီး မိမိကိုယ်ကို မိမိသတ်ခြင်းငှာ အားထုတ်၏။ ဤသို့ဆောင်ယူ အားထုတ်

သည်ရှိသော် အသက်၌ ငဲ့ကွက် တွယ်တာ ညှာတာခြင်း မရှိမူ၍ ဝိပဿနာတို့ကို ပွားများ ထင်စေပြီး အရဟတ္တဖိုလ်သို့ ရောက်ပေလတ္တံ့။ အကယ်၍ ငါသည် ထိုရဟန်းကို သွား၍ တားမြစ်အံ့၊ ငါ၏စကားကို နာယူခြင်း မပြုဘဲ ရှိပေလိမ့်မည်။ မြတ်စွာဘုရားရှင် ကိုယော်မြတ်ကို မြင်စေအံ့ဟု ကြံပြီးလျှင် ထိုမာရ်နတ်သားသည် မထင်ရှားသော အသွင်ဖြင့် မြတ်စွာဘုရားရှင်သို့ ချဉ်းကပ်၍–

မဟာဝီရ မဟာပည၊ ဣဒ္ဓိယာ ယသသာ ဇလ။
သဗ္ဗဝေရဘယာတီတ၊ ပါဒေ ဝန္ဒာမိ စက္ခုမ။

သာဝကော တေ မဟာဝီရ၊ မရဏံ မရဏာဘိဘူ။
အာကင်္ခတိ စေတယတိ၊ တံ နိသေဓ ဇုတိန္ဓရ။

ကထံ ဟိ ဘဂဝါ တုယှံ၊ သာဝကော သာသနေ ရတော။
အပ္ပတ္တမာနသော သေက္ခော၊ ကာလံ ကယိရာ ဇနေ သုတာ။

ကြီးသောလုံ့လ ဥဿာဟ ဝီရိယ ရှိတော်မူထသော ကြီးမြတ်သော ဘုန်းကျက်သရေသော် ရှိတော်မူထသော တန်ခိုးတော်ဖြင့် လည်းကောင်း၊ မြတ်သောအခြံအရံဖြင့်လည်းကောင်း ပန်းကျင်ပတ်ကုံး အဆုံးမရှိသော အရပ်ဌာန၌ ထွန်းလင်းတောက်ပတော်မူထသော၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော ရန်ဘေးတို့မှ ကင်းဝေး လွန်မြောက်တော်မူပြီးထသော၊စက္ခုငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ရှင်တော်ဘုရား၏ ရွှေစက်ပဒုံ ခြေတော်စုံတို့ကို တပည့်တော်သည် ပူဇော်မြတ်နိုး ရှိခိုးပါ၏။

ကြီးမြတ်သောလုံ့လ ဥဿာဟ ဝီရိယရှိတော်မူသော မြတ်စွာဘုရား ရှင်တော်မြတ်ဘုရား၏ သားတော်မြတ်ဖြစ်သော အရှင်ဂေါဓိကသည် သေခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ သေခြင်းကို တောင့်တဘိ၏။ သေခြင်း၌ စေ့ဆော်ဘိ၏။ အရောင်အပေါင်းကို ဆောင်တော်မူသော မြတ်စွာဘုရား.... ထိုသို့ သေခြင်းကို တောင့်တ စေ့ဆော်ဘိသည်ကို အရှင်မြတ်ဘုရားသည် တားမြစ် ပိတ်ပင် ကန့်ကွက်တော်မူပါလော့။

သတ္တဝါအပေါင်းတို့၌ ထင်ရှားကျော်စောတော်မူသော ဘုန်းတော်ကြီးတော်မူပေသော မြတ်စွာဘုရား ရှင်တော်ဘုရား၏ ဆုံးမဩဝါဒ သာသနာတော်၌ မွေ့လျော်ပျော်ပိုက်လျှပါသော ဤကဲ့သို့သဘောရှိသောသာဝကသည်သေက္ခသာ

ဖြစ်လျက်အရဟာတ္တဖိုလ်ကို မရောက်သေးဘဲ သေလွန်ခြင်းကို ပြုရမည့်အရာသည် အဘယ်မှာသင့်လျော် လျောက်ပတ်ပါအံ့နည်း၊ အလွန်ပင် မသင့်လျော်ပါဟု လျှောက်ကြား၏။

အရှင်ဂေါဓိကမထေရ် ပရိနိဗ္ဗာန်ပြုခြင်း

ထိုသို့ မာရ်နတ်သားသည် မြတ်စွာဘုရားအား လျှောက်ထားစဉ်ခဏ၌သာလျှင် အရှင်ဂေါဓိကမထေရ်သည်လည်း လက်နက်ကို ကိုင်ဆွဲဆောင်ယူသတည်း။ မြတ်စွာဘုရားကိုယ်တော်မြတ်သည် ဤလျှောက်သားလာသော သူသည်ကား မာရ်နတ်သားတည်းဟု သိ၍ ဤဂါထာကို မိန့်တော်မူ၏—

ဧဝံ ဟိ ဓီရာ ကုဗ္ဗန္တိ၊ နာဝကင်္ခန္တိ ဇီဝိတံ။
သမူလံ တဏှမဗ္ဗုယှ၊ ဂေါဓိကော ပရိနိဗ္ဗုတော။

ခြောက်ဘုံစိုးအုပ် နတ်ယုတ်မိစ္ဆာ ပါပိမာ ပညာရှိတို့မည်သည်ကား ဤသို့သော သဘောရှိသည်ကို ပြုတတ်ကုန်၏။ တဏှာရာဂကိလေသာ ထွေးယှက်ပြီး မိမိ၏ ဇီဝိတိန္ဒြေအသက်သည် မပျက်မကွက် မချွတ်လွဲ အမြဲတာရှည် တည်နေရသည်ကို မတောင့်တကုန်။ ဘဝအသွယ်သွယ်၌ မြေးတွယ်ကျင်လည် စေတတ်သော အမြစ်နှင့်တကွသော တဏှာတရားကို ပယ်ရှားဖြုတ်တောက်ပြီးသည်ဖြစ်၍ ငါ၏သားတော် ဂေါဓိကသည် ပရိနိဗ္ဗာန်ပြုလေပြီ ဟုမိန့်တော်မူ၏။

ဤသို့မိန့်တော်မူပြီးမှ မြတ်စွာဘုရားရှင်သည် များစွာကုန်သောရဟန်းတို့နှင့် တကွ ဂေါဓိကမထေရ်၏ လက်နက်ကို ကိုင်စွဲလျက် လျောင်းအိပ်ရာ ဖြစ်သော အရပ်သို့ ကြွလာတော်မူခဲ့၏၊ ထိုခဏ၌ ယုတ်မာညစ်ညမ်းသော သဘောရှိသော မာရ်နတ်သားသည်လည်း အဘယ်အရပ်၌ ဤဂေါဓိကမထေရ်၏ပဋိသန္ဓေ ဝိညာဉ်သည် တည်နေလေသနည်းဟု ကြံ၍အခိုးအစုကဲ့သို့လည်းကောင်း၊အမိုက်အစုကဲ့သို့လည်းကောင်းဖြစ်၍ အလုံးစုံကုန်သော အရပ်မျက်နှာတို့၌လှည့်ပတ်ပြေးသွား၍ မထေရ်၏ဝိညာဉ်ကို ရှာမှီး၏။

မြတ်စွာဘုရားရှင်သည် အခိုးအမိုက်တိုက်ကဲ့သို့ဖြစ်၍ ရှာဖွေသော ထိုမာရ်နတ်သားကို ပြတော်မူ၍ ချစ်သားရဟန်းတို့ ယုတ်မာသောသဘောရှိသော မာရ်နတ်သားသည် ဂေါဓိက အမျိုးကောင်းသား၏ဝိညာဉ်ကို ရှာမှီး၍ နေလေသတည်းဟု မိန့်တော်မူလျှင် ရဟန်းအပေါင်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဂေါဓိကအမျိုးကောင်းသား၏ ဝိညာဉ်သည် အဘယ်အရပ်၌ တည်ပါလေသနည်းဟု မေးလျှောက်ကြသဖြင့် ချစ်သားရဟန်းတို့ ဂေါဓိက အမျိုးကောင်းသားသည် ဝိညာဉ်တည်နေခြင်းမရှိသဖြင့် ပရိနိဗ္ဗာန်ပြုလေပြီဟု မိန့်တော်မူ၏။

မာရ်နတ်သား မေးလျှောက်ခြင်း

မာရ်နတ်သားသည်လည်း ဂေါဓိကမထေရ်၏ ဝိညာဉ်တည်ရာ ဌာနကို မြင်ခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ သတ္တိသားငယ်၏ အသွင်ကို ပြုပြင်ဖန်ဆင်းပြီးသောအခါ ဝါးမှည့်ကဲ့သို့ ဖျော့တော့သော အဆင်းရှိသော စောင်းကို လက်စွဲယူဆောင်ပြီးလျှင် မြတ်စွာဘုရားရှင် အထံသို့ ချဉ်းကပ်၍ ဤဂါထာဖြင့် မေးလျှောက်၏–

ဥဒ္ဓံ အဓော စ တိရိယဥ္စ၊ ဒိသာ အနုဒိသာ သွဟံ။
အန္ဝေသံ နာဓိဂစ္ဆာမိ၊ ဂေါဓိကော သော ကုဟိံ ဂတော။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အထက်အဖို့ အောက်အဖို့ ဖီလာဖြစ်သော အရပ် တူရူမျက်နှာ ဖြစ်သောအရပ် အထောင့်မျက်နှာဖြစ်သော အရပ်တို့၌ အကျွန်ုပ်သည် ဂေါဓိကမထေရ်ကို လှည့်ပတ်ဖွေရှာပါသော်လည်း တစ်စုံတစ်ရာမျှ မတွေ့မြင်ရပါ၊ မြတ်စွာဘုရား ထိုဂေါဓိကမထေရ်သည် အဘယ် အရပ်၌ ဖြစ်ပါလေသနည်း၊ အဘယ်အရပ်သို့ ကပ်ရောက်ပါလေသနည်းဟု မေးလျှောက်၏။

မြတ်စွာဘုရားရှင် ဖြေကြားတော်မူခြင်း

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ထိုအမေးကို ဖြေလိုသောကြောင့် ဤဂါထာတို့ကို မိန့်တော်မူ၏–

ယေသံ သီလာနိ သမ္ပန္နာ၊ အပ္ပမာဒဝိဟာရိနံ။
အပဟာရဏ္ဍံ အနုယုဥ္ဇ၊ ဇီဝိတံ အနိကာမယံ။

ဧတာဒိသာ မစ္စုနော သေနံ၊ အနာဂန္တွာ ပုနဗ္ဘဝံ။
သမူလံ တဏှမဗ္ဗုယှ၊ ဂေါဓိကော ပရိနိဗ္ဗုတော။

မာရ်နတ်ယုတ် ဂေါဓိကမထေရ်သည် ပညာရှိ၏၊ ပညာနှင့်ပြည့်စုံ၏၊ ရအပ်သော စျာန်ရှိ၏၊ အခါခပ်သိမ်း စျာန်၌ မွေ့လျော်၏။ ကြာမြင့်စွာသော နေ့ည၌ ပတ်လုံး အားထုတ်အပ်သော လုံ့လဝီရိယရှိသည်ဖြစ်၍ မိမိ၏ အသက်ပျက်စီး အံ့သည်ကိုလည်း မငဲ့ညှာမတောင့်တ။

ထိုသို့လို့လ ဥဿာဟရှိသော ဂေါဓိကသည် သေမင်း၏ စစ်သည်ဗိုလ်ပါများစွာကို အောင်မြင်၍ တပ်မက်မှု တဏှာတရားကို ပယ်ရှားပစ်ခဲ့လျက် တစ်ဖန် ဘဝသစ်သို့ မလာရောက်ဘဲ ပရိနိဗ္ဗာန်ပြုလေပြီ-ဟု မြတ်စွာဘုရားကိုယ်တော်မြတ်က မိန့်တော်မူသည်ရှိသော် မာရ်နတ်သားသည် ဂေါဓိကမထေရ်ကား ငါ၏နိုင်ငံတွင်းမှ လွတ်မြောက်လေပြီဟု စိုးရိမ်ပူပန်ခြင်းဖြင့်နှိပ်စက် အပ်သည်ဖြစ်၍ လက်ကတီးကြားမှ စောင်းသည် လွတ်၍ကျလေ၏။ ထိုမာရ်နတ်သားသည် ပြင်းစွာ နှလုံးမသက်သာခြင်း ရှိသည်ဖြစ်၍ ထိုနေရာဌာန၌ပင် ကွယ်လေ၏။ ထိုကြောင့်ဂုဏ်အဋ္ဌကထာ၌ ဤဂါထာကိုမိန့်တော်မူခဲ့၏—

တဿ သောကပရေတဿ၊ ဝီဏာ ကစ္ဆာ အဘဿထ။
တတော သော ဒုမ္မနော ယက္ခော၊ တတ္ထေဝန္တရဓာယထ။

ပူပန်ခြင်းသောကဖြင့် နှိပ်စက်အပ်သော ထိုမာရ်နတ်၏ လက်ကတီးကြားမှ စောင်းသည် လွတ်၍ကျလေ၏။ ထိုစောင်းလွတ်ကျပြီးမှ စိတ်ကျဉ်နာလျက် ထိုမာရ်နတ်သားသည် ထိုအရပ်၌ ကွယ်ပျောက်လေ၏။

မြတ်စွာဘုရားရှင်သည်လည်း ဟယ် မာရ်နတ်ယုတ် အသင်အား ဂေါဓိကအမျိုးကောင်းသား၏ ဖြစ်ရာအရပ်ကို အဘယ်မှာ ရှာဖွေကြည့်ရှု၍ မြင်ခြင်းငှာ စွမ်းနိုင်ပါအံ့နည်း။ ဂေါဓိက၏ ဖြစ်ရာဌာနကို အသင်ကဲ့သို့သော နတ်သိကြားသည် တစ်ရာသည်လည်းကောင်း၊ တစ်ထောင်သည်လည်းကောင်း ရှာဖွေကြည့်ရှု၍ ထင်မြင်ခြင်းငှာ မစွမ်းနိုင်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၅၇။ တေသံ သမ္ပန္နသီလာနံ၊ အပ္ပမာဒဝိဟာရိနံ။
သမ္မဒညာ ဝိမုတ္တာနံ၊ မာရော မဂ္ဂံ န ဝိန္ဒတိ။

သီလနှင့်ပြည့်စုံသော သတိဖြင့် မပေါ့မလျော့နေလေ့ရှိသော ကောင်းစွာသိအပ်ပြီး၍ ဝိမုတ္တိဖြင့် ပယ်ဖျက်လျက် ကိလေသာမှ လွတ်ကုန်ပြီးသော သူတို့၏ လားရာခရီးကို မာရ်နတ်သည် မသိ မမြင် ရှာမရပေ။

ထိုဂါထာ၌—တေသံ=ဟူသည် တည်ရာမရှိသောဝိညာဉ်ဖြင့် ဂေါဓိက အမျိုးကောင်းသားသည် ပရိနိဗ္ဗာန် ပြုသကဲ့သို့ ဤအတူ ပရိနိဗ္ဗာန်ပြုကုန်သော ထိုရဟန္တာတို့၏ ဟူလို။

သမ္ပန္နသီလာနံ=ဟူသည် ပြည့်စုံသောသီလရှိကုန်သော ဟူလို။

အပ္ပမာဒဝိဟာရိနံ=ဟူသည် သတိမကင်းသော မမေ့လျော့ခြင်းဖြင့် နေခြင်းရှိကုန်သော ဟူလို။

သမ္မဒညာဝိမုတ္တာနံ=ဟူသည် သင့်သော အကြောင်းဖြင့် သိ၍ တဒင်္ဂဝိမုတ္တိ၊ ဝိက္ခမ္ဘနဝိမုတ္တိ၊ သမုစ္ဆေဒဝိမုတ္တိ၊ ပဋိပဿဒ္ဓိဝိမုတ္တိ၊ နိဿရဏဝိမုတ္တိ ဟူသော ဤငါးပါးသောဝိမုတ္တိတို့ဖြင့် လွတ်ကုန်သော–ဟူလို။

မာရော မဂ္ဂံ နဝိန္ဒတိ=ဟူသည် ဤဝိမုတ္တိတို့ဖြင့် လွတ်ကုန်သော သဘောရှိကုန်သော ရဟန္တာအရှင်မြတ်တို့၏ သွားရာလမ်းခရီးကို အလုံးစုံသောအခွမ်းဖြင့် လျှင် ရှာမှီးသော်လည်း မာရ်နတ်သားသည်မရ၊ မမြင်–ဟူလို။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။ ဒေသနာသည် လူအများအား အကျိုးရှိ၏။

တစ်ဆယ့်တစ်ခုမြောက်သော ဂေါဓိကမထေရ် ပရိနိဗ္ဗာန်ပြုသော ဝတ္ထုပြီး၏။

၁၂။ သီရိဂုတ္တသူကြွယ်နှင့် ဂရဟဒိန္နသူကြွယ်တို့၏အကြောင်း ပစ္စုပ္ပန်ဝတ္ထု

ယထာသင်္ကာရဓာနသ္မိံ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းစံပယ်တော်မူစဉ် ဂရဟဒိန္နမည်သော နိဂဏ္ဌကို့၏သာဝကကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့လေသည်။

ကိုးကွယ်မှုမတူသော သူငယ်ချင်းနှစ်ယောက်

သာဝတ္ထိပြည်ကြီး၌ သီရိဂုတ္တ သူကြွယ်သည်လည်းကောင်း ဂရဟဒိန္နသူကြွယ်သည်သည်းကောင်း အဖော်သူကြွယ်နှစ်ဦးတို့သည် ရှိကုန်၏။ ထိုသူကြွယ်နှစ်ဦးတို့တွင် သီရိဂုတ္တသူကြွယ်သည် မြတ်စွာဘုရားရှင်သို့ မှီဝဲဆည်းကပ်သော တပည့်သားဖြစ်သော ဥပါသကာတည်း။ ဂရဟဒိန္နသူကြွယ်သည်ကား နိဂဏ္ဌတက္ကတွန်းတို့၏ တပည့်တည်း။ ထိုဂရဟဒိန္န သူကြွယ်ကို ဆရာဖြစ်ကုန်သော နိဂဏ္ဌတက္ကတွန်းတို့က ဒါယကာ အသင်၏ သူငယ်ချင်းအဖော်ဖြစ်သော သီရိဂုတ္တကို အဘယ်ကြောင့် ရဟန်းဂေါတမကို မှီဝဲဆည်းကပ်စေဘိသနည်း ထိုရဟန်းဂေါတမသို့ မှီဝဲဆည်းကပ်သဖြင့် ရဟန်းဂေါတမ၏ အထံ၌ အဘယ်ကိုရသနည်း

ငါတို့ကို မှိဝဲဆည်းကပ်အပ်သည် မဟုတ်ပါတုံလော၊ ငါတို့အားလည်း ပေးကမ်းဖွယ်ကို ပေးကမ်းအပ်သည် မဟုတ်ပါတုံလော၊ အသင်သည် ငါတို့အား မှိဝဲဆည်းကပ်ရန် လှူဒါန်းရန်ကို ဆုံးမပြောဆိုအပ်သည် မဟုတ်တုံလော၊ အဘယ်ကြောင့် မပြောမဆိုဘဲနေဘိသနည်းဟု အစဉ်မပြတ် ပြောဆိုတိုက်တွန်းကုန်၏။

နိဂဏ္ဌတက္ကတွန်းစကားဖြင့် သိရိဂုတ္တသူကြွယ်အား ပြောကြားခြင်း

ဂရဟဒိန္န သူကြွယ်သည် မိမိ၏ ဆရာဖြစ်သော ထိုနိဂဏ္ဌတက္ကတွန်းတို့၏ ပြောဆိုတိုက်တွန်းသော စကားကို ကြား၍ အတူသွား အတူရပ်တည် နေထိုင်သောအခါ စသည်တို့၌ သိရိဂုတ္တသူကြွယ်ကို အဆွေသိရိဂုတ္တ အသင်အား ရဟန်းဂေါတမကို မှိဝဲဆည်းကပ်သဖြင့် အဘယ် အကျိုးကျေးဇူးရှိပါအံ့နည်း၊ ထိုရဟန်းဂေါတမသို့ မှိဝဲဆည်းကပ်သဖြင့် အသင်အား အဘယ်ကိုရသနည်း၊ အဆွေ သိရိဂုတ္တ အသို့နည်း ငါ၏ အရှင်မြတ်တို့ကိုလည်း မှိဝဲချဉ်းကပ်ခြင်းငှါ အပ်သည် မဟုတ်တုံလော၊ ငါ၏ဆရာဖြစ်သော ထိုအရှင်တို့အားလည်း ပေးကမ်းဖွယ်ကို ပေးကမ်းခြင်းငှါ အပ်သည် မဟုတ်ပါတုံလောဟု မပြတ်သာလျှင် ပြောဆို၏။ သိရိဂုတ္တသူကြွယ်သည် ဂရဟဒိန္နသူကြွယ်၏ စကားကို ကြား၍လည်း များစွာကုန်သော နေ့တို့ပတ်လုံး ဆိတ်ဆိတ်သာလျှင် နေ၏၊ တစ်နေ့သ၌ ထိုဂရဟဒိန္န ပြောကြားသော စကားကို ငြီးငွေ့လှသည် ဖြစ်၍ အဆွေ ဂရဟဒိန္န အသင်သည် ငါ့အား အဆွေ သိရိဂုတ္တ ရဟန်းဂေါတမကို မှိဝဲဆည်းကပ်သဖြင့် အဘယ်သို့ အကျိုးရှိသနည်း၊ အဘယ်ကို ရသနည်း၊ ငါ၏ ဆရာဖြစ်ကုန်သော နိဂဏ္ဌ တက္ကတွန်းတို့အား မှိဝဲဆည်းကပ်ပါလော့၊ ပေးကမ်းပါလော့ဟု မပြတ်သာလျှင် ပြောဆို၏။

အသင်၏ ဆရာဖြစ်ကုန်သော နိဂဏ္ဌတက္ကတွန်းတို့သည် အဘယ်ကို သိသနည်းဟု မေး၏။ ဂရဟဒိန္နသူကြွယ်လည်း အဆွေ သိရိဂုတ္တ ဤသို့ မပြောမဆိုပါလင့်။ ငါ၏ အရှင်တို့အား မသိသော အရာမည်သည် မရှိ။ အလုံးစုံသော အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလကို လည်းကောင်း၊ အလုံးစုံသော ကာယကံ ဝစီကံ မနောကံကိုလည်းကောင်း၊ ဤအမှုသည် ဖြစ်လတ္တံ့, ဤအမှုသည် မဖြစ်လတ္တံ့သည် ကိုလည်းကောင်း၊ အလုံးစုံထိုက်သည်·မထိုက်သည်ကိုပင် သိပါကုန်၏ဟု ပြောလျှင် သိရိဂုတ္တသူကြွယ်က အလုံးစုံကိုပင်သိပါကုန်သလောဟု မေးရာ ဩော်·သိပါကုန်၏ဟု ပြောဆိုဝန်ခံသဖြင့် အဆွေ ဂရဟဒိန္န အသင် ပြောဆိုဝန်ခံသည့်အတိုင်း ဖြစ်ခဲ့ပါလျှင် အသင်သည် အလွန်ဝန်လေးသော အမှုကို ပြုပေသည်။ ဤမျှဤရွေ့ ကြာမြင့်သောအခါ အတိုင်းအရှည်ပတ်လုံး ဤသို့သောအကြောင်းကို ငါ့အား အဘယ်ကြောင့် မပြောကြားပါဘ်လေ

သနည်း။ ယခု အသင်ပြောကြားသည် ဖြစ်သောကြောင့် ယနေ့မှစ၍ ငါသည် အသင့်ဆရာတို့၏ ညဏ်အစွမ်းအာနုဘော်ကို သိအပ်ပေပြီ။ အဆွေ ဂဧဟာဒိန္န သွားတဲ့ချေ အသင်၏ အရှင်တို့ကို ငါ၏စကားဖြင့် လျှောက်ကြား ပင့်ဖိတ်ပါ ချေလော့ဟု ပြော၏။ ထိုဂရဟာဒိန္နသူကြွယ်သည် ဆရာဖြစ်သော နိဂဏ္ဌ တက္ကတွန်းတို့၏ထံသို့ သွားရောက်၍ နိဂဏ္ဌတက္ကတွန်းတို့ကို ရှိခိုးပြီးသော် အကျွန်ုပ်၏ အဖော်ဖြစ်သော သိရိဂုတ္တသူကြွယ်သည် နက်ဖြန်အလို့ငှာ အရှင်ဘုရားတို့ကို ပင့်ဖိတ်ပါသည်ဟုလျှောက်လျှင် သိရိဂုတ္တသူကြွယ် ကိုယ်တိုင်ကပင် ဆိုသလောဟုမေးသဖြင့် အရှင်ဘုရားတို့ ဩော်·ဟုတ်ပါ၏ဟုလျှောက်လျှင် ထို နိဂဏ္ဌတက္ကတွန်းတို့သည် ရွှင်လန်းနှစ်သက်သောစိတ် ရှိကုန်သည်ဖြစ်၍ ငါတို့၏ အလိုဆန္ဒကိစ္စသည် ပြီးဆုံးပေပြီ။ သိရိဂုတ္တသူကြွယ်၏ ငါတို့၌ ကြည်ညိုသော အခါမှစ၍ အဘယ်မှာ အလိုဆန္ဒကိစ္စသည် ပြည့်စုံစွာမဖြစ်ဘဲရှိပါတော့အံ့နည်းဟု ပြောဆိုကြကုန်၏။

နိဂဏ္ဌတက္ကတွန်းတို့ မစင်တွင်း၌ ကျရောက်ခြင်း

သိရိဂုတ္တသူကြွယ်၏ နေရာအိမ်သည်ကား ကြီးကျယ်၏။ သိရိဂုတ္တသူကြွယ်သည် မိမိနေရာ ဖြစ်ကုန်သော အိမ်နှစ်လုံးတို့၏အကြား၌ နှစ်ဘက်အလျား ရှည်စွာသော တွင်းကိုတူးစေ၍ မစင်ဘင်ပုပ်ညွန်ဖြင့် ပြည့်စေ၏၊ တွင်း၏အပ နှစ်ဘက်သောအစွန်းတို့၌ သစ်ငုတ်တို့ကို ရိုက်နှက်စိုက်စေ၍ ထိုသစ်ငုတ်တို့၌ ကြိုးတို့ကို ဖွဲ့ချည်စေပြီး နေရာကိုခင်းသောအခါ ရှေ့ခြေကို တွင်း၏အရှေ့အဖို့ နံပါး၌တည်စေလျက် နောက်ခြေကို ကြိုးတို့၌ တည်စေပြီးလျှင် အကြင်သို့သော အခြင်းအရာဖြင့် ထိုင်နေလိုက်သည်ရှိသော် အောက်သို့ ဦးခေါင်း ဇောက်ထိုးကျရာ၏။ ထိုအခြင်းအရာဖြင့် ခင်းထားပြီးမှ အောက်၌တည်ရှိသော တွင်းကို မသိမမြင်ရလေအောင် အပေါ်၌ ပုဆိုးဖြူတို့ဖြင့် ဖုံးလွှမ်း ဖုံးလွှမ်း၍ ခင်းထားစေ၏။ ကြီးကုန်ကြီးကုန်သော အိုးစရည်းကြီးတို့ကို ဆေးကြော စေကာ ငှက်ပျောရွက်တို့ဖြင့်လည်းကောင်း ဖြူသော ပုဆိုးပိုင်း တို့ဖြင့်လည်း ကောင်း မျက်နှာဝတို့ကို ဖုံးပိတ်စည်းထားစေ၏။ အိုးတို့၏ အတွင်း၌ကား တစ်စုံတစ်ခုမျှ မရှိမူ၍ အချည်းနှီးသည်သာလျှင်တည်း။ (အိမ်၏ နောက်အဖို့ ဖြစ်သော အပနေရာ၌ ယာဂု ထမင်းလုံး ထောပတ် ဆီ ပျားတင်းလဲ မုန့်မှုန့် တို့ဖြင့် အလိမ်းလိမ်း ကပ်ငြိသည်ကိုပြု၍ ထားစေ၏။ ဂရဟာဒိန္နသူကြွယ်သည် နံနက်စောစောပင်လျှင် ထိုသိရိ ဂုတ္တသူကြွယ်၏အိမ်သို့ လျင်စွာသွားရောက်၍ အရှင်တို့အား ကျွေးမွေး ပေးကမ်းဖွယ်ကို စီရင်အပ်ပါပြီလောဟု မေး၏။ သိရိဂုတ္တသူကြွယ်က အဆွေ စီရင်အပ်ပါပြီဟု ဆိုလျှင် ထိုစီရင်၍ထားသော ပေးကမ်းဖွယ်သည် အဘယ်မှာနည်းဟု မေးပြန်သဖြင့် မိမိသည် စီရင်၍ထား

သော များစွာသော အိုးစရည်းတို့ကို ဤမျှလောက်သော အိုးစရည်းကြီးတို့၌ ယာဂုကို စီရင်အပ်ကုန်၏။ ဤမျှလောက်သော အိုးစရည်းကြီးတို့၌ ဆွမ်းကိုစီရင်အပ်ကုန်၏။ ဤမျှလောက်သော အိုးစရည်းကြီးတို့၌ ထောပတ် တင်လဲ သကာ မုန့်စသည်တို့ကို စီရင်၍ ပြည့်စေအပ်ကုန်၏။ ဤသို့သော နေရာကို ခင်းထားအပ်၏ဟု ညွှန်ပြပြောဆို၏။

ဂရဟဒိန္န သူကြွယ်သည်လည်း ကောင်းလှပြီဟုပြော၍ ပြန်သွားလေ၏။ ထိုဂရဟဒိန္နသူကြွယ် ပြန်သွားသောအခါ နိဂဏ္ဌါးရာတို့သည် လာကြကုန်၏။ နိဂဏ္ဌတက္ကတွန်းတို့လာသည်ကို သိရိဂုတ္တသူကြွယ် မြင်သောအခါ၌ အိမ်မှထွက်၍ ထိခြင်းငါးပါးတို့ဖြင့် ရှိခိုးပြီးလျှင် ထိုနိဂဏ္ဌတက္ကတွန်းတို့၏ ရှေ့မှ လက်အုပ်ကို မြှောက်ချီ ရပ်တည်နေပြီး၍ ကြံဆင်ခြင်သည်မှာ အသင်တို့သည် အတိတ် အနာဂတ် အစရှိသည်ပြားသောအလုံးစုံကိုပင် သိမြင်နိုင်သည် ဟု အသင်တို့၏ အလုပ်အကျွေးဖြစ်သော ငါ၏ အဆွေသည်ပြောဆိုအပ်၏။ ထိုပြောဆိုတိုင်း အသင်တို့သည် အလုံးစုံကို အကယ်၍ သိကုန်သည်ဖြစ်အံ့၊ ငါ၏အိမ်သို့ မကြွဝင်လာကုန်လင့်။ အိမ်၌ အသင်တို့အား ပြုစု ပေးကမ်းကျွေးမွေးဖွယ်ဖြစ်သော ယာဂု ထမင်းစသည်တို့သည် တစ်စုံတစ်ရာမျှမရှိချေ၊ အသင်တို့သည် မသိသော ကြောင့်သာ ကြွဝင်ကြကုန်သည်ဖြစ်အံ့၊ မစင်ဘင်ပုပ်တွင်း၌ ကျစေပြီးမှ ဆုံးဖြတ်ခြင်းကို ဖြစ်စေအံ့ဟု ကြံဆင်ခြင်၏။ ဤသို့ ကြံဆင်ခြင်ပြီး အမှုလုပ် ယောကျ်ားတို့ကို အသင်တို့ ထိုနိဂဏ္ဌတက္ကတွန်းတို့၏ ထိုင်နေသောအခါ နောက်အဖို့ကတည်၍ အပေါ်ကလွှမ်း၍ ခင်းထားအပ်သော ပုဆိုးတို့ကို ပယ်ကြကုန်လော့ ပုဆိုးတို့ကို မစင်မလိမ်းမကျံစေလင့်ဟု ပြောဆိုမှာထား၏။ ထိုနောက်မှ နိဂဏ္ဌတက္ကတွန်းတို့ကို အရှင်တို့သည် ဤအရပ်ဖြင့် ကြွဝင်ကြကုန်လော့ဟု ဆို၏။ နိဂဏ္ဌတို့သည်ကြွသွားဝင်ရောက် ခင်းထားအပ်သောနေရာ၌ ထိုင်နေခြင်းငှာ အားထုတ်ကုန်၏။ ထိုနိဂဏ္ဌတက္ကတွန်းတို့ကို အစောင့်အရှောက် အလုပ်အကျွေးလူတို့က အရှင်တို့ ငံ့လင့်တော်မူကြပါဦး၊ တစ်ယောက်စီဝင်၍ ရှေးဦးစွာ မထိုင်ပါလင့်ဟု တားမြစ်ကုန်၏။ အဘယ် အကြောင်းကြောင့် နည်းဟု မေးသည်ရှိသော် အကျွန်ုပ်တို့၏ အိမ်သို့ ဝင်ရောက်ကုန်သော အရှင်တို့အား ထိုင်နေအပ်သော ဝတ္တရားကိုသိ၍ ထိုင်နေအပ်သည်ဟု ပြောသဖြင့် ဒါယကာတို့ အဘယ်သို့ ပြုခြင်းငှာ အပ်သနည်းဟု မေးပြန်လျှင် အရှင်ဘုရားတို့ မိမိတို့၏ ရောက်သော နေရာ၏ အရင်း အနီး၌ တံ့ရပ်တည်နေတော်မူပြီး၍ အလုံးစုံသော အရှင်တို့သည် တစ်ပြိုင်နက်တည်းသာ ထိုင်နေအပ်ပါသည်ဟု ပြော၏။

ဤသို့ တားမြစ်ပြီးသောအခါ "တစ်ပြိုင်နက်တည်း နေရာ၌ထိုင်နေစေခြင်းငှာ တားမြစ်သောအကြောင်းမှာ ရှေးဦးစွာသောသူတို့သည်ထိုင်နေ၍ တွင်းသို့

ကျသည်ရှိသော် ကြင်းသောသူတို့သည် ဆုတ်နစ်ပြန်လည်၍ ပြေးကုန်လတ္တံ့၊ ထိုကြောင့် တားမြစ်၍ ထားပြီးသော် တစ်ပိုင်နက်တည်း ထိုင်နေစေသတည်း။ ထိုနိဂဏ္ဌတို့သည် ကောင်းလှပေပြီဟု ဝန်ခံပြောဆို၍ ထိုသူတို့ ပြောဆို တိုင်းပင် ငါတို့သည် ပြုခြင်းငှာ အပ်၏ဟု ကြံကြကုန်၏။ ထိုနောက် အလုံးစုံသော နိဂဏ္ဌတို့သည် မိမိ၏ ရောက်သောနေရာ အငုင်းအနီး၌ အစဉ်အတိုင်း ရပ်တည်ကုန်၏။ ထိုအခါ အမှုလုပ် ယောကျ်ားတို့က နိဂဏ္ဌတို့ကို အရှင်ဘုရားတို့ တစ်ပိုင်နက် သာလျှင် ထိုင်ကုန်လော့ဟု လျှောက်ထားကြ၍ ထိုသူတို့ ထိုင်နေအံ့သော အဖြစ်ကို သိ၍ နေရာ၏ အထက်၌ ခင်းထားအပ်သော အပေါ်လွှမ်း ပုဆိုးကို ဆွဲငင်ခွာယူကုန်၏။ နိဂဏ္ဌတို့သည် နေရာ၏ အထက်သို့ တစ်ပြိုင်နက်တည်း တက်၍ ထိုင်နေသည်နှင့် တစ်ချက်တည်းသာလျှင် ယုံကျံချည် တုတ်နှောင့်၍ ထားအပ်သော ကြိုးတို့၏ အထက်၌ ခင်းထားအပ်သော နေရာတို့သည် လျှောကျကုန်သည် ဖြစ်၍ နိဂဏ္ဌတို့သည် ဦးခေါင်းဇောက်ထိုး တွင်း၌ကျကုန်၏။

သိမ်ရိဂုတ္တသူကြွယ်သည် ထိုနိဂဏ္ဌတို့ မစင်ဘင်ပုပ်တွင်းသို့ ကျကုန်သည်ရှိသော် တံခါးကို ပိတ်ထား၍ တွင်းမှ တက်၍ တက်၍လာကုန်သော နိဂဏ္ဌတို့ကို အသင်တို့သည် အတိတ် အနာဂတ် ပစ္စုပ္ပန်ကို သိကုန်သည်ဟု ပြောဆို ဝန်ခံလျက် အဘယ်ကြောင့် မသိကြကုန်သနည်းဟု ပြောဆိုကြိမ်းမောင်း၍ တုတ်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်စေပြီးသော် ဤမျှသော အမှုသည် ထိုသူတို့အား သင့်လျော်လောက်ပြီဟု တံခါးကို ဖွင့်စေ၏။ နိဂဏ္ဌတို့သည် ဖွင့်ရာတံခါးမှထွက်၍ ပြေးခြင်းငှာ အားထုတ်ကုန်သည်ရှိသော် ထိုသူတို့ ထွက်သွား အံ့သော လမ်း၌ အပြေအပြစ် ပြုအပ်သော မြေပြင်ကို ဖြစ်ခဲ့သော ဝတ္ထုဖြင့် အလိမ်းလိမ်း ကပ်ငြိသည်ကို ပြုစေ၏။ ထိုလမ်းခရီးဖြင့် ထွက်ပြေးလာကုန်သော နိဂဏ္ဌတို့သည် တည့်တံ့မြဲမြံစွာ သွားခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ ချော်ချော်တိမ်းပါးလဲသွားသည်ကို တစ်ဖန် ရိုက်နှက်ပုတ်ခတ်ပြန်၍ ဤနိဂဏ္ဌတို့အား ဤမျှသော နှိပ်စက်ညှဉ်းပန်းခြင်းဖြင့် တော်လောက်ပေပြီဟု လွှတ်လိုက်၏။ နိဂဏ္ဌတို့သည် အသင်ဒါယကာသည် ငါတို့အား ဖျက်ဆီးလေဘိသည်ဟု ငိုကြွေးမြည်တမ်းလျက် မိမိတို့၏ အလုပ်အကျွေးဖြစ်သော ဂရဟဒိန္နသူကြွယ်၏ အိမ်တံခါးဝသို့ သွားကြကုန်၏။

သိမ်ရိဂုတ္တသူကြွယ်အား ဒဏ်ထားရန် မင်းကြီးထံသို့ တိုင်ကြားခြင်း

ဂရဟဒိန္နသူကြွယ်သည် ထိုသို့ ဖောက်ပြန် ပျက်စီးခြင်းကို မြင်၍ ပြင်းစွာ အမျက်ထွက်ရကား လက်တို့ကို ဆန့်တန်းလျက် သိမ်ရိဂုတ္တသည် ရှိခိုးကြည်ညိုရှိသေကုန်သော သူတို့အား နတ်နှင့်တကွသော လူ့ပြည်၌ အလိုရှိသည်

အားလျော်စွာ ပေးခြင်းငှာ စွမ်းနိုင်သော ကောင်းမှုကို ပြုခြင်း၌ လယ်ယာမြေကောင်းသဖွယ် ဖြစ်ကုန်သော ငါ့အရှင်တို့ကို ရိုက်ပုတ်ခတ်ပြီးသော် ဖျက်ဆီးအပ်သည်ကို ပြု၍ ပျက်စီးခြင်းသို့ ရောက်စေဘိသည် တကားဟု မြည်တမ်းဟစ်အော် ပြောဆိုလျက် မင်းအိမ်နန်းတော်သို့ သွားရောက်ပြီးသော် သိရိဂုတ္တသူကြွယ်အား အသပြာ တစ်ထောင်မျှသော ဒဏ်ကို ထားရန်အလို့ငှာ ပြုစေ၏။ မင်းကြီးသည်လည်း မင်းချင်းယောကျ်ားတို့ကို စေလွှတ်၍ သိရိဂုတ္တသူကြွယ် လာရောက်ရန် သတင်းစကားကို မှာကြားပို့လွှတ်လိုက်၏။ သိရိဂုတ္တသူကြွယ်သည် လာရောက်ပြီးသော် မင်းကြီးကို ရှိခိုး၍ အရှင်မင်းမြတ် စူးစမ်းဆင်ခြင်၍ ဒဏ်ကို ယူတော်မူကုန်လော့၊ မစူးမစမ်းမူ၍ မယူပါလင့်ဟု လျှောက်၏။

အသင်သူကြွယ် စူးစမ်းဆင်ခြင်၍သာ ငါသည်ယူအံ့ဟု မိန့်တော်မူသဖြင့် ကောင်းလှပေပြီ အရှင်မင်းကြီးဟု ပြောဆိုသော် ထိုသို့ဖြစ်လျှင် အချင်းသူကြွယ် အကြောင်းကို ဆိုလေလောဟု မိန့်တော်မူသဖြင့် အရှင်မင်းမြတ် အကျွန်ုပ်၏ အဖော်အဆွေခင်ပွန်း နိဂဏ္ဌတို့၏ တပည့်ဖြစ်သော ဤဂရဟဒိန္နသူကြွယ်သည် ရှေးဦးစွာ အကျွန်ုပ်သို့ ချဉ်းကပ်၍ ဒိဋ္ဌတူနေသိုင် သွားလာသော ကာလစသည်တို့၌ အစဉ်မပြတ် အဆွေသိရိဂုတ္တ အသင်အား ရဟန်းဂေါတမဖြင့် အဘယ်သို့ အကျိုးရှိအံ့နည်း၊ ရဟန်းဂေါတမကို မှီဝဲဆည်းကပ်၍ အဘယ်ကို ရလတ္တံ့နည်း အစရှိသဖြင့် မိမိကပြန်၍ မေးသောစကား ဂရဟဒိန္နသူကြွယ်က ဝန်ခံသော စကားဟု ဆိုအပ်သော ပြဆိုအပ်ခဲ့ပြီးသော စကားလုံးစုံကို အကုန်ပြန်ကြား လျှောက်ထား၍ အရှင်မင်းမြတ် အကျွန်ုပ်သည် ထိုသူတို့ပြောဆိုဝန်ခံသော စကားအတိုင်းကိုပြုပါသည်။ ဤသို့ပြုရာ၌ အကျွန်ုပ်အား ဒဏ်သားခြင်းငှာ ထိုက်ခဲ့လို့ရှိရင် ပေးဆောင်ပါမည်၊ ယူတော်မူပါကုန်လော့ဟု လျှောက်၏၊ မင်းကြီးသည် ဂရဟဒိန္နသူကြွယ်ကိုကြည့်ပြီးလျှင် အချင်းဂရဟဒိန္န အသင်သည် ဤသို့ ပြောဆိုလျှောက်ထားတိုင်း ဟုတ်မှန်ပေသလောဟု မေးတော်မူသော် အရှင်မင်းမြတ် ဟုတ်မှန်ပါ၏ဟု ဝန်ခံလျှင် အသင်သည် ဤမျှလောက် မသိမလိမ္မာ ပညာကင်းရှင်းသော သူတို့ကို ဆရာဟူ၍ ကိုးကွယ်ဆည်းကပ် မပြတ် လှည့်လည်လျက် ငါ၏ဆရာတို့သည် အလုံးစုံ အကုန်ပင် သိနိုင်မြင်နိုင်၏ဟု အဘယ် အကြောင်းကြောင့် မြတ်စွာဘုရား၏ တပည့်သားအား ပြောကြားဘိသနည်း။ သင်သည် ပြောဆို လျှောက်ကြား တင်ထားအပ်သော မင်းဒဏ်သည် အသင်အားသာလျှင် ဖြစ်စေသတည်းဟု မိန့်တော်မူ၍ ထိုဂရဟဒိန္နသူကြွယ် အားသာလျှင် ဒဏ်ကို ပေးဆောင်စေ၏။

ဂရဟဒိန္နသူကြွယ်သည် သီရိဂုတ္တသူကြွယ်အား အမျက်ဒေါသထားခြင်း

ဂရဟဒိန္နသူကြွယ်လည်း ဤသူသည် ငါ၏အိမ်သို့ အချိန်မပြတ် ချဉ်းကပ်ရောက်လာသော ငါ့ဆရာတို့ကို ပြင်းစွာပုတ်ခတ်နှင်ထုတ်သည်ဟူ၍ သီရိဂုတ္တသူကြွယ်ကို အမျက်ဒေါသ ပြင်းစွာဆက်ကြသဖြင့် ထိုနေ့မှစ၍ လခွဲမျှသောကာလပတ်လုံး သီရိဂုတ္တသူကြွယ်နှင့်အတူတကွ အာလာပ သလ္လာပစကားကို မျှသော်လည်း မပြောမဆိုဘဲနေပြီး၍ စဉ်းစားဆင်ခြင်ပြန်သည်မှာ ငါ့အား ဤသို့ နေသဖြင့်လည်း မသင့်မလျော်မလျောက်ပတ် ရေးရွေးအခါကဲ့သို့ပင် ကျွမ်းဝင်ရာနေ၍ စကားပြောဆိုခြင်းကို ပြု၍ ထိုသူ၏အိမ်သို့ ဆွမ်းခံချဉ်းကပ် မှီဝဲအပ်သော ဆရာတို့အားလည်း တုံ့စားတစ်ဖန် အလှည့်ပြန်၍ ပြင်းထန်ဖျက်ဆီး ပျက်စီးအောင်ပြုခြင်းငှါ ငါသည်ပြုလုပ်ခြင်းငှါ အပ်ပေ၏ဟု ကြံ၏။ ကြံဆင်ခြင်ပြီးသောအခါ ဂရဟဒိန္နသူကြွယ်သည် သီရိဂုတ္တသူကြွယ်သို့ကပ်၍ အဆွေသီရိဂုတ္တ အသို့နည်းဟု ဆိုသဖြင့်အသို့နည်း အဆွေ ဂရဟဒိန္နဟု စကားတုံ့ကို ပြန်၏၊ အဆွေသီရိဂုတ္တ ခိုက်ရန်ငြင်းခုန် ဖြစ်ပွါးခြင်းမည်သည် ဆွေမျိုးသားချင်းနီးရင်းသော သူများပင်သော်လည်း ဖြစ်တတ်သေး၏။ အသင်သည် ငါ့အား အဘယ်သို့သော အကြောင်းကြောင့် တစ်စုံတစ်ခုသောစကား မပြောမဆိုနေဘိသနည်း၊ အဘယ်ကြောင့် ဤသို့ ပြုဘိသနည်းဟု မေး၏။ အဆွေဂရဟဒိန္န အသင်သည် စကားမပြောမဆိုသောကြောင့် ငါသည်လည်း စကားမပြောမဆိုဘဲနေပေသည်။ အသင်သည် ငါ့အား ပြောဆိုသည်ဖြစ်ခဲ့အံ့ အသင့်အား ငါကလည်း ပြောဆိုအံ့ အဆွေခင်ပွန်းကို ဖျက်ဆီးခြင်းငှါ အလိုမရှိပါဟုပြော၏။ ထိုအခါမှစ၍ သူကြွယ်နှစ်ဦးတို့သည် တစ်နေရာ၌ အတူတကွ ထိုင်နေ စားသောက်ခြင်းကို ပြုကုန်၏။

ထိုနောက် တစ်နေ့သောနေ့၌ သီရိဂုတ္တသူကြွယ်က အဆွေဂရဟဒိန္န အသင်အား ထိုနိဂဏ္ဌတက္ကတွန်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ထိုနိဂဏ္ဌတို့သို့မှီဝဲ ဆည်းကပ်၍ နေသဖြင့် အဘယ်ကို ရလတ္တံ့နည်း၊ ငါ၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသို့ မှီဝဲဆည်းကပ်ခြင်းငှါ မအပ်လေသလော ငါ၏အရှင်တို့အား အလှူဒါနကို ပေးလှူပူဇော်ခြင်းငှါမအပ်ပါသလောဟု ပြောဆို၏။ ထိုဂရဟဒိန္နသူကြွယ်သည်လည်း ဤသို့ပြောဆိုခြင်းကိုသာတောင့်တ၍ နေသည်ဖြစ်သောကြောင့် သီရိဂုတ္တသူကြွယ် ပြောကြားလိုက်သော စကားသည် ဂရဟဒိန္နသူကြွယ်အားယားနာကိုလက်သည်းဖြင့် ပယ်ဖျောက်ကုတ်ခြစ်၍ ပေးဘိသကဲ့သို့ ဖြစ်၍ သီရိဂုတ္တသူကြွယ်ကို ဂရဟဒိန္နသူကြွယ်က အဆွေ အသင်၏ ဆရာဖြစ်တော်

ဒိန္န ဤသို့မဆိုပါလင့် ငါ၏ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် မသိအပ်သောအရာမည်သည်မရှိ။ အတိတ်အစရှိသော အလုံးစုံသော တရားကိုသိ၏၊ တစ်ဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် သတ္တဝါတို့၏ စိတ်ကိုပိုင်းခြား၍ သိတော်မူ၏ဟု ဆို၏။ ဂရဟဒိန္နသူကြွယ်က အဆွေ ဤသို့သောအကြောင်းကို ငါမသိပါ၊ အသင်သည် ငါ့အားမပြောကြားဘဲ ဤမျှလောက်ကာလကြာမြင့်အောင် နေဘိသနည်း အဆွေသိရိဂုတ္တ ထိုသို့ဖြစ်လျှင်အသင်သည်သွားပါချေ၊ အသင်၏ဆရာဖြစ်သော မြတ်စွာဘုရားကိုပင့်ဖိတ်၍ပေးပါလော့၊ ငါသည်မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေးမွေးမြူလှူဒါန်းလိုပါ၏၊ ရဟန်းငါးရာတို့နှင့်တကွ ငါ၏ဆွမ်းအလှူကို ခံယူသုံးဆောင်တော်မူပါစေလော့ဟု ပြောကြား၏။

သိရိဂုတ္တသူကြွယ်သည် မြတ်စွာဘုရားရှင်သို့ ချဉ်းကပ်၍ ရှိသေမြတ်နိုး ရှိခိုးပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်၏ အဖော်ဖြစ်သော ဂရဟဒိန္နသည် ရဟန်းငါးရာတို့နှင့်တကွ ဆွမ်းကို အလှူခံတော်မူပါမည့် အကြောင်းနှင့် တပည့်တော်ကို လျှောက်ထားပင့်ဖိတ်စေ၏။ ရဟန်းငါးရာတို့နှင့်တကွ နက်ဖြန်၌ ဆွမ်းကို ခံယူတော်မူပါကုန်လော့၊ ရှေးနေ့၌ ထိုဂရဟဒိန္နသူကြွယ်၏ ကိုးကွယ်ဆည်းကပ်ရာ ဆရာဖြစ်သော ကုလူပကရဟန်းတို့အား တပည့်တော်သည် ဤသို့သောအမှုကို ပြုစီရင်အပ်ပါသည်။ ထိုသို့ပြုစီရင်အပ်သော အမှုအား တုံ့ပြန်၍ ပြုလိုသောကြောင့် ပြုသည်ဟူ၍လည်း မသိပါ၊ အရှင်ဘုရားတို့အား စင်ကြယ်ကောင်းမွန်သောစိတ်ဖြင့် ဆွမ်းကိုလှူလိုသည်ဟူ၍လည်း မသိပါ၊ အရှင်ဘုရားတို့သည် ဆင်ခြင်ယောက်မျှော်၍ သင့်လျော်သည် အကယ်၍ ဖြစ်ခဲ့ပါအံ့၊ သည်းခံတော်မူကြပါကုန်လော့၊ အကယ်၍မသင့်လျော်သည်ဖြစ်ခဲ့အံ့ သည်းခံတော်မမူကြပါကုန်လင့်ဟု လျှောက်ကြား၏။

မြတ်စွာဘုရားသည် မီးကျီးခဲအစုမှ ပဒုမ္မာကြာပန်းကြီးများ ပေါက်လာမည်ကို မြင်တော်မူခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် အဘယ်သို့နည်း ငါတို့အားအဘယ်သို့သောအကြောင်းကို ပြုလိုသနည်းဟု စူးစမ်းဆင်ခြင်တော်မူသည်ရှိသော် အိမ်နှလုံးတို့၏အကြား၌ ကြီးစွာသော တွင်းကို တူးစေ၍ လည်းအစီး ရှစ်ဆယ်တိုက်မျှလောက်ကုန်သော ရှားသစ်ထင်းတို့ကို ဆောင်ယူစေပြီးသော် တွင်း၌ ပြည့်စေ၍ မီးကျီးကိုပြု၍ ငါတို့အား မီးကျီးတွင်း၌ ကျစေပြီး ဖမ်းယူခြင်းငှာ အလိုရှိ၏ဟု မြင်တော်မူ၏။ တစ်ဖန်မြတ်စွာဘုရားသည် ငါဘုရားကြွသွားခြင်း

ကြောင့် အကျိုးရှိအံ့လော မရှိအံ့လောဟု စူးစမ်းဆင်ခြင်တော်မူပြန်သော် ငါဘုရားသည် မီးကျီးတွင်း၌ ခြေတော်ကို ဆန့်လှမ်းနင်းဖြန့်အံ့ဟု ခြေတော်ကို ချသည်ရှိသော် ဖုံးလွှမ်း၍ ထားအပ်သောဖျာသည် ကွယ်ပျောက်လတ္တံ့၊ မီးကျီးခဲအစုကို ခွဲဖောက်ပြီးသော် လှည်းဘီးစက် ပမာဏရှိသော ကြီးစွာသော ကြာပဒုမ္မာပန်းကြီးသည် ပေါက်လတ္တံ့၊ ထိုအခါ ငါသည် ပဒုမ္မာကြာချက်ပေါ်သို့နင်းပြီးသော်ကြွသွား၍နေရာ၌သာလျှင်ထိုင်နေရလတ္တံ့။ ရဟန်းငါးရာတို့သည်လည်း ထိုအတူသာလျှင် သွားရောက်၍ ထိုင်နေကုန်လတ္တံ့။ လူများစွာတို့သည်လည်း စည်းဝေးလာရောက်လတ္တံ့။ ငါဘုရားသည် ထိုအစည်းအဝေး၌ ဂါထာနှစ်ပုဒ်တို့ဖြင့်အနုမောဒနာပြုရလတ္တံ့။ အနုမောဒနာ ဒေသနာတော်၏ အဆုံး၌ သတ္တဝါ ရှစ်သောင်းလေးထောင်တို့အား သစ္စာလေးပါးတရားကိုသိမြင်ပြီး အကျွတ်တရားကို ရကုန်လတ္တံ့၊ သီရိဂုတ္တသူကြွယ် ဂရဟဒိန္နသူကြွယ်တို့သည်လည်း သောတာပန် ဖြစ်ကုန်လတ္တံ့။ မိမိ၏ ပစ္စည်းဥစ္စာကို သာသနာတော်၌ စွန့်ကြဲလှူဒါန်းလတ္တံ့။ ဤအမျိုးကောင်းသားကို မှီ၍ ငါဘုရားသည် ကြွသွားခြင်းငှာအပ်၏ဟု ဆင်ခြင်တော်မူ၍ ပင့်ဖိတ်လာသောဆွမ်းအလှူကို ဆိတ်ဆိတ်သည်းခံတော်မူ၏။ သီရိဂုတ္တသူကြွယ်လည်း မြတ်စွာဘုရားသည်းခံတော်မူသည့် အဖြစ်ကို သိ၍ ပြန်သွားပြီးသော် ဂရဟဒိန္နသူကြွယ်အားပင့်ဖိတ်၍ရကြောင်းကို ကြားပြီး၍ အဆွေ လူသုံးပါးတို့၏ အကြီးအမှူးဖြစ်တော်မူသော မြတ်စွာဘုရားအား ပူဇော်သက္ကာရကိုပြုစီရင်ဘိ လော့ဟုပြော၏။

ဂရဟဒိန္နသူကြွယ်သည် မကောင်းကြံစည်ပြုလုပ်ခြင်း

ဂရဟဒိန္နသူကြွယ်သည် ယခုအခါ ထိုသီရိဂုတ္တအား ပြုအပ်သည်နှင့်ယှဉ်သည့်ကိုသိစေအံ့ဟု ကြံပြီးလျှင် အိမ်နှစ်လုံးတို့၏အကြား၌ နွားချေးဖြင့် လိမ်းကျံပြီးသော် ကြီးစွာသော တွင်းကို တူးစေ၍ လှည်းအစီးရှစ်ဆယ် တိုက်မျှလောက်ကုန်သော ရှားထင်းတို့ဖြင့် ပြည့်စေ၍ ထိုထင်းတို့ကို မီးရှို ဖုတ်မိုက်၍ အလျှံရဲရဲငြိုးသော ရှားမီးခဲအစုကို ပြုစေပြီးလျှင် အထက်၌ ပြောက်ကျား ကျဲတဲသော သစ်သားကို ခင်းစေပြီးသော် အပေါ်၌ ဖျာတို့ဖြင့် ဖုံးလွှမ်း၍ နွားချေးတို့ဖြင့် လိမ်းကြံစေပြီးသော် တစ်ဖက်သောနံပါးဖြင့် အားနည်းသော တုတ်တံတို့ကို ထောက်ထား ဖြန့်ခင်း၍ သွားအပ်သောလမ်းကိုပြု၏။ ဤသို့ပြု၍ ခင်းထားခြင်းသည်ကား ဤနေရာ အဆင့်ထက်သို့ နင်းတက်မိသည်ရှိသော် တုတ်တံတို့သည် ကျိုးပြတ်ပြုတ်ထွက်၍ ပြန်လန်ပြီး မီးကျီးတွင်း၌ ကျလတ္တံ့ဟု မှောက်မှေ့မှတ်ထင်၍ ပြုပေသတည်း။ နေအိမ်၏နောက်၌လည်း သီရိဂုတ္တသူကြွယ်ပြုအပ်သော အမှတ်သညာ နည်းဖြင့်သာလျှင် အိုးစရည်းကြီးတို့ကို

လည်းထားစေ၏။ နေရာတို့ကိုလည်း ထိုသီရိဂုတ္တသူကြွယ်ကဲ့သို့ပင် ခင်းထားစေ၏။ ထိုနောက် သီရိဂုတ္တသူကြွယ်သည် နံနက်စောစောကပင် ဂရဟဒိန္နသူကြွယ်အိမ်သို့သွားရောက်၍ အဆွေပူဇာသက္ကာရဝတ္တုကို ပြုအင်ပြီလောဟု ဆို၏။ အဆွေသြော်....စီရင်ပြုစု၍ထားပါပြီဟုဆိုလျှင် ထိုလျှုဒါန်းပေးကမ်းကျွေးမွေးဖွယ်ဝတ္ထုသည် အဘယ်မှာနည်းဟု မေးသဖြင့် အဆွေလာလှည့်ကြည့်ရှုလေလော့ဟု သီရိဂုတ္တသူကြွယ်သည် ပြအပ်သော နည်းဖြင့်သာလျှင်ပြပေ၏။ သီရိဂုတ္တသူကြွယ်သည်လည်း အဆွေကောင်းလှပြီဟု ဝန်ခံပြောဆို၏။

ထိုအခါ၌ များစွာကုန်သော လူအပေါင်းတို့သည် စည်းဝေကြကုန်၏။ မိစ္ဆာဒိဋ္ဌိတို့၏စည်းဝေးခြင်းမှာကားရဟန်းဂေါတမ၏ ဖောက်ပြန် ပျက်စီးခြင်းကိုကြည့်ရှုကြကုန်အံ့ဟု စည်းဝေး လာရောက်ကုန်၏။ သမ္မာဒိဋ္ဌိတို့၏စည်းဝေးလာရောက်ခြင်းမှာ ယနေ့ငါတို့၏ဆရာဖြစ်တော်မူသောမြတ်စွာဘုရားရှင်သည် ကြီးကျယ်မြင့်မြတ်သောတရား ဟောကြားတော်မူခြင်းဖြင့်တရားတော်ကို ဟောကြားတော်မူလတ္တံ့။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏တင့်တယ် စံပယ်ခြင်းကို စူးစမ်းကြည့်ရှုဖူးမြော်ကုန်အံ့ဟု လာရောက်စည်းဝေးကြကုန်၏။ တစ်ဖန် မိုးသောက်ရောက်သောနေ့၌ မြတ်စွာဘုရားရှင်သည် ရဟန်းငါးရာတို့နှင့်တကွဂရဟဒိန္နသူကြွယ်၏အိမ်တံခါးဝသို့ ကြွသွားတော်မူ၏။ ဂရဟဒိန္နသူကြွယ်သည် အိမ်မှထွက်၍ ထိုခြင်းငါးပါးတို့ဖြင့် ရှိခိုးပြီးသော်ရှေ့မှ လက်အုပ်ကိုချီလျက် ရပ်နေပြီး၍ စိတ်ထဲ၌ ကြံအောက်မေ့သည်မှာ အရှင်ဘုရားတို့အရှင်တို့သည် အတိတ်စသည် ပြားသော အလုံးစုံကိုသိကုန်၏။သတ္တဝါတို့အား တစ်ဆယ့်ခြောက်ပါးသော အခြင်းအရာ တို့ဖြင့် စိတ်ကိုပိုင်းခြားနိုင်ကုန်၏ဟု အသင်တို့၏ အလုပ်အကျွေးဖြစ်သော သီရိဂုတ္တသူကြွယ်သည်ဆိုအပ်၏။အလုံးစုံကို အကယ်၍အကုန်သိကုန်သည် ဖြစ်ခဲ့အံ့၊ငါ၏အိမ်သို့ မဝင်ကြကုန်လင့်။ အိမ်သို့ဝင်ကုန်သော အသင်တို့အားပေးကမ်းကျွေးမွေးဖို့ရာ ယာဂူ ဆွမ်းစသည်တို့သည် တစ်စုံတစ်ခုမျှ မရှိချေ။အလုံးစုံသော အသင်တို့ကို မီးကျီးတွင်းတို့၌ကျစေပြီးသော် ဖမ်းယူပေ လတ္တံ့ဟုကြံအောက်မေ့၏။ ဤသို့ကြံအောက်မေ့ပြီးသော် မြတ်စွာဘုရားသပိတ်တော်ကို ယူ၍ ဤအရပ်မှ ကြွတော်မူပါဟု လျှောက်ကြားပြီးလျှင် အရှင်ဘုရားတို့ အကျွန်ုပ်၏အိမ်သို့ လာရောက်ကုန်သော သူတို့အားဝတ်ကိုသိ၍ လာရောက်ခြင်းငှာအပ်ပါသည်ဟု လျှောက်၏။ ဒါယကာ အဘယ်သို့သော ဝတ်ပြုခြင်းငှာ အပ်သနည်းဟု မေးတော်မူလျှင် တစ်ယောက် တစ်ယောက်သောသူသည် ရှေးဦးစွာ ဝင်ရောက်သွားလာ ထိုင်နေပြီးသောအခါ၌ နောက်မှနောက်မှ တစ်ပါးသောသူတို့သည် ထိုင်နေခြင်းငှာ မရအပ်ပါဟု လျှောက်ကြား၏။ ဤသို့လျှောက်ကြားခြင်း

သည့်ကား ရှေးမှရှေးမှ လာရောက်ကုန်သော သူတို့သည် မီးကျီးတွင်း၌ကျသည်ကို တွေ့မြင်ရသောအခါ နောက်မှ လာရောက်ကုန်သော ကြွင်းကုန်သောသူတို့သည် မလာရောက်ပေကုန်ယတ္တ့။ ထို့ကြောင့် တစ်ယောက် တစ်ယောက်ချင်းသာလျှင် ကျရောက်စေပြီးသော အခါမှ နှိပ်နင်း ချုပ်ဖမ်းယူအံ့ဟု ကြံပြီးသော် လျှောက်ကြားပေသတည်း၊ ဘုရားကိုယ်တော်မြတ်လည်း ကောင်းပြီဟု ဝန်ခံတော်မူ၍ ကိုယ်တော်မြတ် တစ်ပါးတည်းသာလျှင် ကြွသွားတော်မူ၏။

မီးကျီခဲစုအတွင်းမှ ပဒုမ္မာကြာများ ထပေါက်ခြင်း

မီးကျီးတွင်း၏ အနီးသို့ ကျရောက်သော် ဂရဟဒိန္နသူကြွယ်သည် နောက်သို့ ဆုတ်ဖယ်၍ လျင်စွာသော အဟုန်ဖြင့် ပြန်သွားပြီးမှ ရပ်တည့်လျက် အရှင်ဘုရားတို့ ရှေးမှ ကြွတော်မူပါကုန်လော့ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် မီးကျီးတွင်း၏အထက်၌ ခြေတော် ဆန့်လှမ်းတော်မူသဖြင့် အထက်၌ ခင်းထားအပ်သော ဖျာသည် ကွယ်ပျောက်လေ၏။ မီးကျီးစုကို ဖောက်ခွဲပြီးသော် လှည်းဘီးစက်မျှ ပမာဏရှိကုန်သော ပဒုမ္မာကြာတို့သည် ထပေါက်ကုန်၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ပဒုမ္မာကြာချက်ကို တက်နင်းကြွလှမ်းတော်မူလျက် ခင်းထားအပ်သော မြတ်သော ဘုရားရှင်နေရာ၌ ထိုင်နေ သီတင်းသုံးတော်မူ၏။ ရဟန်းတို့သည်လည်း ထိုအတူသာလျှင် ကြွသွားတော်မူကြ၍ ထိုင်နေ သီတင်းသုံးတော်မူကုန်၏။ ဂရဟဒိန္နသူကြွယ်၏ ကိုယ်မှ မီးဖြင့် မြိုက်သော အခြင်းအရာ ပြင်းစွာ ပူလောင်ဘိသကဲ့သို့ ထင်၏။

ထိုဂရဟဒိန္နသူကြွယ်သည် လျင်စွာသော အဟုန်ဖြင့် သီရိဂုတ္တသူကြွယ် ထံမှောက်သို့ သွားရောက် ချဉ်းကပ်ပြီးသော် အဆွေ သီရိဂုတ္တ ငါ၏ ကိုးကွယ်မှီခိုရာ ဖြစ်ပါလော့ဟု တောင်းပန်ပြောဆို၏။ ဤအမှုကား အဘယ်နည်းဟု မေးသည်ရှိသော် အဆွေ ရဟန်းငါးရာတို့အား ကျွေးမွေးပေးကမ်း လှူဒါန်းဖို့ရာ ငါ၏ အိမ်၌ ယာဂု ခဲဖွယ် ဆွမ်း စသည်တို့သည် တစ်စုံတစ်ရာ မရှိပါ။ အသို့ပြုရပါအံ့နည်းဟု ပြောလျှင် အသင်သည် အဘယ်သို့ ပြုအပ်သနည်းဟု မေးပြန်လျှင် ငါသည် အိမ်နှစ်လုံးတို့၏အကြား၌ ကြီးစွာသောတွင်းကို မီးကျီးဖြင့် ပြည့်သည်ကိုပြုပြီး ထိုတွင်း၌ ကျစေ၍ နှိပ်နယ်ဖမ်းချုပ်အံ့ဟု ကြံပြီးလျှင် ပြုမိပါသည်။ ယခုမှာကားအလျှံတောက်ပသော ထိုမီးကျီးကို ဖောက်ခွဲပြီးသော် ပဒုမ္မာကြာတို့သည် ထပေါက်ကုန်သဖြင့် ထိုပဒုမ္မာကြာချက်၌ နင်းတက်ကြွသွား၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေ သီတင်းသုံးတော်မူကြကုန်ပြီ၊ အဆွေ ခင်ပွန်း ကျွမ်းဝင် ဆက်ဆံလှပေသော အိုအရှင် ယခုအခါ အဘယ်သို့ ပြုရပါအံ့နည်းဟု ပြောဆိုက သီရိဂုတ္တသူကြွယ်က ကျွေးမွေးပေးကမ်းဖို့ရာ ဤမျှ

လောက်ကုန်သော အိုးစရည်းကြီးတို့၌ ယာဂုဖြင့် စီရင်၍ ထားအပ်၏၊ ဤမျှ လောက်ကုန်သော အိုးစရည်းကြီးတို့၌ ဆွမ်းတို့ကိုစီရင်၍ ထားအပ်ကုန်၏ အစ ရှိသည်ဖြင့် ညွှန်ပြအပ်သည် မဟုတ်ပါလောဟု မေးလျှင် အဆွေ ငါသည် လိမ်လည်လှည့်ဖြား မဟုတ်မမှန်သော စကားကို ပြောကြားမိပါသည်။ အလုံးစုံ ကုန်သော အိုးစရည်းကြီးတို့သည် အချည်းနှီးသာလျှင် ဖြစ်ပါကုန်သည်ဟု ပြောဆိုသောအခါ သိရိဂုတ္တသူကြွယ်က အဆွေ ဂရဟဒိန္န အသင်ပြောတိုင်းပင် ရှိစေတော့၊ သွားတဲ့ချေ၊ အိုးစရည်းကြီးတို့၌ ယာဂု ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ ရှိ မရှိကို ဖွင့်လှစ်၍ ကြည့်ပါချေလော့ဟု စေလွှတ်သဖြင့် စေလွှတ်ပြောဆိုသော အတိုင်း ဂရဟဒိန္န သူကြွယ်သည် ဖွင့်လှစ်၍ ကြည့်ရှုသည်ရှိသော် အကြင် အိုးစရည်းကြီး၌ လိမ်လည်လှည့်ပတ်သောအားဖြင့် မိမိက ယာဂုတို့ဖြင့်ပြည့်၏ဟု ညွှန်ပြအပ်၏၊ ဤသို့ညွှန်ပြအပ်သော အိုးစရည်းကြီး၌ ယာဂုခဲတို့ဖြင့်ပြည့်ကုန်၏။ အကြင် အိုးစရည်းကြီး၌ မိမိသည် ထမင်းတို့ဖြင့် ပြည့်၏ဟုညွှန်ပြအပ်၏။ ထိုသို့ ညွှန်ပြအပ်သော အိုးစရည်းကြီး၌ ထမင်းတို့ဖြင့်ပြည့်ကုန်၏။ ဤသို့ အလုံးစုံသော ပြည့်စုံခြင်းကို တွေ့မြင်ရသော် ဂရဟဒိန္န သူကြွယ်၏ ကိုယ်သည် နှစ်သက် ဝမ်းသာခြင်းဖြင့် ထက်ဝန်းကျင်ပြည့်သော စိတ်နှလုံး ညွတ်ရိုး နှစ်မြို ကြည်ညိုခြင်း ရှိသည်ဖြစ်၍ ဂရဟဒိန္နသူကြွယ်သည် ရိုသေ ကောင်းမွန်စွာ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းကို ကောင်းမွန်စွာ လုပ်ကျွေး ပြုစုပြီးသော် ပြုအပ်ပြီးသော ဆွမ်းစားခြင်းကိစ္စ ရှိတော်မူသော မြတ်စွာဘုရား ရှင်အား အနုမောဒနာကို ပြုစေလိုသောကြောင့် သပိတ်ကိုယူ၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် အနုမောဒနာကို ပြုတော်မူလိုသော ကြောင့် ဤသတ္တဝါတို့သည် ပညာတည်းဟူသော စက္ခု၏ မရှိသည်၏ အဖြစ် ကြောင့် ငါဘုရား တပည့်သာဝကတို့၏ ဂုဏ်ကျေးဇူးကို မသိကြကုန်။ ငါဘုရား အဆုံးအမဖြစ်သော တရားတော်၏ ဂုဏ်ကျေးဇူးကို မသိကြကုန်။ ပညာတည်း ဟူသော စက္ခုတို့မှ ကင်းကုန်သော သူတို့သည် သူကန်းတို့ မည်ကုန်၏။ ပညာ ရှိကုန်သော သူတို့သည် စက္ခုရှိကုန်သော သူတို့မည်ကုန်၏ဟု မိန့်တော်မူပြီး၍— ဤဂါထာတိုကို ဟောကြားတော်မူ၏—

၅၈။ ယထာ သင်္ကာရဓာနသ္မိံ၊ ဥဇ္ဈိတသ္မိံ မဟာပထေ။

ပဒုမံ တတ္ထ ဇာယေထ၊ သုစိဂန္ဓံ မနောရမံ။

၅၉။ ဧဝံ သင်္ကာရဘူတေသု၊ အန္ဓဘူတေ ပုထုဇ္ဇနေ။

အတိရောစတိ ပညာယ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။

အမှိုက်ပုံ၌ စွန့်ပစ်အပ်သော ထိုခရီးမ၌ ရနံ့ရှိသော ပဒုမ္မာကြာပန်းသည် ပေါက်ရောက်သကဲ့သို့ ဤအတူ အမှိုက်ချေးသဖွယ် ဖြစ်သူတို့၌ နေသော ငါဘုရား တပည့်သားသာဝကသည် ပညာမျက်စိကန်းကုန်သော ပုထုဇဉ်တို့ကို ပညာဖြင့်သာလွန်တင့်တယ်၏။

ထိုဂါထာတို့တွင် **သင်္ကာရဓာနသ္မိံ** ဟူသည်=အမှိုက်ပုံ၌ ဟူလို၊

ဥဇ္ဈိတသ္မိံမဟာပထေ ဟူသည်=ခရီး ပမ်းမ၌ စွန့်အပ်သော ဟူလို။

သုစိဂန္ဓံ ဟူသည်=အလွန်မွှေးကြိုင်သော အနံ့ရှိသော ဟူလို။

ဤအာရုံ၌ စိတ်သည်မွေ့လျော်တတ်သောကြောင့် မနောရမ မည်၏ ဟူလို။

သင်္ကာရဘူတေသု ဟူသည်=တံမြက်ချေးစုရာ မြေကဲ့သို့ ဖြစ်၍ဖြစ်ကုန်သော ဟူလို။

ပုထုဇ္ဇနေ ဟူသည်=ကိလေသာများစွာတို့၏ ဖြစ်ခြင်းကြောင့် နာမည်ရလာသော လောကီလူအပေါင်း၌ ဟူ ။ဆိုလိုရင်းအဓိပ္ပာယ်ကား–ခရီးလမ်းမ၌ စွန့်ပစ်အပ်သော ညစ်ပတ်စက်ဆုပ်ဖွယ် ကောင်းသော အမှိုက်ပုံ၌ မွှေးကြိုင်သင်းပျံ့သော အနံ့ရှိသော ပဒုမ္မာကြာ ပွင့်ရာ၏။ စိတ်နှလုံး ရွှင်ပြုံးစေတတ်၍ ချစ်နှစ်သက်ဖွယ်ကောင်းသော ထိုပဒုမ္မာကြာသည် မင်း မင်းအမတ်စသူတို့၏ ဦးခေါင်းထက်၌ ပန်ဆင်ထိုက်သကဲ့သို့ ထို့အတူ အမှိုက်ချေးသဖွယ်ဖြစ်ကုန်သော ပုထုဇဉ်တို့၌ မွေးဖွားသော ပညာမျက်စိမရှိသော လူအပေါင်းတို့၏ အသယ်၌ဖြစ်သော်လည်း မိမိ၏ပညာအစွမ်းဖြင့် ကာမဂုဏ်တို့၌ အပြစ်ကိုလည်းကောင်း၊ တောထွက်ခြင်း၌ အကျိုးကိုလည်းကောင်း မြင်၍ ရဟန်းပြု၏။ရဟန်းပြုလျှင်ပြုချင်း သီလသမာဓိ ပညာ အရဟတ္တဖိုလ်, ပစ္စဝေက္ခဏာဉာဏ်စသည်တို့ဖြင့် အလွန်နှစ်သက်စေ၍လည်း ဘုရားသားတော် ရဟန္တာဖြစ်သော ရဟန်းသည် သူကန်း ပုထုဇဉ်တို့ထက် အလွန်အထူး နှစ်သက်ဖွယ်ရှိ၍ တင့်တယ်ပေ၏ဟူလို။

ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏အဆုံး၌ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့အား အကျွတ်တရားကိုရခြင်းဖြစ်လေ၏။ ဂရဟဒိန္နသူကြွယ်သည်လည်းကောင်း၊ သီရိဂုတ္တ သူကြွယ်သည်လည်းကောင်းသောတာပတ္တိဖိုလ်သို့ရောက်ကုန်၏။သူငယ်ချင်းနှစ်ယောက်တို့သည် မိမိ၏ဥစ္စာအားလုံးကို မြတ်စွာဘုရားမျှင်၏ သာသနာတော်၌ စွန့်ကြဲပေးကမ်း လှူဒါန်းကုန်၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် နေရာမှထတော်မူ၍ ကျောင်းတော်သို့ ကြွတော်မူ၏။ ရဟန်းအပေါင်းတို့သည်

ညချမ်းသောအခါ တရားသဘင် အစည်းအဝေးခွင်၌ ငါ့ရှင်တို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်ဟူ မည်သည်ကား ကြွေ-အံ့ဩဖွယ် ရှိပေစွတကား၊ ထိုသို့သဘောရှိသည် မည်သော အလျံရဲရဲ တောက်လောင်၍ နေသော ရှားမီးခဲအစုကို ဖောက်ခွဲပြီးသော် ပဒုမ္မာကြာတို့သည် ပေါက်ရောက် ကုန်၏-ဟူသော စကားကို ဖြစ်ကြစေကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ် သည် ကြွတော်မူလာ၍ ချစ်သား ရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ဤ ယခုအခါ၌ အဘယ်မည်သော တရားစကားဖြင့် ပြောကြားစည်းဝေး ထိုင်နေ ကုန်သနည်းဟု မေးတော်မူသည်ရှိသော် ဤအမည်ရှိသော အကြောင်းပါတည်း ဟု လျှောက်ကြားသော် ချစ်သားရဟန်းတို့ ယခုအခါ၌ ဘုရား၏ အဖြစ်သို့ ရောက်တော်မူသဖြင့်ဘုရားဖြစ်၍ ဖြစ်သော ငါ့အား ရှားမီးခဲအစုမှ ဖောက်ခွဲ၍ ပဒုမ္မာကြာပန်းတို့ ပေါက်လာကုန်သည်ကား အံ့ဩဖွယ် မရှိလှသေး၊ တစ်စိတ် တစ်ဒေသသော ဉာဏ်၌ တည်သည်ဖြစ်၍ ဖြစ်သော မရင့်ကျက်သော ဉာဏ်ရှိ သည်ဖြစ်သော အလောင်းတော်ဖြစ်သော ငါ့အား ရှားမီးခဲအစုကို ဖောက်ခွဲ ပြီးသော် ကြာပဒုမ္မာပန်းတို့သည် ပေါက်ရောက်ဖူးသည် သာလျှင်တည်းဟု မိန့်တော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်အခါ၌ ပါနည်း၊ တပည့်တော်တို့အား မိန့်ကြားတော်မူပါလော့ဟု တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

မီးကျီးခဲစုအတွင်းမှ ပဒုမ္မာကြာများ ပေါက်ရောက်ဖူးကြောင်း အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီး၌ ဗြဟ္မဒတ် မင်းကြီးသည် ရာဇဓမ် ဆယ်ပါး၊ သင်္ဂဟလေးပါး၊ ရာဇကျင့်ဝတ်တို့ဖြင့် မချွတ်မယွင်း မျှတင်း သမှု မင်းပြုတော်မူသည်ရှိသော် ငါဘုရားလောင်းသည် ထိုဗာရာဏသီပြည်ဝယ် သေဋ္ဌေးမျိုး၌ဖြစ်၍ အထူးထူးအပြားပြား များစွာကုန်သော အဆောက်အဦး တို့ဖြင့် လောက်လုံပြည့်ငြား နတ်သားလုလင်ကဲ့သို့ ကြီးပွားလျက် အစဉ်အတိုင်း လိမ္မာယဉ်ကျေးသည်၏ အဖြစ်သို့ ရောက်၍ တစ်ဆယ့်ခြောက်နှစ်ႉ မြောက် ကျရောက်သောအခါ တတ်ကောင်းဖွယ်ရာသော အတတ်ပညာတို့၌ ကောင်းစွာ တတ်မြောက် အပြီးသို့ရောက်သဖြင့် မိဘနှစ်ယောက်တို့သည် သေလွန်ထော် သေဋ္ဌေး၏ အရာကိုရ၍ မြို့တံခါးဝလေးမျက်နှာတို့၌ အလှူတင်းကုတ် မဏ္ဍပ် လေးခု၊ မြို့၏အလယ်၌ အလှူတင်းကုတ် မဏ္ဍပ်တစ်ခု၊ မိမိ၏ အိမ်ရှေ့၌ အလှူ တင်းကုတ် မဏ္ဍပ်တစ်ခုအားဖြင့် အလှူတင်းကုတ် မဏ္ဍပ်ကြီး ခြောက်ခုတို့ကို ဆောက်လုပ်စေ၍ အလှူကြီးကို ပေးလှူစွန့်ကြဲ၏။ သီတင်းသီလဆောက်တည် ကျင့်သုံးခြင်း အမှုကိုလည်း ပြုပေ၏။

ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူဒါန်းရာ မာရ်နတ်သားက ဖျက်ဆီးခြင်း

တစ်နေ့သောအခါ နံနက်စာ စားဆဲသော ဘုရားလောင်း သေဋ္ဌေးအား အထူးထူးအပြားပြား စိတ်အားတပ်မက် နှစ်သက်ဖွယ်ရာ ကောင်းမွန်သော အရသာရှိသော ဘောဇဉ်ကို ခင်းကျင်းတည်ထားသည်ရှိသော် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးသည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားတော်မူ၍ နိရောဓသမာပတ်မှ ထတော်မူပြီးသောအခါ ဆွမ်းခံလှည့်လည်သော အချိန်ကို မှတ်၍ ယနေ့ ငါသည် ဗာရာဏသီသေဋ္ဌေး၏အိမ်သို့ သွားရောက်ခြင်းငှာအပ်၏ဟု ကြံဆင်ခြင်တော်မူ၍ ကွမ်းရိုးဒန်ပူကို စားပြီးသော် အနဝတတ်အိုင်၌ မျက်နှာ သစ်တော်မူ၍ ဆေးဒါန်းမြင်းသိလာပြင့် ပြီးသော ကျောက်ဖျာအပြင်၌ သင်းပိုင်ကို ပြင်ဝတ်တော်မူပြီး၍ လျှပ်စစ်နွယ်ကဲ့သို့သော ခါးပန်းတော်ကို ပန်းတော်မူပြီးသော် သင်္ကန်းကို ရုံတော်မူ၍ တန်ခိုးဖြင့်ပြီးသော မြေသပိတ် ကိုယူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီးသော် ဘုရားလောင်း သေဋ္ဌေးအိမ် တံခါးဝအနီး၌ တန့်ရပ်တော်မူ၍ အလောင်းတော်သေဋ္ဌေးလည်း ရှင်ပစ္စေကဗုဒ္ဓါ ကိုမြင်လျှင် ကြည်ရွှင်သောစိတ် ရှိသည်ဖြစ်၍ စားမျိုဆဲသော ထမင်းပွဲမှထ၍ အရိုအသေအမှုကို ပြုပြီးလျှင် မိမိစေခိုင်းအပ်သော အမှုလုပ် ယောကျ်ားကို ကြည့်ရှု၏။ အမှုလုပ်ယောကျ်ားက အရှင် အဘယ်ကိုပြုပါရအံ့နည်းဟုမေးလျှင် အချင်းယောကျ်ား အရှင်မြတ်၏ သပိတ်တော်ကို ဆောင်ယူခဲ့လော့ဟု စေခိုင်း တိုက်တွန်း၏။ ထိုခဏ၌ မာရ်နတ်မင်းသည် တုန်လှုပ်တက်ကြွ ရုတ်ခြည်းထလျက် ဤပစ္စေကဗုဒ္ဓါသည် ယနေ့မှ ခုနစ်ရက်မြောက် ကျရောက်စဉ်မှစ၍ အာဟာရကို မစားမသုံးရ ယနေ့မူ အာဟာရကို မရခဲ့သည်ရှိသော် ပျက်စီးလတ္တံ့၊ ဤပစ္စေကဗုဒ္ဓါကိုလည်းဖျက်ဆီးအံ့၊ သေဋ္ဌေး၏အလှူအန္တရာယ်ကိုလည်းပြုအံ့ဟု ကြံပြီးလျှင် ထိုခဏ၌သာလျှင် မြန်စွာသက်ဆင်းလာ၍ သေဋ္ဌေးအိမ်နှင့် ပစ္စေက ဗုဒ္ဓါအရှင်မြတ် ရပ်တန့်သော အကြား၏အတွင်း၌ အတောင်ရှစ်ဆယ်မျှ ပမာဏရှိသော မီးကျီးတွင်းကို ဖန်ဆင်း၍ ထားလေ၏။

ထိုမီးကျီးတွင်းသည်ကား အလျှံပြောင်ပြောင် တောက်လောင်သော မီးခဲ မီးကျီးတို့ဖြင့် ပြည့်၏၊ အဝီစိငရဲမီးကဲ့သို့ မှတ်ထင်ရ၏၊ မီးကျီးတွင်းကို ဖန်ဆင်း ပြီး၍ မိမိသည်ကောင်းကင်က ရပ်တန့်ကြည့်ရှု၍ နေ၏၊ သေဋ္ဌေးစေလွှတ်အပ် သည်ဖြစ်၍ သပိတ်ကို ဆောင်ယူအံ့သောငှာ သွားသော အမှုလုပ် ယောကျ်ား သည် မီးကျီးတွင်းကိုမြင်၍ ကြီးစွာသော ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်သဖြင့် ပြန်၍ ပြေးလာ၏။ ဘုရားလောင်း သေဋ္ဌေးက အချင်းလုလင် အဘယ်ကြောင့် ပြန်လာသနည်းဟု မေးလျှင် အရှင်၏အိမ်ရှေ့အပြင်၏အတွင်း၌ ရဲရဲငြိုးသော မီးကျီးတွင်းသည် ရှိပါသည်ဟု ပြောလျှင် ထိုနောက် တစ်ပါးသော သူကို စေလွှတ်ပြန်ပါသော်လည်း ရှေးနည်းအတူသာလျှင် ပြန်၍ပြေးလာကုန်၏၊

ထိုအခါ ဘုရားလောင်းသည် ယခုအခါ ငါ၏အလှူအန္တရာယ်ကို ပြုလိုသောကြောင့် ဝသဝတ္တိနတ်ပြည်၌နေသော မာရ်နတ်သားသည် ငါ့အား စစ်ပြုလာသည် ဖြစ်ပေလတ္တံ့၊ ထိုသို့သဘောရှိသော မာရ်နတ် အထောင် အသောင်း အသိန်းတို့ပင် ဖြစ်စေကာမူ ငါ၏ စိတ်နှလုံးကို မတုန်မလှုပ် စေနိုင်သည်၏အဖြစ်ကို မသိသည်သာလျှင်ကတည်း၊ ယခုအခါ ငါ၏လည်းကောင်း၊ မာန်နတ်သား၏လည်းကောင်း ခွန်အားစွမ်းပကား ကြီးမြတ်သည်ကို သိရပေတော့အံ့ဟု ကြံ၍ စီရင်မြဲတိုင်းသာလျှင် ဖြစ်သော ထိုဆွမ်းခွက်ကိုယူ၍ အိမ်မှထွက်ခဲ့ပြီး မီးကျီးတွင်းနား၌ တန့်ရပ်ပြီးသော် ကောင်းကင်ကို မျှော်၍ကြည့်ရှုက မာရ်နတ်သားကိုမြင်၍ သင်သည် အဘယ်သူနည်းဟု မေး၏။ ငါကား မာရ်နတ်သားဟုဆိုလျှင် ဤမီးကျီးတွင်းကို အသင်ဖန်ဆင်းအပ်သလောဟု မေးပြန်သဖြင့် ဩော်–ဟုတ်ပေ၏။ ငါသည် ဖန်ဆင်းအပ်သတည်းဟု ဝန်ခံလျှင် အသင် အဘယ်အကျိုးငှါ ဖန်ဆင်းဘိသနည်းဟု မေးပြန်သော် အသင်၏အလှူအန္တရာယ်ကို ပြုခြင်းငှါလည်းကောင်း၊ အရှင်ပစ္စေကဗုဒ္ဓါ၏အသက်ကို ဖျက်ဆီးခြင်းငှါလည်းကောင်း ဖန်ဆင်းအပ်ပေသည်ဟုဆိုလျှင် ဘုရားလောင်းက ငါ၏အလှူအန္တရာယ်ကို ပြုနိုင်စိမ့်သောငှါ သင့်အား ငါမပေးတော့အံ့၊ အရှင်ပစ္စေကဗုဒ္ဓါ၏ အသက်အန္တရာယ်ကို ပြုနိုင်စိမ့်သောငှါ အသင်အား ငါမပေးတော့အံ့ ယခုအခါ အသင်နှင့် ငါတို့သည် ခွန်အားစွမ်းပကားသတ္တိ၊ အဘယ်သူက ကြီးမြတ်စွာ ရှိသည်ကို သိရပါလိမ့်အံ့ဟု ပြောဆိုပြီးလျှင် မီးကျီးတွင်း၏ အနားဝကမ်းထိပ်ထက် မတ်မတ်ရပ်လျက် အရှင်ပစ္စေကဗုဒ္ဓါအား လျှောက်ထား တောင်းပန်လိုသည် ဖြစ်သောကြောင့် ဤဂါထာကိုရွတ်ဆို၏—

ကာမံ ပတာမိ နိရယံ၊ ဥဒ္ဓံပါဒေါ အဝံသိရော။
နာနရိယံ ကရိဿာမိ၊ ဟန္ဒ ပိဏ္ဍံ ပဋိဂ္ဂဟ–

ရွှေဘုန်းတော်မျှင် အရှင်ဘုရား ရဲရဲဟုန်ပြင်း ဤမီးကျီးတွင်းသို့ အထက်သို့ ခြေထောက်မိုးမျှော် အောက်သို့ဦးခေါင်းဘွဲလဲဆွဲပြီး ကျမူလည်း တပည့်တော် စင်စစ်အားဖြင့် ကျပါစေတော့၊ ထိုသို့ပင် ကျရောက်၍ သွားရလေငြားသော်လည်း မသူတော်တို့သည် ပြုကျင့်အပ်သော အလှူကို မပေးခြင်း၊ သီလကို မစောင့်ရှောက်ခြင်းကို တပည့်တော် မပြုပါအံ့၊ အရှင်ဘုရားတို့သည် လွတ်လွတ်စွန့်ပြီး အလှူခံတော်မူပါသော့ဟု လျှောက်ကြားပြီးလျှင် ဘုရားလောင်းသည် မြဲမြံ ခိုင်ခံ့သော ဆောက်တည်ခြင်းဖြင့် ဆွမ်းခွက်ကိုကိုင်လျက် မီးကျီးတွင်း၏ အထက်ဖြင့် နင်းတက်၍ သွား၏။

မီးကျီးခဲစုအတွင်းမှ အံ့ဩဖွယ် ပဒုမ္မာကြာများပေါက်ခြင်း

ထိုခဏ၌ အတောင်ရှစ်ဆယ်မျှလောက်ရှိသော မီးကျီးတွင်းအပြင်မှ အဆင့်ဆင့်မြင့်သော ပွင့်ချပ်ဘစ်ရာတို့ဖြင့် တန်ဆာဆင်အပ်သော အပွင့်ရှိသော ကြာပဒုမ္မာပင်သည် ပေါက်လာ၍ ဘုရားအလောင်း၏ ခြေအောက်၌ ခံ၏။ ထိုကြာပဒုမ္မာပန်းမှ တစ်တုမ္မျှ ပမာဏရှိသော ဝတ်ဆံဝတ်မှုန်တို့သည် တက်လာ၍ ဘုရားလောင်း၏ ဦးထိပ်၌ကျသဖြင့် အလုံးစုံသော ကိုယ်သည် ရွှေမှုန်ဖြင့် ကြဲဘိသကဲ့သို့ တည်၏။ ဘုရားလောင်းသည် ပဒုမ္မာကြာပန်း အချပ်အထက်၌ ရပ်လျက် အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ကို အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်၌ ထည့်လောင်းလှူပါ၏။ အရှင်ပစ္စေကဗုဒ္ဓါလည်း ဆွမ်းကိုခံယူလျက် အနုမောဒနာကို ပြုတော်မူပြီး သပိတ်ကို ကောင်းကင်၌ ပစ်လွှတ်လိုက်၍ လူတို့ မြင်စဉ်ပင် ကောင်းကင်သို့တက်၍ အထူးထူးအပြားပြား ရှိသော တိမ်တိုက်လွှာတိမ်ကို နင်းဘိသကဲ့သို့ ဖြစ်၍ ဟိမဝန္တာသို့ သာလျှင် ကြွသွားတော်မူ၏။

မာရ်နတ်သားသည်လည်း ဇစ်ရှုံး၍ နှလုံးမသာယာခြင်းသို့ ရောက်လေရကား မိမိစံနေရာဖြစ်သော ဝသဝတ္တီ နတ်ပြည်သို့သာလျှင် ပြန်သွားရလေ၏။ အလောင်းတော် သေဋ္ဌေးလည်း ပဒုမ္မာကြာချပ်၏ အထက်၌ရပ်လျက် လူများ အပေါင်းအား ဒါန, သီလ စသည်ပေါင်းစု ကောင်းမှု ကုသိုလ်ကံ၏ အကျိုးဆက်ကို ဟောပြပြီးလျှင် လူများအပေါင်း ခြံရံလျက် မိမိအိမ်သို့ ဝင်၍ အသက်ထက်ဆုံး ဒါနအစရှိသော ကုသိုလ် ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လားရလေ၏။ ချစ်သားရဟန်းတို့ ယခုအခါ ဘုရားအဖြစ်သို့ စင်စစ်ထုတ်ချောက် ရောက်တော်မူလာပြီး ဘုရားဖြစ်၍ ဖြစ်သော ငါ့အား မီးကျီးခဲအစုမှ ကြာပဒုမ္မာပန်းသည် ပေါ်ပေါက်လာသည်ကား အံ့ဩဖွယ်မရှိ၊ ရှေးအခါက တစ်စိတ်တစ်ဒေသ ဉာဏ်ကို ရသဖြင့် ဘုရားလောင်းတော် ဖြစ်သော သေဋ္ဌေးအား အလျှံရဲရဲ မီးကျီးခဲအစုမှ ကြာပဒုမ္မာပန်း ထူးဆန်း ပေါ်ပေါက် ထွက်ရောက်လာသည်ကား သာ၍ပင် အံ့ဩဖွယ် ရှိပါပေသည်ဟု နိဂုံးကမ္ပတ် အုပ်သတ်တော်မူပြီးမှ ချစ်သားရဟန်းတို့ ထိုအခါက ၎င်ပစ္စေကဗုဒ္ဓါသည် ထိုဘဝ၌ပင် ပရိနိဗ္ဗာန်ပြုတော်မူပေ၏။ ထိုအခါက ဗာရာဏသီ သေဋ္ဌေးသည် ယခုအခါ ငါဘုရားဖြစ်လာပေ၏ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

သီရိဂုတ္တသူကြွယ်နှင့် ဂရဟဒိန္နသူကြွယ်တို့၏ဝတ္ထု ပြီး၏။

ဓမ္မပဒပါဠိတော် အဋ္ဌကထာတို့၌ လေးခုမြောက်ဖြစ်သော ပုပ္ဖဝဂ် ပြီးဆုံး၏။

၅—ဗာလဝဂ်

၁—အညတရပုရိသဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

ဒီဃာ ဇာဂရတော ရတ္တိ—အစရှိသော ဤဓမ္မဒေသနာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ပသေနဒီကောသလမင်းကြီးကိုလည်းကောင်း၊ အမျိုးအမည် မထင်ရှား တစ်ဦးသော ယောကျ်ားကိုလည်းကောင်း အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဘုရင်ပသေနဒီကောသလ မင်းကြီးသည် ပွဲသဘင်ကြုံသော တစ်နေ့၌ တန်ဆာတို့ဖြင့် ဆင်ယင်အပ်သော တစ်ကိုယ်လုံး ဖွေးဖွေးဖြူသော ပုဏ္ဍရိကမည်သော ဆင်တစ်ကောင်ကို တက်စီးတော်မူ၍ မင်း၏အာနုဘော်ဖြင့် မြို့ကို လက်ယာရစ် လှည့်လည်သည်ကို ပြု၏။ ပွဲသဘင် စီရင်ခင်းကျင်း မင်း၏ တင့်တယ် စံပယ်ခြင်းရှိသော ပွဲသဘင် ဖြစ်သည် ရှိသော် ခဲ့တုတ် စသည်တို့ ပစ်ခတ်ရိုက်နှက်အပ်သော်လည်း များစွာသော လူများ အပေါင်းသည် ထွက်ပြေး တိမ်းရှောင် လျက်သာ လည်ကိုလှည့်လည် ပြန်၍စောင်းလျက် ကြည့်ရှု ကြကုန်သေးသည် သာလျှင်တည်း။ ဤသို့ကြည့်ရှုခြင်းသည်ကား ရေမြေသနင်း ပြည့်ရှင်မင်းတို့အား ရိုသေ ကောင်းမွန်စွာ ပေးကမ်းလှူဒါန်းခဲ့ဖူးသော ဒါန၏အကျိုးဆက် ဖြစ်ပေ၏။

ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်မယ်အကြောင်း

မထင်မရှားသော ဆင်းရဲသား ယောကျ်ားတစ်ယောက်၏ မယား ခင်ပွန်းမသည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်အပြင်၌ တည်လျက် လေသောက်ပြတင်း တံခါးရွက်တစ်ခုကို ဖွင့်လှစ်စေပြီး မင်းကြီးကိုကြည့်ရှု ပြီးသော် မိမိ၏ နေရာတိုက်ခန်းသို့ ဝင်၍ သွား၏။ ပသေနဒီ ကောသလ မင်းကြီးသည် ကောင်းကင်၌ တက်ထွန်းသော လပြည့်ဝန်းအသည် တိမ်တိုက် ကြားသို့ဝင်၍ သွားဘိသကဲ့သို့ မှတ်ဆင်အောက်မေ့၏။ မင်းကြီးသည် မိမိအား ကြည့်ရှုပြီး တိုက်ခန်းအတွင်းသို့ဝင်သွားသော ထိုမိန်းမအား နှောင်ဖွဲ့ တပ်ညွတ်သောစိတ် ရှိသည်ဖြစ်၍ ဆင်၏ ကျောက်ကုန်းထက်မှ လျှောသက်၍

ကျအံ့သကဲ့သို့ အခြင်းအရာသည် ဖြစ်၍ လျင်စွာ မြို့ကို လက်ယာရစ် လည်သည်ကိုပြု၍ နန်းတွင်းသို့ ပြန်ဝင်တော်မူပြီးလျှင် မိမိနှင့် အကျွမ်းဝင်သော အမတ်တစ်ယောက်ကို အချင်းအမတ် ဤအမည်ရှိသော အရပ်၌ သွားသည် ရှိသော် ငါသည် ကြည့်ရှုအပ်သော ပြာသာဒ်တစ်ခုကို အသင်မြင်ပါ၏လောဟု မေး၏။ သြော်....အရှင်မင်းမြတ် မြင်ပါ၏ဟု အမတ်ကလျှောက်လျှင် ထို ပြာသာဒ်၌ မိန်းမတစ်ယောက်ကို မြင်ပါ၏လောဟု မေးတော်မူသဖြင့် အရှင် မင်းမြတ် ထိုပြာသာဒ်၏အထက်၌ နှစ်သက်ဖွယ်ရာ အင်္ဂါသဏ္ဌာန် ကြန်အင် လှပသော မိန်းမငယ် တစ်ယောက်ကို မြင်ရပါသည်ဟု လျှောက်ကြားသော် အချင်းအမတ် အသင်သည် သွားလော၊ ထိုအမျိုး မိန်းမငယ်အား အစိုးရ သော ခင်ပွန်းအရှင်လင်ရှိသည်၏အဖြစ် မရှိသည်၏အဖြစ်ကို သိအောင်ပြု၍လာ ခဲ့ဘိလော့ဟု စေလွှတ်တော်မူ၏။ ထိုအမတ်သည် လျင်စွာ သွားရောက်စုံးစမ်း သော် အစိုးရသော လင်ရှိသည်၏ အဖြစ်ကိုသိ၍ ပြန်လာပြီးလျှင် မင်းကြီးအား အစိုးရသော ခင်ပွန်းအရှင် လင်ရှိသည်၏အဖြစ်ကို ပြန်ကြား လျှောက်တင်၏။

ဇနီးကို လိုချင်၍ လင်အား သတ်ရန် ရာထူးပေးအပ်ခြင်း

ထိုအခါ အမတ်ကို မင်းကြီးက အချင်းအမတ် ထိုသို့ဖြစ်လျှင် အချင်းအမတ် သွားလော့။ ထိုအမျိုးမိန်းမငယ်၏ လင်ကို ငါ၏ထံသို့ ခေါ်ဆောင်ခဲ့လော့ဟု စေလွှတ်တော် မူသည်ရှိသော် အမတ်သည်လည်း သွားရောက်၍ အိုအချင်း လာလှည့် အသင့်ကို ပြည့်ရှင်မင်းကြီးသည် ခေါ်စေတော် မူအပ်၏ဟု ပြော၏။ ထိုယောကျ်ားကလည်း ငါအားမယားကို အမှီပြုပြီး ဘေးဖြစ်သော် ဖြစ်ဖွယ်ရာ ရှိချေသည်၊ ငါဟူသော အကြောင်းကြောင့် မင်းကြီး ခေါ်တော်မူရန်တစ်စုံ တစ်ရာမျှ မရှိဟု ကြံစည် ဆင်ခြင်ပြီးသော် မင်းကြီး၏အာဏာကို တားမြစ် ခြင်းငှာ မစွမ်းနိုင်သောကြောင့် လိုက်ပါသွားရောက်ရ၍ မင်းကြီးကို ရှိခိုး၍ ညွှတ်လျှိုး ရှိခိုးပြီးလျှင် ရပ်တည်နေ၏။ ထိုအခါ ရှိခိုးရောက်လာသော ယောကျ်ားကို မင်းကြီးက ယနေ့မှစ၍ အသင်သည် ငါ့အား ခစားလုပ်ကျွေး လေလော့ဟု မိန့်တော်မူ၏။ ထိုယောကျ်ားကလည်း အရှင်မင်းကြီး အကျွန်ုပ် သည် အလိုဆန္ဒမရှိလှပါ၊ အကျွန်ုပ်သည် မိမိအမှုကိုပြုပြီး အရှင်မင်းကြီးတို့အား အခွန်ဘဏ္ဍာကို ဆက်သွင်းပါအံ့ အိမ်၌သာလျှင် အသက်ရှည်ကာ ချမ်းသာစွာ နေလိုပါသည်ဟု လျှောက်၏။ မင်းကြီးကလည်း အသင်၏ အခွန်ဘဏ္ဍာဖြင့် ငါ့အားအလိုမရှိ၊ ယနေ့မှစ၍ ငါ့အား ခစား လုပ်ကျွေးခြင်းကို ပြုဘိလော့ဟု မိန့်တော်မူ၍ ထိုယောကျ်ားအား အရာအထူးကို လည်းကောင်း၊ လက်နက်ကို လည်းကောင်း ဆောင်နှင်းပေးသနားတော်မူ၏။ ဤသို့ အပ်နှံပေးသနားခြင်း

သည်ကား ထိုယောကျ်ားကို တစ်စုံ တစ်ခုသောအပြစ်ဒေါသကို တင်ပြီး ပယ်ဖျောက်သတ်ပစ်ပြီးလျှင် ထိုသူ၏ မယားခင်ပွန်းမကို သိမ်းပိုက်အံ့ဟူသော အကြံဖြင့် ဆောင်နှင်း အပ်နှံလေသတည်း။

ထိုယောကျ်ားသည်လည်း သေအံ့သောဘေးမှ တွေးတော ရှုံကြောက်သည် ဖြစ်၍ မမေ့မလျော့သာလျှင် ခစားလုပ်ကျွေး၏။ ထိုအခါ ပသေနဒီကောသလ မင်းကြီးသည် ထိုယောကျ်ားအား တစ်ခုသော အခွင့်နေရာကို ကြည့်ရှု၍ မမြင်ဘဲ ကာမဂုဏ်တည်းဟူသော ပူပန်နှိပ်စက်ခြင်းသည် ကြီးပွား၍သာ လာသည်ရှိသော် ထိုယောကျ်ားအား တစ်ခုသောအပြစ်သို့ တင်၍ မင်း၏ အာဏာကို ပြုအံ့ဟု ကြံပြီးလျှင် ထိုယောကျ်ားကို ခေါ်တော်မူ၍ အို အချင်း ယောကျ်ား ဤသာဝတ္ထိပြည်မှ တစ်ယူဇနာမျှလောက်သော မြစ်၌ ဤအမည် ရှိသော အချပ်သို့ သွားရောက်ပြီးသော် ညချမ်းသောအခါ ငါသည် ရေသုံးသပ် စံပယ်သောအခါ၌ ကုမုဒြာကြာတို့ကိုလည်းကောင်း၊ အရုဏဝတီ မြေညက်ကို လည်းကောင်း ဆောင်ယူခဲ့လော့။ အကယ်၍ ငါ၏ ရေသုံးသပ် စံပယ်ပြီးသော အခါခဏ၌ မလာမရောက်သည် ဖြစ်ခဲ့တုံအံ့။ အသင်အား မင်း၏ အာဏာကို ပြုအံ့ဟု မိန့်တော်မူ၏။ ထိုမင်းခယောကျ်ားသည် လေးမျိုးကုန်သော ကျွန်တို့ အောက် အလွန်တရာ ယုတ်မာ ညစ်ညမ်းသော ကျွန်သည် ဖြစ်ပေသတတ်။ ထိုစကားမှန်၏။ ပစ္စည်းဥစ္စာ များစွာပေးလှယ်၍ ဝယ်ယူအပ်သောသူ အစရှိကုန် သော ကျွန်တို့သည် အကျွန်ုပ်အား ဦးခေါင်း၌ ထိုးကျင့် နှိပ်စက် ကိုက်ခဲလှ ပါသည်၊ အကျွန်ုပ်အား ကျောက်ကုန်း၌ ထိုးကျင့် နှိပ်စက်ကိုက်ခဲလှပါသည်ဟု ဘောင်းသန်ပြောဆို၍ နေခြင်းငှာ ရကုန်သေး၏။ မင်းခစား ယောကျ်ားအား ထိုကဲ့သို့မဖြစ်ချေ၊ မပြုထိုက် မစွမ်းနိုင်သော အမှုကိစ္စပင် ဖြစ်စေကာမူ မင်း၏ အာဏာဖြင့် စေခိုင်းက ပြုရတော့သည်သာတည်း။ ထိုကြောင့် ထိုမင်းခစား ယောကျ်ားသည်လည်း မင်း၏အာဏာကို မလွန်ဆန်နိုင်သေးကြောင့် ကေန် မချွတ် ငါသွားရတော့မည်၊ ကုမုဒြာကြာနှင့် အရုဏာဝတီမြေညက်မည်သည်ကား နဂါးတို့၏ နေရာရပ်ထံ၌သာလျှင် ရှိသည်ဖြစ်ပေ၏။ငါသည်အဘယ်သို့ ရနိုင်ပါအံ့ နည်းဟု ကြံစည်လျက် သေအံ့သောဘေးမှ တွေးတော ရှုံကြောက်သည်ဖြစ်၍ လျင်စွာသောအဟုန်ဖြင့် အိမ်သို့ပြန်သွားပြီးလျှင် ချစ်နှမ ထမင်းကို စီရင်ချက် ပြုတ်၍ ပြီးပါပြီလောဟု မယားကိုမေးလျှင် မယားကလည်း အရှင်ထမင်းအိုး စီရင်၍ မပြီးတတ်ပါသေး ခုံလောက်ထက်၌သာ ရှိပါသေးသည်ဟု ပြောသည့် အခါ ထိုယောကျ်ားသည် အကြင်မျှလောက် ထမင်းအိုးကို ခုံလောက်ထက်မှ ချသည်တိုင်အောင် တည်တံ့ ဆိုင်းငံ့နေခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ မှုတ်ဖြင့် ပအုံးရေကို ဆောင်စေပြီး အကြင်ရတိုးမျှသော ဟင်းနှင့်တကွ စိုစွတ်သည် သာလျှင် ဖြစ်သော ထမင်းကို ခြင်း၌ သိပ်နှိပ် ထည့်ယူပြီးသော် တစ်ယူဇနာ

မျှလောက်သော ခရီးသို့ ပြေးသွား၏။ ထိုယောကျ်ား၏ ခရီးသွားစဉ်ပင် ထမင်းသည် ကျက်ခြင်း ဖြစ်လေ၏။

နဂါးမင်းက ကုမုဒြာကြာနှင့် အရှဏဝတီမြေကို ပေးခြင်း

မင်းခစား ယောကျ်ား ခရီးသွားလည်း မိမိယူဆောင်လာခဲ့သော ထမင်းထောင်း ခြင်းမှ စားကြွင်း မဖြစ်စေခြင်းငှါ အဦးဖြစ်သော ထမင်း အနည်းငယ်မျှကို ချန်ထားလျက် စားသောက်၍ နေသည်ရှိသော် ခရီးသွား ယောကျ်ား တစ်ယောက်ကို တွေ့မြင်ပြန်၍ ငါသည် ချန်၍ ထားအပ်သော စားကြွင်း မဟုတ်သော ထမင်း အဦးသည် ရှိ၏။ ထိုထမင်းဦးကို အသင်သည် စားလတ္တံ့လောဟု မေးမြန်းပြောဆို၍ ပေးသဖြင့် ခရီးသွားယောကျ်ားသည်း ထိုထမင်းကို ယူ၍ စားသောက်၏။ မင်းခစား ယောကျ်ားလည်း မိမိစားပြီး၍ ထမင်း တစ်ဆုပ်ကို ရေ၌ စွန့်ကြဲပြီးလျှင် ခံတင်းကို ဆေးကြော၍ ကျယ်စွာသော အသံဖြင့် ဟစ်အော်သျက် ဤမြစ်အရပ်၌ စောင့်ရှောက်ကုန်သော နဂါး ဂဠုန် အစရှိကုန်သော နတ်များအပေါင်းတို့သည် ငါ၏ စကားကို နာတော်မူကြပါကုန်လော့၊ ဘုရင် ပသေနဒီကောသလမင်းကြီးသည် ငါ့အား မင်းအာဏာကို ပြုလိုသောကြောင့် ကုမုဒြာ ကြာပန်းနှင့်တကွ အရှဏာဝတီ မြေညက်ကို ဆောင်ယူ၍ ဆက်ရမည်ဟု မိန့်မြွက်စေလွှတ်တော်မူ၏။ ငါသည် ခရီးသွား ယောကျ်ား ညှိသည် အာဂန္တုအား ထမင်းပေးလှူ၏။ ထိုအလှူသည် တစ်ထောင်သော အကျိုးရှိ၏၊ ရေ၌ တည်သော ငါးတို့အားလည်း ပေးလှူအပ်၏။ ထိုအလှူသည် အရာသော အကျိုးရှိ၏။ ဤမျှလောက်သော ကောင်းမှုကို ပြုပြီး အသင်တို့အား ကောင်းမှု၏ အဖို့ကို ပေးဝေပါ၏။ ငါ့အား ကုမုဒြာကြာနှင့် တကွသော အရှဏာဝတီ မြေညက်ကို ဆောင်ယူ၍ ပေးသနားပါကုန်လော့ဟု သုံးကြိမ်တိုင်အောင် ကြွေးကြော် ပြောကြား၏။ ထိုမြစ်၌ စောင့်ရှောက်သော နဂါးမင်းသည် မင်းခစား ယောကျ်ား ကြွေးကြော် ဟစ်အော်သော အသံကို ကြား၍ သူအို၏ အသွင်ကို ပြုပြင် ဖန်ဆင်းပြီးသော် ထိုယောကျ်ား၏ အထံသို့ သွားရောက်၍ အသင်သည် အဘယ်ကို ဟစ်အော် ပြောဆိုသနည်းဟု မေးသဖြင့် ထိုယောကျ်ားသည် ရှေးနည်းအတူ အလုံးစုံသော အကြောင်းကို ပြောကြားသဖြင့် နဂါးမင်းက ငါ့အား ထိုကုသိုလ်အဖို့ကို ပေးပါလော့ဟု ပြောဆိုပြန်သောအခါ မင်းခစား ယောကျ်ားကလည်း အရှင် ကုသိုလ်အဖို့ကို ပေးဝေပါ၏ဟု ပြောဆို၏။ ဤသို့သော နည်းဖြင့် နှစ်ကြိမ် သုံးကြိမ်တိုင်အောင် ပေးဝေစေပြီးမှ ကုမုဒြာ ကြာပန်းနှင့်တကွ အရှဏာဝတီ မြေညက်ကို ယူဆောင်၍ ပေးလိုက်ပေ၏။

မင်းခစားအား ကောသလမင်းကြီး အကောက်ကြံစည်ပြန်ခြင်း

ပသေနဒီ ကောသလမင်းကြီးက ကြံဆင်ခြင်တော်မူသည်မှာ လူတို့မည်သည် များသော မန္တန် မန္တရား ရှိ၏။ တစ်စုံတစ်ခုသော ဥပါယ်တံမျဉ် အခြင်းအရာဖြင့် ထိုယောကျ်ားသည် အဘယ်၌ ရခဲ့သည်ဖြစ်အံ့။ ငါ့အား ကိစ္စပြီးခြင်းမဖြစ်ရာဟု ကြံဆင်တော်မူ၏။ ကြံတော်မူပြီး၍ အလုံးစုံသော မြို့တံခါးကို ပိတ်ထားစေ၍ ကမ္ဗည်းတံဆိပ်ကို မိမိ၏ ထံသို့ ဆောင်စေ၏။ မင်းခစား ယောကျ်ားလည်း မင်းကြီး ရေသုံးသပ်တော်မူသော အခါ၌သာလျှင် သွားရောက်၍ တံခါးကို ဝင်နွှင့်မရသောကြောင့် တံခါးစောင့်ကို ခေါ်၍ တံခါးကို ဖွင့်ပါလော့ဟု ဆို၏။ တံခါးစောင့်တို့က ငါတို့သည် ဖွင့်ခြင်းငှာ မဝံ့ချေ။ မင်းကြီးသည် စောစောက ပင်လျှင် တံဆိပ်ကို ခတ်နှိပ်၍ မင်းအိမ်နန်းတော်သို့ ဆောင်စေဘိသည်ဟု ပြောဆို၏။ ထိုယောကျ်ားက ငါသည် မင်းကြီး စေလွှတ်အပ်သော တမန် ဖြစ်ပါသည်။ တံခါးကို ဖွင့်၍ ပေးပါလော့ဟု တောင်းပန်ပြောဆိုသော်လည်း မရသည်ဖြစ်၍ ဤယခုအခါ၌ ငါ၏ အသက်သည် ရှိတော့မည်မဟုတ်၊ အဘယ်သို့ ပြုရပါအံ့နည်းဟု ကြောင့်ကြပူပန် ကြံစည်ပြီး၍ မြို့တံခါး၏ တံခါးခုံထက်၌ မြေညက်စိုင်ခဲကို တင်ထားပြီးလျှင် ထိုမြေစိုင်ခဲ၏ အထက်၌ ကြာပန်းကို ဆွဲ၍ ထားပြီးသော် ကျယ်စွာသောအသံကို ပြုလျက် မြို့၏ အတွင်း၌ နေလေ့ ရှိကုန်သော အို လူများအပေါင်းတို့ ငါသည် မင်းကြီးစေခိုင်းသော အတိုင်း အားဖြင့် ပြုအပ်သည်၏ အဖြစ်ကို အသင်တို့သည် သိကြပါကုန်လော၊ မင်းကြီးသည် ငါ့အား အကြောင်း မဟုတ်သဖြင့် ဖျက်ဆီးခြင်းငှာ အလိုရှိ၏ဟု သုံးကြိမ်တိုင်အောင် ဟစ်အော်ပြီးမှ အဘယ်အရပ်သို့ သွားရပါမည်နည်းဟု ကြံ၍ ရဟန်းတို့မည်သည်ကား နူးညံ့သိမ်မွေ့သော နှလုံးရှိ၏။ ကျောင်းသို့ သွား၍ အိပ်တော့အံ့ဟု ကြံစည်ဆုံးဖြတ်သည်ကို ပြု၏။ ထိုစကား မှန်၏၊ သတ္တဝါတို့ မည်သည်ကား ချမ်းသာသော အခါ၌ ရဟန်းတို့၏ ရှိသည်အဖြစ်ကို သော်လည်း မသိမူ၍ ဆင်းရဲဖြင့် နှိပ်စက်သော အခါ၌ ရဟန်းတို့ ကိန်းအောင်းသော ကျောင်းသို့ သွားလိုခြင်း ဖြစ်ပေကုန်၏။ ထို့ကြောင့် ရှင်းအဋ္ဌကထာ၌ "ဣမေ ဟိ နာမ သတ္တာ သုခိတကာလေ ဘိက္ခူနံ အတ္ထိဘာဝမ္ပိ အဇာနိတွာ ဒုက္ခာဘိဘူတကာလေ ဝိဟာရံ ဂန္တုကာမာ ဟောန္တိ"ဟု မိန့်တော်မူ၏။

မှန်၏။ ဤသတ္တဝါတို့ မည်သည်ကား ချမ်းသာသောအခါ ရဟန်းတို့၏ ရှိသည်၏ အဖြစ်ကိုသော်လည်း မသိမူ၍ ဆင်းရဲဖြင့် နှိပ်စက်သော အခါ၌ ကျောင်းသို့ သွားလိုကုန်သည် ဖြစ်ကုန်သတတ်။

လောဟကုမ္ဘီ ငရဲမှ "ဒု-သ-န-သော" အသံကြီးများကို ကြားရခြင်း

ထိုယောက်ျားသည်လည်း ငါ့အား တစ်ပါးသော ထောက်တည်ရာ မှီခိုရာ ကိုးကွယ်ရာမည်သည် မရှိလေပြီဟု ကြံ၍ ကျောင်းသို့သွားပြီးလျှင် ချမ်းသာအေးငြိမ်းသော နေရာတစ်ခု၌ အိပ်နေ၏။ ထိုအခါ ပသေနဒီ ကောသလ မင်းကြီးသည် ထိုညဉ့်၌ အိပ်ပျော်ခြင်းကို မရ။ ထိုမိန်းမငယ်ကို အောက်မေ့ကြံစည်စဉ် ကာမဂုဏ်တည်းဟူသော ပြင်းစွာသော ပူလောင်ခြင်းသည်ဖြစ်၏။ ပူပန်ခြင်းဖြစ်ပြီး ထိုပသေနဒီကောသလမင်းကြီးသည် မိုးလင်းစင်သော ခဏ၌သာလျှင် ထိုယောက်ျားကို သတ်ဖြတ် ပယ်ဖျောက်ပြီး ထိုမိန်းမငယ်ကို နန်းတော်သို့ လျင်မြန်စွာ ဆောင်ယူသိမ်းပိုက်အံ့ဟု ကြံစည်အောက်မေ့၍ နေ၏၊ ထိုသို့ ကြံစည်အောက်မေ့၍နေသော ခဏ၌သာလျှင် ယူဇနာခြောက်ဆယ် ရှိသော လောဟကုမ္ဘီငရဲ၌ ဖြစ်ကုန်သော ယောက်ျားလေးယောက်တို့သည် ခုံလောက်၌ တင်အပ်သော ကျိုက်ကျိုက်ဆူသော အိုး၌ အောက်ထက်ပြောင်းပြန် လန်သော ဆန်ကဲ့သို့ အောက်ထက် ပြောင်းပြန် ပြန်လှန်၍ ကျက်ရသဖြင့် အနှစ်သုံးသောင်းတို့ဖြင့် အောက်အပြင်သို့ရောက်၍ တစ်ပါးလည်းဖြစ်ကုန်သော အနှစ်သုံးသောင်းတို့ဖြင့် တစ်ဖန်အထက်သို့ ဆန်တက်ပေါ်လာ၍ အထက်မျက်နှာရေးပြင်သို့ ရောက်ကုန်၏၊ ထိုယောက်ျားလေးယောက်တို့သည် ငရဲအိုး သံရေထဲမှ ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဦးခေါင်းကိုပင့်မြှောက် အချင်းချင်းကို ကြည့်ရှုပြီးလျှင် ဂါထာတစ်ပုဒ်ကို ရွတ်ဆို၍ ပြောလိုပါလျက် တစ်ဂါထာလုံး ရွတ်ဆိုခြင်းငှာ မစွမ်းနိုင်မူ၍ တစ်ခုသော ပါဒ်ဂါထာတွင် တစ်လုံးသော အစ အက္ခရာကို ရွတ်မိရုံကာမျှဖြင့် လောဟကုမ္ဘီငရဲအိုးသို့သာ နစ်မြုပ်ဝင်သွား ပြန်လေကုန်၏။

ပုဏ္ဏားများ လိမ်လည်၍ လျှောက်တင်ခြင်း

ပသေနဒီကောသလမင်းကြီးသည် အိပ်ရာ ညောင်စောင်း ထက်၌ လျောင်းလျက် သုံးလျော် စက်တော်ခေါ်ခြင်းငှာ မရသည်ဖြစ်၍ ညဉ့်၏ မဇ္ဈိမယံ အခါ၌ ထိုအသံကိုကြားရ၍ ကြောက်ရွံ့ထိတ်လန့်သော စိတ်ရှိရကား အသို့နည်း....ငါ၏ အသက်အန္တရာယ်ပင် ဖြစ်လတ္တံ့လေလော၊ သို့တည်းမဟုတ် ငါ၏လက်ယာ တော်ညာဒေဝီ မဟေသီ မိဖုရားကြီး၏ အန္တရာယ်ပင် ဖြစ်လတ္တံ့လော၊ သို့တည်းမဟုတ် မင်းအဖြစ်သည်ပင် ကျွံနစ် ဖောက်ထွက် ပျက်စီးလတ္တံ့လေအံ့လောဟု ပူပန်စိုးရိမ် ညှိုးပိန်နွမ်းကြုံ သို့လုံးစုံသော ညဉ့်သုံးယံပတ်လုံး မျက်စိကိုမှိတ်၍ အိပ်ပျော်မွေ့လျော် စက်တော်ခေါ်ခြင်းငှာ မစွမ်းနိုင်ဘဲ ရှိလေ၏။ ထိုပသေနဒီကောသလမင်းကြီးသည် နေအရုဏ်တက်ကြွ လင်းစင်ခြင်းသို့ ရောက်သောကာလ၌သာလျှင် ပုရောဟိတ်ပုဏ္ဏားကို

ခေါ်စေတော်မူပြီးလျှင် ဆရာပုဏ္ဏား ညဉ့်၏မဇ္ဈိမယာမ်၏ အခြားမဲ့၌ အကြီးတကျယ် ကြောက်မက်ဖွယ်သော အသံကို ကြားအင်၏။ တိုင်းပြည်၏လည်း ကောင်း၊ မိဖုရား၏လည်းကောင်း၊ ငါမင်းမြတ်၏လည်းကောင်း တစ်စုံတစ်ခု အမှုငြိတွယ် အန္တရာယ်ကပ်ရောက် ပေါ်ပေါက်ဖြစ်လတ္တံ့လေလော၊ ငါမင်းမြတ်သည် တပ်အပ်တည့်တည့် မသိမထင်နိုင်သောကြောင့် အသင် ဆရာပုဏ္ဏားအား ခေါ်တော်မူစေပြီးလျှင် မေးပေသည်ဟု မိန့်တော်မူ၏။ ပုရောဟိတ်ပုဏ္ဏားက အရှင်မင်းမြတ် အဘယ်သို့ ကြားသိပါသနည်းဟု မေးလျှောက်လျှင် ဆရာပုဏ္ဏား ငါမင်းမြတ်သည် ရှေးဦးစွာ ဒု-ဟူသော အသံကိုကြားရသည်။ ထိုနောက် သ-ဟူသောအသံကို ကြားရသည်။ ထိုနောက် န-ဟူသော အသံကို ကြားရသည်။ ထိုနောက် သော-ဟူသော အသံကိုကြားရလေသည်။ ဤအသံလေးမျိုးတို့၏ ဖြစ်ရန်ကြောင်းဟိတ် နိမိတ်အထူးကို စူးစမ်းဆင်ခြင်ပါလောဟု မိန့်တော်မူ၏။

ပုရောဟိတ် ပုဏ္ဏားအား ကြီးစွာသော အမိုက်တိုက်သို့ ဝင်ရဘိသကဲ့သို့ တစ်စုံတစ်ခုသော အကြောင်းကိုမျှ စူးစမ်းဆင်ခြင်၍ မထင်မြင်နိုင်လေ၊ ငါသည် မသိမမြင်နိုင်သောအတိုင်း အကျွန်ုပ်မသိပါဟု ဒေ့ကယ်ရှ်လျှောက်ကြားမိခဲ့သည် ဖြစ်အံ့၊ ငါ့အား လာဘသက္ကာရသည် ဆုတ်ယုတ်ခြင်း ဖြစ်ပေလိမ့်မည်။ လာဘသက္ကာရ ယုတ်အံ့သည်မှ ကြောက်သောကြောင့် အရှင်မင်းမြတ် ဝန်လေးလှပါသည်ဟု လျှောက်ကြား၏။ အသို့ပေနည်း ဆရာဟု မင်းကြီးက မေးသည် ရှိသော် အရှင်မင်းမြတ်၏ အသက်အန္တရာယ် ငြိတွယ်ကပ်ရောက်အံ့သည် ထင်ပါသည်ဟု လျှောက်ကြား၏။ မင်းကြီးသည် ပုဏ္ဏားလျှောက်ထားသော စကားကို ကြားတော်မူလျှင် ရှေးထက်ပင် နှစ်ဆလေးကမျှ တက်ကြွရွံ့ကြောက်ခြင်း ရှိသည်ဖြစ်၍ ဆရာပုဏ္ဏား ပယ်ဖျောက်နိုင်အံ့သော တစ်စုံတစ်ခုသော အကြောင်းရှိပါသလောဟု မေးတော်မူလျှင် အရှင်မင်းမြတ် လွတ်အံ့သောအကြောင်းကို သိပါ၏၊ အရှင်မင်းမြတ်သည် ရွံ့ကြောက်တော်မမူလင့်၊ အကျွန်ုပ်သည် သုံးပုံသောဗေဒင်ဝယ် ကုန်စင်မျှလောက် ပေါက်ရောက်သိစွမ်းနိုင်ပါသည်ဟု လျှောက်သဖြင့် ဆရာပုဏ္ဏား အဘယ်ကို ရခြင်းငှါ အပ်သနည်းဟု မေးတော်မူသော် သဗ္ဗသတ အမည်ရသော ယဇ်ကြီးကို ပူဇော်ချီးမြှင့်သဖြင့် အသက်ကို ရတော်မူပါလတ္တံ့ဟု လျှောက်ကြားပြန်သော် အဘယ်သို့သော ဝတ္ထုကို ရှာဖွေယူဆောင်ရအောင် ပြုခြင်းငှါ အပ်ပါသနည်းဟု မေးတော်မူပြန်လျှင် ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နွားလားဥသဘတစ်ရာ၊ နို့ညှစ်နွားမတစ်ရာ၊ ဆိတ်မြန်မာတစ်ရာ၊ ဆိတ်ကုလားတစ်ရာ၊ မြည်းတစ်ရာ၊ အာဇာနည်မြင်းတစ်ရာ၊ ကြက်တစ်ရာ၊ ဝက်တစ်ရာ၊ သတို့သားငယ်တစ်ရာ၊ သတို့သမီးငယ်တစ်ဆုအားဖြင့် တစ်ဦးတစ်ဦးသော သတ္တဝါ၌ တစ်ရာ တစ်ရာဘို့ကို ဖမ်းယူ

ခြင်းငှာ အပ်ပါသည်ဟု လျှောက်၏။ ဤသို့ လျှောက်ထားခြင်းသည်ကား အကယ်၍ ဆိတ်မြန်မာ ဆိတ်ကုလားစသော သားကျိုးအပေါင်းကိုသာ ညွှန်ပြပြောဆို ဖမ်းယူစေသည် ဖြစ်ခဲ့အံ့၊ မိမိ စားသောက်ရန် အလို့ငှာ ခဲဖွယ်စားသောက်ဖွယ်တို့ကိုသာ ဖမ်းယူစေဘိသည်ဟု ဆိုကုန်လတ္တံ့၊ ထို့ကြောင့် ဆင်မြင်းလူတို့ကိုလည်း ဖမ်းယူစေဘိသတည်း။

မင်းကြီးသည်လည်း ငါ၏အသက်ကိုသာ မပျက်မပျောက် စောင့်ရှောက်၍ ရခြင်းငှာ အပ်ပေ၏ဟုကြံ၍ အလုံးစုံသော သတ္တဝါတို့ကို လျင်မြန်စွာဖမ်းဆီးကြကုန်လော့ဟု အမိန့်အာဏာဖြင့် စေခိုင်းတော်မူ၏၊ မင်းကြီး စေခိုင်းအပ်သော လူတို့သည်လည်း မင်းကြီ စေခိုင်းသော ပမာဏထက်ပိုလွန်၍ ဖမ်းဆီးကြကုန်၏၊ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကောသလသံယုတ်၌ ထိုအခါ၌ ပသေနဒီ ကောသလ၏ယဇ်ကြီးသည် ရှေးရှုထင်၏၊ နွားလားဥသဘငါးရာ၊ နွားစို့နွားကလေးငါးရာ၊ နွားမကလေးငါးရာ ဆိတ်ငါးရာ၊ သိုးငါးရာတို့သည် ယဇ်အလို့ငှာဖြစ်ကုန်၏၊ ကျွန်အစေအပါး အမှုလုပ်သမားတို့သည် ဒဏ်ဘေးတို့မှကြောက်ကုန်၍ မျက်ရည်နှင့် မျက်ခွက် ဖြစ်ကုန်လျက် အမှုတို့ကို ပြုကြကုန်၏ဟု ဟောတော်မူ၏။ များစွာကုန်သော လူအပေါင်းတို့သည် မိမိတို့၏ သားသမီးဆွေမျိုးဉာတိတို့ကို ဖမ်းဆီးချုပ်နှောင် ယူဆောင်ခြင်းဟူသော အကြောင်းကြောင့် ဟစ်အော်ငိုကြွေးပူဆွေးလျက် ကြီးစွာသောအသံကို ပြုကုန်၏။ ထိုအသံသည် မဟာပထဝီမြေကြီးသည် ပွဲတင်ထပ်ဟိသကဲ့သို့ ဖြစ်လေ၏။

ပသေနဒီကောသလမင်းကြီး မလ္လိကာမိဖုရားနှင့် ဘုရားထံသွားရောက် လျှောက်ထားခြင်း

ထိုအခါ မလ္လိကာမိဖုရားကြီးသည် ထိုဟစ်အော်ငိုကြွေး မြည်တမ်းကြသော အသံကိုကြား၍ မင်းကြီးအထံသို့ လျင်မြန်စွာသွားရောက်ပြီးသော် အကြောင်းအဘယ်သို့ပေနည်း၊ အရှင်မင်းမြတ်၏ ဣန္ဒြေတော်လည်း မချမ်းမသာ ဖြစ်ဘိသောင်တကား၊ နွမ်းနယ်ပင်ပန်းဘိသကဲ့သို့ ထင်မြင်ရချေသည်တကားဟု မေးလျှောက်၏။ မင်းကြီးကလည်း မလ္လိကာ အသင်သည် ငါ၏နားရင်း၌ လျင်မြန်သော အဆိပ်ကဲ့သို့ ပြေးသွားသည်ကို မသိပါသလောဟု မိန့်တော်မူသောအခါ ရေမြေသနင်း မောင်တော်မင်းမြတ် မိန့်တော်မူအပ်သော အကြောင်းသည်ကား အဘယ်သို့ပါနည်းဟု မေးလျှောက်သဖြင့် ချစ်နှမ မလ္လိကာ ညဉ့်အဖို့၌ ငါ့အား ဤသို့သဘောရှိသော အသံကို ကြားအပ်၏။ ငါသည် ပုရောဟိတ်ပုဏ္ဏားတို့ကို မေးမြန်းသည့်အခါ အရှင်မင်းမြတ်အား အသက်၏အန္တရာယ်သည် ထင်၏၊ သဗ္ဗသတအမည်ရှိသော ယဇ်ကြီးကိုပူဇော်၍ အသက်ကို ရလေလတ္တံ့ဟု လျှောက်တင်သောစကားကို ကြားသိရသောကြောင့် ငါ၏အသက်ကို ရပါစိမ့်

သောငှါ ဤသတ္တဝါတို့ကို ဖမ်းယူစေဘိသည်ဟု မိန့်တော်မူလျှင် မလ္လိကာ မိဖုရားကြီးက အရှင်မင်းမြတ် အရှင်မင်းကြီးသည် အလွန်မိုက်သည်သာလျှင် ဖြစ်ပေ၏။ များစွာကုန်သော မွန်မြတ်သော ဟင်းခဲဖွယ် အထူးတို့ဖြင့် စီရင်အပ်သော တစ်ဒေါဏချက် မျှလောက်သောထမင်းပွဲတော်ကို စားသုံးသည်ဖြစ်၍ အလွန်အစားကြီးသည်ကား အကယ်၍ဖြစ်၏။ တိုင်းကြီးနှစ်တိုင်းတို့၌ မင်းအဖြစ်ကို အကယ်၍ကား ပြုအပ်၏။ ယင်းသို့ပင် အစားအသောက်ကြီး၍ တိုင်းကြီး နှစ်တိုင်းတို့ကို အစိုးရသော်လည်း အသိအမြင် ဆင်ခြင်တတ်သော ပညာသည်ကား အလွန်နည်းလှပေ၏ဟု ဆို၏။

ချစ်နှစ်မ အသင်သည် အဘယ်ကြောင့် ဤသို့ပြောဆိုဘိသနည်းဟု မင်းကြီးက မေးပြန်လျှင် အရှင်မင်းမြတ် အသို့နည်း တစ်ပါးသော သတ္တဝါ သေသဖြင့် တစ်ပါးသော သတ္တဝါ၏အသက် ရအပ်သည်ကို မြင်ဖူးပါသလော၊ မိုက်လှစွာသော သူမိုက်ပုဏ္ဏား၏ စကားကို အယူမှားပြီး အဘယ်ကြောင့် များစွာသော လူများအပေါင်း၏ အထက်၌ ဆင်းရဲဒုက္ခကို ပစ်ချ၍ ရောက်စေဘိသနည်း၊ မနီးမဝေး အဦးဖြစ်သော ဇေတဝန် ကျောင်းတော်၌ နတ်နှင့်တကွသော လူအပေါင်းတို့ထက် ဆဆတက်၍ ပြိုင်ဘက်မရှိ ထွတ်မြတ်လှသော အဂ္ဂပုဂ္ဂလ ဖြစ်တော်မူသော အတိတ်-အစရှိသော အခါ၌ အပိတ်အပင် အဆီးအတား မရှိသော အပ္ပဋိဟတဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်သည် လေးချပ်သော ဣရိယာပထဖြင့် သီတင်းသုံးတော်မူပါသည် မဟုတ်တုံလော၊ ထိုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို မေးလျှောက်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဆုံးမဟောကြားတော်မူတိုင်းကိုသာ လိုက်နာကျင့်ဆောင်၍ ပြုတော်မူပါလော့ဟု လျှောက်ကြားပြောဆိုသည် ရှိသော် ထိုအခါ ပသေနဒီ ကောသလမင်းကြီးသည် ပေါ့လျော့ လျင်မြန်သော ယာဉ်ငယ်တို့ဖြင့် မလ္လိကာ မိဖုရားနှင့်တကွ တက်စီး၍ ကျောင်းတော်သို့ သွားရောက်ပြီးသော် သေဘေးဖြင့် တွေးတောခြိမ်းလာက် ကြောက်လန့်သော စိတ် ရှိသည်ဖြစ်၍ တစ်စုံတစ်ခုမျှသော စကားကို ပြောဆိုခြင်းငှါ မစွမ်းနိုင်ဘဲ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ရှိခိုးပြီးသော် တင့်အပ် လျောက်ပတ်သော အရပ်၌ နေထိုင်၏။

ထိုအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒကာတော်မင်းကြီး ပူရှိန်ပြင်းပြ နေ့မွန်းတည့် အခါ၌ အဘယ်အရပ်မှ လာခဲ့သနည်း ဟု ရှေးဦးစွာ စ၍ပင် ခေါ်တော်မူ၏။ ပသေနဒီ ကောသလမင်းကြီး သည် ဆိတ်ဆိတ်သာလျှင် ထိုင်နေ၏။ ထိုနောက်မှ မလ္လိကာ မိဖုရားက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်မြတ်၏ ဒကာတော်မင်းကြီး သည် မဍ္ဍိမယာမ်၏ အခြားမဲ့ဖြစ်သော ညဥ့်၌ အသံကို ကြားပါသည်။ ထို

ကြားအပ်သော အသံကို ပုရောဟိတ် ပုဏ္ဏားတို့အား ပြန်ကြား ပြောဆိုသော အခါ ပုရောဟိတ်ပုဏ္ဏားသည် မင်းကြီး၏ အသက်အန္တရာယ် ဖြစ်လတ္တံ့၊ ထို အန္တရာယ်ကို ပယ်ဖျောက်ခြင်းငှာ အလုံးစုံသော အမျိုးဇာတ်၌ တစ်ရာတစ်ရာ သော သတ္တဝါတို့ကို ဖမ်းယူပြီး ထိုသတ္တဝါတို့၏ လည်ချောင်းသွေးဖြင့် ယဇ်နတ် ကို ပူဇော်သည်ရှိသော် အသက်ကို ရပါလတ္တံ့ဟု လျှောက်တင်သောကြောင့် မင်းကြီးသည် သတ္တဝါတို့ကို ဖမ်းယူစေပါသည်။ သို့ဖြစ်၍ တပည့်တော်မသည် ဤမင်းကြီးကို အရှင်ဘုရား၏ ခြေတော်ရင်းသို့ ရောက်အောင် ခေါ်ဆောင် ခဲ့ပါသည်ဟု လျှောက်ကြား၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒကာတော် မင်းကြီး မလ္လိကာမိဖုရားလျှောက်ကြားတိုင်း မှန်ပေသလောဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါသည်ဟု ဝန်ခံသဖြင့် မင်းကြီး အသင်အား အဘယ်သို့သော အသံကို ကြားအပ်သနည်းဟု မေးတော် မူသောအခါ မင်းကြီးသည် မိမိ၏ ကြားအပ်သော အမှတ်ဖြင့်သာလျှင် အလုံး စုံသော အကြောင်းကို ပြန်ကြား၏။

မြတ်စွာဘုရားရှင် ဖြေတော်မူခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် မင်းကြီး လျှောက်ထားသည်ကို ကြား တော်မူ၍ ဒကာတော်မင်းကြီး မကြောက်မရွံ့ပါလင့်။ အသင်ဒကာတော် မင်းကြီးအား အန္တရာယ်မရှိ၊ မကောင်းမှုကို ပြုကုန်သော သတ္တဝါတို့သည် မိမိ၏ ဆင်းရဲဒုက္ခကို သည်းခံခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ ပြောကြားလိုသော ကြောင့် ရွတ်ဆိုကြသော အသံတို့ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုသူတို့ ပြုအပ်သော မကောင်းမှုသည်ကား အဘယ်ပါနည်းဟု လျှောက်ကြားပြန်သဖြင့် ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုသူတို့၏ မကောင်း မှုကို ဟောကြားတော် မူခြင်းငှာ ထိုသို့ဖြစ်လျှင် ဒကာတော်မင်းကြီး နာလေ လော့ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

ဒု-သ-န-သော သေဋ္ဌေးသား လေးယောက်အကြောင်း

အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ လူတို့အနှစ်နှစ်သောင်း အသက်ရှည်သောအခါတို့၌ ကဿပ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် လူ့တွင်ထင်ရှားဘုရားဖြစ်တော် မူ၍ ရဟန္တာ နှစ်သောင်းမျှတို့နှင့်တကွ ဒေသစာရီ လှည့်လည် ကြွမြန်းတော်မူ

သည် ရှိသော် ဗာရာဏသီပြည်သို့ ကြွရောက်တော်မူ၏။ ဗာရာဏသီပြည်၌ နေလေ့ရှိကုန်သော နှစ်ဦးသုံးဦးကုန်သော လူတို့သည် လည်းကောင်း၊ လူများစွာတို့သည် လည်းကောင်း တစ်ပေါင်းတစ်စုတည်း စည်းဝေးတိုင်ပင် ညီညွတ်သည်ဖြစ်၍ အာဂန္တုကဒါနကို ဖြစ်စေကြကုန်၏။

ထိုအခါ ဗာရာဏသီပြည်၌ ကုဋေလေးဆယ် ကြွယ်ဝချမ်းသာသော စည်းစိမ်ရှိသော သေဋ္ဌေးသား လေးယောက်တို့သည် အပေါင်းအဖော် အဆွေခင်ပွန်း ကျွမ်းဝင်ဆက်ဆံသော သူတို့ ဖြစ်ကြသဖြင့် တိုင်ပင်စည်းဝေး ပြောဆိုကုန်၏။ အဆွေတို့ အသင်တို့ ငါတို့၏အိမ်၌ များစွာသော ရွှေငွေ ရတနာ ပစ္စည်းဉစ္စာတို့သည် ရှိကုန်၏။ ထိုပစ္စည်းဉစ္စာတို့ကို အဘယ်သို့ပြုကုန်အံ့နည်းဟု တိုင်ပင်ကုန်၏။ ယခု ဒေသစာရီ လှည့်လည်ကြွမြန်းတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၌ အလှူဒါနကို ပေးလှူကြကုန်အံ့၊ ပူဇော်ခြင်းကို ပြုကြကုန်အံ့။ သီလကို စောင့်ရှောက်ကြကုန်အံ့ဟု ပြောဆိုသည်ရှိသော် ထိုသေဋ္ဌေးသား လေးယောက်တို့တွင် တစ်ဦးတစ်ယောက်သောသူကမျှတို့ပြန်ပြောဆိုခြင်းကို မပြုမူ၍ သေဋ္ဌေးသား တစ်ယောက်က ရှေးဦးစွာ ပြောဆိုသည်မှာ ငါတို့သည် ထက်စွာသော သေကို သောက်စားကာ ကောင်းမွန်ထက်မြက်လှသော သားငါးတို့ကို စားသုံးပြီးသော် လှည့်လည်ကုန်အံ့။ ဤသို့ လှည့်လည်ရခြင်းသည် ငါတို့အား အသက်ရှည်ခြင်း အကျိုး ဖြစ်ပေလိမ့်မည်ဟု ပြော၏၊ သေဋ္ဌေးသား တစ်ယောက်က အဆွေတို့ နေ့တိုင်းနေ့တိုင်း ကောင်းမွန်သော အဝတ်ကို ဝတ်ဆင်၍ နံ့သာမွှေးကြိုင်သော သလေးထမင်းကို အထူးထူးသော အရသာတို့ဖြင့် သုံးဆောင်လျက် လှည့်လည်ကုန်အံ့ဟု ပြော၏။ သေဋ္ဌေးသား တစ်ယောက်က အဆွေတို့ အထူးထူးအပြားအပြား များစွာသော ခဲဖွယ်အထူးကို ချက်ပြုတ်စေပြီး စားသောက်လှည့်လည်ကြကုန်အံ့ဟု ပြောဆို၏။ သေဋ္ဌေးသား တစ်ယောက်က အဆွေတို့ တစ်ပါးသောကိစ္စကို မပြုကြကုန်အံ့၊ ပစ္စည်းဉစ္စာကို ပေးအံ့ဟုဆိုသည်ရှိသော်အလိုမရှိသော မိန်းမတို့မည်သည် မရှိ။ထို့ကြောင့် ပစ္စည်းဉစ္စာကို ပေးကမ်းဖြားယောင်းပြီးသောကာလ သူတစ်ပါး၏ မယားခင်ပွန်းမဘို့၌ ပျော်ပါးမွေ့လျော် ပြစ်မှားလွန်ကျူးခြင်း တည်းဟူသော ပရဒါရိကအမှုကို ပြုကုန်အံ့ဟု ပြော၏။အလုံးစုံသော သေဋ္ဌေးသားတို့သည် ကောင်းပေ၏ ကောင်းပေ၏ဟု ထိုသေဋ္ဌေးသား၏ စကား၌သာ တည်ကြသကုန်၏။

ထိုသေဋ္ဌေးသားတို့သည် တိုင်ပင် ပြောဆိုပြီး စ၍ အဆင်းသဏ္ဌာန်ကြန်အင်လက္ခဏာ ကောင်းစွာပြည့်စုံ လှပချောမွေ့ကုန်သော မိန်းမတို့အား

ပစ္စည်းဥစ္စာဖြင့် ဖြားယောင်းဖျောင်းဖျ၍ အနှစ် နှစ်သောင်း ကာလပတ်လုံး သူတစ်ပါးမယားကို ပြုမိခဲ့ကြ၍ ထိုသေဌေးသားတို့သည် သေလွန်ခြင်းကို ပြုခဲ့ကြသည်ရှိသော် အဝီစိငရဲကြီး၌ဖြစ်၍ တစ်ဆူသော ဘုရားရှင်၏အကြားပတ်လုံး ငရဲ၌ကျက်ရပြီးလျှင် ထိုအဝီစိငရဲကြီးက သေလွန်၍ လာခဲ့သည်ရှိသော် အကျိုးအကြွင်း၏ အစွမ်းအားဖြင့် ယူဇနာ ခြောက်ဆယ်ရှိသော လောဟကုမ္ဘီငရဲအိုး၌ ဖြစ်၍ အနှစ်သုံးသောင်းတို့ဖြင့် ငရဲအိုး၏ အောက်အပြင်သို့ ကျရောက်၍တစ်ဖန် အနှစ်သုံးသောင်းတို့ဖြင့် ငရဲအိုး၏ အထက်မျက်နှာရေးဝသို့ ရောက်လာသည့် အခါ တစ်ခုသောဂါထာကို ဆိုလိုကုန်သည်ဖြစ်၍ ရွတ်ဆိုသည်ရှိသော် ဆိုခြင်းငှာ မစွမ်းနိုင်တဲ တစ်လုံးသော အစအက္ခရာကို ရွတ်ဆိုမိကာမျှလောက်ဖြင့် တစ်ဖန် ငရဲအိုးသို့ စောက်ထိုးနစ်မြုပ် ဝင်သွားရပြန်လေ၏။ ဒကာတော်မင်းကြီး အသင်သည် လျှောက်ဆိုလေလော့ ရှေးဦးစွာအဘယ်အသံကို ကြားအပ်ပေသနည်းဟု မေးတော်မူလျှင် မင်းကြီးက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား (ဒု)ဟူ၍ ကြားရပါသည်ဟု လျှောက်၏၊ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ထိုငရဲအိုး၌ နစ်မြုပ်သွားရသော ငရဲသားသတ္တဝါသည် မပြည့်မစုံဘဲ ရွတ်ဆိုအပ်သော စကားကို အပြည့်အစုံပြု၍ ဟောပြတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

(ဒု) ဒုဇ္ဇီဝိတမဇီဝိမှ၊ ယေ သန္တေ န ဒဒမှသေ။
ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နာကမှ အတ္တနော။

အို—အဆွေတို့ ငါတို့အားစည်းစိမ်ချမ်းသာ ပစ္စည်းဥစ္စာတို့သည် ထင်ရှား ရှိကုန်ပါလျက် မပေးမလှူမိကြကုန်။ မိမိ၏ထောက်တည်ရာ မှီခိုရာကျွန်းကြီး သဖွယ်ဖြစ်သော ဆယ်ဖြာသော ပုညကြိယဝတ္ထုကုသိုလ်စုကို မပြုမိကြလေကုန်။ ထိုငါတို့သည် ဤမကောင်းသော အသက်ရှည်ခြင်းဖြင့် အသက်ရှည်ကြရလေကုန်ပြီဟု ပြောဆိုလိုခြင်းမျှသာ ဖြစ်လေသည်။

ဤအသံဟူသော အကြောင်းကြောင့် ဒကာတော်မင်းကြီးအားအန္တရာယ် တစိုးတစိ ငြိတွယ်ရန်မရှိ၊ ဒကာတော်မင်းကြီး ထို့နောက် ကြားအပ်သော အသံကို လျှောက်ထားကုန်လော့ဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားဆိုနောက်(သ)ဟူသောအသံကို ကြားရပါသည် ဘုရားဟု ကြားလျှောက်၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ထိုငရဲသားသတ္တဝါသည် မပြည့်မစုံ ရွတ်ဆိုအပ်သော စကားကို အပြည့်အစုံပြု၍ ဟောပြတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

(သ) သဋ္ဌိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။

လောဟကုမ္ဘီငရဲ၌ ကျက်၍ခံစားရကုန်သော ငါတို့အား အနှစ်ခြောက်သောင်းတို့သည် ပြည့်၍ရှိလေပြီ။ အဘယ်အခါမှ အဆုံးသည် ဖြစ်ပါလတ္တံ့နည်းဟု ဆိုလိုသော စကားမျှသာ ဖြစ်လေသည်။

၎င်းအသံကို ကြားရခြင်းကြောင့် မင်းကြီး၏ အပေါ်၌ အန္တရာယ်တစ်ခုမျှ မရှိချေ။ ဒကာတော်မင်းကြီး ထိုနောက်ဘတိယမြောက်ကြားအပ်သောအသံကို လျှောက်ဦးလော့ဟု တိုက်တွန်းတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုနောက်(န)ဟူသောအသံကို ကြားရပါသည်ဟု လျှောက်ကြား၏။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ထိုငရဲသား သတ္တဝါသည် မပြည့်မစုံ ရွတ်ဆိုအပ်သော စကားကို အပြည့်အစုံပြု၍ ဟောပြတော်မူပြန်လိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏-

(န) နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။
တဒါ ဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသာ။

အို-ငယ်ဖော်တစ်စုတို့ ထိုသေဌေးသား ဖြစ်စဉ်တုန်းက ပြုမိခဲ့ကြသော ပရဒါရ စသည်ညစ်ကျူး မကောင်းမှု အကုသိုလ်ကံသည် ငါ့အားလည်းကောင်း၊ အသင်အားလည်းကောင်း အဆုံးမရှိ၊ အဆုံးဘယ်မှာ ရှိအံ့နည်း၊ အဆုံးမထင်နိုင်ဟု ဆိုလိုသော စကားသာဖြစ်၏။

ဒကာတော်မင်းကြီး၌ အန္တရာယ်တစ်စုံတစ်ခု ငြိတွယ်ရန်မရှိဟု မိန့်တော်မူပြီး၍ ဒကာတော်မင်းကြီး လေးကြိမ်မြောက်၌ ကြားအပ်သော စတုတ္ထအသံကို လျှောက်ထားလေဦးလော့ဟု မိန့်တော်မူသဖြင့် ဘုန်းတော်အလွန်ကြီးမြတ်တော် မူပေသော မြတ်စွာဘုရား ထိုနောက်(သော)ဟူသော အသံကို ကြားရပါသည်ဟု လျှောက်၏၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ထိုငရဲသား သတ္တဝါသည် မပြည့်မစုံ ရွတ်ဆိုအပ်သော စကားကို အပြည့်အစုံပြု၍ ဟောပြတော် မူပြန်လိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏-

(သော) သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။

ငါသည် ဤသံရေပူထဲမှ လွတ်မြောက်ပြီး လူ့ဘဝကို အကယ်၍ ရအပ်သည် ဖြစ်ခဲ့အံ့၊ ထိုထိုသို့သော ပညာရှိတို့၏ ပြောဆိုဆုံးမသော စကားကို မှတ်သားနာယူပြီး သီလနှင့်ပြည့်စုံသည်ဖြစ်၍ များစွာသော ကုသိုလ်တို့ကိုသာ စီမံအားထုတ် ပြုလုပ်၍သာ နေပါတော့မည်ဟု ပြောဆိုငြီးတွားသော စကားမျှသာဖြစ်ပေသည်။

ဒကာတော်မင်းကြီး၌ တစ်စုံတစ်ခု အန္တရာယ်ငြိတွယ်ရန် မရှိ။ ဒကာတော် မင်းကြီး ထိုလေးယောက်ကုန်သော သူတို့သည် ယခင်ပြခဲ့ပြီးသော တစ်ခု တစ်ခု သော ဂါထာအစဉ်ကို ရွတ်ဆိုခြင်းငှာ အလိုရှိပါလျက် ရွတ်ဆိုခြင်းငှာ မစွမ်း နိုင်ဘဲ တစ်လုံး တစ်လုံးသော အက္ခရာကို ရွတ်ဆိုမိရုံကာမျှဖြင့် လောဟကုမ္ဘီ ငရဲအိုး၏ အတွင်းသို့ ပြန်ဆင်းနစ်ဝင် ရပြန်လေတော့သည်ဟု မိန့်တော်မူ၏။ ထိုသို့ဟောကြားတော်မူသော တရားစကားကို ကြားနာရသည့်အခါ ပသေနဒီ ကောသလမင်းကြီးသည် ထိုသတ္တဝါတို့သည်ကား ပျက်စီးလေစွတကား၊ ဤမျှ လောက်သော အတိုင်းအရှည် ကြာလျက် ယနေ့ထက်တိုင်အောင်ပင် ရှိသော် လည်း အနှစ်တစ်ထောင်မျှကို သော်လည်း မလွန်မြောက်နိုင်ချေ တကားဟု စဉ်းစားလျက် မင်းကြီးအား ထိုဒေသနာကို ကြား၍ ကြီးစွာသော တုန်လှုပ် ထိတ်လန့်ခြင်းသည် ဖြစ်လေ၏။

ပသေနဒီ ကောသလမင်းကြီးသည် သူတစ်ပါးတို့၏ မယား၌ ပြစ်မှားလွန် ကျူးခြင်း ပရဒါရကံသည်ကား အလွန်ဝန်လေးစွတကား၊ တစ်ဆူသောဘုရား ရှင်၏ အကြားပဘဲလုံး ငရဲ၌ကျက်၍ ခံစားရပြီးမှ ထိုငရဲမှစုတိစိတ်ချုပ်၍ လာခဲ့ ပြန်သော် ယူဇနာ ခြောက်ဆယ်ရှိသော လောဟကုမ္ဘီ ငရဲအိုး၌ ဖြစ်ရ၍ ထိုငရဲအိုး၌ အနှစ်ခြောက်သောင်းတို့ပတ်လုံး ကျက်၍ ခံစားကာ နေရပါလျက် ပင်သော်လည်း ဆင်းရဲမှ လွတ်အံ့သော အခြင်းအရာသည် မထင်သေး။ ဩော် ဝန်လေးစွ တကား၊ ငါတို့သည်လည်း သူတစ်ပါး၏ မယား၌ ချစ်ခြင်း နှောင် ဖွဲ့ခြင်းကိုပြု၍ အလုံးစုံသော ညဉ့်ပတ်လုံး အိပ်ပျော်ခြင်းကို မရသေ။ ယခုအခါ ဤနေ့မှ စ၍ သူတစ်ပါး၏မယား၌ ပြစ်မှားတပ်ညွတ် နှောင်ဖွဲ့ခြင်းကို မပြစ် တော့အံ့ဟု ကြံပြီးလျှင် မြတ်စွာဘုရားရှင်ကို ဘုန်းတော်အလွန် ကြီးတော် မူသော မြတ်စွာဘုရား ဒကာတော်သည် ယနေ့၌ ညဉ့်ရှည်သည်၏ အဖြစ်ကို သိရပါသည် ဘုရားဟု လျှောက်ကြား၏။

ပြာသာဒ်မယ်၏ လင်ယောကျာ်း သောတာပန်တည်ခြင်း

မင်းကြီး စေလွှတ်အပ်သော ထိုမင်းချင်းယောကျာ်းသည်လည်း ထိုနေရာ၏ အနီးသာလျှင် ထိုင်နေ၍ရှိသောကြောင့် မင်းကြီးလျှောက်ထားသော စကားကို ကြားအပ်သည်ရှိသော် ငါ့အား အားကြီးသော အထောက်အပံ့ကို ရအပ်ပေပြီဟု ကြံလျက် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပြည့်ရှင်မင်းမြတ်သည် ယနေ့ညဉ့်၌ ရှည်ဝေးသည်၏အဖြစ်ကို သိပါသည်။ တပည့်တော်သည်လည်း ယမန်နေ့က တပည့်တော်ကိုယ်တိုင် ယူဇနာမျှလောက်သော ခရီးကို သွားရောက်ရသည်ဖြစ်၍ ယူဇနာမျှသော ခရီးကို ရှည်ဝေးသည်ဟူ၍ သိပါသည်ဟု လျှောက်ထား၏။ မြတ်စွာဘုရားရှင်

ကိုယ်တော်မြတ်သည် နှစ်ဦးနှစ်ယောက်သောသူတို့ လျှောက်ထားအပ်သည်လည်း ဖြစ်သော စကားကို နှီးနှောတော်မူ၍ အချိုးသောသူအား ညဥ့်သည် ရှည်ဝေးသည်ဖြစ်၏။ အချိုးသောသူအား ယူဇနာမျှသော ခရီးသည် ရှည်ဝေးသည်ဖြစ်၏။ မိုက်မဲတွေဝေလှစွာသော သတ္တဝါအား ပြေးသွားကျင်လည်ရာ သံသရာသည် ရှည်ဝေး၏ဟု မိန့်တော်မူပြီး၍ တရားစကားကို ဟောကြားမိန့်မြွက်တော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏–

၆၀။ ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တဿ ယောဇနံ။

ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။

အိပ်မပျော် နိုးကြားသူအား ညဥ့်သုံးယံသည် ရှည်ကြာသကဲ့သို့ဖြစ်၏။ ခရီးပန်းသူအား တစ်ယူဇနာခရီးသည် ရှည်လျားသကဲ့သို့ ဖြစ်၏၊ သူတော်ကောင်းတရားကို ပညာမျက်စိဖြင့် မသိမမြင်ကုန်သော လူမိုက်တို့အား သံသရာသည် အလွန်ရှည်ဝေးလှ၏။

ထိုဂါထာ၌ – ဒီဃာဟူသည်=ဤညဥ့်မည်သည် သုံးယံမျှသာတည်းသို့သော်၊ အိပ်မပျော်သူအားရှည်၏၊ နှစ်ဆ,သုံးဆတက်သကဲ့သို့ထင်၏။ ထိုညဥ့်၏ရှည်သည်ကို မိမိကိုယ်ကို လေ့လာစွာ သံဿာ၏ ဆွမ်းကို ပြု၍ နေထွက်အောင် အပြန်ပြန်အလှန်လှန်အိပ်ပြီးသော အပျင်းကြီးသူသည် လည်းကောင်း ဘောဇဥ်ကောင်းကိုစား၍ အိပ်ရာကောင်း၌ အိပ်သော ကာမစည်းစိမ်ကို ခံစားသူသည်လည်းကောင်း မသိ၊ တစ်ညဥ့်လုံး ကမ္မဋ္ဌာန်းကိုစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည်လည်းကောင်း၊ တရားဟောသော ဓမ္မကထိကသည်လည်းကောင်း၊ နေရာအနီး၌ ရပ်၍ တရားနာသော သူသည်လည်းကောင်း၊ ခေါင်းခဲနာစသည်ဖြင့် တွေ့၍လည်းကောင်း၊ လက်ပြတ်ခြင်း ခြေပြတ်ခြင်းစသည်သို့ ရောက်သည်ဖြစ်၍လည်းကောင်း၊ ဝေဒနာနှိပ်စက်ခြင်း ရှိသောသူသည်လည်းကောင်း၊ ညဥ့်၌ခရီးသွားသောသူသည် လည်းကောင်း၊ အဓွန့်ရှည်သော ခရီးသွားသူသည်လည်းကောင်း သိ၏ဟူလို။

ယောဇနံဟူသည်= လေးဂါဝုတ်သာလျှင်တည်း၊ ခရီးပန်းသူအားသာလျှင် ထိုခရီးရှည်၏။ နှစ်ဆ သုံးဆတက်သကဲ့သို့ထင်၏။ ထိုစကားမှန်၏၊ တစ်နေ့ပတ်လုံး ခရီးသွား၍ ပင်ပန်းသောသူသည် ခရီးရင်ဆိုင်လာသောသူကို မြင်၍ ရှေ့မှရွာသည် အဘယ်မျှဝေးသနည်း။ ဤသို့မေး၍ အတန်ငယ်သွား၍ တစ်ယောက်ကိုလည်းမေး၏။ ထိုသူသည်လည်း တစ်ယူဇနာဝေး၏ဟု ဆိုလတ်သော် တစ်ဖန် အနည်းငယ်သွား၍ တစ်ယောက်ကိုလည်းမေး၏။ ထိုသူကလည်း တစ်ယူဇနာဝေး၏ဟုပြော၏။ ထိုခရီးပန်းသူသည် မေးတိုင်းမေးတိုင်းသော

သူတို့သည် တစ်ယူဇနာဝေး၏ဟုပြောကုန်၏။ ဤယူဇနာသည် ရှည်ပါပေ၏။ ဤသို့ တစ်ယူဇနာခရီးကို နှစ်ယူဇနာ သုံးယူဇနာခရီးကဲ့သို့ အောက်မေ့၏။

ဗာလသာနံဟူသည်=ဤပစ္စုပ္ပန်လောက တမလွန်လောက အကျိုးကို မသိသူတို့အားလည်းကောင်း၊ သံသရာဝဋ်ဆင်းရဲ၏ အဆုံးကို မပြုနိုင်သူတို့အားလည်းကောင်း၊ ဗောဓိပက္ခိယတရား ၃၇ ပါးကို သံသရာ၏အဆုံးကို ပြုကုန်၏။ ထိုသူတော်ကောင်းတရားကို မသိကုန်သူတို့အား သံသရာရှည်၏၊ မှန်၏၊ ထိုသံသရာသည် မိမိ၏ ဓမ္မတာအားဖြင့်လျှင် ဒီဃမည်၏။ ဤစကားကို ရဟန်းတို့ ဤသံသရာသည် မသိအပ်သော အစရှိ၏၊ ရှေးအစွန်းသည် မထင်၊ ဤသို့ဟောအပ် သည်သာလျှင်တည်း။ အဆုံးကို ပြုခြင်းငှာ မတတ်နိုင်သူ လူမိုက်တို့အား အလွန်ရှည်၏။

ဒေသနာတော်၏အကျိုးအာနိသင်

ဤဒေသနာ ပါဠိဂါထာ၏အဆုံး၌ မင်းခစားယောကျ်ားသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ အခြား များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏၊ ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ညွတ်ချပ်ဝပ်လျှိုး ရှိခိုးပြီး နန်းတော်သို့ပြန်သွား၍ ချုပ်နှောင်ဖမ်းဆီး၍ ထားကုန်သော သတ္တဝါတို့ကို အနှောင်အဖွဲ့မှ လွတ်စေကုန်၏။ ချုပ်နှောင်ဖမ်းဆီးခြင်းကို ခံရကုန်သော မိန်းမ ယောကျ်ားအပေါင်းတို့သည် အနှောင်အဖွဲ့မှ လွတ်ကုန်သောအခါ ဦးခေါင်းကို ရေဖြင့်ဆေးကြော သုတ်သင်ပြီးသည်ရှိသော် မိမိတို့၏အိမ်တို့သို့ သွားရောက်ကြကုန်လျက် အရှင်မဖြစ်တော်မူသော မလ္လိကာမိဖုရားကြီးသည် ကြာမြင့်ရှည်စွာ သက်တော်ရှည်ပါစေသတည်း၊ အရှင်ကောင်းမ-ဖြစ်တော်မူသော ထိုမလ္လိကာ မိဖုရားကြီးကို အမှီပြုပြီး ငါတို့၏အသက်ကို ရပါပေကုန်သည်ဟု မလ္လိကာမိဖုရားကြီး၏ ဂုဏ်ကျေးဇူးစကားကို ပြောဆိုကြကုန်၏။ ရဟန်း သံဃာတော်တို့သည်လည်း ညချမ်းသောအခါဖြစ်သော တရားသဘင်၌ ငါ့ရှင်တို့ ချော်အံ့ဩဖွယ်ရှိလေစွတကား၊ မလ္လိကာမိဖုရားကြီးသည် ပညာရှိပေစွတကား၊ မိမိ၏ ပညာကိုမှီ၍ ဤမျှအတိုင်းအရှည်ရှိသော သတ္တဝါများအား ဇီဝိတဒါနကို ပေးလေဘိသည်တကားဟု ချီးမွမ်းသော စကားကို ဖြစ်စေကြကုန်၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋိတိုက်၌ ထိုင်နေ သီတင်းသုံးတော်မူလျက်သာလျှင် ထိုရဟန်းတို့ ချီးမွမ်း ကြသော စကားကို ကြားသိတော်မူ၍ ဂန္ဓကုဋိတိုက်မှထွက်ကြွတော်မူပြီး တရားသဘင်သို့ ဝင်တော်မူ၍ ခင်းထားအပ်သောနေရာ၌ ထိုင်နေ သီတင်းသုံးတော်မူပြီးသော် ချစ်သားရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့်

ပြောကြား စည်းဝေးကြလေသနည်းဟု မေးတော်မူသဖြင့် ဤအမည်ရှိသော စကားဖြင့် ပြောကြားစည်းဝေးပါသည်ဟု လျှောက်ထား ကုန်သည်ရှိသော် ချစ်သားရဟန်းတို့ မလ္လိကာမိဖုရားသည် ဤယခု ဘဝ၌သာလျှင် မိမိ၏ ပညာကိုမှီ၍ များစွာသော လူအပေါင်းအား ဇီဝိတဒါနကို ပေးသည်မဟုတ်သေး၊ ရှေးဖြစ်သော ဘဝ၌လည်း ပေးဖူးသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ထိုအကြောင်းကို ပြတော်မူလိုသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

ပညာရှိ မလ္လိကာ၏ ရှေးအကြောင်း

အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ပြည့်ရှင်မင်းကြီး၏ သားတော်မင်းသားတစ်ပါးသည် ကစ်ခုသော ညောင်ပင်တစ်ပင်သို့ ချဉ်းကပ်၍ ထိုညောင်ပင်၌ စောင့်ရှောက် နေထိုင်သော နတ်အား ဖရှင်နတ်မင်း ဤဇမ္ဗူဒိပ်ကျွန်း၌ အကျွန်ုပ်၏ ခမည်းတော်သည် လွန်မြောက်သည့် အခါ အကယ်၍ မင်းအဖြစ်ကိုရသည် ဖြစ်ခဲ့အံ့၊ မင်းတစ်ရာ့ တစ်ပါးတို့ကိုလည်း ကောင်း၊ အဂ္ဂမဟေသီ မိဖုရား တစ်ရာ့ တစ်ပါးတို့ကို လည်းကောင်း ဆောင်ယူခဲ့ပါအံ့၊ ဆောင်ယူခဲ့ပြီး ထိုမင်း မိဖုရားတို့၏ လည်ချောင်း သွေးတို့ဖြင့် ပူဇော်ခြင်းအမှုကို ပြုပါအံ့ဟု တောင်းပန်၏၊ ထိုမင်းသားသည် ခမည်းတော် နတ်ရွာစံလွန်သည်ရှိသော် မင်း၏အဖြစ်သို့ ရောက်၍ နတ်မင်း၏ အာနုဘော်ကြောင့် ငါ့အား မင်းအဖြစ်သို့ ရောက်ရပေသည်ဟု အောက်မေ့ မှတ်ထင်သဖြင့် ထိုနတ်မင်းအား ပူဇော်ခြင်းအမှုကို ပြုတော့အံ့ဟု များပြား ကြီးကျယ်စွာသော စစ်သည်ဗိုလ်ပါဖြင့် ပြည်မှထွက်၍ မင်းတစ်ပါး ကို မိမိ၏ အလိုသို့ လိုက်ပါစေပြီးလျှင် ထိုမင်းနှင့် အတူတကွပေါင်းသင်း၍ အခြားမင်း တို့ကိုလည်း ဖမ်းယူ၍ မိမိအလိုသို့ လိုက်ပါစေသည်ကို ပြု၏။ ဤသို့သော နည်းဖြင့် အလုံးစုံသော မင်းတို့ကို ဖမ်းယူ၍ မိမိ၏အလိုသို့ လိုက်သည်ကို ပြုပြီးသော် အဂ္ဂမဟေသီ မိဖုရားကြီးနှင့် တကွသော မင်းအပေါင်းတို့ကို ယူ၍ပြီး မိမိ၏ တိုင်းပြည်သို့ ပြန်လာခဲ့သည် ရှိသော် အလုံးစုံသော မင်းတို့ အောက် ငယ်သော အရွယ်ရှိသော ဥဂ္ဂသေနမင်း၏ ဓမ္မဒိန္နာ အမည်ရှိသော အဂ္ဂမဟေသီ မိဖုရားသည်ကား လေးသော ကိုယ်ဝန်ရှိ၏။ ထိုဓမ္မဒိန္နာ မိဖုရားကို ခြင်းချန် ထားလျက် ကြွင်းကုန်သော မင်း မိဖုရား များစွာသော လူအပေါင်းကို အဆိပ်ဆေးဖြင့် ရောသော အဖျော်ကို တိုက်ကျွေး၍ သတ်အံ့ဟု ကြံပြီးလျှင် ညောင်ပင်ရင်းကို သုတ်သင်စေ၏။

သိကြားမင်းလည်း မကယ်နိုင်

နတ်မင်းသည် ဤမင်းကြီးသည်ကား ဤမျှလောက် အတိုင်းအရှည်ရှိကုန်သော မင်းအပေါင်းတို့ကို အောင်မြင်နိုင် ခြင်းသည် ငါ့ကိုအမှီပြုပြီး ဖမ်းယူအောင်မြင်နိုင်သည်ဟု မှတ်ထင်ကြံစည်၍ ထိုမင်းတို့၏ လည်ချောင်းသွေးဖြင့် ငါ့အား ပူဇော်လိုသည် ဖြစ်ခဲ့ဘိ၏၊ ဤမင်းကြီးသည် ထိုမင်းတို့ကို အကယ်၍ သတ်ဖြတ်အပ်သည် ဖြစ်ခဲ့အံ့၊ ဇမ္ဗူဒိပ်ကျွန်းကြီး၌ မင်းဆက် မင်းနွယ်ပြတ်သည် ဖြစ်ပေလတ္တံ့၊ ငါ၏စံရာ ကောင်းစွာသန့်ရှင်း ညောင်ပင်ရင်းသည်လည်း မသန့်ရှင်း မစင်ကြယ် စက်ဆုပ်ရွံရှာဖွယ် ဖြစ်လတ္တံ့၊ ထိုအမှုကို ငါသည် တားမြစ်ခြင်းငှာ စွမ်းနိုင်လတ္တံ့လောဟု စုံးစမ်းဆင်ခြင်သည်ရှိသော် မစွမ်းနိုင်လတ္တံ့သည်ကို သိ၍ တစ်ပါးသော နတ်မင်းတို့သို့ ချဉ်းကပ် သွားရောက်ပြီးလျှင် ထိုအကြောင်းအလုံးစုံတို့ကို အကုန်ပြောကြားသောအခါ ထိုနတ်မင်းက တားမြစ်ခြင်းငှာ မစွမ်းနိုင်ပါဟု မြစ်ပယ်သဖြင့် တစ်ပါးသော နတ်မင်း၏အထံသို့ သွားရောက် တောင်းပန်ပြန်၏။ ဤသို့သောနည်းဖြင့် စကြဝဠာ တိုက်အလုံး၌ တည်ရှိကုန်သော နတ်မင်းတို့အား ချဉ်းကပ်၍သော် လည်းကောင်း၊ စာတုမဟာရာဇ်နတ်မင်းကြီးတို့၏ အထံသို့ ချဉ်းကပ်၍သော် လည်းကောင်း တောင်းပန်ပြောဆိုပါသော်လည်း ထိုနတ်မင်းကြီးတို့က ငါတို့သည် တားမြစ်ကန့်ကွက်ခြင်းငှာ မစွမ်းနိုင်ကုန်ဟု ပယ်လိုက်သောအခါ တာဝတိံသာ နတ်ပြည်၌ တည်ရှိတော်မူသော သိကြားမင်း၏ အထံသို့ ချဉ်းကပ်၍ ထိုအကြောင်းအလုံးစုံတို့ကို အကုန်ပြန်ကြား ပြီးသော် နတ်အပေါင်းတို့ကို အစိုးရတော်မူသော အရှင်သိကြားမင်း အရှင်သိကြားမင်းတို့သည် ကြောင့်ကြမဲ့ နေခဲ့ကုန်သည်ရှိသော် ဇမ္ဗူဒိပ်ကျွန်း၌ မင်းမျိုးမင်းနွယ် ပြတ်ပါလိမ့်မည်။ အရှင်သိကြားမင်းသည် ထိုမင်းအပေါင်းတို့၏ ကိုးကွယ်ရာ မှီခိုရာသည် ဖြစ်ပါကုန်လော့ဟု လျှောက်ထား၏။

သိကြားမင်းကလည်း အချင်းနတ်သား ငါသည်လည်း တားမြစ် ပိတ်ပင်ခြင်းငှာ မစွမ်းနိုင်။ တားမြစ်ပိတ်ပင်နိုင်သော အကြောင်းကိုမူကား ငါသည် ညွှန်ကြား ပြသလိုက်အံ့။ အသင်သည် သွားပြီး မင်းကြီးသည် ကြည့်ရှု ထင်ထင် မြင်စဉ်ပင်လျှင် နီမြန်းသော အဝတ်ကို ဝတ်ရုံလျက် မိမိ၏သစ်ပင်မှ ထွက်ပြီးသော် သွားအံ့သော အခြင်းအရာကို ပြလေလော့။ ထိုအခါ မင်းကြီးသည် ညောင်ပင်စောင့်နတ်မင်းသည် ထွက်သွားချေပြီ။ ထိုနတ်မင်းကို ဆုတ်နစ်ပြန်လည်စေအံ့ဟု အထူးထူး အပြားပြား များစွာသော အခြင်းအရာဖြင့် အသင့်ကို တောင်းပန်လတ္တံ့။ ထိုသို့ တောင်းပန်သောအခါ အသင်ကလည်း အရှင်မင်းကြီး အသင်သည် အဂ္ဂမဟေသီမိဖုရားတို့နှင့် တကွသော မင်းတရာတစ်ပါး တို့ကို ဖမ်းယူ၍ ထိုမင်း မိဖုရားတို့၏ လည်ချောင်း သွေးဖြင့်

ပူဇော်ခြင်းအမှုကို ပြုပါအံ့ဟု တောင်းပန် ဝန်ခံပါလျက် ဥဂ္ဂသေနမင်း၏ မိဖုရားကို ချန်ထားလျက် လာရောက်ပေ၏။ ငါသည် ထိုသို့သဘောရှိသော မဟုတ်မမှန် ချွတ်ယွင်းသော စကားကို ပြောဆိုလေ့ရှိသော သူ၏ အပူဇော်ကို မခံပေတော့အံ့ဟု ပြောဆိုလေလော့။ ဤသို့ အသင်က ပြောဆိုသည် ရှိသော် မင်းကြီးသည် ဓမ္မဒိန္နာမိဖုရားကို အာဏာဖြင့်စေလွှတ်၍ ခေါ်ဆောင်စေလတ္တံ့။ ထိုမိဖုရားသည် မင်းကြီးအား တရားဟော၍ ဤမျှလောက် အတိုင်းအရှည်ရှိ ကုန်သော လူတို့အား အသက်ရှည်စွာ နေရခြင်းတည်းဟူသော ဇီဝိတဒါနကို ပေးလတ္တံ့ဟု မိန့်တော်မူလျက် သိကြားမင်းသည် ထိုညောင်ပင်စောင့်နတ်အား အကြောင်းဥပါယ်တံမျဉ်ကို ညွှန်ကြားပြသလိုက်ပေ၏။

ပညာရှိ ဓမ္မဒိန္နာမိဖုရားသည် မင်းမိဖုရားတို့ အသက်ကို ကယ်ဆယ်ခြင်း

ညောင်ပင်စောင့် နတ်သည်လည်း သိကြားမင်းမှာထား ညွှန်ပြလိုက်သည့် အတိုင်းကို ပြုပေ၏။ မင်းကြီးကလည်း မိဖုရားကို ခေါ်ဆောင်ရန် စေလွှတ်၏။ ဓမ္မဒိန္နာမိဖုရားသည် လာရောက်ပြီး ထိုအလုံးစုံသော မင်းတို့အောက်အငယ်ဆုံး ဖြစ်၍ အစွန်ဆုံးဖြစ်သော နေရာ၌ ထိုင်နေတော်မူသော မင်းကိုသာ ရှိသေစွာ ရှိခိုး၍ ထိုင်နေ၏။ ထိုအခါ ဗာရာဏသီပြည့်ရှင်မင်းကြီးက ငါသည်အလုံးစုံသော မင်းတို့၏ အကြီးအမှူးအရာ၌တည်နေပါလျက် ငါ့အားရှိခိုးခြင်းကို မပြု။ အလုံးစုံသော မင်းတို့အောက် ငယ်သောအရွယ်ရှိသော မိမိ၏ခင်ပွန်း အရှင်ဖြစ်သော ဥဂ္ဂသေနမင်းကိုသာ ရှိခိုးလေဘိသည်ဟု ထိုဓမ္မဒိန္နာမိဖုရားအား အမျက်ဒေါသ ဖြစ်လေ၏။

ထိုအခါ ဓမ္မဒိန္နာမိဖုရားက အရှင်မင်းကြီး အရှင်မင်းကြီးသည် ကျွန်တော်မ တို့အား နှောင့်ဖွဲ့ ဖမ်းဆီးအပ်ပေ၏။ ကျွန်တော်မ၏ ခင်ပွန်းအရှင် ဖြစ်တော်မူသော ဤဥဂ္ဂသေနမင်းမြတ် သည်ကား ကျွန်တော်မအား အစိုးရခြင်းနှင့် တကွ စည်းစိမ်ချမ်းသာ အခြံအရံတို့ကို ပေးသနားတော် မူပေ၏။ ထိုကဲ့သို့ အစိုးရခြင်း စည်းစိမ်ချမ်းသာ အခြံအရံကို ပေးသနားခြင်းဖြင့် ချီးမြှင့်သော ဤ အရှင် မင်းမြတ်ကို ရှိမခိုးမူ၍ စည်းစိမ်ချမ်းသာ အသက်ကို ပျက်စီးအောင် ဖျက်ဆီးခြင်းကိုပြုတတ်သော အရှင်မင်းမြတ်ကို အဘယ်သို့ရှိခိုးနိုင်ပါအံ့နည်းဟု တင်လျှောက်၏။ ညောင်ပင်စောင့်နတ်မင်းသည်လည်း များစွာသောလူအပေါင်း မြင်စဉ်ပင်လျှင် ချစ်နှမ အသင်ပြောကြား အပ်သောစကားသည် ပြောင့်မှန် သင့်လျော်လှပေ၏ဟု ပြောဆိုချီးမွမ်း၍ ဓမ္မဒိန္နာမိဖုရားကို ပန်းဆုပ်တို့ဖြင့် ပူဇော်ပေ၏။

တစ်ဖန် ဗာရာဏသီပြည့်ရှင်မင်းကြီးက အသင်မိဖုရား အသင်သည် ငါ့အား အကယ်၍ ရှိမခိုးလိုမူ ရှိစေဦးတော့။ ငါ့အား မင်း၏ စည်းစိမ်ချမ်းသာကို ပေးတော်မူပေတတ်သော ကြီးမြတ်သော တန်ခိုးအာနုဘော် ရှိတော်မူပေသော ညောင်ပင်စောင့်နတ်မင်းကို အဘယ်ကြောင့် ရှိခိုးခြင်းကို မပြုပါလေသနည်းဟု မေး၏။ ဓမ္မဒိန္နာမိဖုရားက အရှင်မင်းမြတ် အရှင်မင်းမြတ်သည် မြှုစု ဆည်းပူးတော်မူအပ်ခဲ့သော ကောင်းမှုဘုန်းကံတော်၌ တည်သည်ဖြစ်၍သာလျှင် မင်း၏အဖြစ်ကို ယူအပ်ပေ၏။ နတ်သည်ယူ၍ ပေးအပ်သည် မဟုတ်ဟု လျှောက်မိသော် တစ်ဖန် ညောင်ပင်စောင့်နတ်မင်းက ရွှေနည်း အတူသာလျှင် ချစ်နှမ အသင်ပြောဆိုအပ်သော စကားအတိုင်း ဟုတ်မှန်လှပေ၏ဟု ချီးမွမ်း၍ ရွှေနည်းအတူသာလျှင် ပန်းဖြင့်ပူဇော်ပြန်၏။ တစ်ဖန် ဓမ္မဒိန္နာမိဖုရားက ဗာရာဏသီပြည့်ရှင်မင်းကြီးကို အရှင်မင်းကြီး အရှင်မင်းကြီးက ဤညောင်ပင်စောင့် နတ်မင်းသည် ဤမျှလောက်သော မင်းတို့ကို ဖမ်းဆီး၍ ပေးအပ်၏။ နတ်၏ အာနုဘော်ကြောင့် အောင်နိုင်အပ်၏။ တန်ခိုးအာနုဘော်ကြီး၏ဟု ပြောဆို ချီးမွမ်းတော်မူအပ်၏။ အရှင်မင်းမြတ်သည် ချီးမွမ်းတော် မူအပ်သည့်အတိုင်း အကယ်၍ တန်ခိုး အာနုဘော်ကြီးသည် ဖြစ်ခဲ့ပါအံ့။ ဤနတ်မင်း စံနေရာဖြစ်သော ညောင်ပင်၏အယက်ဖြစ်သော လက်ဝဲဘက်နံပါးကို မီးဖြင့် မြိုက်လောင် ကြေကျမ်းခြင်း ဖြစ်ပေ၏။ထိုသို့ မြိုက်လောင်ကြေကျမ်းခြင်းကို အဘယ့်ကြောင့် ကြည့်ရှု၍ နေဘိသနည်း မိမိ၏တန်ခိုးအာနုဘော်ဖြင့် အဘယ်ကြောင့် မီးကို မငြိမ်းအေးစေဘိသနည်းဟု လျှောက်ပြန်၏။ ညောင်ပင်စောင့် နတ်မင်းသည် ရွှေနည်းအတူသာလျှင် ချီးမွမ်း၍ ပန်းဆုပ်တို့ဖြင့် ပူဇော်ပြန်၏။ ဓမ္မဒိန္နာ မိဖုရားသည် ထိုစကားကို ပြောစဉ်ပင်လျှင် ငိုလည်း ငိုကြွေး၏။ ရယ်လည်း ရယ်ရွှင်၏။

သိုးတစ်ကောင်သတ်ခဲ့ဖူးသော ရွှေအကြောင်း

ထိုအခါ ဗာရာဏသီပြည့်ရှင် မင်းကြီးက ဓမ္မဒိန္နာမိဖုရားကို အသင်မိဖုရား အသို့နည်း သင်အား စိတ်၏ဖောက်ပြန်ခြင်း၊ ရူးသွပ်ခြင်း ဖြစ်လေသလောဟု မေးသဖြင့် အရှင်မင်းမြတ် ဤသို့ အမိန့်တော်မရှိပါလင့်။ ကျွန်တော်မကဲ့သို့ သဘောရှိကုန်သော သတိပညာ ပြည့်စုံကုန်သော သူတို့သည် ရူးသွပ်ခြင်း မဖြစ်နိုင်ကုန်ပါဟု လျှောက်လျှင် အသင်မိဖုရား ထိုသို့ရူးသွပ်ခြင်း မဖြစ်ခဲ့ သော် အသင်သည် အဘယ်ကြောင့် ငိုကြွေးခြင်း ရယ်ရွှင်ခြင်းကို ပြုဘိ သနည်းဟု မေးပြန်သော် ဓမ္မဒိန္နာမိဖုရားက အရှင်မင်းမြတ် နာတော်မူလော့၊ ကျွန်တော်မသည် ရွှေလွန်လေပြီးသောအခါ၌ အမျိုးသမီး တစ်ဦးသည် ဖြစ်၍ အရွယ်ကျရောက်လာသောအခါ မေတ္တာသက်ဝင် အစိုးရသော အရှင်

ခင်ပွန်းလင်၏နောက်သို့ လိုက်ပါရသည်ဖြစ်၍ ခင်ပွန်းအရှင် လင်၏အိမ်၌ နေရသည်ရှိသော် အရှင်လင်၏ အဖော် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော ဧည့်သည် အာဂန္တုတစ်ယောက်သည် ရောက်လာသည်ကိုမြင်၍ ထိုဧည့်သည် အာဂန္တုက ဝတ်ကို ပြုရန်အလို့ငှာ ထမင်းကို ချက်ပြုတ်လိုသောကြောင့် အသားဟင်းမျိုးကို ဝယ်ယူ၍ ဆောင်ယူခဲ့လော့ဟု အိမ်ဖော်ကျွန်မအား အသပြာကို ပေးပြီးလျှင် အိမ်ဈေးသို့ စေလွှတ်၏။ ထိုကျွန်မသည် အမဲဟင်းမျိုးကို မရသောကြောင့် ပြန်လာပြီးသော် အမဲဟင်းမျိုးမရှိပါဟု ပြောသည့်အခါ ထိုအိမ်၏နောက်အဖို့၌ အိပ်နေသော သိုးမ၏ဦးခေါင်းကို ပိုင်းဖြတ်ပြီးသော် ထမင်းကို စီရင်စေ၏။ ထိုအမျိုးသမီးသည် သိုးမတစ်ကောင်၏ဦးခေါင်းကို ပိုင်းဖြတ်ခဲ့သောကြောင့် ငရဲ၌ ကျက်၍ ခံစားခဲ့ရပြီးမှ အကျိုးအကြွင်းအကျန်၏ အစွမ်းဖြင့် ထိုသိုးမ၏ အမွေးအရေအတွက်အားဖြင့် ဦးခေါင်း ဦးဆက်ပြတ်ခြင်းသို့ ရောက်ရလေ၏။ အရှင်မင်းမြတ်သည် ဤမျှလောက် အဝိုင်းအရှည်ရှိသော မင်းအပေါင်းကို သတ်၍ အဘယ်အခါ၌ ဤသို့သော ဆင်းရဲဒုက္ခမှ လွတ်ရပေလတ္တံ့နည်းဟု ဤသို့လျှင် အလွန်ကြီးကျယ်သော ဆင်းရဲဒုက္ခကို အောက်မေ့မိ၍ စိုးရိမ်ပူဆွေး ငိုကြွေးမိပါသည်ဟု ပြောဆိုပြီး၍ ဤဂါထာကို ဆို၏---

ဧကိဿာ ကဏ္ဍံ ဆေတွာန၊ လောမဂဏနာယ ပစ္စိသံ။

ဗဟူနံ ကဏ္ဍေ ဆေတွာန၊ ကထံ ကာဟသိ ခတ္တိယ၊

ရေခြေသနင်း ပြည့်ရှင်မင်းမြတ် ကျွန်တော်မသည် တစ်ကောင်သော သိုး၏ လည်ကို ဖြတ်မိသောကြောင့် အမွေး၏ အရေအတွက်အားဖြင့် လည်ဖြတ်ခံရခြင်းသို့ ရောက်၍ ကျက်၍ ခံစားရလေပြီ များစွာကုန်သော မင်း မိဖုရားတို့၏ လည်တို့ကို ဖြတ်ခဲ့သည်ရှိသော် လွတ်မြောက်ခြင်းကို အဘယ်သို့ ပြုနိုင်ပါတော့ အံ့နည်း။

ထိုနောက် မင်းကြီးက အသင် အဘယ်ကြောင့် ပြုံးရယ်ခြင်းကို ဖြစ်စေဘိသနည်းဟု မေးပြန်လျှင် အရှင်မင်းမြတ် ကျွန်တော်မသည် ထိုဆင်းရဲမှ လွတ်မြောက်ခြင်း ဖြစ်ပေပြီ။ သို့ဖြစ်၍ နှစ်သက် ဝမ်းသာသောကြောင့် ရယ်ရွှင်မိပါသည်ဟု လျှောက်ကြား၏။ ညောင်ပင်စောင့်နတ်လည်း တစ်ဖန် ရွှေနည်းအတူသာလျှင် ချီးမွမ်း၍ ပန်းဆုပ်ဖြင့် ပူဇော်ပြန်၏။ ဗာရာဏသီပြည့်ရှင် မင်းမြတ်သည် ဩော် ငါသည် ဝန်လေးသော အမှုကို ပြုမိလေစွတကား၊ ဤမိန်းမမိဖုရားသည် သိုးတစ်ကောင်ကို သတ်မိခဲ့ခြင်းကြောင့် ငရဲ၌ ကျက်၍ ခံစားရပြီးမှ အကျိုးအကြွင်း၏ အစွမ်းအားဖြင့် ထိုသိုး၏ အမွေးအရေအတွက် အားဖြင့် ဦးခေါင်းပြတ်ခြင်းသို့ ရောက်ရပေ၏။ ငါသည် ဤမျှလောက်သော မင်းတို့ကို သတ်မိခဲ့က အဘယ်အခါ၌ ချမ်းသာခြင်းသို့ ရောက်နိုင်ပါလတ္တံ့နည်း

ဟု ဆို၍အလုံးစုံသော မင်းတို့ကို လွှတ်စေပြီးသော် မိမိထက် အသက်အရွယ်ကြီးရင့်ကုန်သော မင်းတို့ကို ခြေ၌ ရှိခိုး၍ မိမိအောက် အသက်အရွယ်ငယ်ကုန်သော မင်းတို့အား လက်အုပ်ချီလျက်အလုံးစုံသော မင်းအပေါင်းတို့အားမိမိ၏အပြစ်ကို သည်းခံစေကုန်၍ မိမိတို့၏ စံရာဖြစ်သော တိုင်းပြည်သို့ ပြန်၍လွှတ်ပေး၏။'

ဇာတ်တော်ကို ပေါင်းခြင်း

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ ချစ်သား ရဟန်းတို့ ဤသို့လျှင် မလ္လိကာမိဖုရားသည် ဤယခုအခါ၌သာလျှင် မိမိ၏ ပညာကို မှီ၍ များစွာသော လူအပေါင်းအားဇီဝိတဒါနကို ပေးဖူးသည်မဟုတ်သေး။ ရှေးအခါ၌လည်းပေးဖူးသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ထိုအခါ ဗာရာဏသီပြည်ရှင် မင်းမြတ်သည် ယခုအခါပသေနဒီကောသလမင်းကြီး ဖြစ်လာ၏။ ထိုအခါ ဓမ္မဒိန္နာမိဖုရားသည် ယခုအခါမလ္လိကာမိဖုရား ဖြစ်လာ၏၊ ထိုအခါ ညောင်ပင်စောင့်နတ်တည်း ယခုအခါ ငါဘုရားသာလျှင် ဖြစ်တော်မူလာ၏ဟု ၊ ဇာတ်တော်ကို ပေါင်းတော်မူ၏။ ဤသို့အတိတ်ဇာတ်ကို ပေါင်းတော်မူပြီး တစ်ဖန်တရားတော်ကို ဟောပြတော်မူလိုပြန်သောကြောင့် ချစ်သားရဟန်းတို့ သူတစ်ပါးအသက်ကို ပယ်ဖျက် ချသတ်ခြင်းမည်သည်ကား ပြုခြင်းငှာ မသင့်တော်၊ မလျောက်ပတ်သော အမှုပေတည်း။ ထိုစကားမှန်၏။ သူတစ်ပါး၏ အသက်ကို သတ်ခြင်းမည်သည်ကား ရှည်စွာသော နေ့ညဉ့်ပတ်လုံး ပူဆွေးစိုးရိမ်ပင်ပန်း ရသည်သာလျှင် တည်းဟု မိန့်တော်မူပြီး၍ ဤဂါထာတို့ကို ဟောတော်မူ၏—

ဣဓ သောစတိ ပေစ္စ သောစတိ၊
ပါပကာရီ ဥဘယတ္ထ သောစတိ။
သော သောစတိ သော ဝိဟညတိ၊
ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။

ဧဝံ စေ သတ္တာ ဇာနေယျုံ၊
ဒုက္ခာယံ ဇာတိသမ္ဘဝေါ။
န ပါဏော ပါဏိနံ ဟညေ၊
ပါဏဃာတီ ဟိ သောစတိ။

ရှေ့ဂါထာ၏ မြန်မာပြန်ကို အောက်၌ ဖော်ပြခဲ့ပြီ။ နောက်ဂါထာ၏ မြန်မာပြန်—

ဤသို့ ဆင်းရဲပြီးပြင် ပင်ပန်းသော ဤသို့သော ပဋိသန္ဓေ၏ ဖြစ်ခြင်းကို ဝါ၊ ဤသို့သော ဘဝ၏ ဖြစ်ခြင်းကို အပေါင်းများစွာသတ္တဝါတို့သည်အကယ်၍ သိကုန်သည် ဖြစ်ခဲ့အံ့ သတ္တဝါသည် သတ္တဝါတို့အား မသတ်ဖြတ် ပေရာ။ ထိုစကားသင့်စွ။ သတ္တဝါတို့ကို သတ်ဖြတ်လေ့ရှိသော သတ္တဝါသည် နှစ်ဘဝလုံး ဆုံးရှုံးကြိမ်ကြိမ် စိုးရိမ်ပူပန်ရ၏။

ဤသို့သော ဒေသနာဘော်၏ အဆုံး၌လည်း များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ရလေကုန်၏။

အညတရ ပုရိသ ဝတ္ထုပြီး၏။

၂-မဟာကဿပတ္ထေရသဒ္ဓိဝိဟာရိကဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

စရဉ္စေ နာဓိဂစ္ဆေယျ ဤသို့စသည် ဓမ္မဒေသနာတော်ကို မြတ်စွာဘုရား ရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံး နေတော်မူစဉ် ကဿပမထေရ်မြတ်၏ အတူနေတပည့်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုကားရာဇဂြိုဟ် ပြည်၌ ဖြစ်၏။

အရှင်မဟာကဿပ မထေရ်မြတ်သည် ရာဇဂြိုဟ်ပြည့်ကို အမှီပြုတော်မူလျက် ပိပ္ပလိသိုက်ဂူ၌ သီတင်းသုံးတော်မူသောအခါ အတူနေ တပည့်ငယ်နှစ်ဦးတို့သည် လုပ်ကျွေးပြုစုကြကုန်၏။

အရှင်မဟာကဿပ၏ တပည့်ရဟန်းနှစ်ပါး

ထိုတပည့်ငယ် နှစ်ယောက်တို့တွင် တပည့်ငယ် တစ်ယောက်သည်ရှိသော ကောင်းမွန်စွာ ဝတ်ကြီး ဝတ်ငယ်ကို ပြု၏။ တပည့်ငယ် တစ်ယောက်ကား မိမိ ကသည် တစ်စုံတစ်ခုမျှကို မပြုဘဲ ထိုတပည့်ငယ်ပြုထားသော ဝတကြီးဝတ်ငယ် အမှုကို မိမိပြုဘိသကဲ့သို့ ပြုလျက် ခံတွင်းဆေးသော ရေ, ဒန်ပူ, ထင်းစသည် တို့၏ စီရင်၍ ထားအပ်သည်၏ အဖြစ်ကို သိသောအခါ အရှင်ဘုရား ခံတွင်း ဆေးအပ်သောရေ, ဒန်ပူ, ထင်း စသည်တို့ကို တပည့်တော် ပြုပြင်စီရင်၍ ထားအပ်ပါကုန်၏၊ အရှင်ဘုရား ခံတွင်းကို ဆေးကြောတော်မူပါလော့၊ ဒန်ပူကို သုံးဆောင်တော်မူပါလော့ဟု လျှောက်ကြား၏၊ ခြေဆေးသောအခါ ရေချိုး သောအခါတို့၌ ရှေးနည်းအတူသာလျှင် သူတစ်ပါး စီရင်ပြုပြင်၍ ထားအပ် သည်ကို မိမိပြုပြင်စီရင်၍ ထားဘိသကဲ့သို့ ညွှန်ပြလျှောက်ထား၏။

ဤမှ တစ်ပါးသော တပည့်ငယ်က ကြုံဆင်ခြင်သည်မှာ ဤသူသည် အမြဲမပြတ်သော ကာလပတ်လုံး ငါသည်ပြုပြင်စီမံ၍ ထားအပ်သည်ကို မိမိပြုအပ်ဘိသကဲ့သို့ပြုပြီး ညွှန်ပြလေ၏၊ ရှိစေဦးတော့၊ ဤသူအား ပြုအပ်သော အမှုအရာကို သိစေအံ့ဟု ကြံ၏။ ကြံဆင်ခြင်ပြီး ထိုတပည့်ငယ်သည် စားသောက်ပြီး၍ အိပ်ပျော်နေစဉ်သာလျှင် ချိုးရေကို ပူစေပြီး တစ်ခုသောအိုး၌ လဲလှယ်သည့်ကိုပြု၍ ရေချိုးအိမ်၏ နောက်၌ ကွယ်ဝှက်၍ ထား၏၊ ရေနွေးကျိုသောအိုး၌ကား တစ်ကွမ်းစား တင်ခွက်မျှလောက်သော ရေကို ကြွင်းကျန်စေ၍ အခိုးအငွေ့ ချောင်းချောင်းထသည်ကို ဖြစ်စေ၏၊ ဤမှ တစ်ပါးသော တပည့်ရဟန်းငယ်သည် ညနေချမ်းအခါ အိပ်ရာမှနိုး၍ အခိုးအငွေ့ချောင်းချောင်းထသည်ကို မြင်လျှင် ရေကို ပူနွေးစေပြီး ရေချိုးအင်းပျဉ်၌ ထားအပ်သည်ဖြစ်ပေလတ္တံ့ဟု မှတ်ထင်လျက် လျင်မြန်စွာ သွားရောက်ပြီးသော် မထေရ်ကိုရှိခိုးပြီးသောအခါ အရှင်ဘုရား ရေချိုးအိမ်၌ ရေကို တည်ထားအပ်ပါပြီ၊ ရေချိုး သုံးသပ်တော်မူပါလော့ဟု လျှောက်၍ မထေရ်နှင့် တကွသာလျှင် ရေချိုးရာ တိုက်ခန်းအိမ်သို့ ဝင်လေ၏၊ မထေရ်ကလည်း ရေကို မမြင်သည်ဖြစ်၍ ငါ့ရှင် ရေအဘယ်မှာနည်းဟု မေးတော်မူ၏၊ ရဟန်းငယ်သည် မီးတင်းကုတ်သို့သွား၍ အိုး၌ မှုတ်ကို နှစ်မြှုပ်ချခပ်လျှင် ရေမရှိဘဲ အချည်းနှီးသောအိုး၏အဖြစ်ကိုသိ၍ ကြမ်းတမ်းယုတ်မာသော ဆိုနိုင်ခက်ခဲသော ဤရဟန်းငယ်၏အမှုကို ကြည့်ရှုပါကုန်လော့၊ ရေမရှိဘဲ အချည်းနှီးသောအိုးကို ခုံလောက်၌တင်ထား၍ အဘယ်ဇရပ်ဘို့ လှည့်ပတ်သွားလာ၍ နေဘိသနည်း၊ ငါသည် ရေချိုးအိမ်တိုက်ခန်း၌ ရေရှိသည်အမှတ်ဖြင့် မထေရ်ကိုလျှောက်ထားပင့်ဆောင်၍ လာမိခဲ့ပေသည်ဟု ရှုတ်ချကဲ့ရဲ့ ချုပ်ချယ်လျက် အိုးကိုယူပြီးလျှင် ရေခပ်ရာဆိပ်သို့ သွားလေ၏။

ဝတ်ကြီးဝတ်ငယ်နှင့်ပြည့်စုံသော ရဟန်းသည် ရေချိုးအိမ်၏နောက်၌ မိမိကွယ်ဝှက်၍ ထားအပ်သောရေကိုဆောင်၍ ရေချိုးအိမ်၌ထား၏။ မထေရ်လည်း ကြံဆင်ခြင်တော်မူသည်မှာ ဤရဟန်းငယ်သည် ရေကို ပူနွေးစေ၍ ရေချိုးအိမ်၌ ထားအပ်၏။ အရှင်ဘုရားကြွတော်မူပါကုန်လော့။ ရေသုံးသပ်တော်မူပါကုန်လောဟု လျှောက်ထား၍ ဤယခုအခါ၌ သူတစ်ပါးကို ချုပ်ချယ်မြည်တမ်းလျက် ရေအိုးကိုယူပြီး ရေချိုးဆိပ်သို့သွား၏။ ဤအကြောင်းကား အသို့နည်းဟု စူးစမ်းဆင်ခြင်တော်မူ၏။ မထေရ်သည် စူးစမ်းဆင်ခြင်တော်မူသည်ရှိသော် ထိုရဟန်းငယ်သည် ဤရဟန်းငယ်ပြုအပ်သော ဝတ်ကြီးဝတ်ငယ် အမှုကို မိမိသည် ပြုအပ်ဘိသကဲ့သို့ ညွှန်ပြလျက် ငါ့အား လှည့်ပတ်၍ နေလေဘိသည်ဟု သိတော်မူ၍ ညချမ်းသောအခါ၌ မိမိ၏အထံသို့ လာရောက်ခစား ထိုင်နေသော ထိုရဟန်းငယ်အား ငါ့ရှင် ရဟန်းမည်သည်ကား မိမိပြုအပ်သော အမှုကိုသာလျှင်

ပြုံ့အပ်သည်ဟူ၍ ပြောဆိုခြင်းငှာ အပ်၏။ မိမိ မပြုအပ်သည်ကို မိမိ ပြုအားသည်ဟု လိမ်လည် လှည့်ပတ် မပြောဆိုရာ အသင်သည် ယခုကာလက ပင်လျှင် ရေချိုးအိမ်၌ ရေကိုထားအပ်ပါပြီ၊ ရေသုံးသပ်တော်မူပါကုန်လော့ဟု လျှောက်ကြား၍ ငါသည် ရေချိုးအိမ်သို့ဝင်၍ သွားရောက်တည်သော အခါ၌ ရေအိုးကိုယူ၍ သူတစ်ပါးကို ချုပ်ချယ်မည်ကမ်း ပြောဆိုလျက် ရေခပ်ရာဆိပ်သို့ သွားလေဘိသည်။ ရဟန်းမည်သည်ကား ဤသို့သော သဘောရှိသောလိမ်လည် လှည့်ပတ်ခြင်းအမှုကို ပြုခြင်းငှာ မအပ်ဟု ဆုံးမတော်မူ၏။

အရှင်မဟာကဿပအား ပြစ်မှားသော တပည့်ရဟန်းငယ် အဝီစိသို့ ကျရောက်ခြင်း

ထိုရဟန်းငယ်သည် မထေရ်၏အမှုကို ကြည့်ကြပါကုန်လော့၊ ရေမျှကို အမှီပြုပြီး ငါ့အား ဤသို့ ပြောဆိုဘိလေသည်ဟု အမျက်ထွက်၍ တဖန်မိုးသောက် ရောက်သောနေ့၌ မထေရ်နှင့် အတူတကွ ဆွမ်းခံသွားလည်ခြင်းငှာ မဝင်လေ၊ အရှင်မဟာကဿပ မထေရ်သည်လည်း ဤမှတစ်ပါးသော ရဟန်းငယ်နှင့်အတူတကွ တစ်ခုသော အရပ်သို့ ကြွတော်မူ၏။ ထိုရဟန်းငယ်သည် မထေရ်ကြွတော်မူသောအခါ မထေရ်၏ အလုပ်အကျွေးဖြစ်သော အမျိုးအိမ်သို့ သွား၍ အရှင်ဘုရား မထေရ်မြတ်သည် အဘယ်သို့ ကြွတော်မူပါသနည်းဟု မေးလျှောက်လျှင် မထေရ်အား မချမ်းမသာ ရောဂါစွဲကပ်၏။ ကျောင်း၌သာ သီတင်းသုံးတော်မူသည်ဟုပြော၏။ အရှင်ဘုရားအဘယ်သို့သောအစာအာဟာရကို ရခြင်းငှာ အပ်ပါသနည်းဟု မေးလျှောက်သည်ရှိသော် ဤသို့သဘောရှိသည် မည်သော အစာအဟာရကို ပေးကုန်ကြလော့ဟု ပြောဆိုသဖြင့် ထိုရဟန်းငယ် ပြောဆိုသောအတိုင်းဖြင့်သာလျှင်ပြုပြင်စီရင်၍ ပေးလှူလိုက်ကုန်၏။ ထိုရဟန်းငယ်သည် လမ်းခရီးအကြား၌သာလျှင် ဆွမ်းကိုစားသောက်၍ ကျောင်းသို့ သွား၏၊ မထေရ်သည်လည်း ကြွတော်မူရာအရပ်၌ သိမ်မွေ့နူးညံ့သော သင်္ကန်းလျာ အဝတ်ကို ရတော်မူ၍ ထိုအဝတ်ကို မိမိနှင့်အတူတကွ လိုက်ပါသော ရဟန်းငယ်အား ပေးသနားတော်မူသဖြင့် ရဟန်းသည် ထိုအဝတ်ကို ဖွပ်ဆိုး၍ ဝတ်ရုံသုံးဆောင်ခြင်းကိုပြု၏။ အရှင်မဟာကဿပ မထေရ်အရှင်မြတ်သည် တဖန်မိုးသောက် ရောက်သောနေ့၌ အလုပ်အကျွေးအမျိုးအိမ်သို့ ကြွတော်မူသည်ရှိသော် အရှင်ဘုရား အရှင်မြတ်တို့အားမအီမသာ ရောဂါစွဲကပ်ခြင်းဖြစ်သည်ဟု အရှင်မြတ်၏ တပည့်ငယ်ရဟန်းသည် မိန့်ဆိုအပ်သည်ဖြစ်၍ ထိုမိန့်အပ်သော အမှတ်ဖြင့်သာလျှင် အစာအာဟာရကို ပြုပြင်စီရင်၍ ပေးပို့လိုက်ပါသည်။ ထိုအစာအဟာရကို သုံးဆောင် စားသောက်ရသောကြောင့် အရှင်မြတ်အား ကျန်းမာ ချမ်းသာခြင်း ဖြစ်ပါလေသလောဟုလျှောက်ကြားလျှင် မထေရ်လည်း

ဆိတ်ဆိတ်သာ နေတော်မူ၏။ ကျောင်းသို့ ပြန်လည်ကြွရောက်တော်မူ၍ ညချမ်းသောအခါ ခစားရှိခိုး၍ နေထိုင်လာသော ရဟန်းငယ်ကို မထေရ် အရှင်မြတ်က ငါ့ရှင် ငါ့သင်သည် ယမန်နေ့အခါက ဤသို့သောအမှုကို ပြုအပ် သည် မဟုတ်တုံလော့၊ ဤသို့ပြုခြင်းသည် ရဟန်းတို့အား မသင့်လျော် ကိုယ်နှုတ် ဖြင့် တောင်းယူခြင်း ဝိညတ်ကိုပြု၍ စားသောက်ခြင်းငှာ မအပ်ဟု ပြောဆို ဆုံးမတော်မူ၏။

ထိုရဟန်းငယ်သည်လည်း မထေရ်အား အမျက်ထွက်၍ ရှေ့ဖြစ်သောနေ့၌ ရေမျှကို အမှီပြုပြီး ငါ့အား မုသာဝါဒပြောဆိုသည်ကို ပြုဘိ၏။ ယနေ့ လည်း မိမိ၏ အလုပ်အကျွေး အမျိုး၌ တစ်ဆုပ်မျှလောက်သော ဆွမ်း တည်းဟူသော အကြောင်းကြောင့် ငါ့ကို ဝိညတ်ကိုပြု၍ တောင်းစားခြင်းငှာ မအပ်ဟု ပြောဆို၏။ ရအပ်သော အဝတ်သင်္ကန်းကို မိမိ၏ အလုပ်အကျွေး ဖြစ်သော ထိုရဟန်းငယ်အားသာလျှင် ပေး၏။ ငါ့အား မပေး၊ ဪ-မထေရ် သည် ဝန်လေးသော အမှုကို ပြုလေစွတကား၊ မထေရ်အား ပြုအပ်သည်နှင့် ယှဉ်သော အမှုကို သိစေအံ့ဟု ရန်ငြိုးကိုဖွဲ့၏။ တစ်ဖန်မိုးသောက် ရောက်သော နေ့၌ မထေရ်သည် ရွာတွင်းသို့ ကြွဝင်တော်မူသည်ရှိသော် မိမိသည် ကျောင်း၌ ကျန်ရစ်ခဲ့၍ တုတ်တံကို လက်စွဲကိုင်ယူပြီးလျှင် အသုံးအဆောင် ဖြစ်သော အိုးခွက်တို့ကို ရိုက်ခွဲပြီး မထေရ်၏ သစ်ရွက်ဖြင့် မိုးသောကျောင်းကို မီးတိုက်၍ အကြင်ဝတ္ထုသည် မီးမစွဲလောင် ထိုမီးမစွဲလောင်သော ဝတ္ထုကို ဆောက်ပုတ်ဖြင့် ပုတ်ခတ်ရိုက်ခွဲ မှုန့်မှုန့်ညက်ညက် ကြေသည်ကိုပြု၍ ထွက်ပြေးပြီးမှ များမကြာမီ သာလျှင် သေလွန်ခြင်းကိုပြု၍ အဝီစိငရဲကြီး၌ ဖြစ်ရလေ၏။

လူအပေါင်းသည် အရှင်မဟာကဿပ မထေရ်၏ တပည့်ရဟန်းငယ်သည် အဆုံးအမ ဩဝါဒကိုမျှလည်း မခံမယူဘဲ အမျက်ထွက်၍ မထေရ်၏ သစ်ရွက် မိုးသောကျောင်းကို မီးဖြင့်တိုက်၍ ထွက်ပြေးလေသည်ဟူသော စကားကို ဖြစ်စေကြကုန်၏။ နောက်အဖို့၌ တစ်ပါးသော ရဟန်းသည် ရာဇဂြိုဟ်ပြည်မှ ထွက်၍ မြတ်စွာဘုရားရှင်ကို ကြည့်ရှုဖူးမြော်အံ့သောငှာ ဇေတဝန်ကျောင်း တော်သို့ သွားရောက်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့် အတူတကွ ပဋိသန္ဓာရကို ပြုပြီးလျှင် ချစ်သားရဟန်း အသင်သည် အဘယ်အရပ်က လာခဲ့သနည်းဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား ရာဇဂြိုဟ်ပြည်မှ လ ခဲ့ရပါသည်ဟု လျှောက်ကြား၏။ ချစ်သားရဟန်း ငါ၏သားတော် ဖြစ်သော မဟာကဿပသည် ခန့်ကျန်း ချမ်းသာစွာ ရှိပါ၏ လောဟု မေးတော်မူပြန်လျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ခန့်ကျန်းပါ၏၊ ချမ်းသာပါ၏၊ ထိုမထေရ်၏ အတူနေ တပည့်ရဟန်းငယ် တစ်ပါးသည် မထေရ်ဆုံးမ ပြောဆိုကာမျှ၌ အမျက်ထွက်ပြီး သစ်ရွက်

မိုးသောကျောင်းကို မီးဖြင့်တိုက်၍ ထွက်ပြေးပါသည်ဟု လျှောက်ကြား၏။ မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်း ထိုရဟန်းသည် ယခုအခါ၌သာ ဆုံးမဩဝါဒကိုကြား၍ အမျက်ထွက်သည် မဟုတ်သေး၊ ရှေး၌လည်း အမျက်ထွက်ဖူးသည်သာလျှင်တည်း။ ယခုအခါ၌သာလျှင် နေရာဖြစ်သော ကုဋိကို ဖျက်ဆီးသည် မဟုတ်သေး၊ ရှေး၌လည်း ဖျက်ဆီးဖူးလေသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

ဖြစ်မှားသော ရဟန်းငယ်၏ ရှေးအကြောင်း

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းအဖြစ်ကို ပြုတော်မူသည်ရှိသော် သိင်္ဂိလငှက်မျိုးဖြစ်သော ငှက်တစ်ကောင်သည် လုံခြုံကောင်းမွန်သော အသိုက်ကိုပြု၍ နေ၏။ ထိုအခါ တစ်နေ့သောနေ့၌ မိုးကြီး သည်းထန်စွာ ရွာခဲ့သည်ရှိသော် မျောက်တစ်ကောင်သည် ကျရောက်စိုစွတ်သော မိုးရေ တိုက်ခတ်သောကြောင့် တည်နေမရအောင် ချမ်းအေးလှရကား ခိုက်ခိုက်တုန်လျက် ထိုငှက်၏ အသိုက်မြုံ အနီးအပါးသို့ လာခဲ့၏၊ သိင်္ဂိလငှက်သည် ခိုက်ခိုက်တုန်လျက် သိုက်မြုံ၏ အနီးအပါးသို့ လာရောက်သော ထိုမျောက်ကိုမြင်၍ ဤဂါထာကို ရွတ်ဆို၍မေး၏—

မနုဿဿေဝ တေ သီသံ၊ ဟတ္ထပါဒါ စ ဝါနရ။
အထ ကေန နု ဝဏ္ဏေန၊ အဂါရံ တေ န ဝိဇ္ဇတိ။

အိုမျောက် အသင်၏ ဦးခေါင်း လက်ခြေတို့သည်ကား လူတို့၏ ဦးခေါင်း လက်ခြေတို့ကဲ့သို့ ဖြစ်ပေကုန်၏၊ ထိုသို့ လူတို့ကဲ့သို့ လက်ခြေ ဦးခေါင်းရှိပါလျက် အဘယ်သို့သော အကြောင်းကြောင့် အသင်အား လေမိုးလုံခြုံ သိုက်မြုံနေရာ တစ်ခုသာမျှ မရှိပါလေသနည်းဟု မေး၏။

မျောက်သည်လည်း ငါ့အား လက်ခြေတို့သည်ကား ရှိပေ၏။ အကြင်ပညာဖြင့် စိစစ်ဆင်ခြင်၍ လေမိုးလုံခြုံ သိုက်မြုံနေရာကို ပြုရာ၏။ ထိုပညာသည် ငါ့အား မရှိဟုကြံ၍ ထိုအကြောင်းကို သိစေလိုသည်ဖြစ်၍ ပြောဆိုလိုရကား ဤဂါထာကို ဆို၏—

မနုဿဿေဝ မေ သီသံ၊ ဟတ္ထပါဒါ စ သိင်္ဂိလ။
ယာဟု သေဋ္ဌာ မနုဿေသု၊ သာ မေ ပညာ န ဝိဇ္ဇတိ၊

သိင်္ဂိလအမည်ရှိသောငှက် ငါ၏ ဦးခေါင်း လက် ခြေတို့သည်ကား လူတို့၏ ဦးခေါင်း လက်ခြေတို့ကဲ့သို့ ဖြစ်ပါကုန်၏။ ထိုသို့ပင် ဦးခေါင်း လက်ခြေတို့ ဖြစ်ပါကုန်သော်လည်း လူတို့၌ စူးစမ်းဆင်ခြင် ထင်မြင်ရမိ သိတတ်သော ပညာကို ချီးမွမ်းအပ်သဖြင့် မြတ်သည်ဟု သမုတ်အပ်၏၊ စူးစမ်းဆင်ခြင်ထင်

ချီးမွမ်းအပ်သဖြင့် မြတ်သည်ဟူ၍ သမုတ်အပ်သော ထိုပညာသည် ငါ့အား မရှိခဲ့။ ထို့ကြောင့် ငါ့အား လေမိုးလုံခြုံ သိုက်မြုံနေရာ တစ်ခုသောမျှ မရှိလေသတည်းဟု ပြော၏။

ထိုအခါ ထိုမျောက်ကို ဤသို့သဘောရှိသော အသင်အား ဆရာဝါဆကိစ္စဖွဲ့နှောင် အိမ်ရာထောင်ခြင်းကို အဘယ်ကြောင့် အလိုရှိဘိသနည်းဟု ပြောဆို၍ ကဲ့ရဲ့ရှုံ့ချလိုရကား ဤဂါထာတို့ကို ရွတ်ဆို၏—

အနဝဋ္ဌိတစိတ္တဿ၊ လဟုစိတ္တဿ ဒုဗ္ဘိနော။
နိစ္စံ အဒ္ဓုဝ သီလဿ၊ သုခဘာဝေါ န ဝိဇ္ဇတိ။
သော ကရဿု အာနုဘာဝံ၊ ဝီတိဝတ္တဿု သီလိယံ။
သီတဝါတပရိတ္တာဏံ၊ ကရဿု ကုဋ္ဋကံ ကပိ—

ဖွံ့ပုံစု၍ စိုက်ထားအပ်သော သစ်ငုတ်ကဲ့သို့ တုန်လှုပ်ခြင်းလည်း မတည်ကြည်သော စိတ်ရှိထသော၊ လုံ့လမကူ ပျင်းထူလျှော့လျော့ ပေါ့သောစိတ်ရှိထသော၊ ကိုယ်နှင့်ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်းကို ဖျက်ဆီးပြစ်မှားလေ့ရှိထသော၊ ခဏမလွဲ အမြဲမပြတ် မမြဲမမြံ ဖောက်ပြန်ပျက်စီးသော သီလအကျင့်ရှိသောသူအား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခကို တစ်ရံတစ်ခါမျှ မရနိုင်ပေရာ။

အိုမျောက် အသင်သည် ကြည့်ရှုစိစဉ် ဆင်ခြင်တတ်သောပညာ ဖြစ်စေခြင်းငှာ အာနုဘော်ဟုဆိုအပ်သော ဗလဉပါယကို ပြုပါလေလော့။ သီလအလျဉ်းကင်းရှင်းပယ်ဖြတ် ဒုဿီလ၏အဖြစ်ဟုဆိုအပ်သော မျောက်တို့၏အလေ့အကျင့်မှ ထွက်မြောက်ပါစေလော့၊ ချမ်းအေးသောလေကို စောင့်ရှောက်ကွယ်ကာနိုင်သော လေမိုးမလာ ကောင်းစွာလုံခြုံသော သိုက်မြုံနေရာကို ပြုပါလေလော့ဟု ပြောဆိုဆုံးမ၏။

မျောက်သည် ငှက်သိုက်ကို ဆွဲငင်ဖျက်ဆီးခြင်း

မျောက်သည်လည်း သိင်္ဂီလငှက်က ပြောဆိုဆုံးမသောစကားကို ကြားလျှင် ဤငှက်သည် ငါ့ကိုမမြဲမြံ မတည်တံ့သော စိတ်ရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ အဆွေခင်ပွန်းအား ပြစ်မှားတတ်သည်၏ အဖြစ်ကိုလည်းကောင်း၊ မမြဲမမြံ ဖောက်ပြန်ပျက်စီးသော အကျင့်ရှိသည်၏ အဖြစ်ကိုလည်းကောင်းပြု၍ ပြောဆိုဘိ၏။ ဤယခုအခါ၌ ထိုငှက်အား ဖျက်ဆီးပြစ်မှားအပ်သည်၏ အဖြစ်ကို ပြပေအံ့ဟုကြံ၍ အသိုက်ကိုဆွဲငင်ဖျက်ဆီး၍ ဖရိုဖရဲကြဲ၏။ သိင်္ဂီလငှက်သည် ထိမျောက်၏ အသိုက်ကို ဆွဲငင်ဖျက်ဆီးသော ကာလ၌သာလျှင် တစ်ခုသော [illegible]းဖြင့် ထွက်ပြေး ပျံသွားလေ၏။

မဟူဒဝတ္ထု (၃)　၁၃—ပ-ဓ-ဘ-၈

ဇာတ်တော်ကိုပေါင်းခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်တော်ကို ပေါင်းတော်မူ၏။ ချစ်သားရဟန်းတို့ ထိုအခါက အသိုက်ရိပ်မြုံကို အကုန်ဖျက်ဆီးသော မျောက်သည် ယခုအခါ ကျောင်းနေရာကုဋ္ဌိကို ဖျက်ဆီးသော ရဟန်းငယ်ဖြစ်လာ၏။ ထိုအခါက သိင်္ဂိလငှက်သည် ယခုအခါ ငါ၏ သားတော် ကဿပမထေရ် ဖြစ်လာ၏ဟု ဇာတ်တော်ကိုပေါင်းတော်မူ၏။ ဇာတ်တော်ကို ပေါင်းတော်မူပြီး၍ ချစ်သားရဟန်းတို့ ထိုရဟန်းသည် ဤယခု အခါ၌သာ အဆုံးအမ ဩဝါဒကို အမျက်ထွက်၍ နေရာကုဋ္ဌိကို ဖျက်ဆီးသည်မဟုတ်၊ ရှေးကလည်း ဖျက်ဆီးဖူးသည်သာတည်း၊ ချစ်သားရဟန်းတို့ ငါ၏ သားတော်ဖြစ်သော ကဿပအား ဤသို့ သဘောရှိသော သူမိုက်နှင့် ပေါင်းသင်းဆက်ဆံ၍ နေရသောထက် တစ်ယောက်တည်း နေရခြင်းသည် မြတ်သေး၏ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၆၁။ စရဉ္စေ နာဓိဂစ္ဆေယျ၊ သေယျံ သဒိသမတ္တနော။
ဧကစရိယံ ဒဠှံ ကယိရာ၊ နတ္ထိ ဗာလေ သဟာယတာ။

တရားကျင့်သူသည် မိမိထက် သီလ၊ သမာဓိ စသည်ဖြင့် မြင့်မြတ်သူကိုလည်းကောင်း၊ မိမိနှင့် သီလ သမာဓိ စသည်တူညီမျှသူကိုလည်းကောင်း မရငြားအံ့။ တစ်ယောက်တည်း ကျင့်ခြင်းကို မြဲစွာပြုရာ၏။ လူမိုက်၌ အဆွေခင်ပွန်း အဖြစ်သည် မရှိ။

ထိုဂါထာ၌ **စရံ** ဟူသည်= ဣရိယာပုတ်ဖြင့် သွားခြင်းကို မယူဘဲ စိတ်ဖြင့် ကျက်စားခြင်းကို သိအပ်၏။ မိတ်ဆွေကောင်းကို စိတ်ဖြင့် ရှာလေ့-ရှိသည်ဟု အနက်ပေးပါဟူလို၊

သေယျံ သဒိသမတ္တနော ဟူသည်= မိမိ၏ သီလ, သမာဓိ, ပညာ ဂုဏ်တို့ ထက်လွန်သော သူကိုလည်းကောင်း၊ တူသူကိုလည်းကောင်း မရသည်ဖြစ်ငြားအံ့ ဟူလို။

ဧကစရိယံ ဟူသည်=ထိုစကားမှန်၏။ ထိုမိမိ၏ သီလ, သမာဓိ, ပညာဂုဏ်တို့ ထက်လွန်သူ, တူသူနှစ်ယောက်တို့တွင် မြတ်သော ဂုဏ်ကျေးဇူးရှိသူကို ရသူသည် သီလ စသည်တို့ တိုးပွား၏။ တူသော ဂုဏ်ကျေးဇူးရှိသူကို ရသူသည် မဆုတ်ယုတ်။ မိမိအောက် ယုတ်ညံ့သူနှင့်ကား အတူပေါင်း အတူနေ အတူစားသူတို့သည် သီလစသည်တို့မှ ယုတ်လျော့၏။ ထို့ကြောင့် "ဝေရှုပေါ။လ။အညတြ

အနုကမ္ပာ” ဟူ၍ ဆိုအပ်ပြီ။ ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို မမှီဝဲအပ်၊ မချဉ်းကပ်အပ်၊ မဆည်းကပ်အပ်၊ သနားခြင်းကို ဖယ်ထား၍ မမှီဝဲအပ်။ အဖန်ဖန် သနားခြင်းကိုထား၍ မဆည်းကပ်အပ်။ ထို့ကြောင့် သနားခြင်းကို စွဲ၍ ဤသူက ငါ့ကို မှီ၍ သီလ စသည်တို့ ဖြစ်ပွားသည်ဖြစ်သတ္တံ့၊ ထိုပုဂ္ဂိုလ်မှ တစ်စုံတစ်ခုကို မတောင့်တဘဲ ထိုပုဂ္ဂိုလ်ကို ချီးမြှင့်ခြင်းငှာ အကယ်၍ တတ်နိုင်သည် ဖြစ်အံ့၊ ဤသို့ တတ်နိုင်ခြင်းသည် ကောင်း၏။ အကယ်၍ မတတ်နိုင်သည် ဖြစ်အံ့၊ တစ်ယောက်တည်း ကျင့်ခြင်းကို မြဲမြဲပြုရာ၏။ ဣရိယာပုတ်အားလုံး တစ်ယောက်တည်းသာ နေရာ၏ဟူလို။

အဘယ်အကြောင်းကြောင့် ဆိုသော် နတ္ထိ ဗာလေ သဟာယတာ ဟူသည်= စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလ၊ ကထာဝတ္ထုဆယ်ပါး၊ ဓုတင်ဂုဏ်(၁၃)ပါး၊ ဝိပဿနာဂုဏ်များ၊မဂ်လေးပါး၊ဖိုလ်လေးပါး၊ ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါးတို့သည် သဟာယတာမည်၏။ မလိမ္မာသော ပုဂ္ဂိုလ်ကို မှီ၍ မရှိ။ ဤသို့သော အကြောင်းကြောင့် တစ်ယောက်တည်းသာလျှင် နေရာ၏။

ဒေသနာတော်၏ အကျိုးအာနိသင်

ဒေသနာတော်၏အဆုံး၌ ရာဇဂြိုဟ်ပြည်မှ လာသော ခရီးသွား ရဟန်းသည် သောတာပတ္တိဖိုလ်သို့ ရောက်၏။ အခြားလူများစွာတို့သည်လည်း သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ တရားဒေသနာသည် လူအပေါင်းအား အကျိုးရှိ၏။

ဒုတိယမြောက် မဟာကဿပတ္ထေရဿ သဒ္ဓိဝိဟာရိကဝတ္ထု ပြီး၏။

၃။ အာနန္ဒသေဋ္ဌိဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

ပုတ္တာ မတ္ထိ– အစရှိသော ဓမ္မဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် အာနန္ဒာ သေဋ္ဌေးကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ အာနန္ဒာ အမည်ရှိသော သေဋ္ဌေးကြီးတစ်ဦးသည် ရှိ၏။ ကုဋေ ရှစ်ဆယ် ပြည့်ကြွယ်ရိပ်ငြိမ် စည်းစိမ်ချမ်းသာ ရှိ၏။ မပေးမကမ်း မလှူဒါန်းလို အလွန်ဝန်တို လျှို့ဝှက်သောသဘော ရှိပေ၏။ ထိုအာနန္ဒာ သေဋ္ဌေးသည် လခွဲတိုင်း လခွဲတိုင်း ဆွေမျိုးဉာတိ အပေါင်းတို့ကို စည်းဝေး

စေ၍ သုံးမ၏၊ မိမိ၏သားဖြစ်သော မူလသီရိကိုမူကား တစ်နေ့ကိုသုံးခါသုံးဖို့ အစုတို့၌ ဤသို့သော အဆုံးအမ ကြွါကိုပေး၏။ ချစ်သားကုဋေ လေးဆယ် မျှလောက်သော ပစ္စည်းဥစ္စာ အသပြာကို များစွာရှိ၏ ဟူသော် အမှတ်သညာကို မပြုပါလေလင့်။ မိမိ၌ထင်ရှားလက်မဲ့ ရရှိလေပြီးသော ဥစ္စာကို မပေးမကမ်းအပ်။ အသစ်ဖြစ်သော ဥစ္စာကို တိုးပွားစေအောင်၊ ဖြစ်စေအပ်၏။ တစ်ခုတစ်ခုသော အသပြာမျှကိုသော်လည်း သုံးစွဲ ကုန်ခမ်းစေသော သူအား မကြာမတင် လျှင်မြန်စွာ ကုန်ခမ်းခြင်းသို့ ရောက်ရောက်၏ဟု ပြောဆိုသုံးမ၏။ ထို့ကြောင့် ဤ နေရာ၌ အဋ္ဌကထာဆရာတို့ ဤဂါထာကို ဆောင်တော်မူခဲ့၏–

အဉ္ဇနာနံ ခယံ ဒိသွာ၊ ဥပစိကာနဉ္စ အာစယံ။
မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ။

မျက်စဉ်းတို့၏ တစ်နေ့တစ်ပေါက် ထည့်လျှောင်ခတ်ရုံ ကုန်းခြင်းသို့ရောက် သည်ကို မြင်သည်ဖြစ်၍လည်းကောင်း၊ သေးငယ်စွာသော ပိုးရွခြတို့၏ တစ်ကောင် ချီသယ်အနည်းငယ်ဖြင့် သွယ်သွယ်ဆည်းပူး အသုံးကြီးမျှ မြေတောင်ပို့ကို မြင်ကုန်သည်ဖြစ်၍ လည်းကောင်း၊ ပျားကြီးပျားငယ်တို့၏လည်း ပန်းဝတ် ရသည်ကို ကောင်းစွာယူဆောင် များပြောင်စွာမြို့ပျားလဘိုကို မြင်ကုန်သည် ဖြစ်၍ လည်းကောင်း ပညာရှိသည် အိမ်၌ အားထုတ် ပြုလုပ်၍နေရာ၏။

အာနန္ဒာ သေဋ္ဌေးကြီး သေ၍ ဒွန်းစဏ္ဍာလဘဝ၌ ဖြစ်ရခြင်း

ထိုအာနန္ဒာသေဋ္ဌေးကြီးသည် တစ်ပါးသော အခါ၌ မိမိ၏မြေ၌ မြှုပ်နှံ၍ ထားအပ်သော ရွှေအိုးကြီးငါးလုံးတို့ကို မိမိ၏သားဖြစ်သော မူလသီရိအား မပြော မကြားမူ၍ တဏှာမာနကို မှီလျက် ကြီးစွာသော ဝန်တိုခြင်း အညစ်အကြေး ဖြင့် တွန့်တိုသည်ဖြစ်၍သာလျှင် သေလွန်ခြင်းကိုပြု၍ ထိုသာဝတ္ထိမြို့၏သာလျှင် တစ်ခုသော တံခါးအနီးဖြစ်သော ရွာ၌ဒွန်းစဏ္ဍား တစ်ထောင်မျှတို့သည် နေကုန်၏။ ထိုရွာဝယ် ဆင်းရဲညှိုးနွမ်းကြုံပိန်သော ကိုယ်ရှိသော တစ်ယောက် သော ဒွန်းစဏ္ဍားမ၏ ဝမ်း၌ ပဋိသန္ဓေ တည်နေလေ၏။ သာဝတ္ထိပြည်ကြီး ရှင်ဘုရင်ပသေနဒီ မင်းမြတ်သည် ထိုအာနန္ဒာသေဋ္ဌေး၏ သေလွန်ကြောင်းကို ကြားသိတော်မူ၍ သားဖြစ်သော မူလသီရိကိုခေါ်တော်မူပြီးသော် သေဋ္ဌေး၏ ရာထူးကို ပေးသနားတော်မူ၏။ ထိုဘစ်ခထောင်မျှလောက်ကုန်သော ဒွန်းစဏ္ဍား အမျိုးသည် တစ်ပေါင်းတစ်စုတည်းသာလျှင် အခစားအမှုကိုပြုလျက်အသက် မွေးခြင်းကိုဖြစ်စေ၏။ အာနန္ဒာ သေဋ္ဌေးသည် သေလွန်၍ ထိုအမျိုး၌ပဋိသန္ဓေ ယူနေသော အခါမှစ၍ အဖိုးအခ မျှလောက်ရုံသော ထမင်းဟင်းတို့ကိုပင်ဆော် လည်း မရသည်ဖြစ်၍ ထိုဒွန်းစဏ္ဍားပါ့သည် ဤယခုအခါ ငါတို့သည် အမှုကို ပြုလုပ်ပါကုန်သော်လည်း ထမင်းဟင်းမျှ ကိုသော်လည်း မရကုန်။ ငါတို့၏

အတွင်း၌ ညစ်ညမ်းယုတ်မာသော သတ္တဝါ ရှိသည်ဖြစ်ပေရာ၏ဟုနှစ်ဖို့နှစ်စုကို ခွဲဝေကုန်၏။ ထိုသို့ခွဲဝေသည်ရှိသော် အာနန္ဒာသေဋ္ဌေး၏ အလောင်းပါသော အစု၌ ရှေးနည်းအတူသာလျှင် ဖြစ်ပြန်သောကြောင့် တဖန် ခွဲဝေပြန်၏ ဤသို့သောနည်းဖြင့် အသီးသီး အစုစု ခွဲဝေခြင်းကိုပြု၍ လာခဲ့ရာ အာနန္ဒာသေဋ္ဌေးလောင်း၏ အမိအဖတို့သည်သာ ကြွင်းကျန်အောင် ခွဲဝေကုန်၏။

ထိုအခါ အာနန္ဒာသေဋ္ဌေး၏မိခင်ဖြစ်သော ဒွန်းစဏ္ဍားမကို ဤသူသည်ကား ငါတို့၏အမျိုး၌ သူယုတ်မာပေတည်းဟု နှင်ထုတ်ကြကုန်၏။ ထိုဒွန်းစဏ္ဍားမသည်လည်း အာနန္ဒာသေဋ္ဌေးအလောင်း၏ဝမ်း၌ ပဋိသန္ဓေတည်နေသောအခါ ကာလပတ်လုံး မျှလောက်ရုံမျှသော အစာအဟာရကို ရှာဖွေ၍ မရမူ၍ငြိုငြင် ပင်ပန်းသဖြင့်သာ သားကိုဖွားမြင်ရရှာပေ၏။ ထိုသား၏လက်ခြေမျက်စိ နား နှာခေါင်းခံတွင်းတို့သည် ပကတိသော လူတို့၏ အသွင်ကဲ့သို့ပြေပြစ် သန့်ရှင်း ချောမွေ့ခြင်း မရှိမူ၍ ကိမ်းစောင်းကျိုးပဲ့ မတည့်မပြေ အသားအရေ နက်ကြုတ်လျက် ဘုတ် ပြိတ္တာ ဘီးလူးတို့ကဲ့သို့ အလွန်လျှင် အဆင်း ဖောက်ပြန်ခြင်းရှိ၏။ ယင်းသို့ပင် အဆင်းသဏ္ဍာန် ကြင်အင်လက္ခဏာ ချို့တဲ့ ပါသော်လည်း မိခင်သည် စွန့်ပစ်ခြင်းငှာ မစွမ်းနိုင်။ ထိုစကားမှန်၏။ မိမိ၏ ဝမ်း၌ပဋိသန္ဓေတည်နေ ဖွားမြင်ရသော သားသမီး၌ မိခင်တို့သည် အလွန် လျှင်အားကြီးသော ချစ်ခင်ခြင်းရှိ၏။ ထိုဒွန်းစဏ္ဍားမသည်မိမိ၏ သားငယ်ကို ငြိုငြင်ပင်ပန်းသဖြင့်သာမွေးဖွား၍ သားငယ်ကိုပွေ့ပိုက်ယူငင်ပြီး လှည့်ပတ် ရှာဖွေ တောင်းရမ်းသောနေ့၌ တစ်စုံတစ်ခုမျှ မရသောကြောင့် သားငယ်ကို တစ်ခုသောနေရာ၌ ထားပြီးလျှင် သွားရောက်ရှာဖွေသော အခါ၌ မျှကောလောက်ရုံသော အစာအဟာရကိုရ၍ အသက်ရှည်ရပေ၏။

ဒွန်းစဏ္ဍားမသည် သားအတွက် ဆင်းရဲလှ၍ ခွဲခွါစွန့်ပစ်လိုက်ခြင်း

ဤသို့သော နည်းဖြင့် ရှာဖွေပေးကမ်း ကျွေးမွေး၍ သားငယ်သည် မိမိ ဘာသာ သွားလာလှည့်ပတ် ရှာဖွေစားသောက်နိုင် လာသော အရွယ်သို့ ကျရောက်သည်ရှိသော် တစ်ခုသောခွက်ငယ်ကို လက်၌ တင်ထားစွဲကိုင်စေပြီး မိခင်ဖြစ်သော ဒွန်းစဏ္ဍားမက ဤသို့ပြောကြားမှာထားပေ၏—

တာတ မယံ တံ နိဿာယ မဟာဒုက္ခံ ပတ္တာ၊
ဣဒါနိ န သက္ကောမ တံ ပေါသေတုံ။
ဣမသ္မိံ နဂရေ ကပဏဒ္ဓိကာဒီနံ ပဋိယတ္တဘတ္တာနိ အတ္ထိ၊
တတ္ထ ဘိက္ခာယ စရိတွာ ဇီဝါဟိ—

အို…ငါ၏ချစ်သား အသင်ကို အမှီပြုပြီး ငါတို့သည် ထမင်းဟင်းကိုမျှ ပြည့်ဝအောင်မစားရမူ၍ ကြီးမားလှသော ဆင်းရဲဒုက္ခသို့ ရောက်ခဲ့ကြလေပြီ။

ယခု ဤမျှလောက်အရွယ်သို့ ရောက်သောအခါ၌ ငါမိခင်တို့သည် အသင်ချစ်သားကို ရှာဖွေရေးယူမွေးမြူခြင်းငှာ မစွမ်းနိုင်ကုန်ပြီ။ ဤသာဝတ္ထိမြို့ကြီး၌ ကိုးကွယ်ရာမဲ့သော သူ စသည်တို့အား ကျွေးမွေးရန် ထမင်း ဟင်းစသော ဘာဇဥ်တို့ကို တည်ထားအပ်ကုန်၏။ ထိုအရပ်၌ လှည့်ပတ်ဖွေရှာ တောင်းခံလျက် အသက်မွေးမြူပါလေတော့ဟု စေလွှတ်လိုက်၏။

ထိုသူငယ်သည်အိမ်စဥ်အတိုင်း တောင်းခံလှည့်လည်၍ သွားခဲ့သည်ရှိသော် အာနန္ဒာသေဌေးဖြစ်စဥ် ရှေးဘဝကနေခဲ့ဖူးသော အိမ်နေရာသို့ကျရောက်လျှင် ယခင်ရှေးကဖြစ်ခဲ့ဖူးသော မိမိ၏ ဘဝကို ပြန်၍ သိစွမ်းနိုင်သော ဇာတိဿရဉာဏ်သည်ဖြစ်၍မိမိ၏အိမ်သို့ ဝင်သွား၏။ထိုအိမ်၏ ပထမမုခ်တံခါး၊ ဒုတိယမုခ်တံခါး၊ တတိယမုခ်တံခါးအားဖြင့် မုခ်တံခါးသုံးခုတို့၌စောင့်ရှောက် နေထိုင်ကုန်သောသူတို့တွင် တစ်စုံတစ်ယောက်သောသူမျှ မမှတ်မိ၊ စတုတ္ထတံခါးမုခ်သို့ ကျရောက်သောအခါ မူလသိရိသေဌေး၏သားငယ်တို့ကမြင်လျှင် ပူပန်လိုက်လဲ ကြောက်ကွဲတုန်လှုပ်သောနှလုံးဖြင့် ယူကျုံးမရ သောကလှိုက်ဖို ရှိုက်ငို မြည်တမ်းလေ၏။ ထိုအခါသေဌေး၏ အလုပ်အကြွေးအစောင့်အရှောက် ဖြစ်ကုန်သောပရိသတ်တို့က ထိုသူငယ်ကို ဘုန်းကံအသရေ မဲ့လှစွာသော အိုသူယုတ် ဆုတ်ခွါဖယ်ရှောင်ပါလေလော့ဟု မောင်းမဲပုတ်ခတ်ထုတ်ဆောင်၍ တံမြက်ချေး စွန့်ရာအရပ်၌ ပစ်ထားကုန်၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်လည်း အာနန္ဒာမထေရ်လျှင် နောက်လိုက်ရဟန်းရှိသဖြင့် ဆွမ်းခံခြင်းငှာ လှည့်လည် ကြွဝင်တော်မူသည်ရှိသော် ထိုအရပ်သို့ ရောက်တော်မူ၍ အာနန္ဒာမထေရ်ကို ကြည့်ရှုတော်မူပြီး၊မေးထရ်အရှင်မြတ်ကအကြောင်းအသို့ပါနည်းဟု မေးလျှောက် လျှင် အလုံးစုံသော ထိုအကြောင်းကို မိန့်ကြားတော်မူ၍ အာနန္ဒာမထေရ်ကို မူလသိရိသေဌေးကို ခေါ်စေတော်မူ၏။

မူလသိရိသေဌေးသရဏဂုံတည်ခြင်း

ထိုအခါ များစွာကုန်သော လူအပေါင်းတို့သည်လည်း စည်းဝေးကုန်၏။ မြတ်စွာဘုရားရှင်သည် မူလသိရိသေဌေးကို ခေါ်တော်မူ၍ အသင်သည် ဤသူငယ်ကို သိပါ၏လော့ဟု မေးတော်မူလျှင် မသိပါဘုရားဟု လျှောက်ကြားသဖြင့် အသင်၏ဖခင်ဖြစ်သော အာနန္ဒာသေဌေးပေတည်းဟု မိန့်ဆိုမြွက်ဟ ပြန်ကြားတော်မူပါသော်လည်း မယုံကြည်သည်ကို အသင်၏ ဖခင်ဖြစ်သော အာနန္ဒာသေဌေးသည် မိမိ၏ မြှုပ်နှံထားခဲ့သော ရွှေအိုးကြီး ငါးလုံးတို့ကို အသင်အား ပြောကြားခဲ့ပါ၏လောဟုမေးတော်မူသဖြင့် မပြောကြားခဲ့ပါဟု လျှောက်ကြားလေ၏။ ယင်းသို့ဖြစ်လျှင်ဤသူငယ်အားကောင်းမွန်စွာမေးမြန်း ဘိလော့ဟု မိန့်တော်မူပြီး မိန့်တော်မူတိုင်း မေးမြန်းတူးဖော် ရှာဖွေသည်

ရှိသော်ရွှေအိုးကြီးငါးလုံးတို့ကို ရရှိသောအခါမှ ယုံကြည်မြတ်နိုးခြင်းရှိလှသဖြင့် ထို မူလသီရိသေဋ္ဌေးသည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သို့ ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သည်ဖြစ်၍ သရဏဂုံ ခံယူ ဆောက်တည်လေ၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ထိုမူလသီရိသေဋ္ဌေးအား တရားစကားကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို ဟောတော်မူ၏–

၆၂။ ပုတ္တာမတ္ထိ ဓနမတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ။
အတ္တာဟိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တာ ကုတော ဓနံ။

ငါ့အား သားသမီးတို့သည် ရှိကုန်၏၊ ပစ္စည်းဥစ္စာသည်ရှိ၏။ ဤသို့ လူမိုက်သည်ပင်ပန်း၏၊ ဤသို့ ပင်ပန်းသော်လည်း မိမိအား ကိုယ်ခန္ဓာသည်သည်း မရှိချေ။ သားသမီးတို့သည်လည်း အဘယ်မှာ ရှိပါအံ့နည်း။ ပစ္စည်းဥစ္စာသည် အဘယ်မှာ ရှိပါအံ့နည်း။

ထိုဂါထာ၏ အနက်ကား ငါ့မှာ သားသမီးတို့လည်းရှိကုန်၏။ ဥစ္စာလည်း ရှိ၏ဟု လူမိုက်သည် သားသမီး၌ တပ်ငြိခြင်းဖြင့်လည်းကောင်း၊ ဥစ္စာ၌တပ်ငြိခြင်းဖြင့် လည်းကောင်း ဆင်းရဲပင်ပန်း၏။ ငါ၏သားတို့သည် ပျောက်ပျက်သေကျေခဲ့ရပြီဟု ဆင်းရဲပင်ပန်းရတတ်၏။ ပျောက်ပျက်ကုန်လတ္တံ့ဟု ပင်ပန်းဆင်းရဲရတတ်၏။ ဥစ္စာ၌လည်း ဤနည်းအတိုင်းဖြစ်၏။ ဤသို့ အခြင်းအရာ ခြောက်မျိုးတို့ဖြင့် ဆင်းရဲပင်ပန်း၏။ သားသမီးတို့ကို မွေးကျွေးအံ့ဟူ၍ ညဉ့်နေ့တို့၌ လှည်းကြောင်း၊ ရေကြောင်းခရီးစသည် အထူးထူးအပြားပြားအားဖြင့် လုံ့လပြုသောသူသည်လည်း ပင်ပန်းဆင်းရဲစွာ၊ ဥစ္စာကို ဖြစ်စေအံ့ဟူလို၍ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း စသည်တို့ကို ပြုသူသည်လည်း ပင်ပန်းဆင်းရဲသည်သာတည်း။

ဤသို့ ဆင်းရဲပင်ပန်းသူအား မိမိကိုယ်သည်ပင်လျှင် မိမိ၏ကိုးကွယ်ရာ မရှိနိုင်။ ထိုပင်ပန်း ဆင်းရဲခြင်းဖြင့် ဆင်းရဲသော မိမိကိုယ်ကို ချမ်းသာစွာ ပြုခြင်းငှာ မတတ်နိုင်သောတိုသူအား ပစ္စုပ္ပန်ဘဝ၌လည်း မိမိကိုယ်သည်ပင်လျှင် မိမိ၏ကိုးကွယ်ရာ မဖြစ်နိုင်။ သေရာညောင်စောင်း၌ အိပ်စဉ် သေခြင်းအဆုံးရှိကုန်သော ဝေဒနာတို့ဖြင့် မီးလျှံကဲ့သို့ ကိုယ်၌ ပူလောင်သူအား စေ့စပ်ဖွဲ့အပ်သော အဆွေခင်ပွန်းတို့သည် ပျက်ခဲ့ကုန်သည်ရှိသော် တမလွန်ဘဝကို မျက်စိမှိတ်၍ ဤပစ္စုပ္ပန်ဘဝကို မျက်စိဖွင့်၍ ကြည့်သူအားလည်း နေ့တိုင်းနေ့တိုင်း နှစ်ကြိမ် ရေချိုး၍ သုံးကြိမ်ထမင်းစားပြီး နံ့သာပန်းစသည်တို့ဖြင့် ဟန်ဆာဆင်လျက် အသက်ထက်ဆုံး မွေးကျွေးသော်လည်း အဆွေခင်ပွန်း၏ အဖြစ်ဖြင့် ဆင်းရဲမှ စောင့်ရှောက် တားမြစ်ခြင်းကို ပြုခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် မိမိကိုယ်ကိုသာလျှင် မိမိ၏ကိုးကွယ်ရာမဖြစ်နိုင်

သားသမီးတို့သည် အဘယ်မှာ ကိုးကွယ်ရာ ဖြစ်အံ့နည်း။ ဥစ္စာသည် အဘယ်မှာ ကိုးကွယ်ရာရှိအံ့နည်း၊ သားသမီးတို့သည် လည်းကောင်း၊ ဥစ္စာသည်လည်းကောင်း ထိုဆင်းရဲဝေဒနာ ရှိသောအခါ၌ အဘယ်သို့ မျှင် တားမြစ်ခြင်းကို ပြုကုန်လတ္တံ့နည်း၊ အာနန္ဒာသေဋ္ဌေးသည်လည်း တစ်စုံတစ်ယောက်အားတစ်စုံ တစ်ခုကိုပေးဘဲ သား၏အကျိုးငှာ ရွှေအိုးကို တည်စေ၍ မသေမီရှေးအဖို့၌ လည်းကောင်း၊ သေရာညောင်စောင်း၌ အိပ်စဉ် ယခုအခါ၌လည်းကောင်း ဤဆင်းရဲသူအား သားတို့သည် အဘယ်မှာ ကိုးကွယ်ရာဖြစ်အံ့နည်း၊ ဥစ္စာသည် အဘယ်မှာ မှီခိုရာဖြစ်အံ့နည်း။ သားသမီးတို့သည်လည်းကောင်း၊ ဥစ္စာသည် လည်းကောင်း ထိုအခါ၌ အဘယ်သို့ ဆင်းရဲခြင်းကို ဆောင်ကုန်အံ့နည်း။ အဘယ်အကြောင်းဖြင့်လည်း ချမ်းသာခြင်းကို ဖြစ်စေကုန်အံ့နည်းဟု အနက်ပေးပါဟူလို။

ဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့အား သစ္စာလေးပါးကို သိ၏၊ ဒေသနာသည် လူအပေါင်းအား အကျိုးရှိ၏။

သုံးခုမြောက် အာနန္ဒသေဋ္ဌိဝတ္ထုပြီး၏။

၄-ဂဏ္ဍိဘေဒကစောရဝတ္ထု

အထုပ်ကိုဖြည်တတ်သော သူခိုးနှစ်ယောက်အကြောင်း ပစ္စုပ္ပန်ဝတ္ထု

ယော ဗာလော မညတိ-အစရှိသော ဤဓမ္မ ဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သူတစ်ပါးတို့၏ မစ္စည်းဘဏ္ဍာ ဥစ္စာထုပ်ကို ပယ်ဖျက် ထိုးဖောက်၍ ခိုးယူတတ်ကုန်သော သူခိုးတို့ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေ၏။

သူငယ်ချင်း နှစ်ယောက်တို့သည် တရားတော်ကို နာအံ့သောငှာ သွားကြကုန်သော လူများအပေါင်းနှင့် အတူတကွ ဇေတဝန်ကျောင်းတော်သို့ ရောနှော ထွေးယှက်လိုက်သွား၍ ခိုးသူတစ်ယောက်သည်ကား တရားတော်ကို နာလျက် နေ၏။ ခိုးသူတစ်ယောက်သည်ကား မိမိကဲ့ငှာ ခိုးယူရန် အဖို့ကိုသာကြည့်ရှု၍ နေ၏၊ ထိုခိုးသူနှစ်ယောက်တို့တွင် ခိုးသူတစ်ယောက်သည် တရားတော်ကို နာလျက်ပင် သောတာပတ္တိဖိုလ်သို့ရောက် လေ၏၊ ခိုးသူတစ်ယောက်သည် ပုဆိုးစွန်၌ ဖွဲ့ချည်၍ ထားအပ်သော ငါးပဲမျှလောက်သော အသပြာကို ခိုးယူ၍ရလေ၏။

ထိုသူ၏အိမ်သို့ ပြန်လည်ရောက်လာသောအခါ ထိုငါးပဲမျှသော အသပြာသည် အိမ်၌ ထမင်းဟင်း ချက်ပြုတ်ခြင်းသည် ဖြစ်ပေ၏။မိမိ၏ အဖော်ဖြစ်သော တရားနာ၍နေသော ခိုးသူ၏အိမ်၌ မချက်မပြုတ်ရ။ ထိုအခါ အဖော်ဖြစ်သော ခိုးသူသည် မိမိ၏မယားနှင့်အတူတကွ ပြက်ရယ်ပြောဆိုလျက် အသင်သည် အလွန်ပညာရှိသူ၏အဖြစ်ကြောင့် မိမိ၏ အိမ်၌ ထမင်းဟင်းချက်ရန် အဖို့မျှ ကိုသော်လည်း မပြီးစေနိုင်ဟု ပြောဆို၏။မြတ်စွာဘုရား တရားဟောကို ကြား နာ၍ နေသော ခိုးသူသည်လည်း ဤသူသည် အလွန်တရာ မိုက်မဲတွေဝေသည် ဖြစ်ပါလျက်နှင့် မိမိ၏ကိုယ်ကို ပညာရှိဟု အောက်မေ့မှတ်ထင်၍ နေတိ၏ဟု ကြံ၍ ထိုအကြောင်းကို မြတ်စွာဘုရားကိုယ်တော်မြတ်အား ကြားလျှောက်အံ့ သောငှာ ဆွေမျိုးညာတိတို့နှင့် အတူတကွ ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားရှင်အား ကြားလျှောက်ပေ၏။

မြတ်စွာဘုရားရှင်သည် ထိုသူအား တရားတော်ကို ဟောကြားတော်မူလို သောကြောင့် ဤဂါထာကို ဟောကြားတော်မူ၏-

၆၃။ ယော ဗာလော မညတိ ဗာလျံ၊ ပဏ္ဍိတော ဝါပိ တေန သော။
ဗာလော စ ပဏ္ဍိတမာနီ၊ သ ဝေ ဗာလောတိ ဝုစ္စတိ-

လူမိုက်သည် မိမိလူမိုက်မှန်းသိသောကြောင့် ပညာရှိသော်လည်း ဖြစ်ရာ၏၊ လူမိုက်ဖြစ်လျက် ပညာရှိဟု ထင်မှတ်သောသူကို လူမိုက်ဟူ၍ ဆိုအပ်၏။

ထိုဂါထာ၌ ယော ဗာလော ဟူသည်=လူမိုက်သည် ငါလူမိုက်ဟု မိမိ၏ လူမိုက်အဖြစ်ကို သိ၏ဟူလို။

တေန သော ဟူသည်=မိမိကိုယ်ကို လူမိုက်မှန်းသိသူသည် ပညာရှိဖြင့်၏၊ ပညာရှိနှင့်တူ၏၊ထိုစကား မှန်၏၊ ထိုပုဂ္ဂိုလ်သည် ငါလူမိုက်ဟု သိ၍ အခြား ပညာရှိ ... ဆည်းကပ်သော် ပညာရှိဖြစ်အောင်ဆုံးမသွန်သင်သော် ထိုဆုံးမ စကားကို နာယူ၍ပညာရှိဖြစ်၏၊ ပညာရှိသူတို့ထက် အထူးသဖြင့် ပညာရှိ၏။

သဝေ ဗာလော-ဟူသည်=လူမိုက်ဖြစ်လျက် ငါနှင့်တူသော ဗဟုသုတရှိသူ၊ တရားဟော ပုဂ္ဂိုလ်၊ဝိနည်းဓိုရ်၊ဓုတင်ဆောင်ပုဂ္ဂိုလ်တို့သည် အဘယ်မှာရှိအံ့နည်း ဟု ပညာရှိလူလိမ္မာဟု မှတ်ထင်သူသည် အခြားမိမိမှ ဘစ်ပါးသော ပညာရှိသူကို မဆည်းကပ်ဘဲ ပရိယတ်ကိုမသင်၊ ပဋိပတ်ကိုမကျင့်။ ငင်စစ် လူမိုက်အဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်သည် ပုဆိုးစွန်၌ အထုပ်ကိုဖြေ၍ အသပြာ ငါးပဲခိုးသော ဂဏ္ဍိဘေဒကနိုးသူကဲ့သို့တည်း။ထို့ကြောင့် သဝေ ဗာလော ဟူ၍ဆိုအပ်ပြီ ဟူလို၊

ဒေသနာတော်၏ အဆုံး၌ ဂဏ္ဍိဘေဒကခိုးသူ၏ ဆွေမျိုးတို့နှင့်တကွ လူအပေါင်းသည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်၏။

လေးခုမြောက် ဂဏ္ဌိဘေဒကစောရဝတ္ထု ပြီး၏။

၅-ဥဒါယိတ္ထေရဝတ္ထု

အရှင်ဥဒါယိ မထေရ်အကြောင်း

ပစ္စုပ္ပန်ဝတ္ထု

ယာဝ ဇီဝမ္ပိ စေ ဗာလော-အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် ဥဒါယိမထေရ် အမည်ရှိသော ရဟန်းတော်အား အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုအရှင်ဥဒါယိမထေရ်သည် မဟာထေရ်တို့သည် ဖဲကြွတော်မူကုန်သည်ရှိသော် တရားဟောသဘင်နေရာသို့ သွားရောက်၍တရားဟောသောဓမ္မကထိကပုဂ္ဂိုလ် ထိုင်နေသီတင်းသုံးသော နေရာ၌ ထိုင်နေလေ့ရှိ၏။ ထိုအခါ တစ်နေ့သ၌ ထိုအရှင် ဥဒါယိမထေရ်ကို အဝေးရပ်ရွာမှ လာရောက်စဖြစ်ကုန်သော အာဂန္တုက ဧည့်သည် ရဟန်းတို့သည် တွေ့မြင်သောအခါ ဤပုဂ္ဂိုလ်သည်ကား အကြားအမြင် ပညာလောက်လုံ ပြည့်စုံပွားများသော မဟာထေရ်တစ်ပါးဖြစ်ပေလတ္တံ့ဟု အောက်မေ့ မှတ်ထင်လျက် ခန္ဓာ အာယာတနစသည်တို့နှင့် စပ်သော အမေးပုစ္ဆာ ပြဿနာကို မေးလျှောက်သော် တစ်စုံတစ်ခုမျှကိုသော်လည်း မသိမထင် မမြင်တွေ့ဝေ မဖြေဆိုနိုင်။ထိုဥဒါယိကို ဤသူသည်ကား မြတ်စွာဘုရား ကိုယ်တော်မြတ်တို့နှင့်အတူတကွ တစ်ခုတည်းသော ကျောင်း၌ ကိန်းအောင်းနေမျှသည် ဖြစ်ပါလျက် ခန္ဓာ အာယတန ဓာတ်မျှကိုသော်လည်း မသိမထင်လေဟု ကဲ့ရဲ့ရှုံ့ချပြီး၍ ထိုအကြောင်းကို ရှုံးပေါင်းညွှတ်တွားလျက် ဘုရားရှင်အား လျှောက်ကြားကုန်၏၊ မြတ်စွာဘုရားရှင်သည် ထိုအာဂန္တုက ရဟန်းတို့အား တရားတော်ကို ဟောကြားတော်မူလိုသည်ဖြစ်၍ ဤဂါထာကို ဟောကြားတော်မူ၏ -

၆၄။ ယာဝဇီဝမ္ပိစေ ဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ၊

န သော ဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗီ သူပရသံ ယထာ။

လူမိုက်သည် ပညာရှိသူကို အသက်ထက်ဆုံး မပြတ်ဆည်းကပ်သော်လည်း သုဂတိရောက်ကြောင်းတရားကို မသိ၊ ဥပမာ-ယောက်မသည် ဟင်း၏အရသာကို မသိသကဲ့သို့တည်း။

ထိုဂါထာ၏အနက်ကား-ဤပညာမရှိသူသည် ပညာရှိသူကို တစ်သက်လုံး ဆည်းကပ်လျက် ဤကား ဘုရားစကားတည်း၊ ဘုရားစကားတော်သည် ဤမျှ ဂုဏ်ကျေးဇူးရှိ၏။ ဤသို့ ပရိယတ္တိဓမ္မကိုလည်း မသိ။ ဤကား အကျင့်ဖြစ်နေခြင်းတည်း။ ဤကား အကျင့်ဖြင့်ဆုံးမအပ်သော ဠမ္ဘြေတည်း။ ဤကား အပြစ်ရှိသော အမှုတည်း။ ဤကား အပြစ်မရှိသောအမှုတည်း။ ဤကား မှီဝဲအပ်သောတရားတည်း။ ဤကား မမှီဝဲအပ်သောတရားတည်း။ ဤကား ထိုးထွင်း၍ သိအပ်သောတရားတည်း။ ဤကား မျက်မှောက်ပြုအပ်သော တရားတည်း။ ဤသို့ ပဋိပတ္တိဓမ္မ၊ ပဋိဝေဓဓမ္မကိုလည်းမသိ။ အဘယ်သို့ မသိသနည်း- ဤသို့ ဆိုငြားအံ့၊ ယောက်မသည် ဟင်းအရသာကို မသိသကဲ့သို့တည်း။ ထိုစကား မှန်၏၊ ယောက်မသည် ကုန်သည့်တိုင်အောင် အထူးထူးအပြားပြားအားဖြင့် ဟင်းအထူး၌ တစ်ပြောင်းပြန်ပြန် အောက်မှအထက် မွေနှောက်သော်လည်း ဤဟင်းသည် ဆားရှိ၏။ ဤဟင်းသည် ဆားမရှိ၊ ဤဟင်းသည် ခါး၏၊ ဤဟင်းသည် ငန်၏။ ဤဟင်းသည် မချဉ်၊ ဤဟင်းသည် ဖန်၏၊ ဤသို့ဟင်း၏ အရသာကို မသိသကဲ့သို့ ဤအတူလျှင် လူမိုက်သည် ပညာရှိသူကို တစ်သက်လုံးလည်း ဆည်းကပ်သည်ရှိသော် သိအပ်ပြီးသောတရားကို မသိဟူလို။

ဒေသနာတော်၏အဆုံး၌ အာဂန္တုကရဟန်းတို့သည် အာသဝေါတို့မှ စိတ်တို့သည် လွတ်ကုန်၏။

ငါးခုမြောက် ဥဒါယိတ္ထေရ ဝတ္ထုပြီး၏။

၆။ တိံသမတ္တပါဝေယျကဘိက္ခုဝတ္ထု

သုံးကျိပ်သော ပါဝေယျကတိုင်းသား ရဟန်းတို့အကြောင်း

ပစ္စုပ္ပန်ဝတ္ထု

မုဟုတ္တမပိ-အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်း၌ ကိန်းအောင်း စံပယ်တော်မူစဉ် ပါဝေယျကတိုင်းသား ရဟန်းသုံးကျိပ်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဘုရားအဖြစ်သို့ ရောက်တော်မမူမီ သာဝတ္ထိပြည့်ရှင် ဘုရင်ပသေနဒီကောသလမင်းကြီးနှင့် တစ်ဖတည်းသား နောင်တော်ညီတော် ဖြစ်ကုန်သော ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့သည် လူတို့နေရာ ရပ်ရွာဒေသ မြို့ နိဂုံး စသည်ဘို၌ နေထိုင်ကြကုန်သည် ရှိသော် ကာမဂုဏ်ချမ်းသာ ခံစားရာ၌ ရှက်ချဖွယ်ရာအကြောင်း မကောင်းပြစ်ဘင် ရှုမြင်မလျော် မတော်နှစ်မြို့ အလိုရှိတိုင်း မခံစားရပေရာ၊ လူသူလေးပါး ထင်ရှားတည့်တည့် မသိမထင် မမြင်မတွေ့သော တောအုပ် မြိုင်နက်သို့ ထွက်သွားပြီး နေရပါမူကား လူသူမမြင် ပျော်ရွှင်လိုသမျှ နေမျှတရလိမ့်မည်ဟု ကြံစည် တိုင်ပင်ပြီး မိမိတို့၏ မယား ခင်ပွန်းကို အသီးသီး ဆောင်ကြဉ်းကြကုန်၏။ မင်းသားတစ်ပါးမူကား မယားခင်ပွန်း မရှိသောကြောင့် ပြည့်တန်ဆာ မိန်းမတစ်ယောက်ကို ဆောင်ကြဉ်း၍သွား၏။

မြတ်စွာဘုရားထံ၌ မင်းသားတို့ ဧဟိဘိက္ခု ရဟန်းဖြစ်ကြခြင်း

ထိုမင်းသားသုံးကျိပ်တို့သည် တောအုပ်သို့ ဝင်ပြီး မွေ့လျော်ပျော်ပါး၍ နေကြရာ မျှားမကြာမီ၌ပင် ပြည့်တန်ဆာ မိန်းမသည် မင်းသား၏ပစ္စည်းဘဏ္ဍာ အဝတ်တန်ဆာတို့ကို ခိုးယူ ထွက်ပြေးသောကြောင့် ညီနောင် ဖြစ်ကုန်သော မင်းသားတို့သည် လိုက်လံရှာဖွေလျက် ကပ္ပါသိက တောအုပ်သို့ ကျရောက်သော် မြတ်စွာဘုရား ကိုယ်တော်မြတ်သည်လည်း မိဂဒါဝုန်မှ ကြွတော်မူခိုက်အခါ ကောင်းစွာဖွေ့မြင်ကြရကုန်သဖြင့် ထွက်ပြေးတိမ်းရှောင်သော ပြည့်တန်ဆာ မိန်းမ၏ အကြောင်းကို ချဉ်းကပ်မေးလျှောက် ကုန်သည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် အစဉ်အတိုင်းသော တရားစကားဖြင့် ဟောကြားဆုံးမတော်မူသော် အချို့ကုန်သော မင်းသားတို့သည်သောတာပန် အချို့ကုန်သော မင်းသားတို့သည် သကဒါဂါမ်, အချို့ကုန်သော မင်းသားတို့သည် အနာဂါမ် ဖြစ်ကုန်၏။ ထိုမင်းသားတို့သည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့အား အစဉ်သနားတော်မူပါသဖြင့်ရဟန်းပြုတော်မူပါဟု တောင်းပန်လျှောက်ကြားသောကာလ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်လည်း ထိုသူတို့၏ ရှေးအကြောင်းကို ကြည့်ရှုတော်မူ၍ "ဧဟိ ဘိက္ခု" ခေါ်တော်မူသည် ရှိသော် အလုံးစုံသော မင်းသားတို့သည် ဆံမှုတ်ဆိတ် ကွယ်ပျောက်လျက် သပိတ် ပရိက္ခရာ အစုံပါသဖြင့် အဝါခြောက်ဆယ် ရင့်ကြွယ်ပြည့်ပြီး မထေရ်ကြီးကဲ့သို့ တရည်တည်း ထမြောက်အောင်မြင် ဖန်ရည်တင်သော သင်္ကန်းကို ဆင်မြန်းလျက် ရဟန်းဖြစ်ကြကုန်၏။ ထိုသို့ ရဟန်းဖြစ်ပြီးသည် နောက်၌ သုံးကျိပ်ကုန်သော ရဟန်းတို့သည် တစ်ဆယ့်သုံးပါးသော ဓုတင်ကျင့်ဝတ်တို့ကို မချွတ်မယွင်းစေမူ၍။ ကျင့်သုံးဆောက်တည်ကုန်၍ ကာလမြင့်ရှည် တည်နေလာရောက်ခဲ့ရာ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်

ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တိုင်းတစ်ပါးဒေသ ရပ်ရွာနမှ ကြွလာတော်မူကြပြီးသောအခါ မြတ်စွာဘုရား ကိုယ်တော်မြတ်သို့ ချဉ်းကပ်ညွတ်လျှိုးရှိခိုးဖူးမြော်သော ဘုရားကိုယ်တော်မြတ်က "အနမတဂ္ဂသုတ်" ဒေသနာတော်ကို ထုတ်ဖော် ဟောကြားတော်မူသဖြင့် ကြားနာရ၍ ထိုနေရာဌာနခွဲပင် အရဟတ္တဖိုလ်သို့ရောက်၍ ခီဏာသဝအစစ် ရဟန္တာဖြစ်ကြကုန်၏။

မင်းသားတို့၏ ရှေးအကြောင်း

အတိတ်ဝတ္ထု

ရဟန်း သံဃာတော် အပေါင်းတို့သည် ဤဘဒ္ဒဝဂ္ဂီ ရဟန်းသုံးကျိပ်တို့သည်ကား အံ့ဩဖွယ်ရှိလေစွ၊ လျင်မြန်စွာလျှင် တရားကို ထိုးထွင်း၍ သိကုန်ဘိသည်ဟု တရားသဘင်၌ စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည် ကြွတော်မူလာ၍ ထိုသို့ စည်းဝေးပြောဆိုကြသော စကားကို ကြားတော်မူသော် ချစ်သားရဟန်းတို့ ဤသုံးကျိပ်ကုန်သော ဘဒ္ဒဝဂ္ဂီရဟန်းတို့သည် ဤယခုအခါ၌သာ တရားကို လျင်မြန်စွာထိုးထွင်း၍သိသည် မဟုတ်သေး။ ရှေးလွန်လေပြီးသော ဘဝက သုံးကျိပ်မျှလောက်ကုန်သော သေသောက်ကြူးတို့သည်ဖြစ်၍ တုဏ္ဍိလဇာတ်၌ မဟာတုဏ္ဍိလ အမည်ရှိသော ဝက်မင်း၏တရားကို ကြားနာရ၍ လျင်မြန်စွာသာလျှင် တရားကိုသိကြသဖြင့် ငါးပါးကုန်သော သီလတို့ကို ဆောက်တည်ကုန်၏။ ထိုသို့သော ဥပနိဿယ ပြည့်ဝစုံလင်သောအကြောင်းကြောင့် ယခုအခါ ခဏမျှနေထိုင်သော ဓနရာ၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏ဟုမိန့်တော်မူပြီး၍ တရားဒေသနာကို ဟောကြားတော်မူလိုသော မြတ်စွာဘုရားရှင်သည် ဤဂါထာကို ဟောတော်မူ၏။

၆၅။ မုဟုတ္တမပိ စေ ဝိညူ၊ ပဏ္ဍိတံ ပယိရုပါသတိ။
ခိပ္ပံ ဓမ္မံ ဝိဇာနာတိ၊ ဇိဝှါ သူပရသံ ယထာ။

ပညာရှိသူသည် မိမိထက်ပညာရှိသောသူကို တစ်ခဏသော်လည်းမပြတ်မလပ် ဆည်းကပ်အံ့၊ လျှာသည် ဟင်း၏အရသာကို လျင်လျင်မြန်မြန် သေချာတည့်တည့် သိသကဲ့သို့ ပညာရှိသည် နတ်ရွာနိဗ္ဗာန်စသော တရားကို လျင်မြန်စွာ ရရှိပေသည်။

ထိုဂါထာ၏အနက်ကား–မိမိသည် သိကြားလိမ္မာသော ပညာရှိယောကျာ်း ဖြစ်၍ ပညာရှိတစ်ပါးသို့ တစ်ခဏမျှလည်း အကယ်၍ ဆည်းကပ်ငြားအံ့။ ထိုသူသည် ထိုပညာရှိတစ်ယောက်၏အထံ၌ သင်ယူသည်ရှိသော် မေးသည်ရှိသော် လျင်စွာသာလျှင်ပရိယတ္တိဓမ္မကိုသိ၏။ ထို့နောင်မှ ကမ္မဋ္ဌာန်းကိုပြောဟောစေ၍

ပဋိပတ်၌ စေ့ဆော်အားထုတ်သော် လုံ့လပြုသည်ရှိသော် ဇိဝှါပသာဒမပျက်သော ယောက်ျားသည် အရသာသိရန် လျှာဖျား၌တင်ထား၍ ဆားသင့်ခြင်း စသည်အပြားရှိသော အရသာကို သိသကဲ့သို့ ပညာရှိသည် လျင်မြန်စွာ သာလျှင် လောကုတ္တရာ တရားကိုလည်း သိ၏ဟူလို။

ဒေသနာတော်၏အဆုံး၌ ရဟန်းများစွာတို့သည် ရဟန္တာဖြစ်ကုန်၏။

ခြောက်ခုမြောက် တိံသမတ္တပါဝေယျကဘိက္ခုဝတ္ထုပြီး၏။

၇- သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု

သုပ္ပဗုဒ္ဓလူနာ၏အကြောင်း

ပစ္စုပ္ပန်ဝတ္ထု

စရန္တိ ဗာလာ ဒုမ္မေဓာ — အစရှိသော ဤဓမ္မဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းစံပယ်တော်မူသောအခါ သုပ္ပဗုဒ္ဓ လူနာကို အကြောင်းပြု၍ ဟောကြားတော်မူ၏။ သုပ္ပဗုဒ္ဓ၏ဝတ္ထုသည် ဥဒါန်း၌ လာသည့်အတိုင်းဖြစ်၏။

ထိုအခါ၌ သုပ္ပဗုဒ္ဓ လူနာတစ်ယောက်သည် ရှိ၏ဆိုလူသည် တစ်နေ့သော အခါ အစာအဟာရ မှတ်သိပ်လို၍ ထိုမှဤမှ လှည့်ပတ် စွန့်ကြဲတတ်သော အလေ့ရှိသော သူတို့၏အထံ တောင်းခံသွားရောက်၏။ အစာအာဟာရ မျှတ လောက်ရုံ မရသေးသည် ဖြစ်သောကြောင့် တစ်ဖန် လှည့်လည်ပြန်မှ ဘုရား ကိုယ်တော်မြတ်သည်ပရိတ်သတ်လေးပါးတို့အား တရားဟောတော်မူသောအနီး သို့ရောက်သော် များစွာသော လူပရိတ်သတ်တို့ကို သုပ္ပဗုဒ္ဓလူနာ မြင်လေလျှင် သို့စင်လူများ ထင်ရှားစည်းဝေးသော နေရာသို့ ငါသွားရပါဘိမူကား တစ်စုံ တစ်ခုသော စားဖွယ်သောက်ဖွယ်ကို ငါအားရပေအံ့လည်း မသိ၊ ထိုပရိသတ် သို့ချဉ်းကပ်ဦးအံ့ဟု ကြံပြီးမှ ချဉ်းကပ်ကြည့်ရှုသည်ရှိသော် မြတ်စွာဘုရားကို မြင်လျှင် ဩော်-ငါသည်ကား လူအများတို့စားရန် သောက်ရန် စီမံသော အရပ်ဟု ထင်မှတ်မိသောကြောင့် ချဉ်းကပ် လာရောက်ခဲ့ပေသည်။ လူသူ လေးပါး စားဖွယ်သောက်မှု ပြုစုစီမံသော နေရာဒေသမဟုတ်၊ ရဟန်း ဂေါတမသည် တရားဟောပြသော နေရာပေတကား၊ သို့သော်လည်းငါသည် ရဟန်းဂေါတမ ဟောပြသောတရားကိုမှတ်သားမိအောင် နာဦးတော့အံ့ဟုကြံ၍ ပရိသတ်အစွန်အဖျား၌ ချဉ်းကပ်သွားရောက် ထိုင်နေပြီးလျှင် တရားတော်ကို နာ၍နေ၏။

သုပ္ပဗုဒ္ဓလူနာ သောတာပန်တည်ခြင်း

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်လည်း တရားစကား ဟောကြားတော်မူလျက်သော ကျွတ်ထိုက်သော သတ္တဝါကို ကရုဏာရွှေညဏ်ဖြင့် ဝေဖန်ကြည့်ရှုတော်မူသော် ပရိသတ် အစွန်အဖျားး၌ တန်နား ချဉ်းကပ် မြတ်သော တရားဒေသနာကို ကြားနာ၍နေသော သုပ္ပဗုဒ္ဓလူနာကို မြင်တော်မူ၍ ထိုသူကိုသာ ရည်ညွှန်းလျက် ဒါနကထာ သီလကထာ စသော တရားတော်ကို ဟောဖော် မိန့်မြွက်တော်မူသောအခါ ဒေသနာတော်၏အဆုံးသို့ ရောက်လျှင်ပင် သုပ္ပဗုဒ္ဓလူနာသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုသုပ္ပဗုဒ္ဓလူနာသည် ဘုရားကိုယ်တော်မြတ်ကို ချဉ်းကပ်ဝပ်လျှိုး ရှိခိုးပန်ထွာလျက် မိမိသည် ရအပ်ရောက်အပ်သောတရားကို လျှောက်ကြားလိုပါသော်လည်း လူပရိသတ် အရပ်ရပ်တို့ဖြင့် ကျဉ်းကြပ်များဖြင့် အလယ်ခွင်၌ သွားဝင်ခြင်းငှာ မစွမ်းနိုင်သောကြောင့် မြတ်စွာဘုရား ကျောင်းတော်သို့ ကြွတော်မူသောအခါ လိုက်ပို့ကုန်သော သူတို့သည် ပြန်လာသောအခါ၌ မိမိရအပ်သော တရားကို ဘုရားအား လျှောက်ကြားလိုသည် ဖြစ်သောကြောင့် ကျောင်းတော်သို့ သွားလေ၏။

ထိုခဏ၌သာလျှင် နတ်ဖို့ကို အစိုးရသော သိကြားမင်းသည် ဤသုပ္ပဗုဒ္ဓလူနာသည်ကား မြတ်စွာဘုရားသာသနာတော်၌ မိမိသည် ရအပ်သော ဂုဏ်ကို ထင်ရှားပြုလိုသောအားဖြင့် ဘုရားကို လျှောက်ထားရန် ယခုသွား၏ဟု သိမြင်၍ ထိုသုပ္ပဗုဒ္ဓလူနာအား စုံစမ်းဦးအံ့ဟု ကြံပြီးလျှင် သွားရောက်၍ ကောင်းကင်ကရပ်တည်လျက်သာလျှင် ဟယ်-အချင်း သုပ္ပဗုဒ္ဓ အသင်သည်ကား လူ့ဘောင်လောက၌ ဆင်းရဲလသော သတ္တဝါ ဖြစ်ပေလေသည်။ လှည့်ပတ်ဖွေရှာတောင်းခံမှ စားသောက်ရသော အထီးကျန်သော လူဖြစ်ပေသည်၊သို့ဖြစ်၍ အသင်အား ငါသည် ဆရေအတွက အပိုင်းအခြား မရှိသော ဥစ္စာတို့ကို ချမ်းသာအောင် ပေးကမ်းပေအံ့၊ အသင်သည် "ဘုရားကို ဘုရားမဟုတ်၊ တရားကို တရားမဟုတ်၊ သံဃာကို သံဃာ မဟုတ်၊ ဘုရားဖြင့် ငါ့အားအလိုမရှိ၊ အကျိုးမရှိ၊ တရားဖြင့် ငါ့အား အလိုမရှိ၊ အကျိုးမရှိ၊ သံဃာဖြင့် ငါ့အား အလိုမရှိ အကျိုးမရှိ" ဆိုဘိလေလော့ဟု ပြော၏။

သုပ္ပဗုဒ္ဓသည် ပစ္စည်းကြွယ်ဝသူဖြစ်ကြောင်း သိကြားမင်းအား ပြောကြားခြင်း

ထိုအခါ သိကြားမင်းကို သုပ္ပဗုဒ္ဓလူနာက အသင် ဘယ်သူနည်းဟု မေးလျှင် ငါ သိကြားမင်းဟု ပြန်ပြောသဖြင့် အသင်သိကြားမင်း အသင်သည် အလွန်ပင်

မိုက်မဲ တွေဝေလှသည့်တကား၊ အသင်သည် အလွန်ပင် အရှက်မရှိလေစွတကား၊ ဒါသင်သို့သော သိကြားမင်းနှင့် ငါသည် စကား အတူပြောဆိုခြင်းငှာ မသင့်လျော်၊ အသင်သိကြားမင်းကငါ့အား ဆင်းရဲသောသူ အထီးကျန်သောသူဟူ၍ ပြောဆိုဘိ၏။ ငါသည်ကား မဆင်းရဲ မပင်ပန်း၊ အထီးကျန်သောသူ မဟုတ်သည်သာလျှင်တည်း။ ငါသည် ချမ်းသာခြင်း အထွတ်အထိပ်သို့ ရောက်သော တစ္စည်းဥစ္စာကြွယ်ဝသော သူတည်းဟု ပြောဆိုပြီးမှ မိမိအား ကြွယ်ဝချမ်းသာသော ပစ္စည်းဥစ္စာကို ပြလိုသောကြောင့် ဤဂါထာတို့ကို ဆို၏-

သဒ္ဓါဓနံ သီလဓနံ၊ ဟိရိ ဩတ္တပ္ပိ ယံ ဓနံ။
သုတဓနဉ္စ စာဂေါ စ၊ ပညာ ဝေ သတ္တမံ ဓနံ။

ယဿ ဧတေ ဓနာ အတ္ထိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
'အဒလိဒ္ဒေါ' တိ တံ အာဟု၊ အမောဃံ တဿ ဇီဝိတံ-

ရတနာသုံးတန် ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်း သဒ္ဓါသည်လည်းကောင်း၊ စာရိတ္တသီလ, ဝါရိတ္တသီလသည်လည်းကောင်း၊ မကောင်းမှုပြုရာ၌ ရှက်ခြင်း၊ လန့်ခြင်း ဥစ္စာသည်လည်းကောင်း၊ အကြားအမြင်များခြင်း သုတသည်လည်းကောင်း၊ စွမ်းနိုင်သမျှ စွန့်ကြဲခြင်း ပရိစ္စာဂ ဥစ္စာသည်လည်းကောင်း၊ ခုနစ်ခုမြောက် အမှန်သိခြင်း ပညာဥစ္စာ သည်လည်းကောင်း၊ သဒ္ဓါစသော သူတော်ကောင်းဥစ္စာ ၇-ပါးတို့သည် ထင်ရှား ရှိကုန်သော တစ်စုံတစ်ယောက်သော မိန်းမ, ယောကျ်ားကို မဆင်းရဲသူဟူ၍ ပညာရှိတို့က ဆိုကြကုန်၏။ ထိုသူတော်ကောင်းဥစ္စာရှိသူ၏ အသက်ရှည်ခြင်းသည် အချည်းအနှီး မဟုတ်ပေ။

နတ်များအပေါင်းအား အစိုးရသော သိကြားမင်း ငါ့အား ထိုအရိယာသူတော်ကောင်းတို့၏ ဥစ္စာ ခုနစ်ပါးတို့သည် ထင်ရှားလက်မိ ရရှိပေကုန်၏။ အကြင်သူတို့အား ခုနစ်ပါးသောဥစ္စာတို့သည် ရှိကုန်၏။ ထိုသို့သဘောရှိသော သူတို့ကို ဘုရားပစ္စေကဗုဒ္ဓါ အစပြုသော အရိယာသူတော်ကောင်း အပေါင်းတို့သည် ဆင်းရဲနွမ်းပါးသော သူဟူ၍ မိန့်ဆိုတော်မမူကြကုန်ဟု ပြောဆိုသော် သိကြားမင်းသည် သူပုပ္ပဗုဒ္ဓလူနု၏ တရားစကားကို ကြားနာရ၍ ထိုနေရာ၌ာနလမ်းခရီးအကြား၌ နေရစ်ခဲ့ပြီးလျှင် ဘုရားရှင် ကိုယ်တော်မြတ်၏အထံသို့ လျင်မြန်စွာ သွားရောက်ချဉ်းကပ်ပြီး၊ အကြောင်းမျိုး အလုံးစုံကို အကုန်လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒကာတော် သိကြားမင်း ဒကာကော်ကဲ့သို့သောသိကြားမင်း အရာ၊ အတောင်၊အသောင်း၊

အသိန်းပင်ဖြစ်သော်လည်း သုပ္ပဗုဒ္ဓကို "ဘုရားကို ဘုရားမဟုတ်ဟူ၍ လည်းကောင်း၊ တရားကို တရားမဟုတ်ဟူ၍လည်းကောင်း၊ သံဃာကို သံဃာမဟုတ်ဟူ၍လည်းကောင်း" ဆိုစေခြင်းငှါ မစွမ်းနိုင်လတ္တံ့ဟု မိန့်တော်မူ၏။

သုပ္ပဗုဒ္ဓအား သတ်သော ဘီလူးမအကြောင်း

သုပ္ပဗုဒ္ဓလူနာသည်လည်း မြတ်စွာဘုရားရှင်၏ အထံသို့ သွားရောက်၍ မြတ်စွာဘုရားကိုယ်တော်မြတ်နှင့်တကွ ဝမ်းမြောက်ဖွယ်စကားတို့ကို ပြောကြားပြီးသော် မိမိသည် ရအပ်သော တရားထူးကို ချီးကျူးလျှောက်ထားပြီး နေရာမှ တရွေ့ရွေ့ဖဲသွား၏၊ ထိုအခါဖဲသွား၍ မကြာမြင့်မီဆာလျှင်ဖြစ်သော ထိုသုပ္ပဗုဒ္ဓလူနာကို ပျိုမျစ်နုနယ် ငယ်သော သားရှိသော နွားမသည် ဦးချိုဖြင့် ဝှေ့ပြီးလျှင် သတ်လေ၏။

ထိုနွားမသည်ကား ပကတိ[illegible]သောနွားမ မဟုတ်၊ ဘီလူးမတစ်ယောက်သည် ပုက္ကုသာတိမင်း, ဒါရုစိ ပရိဗိုဇ်, တမ္ဗဒါဌိကခိုးသတ်ယောက်ျား, သုပ္ပဗုဒ္ဓလူနာ ဤလေးဦးကုန်သော သူတို့ကို တစ်ရာ တစ်ရာစီသော ခန္ဓာကိုယ် အတ္တဘော၏ အဖြစ်၌သားငယ်ရှိသော နွားမ၏အယောင်ဆောင်ပြီး သတ်လေ၏။ ထိုဘီလူးမ သတ်ခြင်းသည်ကား ရှေးလွန်လေပြီးသော အခါက ပြအပ်ပြီးသော ပုက္ကုသာတိမင်း, ဒါရုစိပရိဗိုဇ်, တမ္ဗဒါဌိက ခိုးသတ်ယောက်ျား, သုပ္ပဗုဒ္ဓလူနာ ဤလေးဦးကုန်သော သူတို့သည် ကျော်ကြားစော်သော သူဌေးသား လေးယောက်တို့သည် ဖြစ်ကုန်၍ ပြည့်တန်ဆာ မိန်းမတစ်ယောက်ကို အသပြာတစ်ထောင် ပေးဆောင်၍ ဥယျာဉ်တွင်းသို့ ခေါ်ယူနဲ့၍ တစ်နေ့ပတ်လုံး ရွှင်ပြုံးသာယာ စည်းစိမ်ချမ်းသာကို ခံစားပြီးလျှင် ညချမ်းသောအခါသို့ ကျရောက်ခဲ့သည်ရှိသော် သူဌေးသားလေးယောက်တို့သည် အချင်းချင်းအား ပြောကြား တိုင်ပင်ကုန်သည်မှာ အဆွေတို့ ဤအရပ်ဒေသ၌ ငါတို့မှ တစ်ပါး အခြားသော သူသည် တစ်စုံတစ်ယောက်မျှမရှိ၊ ဤပြည့်တန်ဆာမိန်းမအား ငါတို့ ပေးအပ်သော အသပြာ တစ်ထောင်ကိုလည်းကောင်း၊ ဆင်ဝတ်သော အလုံးစုံသော တန်ဆာတို့ကိုလည်းကောင်း ယူငင်ပြီး ဤပြည့်တန်ဆာမိန်းမကိုသတ်၍သွားကြကုန်အံ့ဟု တိုင်ပင်ပြောဆိုကြကုန်၏။

ပြည့်တန်ဆာမိန်းမသည် ထိုသူဌေးသားတို့ တိုင်ပင်ပြောဆိုသောစကားကို ကြား၍ ဤသူဌေးသား ယောက်ျားတို့ကား ရှက်ကြောက်တွယ်တာ ညှာတာသနားခြင်းမရှိကုန်။ ငါနှင့် အတူတကွ တစ်နေ့ပတ်လုံး ပျော်ပါးမွေ့လျော်၍ ဤယခုအခါ ငါ့အား သတ်လိုကုန်၏။ အနိုင်အထက် နှိပ်စက်ကလူ ညှဉ်းဆဲမှုအပ်သော ထိုသူတို့အား ပြုအပ်သော အခြင်းအရာကို နောင်အခါ သိစေအံ့ဟု ကြံဆင်ခြင်ပြီးမှ ပြည့်တန်ဆာမသည် ဤသို့ ဆုတောင်း၏–

တေဟိ မာရိယမာနာ-အဟံ ယက္ခိနီ ဟုတွာ ယထာ မံ ဧတေ မာရေန္တိ၊ ဧဝမေဝ တေ မာရေတုံ သမတ္ထာ ဘဝေယျံ။

သနားငဲ့ညှာ တွယ်တာခြင်း ကင်းလှစွာသော ထိုသူတို့သည် ရက်စက်ကြမ်းကြုတ် သတ်ပုတ်အပ်သည်ရှိသော် ငါသည် အသားစားကြူး ဘီလူးမဖြစ်၍ ငါ့ကို ထိုသူတို့ သတ်လေဘိသကဲ့သို့ ထိုသူတို့ကိုတစ်ဖန်ပြန်၍ သတ်ခြင်းငှာ စွမ်းနိုင်သည် ဖြစ်ရပါလို၏ဟု ဆုတောင်း၏။ ဆုတောင်းပြီးသော အခါမှ သေဋ္ဌေးသားတို့သည် ပြည့်တန်ဆာမိန်းမကို သတ်၍ မိမိတို့အလိုရှိအပ်သည်ကို ယူပြီးသွားကြကုန်၏။ ထိုသို့သော မကောင်းမှု အကျိုးဆက်ဖြင့် ထိုသူတို့အား ဘီလူးမက သတ်လေဘိသတည်း။

သုပ္ပဗုဒ္ဓသည် တာဝတိံသာ၌ဖြစ်ခြင်း
အတီတ်ဝတ္ထု

များစွာကုန်သော ရဟန်းအပေါင်းတို့သည် ထိုသုပ္ပဗုဒ္ဓလူနူ၏ သေလွန်ခြင်းကို တွေ့မြင်သိရှိရသောအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သို့ ချဉ်းကပ်ကြကုန်၍ ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား သုပ္ပဗုဒ္ဓမည်သော ဒါယကာသည် အရှင်မြတ်၏ ထံတော်မှ ဖဲသွားလျှင်ပင် သားငယ်ရှိသော နွားမတွေ့၍ သေလွန်ရပါတော့သည်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုဒါယကာအား အဘယ်မျှလောက်သော တရားထူးကို ရပါသနည်း။ ယခုသေလွန်သောအခါ၌ အဘယ်သို့သော ဂတိသို့ လားကပ်ရပါသနည်းဟု မေးလျှောက်ကုန်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်းတို့သုပ္ပဗုဒ္ဓဒါယကာသည် သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းတည်းဟူသော တရားအထူးကို ရ၍ ယခု သေလွန်ရာယ် တာဝတိံသာနတ်ပြည်၌ လားကပ်၍ ဖြစ်ရလေသတည်းဟု မိန့်တော်မူ၏။

ရဟန်းတို့က တစ်ဖန် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤမျှသော ဥပနိဿယ ပြည့်ဝစုံလင်ခြင်း ရှိပါလျက် အဘယ်ကြောင့် ရောဂါမပြတ် နူနာကပ်၍ မတင့်အပ် မဖွယ်ရာ ဆင်းရဲစွာ ဖြစ်ရပါလေသနည်းဟု လျှောက်ပြန်လျှင် ချစ်သား ရဟန်းတို့ ဤသုပ္ပဗုဒ္ဓဒါယကာသည် ရှေးအခါက ဤရာဇဂြိုဟ်ပြည်ကြီး၌ပင် ပစ္စည်းဥစ္စာ များစွာ ကြွယ်ဝ ချမ်းသာလှသော သေဋ္ဌေးသား ဖြစ်ပေသတတ်။ ထိုအခါ တစ်နေ့သောနေ့၌ ဥယျာဉ်၌ ကစားခြင်းငှာများစွာကုန်ထသော အခြွေအရံတို့နှင့်တကွ ထွက်သွားခဲ့သည်ရှိသော် လမ်းခရီးအကြား၌ အိမ်စဉ်အတိုင်း ဆွမ်းခံကြွဝင်တော်မူလာသော တဂရသိခိပစ္စေကဗုဒ္ဓါအရှင်မြတ်ကို တွေ့မြင်၍ ငါတို့သည် ဤသို့ ယုတ်မာညစ်ညမ်းသော ချုပ်ရိုးအဝတ်တို့ဖြင့်

မသပ်မပါယ် မတင့်တယ်သော အဝတ်ကို ဝတ်ရုံသုံးဆောင်လျက် အထီးကျန် ဆင်းရဲစွာ ဤကဲ့သို့သော သူယုတ်မာကို တွေ့မြင်ရခြင်းသည် မသင့်လျော် မလျောက်ပတ်လေစွတကား။ ဤသူယုတ်၏ကိုယ်သည် ကုဋ္ဌနူနာရောဂါ စွဲကပ် လေယောင်တကားဟု မြည်တမ်းဆဲရေး တံတွေးဖြင့် ထွေးခြင်း စသော အကုသိုလ် မကောင်းမှုကို စီမံပြုလုပ်၍ ထိုကံ၏ အကျိုးဆက်ဖြင့် ငရဲသို့ ကျရောက်ပြီးလျှင် ရှည်စွာသော နှေးညဥ့်ပတ်လုံး ကျက်၍ ခံစားရပြီး၍ ကံအကျိုးကြွင်း၏ အစွမ်းအားဖြင့် ဤယခုဘဝ၌ ကုဋ္ဌနူနာရောဂါစွဲကပ်ယည်ကို ခံစားရလေသည်ဟု မိန့်ကြားတော်မူပြီးသော် ချစ်သားရဟန်းတို့ ဤသတ္တဝါ တို့သည် မိမိအား ခါးစပ်သော အကျိုးကို ကျင်လည် ခံစားရစေတတ်သော မကောင်းမှု အကုသိုလ်ကံကို စီမံပြုလုပ်လျက် ကျင်လည် ကုန်ဘိသည်ဟု အနုသန္ဓေကို စပ်တော်မူပြီး၍ ထိုထက်အလွန်ဖြစ်သော ဓမ္မဒေသနာကို ဟော ကြားတော်မူလိုသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဤဂါထာကို မိန့်တော်မူ၏

၆၆။ စရန္တိ ဗာလာဒုမ္မေဓာ၊ အမိတ္တေနေဝအတ္တနာ။
ကရောန္တာပါပကံကမ္မံ၊ ယံဟောတိကဋုကပ္ဖလံ။

ခါးစပ်သောအကျိုးရှိသော ကံကို အားထုတ်ကုန်သော ပညာမဲ့ လူမိုက်တို့ သည် ရန်သူဖြစ်၍ဖြစ်သော ကိုယ်ရှိကုန်သည်ဖြစ်၍ ဤဘဝ ထိုဘဝလှည့်လည် ကြရကုန်၏။

ထိုဂါထာ၌ စရန္တိ ဟူသည်=ဣရိယာပုတ် လေးပါးတို့၏ အကုသိုလ်ကံကိုသာ လျှင် ပြုကုန်လျက် သွားလာကုန်၏ဟူလို။

ဗာလဟူသည်=ဤပစ္စုပ္ပန်လောကအကျိုး၊ တမလွန်လောကအကျိုးမသိသူ တို့သည် ဤဂါထာ၌ ဗာလမည်ကုန်၏ ဟူလို။

ဒုမ္မေဓာ ဟူသည်=ပညာမရှိကုန်သော ဟူလို။

အမိတ္တေနေဝ အတ္တနာဟူသည်=မိမိသည် ရန်သူဖြစ်၍ ဖြစ်သကဲ့သို့ ရန်သူ ဖြစ်၏ဟူလို။

ကဋုကပ္ဖလံ ဟူသည်=ထက်မြက်သော အကျိုးရှိသည်၊ ဆင်းရဲ နာကျင် သော အကျိုးရှိသည်ဟူလို။

ဒေသနာ၏ အဆုံး၌ လူများစွာတို့သည်သောတာပတ္တိဖိုလ်စသည်တည်ကုန် ၏။

ခုနစ်ခုမြောက် သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု ပြီး၏။

၈–ကဿကဝတ္ထု

လယ်ထွန်သမားအကြောင်း

ပစ္စုပ္ပန်ဝတ္ထု

နတံ ကမ္မံ ကတံ သာဓု-အစရှိသော ဓမ္မဒေသနာတော် ပါဌ်ဂါထာကို ဘုရားကိုယ်တော်မြတ်သည်သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် လယ်ထွန်သမား ယောကျ်ားတစ်ဦးကို အကြောင်းပြုလျက် ဟောကြားတော်မူ၏။

လယ်ထွန်သမား ယောကျ်ားတစ်ဦးသည် သာဝတ္ထိပြည်ကြီးမှ မနီးမဝေးသော အရပ်၌ လယ်တစ်ကွက်ကို ထွန်၏။ ခိုးသူတို့သည် ရေထုတ်သော ပြွန်ပေါက်ဖြင့် မြို့သို့ဝင်၍ ပစ္စည်းဥစ္စာ ကြွယ်ဝသော အမျိုးအိမ်တစ်အိမ်၌ဥမင်ကို ခွဲဖြတ်ဖောက်ထွင်းပြီး များစွာသောရွှေငွေကိုယူ၍ ရေထုတ်သောပြွန်ပေါက်ဖြင့် သာလျှင် ထွက်ကုန်၏။ ခိုးသူတစ်ယောက်သည် အဖော်ဖြစ်သော ခိုးသူတို့ကို လှည့်ပတ်ပြီးလျှင် ဝှက်လိုသောကြောင့် အသပြာတစ်ထောင်အိတ်ကို အောက်ပိုးကြိုက်သော ပုဆိုးတွင်းသို့ သွတ်သွင်း၍ ယူခဲ့ရာ လယ်ထွန်သမား ထိုယောကျ်ား ထွန်ယက်ရာဖြစ်သော လယ်ထိုသို့သွားရောက်၍ ထိုသူတို့နှင့်အတူ ဥစ္စာခွဲဝေယူကြပြီး သွားကြကုန်သည် ရှိသော်အသပြာ တစ်ထောင်အိတ်ကို ဝှက်အပ်သော အောက်ပိုးကြိုက်ရာမှ ဘဏ္ဍာကျနေသည်ကို အမှတ်မရဘဲအဖော်ခိုးသူတို့နှင့် အတူတကွသာလျှင် ထသွား၏။

မြတ်စွာဘုရားသည်လယ်ထွန်ရာအရပ်သို့ကြွတော်မူခြင်း

ထိုနေ့၌ မြတ်စွာဘုရားကိုယ်တော်မြတ်သည် မိုးသောက်ယံအချိန်၌လောကကို ကြည့်ရှုတော်မူသည်ရှိသော် လယ်ထွန်သမား ယောကျ်ားကို ကိုယ်တော်မြတ် ဉာဏ်တော်တည်းဟူသော ကွန်ရက်၏အတွင်းသို့ဝင်သည်ကို မြင်တော်မူ၍ အဘယ်သို့ဖြစ်လတ္တံ့နည်းဟု စူးစမ်းဆင်ခြင်တော်မူပြန်သည် ရှိသော် ဤလယ်ထွန်သမား ယောကျ်ားသည် နံနက်စောစောကပင်လျှင် လယ်ကိုထွန်ခြင်းငှာသွားလတ္တံ့။ ဥစ္စာရှင်တို့သည် ခိုးသူတို့၏ ခြေရာသို့ အစဉ်လျှောက်၍ အောက်ပိုးကြိုက်သော ပုဆိုးတွင်းတွင် ဝှက်သည်မှ ကျကျန်ခဲ့သော အသပြာတစ်ထောင်အိတ်ကို တွေ့မြင်သောအခါ ထိုလယ်ထွန်သမား ယောကျ်ားကို ဖမ်းလတ္တံ့၊ ငါဘုရားရှင်ကို ထား၍ တစ်ပါးသောသူသည် ထိုယောကျ်ားအား သက်သေမည်သည် မဖြစ်ပေလတ္တံ့၊ ထိုလယ်ထွန်ယောကျ်ားအားသောတာပတ္တိမဂ်ဖိုလ်ကို ရအံ့သောအကြောင်း ဥပနိဿယ ပြည့်စုံခြင်းရှိ၏။ထိုအရပ်သို့ ငါသည်ကြွသွား

ခြင်းငှာ အပ်၏ဟု မြင်တော်မူ၏။ လယ်ထွန်သမား ထိုယောကျ်ားလည်း မိမိ၏လယ်ကို ထွန်ယက်ခြင်းငှာ နံနက်စောစောကပင် လယ်တောသို့ သွား၏။ မြတ်စွာဘုရားရှင်သည် အာနန္ဒာမထေရ်လျှင် နောက်လိုက်ရဟန်းရှိသဖြင့် ထို အရပ်သို့ ကြွသွားတော်မူ၏။ လယ်ထွန်ယောကျ်ားလည်း မြတ်စွာဘုရားရှင်ကို မြင်၍ သွားရောက်ပြီး ကြည်လင်ညွတ်လျှိုးရှိခိုးပြီး၍ တစ်ဖန်လယ်ကို ထွန်ယက် ခြင်းငှာ အားထုတ်၏။ မြတ်စွာဘုရားရှင်သည် ထိုလယ်ထွန်ယောကျ်ားနှင့် တစ်စုံတစ်ခုသော စကားကို မိန့်ကြားပြောဆိုတော်မမူဘဲ အသပြာထောင်အိတ် ကျ၍ တည်ရှိရာနေရာသို့သာ ကြွသွားတော်မူ၏။ ထိုတစ်ထောင်သော အသပြာ အိတ်ကို မြင်တော်မူလျှင် ချစ်သား အာနန္ဒာ ပြင်းစွာထက်သော အဆိပ်ကို မြင်၏လောဟု မေးတော်မူ၏။ အရှင်အာနန္ဒာသည်လည်း ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား ကြမ်းတမ်းခက်ထန်သော အဆိပ်ကို မြင်ပါ၏ဘုရားဟု လျှောက်ကြား၏။

လယ်ထွန်သမားအားခိုးမှုဖြင့်သေဒဏ်ပေးခြင်း

လယ်ထွန်ယောကျ်ားသည် ထိုစကားကိုကြား၍ ငါ့အား အခါဟုတ်သည်၌ လည်းကောင်း၊ အခါမဟုတ်သည်၌လည်းကောင်း ဤနေရာဒေသ၌ လှည့်ပတ်၍ နေရ၏။ ဤအရပ်ဒေသဝယ် လျင်သော အဆိပ်ရှိသော မြွေရှိ၏ဟု ကြံ၍ မြတ်စွာဘုရားသည် ဤမျှသော စကားကိုသာမိန့်တော်မူ၍ ကြွသွားတော် မူသည် ရှိသော် ထိုမြွေကိုဆောင်အံ့ဟု နှင်တံကို ကိုင်ယူပြီးလျှင် ထိုအရပ်သို့ သွားရောက်ပြီးသော် ထိုမှဤမှ ကြည့်ရှုသော် အသပြာ တစ်ထောင် အိတ်ကို မြင်၍ ဤအသပြာကို ရည်ညွှန်းတော်မူပြီးလျှင် မြတ်စွာဘုရား ရှင်သည် မိန့်တော်မူသည် ဖြစ်ပေလိမ့်မည်ဟု ထိုအသပြာကို ယူပြီးသော် ဆုတ်နစ်ပြန်လည်ခဲ့၏။ မိမိသည် တေးတောဆင်ခြင် သိမြင်လိမ္မာခြင်းမရှိသော ကြောင့် ထိုအသပြာအိတ်ကို မိမိလယ်ထွန်ရာအနီး၌ မြေမှုန့်ဖြင့် အနည်းငယ် ဖုံးလွှမ်းသိုထားပြီး၍ တစ်ဖန် လယ်ကို ထွန်ခြင်းငှာ အားထုတ်၏။ လူအပေါင်း တို့သည်လည်း လင်းစင်မိုးသောက် ရောက်သောအခါ အိမ်၌ ခိုးသူတို့ ပြုအပ် သော အခြင်းအရာအမှုကို မြင်၍ ခြေရာ အစဉ်အတိုင်း ကြည့်ရှုလိုက်လာပြီးသော် ထိုလယ်ဒတာအရပ်သို့ သွား၍ ထိုအရပ်ဒေသ၌ ခိုးသူတို့ ဘဏ္ဍာခွဲဝေသော နေရာကို တွေ့မြင်ရပြီး လယ်ထွန်သမား၏ ခြေရာကို မြင်ပြန်ကုန်၏။ ထိုခြေ ရာဖြင့် အစဉ်လျှောက်သွားပြီးသော် ဘဏ္ဍာထားရာနေရာကို မြင်၍ မြေမှုန့်ကို ယက်ပြီးသော် တူးဖော်ယူငင်၍ အသင်သည်အိမ်၌ ခိုးယူလုယက်ပြီး၍ လယ် ထွန်ခြင်းအမှုကို ပြုဘိသကဲ့သို့ လှည့်လည်ဘိသည်ဟု ခြိမ်းခြောက်မောင်းမဲ ဆဲရေးပုတ်ခတ် ဆောင်ယူ၍ မင်းကြီးအား ပြကြကုန်၏။ မင်းကြီးသည်လည်း ထိုအကြောင်း အလုံးစုံတို့ကို အကုန်ကြားတော်မူသဖြင့် လယ်ထွန်ယောကျ်ား

အား သတ်စေအံ့သောငှာ အမိန့်အာဏာကို ပေး၏။ မင်းချင်းယောကျ်ားတို့လည်း ထိုလယ်ထွန်သမားကို ကြိုးလက်ပြန်ဖွဲ့လျက် ကြိမ်လုံးတို့ဖြင့် ရိုက်ခတ်ပြီး လူသတ်သုသာန်သို့ ဆောင်ယူကုန်၏။

ထိုလယ်ထွန်ယောကျ်ားသည် ကြိမ်လုံးတို့ဖြင့် ရိုက်ခတ်အပ်သည် ရှိသော် တစ်ပါးလည်းဖြစ်သော တစ်စုံတစ်ခုသော အခြင်းအရာကို မပြည်တမ်းမူ၍ ချစ်သားအာနန္ဒာ လျင်၍ ထက်သော အဆိပ်ကို မြင်၏လောဟု မေးတော်မူသော်အခါ အရှင်အာနန္ဒာက ဘုန်တော်ကြီးတော်မူသော မြတ်စွာဘုရား ကြမ်းတမ်း ခက်ထန်သော အဆိပ်ကို မြင်ပါ၏ဟု လျှောက်ကြားသောစကားကိုသာ မြည်တမ်း ပြောဆိုလျက်သွား၏။ မင်းချင်းယောကျ်ားတို့က လယ်ထွန်သမားကို အသင်သည် မြတ်စွာဘုရား၏သည်းကောင်း၊ အရှင်အာနန္ဒာ၏လည်းကောင်း စကားကိုသာ များစွာ မြည်တမ်းပြောဆိုဘိသည်၊ အကြောင်းအသို့နည်းဟုမေးလျှင် အချင်းတို့အသင်တို့သည် ငါ့အား မင်းကြီးကို ဖူးမြင်ခြင်းငှာ ရစေပါသည် ဖြစ်အံ့၊ ထိုအကြောင်းကို ပြောကြားပါအံ့ဟု ဆိုသည်ရှိသော် ထိုအကြောင်းကို မင်းကြီး၏ အထံသို့ သွား၍ ကြားလျှောက်ကုန်၏၊ ထိုအခါ ထိုလယ်ထွန်ယောကျ်ားကို မင်းကြီးက အသင်သည် အဘယ်ကြောင့် ဤသို့ဆိုဘိသနည်းဟု မေးတော်မူလျှင် မင်းမြတ် အကျွန်ုပ်သည် ခိုးသူမဟုတ်ပါဟု လျှောက်ပြီး လယ်ထွန်ခြင်းငှာ ထွက်သွားသော အခါမှစ၍ ဖြစ်ခဲ့သမျှသော အကြောင်းမျိုးစုံကို အကုန်ပြန်ကြား၍ မင်းကြီးအား လျှောက်ထား၏။

မြတ်စွာဘုရားထံသို့သွားရောက်လျှောက်ထားခြင်း

ထိုသူ၏ စကားကို မင်းကြီး ကြားသိရသောအခါ ပြည့်ရှင်မင်းမြတ်က အိုအချင်းတို့ ဤသူသည် လောက၌ မြတ်သော ပုဂ္ဂိုလ်အစစ် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကို သက်သေ ညွှန်ပြ၏၊ ထိုသူအား ဦးစွာအပြစ်ကို တင်ထားခြင်းငှာ မယောက်ပတ်၊ ငါသည် ဤအရာ၌ ပြုအပ်သော အခြင်းအရာကို သိစေအံ့ဟု မိန့်တော်မူပြီးလျှင် ထိုလယ်ထွန်ယောကျ်ားကို ခေါ်၍ ညချမ်းသောအခါ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ သွားရောက်၍ ဘုန်းတော်အလွန်ကြီးတော်မူသော မြတ်စွာဘုရား အသို့ပေနည်း၊ အရှင်ဘုရားတို့သည် အာနန္ဒာမထေရ်နှင့် အတူဘက္က ဤလယ်ထွန်သမား၏ လယ်ထွန်ရာ အရပ်ဒေသသို့ ကြွသွားတော်မူပါဘိသလောဟု မေးလျှောက်၏။ ဒကာတော် မင်းကြီး ခြောင်ဒါဘုရား သည် ကြွသွားတော်မူပေ၏ဟု မိန့်တော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုအရပ်ဒေသသို့ ကြွသွားတော်မူစဉ်က အဘယ်သို့သော ဝတ္ထုကို မြင်၍ အဘယ်သို့သော စကားကို မိန့်ဆိုတော်မူခဲ့ပါ

သနည်းဟု မေးလျှောက်၏။ ဒကာတော်မင်းကြီး တစ်ထောင်သော အသပြာ အိတ်ကိုမြင်၍ ချစ်သားအာနန္ဒာ ထက်၍လျှင်သော အဆိပ်ကို မြင်၏လောဟု ဘုရားမိန့်ဆိုခဲ့ပေသည်ဟု မိန့်တော်မူလျှင် မင်းကြီးက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤလယ်ထွန်ယောကျ်ားသည် အရှင်ဘုရားတို့ကဲ့သို့သော သိကြားသူ ညွှန်ပြခြင်းကို မပြုခဲ့သည် ဖြစ်ခဲ့အံ့၊ အသက်ရှင်ခြင်းကို ရတော့မည် မဟုတ်။ အရှင်ဘုရားတို့သည် မိန့်ဆိုတော်မူခဲ့သောစကားကို ပြောဆို၍သာလျှင် အသက်ရှင်ခြင်းကို ရပေတော့သည်ဟု လျှောက်၏။ ထိုစကားကို ကြားတော်မူ၍ မြတ်စွာဘုရားရှင်သည် ဩဝါဒတော်လှပေ၏။ ဒကာတော်မင်းကြီး ငါဘုရားသည်လည်း ဤမျှသောစကားကို ပြောကြား၍ လာခဲ့ပေသည်။ ဒကာတော် မင်းကြီး ပညာရှိသောသူတို့မည်သည်ကား အကြင်အမှုကိုပြုပြီး နောင်တစ်ဖန် ပူပန်ရ၏။ ထိုဒ.မှုကို မပြုကျင့်အပ်ပေဟု မိန့်တော်မူပြီးမှ တရားတော်ကို ဆက်စပ်တော်မူ၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာ ကို မိန့်တော်မူ၏–

၆၇။ န တံ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ အနုတပ္ပတိ၊
ယဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ။

မကောင်းမှုကိုပြုပြီး နောင်တတစ်ဖန် ပူပန်ရခြင်း အမြဲ စိုးရိမ် ပူဆွေး ငိုကြွေးရခြင်းဟူသော အကျိုးခံစားရသော မကောင်းမှုကံသည် မကောင်းချေ။

ထိုဂါထာ၌ န တံ ကမ္မံ ဟူသည်=ငရဲစသည်တို့၌ဖြစ်စေနိုင်သော ဒုက္ခဝေဒနာ၏ တည်ရာဖြစ်သော၊ အောက်မေ့တိုင်း၊ အောက်မေ့တိုင်းသော ကြောင့် အဖန် ဖန် စိုးရိမ်ကြောင့်ကြရသော အမှုသည်မကောင်း၊ အကျိုးမရှိဟူလို။

ယဿ အဿုမုခေါဟူသည်=အကြင်အကုသိုလ်ကံ၏အကျိုးကို မျက်ရည်နှင့် မျက်ခွက်ဖြစ်၍ ငိုကြွေးမြည်တမ်းလျက် ခံစားရ၏ဟူလို။

ဒေသနာ၏အဆုံး၌ ကဿကဥပါသကာသည် သောတာပတ္တိဖိုလ်တည်၍ ရောက်လာသော ရဟန်းတို့သည်လည်း သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ရှစ်ခုမြောက် ကဿကဝတ္ထုပြီး၏။

၉။ သုမနမာလာကာရဝတ္ထု

သုမနပန်းသည်အကြောင်း

ပစ္စုပ္ပန်ဝတ္ထု

တဉ္စ ကမ္မံ ကတံ– အစရှိသော တရားဒေသနာတော်ကို ဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သုမနပန်းသည်ကို အကြောင်းပြု၍ ဟောကြားတော် မူခဲ့ပေသတည်း။

သုမနပန်းသည်သည် ဘုရင်ဗိမ္ဗိသာရမင်းမြတ်ကို မပြတ်နေ့စဉ် နံနက်တိုင်း နံနက်တိုင်း ရှစ်ကွမ်းစားမျှ လောက်ကုန်သော မုလေးပန်းအစုတို့ဖြင့် ပြုလုပ်ခစား ဆက်သပြီးကာ ရှစ်သပြာတို့ကို ရပေ၏။ ထိုအခါ တစ်နေ့သော နေ့၌ သုမနပန်းသည်သည် မင်းကြီးကို ဆက်သရည်မှန်း ပန်းတို့ကိုယူဆောင်ပြီး မြို့သို့ဝင်ကာမျှ၌သာလျှင် ဘုရားရှင်ကိုယ်တော်မြတ်သည် ပရိသတ်များစွာ သံဃာတော်အပေါင်း ခြံရံလျက် ခြောက်ရောင်ခြည် ထွန်းဖြာလျက် ကြီးကျယ်စွာသော ဘုရားအာနုဘော်ဖြင့် ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံအံ့သောငှာ ကြွဝင်တော်မူလာခဲ့လေ၏။ ထိုစကားကို ထင်ရှားစွာ ဆိုလိုက်ဦးအံ့၊ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် တစ်ရံတစ်ခါ၌ ယူဇနာသုံးဆယ်ရှိသော ခရီးသို့ အင်္ဂုလိမာလကို ခရီးဦးကြိုဆို ချွတ်လိုစိတ်ထားဖြင့် ကြွသွားတော်မူဘိ သကဲ့သို့ ထိုအတူ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို သင်္ကန်းတော်ဖြင့် ဖုံးလွှမ်း၍ မထင်ရှားသော အညတရ ပိဏ္ဍပါတိက ရဟန်းကဲ့သို့ လှည့်လည် ကြွဝင်တော်မူ၏။ တစ်ရံတစ်ခါ၌ကား ကိုယ်တော်မြတ် ဖွားတော်မူရာဒေသ ကပိလမြို့ကြီးသို့ ကြွဝင်တော်မူသော နည်းကဲ့သို့ ခြောက်သွယ်ကုန်သော ရောင်ခြည်တော်တို့ကို လွှတ်လျက် ကြွဝင်လှည့်လည်တော်မူ၏ဟု အဋ္ဌကထာ ကြီး၌ ဖွင့်တော်မူ၏။

ထိုနေ့အခါ၌လည်း ကိုယ်တော်မြတ်သည် ရောင်ခြည်တော် ခြောက်ပါးတို့ကို လှည့်လည်ကွန့်ယှက် ထွက်တော်မူစေသျက် အသရေအတန်တန် နှိုင်းရန်မလျော် ဘုရားတည်းဟူသော အာနုဘော် တင့်တယ်စံပယ်ခြင်းဖြင့် ရာဇဂြိုဟ်မြို့တွင်းသို့ ချဉ်းကပ် ကြွဝင်တော်မူလာခဲ့၏။ သုမနပန်းသည်သည် ရတနာပန်းစေတီနှင့် တူလှစွာသော သုံးဆယ့် နှစ်ပါးကုန်သော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ် တင့်တယ်ခြင်း အစုတို့ဖြင့် ရှုကြည့်၍ မငြီးနိုင်လောက်သော ကိုယ်တော်မြတ်၏ အတ္တဘောတော်ကို ရှုမျှော် ဖူးမြင်ရသောအခါ ကြည်ညိုစွာသောစိတ် ယိုဖိတ်ကျဆင်းမည့်ပမာ ဖြစ်ပေါ်လာသဖြင့် ဘုရားရှင် ကိုယ်တော်မြတ်အား အဘယ်သို့သော ဝတ္ထုဖြင့် ပူဇော်ပံ့ ချီးမြှင့်ကော်ရော်

ပူဇော်လှူဒါန်းပါရအံ့နည်းဟု ထိုမှဤမှ ကြည့်ရှုကြံစည်သည် ရှိသော် တစ်စုံတစ်ခုမျှသော တစ်ပါးသော ပစ္စည်းဝတ္ထုကို ကြည့်ရှု၍ မမြင်သော ကြောင့် ငါ့တွင် ပါလာသော ဤမုလေးပန်းတို့ဖြင့် ပူဇော်လှူဒါန်းခြင်းကို ပြုအံ့ဟု ကြံပြီးလျှင် စဉ်းစားဆင်ခြင်ပြန်သည်မှာ ယခုအခါ ငါယူဆောင်ခဲ့သော ဤပန်းတို့သည်ကား ပြည့်ရှင်မင်းမြတ်အား နေ့စဉ်မပြတ် ဆက်သအပ်သော ပန်းတို့ဖြစ်လေသည်။ ပြည်ကြီးသခင် ဘုရင်မင်းမြတ်သည် ဆက်သွင်းနေကျ ဖြစ်သော ဤပန်းတို့ကို မရသည် ရှိသော် ငါ့ကို နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့ ပေရာ၏။ သတ်မှုလည်း သတ်ပေရာ၏။ တိုင်းပြည်မှ နှင်ထုတ်မှုလည်း နှင်ထုတ် ပေရာ၏။ အသို့ပြုရပါအံ့နည်းဟု စဉ်းစားဆင်ခြင်၏။

သုမနပန်းသည် မြတ်စွာဘုရားအား ပန်းတို့ဖြင့်ပူဇော်ခြင်း

ထိုနောက်တဖန် ထပ်မံတက်ကြွ၍ ကြံပြန်သည်မှာ ဘုရင် မင်းမြတ်သည် ငါ့ကိုသတ်လိုမူလည်း သတ်စေတော့၊ နှောင်ဖွဲ့ချည်တုပ် တိုင်းပြည်မှ နှင်ထုတ် မူလည်း နှင်ထုတ်စေတော့။ ဤပန်းကို ထိုမင်းသို့ သွင်းဆက်သော်လည်း ထိုမင်းကြီးသည် ဤခန္ဓာကိုယ် အတ္တဘော၌ အသက်မွေးမျှလောက်ရုံသော ပစ္စည်းဥစ္စာကိုသာ ပေးလေရာ၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်အား ပူဇော်လှူဒါန်း ရပါဘိမူကား များစွာကုန်သော ကမ္ဘာကုဋေတို့၌ စီးပွားချမ်း သာ ကောင်းစွာ များပြားခြင်းငှါ ဖြစ်ပေလိမ့်မည်ဟု ကြံ၍ မိမိ၏ အသက်ကို မြတ်စွာဘုရား ကိုယ်တော်မြတ်အား စွန့်လွှတ်လေ၏။ ထို သုမနပန်းသည်သည် အကြင်မျှလောက်သော အခါပတ်လုံး ငါ၏ စိတ်သည် မတွန့်တို မဆုတ်နစ်၊ ထိုမျှလောက်သော ကာလပတ်လုံး ပူဇော်ခြင်းကို ပြုအံ့ဟု နှိုင်းချိန်ပြီးလျှင် နှစ်သက်ဝမ်းသာ ကောင်းစွာတက်ကြွသော စိတ်ရှိသည် ဖြစ်၍ မြတ်စွာဘုရား ရှင်ကို ပူဇော်လှူဒါန်း၏။ အဘယ်သို့ ပူဇော် လှူဒါန်းသနည်း ဟူမူကား ရှေးဦးစွာ နှစ်ဆုပ်မျှလောက်သောပန်းတို့ကို မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထက်သို့မြှောက်၍ ပစ်လိုက်၏။ ထိုပစ်အပ်သော ပန်းတို့သည် ဦးထိပ်၌ မျက်နှာကြက် ဗိတာန်ကဲ့သို့ ဖြစ်၍ တည်ကုန်၏။ ထိုနောက် နှစ်ဆုပ်သော ပန်းတို့ကို ကြဲမြှောက်၍ ပစ်လိုက်ပြန်၏။ ထိုပန်းတို့သည် လက်ယာနံပါး၌ ပန်းဖြင့် ဖုံးလွှမ်းလျက် အောက်သို့ သက်၍ တည်၏။ ထို့နောက် နှစ်ဆုပ်သော ပန်းတို့ကို ကြဲမြှောက်ပြန်၏။ ထိုပန်းတို့သည် နောက်အဖို့ဖြင့် အောက်သို့ တွဲလည်းသက်ပြီး ရှေးနည်း အတူသာလျှင် တည်ကုန်၏။ ထို့နောက် နှစ်ဆုပ် သော ပန်းတို့ကို ကြဲမြှောက်ပြန်၏။ ထိုပန်းတို့သည် လက်ဝဲနံပါးဖြင့် သက်၍ ရှေးနည်းအတူသာလျှင် တည်ကုန်၏။ ဤသို့သော နည်းဖြင့် ရှစ်ကွမ်းစားမျှ လောက်ကုန်သော ပန်းတို့သည် ရှစ်ဆုပ်ဖြစ်၍ ကြဲမြှောက်သောအတိုင်း ဦးထိပ်၏

အထက်, လက်ဝဲ, လက်ယာ, အောက်အဖို့အားဖြင့် လေးမျက်နှာ ကုန်သော အရပ်အဖို့တို့၌ မြတ်စွာဘုရားကိုယ်တော်သို့ ဝန်းပတ်ခြံရံ၍ လိုက်ကုန်၏။ မြတ်စွာဘုရား၏ ရှေ့တည့်တည့်မှ တံခါးသဖွယ် ယှက်သွယ်ခြင်းမရှိ လစ်လပ်၍ တည်ဘိ၏။ ရှိ ရှိသမျှကုန်သော ပန်းတို့သည် အတွင်းသို့ အညွှာရိုးတံကို ပြုလျက် ပြင်ဘက် အဖို့သို့ ပွင့်ချပ်ထွက်လျက် ပန်းကွန်ရက်ဖြင့် ဖုံးအုပ်ဝန်းရံ၍ ထားဘိသကဲ့သို့ ရှိ၏။ မြတ်စွာဘုရားရှင်သည် ငွေပြားဝန်းရံဘိသကဲ့သို့ ရှိ၏။ မြတ်စွာဘုရားရှင်သည် ငွေပြားဝန်းရံဘိသကဲ့သို့ ဖြစ်၍ ကြွသွားတော်မူ၏။

ထိုမုလေးပန်းတို့သည် စိတ်စေတနာ မရှိသော်လည်း စိတ်စေတနာ ရှိသော မြတ်စွာဘုရားရှင်ကို မှီ၍ စိတ်စေတနာ ရှိဘိသကဲ့သို့ မြတ်စွာဘုရားရှင်ကို မစွန့်မူ၍ အောက်သို့မကျဘဲ မြတ်စွာဘုရားနှင့် အတူတကွသာလျှင် ဘုရား ကြွသွားတော်မူသည် ရှိသော် သွား၏။ မြတ်စွာဘုရား တည်နေတော်မူသည် ရှိသော် တည်နေကုန်၏ဟု အဋ္ဌကထာ၌ မိန့်တော်မူ၏။

မြတ်စွာဘုရားအား တစ်ဆယ့်ရှစ်ကုဋေသော မြို့သူမြို့သားတို့ လှူဒါန်းပူဇော်ကြခြင်း

မြတ်စွာဘုရားရှင်၏ ကိုယ်တော်မှလည်း ဝသန္တဥတုအခါအဇင္ဇာကောင်းကင် ထက်ဝယ် ပြေးယှက်မြူးသန်း လျှပ်ပန်းနွယ် တစ်သိန်းမျှလောက်တို့၏ တောက်ပ သော အခြင်းအရာကဲ့သို့ ရှေ့နောက်နှစ်ဖြာ လက်ယာလက်ဝဲ ကဲဆင့်ဖြိုးလျက် ဦးထိပ်ထက်တို့မှ တလက်လက် ဝါဝင်းဝင်း ထွန်းလင်းဖုံဖုံ ရောင်မျိုးစုံ အဝဝတို့ သည် ထွက်ကြွဘော်မူကုန်၏။ ထိုရောင်ခြည်တော်အပေါင်းတို့သည် မြတ်စွာဘုရား ခန္ဓာကိုယ်တော်မှ ထွက်လျှင်ထွက်ချင်း ရှေးရှုရာအရပ်သို့ ဦးစွာ မပြေးသွား သေးမူ၍ အလုံးစုံကုန်သော ရောင်ခြည်တော်တို့သည်လည်း မြတ်စွာဘုရားရှင်ကို သုံးကြိမ်သုံးခါတိုင်တိုင် လက်ယာရစ် လှည့်လည်သည်ကဲ့ပြု၍ ထန်းပင်ပျိုလုံးခန့် ပမာဏရှိသည်ဖြစ်၍ သာလျှင် မြတ်စွာဘုရားရှေ့တော်မှ ပြေးသွားကုန်၏ဟု ဝင်းအဋ္ဌကထာ၌ မိန့်တော်မူ၏။

အလုံးစုံသော ရာဇဂြိုဟ်မြို့ကြီးသည် တုန်လှုပ်၏။ မြို့တွင်း ကိုးကုဋေ၊ မြို့ပြင် ကိုးကုဋေအားဖြင့် တစ်ဆယ့် ရှစ်ကုဋေကုန်သော အိမ်ခြေတို့၌ တည်ရှိကုန်သော ယောကျ်ား မိန်းမဟူသမျှတို့တွင် လှူဒါန်းဖွယ်ရာသော ဆွမ်းကို ကိုင်ငင်၍ အိမ်မှ မထွက်သောသူမည်သည် တစ်စုံတစ်ယောက်မျှ မရှိ။ များစွာသော လူအပေါင်းသည် ရဲရင့်စွာသော အသံကို ကြွေးကြော်လျက် တစ်ထောင် မျှလောက်ကုန်သော ပုဆိုးဦးရစ် မြှောက်ခြင်း စသည်တို့ကို ပြုကုန်လျက် မြတ်စွာဘုရား ရှေ့တော်မှ ပူဇော်၍ လိုက်ကြကုန်၏ မြတ်စွာဘုရားရှင်

သည်လည်း သုမနပန်းသည်၏ ကျေးဇူးဂုဏ် ထင်ရှားသည်ကို ပြုခြင်းငှာ သုံးဂါဝုတ် ပမာဏ ရှိသော မြို့၌ စည်လှည့်လည်သော ခရီးလမ်းဖြင့် ကြွတော်မူ၏။ သုမနပန်းသည်၏ ကိုယ်သည် ပီတိငါးချိုးဖြင့် ပြည့်၏။ ထိုပန်းသည်သည် အနည်းငယ်မျှသာလျှင် မြတ်စွာဘုရားရှင်နှင့် အတူတကွ လှည့်လည်၍ ဆေးဒန်း မြင်းသီလာအပြင်၌ ငုပ်တိသကဲ့သို့ ဘုရားရောင်ခြည်တော်၏ အတွင်းသို့ ဝင်ပြီးသော် မြတ်စွာဘုရားရှင်ကို ချီးမွမ်းရှိခိုး၍ ပန်းမရှိသော အချည်းနှီးသော ခြင်းကိုသာလျှင်ယူ၍ အိမ်သို့သွားလေ၏။ ထိုအခါသုမနပန်းသည်ကို မယားက ပန်းတို့သည် အဘယ်မှာနည်းဟုမေး၏။ မြတ်စွာဘုရားအား ပူဇော်လှူဒါန်းလိုက်ပြီဟု ပြော၏။ ထိုနောက်တဖန် ထပ်၍ ပန်းတို့သည် အဘယ်မှာနည်းဟု မေးပြန်သော် ဘုရားအား ပူဇော်လိုက်ပြီဟု ပြောပြန်၏။ ယင်းသို့ ပန်းတို့ကို ဘုရားအား လှူဒါန်းပူဇော်ခဲ့လျှင် ဤယခုအခါ၌ မင်းကြီးအား အသို့ ပြုပါအံ့နည်းဟု မေးသဖြင့် သုမနပန်းသည်က ချစ်နှမ မင်းကြီးသည် ငါ့အား သတ်လိုလည်း သတ်စေ တိုင်းပြည်မှ နှင်ထုတ်မူလည်း နှင်ထုတ်စေ၊ ငါသည် အသက်ကို စွန့်လွှတ်ပြီး မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ပူဇော်လှူဒါန်း၏။ အလုံးစုံသော ပန်းတို့သည် ရှစ်ဆုပ်မျှတို့သည် ဖြစ်ကုန်၏။ ဤသို့ သဘောရှိသည်မည်သော အံ့ဖွယ်သရဲနှင့် ပြည့်စုံသော ပူဇော်လှူဒါန်းခြင်းသည် ဖြစ်ပေ၏၊ လူများအပေါင်းသည် ကြွေးကြော်ခြင်း တစ်ထောင်မျှလောက်ကုန်သော ဦးရစ်ပုဆိုး မြှောက်ခြင်းတို့ကို ပြု၍ မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့်တကွ လိုက်သွား၏။ အသင်ချစ်နှမသည် လူအပေါင်းတို့ ကြွေးကြော်သော အသံကို မကြားမိပါလော။ ထိုအသံသည် ငါပန်းပူဇော်ရာ၌ အံ့ဖွယ်သရဲဖြစ်၍ ကြွေးကြော်ကြသော အသံပေတည်းဟု ပြော၏။

စိတ်ထားမကောင်းသော မယားသည် လင်သုမနပန်းသည်နှင့် ကွာရှင်းခြင်း

ထိုအခါ သုမနပန်းသည်၏ မယားသည် မိုက်မဲတွေဝေလှသည်ဖြစ်သော ကြောင့် ဤသို့ သဘောရှိသော တန်ခိုးပြာဋိဟာ အံ့ဖွယ်သရဲ ဖြစ်ရာ၌သော်လည်း ကြည်ညိုနှစ်သက်ခြင်းမည်သည်ကို မဖြစ်စေမူ၍ ထိုသုမနပန်းသည်ကို ဆဲရေး၍ ပြည့်ရှင်မင်းတို့ မည်သည်ကား ရက်စက်ကြမ်းကြုတ်သော သဘောရှိ၏၊ တစ်ကြိမ်မျှဖြစ်သော အမျက်ဖြင့် လက်ခြေကိုဖြတ်ခြင်း အစရှိသဖြင့် များစွာကုန်သော အကျိုးစီးပွားမဲ့ကိုသော်လည်း ပြုတတ်ကုန်၏။ အသင်ပြုအပ်သော ထိုအမှုဖြင့် ငါ့အားသော်လည်း အကျိုးစီးပွားမဲ့သည် ဖြစ်ရာသည်ဟု ပြောဆိုမြည်တမ်း၍ သားငယ်တို့ကို ယူပြီးသောအခါ မင်းအိမ်နန်းတော်သို့ သွားပြီးလျှင် မင်းကြီးသို့ ချဉ်းကပ်၍ မင်းကြီးက အဘယ်

အကြောင်းနည်းဟု မေးတော်မူသော် ထိုမိန်းမက ကျွန်တော်မ၏ ခင်ပွန်းလင်ထည် အရှင့်မင်းမြတ်တို့အား ခစားလုပ်ကျွေး ဆက်သွင်းရာဖြစ်သော ပန်းတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်လှူဒါန်းပြီးသော် အချည်းနှီးသော လက်ရှိသည်ဖြစ်၍ အိမ်သို့ ပြန်လာပါသည်။ ပန်းတို့သည်အဘယ်မှာနည်းဟု ကျွန်တော်မက မေးမြန်းသောအခါ ဤအမည်ရှိသောစကားကို ပြောဆိုပါသည်။ ကျွန်တော်မက ထိုသူကို ဆဲရေးရေရွတ်၍ မင်းတို့မည်သည်ကား ရက်စက်ကြမ်းကြုတ်ကုန်၏။ တစ်ကြိမ်အမျက်ထွက်ကာမျှသော်လည်း လက်ခြေ စသည်တို့ကို ဖြတ်ခြင်းဖြင့် များစွာသော အကျိုးစီးပွားမဲ့ကိုလည်း ပြုတတ်ကုန်၏။ အရှင်မင်းမြတ်၏ ကျွန်တော်မျိုးဖြစ်သော ပန်းသည်သည် ပြုအပ်သောအမှုသည် ကျွန်တော်မအားလည်း ဖြစ်ပေရာ၏ဟု နှလုံးပိုက်၍ ထိုသူမနပန်းသည်ကို စွန့်ပြီးသော် ဤနန်းတော်သို့ လာခဲ့ပါသည်။ ထိုသူမနပန်းသည် ပြုအပ်သောအမှုသည် ကောင်းသည်ကို ပြုသည်မူလည်းဖြစ်စေ၊ မကောင်းသည်ကို ပြုသည်မူလည်း ဖြစ်စေ၊ ထိုသူအားသာလျှင် ဖြစ်ပါစေ၊ ကျွန်တော်မသည် ထိုသူအား စွန့်အပ်သောအဖြစ်ကို အရှင်မင်းမြတ် သိတော်မူပါလော့ဟု ကြားလျှောက်၏။

ဗိမ္ဗိသာရမင်းကြီးသည် ရှေးဦးစွာ မြတ်စွာဘုရားသို့ ဖူးမြင်ရစဉ်ကပင် သောတာပတ္တိဖိုလ်သို့ ရောက်၏။ သဒ္ဓါတရားအားကြီးစွာ နှစ်သက်ကြည်ညိုခြင်းရှိသော အရိယာသာဝကဖြစ်တော်မူသော ဗိမ္ဗိသာရမင်းကြီးသည် ကြံဆင်ခြင်တော်မူသည်မှာ ဩော် အံ့ဖွယ်ရှိလေစွတကား၊ ဤမိန်းမသည် အလွန်မိုက်မဲတွေဝေလေစွတကား၊ ဤသို့ သဘောရှိသော ကျေးဇူးဂုဏ်၌သော်လည်း နှစ်သက်ကြည်ညိုခြင်းကို မဖြစ်စေနိုင်ဟု ကြံဆင်ခြင်တော်မူ၏၊ ကြံဆင်ခြင်တော်မူပြီးသော် ထိုသူမန ပန်းသည်အား အမျက်ထွက်ဘိသကဲ့သို့ ဖြစ်၍ အသင်ပန်းသည်မ အဘယ်ကို အသင်လျှောက်ကြားဘိသနည်း။ ငါ့အား ဆက်သွင်းဖို့ရာဖြစ်သော ပန်းတို့ဖြင့် သူမနသည် ပူဇော်လှူဒါန်းခြင်းကို ပြုသလောဟု မေးတော်မူသည် ရှိသော် ပန်းသည်မကလည်း ဟုတ်ပါသည်အရှင်မြတ်ဟု လျှောက်ကြားသဖြင့် အသင်ပန်းသည်မ ဤယခုအခါ၌ ထိုသူကို အသင် စွန့်လွှတ်လိုက်ခြင်းသည် ကောင်းသောအမှုကို ပြုအပ်ပေ၏။ ထိုသူမနသည် ငါ၏ ပန်းတို့ဖြင့် ပူဇော်လှူဒါန်းခြင်းကို ပြုလေဘိသည်။ ထိုသူမနပန်းသည်အား ပြုအပ်သောအမှုကို သိစေအံ့ဟုပြောဆို၍ ထိုမိန်းမကို လွှတ်လိုက်ပြီးသော် လျင်မြန်စွာ မြတ်စွာဘုရားရှင်၏ ထံသို့ သွားရောက်သွတ်လျှိုး ရှိခိုးပြီး၍ ဘုရားနှင့် အတူတကွသာလျှင် လှည့်လည်လေ၏။ မြတ်စွာဘုရားရှင်သည် ဗိမ္ဗိသာရမင်းကြီးအား စိတ်၏ကြည်လင်နှစ်သက်ခြင်းဖြစ်သည်ကို သိတော်မူ၍ အစဉ်လှည့်လည်သော လမ်းခရီးအစဉ်ဖြင့်သာ မြို့ကို လှည့်လည်ပြီးသော် မင်းအိမ်နန်းတော်တံခါးဝသို့ ကြွတော်မူ၏။

မင်းကြီးသည် သပိတ်တော်ကို ယူ၍ နန်းတွင်းသို့ ပင့်ဆောင်ခြင်းငှာအလို ရှိ၏။ မြတ်စွာဘုရားရှင်သည်ကား မင်းရင်ပြင်၌သာ သီးတင်းသုံးတော်မူလို သော အခြင်းအရာကိုပြ၏၊ မင်းကြီးသည် ထိုအကြောင်းကို သိ၍ လျှင်မြန်စွာ မဏ္ဍပ်ကို ပြုကုန်လော့ဟု အမိန့်ပေး၍ ထိုခဏ၌သာလျှင် မဏ္ဍပ်ကိုပြုလုပ်စေ၏။ မြတ်စွာဘုရားရှင်သည် ရဟန်းသံဃာနှင့်တကွ မင်းရင်ပြင်မဏ္ဍပ်သို့သာ ချဉ်းကပ် သီတင်းသုံး ထိုင်တော်မူ၏၊ မြတ်စွာဘုရားရှင်သည် အဘယ့်ကြောင့် မင်း၏ နန်းတွင်းသို့ ကြွဝင်၍ သီးတင်းသုံးတော် မမူလေသနည်း ဟူမူကား မြတ်စွာ ဘုရားကိုယ်တော်မြတ်အား ဤသို့အကြံတော်သည် ဖြစ်ပေသတတ်၊ အကယ်၍ ငါဘုရားသည် နန်းတွင်းသို့ ဝင်၍ ထိုင်နေသီတင်းသုံး တော်မူသည် ဖြစ်ခဲ့အံ့၊ လူများအပေါင်းသည် ငါဘုရားအား ဖူးမြော်ခြင်းငှာ မရပေလတ္တံ့၊ သုမနပန်းသည်၏ ဂုဏ်ကျေးဇူးအထူးသည် ထင်ရှားသည် မဖြစ်ပေလတ္တံ့၊ မင်းရင်ပြင်၌ ထိုင်နေတော်မူသော ငါဘုရားကို မူကား လူများအပေါင်း ဖူးမြင်ခြင်းငှာ ရပေလတ္တံ့၊ သုမနပန်းသည်၏ ဂုဏ်ကျေးဇူး သည်လည်း အထူးထင်ရှားပေ လတ္တံ့ဟု ဤသို့သော အကြံတော် ရှိတော် မူသောကြောင့် မင်းရင်ပြင်၌ သီတင်းသုံး ထိုင်နေတော် မူသတည်း။ ထိုစကားမှန်၏။ ဂုဏ်ရှိသော သူတို့၏ ဂုဏ်ကျေးဇူးကို မြတ်စွာဘုရား ကိုယ်တော်မြတ်တို့သည် သာလျှင် ထင်ရှား သည်ကို ပြုခြင်းငှာ စွမ်းနိုင်ကုန်၏။ ကြွင်းသော လူအပေါင်းသည် ဂုဏ်ကျေးဇူး ရှိကုန်သောသူတို့၏ ဂုဏ်ကျေးဇူးကို ဆိုသည်ရှိသော် ဝန်တိုလျှို့ဝှက်၏ဟု ဖွင့်း အဋ္ဌကထာ၌ မိန့်တော်မူ၏။

သုမနပန်းသည်အား များမြတ်သော ဆုရှစ်မျိုးကို ဗိမ္ဗိသာရမင်းကြီးက ချီးမြှင့်ခြင်း

ဤသို့ မင်းရင်ပြင်၌ မြတ်စွာဘုရား ထိုင်နေသီတင်းသုံးတော် မူသည်ရှိသော် ပန်းဗိတာန်လေးခုတို့သည် အရပ်လေးမျက်နှာ အဖို့တို့၌ တည်ကုန်၏။ လူများ အပေါင်းသည် မြတ်စွာဘုရားကို ခြံရံ၏။ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားအမှူး ရှိသော ရဟန်း သံဃာတော်ကို မွန်မြတ်သော ခဲဖွယ် ဘောဇဉ် ချိုချဉ် အာဟာရဖြင့် လုပ်ကျွေး လှူဒါန်း၏။ မြတ်စွာဘုရားရှင်သည် ဆွမ်းစားပြီး သည်၏ အဆုံး၌ အနုမောဒနာကို ပြုတော်မူ၍ ရှေးနည်း အတူသာလျှင် ပန်းဗိတာန်လေးခုတို့ဖြင့် ဝန်းရံယှက်ကာလျက် ခြင်္သေ့မင်း၏ အသံကဲ့သို့သော အသံဖြင့် အဖန်ဖန် ကျူးရင့်ခြင်းကို ဖြစ်စေလျက် လူများအပေါင်းဖြင့် ခြံရံ အပ်သည်ဖြစ်၍ ကျောင်းတော်သို့ ကြွတော်မူ၏။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားကို အစဉ်လိုက်၍ အနည်းငယ်ပို့လိုက်ပြီး၍ ဆုတ်နစ်ပြန်လည် လာခဲ့ပြီးသောအခါ သုမနပန်းသည်ကို ခေါ်တော်မူ၍ ငါ့အား ဆက်သွင်းခြင်းငှာ ယူဆောင်လာခဲ့သော ရှစ်ဆုပ် ရှစ်ကွမ်းစားသော ပန်းတို့ဖြင့် အဘယ်သို့ အောက်မေ့မှတ်ထင် နှလုံးသွင်းခြင်းကိုပြု၍ မြတ်စွာဘုရားအား ပူဇော်လှူဒါန်း ဘိသနည်းဟု မေးတော်မူ၏။ သုမနပန်းသည်က ဘုန်းတော်ကြီးတော်မူသော အရှင်မင်းမြတ် ပြည့်ရှင် မင်းကြီးသည် ငါ့အား သတ်လိုမူလည်း သတ်စေတော့၊ တိုင်းနိုင်ငံမှ နှင်ထုတ်မူလည်းနှင်ထုတ်စေတော့ဟု ကြံ၍ အသက်ကိုစွန့်ပြီး ပူဇော်လှူဒါန်းလိုက်မိပေသည်ဟု လျှောက်တင်လျှင် ဘုရင်မင်းမြတ်က သုမန...သင်သည် ယောကျ်ားမြတ်တို့မည်သည် ဖြစ်ပေ၏ဟု မိန့်တော်မူ၍ ရှစ်ကောင်သောဆင်၊ ရှစ်ကောင်သောမြင်း၊ ရှစ်ယောက်သော ကျွန်မိန်းမ၊ ရှစ်ယောက်သော ကျွန်ယောကျ်ား၊ ရှစ်ခုသော တန်ဆာတို့ကို ပေးသနားတော်မူပြီးလျှင်၊ တစ်ဖန် အသပြာရှစ်ထောင် မင်းမျိုးမှ ထုတ်ဆောင်၍ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သောရှစ်ယောက်ကုန်သော သမီးကညာ၊ အခွန်ကျေးလက် ကောင်းစွာထွက်ကုန်သော ရှစ်ခုကုန်သော ရွာမြတ်အားဖြင့် ဤအလုံးစုံသော ရှစ်ခု, ရှစ်ခု အရေအတွက်အပေါင်း ပေးခြင်းတည်းဟူသော အဋ္ဌကဒါနကို ပေးသနားတော်မူ၏။ အရှင်အာနန္ဒာမထေရ်ကိုယ်တော်မြတ်က ကြံဆင်ခြင်တော်မူသည်မှာ ယနေ့နံနက်မှစ၍ ရဲရင့်သော ကြွေးကြော်ခြင်း တစ်ထောင်တို့သည် လည်းကောင်း၊ ပုဆိုးဦးရစ်မြှောက်ခြင်း တစ်ထောင်တို့သည်လည်းကောင်းဖြစ်ကုန်၏၊ သုမနပန်းသည်အား ခံစားအပ်သော အကျိုးအာနိသံသကား အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု ကြံဆင်ခြင်တော်မူ၏၊ ကြံဆင်တော် မူပြီး၍ကား ထိုအကြောင်းကို ဘုရားရှင်အား မေးလျှောက်၏။

ပစ္စေကဗုဒ္ဓါဖြစ်လတ္တံ့ဟု သုမနပန်းသည်အား ဗျာဒိတ်ပေးတော်မူခြင်း

ဘုရားရှင်ကိုယ်တော်မြတ်က ချစ်သား....အာနန္ဒာ ဤသုမနပန်းသည်သည် အနည်းငယ်မျှသော ကောင်းမှုကုသိုလ်ကံကို စီမံပြုစု လှူဒါန်းအပ်သည် ဟု အသင် မမှတ်လေလင့်။ ဤသူသည်ငါဘုရားအား အသက်ကို စွန့်လွှတ်၍ ပူဇော်လှူဒါန်းခြင်းကို ပြုအပ်၏။ ထိုပန်းသည်သည် ငါဘုရား၌ စိတ်ကို ကြည်ညိုစေ၍ လှူဒါန်းပူဇော်ရသောကြောင့် ဤမျှလောက်သော အကျိုးဆက်အာနိသံသကို ကေန်မုချ ခံစားရလိမ့်ဟု ပြတော်မူလိုသောကြောင့် ဤဂါထာကိုဟောတော်မူ၏—

ကပ္ပါနံ သတသဟဿံ၊ ဒုဂ္ဂတိံ န ဂမိဿတိ၊
ဌတွာ ဒေဝမနုဿေသု၊ ဖလ တေဿ ကမ္မုနော။
ပစ္ဆာ ပစ္စေကသမ္ဗုဒ္ဓေါ၊ သုမနော နာမ ဘဝိဿတိ။

ချစ်သား အာနန္ဒာ သုမနပန်းသည်အား ထိုသို့ပြုရသော ကောင်းမှုကံ၏ အကျိုးအာနိသံသသည် ကမ္ဘာတစ်သိန်း ကာလပတ်လုံး အပါယ်လေးဝသို့ မကျမရောက် မလားကပ်ရဘဲ လူ့ရပ် နတ်ရပ် ဂတိမြတ်သို့ လားကပ်ကျင်လည် ခံစား၍ နောင်သောအခါ သုမနမည်သော ပစ္စေကဗုဒ္ဓါသည် ဖြစ်ပေလတ္တံ့ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားရှင်သည် ကျောင်းတော်သို့ ကြွတော်မူ၍ ဂန္ဓကုဋိတိုက်သို့ ဝင်တော်မူသောအခါ၌ ထိုမုလေးပန်းတို့သည် တံခါးမုခ်၌ ကျကုန်၏။ ညနေချမ်းအခါ ရဟန်းအပေါင်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ သုမနပန်းသည်၏ ပြုအပ်သော ကောင်းမှုကံသည် အဖန်ဖန်ချီးမွမ်း ပြန့်ပြောလျက် အံ့ဩဖွယ် ရှိလေစွတကား။ သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရားအား အသက်ကိုစွန့်ပြီး ပန်းပူဇော် လှူဒါန်းခြင်းကို ပြု၍ ထိုကောင်းပင် သဗ္ဗညုက မည်သော ဆုမြတ်ကို ရအပ်လေသည်ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋိတိုက်မှထွက်၍ သုံးပါးကုန်သော ကြွသွားတော်မူခြင်း အခြင်းအရာတို့တွင် အမှတ်မရှိ တစ်ပါးပါးသော အခြင်းအရာ ကြွသွားခြင်းဖြင့် တရားသဘင်သို့ ကြွသွားတော်မူ၍ ခင်းထားအပ်သော ဘုရားနေရာ၌ ထိုင်နေ သီတင်းသုံးတော်မူပြီးသော် ချစ်သားရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ယခုအခါ၌ အဘယ်သို့သော တရားစကားဖြင့် ပြောကြားစည်းဝေး တိုင်ပင်ကုန်သနည်းဟု မေးတော်မူသဖြင့် ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားကုန်သည်ရှိသော် ချစ်သားရဟန်းတို့ ဩော် ဟုတ်ပါပေ၏။ အကြင်သို့သော အမှုအား ပြုအပ်သည်၏အဖြစ်ကြောင့် နောင်တ တဖန် ပူပန်ကြေကွဲ ဆင်းရဲခြင်းမဖြစ်၊ အောက်မေ့တိုင်း အောက်မေ့တိုင်းသော ခဏ၌ နှစ်သက်ဝမ်းသာခြင်း သောမနဿသာလျှင် ဖြစ်ပေ၏။ ဤသို့သဘောရှိသော အမှုကို ပြုအပ်သည်သာလျှင်တည်းဟု မိန့်တော်မူပြီးလျှင် စကားတော်ကိုစပ်၍ တရားတော်မြတ်ကို ဟောကြားတော်မူလိုရကား-ဤဂါထာတော်ကို မိန့်တော်မူ၏—

၆၈။ တဉ္စ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ နာနုတပ္ပတိ။
ယဿ ပတီတော သုမနော ဝိပါကံ ပဋိသေဝတိ။

နောင်အဖန် မပူပန်ရသော နှစ်လုံးချမ်းမြည့်ဂွမ်းဆီထိသို့ ပီတိဖြင့် နှစ်သက်သည်ဖြစ်၍ သောမနဿ ကြွကြွလျှမ်းတက် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ ဆည်းပူးကြိုးကုတ် အားထုတ်အပ်သော ပစ်ချဖွယ်ဖြိုး အကျိုးအာနိသင်ကိုများပြင်တည်က မှီ၍သုံးဆောင်ရသော ဆည်းပူးကြိုးကုတ် ပြုလုပ်အပ်သော နှစ်သက် ဝမ်းမြောက်စွာ ခံစားရာမှန် ထိုကောင်းမှုကံသည်ကား ပစ္စုပ္ပန် သံသရာ နှစ်မြွှာစုပေါင်း ကောင်းလှပေ၏။

ထိုဂါထာ၌ ယံ ကတွာ ဟူသည်=လူ နတ်, နိဗ္ဗာန် သုံးတန်သောချမ်းသာကို ပြီးစေနိုင်သော၊ သုခဝေဒနာ၏တည်ရာဖြစ်သော ပြုပြီး မစိုးရိမ်, မပူပန်ရသော စင်စစ် မျက်မှောက်ဘဝ၌ အောက်မေ့တိုင်း အောက်မေ့တိုင်းသောခဏ၌ ပီတိအဟုန်ဖြင့် နှစ်သက်သော သောမနဿအဟုန်ဖြင့် ဝမ်းမြောက်ဝမ်းသာရှိသော၊ နောင်အခါ၌ နှစ်သက်ဝမ်းမြောက်ခြင်းရှိသော အကျိုးကို မှီဝဲခံစားရသော ကောင်းမှုကံကိုပြုခြင်းသည် ကောင်းသောသဘောရှိ၏ ဟူလို။

ဒေသနာတော်၏ အဆုံး၌ ရှစ်သောင်း လေးထောင်ကုန်သော သတ္တဝါတို့ သစ္စာလေးပါးကို သိကုန်၏။

ကိုးခုမြောက် သုမနမာလာကာရဝတ္ထု ပြီး၏။

၁၀— ဥပ္ပလဝဏ္ဏာထေရီဝတ္ထု

အထိတ်ဝတ္ထု

မဓုဝါ မညတိ– အစရှိသော ဤ ဓမ္မဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိတောင်စွန် ဇေတဝန် ကျောင်း၌ ကိန်းအောင်း စံပယ်တော်မူစဉ် ဥပ္ပလဝဏ် ထေရီမကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုဥပ္ပလဝဏ် ထေရီမသည် ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်ကာတွက်ကိန်း ကပ်တစ်သိန်းအကျတွင် ပဒုမုတ္တရ မည်တော်မူသော မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူသတည်း။ ထိုအခါ ဥပ္ပလဝဏ်ထေရီမ၏ အလောင်းသည် အမျိုးသမီးတစ်ဦးဖြစ်၍ ထေရီမတစ်ပါးကို အဂ္ဂသာဝိကာ ရာထူး ချီးကျူးပေးသနားသည်ကို တွေ့မြင်ရလျှင် မိမိလည်း ထိုထေရီမကဲ့သို့ ဖြစ်လိုသော ဆန္ဒ အားကြီးလှသည်ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်မြတ်တို့အား ကြီးကြယ်လှစွာသော အလှူဒါနကို လှူဒါန်းပေးကမ်း၍ ပဒုမုတ္တရ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းပြီးကာ အဂ္ဂသာဝိကာမဆုကို ပန်ဆင်

ဆုတောင်း၏။ မြတ်စွာဘုရားရှင်ကလည်း ကမ္ဘာတစ်သိန်းမြောက်ကျ ဂေါတမဘုရား၏ လက်ထက်၌ ပြည့်စုံလတ္တံ့ဟု ဗျာဒိတ်ကြားတော်မူ၏။ ထိုဒါယိကာမသည် ယင်းသို့သောဘဝမှ သေလွန်၍ လာခဲ့သည်ရှိသော် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး များစွာကုန်သော ကောင်းမှုတို့ကို ဆည်းပူးလျက် လူ့ပြည်၊ နတ်ပြည်တို့၌ ကျင်လည်ခံစား၍ လာခဲ့ရာ ငါတို့မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ နတ်ပြည်မှ စုတိလာခဲ့၍ သာဝတ္ထိပြည်ဝယ် သေဋ္ဌေးမျိုး၌ ပဋိသန္ဓေယူလာ၏။ ဖွားမြင်သောအခါ ကြာညိုပန်းနှင့်တူသော အဆင်းသဏ္ဌာန်ကြန်အင်လက္ခဏာ လွန်စွာလှပ ကြည်လင်ခြင်းရှိသောကြောင့် ထိုသတို့သမီးအား ဥပ္ပလဝဏ္ဏာ ဟူသောအမည်ကို ပြုကုန်၏။

ဥပ္ပလဝဏ္ဏာသတို့သမီးနှင့် လက်ထပ်ရန် တောင်းဆိုကြခြင်း

ထို့နောက် ဥပ္ပလဝဏ္ဏာ သတို့သမီး၏ အရွယ်ရောက်သောအခါ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ ရှိကုန်သော မင်း မှူးမတ်တို့သည် လည်းကောင်း၊ သေဋ္ဌေးသူကြွယ်တို့သည် လည်းကောင်း ဥပ္ပလဝဏ္ဏာ သတို့သမီး၏ ဖခင်သေဋ္ဌေးကြီးအထံသို့ အသင်၏သမီးကို ငါတို့အား ထိမ်းမြားလက်ထပ်ပေးဆောင်ခြင်းကို ပြုပါဘိလော့ ဟူသော သတင်းစကားကို အသီးသီး စေလွှတ်ကုန်၏။ ဇမ္ဗူဒိပ်ကျွန်းလုံး၌ မစေလွှတ်ဖူးသော မင်း မှူးမတ် သူဌေးသူကြွယ်မည်သည် တစ်စုံတစ်ယောက်မျှ မရှိ။ ထို့နောက်မှ သေဋ္ဌေးကြီးက ကြံဆင်ခြင်သည်မှာ ငါသည် အလုံးစုံကုန်သော မင်း မှူးမတ် သူဌေးသူကြွယ်တို့၏ စိတ်အလုံးကို ပြည့်အောင် ယူခြင်းငှာ မစွမ်းနိုင်၊ တစ်ခုသော ဥပါယ်တံမျဉ်အကြောင်းကို ပြုဘော့အံ့ဟု ကြံ၍ မိမိ၏သမီးကို ခေါ်စေပြီးလျှင် ချစ်သမီးအသင်သည် ရဟန်း ပြုခြင်းငှာ စွမ်းနိုင်ပါလတ္တံ့လောဟု မေး၏။ ထိုဥပ္ပလဝဏ္ဏာသတို့သမီးအား ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီကိုဖြည့်၍ အဆုံးစွန်သော ဘဝသို့ ရောက်ပြီးသောသတ္တဝါဖြစ်သောကြောင့် ချစ်သမီးရဟန်းပြုနိုင်ပါအံ့လောဟု ဖခင် သေဋ္ဌေး မေးအပ်သော စကားသည် ဦးခေါင်းထိပ်၌ သွန်းလောင်းအပ်သော အကြိမ်တစ်ရာ ချက်အပ်သော ဆီကဲ့သို့ဖြစ်၍ ဖခင် ကောင်းလှပါပြီ၊ ကျွန်တော်မသည် ရဟန်းပြုပါအံ့ဟု ဝန်ခံပြောဆို၏။

ဥပ္ပလဝဏ် သူတို့သမီး ရဟန်းပြုခြင်း

သေဋ္ဌေးကြီးလည်း ထိုမိမိ၏ သမီးအား ကြီးစွာသော ပူဇော်သက္ကာရကို ပြု၍ ရဟန်းမိန်းမကျောင်းသို့ ပို့ဆောင်ပြီး ရဟန်းပြုစေ၏။ ထိုဥပ္ပလဝဏ္ဏာထေရီမအား ရဟန်းပြုပြီး မကြာမြင့်မီသာလျှင် ဥပုသ်အိမ်၌ အလုပ်အကြိမ်ကျသောကြောင့် ဥပုသ်အိမ်၌ ဆီမီးညှိထွန်းခြင်း ဥပုသ်အိမ်ကို တံမြက်လှည်းခြင်း ပြု၍ မိမိ ညှိထွန်းအပ်သော ဆီမီးလျှံ၌ နိမိတ်ကို ယူပြီး ရပ်နေလျက်

သာလျှင် အဖန်ဖန် မပြတ် ကြည့်ရှုလျက် တေဇောကသိုဏ်း အာရုံရှိသော ဈာန်ကို ဖြစ်စေ၍ ထိုဈာန်ကိုသာလျှင် အခြေပြုပြီးသော် ပဋိသမ္ဘိဒါ အဘိညာဉ်နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုဥပ္ပလ ဝဏ္ဏာ ထေရီမသည် နောက်အဖို့ဖြစ်သော တစ်ရံခါ၌ ဇနပုဒ် ဒေသစာရီ လှည့်လည်ခြင်းကို လှည့်လည်ပြီး၍ ပြန်လာသောအခါ ဘိက္ခုနီ ရဟန်း မိန်းမတို့အား တော၌ နေခြင်းကို ပညတ်တားမြစ်တော်မမူသေးရကား သာဝတ္ထိပြည်၏အနီးဖြစ်သော အမိုက်တော၌ ကြွဝင်၍ သီတင်းသုံးတော်မူ၏။ ထိုအခါ မထေရီမ နေရာ ဖြစ်သော ထိုတောအုပ်၌ ကုဋိကိုပြု၍ ညောင်စောင်းခင်းပြီး တင်းတိမ်ကို ဝန်းရံကုန်၏။

အလွန်မိုက်လှစွာသော နန္ဒလုလင် အဝီစိငရဲ၌ကျခြင်း

ဥပ္ပလဝဏ္ဏာ ထေရီမသည် နံနက်မိုးသောက်အခါ သာဝတ္ထိပြည်၌ ဆွမ်း အလို့ငှာ ကြွဝင်တော်မူပြီး၍ မြို့မှ ထွက်ပြန်လာခဲ့၏။ ဥပ္ပလဝဏ္ဏာထေရီမ ဦးရီး ၏သားဖြစ်သော နန္ဒအမည်ရှိသော လုလင်သည် လူဖြစ်စဉ်ကာလမှ စ၍ ဥပ္ပလဝဏ္ဏာ ထေရီမအား အလွန်လျှင် ချစ်ခင်သော စိတ်ရှိ၏။ ထို နန္ဒလုလင် သည် ဥပ္ပလဝဏ္ဏာ ထေရီမ၏ ကြွလာသော အဖြစ်ကို ကြားသိ၍ မထေရီမ မလာရောက်မီ ရှေးဦးစွာပင်လျှင် အမိုက်တောသို့ သွားရောက်ပြီးသော် မထေရီမ ၏ နေရာကုဋိသို့ဝင်၍ အိပ်ရာညောင်စောင်း၏ အောက်၌ ပုန်းအောင်း၍ နေလင့်၏။ မထေရီမလည်း ပြန်လာပြီးသော် ကုဋိသို့ဝင်၍ တံခါးကိုပိတ်ပြီး၍ ညောင်စောင်းထက်၌ တက်၍ ထိုင်နေကာမျှ အပဖြစ်သော နေပူမှလာခဲ့ရသည် အဖြစ်ကြောင့် ရှုမြင်သောနေရာဝယ် အမိုက်တိုက်သို့ဖြစ်ခြင်း မကင်းရှင်း မပျောက်ပမီ ညောင်စောင်းအောက်မှ ညောင်စောင်းထက်သို့ တက်ပြီး "အချင်းသူမိုက် မဒုက်ဆိုးပါလေလင့်" ဟု မထေရီမသည် တောင်းပန်ပြောဆို ပါလျက်သာလျှင် ဖိစီးနှိပ်စက်၍ မိမိသည် အလိုရှိအပ်သော အမှုကို ပြုပြီး သွားလေ၏။

ထိုအခါ အလွန်မိုက်လှစွာသော နန္ဒလုလင်၏ ဂုဏ်ကျေးဇူးမဲ့သော ခန္ဓာ ကိုယ်ကိုဆောင်ခြင်းငှာ မစွမ်းလေဘိသကဲ့သို့ မဟာပထဝီ မြေကြီးသည် နှစ်ဖြာ ကွင်းလင်း ကွဲလေ၏။ ထိုနန္ဒလုလင်သည် မြေကြီး၏ အတွင်းသို့ ဝင်ရောက်ကျ သွား၍ မဟာအဝီစိငရဲကြီး၌သာလျှင် ဖြစ်လေ၏။ ဥပ္ပလဝဏ္ဏာ ထေရီမသည် လည်း ထိုအကြောင်းကို သီတင်းသုံးဖော် ရဟန်းမိန်းမတို့အား ပြောကြား၏။ ရဟန်းမိန်းမတို့သည် ရဟန်းတို့အား ထိုအကြောင်းကို ကြားကုန်၏။ ရဟန်းတို့ သည် မြတ်စွာဘုရားအား လျှောက်ထားကုန်၏၊ ထိုအကြောင်း စကားကို ကြားသိတော်မူရသော် မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို ခေါ်တော်မူ၍ ချစ်သားရဟန်းတို့၊ ဘိက္ခု-ဘိက္ခုနီ ဥပါသကာ ဥပါသိကာ များစွာကုန်သော

သူအပေါင်းတို့တွင် အမှတ်မထင် အကြင် တစ်စုံတစ်ယောက်သော သူမိုက်သည် မကောင်းမှု အကုသိုလ်ကံကို စီမံပြုလုပ်ရသည်ရှိသော် ပျား တင်လဲ သကာ အစဖြာသော များစွာကုန်သော အရသာတို့တွင် တစ်စုံတစ်ခု သာလျှင် ဖြစ်သော ချိုမြိန် ကောင်းမြတ်သော အရသာကို စားသုံးရသော ယောက်ျား ကဲ့သို့ ရွှင်လန်းနှစ်သက် တက်ကြွသောစိတ် ရှိသည်ဖြစ်၍ မရွံမထိတ် ပြုဘိ၏ဟု အနုသန္ဓေကို စပ်တော်မူ၍ တရားဒေသနာကို ကောင်းစွာ ဟောကြားတော်မူ လိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

၆၉။ ။မဓုဝါ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ။

ယဒါ စ ပစ္စတိ ပါပံ၊ ဗာလော ဒုက္ခံ နိဂစ္ဆတိ—

မကောင်းမှုသည် မကောင်းကျိုး မပေးသေးသမျှ လူမိုက်သည် မကောင်း မှုကို ပျားသကာကဲ့သို့ အောက်မေ့၏။ မကောင်းမှုဆင်းရဲ အကျိုးပေးသော အခါ၌ လူမိုက်သည် ဆင်းရဲရ၏။

ထိုဂါထာ၌ မဓုဝါဟူသည် = ထိုစကားမှန်၏။ ယုတ်မာသော အကုသိုလ်ကံကို ပြုသူလူမိုက်၏၊ ထိုအကုသိုလ်ကံသည် ပျားသကာကဲ့သို့ ရှာမှီးအပ်သော၊ နှစ်သက် အပ်သော အာရုံတို့ကို နှစ်သက်ခြင်းကဲ့သို့ ထင်၏၊ ဤသို့သော လူမိုက်သည် ပျားသကာကဲ့သို့ မှတ်ထင်၏ဟူလို။

ယာဝဟူသည်=ထိုမကောင်းမှုကံသည် ပစ္စုပ္ပန် တမလွန်ဘဝတို့၌ ယုတ်မာ သောအကျိုးကို မပေးသေးသော ကာလပတ်လုံး ဤသို့မှတ်ထင်၏ဟူလို။

ယဒါစဟူသည်=ပစ္စုပ္ပန်ဘဝ၌ ခြေလက်ပြတ်ခြင်းစသော အထူးထူးအပြား ပြားပြုသော တမလွန်ဘဝ၌ ငရဲအစရှိသည်တို့၌ ဆင်းရဲကြီးစွာကို ခံစားသော သူအား မကောင်းမှုကံ အကျိုးပေးသောအခါ၌ ထိုလူမိုက်သည် ဆင်းရဲကိုရ၏ ဟူလို။

ဒေသနာတော်၏အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ် စသည် တို့သို့ ရောက်ကုန်၏။

ရဟန္တာပုဂ္ဂိုလ်တို့အား အာရုံငါးပါး၌ ခုံမင်တပ်မက်ခြင်း မရှိကြောင်း

ထို့နောက် တစ်ပါးသော အခါကာလဝယ် တရားသဘင်၌ များစွာသော လူအပေါင်းသည် ကုန်ပြီးသော အာသဝေါရှိကုန်သော ရဟန္တာတို့သည်လည်း ကာမဂုဏ်ချမ်းသာငါးပါးကို ခုံမင်တပ်မက် နှစ်သက်သာယာခြင်း ရှိကုန်သေး သလော၊ ကာမဂုဏ်ငါးပါးအာရုံကို ခုံမင်တပ်စွဲ မှီဝဲကုန်သေးသလောဟု အချင်းချင်း တစ်ဦးသည် တစ်ဦးအား မေးမြန်းပြီးသောအခါ အသို့နည်း၊

ထိုသူတို့သည် ခြောက်သွေ့သော သစ်ငုတ်ကဲ့သို့ လည်းကောင်း၊ တောင်ပို့ကဲ့သို့ လည်းကောင်း မဟုတ်ကုန်။ စိုစွတ်သောအသားရှိသော ကိုယ်အစိတ် ရှိကြကုန် သည်သာလျှင်တည်း။ ထို့ကြောင့် ထိုရဟန္တာတို့သည်လည်း ငါးပါးအာရုံ ကာမဂုဏ်တို့ကို ခံမင်တပ်မက် နှစ်သက်သာယာခြင်း ရှိကုန်သည်သာလျှင်တည်း။ ငါးပါးအာရုံကာမဂုဏ်ကို ခံမင်တပ်စွဲ မှီဝဲခြင်း ရှိကုန်သည် သာလျှင်တည်း။ ဟူသောစကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားရှင်သည် တရားသဘင်သို့ ကြွဝင်တော်မူလာ၍ ချစ်သားရဟန်းတို့ငါဘုရား ကြွဘော်မူလာဆဲသော ဤယခုအခါ၌ အဘယ်သို့သောစကားဖြင့် ပြောကြားစည်းဝေး ကုန်ဘိသနည်းဟု မေးတော်မူသဖြင့် ဤအမည်ရှိသော အကြောင်းပါဟု လျှောက်ထားကြသည် ရှိသော် ချစ်သားရဟန်းတို့၊ ကုန်ပြီးသော အာသဝေါရှိကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ချမ်းသာ၌ သာယာကပ်ငြိ စွဲလမ်းခြင်း မရှိကုန်၊ ငါးပါးအာရုံ ကာမဂုဏ်ကို ခံမင်တပ်စွဲ မှီဝဲခြင်း မရှိကြကုန်၊ ထိုစကားမှန်၏၊ ချစ်သားရဟန်းတို့ လောကီဥပမာ နှိုင်းစရာ အဘယ်သို့နည်းဟူမူကား ပဒုမ္မာ ကြာဖက်၌ ကျရောက်သော ရေပေါက်ရေစက်သည် မလိမ်းကျံ မကပ်ငြိ မထည်မတုံဘဲ ရွေ့လျော၍ ကျရဘိသကဲ့သို့လည်းကောင်း၊ ပွတ်ဆောက်ဖျား၌ တင်ထားအပ်သော မုန်ညင်းစေ့သည် ကပ်ငြိမတည် ပြန်လည်၍သာ ကျရလေဘိ သကဲ့သို့လည်းကောင်း၊ ထိုအတူသာလျှင် ရဟန္တာပုဂ္ဂိုလ်၏စိတ်၌ ဝတ္ထုကာမ ကိလေသာကာမ နှစ်ပါးသောကာမသည် မကပ်ငြိ မတည်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ မြတ်စွာဘုရားရှင်သည် အနုသန္ဓေကို စပ်တော်မူ၍ တရားကို ဟောကြားတော် မူလိုသောကြောင့် ဗြာဟ္မဏဝဂ်၌ လာသော ဤဂါထာကို ဟောတော်မူ၏—

ဝါရိ ပေါက္ခရပတ္တေဝ၊ အာရဂ္ဂေရိဝ သာသပေါ။
ယော န လိမ္ပတိ ကာမေသု၊ တမဟံ ဗြူမိ ဗြာဟ္မဏံ—

ကြာဖက်ပေါ်၌ ရေမတင်သကဲ့သို့ လည်းကောင်း၊ ပွတ်ဆောက်ဖျားပေါ်၌ မုန်ညင်းစေ့ မတည်သကဲ့ သို့လည်းကောင်း ငါးပါးအာရုံကာမဂုဏ်တို့၌ မလိမ်းကျံ သော ပုဂ္ဂိုလ်ကို မကောင်းမှုကို အပပြုပြီးသောသူဟူ၍ ငါဘုရားသည် ဟောကြားတော်မူ၏။

ဤဂါထာ၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန်စသည် ဖြစ်လေကုန်၏။

မြတ်စွာဘုရားရှင်သည် ပသေနဒီကောသလ မင်းကြီးကို ခေါ်တော်မူ၍ ဒကာတော်မင်းကြီး ဤငါဘုရားရှင်၏ သာသနာတော်၌ သဒ္ဓါတရားအားကြီး ကုန်သော အမျိုးကောင်းသားတို့သည် သာသနာတော်ထမ်း ရဟန်းပြုကုန်

ဘိသက်သို့ အမျိုးကောင်းသမီး ဖြစ်ကုန်သော ဥပါသိကာမတို့သည်လည်း ကြီးကျယ်မြင့်မြတ်သော အခဆွအမျိုး စည်းစိမ်ချမ်းသာတို့ကို စွန့်ပစ်ပယ်ရှား ဘုရားသာသနာတော်ယမ်း ရဟန်းပြုကုန်သည်ဖြစ်၍ တော၌ နေကြကုန်၏။ ထိုသို့တော၌ နေကုန်သည်ရှိသော် ရာဂဖြင့် တပ်စွမ်းကုန်သော ယုတ်မာကုန်သော သတ္တဝါတို့သည် မသိမှဲမြင် ပြုကုန်သဖြင့် ညှင်းပန်းကုန်၏၊ မြတ်သော အကျင့်၏ အန္တရာယ်သို့သော်လည်း ရောက်စေကုန်၏။ ထိုသို့သောအကြောင်းကြောင့် ရဟန်းမိန်းမသံဃာတို့၏နေရာကျောင်းကို မြို့၏အတွင်း၌သာပြုခြင်းငှာ အပ်သည်ဟု မိန့်တော်မူ၏၊ ပသေနဒီကောသလမင်းလည်း ကောင်းပါပြီဟု ဝန်ခံ၍ မြို့၏တစ်ခုသော နံပါး၌သာလျှင် ဘိက္ခုနီမသံဃာ၏ နေရာဖြစ်သော ကျောင်းကို ဆောက်လုပ်စေ၏။ ထိုအခါကာလမှစ၍ ရဟန်းမိန်းမ တို့သည် မြို့ရွာ၏ အတွင်း၌သာလျှင် နေကြကုန်၏ဟု ၎င်းအဋ္ဌကထာ၌ မိန့်တော်မူ၏။

ဆယ်ခုမြောက် ဥပ္ပလဝဏ်ထေရီမဝတ္ထုပြီး၏။

၁၁-ဇမ္ဗုက အာဇီဝက ဝတ္ထု

အတိတ်ဝတ္ထု

မာသေ မာသေ ကုသဂ္ဂေန-အစရှိသော ဤဓမ္မဒေသနာတော်ကို ဘုရားသဗ္ဗညုသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဇမ္ဗုကအမည်ရှိသော အာဇီဝကကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ရှေးလွန်လေပြီးသောအခါ ကဿပ မြတ်စွာဘုရား သာသနာတော်၌ ရွာတစ်ရွာဝယ် နေလေ့ရှိသော သူကြွယ်တစ်ဦးသည် တစ်ပါးသော မထေရ်အား သီတင်းသုံးရာဖြစ်သော ကျောင်းကို ဆောက်လုပ်လှူဒါန်း၍ ထိုကျောင်း၌ သီတင်းသုံးသော မထေရ်ကိုပစ္စည်းလေးပါးတို့ဖြင့် ချီးမြှင့်လုပ်ကျွေး၏၊ ကျောင်းနေ မထေရ်ရဟန်းသည် ထိုကျောင်းဒကာ သူကြွယ်အိမ်၌ အမြဲဆွမ်းဘုဉ်းပေး၏။ ထိုနောက်၌ ရဟန္တာ ရဟန်းတစ်ပါးသည် နံနက်အခါဖြစ်သော နေ့အဖို့ဝယ် ထိုရွာ၏ အတွင်းသို့ ချဉ်းကပ်ခြင်းငှာ ဆွမ်းအလို့ငှာ လှည့်လည်တော်မူလာခဲ့သည်ရှိသော် ထိုကျောင်းဒကာ သူကြွယ်၏ အိမ်တံခါးသို့ ကျရောက်လေ၏။ သူကြွယ်သည် ဣရိယာပထ ပြည့်ဝစုံလင်ခြင်း ရှိသော ထိုရဟန္တာကို မြင်လျှင် ကြည်လင်သွတ်ရှိုင်းသော စိတ်ရှိလှသဖြင့် မိမိ၏အိမ်အတွင်းသို့ ပင့်၍ ရိုသေကောင်းမွန်စွာ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ပြုစုလုပ်ကျွေးပြီးလျှင်

အရှင်ဘုရား ဤပုဆိုးဖျင်ကို ဖုပ်ဆိုး၍ ဝတ်ရုံသုံးဆောင်တော်မူပါကုန်လောဟု ကြီးစွာသော ပုဆိုးပိုင်းကို လှူ၍ပြီးလျှင် အရှင်ဘုရား အရှင်ဘုရား၏ ဆံပင်တို့သည်လည်း ရှည်ကုန်၏။ ဆံကိုချခြင်းငှါ ဆေတ္တာသည်ကို ဆောင်၍လည်းကောင်း၊ အရှင်ဘုရား အိပ်ရာနေရာအလို့ငှါ ညောင်စောင်းကို ယူစေ၍ လည်းကောင်း၊ တပည့်တော် လာခဲ့ပါအံ့။ အရှင်ဘုရားသည် ကျောင်းသို့ ကြွတော်မူပါဟု လျှောက်၏။

ကျောင်းနေ ရဟန်းသည် အာဂန္တုက ရဟန္တာ အရှင်မြတ်အား ဆဲရေးပြစ်မှားခြင်း

အိမ်၌ အမြဲ ဆွမ်းဘုဉ်းပေးသော ကျောင်းနေဖြစ်သော ကုလူပက ရဟန်းသည် ထိုအာဂန္တုက ဧည့်သည် ရဟန္တာအား ပြုအပ်သော ပူဇော်သက္ကာရကိုမြင်၍ ကြည်ရွှင်နှစ်သက်စေခြင်းငှါ မစွမ်းနိုင်၊ ဤ ကျောင်းဒါယကာသည် တစ်ခဏမျှ မြင်အပ်သော အာဂန္တုက ဧည့်သည် ရဟန်းအား ဤသို့ သဘောရှိသော ပူဇော်သက္ကာရကို ပြုဘိ၏။ အိမ်၌ အမြဲမပြတ် ဆွမ်းစား၍ နေအပ်သော ငါ့အားမူကား တစ်စုံတစ်ရာ ပူဇော်သက္ကာရကို မပြုလေဟု ကြံ၍ ကျောင်းသို့ သွား၏။ အာဂန္တုက ဧည့်သည် ရဟန္တာသည်လည်း ထိုအခါ၌က ကျောင်းနေ ရဟန်းနှင့် အတူတကွသာလျှင် လိုက်သွား၍ ကျောင်းသို့ ရောက်သောအခါ သူကြွယ် လှူဒါန်းအပ်သော အဝတ်ပုဆိုးကို ဖွင့်ဆင်း၍ ဝတ်ရုံသုံးဆောင်၏။ သူကြွယ်လည်း ဆေတ္တာသည်ကို ခေါ်လာ၍ မထေရ်၏ ဆံချပြီးမှ ညောင်စောင်းကို ခင်းထားပြီးသောအခါ အရှင်ဘုရား ဤညောင်စောင်း၌ သိတင်းသုံးတော်မူပါလောဟု လျှောက်၍ မထေရ်နှစ်ပါးတို့ကို နက်ဖြန် အလို့ငှါ ပင့်ဖိတ်ပြီးသော် ဖဲသွားလေ၏၊ ကျောင်းနေရဟန်းသည် ထိုအာဂန္တုက ဧည့်သည်ရဟန်းအား ပူဇော်သက္ကာရပြုသည်ကို သည်းခံခြင်းငှါ မစွမ်းနိုင်ပေ။ ထိုနောက် ညချမ်းသောအခါသို့ ရောက်သည်ရှိသော် ကျောင်းနေ ရဟန်းသည် အာဂန္တုက ဧည့်သည် ရဟန်း အိပ်ရာသို့ သွားရောက်၍ ငါ့ရှင် အာဂန္တုက ဧည့်သည်ရဟန်း သူကြွယ်၏ အိမ်၌ ဆွမ်းကို စားသောက်ခြင်းထက် အသင်အား မစင်ဘင်ပုပ်ကို စားသုံးရခြင်းသည် မြတ်သေး၏၊ သူကြွယ်သည် ဆောင်ခဲ့သော ဆေတ္တာသည်ဖြင့် ဆံကိုချခြင်းထက် ထန်းဇာ်ညှပ်ဖြင့် ဆံပင်တို့ကိုနှုတ်၍ ပစ်ခြင်းသည်ကား မြတ်သေး၏။ သူကြွယ်သည် ပေးလှူအပ်သောပုဆိုးကို ဝတ်ရုံခြင်းထက် အသင်အား အဝတ် မဆည်း အချည်းနှီး လှည့်လည်ရခြင်းသည်ကား မြတ်သေး၏။ သူကြွယ်သည် ဆောင်ယူခဲ့သော ညောင်စောင်း၌ အိပ်ခြင်းထက် အသင်အား မြေ၌ အိပ်ခြင်းသည် မြတ်သေး၏ဟု လေးပါးကုန်သော အခြင်းအရာတို့ဖြင့် ပြင်းစွာ ဆဲရေး ရေရွတ်၏။ အာဂန္တုကဖြစ်သော ရဟန္တာမထေရ်လည်း ဤသတ္တဝါမိုက်သည် ငါ့ကို

အမှိုက်ပြု၍ အကြီးအကျယ် ကြောက်မက်ဖွယ်သော အကုသိုလ်ဖြစ်၍ မပျက်စီးပါစေလင့်ဟု ကြံဆင်ခြင်တော်မူ၍ ဒါယကာ ပင့်ဖိတ် လျှောက်ကြားထားသည်ကို မနာမယူ ပမာမမူဘဲ နံနက်စောစောကပင် ထ၍ အလိုရှိသည်အားလျော်စွာ ကြွတော်မူ၏။

ကျောင်းနေရဟန်းလည်း နံနက်စောစောကပင်လျှင် ကျောင်း၌ ပြုဖွယ်ကိစ္စဖြစ်သော ဝတ်ကို ပြုပြီး၍ ဆွမ်းခံသွားချိန် တိုင်သောအခါ၌ ဤယခုအာဂန္တုကရဟန်းသည် အိပ်ပျော်၍ နေ၏။ ကျောက်စည်ထိုးခတ်ကာ ကျောက်စည်၏ အသံဖြင့် နိုးသတိဟူသော အမှတ်ဖြင့် လက်သည်းဖြင့်သာလျှင် ကျောက်စည်ကို ပုတ်ခတ်၍ ရွာသို့ဆွမ်းအလိုငှာ ကြွဝင်၏။ သူကြွယ်လည်း ပူဇော်သက္ကာရကို ပြုစုစီမံ၍ မထေရ်တို့ ကြွလာအံ့သော လမ်းခရီးကိုသာ ကြည့်မျှော်၍ နေသဖြင့် ကြွလာသောအခါ အာဂန္တုက ညွှန်သည်ရဟန်းကို မမြင်သောကြောင့် ကျောင်းနေရဟန်းကို အရှင်ဘုရား မထေရ်သည် အဘယ်မှာနည်းဟု မေးလျှောက်၏။ ထိုအခါ ကျောင်းနေရဟန်းက ဒါယကာ အသင်အာဂန္တုကရဟန်း၏အကြောင်းတစ်ခုံတစ်ခုကိုမျှ ငါ့အား မမေးပါလင့်၊ အသင်၏ ကုလူပက အာဂန္တုကရဟန်းသည် ယမန်နေ့က အသင်ထွက်ပြန်၍ သွားသောအခါ၌ တိုက်ခန် ဝင်ပြီးသော် အိပ်ခြင်းသို့ သက်သဖြင့် နံနက်စောစောကထ၍ ကျောင်းကို တံမြက်လှဲခြင်း၊ သောက်ရေ သုံးရေအိုးတို့၌ သောက်ရေကို တည်ထားခြင်း ယင်းသို့သော အသံတို့ကို ငါပြုပါသော်လည်း မနိုးကြား ကျောက်စည်ခေါင်းလောင်းကို ထိုးခတ်၍ အသံကို ပြုပါသော်လည်း မသိလေဟု ပြော၏။

ဘုရားနှစ်ဆူတို့၏ အကြား၌ ငရဲခံရခြင်း

ဒါယကာ သူကြွယ်သည်လည်း ကြံဆင်ခြင်သည်မှာ ထိုသို့သဘောရှိသော ဣရိယာပုတ်နှင့် ပြည့်စုံသော ငါ၏အရှင်အား ဤမျှလောက် ကြာအောင် အိပ်ခြင်းမည်သည် မရှိပေရာ၊ ဤရဟန်းသည်ကား ထိုအာဂန္တုက ရဟန်းအား ပူဇော်သက္ကာရပြုသည်ကိုမြင်၍ မချတ် ဤအမှုင်နှင့် တစ်စုံတစ်ခုသော စကားကို ပြောကြားအပ်သည် ဖြစ်ပေလတ္တံ့ဟု ကြံ၏။ ကြံဆင်ခြင်ပြီးဖြစ်၍ မိမိ၏ ဉာဏ်ပညာရှိသည်၏အဖြစ်ဖြင့် ကြွလာသော ကျောင်းနေရဟန်းကို ရိုသေကောင်းမွန်စွာ ဆွမ်းကျွေး၍ ထိုရဟန်း၏ သပိတ်ကို ကောင်းစွာ ဆေးကြောပြီးသောအခါ အထူးထူးသော အရသာရှိသော ဘောဇဉ်ဖြင့် ပြည့်စေ၍ အရှင်ဘုရား တပည့်တော်၏ အရှင်အား အကယ်၍ တွေ့မြင်ခဲ့ကုန်အံ့ ဤဆွမ်းကို လှူဒါန်းလိုက်ပါကုန်လော့ဟု ကြားလျှောက်လိုက်၏။ ကျောင်းနေရဟန်းလည်း ဆွမ်းဘောဇဉ်ကို ယူသာခဲ့ပြီးသော် ဤအာဂန္တုက ညွှန်သည်ရဟန်းသည်

ဤသို့ သဘောရှိသော ဆွမ်းဘောဇဉ်ကို အကယ်၍ သုံးဆောင် စားသောက်ရသည်ရှိသော် ဤအရပ်ဌာန၌သာလျှင် တပ်ငြိစွဲလမ်းခြင်းဖြစ်၍ နေလတ္တံ့ဟု ကြံ၍အောက်မေ့၍ လှမ်းခရီးအကြား၌သာလျှင် ဆွမ်းကို စွန့်ပစ်ပြီးလျှင် မဟာထေရ်၏ နေရာဌာနသို့ သွားရောက်၍ ကြည့်ရှုသည်ရှိသော် မတွေ့မမြင်ဘဲ ရှိလေ၏။ ဤမျှလောက် အတိုင်းအရှည်ရှိသော ရဟန္တာအား ပြစ်မှားခြင်း အကုသိုလ်မကောင်းမှုကံကို ပြုအပ်သည်၏အဖြစ်ကြောင့် အနှစ် နှစ်သောင်း ပတ်လုံး ပြုစုအားထုတ်အပ်သည်လည်း ဖြစ်သော ရဟန်းတရားသည် စောင့်ရှောက်ထားမြစ် ပိတ်ပင်ခြင်းငှါမစွမ်းနိုင်သည်ဖြစ်၍ အသက် အပိုင်းအခြား၏ အဆုံး၌ သေလွန်ခြင်းကို ပြုခဲ့သော် အဝီစိငရဲကြီး၌ ဖြစ်၍ ဘုရားရှင်တစ်ဆူ၏ ကာလအကြားပတ်လုံး ကြီးစွာသော ဆင်းရဲကို လဲလှယ်ဖန်ဖန် အပြန်ပြန် ခံစားပြီး ယခု ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ များစွာသောပစ္စည်းဥစ္စာ အစာအာဟာရ ကြွယ်ဝပြည့်ဖြိုး အမျိုးအိမ်တစ်အိမ်၌ ဖြစ်လေ၏။

ဇမ္ဗုကရဟန်း၏ သူငယ်ဘဝ

ထိုသူငယ်သည် ခြေဖြင့်သွားလာနိုင်သော အရွယ်သို့ ကပ်ရောက်သည်မှစ၍ အိပ်ရာနေရာ၌ အိပ်နေခြင်းငှါ အလိုမရှိ ထမင်းဟင်း အစာတို့ကို စားခြင်းငှါ အလိုမရှိ။ မိမိ၏ ကိုယ်မှဖြစ်သော အညစ်အကြေးကိုသာလျှင် စား၏။ အသက်အရွယ် သေးငယ်မိုက်မဲသဖြင့် မလိမ္မာသောကြောင့်သာ ဤကဲ့သို့ ပြုဘိသည်ဟု အောက်မေ့မှတ်ထင်၍ မွေးမြူကုန်၏။ ကြီးရင့်သောအရွယ်သို့ ကျရောက်သော အခါ၌လည်း အဝတ်အရုံကို ဝတ်ရုံခြင်းငှါ အလိုမရှိ။ အချည်းနှီးသာလျှင် လှည့်လည်၏။ မြေ၌အိပ်၏။ မိမိကိုယ်မှဖြစ်သော အညစ်အကြေးကိုသာစား၏။ ထိုအခါ သူငယ်၏ အမိအဖတို့သည် ဤသူငယ်သည် ငါတို့၏ အမျိုးအနွယ်အား မသင့်တင့် မလျော် သက်သက်သောကား အရှက်မရှိသော သူဖြစ်လေသည်။ အာဇီဝကတို့အား သင့်လျော်လျောက်ပတ်ပေလတ္တံ့ဟုကြံ၍ ထိုအာဇီဝကတို့၏ အထံသို့ ဆောင်ပြီးသောအခါ ဤသူငယ်ကို ရဟန်းပြုကြကုန်လော့ဟု ဆောင်နှင်းကြကုန်၏။ ထိုသို့ ဆောင်နှင်းသော အခါ အာဇီဝကတို့သည် ထိုသူငယ်ကို ရဟန်းပြုကြကုန်၏။ ရဟန်းပြုပြီး၍ကား လည်ပင်း ပမာဏရှိကုန်သော တွင်းတို့ကို ပြုလုပ်တူးထား၍ နှစ်ဖက်ကုန်သော အစွန်းတို့၏ အထက်၌ ကျတဲသော အမိုးတုတ်တံကို စီးခင်း၍ ထိုအထက်၌ ထိုင်နေပြီးသော် ထန်းစေ့ညှပ်ဖြင့် ဆံတို့ကို နုတ်ကုန်၏။ ထိုနောက်မှ အမိအဖတို့သည် နက်ဖြန် ဆွမ်းဘောဇဉ် ကျွေးမွေးခြင်းအလို့ငှါ ပင့်ဖိတ်၍ ဖဲသွား ပြန်လည်ကုန်၏။ နက်ဖြန်မိုးသောက် ရောက်သောအခါ အာဇီဝကတို့က ငါ့ရှင်

လာလည့် ရှာသို့ဝင်ကုန်အံ့ဟု ခေါ်သည်ရှိသော် ထိုသူက အသင်တို့သည် **သွား**ကြကုန်လော့။ ငါသည် ဤအရပ်၌သာလျှင်နေရစ်အံ့။ ရွာသို့ဝင်ခြင်းငှါ **အလို**မရှိဟု ငြင်းပယ်သဖြင့် အဖန်ဖန် တောင်းပန်ပြောဆို ပါကုန်သော် **လည်း** အလိုမရှိသောကြောင့် စွန့်ပစ်ချန်ထားခဲ့ပြီး သွားကြကုန်၏။ **ထိုသူ** **သည်လည်း** အဖော် အာဇီဝကတို့ သွားကြသောအဖြစ်ကိုသိ၍ ဝစ္စကုဋီ၌ ကျဲတဲစီခင်းထားအပ်သော တုတ်တံတို့ကို ဖွင့်လှစ်ပြီးသောအခါ မစင်တွင်းသို့ **သက်**၍ လက်နှစ်ဖက်တို့ဖြင့် ယူငင်ပြီးသောအခါ မစင်ဘင်ပုပ်ကို အလုပ် အလွေးပြု၍ စား၏။ အာဇီဝကတို့သည် ထိုသူစားရန်အလို့ငှါ ရွာတွင်းမှ **အာဟာရကို** ပို့လွှတ်ကုန်၏။

ဇမ္ဗုကကို အာဇီဝကတို့က နှင်ထုတ်လိုက်ခြင်း

ထိုအစာအာဟာရကိုလည်း အလိုမရှိသဖြင့် အဖန်တလဲလဲ ပြောဆိုတိုက်**တွန်း** ကြသော်လည်း ငါ့အား ဤအစာ အာဟာရဖြင့် အလိုမရှိ ငါ့အား **ဆ**စာ အာဟာရကို ရအပ်ပြီဟု ပြော၏။ အဘယ်မှာရသနည်းဟု မေးသည်ရှိသော် ဤအရပ်၌ပင်ရသည်ဟု ပြော၏။ ဤသို့သော နည်းဖြင့် နှစ်ရက် သုံးရက် လေးရက်မြောက်သော နေ့တို့၌ ထိုအာဇီဝကတို့သည် များစွာ **ပြောဆို** ပါသော်လည်း ငါ့အား ဤအရပ်၌ပင် အစာအာဟာရ ရပေလတ္တံ့ဟုပြောဆို၍ **ရွာတွင်းသို့**ဝင်ခြင်းငှါ အလိုမရှိဘဲနေ၏။ အာဇီဝကတို့က ဤသူသည် **နေ့တိုင်း နေ့တိုင်း** ရွာသို့ဝင်ခြင်းငှါ အလိုမရှိ။ ငါတို့ စေလွှတ်၍ ပို့အပ်သော **ယာဂု ဘောဇဉ်**ကိုလည်း အလိုမရှိ၊ ဤအရပ်၌သာလျှင် အစာအာဟာရ ရအပ်ပြီဟု **မြွက်**ပယ်ဘိ၏။ အကြောင်းအသို့နည်း ထိုသူကို စူးစမ်း၍ ဖမ်းယူအံ့ဟု **ကြံ**ပြီးသော် ရွာသို့ဝင်ကုန်သော် နှစ်ယောက် သုံးယောက် ကုန်**သော သူတို့**ကိုခြင်းချန်ထားလျက် သွားကြကုန်၏။ နှစ်ယောက် သုံးယောက်ကုန်**သော သူတို့လည်း** နောက်မှ လိုက်သွားဘိသကဲ့သို့ ပြု၍ ပုန်းအောင်းပြီးလျှင် နေကြ**ကုန်၏**။ ထိုအခါ ဇမ္ဗုကသည်လည်း အာဇီဝကတို့ သွားကုန်ပြီဟု မှတ်၍ **ရှေးနည်း**အတူသာလျှင် ဝစ္စကုဋီသို့ သက်၍ မစင်ဘင်ပုပ်ကို စား၏။ ပုန်းအောင်း ခြောင်းမြောင်း၍နေကုန်သော အာဇီဝကတို့လည်း ထိုသို့သော အမူအရာကို **မြင်၍** အာဇီဝကတို့အား ပြောကြားကုန်၏။ ထိုသို့ပြောကြားသည်ကို ကြားသိ **ရသော်** အာဇီဝကတို့က ပြော် ဝန်လေးစွာသော အမှုကို ပြုအပ်စွာ တကား ရဟန်းဂေါတမ၏ တပည့်တို့သည် အကယ်၍ သိကုန်သည်ဖြစ်အံ့။ **အာဇီဝကတို့သည်** မစင်ဘင်ပုပ်ကို **စားသောက်၍** လှည့်လည်ဘိသည်ဟု **ငါတို့၏** အကျော်အစောမဲ့ကို ပြုပေကုန်ရာ၏။ ဤသူသည် ငါတို့အား မသင့် **လျော်**ဟု ပြောဆိုတိုင်ပင်၍ မိမိတို့၏ အထံမှ နှင်ထုတ်ကုန်၏။ ထိုအခါ**က**

ဇမ္ဗုကသည် ဆရာအာဇီဝကတို့ နှင်ထုတ်အပ်သည်ဖြစ်၍ လူအများအပေါင်း၏ ကျင်ကြီးစွန့်ရာ အရပ်ဝယ် ခင်းထားအပ်သော တစ်ခုသောကျောက်ဖျာသည် ရှိ၏၊ ထိုကျောက်ဖြာ၏ နှာခေါင်းအစွန်းဖြစ်သော ကျောက်ဖျာအပြင်ကို မှီနေ၍ နေထိုင်ခြင်းကို ပြုပြီးမှ ညဉ့်အခါကာလဝယ် မစင်ဘင်ပုပ်ကိုစား၍ လူအပေါင်းတို့ ကိုယ်လက်သန့်ရှင်း သုတ်သင်ခြင်းငှာ သွားလာသော ကာလ၌ ဇမ္ဗုက အာဇီဝကအစေလကသည် တစ်ခုသောလက်ဖြင့် ကျောက်ဖျာ၏ အစွန်းကို ထောက်ပြီးသော် တစ်ဖက်သောခြေကို ပင့်မြှောက်၍ ဒူးဖြင့် ထောက်ပြီးမှ အထက်လေသို့ ခွေရှုခံတွင်းကို ဖွင့်၍ တည်၏။

ဇမ္ဗုကအား ကိုးကွယ်ပူဇော်ကြခြင်း

လူအပေါင်းသည် ထိုသို့သော အခြင်းအရာကို မြင်သောအခါ ချဉ်းကပ် ရှိခိုး၍ အရှင်ဘုရား အရှင်မြတ်သည် အဘယ်ကြောင့် ခံတွင်းကိုဖွင့်၍ တည်ဘိ သနည်းဟု မေးလျှောက်၏။ ဒါယကာတို့ ငါသည် လေကို စားသုံးအပ်၏။ ငါ့အား လေမှတစ်ပါးသော အစာအာဟာရမရှိဟု ဆို၏။ ထိုနောက်တစ်ဖန် တစ်ခုသောခြေကို ထောက်ပြီး ဒူးထောက်၍ အဘယ်ကြောင့် တည် ပြန်သနည်းဟု မေးပြန်လျှင် ငါသည် မြတ်သောအကျင့်ရှိ၏၊ ကြမ်းတမ်း ပြင်း ပြသော အကျင့်ရှိ၏။ ငါသည် ခြေနှစ်ဖက်တို့ဖြင့် နင်းထောက်အပ်သည်ရှိသော် မြေကြီး တုန်လှုပ်လတ္တံ့၊ ထို့ကြောင့် တစ်ခုသော ခြေကို မြှောက်ပြီး ဒူးဖြင့် ထောက်တည်ရသည်၊ ငါသည် နေ့ညဉ့်ပတ်လုံး ဤကဲ့သို့အခြင်းအရာဖြင့် ပင် ကာလကို လွန်စေ၏။ ထိုင်နေခြင်းမရှိ၊ အိပ်နေခြင်းမရှိဟု ပြော၏။ လူတို့ မည်သည်ကား များသောအားဖြင့် စကားမျှကိုပင်သော်လည်း အလွန်ယုံကြည် ကုန်၏၊ ထို့ကြောင့် အရှင်မြတ်အား ဤသို့သဘောရှိသော အကျင့်ကို ကျင့် ဘိသည်၊ အံ့ဩဖွယ်ရှိလေစွတကား၊ ငါတို့အား ရှေးအခါက ဤသို့ သဘောရှိသော ပြင်းထန်သောအကျင့် အာစာရကို မမြင်ဘူးလေစွတကားဟု များစွာပြောဆို ချီးမွမ်း၍ များသောအားဖြင့် အင်္ဂ မာဂဓဟုဆိုအပ်သော တိုင်း ကြီးနှစ်တိုင်း၌ နေလေ့ရှိကုန်သော သူတို့သည် ချောက်ချားတုန်လှုပ်ခြင်း ဖြစ်ကုန်၍ မှိဝဲဆည်းကပ်ကုန်ပြီး လဘိုင်း လတိုင်း ကြီးစွာသော ပူဇော်သက္ကာရကို ဆောင်ကြကုန်၏၊ ထိုဇမ္ဗုက အာဇီဝကသည် ငါကား လေတည်းဟူသော အစာကိုသာ စား၏၊ တစ်ပါးသော အာဟာရကို မမှီဝဲ မသုံးဆောင် တစ်ပါးသောအစာ အာဟာရကို မှီဝဲသုံးဆောင်သည်ရှိသော် အကျင့်ပျက်ထတ္တံ့ဟု ထိုသူတို့ဆောင်ယူလာသော အစာအဟာရကို တစ်စုံ တစ်ခုမျှ အလိုမရှိသောအားဖြင့် ပယ်မြစ်၏။ လူတို့သည်း အရှင်ဘုရား အကျွန်ုပ်တို့အား ပျက်ဆီးခြင်းကို မပြုပါလင့် အရှင်ကဲ့သို့ သဘောရှိသော

ပြင်းပြသော အကျင့်ရှိသောပုဂ္ဂိုလ်သည် သုံးဆောင်ခြင်းကို ပြုအပ်သည်ရှိသော် အကျွန်ုပ်တို့အား မြင့်ရှည်စွာသော နေ့ညဥ့်ပတ်လုံး အကျိုးစီးပွား များပြားချမ်းသာခြင်းငှာ ဖြစ်ပါလိမ့်မည်ဟု အဖန်တလဲလဲ တောင်းပန်ကုန်၏။ ဇမ္ဗုကသည် ငါ့အား တက်ပါးသော အစာအာဟာရဖြင့် မနေစ်သက်ဟု ပယ်ဖျက်ပါသော်လည်း လူတို့၏ တန်တန်တောင်းပန်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ထိုလူတို့သည် ဆောင်ယူခဲ့အပ်ကုန်သော ဆောပတ် တင်လဲ စသည်တို့ကို မြက်ဖျားဖြင့်ယူ၍ လျှာထက် တင်ထားပြီးလျှင် သွားကြကုန်လော့၊ ဤမျှလောက်ဖြင့် အသင်တို့အား အကျိုးစီးပွား များလောက်ပေပြီဟု လွှတ်လိုက်၏။ ဤသို့သောနည်းဖြင့် ဇမ္ဗုကသည် ငါးဆယ့်ငါးနှစ်တို့ပတ်လုံး အချည်းနှီးအဝတ်မကပ် မစင်ဘင်ပုပ်ကိုစား၍ ဆံတို့ကိုနုတ်လျက် မြေ၌အိပ်ပြီးလျှင် ကာလကို လွန်စေ၏။

မြတ်စွာဘုရား ဇမ္ဗုကထံသို့ ကြွတော်မူခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်တို့အားလည်း မိုးသောက်ယံ အခါ၌ လောကကို ကြည့်ရှုတော်မူခြင်း သဘောကို မစွန့်လွှတ်အပ်သည်သာလျှင် ဖြစ်ပေ၏။ ထို့ကြောင့် တစ်နေ့သောနေ့၌ လောကကို ကြည့်တော်မူသော မြတ်စွာဘုရားကိုယ်တော်မြတ်အား ဤဇမ္ဗုကအာဇီဝကသည် ဉာဏ်တော်တည်းဟူသောကွန်ရက်၏အတွင်း၌ ထင်လာ၏၊ မြတ်စွာဘုရားနှင့်သည် အသို့ဖြစ်လတ္တံ့ နည်းဟု ဆင်ခြင်တော်မူပြန်သည်ရှိသော် ထိုဇမ္ဗုက အာဇီဝကအား ပဋိသမ္ဘိဒါ တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်အံ့သော ဥပနိဿယ၏ ပြည့်စုံခြင်းကို မြင်တော်မူ၍ ငါဘုရားသည် ထိုဇမ္ဗုကကို အစပြု၍ တစ်ခုသော ဂါထာကို ဟောကြားတော်မူပေအံ့၊ ထိုဒေသနာဂါထာ၏ အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့အား အကျွတ်တရားကို ရခြင်းဖြစ်ပေလတ္တံ့၊ ဤ အမျိုးကောင်းသားကို အမှီပြု၍ လူများ အပေါင်းအား ချမ်းသာခြင်းသို့ ရောက်ပေလတ္တံ့ဟုမြင်တော်မူသောကြောင့် တဖန်မိုးသောက်ရောက်သောအခါ ရေကိုယ်ပြည့်၍ ဆွမ်းအလို့ငှာ လှည့်လည်တော်မူ၍ ဆွမ်းခံရာမှ ဖဲကြွတော်မူသည်ရှိသော် အရှင်အာနန္ဒာမထေရ်ကို ခေါ်တော်မူပြီးလျှင် ချစ်သားအာနန္ဒာ ငါဘုရားသည် ဇမ္ဗုက၏ အာဇီဝက အထံသို့ ကြွတော်မူအံ့ဟု မိန့်တော်မူ၏၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားတို့ တစ်ပါးတည်းသာ ကြွတော်မူကုန်အံ့လောဟု အရှင်အာနန္ဒာမထေရ်က မေးလျှောက်လျှင် ဩော်ဟုတ်ပေ၏။ အာနန္ဒာ ငါဘုရား တစ်ပါးတည်းသာ ကြွသွားတော်မူအံ့ဟု မိန့်တော်မူပြီး၍ ညနေချမ်းအခါဝယ် ဇမ္ဗုကအာဇီဝက၏ အထံသို့ မြတ်စွာဘုရား ကြွသွားတော်မူ၏။

နတ်များအပေါင်းတို့လည်း မြတ်စွာဘုရားရှင်သည် ဇမ္ဗုက အာဇီဝက၏ အထံသို့ ကြွသွားတော်မူ၍၊ ထိုဇမ္ဗုက အာဇီဝကသည်ကျင်ကြီးကျင်ငယ်ဒန့်ပူ စားဘတ် စခသော စက်ဆုပ်ဖွယ်သော အညစ်အကြေး ရှုပ်ထွေးသော ကျောက်ဖျာ အပြင်နေရာ၌ နေဘိ၏။ မိုးကိုရွာစေခြင်းငှာ သင့်လျော်၏ဟု ကြံ၍မိမိတို့၏အာနုဘော်ဖြင့် ထိုခဏ၌သာလျှင်မိုးကိုရွာစေကုန်၏၊ ကျောက်ဖျာ အပြင်သည် အညစ်အကြေးကင်း၍စင်ကြယ်သန့်ရှင်းခြင်းဖြစ်လေ၏၊ ထို့နောင်မှ ကျောက်ဖျာ၏အထက်၌ အဆင်းငါးမျိုးရှိသော ပန်းမိုးကို ရွာစေကုန်၏။

ဇမ္ဗုကသည် မြတ်စွာဘုရားအား အမျက်ထွက်ခြင်း

မြတ်စွာဘုရားရှင်သည် ညချမ်းသောအခါ၌ ဇမ္ဗုကအာဇီဝက၏ အထံသို့ ကြွတော်မူ၍ ဇမ္ဗုက-ဟု အသံတော်ကို ပြုတော်မူ၏၊ ဇမ္ဗုကလည်း အဘယ်သို့သော သူယုတ်မာသည် ငါ့အား ဇမ္ဗုကဟူသော ခေါ်ဝေါ်ခြင်းဖြင့်ခေါ်ဝေါ်ပါလိမ့်မည်နည်း ကြံ၍ငါ့အား ခေါ်သောသူသည် အဘယ်သူဖြစ်သနည်းဟု မေး၏၊ ဘုရားကိုယ်တော်မြတ်က ဇမ္ဗုက ငါခေါ်အပ်သည်ဟု မိန့်တော်မူလျှင် ရဟန်းကြီး အဘယ်အကြောင်းကြောင့် ခေါ်သနည်းဟု မေး၏။ ဇမ္ဗုက ငါ့အားယနေ့ တစ်ညဉ့်မျှ တည်းခိုနေထိုင်ခြင်းငှာ တစ်ခုသောနေရာကို ပေးပါလောဟု မိန့်တော်မူလျှင် ရဟန်းကြီး ဤနေရာဌာန၌ တည်းခိုနေထိုင်စရာ တစ်စုံတစ်ခုမျှမရှိဟု ပယ်မြစ်၏ ဇမ္ဗုက ဤသို့မပြုလင့်၊ တစ်ညဉ့်မျှကာလ နေရာဌာနကို ငါ့အား ပေးဘိလော့၊ ရဟန်းမည်သည်ကား ရဟန်းကိုရောနှော စပ်ယှက် နှစ်သက်တောင့်တကုန်၏၊ လူတို့မည်သည် လူအချင်းချင်းကိုရောနှော စပ်ယှက် နှစ်သက်တောင့်တကုန်၏၊ သားတို့မည်သည် သားအချင်းချင်းကို ရောနှောစပ်ယှက် နှစ်သက်တောင့်တကုန်၏ဟု မြတ်စွာဘုရား မိန့်တော်မူလျှင် အသို့နည်း၊ အသင်သည် ရဟန်းပင်လောဟု ပြန်၍မေးသဖြင့် ဩော်ရဟန်း ဟုတ်ပေ၏ဟု မိန့်တော်မူသည်ရှိသော် အသင်အား ရဟန်းဖြစ်ခဲ့ပါလျှင်ဗူးအုံ အခိုးတံ မီးမွှေခယောက်မ တို့သည် အဘယ်မှာရှိသနည်း။ ယင်ပွတော်သော ချည်သည် အဘယ်မှာရှိသနည်းဟု မေးပြန်သဖြင့်ဇမ္ဗုကငါ့အားဗူးအုံ အခိုးတံ စသည်တို့သည်ရှိ၏။ အသီးသီးယူငင်၍ လှည့်လည်ရခြင်းသည် ဆင်းရဲငြိုငြင် ပင်ပန်းသည်၏အဖြစ်ကြောင့် အတွင်း၌သာလျှင် သွင်းထားပြီး လှည့်လည်ဘိ သည်၊ အသို့နည်း အသင်သည် ထိုဗူးအုံ အခိုးတန် စသည်တို့ကို ကိုင်ငင်ဆွဲယူ၍ လှည့်လည် ဘိသလောဟု မေးတော်မူသည် ရှိသော် ဇမ္ဗုကသည် အမျက်ထွက် လေ၏၊

ထိုအခါ ဘုရားကိုယ်တော်မြတ်က ဇမ္ဗုကရှိပါစေတော့၊ အသင်သည် ငါ့အား အမျက်မထွက်လင့်၊ ငါ့အား တည်းခိုနေထိုင်ရာ နေရာတစ်ခုကိုသာ ကြားဖလော့ဟု မိန့်တော်မူပြန်သောအခါ ရဟန်းကြီး ဤနေရာ၌ှာနှ၌ တည်းခို နေထိုင်ရာ မရှိပါဟူ၍သာ ပယ်မြစ်၏၊ မြတ်စွာဘုရားရှင်သည် ဇမ္ဗုက၏နေရာမှ မနီးမဝေးဖြစ်သော အရပ်၌ တစ်ခုသော တောင်းဝှမ်းသည်ရှိ၏၊ ထိုတောင် ဝှမ်းကို စူစမ်းတော်မူ၍ ဇမ္ဗုက ဤတောင်ဝှမ်း၌ အဘယ်သူနေသနည်းဟု မေးတော်မူလျှင်ရဟန်းကြီးဤနေရာ၌မူက ား နေ့သောသူ တစ်စုံတစ်ယောက်မျှ မရှိပေဟု ပြောဆိုသဖြင့် ထိုသို့ ဖြစ်လျှင် ငါ့အား ဤနေရာကိုခွင့် ပေးဘိလော့ဟု မိန့်တော်မူသော် ရဟန်းကြီး အသင်သည်ပင် စိစစ်ကြည့်ရှု၍ နေလေတော့ဟု ခွင့်ပြု၏ မြတ်စွာဘုရားရှင်သည် တောင်ဝှမ်း၌ နိသီဒိုင်ကို ခင်းတော်မူပြီးထိုင်နေ သီတင်းသုံးတော်မူ၏။

မြတ်စွာဘုရားအား နတ် ဗြဟ္မာအပေါင်းတို့ လာရောက် ပူဇော်ကြခြင်း

ညဉ့်၏ ပဌမယာမ်၌နတ်မင်းကြီးလေးယောက်တို့သည် အရပ်လေးမျက်နှာ တို့ကို အလင်းရောင်တစ်ချက်မျှ ပြုကုန်လျက် မြတ်စွာဘုရားသို့ ခစားခြင်းငှာ လာရောက်ကြကုန်၏။ဇမ္ဗုကသည် အရောင်အလင်းကို မြင်၍ ဤအရောင်သည် အဘယ်သို့သော အရောင်ပေနည်းဟု ကြံ၏။ မဇ္ဈိမယာမ်၌ သိကြားမင်းသည် လာ၏။ ဇမ္ဗုကသည် သိကြားမင်း၏ ကိုယ်ရောင်ကိုမြင်၍ ဤအရောင်သည် လည်း အဘယ်အရောင် ဖြစ်ပါလိမ့်မည်နည်း ဟု ကြံ၏။ ပစ္ဆိမယာမ်၌ လက် တစ်ချောင်းဖြင့် စကြဝဠာတစ်သောင်းကို လက်နှစ်ချောင်းတို့ဖြင့် စကြဝဠာ နှစ်သောင်းတို့ကို အရောင်ဖြင့် နှံ့ခြင်းငှာ စွမ်းနိုင်သော မဟာဗြဟ္မာမင်းသည် အလုံးစုံသော တောအုပ်ကို တပြိုင်နက်တည်း အရောင်အလင်းကို ပြုလျက် ဆည်းကပ်လာ၏ ဇမ္ဗုကသည် ဤအရောင်သည်လည်း အဘယ်သို့သော အရောင် ပေနည်းဟု ကြံ၍ နံနက်မိုးသောက် ကျရောက်သောအခါ စောစောကပင်လျှင် မြတ်စွာဘုရားရှင်၏ အထံသို့သွားရောက်၍ ပဋိသန္ထာရကိုပြုပြီးသော် တင့်အပ် လျောက်ပတ်သော အရပ်၌တည်၍ မြတ်စွာဘုရားရှင်ကို ရဟန်းကြီး အရပ်လေးမျက်နှာတို့ကို တလျှပ်လျှပ် တဝင်းဝင်း ထွန်းလင်းတောက်ပစေ လျက် အသင်၏ ထံမှောက်သို့ အဘယ်သူတို့သည် လာရောက်ကုန်သနည်းဟု မေး၏၊ စတုမဟာရာဇ် နတ်မင်းကြီးတို့ပေတည်းဟု မိန့်တော်မူလျှင် အဘယ် အကြောင်းကြောင့် လာကုန်သနည်းဟု မေးပြန်၏၊ ငါ့အား ခစားမှုဝဲ ဆည်းကပ်ခြင်းငှာ လာကုန်သည်ဟု မိန့်တော်မူပြန်သော် အသို့နည်း ရဟန်းကြီး

အသင်သည် ထိုနတ်မင်းကြီးတို့ထက်ပင် မြတ်သေးသလောဟု မေးပြန်၏။ ဩော်-ဟုတ်ပေ၏၊ ဇမ္ဗုက ငါသည် ထိုနတ်မင်းကြီးတို့ထက်လွန်ကဲထူးမြတ်သော နတ်မင်းအစစ် ဖြစ်ပေသည်ဟု မိန့်တော်မူလျက် မဏ္ဍိမယာမ်၌ အဘယ်သူ လာသနည်းဟု မေးပြန်၏၊ ဇမ္ဗုက နတ်တို့ကို အစိုးရသော သိကြားမင်း လာသည်ဟု မိန့်တော်မူသော် အဘယ်အကြောင်းကြောင့် လာသနည်းဟု မေးသဖြင့် ငါ့အား ခစားမှိဝဲခြင်းငှာ လာသည်ဟုမိန့်တော်မူသော် အသျှင်နည်း အသင်သည် သိကြားနတ်မင်းထက်ပင် မြတ်သေးသလောဟု မေးပြန်သော် ဩော် ဟုတ်လှပေ၏၊ ဇမ္ဗုက သိကြားနတ်မင်း ထက်ပင် သော်လည်း ငါသည် မြတ်၏ဤသိကြားနတ်မင်းသည် ငါ့အား သူနာအလုပ်အကျွေးဖြစ်သော ကပ္ပိယကာရက သာမဏေနှင့် တူ၏ဟု မိန့်တော်မူ၏။

ဇမ္ဗုက-က ရဟန်းကြီး ထိုနောက် ပစ္ဆိမယာမ်၌ အလုံးစုံသောတောအုပ်ကို ဖုံးအုပ်မောက်လွှမ်း အရောင်ဖြင့် ထွန်းလင်းစေလျက် အဘယ်သူသည် လာ သနည်းဟု မေးပြန်၏။ ဇမ္ဗုက လောက၌ ပုဏ္ဏားစသောလူမျိုးတို့ ချေဆတ် သည်ရှိသော် ချွတ်ချော်သည်ရှိသော် "နမော မဟာဗြဟ္မုနော" ဟု ဆို ရကုန်၏။ ထိုပုဏ္ဏား စသော လူမျိုးတို့ ဦးတင် ဆည်းကပ်ရာ ဖြစ်သော မဟာဗြဟ္မာမည်သည် ရှိပေ၏။ ထိုဗြဟ္မာမင်း ပေတည်းဟု မိန့်တော်မူလျှင် အသျှင်နည်း အသင်သည် မဟာဗြဟ္မာကြီးထက်ပင် မြတ်သေးသလောဟု မေး လျှောက်ပြန်သဖြင့် ဇမ္ဗုက ဩော်-ဟုတ်လှပေ၏ ငါသည် ဗြဟ္မာ တကာတို့ ထက် ထွတ်မြတ်လွန်ကဲသော ဗြဟ္မာပေတည်းဟု မိန့်တော်မူသည်ရှိသော် ရဟန်းကြီး အသင်သည် အလွန်အကျူးအထူးသဖြင့် ချီးမွမ်းအံ့ဩဖွယ်ရှိလေစွ ငါးဆယ့်ငါးနှစ်ပတ်လုံး ဤအရပ်၌နေသော ငါ့အား စတုမဟာရာဇ်နတ်မင်း၊ သိကြားမင်း ဗြဟ္မာမင်းတို့တွင် တစ်စုံတစ်ယောက်မျှပင် သော်လည်း ခစား ဆည်းကပ်ခြင်းငှာ လာဖူးသည် မရှိ။

ဇမ္ဗုကသည် မြတ်စွာဘုရားအား လှည့်ပတ်၍ လျှောက်ထားခြင်း

ငါသည် ဤမျှလောက် ရှည်စွာသော ကာလပတ်လုံး လေကိုသာစားပြီး ... ဟည်လျက်-ဘကျင့် ကာလကို လွန်စေ၍ ကျင့်ကြံအားထုတ်၏ ထိုမျှ လောက် အားထုတ်ပါသော်လည်း ငါ့အား တစ်စုံတစ်ယောက် မျှသော နတ်၊ သိကြား၊ ဗြဟ္မာသည် ဆည်းကပ်အံ့သောငှာ မလာဖူးလေဟု ပြောဆိုလျှင် မြတ်စွာဘုရားရှင်က ဇမ္ဗုက အသင်သည် လောက၌ မိုက်မဲတွေဝေသော လူ များအပေါင်းကို လှည့်ပတ်၍ ရသဖြင့် ယခု ငါဘုရားအား လှည့်ပတ်ခြင်းငှာ အသင် အလိုရှိဘိ၏ အသင်သည် ငါးဆယ့်ငါးနှစ်တို့ပတ်လုံး မစင်ဘင်ပုပ်ကို

သာစား၍ မြေ၌သာလျှင်အိပ်ပြီး အဝတ်မဝတ်ဘဲ အချည်းနှီး လှည့်လည်၍ နေဘိသည်မဟုတ်တုံလော ထန်းစေ့ဖြင့် ဆံတိုကို နုတ်သည် မဟုတ်တုံလော ဤသို့သော အခြင်းအရာ ဖြစ်ပါလျက် လောက၌ လူအပေါင်းကို လှည့်ပတ်ပြီး ငါသည် လေကိုစား၏။ တစ်ခုသောခြေဖြင့်သာ ရပ်တည်၏ထိုင်နေခြင်း, အိပ်နေခြင်းမရှိဟု ပြောဆိုဘိ၏ ယခုလည်း ငါ့ဘုရားအား လှည့်ပတ်လိုဘိ၏ ဇမ္ဗုက အသင်သည် ရှေးရှေးသော ဘဝဖြစ်စဉ်၌ ယုတ်မာသော အယူကိုမှီ၍ ဤမျှလောက်သော ကာလပတ်လုံး မစင်ဘင်ပုပ်ကိုစားလျက် မြေ၌ အိပ်ပြီးသောအခါ အချည်းနှီး လှည့်လည်၍ ထန်းစေ့ဖြင့် ဆံပင်ကို နုတ်ရခြင်းသို့ရောက်၏။ ယခုအခါ၌လည်း ယုတ်မာသော အယူကို ယူပြန်ဘိသည်ဟု မိန့်တော်မူ၏။

ဇမ္ဗုက-က ရဟန်းကြီး ငါသည် အဘယ်သို့သော မကောင်းမှုကို ပြုဖူးသနည်းဟုမေးသဖြင့် ထိုအခါ မြတ်စွာဘုရားရှင်သည် ရှေးကပြုခဲ့ဖူးသော မကောင်းမှုကို ပြန်ကြားတော်မူ၏။ မြတ်စွာဘုရားပြန်ကြား၍ ဟောစဉ်ပင် ဇမ္ဗုကအား ထိတ်လန့် တုန်လှုပ်ပြီး ရှက်ခြင်း, ကြောက်ခြင်းဟူသော ဟိရိ ဩတ္တပ္ပတရား ဖြစ်ပေါ်လာပြီးလျှင် ဆောင့်ကြောင့် ထိုင်နေ၏။

ဇမ္ဗုကသည် ပဋိသမ္ဘိဒါပတ္တ "ဟေဟိဘိက္ခု" ရဟန်းဖြစ်ခြင်း

ထိုအခါ မြတ်စွာဘုရားရှင်သည် ရေသနုပ်ကိုပစ်၍ ပေးသနားတော်မူ၏။ ဇမ္ဗုကသည် ထိုရေသနုတ်ကို ဝတ်၍ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီးသော် သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေ၏။ မြတ်စွာဘုရားရှင်သည်လည်း ထိုဇမ္ဗုကအား တရားစကားအစဉ်ကို ဟောကြားတော်မူသည် ရှိသော် ဒေသနာ၏အဆုံး၌ ဇမ္ဗုကသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ နေရာမှထပြီးလျှင် မြတ်စွာဘုရားရှင်ကို ကြည်ညိုညွတ်လျိုးခိုးပြီးသော် ရှင်အဖြစ်ကို လည်းကောင်း၊ ပဉ္စင်းအဖြစ်ကို လည်းကောင်း တောင်းပန်၏၊ ဤမျှလောက်သော အပြစ်ဝိပါကကို ခံစားရသဖြင့် ထိုဇမ္ဗုကအား ရှေး၌ပြုအပ်သောကံသည် ကုန်ခြင်းသို့ ရောက်လေ၏။ ထိုစကားမှန်၏။ ဤဇမ္ဗုကသည် ရဟန္တာမထေရ်မြတ်ကို လေးပါးကုန်သော ဆဲရေးရေရွတ်ခြင်းတို့ဖြင့် ဆဲရေး ရေရွတ်၍ မဟာပထဝီမြေကြီး တစ်ယူဇနာနှင့်သုံးဂါဝုတ်အထက်သို့တက်ကြွမြင့်မောက်သည့်တိုင်အောင် အဝီစိငရဲ၌ ကျက်၍ခံစားရပြီးလျှင် ထိုအဝီစိငရဲ၌ ခံစားရပြီးသောအကျိုးအကြွင်း၏ အစွမ်းဖြင့် ငါးဆယ့်ငါးနှစ်တိုင်အောင်တိုင်တိုင်သည်ကား ဤသို့သော ဖောက်ပြန်ပျက်စီးခြင်းကို ရောက်ရလေ၏။ ထိုမျှသောက်ဖြင့်ဇမ္ဗုကအား ထိုအကုသိုလ် မကောင်းမှုကံသည် ကုန်ခြင်းသို့ရောက်လေ၏။ အဘယ်ကြောင့်

ကုန်ခြင်းသို့ရောက်လေသနည်း ဟူမူကား ကဿပမြတ်စွာဘုရား သာသနာတော်က အနှစ်နှစ်သောင်းတို့ပတ်လုံး ဤဇမ္ဗုကသည် ကြိုးစားအားထုတ် ပြုလုပ်ခဲ့ဖူးသော ရဟန်းတပါး၏ အကျိုးအာနိသံကို ဤအကုသိုလ်ကံသည် ပယ်လှန်ဖျက်စီးအားမြစ်ခြင်းငှာ မစွမ်းနိုင်လေ၊ ထို့ကြောင့် ကုန်ခြင်းသို့ ရောက်ရလေသတည်းဟု ရင်းအဋ္ဌကထာ၌ မိန့်တော်မူ၏။

မြတ်စွာဘုရားရှင်သည် ထိုဇမ္ဗုကက ရဟန်းပြုပါမည် အကြောင်းကို တောင်းပန် လျှောက်ထားသော် လက်ယာလက်တော်ကို ဆန့်တော်မူ၍—

ချစ်သား ရဟန်းလာလှည့် အလုံးစုံသော ဆင်းရဲအပေါင်း၏ အဆုံးကို ပြုခြင်းငှာ မြတ်သောအကျင့်ကို ကောင်းစွာကျင့်ဘိလော့—

ဟုမိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော ခဏ၌သာလျှင် ထိုဇမ္ဗုကအား လူ့တို့၏အသွင် ကွယ်ပျောက်၍ ရှစ်ပါးသော ပရိက္ခရာတို့ကို ဆောင်လျက် ဝါတော် ခြောက်ဆယ် ရင့်ကြွယ်သော မထေရ်ကြီးကဲ့သို့ တရည်တည်း အထမြောက်သည် ဖြစ်လေ၏ဟု မိန့်တော်မူ၏။

လူအပေါင်းတို့၏ ယုံမှားမှုကို ဇမ္ဗုကသည် ပယ်ရှား၍ပြခြင်း

ထိုနေ့သည်ကား အင်္ဂမဂဓ နှစ်ဌာနခရိုင် နိုင်ငံနေလူ ပြည်သူပြည်သား အပေါင်းတို့၏ ထိုဇမ္ဗုကအား ပူဇော်သက္ကာရကို ယူငင်ပြီး အလှည့်အကြိမ်ကျ၍ လာကြကုန်သော နေ့ဖြစ်ပေသတတ် ထို့ကြောင့် နှစ်တိုင်းပြည်သား ယောကျ်ားမိန်းမတို့သည် ပေးလှူပူဇော်ဖွယ်ဝတ္ထုကို ပြုစုမပျက် လက်၌ကိုင်စွဲကာ လာကြကုန်သည်ရှိသော် မြတ်စွာဘုရားရှင်နှင့် အရှင်ဇမ္ဗုကနေကြသည်ကို တွေ့မြင်သောအခါ အသို့နည်း ငါတို့ဆရာဖြစ်သော အရှင်ဇမ္ဗုကပင် တန်ခိုးကြီးမြတ်သလော။ သို့တည်းမဟုတ် ရဟန်းဂေါတမပင် တန်ခိုးကြီးမြတ်ပါသလောဟု ကြံ၍ ရဟန်းဂေါတမသည် အကယ်၍ တန်ခိုးကြီးမြတ်သည် ဖြစ်ခဲ့ဘိအံ့ ဤအရှင်ဇမ္ဗုကသည် ရဟန်းဂေါတမ၏ အထံသို့ သွားပေရာ၏ ဇမ္ဗုကအာဇီဝက၏ တန်ခိုးကြီးမြတ်သည်၏ အဖြစ်ကြောင့်သာလျှင် ရဟန်းဂေါတမသည် ဇမ္ဗုကအာဇီဝက၏ အထံသို့ လာရသည်ဟု ကြံကြကုန်၏။ မြတ်စွာဘုရားရှင်သည် လူများအပေါင်း၏ အကြံကို ဉာဏ်တော်ဖြင့် မြင်တော်မူ၍ ဇမ္ဗုက အသင့်အလုပ်အကျွေးဖြစ်ကုန်သော ဒါယကာ ဒါယိကာမတို့၏ယုံမှား သံသယကို ပယ်ရှား ဖြတ်တောက်ဘိလော့ဟု မိန့်တော်မူ၏၊ ဇမ္ဗုကကလည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည်လည်း ဤသို့သော အခြင်းအရာကိုသာလျှင် တောင့်တ၍ နေပါသည်ဟု လျှောက်

ကြားပြီးလျှင် စတုတ္ထချောန်ကို ဝင်စား၍ ချောန်မှထတော်မူသည်ရှိသော် ထန်းပင်တစ်ဆင့်ခန့် ပမာဏရှိသော ကောင်းကင်သို့ ပျံတက်၍ ဘုန်းတော်ကြီးတော်မူပေသော မြတ်စွာဘုရား အရှင်မြတ်သည် ဆရာပါပေတည်း တပည့်တော်သည် အရှင်မြတ်၏ တပည့်သာဝကပါတည်းဟု ကြားလျှောက်၍ အောက်သို့သက်ဆင်းပြီး ခြေတော်စုံကို ရှိခိုးဦး တိုက်၏၊ ထိုနောက် တစ်ဖန် ထန်းနှစ်ဆင့် ထန်းသုံးဆင့်ခန့် စသည်တို့ဖြင့် ပွား၍ ပွား၍ ထန်းခုနစ်ဆင့်တိုင်အောင် ကောင်းကင်သို့ တက်၍ ဆင်းသက်ပြီးသောအခါ မိမိ၏ တပည့်သာဝကအဖြစ်ကို သိစေ၏၊ ထိုသို့သော အခြင်းအရာကို မြင်၍ လူအပေါင်းတို့သည် ဘုရားတို့မည်သည်ကား အလွန်အကျူး အထူးသဖြင့် အံ့သြဖွယ်ရှိပေစွတကား မနှိုင်းယှဉ်နိုင်သော ကျေးဇူးတော် ဂုဏ်တော် ရှိပါပေ၏ဟု ကြုံဆင်ခြင်ကြကုန်၏။

မြတ်စွာဘုရားရှင်သည် လူများအပေါင်းနှင့် အတူတကွ စကားပြောဆိုတော်မူလိုသည် ဖြစ်သောကြောင့် ဤသို့သော စကားကို မိန့်တော်မူ၏။ ဤဇမ္ဗုကသည် ဤမျှလောက်သော ကာလပတ်လုံး အသင်တို့သည် ဆောင်ယူခဲ့သော ပူဇော်သက္ကာရကို မြက်ဖျားဖြင့် လျှာဖျား၌ တင်ထား ပြီးသောအခါ ပြင်းပြပူပန်သော အကျင့်ကို ကျင့်အံ့ဟူ၍ ဤအရပ်၌ နေ၏။ ဤသို့သော အကြောင်းဖြင့် အနှစ်တစ်ရာပတ်လုံး ပူပန်ပြင်းပြသော အကျင့်ကို ဖြည့်ကျင့်စေကာမူ ဤယခုအခါ အချိန်ကာလကိုလည်းကောင်း, ဆွမ်းကိုလည်းကောင်း သံသယ ကုက္ကုစ္စ ဖြစ်ပွား၍ မစားဘဲ နေအပ်သော အစာဖြတ်ခြင်း ကုသိုလ်စေတနာသည် ရှိ၏။ ထိုကုသိုလ်စေတနာကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်သော အဖို့မျှသော်လည်း ထိုအနှစ်တစ်ရာ ပြင်းပြစွာ ကျင့်ကြံအားထုတ်အပ်သော အကျင့် အာစာရသည် အဖိုးမထိုက် မလိုက်မမီနိုင်ပေဟု မိန့်တော်မူပြီးလျှင် အနုသန္ဓေစပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

၇၀။ မာသေ မာသေ ကုသဂ္ဂေန၊ ဗာလော ဘုဉ္ဇေယျ ဘောဇနံ။
န သော သင်္ခတဓမ္မာနံ၊ ကလံ အဂ္ဃတိ သောဠသိံ။

လူမိုက်သည်လတိုင်းလတိုင်း သမန်းမြက်ဖျားဖြင့်သာလျှင် ခဲဖွယ်ဘောဇဉ်ကို စားခဲ့ငြားအံ့၊ ထိုသို့ စားခဲ့ငြားသော်လည်း ထိုလူမိုက်သည် ထိုးထွင်း၍သိသော တရားရှိကုန်သော ပုဂ္ဂိုလ်တို့၏ နှစ်ရာ့ငါးဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကိုမျှ မမီနိုင်။

ထိုဂါထာ၏ အနက်ကား —မပိုင်းခြားအပ်သော တရားရှိသော သီလအစ ရှိသော ဂုဏ်ကျေးဇူးမှ အပြစ်သော မလိမ္မာသူသည် တိတ္ထိတို့၏ ကျောင်း၌ ရဟန်းပြုလျက် "ခြိုးခြံသောအကျင့်ကို ဖြည့်ကျင့်အံ့"ဟူ၍ လတိုင်း လတိုင်း ခွက်၌ သမန်းမြက်ဖျားဖြင့် အစာကိုစားလျက် အနှစ်တစ်ရာပတ်လုံး ထမင်းကို အကယ်၍ စားငြားအံ့၊ န သော သင်္ခတဓမ္မာနံ၊ ကလံ အဂ္ဃတိ သောဠသိံ ဟူသောပုဒ်၌—သိအပ်သောတရားတို့ကို သင်္ခတဓမ္မတို့ဟူ၍ ဆိုအပ်ကုန်၏။ ထိုတရားတို့တွင် အောက်ထစ်ဆုံး ဖသောတာပန်သည် သင်္ခတဓမ္မမည်၏ အမြင့်ဆုံးရဟန္တာ ပုဂ္ဂိုလ်သည် သင်္ခတဓမ္မမည်၏။ ဤသင်္ခတဓမ္မဖြစ်သော အရိယာပုဂ္ဂိုလ်တို့၏ တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်ကို ထိုလူမိုက်သည် မမီနိုင်။ ဤကား ပုဂ္ဂလအဓိဋ္ဌာန်ဖြစ်သော ဒေသနာတည်း။

ဤဆိုလတ္တံ့ကား—ဤဂါထာ၌ ဓမ္မာဓိဋ္ဌာန်အနက်တည်း။ အကြင်မျှလောက် ထိုခြင်းအရာအားဖြင့် ခြိုးခြံသောအကျင့်ကို ဖြည့်သော ထိုဇမ္ဗုကာ၏ အနှစ်တစ်ရာပတ်လုံး ခြိုးခြံစွာ ကျင့်အပ်သော စေတနာလည်းကောင်း အကြင်မျှလောက်အခါကိုလည်းကောင်း ထမင်းကိုလည်းကောင်း သို့လော သို့လော ဖြစ်၍ မစားကုန်သော သင်္ခတဓမ္မဖြစ်သော အရိယာပုဂ္ဂိုလ်တို့၏ တစ်ကြိမ် ထမင်းကိုဖြတ်၍ ကျင့်သောကုသိုလ်စေတနာသည်လည်းကောင်း ရှိ၏။ ထိုမျှလောက် ထိုထမင်းကို တစ်ကြိမ်ဖြတ်၍ ကျင့်အပ်သော ကုသိုလ်စေတနာ၏ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်သည် ထိုမျှလောက် ကာလရှည်စွာ ထိုဖြစ်စေအပ်သော စေ့ဆော်ခြင်းသည် မမီနိုင်။ ဤအဓိပ္ပာယ်ကို ဆိုလိုသည်။

ထိုအရိယာ ပုဂ္ဂိုလ်တို့၏ စေတနာ အကျိုးကို တစ်ဆယ့်ခြောက်စုမှ တစ်စုစု တို့ကို တစ်ဖန် တစ်ဆယ့်ခြောက်စု တစ်ဆယ့်ခြောက်စုတို့ကိုပြု၍ ထိုတစ်ဆယ့် ခြောက်စုမှ တစ်စုဘစ်ဖို့၏ အကျိုးသည် လူမိုက်၏ခြိုးခြံသော အကျင့်ထက် အကျိုးကြီးမြတ်၏ ဟူလို။

ဒေသနာတော်၏ အဆုံး၌ ရှစ်သောင်းခလေးထောင်သော သတ္တဝါတို့ဂျာစွာ လေးပါးကိုသိ၏။

တစ်ဆယ့်တစ်ခုမြောက် ဇမ္ဗုကတ္ထေရဝတ္ထုပြီး၏။

၁၂-အဟိပေတ မြွေပြိတ္တာဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

န ဟိ ပါပံ ကတံ ကမ္မံ–အစရှိသော တရားဒေသနာတော်ကို ဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းစံပယ်တော်မူစဉ် အမှတ်မထင်သောမြွေပြိတ္တာ တစ်ကောင်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထင်ရှားပါသောနေ့၌ ဥရုဝေလ ကဿပ အမှူးရှိကုန်သော ရှင်တစ်ထောင်၌ အပါအဝင် ဖြစ်သော အရှင်လက္ခဏမထေရ် အရှင်မောဂ္ဂလ္လာန်မထေရ် ထိုမထေရ် နှစ်ပါးတို့သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်ကုန်အံ့ဟု ဂိဇ္ဈကုဋ်တောင်မှ သက်ခဲ့ကြကုန်၏။ ထိုမထေရ်နှစ်ပါးတို့တွင် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်သည် မြွေပြိတ္တာ တစ်ကောင်ကို မြင်၍ ပြုံးရယ်ခြင်းကို ပြုတော်မူ၏။ ထိုအခါ လက္ခဏမထေရ်က အရှင်မဟာမောဂ္ဂလာန်ကို ငါ့ရှင် အဘယ်ကြောင့် ပြုံးရယ်ခြင်းကို ပြုဘိသနည်းဟု ပြုံးရယ်ခြင်း အကြောင်းကို မေး၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က ငါ့ရှင် လက္ခဏ အသင် မေးအပ်သော ပြဿနာ၏ အဖြေကို ဖြေဆိုအံ့သောအခွင့်သည် မသင့်လျော် မလျောက်ပတ် သေးချေ၊ ဘုရားရှင်ကိုယ်တော်မြတ်၏ ထံမှောက်သို့ ကျရောက်သောအခါ ကောင်းစွာ စစ်ဆေး ငါ့ကို မေးဦးလော့ဟု မိန့်ဆိုတော်မူ၏။ ထိုမထေရ်မြတ်နှစ်ပါးတို့သည် ရာဇဂြိုဟ် မြို့တွင်းသို့ ဆွမ်းခံခြင်းငှာ လှည့်လည်ပြီး၍ မြတ်စွာဘုရားကိုယ်တော်မြတ်၏ အထံသို့ သွားရောက်ကြ၍ နေထိုင်ကုန်ပြီးသော် အရှင်လက္ခဏ မထေရ်က ငါ့ရှင်မောဂ္ဂလာန် ဂိဇ္ဈကုဋ်တောင်ယံမှ ဆွမ်းခံခြင်းငှာ သက်ဆင်း လာကြသောအခါ၌ အသင် ပြုံးရယ်ခြင်းကို ပြု၍ ပြုံးရယ်ခြင်းအကြောင်းကို ငါမေးမြန်းသော် မြတ်စွာဘုရား၏ ထံတော်၌ မေးရမည့် အကြောင်းဖြင့် အသင် ပြောဆို ဝန်ခံသည်မှာ ယခု မြတ်စွာဘုရား၏ အထံသို့ ရောက်ခဲ့ချေပြီ။ အသင် ဝန်ခံသော အတိုင်းအားဖြင့် ပြန်ကြား ဖြေဆိုဘိလော့ဟု မေးတော်မူ၏။ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကလည်း ငါ့ရှင် လက္ခဏ ငါသည် မြွေပြိတ္တာတစ်ကောင်ကို မြင်သောကြောင့် ပြုံးရွှင်ခြင်းကို ပြုမိပေသည်။ ထိုပြိတ္တာ၏ ခန္ဓာကိုယ် အတ္တဘောသည်ကား ဦးခေါင်းသည် လူတို့၏ ဦးခေါင်း ကဲ့သို့ သဏ္ဌာန်ရှိ၏၊ ကြွင်းသော ကိုယ်သည် မြွေနှင့် တူ၏။ ထို့ကြောင့် ၎င်းပြိတ္တာသည် မြွေပြိတ္တာမည်၏။ အတိုင်းအရှည်ပမာဏသည်ကား နှစ်ဆယ့်ငါး ယူဇနာမျှလောက် ရှိ၏၊ ထိုပြိတ္တာ၏ ဦးခေါင်းမှထသော မီးလျှံသည် အမြီး အဆုံးသို့တိုင်အောင် တောက်လောင်၍ သွား၏။ အမြီးမှထသော မီးလျှံသည် ဦးခေါင်းအဆုံးသို့ တိုင်အောင် တောက်လောင်၍ သွား၏။ အလယ်မှ ထသော

မီးလျှံသည် နံပါးနှစ်ဖက်သို့ ပြေးထွက်၍ သွား၏။ နံပါးနှစ်ဖက်တို့မှ ပြေးထွက်၍ လာသော အလျှံတို့သည် အလယ်သို့ သက်ကုန်၏ဟု ပြေဆိုတော်မူ၏။

ထိုစကားကို ထင်ရှားအောင်ပြလိုက်ဦးအံ့။ ဤမြွေပြိတ္တာသည်လည်းကောင်း ထိုမှတစ်ပါးသော ကျီးပြိတ္တာသည်လည်းကောင်း ဤပြိတ္တာ နှစ်ဦးတို့၏ အတ္တဘောသည်သာလျှင် နှစ်ဆယ့်ငါးယူဇနာ ပမာဏရှိကုန်၏။ ကြွင်းကုန်သော ပြိတ္တာတို့မူကား သုံးဂါဝုတ် ပမာဏရှိကုန်၏ဟု ရင်းအဋ္ဌကထာ၌ မိန့်တော်မူ၏။

ကျီး ပြိတ္တာအကြောင်း

ကျီးပြိတ္တာ၏ အကြောင်းကို ဆက်၍ ပြလိုက်ဦးအံ့-တရံသောအခါ၌ မြတ်စွာဘုရား လက်ဝဲရံ တန်ခိုးထန်သော မဟာမောဂ္ဂလာန် မထေရ်မြတ်သည် ဂိဇ္ဈကုဋ်တောင်ယံ၌ သီတင်းသုံးတော်မူစဉ် ထိုဂိဇ္ဈကုဋ်တောင်ထိပ်၌ ကျက်၍ ခံစားရသော ကျီးပြိတ္တာတစ်ကောင်ကို မြင်၍ ထိုပြိတ္တာ၏ ရှေးကံအကြောင်း အလုံးစုံကို အကုန် မေးမြန်းတော်မူလိုသောကြောင့် ဤဂါထာကို ရွတ်ဆိုတော်မူ၏—

ပဉ္စယောဇနိကာ ဇိဝှါ၊ သီသံ တေ နဝယောဇနံ။
ကာယော အစ္စုဂ္ဂတော တုယှံ၊ ပဉ္စဝီသတိယောဇနံ။
ကိံ နု ကမ္မံ ကရိတွာန၊ ပတ္တောသိ ဒုက္ခမီဒိသံ။

အို အသင်ကျီးပြိတ္တာ အသင်၏လျှာသည် ငါးယူဇနာ တည့်တည့်ရှိပေ၏။ အသင်၏ဦးခေါင်းသည် ကိုးယူဇနာ တည့်တည့်ရှိပေ၏။ အသင်၏စုံ့စုံ့တက်သော ကိုယ်သည် နှစ်ဆယ့်ငါးယူဇနာ မှန်စွာ တည့်တည့်ရှိပေ၏။ အဘယ်သို့သော မကောင်းမှုအကုသိုလ်ကံကို စိမ်ပြုလုပ်ခဲ့ဖူးသောကြောင့် ဤသို့သဘောရှိသော ဆင်းရဲဒုက္ခကို ငြိုငြင်ပင်ပန်းစွာ ခံစားရသည်၏ အဖြစ်သို့ ရောက်ရလေဘိ သနည်းဟု မေးတော်မူ၏။

ထိုသို့ မေးတော်မူသောအခါ ကျီးပြိတ္တာက အရှင်မဟာမောဂ္ဂလာန်မထေရ် မြတ်အား ပြန်ကြား လျှောက်ဆိုလိုသည် ဖြစ်သောကြောင့် ဤဂါထာကို ရွတ်ဆို၏—

အယံ ဘန္တေ မောဂ္ဂလ္လာန၊ ကဿပဿ မဟေသိနော။
သံဃဿ အာဘတံ ဘတ္တံ၊ ဒုဿဟံ ရေယိံ ယဒိစ္ဆကံ။

အရှင်ဘုရား မောဂ္ဂလာန် တပည့်တော်ကြီးပြိတ္တာသည် သီလက္ခန္ဓ စသော ဂုဏ်အထူးကို ရှာတော်မူပြီးထသော ကဿပဘုရား၏လက်ထက်၌ သံဃာတော်အားရည်မှန်း၍ လှူအပ်သောထမင်းကို အလိုရှိတိုင်း ထိုးချီဆောင်ယူခဲ့ဖူးပါသည် ဘုရား။

ဘုန်းတော်အလျှံ တောက်ပမှန်ပေသော အရှင်ဘုရား မောဂ္ဂလာန် တပည့်တော် ကြီးပြိတ္တာ ဒုက္ခိဘသတ္တဝါသည် သီလက္ခန္ဓ စသည်ကျေးဇူးဂုဏ်အထူးကို ရှင်မြူးဝမ်းသာ ရှာတော်မူပြီးထသော ကဿပအနွယ် င် ရှင်တော်မြတ်ဖျား ဘုရားရှင်၏ လက်ထက်တော်အခါက မြတ်စွာဘုရား တပည့်သား များစွာ ကုန်သော ရဟန်းတို့သည် ၏အတွင်းသို့ ဆွမ်း ခံခြင်းငှာ ကြွဝင်ကုန်သည် ရှိသော် လူအပေါင်းတို့သည် ရဟန်းတော်အရှင်မြတ်တို့ကို ဖူးမြင်ရသော် ကြည်ရှင်လှသော စိတ်ဖြင့် တိုင်ပင်ညီညွတ်ကုန်ပြီးသော် ဆွမ်းစားဇရပ်၌ ပင့်ဖိတ်ထိုင်နေ သီတင်းသုံးစေပြီးသည်ကာလ ယာဂုခဲဖွယ် အသွယ်သွယ်တို့ကို လှူဒါန်း၍ မထေရ်တို့၏ခြေကို ဆေးကြောလိမ်းကျံပြီးလျှင် ဆွမ်းစားချိန် တိုင်အောင်သောကာလပတ်လုံး ငံ့လင့်ဆိုင်းတွ တရားတော်ကို ကြားနာ၍ နေကုန်၏။ တရားစကား ဟောကြားပြီးဆုံးသောအခါ၌ မထေရ်တို့၏ သပိတ်တို့ကို ယူဆောင်ပြီးသော် မိမိတို့၏အိမ်၌ စီမံ ချက်ပြုတ်အပ်သော အထူးထူးသော ဆွမ်းဘောဇဉ်တို့ဖြင့် ပြည့်စေ၍ ဆောင်ယူခဲ့ကုန်၏။ ထိုအခါ တပည့်တော်သည် တိရစ္ဆာန်ဖြစ်သော ကြီးသတ္တဝါဖြစ်၍ ဆွမ်းစားဇရပ်၏ အမိုးအပြင်၌ နားနေပြီးသောအခါ တစ်ယောက်သောသူ ယူဆောင်လာအပ်သော ဆွမ်းထည့်သော သပိတ်မှ သုံးကြိမ်တိုင်အောင် မိမိ၏ခံတွင်းနှုတ်သီးကို ပြည့်စေလျက် သုံးလုတ်သော ထမင်းလုတ်တို့ကို ထိုးသုပ်ချီဆောင်၍ ယူဖူးပါ၏။ ထိုဆွမ်းသည်သံဃာ၏ စိုးပိုင်သော ပစ္စည်းဥစ္စာလည်း မဟုတ်သေး၊ သံဃာအားဆောင်နှင်းပေးလှူအပ်သော ဥစ္စာလည်း မဟုတ်သေး။ ရဟန်းတို့သည် ခံယူ၍ စားသုံးအပ်သော စားကြွင်းမဟုတ်သေး၊ စင်စစ်မှာမူကား လူတို့သည် မိမိတို့စားသုံးဖို့ရာ စီမံချက်ပြုတ်၍ အိမ်မှ ထုတ်ဆောင်အပ်သော သက်သက် သံဃာအားရည်ညွှန်းပြီး ဆောင်အပ်သောဆွမ်းမျှသာ ဖြစ်ပါ၏၊ ထိုသို့သံဃာအားရည်ညွှန်းဆောင်ယူအပ်သော ဆွမ်းကို ထိုးဆောင်ချီ၍ စားသောက်ခဲ့သော မကောင်းမှုအကုသိုလ်ကံကြောင့် တိရစ္ဆာန် ကြီးဘဝမှ ပြောင်းကြွေသေလွန်ခဲ့သည်ရှိသော် ထိုကံ၏ အကျိုးဆက်ဖြင့် အဝီစိငရဲ၌ ကျက်၍ခံစားခဲ့ရပြီးသော် ထိုကံ၏အကျိုးအကြွင်း၏ အစွမ်းဖြင့် ဤဂိဇ္ဈကုဋ်တောင်ထိပ်၌ ယခုအခါ ကြီးပြိတ္တာ ဖြစ်လာ

ရပါသည် ဘုရားဟု လျှောက်ကြားလေသတည်း။ဤကား ကျီးမြို့တ္တာ၏ ဝတ္ထုစကားအမြွက်တည်း။

မြေပြိတ္တာအကြောင်း

ဤသို့ အရှင်မဟာမောဂ္ဂလာန်မထေရ်က မြေပြိတ္တာကိုမြင်၍ ပြုံးရယ်ကြောင်းကို အရှင်လက္ခဏအား ပြန်ကြားသည်ရှိသော် မြတ်စွာဘုရားရှင်သည် ဆက်သေအရာ၌ တည်တော်မူလျက် ချစ်သားရဟန်းတို့ ငါ၏ သားတော်ဖြစ်သော မောဂ္ဂလာန်သည် ဟုတ်မှန်သည်ကိုသာလျှင် ပြောဆိုပေ၏။ ငါဘုရားသည်လည်း ဘုရားအဖြစ်သို့ရောက်တော်မူသောနေ့၌သာလျှင် မြင်တော်မူအပ်ပေ၏ ငါဘုရား ဟောကြားသော်လည်း ငါဘုရားစကားတော်ကိုမယုံကြည်ဘဲ ရှိကုန်ပေလိမ့်မည်။ မယုံကြည်ဘဲ ရှိကလည်း သတ္တဝါတို့အား ချွတ်ယွင်း ပျက်ပြား အကျိုးစီးပွားမဲ့ကုန်ရာသည်ဟု သတ္တဝါတို့အား အစဉ်သနားတော်မူသဖြင့် ငါဘုရားမဟောကြားဘဲနေတော်မူသည်ဟု မိန့်တော်မူသော် ဓမ္မပဋိဂ္ဂါဟက ဖြစ်သောရဟန်းတို့က ဘုန်းခေါ်ကြီးတော်မူသော မြတ်စွာဘုရား ထိုမြေပြိတ္တာသည် ရှေးအခါက အဘယ်ကဲ့သို့သော မကောင်းမှုကံကို စီမံပြုလုပ်ခဲ့ဖူးပါသနည်းဟု မေးလျှောက်ကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် အတိတ်ကိုဆောင်တော်မူ၏။ ချစ်သားရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကို အမှီတစ်ခု နေထိုင်ခြင်းပြုကုန်သော လူတို့သည် ဗိုဗာရာဏသီပြည်နှင့် မနီးမဝေး မြစ်ကမ်းဖြစ်သော တစ်ခုသောအရပ်၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ် တစ်ဆူအား ကြည်ညိုသော စေတနာဖြင့် သိတင်းသုံး ကိန်းအောင်းဖို့ရာ တစ်ဆောင်သော သစ်ရွက်မိုး ကျောင်းကို ဆောက်လုပ် လှူဒါန်းကြကုန်၏၊ ပစ္စေကဗုဒ္ဓါအရှင်သည်လည်း ထိုကျောင်း၌ ကိန်းအောင်းမှုတော်မူလျက် အမြဲမပြတ်သာလျှင် မြို့တွင်းသို့ ဆွမ်းခံကြွဝင်လှည့်လည်တော်မူ၏၊ မြို့သူမြို့သား ယောကျ်ား မိန်းမအပေါင်းတို့သည်လည်း ပန်းနံ့သာစသည်လက်စွဲကုန်လျက် အမြဲမပြတ် ညဉ့်နံနက်ပတ်လုံး အရှင်ပစ္စေကဗုဒ္ဓါအား ခစားဆည်းကပ်သွားရောက်ကြကုန်၏။

အရှင်ပစ္စေကဗုဒ္ဓါ၏ ကျောင်းကိုမီးရှို့ခဲ့ဖူးခြင်း

ဗာရာဏသီပြည်သားယောကျ်ားတစ်ယောက်သည်ထိုလမ်းခရီး၏အနီးအပါးလမ်းခရီးကိုမှီ၍ လယ်ထွန်ခြင်းအမှုကိုပြုသဖြင့်လူများအပေါင်းသည် ညချမ်းနံနက် အဆက်မပြတ် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆည်းကပ်ခြင်းငှာ သွားကြလာသည်ရှိသော် ထိုလယ်ကို နင်းနယ်ချိုးဖွဲ့လျက် သွားလာကြကုန်၏။ထိုလယ်

ထွန်သမားယောကျ်ားသည် ငါ၏လယ်ကို နင်းနယ်ချိုးဖဲ့ ဖြတ်သန်း၍ မသွားပါလင့်ဟု ဟားမြစ်တောင်းပန် ပါသော်လည်း တား၊မြစ်တောင်းပန်၍ မရသည်ဖြစ်သောကြောင့် လယ်ထွန်သမား ထိုယောကျ်ားအား အကြံဖြစ်သည်မှာ ပစ္စေကဗုဒ္ဓါ၏ သီတင်းသုံး စံတော်မူရာ ဖြစ်သော သစ်ရွက်မိုးသော ကျောင်းသည် ဤနေရာဒေသ ရပ်ဌာန၌ အကယ်၍ မရှိခဲ့သည်ဖြစ်အံ့။ လူအပေါင်းတို့သည် ငါပြုစုလုပ်ကိုင်အပ်သော လယ်ကို နင်းနယ်ချိုးဖဲ့ဖြတ်ကျော်ခြင်းကိုမပြုကုန်ရာဟု ကြံ၏။ ဤသို့ ကြံဆင်ခြင်ပြီး၍ ပစ္စေကဗုဒ္ဓါ အရှင်သည် ဆွမ်းခံကြွ ာင်တော်မူခိုက်အခါ ပစ္စေကဗုဒ္ဓါအရှင်မြတ် သုံးဆောင်အပ်သော အိုးစွက်တို့ကို ရိုက်ခွဲ၍ သစ်ရွက်မိုးသော ကျောင်းကို မီးဖြင့်တိုက်လေ ၏။ ဆွမ်းခံရွာမှ ပြန်လည် ကြွလာတော်မူသော ပစ္စေကဗုဒ္ဓါအရှင်သည် မီးလျှံဖြင့် စွဲလော ်သော မိမိ၏ ကျောင်းသင်္ခမ်းကို မြင်၍ အလိုရှိတော်မူသည် အားလျော်စွာ အရပ်တပါးသို့ ဖဲကြွ၍ သွားတော်မူ၏။ လူများအပေါင်းလည်း နံ့သာပန်း စသည်ကို သက်စွဲကိုင်ဆောင်လျက် လာအည်ရှိသော် မီးဖြင့် လောင်မြိုက်သော ပစ္စေကဗုဒ္ဓါ၏ ကျောင်းကိုတွေ့မြင်၍ အရှင်မြတ်သည် အဘယ်သို့သောအရပ်သို့ ကြွသွားတော် မူပါလိမ့်မည်နည်းဟု ပြောဆိုမေးမြန်း မြည်တမ်း ကြကုန်၏။

လယ်ထွန်သမား ထိုယောကျ်ားသည်လည်း လူများအပေါင်း၏ အလယ်၌ ပါလာသည်ရှိသောကြောင့် ပစ္စေကဗုဒ္ဓါ၏ သီတင်းသုံးရာကျောင်းကို ငါသည် မီးဖြင့် တိုက်အပ်ပေသည်ဟု ပြော၏။ ထိုအခါ များစွာသော လူတို့က ဤသူယုတ်မာကို အမှီပြုပြီး ငါတို့သည် ပစ္စေကဗုဒ္ဓါကို ဖူးမြင်ခြင်းငှာ မရကုန်ဟုဆဲရေးရေရွတ်ကြ၍ တုတ်လုံ့တန် စသည်တို့ဖြင့် ရိုက်ခတ်ထောင်းထု၍ အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏။ ထိုလယ်ထွန်သမား ယောကျ်ားလည်း သေလွန်သည်ရှိသော် အဝီစိငရဲကြီး၌ ဖြစ်၍ ဤ မဟာပထဝီမြေကြီးသည် ယူဇနာမျှလောက် မြင့်မောက်သည်တိုင်အောင် ငရဲ၌ကျက်၍ ခံစားရပြီးသော် အကျိုးအကြွင်း၏ အစွမ်းအားဖြင့် ဤဂိဇ္ဈကုဋ်တောင်၌ မြွေပြိတ္တာဖြစ်လေသည်ဟု ထိုပြိတ္တာ၏ရှေး၌ပြုခဲ့ပြီးသော မကောင်းမှုကံကို ဟောကြားတော်မူပြီး၍ ချစ်သားရဟန်းတို့ အကုသိုလ်မကောင်းမှုကံ တို့မည်သည်ကား နို့ ရည်နှင့်တူ၏၊ နို့ရည်တို့သဘောသည် ညှစ်သင်စသောကာလ၌ မပုပ်မသိုး အခိုးမလွတ်သေးသကဲ့သို့ ထိုအတူသာလျှင် အကုသိုလ်ကံသည်လည်း စီမံပြုသစ်စသောအခါ၌ အကျိုးမပေးသေး၊ အကြင်အခါ၌ကား မကောင်းမှုကံသည် အကျိုးကိုပေး၏။ ထိုအခါမှာကား ဤသို့သဘောရှိသော ဆင်းရဲငြိုငြင် ပင်ပန်းခြင်းဖြင့် ဆုံးခန်းမမျှ ပူပန်ရလေသည်ဟု အနုသန္ဓေကို စပ်တော်မူ၍ တရားကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူလေ၏—

၇၁။ န ဟိ ပါပံ ကတံ ကမ္မံ၊ သဇ္ဇုခီရံဝ မုစ္စတိ။
ဒဟန္တံ ဗာလမန္ဝေတိ၊ ဘသ္မစ္ဆန္နောဝ ပါဝကော။

ညှစ်စနို့ရည်သည် မချဉ်သကဲ့သို့ အသစ်ပြုစ မကောင်းမှုသည် မိမိဆိုးကျိုး အခိုးကိုမလွှတ်သေး၊ ဆိုးကျိုးအခိုးလွှတ်သည်ရှိသော် ပြာဖုံးမီးကဲ့သို့ လူမိုက်ကို ဒုတိယ, တတိယဘဝ စသည်တို့၌ ငရဲဂတိအထိ လောင်ကျွမ်းစေလျက် အစဉ် လိုက်လေ၏။

ထိုဂါထာ၌ **သဇ္ဇုခီရံဟူသည်**=ထိုခဏ၌သာလျှင် နွားမ၏သားမြတ်နို့တို့မှ ထွက်သော လောလောလပ်လပ် နို့ရည်သည် နို့ဓမ်းစသော အဖြစ်သို့ **မပြောင်းဟု** ဤအဓိပ္ပာယ်ကို ဆိုလိုသည်။ ဤလောလောလင်လပ်သော နို့ရည်သည် ထိုညှစ်သောခဏ၌ပင်လျှင် နို့ဓမ်းစသည့်အဖြစ်သို့ မပြောင်း သကဲ့သို့ ပကတိကို မစွန့်သကဲ့သို့ နို့ရည်ခွက်ဘဲသို့ ရက်တင်စသော အချဉ် မသည့်သမျှ နို့ဓမ်းအချဉ်အိုးခွက်အဖြစ်သို့ မရောက်။ ပကတိကိုမစွန့်မူ၍ နောက်မှစွန့်သကဲ့သို့ ပြုဆဲမကောင်းမှုကံသည်လည်း အကျိုးမပေးသေး။ အကယ်၍ လောလောဆယ် အကျိုးပေးပါက တစ်စုံတယောက်သောသူသည် မကောင်းမှုမပြုဝံ့ရာ။ ကုသိုလ်ကြောင့်ဖြစ်သော ခန္ဓာကိုယ်ထင်ရှားသူတို့၏ သေပြီးနောက်မှ အပါယ်ဘုံ၌ဖြစ်သော ခန္ဓာကိုယ်တို့၌ အကျိုးပေး၏။ အကျိုး ပေးသော်လည်း မကောင်းမှုကံသည် လောင်လျက် လူမိုက်သို့ အစဉ်လိုက်၏။ အဘယ်ကဲ့သို့နည်းဟူမူ ပြာဖုံးမီးခဲကဲ့သို့တည်း။ထိုစကားမှန်၏–ပြာဖုံးမီးကျီးခဲကို နင်းသော်လည်း ပြာဖြင့်ဖုံး၍ ရှေးဦးစွာမပူ၊ ပြာကိုပူစေ၍ အရေစသည်တို့ကို လောင်သည်၏အစွမ်းအားဖြင့် ဦးနှောက်တိုင်အောင် လောင်လျက် သွား သကဲ့သို့ မကောင်းမှုကံသည် ပြုသောလူမိုက်ကို ဒုတိယဘဝ၌လည်းကောင်း, တတိယဘဝ၌လည်းကောင်း ငရဲစသည်တို့၌ ဖြစ်သည်ရှိသော် လောင်လျက် အစဉ်လိုက်၏ဟူလို။

ဒေသနာတော်၏အဆုံး၌ လူများစွာတို့သည် သောတာပန်စသည် ဖြစ် ကုန်၏။

တစ်ဆယ့်နှစ်ခုမြောက် အဟိပေတမြွေပြိတ္တာဝတ္ထု ပြီး၏။

၁၃။ သဋ္ဌိကူဋပြိတ္တာဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

ယာဝဒေဝ အနတ္ထာယ–အစရှိသော ဒေသနာတော်ကို ဘုရားကိုယ်တော် မြတ်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းစံပယ်တော်မူစဉ် သဋ္ဌိကူဋပြိတ္တာကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့၏။

တစ်ရံရောအခါ ရှေးနည်း အတူသာလျှင် အရှင် မဟာမောဂ္ဂလာန် မထေရ်သည် အရှင် လက္ခဏမထေရ်နှင့် အတူဘက္ခ ဂိဇ္ဈကုဋ် တောင်ယံမှ ဆွမ်းခံ လှည့်လည်အံ့သောငှာ သက်ဆင်း ကြွလာတော် မူသည်ရှိသော် အမှတ်မရှိ တစ်စုံတစ်ခုသော အရပ်၌ ပြုံးရယ်ခြင်းကို ပြုသဖြင့် အရှင်လက္ခဏ မထေရ်က ငါ့ရှင် မောဂ္ဂလာန် အသင်သည် အဘယ် သို့သော အကြောင်း ဖြစ်အင်ကို တွေ့မြင် သိ၍သောကြောင့် ပြုံးရယ်ခြင်းကို ပြုဘိသနည်းဟု ပြုံးရယ်ခြင်း အကြောင်းကို မေးသည်ရှိသော် အရှင်မဟာမောဂ္ဂလာန် မထေရ်ကလည်း ရှေးနည်းအတူသာလျှင် ငါ့ရှင်လက္ခဏ ဘုရားရှင်၏ ထံတော်၌ တည်ခိုက်သောအခါ ငါ့ကို မေးဘိလော့ ငါသည်ဖြေဆိုအံ့ဟု ပြောဆိုဝန်ခံပြီးသော် ဆွမ်းခံရွာမှ ပြန်လည် ကြွလာတော်မူခဲ့ကြ၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံတော်သို့ချဉ်းကပ်ညွတ်လျိုး ရှိခိုးဆိုင်နေကြသောအခါအရှင်လက္ခဏ မထေရ်က ငါ့ရှင်မောဂ္ဂလာန် အသင်သည် ဆွမ်းရွာခံနီး လမ်းရိုးဒေသ၌ မြွက်ဟ ပြုံးရယ်ခြင်းကို ပြုသဖြင့် ငါမေးအပ်သည်ရှိသော် ဘုရားရှင်၏ ထံမှောက်သို့ ကျရောက်သောအခါ ဖြေဆိုပါမည်ဟုပြောဆိုဝန်ခံလေဘိသည်။ အသင် ဝန်ခံသောအတိုင်းအားဖြင့်လည်း ယခု မြတ်စွာဘုရားရှင်၏ ထံတော်မှောက်သို့ ကျရောက်ချေပြီ၊ ပြုံးရယ်ခြင်း၏ အကြောင်းကိုဖြေဆိုဘိလော့ဟု မိန့်ဆိုတော်မူ၏။ အရှင်မဟာမောဂ္ဂလာန်ကလည်း ငါ့ရှင်လက္ခဏ ဂိဇ္ဈကုဋ် တောင်ယံမှ ဆွမ်းခံခြင်းငှာသက်ဆင်းလာခဲ့ကြသော်ငါသည်ပြိတ္တာ တစ်ကောင်ကိုမြင်ရပေသည်။ ထိုပြိတ္တာသည် သုံးဂါဝုတ်မျှ ပမာဏရှိသော အတ္တဘော ခန္ဓာကိုယ်ဖြင့် ခြောက်သောင်းမျှလောက်ကုန်သော သံတူသံတုံးတို့သည်အလုံးရဲရဲ လောင်စွဲကုန်လျက်ထိုပြိတ္တာ၏ဦးခေါင်းဦးထိပ်ထက်သို့ကျ၍ ရိုက်ခွဲကုန်၏။ ယင်းသို့ သံတူသံတုံးတို့ဖြင့်ထုရိုက်ခွဲနှက်သဖြင့် ကြေမွပျက်ပြားသွားလေပြီးသောအခါ ရှေးအတိုင်း ပကတိသာ ဖြစ်လာပြန်၏။ ဤသို့ သဘောရှိသော အတ္တဘောကိုမြင်ရသည်ဖြစ်သောကြောင့် ဤသို့သဘောရှိသောအတ္တဘောကို ရှေး၌ တစ်ရံတစ်ခါမျှ မမြင်ဖူးပေဟုကြံပြီး ငါသည် ပြုံးရယ်ခြင်းကို ပြုမိပေသည်ဟု ပြောဆို၏။

မြတ်စွာဘုရားသည်လည်း အရှင်မဟာမောဂ္ဂလာန် မထေရ်၏ စကားကို ကြားတော်မူ၍ ချစ်သားရဟန်းတို့ ငါဘုရားသည်လည်း ဤသတ္တဝါကိုမော်မိ မဏ္ဍိုင်၌ သိတင်းသုံးစံနေတော်မူလျက်ဘုရားဖြစ်တော်မူစကပင်မြင်တော်မူပေ၏၊ ငါဘုရားသိမြင်သဖြင့် ဟောကြားတော်မူသော်လည်း ငါဘုရားစကားကို မယုံကြည်ကုန်သော အကြင်သူတို့သည် ရှိကြကုန်၏။ ထိုသူတို့အား အကျိုးစီးပွားမဲ့သည် ဖြစ်ပေလိမ့်မည်ဟုသူတပါးတို့အား အစဉ်သနားသဖြင့်ငါဘုရား မဟောကြားဘဲနေတော်မူသည်၊ ယခုမှာမူကား ငါ့သားတော် မောဂ္ဂလာန်၏

အကျော်သေ၏အရာ၌ တည်သည်၏အဖြစ်ကြောင့် ဟောကြားတော်မူတော့အံ့ဟု မိန့်တော်မူ၏။ ထိုစကားကိုကြား၍ တရားနာကုန်သောရဟန်းတို့ကဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုပြိတ္တာသည် အဘယ်သို့သော မကောင်းမှုကံကို စိမ်ပြုလုပ် အားထုတ်ခဲ့ဖူးသောကြောင့် ဤသို့သော အဖြစ်ဝိပါကကို ခံစားရပါလေသနည်းဟု မေးလျှောက်ကြသောကြောင့်မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့အားဟောကြားတော်မူပေ၏။

ကျောက်စရစ်ပစ်တတ်သောသူဆွံ့အကြောင်း

ချစ်သား ရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီးဝယ် ကျောက်စရစ်ကို လက်ဖြင့် ပစ်ခတ်သော အတတ်၌ အပြီးတိုင် တတ်မြောက်သော တစ်ယောက်သောသူ ဆွံ့သည်ရှိ၏။ ထိုသူဆွံ့သည် မြို့တံခါးအနီးဖြစ်သော ပညောင်ပင်၏ အရင်း၌နေလျက် ကျောက်စရစ်တို့ကို ပစ်၍ ညောင်ရွက်တို့ကို ဖြတ်စေလျက် ဆင်ရုပ်ကို ငါတို့အားပြုပါကုန်လော့, မြင်းရုပ်ကို ငါတို့အစားပြုပါလေလော့ဟု ရွာသူသားငယ်တို့သည် ဆိုအပ်သည်ရှိသော် အလိုရှိအပ်သော အရုပ်တို့ကို ပြုပြီး ထိုရွာသူသားငယ်တို့ အထံမှ ဆောင်ယူလာခဲ့သော ခဲဖွယ်ဘောဇဉ် စားသောက်ရန်ကို ရပေ၏။

တစ်နေ့သောအခါ ပြည့်ရှင်မင်းမြတ်သည် ဥယျာဉ်တော်သို့ ရှင်ပျော်ကစားခြင်းငှာထွက်သွားတော်မူသည် ရှိသော် ထိုအရပ်သို့ ရောက်တော်မူလေ၏။ ရွာသူသားငယ်တို့သည် ထိုသူဆွံ့ကို သစ်ပါးပျဉ်းကြား၌ ထားခဲ့၍ ထွက်ပြေး တိမ်းရှောင်ကြကုန်၏။ မင်းကြီးသည် မွန်းတည့်ဆဲဆဲသော အခါဖြစ်၍ ပညောင်ပင် အရင်းသို့ ချဉ်းကပ် ဝင်ရောက်သည် ရှိသော် ညောင်ရွက်တို့မှ အပေါက်အပေါက်ဖြစ်၍ နေပြောက်နေရိပ်သည် မင်းကြီး၏ ကိုယ်ကိုထိခိုက်မိလာ၏။ မင်းကြီးသည်လည်း ဤအကြောင်းကား အဘယ်အကြောင်းနည်းဟုအထက်သို့မော်၍ ကြည့်မျှော်တော်မူသည်ရှိသော်သစ်ရွက်တို့၌ ဆင်ရုပ်စသည်တို့ကိုမြင်၍ ဤအမှုသည် အဘယ်သူပြုအပ်သောအမှုနည်းဟုမေးတော်မူသည်ရှိသော် တစ်ယောက်သော သူဆွံ့သည် ပြုအပ်ပါသည်ဟု လျှောက်ထားသောစကားကို ကြားသိတော်မူသောအခါထိုသူဆွံ့ကို ခေါ်စေတော်မူ၍ အချင်းယောကျ်ား ငါ့အား နှုတ်ကြမ်းကြုတ်လှသော ပုဏ္ဏားတစ်ယောက်သည်ရှိ၏၊ ထိုပုရောဟိတ် ပုဏ္ဏားသည် ငါက စကားအနည်းငယ်မျှ ပြောဆိုသည်ရှိသော် များစွာသော စကားတို့ဖြင့် ဖိစီးပြောဆိုပြီး ငါ့အား ချုပ်ချယ်ညှင်းပန်း၏၊ အသင်သည် ထိုပုရောဟိတ်ပုဏ္ဏား၏ ခံတွင်းသို့တစ်ကွမ်းစားမျှလောက်သော ဆိတ်ချေးကို ပစ်ချခြင်းငှာစွမ်းနိုင်ပါလတ္တံ့လောဟုမေး

တော်မူ၏။ သူဆွံ့ကလည်း ဘုန်းတော်ကြီးတော်မူသော အရှင်မင်းမြတ်၊ စွမ်းနိုင်ပါလတ္တံ့၊ ဆိတ်ချေးတို့ကို ဆောင်ယူစေပြီး အရှင်မင်းမြတ်နှင့် ပုရောဟိတ်ပုဏ္ဏားတို့ စကားပြောဆိုတော် မူကြသောအခါ အကျွန်ုပ်ကို တင်းတိမ်အကာအရံ၏ အတွင်း၌ ထားပါကုန်လော့။ ဒိ့ကျွန်ုပ်သည် ထိုတင်းတိမ်အရံ အတွင်းကနေပြီး ပြုအပ်သောအမှုကိစ္စကို သိပါစေအံ့ဟု လျှောက်ကြား၏။

စကားများလွန်းသော ပုရောဟိတ်ပုဏ္ဏား

ထိုအခါ မင်းကြီးလည်း ကောင်းပြီဟု ဝန်ခံ၍ ထိုသူဆွံ့ ပြောဆိုသော အတိုင်းကို စီမံပြုလုပ်စေ၏။ ပုရောဟိတ် ပုဏ္ဏားသည် မင်းကြီးနှင့် စကားပြောဆိုသောအခါ သူဆွံ့သည် တင်းတိမ်ကို ကတ်ကျေးဖြင့် အပေါက်ဖောက်သည်ကို ပြု၍ တင်းတိမ် အရံတွင်းကနေပြီးသည် ကာလရင်းအပေါက်ဖြင့်ပုရောဟိတ်ပုဏ္ဏား၏ ခံတွင်းဟတိုင်းဟတိုင်းခံတွင်းသို့ တစ်လုံး တစ်လုံးသောဆိတ်ချေးကို ပစ်ချ၏၊ ပုရောဟိတ်ပုဏ္ဏားလည်း မိမိ၏ခံတွင်းသို့ ဝင်လာတိုင်း ဝင်လာတိုင်းသော ဆိတ်ချေးတို့ကို ဝမ်းတွင်းသို့ မျို၏။ သူဆွံ့သည် မိမိ၌ရှိသော ဆိတ်ချေးတစ်ကွမ်းစားမျှလောက်ကုန်ခြင်းသို့ရောက်သောအခါ၌တင်းတိမ်ကိုလှုပ်လိုက်၏၊ မင်းကြီးသည် ထိုတင်းတိမ်လှုပ်သော အခြင်းအရာဖြင့် ဆိတ်ချေးကုန်သည်၏ အဖြစ်ကိုသိ၍ ပုရောဟိတ်ပုဏ္ဏားကို ဤသို့ မိန့်တော်မူ၏။ ဆရာအသင်တို့နှင့် အတူတကွ စကားပြောဆိုရခြင်းသည် စကားပြီးဆုံး စေခြင်းငှာမစွမ်းနိုင်၊ အသင် ဆရာသည် အလွန်တရာ နှုတ်ကြမ်းကြုတ်သည် ဖြစ်သောကြောင့် တစ်ကွမ်းစားမျှလောက်သော ဆိတ်ချေးတို့ကို မျို၍သော်လည်း နှုတ်၏ တိတ်ဆိတ်ခြင်းသို့ မရောက်ပေသေးသည် တကားဟု မိန့်တော်မူသော် ပုရောဟိတ်ပုဏ္ဏားသည် မဆက်မသာ မျက်နှာတွန့်တိုခြင်းသို့ ရောက်ပြီးလျှင် ထိုအခါမှစ၍ခံတွင်းကို ဖွင့်ဟလျက် မင်းကြီးနှင့်အတူတကွ စကားပြောဆိုခြင်းငှာ မစွမ်းနိုင်လေ။

ပြည့်ရှင်မင်းမြတ်လည်း ပုရောဟိတ် ပုဏ္ဏား စကားဆိတ်ခြင်းသို့ ရောက်သည်မှစ၍ စိတ္တသုခကို ရသဖြင့် သူဆွံ့၏ ဂုဏ်ကျေးဇူးကို အထူးနှလုံးသွင်း အောက်မေ့တော်မူပြီးသော် ထိုသူဆွံ့ကို ခေါ်စေတော်မူ၍ အချင်း ယောကျ်ား၊ အသင်ကို အမှီပြုပြီး ပုရောဟိတ် ပုဏ္ဏား၏ စကားကို မကြားရခြင်းတည်းဟူသော ချမ်းသာသုခကို ငါအား ရပေသည်၊ အသင်ကို နှစ်သက်သောအားဖြင့် ဆုမြတ်ကို ပေးသနားအံ့ဟု မိန့်တော်မူပြီးသော် သဗ္ဗဋ္ဌကမည်သော အလုံးစုံရှစ်ခု အရေအတွက်ရှိသော ပစ္စည်းဥစ္စာတို့ကို ပေးသနားတော် မူပြီး၍ မြို့၏ လေးမျက်နှာတို့၌ လေးခုကုန်သော ရွာမြတ်တို့ကို ပေးသနားတော်မူ၏။

ချစ်သားရဟန်းတို့ ထိုအခါ ငါဘုရားအလောင်းသည် ထိုမင်းကြီး၏အကျိုး အကြောင်း ကောင်းမကောင်း အရာတို့ကို သေချာညွှန်ပြ ဆုံးမတတ်သော အမတ်ပညာရှိဖြစ်၍ ကျောက်စရစ် ပစ်တတ်သော အတတ်မျှဖြင့် မင်းကြီး ချီးမြှင့်အပ်သော ကြီးမြတ်သော စည်းစိမ်ချမ်းသာ ရှိသော ထိုသူဆွံ့ကို သက်သေညွှန်ကြား မျက်မှောက် ထားလျက် မင်းကြီးအား ဆုံးမလိုသော ဘုရားအလောင်း အမတ်ပညာရှိသည် ဤဂါထာကို ရွတ်ဆို လျှောက်တင်၏။

သာဓု ခေါ သိပ္ပကံနာမ၊ အပိ ယာဒိသ ကီဒိသံ။
ပဿ ခဉ္ဇပ္ပဟာရေန၊ လဒ္ဓါ ဂါမာ စတုဒ္ဒိသာ။

ဗာရာဏသီ ပူရိကြငန်းကို သိမ်းမြန်း စိုးအုပ်တော်မူသောအရှင်မင်းမြတ် အလေးမပြုအပ် အမှတ်မဲ့သော ရှုရာသော သဘောရှိသော အတတ် ဖြစ်လင့် ကစား အကြီးတကျယ် ချီးမွမ်းဖွယ်အကြောင်းဖြင့် ကောင်းမြတ်သည်သာလျှင် ဖြစ်းပေ၏။ အရှင်မင်းမြတ်သည် ပညာတည်းဟူသော စက္ခုဖြင့် ကြည့်ရှုစဉ်းစား တော်မူပါ၊မသန်မစွမ်း ဉာဏ်မချွန် ဤသူဆွံ့သည်မပြောပလောက်သောအတတ် ဖြစ်သော ဆိတ်ချေးကို ပစ်ခါမျှဖြင့် အချပ်လေးမျက်နှာ၌ တည်ရှိကုန်သော လေးခုကုန်သော ရွာမြတ်တို့ကို အရှင်မင်းမြတ် သနားတော်မူအပ်သဖြင့် ရအပ် ပါကုန်၏ဟု ပြောဆို လျှောက်တင်၏။

ဆရာဆွံ့၏ တပည့်သည် အရှင်ပစ္စေကဗုဒ္ဓါကို ပစ်သတ်ခြင်း

ချစ်သားရဟန်းတို့ ထိုအခါ ယောကျ်ားတစ်ယောက်သည် သူဆွံ့သည်ရအပ် ခံစားအပ်သော စည်းစိမ်ချမ်းသာကို မြင်၍ ကြံဆင်ခြင်သည်မှာ ဤသူကား ဆွံ့အ-ထိုင်းမှိုင်းသောသူ ဖြစ်ပါလျက်ပင်သော်လည်း ဤသို့ သဘောရှိသော အတတ်ပညာကို အမှီပြု၍ ကြီးကျယ် မြင့်မြတ်သော စည်းစိမ် ချမ်းသာသို့ ရောက်လေ၏။ ငါသည်လည်း ထိုအတတ်ပညာကို သင်ယူခြင်းငှာ အပ်၏ဟု ကြံ၏။ကြံပြီး၍ကား ထိုယောကျ်ားသည် သူဆွံ့၏ ထံမှောက်သို့ သွားရောက် ချဉ်းကပ်ပြီး ဆရာ အရှင်တတ်သောအတတ်ပညာကို အကျွန်ုပ်အား သင်ကြား ပေးသနားပါဟု ပြောဆိုတောင်းပန်၏၊ အသင့်ကို ငါသည်ပေးသနားခြင်းငှာ မစွမ်းနိုင်ဟု ပယ်မြစ်သည်ရှိသော် ထိုယောကျ်ားလည်း ပယ်မြစ်စေကာမူ ဆရာကို နှစ်သက်အောင် ပြုပြီးမှ ငါသင်ယူအံ့ဟု ကြံ၍ ဆရာထံကို ချဉ်းကပ် မှီခိုပြီးမှ လက်ခြေဆုပ်နယ်ခြင်း အစရှိသော ဝတ်ကြီးဝတ်ငယ် အသွယ်သွယ် တို့ကို ပြု၍ ရှည်ကြာလေးမြင့်စွာ သူဆွံ့ဆရာကို နှစ်သက်စေပြီးသော အခါ အတတ်ပညာကို သင်ပါမည် အကြောင်းဖြင့် အဖန်ဖန် တောင်းပန်၏ သူဆွံ့ ဆရာသည်လည်း ထိုယောကျ်ားကား ကျေးဇူးဥပကာရ အလွန်များလှသည်၊

ဖြစ်သောကြောင့် တားမြစ်ခြင်းငှာမစွမ်းနိုင်ဘဲ ဆင်ကြားပြသ၍ ပေးရသဖြင့် တတ်မြောက်ပြီးဆုံးသောအခါ ဆရာဆွဲက အမောင် အသင်အား အတတ်ပညာ အပြီးအဆုံးတိုင်အောင် တတ်မြောက်လေပြီ။ ယခုအခါ၌ အသို့ပြုအံ့နည်းဟု မေး၏။ ဆရာ အကျွန်ုပ်သည် မြို့၏ပြင်ပသို့ ထွက်သွားပြီး အတတ်ပညာကို စူးစမ်းအံ့ဟု ဆို၏။ အမောင် အဘယ်ဝတ္ထုကို စူးစမ်းအံ့နည်းဟု မေးလျှင် နွားမတို့ကို လည်းကောင်း၊ လူတို့ကိုလည်းကောင်း ပစ်ခတ်၍ စူးစမ်းအံ့ဟု ပြော၏။ အမောင် နွားမတို့ကို သတ်သောသူသည် တစ်ရာသော ဒဏ်ကို ပေးဆောင်ရ၏။ လူကိုသတ်သောသူအား တစ်ထောင်သော ဒဏ်ကို ပေးဆောင်ရ၏။ သင်သည် မယား, သားသမီး သိမ်းဆည်း စောင့်ရှောက်တတ်သော အမိအဖ အစိုးရသောသူ ကင်းမဲ့လွတ်ရှင်းသည်ကို လည်းကောင်း စိုးပိုင် စောင့်ရှောက်သောသူ ထင်ရှားရှိသည်ကို လည်းကောင်း မသိနိုင်ဘဲ ရှိလိမ့်မည်။ အမောင် အသင်၏ ကိုယ်ကို အသင် မဖျက်ဆီးပါလင့်။ အကြင်သူအား ပစ်ခတ်စမ်းသပ်အပ်သည် ရှိသော် ဒဏ်ကို ပေးဆောင်ရခြင်း မရှိ။ ထိုကဲ့သို့ သဘောရှိသော အမိအဖ စသည် ကွယ်ပျောက် စောင့်ရှောက် စိုးပိုင်သူ ကင်းရှင်းသောသူတို့အား စူးစမ်း၍ ကြည့်ရှုပါလော့ဟု ပြောဆိုမှာထား၍ လွှတ်လိုက်၏။

ထိုယောကျ်ားလည်းကောင်းပါပြီဟုဝန်ခံ၍ကျောက်စရစ်တို့ကို ရင်ခွင်ထက်၌ ပိုက်ဖက်ယူဆောင်လျက် ထိုသို့သဘောရှိသော စောင့်ရှောက်စိုးပိုင်သူ ကင်းရှင်းသည်ကို ရှာဖွေလှည့်လည်ရာ နွားတို့ကို တွေ့ပြန်ပါလည်း စိုးပိုင်သူ ပစ္စည်းရှင် ရှိသောကြောင့် ပစ်ခတ်ခြင်းငှာ မစွမ်းနိုင်။ လူတို့ကို တွေ့ပြန်ပါသော်လည်း ဆွေမျိုးဉာတိ ဖမိပေါက်ဖော် တော်စပ်သည့် အလျောက် စောင့်ရှောက်သော သူတို့သည် ထင်ရှားရှိသောကြောင့် ပစ်ခတ်ခြင်းငှာ မဝံ့လေ။ ထိုအခါကာလ၌ သုနေတ္တအမည်ရှိသော ပစ္စေကဗုဒ္ဓါသည်ဗာရာဏသီပြည်ကို အမှီပြု၍ သီတင်းသုံးစံနေတော်မူ၏။ ထိုပစ္စေကဗုဒ္ဓါအရှင်သည် ဆွမ်းရှာခံခြင်းငှာ ကြွဝင်တော်မူလာသည်ရှိသော် ကျောက်စရစ်အတတ်ကို ပစ်ခတ်စူးစမ်းအံ့သောငှာ လှည့်ပတ်ရှာဖွေ၍နေသော ထိုယောကျ်ားသည် မြို့တံခါးအကြားသို့အဝင် ပစ္စေကဗုဒ္ဓါကို မြင်၍ ဤသူသည်ကား အမိအဘ ဆွေမျိုးဉာတိ စောင့်ရှောက်စိုးပိုင်သူတို့မှ ကင်း၏။ ဤသူ၌ ပစ်ခတ်အပ်သည်ရှိသော် ဒဏ်မရှိသည် ဖြစ်ပေလိမ့်မည်။ ဤသူကို ပစ်ခတ်ပြီး အတတ်ကို စူးစမ်းတော့အံ့ဟု ကြံ၍ ပစ္စေကဗုဒ္ဓါအရှင်၏ လက်ယာနားတွင်းကို ရည်မှတ်လျက် ကျောက်စရစ်ကို ပစ်လွှတ်လိုက်၏။ ထို ပစ်လွှတ်လိုက်အပ်သော ကျောက်စရစ်သည်လက်ယာနားတွင်းဖြင့်ဝင်၍ လက်ဝဲနားတွင်းဖြင့် ထွက်သွား၏။ ကြီးစွာသော ဆင်းရဲဝေဒနာ ဖြစ်သဖြင့် ပစ္စေကဗုဒ္ဓါသည်ဆွမ်းခံကြွဝင်တော်မူခြင်းငှာ မစွမ်းနိုင်။ ကောင်းကင်ခရီးဖြင့် သီတင်း

သုံးတော်မူရာဖြစ်သော သစ်ရွက်မိုးကျောင်းသို့ ပြန်ကြွတော်မူ၍ ပရိနိဗ္ဗာန် စံတော်မူ၏။

မြို့၌ နေသူ လူများအပေါင်းသည် ပစ္စေကဗုဒ္ဓါအရှင်သည် ဆွမ်းခံမကြွ မဝင်လာသည်ရှိသော် တစ်စုံတစ်ခုသော မချမ်းမသာ ရောဂါစွဲကပ်ခြင်းဖြစ်လေ လိမ့်မည်ဟုကြံ၍ အမှုင်မြွတ် ကိန်းအောင်းသော ကျောင်းသို့ သွားရောက်၍ ကြည့်ရှုပူးမြော်ကုန်သည်ရှိသော် ပရိနိဗ္ဗာန် စံတော်မူသော ပစ္စေကဗုဒ္ဓါ၏ အလောင်းတော်ကို မြင်သဖြင့် ပူပင်လှိုက်ဆွေး ငိုကြွေးမည်တမ်းကြကုန်၏။ ကျောက်စရစ်ပစ်တတ်သော ယောကျ်ားမိုက်လည်း လူများအပေါင်း သောင်း သောင်း ဖြဖြ သွားလာကြသည်ကိုမြင်၍ မိမိလည်း ထိုသူတို့နှင့် အတူတကွ လိုက်ပါသွားပြီးသော် ကျောင်းသို့ ရောက်သောအခါ ပစ္စေကဗုဒ္ဓါအရှင်ကို မြင်လျှင် မှတ်မိသောကြောင့် မြို့သို့ ရှေးရှုကြွဝင်တော်မူလာသော ဤအရှင်ကို အတတ်ပညာကို စူးစမ်းလိုသောကြောင့် ငါသည် ကျောက်စရစ်ဖြင့် ပစ်ခတ် လိုက်မိပေသည်ဟုပြော၏။ လူတို့သည်လည်း ဤသူယုတ်မာသည် ငါတို့အရှင်ကို သတ်ပုတ်ဘိသည် ဖမ်းဆီးကြကုန်လော့ဟု ပြောဆိုဝိုင်းပန်း ဖမ်းဆီးရိုက်ပုတ် ကြလျှက် ထိုနေရာ၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်စေ၏။

ထိုယောကျ်ားမိုက်သည် စုတေသေလွန်သော် အဝီစိငရဲကြီး၌ဖြစ်ရ၍ ထိုငရဲ ကြီးဝယ် မဟာပထဝီမြေကြီး တစ်ယူဇနာ တက်ကြွမြင့်မောက်အောင် ခံစား ခဲ့ရပြီး၍ အကျိုးအကြွင်း၏အစွမ်းဖြင့် ဂိဇ္ဈကုဋ်တောင်ထိပ်၌ သဋ္ဌိကူဋပြိတ္တာ၏ အဖြစ်ဖြင့် ဖြစ်ရလေ၏။

မြတ်စွာဘုရားရှင်သည် ထိုပြိတ္တာ၏ ရှေးမကောင်းမှုကံကို ပြန်ကြား မိန့်ဟောတော်မူပြီး၍ ချစ်သားရဟန်းတို့ ပညာသတိ မရှိသော သူမိုက်အား အတတ်ပညာ တတ်မြောက်ခြင်းသည် လည်းကောင်း အစိုးရခြင်းသည် လည်းကောင်း အကျိုးမဲ့ အချည်းအနှီးသာလျှင် ဖြစ်၏၊ ထိုစကားမှန်၏ ပညာသတိ မရှိကင်းကြိုက် မိုက်မဲတွေဝေသော သတ္တဝါသည် အတတ်ပညာကို လည်းကောင်း အစိုးရခြင်းကို လည်းကောင်း ရ၍ မိမိ၏ အကျိုးစီးပွားမဲ့ကိုသာ ပြုလေသည်ဟု မိန့်တော်မူပြီးလျှင် အနုသန္ဓေကို စပ်တော်မူ၍ တရားကို ဟောကြားတော်မူလိုရကား—

၇၂။ ယာဝဒေဝ အနတ္ထာယ၊ ဉတ္တံ ဗာလဿ ဇာယတိ။
ဟန္တိ ဗာလဿ သုက္ကံသံ၊ မုဒ္ဓမဿ ဝိပါတယံ။

လူမိုက်၏ အတတ်ပညာသည် လူမိုက်အား အကျိုးမဲ့ဖြစ်ခြင်းငှာ သာလျှင် ဖြစ်၏၊ လူမိုက်၏ဖြူစင်သော ကုသိုလ်အဖို့ကို ပယ်ဖျောက်တတ်၏၊ ထိုလူမိုက်၏ ပညာဟူသော ဦးထိပ်ကို ပျက်စီးကျစေတတ်၏။

ထိုဂါထာ၌ ယာဝဧဝေဟူသည်= အပိုင်းအခြားအနက်၌ နိပါတ်ပုဒ်တည်းဟူလို။

ဥ ဏ္ဏဲ့ဟူသည်= သီအပ်သော အပြစ်တည်း၊ အကြင်အတတ်ကို သိ၍ အစိုးရခြင်း၌ လည်းကောင်း အခြံအရံ၌ လည်းကောင်း စည်းစိမ်၌ လည်းကောင်း တည်လျက် လူအပေါင်း၌ မသင့်ရွား၊ ထင်ရှားသော ပညာ၏ အမည်တည်း။ ထိုစကားမှန်၏ အတတ်, အစိုးရခြင်းတို့သည် လူမိုက်အတွက် အကျိုးမရှိ၊ ထိုအတတ်ကို မှီ၍ လူမိုက်အည် မိမိ၏ အကျိုးမဲ့ကိုသာလျှင် ပြု၏။

ဟန္တိဟူသည်=ဖျက်ဆီးတတ်၏ ဟူလို။

သုက္ကံသံဟူသည်= ကုသိုလ်အဖို့၊ ထိုစကားမှန်၏–လူမိုက်မှာ ဖြစ်သော အတတ်သည်လည်းကောင်း စည်းစိမ်သည် လည်းကောင်း ပြုစင်သောအဖို့ကို ဖျက်ဆီး၍သာလျှင် ဖြစ်၏ဟူလို။

မုဒ္ဓံဟူသည်= ပညာ၏ အမည်တည်းဟူလို။

ဝိပါတယံဟူသည်=ဖျက်ဆီးလျက်။ ထိုစကားမှန်၏–လူမိုက်၏ အတတ်သည် ကုသိုလ်ကို ဖျက်ဆီးလျက် ပညာခေါ်သော အတတ်သည် ဖျက်ဆီးသည်ဖြစ်၍လျှင် သတ်တတ်၏ဟူလို၊

ဒေသနာတော်၏ အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ် စသည်တည်ကုန်၏။

တစ်ဆယ့်သုံးခုမြောက် သဋ္ဌိကူဋပြိတ္တာဝတ္ထု ပြီး၏။

၁၄- စိတ္တဂဟပတိဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

အသန္တံ ဘာဝနမိစ္ဆေယျ–အစရှိသော ဤဓမ္မဒေသနာတော်ကို ဘုရားရှင်ကိုယ်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းစံပယ်တော်မူစဉ် ဒါယကာစိတ္တသူကြွယ်ကို ရန်ပြုလုပ်၍ ဘုရားရှင်၏ ထံမှောက်ရောက်လာသော သုဓမ္မမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။ ဝတ္ထုသည်ကား မစ္ဆိကာသဏ္ဍမြို့၌ ဖြစ်၏၊ ဒေသနာကိုကား သာဝတ္ထိပြည်၌ ပြီးဆုံးစေ၏။

မစ္ဆိကာသဏ္ဍမြို့၌ နေထိုင်လေ့ရှိသော စိတ္တသူကြွယ်သည် ပဉ္စဝဂ္ဂီမထေရ်ငါးဦးတို့အနက် အကျုံးဝင်သော အရှင်မဟာနာမမထေရ်သည် ဆွမ်းခံလှည့်လည်တော်မူသည်ကို မြင်လျှင် ထိုမထေရ်၏ သွင်ပြင်မူရာ ဣရိယာပထ၌ ကြည်ညိုခြင်းရှိလှသဖြင့် သပိတ်တော်ကို ယူပြီးသောအခါ အိမ်သို့ပင့်ဆောင်၍ ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြုစုပြီးသောအခါ ဆွမ်းစားခြင်းကိစ္စ အပြီးအဆုံး၌ တရားတော်ကို ကြားနာလျက် သောတာပတ္တိဖိုလ်သို့ ရောက်လေရကား မတုန်မလှုပ် အစလသဒ္ဓါတရားဖြစ်၍ အမွှေကမည်သော မိမိဥယျာဉ်ကို သံဃာတော်တို့ သီတင်းသုံးရာ သံဃာအာရာမ်ကို ပြုလိုသောကြောင့် မထေရ်၏ လက်၌ ရေစက်သွန်းချ ဆောင်နှင်းအပ်နှံ၏။

ထိုခဏဝယ် ဘုရားသာသနာတော် တည်အပ်ပေပြီဟု ရေလျှင် အဆုံးရှိသည်ကိုပြု၍ မဟာပထဝီမြေကြီး ပြင်းစွာတုန်လှုပ်၏။ စိတ္တသူကြွယ်သည် ဥယျာဉ်၏ အတွင်း၌ ကျောင်းကို ဆောက်လုပ်၍ အလုံးစုံကုန်သော အရပ်မျက်နှာတို့မှ ကြွလာကုန်သော ရဟန်းသံဃာတော်တို့အား ဖွင့်ထားအပ်သော တံခါးသဖွယ် ဖြစ်ပေ၏။ ထိုမစ္ဆိကာသဏ္ဍမြို့၌ သုဓမ္မမထေရ်သည် ကျောင်းနေရဟန်းတည်း။

အဂ္ဂသာဝကနှစ်ပါးနှင့် သံဃာတော် တစ်ထောင်အား ဆွမ်းလှူဒါန်းခြင်း

တစ်ပါးသောအခါ၌ စိတ္တသူကြွယ်၏ ဂုဏ်ကျေးဇူး စကားကို ပျံ့နှံ့စွာ ကြားသိရသည် ဖြစ်သောကြောင့် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်ဟူကုန်သော နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည် စိတ္တသူကြွယ်အား ချီးမြှင့်ခြင်းကို ပြုတော်မူလိုသောကြောင့် မစ္ဆိကာသဏ္ဍမြို့သို့ ကြွတော်မူလာကုန်၏။ စိတ္တသူကြွယ်သည် မထေရ်တို့ကြွတော်မူလာသော သတင်းစကားကို ကြားသိ၍ ယူဇနာဝက်မျှလောက်သော ခရီးသို့ ထွက်သွားဆီးကြိုပြီး၍ မထေရ်တို့ကို ပင့်ခဲ့ပြီးသော် မိမိ ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းသို့သွင်း၍ အာဂန္တုကဝတ်ကို ညီညွတ်ပြည့်စုံအောင် ပြုပြီးသောအခါ အရှင်ဘုရား တပည့်တော်အား အနည်းငယ်သော တရားစကား ဟောကြားတော်မူပါဟု အရှင်သာရိပုတ္တရာမထေရ်မြတ်ကို တောင်းပန်လျှောက်ထား၏။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်ကလည်း ဒါယကာ ငါတို့သည်အဓွန့်ရှည်စွာသောခရီးသို့ လာခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်သော သဘောရှိကုန်၏။ များစွာသော တရားတော်ကို ဟောကြားခြင်းငှာမစွမ်းနိုင် အနည်းငယ်မျှသော တရားတော်ကိုသာ နာဦးတော့ဟု မိန့်တော်မူပြီးမှ အနည်းငယ်မျှသော တရား

စကားကိုဟောကြားတော်မူ၏။ သူကြွယ်လည်း မထေရ်၏ တရားကိုနာလျက်သာလျှင် အနာဂါမိဖိုလ်သို့ ရောက်လေ၏။ တရားဟောပြီးသည်၏ အဆုံး၌ စိတ္တသူကြွယ်သည် နှစ်ပါးကုန်သော အဂ္ဂသာဝကမထေရ်တို့ကို ဖိတ်ကြားတိုင်းကို ရှိခိုးပြီး၍ အရှင်ဘုရားတို့ အရှင်မြတ်တို့သည် အရံနောက်ပါ တစ်ထောင်မျှလောက်ကုန်သော သံဃာတော်နှင့်တကွ တပည့်တော်၏ အိမ်၌ ဆွမ်းကို အလှူခံတော်မူပါဟုပင့်ဖိတ်လျှောက်ထားပြီး၍ နောက်မှကျောင်းနေဖြစ်သော သုဓမ္မမထေရ်၏ထံသို့ သွား၍ အရှင်မြတ်တို့သည်လည်း နက်ဖြန်ခါဝယ် မထေရ်တို့နှင့်အတူတကွ တပည့်တော်၏အိမ်သို့ ကြွတော်မူပါကုန်ဟုပင့်ဖိတ်၏။

သုဓမ္မမထေရ်သည် စိတ္တသူကြွယ်အား တောင်းပန်ရခြင်း

သုဓမ္မမထေရ်သည်ဤသူကြွယ်ကားငါ့ကိုနောက်မှပင့်ဖိတ်ဘိသည်ဟု အမျက်ထွက်၍ပယ်မြစ်၏။ ဤသူကြွယ်လည်း အတန်တန်တောင်းပန် လျှောက်ကြားပါသော်လည်းတားမြစ်သည်သာ ဖြစ်သောကြောင့်အရှင်ဘုရား ဤအမှုကား ထင်ရှားဖြစ်ပါလိမ့်မည်ဟု လျှောက်ကြား၍ အိမ်သို့ ပြန်သွားပြီးသောအခါ တစ်ဖန်မိုးသောက် ရောက်သောနေ့၌ မိမိအိမ်ဝယ် ကြီးကျယ် လျှောက်ပတ်ကောင်းမြတ်သောဒါနဝတ္ထုကိုစီရင်၏၊ သုဓမ္မမထေရ်လည်း ကျောင်းဒါယကာသည် မိုးသောက်ယံ၌အဂ္ဂသာဝကမထေရ်အရှင်မြတ်တို့အားကျွေးမွေးလှူဒါန်းဖွယ်ကိုအဘယ်သို့စီရင်ပါလေသနည်း။ နက်ဖြန်ခါ၌သွားရောက်၍ကြည့်ရှုဦးအံ့ဟု ကြံပြီးလျှင်နက်ဖြန် မိုးသောက်ရောက်သောအခါ နံနက်စောစောကပင် သပိတ်သင်္ကန်းကိုယူ၍ သူကြွယ်၏အိမ်သို့ကြွသွား၏။ သူကြွယ်သည် မထေရ်ကိုမြင်လျှင် အရှင်ဘုရား ဤနေရာ၌ ထိုင်နေသီတင်းသုံးပါကုန်ဟု လျှောက်၏။ သုဓမ္မမထေရ်ကဒါယကာငါသည် ထိုင်နေခြင်းငှာအလိုမရှိ။ ဆွမ်းခံခြင်းငှာလှည့်လည်တော့အံ့ဟု ပြောဆိုပြီးလျှင် မထေရ်တို့၏အလို့ငှာ ပြုစုစီရင်၍ထားအပ်သော လှူဖွယ်ဝတ္ထု အစုစုကို ကြည့်ရှုပြီးသောကာလ သူကြွယ်ကို အမျိုးအားဖြင့်ထိပါးပုတ်ခတ် ပြောဆိုလိုသည်ဖြစ်သောကြောင့်ဒါယကာသူကြွယ်အသင်သည် ပြုပြင်စီရင်၍ထားအပ်သောကျွေးမွေးလှူဒါန်းဖွယ်သည် အလွန်ပင်မြတ်ပေ၏။ သို့သော်လည်းဤအလှူဝတ္ထုအစု၌ တစ်ခုသော ပစ္စည်းဝတ္ထုမပါခြင်းမျှသာ ဆိုဖွယ်ရာရှိသည့်ဟု ပြောသည့် ကာလ အရှင်ဘုရား အဘယ်ဝတ္ထုပါနည်းဟု မေးလျှင် ဒါယကာ နှမ်းမုန့်ကြွပ်တည်းဟု ပြောသဖြင့် အရှင်ဘုရားသည် "ဇောက္ကလိကာ"ဟုမြည်းသော ကျီး၏တမျှပမာဏဖြင့် ပြောဆိုမောင်းမဲသည်ရှိသော် သုဓမ္မမထေရ်သည် အမျက်ထွက်၍ ဒါယကာ အသင်၏ ကျောင်းကို အသင်သိမ်းဆည်းစောင့်ရှောက်လေတော့၊ ငါသည် အရပ်တစ်ပါးသို့ ဖဲသွားတော့အံ့ဟု ပြောဆိုသည် ကာလ စိတ္တသူကြွယ်သည် သုံးကြိမ်တိုင်အောင်

တားမြစ်တောင်းပန်၏။ ယင်းသို့တားမြစ်တောင်းပန်ပါသော်လည်းမနာမယူ ဖဲ့သွား၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏အထံသို့ သွားရောက်ပြီးသော် စိတ္တသူကြွယ်သည် လည်းကောင်း မိမိသည်လည်းကောင်း ပြောဆိုအပ်သော စကားအလုံးစုံကို အကုန်ပြန် ကြားလျှောက်ထား၏။

မြတ်စွာဘုရားကိုယ်တော်မြတ်က— အသင်ရဟန်းအသင်သည် ဒါယကာ၏ သဒ္ဓါကြည်ညိုရှိသေလေးမြတ်ခြင်းကို ကဲ့ရဲ့ရှုတ်ချဂရဟိတ သဘောပြောဆိုဘိ သည်ဟု ထိုသုဓမ္မမထေရ်အားသာလျှင် အပြစ်သို့တင်၍ ပဋိသာရဏီယကံကို ပြုစေပြီး၍ သွားတဲ့ချေ။ အသင်သည် စိတ္တသူကြွယ်ကို သည်းခံစေလော့ဟု မိန့်တော်မူ၏။ သုဓမ္မမထေရ်သည် ထိုမစ္ဆိကာသဏ္ဍမြို့သို့ပြန်သွား၍ စိတ္တသူကြွယ် ကို ဒါယကာ အသင်၏ အပြစ်အာစာရကား မရှိ၊ ငါ၏ အပြစ်အာစာရကသာ ရှိပေသည်။ ငါ့အား သည်းခံပါလော့ဟု တောင်းပန် ဝန်ချသော်လည်းစာပည္ တော်သည် သည်းမခံနိုင်ဟု မျက်မှောင်ကြုတ်၍ နေသောကြောင့် ထိုစိတ္တ သူကြွယ်ကို သည်းခံစေတော့အံ့သောငှာမစွမ်းနိုင်ရကား မြတ်စွာဘုရားရှင်၏ အထံသို့ တစ်ဖန် ပြန်လာခဲ့ပြန်၏။ မြတ်စွာဘုရားရှင်သည် ထိုမထေရ်အား ဒါယကာသည်းမခံသဖြင့် ပြန်လည်၍လာရမည့် အ[illegible]ကို သိတော်မူသော်လည်း ဤရဟန်းသည် ကြမ်းကမ်းခက်ထန်သော မာန်ရှိ၏။ ယူဇနာ သုံးဆယ်ရှိသော ဤလမ်းခရီးကို လူးလာ ပျံ့ခေါက် သွားရောက်စေဦးဟု နှလုံးသွင်းတော်မူ၍ သည်းခံအံ့သော အကြောင်းကို မပြောမကြားမူ၍သာလျှင် လွှတ်လိုက်၏ တစ်ခေါက်တစ်ဖန်ပြန်လာသောကာလ၌ ပယ်ချစွန့်လျှင် ကင်းသောမာန်မာန ရှိသော သုဓမ္မာမထေရ်အား အတူလိုက်သွားရန် တမန်ကို ပေးသနား တော်မူ၍ဤတမန်နှင့် အတူတကွသွားလော၊ဒါယကာကိုသည်းခံစေဘိလော့ဟု မိန့်တော်မူပြီး၍ချစ်သားရဟန်းငါဘုရားသာသနာတော်၌ ကောင်းစွာထမ်းရွက် သော ရဟန်းမည်သည်ကား ငါ၏နေရာကျောင်း၊ ငါ၏နေရာ အရပ်ဒေသ၊ငါ၏ ဒါယကာ၊ ငါ၏ ဒါယိကာမဟူ၍ အလွန်အကဲ စွဲလမ်းနှစ်မြို့ အလိုကို မပြုအပ်။ ဤသို့ပြုလုပ်သော ရဟန်းအား အလိုဆိုးရမ္မက်နှောင့်ယှက်များစွာကိလေသာ တို့သည် လွန်စွာ ပွားများလေကုန်သတည်းဟု အနုသန္ဓေကို စပ်တော်မူ၍ တရားဟောကြားတော်မူလိုသောကြောင့် ဤဂါထာတို့ကို မိန့်တော်မူ၏—

၇၃။ အသန္တံ ဘာဝနမိစ္ဆေယျ၊ ပုရေက္ခာရဉ္စ ဘိက္ခုသု။
အာဝါသေသု စ ဣဿရိယံ၊ ပူဇာ ပရကုလေသု စ။

၇၄။ မမေဝ ကတ မညန္တု၊ ဂိဟီ ပဗ္ဗဇိတာ ဥဘော။
မမေဝါတိဝသာ အဿု၊ ကိစ္စာကိစ္စေသု ကိသ္မိစိ။
ဣတိ ဗာလဿ သင်္ကပ္ပေါ၊ ဣစ္ဆာ မာနော စ ဝဍ္ဎတိ—

လူမိုက်သည် မိမိ၌ မရှိသောဂုဏ်ဖြင့် ချီးမွမ်းခြင်းကိုလည်းကောင်း၊ ရဟန်းတို့၌မိမိကိုခြံရံခြင်း၌လည်းကောင်း၊နေရာဌာနတို့၌အစိုးရခြင်းကိုလည်းကောင်း၊ မိဘမှတစ်ပါး အခြားသော အမျိုးတို့၌ ပူဇော်ခြင်းတို့ကို လည်းကောင်း အလိုရှိရာ၏။

ငါ့ကိုသာလျှင်သေနာသနစသည်ငတ်ပြုအပ်၏ လူရဟန်းနှစ်ဦးစလုံးမှတ်ထင်စေကုန်သတည်း။ တစ်ချိန်ချိန်၌ ကိစ္စကြီးငယ်ဆောင်ရွက်ဖို့ ပေါ် ပေါက်လာကုန်သော် ငါ၏စိတ်အလိုတိုင်း ဖြစ်စေကုန်သတည်း။ ငါ့ကိုသာလျှင် ပန်ကြား၍ ပြုစေကုန်သတည်း။ ဤသို့လူမိုက်အား အကြံသည်လည်းကောင်း၊ အလိုသည် လည်းကောင်း ဖြစ်၏။ ထိုလူမိုက်အား အလိုရမ္မက်သည်လည်းကောင်း၊ မာန တရားသည်လည်းကောင်း တိုးပွား၏။

ထိုဂါထာတို့တွင် အသန္တံဟူသည်=မလိမ္မာသောရဟန်းသည် မိမိ၌ထင်ရှားမရှိသောချီးမွမ်းခြင်းကိုအလိုရှိ၏။ သဒ္ဓါတရားမရှိဘဲ သဒ္ဓါတရားရှိ၏ဟု ငါ့ကို လူတွေသိပါစေဟု အလိုရှိ၏။ ပါပိစ္ဆတာနိဒ္ဒေသ၌ ထိုနည်းအတိုင်းသိပါ။မလိမ္မာသူသည် ယုံကြည်မှုမရှိ၊ သီလမရှိ၊ အကြားအမြင်နည်းပါး ဆိတ်ငြိမ်ရာ၌ မမွေ့လျော်၊ လုံ့လမရှိ၊ သတိမရှိ၊ တည်ကြည်မှုမရှိ၊ ပညာမရှိ ရဟန္တာမဟုတ်ဘဲလျက် ငါ့ကို လူအပေါင်းက ဤရဟန်းသည် သဒ္ဓါတရားရှိ၏၊ သီလရှိ၏၊ အကြားအမြင်းများ၏၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်၏၊ လုံ့လရှိ၏၊ သတိရှိ၏၊ တည်ကြည်၏၊ ပညာရှိ၏၊ ရဟန္တာဖြစ်၏ဟု သိပါမူ ကောင်းလေစွ၊ ဤသို့ ထင်ရှားမရှိသော ချီးမွမ်းခြင်းကို အလိုရှိ၏ ဟူလို။

ပုရေက္ခာရံဟူသည်=အခြံအရံကိုဟူလို။ ငါ့ကိုကျောင်းအားလုံး၌ရဟန်းများ ဝိုင်းရံ၍ ပြဿနာ မေးကုန်လျက် နေကြပါကုန်မူကား ကောင်းလေစွ ဟု အလိုဆိုး၌ ရပ်တည်၍ ရှေ့သွားအကြီး အကဲအဖြစ်ကို ရဟန်းတို့၌ အလိုရှိ၏။

အာဝါသေသုဟူသည်=သံဃိကကျောင်းတို့၌လည်းကောင်းဟူလို။ ကျောင်း အလယ်၌ရှိသော မွန်မြတ်သော အိပ်ရာနေရာတို့ကိုလည်း မြင်ဖူး တွေ့ဖူး ပေါင်းသင်းဖူးသော ရဟန်းတို့အား အရှင်ဘုရားတို့သည် ဤကျောင်း၌နေကုန် လော့ဟုစီရင်လျက် မိမိကလည်းကျောင်းကောင်းကို သိမ်းဆည်းသုတ်သင်လျက် ကြွင်းကုန်သောဧည့်သည် ရဟန်းတို့အားမကောင်းသော အစွန်အဖျားကျောင်း တို့ကိုလည်းကောင်း၊ ဘီလူးပိုင်ဆိုင်သော ကျောင်းတို့ကို လည်းကောင်းပြ၍ အရှင်ဘုရားတို့သည် ဤကျောင်းတို့၌နေကုန်လော့ဟု စီရင်လျက် ကျောင်းတို့၌ အစိုးရခြင်းကို အလိုရှိ၏။

ပူဇာ ပရကုလေသုစ ဟူသည်=မိဘ·ဆွေမျိုးတို့၏ ဥစ္စာမဟုတ် အခြား ဒါယကာတို့၌ သာလျှင်- ဤဒါယကာတို့သည် ငါ့အားသာလျှင် လှူကုန်ပြီး အခြားသူတို့အား မလှူကြပါမူ ကောင်းလေစွဟု ပစ္စည်းလေးပါးတို့ဖြင့် ပူဇော် ခြင်းကို အလိုရှိ၏ ဟူလို။

မမေဝကတမညန္တု ဟူသည်=မလိမ္မာသော ရဟန်း၏လည်း ကျောင်း တစ်ကျောင်း၌ ဥပုသ်စသည်တို့ကိုပြုခြင်းအစွမ်းအားဖြင့် ပြုအပ်သော အမှုသစ် စသည်သည် ငါတို့၏ မထေရ်သည် ပြုအပ်၏ဟု လူတို့သည်လည်းကောင်း၊ ရဟန်းတို့သည် လည်းကောင်း၊ လူ ရဟန်းနှစ်ဦးတို့သည် လည်းကောင်း ငါ့ကို သာလျှင်မှီ၍ ပရိကမ်ပြုခြင်း မည်သည်ပြီး၏ဟု အောက်မေ့ စေကုန်သတည်းဟု အကြံဖြစ်၏ ဟူလို။

မမေဝါတိဝသာအသု ဟူသည်="ရဟန်းရှင်လူ ခပ် သိမ်းသူတို့သည်လည်း ငါ၏အလို၌ ဖြစ်စေကုန်သတည်း။ လှည်း နွား ပဲကွပ် ပေါက်ဆိန် အစရှိသည် တို့ကိုလည်းရပါစေကုန်သတည်း။ အောက်ထစ်ဆုံးယာဂုဆွမ်းကိုမျှလည်း နွေး၍ သောက်ခြင်း စသည်တို့ကိုလည်း ရအပ်သည် ဖြစ်ကုန်သတည်းဟု ကိစ္စကြီးငယ် ဟူသမျှတို့တွင် တစ်ခုခု၌လည်း ငါ့အလိုသာ ဖြစ်စေသကည်း။ ငါ့ကိုပန်ကြား၍ ပြုစေကုန်သတည်းဟု အကြံဖြစ်၏ ဟူလို။

ဣတိဗာလဿ ဟူသည်=မလိမ္မာသောရဟန်း၏ အလိုဆိုး၊ အကြံဆိုးသည် ဖြစ်၏။ ထိုရဟန်းအား ဝိပဿနာတို့သည် မတိုးပွားကုန်။ မဂ်ဖိုလ်တို့သည် မတိုးပွားကုန်။ သက်သက်မူကား- ထိုမလိမ္မာသောရဟန်းအား အလိုရမ္မက် စသည်တို့သည် သမုဒ္ဒရာ၏ရေကဲ့သို့ ပြောက်ဒွါရတို့၌ဖြစ်ကုန်လျက် တဏှာသည် လည်းကောင်း၊ မာန်ကိုးပါးသည်လည်းကောင်း တိုးပွား၏ဟူလို။

ဒေသနာတော်၏အဆုံး၌ လူများစွာတို့သည် သောတာပန်တည်ကုန်၏။

သုဓမ္မမထေရ် ရဟန္တာဖြစ်ခြင်း

သုဓမ္မမထေရ်သည်လည်း ဤသို့သော ဆုံးမဩဝါဒကို ကြားနာ၍ မြတ်စွာ ဘုရားကိုယ်တော်မြတ်ကို ရှိခိုးပြီးသော် နေရာမှထပြီးသည်ကာလ လက်ယာရစ် လှည့်လည်သည်ကို ပြုပြီးလျှင် မြတ်စွာဘုရား ပေးသနားတော်မူအပ်သော တမန်ရဟန်းနှင့် အတူတကွ မစ္ဆိကာသဏ္ဍမြို့သို့ သွားရောက်၍ စိတ္တသူကြွယ် မျက်မှောက်ဝယ် အာပတ်ကို ကုစားပြီးသော် ဒါယကာစိတ္တသူကြွယ်ကို သည်းခံ စေ၏။ စိတ္တသူကြွယ်ကလည်း အရှင်ဘုရား... အရှင်မြတ် ကျူးလွန်အပ်သော

အပြစ်ကိုလည်း တပည့်တော် သည်းခံပါ၏။ တပည့်တော်က ပြစ်မှားကျူးလွန်သော အပြစ်ဒေါသရှိခဲ့ပါလျှင်လည်း အရှင်ဘုရားသည် သည်းခံတော်မူပါဟု ပြန်မျှကန်တော့ဝန်ချ၏။ သုဓမ္မမထေရ်သည် မြတ်စွာဘုရား ပေးသနားတော်မူအပ်သော အဆုံးအမ ဩဝါဒ၌တည်၍ နှစ်ရက်သုံးရက်ဖြင့်သာလျှင် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

စိတ္တသူကြွယ်သည် မြတ်စွာဘုရားထံ သွားရောက်ဖူးမြော်ခြင်း

စိတ္တသူကြွယ်သည် ကြံဆင်ခြင်သည်မှာ ငါသည်ဆရာဖြစ်တော်မူသောဘုရားကိုယ်တော်မြတ်ကို တပ်အပ်ထင်ထင် မဖူးမြင် မတွေ့ဆုံရဘဲလျက်နှင့် သောတာပတ္တိဖိုလ်သို့ ရောက်ရလေ၏။ မြတ်စွာဘုရားရှင်ကို မဖူးမြင်ရဘဲသာလျှင် အနာဂါမိဖိုလ်၌ တည်၏။ ဤသို့ ကြောင်းအောင် ဘုရားရှင်ကိုမဖူးမြင်ဘဲ နေခြင်းငှါ အခွင့်မလျော်ချေ။ အစိန္တေယျ အတုလထွတ်ထား ဘုရားကိုယ်တော်မြတ်ကို ငါသွား၍ ဖူးမြော်ခြင်းငှါ အပ်ပေသည်ဟုကြံ၏။ ယင်းသို့ ကြံဆင်ခြင်ပြီး၍ကား ထိုသူကြွယ်သည် နှမ်း, ဆန်, တင်လဲ, ထောပတ်, ပျား, သကာ, အဝတ် စသည်တို့ဖြင့် ပြည့်ကုန်သော ငါးရာကုန်သော လှည်းတို့ကို ပြုပြင် ယှဉ်ကစေပြီးသောအခါ အကြင်သူတို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ဖူးမြော်ခြင်းငှါ လိုကုန်၏။ ထိုသူတို့သည် ငါနှင့်အတူတကွ လိုက်လှည့်ကြကုန်။ ဆွမ်းထမင်းအစရှိကုန်သော အသုံးအဆောင်ဟူသမျှတို့သည် အနည်းငယ်မျှသော်းငယ်ညစ်နွမ်းပင်ပန်းခြင်းမရှိ ပကတိ ချမ်းသာစွာ ဖြစ်ပေကုန်လတ္တံ့ဟု ရဟန်းယောကျ်ား ရဟန်းမိန်းမ ဒါယကာယောကျ်ား ဒါယိကာမိန်းမအပေါင်းတို့အားကြားစေ၏။ ထိုသို့ အကြောင်းကြားသောအခါ စိတ္တသူကြွယ်နှင့် အတူတကွ ဘုရားကို ဖူးမြော်အံ့သောငှါ လိုက်ကုန်အံ့ဟု ငါးရာကုန်သော ရဟန်းယောကျ်ားတို့သည်လည်းကောင်း၊ ငါးရာကုန်သော ရဟန်းမိန်းမတို့သည် လည်းကောင်း ငါးရာကုန်သော ဒါယကာ, ငါးရာကုန်သော ဒါယိကာမတို့သည် လည်းကောင်း ထွက်လာကြကုန်၏။ ထိုသို့ လိုက်ပါကြွလာသော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ ဒါယကာ ဒါယိကာမတို့နှင့် မိမိကပါလာသော ပရိတ်သတ်အပေါင်- စပ်မိသည် ရှိသော် သုံးထောင်မျှလောက်သော လူထုသည် ရှိပေသတည်း။

နတ်များက စောင့်ရှောက်ကာ ပန်းမိုးရွာချခြင်း

ယူဇနာ သုံးဆယ်ရှိသော လမ်းခရီး၌ ထိုသုံးထောင်မျှလောက်သော လူထုပရိသတ်ကို မွန်မြတ်သော ယာဂုထမင်း စသည်တို့ဖြင့် မကြွင်းမကျန် ပိုလျှံပြည့်စုံ သုံးမကုန်အောင် ကြည့်ရှု စောင်ရှောက် ပြုစုပေ၏။ စိတ္တသူကြွယ်နှင်...

များစွာသော လူအပေါင်းတို့သည် ထွက်လာကြသည်ကိုသိ၍ တစ်ယူဇနာ တစ်ယူဇနာရှိရာ အရပ်၌လည်း နတ်တို့ကလည်း သစ်ခက်တဲ မဏ္ဍပ်တို့ကို ဖွဲ့ချီပြု၍ နတ်၌ဖြစ်သော ယာဂု ခဲဖွယ် ထမင်း အဖျော်စသည်တို့ဖြင့် လုပ်ကျွေးကြကုန်၏။ တစ်စုံတစ်ယောက်မျှသော သူအားလည်း ကြွင်းကျန် ပင်ပန်း နွမ်းနယ်ချိတဲ့ခြင်း မရှိလေ။ ဤသို့ နတ်အပေါင်းတို့ ကောင်းစွာ လုပ်ကျွေးအပ်သဖြင့် တစ်နေ့တစ်နေ့လျှင် တစ်ယူဇနာ တစ်ယူဇနာ သွားခဲ့ရာ တစ်လပြည့် မြောက်သဖြင့် သာဝတ္ထိပြည်သို့ ရောက်သတည်း။ လှည်းငါးရာတို့၌ တင်ဆောင် ယူလာသော ပစ္စည်းဥစ္စာ ဘဏ္ဍာအစုတို့သည်လည်းပကတိပြည့်မြဲတိုင်းသာလျှင် ရှိကုန်၏။ လမ်းတစ်လျှောက်၌ နတ်တို့သည် လည်းကောင်း လူတို့သည် လည်း ကောင်း ဆောင်ယူပေးပို့လာသော လက်ဆောင်ပဏ္ဏာကာရကို စွန့်ကြဲပေးကမ်း လှူဒါန်း၍သာ လာခဲ့၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် အာနန္ဒာ မထေရ်ကို ခေါ်တော်မူပြီးသောအခါ ချစ်သားအာနန္ဒာ ယနေ့ ညချမ်းသော အခါ၌ စိတ္တသူကြွယ်သည် ငါးရာကုန်သော လှည်းတို့ဖြင့် ပစ္စည်းဥစ္စာ ဘဏ္ဍာ အစုစုတို့ကို ပြည့်စေကုန်ပြီးသောအခါ လာရောက်၍ ငါဘုရားကို ဖူးမြော်လတ္တံ့ ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤသို့ မြတ်စွာ ဘုရားအား စိတ္တသူကြွယ်ဖူးမြော်လာသောအခါ တစ်စုံတစ်ခုသော ပဏ္ဏာမိုက် ပြာဋိဟာသည် ဖြစ်ပါလတ္တံ့လော ဟု အာနန္ဒာမထေရ်က လျှောက်ထားလျှင် ချစ်သားအာနန္ဒာ.... ဖြစ်ပေလတ္တံ့ ဟုမိန့်တော်မူသဖြင့် ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား အဘယ်သို့ ဖြစ်ပါလတ္တံ့နည်းဟု မေးလျှောက်ပြန်သော် ချစ်သား အာနန္ဒာ စိတ္တသူကြွယ်သည် ငါဘုရားကို ရှိခိုးလာသောအခါ ရှစ်မင်းပယ်မျှလောက်ပမာဏရှိသောအရပ်၌ ဒူးဆစ်အဝန်း မြုပ်လောက်သော နတ်၌ဖြစ်သော ပန်းဖြင့် တစ်ခဲနက်တည်း ပန်းမိုးရွာလတ္တံ့ဟု မိန့်တော်မူ၏။

ထိုသို့ မြတ်စွာဘုရား မိန့်တော်မူသော စကားကို အဆင့်ဆင့်အားဖြင့် ကြားသိကုန်သည်ရှိသော် မြို့သူမြို့သား ယောကျ်ား မိန်းမ အပေါင်းတို့သည် ဤသို့သဘောရှိသော ကောင်းမှုဘုန်းကံနှင့် ပြည့်စုံသော စိတ္တမည်သောသူကြွယ် သည် လာရောက်၍ ယနေ့ မြတ်စွာဘုရားရှင်ကို ဖူးမြော်လတ္တံ့။ ဤသို့ သဘောရှိသော တန်ခိုးပြာဋိဟာသည်လည်း ဖြစ်ပေလတ္တံ့။ ငါတို့သည် ထိုစိတ္တသူကြွယ်၏ ကောင်းမှုဘုန်းကံကို ကြည့်ရှုကုန်အံ့ဟု ပူဇာသက္ကာရကို ယူ၍ လမ်းခရီး၏ နံပါးနှစ်ဖက်တို့၌ တည်ကြကုန်၏။ ကျောင်းတော်၏ အနီးသို့ ကျရောက်သောအခါ ရဟန်းငါးရာတို့သည် ရှေးဦးစွာ လာကုန်၏၊ စိတ္တသူကြွယ်လည်း မိခင်တို့ အသင်တို့သည် ငါတို့၏နောက်မှ လာခဲ့ကြကုန် လော့ဟု မှာထား၍ ဥပါသိကာမကြီးတို့ကို ထားခဲ့ပြီးလျှင် ဥပါသကာ

ငါးရာတို့ဖြင့် ခြံရံလျက် မြတ်စွာဘုရား၏ အထံသို့ သွား၏၊ ဘုရားရှင်တို့၏ ရှေ့ရှုတည့်တည့်အရပ်၌ ရပ်နေသော သူတို့သည် လည်းကောင်း၊ ထိုင်နေသောသူတို့သည် လည်းကောင်း၊ ဤမှထိုမှ ကူးသန်းသူတို့သည်လည်းကောင်း မရှိကုန်။ မြတ်စွာဘုရား ရှေ့တော်ခရီး၏ နှစ်ဖက်ကုန်သော နံပါးတို့၌ မတုန်မသွပ်သာလျှင် တည်ကုန်၏။ စိတ္တသူကြွယ်သည် မြတ်စွာဘုရားရှင် ရှေ့တူရူဖြစ်သော ခရီးသို့ သက်၏။ သုံးပါးသော မဂ်ဖိုလ်သို့ရောက်ပြီးသော အရိယာသာဝက စိတ္တသူကြွယ်သည် ကြည့်ဘိုင်းကြည့်တိုင်းသော အရပ်သည်တုန်လှုပ်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ ရှေ့ရှုသွားသော လမ်းခရီးနံပါးနှစ်ဖက်၌ ရပ်လျက်တည်ကုန်သော များစွာကုန်သော လူပရိသတ်အပေါင်းတို့သည် စိတ္တသူကြွယ်ဟူသည် ဤသူ ဖြစ်ပေသတတ်ဟု တိုးဝှေ၍ ကြည့်ရှုကြကုန်၏။ စိတ္တသူကြွယ်သည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သို့ ချည်းကပ်၍ ခြောက်သွယ်သော ရောင်ခြည်တော် ကွန်ရက်၏ အတွင်းသို့ ဝင်ပြီးသော မြတ်စွာဘုရားရှင်၏ အစုံသော ခြေဖမျက်တော်၌ လက်ဖြင့် ကိုင်ထိပြီးသော ကာလရှိခိုး၏၊ ထိုသို့ ရှိခိုးသော ခဏ၌သာလျှင် မြတ်စွာဘုရား မိန့်ကြားတော်မူအပ်ပြီးသော နတ်၌ဖြစ်သော ပန်းမိုးသည် ရွာ၏။ ကောင်းချီးတစ်ထောင်တို့သည်လည်း ဖြစ်ကုန်၏။ ထိုစိတ္တသူကြွယ်သည် တစ်လပတ်လုံးနေထိုင်ပြီးသော အခါဘုရားအမှူးရှိသော အလုံးစုံကုန်သော သံဃာတော်တို့ကို ကျောင်း၌သာလျှင် သီတင်းသုံးစေတော်မူ၍ ကြီးစွာသော အလှူကြီးကို ပေးလှူ၏၊ မိမိနှင့်အတူတကွ လိုက်ပါလာကုန်သော သူတို့ကိုလည်း ကျောင်းတော်၌သာလျှင် တည်းခိုနေထိုင်စေ၍ လုပ်ကျွေး ပြုစုသုတ်သင်၏၊ တစ်နေ့သော နေ့မျှသော်လည်း မိမိ၏ပါလာသော လှည်းတို့မှ တစ်စုံတစ်ခုကို ယူရသည်မရှိ၊ နတ်၊ လူတို့သည် ဆောင်ယူပို့လာသော ပဏ္ဏာကာရ ဖြင့်သာလျှင် အလှူကို ပေး၏။ အလုံးစုံသော ကိစ္စတို့ကိုလည်း ပြုစု၏။

ထို့နောက် စိတ္တသူကြွယ်သည် မြတ်စွာဘုရားရှင်ကို ရှိခိုးလျှက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် အရှင်မြတ်တို့အား ဒါနဝတ္ထုကို ပြုစု ပေးလှူမည် ကြံရည်စိတ်တွင်း နှလုံးသွင်းလျက် လာခဲ့ရာ လမ်းခရီး၌ာန၌ တစ်လခန့် ပမာဏ ကြာမြင့်စွာ လာခဲ့ရပါသည်။ ကျောင်းတော်သို့ ရောက်၍ ချီးမြှောက်ပေးကမ်း လှူဒါန်းသော တပည့်တော်သည် တစ်လလောက်တာ ဤ၌ ကြာပါပြီ၊ အခါတွက်ထောက်သို့လောက်မြင့်စွာ ကာလကြာသော်သည်း တပည့်တော် ဆောင်ယူခဲ့သော ပစ္စည်းဥစ္စာ ပဏ္ဏာကာရကို အနည်းငယ်မျှ ယူထုတ်၍ ပြုလုပ်လှူဒါန်းပေးကမ်းခြင်းငှာမရပါ။ ဤမျှလောက် ကာလကြာမအောင် ကောင်းစွာကြည်ဖြူ နတ်တို့

ဆောင်ယူ၍ ထောက်ကူ ချီးမြှင့်အပ်သော ပစ္စည်းဥစ္စာ ပဏ္ဏာကာရဖြင့် သာလျှင် အလှူဒါနကို ပေးလှူ၍ နေရပါသည်။ တပည့်တော်သည် ဤအရပ် ဌာန ဤဒေသ၌ တစ်နှစ်တာမျှ ကာလကြာအောင် ငုံ့ဆိုင်းကာ နေစေကာမူ တပည့်တော်၏ လှူဖွယ်ဝတ္ထု၊ ပစ္စည်းအစုကို ပြုစုပေးကမ်း လှူဒါန်းခွင့် ရနိုင်တော့မည်မဟုတ်ချေ။ သို့ဖြစ်၍ တပည့်တော်သည် ပစ္စည်းဥစ္စာ ဘဏ္ဍာ အလုံးစုံတို့ကို အကုန်ပြီးစီး လှည်းတို့မှ ခါချ၍ ဌာနရပ်ထံသို့ ပြန်သွားခြင်းငှာ အလိုရှိပါပြီ။ တပည့်တော်အား ပစ္စည်းဥစ္စာ သိုမှီးစရာ အရပ်တစ်ခုကိုသာ ညွှန်ပြတော်မူပါကုန်လော့ဟု လျှောက်ထား၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အာနန္ဒာမထေရ်ကို ချစ်သားအာနန္ဒာ ဤသူကြွယ် ဒါယကာအား အချည်းနှီး ပစ္စည်းသိုထားခြင်း မရှိသော နေရာလွတ် တစ်ခုကိုပြု၍ ပေးဘိလော့ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း မြတ်စွာဘုရား မိန့်တော်မူသော အတိုင်းကို ပြုတော်မူ၏။ မြတ်စွာဘုရားရှင်သည်လည်း စိတ္တသူကြွယ်အား ကပ္ပိယာမြေ ဖြစ်သောကြောင့် ခွင့်ပေးတော်မူပေ၏။

စိတ္တသူကြွယ်သည်လည်း လှည်း၌ တင်ဆောင်ယူလာသော ပစ္စည်းဥစ္စာ ဘဏ္ဍာ အလုံးစုံတို့ကို အကုန်သွန်ချ လှူဒါန်းခဲ့ပြီးမှ မိမိနှင့်ပါလာသော သုံးထောင်မျှလောက်ကုန်သော သူတို့နှင့်အတူတကွ အချည်းနှီးသောလှည်းဖြင့် သာလျှင် မစ္ဆိကာသဏ္ဍမြို့သို့ပြန်၏။ ထိုအခါ နတ် လူအပေါင်းတို့သည် ထကြွ ကုန်ပြီးသောကာလ အရှင် အရှင်သည် အချည်းနှီးသော လှည်းတို့ဖြင့် သွားအံ့ သောအမှုကို ပြုသည်ကား မသင့်လျော် မလျောက်ပတ်ဟုဆို၍ ရတနာ ခုနစ်ပါးတို့ဖြင့် လှည်းတို့ကို ပြည့်စေကုန်၏။ စိတ္တသူကြွယ်သည် ဆောင်အပ်သော လက်ဆောင် ပဏ္ဏာကာရဖြင့်သာလျှင် လူများအပေါင်းကို ပြုစုလုပ်ကျွေး၍ သွား၏။ အာနန္ဒာမထေရ်သည် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ရှိသေ ညွတ်လျှိုး ရှိခိုးချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား စိတ္တ သူကြွယ်သည် အရှင်ဘုရားတို့၏ အထံသို့ လာရသည်ရှိသော် တစ်လတိုင်တိုင် လမ်းခရီး၌ ကြာမြင့်သည်ဖြစ်၍ လာခဲ့ရ၏။ ဤဇေတဝန် ကျောင်းတော်၌လည်း တစ်လတိုင်တိုင်မျှနေ၏။ ဤမျှလောက်သော ကာလပတ်လုံး နတ် လူတို့သည် ဆောင်ယူပေးကမ်းအပ်သော ပဏ္ဏာကာရဖြင့်သာလျှင် ကြီးမြတ်သော အလှူ ဒါနကို ပေးလှူ၏။ ဤယခုအခါ ငါးရာကုန်သော လှည်းတို့ကို အချည်းနှီး ပြုပြီးသည်ကာလ တစ်လမျှဖြင့် မိမိ၏ ဒေသ ရပ်ဌာနသို့ ပြန်လည်လတ္တံ့ သည်ကို နတ်လူတို့က ကြည်ဖြူနှစ်သက် စုံမက်ငင်မင် သူကြွယ်အရှင်သည် ဝန်းကျင်များဖျည်း အချည်းနှီးသော လှည်းတို့ဖြင့် ပြန်လည်သွားသည်ကို ပြုအပ်၏ဟု လှည်းငါးရာတို့ကို ရတနာ ခုနစ်ပါးတို့ဖြင့် ပြည့်စေကုန်၏။ ထိုစိတ္တသူကြွယ်သည် မိမိဆောင်ယူခဲ့သော ပစ္စည်း ဘဏ္ဍာ ပဏ္ဏာကာရဖြင့်

သာလျှင် လူများအပေါင်းကို ပြုစုလုပ်ကျွေး၍ သွားပေလတ္တံ့၊ ဘုန်းတော်ကြီးတော်မူပေသော မြတ်စွာဘုရား အသို့ပေနည်း၊ ထိုစိတ္တသူကြွယ်အား အရှင်မြတ်တို့၏ ထံမှောက်သို့ လာရောက်ချဉ်းကပ်သော အခါ၌သာလျှင် ဤသို့သော လာဘသက္ကာရပူဇော်ချီးမြှင့်ခြင်း ဖြစ်ရပါသလော၊ သို့တည်းမဟုတ် တစ်ပါးသောအရပ်သို့ သွားသော်လည်း ဤသို့ သဘောရှိသော လာဘသက္ကာရပူဇော်ချီးမြှင့်ခြင်း ဖြစ်ပါအံ့လောဟု မေးလျှောက်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သားအာနန္ဒာ ငါဘုရား၏ အထံသို့ လာသော်လည်းကောင်း၊ တစ်ပါးသော အရပ်သို့ သွားသော်လည်းကောင်း ထိုသူကြွယ်အား ဤသို့ သဘောရှိသော ပူဇော်သက္ကာရသည် ဖြစ်သည်သာလျှင်တည်း။ ချစ်သားအာနန္ဒာ ဤဥပါသကာ ဒါယကာသည် သဒ္ဓါကြည်ညို ရှိသေလေးမြတ်ခြင်းရှိ၏၊ သီတင်းသီလ အာစာရ အကျင့်ဂုဏ်နှင့်လည်း ပြည့်စုံ၏။ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် အကြင်အကြင်သို့သော အရပ်သို့ ဆည်းကပ်သွားရောက်၏၊ ထိုထိုသို့သော ရောက်ရာအရပ်၌ လာဘသက္ကာရ စသည် ပြန့်ပြောများမြတ်သော ပူဇော်ခြင်း ရှိသည်သာလျှင်တည်းဟု မိန့်တော်မူ၍–

သဒ္ဓေါ သီလေန သမ္ပန္နော၊ ယသော ဘောဂသမပ္ပိတော–
ယံ ယံ ပဒေသံ ဘဇတိ၊ တတ္ထ တတ္ထေဝ ပူဇိတော။

ပကိဏ္ဏကဝဂ် အလာ ဤသို့သော ဂါထာကို ဟောကြားတော်မူ၏။ ထိုဒေသနာတော်၏ အဆုံး၌လည်း များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့ကို ရောက်ကုန်၏။

ရတနာသုံးတန် ကံ ကံ၏အကျိုးကို မြတ်နိုးယုံကြည်ခြင်း လက္ခဏာလောကုတ္တရာ လောကီနှစ်လီယှက်ပွား သဒ္ဓါတရားရှိထသော အိမ်ရာမှေ့ထောင် လူတို့ဘောင်၌ ကျင့်ဆောင်အပ်သော အာဂါရိကသီလနှင့် ပျောက်ကျားမထင်ဖြူစင် ပြည့်စုံသောသူသည် သီတင်းသီလ ဖြူစင်စွာသော ဥပါသကာတို့ဖြင့် ကောင်းစွာခြံရံ အကျော်အစောရှိသည်ဖြစ်၍ သူတော်ကောင်း ဥစ္စာခုနစ်ပါး စပါး ရွှေ ငွေ အထွေထွေသော စည်းစိမ် ချမ်းသာနှင့် ပြည့်စုံသည်ဖြစ်၍ အကြင်အကြင်သို့သော အရပ်သို့ ဆည်းကပ်သွားရောက်၏၊ ထိုထိုသို့သော သွားရောက်ရာ အရပ်၌သာလျှင် လူနတ်များစွာ သဒ္ဓါကြည်ညို ရှိသေပူဇော်အပ်ပေ၏။

စိတ္တသူကြွယ်၏ရှေးဆုတောင်းအကြောင်း

အတိတ်ဝတ္ထု

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်ရှိသော် အာနန္ဒာမထေရ်သည် စိတ္တသူကြွယ်၏ ရှေးကပြုခဲ့ဖူးသော ကောင်းမှုကို မေးလျှောက်၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာအား ဟောကြားတော်မူလိုသည်ဖြစ်သောကြောင့် ဤသို့ မိန့်တော်မူ၏။

ချစ်သား အာနန္ဒာ ဤစိတ္တသူကြွယ်သည် ပဒုမုတ္တရ မြတ်စွာဘုရားရှင်၏ ခြေတော်ရင်း၌ ပြုအပ်သော ဆုတောင်းခြင်းရှိသည်ဖြစ်၍ ကမ္ဘာတစ်သိန်း ကာလပတ်လုံး နတ်လူဘဝတို့၌ ကျင်လည်ခဲ့ပြီး၍ ကဿပမြတ်စွာဘုရားရှင်၏ လက်ထက်တော်၌ သမင် သား ငါး များစွာကုန်သော သတ္တဝါ၏ အသက်ကို သတ်ဖြတ် အသက်မွေးလေ့ရှိသော မုဆိုး၏အမျိုး၌ဖြစ်၍ ကြီးပွားထွက်မြောက် အရွယ်သို့ ရောက်ခဲ့လျှင် တစ်နေ့သောအခါ မိုးသည်းထန်စွာ ရွာလျက် သားသမင်တို့ကို သတ်ခြင်းငှာ လှံကိုယူပြီး တောသို့ သွား၍ သားသမင်တို့ကို ကြည့်ရှုသည်ရှိသော် တစ်ခုသော တောင်ဝှမ်း၌ ဦးခေါင်းနှင့်တကွ သိမ်းရုံး၍ ထိုင်နေတော်မူသော ရဟန်းတစ်ပါးကိုမြင်၍ ဤအရှင်သည် ဖြူစင်နှလုံး ကျင့်သုံးပွားများ ရဟန်းတို့တရားကို အားထုတ်၍ သီတင်းသုံးတော်မူသည် ဖြစ်ပေလိမ့်မည်၊ ထိုမထေရ်အရှင်မြတ်ကို ရည်မှတ်ပေးကမ်း လှူဒါန်းရအောင် ဆွမ်းကို ဆောင်အံ့ဟု ကြံ၍ လျင်မြန်သောအဟုန်ဖြင့် အိမ်သို့ပြန်လာပြီးသော် တစ်ခုသော ခုန်လောက်ကက်၌ ယမန်နေ့က ဆောင်ယူ၍ ထားအပ်သော သားငါးကို လည်းကောင်း၊ တစ်ခုသောအိုး၌ ထမင်းကို လည်းကောင်း ချက်စေပြီးလျှင် ဆွမ်းခံလှည့်လည်တော်မူသော ရဟန်းတစ်ပါးကိုမြင်၍ ထိုအရှင်၏ သပိတ်ကိုလည်း ယူပြီးသောအခါ ကောင်းမွန်စွာ ခင်းထားအပ်သော နေရာ၌ ထိုင်နေသီတင်းသုံးစေတော်မူပြီးသော် ဆွမ်းခံဖွယ်ဘောဇဉ်တို့ကို ပြုပြင်စီရင်၍ အရှင်အား လှူဒါန်းလုပ်ကျွေးလိုက်ကြပါကုန်လော့ဟု တစ်ပါးသော သူတို့ကို မှာထားစေခိုင်းပြီးလျှင် ချက်ပြုတ်၍ပြီးသော ထိုထမင်းကို အထုပ်၌ ထည့်သွင်း ထုပ်ပိုး ယူဆောင်၍ လာခဲ့သောအခါ လမ်းခရီးအကြား၌ များစွာသော ပန်းတို့ကို ချွေလှမ်းနုံးနှုတ် ထမင်းထုပ်၌ဖုံးအုပ် စုစည်းသည်ကိုပြု၍ မထေရ်၏ ထံမှောက်သို့ သွားရောက်ပြီးသောအခါ အရှင်ဘုရား တပည့်တော်အား အစဉ်သနားသဖြင့် ချီးမြှင့်ခြင်းကိုပြုတော်မူပါလော့ဟု လျှောက်ကြားပြီးလျှင် သပိတ်ကိုယူ၍ ဆွမ်းတို့ဖြင့် ထည့်သွင်း ပြည့်စေပြီး မထေရ်၏ လက်သို့ ဆက်ကပ်၍လှူဒါန်းပြီးသောအခါ ဆောင်ယူခဲ့သော ပန်းတို့ဖြင့် ပူဇော်ခြင်းကို ပြု၍ အရှင်ဘုရား တပည့်တော်သည် ပန်းပူဇော်ခြင်းနှင့်တကွ အရသာ

ဖြစ်စေလျက် ပေးကမ်းလှူဒါန်းပါသည်။ ဤသို့ပြုရသော ကုသိုလ်ကံကြောင့် တစ်ဖန်ဘဝ နောင်ကာလ ဟု ဆိုအပ်သော ဖြစ်တိုင်းဖြစ်တိုင်းသော ဌာန၌ လက်ဆောင်ပဏ္ဏာကာရ တစ်ထောင်မျှလောက်တို့သည် လာရောက်ပေးကမ်း၍ ရှင်လန်းတပ်မက် အကျွန်ုပ်၏စိတ်ကို နှစ်သက်ပါစေလော့၊ အဆင်းငါးပါး ရှိသော မဇလေးပန်းမိုးတို့သည်လည်း ဖြိုးဖြိုးလှိုင်ကာ ရွာပါစေလော့ဟု ဆုတောင်းခြင်းကို ဖြစ်စေ၏။

ထိုသားမုဆိုးသည် အသက်ရှည်သမျှ ကာလပတ်လုံး ကုသိုလ်ကောင်းမှုကို ပြုစုစီရင်၍ သေလွန်ပြောင်းကြွ နောင်ဘဝဝယ် နတ်ပြည်၌ ဖြစ်လေ၏။ ဖြစ်ရာ ဒေသ ရပ်ဌာနဝယ် သလုံးမြင်းခေါင်း ကျွံနစ်မျှလောက်သော ပန်းမိုးသည် ဖြိုးဖြိုးသွန်းကာ ရွာ၏။ ဤယခုဘဝ၌လည်း ထိုစိတ္တသူကြွယ်အား ဖွားမြင်သော နေ့၌လည်းကောင်း၊ ငါဘုရားရှင် ကိုယ်တော်မြတ်၏ အထံဖြစ်သော အရပ်သို့ လာရောက်သော အခါ၌ လည်းကောင်း၊ နတ်၌ဖြစ်သော ပန်းမိုးသည် တခဲနက်ဖြစ်၍ ရွာ၏။ ပစ္စည်းဥစ္စာ လက်ဆောင်ပဏ္ဏာကိုလည်း ကောင်းစွာ ဆောင်အပ်သည်ဖြစ်၍ ရတနာ ခုနစ်ပါးတို့ဖြင့် လှည်းငါးရာစီး၌ ပြည့်စေကုန်၏။ ချစ်သား အာနန္ဒာ ဤသို့ အံ့ဖွယ်ရှိသော ပန်းမိုးရွာခြင်း၊ ရတနာခုနစ်ပါး ဥစ္စာလက်ဆောင်တို့ကို မြားမြောင်စွာ ပေးပို့ လာရခြင်း အကျိုးဆက်သည် သားမုဆိုး ဖြစ်စဉ်အခါက ကောင်းစွာ ရှေးရှုပြုစု လှူဒါန်းခဲ့သော ဒါန၏ အကျိုးအာနိသံ ပေတည်းဟု အတိတ်ကို ဆောင်၍ ဟောတော်မူ၏။

တစ်ဆယ့်လေးခုမြောက် စိတ္တဂဟပတိဝတ္ထု ပြီး၏။

၁၅။ ဝနဝါသီတိဿသာမဏေဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

အညာ ဟိ လာဘူပနိသာ–အစရှိသော တရားဒေသနာတော်ကို မြတ်ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝနဝါသီတိဿ မထေရ်မြတ်ကို အကြောင်းပြု ဟောကြားတော်မူခဲ့ပေသတည်း။ ဒေသနာ တော်သည် ရာဇဂြိုဟ်ပြည်၌ ဖြစ်၏။

အရှင်သာရိပုတ္တရာမထေရ်မြတ်၏ ဖခင်ဖြစ်တော်မူသော ဝင်္ဂန္တပုဏ္ဏားကြီး၏ အဖော်ခင်ပွန်း ချစ်ကျွမ်းဝင်လှသော မဟာသေနအမည်ရှိသော ပုဏ္ဏားကြီး သည် ရာဇဂြိုဟ်ပြည်၌ နေ၏။ အရှင်သာရိပုတ္တရာ မထေရ်သည် တစ်ရံခါသော

နေ၌ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံခြင်းငှာကြွဝင်လှည့်လည်တော် မူသည်ရှိသော် ထိုမဟာသေန ပုဏ္ဏားကြီး၌ အစဉ် သနားသောအားဖြင့် ပုဏ္ဏားကြီး၏ အိမ်တံခါးသို့ ကြွသွားတော်မူ၏။

ဆင်းရဲလှသော မဟာသေနပုဏ္ဏားကြီး စေတနာကောင်းလှခြင်း

မဟာသေန ပုဏ္ဏားကြီးလည်း ပစ္စည်းဥစ္စာ မချမ်းသာ မကုံလုံ ကုန်ခန်း ပျက်စီး အချည်းနှီးသော စည်းစိမ်ရှိသဖြင့် ဆင်းရဲလှရကား ငါ၏သား သာရိပုတ္တရာသည် ငါနေရာ အိမ်တံခါးသို့ ဆွမ်းခံခြင်းငှာ ကြွဝင်တော်မူလာသည် ဖြစ်ပေသိမ့်မည်။ ယခုအခါ ငါသည်လည်း ဆင်းရဲနွမ်းပါးခြင်းသို့ ရောက်ခဲ့၏။ ငါ၏သားသည် ငါဆင်းရဲနွမ်းပါး၍နေသည်ကိုလည်း သိမည်မဟုတ်၊ တစ်စုံတစ်ခု သော လှူဒါန်းပေးကမ်းဖွယ်ဝတ္ထုသည်လည်း မရှိဟုကြံ၍ ထိုပုဏ္ဏားကြီးသည် မထေရ်၏မျက်မှောက် လာရောက်တွေ့ခံလျက် ပြန်လှန်စကား လျှောက်ထား ပြောဆိုခြင်းငှာ မစွမ်းနိုင်ဘဲ ဖယ်လွှဲတိမ်းရှောင်း ပုန်းအောင်း၍သာနေ၏။

မထေရ်သည် တစ်ပါးလည်းဖြစ်သော နေ့၌လည်း ထိုသူ၏ အိမ်တံခါးကို ကြွသွားတော်မူသည်သာလျှင်တည်း။ ပုဏ္ဏားကြီးလည်း ရှေးနည်းအတူ လွှဲဖယ် တိမ်းရှောင်း ပုန်းအောင်း၍သာ နေ၏။ တစ်စုံတစ်ခုသော လှူဖွယ်ဝတ္ထုကို ရသောအခါ လှူဒါန်းပေးကမ်းအံ့ဟု ကြံပါသော်လည်း တစ်စုံတစ်ခုမျှ မရ လေ၊ ထိုနောက် တစ်နေ့သောအခါ၌ ပုဏ္ဏားကြီးတို့ကို ပင့်ဖိတ် ဖတ်ရွတ်ရာမှ ထွက်ထဲသော ပုဆိုးပိုင်းနှင့်တကွ နို့ထမင်းခွက်ကိုရ၍ အိမ်သို့ ယူဆောင်လာပြီး သောအခါ ဤဆွမ်းကို ငါသည် အရှင်သာရိပုတ္တရာမထေရ်အား ပေးလှူခြင်း ငှာ အပ်၏ဟု ကြံ၍ မထေရ်ကို အောက်မေ့မျှော်လင့်ပြီး နေ၏။ အရှင် သာရိပုတ္တရာမထေရ်သည်လည်း ထိုခဏ၌ ဈာန်သမာပတ်ကို ဝင်စား၍ သမာပတ်မှ ထတော်မူသည်ရှိသော် ထိုပုဏ္ဏားကြီးကို မြင်တော်မူ၍ ပုဏ္ဏားကြီး သည် လှူဖွယ်ဝတ္ထုကို ရရှိသောကြောင့် ငါ၏ လာရောက်ခြင်းကို တောင့်တ မျှော်လင့်၍ နေပေ၏။ ငါသည် ထိုအရပ်သို့ ကြွသွားခြင်းငှာ သင့်လျော် လျောက်ပတ်ပေ၏ဟု ကြံတော်မူ၍ ဒုကုဋ်ကို ရုံတော်မူပြီးသောအခါ သပိတ်ကို ယူတော်မူ၍ ထိုပုဏ္ဏားကြီး၏ အိမ်တံခါးဝသို့ ကြွရောက် တန့်ရပ်တော်မူပြီး မိမိကိုယ်ကို ပြပေ၏။

မဟာသေန ပုဏ္ဏားကြီးသည် မထေရ်ကိုမြင်လျှင် ကြည်ရွှင်နှစ်သက် ဦးယုံ ရှိသေပြီးနောက် မထေရ်ထံမှောက်သို့ သွားရောက် ချဉ်းကပ် ဦးထိပ်၌ တင်အပ်သော ရှိခိုးခြင်းဖြင့် ဝပ်လျိုးပြီးသောအခါ ပဋိသန္ထာရ စကားကို ပြု၍ အိမ်အတွင်း၌ ပင့်အွင်း ထိုင်နေစေပြီးသော် နို့ဖြင့် ချက်အပ်သော

ထမင်းခွက်ကိုယူပြီးသောအခါ မထေရ်၏သပိတ်၌ ထည့်လောင်းလှူဒါန်း၏။ မထေရ်သည်လည်း ထက်ဝက်မျှလောက်ကိုသာ ခံယူလျက် သပိတ်ကိုပိတ်တော်မူ၏။ ထိုအခါ ပုဏ္ဏားကြီးက အရှင်ဘုရား ဤနို့ထမင်းသည် တစ်ယောက်စာမျှလောက်ရုံမျှသော အဖို့ဖြစ်ပါသည်။အကျွန်ုပ်အား တမလွန်လောက နောက်ဘဝကို ချီးမြှင့်ခြင်းကို ပြုတော်မူပါကုန်။ ဤပစ္စုပ္ပန်လောက ပစ္စက္ခ၌ ချီးမြှင့်ခြင်းကို ပြုတော်မမူပါကုန်လင့်ဟုလျှောက်ထား၍ အကြွင်းမဲ့အားဖြင့်ပေးကမ်းလှူဒါန်းခြင်းငှာ အလိုရှိရကား အလုံးစုံ အကုန်ကိုပင် သွန်းလောင်း၏။ မထေရ်လည်း ထိုနေရာ၌ပင် ဘုဉ်းပေး သုံးဆောင်တော်မူ၏။ မထေရ် ဆွမ်းဘုဉ်းပေးပြီးသည်နောက်၌ မိမိအား ရရှိသော ပုဆိုးကို ပေးလှူ၍ ကြည်ဖြူညွတ်လျှိုး ရှိခိုးဦးချပြီးသောအခါ အရှင်ဘုရား အကျွန်ုပ်သည် ဤသို့ ပြုလုပ်လှူဒါန်းအပ်သော ကုသိုလ်စေတနာကြောင့် အရှင်မြတ်တို့ သိမြင်အပ်သော တရားကို ထင်ရှားသိရှိ အပြီးအဆုံးသို့ ရောက်သည်ဖြစ်ရပါလို၏ဟု ဆုတောင်းလျှောက်ထား၏။ မထေရ်အရှင်မြတ်ကလည်း ဒါယကာ ပုဏ္ဏားကြီး အသင်ဆုတောင်းတိုင်း ပြည့်စုံစေလော့ဟု မိန့်တော်မူ၍ အနုမောဒနာကို ပြုပြီးသောအခါ နေရာမှထ၍ ဖဲကြွတော်မူလျှင် အစဉ်အတိုင်းအားဖြင့် လှည့်လည်၍ ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။

ဆင်းရဲငြိုငြင် ပင်ပန်းသော ကာလ၌ လှူဒါန်းအပ်သော ဒါနမည်သည် အလှူပေး ပစ္စည်းရှင် ဒါယကာအား လွန်စွာနှစ်သက်ခြင်းကို ဖြစ်စေ၏။ မဟာသေနပုဏ္ဏားကြီးလည်း ထိုအလှူဒါနကို ပေးလှူပြီး၍ ကြည်ညိုနှစ်သက် လျှမ်းတက်ပွားရောက် လွန်စွာ ဝမ်းမြောက်ခြင်းနှင့် ဖြစ်၏။ အရှင်သာရိပုတ္တရာ မထေရ်၌ အလွန်အကဲသော ချစ်ခင်ခြင်းသည် ဖြစ်လေ၏။

မဟာသေနပုဏ္ဏားကြီး နောက်ဘဝ လူပြန်ဖြစ်ခြင်း

ထိုပုဏ္ဏားကြီးသည် ယင်းသို့သော အခြင်းအရာ မထေရ်၌ ချစ်ခင်ခြင်းဖြင့် သာလျှင် သေလွန်ခြင်းကို ပြုခဲ့၍ သာဝတ္ထိပြည်ဝယ် အရှင် သာရိပုတ္တရာ မထေရ်၏ အလုပ်အကျွေးဖြစ်သော အမျိုးအိမ်၌ ပဋိသန္ဓေတည်နေစွဲယူလေ၏။ ထိုခဏ၌သာလျှင် ပဋိသန္ဓေတည်နေသော သူငယ်၏ မိခင်သည် ငါ၏ဝမ်း၌ ပဋိသန္ဓေ တည်နေပြီဟု သိ၍ အရှင် ခင်ပွန်း ယောကျ်ားအား ပြောကြားသဖြင့် အရှင် ခင်ပွန်းယောကျ်ားက ထို မိန်းမအား ပဋိသန္ဓေ၏ အစောင့်အရှောက်ကိုပေး၏။အလွန် ပူစပ်လွန်းသော အရသာ၊ အလွန်အေးလွန်းသော အရသာ၊အလွန် ချဉ်လွန်းသော အရသာ အစရှိသည်တို့ကို သုံးဆောင်စားသောက်ခြင်းမှ ကြဉ်ရှောင်လျက် ကောင်းမွန်ချမ်းသာစွာ ကိုယ်ဝန်

ဆောင်ယျက် ထိုမိခင်ဖြစ်သော မိန်းမအား ငါသည် သာရိပုတ္တရာ မထေရ် အမှူးရှိကုန်သော ရဟန်းတော် ငါးရာတို့ကို ပင့်ခေါ် ဖိတ်မန်ပြီး အိမ်၌ ထိုင်နေစေ၍ ရေမရောသော နို့ဆွမ်းကို ပေးလှူပြီးသောအခါ မိမိသည် လည်း ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ရုံ၍ ရွှေခွက်ကိုယူပြီးလျှင် ရဟန်း သံဃာတော်တို့ နေရာ အဆုံး၌ ထိုင်နေ၍ ဤမျှလောက်ကုန်သော ရဟန်း တို့ ဘုဉ်းပေး သုံးဆောင်၍ ကြွင်းကျန်သော စားကြွင်း ထမင်းကို စားသုံး ရပါမူကား ဩော် ကောင်းလေစွ ဟူသော တောင့်တသော ချင်ခြင်းသည် ဖြစ်လေ၏။

ဖန်ရည်စွန်းသောအဝတ်ကိုဝတ်ရုံလိုခြင်း ချင်ခြင်းဖြစ်ရသည်ကား ထိုမိန်းမ ၏ဝမ်း၌ ပဋိသန္ဓေတည်နေသောသူငယ်၏ မြတ်စွာဘုရားရှင်၏ သာသနာတော် ၌ ရဟန်းဖြစ်အံ့သော ပုဗ္ဗနိမိတ်ပေတည်း။ထိုကြောင့် ရင်းအဋ္ဌကထာ၌—

တဿာ ကိရ ကာသာယ ဝတ္ထပရိဒဟန ဒေါဟဠော ကုစ္ဆိယံ

ပုတ္တဿ ဗုဒ္ဓသာသနေ ပဗ္ဗဇ္ဇာယ ပုဗ္ဗနိမိတ္တံ အဟောသိ—

ဟု မိန့်တော်မူ၏။

ထိုကိုယ်ဝန်ဆောင်သော မိန်းမအား ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ရုံ ခြင်း၌ ချင်ခြင်းသည် ဝမ်း၌ ပဋိသန္ဓေ တည်စွဲနေသော သားငယ်၏။ ဘုရားမြတ်စွာ သာသနာတော်၌ ရဟန်းဖြစ်ခြင်းငှာ ပုဗ္ဗနိမိတ်သည် ဖြစ် အံ့တတ်။

ထိုအခါ ကိုယ်ဝန်ကိုဆောင်သော မိန်းမ၏ ဆွေမျိုးဉာတိ မိဘတို့သည် ငါတို့၏ သမီးအား တရားအားလျော်သော ချင်ခြင်းသည် ဖြစ်ပေ၏ဟု သာရိပုတ္တရာ မထေရ်မြတ်ကို သံဃာ့ထေရ်ပြုပြီး ရဟန်းငါးရာတို့အား ရေမရောသော နို့ထမင်းကို ပေးလှူကုန်၏။ ထိုသတို့သမီး သည်လည်း ဖန်ရည်စွန်းသော အဝတ်တစ်ထည်ကို ဝတ်၍ အဝတ်တစ်ထည်ကို ရုံပြီး သောအခါ ရွှေခွက်ကို ကိုင်၍ အရှင်မြတ်တို့၏ နေရာအဆုံး၌ ထိုင်နေလျက် စားကြွင်းဖြစ်သော နို့ထမင်းကို စား၏။ ထိုအခါ၌သာလျှင် ချင်ခြင်းသည် ငြိမ်းပျောက်လေ၏။ ထိုသတို့သမီးအား ကိုယ်ဝန်ကို ဖွားမြင်၍ ကိုယ်ဝန်မှ ထမြောက်သည်တိုင်အောင် အကြားအကြားဝယ်ပြုအပ်သော မင်္ဂလာတို့၌ လည်းကောင်း၊ဆယ်လကို လွန်သဖြင့် ဖွားမြင်အပ်သောအခါမင်္ဂလာကို ပြုရာ

တို့၌လည်းကောင်း သာရိပုတ္တရာမထေရ်လျှင် အမွှားရှိကုန်သော ရဟန်းငါးရာ တို့အား ရေမရောသော ရေနည်းသော နို့ထမင်းကိုသာလျှင် ပေးလှူကုန်၏။ ဤအလုံးစုံသည် ပဋိသန္ဓေတည်နေ ဖွားမြင်လာသောသူငယ်သည် ပုဏ္ဏားဖြစ်စဉ် ဘဝက ပေးကမ်းလှူဒါန်းခဲ့သော နို့ထမင်း၏ အကျိုးဆက် ဖြစ်ပေသတတ်။ ထိုကြောင့် ရှင်းအဋ္ဌကထာ၌—

သမ္ဘော ကိရေသ ဒါရကေန ပြာဟ္မဏကာလေ ဒိန္နပါယာသဿ နိဿန္ဒော—ဟု မိန့်တော်မူ၏။

ဤအလုံးစုံသည် သူငယ်သည် လွန်လေပြီးဘဝ ပုဏ္ဏားဖြစ်စဉ် ကာလ၌ ပေးကမ်းလှူဒါန်းအပ်သော နို့ထမင်းအဖျော်၏ အကျိုးဆက်ဖြစ်ပေသတတ်။

သူငယ်ကလေး၏ အံ့ဩဖွယ် ဒါနကုသိုလ်

ယားဖွားမြင်ခြင်းမင်္ဂလာကို ပြုသောနေ့၌ ထိုသူငယ်ကို နံနက်စောစောကပင် လျှင် ရေချိုးစေ၍ တန်ဆာဆင်ပြီးသောအခါ ကျက်သရေရှိသော အိပ်ရာဝယ် အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာ၏အထက်၌ ပက်လက်တစ်စောင်းပြန်ပြောင်း ခွေသိပ် အိပ်စေကုန်၏။ ထိုသူငယ်လေးသည် အိပ်ရာထက်ဝယ် အိပ်လျက် သာလျှင် အရှင်သာရိပုတ္တရာမထေရ်ကို စိမ်းစိမ်းကြည့်၍ ဤမထေရ်သည် ငါဆည်းကပ်ဖူးသော လက်ဦးဆရာပေတည်း၊ ဤမထေရ်ကို အမှီနိဿယ ပြုခဲ့ရ သောကြောင့် ဤသို့သောစည်းစိမ်ရိပ်ငြိမ်ချမ်းသာကို ကောင်းစွာရရှိပေသည်။ ငါသည် ဤမထေရ်အား ကြံစည်ရွေးရွ တစ်ခုသော ပစ္စည်းဝတ္ထုကို ကြည့်၍ ပေးကမ်း လှူဒါန်း စွန့်ကြဲခြင်းငှာ အပ်၏ဟု ကြံ၍ သိက္ခာပုဒ်သလကို ခံယူ ဆောင်တည်ခြင်းငှာ သူငယ်ကို ဆောင်ယူ အပ်သည်ရှိသော် ထိုကမ္ဗလာကို လက်ချောင်းငယ်ဖြင့် ရစ်ပတ်ဖွဲ့ညှပ်၍ ယူ၏။ ထိုအခါသူငယ်ကို ဆောင်ယူသောသူ က သူငယ်၏လက်၌ ကမ္ဗလာကပ်ငြိသည်ဟု မှတ်ထင်သောကြောင့် ကမ္ဗလာကို ဆွဲဖယ်ခြင်းငှာ အားထုတ်၏။ သူငယ်သည် ပြင်းစွာဟစ်အော်၍ ငိုကြွေး၏။ အဆွေအမျိုး အပေါင်းတို့လည်း အသင်တို့သည် ဖယ်ကြကုန်လော့၊ သူငယ်ကို မငိုကြွေးပါကုန်လင့်ဟု တားမြစ်၍ ကမ္ဗလာနှင့်တကွသာလျှင် ဆောင်ယူ ကုန်၏။ သူငယ်သည် မထေရ်ကို ရှိခိုးသောကာလ ကမ္ဗလာမှ လက်ကိုဆွဲငင်၍ ကမ္ဗလာကို မထေရ်၏ခြေတော်ရင်း၌ ကျစေ၏။ ဆွေမျိုးအပေါင်းတို့သည် သူငယ်ကား မသိသောကြောင့် ပြုလေဘိသည်ဟု မဆိုမူ၍ အရှင်ဘုရား

တပည့်တော်တို့၏ သားငယ်သည် စွန့်ကြဲပေးကမ်းလှူဒါန်းအပ်သည်ရှိသော် လှူဒါန်းပေးကမ်းအပ်သည်ပင်ဖြစ်ပါစေလော့ဟု လျှောက်ကြား၍ အရှင်ဘုရား အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာဖြင့် ပူဇော်လှူဒန်းခြင်းကို ပြုသော အရှင့်ကျွန်သူငယ်အား သိက္ခာပုဒ်တို့ကို ပေးသနားပါကုန်လော့ဟု လျှောက်ထားကြကုန်၏။ ဤသူငယ်သည် အဘယ်အမည်ရှိသနည်းဟု မထေရ်က မေးသည်ရှိသော် အရှင်ဘုရား အရှင်မြတ်တို့နှင့် တူသောအမည်ရှိသော တိဿဟူသော အမည်သည် ဖြစ်ပါလိမ့်မည်ဟု ကြားလျှောက်၏။

အရှင်မြတ်တို့နှင့် တူသောအမည် ရှိပါလိမ့်မည်ဟု လျှောက်ထားခြင်းမှာ အရှင်သာရိပုတ္တရာမထေရ်သည် လူဖြစ်စဉ်ကာလက ဥပတိဿ လုလင်မည်ပေ၏။ ထိုကြောင့် လျှောက်ထားလေသတည်း။ သူငယ်၏မိခင့်လည်း ငါ့သားငယ်၏ အလိုဆန္ဒ အဇ္ဈာသယကို အဘယ်အခါကာလမှ မဖျက်ဆီးအံ့ဟု ကြံ၍ သူငယ်အား အမည်မှည့်မင်္ဂလာကို ပြုသောအခါ၊ထမင်းဘောဇဉ် ကျွေးမွေးခြင်းမင်္ဂလာကို ပြုသောအခါ၊နားထွင်းမင်္ဂလာကိုပြုသောအခါ၊ ပုဆိုးဖွဲ့မင်္ဂလာကိုပြုသောအခါ၊ဦးစွန်းဖွဲ့မင်္ဂလာကိုပြုသောအခါ ဤသို့အားဖြင့် များစွာကုန်သော မင်္ဂလာပြုသောအခါတို့၌ အရှင်သာရိပုတ္တရာမထေရ် အမှူးရှိကုန်သော ရဟန်းငါးရာတို့အား ရေမရောသော နို့ထမင်းကိုသာ ပေးလှူကုန်၏။

တိဿသူငယ်ရှင်သာမဏေပြုခြင်း

သူငယ်သည်လည်း ချမ်းသာသုခ ရှိပေလှသော မိဘဆွေမျိုးတို့အလယ်တင့်တယ်ကြီးပွား ခုနစ်နှစ်သားအရွယ်သို့ ရောက်သောကာလ မိခင်၏အထံသို့ ချဉ်းကပ်၍ အိုမိခင် အကျွန်ုပ်သည် သာရိပုတ္တရာမထေရ်မြတ် အထံ၌ ရဟန်းပြုလိုပါသည်ဟု ခွင့်တောင်းပန်ကြား ပြောဆို၏။ မိခင်ကလည်း ချစ်သားကောင်းလှပါပြီ ရှေးအခါကာလမှစ၍ ယခုတိုင်ကျအောင် ငါ့သား၏ အလိုဆန္ဒကို ဘယ်အခါကာလမှ ဖျက်ဆီးခြင်းကို မပြုအံ့ဟု မိခင်၏ စိတ်တွင်းဝယ်နှလုံးသွင်းရှိပါသည်။သို့ဖြစ်၍ အသင်အလိုရှိတိုင်း ရဟန်းပြုပါတော့ဟု ခွင့်ပေးပြီးမှ မထေရ်ကို ပင့်ဖိတ်ပြီးလျှင် ကြွတော်မူလာသော ထိုမထေရ်အား ဆွမ်းကို ပေးလှူ၍ အရှင်ဘုရား အရှင်မြတ်၏ကျွန်ဖြစ်သော ဤသူငယ်သည် အရှင်မြတ်၏ အထံတော်၌ ရဟန်းပြုလိုပါကြောင်းဖြင့် ခွင့်တောင်း ပြောဆိုပါသည်။ ဤသူငယ်ကို ယူပြီးသောကာလ ညနေချမ်းသောအခါ ကျောင်းသို့ တပည့်တော်မတို့ လာခဲ့ပါအံ့ဟု လျှောက်ကြားပြီးလျှင် မထေရ်ကိုလွှတ်လိုက်၏။ ညနေချမ်းသောအခါဝယ် ကြီးစွာသော ပူဇော်သက္ကာရဖြင့် ချီးမြှင့်ပြီးသောကာလ သားငယ်ကို ကျောင်းသို့ယူဆောင်၍မထေရ်အား ဆောင်နှင်းအပ်နှံ၏။

အရှင်သာရိပုတ္တရာမထေရ်သည် ထိုသူငယ်နှင့် အတူတကွ စကား ပြောဆိုလိုသည်ဖြစ်သောကြောင့် သူငယ်တိဿ ရဟန်းပြုရခြင်းမည်သည်ကား ခဲယဉ်းလှ၏။ ပူသောဝတ္ထုဖြင့် အလိုရှိသော် အေးသောဝတ္ထုကို ရသော်လည်း ရတတ်၏။ အေးသောဝတ္ထုဖြင့် အလိုရှိသည်ရှိသော် ပူသောဝတ္ထုကိုရသော်လည်းရတတ်၏။ ငြိုငြင်ပင်ပန်းသဖြင့်သာ အသက်ရှည်အပ်၏။ အသင်သူငယ်သည် ချမ်းသာသုခကြွယ်ဝသောအားဖြင့်သာလျှင် ကြီးပွားရ၍ လာခဲ့၏။ ထိုကြောင့် အသင်သည် ရဟန်းပြုခြင်းငှါ စွမ်းနိုင်ပါလတ္တံ့လောဟု ဤသို့သောစကားကို မိန့်တော်မူ၏၊ သူငယ်ကလည်း အရှင်ဘုရား တပည့်တော်သည် အရှင်မြတ်တို့ တားမြစ်ဆုံးမသောနည်းအတိုင်း ညွှတ်ရှိုင်းကုံလုံ အလုံးစုံကိုပြုခြင်းငှါ စွမ်းနိုင်ပါလတ္တံ့ဟု လျှောက်ကြား၏။ မထေရ်လည်း ကောင်းလှပေပြီဟု မိန့်တော်မူ၍ ထိုသူငယ်အား စက်ဆုပ် ရွံရှာဖွယ်သော အခြင်းအရာကို နှလုံးသွင်းသည်၏ အစွမ်းဖြင့် “တစပဉ္စက” ကမ္မဋ္ဌာန်းကို ကြားတော်မူပြီးသောအခါ ရှင်သာမဏေ ပြုတော်မူ၏။ မထေရ်သည် ရှင်ပြုသောအခါ “တစပဉ္စက” ကမ္မဋ္ဌာန်းကို ကြားခြင်းမှာကား အလုံးစုံသော ဒွတ္တိံသာကာရကို ရွတ်ဆိုခြင်းငှါ စွမ်းနိုင်သည်ရှိသော် အလုံးစုံကိုပင် ရွတ်ဆိုစေသင့်သည်သာတည်း။ အလုံးစုံကို ရွတ်ဆိုခြင်းငှါ မစွမ်းနိုင်သည်ရှိသော်ကား “ကေသာ, လောမာ, နခါ, ဒန္တာ, တစော” ဟူသော အရေလျှင် ငါးခုမြောက်ဖြစ်သော “တစပဉ္စက” ကမ္မဋ္ဌာန်းကို ဆိုအပ်သည်သာလျှင်တည်း။ “ထိုစကားမှန်၏။ ဤ ဒွတ္တိံသာကာရ တစပဉ္စက ကမ္မဋ္ဌာန်းသည် အလုံးစုံသော ဘုရားရှင်တို့အား မစွန့်အပ်သော ကမ္မဋ္ဌာန်းသာတည်း။ ဆံအစရှိသည်တို့တွင် တစ်ခုတစ်ခုသော ကောဋ္ဌာသတို့၌ အရဟတ္တဖိုလ်သို့ ရောက်ကုန်သော ရဟန်းယောကျ်ားတို့၏ လည်းကောင်း၊ ရဟန်းမိန်းမတို့၏ လည်းကောင်း၊ ဥပါသကာ ဥပါသိကာမတို့၏ လည်းကောင်း အပိုင်းအခြား အရေအတွက်သည် မရှိ၊ ပညာအရာ လိမ္မာထက်မြက်ခြင်း မရှိကုန်သော အဗျတ္တရဟန်းတို့သည် ရှင်ရဟန်းပြုကုန်သည်ရှိသော် အရဟတ္တဖိုလ်၏ အကြောင်းပြည့်စုံခြင်း ဥပနိဿယကို ဖျက်ဆီးကြကုန်၏။ ထို့ကြောင့် မထေရ်သည် ကမ္မဋ္ဌာန်းကို ကြား၍သာလျှင် ရှင်ပြုပြီးလျှင် ဆယ်ပါးသီလတို့၌ တည်စေသတည်းဟု ဋ္ဌကထာ၌ မိန့်တော်မူ၏။

တိဿသာမဏေငယ်အား လှူဒါန်းသူ ပေါများခြင်း

သူငယ်၏ မိခင်ဖခင်တို့သည် မိမိတို့၏သားအား ရှင်ရဟန်း၏အဖြစ် ပူဇော်သက္ကာရကို ပြုလျက် ခုနစ်ရက်ပတ်လုံး ကျောင်း၌သာလျှင် နေပြီးသောအခါ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းအား ရေမရောသော နို့ထမင်းအဖျော်ကိုသာလျှင် ပေးလှူကုန်၏။ ရဟန်းတို့သည်လည်း ငါတို့သည် နေ့တိုင်း

နေ့တိုင်းရေမရောသော နို့ထမင်းအဖျော်ကိုသာ သုံးဆောင် စားသောက်၍ နေခြင်းငှာ မစွမ်းနိုင်ဟူသော ကံ့ခွဲရှတ်ချခြင်းကိုပင် သော်လည်း ဖြစ်စေကြရကုန်၏။ မောင်ရှင် သာမဏေငယ်၏ မိခင်ဖခင်တို့သည် ခုနစ်ရက်မြောက်ရောက်သော နေ့၌ ညနေချမ်းဝယ် အိမ်သို့ပြန်သွားကြကုန်၏။ သာမဏေသည်လည်း ရှစ်ရက်မြောက်သောနေ့ဝယ်ရဟန်းတို့နှင့်အတူတကွ ဆွမ်းခံခြင်းအလို့ငှာ ကြွဝင်တော်မူ၏။ သာဝတ္ထိပြည်၌ နေလေ့ရှိကုန်သော ဒါယကာ ဒါယိကာမတို့သည် မောင်ရှင်သာမဏေသည် ယနေ့ ဆွမ်းခံခြင်းအလို့ငှာ ကြွဝင်တော်မူလာလိမ့်မည်။ ထိုမောင်ရှင်သာမဏေအား ပူဇော်လှူဒါန်းခြင်းကို ပြုကုန်အံ့ဟု ပုဆိုးငါးရာတို့ဖြင့် ခေါင်းခုတို့ကို ပြု၍ ငါးရာကုန်သော ဆွမ်းတို့ကို စီရင်ပြီးသောအခါ ယူငင်လာပြီးလျှင် လမ်းခရီး၌ ဆီးကြိုမျှော်ငံ့၍ တည်ကြကုန်ပြီး ပေးလှူကြကုန်၏။ နက်ဖြန်မိုးသောက် ရောက်ပြန်သော တစ်နေ့၌ ကျောင်း၏ ဥပစာရသို့လာ ရောက်၍ ပေးလှူကြကုန်၏။ ဤသို့သော နည်းဖြင့် မောင်ရှင်သာမဏေသည် နှစ်ရက်သော နေ့တို့ဖြင့်သာလျှင် တစ်ထောင်မျှလောက်သော ပုဆိုးတို့နှင့်တကွ တစ်ထောင်မျှလောက်သော ဆွမ်းတို့ကိုရ၍ ရဟန်းသံဃာအပေါင်းအားပေးလှူလေ၏။

ဤသို့သော လာဘ်ဂုဏ်ကို ကောင်းမွန်စွာ ရခြင်းသည်ကား ပုဏ္ဏားဖြစ်စဉ်က ထူထဲကောင်းမွန်သော ပုဆိုးကို လှူဒါန်းရခြင်း၏ အကျိုးဆက်အာနိသင် ဖြစ်ပေသတတ်။ ထိုအခါ တိဿ သာမဏေငယ်ကို ရဟန်းတို့သည် ပိဏ္ဍပါတဒါယကတိဿ-ဟူသော အမည်ကို ပြုလေကုန်၏ဟု ဋ္ဌကထာ၌ မိန့်တော်မူ၏။

တိဿသာမဏေငယ်သည် သံဃာတော်တစ်ထောင်အား ကမ္ဗလာသက်နှီး လှူဒါန်းခြင်း

တစ်ဖန်မိုးသောက် တစ်နေ့မြောက်သို့ ကျရောက်စဉ် ဆောင်းချမ်းအေးသောအခါ ကျောင်းစဉ် လှည့်လည်ခြင်းသို့ လှည့်လည်ကြွသွားသည်ရှိသော် ရဟန်းသံဃာတော်တို့သည် ထိုသို့သော မီးတင်းကုတ် စသည်တို့၌ မီးလှုံ၍နေသည်တို့ကို တွေ့မြင်၍ အရှင်ဘုရားတို့ အဘယ်သို့နည်း၊ မီးကိုကင်လှုံ၍ နေကြပါကုန်သလောဟု မေးလျှောက်၏။ ရဟန်းတော်တို့က မောင်ရှင်သာမဏေ ငါတို့အား ချမ်းအေးလှသောကြောင့် မီးကင်လှုံပေသည်ဟု မိန့်ကုန်သည် ရှိသော်၊ သာမဏေလည်း အရှင်ဘုရားတို့ ချမ်းအေးသော အခါဝယ် ကမ္ဗလာတို့ကို ဝတ်ရုံအပ်သည် မဟုတ်ပါတုံလော၊ တိုကမ္ဗလာသည် အချမ်းကို တားမြစ်

လုံခြုံစေနိုင်သည် မဟုတ်ပါတုံလော ဟု လျှောက်လျှင် ငါ့ရှင် သာမဏေ အသင်တို့မှာ ရှေးဘုန်းရှေးကံ ကုသိုလ်ဖန်သောကြောင့် လျှင်မြန်ခဏ အလိုရှိက ကမ္ဗလာကို ရပေရာ၏။ ဘုန်းကံ နည်းပါးသော ငါ့တို့မှာကား အဘယ်မှာ ဝတ်ရုံစရာ ကမ္ဗလာကို ရနိုင်ပါအံ့နည်းဟု ပြောကြကုန်၏။ ထိုသို့ ဖြစ်လျှင် အရှင်ဘုရားတို့ ကမ္ဗလာကို အလိုရှိကုန်သော ရဟန်းတို့သည် တပည့်တော်နှင့် အတူတကွ ကြွလိုက်တော်မူကြပါစေကုန်သတည်းဟု အလုံးစုံသော ကျောင်း၌ ကြားစေ၏။

ထိုအခါ ရဟန်းတို့သည် သာမဏေနှင့် အတူတကွ သွား၍ ကမ္ဗလာကို ဆောင်ယူကုန်အံ့ဟု ခုနစ်နှစ်သားမျှသာ ရှိသေးသော သာမဏေငယ်ကို မှီ၍ တစ်ထောင် မျှလောက်ကုန်သော ရဟန်းတို့သည် ထွက်ကုန်၏။ တိဿ သာမဏေငယ်လည်း ဤမျှလောက် များပြားသော ရဟန်း သံဃာတော် တို့အား အဘယ်မှာ ကမ္ဗလာကို ရနိုင်ပါအံ့နည်း ဟူသောစိတ်၌ ကြောင့်ကြ စိုးရိမ်ခြင်းကိုမျှလည်း မဖြစ်စေမူ၍ ထိုမထေရ် အရှင်မြတ်တို့ကို ပင့်ဆောင် ပြီးလျှင် မြို့သို့ရှေးရှုကြွသွားတော်မူ၏။ ကောင်းမွန် ကြည်ဖြူ ပေးလှူအပ်သော ဒါန၏ ဤသို့သဘောရှိသော တန်ခိုးအာနုဘော်သည်ဖြစ်သည်သာလျှင်တည်း။ ထိုတိဿ သာမဏေသည် မြို့၏ အပ၌သာလျှင် အိမ်စဉ်အတိုင်း အားဖြင့် လှည့်လည်လျက် ကမ္ဗလာငါးရာတို့ကို ရ၍ မြို့တွင်းသို့ ကြွဝင်တော် မူခဲ့၏၊ လူတို့သည် ကမ္ဗလာတို့ကို နေရာ ရွှေ့ပြောင်းသော အားဖြင့် ထိုမှ ဤမှ သယ်ယူ၍ နေကြကုန်၏။ ယောကျ်ားတစ်ယောက်သည် အိမ်ဈေး တံခါးဖြင့် သွားလာသည်ရှိသော် ကမ္ဗလာငါးရာတို့ကို ဖြန့်၍ ထိုင်နေသော ဈေးသည် တစ်ယောက်ကို မြင်၍ အို အချင်း သာမဏေတစ်ပါးသည် ကမ္ဗလာတို့ကို ဆောင်ယူလျက် ကြွလာတော်မူ၏။အသင်၏ ကမ္ဗလာတို့ကို ဖုံးလွှမ်း လျှို့ဝှက်၍ ထားလေလောဟု ပြော၏။ အသို့နည်း၊ ထိုသာမဏေသည်လှူဒါန်းအပ်သည် ကိုသာ ယူသလော၊ သို့တည်းမဟုတ် မပေးမလှူဘဲပင် ယူသလောဟု မေး၏။ အသင် ပေးလှူသည်ကိုသာ ယူသည်၊ မပေးမလှူသည်ကိုကား မယူပေ-ဟု ပြောသောအခါ၊ ထိုသို့ ဖြစ်ခဲ့သည်ရှိသော် ငါသည်ပေးလှူခြင်းငှာ အလိုရှိသည် ဖြစ်က ပေးလှူအံ့၊ ငါသည် မပေးလှူ လိုသည်ရှိက မပေးလှူဘဲ နေအံ့၊ အသင်သည် သွားလေတော့ဟု လွှတ်လိုက်၏။

ထိုစကားကို အနည်းငယ်ချဲ့၍ ပြလိုက်ဦးအံ့။ ဤလောက၌ ပစ္စည်းဥစ္စာ ရတနာကို မပေးလှူလို။ ဝန်တို လျှို့ဝှက်တတ်ကုန်သော အချို့ကုန်သော လူမိုက်တို့သည် ဤသို့ သဘောရှိကုန်သော ဒါနကို ပေးလှူကုန်သည်ရှိသော် မကြည်မညို ဝန်တို လျှို့ဝှက်ထတ်သော သဘောရှိကုန်၏။ ထိုသို့ ဝန်တို

လျှို့ဝှက်တတ်သော သဘောရှိသော သူတို့သည် မိမိတို့ ဝန်တိုလျှို့ဝှက်ခြင်း တည်းဟူသော အကြောင်းကြောင့် ပသေနဒီ ကောသလ မင်းကြီးသည် ပေးလှူအပ်သော အသဒိသဒါနကို မြင်၍ ဝန်တိုလျှို့ဝှက်သော ကာဠအမတ် ကဲ့သို့ အပါယ်ဆင်းရဲ ငရဲ၌ ကျရောက် ခံစားတတ်သည်ဟု မှတ်ရာ၏ဟု ရှင်းအဋ္ဌကထာ၌ မိန့်တော်မူ၏——

အထည့်ကုန်သည်၏ ထူးမြတ်သော စေတနာ

ကမ္ဗလာရောင်း ကုန်သည်သည် ကြုံဆင်ခြင်သည်မှာ ဤယောကျ်ားသည် မိမိအလိုအားလျော်စွာ လာ၍ အသင်၏ ကမ္ဗလာကို ဖုံးလွှမ်း လေလော့ဟု ဆို၏၊ ထိုသာမဏေသည် ပေးလှူသည်ကိုသာ ယူသည် ဖြစ်ခဲ့အံ့၊ ငါ၏ ပစ္စည်း ဥစ္စာကို ငါပေးလိုသည် ရှိသော် ပေးလှူအံ့၊ မပေးလိုသည်ရှိသော် မပေးဘဲ နေအံ့ဟု ငါဆိုလိုက်မိပေသည်။ ကြည့်ရှုဆင်ထင် တွေ့မြင်ပါလျက် မပေးမလှူ ခဲ့သည်ရှိသော် ရှက်ဖွယ်လိလိ ရှိချေသည်။ မိမိ၏ ပစ္စည်းဥစ္စာကို မိမိဖုံးလွှမ်း ခြင်းမှာမူကား အပြစ်မရှိ။ ဤကမ္ဗလာငါးဆူတို့တွင် ကမ္ဗလာနှစ်ထည်တို့သည် အဖိုးတစ်သိန်းထိုက်ကုန်၏၊ ထိုကမ္ဗလာနှစ်ထည်တို့ကို ဖုံးလွှမ်းခြင်းငှာ သင့်၏ဟု ကြံ၏။ ကြံပြီး၍မူကား ကုန်သည်သည် ကမ္ဗလာနှစ်ထည်တို့ကို အစွန်းအမြိတ်ကို အစွန်းအမြိတ်ခြင်း စပ်ဖွဲ့၍ များစွာကုန်သောကမ္ဗလာတို့၏ အတွင်း၌ ထည့်သွင်း ၍ ဖုံးလွှမ်း၏၊ မောင်ရှင်သာမဏေကလည်း ရဟန်းတစ်ထောင်နှင့်တကွ ထို အရပ်သို့ ရောက်လာ၏၊ ကုန်သည်အား သာမဏေကို တွေ့မြင်ရသော ခဏ၌ သားလျှင် သားတည်းဟူသော ချစ်ခင်ခြင်းသည်ဖြစ်၏၊ အလုံးစုံသော ကိုယ် သည် သားတည်းဟူသော ချစ်ခင်ခြင်းဖြင့် ပြည့်သည်ဖြစ်လေ၏။ ထိုကုန်သည် သည် ဤကမ္ဗလာတို့ကို ထားဘိဦး၊ မောင်ရှင်သာမဏေကို မြင်ရသောကြောင့် မောင်ရှင်သာမဏေက အလိုရှိ သည်ရှိသော် နှလုံးသားကိုပင် သော်လည်း ပေးခြင်းငှာ သင့်လျော်လျောက်ပတ်၏ဟု ကြံ၍ အဖိုးတစ်သိန်း ထိုက်သော ကမ္ဗလာနှစ်ထည်တို့ကို ထုတ်ယူ၍ ရှင်သာမဏေ၏ ခြေရင်း၌ ချထားပြီးသော အခါ ရှိသေစွာ ရှိခိုးပြီးသော်——

မောင်ရှင်သာမဏေ သား၏အသွင် သင် မောင်ရှင်သာမဏေသည် မျက်မှောက်ပြုအပ်သော တရား၏ အဖို့ရှိသည် ဖြစ်ရပါလို၏ဟုဆုတောင်း၍ ပေးလှူ၏။ သာမဏေကလည်း အသင်ဆုတောင်းတိုင်း ဖြစ်စေ လော့ဟု အနုမောဒနာကို ပြုတော်မူ၏။ သာမဏေသည် မြို့အတွင်း၌လည်း ငါးရာကုန်

သော ကမ္ဗလာတို့ကို ရ၏။ ဤသို့လျှင် တစ်နေ့ချင်း၌ တစ်ထောင်သော ကမ္ဗလာကိုရ၍ တစ်ထောင်မျှလောက်သော ရဟန်းတော်အပေါင်းအား ပေးလှူ၏။ ထိုအခါမှစ၍ သာမဏေအား ကမ္ဗလ ဒါယကတိဿထေရ်ဟူသော အမည်ကို ပြုကြကုန်၏။

သာမဏေငယ်သည် အမည်ကိုပြုသောနေ့၌ လှူဒါန်းပေးကမ်းအပ်သော ကမ္ဗလာဒါနသည် ခုနစ်နှစ်ရှိသော ကာလ၌ ကမ္ဗလာတစ်ထောင် ရသည်၏ အဖြစ်သို့ ရောက်လေ၏၊ ထိုစကားမှန်၏။ အကြင်ပုဂ္ဂိုလ်၌ လှူဒါန်းအပ်သော အနည်းငယ်မျှသော အလှူဒါနသည် ကြီးမြတ်သော အကျိုးရှိသည်ဖြစ်ပေ၏၊ များစွာသော ဒါနကို လှူဒါန်းသောကြောင့် များမြတ်သော အကျိုးထက် အထူးသဖြင့် များမြတ်သော အကျိုးရှိပေ၏။ ထိုသို့သော **အရာသည်** မြတ်စွာဘုရား သာသနာတော်မှ တစ်ပါးသောနေရာ၌ မရှိပေဟု ၎င်းအဋ္ဌ ကထာ၌ မိန့်တော်မူ၏—

တိဿသာမဏေငယ်သည် တောရကျောင်း၌ သီတင်းသုံးခြင်း

ဇေတဝန်ကျောင်းတော်၌ နေသော ထိုတိဿသာမဏေအား ဆွေမျိုးအပေါင်းတို့သည် မပြတ်မလပ်သာလျှင် အထံသို့လာ၍ စကားပြောဆိုခြင်းကို ပြုကုန်၏။ ထိုသာမဏေလည်း ကြံဆင်ခြင်သည်မှာ ငါသည် ဤအရပ် ဒေသ ဤဌာန၌ နေသဖြင့် ဆွေမျိုးဉာတိ အပေါင်းတို့သည် လာရောက်ကုန်ပြီးသော အခါ စကားပြောဆိုကုန်သည် ရှိသော် စကားမပြောမဆိုဘဲ နေခြင်းငှာ မတတ်ကောင်း။ ထိုသူတို့နှင့် အတူထကွ စကားပြောဆို၍ နေရခြင်း ကြာမြင့်သဖြင့် မိမိ၏ တည်ရာတရားကို ရှာခြင်းငှာ မစွမ်းနိုင်၊ ငါသည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံ၌ ကမ္မဋ္ဌာန်းကို သင်ယူပြီးသောအခါ တောအုပ်သို့ဝင်၍ နေရပါမူကား သင့်လျော်လျောက်ပတ် ကောင်းမြတ် ပေလိမ့်မည်ဟု ကြံဆင်တော်မူ၏။ ကြံဆင်ခြင်ပြီး၍ကား ထိုသာမဏေသည် မြတ်စွာဘုရားရှင်၏ အထံသို့ ချဉ်းကပ်၍ အရဟတ္တဖိုလ် တိုင်အောင်သော ကမ္မဋ္ဌာန်းကို မိန့်ဟောတော်မူစေပြီးလျှင် လေ့ကျက်သင်ယူ၍ ဥပဇ္ဈာယ် ဆရာကို ကောင်းစွာညွတ်လျှိုး ရှိခိုးဦးချပြီးသော် သပိတ် သင်္ကန်းကို ယူပြီးသော် ကျောင်းမှ ထွက်ကြွပြီးလျှင် ငါသည် နီးသော အရပ်၌ အကယ်၍ နေခဲ့သည် ဖြစ်အံ့၊ ဆွေမျိုး ဉာတိတို့သည် ငါ့အား ပင့်ခေါ်ကုန် လတ္တံ့ဟု ကြံ၍ သာဝတ္ထိပြည်မှ ယူဇနာ တစ်ရာ့နှစ်ဆယ် ကွာသော အရပ်သို့ သွား၏။ ထိုအခါ တစ်ခုသော ရွာတံခါးဖြင့် ထွက်လာသော သူအိုယောကျ်ား

တစ်ယောက်ကို မြင်၍ ဒါယကာကြီး ဤရွာ၌ နေကုန်သော ရဟန်းတို့အား တစ်စုံတစ်ခုသော တောကျောင်း ရှိပါသလောဟု မေး၏။ အရှင်ဘုရား ရှိပါ၏ဟု လျှောက်ကြားသည်ရှိသော် ထိုတို့ဖြစ်လျှင် ငါ့အား လမ်းခရီးကို ညွှန်ကြားပါလော့ဟု ပြော၏။ ဥပါသကာကြီးသည်လည်း ထိုသာမဏေကို မြင်၍သာလျှင် သားတည်းဟူသော ချစ်ခင်ခြင်းသည် ဖြစ်၏။

ထိုအခါ ဥပါသကာကြီးသည် ထိုအရပ်၌ တန့်ရပ်ပြီး ဤအမည်ရှိသော ဒေသတည်းဟု မကြားလိုက်မူ၍ အရှင်ဘုရား လာလှည့် တပည့်တော် ပြောကြားပေအံ့ဟု ပြောဆို၍ သာမဏေကို ရှေ့ညွှန် ဆောင်ယူပြီး သွား၏။ သာမဏေလည်း ဥပါသကာကြီးနှင့် အတူတကွ သွားကြကုန်သည် ရှိသော် ခရီးအကြား၌ အထူးထူးသော အပွင့်အသီးတို့ဖြင့် ကြည့်ရှုစချင့် တင့်တယ်အောင် ဆင်ယင်လျက် သစ်ပင်တောင်ယပ် လွန်သင့်မြတ်သော အရပ်တို့ကို မြင်၍ ဥပါသကာကြီး ဤအရပ်သည် အဘယ်အမည် ရှိသနည်းဟု မေး၏။ ဥပါသကာကြီးလည်း သာမဏေအား ထိုအရပ်၏ အမည်ကို ပြောကြားလျက် တောကျောင်းသို့ သွားရောက်ပြီးသော် အရှင်ဘုရား ဤနေရာသည် ချမ်းသာသုခ ရနိုင်သော နေရာပေတည်း။ ဤနေရာဒေသ၌ မျတ သီတင်းသုံးတော်မူပါလော့ဟု လျှောက်ကြားပြီးသော် အရှင်ဘုရား အရှင်မြတ်သည် အဘယ်အမည် ရှိပါသနည်းဟု မေးလျှောက်၍ နက်ဖြန်ခါဝယ် တပည့်တော်တို့၏ ရွာ၌ ဆွမ်းခံခြင်းငှာ သင့်လျော်ပါသည်ဟု လျှောက်ကြား ပြီးလျှင် ပြန်လာပြီးသောအခါ ရွာတွင်းသို့ သွား၍ ပနဝါသီတိဿထေရ် မည်သော အရှင်မြတ် တစ်ပါးသည် ကျောင်းသို့ လာရောက်တော်မူ၏။ ထိုအရှင်အား လှူဒါန်းရန် ယာဂုထမင်းစသည်တို့ကို စီရင်ကြကုန်လော့ဟု လူတို့အား ကြားသိစေ၏။

တိဿ သာမဏေသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

သာမဏေသည် ရှေးဦးစွာသာလျှင် တိဿ အမည်ရှိလျက် ထိုနောက်မှ ပိဏ္ဍပါတဒါယက တိဿ၊ ကမ္ဗလဒါယက တိဿ၊ ဝနဝါသီတိဿ ဟူကုန်သော သုံးပါးကုန်သော အမည်တို့ကို ရ၍ ခုနစ်နှစ်၏ အတွင်း၌သာလျှင် လေးပါး ကုန်သော အမည်တို့ကို ရရှိလေ၏၊ ထိုသာမဏေသည် နက်ဖြန်မိုးသောက် ရောက်သောနေ့၌ နံနက်စောစောအခါ ရွာသို့ ဆွမ်းခံခြင်းငှာ ကြွစင်တော်မူ၏။ 'လူများအပေါင်းလည်း ဆွမ်းကိုပေးလှူ၍ ရှိခိုးပူဇော်ကြကုန်၏။ သာမဏေသည် 'သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ" ဟူသော ပါဠိဖြင့် " အသင် ဥပါသကာ

ဥပါသကာအပေါင်း သူတော်ကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းဖြစ်ကြပါစေကုန်သတည်း။ ကိုယ်စိတ်ညစ်နွမ်း ပင်ပန်း ဆင်းရဲခြင်းတို့မှ လွတ်ကင်းပါစေကုန်သတည်း" ဟု မိန့်ဆို၏။ တစ်ယောက်သောသူမျှလည်း ဆွမ်းကိုပေးလှူပြီး၍ အိမ်သို့ပြန်သွားခြင်းငှာ မစွမ်းနိုင်။ အလုံးစုံသော လူတို့သည် သာမဏေကို တစိမ့်စိမ့် ကြည့်ရှု ဖူးမြော်၍သာ တည်ကြကုန်၏။ သာမဏေသည်လည်း မိမိအား မျှလောက်ရုံမျှသော ဆွမ်းကိုသာလျှင် ခံယူ၏။ အလုံးစုံသော ရွာသူရွာသား ယောကျ်ား မိန်းမအပေါင်းတို့သည် သာမဏေ၏ ခြေရင်း၌ ရင်ဖြင့် ဝပ်စင်းပြီးသောအခါ အရှင်ဘုရား အရှင်မြတ်သည် ဤအရပ်၌ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးတော်မူကုန်သည်ရှိသော် အကျွန်ုပ်တို့သည် သရဏဂုံတို့ကို ခံယူပြီးလျှင် ငါးပါး သီလတို့၌ တည်၍ ဝါတွင်းဘုံးလ၏ အတွင်းဝယ် ရှစ်ပါးကုန်သော ဥပုသ်သီလတို့ကို ခံယူကျင့်သုံး နေပါကုန်အံ့၊ ဤနေရာအရပ်၌ လျှောက်ပတ်ဖြည့်တင်း သီတင်းသုံးမည့်အရာ အကျွန်ုပ်တို့အား ပဋိညာဉ်ကို ပေးသနားတော် မူပါကုန်လော့ဟု တောင်းပန် လျှောက်ကြားကြကုန်၏။

သာမဏေလည်း ကျေးဇူး ဥပကာရ များပြားလှမည်ကို စိတ်ကရည်လတ်မှတ်ထင်တော်မူပြီးလျှင် လူအပေါင်းတို့အား ပဋိညာဉ်ကိုပေးသနားတော်မူ၍ အမြဲမပြတ် ထိုရွာအရပ်သို့သာ ချဉ်းကပ် ဆောက်တည်ဆွမ်းခံလှည့်လည်တော်မူ၏။ ရွာသူရွာသား ယောကျ်ား မိန်းမအပေါင်းတို့သည် ဦးခေါင်းညွတ်ချိုး ရှိခိုးဦးချကုန်သည်ရှိသော် "သုခိတာ ဟောထ၊ ဒုက္ခာမုစ္စထ" ဟူသော ပုဒ်နှစ်ခုအပေါင်းကိုသာလျှင် ရွတ်ဆို၍ ဖဲကြ၏။ ထိုသာမဏေသည် ဤသို့သော အမှတ်ဖြင့် မွေးဦးစွာသော လကိုလည်းကောင်း၊ နှစ်ခုမြောက်သော လကိုလည်းကောင်း လွန်စေ၍ သုံးခုမြောက်သော လသို့ကျရောက်သည် ရှိသော် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ရှင်သာရိပုတ္တရာနှင့်တကွ သံဃာတော်လေးထောင်
တိဿသာမဏေထံသို့ ကြွတော်မူခြင်း

ထိုနောက် ဝါလကျွတ်ခြင်းသို့ရောက်၍ ပဝါရဏာပြုပြီးသောအခါ ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရားကိုယ်တော်မြတ်၏ အထံတော်သို့ ချဉ်းကပ်၍ ဘုန်းတော်ကြီးမြတ်တော်မူလှပေသော မြတ်စွာဘုရား တပည့်တော်သည် တိဿသာမဏေ၏ အထံသို့ သွားပါဦးအံ့ဟု လျှောက်ကြားလျက် ခွင့်တောင်းပန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားသာရိပုတ္တရာ ကောင်းပြီ သွားလေဘော့ဟု ခွင့်ပြုတော်မူ၏။ ရှင်သာရိ

ပုတ္တရာမထေရ်သည် မိမိ၏ အခြံအရံဖြစ်ကုန်သော ရဟန်းငါးရာတို့ကို ယူ၍ ဖဲကြွတော်မူသည်ရှိသော် အရှင်မောဂ္ဂလာန် မထေရ်ကို ငါ့ရှင် မောဂ္ဂလာန် ငါသည် တိဿသာမဏေ၏ အထံသို့ သွားဦးအံ့ဟု ပြော၏။ အရှင်မောဂ္ဂလာန် မထေရ်ကလည်း ငါ့ရှင် သာရိပုတ္တရာ ငါသည်လည်း သာမဏေ၏အထံသို့ သွားဦးအံ့ ပြော၍ အခြံအရံဖြစ်ကုန်သော ရဟန်းငါးရာတို့နှင့် အတူတကွ ထွက်ကြွတော်မူ၏။ ဤသို့သော နည်းဖြင့် မဟာကဿပ မထေရ်၊ အနုရုဒ္ဓါမထေရ် ဥပါလိမထေရ်၊ ပုဏ္ဏမထေရ် ဟူကုန်သော အလုံးစုံသော မဟာသာဝကတို့သည် ငါးရာ ငါးရာကုန်သော ရဟန်းအခြံအရံတို့နှင့် အတူတကွ ထွက်ကြွတော်မူကြကုန်၏။ အလုံးစုံသော မဟာသာဝကတို့၏ အခြံအရံ ရဟန်းတော်တို့သည် လေးထောင်မျှ ဖြစ်ကုန်၏။ ထိုအလုံးစုံသော ရဟန်းတို့သည် ယူဇနာ တစ်ရာ နှစ်ဆယ်ရှိသော ခရီးသို့ ကြွတော်မူကြ၍ သာမဏေ၏ ဆွမ်းခံရွာသို့ကျရောက်တော်မူကြသည်ရှိသော် သာမဏေ၏ အမြဲအလုပ်အကျွေး ဖြစ်သော ဒါယကာသည် ရွာ၏ တံခါး၌ မထေရ်တို့ကို မြင်၍ ခရီးဦး ကြိုဆိုပြီးသော အခါ ကြည်လင်သွတ်လျှို ရှိခိုးဦးချ၏၊ ထိုအခါ ဒါယကာကိုအရှင်သာရိပုတ္တရာ မထေရ်က ဒါယကာ ဤအရပ်၌ တစ်စုံတစ်ခုသော တောကျောင်းသည် ရှိပါသလောဟု မေးတော်မူ၏။ရှိပါသည်ဘုရားဟု ဒါယကာက လျှောက်ကြားလျှင် ထိုကျောင်း၌ သီတင်းသုံးသော ရဟန်းရှိသလော မရှိသလောဟု မေးတော်မူပြန်သဖြင့် ရှိပါသည်ဘုရားဟု လျှောက်ကြားသောအခါ ထိုကျောင်း၌ အဘယ်မည်သော ရဟန်းသည် နေထိုင်သီတင်းသုံးသနည်းဟု မေးတော်မူပြန်သော် အရှင်ဘုရား ဝနဝါသီတိဿထေရ-အမည်ရှိသော ရဟန်းသည် သီတင်းသုံးပါသည်ဟု လျှောက်လျှင် ထိုသို့ဖြစ်လျှင် ငါတို့အား လမ်းခရီးကို ညွှန်ကြားပါလော့ဟု မိန့်တော်မူ၏။ အရှင်ဘုရားတို့သည် အဘယ်အရပ်သို့ ကြွတော်မူကြပါကုန်အံ့နည်းဟု ဒါယကာ မေးလျှောက်လျှင် ဒါယကာ ငါတို့သည် သာမဏေ၏ အထံသို့ လာကုန်သည်ဟု မိန့်တော်မူ၏။

ဒါယကာသည် အဖန်ဖန် အထပ်ထပ် မပြတ်ကြည့်ရှု ဖူးမြော်သည် ရှိသော် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို အစပြု၍ အလုံးစုံသော မဟာသာဝကတို့ မှတ်မိသောကြောင့် မပြတ်သော ပီတိဖြင့် လွှမ်းပြည့် တွေ့ထိသော ကိုယ်ရှိသည်ဖြစ်၍ အရှင်မြတ်တို့ ခဏခေတ္တမျှ ဆိုင်းငံ့ ရပ်တန့်တော်မူပါဦးဟု လျှောက်ကြားပြီးသောအခါ လျင်စွာသောအဟုန်ဖြင့် ရွာတွင်းသို့ဝင်၍ အရှင်သာရိပုတ္တရာမထေရ် အစရှိကုန်သော မဟာသာဝကကြီးတို့သည် ''မိမိ၏ အခြံအရံနှင့်တကွ ငါတို့ကိုးကွယ်ရာ မောင်ရှင်သာမဏေ၏ အထံသို့ကြွ လာတော်မူကြကုန်သည် ညောင်စောင်းအင်းပျဉ် အိပ်ရာခင်း ဆီမီး

စသည်တို့ကိုယူ၍ လျင်စွာသောအဟုန်ဖြင့် လာခဲ့ကြကုန်လော့”ဟု ကြွေးကြော် ပြောဆို၏၊ ရွာ၌ နေသူ လူများအပေါင်းတို့သည် ထိုစကား၌သာလျှင် ဆောင် စောင်းအင်းပျဉ်စသည်တို့ကိုယူ၍ မထေရ်တို့သို့ အစဉ် မှီအောင်လိုက်သည်ဖြစ်၍ သာလျှင် မထေရ်တို့နှင့် အတူတကွ ကျောင်းသို့သွားရောက်၍ ဝင်ကြကုန်၏။ သာမဏေသည် မထေရ်တို့ကို ကြွလာတော်မူသည်ကို သိ၍ အစဉ်အတိုင်းအား ဖြင့် မထေရ်တို့၏ သပိတ်သင်္ကန်းတို့ကို သိမ်းဆည်း ယူငင်ပြီး ဝတ်ကြီး ဝတ်ငယ်ကို ပြု၏။ သာမဏေသည် မထေရ်တို့၏ သီတင်းသုံးတော်မူရန် နေရာကို စီရင်တော်မူစဉ် ကပင်လျှင် သပိတ် သင်္ကန်း စသည်တို့ကို သိုမှီးစဉ် ပင်လျှင် နေဝင်ခါရောက် အလင်းပျောက်ပြီး အမိုက်တိုက် ကျလာသဖြင့် ညအခါ ဖြစ်လေ၏။

အရှင်သာရိပုတ္တရာ မထေရ်သည် ဒါယကာတို့ကို ခေါ်တော်မူ၍ ဒါယကာတို့ အသင်တို့သည် ပြန်လည်ကြကုန်လော့ ညအခါ အမိုက်တိုက် ကျခဲ့ ချေပြီဟု မိန့်တော်မူလျှင် အရှင်ဘုရား တပည့်တော်တို့သည် ယနေ့အခါသည် ကား တရားနာရမည့် အခါပေတည်း၊ တရားတော်ကို မကြားမနာရဘဲ ပြန်တော့မည်မဟုတ် တပည့်တော်တို့မှာ ရှေးအခါက တရားတော်ကို ကြားနာ ရဖူးသည် မရှိပါဟု ဒါယကာတို့ လျှောက်ကြားသောအခါ မထေရ်သည် သာမဏေကို ခေါ်တော်မူ၍ ငါ့ရှင်သာမဏေ ဆီမီးတိုင်ကို ညှိထွန်း၍ တရားနာ အံ့သော ကာလကို ကြွေးကြော်လေလော့ဟု မိန့်တော်မူ၏ သာမဏေသည် လည်း မထေရ်ဆိုတော်မူတိုင်း အလုံးစုံတို့ကို အကုန်ပြုပေ၏၊ ထို့နောက်မှ ရှင်သာရိပုတ္တရာမထေရ်က သာမဏေကို တိဿ အသင်၏ အလုပ်အကျွေး ဖြစ်ကုန်သော ဒါယကာ ဒါယိကာမတို့သည် တရားနာခြင်းငှာ အလိုရှိကုန် သည်ဟု လျှောက်ကြားကြကုန်၏။ ထိုဒါယကာ ဒါယိကာမတို့အား ငါ့ရှင် တိဿသည် တရားဟောဘိလော့ဟု မိန့်တော်မူ၏။

တိဿသာမဏေသည် ဆန်းကြယ်စွာ တရားဟောတော်မူခြင်း

ထိုအခါ စည်းဝေး ရောက်လာကုန်သော ဒါယကာ ဒါယိကာမတို့သည် တပြိုင်နက် တစ်ချက်တည်းထ၍ အရှင်ဘုရား တပည့်တော်တို့၏ အရှင်ဖြစ်တော် မူသော အရှင်တိဿသည် “သုခိတာ ဟောသ၊ ဒုက္ခာ မုစ္စထ” ဤတရားနှစ်ပုဒ် တို့ကိုထား၍ အခြားသော တရားများကို သိမည်မထင်ပါ တပည့်တော်တို့အား တင့်ပါးသော တရားစကား ဟောကြားတတ်သော ပုဂ္ဂိုလ်ကို ဟောကြားတော် မူပါစေကုန်လော့ဟု လျှောက်ကြားကြကုန်၏၊ ဤသို့ လျှောက်ထားခြင်းမှာ ကား သာမဏေသည် အရဟတ္တဖိုလ်သို့ ရောက်သော်လည်း ထိုအလုပ်အကျွေး

ဖြစ်ကုန်သော ဒါယကာ ဒါယိကာမတို့အား တစ်ရံတစ်ခါ၌သော်လည်း တစ်စုံတစ်ခုသော တရားကိုမျှ ဟောကြားဖူးသည် မရှိပေ၊ ထို့ကြောင့် လျှောက်ကြကုန်သတည်း။ ထိုအခါ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်က သာမဏေကို ငါ့ရှင်သာမဏေ "သုခိတာ ဟောထ" ဟူသည့် အဘယ်ကိုဆိုသနည်း "ဒုက္ခာ မုစ္စထ" ဟူသည် အဘယ်ကို ဆိုသနည်း ဤနှစ်ပုဒ်တို့၏ အနက်ကို ငါတို့အား ဟောကြားဦးလော့ဟု မိန့်တော်မူ၏၊ သာမဏေလည်း အရှင်ဘုရား ကောင်းပါပြီဟု ဝန်ခံ၍ ဆန်းကြယ်သောယပ်ကို ကိုင်ပြီးသော အခါ ဟရာဇ(...)နရာသို့ တက်ကြွ၍ နိကာယ်ငါးရပ်တို့မှ အကျိုးကိုလည်းကောင်း၊ အကြောင်းကိုလည်းကောင်း ယူငင်ပြီးလျှင် လေးပါးကုန်သော အရပ်မျက်နှာတို့မှ တက်လာသွန်းလဲ မရပ်စဲဘဲ တခဲနက်ရွာသော မိုးကြီးကဲ့သို့ ခန္ဓာ-ဓာတ်-အာယတန-ဗောဓိပက္ခိယ-တရားတို့ကို ဝေဖန်လျက် အရဟတ္တဖိုလ် အထွတ်တပ်သောအားဖြင့် တရားစကားကို ဟောကြားတော်မူ၍ အရှင်ဘုရား ဤသို့ပြဆိုအပ်ခဲ့ပြီးသော အစဉ်အတိုင်းအားဖြင့် အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည် ဖြစ်ပေ၏။ အရဟတ္တဖိုလ်သို့ ရောက်သောသူအားသာလျှင် ဆင်းရဲအပေါင်းမှ လွတ်ပေ၏။ ကြွင်းကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေ တည်နေခြင်း, အိုခြင်း, နာခြင်း, သေခြင်း အစရှိကုန်သော ဆင်းရဲတို့မှလည်းကောင်း၊ ငရဲစသော အပါယ်လေးပါးသို့ ရောက်သော ခံစားရခြင်း ဆင်းရဲ စသည်တို့မှ လည်းကောင်း မလွတ်နိုင်ကြကုန်သည် သာတည်းဟု လျှောက်၏။

မထေရ်ကလည်း သာမဏေ အသင်သည် စီစဉ်ညွှန်တား ဟောကြားအပ်သော တရားသည် ကောင်းပါပေ၏။ ယခုအခါ၌ သရဘည ဝတ်ကို ရွတ်ဆိုဦးလော့ဟု မိန့်တော်မူသဖြင့် သရဘညဝတ်ကိုလည်း ရွတ်တော်မူ၏။ အရှေ့ပြဗ္ဗာ ဝိဒေဟာကျွန်းထက်မှ ထွန်းတက်သော နေ၏ အရောင်ဟုန် အရှက်တက်လာသည်ရှိသော် သာမဏေ၏ အလုပ်အကျွေးဖြစ်ကုန်သော လူတို့သည် နှစ်ဖို့နှစ်စု ကွဲပြားကုန်၏။ အချို့ကုန်သော လူတို့သည် ငါတို့အား ဤကဲ့သို့ သဘောရှိသော ကြမ်းကြုတ်သော သူကို မမြင်ဖူးလေစွတကား၊ ဤသို့သဘောရှိသောတရားကို သိမြင်ပါလျက်သားနှင့် ဤမျှလောက်သော ကာလပတ်လုံး အမိ အဖ၏ အရာ၌တည်လျက် လုပ်ကျွေးကုန်သော လူတို့အား တစ်ပုဒ်တစ်ပါဒရှိသော တရားကိုမျှ ဟောကြားခြင်းကို မပြုလေဟု အမျက်ထွက်ကြကုန်၏။ အချို့ကုန်သော လူတို့သည် ငါတို့အား အရတော်လေစွတကား၊ ငါတို့သည် ဤသို့သဘောရှိသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံသောအရှင်ကို

ဂုဏ်ကျေးဇူးရှိသည်ကိုလည်းကောင်း၊ မရှိသည်ကိုလည်းကောင်း မသိကုန်ဘဲ လုပ်ကျွေးရကုန်၏။ ဤယခုအခါ၌ ငါတို့အားထိုအရှင်၏အထံ၌တရားနာခြင်းငှာ ရပေကုန်ပြီဟု နှစ်သက်ကုန်၏။

တိဿ သာမဏေယ်ထံ မြတ်စွာဘုရား ကြွတော်မူခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ထိုနေ့ မိုးသောက်ထအခါ လောကကို ကြည့်ရှုတော်မူသည် ရှိသော် ဝနဝါသီ တိဿသာမဏေ၏ အလုပ်အကျွေး ဖြစ်ကုန်သော ဒါယကာ ဒါယိကာမတို့သည် ကိုယ်တော်မြတ် ဉာဏ်တော်တည်း ဟူသော ကွန်ရက်၏ အတွင်းသို့ ဝင်လာသည်တို့ကို မြင်တော်မူ၍ အသို့ ဖြစ်လတ္တံ့နည်းဟု စူးစမ်းဆင်ခြင်တော်မူသည်ရှိသော် ဝနဝါသီတိဿသာမဏေ အား အလုပ်အကျွေးဖြစ်ကုန်သော ဒါယကာ ဒါယိကာမ အချို့တို့သည် နှစ်သက်ကုန်၏။ ဒါယကာ ဒါယိကာမအချို့တို့သည် အမျက်ထွက်ကုန်၏။ ငါ၏ သားတော် တိဿသာမဏေအား အမျက်ထွက်သော သူတို့သည် ငရဲသို့ ကျရောက်ခြင်း အဖို့ရှိသည် ဖြစ်ကုန်လတ္တံ့။ ငါဘုရားသည် ထိုအရပ်သို့ကြွသွား ခြင်းငှာ အပ်၏။ ငါဘုရားသည် ထိုအရပ်သို့ ကြွတော်မူရသည်ရှိသော် အလုံး စုံသောဒါယကာ ဒါယိကာမ အပေါင်းတို့သည် သာမဏေ၌ မေတ္တာသက်ဝင် ချစ်ခင်ခြင်းကိုပြု၍ ဆင်းရဲအပေါင်းတို့မှ လွတ်မြောက်ကုန်လတ္တံ့ဟု စူးစမ်း ဆင်ခြင်၍ မြင်တော်မူ၏၊ တရားတော်ကိုနာကုန်သော ရွာသူရွာသား ယောကျ်ား မိန်းမ အပေါင်းတို့သည်သည်း ရဟန်းသံဃာတော်ကို ပင့်ဖိတ်၍ ရွာသို့သွားရောက်ပြီးလျှင် သင့်တင့်ကောင်းမွန်သော မဏ္ဍပ်ကိုပြု၍ ယာဂု ဆွမ်းစသည်တို့ကို စီရင်ပြီးလျှင် နေရာတို့ကို ခင်းထားပြီး သံဃာတော် တို့၏ ကြွတော်မူလာအံ့သော လမ်းခရီးကို မျှော်ငံ့ဆိုင်းလင့်၍ နေကြ ကုန်၏။ ရဟန်းအပေါင်းတို့သည် ကိုယ်သက်သန့်ရှင်း သုတ်သင်ခြင်းအမှုကို ပြုပြီးလျှင် ဆွမ်းခံချိန်တိုင်သော အခါ၌ ဆွမ်းအလို့ငှာ ကြွဝင်တော်မူကုန်သည် ရှိသော် ငါ့ရှင် သာမဏေ အသို့နည်း၊ အသင်သည် ငါတို့နှင့် အတူတကွပင် လိုက်ကုန်အံ့လော၊ ထိုသို့မဟုတ် နောင်မှပင် လာခဲ့အံ့လောဟု မေးကုန်၏။ အရှင်ဘုရားတို့ တပည့်တော်သည် သွားအံ့သော အချိန်ကျမှပင် လိုက်လာ ခဲ့ပါတော့အံ့။ အရှင်ဘုရားတို့သည် ရှေးဦးစွာ ကြွနှင့်ကြပါကုန်လော့ဟု လျှောက်ကြားလိုက်၏၊ ရဟန်းသံဃာတို့သည်လည်း သပိတ်သကန်းကို ဆင်မြန်း လက်စွဲလျက် ရွာထဲသို့ ကြွဝင်ကုန်၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဇေတဝန်ကျောင်းတော်၌သာလျှင် သင်္ကန်းတော်ကို ရုံတော်မူ၍ သပိတ်တော်ကို ယူတော်မူပြီးသောအခါ တစ်ခုသော စိတ္တက္ခဏဖြင့်သာ ကြွသွားတော်မူ၍ ရဟန်းသံဃာတို့၏

ရှေ့၌ တည့်တည့်မတ်မတ် ရပ်တော်မူ၍ ကိုယ်တော်ကို ထင်ရှားပြတော်မူ၏၊ မြတ်စွာဘုရားကိုယ်တော် ကိုယ်တိုင် ကြွတော်မူလာသည်ဟု အလုံးစုံသော မြို့ရွာသည် တုန်လှုပ်ပြီး တစ်ပြိုင်နက်သော အုတ်အုတ်ကျက်ကျက်သည် ဖြစ်လေ၏။ လူများအပေါင်းတို့သည် ရွှင်လန်းနှစ်သက် တက်ကြွသောစိတ် ရှိကုန်သည်ဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းကို ကောင်းမွန်စွာ ခင်းထားအပ်သောနေရာ၌ သီတင်းသုံးစေတော်မူပြီးလျှင် ယာဂုခဲဖွယ် အသွယ်သွယ်သော ဘောဇဉ်တို့ကို ပြုပြင်လှူဒါန်းကုန်၏။ တိဿသာမဏေသည်ဘုရားအမှူးရှိသော သံဃာတော်တို့ ဆွမ်းစားခြင်းကိစ္စ မပြီးမီသာလျှင် ရွာတွင်းသို့ ဝင်လာခဲ့၏။ ရွာသူရွာသားတို့သည်လည်း သာမဏေကို မဏ္ဍပ်၏အတွင်းသို့ ဆောင်ယူ ပင့်သွင်းပြီးသောအခါ ရှိသေကောင်းမွန်စွာ လှူဒါန်းကျွေးမွေးကုန်၏။

သာမဏေသည် မိမိမျှလောက်ရှိသော ဆွမ်းကို အလှူခံ၍ မြတ်စွာဘုရားရှင်၏ အထံသို့ ချဉ်းကပ်ပြီး သပိတ်ကို ကပ်လှူ၏။ ချစ်သားတိဿ သပိတ်ကိုဆောင်ယူခဲ့လေ့ဟု လက်တော်ကိုဆန့်၍ သပိတ်ကို လှမ်းယူတော်မူပြီးသောအခါ ချစ်သား သာရိပုတ္တရာ အသင်၏ တပည့်ရင်းဖြစ်သော တိဿ၏သပိတ်ကို ကြည့်ရှုပါလော့ဟု အရှင်သာရိပုတ္တရာသို့ လှမ်း၍ ပြတော်မူ၏။ အရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာဘုရားလက်ထက်တော်မှ သပိတ်ကို လှမ်းယူပြီးသောအခါ သာမဏေအားပေး၍ ငါ့ရှင်သာမဏေ အသင့်အား ရောက်သောနေရာ၌ သွားရောက်ထိုင်နေပြီးလျှင် ဆွမ်းစားခြင်းကိစ္စကို ပြုလေလော့ဟု မိန့်တော်မူ၏။ ရွာသူရွာသား ယောကျ်ား မိန်းမ အပေါင်းတို့သည် ဘုရားအမှူးရှိသော သံဃာကို ရှိသေကောင်းမွန်စွာလုပ်ကျွေး ပြုစုပြီး၍ မြတ်စွာဘုရားရှင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးဦးချပြီးသော် အနုမောဒနာကို ပြုပါစိမ့်သောငှာ တောင်းပန်ကြကုန်၏။

မြတ်စွာဘုရားသည် အနုမောဒနာကို ပြုတော်မူလျှက် ဤသို့သော စကားကို မိန့်တော်မူ၏။ ဒါယကာ ဒါယိကာမအပေါင်းတို့ အသင်တို့အား အရတော်လေစွတကား၊ အသင်တို့သည် အိမ်သို့ကပ်၍ မပြတ်ဆွမ်းခံ လာရောက်လေ့ရှိသော သာမဏေကို အမှီပြုပြီး သာရိပုတ္တရာ၊ မောဂ္ဂလာန်၊ ကဿပ၊ အနုရုဒ္ဓါ ဟူကုန်သော အသီတိ မဟာသာဝကတို့ကို ဖူးမြင်ခြင်းငှာ ရကုန်၏။ ငါဘုရားသည်လည်း အသင်တို့၏ အိမ်သို့ကပ်၍ မပြတ်ဆွမ်းခံ လေ့ရှိသော ကုလူပကတိဿသာမဏေကို မှီ၍ သာလျှင် ကြွလာတော် မူခဲ့ပေ၏။ အသင်တို့အား ငါဘုရားကို ကြည့်ရှု ဖူးမြော်ခြင်းကိုလည်း ထိုသာမဏေကို အမှီပြုသဖြင့်သာလျှင် ရအပ်၏။ အသင်တို့အား အရတော်

လေစွတကား၊ ဂုဏ်အားကြီးကျယ် ထူးမြတ်သော ပုဂ္ဂိုလ်ကို အသင်တို့အား ကောင်းစွာ ရအပ်လေစွတကားဟု မိန့်တော်မူ၏။ မြတ်စွာဘုရားမိန့်တော်မူသော စကားကိုကြားလျှင် လူတို့သည် ပြောဘ် အံ့ဖွယ်ရှိလေစွတကား ငါတို့အား အရတော်လေစွတကား မြတ်စွာဘုရားအားလည်းကောင်း၊ သံဃာအပေါင်းအား လည်းကောင်း နှစ်သက်စေခြင်းငှာ စွမ်းနိုင်သောငါတို့၏အရှင်ကိုအမှီပြုပြီးသော ကာလ ဘုရားအမှူးရှိကုန်သော အသီတိ မဟာသာဝကကြီးတို့ကို ဖူးမြော်ရပေသည်၊ ပူဇာ သက္ကာရဒါနဝတ္ထုတို့ဖြင့် ပြုစုလှူဒါန်း ပူဇော်ခြင်းငှာ ရပေသည်ဟု သာမဏေအား အမျက်ထွက်၍ ရှိနှင့်ကြကုန်သော အချို့ကုန်သော ဒါယကာ ဒါယိကာမတို့သည် နှစ်သက်ကြကုန်၏။ ရှေးက နှစ်သက်ပြီး ဖြစ်ကုန်သော ဒါယကာ ဒါယိကာမတို့သည် ရှေးကထက် ထမ်းပိုးတိုး၍ ကြည်ညိုမြတ်နိုးကြကုန်၏။

အနုမောဒနာ၏အဆုံး၌ များစွာကုန်သော လူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် နေရာမှထ၍ ဖဲကြွတော်မူသည်ရှိသော် လူများအပေါင်းသည် အစဉ်လိုက်၍ ပို့ပြီးလျှင် လမ်းခရီးဌာနသို့ ကျရောက်သောအခါ ရှိခိုးဦးချ၍ ပြန်ကုန်၏။ မြတ်စွာဘုရားရှင်သည် တိဿသာမဏေနှင့်အတူတကွ ကြွတော်မူသည်ရှိသော် သာယာစွာသောအသံဖြင့် သာမဏေ ဤအရပ်သည် အဘယ်အမည်ရှိသနည်း၊ ဤအရပ်ကို အဘယ်သို့ ခေါ်သနည်းစသည်ဖြင့် ရှေးရောက်စ ဒါယကာကြီးက သာမဏေအား ညွှန်ကြားပြောဆိုသောနည်းဖြင့်သာ မေးမြန်း၍ ကြွတော်မူ၏။

ငိုကြွေးခဲ့ရသောမျက်ရည်သည် သမုဒ္ဒရာရေမျှမက များခြင်း

သာမဏေသည်လည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤအရပ်သည်ကား ဤအမည်ရှိသော အရပ်ပါတည်း။ ဤအရပ်ကို ဤသို့မှည့်ခေါ် သမုတ်ပါသည်ဟု လျှောက်ကြားလျက် လိုက်သွား၏။ မြတ်စွာဘုရားရှင်သည် သာမဏေ၏နေရာဌာနသို့ သွားရောက်၍ တောင်ထိပ်သို့ တက်ကြွတော်မူ၏။ ထိုတောင်ထိပ်၌ တည်ကုန်သောသူတို့အား မဟာသမုဒ္ဒရာသို့ကြည့်ရှုလျှင် မြင်ရကုန်၏။ တောင်ထိပ်ပေါ်သို့ ကျရောက်တော်မူသော် မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သားတိဿ ဤတောင်ထိပ်၌တည်လျက် ထိုဤ ဒေသရပ်ဌာန အလုံးစုံကို အကုန်ကြည့်ရှုလိုက်က အဘယ်ကို မြင်သနည်းဟု သာမဏေကို မေးတော်မူ၏။ သာမဏေက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မဟာသမုဒ္ဒရာကို မြင်ရပါသည်ဟု လျှောက်ကြားလျှင် ချစ်သားတိဿ ထိုမဟာသမုဒ္ဒရာကို မြင်ရသောအခါ အသင်၏စိတ်၌ အဘယ်သို့ကြံစည်

အောက်မေ့သနည်းဟု မေးတော်မူပြန်သဖြင့် သံသရာဝဋ်ဒုက္ခ ကျင်လည်ပြေးသွားချဲ့ နေရစဉ်အခါ ကိုယ်စိတ်နှစ်ဖြာ ကြင်နာဖောက်လွဲ ဆင်းရဲဒုက္ခ တွေ့ကြုံရသော ကာလ၌ စိုးရိမ်ပူဆွေး ငိုကြွေးရသော ငါ့အား ဤသမုဒ္ဒရာလေးစင်းရေထက် ပိုလွန်သောအားဖြင့် များပြားသောမျက်ရည်သည် ကျထွက်ယိုစီး၍ ရှိရလေပြီဟု ကြံစည်ဆင်ခြင်ထင်မြင်အောက်မေ့ပါသည်ဟု လျှောက်ကြားသော အခါဝယ် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က သာဓု-သာဓု ချစ်သားတိဿ အသင်လျှောက်ကြားသော စကားအတိုင်း ဟုတ်မှန်လှပေ၏။ တစ်ယောက်တစ်ယောက်သော သတ္တဝါအား ဆင်းရဲငြိုငြင် ပင်ပန်းခြင်းဒုက္ခတွေ့ကြုံရသော အခါ ငိုကြွေး ယိုစီးကျထွက်ရသော မျက်ရည်တို့သည် လေးစင်းကုန်သော မဟာသမုဒ္ဒရာတို့ထက် အထူးသဖြင့် ပိုလွန်သည်သာတည်းဟု ဤသို့သော စကားကို မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
ကိံ ကာရဏာ သမ္မ တုဝံ ပမဇ္ဇသိ—

အရှေ့အနောက် တောင်မြောက် လေးမြွာ သမုဒ္ဒရာတို့၌ တည်ရှိသော ရေသည် မပြောပဖွယ် အနည်းငယ်သာရှိသည်ဖြစ်၏။ လိုင်းဂယက်ပုတ် သဲသဲလှုပ်သော ထိုသမုဒ္ဒရာ လေးစင်းရေထက် မရေတွက်နိုင်သော စက္ခုပသာဒ လူမှုကျလျက် ယိုစီးထွက်သော မျက်ရည်သည်များ၏။ မရေတွက်သာ များပြားစွာတည်း။ အနည်းငယ်မဟုတ် ချုပ်ချယ်များပြားသော ဆင်းရဲငြိုငြင် ပင်ပန်းခြင်းဖြင့် တွေ့ထိရသော လူအများအပေါင်းအား စိုးရိမ် ပူပန်ရခြင်းသည်ဖြစ်၏၊ တစ်နည်းလူ၏ စိုးရိမ်ပူဆွေး ငိုကြွေးရသောကြောင့် ဖြစ်သော မျက်ရည်သည် များပြား၏။ အချင်း သင်သည် အဘယ်သို့သော အကြောင်းကြောင့် မေ့လျော့၍သာ နေလေပါသနည်း။

မသေဖူးသော နေရာမရှိ

ထိုနောက်မှ မြတ်စွာဘုရားကိုယ်တော်မြတ်က အသင်သည် အဘယ်မှာ နေသနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤတောင်အဝှမ်း၌သာ နေပါသည်ဟု လျှောက်ကြားသဖြင့် ဤတောင်ဝှမ်း၌ နေသော အသင်အား အဘယ်သို့သော အောက်မေ့ကြံစည်ခြင်းဖြစ်သနည်းမှု

မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤတောင်ဝှမ်း၌ နေသော ငါသည် ရှေးရှေးသောအခါ သံသရာဝဋ်ဒုက္ခဝယ် ပြေးသွားကျင်လည်၍နေရာ ငါသည် စုတိချုပ်ကြွေ သေလွန်ခြင်းကြောင့် ဤတောင်ဝှမ်း အရပ်၌သာနေ၍ ပစ်ပယ်စွန့်ချအပ်သော ငါ၏ခန္ဓာကိုယ် အကောင်ပုပ်သည်ကား ဤမျှ ဤမျှ ပမာဏရှိသည်ကို ရေတွက်ပိုင်းခြားအပ်သော အရာသည်မရှိချေပြီဟု အောက်မေ့ကြံဆင်ခြင်မိပါသည်ဘုရားဟု လျှောက်ကြား၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားတိဿ အသင် အောက်မေ့ကြံစည်တိုင်း ဟုတ်မှန်လှပေ၏။ ပုပ္ဖရွ မြင်သမျှ ဤသတ္တဝါတို့အား မဟာပထဝီမြေထက် ပက်လက်တစောင်း စသည် လျောင်းလျက် ပြန်ပြောင်းအိပ်ကာ မသေဖူးသော နေရာမရှိဟု မိန့်တော်မူ၍ ဒုက်နိပါတ် ဥပသာဠက ပုဏ္ဏားကြီး၏ ဇာတ်၌ ဟောကြားတော်မူအပ်သော ဤနှစ်ဂါထာပါဌ်တို့ကို ဆောင်၍ ဟောတော်မူပြန်၏-

ဥပသာဠကနာမာနိ၊ သဟဿာနိ စတုဒ္ဒသ။
အသ္မိံ ပဒေသေ ဒဍ္ဎာနိ၊ နတ္ထိ လောကေ အနာမတံ။
ယမှိ သစ္စဉ္စ ဓမ္မော စ၊ အဟိံသာ သံယမော ဒမော။
ဧတံ အရိယာ သေဝန္တိ၊ ဧတံ လောကေ အနာမတံ။

ဥပသာဠက ပုဏ္ဏားသည် သက်ဖျားတသွင် လွန်ချစ်ခင်ပေသော အိုအမောင်လုလင် ဂိဇ္ဈကုဋ္ဋဟု သမုတ်ထင်ရှား တောင်ထွတ်ကြားဖြစ်သော ဤအရပ်၌ ရာဇဂြိုဟ်ပြည်သား ဥပသာဠကအမည်ဖြင့် ထင်ရှားကုန်သော တစ်သောင်းလေးထောင် မြားမြောင်စွာသောသူတို့ကို ဖုတ်ကြည်းသင်္ဂြိုဟ်အပ်ကုန်ပြီ။ လူ့ဘောင်လောက၌ မသေတည်ကျွန် အမြဲစံ၍ သုသာန်သင်္ချိုင်း လုစ်တိုင်းသတ်မှတ် မဟုတ်သောအရပ်မည်သည် မရှိခဲ့ချေ၊အမောင်လုလင် အကြွင်ပုဂ္ဂိုလ်၌ လောကုတ္တရာ၏ ရှေးအဖို့၌ဖြစ်သော သစ္စာလေးထွေကို ဝေဖန်၍သိနိုင်သော ဉာဏ်လည်းကောင်း၊လောကုတ္တရာ ချမ်းသာပွားများ မြတ်တရားလည်းကောင်း၊သူ့ဆစ်ပါးကိုမညှဉ်းပန်းဘဲ စွဲလန်းကြင်နာ သနားတတ်သော ကရုဏာလည်းကောင်း၊ ဝိရမိတဗ္ဗ စသည်ဝတ္ထုကို တစ်ခုမလပ် ရှောင်ကြဉ်အပ်သော သီလလည်းကောင်း၊ စက္ခု သောတ ဤသို့စသည့် ဒွါရအလုံးစုံကို လုံခြုံအောင် စောင့်ရှောက် ဆုံးမတတ်သော ဣန္ဒြိယသံဝရသီလလည်းကောင်း ဤဂုဏ်လေးပါးအပေါင်းသည် ရှိ၏။ ထိုပုဂ္ဂိုလ်ကို အရိယာအပေါင်း သူတော်ကောင်းတို့သည် အမြဲမပြတ် မှီဝဲဆည်းကပ်ကုန်၏။ ဤသို့ ပြဆိုခဲ့ပြီးသော ဂုဏ်အပေါင်းသည် လူ့ဘောင်လောက၌ သေခြင်းကင်းသည်ကို ပြီးစေတတ်သည်၏ အဖြစ်ကြောင့် **အနာမတ-မည်ပေ၏။**

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဒေသနာတော်နည်းအတိုင်း ဤသတ္တဝါအပေါင်းတို့သည် မြေ၌ ခန္ဓာကိုယ် အကောင်ပုပ်ကို ပစ်ချခြင်းကိုပြု၍ သေလွန်ရကုန်သည်ရှိသော် ရှေးအခါကာလ ဘဝတုန်းက မသေရ မစွန့်ပစ်ရဖူးသေးသော နေရာအရပ်၌ သေရသည် စွန့်ပစ်ရသည်မရှိ၊ အာနန္ဒာမထေရ်နှင့် တူကုန်သော ပုဂ္ဂိုလ်တို့သည်သာ မသေဖူးသောအရပ်၌ ပရိနိဗ္ဗာန်ပြုတော်မူရကုန်၏ဟု ရှင်းအဋ္ဌကထာဆိုမိန့်တော်မူ၏။

အရှင်အာနန္ဒာမထေရ်သည် မသေဖူးသောနေရာ၌ ပရိနိဗ္ဗာန်ပြုတော်မူသောအကြောင်းကို အဋ္ဌကထာ ဖွင့်မှာသည့်အတိုင်း အကျဉ်းအမြွက်မျှ ဆက်၍ပြလိုက်ဦးအံ့။

အရှင်အာနန္ဒာ ပရိနိဗ္ဗာန်ပြုသောအရပ်

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူတော်မူပြီးသည်မှနောက် သုံးလမြောက်အကျ ပထမသံဂါယနာ တင်သောအခါ ရဟန္တာအဖြစ်သို့ရောက်သော အရှင်အာနန္ဒာမထေရ်သည် ထိုပြည် ထိုပြည်သို့ လှည့်လည်ဒေသစာရီကြွကာဖြင့် သံဃာတော်အများတို့အား ဘုရားရှိတော်မူသော အခါကကဲ့သို့ စောင့်ရှောက် မ,စ လေးဝသောပစ္စည်းတို့ဖြင့် ချီးမြှင့်လျှုဒါန်းလျက်သာ သီတင်းသုံးတော်မူရ ထိုအရှင်အာနန္ဒာမထေရ်သည် များသောအားဖြင့် ကပိလဝတ်ပြည် ကောလိယပြည် နှစ်ပြည်ထောင်တို့၏ အကြား၌တည်ရှိသော ရောဟိဏီမြစ်ကို အမှီပြုပြီးသောကာလ ထိုမှာဘက်ကမ်း ဤမှာဘက်ကမ်း ရွာကြီးတို့၌ အမြဲ သီတင်းသုံးတော်မူလေ့ရှိ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူတော်မူပြီးသည်မှ နောက် အနှစ်လေးဆယ်မြောက် ကျရောက်တော်မူသောအခါ အရှင်အာနန္ဒာမထေရ်သည် သက်တော်တစ်ရာ့နှစ်ဆယ် ပြည့်သဖြင့် မိမိ၏ အသက် ပျက်စီး ကုန်ခမ်းအံ့သောအာယုသင်္ခါရကို ကြည့်ရှု ဆင်ခြင်တော်မူသည်ရှိသော် အသက်ကုန်ပျက်ခြင်းသို့ ရောက်သည်၏ အဖြစ်ကို သိတော်မူ၍ ဤနေ့ နောက် ခုနစ်ရက်မြောက် ကျရောက်သော အခါ၌ ငါသည် ပရိနိဗ္ဗာန် ပြုတော့အံ့ဟု လူများအပေါင်းအား ကြားတော်မူ၏။ ထိုအကြောင်းကို ကြားသိ၍ ရောဟိဏီမြစ်၏ နှစ်ဘက်ကုန်သော ကမ်းခြေတို့၌ တည်နေကုန်သောလူတို့တွင် ဤမှာဘက်ကမ်း၌ နေလေ့ရှိသောလူတို့က အရှင်အာနန္ဒာမထေရ်အား ပြုစု လုပ်ကျွေးသော

အရာဝယ် ငါတို့ကသာ၍ ကျေးဇူးဥပကာရများကုန်၏ ထို့ကြောင့် မထေရ်သည် ဤမှာဘက်ကမ်းဖြစ်သော ငါတို့အထံ၌ ပရိနိဗ္ဗာန်ပြုလတ္တံ့ဟု ပြောဆိုကြကုန်၏။ ထိုမှာဘက်ကမ်း၌ နေလေ့ရှိကုန်သော လူတို့ကလည်း အရှင်အာနန္ဒာမထေရ်ကို ပြုစုလုပ်ကျွေးသောအရာမှာ ငါတို့ သာ၍ ကျေးဇူးများကုန်သည်၊ ထို့ကြောင့် ငါတို့နေရာဖြစ်သော ဤမှာဘက်ကမ်း၌ မထေရ်သည် ပရိနိဗ္ဗာန်ပြုလတ္တံ့ဟု ပြောဆိုကြကုန်၏။

အရှင်အာနန္ဒာမထေရ်သည် နှစ်ဘက်သောကမ်း၌ တည်ရှိကုန်သော လူအများတို့ ပြောကြား စည်းဝေး ငြင်းခုံ ကြသောစကားကို ကြားသိတော်မူ၍ နှစ်ဘက်သော ကမ်းခြေ၌ တည်နေကုန်သော ဤလူများအပေါင်းတို့သည် ငါ့အား ကျေးဇူး ဥပကာရ များလှသော သူတို့ချည်းသာ ဖြစ်လေသည်။ အဘယ်သူတို့သည်ကား ကျေးဇူးနည်းပါးသည်ဟု ဆိုခြင်းငှာ မတတ်ကောင်း။ အကယ်၍ ငါသည် ဤမှာဘက်ကမ်း၌ ပရိနိဗ္ဗာန်ပြုသည် ဖြစ်ခဲ့အံ့၊ ထိုမှာဘက်ကမ်း၌ နေသူလူများအပေါင်းတို့သည် ငါ၏ဓာတ်တော်ကို ယူခြင်းငှာ ဤမှာဘက်ကမ်း၌ နေကြသောသူတို့နှင့် ခိုက်ရန်ငြင်းခုံ ကွဲပြားခြင်းဖြစ်ကြပေလိမ့်မည်၊ ထိုမှာဘက်ကမ်း၌ ပရိနိဗ္ဗာန်ပြုပြန်လျှင်လည်း ဤအတူသာ ဤမှာဘက်ကမ်း၌နေသူ လူများအပေါင်းတို့နှင့် ခိုက်ရန်ငြင်းခုံ ကွဲပြားခြင်းဖြစ်ကြပေလိမ့်မည်၊ ကမ်းနှစ်ဘက်၌ တည်ရှိကုန်သော ဤသူတို့သည် ခိုက်ရန်ငြင်းခုံခြင်းဖြစ်ရမည်မှာ ငါ့ကိုသာ အမှီပြု၍ ဖြစ်ရပေမည်။ ခိုက်ရန်ငြင်းခုံခြင်း မဖြစ်မူ၍ ငြိမ်းအေးချမ်းသာရရသည်မှာလည်း ငါ့ကိုသာအမှီပြု၍ ချမ်းသာငြိမ်းအေးရပေမည်ဟု ကြံစည်ဆင်ခြင်တော်မူပြီးသောအခါ နှစ်ဦးနှစ်ဘက်သော ကမ်း၌ရှိကုန်သော လူများအပေါင်းတို့ကို ခေါ်တော်မူပြီးလျှင် အဆင်တို့သည် ငါ့အား ကျေးဇူးများသော သူတို့ချည်းသာ ဖြစ်ပါလေသည်။ ငါ့အား ကျေးဇူးမများသော သူသည် မရှိ၊ သို့ဖြစ်၍ ဤမှာဘက်ကမ်း၌ နေလေ့ရှိကုန်သော သူတို့သည် ဤမှာဘက်ကမ်း၌သာ စုရုံးစည်းဝေးကြကုန်လော့၊ ထိုမှာဘက်ကမ်း၌ နေလေ့ရှိကုန်သော သူတို့သည် ထိုမှာဘက်ကမ်း၌သာ စုရုံးစည်းဝေးကြကုန်လော့ဟု မိန့်တော်မူ၏။

ထိုနောက် ခုနစ်ရက်မြောက် ကျရောက်သောအခါ မြစ်၏အလယ်တည့်တည့် ထန်းခုနစ်ဆင့်ခန့်မျှ ပမာဏအမြင့်ရှိသော ကောင်းကင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေသီတင်းသုံးတော်မူပြီးလျှင် များစွာသော လူများအပေါင်းအား တရားစကားကို ဟောကြားတော်မူလျက် ငါ၏ကိုယ်သည် အလယ်၌ တည့်တည့် မတ်မတ် ကွဲပြားပြီး တစ်ခုတစ်ဖို့သော ကိုယ်အစိတ် အခြမ်းသည် ဤမှာဘက်

ကမ်း၌ ကျပါစေသတည်း၊ တစ်ခုတစ်ပိုသော ကိုယ်အစိတ် အခြမ်းသည် ထိုမှာဘက်ကမ်းမှာ ကျပါစေသတည်းဟု မိဋ္ဌာန်တော်မူ၍ ထိုင်နေတော် မူလျက်သာလျှင် တေဇောဓာတ်ကို ဝင်စားတော်မူ၍ မီးလျှံမီးတောက်တို့သည် ထကုန်၏၊ ကိုယ်တော်မြတ်၏ ဥတုဇရုပ်တော်သည်လည်း အလယ်တည့်တည့် ကွဲ၍ တစ်ခုတစ်ပိုသော ကိုယ်အစိတ်အခြမ်းသည် မိဋ္ဌာန်တော်မူတိုင်း ဤမှာ ဘက်ကမ်း၌ ကျ၏။ တစ်ခုတစ်ပိုသော ကိုယ်စိတ်အခြမ်းသည် ထိုမှာဘက် ကမ်း၌ကျ၏၊ ထိုသို့ကိုယ်တော်မြတ် အလောင်းတော်သည် နှစ်စိတ်နှစ်ခြမ်း ကွဲ၍ ကျပြီးသည့်နောက် နှစ်ဘက်သော ကမ်းခြေ၌ တည်နေ စုဝေးကြကုန် သော လူများအပေါင်းတို့သည် ရင်ခတ်လက်တီး မြေကြီးလူးလိမ့်လျက် ဟစ်အော်ငိုကြွေးကြကုန်၏။ အလောင်းတော်မြေသို့ ရောက်သည်နှင့်အပြိုင်နက် နှစ်ဘက်သော ကမ်းခြေရှိလူတို့ ဟစ်အော် ငိုကြွေးလိုက်သော အသံသည် မဟာပထဝီ ပြိုကွဲ၍ တော်လဲ ပဲ့တင်ထပ်သော အသံကဲ့သို့ပင် ဖြစ်လေ၏။

အရှင်အာနန္ဒာမထေရ် ပရိနိဗ္ဗာန် ပြုတော်မူသော ထိုအခါ၌ ဟစ်အော် ငိုကြွေးကြကုန်သော အသံတို့သည် မြတ်စွာဘုရားရှင်သည် မလ္လာမင်းတို့၏ အင်းကြင်းဥယျာဉ်ဝယ် ပရိနိဗ္ဗာန် စံတော်မူစဉ်အခါက ဟစ်အော် ငိုကြွေးကြ ကုန်သော အသံထက်ပင် သာလွန်ပိုမို၍ သနားကြင်နာဖွယ်ရာ ကောင်းလှပေ၏ ဟု အဋ္ဌကထာ၌ မိန့်တော်မူ၏။

အရှင်အာနန္ဒာမထေရ်သည် ပရိနိဗ္ဗာန်ယူပြီးသည်နောက် လေးလမြောက် ကြာအောင်ပင် များစွာသော လူအပေါင်းတို့သည် မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်စံယူတော်မူသော်လည်း မြတ်စွာဘုရား၏ သပိတ် သင်္ကန်းတော်တို့ကို သယ်ပိုးရွက်ဆောင် လုပ်ကျွေးပြုစုတော်မူသော အရှင်အာနန္ဒာ မထေရ်သည် တည်နေထင်ရှားရှိသောအားဖြင့် ဘုရားရှိတော်မူဘိသကဲ့သို့ အောက်မေ့မှတ်ထင် မခထရ်ရှင်ကို ဝန်းကျင်ခယ ပူဇော်ရှိခိုး ကိုးကွယ်၍ နေရ၏။ ယခုအခါ အာနန္ဒာမထေရ်သည် ရှေးပြည်နိဗ္ဗာန် ဝင်စံခါရောက် ရှေးမျက်မှောက်သို့ မရောက်မလာ စွန့်ခွာတို့အား ထားခဲ့သည်တမျှ ယခုမှလျှင် လူ့ဘဝထွက်ထား တို့ဘုရားသည် ကြွသွားအမှန် နိဗ္ဗာန်ယူတော်မူချေပြီ တကားဟု မြေဆို မြည်တမ်း ယောင်ယမ်းအော်ဟစ်လျက် လေးလတိုင်ပတ်လုံး ငိုကြွေး၍သာ နေကြကုန်၏၊ ဤကား အရှင်အာနန္ဒာမထေရ် ပရိနိဗ္ဗာန်ပြုသော အကြောင်း အမြွက်တည်း။

ထိုနောက်ဟစ်ဖန် မြတ်စွာဘုရားကိုယ်တော်မြတ်က သာမဏေကို ချစ်သား တိဿ ဤတောအုပ်၌ သစ်ပင်ဆာစရှိသော တောသားသတ္တဝါတို့၏အသံကို ကြားရ သဖြင့် အသင်အား ကြောက်ချုံတုန်လှုပ်ခြင်းဖြစ်လေသလော၊မဖြစ်လေသလော

ဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်အား ကြောက်ရွံ့တုန်လှုပ်ခြင်း မဖြစ်ပါ၊ စင်စစ်မှာကား ထိုသတ္တဝါတို့၏ အသံကို ကြားရသည်ရှိသော် တောတည်းဟူသော မွေ့လျော်ခြင်းသာ ဖြစ်ပါသည်ဟု လျှောက်ကြား၍ ခြောက်ဆယ်မျှလောက်ကုန်သော ဂါထာတို့ဖြင့် ဝနဝဏ္ဏမည်သော တော၏ဂုဏ်ကျေးဇူးကို ရွတ်ဆို၏။ ထိုနောက် သာမဏေကို ချစ်သားတိဿဟု ခေါ်တော်မူ၏။ သာမဏေကလည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အကြောင်းအသို့ပါနည်းဟု မေးလျှောက်၏။ ချစ်သားတိဿ ငါတို့သည် ပြန်သွားတော့အံ့၊ အသင်သည် ငါတို့နှင့် အတူတကွ လိုက်ခဲ့အံ့လော၊ သို့တည်းမဟုတ် ဆုတ်နစ် ပြန်လည်၍ ဤနေရာ၌ပင် နေရစ်ခဲ့အံ့လောဟု မေးတော်မူ၏။ သာမဏေကလည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ မထေရ်မြတ်သည် တပည့်တော်အား ခေါ်ဆောင်၍ သွားလိုသည်ဖြစ်အံ့၊ တပည့်တော် လိုက်ပါရပါလတ္တံ့၊ ဥပဇ္ဈာယ်ဆရာက ဆုတ်နစ်ပြန်လည်စေသည် ဖြစ်ပါအံ့၊ တပည့်တော် ပြန်လည်၍ နေရစ်ပါအံ့ဟု လျှောက်၏၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်လည်း ရဟန်းသံဃာတော် အပေါင်းနှင့်တကွ ဖဲကြွတော်မူ၏။ တိဿသာမဏေသည်ကား ဆုတ်နစ်ပြန်လည်၍ နေခြင်းငှာ အလိုရှိ၏။ ထိုသို့ နေရစ်လိုသည်အဖြစ်ကို အရှင်သာရိပုတ္တရာမထေရ်မြတ်သည် သိတော်မူ၏။ ငါ့ရှင်တိဿ ပြန်လည်၍ နေလိုသော ဆန္ဒရှိမူကား ဆုတ်နစ်လေလော့ဟု မိန့်တော်မူ၏။ တိဿ သာမဏေသည် မြတ်စွာဘုရားရှင်ကိုလည်းကောင်း၊ ရဟန်းသံဃာတော် အပေါင်းကိုလည်းကောင်း ညွတ်ပျောင်းတုပ်ကု ရှိခိုးဦးချပြီးသော် မိမိ၏နေရာသို့ ဆုတ်နစ် ပြန်လည်၍ နေရစ်ခဲ့၏။

မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၍ ဇေတဝန်ကျောင်းတော်သို့ ကျရောက်သောအခါ ရဟန်းသံဃာတော် အပေါင်းတို့အား ဟရားသဘင်၌ ငါ့ရှင်တို့ ပြောဆိုအံ့ဖွယ်ရှိလေစွတကား၊ ဝနဝါသီတိဿသာမဏေသည် ပြုနိုင်ခဲသောအမှုကို ပြုလေစွတကား၊ ပဋိသန္ဓေ တည်နေစွဲယူသော ကာလမှစ၍ ထိုတိဿသာမဏေ၏ဆွေမျိုးဉာတိတို့သည် ခုနစ်ပါးကုန်သော မင်္ဂလာတို့၌ ငါးရာ ငါးရာကုန်သော ရဟန်းတို့အား ရေမဆေးသော နို့ထမင်း အဖျော်ကို ပေးလှူကုန်၏။ ရဟန်းပြုသော ကာလဝယ် ကျောင်း၏ အတွင်း၌သာလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာတော် အပေါင်းတို့အား ခုနစ်ရက်တို့ပတ်လုံး ရေမရောသော နို့ထမင်း အဖျော်ကိုသာ ပေးလှူကုန်၏။ ရဟန်းပြုပြီး၍ ရှစ်ရက်မြောက်သောနေ့၌ ရွာတွင်းသို့ ဆွမ်းခံကြွဝင်တော်မူသည်ရှိသော် နှစ်ရက်တို့ဖြင့် တစ်ထောင်သော ပုဆိုးနှင့်တကွသော ဆွမ်းတစ်ထောင်ကိုရ၏။ တစ်ဖန်မိုးသောက်

ရောက်သောနေ့၌ တစ်ထောင်သော ကမ္ဗလာ, တဖန်မိုးသောက် ရောက်သော နေ့၌ တစ်ထောင်သော ကမ္ဗလာအားဖြင့် နှစ်ထောင်သောကမ္ဗလာတို့ကို ရ၏။ ထိုတိဿသာမဏေအား ဤအရပ်ဒေသ၌ နေသောအခါ ပြန့်ပြောသော လာဘ် သက္ကာရ ဖြစ်ပေ၏။ ဤသို့ သဘောရှိသော လာဘ်ပူဇော်သက္ကာရကို စွန့်ပြီး သောအခါ တောသို့ဝင်၍ သစ်သီး သစ်ရွက် စသည်တို့ဖြင့် ရောနှော ချက် ပြုတ်အပ်သော အာဟာရဖြင့် မျှတ၍ နေနိုင်ပေသည်။ သာမဏေသည် ပြုနိုင်ခဲ သောအမှုကို ပြုလေစွတကား စသောအားဖြင့် များစွာကုန်သော စကားတို့ကို ပြောဆိုချီးမွမ်း၍ နေကြကုန်၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ကြွတော်မူလာ၍ ချစ်သားရဟန်းတို့ ငါဘုရားကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည်သော တရားစကားဖြင့် ပြောကြား စည်းဝေးတိုင်နေကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားသည်ရှိသော် ဗြဲ-ဟုတ်လှပေ၏။ ချစ်သားရဟန်းတို့ လာဘ်ကိုမှီသောအကျင့်သည်တစ်ပါးသည်သာတည်း။နိဗ္ဗာန် သို့ ရောက်ကြောင်းဖြစ်သော အကျင့်သည်ကား တစ်ပါးသည်သာတည်း။ ဤသို့ ကျင့်အပ်သည်ရှိသော်လာဘ်လာဘကို ရပေလတ္တံ့ဟု အာရညကင်မှုတင်တောရသ် ပဋိပတ်ကို မပြတ်ကျင့်သုံးဆောက်တည်သည်၏ အစွမ်းအားဖြင့် လာဘ်သပ္ပကာ ပူဇော်ရာကို ရည်ကာသမှု ပြုလုပ်သော ရဟန်းအား လေးပါးကုန်သော အပါယ်တံခါးတို့သည် ဟန့်တားပိတ်ပင်ခြင်းမရှိ၊ ဟင်းလင်းအတိ ပွင့်ဘိသည် ဖြစ်၍သာလျှင် တည်ကုန်၏၊ နိဗ္ဗာန်သို့ ထုတ်ချောက် ရောက်စေတတ်သော အကျင့်ဖြင့် ဖြစ်ပေါ်လာသော လာဘသက္ကာရကို စွန့်ချယ်ခွာလျက် တောသို့ ဝင်ပြီးသောအခါ ကောင်းမွန်စွာ ဖေဆော်အပ်သော လုံ့လဉဿဟ ဝီရိယ ရှိသော ရဟန်းသည် အရဟတ္တဖိုလ်ကို ယူရ၏ဟု ဤကဲ့သို့သော အနုသန္ဓေကို စပ်တော်မူ၍ တရားကို ဟောကြားတော်မူလိုသည် ဖြစ်သောကြောင့် ဤဂါထာ ကိုမိန့်တော်မူ၏—

၇၅။ အညာဟိ လာဘူပနိသာ၊ အညာ နိဗ္ဗာန ဂါမိနီ။

ဧဝမေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။

သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေက မနုဗြူဟယေ။

လာဘ်ရကြောင်း အကျင့်၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တို့သည် တသီး တခြားစီ ဖြစ်၏။ ဤသို့ အကျင့်နှစ်မျိုးတို့ကို ထူးသောဉာဏ်ဖြင့်သိ၍ ဘုရား ရှင်၏ တပည့် ရဟန်းသည် ပူဇော်သက္ကာရကို မနှစ်သက်ရာ။ တစ်ကိုယ်တည်း နေခြင်း= ကာယဝိဝေက၊ သမာပတ်ဖြင့်နေခြင်း= စိတ္တဝိဝေက၊ နိဗ္ဗာန်ဘုံ ရှိသော=ဥပဓိဝိဝေက သုံးပါးကို အဖန်ဖန် ပွားများရာ၏။

ထိုဂါထာ၌–အညာ ဟိ လာဘူပနိသာ၊ အညာ နိဗ္ဗာနဂါမိနီ ဟူသည်= ဤလာဘ်ရအံ့ဟု လာဘ်ကိုမှီ၍ ကျင့်သူ၏ ခုတင်စသောအကျင့်သည်တစ်ပါး သာတည်း။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်သည် တစ်ပါးသာတည်း၊ မှန်၏– လာဘ်ကို ဖြစ်စေတတ်သော ရဟန်းသည် အကုသိုလ်ကံကို အနည်းငယ် ပြုအပ် ၏။ ကိုယ်ဖြင့် ကောက်ခြင်း စသည်တို့ကို ပြုအပ်ကုန်၏။ ထိုစကား မှန်၏– ကာယဝင် စသည်တို့တွင် တစ်ခုကို ပြု၍ လောဘဖြစ်၏။ မှန်၏–နို့ဿနာ ခုက်၍ ကောက်ခြင်းကို မပြုမူ၍ လက်ကို ဖြောင့်ဖြောင့်ချ၍ ချီမြှောက်သူ၏ လက်သည် လိမ်းကျံကာမျှ ရှိသည်သာလျှင် ဖြစ်၏။ လက်ကို ကောက်၍ချသူ အား နို့ဿနာ အစိုင်အခဲကိုတတ်လျက်လျှင်ထွက်၏ဟု ကာယဝင်စသည်တို့ကို ပြုသောအခါ၌သာလျှင် လာဘ်ပူဇော်သက္ကာရသည် ဖြစ်၏။ ဤသို့ ကျင့်ခြင်း သည် တရားနှင့်မညီသော လာဘ် ကို၍ ကျင့်သူ၏ ခုတင်စသော အကျင့် မည်၏။

ဥပမိန္နင့် ပြည့်စုံခြင်း၊ သင်္ကန်းကို ဆောင်ခြင်း၊ အကြားအမြင် များခြင်း အခြံအရံရှိခြင်း၊ တောကျောင်းနေခြင်း ဟူသော အကြောင်းတို့ဖြင့် ဖြစ်ပေါ် လာသော လာဘ်သည် တရားနှင့် လျော်ညီ၏။ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ပြည့်ကျင့်သော ရဟန်းသည်ကာယဝင်စသည်တို့ကို ပယ်အပ်ကုန်၏။ မကန်းဘဲ ကန်းသကဲ့သို့ မအ ဘဲ အသကဲ့သို့၊ နားမထိုင်းဘဲ ထိုင်းသကဲ့သို့ ဖြစ်သင့်၏။ မစဉ်းလဲ မလှည့်ပတ်ခြင်း ဖြစ်သင့်၏ ဟူလို။

ဝေမေတ် ဟူသည်=ဤလာဘ် ဖြစ်ပေါ်ကြောင်း အကျင့်ကို လည်းကောင်း, နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကိုလည်းကောင်း သိ၍ သစ္စာ အသခ်တတရား အားလုံးကို သိတတ်ခြင်း၊ ဘုရား၏အနီး၌ နေခြင်း၊ သြဝါဒအနုသာသနီကို နာခံတတ်ခြင်း အနက်တို့ကြောင့် ကပည့်သားဖြစ်သော ရဟန်းသည်တရားနှင့် မလျော်သော ပစ္စည်းလေးပါးဖြင့်ပူဇော်ခြင်းကို လွန်စွာ မနှစ်သက်မတောင့်တ ရာ။ ထိုအတူ တရားနှင့် လျော်သည်ကို မဖျက်ဆီးရာ။

ကာယဝိဝေကစသော ဝိဝေကသုံးပါးကို အစဉ်ပွားစေရာ၏။ ထိုစကား၌ ကာယဝိဝေက ဟူသည်=ကိုယ်၏ တစ်ခုတည်းသော အဖြစ်တည်း။ စိတ္တ ဝိဝေက ဟူသည် သမာပတ် ရှစ်ပါးတို့တည်း။ ဥပဓိဝိဝေက ဟူသည်=နိဗ္ဗာန် တည်း။ ထိုသုံးပါးတို့တွင်–ကာယဝိဝေကသည် အပေါင်းအဖော်၌ မွေ့လျော် ခြင်းကို ပယ်ဖျောက်၏။ စိတ္တဝိဝေကသည် ကိလေသာဟူသော အပေါင်း အဖော်၌ မွေ့လျော်ခြင်းကို ပယ်ဖျောက်၏။ ဥပဓိဝိဝေကသည် သင်္ခါရဟူသော

အပေါင်းအဖော်၌ မွေ့လျော်ခြင်းကို ပယ်ဖျောက်၏။ ကာယဝိဝေကသည် စိတ္တဝိဝေက၏အကြောင်းဖြစ်၏။ စိတ္တဝိဝေကသည် ဥပဓိဝိဝေက၏ အကြောင်းတည်း။ ထိုစကား မှန်၏–ကာယဝိဝေကော စ ။ပ။ ဝိသင်္ခါရဂတာနိ ဟူသော ဤစကားကို ဆိုအပ်သည်သာတည်း။ ကာယဝိဝေကသည်လည်း ကိုယ်ဖြင့် ဆိတ်ငြိမ်ခြင်းကို အလိုရှိကုန်သော တောထွက်ခြင်း၌ အလွန် မွေ့လျော်ကုန်သော သူတို့အား ဖြစ်၏။ စိတ္တဝေကသည်လည်း ဖြူစင်သောစိတ် ရှိကုန်သော အလွန် ဖြူစင်ခြင်းသို့ ရောက်ကုန်သော သူတို့အား ဖြစ်၏။ ဥပဓိဝိဝေကသည်လည်း ဥပဓိမရှိကုန်သော သင်္ခါရမှ ကင်းကုန်သော ပုဂ္ဂိုလ်တို့အား ဖြစ်၏။ ဤဝိဝေက သုံးပါးကို ပွားစေရာ၏။ ကပ်၍ နေရာ၏ဟူလို။

ဒေသနာတော်၏ အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ် စသည် ဖြစ်ကုန်၏။

တစ်ဆယ့်ငါးခုမြောက် ဝနဝါသီတိဿသာမဏေဝတ္ထု

ပြီး၏။

ငါးခုမြောက် ဗာလဝဂ် ပြီး၏။

၆။ ပဋ္ဌာနဝဂ်

၁။ ရာဓမထေရ်ဝတ္ထု

ပဇ္ဇုပ္ပန်ဝတ္ထု

နိဓိနံဝ ပဝတ္တာရံ–အစရှိသော ဤတရားဒေသနာတော်ကို ဘုရားကိုယ်တော်မြတ်သည် ဇေတဝန် မဟာဝိဟာရ၌ သီတင်းသုံးနေတော်မူစဉ် အရှင်ရာဓမထေရ်မြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသတည်း။

ထိုရာဓမထေရ်သည် လူဖြစ်စဉ်အခါ၌ သာဝတ္ထိပြည် ဆင်းရဲနွမ်းပါးသော ပုဂ္ဂိုလ်ဖြစ်ခဲ့ပြီး ထိုသူသည် ရဟန်းတော် အရှင်မြတ်တို့ထံ၌ မှီခိုလျက် အသက်ကို မွေးမြူတော့အံ့ဟု ကြံ၍ ကျောင်းတော်သို့ သွားရောက်ပြီးသော် ကျောင်းပရိဝုဏ်အတွင်း စိမ်းစိုပေါက်ရောက်သော မြက်ပင်တို့ကို သုတ်သင်ရှင်းလင်းခြင်း ပရိဝုဏ်ကို တံမြက်လှည်းခြင်း မျက်နှာသစ်ရေ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း စသည့်တို့ကို ပြုလျက် ကျောင်း၏အတွင်း၌ သာလျှင် နေလေ့ပြု၏၊ ရဟန်းတို့သည်လည်း ထိုပုဏ္ဏားသူဆင်းရဲကို မြောက်စားချီးမြှင့်ကြကုန်၏။ ရဟန်းပြုခြင်းငှါကား အလိုမရှိကြသောကြောင့် ရဟန်းပြု၍ မပေးကြလေကုန်၊ ထိုပုဏ္ဏားအိုသည်လည်း ရဟန်းအဖြစ်ကို မရသောကြောင့် မိမိ၏ ရူပကာယသည် ညှိုးငယ်ကြုံလှီခြင်း ဖြစ်လေ၏။

ရာဓပုဏ္ဏားသည် ရဟန်းပြုပြီး ရဟန္တာဖြစ်ခြင်း

ထို့နောက် တစ်နေ့သောအခါဝယ် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် မိုးသောက်ယံအခါ နံနက်ထ၌ လောကကို ကြည့်ရှုတော်မူသည်ရှိသော် ထိုပုဏ္ဏားအိုကို မြင်တော်မူ၍ "အသို့ဖြစ်လတ္တံ့နည်း" ဟု ဆင်ခြင်တော်မူသော် "ရဟန္တာဖြစ်လတ္တံ့" ဟု သိတော်မူ၍ ညချမ်းသောအခါ ကျောင်းစဉ် လှည့်လည်ခြင်းသို့၊ လှည့်လည်တော်မူဘိသကဲ့သို့ ပုဏ္ဏား၏ အထံသို့ ကြွတော်မူလျက် 'ပုဏ္ဏားကြီး အဘယ်သို့သောအမှုကို ပြုပြီးလျှင် လှည့်လည်ဘိသနည်း" ဟု မေးတော်မူ၏၊ ပုဏ္ဏားကြီးကလည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ရဟန်းသံဃာတို့၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ပြုစုဆောင်ရွက်၍ နေရပါသည်ဟု လျှောက်ကြား၏၊ ထိုရဟန်းများအထံမှ တစ်စုံတစ်ခု ထောက်ပံ့ချီးမြှင့်ခြင်းကို ရပါ၏လောဟု မေးတော်မူပြန်လျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဩော်–ဟုတ်ပေ၏၊ အစာအဟာရ ချီးမြှင့်ခြင်းမျိုးကိုကား ရပါ၏၊ စင်စစ်မှာ တပည့်တော်ကို ရဟန်းပြု၍ ချီးမြှင့်ခြင်း သင်္ဂြိုဟ်ခြင်းကို မပြုကြပါဟု

လျှောက်ထားသော် မြတ်စွာဘုရားရှင်သည် ထိုအကြောင်း၌ ရဟန်းသံဃာကို စည်းဝေးစေ၍ ထိုသို့သော အကြောင်းကို မေးမြန်း စိစစ်တော်မူပြီးသော် "ချစ်သားရဟန်းတို့ ဤပုဏ္ဏားကြီးသည် ပြုစုဖူးသော ကျေးဇူးဝိသေသကို အောက်မေ့နှလုံးသွင်းမိသောသူသည် တစ်စုံတစ်ယောက် ရှိပါလေသလော" ဟု မေးတော်မူလျှင် အရှင်သာရိပုတ္တရာ မထေရ်က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် အောက်မေ့ နှလုံးသွင်းမိပါ၏၊ ဤပုဏ္ဏားကြီးသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံခြင်းငှါ လှည့်လည်ကြွသွားသော တပည့်တော်အား ရှေ့ရှုဆောင်အပ်သော တစ်ယောက်ချီမျှလောက်သော မိမိ၏ ထမင်းအာဟာရကို ပေးလှူသည် ဖြစ်ပေ၏၊ ဤပုဏ္ဏား လှူဒါန်းပေးကမ်းသော ကျေးဇူးကို တပည့်တော်အောက်မေ့ နှလုံးသွင်းမိပါသည်" ဟု လျှောက်သော် မြတ်စွာဘုရားကိုယ်တော်မြတ်က "ချစ်သား သာရိပုတ္တရာ အသို့ပေနည်း ဤသို့ မိမိပြုဖူးသော ကျေးဇူးရှိသောသူကို ဆင်းရဲအပေါင်းမှ လွတ်စေခြင်းငှါ မပြုအပ်ပါသလော" ဟု မေးတော်မူသည်ရှိသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကောင်းလှပါပြီ တပည့်တော် ရဟန်းပြုပါစေတော့အံ့" ဟု ဝန်ခံ၍ အရှင်သာရိပုတ္တရာသည် ထိုပုဏ္ဏားကြီးကို ရဟန်းပြုတော်မူ၏။

ထိုရဟန်းကြီးသည် ဆွမ်းစားရာဇရပ်၌ စည်းဝေးနေထိုင်ကြသည် ရှိသော် အစွန်ဆုံးဖြစ်သောနေရာသို့ ရောက်၏၊ ယာဂုဆွမ်း စသည်တို့ဖြင့် ပင်ပန်းနွမ်းနယ်၏၊ အရှင်သာရိပုတ္တရာမထေရ်သည် ထိုရဟန်းကြီးကို ခေါ်ယူတော်မူပြီး၍ ဒေသစာရီ လှည့်လည်ဖဲကြွတော်မူ၏၊ အစဉ်မပြတ်လည်း အသင်အား ဤအမှုကို ပြုအပ်၏၊ ဤအမှုကို မပြုအပ်ဟု အထပ်ထပ်သွန်သင် ဆုံးမတော်မူပေ၏။ ထိုရဟန်းကြီးသည် ပြောဆိုဆုံးမလွယ်သော ပုဂ္ဂိုလ်သည် ဖြစ်စေ၍ ရှိသေ တုံ့ဝပ်သဖြင့် ဩဝါဒကို ခံယူ၏။ ထိုသို့ဩဝါဒကို ခံယူသောကြောင့် ပြောဆိုဆုံးမတိုင်း ကျင့်အပ်သည်ရှိသော် နှစ်ရက်သုံးရက်မျှဖြင့်သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ အရှင် သာရိပုတ္တရာမထေရ်သည် ထိုရဟန်းကြီးကို ခေါ်ယူပြီး မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံသို့ သွားရောက်ပြီးလျှင် ရှိသေ ညွတ်လျှိုး ရှိခိုးဦးချ၍ ထိုင်နေ၏။ ထိုအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ပဋိသန္ထာရကို ပြုပြီးသောအခါ ချစ်သား သာရိပုတ္တရာ အသင်၏ အန္တေဝါသိကဖြစ်သော တပည့်ရဟန်းကြီးသည် ပြောဆိုဆုံးမ၍ လွယ်ပါ၏လောဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤရဟန်းကြီးသည် အလွန်ပင်သွန်သင်ဆုံးမ၍ လွယ်ပါသည်။ တစ်စုံတစ်ခုသော အပြစ်ကိုပြ၍ ဆုံးမပြောဆိုသော်လည်း အမျက်ဒေါသ မာနတက်ကြွခြင်း တစ်ရံခါမျှ မရှိပါဟု အရှင်သာရိပုတ္တရာမထေရ်က လျှောက်ထားသဖြင့် ချစ်သား

သာရိပုတ္တရာ ဤသို့သဘောရှိသော သဒ္ဓိဝိဟာရိက အတူနေတပည့်ကို ရသည် ရှိသော် အဘယ်မျှလောက်သော တပည့်တို့ကို မွေးကျွေးပြုပြင် သွန်သင် ဆုံးမ သိမ်းဆည်းစောင့်ရှောက် နိုင်ပါလတ္တံ့နည်းဟု မေးတော်မူပြန်လျှင် ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား ဤကဲ့သို့ သဘောရှိသော တပည့်တို့ များစွာပင် ဖြစ်လေငြားသော်လည်း ပြောဆို ဆုံးမ သွန်သင် သိမ်းဆည်း ခြင်းငှာ စွမ်းနိုင်ပါ၏ဘုရားဟု လျှောက်ထား၏။

ထိုနောက် တစ်နေ့သောအခါ၌ တရားသဘင်ဝယ် ရဟန်းအများတို့သည် အရှင်သာရိပုတ္တရာမထေရ်သည်ကား သူပြုဖူးသော ကျေးဇူးကို အထူး သိတတ်လှ၍ပစွာ၊ တစ်ယောက်ချို မျှလောက်သောဆွမ်းကို ကြည်ဖြူရှင်လန်း လှူဒါန်းပေးကမ်းဖူးသော ကျေးဇူးဥပကာရကို အောက်မေ့ပြီး ဆင်းရဲ ငြိုငြင် ပင်ပန်းလှသော ပုဏ္ဏားကြီးကို ရဟန်းပြု၍ ချီးမြှင့်တော်မူပေ၏။ မထေရ်သည်လည်း အဆုံးအမခံနိုင်သော ပုဂ္ဂိုလ်ဖြစ်၍ ဆုံးမခြင်းငှာ ခံနိုင်သော တပည့်ကိုသာလျှင် ရရှိလေ၏ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာ ဘုရားရှင်သည် ထိုရဟန်းတို့၏ စကားကို ကြားတော်မူသည်ရှိသော် ချစ်သား ရဟန်းတို့ ငါ၏ သားတော်ဖြစ်သော သာရိပုတ္တရာသည် ဤယခုအခါ၌သာ သူပြုဖူးသော ကျေးဇူးအထူးကို သိတတ်လှသည်မဟုတ်သေး၊ ရှေးအခါကလည်း သူပြုဖူးသော ကျေးဇူးအထူးကို သိတတ်လှသည်သာတည်းဟု မိန့်တော်မူပြီး၍ ထိုအကြောင်းကို ပြတော်မူအံ့သောငှာ အတိတ်ဖြစ်သော ဒုကနိပါတ် အလီနစိတ္တဇာတ်ကို ဆောင်တော်မူ၏။

ရှင်သာရိပုတ္တရာ၏ရှေးအကြောင်း

အတိတ်ဝတ္ထု

ကျေးဇူးသိတတ်လှသော ဆင်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ်မင်းတရားသည် မင်းကျင့်ဝတ် ဆယ်ပါးတို့ဖြင့် ပြည့်စုံလျက် မင်းပြုတော်မူသည် ရှိသော် ဗာရာဏသီပြည်မှ မနီးမဝေးသော အရပ်၌ လက်သမားငါးရာတို့၏ နေရာ ဖြစ် သော ရွာတစ်ရွာသည် ရှိပေ၏။ ထိုရွာ၌ နေကုန်သော လက်သမား တို့သည် လှေဖြင့်အထက်မြစ်ညာသို့ ဆန်တက်သွားရောက်ပြီးလျှင်ကြီးစွာသောတောအုပ် သို့ ဝင်ရောက်၍ အိမ်၏ အဆောက်အဦ အလို့ငှာ သစ်တို့ကိုရွေးပြီးလျှင် ထို နေရာ၌တောအုပ်၌ပင် ဘုံတစ်ဆင့် ဘုံနှစ်ဆင့် စသည်ပြားကုန်သော များစွာ ကုန်သော အဆောက်အဦတို့ကို စီရင်၍ သီတိုင် နံရံမှစ၍ အလုံးစုံသော သစ်

တို့ကို အမှတ်သညာပြုပြီးလျှင် မြစ်ကမ်းသို့ ဆောင်ယူပြီးသော် လှေထက်သို့ တင်၍ အစဉ်အတိုင်းသော မြစ်ရေအလျဉ်ဖြင့် စုန်ဆင်းလိုက်လာပြီး မြို့သို့ သွားရောက်၍ အိမ်တို့ကို အလိုရှိသူတို့အား အလိုရှိတိုင်းသော အိမ်တို့ကို ပြုပြင် ဆောက်လုပ်၍ပေးပြီးလျှင် ရတိုင်းသော အဘိုးအခ အသပြာတို့ကိုယူပြီးသော် တစ်ဖန် ယိုအရပ်တောအုပ်သို့သာ သွားရောက်၍ အိမ်၏ အဆောက်အဦတို့ကို ဆောင်ကြပြန်၏။ ဤသို့သောနည်းဖြင့် အသက်မွေးခြင်းကို ပြုကုန်သော လက်သမားငါးရာတို့အား တစ်ရံသောအခါ၌ မြို့မှပြန်သွား၍ တောအုပ်၌ သစ်ခက်တဲအိမ်ကို ဖွဲ့ချီ၍ပြုပြင်လျက် နေကုန်သည်ရှိသော် သစ်ကိုရွေကုန်သော ထိုလက်သမားတို့၏ မနီးမဝေး၌ တစ်ကောင်သောဆင်သည် ရှားသစ်ငုတ်ကို နင်းမိလေ၏။ ရှားသစ်ငုတ်သည် ဆင်၏ခြေကို ထိုးဖောက်သဖြင့် အားကြီး ပြင်းပြ ကြင်နာလှသော ဆင်းရဲဝေဒနာ ဖြစ်ပြီးလျှင် ခြေသည် ဖူးဖူးရောင်၍ ပြည်ကိုယူလေ၏။

ထိုဆင်သည် ပြင်းစွာ ကြင်နာသော ဝေဒနာသို့ ရောက်သဖြင့် သစ်ကို ရွေကုန်သော လက်သမားတို့၏ အသံကိုကြားလျှင် ဤလက်သမား တို့ကို အမှီပြုပြီး ငါ့အား သက်သာချမ်းသာခြင်း ဖြစ်ပေလိမ့်မည်ဟု အောက်မေ့ မှတ်ထင်လျက် ခြေသုံးချောင်းတို့ဖြင့် ထို လက်သမားတို့၏ အထံသို့ သွားရောက်၍ မနီးမဝေး၌ အိပ်၏။ လက်သမားတို့သည် ဖူးဖူး ရောင်သော အနာရှိသောခြေကို မြင်၍ အနီးကို ချဉ်းကပ်ပြီး ကြည့် ရှုသော် ခြေ၌ စူးဝင်၍နေသော ရှားသစ်ငုတ်ကိုမြင်၍ ထက်စွာသော ပဲခွပ်ဖြင့် သစ်ငုတ်၏ ထက်ဝန်းကျင်မှ အရေးအရစ်ကို ပြုပြီးသောအခါ ကြိုးဖြင့် ဖွဲ့ချည်ဆွဲငင်လျက် ရှားငုတ်ကိုထုတ်ပြီးလျှင် ပြည်ကိုလွတ်စေလျက် ရေနွေးဖြင့် ဆေးကြောပြီးလျှင် ထိုအနာအား သင့်လျော် လျောက်ပတ်သော ဆေးတို့ဖြင့် လိမ်းကျံပြီးသော် မကြာမြင့်မီပင်လျှင် အနာကို ချမ်းသာအောင် ပြုကြကုန်၏။ ဆင်သည် အနာမရှိသည်ဖြစ်၍ ကြံဆင်ခြင်သည်မှာ ငါသည် ဤ လက်သမားတို့ကို အမှီပြုပြီး အသက်ကို ရအပ်ပေ၏။ ဤ ယခုအခါ၌ ထိုသူတို့၏ ကျေးဇူးဥပကာရကို ငါသည် တုံ့ဆပ်ပြုစုခြင်းငှာ အပ်၏ ဟု ကြံဆင်ခြင်၏။ ကြံဆင်ခြင်ပြီးကာ ထိုအခါမှ စ၍ မိမိသည် လက်သမားတို့နှင့် အတူတကွ သာလျှင် သစ်ပင်တို့ကို ထုတ်ဆောင်၏။ သစ်ကို ရွေကုန်သော လက်သမား တို့အား သစ်ကိုလဲလှိမ့်၍ ပေး၏။ ပဲခွပ် စသည် ဆောင်ယူ၍ ပေး၏။ နှာမောင်း ဖြင့် တမျဉ်းချည်၏ အစွန်းကိုရစ်ပတ်၍ ကိုင်၏။ လက်သမားတို့သည် ထမင်း စားသောက်သော အခါ၌ တစ်ယောက် တစ်ယောက်အား တစ်ခုတစ်ခုသော ထမင်းခဲကို ဆောင်ယူလာခဲ့ကြ၍ ထမင်းခဲ ငါးရာတို့ကို ပေးကုန်၏။

သားငယ်ဆင်ဖြူတော်ကလေးကို လက်သမားတို့အားပေးခြင်း

ထိုဆင်အား အလုံးစုံတစ်ကိုယ်လုံး ဖွေးဖွေးဖြူသော အာဇာနည်ဖြစ်သော သား ဆင်ငယ်ကလေး တစ်ကောင်သည် ရှိ၏။ ထို့ကြောင့် ဆင်ကြီးအား ကြံဆင်ခြင်သည်မှာ ဤအခုအခါ၌ ငါသည် အိုမင်းကြီးရင့်လေပြီ၊ ဤ ကျေးဇူးရှင်ဖြစ်ကုန်သော လက်သမားတို့၏ အမှုကို ပြုစုဆောင်ရွက် လုပ်ကိုင် စေခြင်းငှာ ငါ၏ သားငယ်ကို ဆောင်နှင်း ပေးအပ်ခဲ့ပြီး ဖဲသွားခြင်းငှာ အပ်တော့သည်သာဟု ကြံ၏၊ ကြံပြီး ထိုဆင်သည် လက်သမားတို့ကို မပြော ကြားဘဲ တောသို့ဝင်၍ သားဖြစ်သော ဆင်ဖြူငယ်ကိုဆောင်ယူခဲ့ပြီးလျှင် ဤ ဆင်ငယ်သည် ငါ၏ သားငယ်ပေတည်း၊ အသင်တို့သည် ငါ့အား အသက်ကို ပေးအပ်၏။ ငါသည် အသင်တို့အား ဆေးကုခြင်း၏ အဖိုးအခအလို့ငှာ ဤ ဆင်ငယ်ကို ပေးပါ၏၊ ဤနေ့မှစ၍ အသင်တို့၏ အမှုကိစ္စကို ပြုပေလတ္တံ့ဟု ပြောဆိုပြီးမိမိသားငယ်ဖြစ်သော ဆင်ငယ်ကို အသင်သည် ဤနေ့မှစ၍ငါသည် ပြုလုပ်အပ်သောအမှုကိစ္စကို မချွတ်မယွင်းရအောင် ပြုစုရွက်ဆောင်လေလော့ဟု သားငယ်ကို ဆုံးမ၍ လက်သမားတို့အားပေးအပ် ဆောင်နှင်းခဲ့ပြီးသော် မိမိသည် တောသို့ဝင်လေ၏။ ထိုအခါမှစ၍ ဆင်ငယ်သည် လက်သမားတို့၏ စကားကိုပြုလျက် အဆုံးအမခံသည်ဖြစ်၍ အလုံးစုံကုန်သော အမှုကိစ္စ အဝဝ တို့ကို မချွတ်ယွင်းရအောင် ရွက်ဆောင် ပြုစုပေး၏။ လက်သမားတို့သည် ထိုဆင်ငယ်ကို ထမင်းခဲ ငါးရာတို့ဖြင့် ပေးကျွေး၍ မွေးမြူကုန်၏။

ထိုဆင်ငယ်သည်အမှုကိစ္စကို ပြုပြီးသည်ရှိသော် မြစ်ဆိပ်သို့သက်၍ရေချိုး ကစား ပျော်မြူးပြီးလျှင် တက်လာ၏။ လက်သမား၏ သားငယ်တို့သည်လည်း ထိုဆင်ငယ်၏ နှာမောင်း စသည်တို့၌ ကိုင်ငင်ဆွဲယူ၍ ရေ၌ လည်းကောင်း ကုန်းကြည်း၌ လည်းကောင်း၊ ဆင်ငယ်နှင့် အတူတကွ ကစားမြူးထူးကြ ကုန်၏။ အာဇာနည် ဖြစ်ကုန်သော ဆင် မြင်း၊ လူ တို့သည် သဘောအားဖြင့် ရေ၌ ကျင်ကြီး ကျင်ငယ် စွန့်ခြင်း မပြုကြကုန်ဟု ဒုကနိပါတ် အဋ္ဌကထာ၌ မိန့်တော်မူ၏။

ထို့ကြောင့် ရင်းဆင်အာဇာနည်သည်ရေ၌ ကျင်ကြီး ကျင်ငယ်စွန့်ခြင်းကို မပြုမူ၍ မြစ်ရေမှ အပဖြစ်သော ကမ်းသက်၌သာလျှင် ကျင်ကြီး ကျင်ငယ် စွန့်ခြင်းကို ပြု၏။ ထိုနောက် တစ်နေ့သ၌အထက်ဖြစ်သောမြစ်ညာဝယ်မိုးကြီး သည်းထန်စွာ ရွာသည်ရှိသော် ဆင်အာဇာနည် စွန့်ထားသော ဆင်ချေး ခြောက်ကို ရေဖြင့် လွှမ်းမိုးတိုက်ယူ မျှောပါသွား၍ ဗာရာဏသီမြို့၏ မြစ်ဆိပ် ဆိုက်ရောက်ခဲ့သော ချုံ၌ ငြိ၍တည်၏။ ထိုအခါ ပြည့်ရှင်မင်းကြီး၏ဆင်ထိန်းတို့သည်

ဆင်တို့ကို ရေချိုးစေအံ့ဟူ၍ ဆင်ငါးရာတို့ကို ဆောင်ယူကုန်၏။ အာဇာနည်ဆင်ချေး၏ အနံ့ကိုနံ၍ ဆင်တစ်ကောင်မျှလည်း မြစ်သို့ သက်ဆင်းခြင်းငှာ မဝံ့လေ။ အလုံးစုံကုန်သော ဆင်တို့သည် အမြီးကို ပင့်မြှောက်လျက် ထွက်ပြေးခြင်းငှာ အားထုတ်ကုန်၏။ ဆင်ထိန်းတို့သည် ဆင်ဆရာတို့အား ပြောကြားကုန်၏။ ဆင်ဆရာတို့လည်းရေ၌ ဘေးရန်ရှိသည် ဖြစ်ပေလိမ့်မည်ဟု ရေကို သုတ်သင်စေသောအခါ ချုံ၌ ငြိတင်နေသော အာဇာနည် ဆင်၏ ချေးကို မြင်၍ဆင်တို့သည် မြစ်သို့မသက်ဝံ့ခြင်းသည်ကား ဤဆင်ချေးကြောင့် ဖြစ်သေသည်ဟု သိသည်ဖြစ်၍ ခေအိုးကို ဆောင်ယူပြီးသော် ရေဖြင့် ပြည့်စေပြီး ထိုဆင်ချေးကို ရေနှင့် ဖျော်နယ်ပြီးလျှင် ဆင်တို့၏ ကိုယ်တို့၌သွန်းလောင်း လိမ်းကျံစေ၏။ ဆင်တို့၏ကိုယ်တို့သည် ကောင်းသော အနံ့ရှိကုန်သည်ဖြစ်၍ ထိုအခါ၌ မြစ်သို့သက်ဆင်း၍ ရေချိုးကုန်၏၊ ဆင်ဆရာတို့သည် ထိုသို့သော အကြောင်းကို မင်းကြီးအားကြားလျှောက်၍ အရှင်မင်းမြတ်ထို အာဇာနည်ဖြစ်သော ဆင်ကိုရှာဖွေယူဆောင်ခြင်းငှာသင့်လျော် လျှောက်ပတ်လှပါသည်ဟုကြားလျှောက်ကုန်၏။

ဗာရာဏသီမင်းကြီး ဆင်ဖြူတော်ရဘနာကို ဝယ်ယူတော်မူခဲ့ခြင်း

မင်းကြီးသည်လည်း ကောင်းပြီဟု ဝန်ခံ၍ လှေဖောင်တို့ကို ဖွဲ့ပြီးသောအခါ အထက်မြစ်ညာသို့ ဆန်တက်လာခဲ့သဖြင့် လက်သမားတို့၏ နေရာ ဌာနသို့ ရောက်၏။ အာဇာနည် ဆင်ငယ်သည်လည်း မြစ်၌ ကစားမြူးထူးစဉ် စည်သံကို ကြား၍ တက်သာပြီး လက်သမားတို့၏ အထံ၌ တည်ခနေ၏။ လက်သမား အပေါင်းတို့လည်း ပြည့်ရှင်မင်းမြတ်အား ဆည်းကပ်နှစ်မျို့ ခရီးဦးကြိုဆိုလျက် အရှင်မင်းမြတ် သစ်တို့ဖြင့် အလိုရှိတော်မူပါသည်ဖြစ်ခဲ့အံ့ အဘယ်ကြောင့် ထွက်ကြွတော် မူလာခဲ့ပါသနည်း မင်းချင်း ယောကျ်ားတို့ကို စေလွှတ်ပြီး ဆောင်ယူတော်မူပါလျှင် အလိုတော်ရှိသမျှကို ပြည့်ဝလောက်လုံ အကုန်ပင် ရနိုင်ပါသည် မဟုတ်လောဟု လျှောက်ကြကုန်၏။ မင်းကြီးကလည်း အချင်း လက်သမားတို့ ငါသည်သစ်တို့ကို အလိုရှိ၍ လာခဲ့ပေသည်မဟုတ်။ ဤဆင်ကို ဆောင်ယူခြင်း အကျိုးငှာ လာခဲ့ရသည်ဟု မိန့်တော်မူသည်ရှိသော် ထိုသို့ ဖြစ်လျှင် အရှင်မင်းမြတ်သည် အလိုရှိတော်မူတိုင်း ဆောင်ယူ၍ ကြွတော်မူပါကုန်ဟု လျှောက်ကြားကုန်၏။ ဆင်ငယ်သည် သွားခြင်းငှာ အလိုမရှိသဖြင့် အိုအချင်းဘို့ ဤဆင်ငယ်သည် အဘယ်ကို ပြုစေလိုဘိသနည်းဟုမေးတော်မူလျှင် အရှင်မင်းမြတ် လက်သမားတို့အား မွေးကျွေးသော အဖိုးအခကို ဆောင်ယူ၍ ပေးစေလိုပါသည်ဟု လျှောက်လျှင် မင်းကြီးလည်းအိုအချင်းတို့ ကောင်းလှပေပြီ။ ဆင်၏ခြေလေးချောင်း နှာမောင်း အမြီးတို့၌ တစ်သိန်း

တစ်သိန်းစီသော အသပြာတို့ကို ထားစေ၏။ ဆင်ငယ်သည် ဤမျှလောက်ဖြင့် မလိုက်မလာသေးသည်ရှိသော် လက်သမားတို့အား အစုံအစုံသော ပုဆိုး အဝတ်တို့ကိုပေး၍ လက်သမား၏ သားမယားတို့အား အဝတ်ပုဆိုးတို့ကို ပေးကုန်သည်ရှိသော် ဤမျှလောက်ဖြင့် တော်သင့်ပြီဟုကြံလျက် ဆင်သည် ဆုတ်နစ်ပြန်လည်၍ လက်သမားတို့ကိုလည်းကောင်း၊ လက်သမားတို့၏ မိန်းမ တို့ကိုလည်းကောင်း၊ မိမိနှင့်ကစားဖက် အပေါ်ဖြစ်ကုန်သော သူငယ်တို့ကို လည်းကောင်း သေချာစွာ စိစစ်ကြည့်ရှု၍ မင်းကြီးနှင့်အတူတကွလိုက်သွား၏။

မင်းကြီးသည် ထိုဆင်ကို ဆောင်ယူခဲ့၍ မြို့သို့ရောက်သည်ရှိသော် မြို့ကို လည်းကောင်း၊ ဆင်တင်းကုပ်ကို လည်းကောင်း တန်ဆာဆင်စေ၍ မြို့ကို လက်ယာရစ် လှည့်လည်သည်ကို ပြု၍ ဆင်တင်းကုပ်သို့ သွင်းပြီးလျှင် အလုံးစုံ သော တန်ဆာတို့ဖြင့် တန်ဆာဆင်စေ၍ ဘိသိက်သွန်းလောင်း စောင့်ရှောက် ထိန်းသိမ်း ဆောင်နှင်းသည်ကို ပြုပြီးလျှင် မိမိ၏အပေါ် အဆွေခင်ပွန်း၏ အရာ၌ထားပြီး ထက်ဝက်သော တိုင်းပြည်ကို ဆင်အားပေး၍ မိမိနှင့်ထပ်တူ ထပ်မျှသော အစောင့်အရှောက်ကို ပြုပေ၏။ "ဆင်အာဇာနည်ရောက်လာသော အခါမှစ၍ မင်းအား အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ မင်း၏အဖြစ်သည် လက်တော်သို့ ရောက်သည်သာလျှင် ဖြစ်ပေ၏"ဟု နိပါတ် အဋ္ဌကထာ၌ မိန့်တော်မူ၏။

ဆင်အာဇာနည်သည် ရန်သူ ကောသလမင်းကို တိုက်ခိုက်အောင်မြင်ခြင်း

ဤသို့သော အခြင်းအရာဖြင့် ကာလကြာမြင့်ခြင်းသို့ ရောက်သည်ရှိသော် ဘုရားအလောင်းတော်သည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ တည်နေစွဲယူလေ၏။ ထိုမိဖုရားကြီး၏ကိုယ်ဝန်ရင့်ခြင်းသို့ ရောက်သော် မင်းကြီး သည် နတ်ရွာစံလွန်လေ၏။ဤကဲ့သို့ မင်းကြီးနတ်ရွာစံလွန်သည်ကို အာဇာနည် ဆင်မင်းသည် အကယ်၍ သိခဲ့သည်ဖြစ်အံ့။ ထိုနေရာ၌ပင် နှလုံးပြိုကွဲ လဲ၍ သေပေရာ၏။ ထို့ကြောင့် ဆင်မင်းအား မင်းကြီး၏ နတ်ရွာစံလွန်သည်၏ အဖြစ်ကို မသိစေဘဲ ပကတိပြုစု လုပ်ကျွေးမြဲတိုင်းသာ ပြုစုလုပ်ကျွေးကုန်၏။ မင်းကြီးနတ်ရွာစံလွန်သော အဖြစ်ကို ကြားသိ၍ ဗာရာဏသီပြည်ကြီးသည် အုပ်ထိန်းသောမင်း ကင်းမဲ့၍ အချည်းနှီး ဖြစ်ခဲ့ပြီဟု ထိုဗာရာဏသီပြည်၏ အခြားမဲ့ အနီးဖြစ်သော ကောသလမင်းသည် အားကြီးစွာသော စစ်သည် ဗိုလ်ပါဖြင့် ချီတက်လာ၍ မြို့ကိုဝန်းရံ၏။ စစ်သူကြီးမှူးမတ်စသော သူတို့သည် မြို့တံခါးတို့ကို လုံခြုံစွာ ပိတ်ထားကုန်ပြီးသော် ငါတို့မင်းကြီး၏ မိဖုရားဝမ်းဝယ် ရင့်မာသော ပဋိသန္ဓေ ရှိလေသည်။ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌

သားရတနာကို ဖွားမြင်လိမ့်မည်ဟု နိမိတ်ဖတ်တတ်သော ပညာရှိတို့က ပြောဆိုကြသည်။ မိဖုရားကြီးသည် အကယ်၍ သားရတနာကို ဖွားမြင်ခဲ့သည် ဖြစ်အံ့။ ငါတို့သည် ခုနစ်ရက် မြောက်သောနေ့၌ စစ်ဆင်လိုပါကုန်သည်၊ တိုင်းပြည်ကို မပေးလိုပါကုန်။ သို့ဖြစ်၍ ဤမျှလောက်သော အခါကို ငံ့လင့်တော်မူကြပါကုန်လော့ဟု ကောသလမင်းကြီးအား သတင်းစကားကို ပို့ကြားစေလွှတ်လိုက်ကုန်၏။

ကောသလမင်းကြီးလည်း ကောင်းပြီဟု ဝန်ခံ၏။ မိဖုရားကြီးသည် ခုနစ်ရက်မြောက်နေ့၌ သားငယ်ကို ဖွားမြင်၏။ ထိုသားငယ်ကို အမည်မှည့်အံ့သော နေ့သို့ ကျရောက်သည်ရှိသော် လူများအပေါင်း၏ တွန့်တိုသောစိတ်ကို ချီးမြှင့်လျက် ဖွားမြင်သောကြောင့် အလီနစိတ္တ-ဟူသောအမည်ကို ပြုကုန်၏။ ထိုမင်းသား၏ဖွားမြင်သော နေ့မှစ၍မှ သူမှိုသားအပေါင်းတို့သည် ကောသလမင်းကြီးနှင့် အတူတကွ စစ်ထိုးကြကုန်၏။ အကြီးအမှူး ဦးစီးကင်းမဲ့သည် အဖြစ်ကြောင့် များစွာလည်းဖြစ်သော စစ်သည်သည် စစ်ထိုးသည်ရှိသော် အနည်းငယ် အနည်းငယ်ဆုတ်နစ်၏။ အမတ်တို့သည် ထိုမိဖုရားကြီးအား ထိုအကြောင်းကို ကြားပြီးသော် အရှင်မိဖုရား အကျွန်ုပ်တို့သည် ဤသို့ဆုတ်နစ်သည်ရှိသော် စစ်သည်အပေါင်းတို့သည်လည်း မင်းမရှိသည်၏ အဖြစ်ကြောင့် ကြောက်၍ကုန်၏။ ငါတို့၏ မင်းကြီးနတ်ရွာစံသည်ကို လည်းကောင်း၊ သားတော် ဖွားမြင်သည်၏ အဖြစ်ကို လည်းကောင်း၊ ကောသလမင်းကြီး လာရောက်၍ စစ်ထိုးရသည်၏ အဖြစ်ကိုလည်းကောင်း၊ မင်းကြီး၏မင်္ဂလာဆင်တော်သည် တစ်စုံတစ်ခုကိုမျှ မသိရပါ။ ထိုမင်္ဂလာဆင်တော်ကို သိစေကုန်သော်သာ သင့်လျော်ပါမည်ဟု ကြားလျှောက်ကုန်၏။

မိဖုရားကြီးလည်း ကောင်းပါပြီဟု ဝန်ခံ၍ သားငယ်ကို တန်ဆာဆင်ယင်ပြီးသော် ဘွဲ့ဖြူပုဆိုး ခေါင်းခုပေါ်၌အိပ်စေလျက် ပြာသာဒ်မှ ဆင်းသက်ပြီးလျှင် အမတ်အပေါင်းတို့ဖြင့် ခြံရံ၍ ဆင်တင်းကုပ်သို့ သွားရောက်ပြီးသော် ဘုရားအလောင်းမင်းသားငယ်ကို ဆင်တော်၏ ခြေရင်း၌အိပ်စေ၍ ဤသို့ပြော၏။

အရှင်ဆင်မင်း တိုင်းပြည်ကို ခွဲဝက်ပေးပြီး စောင့်ရှောက် ပြုစုတော်မူသော အဖော်ခင်ပွန်းဖြစ်သော မင်းကြီးသည် နတ်ရွာပြောင်းကျွန်စံလွန်တော်မူခဲ့လေပြီ။ အကျွန်ုပ်တို့သည် အရှင်ဆင်မင်းအား ချစ်သူသေဆုံး ညှိုးပိန်ချုံး၍ နှလုံးကွဲအံ့သည်မှ ရွံ့ကြောက်သဖြင့် အရှင်ဆင်မင်းအား အကြောင်းမကြားဘဲ ဖုံးဝှက်၍ ထားပါကုန်သည်။ တန်ဆာဆင်ယင် သွင်ပြင်နုနယ်ဤသူငယ်ကလေးသည်ကား

အရှင်ဆင်မင်း အပေါ်ခင်ပွန်း ဖြစ်ပေသော ပြည့်ရှင်မင်းမြတ်၏ သည်းထွင်း နှလုံး ယူကျုံးဘိသောလား ရင်ဖသွေးသားပါတည်း၊ တစ်ခြားသော တိုင်းပြည် က ကောသလမင်းကြီးသည် များစွာကုန်သော စစ်သည်ဗိုလ်ပါတို့နှင့်ထကြွ လာရောက်ပြီး တိုင်းပြည်ကို တက်ဝန်းကျင် ဝန်းရံ၍ ထားပါကုန်သည်၊ အရှင်ဆင်မင်း၏ သားငယ်စစ်သည်တို့နှင့် ကောသလမင်းတို့ စင်ချင်းရင်းဆိုင် ဆိုင်ပြိုင်တိုက်ခိုက်သည်ရှိသော် အရှင်သားတော် စစ်သည်တို့က ဆုတ်နစ်၍ ရှိပါချေသည်၊ အရှင်ဆင်မင်း၏ သားတော်ကို အရှင်ဆင်မင်း နတ်ရွာစံလွန်သော အပေါ်ခင်ပွန်းကို ရည်ညွှန်ထောက်ထား၍ ကြိုးစား စောင့်ရှောက်တော်မူ ပါလော့၊ အရှင်မှ မစောင့်ရှောက်သည်ရှိသော် ဤသူငယ်သည် ရန်သူလက်ဝယ် အသက်သေဆုံး လုံးလုံး တိုင်းပြည်ကြီး ပျက်စီးရမည် ဖြစ်ခဲ့ပါလျှင် အရှင် သည်သာ ဤသူငယ်ကို သတ်တော်မူပါလော့၊ သို့မဟုတ်ငြား အသင့်သား ဖြစ်သော ဤသူငယ်ကို ဖခင်၏အမွေဖြစ်သော ထီးနန်းစီးစိမ်ကို ရန်သူ လက်ထဲမှ ဆွဲငင်ယူဆောင်၍ ပေးပါလော့ဟုပြောဆို၏။

မိဖုရားပြောဆိုသောစကားကို ကြားသိသော ထိုအခါ၌ ဆင်မင်းသည် ဘုရားလောင်း သူငယ်ကို နှာမောင်းဖြင့် သုံးသပ်၍ မြှောက်ပင့်ပြီး ဦးကင်း ထက်သို့ တင်ထားပြီးသော် သည်းစွာငိုကြွေး၍ ဘုရားလောင်းကို ချထား ပြီးသော် မိဖုရား၏လက်၌ အိပ်စေပြီးလျှင် ကောသလမင်းကြီးကို ဖမ်းယူအံ့ဟု ဆင်တင်းကုပ်မှ ထွက်၏၊ ထိုအခါ အမတ်တို့သည် စစ်ဝတ်တန်ဆာတို့ကို ဆင်ယင်ဝတ်စားလျက် ဆင်တော်ကို တန်ဆာဆင်၍ မြို့တံခါးကို ဖွင့်ပြီးလျှင် ဆင်တော်ကို ခြံရံပြီး ထွက်ကြကုန်၏။ ဆင်ပြောင်သည် မြို့မှထွက်ပြီးသော် ကြိုးကြာသံကဲ့သို့ပြု၍ လူများအပေါင်းကို ထိတ်လန့်တုန်လှုပ် ထွက်ပြေးစေ၍ စစ်သည်အပေါင်းကို ခွဲဝင်ပြီး ကောသလမင်းကြီး၏ ဦးစွန်း၌ ဆွဲငင်၍ဆောင် ယူလာပြီးလျှင် ဘုရားလောင်း၏ ခြေရင်း၌ ဝပ်စေ၍ မင်းကြီးကို သတဖြတ် ခြင်းငှာ ထကြွကုန်သော သူတို့ကို တားမြစ်ပြီးသော် ဤအခါမှစ၍ မမေ့ မလျော့သည်ဖြစ်လေလော့၊ မင်းသားသည် သေးငယ်၏ဟု မထီမဲ့မြင် မပြု လေလင်ဟုဆုံးမပြီးလျှင် လွှတ်လိုက်၏။ ထိုအခါမှစ၍ အလုံးစုံသောဇမ္ဗူဒိပ် ကျွန်း၌ မင်း၏အဖြစ်သည် ဘုရားလောင်းလက်သို့ ရောက်သည်ဖြစ်လေ၏။ ရန်သူဖြစ်၍ ထကြွဝံ့သော တစ်စုံတစ်ယောက်မျှသော မင်းမည်သည် မရှိလေ။ ဘုရားလောင်းသည် ခုနစ်နှစ်အရွယ်၌ အဘိသိက်သွန်း ခြင်းသို့ ရောက်၍ အလီနစိတ္တမင်းဟူသော အမည်ရှိ၍သာလျှင် တရားသဖြင့်မင်းပြု၍ အသက်၏ အဆုံး၌ နတ်ပြည်သို့ လားရလေ၏။ မြတ်စွာဘုရားရှင်သည် ဤသို့သော အတိတ်ဇာတ်ကို ဆောင်တော်မူ၏။ ဘုရားဖြစ်တော် မူပြီး၍သာလျှင် ဤဂါထာတို့ကို ဟောတော်မူ၏–

အလိနစိတ္တံ နိဿာယ၊ ပဟာဋ္ဌာ မဟတီ စမူ။
ကောသလံ သေနာ သန္တုဋ္ဌံ၊ ဇီဝဂ္ဂါဟံ အဂါဟယိ။
ဝေံ နိဿာယ သမ္ပန္နော၊ ဘိက္ခု အာရဒ္ဓဝီရိယော။
ဘာဝယံ ကုသလံ မဂ္ဂံ၊ ယောဂက္ခေမဿ ပတ္တိယာ။
ပါပုဏေ အနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယံ။

ရဟန်း များစွာသော ဗာရာဏသီစစ်သည်အပေါင်းသည် အလိနစိတ္တမင်းသားကို အမှီပြု၍ ငါတို့၏ ငါတို့မင်းရိုး အနွယ်အဆက်ဖြစ်သော တိုင်းပြည်ကို ရပေတော့မည်ဟု ရွှင်ရွှင်လန်းလန်း ဝမ်းပန်းတသာ ကောင်းစွာဖြစ်လတ်၍ မိမိ၏ ဥစ္စာဖြစ်သော တိုင်းပြည်ဖြင့် မရောင့်ရဲမူ၍ သူတစ်ပါးတိုင်းပြည်ကို လိုချင်နမ်းငန်း စွဲလမ်း နှစ်သက် ရမ္မက်ကပ် သဖြင့် စစ်ချီလာသော ကောသလမင်းကို အရှင်ဖမ်းသည်ကို ဆင်မင်းကို ဖမ်းစေဘိသကဲ့သို့ ထိုအတူ ယောဂလေးတန် ကုန်ငြိမ်းမှန်သော နိဗ္ဗာန်ပြည်မြတ်သို့ ရောက်ခြင်းငှာ အပြစ်ကင်းရှောင်းကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိသော သုံးဆယ်ခုနစ်ပါး ဗောဓိပက္ခိယတရားကို နေ့ညမကွေ ပွားများစေသော ကလျာဏမိတ္တ သပ္ပုရိသမည် အမှီကောင်းနှင့်ပြည့်စုံသော မနစ်မဆုတ် အားထုတ်အပ်သော သမ္မပ္ပဓာနလုံ့လလေးအင် ပြည့်စုံလင်သော ပြုစင်သီလ ပြည့်ဝစုံလင်သော သီလရှိသောပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်တည် အစဉ်အားဖြင့် ကြွင်းမဲ့ဉဿုံ အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့ လျင်မြန်ထုတ်ချောက် ရောက်ပေရာ၏။

အလိနစိတ္တဇာတ်တော်ပေါင်းခြင်း

ဤသို့ မြတ်စွာဘုရားရှင်သည် အမြိုက်နိဗ္ဗာန်လျှင် အထွတ်တတ်သော ဒေသနာတော်ဖြင့် ဟောကြားတော်မူပြီးသော် ထိုထက်လွန်စွာ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ချစ်သား ရဟန်းတို့–ထိုအခါက အလိနစိတ္တမင်းသား၏ မယ်တော် မိဖုရားကြီးသည် ယခုအခါ ငါဘုရား၏ မယ်တော်ရင်းစစ် ဖြစ်ပေသော မဟာမာယာဒေဝီ မိဖုရားကြီး ဖြစ်လာ၏၊ ထိုအခါက ဗာရာဏသီပြည်ကို အစိုးရတော်မူသော ဗြဟ္မဒတ်မင်းကြီးသည် ယခုအခါ ကပိလဝတ်ပြည်ကို အစိုးရတော်မူသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဖြစ်လာ၏။ အလိနစိတ္တမင်းသားအား တိုင်းပြည်ကိုယူ၍ ပေးပေသော မင်္ဂလာဆင်တော်သည် ယခုအခါ စွန့်အပ်သော ဝီရိယရှိသော ရဟန်းငယ် ဖြစ်လာ၏။ အနီးဖြစ်သော ကောသလမင်းထည် ယခုအခါ ငါ၏သားတော်

မောဂ္ဂလာန်ဖြစ်လာ၏။ အလီနစိတ္တမင်းသားသည် ငါဘုရားပင်တည်း။ ထိုအခါက လက်သမားတို့သည် ခြေ၏အနာရောဂါ မရှိစေဘဲ မိမိအားပြုအပ်သော ကျေးဇူးဥပကာရကိုသိ၍ အလုံးစုံ ကိုယ်လုံးဖွေးဖွေးဖြူသော ဆင်ငယ်ကို ပေးသော တစ်ကောင်တည်း လှည့်လည်ကျက်စား သွားလာလေ့ရှိသော ဆင်ကြီးသည် ငါ့သားတော် သာရိပုတ္တရာ ဖြစ်လာသည်ဟု ဤသို့သောအခြင်းအရာဖြင့် မထေရ်ကို အကြောင်းပြု၍အလီနစိတ္တဇာတ်ကို ဟောကြားတော်မူပြီးသောအခါ ရာဓမထေရ်ကို အကြောင်းပြုတော်မူ၍ ချစ်သား ရဟန်းတို့ ရဟန်းမည်သည်ကား ရာဓမထေရ်ကဲ့သို့ ပြောဆိုဆုံးမလွယ်သည် ဖြစ်ပေရာ၏။ အပြစ်အာစာရကိုပြ၍ ပြောဆိုဆုံးမသဖြင့်လည်းအမျက်ကို မထွက်စေအပ်၊အဆုံးအမဩဝါဒပေးလာသူကို ရတနာရွှေအိုးကိုလက်ညှိုးညွှန်ထား ပြောကြားလာသောသူကဲ့သို့ မှတ်ရမည်ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်တော်မူ၍ ဂါထာတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို ဟောကြားတော်မူ၏–

၇၆။ နိဓီနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ န ပါပိယော။

အပြစ်ကို ဖော်ပြတတ်သော မိမိမကောင်းပြုသည်ကို နှိမ်ချပြောဆိုတတ်သော ပညာရှိကို ရွှေအိုးကို ပြောဆိုညွှန်ပြသူကဲ့သို့ ရှုထိုက်၏။ ထိုသို့ ရှုမှတ်ထိုက်သောကြောင့် ဆုံးမတတ်သောသဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်ရာ၏။ ထိုသို့ဆည်းကပ်သူအား လောကီ လောကုတ္တရာအကျိုးများ၍ မြင့်မြတ်သည်သာ၊ လောကီလောကုတ္တရာအကျိုးမယုတ်။

ထိုဂါထာ၌ နိဓီနံဟူသည်=ထိုထိုအရပ်၌ မြှုပ်ထားသော ရွှေငွေစသည်ဖြင့် ပြည့်ကုန်သော ရွှေအိုး၊ ငွေအိုးတို့၏ ဟူလို။

ပဝတ္တာရံဟူသည်=ငြိုငြင်သဖြင့် အသက်မွေးခြင်းရှိကုန်သော လူဆင်းရဲတို့ကို သနား၍ လာပါ လွယ်လွယ်ကူကူအသက်မွေးနည်းကို ပြအံ့ဟူ၍ ရွှေအိုးထားရာသို့ဆောင်ကာ လက်ကိုဖြန့်လျက် ဤရွှေအိုးကိုယူပြီး လွယ်လွယ်ကူကူအသက်မွေးလော့ဟု ညွှန်ကြားသကဲ့သို့ဟူလို၊

ပဇ္ဇဒဿါဝိနံဟူသည်=ထိုဆို့ခက်သူကို ဤမလျောက်ပတ်ခြင်း ချွတ်ချော်ခြင်းတို့ဖြင့် သံဃာ့အလယ်၌ နှိပ်အံ့၊ ဤသို့နှင်ပါး ဒ်ပြစ်ကို ပြသည်ရှိသော် အမှောင်မိုက်ကိုရှာသောသူသည်လည်း မသိအပ်သည်ကို သိစေရန်၊ သိပြီးသူကို အစဉ်ချီးမြှင့်ခြင်းငှါ ထိုပုဂ္ဂိုလ်၏ သီလစသည်တို့ကို ကြီးပွားခြင်း၌ ဒ်လိုရှိသည်၏အဖြစ်ဖြင့် ထိုထိုအပြစ်ကို ကြည့်သဖြင့် နှိုးနှော့ခြင်းသဘော၌ ပညာရှိသည်လည်းဖြစ်သော ဤသူကို ဤဒေသနာ၌ အလိုရှိအပ်၏။ ဥပမာကား– လှူဆင်းရဲသည် ဤဥစ္စာကို ယူလော့ဟူ၍ ခြိမ်းခြောက်မောင်းမဲ၍လည်းကောင်း၊ ပုတ်ခတ်၍လည်းကောင်း၊ ရွှေအိုးကိုပြသည်ရှိသော် အမျက်ထွက်ခြင်းကို မပြု၊ ဝမ်းမြောက်သည်သာလျှင် ဖြစ်သကဲ့သို့ ဤသို့သောသဘောရှိသော ပုဂ္ဂိုလ်၌ မလျောက်ပတ်ခြင်းကို လည်းကောင်း၊ ချော်ချွတ်ခြင်းကိုလည်းကောင်း၊ မြင်၍ ညွှန်ကြားသည်ရှိသော် အမျက်ထွက်ခြင်းကို မပြုအပ်၊ ဝမ်းမြောက်ခြင်းဖြစ်ရာ၏။ "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် မြတ်သောအမှုကို ပြုအပ်၏။ အကျွန်ုပ်အား ဆရာဥပဇ္ဈာယ်အရာ၌တည်၍ ဆုံးမခြင်းတို့ဖြင့် တစ်ဖန်လည်း ငါ့ကိုဆုံးပါကုန်လော့ဟု ဖိတ်အပ်သည်သာတည်းဟူလို။

နိဂ္ဂယှဝါဒီဟူသည်=ထိုစကားမှန်၏–အချို့သူသည် အတူနေတပည့် စသည်တို့၏ မလျောက်ပတ်ခြင်း ချွတ်ချော်ခြင်းတို့ကိုမြင်၍ ဤသူသည် ငါ၏မျက်နှာသစ်ရေပေးခြင်း စသည်တို့ဖြင့် ရိုရိုသေသေ လုပ်ကျွေး၏။ ထိုသူကိုအကယ်၍ ဆိုငြားအံ့။ ငါ့ကိုမလုပ်ကျွေးလတ္တံ့၊ ဤသို့မပေးသည်ရှိသော် ငါ့အား ဆုတ်ယုတ်ခြင်းသည် ဖြစ်လတ္တံ့ဟူ၍ဆိုခြင်းငှါ မရဲဝံ့သူသည် နှိပ်နင်း၍ ဆိုလေ့ရှိသောသူမည်သည်မဖြစ်၊ ထိုပုဂ္ဂိုလ်သည် ဤသာသနာတော်၌ တံမြက်ချေးအမှိုက်ဖြင့် ရောပြွမ်း၏။ အပြစ်ကိုမြင်၍ အပြစ်အလျောက် ခြိမ်းခြောက်နှိပ်ချလျက် ဒဏ်ပေးခြင်း၊ ကျောင်းမှနှင်ထုတ်ခြင်းကို ကျင့်စေသူသည် နှိပ်၍ဆိုသူမည်၏။ ဥပမာ–ဘုရားရှင်ကဲ့သို့တည်း။ ထိုစကားမှန်၏။ နိဂ္ဂယှ ။ပ။ ဌဿတိ ဟူ၍ ဤစကားကို ဆိုအပ်၏။ အာနန္ဒာ ငါဘုရားသည် နှိပ်၍ နှိပ်၍ဆို၏၊ ချီးမြှင့်၍ ချီးမြှင့်၍ဆို၏။ ထိုသို့ဆိုခြင်းကို အနှစ်သာရဟု သိရှိသူသည် ငါ၏ဩဝါဒ၌တည်လတ္တံ့"ဟု ဆို၏ဟူလို။

မေဓာဝိံဟူသည်=တရားကိုသိသောပညာနှင့် ပြည့်စုံသောဟူလို။ ဤသို့သောပညာရှိကို ဆည်းကပ်ရာ၏။ ထိုစကားမှန်၏။ ထိုဆရာမျိုးကို ဆည်းကပ်သော တပည့်အားဟူလို။

သေယျော ဟောတိ န ပါပိယောဟူသည်=ကြီးပွား၏ မဆုတ်ယုတ်ဟူလို။

ဒေသနာတော်၏အကျိုးအာနိသင်

ဒေသနာတော်၏ အဆုံး၌ လူများစွာတို့သည် သောတာပန် စသည် ဖြစ်ကုန်၏။

[ဤဝတ္ထု၌ အလီနစိတ္တမင်းသားဝတ္ထုကို ဆောင်ရာဝယ် ဤဓမ္မပဒ အဋ္ဌကထာမှာ အရှင်သာရိပုတ္တရာ မထေရ်ကို အကြောင်းပြု၍ ဟော တော်မူသည်ဟု မိန့်မှာတော်မူ၏။ ဒုကနိပါတ် အလီနစိတ္တဇာတ် အဖွင့် ဖြစ်သော နိပါတ်အဋ္ဌကထာမှုကား စွန့်လွှတ်သော ဝီရိယရှိသော အညတရရဟန်းတစ်ပါးကို အကြောင်းပြုသောအားဖြင့် ဟောကြား တော်မူသည်ဟု မိန့်တော်မူခဲ့၏။ အကြောင်းကို ဆင်ခြင်ကြပါလေကုန် ဤကား အမှာ။]

ရှေးဦးစွာ ရာဓမထေရ်ဝတ္ထု ပြီး၏။

၂။ အသဃဗိပုနဗ္ဗသုကရဟန်းတို့ဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

ဩဝဒေယျာနုသာသေယျ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာ ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းတော်မူစဉ် ကီဋာဂိရိ ဇနပုဒ်၌ အသဃဗိပုနဗ္ဗသုက ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသည်။ ဒေသနာသည်ကား ကီဋာဂိရိဇနပုဒ်၌ ဖြစ်၏။

ထိုအသဃဗိပုနဗ္ဗသုက ရဟန်းတို့သည် အဂ္ဂသာဝကအစစ် ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်၏ အတူနေတပည့်တို့ပေတည်း။ ယင်းသို့ အရှင် သာရိပုတ္တရာမထေရ်၏ အတူနေတပည့်တို့ ဖြစ်သော်လည်း ထိုရဟန်းတို့သည် အရှက်မရှိ ယုတ်မာသျက်စီးသော အကျင့်ရှိသော အလဇ္ဇီတို့သည်ဖြစ်၍ မိမိ၏ အခြံအရံဖြစ်သော ရဟန်းငါးရာတို့နှင့်တကွ ကီဋာဂိရိ၌ နေကုန်လျက် မိမိတို့ ကိုယ်တိုင် ပန်းပင်ကို စိုက်ပျိုးခြင်း သူတပါးကို စိုက်ပျိုးစေခြင်း အစရှိကုန်သော အထူးထူးအပြားပြား များစွာကုန်သော မပြုမကျင့်ထိုက်သော အနာစာရကို

ပြုကျင့်ကုန်လျက် ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း ကုလဒူသက အမှုကို ပြုပြီးသောအခါ ထိုအနေသန ကုလဒူသကအမှုဖြင့် ရအပ်ကုန်သော ပစ္စည်းတို့ဖြင့် အသက်မွေးခြင်းကို ပြုကုန်လျက် ထိုကျောင်းအရိပ်အာဝါသကို သီလကို ချစ်မြတ်နိုးကုန်သော သီလဝန္တ ရဟန်းသံဃာတော်တို့ နေနိုင်ဖွယ်ရာ သော သဘောမရှိလေသဖြင့် သီလဝန္တ ရဟန်းသံဃာတော်တို့မှ ကင်းဆိတ် အောင် ပြုကုန်ဘိ၏။

မြတ်စွာဘုရားရှင်သည် ထိုသို့သောအကြောင်းကို ကြားတော်မူ၍ ထိုအဿဇိ ပုနဗ္ဗသုက ရဟန်းတို့အား ပဗ္ဗာဇနီယကံကို ပြုခြင်းငှာ တပည့်အခြံအရံနှင့် တကွကုန်သော အဂ္ဂသာဝက နှစ်ပါးတို့ကို ခေါ်တော်မူ၍ ချစ်သားသာရိပုတ္တရာ အသင်တို့သည် သွားတဲ့ကြကုန်။ ထိုရဟန်းတို့တွင် အကြင်ရဟန်းတို့သည် အသင်တို့၏စကားကို လိုက်နာခြင်းကိုမပြုကုန်၊ ထိုရဟန်းတို့အား ပဗ္ဗာဇနီယကံ ကို ပြုကြကုန်လော့၊ အကြင်ရဟန်းတို့သည် အသင်တို့၏ စကားကို လိုက်နာ ခြင်းပြုကုန်၏။ ထိုရဟန်းတို့ကိုသာလျှင် ပြောဆိုဆုံးမကြကုန်လော့၊ ချစ်သား ရဟန်းတို့ ထိုစကားမှန်၏၊ ပြောဆိုဆုံးမသွန်သင် ပြုသသောသူကို ပညာကင်း ရှင်း မိုက်ဖျင်းနုတ်စွာ သူယုတ်မာတို့သည်သာ ပညာသတိ မရှိသည်အလိုက် မကြိုက်မနှစ်သက် စုံမက်မြတ်နိုးခြင်း မရှိလေသည်၊ ပညာသတိ ရှိသူအပေါင်း သူတော်ကောင်းတို့အားကား နှစ်သက်မြတ်နိုး တိုး၍ စုံမက်ခြင်း ဖြစ်သည်သာ လျှင်တည်းဟု အနုသန္ဓေကို စပ်တော်မူပြီး၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့် ဤဂါထာကို ဟောတော်မူ၏-

၇၇။ **ဩဝဒေယျာနုသာသေယျ၊ အသဗ္ဘာ စ နိဝါရယေ။**
သတံ ဟိ သော ပိယော ဟောတိ၊ အသတံ ဟောတိ အပ္ပိယော။

အမှုရောက်ခါ မျက်မှောက်ဆုံးမရာ၏။ အမှုမရောက်မီ မျက်ကွယ်ညွှန်ပြ ဆုံးမရာ၏။ လူယုတ်ကျင့်ကြံ မကောင်းကံမှလည်း တားမြစ်ရာ၏။ ထိုသို့ဆုံးမ သူကို ပညာရှိသူတော်ကောင်းတို့ နှစ်သက်အပ်၏။ လူယုတ်မာတို့ကမူ မနှစ်သက်။

ထိုဂါထာ၌ ဩဝဒေယျဟူသည်=လွန်ကျူးမှုဖြစ်ပေါ်သော် ပြောဆိုသူသည် ဩဝါဒဆုံးမသည် မည်၏။ လွန်ကျူးမှုမဖြစ်ပေါ်မီ သင့်အား အကျော်စောမဲ့ သည်လည်း ဖြစ်ရာတွံ၊ ဤသို့ စသည်၏အစွမ်းဖြင့် လာမည့်အပြစ်ကိုပြခြင်းသည် အနုသာသနီ-သွန်သင်ဆုံးမသည်မည်၏။ မျက်မှောက်ဆုံးမသူသည် ဩဝါဒ- ဆုံးမသည်မည်၏။ မျက်ကွယ်၌ တမန်ကိုလည်းကောင်း၊ သတင်းစကားကို လည်းကောင်း၊ ပေးပို့ဆုံးမခြင်းသည် အနုသာသနီ- သွန်သင်သည်မည်၏။ တစ်ကြိမ်ဆုံးမခြင်းသည် ဩဝါဒ-ဆုံးမသည်မည်၏။ အဖန်ဖန်ဆုံးမခြင်းသည်

အနုသာသနီ–သွန်သင်သည်မည်၏။ ဆုံးမခြင်းသည်သာလျှင် အနုသာသတိ မည်၏။ ဤသို့ဆုံးမရာ၏။ ဤသို့သွန်သင်ရာ၏ ဟူလို။

အသဗ္ဘာဟူသည် = အကုသိုလ်တရားမှ တားမြစ်ရာ၏။ ကုသိုလ်တရား၌ တည်စေရာ၏ ဟူလို။

သတံဟိသော ပိယောဟောတိဟူသည်=ဤသို့သောပုဂ္ဂိုလ်ကို ဘုရားစသော သူတော်ကောင်းတို့က ချစ်၏။ တရားမမြင် နောက်ဘဝမကုန်၊ **အာမိသ**ကို သာယာကုန်လျက် အသက်မွေးခြင်းငှာ ရဟန်းပြုသူတို့အား''သင်သည် ငါတို့၏ ဥပဇ္ဈာယ်မဟုတ်၊ ဆရာမဟုတ်၊ အဘယ်ကြောင့် ငါတို့ကို ဆုံးမဘိသနည်း'' ဤသို့နှုတ်လှန်ထိုးခြင်းတို့ဖြင့် ထိုသူတို့အား သူတော်မဟုတ်ကုန်သော ထိုအလဇ္ဇီ တို့အား ထိုဆုံးမတတ်သောသူကို မချစ်ဟူလို။

ဒေသနာတော်၏ အ~ိ~ အာနိသင်

ထိုဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတ ာ ပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ အရှင်သာရိပုတ္တရာ, အ ှ ်မောဂ္ဂလာန်တို့ သည်လည်း တပည့်နောက်ပါသံဃာတော်များစွာနှင့်တကွ ထိုကိဋာဂိရိဇနပုဒ်သို့ ကြွသွားတော်မူကြ၍ မြတ်စွာဘုရား ပေးသနားတော်မူအပ်သော နည်း ြ ထိုရဟန်းတို့ကို ဆုံးမတားမြစ်တော်မူကြကုန်၏။ ထိုကိဋာဂိရိ၌နေကုန်သော ရဟန်းတို့တွင် အချို့ကုန်သေ ာ ရဟန်းတို့သည် အဆုံးအမ ဩဝါဒကို လိုက်နာ ခံယူ၍ ကောင်းစွာကျင့်ဆောင်ကြကုန်၏။ အချို့ကုန်သော ရဟ နန်းတို့သည် လူထွက်ကုန်၏။ အချို့သောရဟန်းတို့သည် ပဗ္ဗာဇနီယကံသို့ရောက်ကုန်၏။

[ဤအရာကို ပါရာဇိကဏ် ပါဠိတော် အနေသ ်န ကုလဒူသကသိက္ခာပုဒ် ၎င်းအဋ္ဌကထာတို့၌ အကျယ်များစွာပင် ဆိုသေး၏။ ကျေးဇူးအထူးများအံ့ မထင်သော ကြောင့် မချဲ့လိုက်ပြီ၊ အကျယ်ကို ၎င်းမှာယူ ဤကားအမှာ။]

အဿဇိပုနဗ္ဗသုကရဟန်းတို့ဝတ္ထု ပြီး၏

၃။ ဆန္ဒမထေရ်ဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

န ဘဇေ ပါပကေ မိတ္တေ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာ ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းတော်မူစဉ် အရှင်ဆန္နမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

ငါတို့ ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ သေတကေတု နတ်သား၏ အဖြစ်မှ များစွာကုန်သော နတ်ဗြဟ္မာအပေါင်းတို့ တောင်းပန်ခြင်းကို အရင်းပြုသောအားဖြင့် ငါးပါးသော ကြည့်ရှုခြင်းတို့ဖြင့် ကြည့်ရှုတော်မူပြီး ဋုတိလာခဲ့၍ ကပိလပြည်ကျော်တွင် သုဒ္ဓေါဒနမင်းမြတ်၏ ညားနတ်လက်ယာ မာယာဒေဝီ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေပြီးမှ ဆယ်လပြည့်နေ့ ရက်မြတ်တွင် လောကဓာတ် တိုက်အလုံးကို ပြောပချီးမွမ်း၍ မဆုံးနိုင်ဖွယ်ရာသော အံ့ဖွယ်သရဲတို့ကို ဖြစ်စေလျက် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ အလောင်းတော်ကို ဖွားမြင်တော်မူ၏။

ဖွားဖက်တော် ခုနစ်ယောက်

ဘုရားအလောင်းတော်ကို ဖွားမြင်သော နေ့၌ပင်လျှင် ရွှေအိုးကြီးတို့သည် ပေါ်ထွက်လာပေ၏။ ဘုရားဖြစ် ပွင့်တော်မူရာ သစ္စာလေးပါးတရားတို့ကို ထင်ရှား သိမြင်တော်မူရာဖြစ်သော ဗောဓိညောင်ပင် သည်လည်း မြေမှ ပေါ်ပေါက်၍ ထွက်လာ၏။ ဘဒ္ဒကဉ္စနာ ယသောဓရာဒေဝီ, ညီတော်အာနန္ဒာ, ကာဠုဒါယီအမတ်, ဆန္နအမတ်, ကဏ္ဍကမြင်းတော် တို့လည်း ထိုနေ့၌ပင် ဖွားမြင်တော် မူလေကုန်၏။ ထိုဘုရားလောင်း ဖွားဖက်တော်တို့တွင် ဆန္နအမတ်သည် ဘုရားအလောင်းတော်သည် သက်တော် နှစ်ဆယ့်ကိုးနှစ်သို့ ကျရောက်တော်မူသောအခါ သန်းခေါင်းယံ၌ ကဏ္ဍကမြင်းတော်ကို စီးနင်းလျက် မြတ်သော တောထွက်တော်မူခြင်းဖြင့် တောထွက်တော်မူရာဝယ် အတူတကွ ပါလာ၏။ အနော်မာ မြစ်ကမ်းသို့ ရောက်တော်မူပြီးမှ ဆန္နအမတ်ကို ကိုယ်တော်မြတ် ဆင်အပ်သော တန်ဆာတို့ကို အပ်နှံလျက် မြင်းပျံဖြစ်သော ကဏ္ဍကနှင့် အတူတကွ ကပိလဝတ် ပြည်ရုံသို့ ပြန်လည်စေလွှတ်လျှင် ဦးညွှတ်ဝပ်တွား အတန်တန် လျှောက်ကြားပါသော်လည်း ပယ်ရှားတော်မူသောကြောင့် ပြန်လည်လာခဲ့သော် လမ်းခရီးဒေသ ကဏ္ဍကမြင်းတော်သည် သေလွန်ပြန်သဖြင့် ဆန္နအမတ် အထပ်ထပ်သောက တသ ငိုကြွေး ပူဆွေးဟင်အော်လျက် မြင်းတော်၏ အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးမှ နေရာဒေသဖြစ်သော ကပိလပြည်သို့ ပြန်လည်လာရောက်ခဲ့ရ၏။

ဆန္နအမတ်သည် ရဟန်းပြုလျက် ဆဲရေးရေရွတ်ခြင်း

၎င်းဆန္နအမတ်သည် တစ်ရံသောအခါ၌ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ဆည်းကပ်ဝပ်တွား လျှောက်ကြား တောင်းပန်၍ ကိုယ်တော်မြတ်၏ အထံဝယ် ရဟန်းအဖြစ်ကို ပြု၏။ ရဟန်းပြုပြီး တရားကို အားမထုတ် မျက်ကြုတ်ဒေါသ ခြောင်းခြောင်းထလျက် အရှင် ကောင်းသား ဘုရားဖြစ်ရန်အချက် တောထွက်

တော်မူခြင်းဖြင့် တောထွက်တော်မူသည့်အခါ မည်သူမည်ဝါ တစ်စုံတစ်ရာ ခြားနားလျက် တစ်ပါးတစ်ယောက်ကိုမျှ မထင်မြင်ပါ၊ ယခု လူသုံးပါး၌ ဘုရား...ဟုလ ၁ မျှဒ္ဒအဖြစ်သို့ ရောက်မှ ငါကား သာရိပုတ္တရာမည်သည် ငါကား မောဂ္ဂလာန်မည်သည် ငါတို့သည် အဂ္ဂသာဝက မည်ကုန်သည် ထို၍လှည့်ပတ် ချဉ်းကပ်ပြောပ ယောင်လွှား လည့်လည်ကြသည် စသဖြင့် နှစ်ပါးကုန်သော အဂ္ဂသာဝက အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့ကို ဆဲရေးရေရွတ်ဘိ၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ရဟန်းတို့၏ အထံမှ ထိုအကြောင်းကို ကြားသိတော်မူရ၍ ဆန္နမထေရ်ကို ခေါ်စေတော်မူပြီးလျှင် ဆုံးမတော်မူ၏။ ထိုဆန္နမထေရ်သည် မြတ်စွာဘုရား ဆုံးမတော်မူသော ခဏ၌ကား ဆိတ်ဆိတ် နေလျက် နောက်၌တစ်ဖန် ဆဲရေးရေရွတ်ပြန်သည်သာလျှင်တည်း။ ဤသို့သော နည်းဖြင့် သုံးကြိမ်တိုင်အောင် ဆဲရေးရေရွတ်သည်ကို ခေါ်စေတော်မူ၍ မြတ်စွာ ဘုရားသခင်သည် ထိုကာလ၌ အသင် ဆန္န အဂ္ဂသာဝကနှစ်ပါးတို့သည်ကား အသင်၏ ကောင်းသော အဆွေခင်ပွန်း ကျွမ်းဝင် ဆက်ဆံ ပေါင်းဖော်ရန် လျောက်ပတ်၍ မြတ်လှသော ယောကျ်ားတို့ပေတည်း။ ဤကဲ့သို့ သဘောရှိ ပေသော ကောင်းသော အဆွေခင်ပွန်းတို့ကို ဆည်းကပ်မှီဝဲ အမြဲပေါင်းဖော် ဘိလေလော့ဟု ပြောဆို မိန့်ဟတော်မူပြီး၍ တရားတော်ကို ဟောဖော် မိန့်မြွက်တော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

၇၈။ န ဘဇေ ပါပကေ မိတ္တေ၊ န ဘဇေ ပုရိသာဓမေ။
ဘဇေထ မိတ္တေ ကလျာဏေ၊ ဘဇေထ ပုရိသုတ္တမေ။

ယုတ်မာကုန်သော မိတ်ဆွေတို့ကို မမှီဝဲရာ၊ ယောကျ်ားယုတ်တို့ကို မဆည်း ကပ်ရာ၊ မိတ်ဆွေကောင်းတို့ကို အမြဲမှီဝဲကုန်ရာ၏။ ယောကျ်ားမြတ်တို့ကို မပြတ် မှီဝဲကုန်ရာ၏။

ထိုဂါထာ၏အနက်ကား ကာယဒုစရိုက် စသော အကုသိုလ်တို့၌ မွေ့လျော် ကုန်သောသူတို့သည် ယုတ်မာသော အဆွေခင်ပွန်း မည်ကုန်၏။ ခြံစပ် ပေါက် ခြင်း စသည်တို့၌ ညှည်းကောင်း၊ အနေသန ၂၁-ပါး အစရှိသော အမှု၌လည်း ကောင်း၊ အရာမဟုတ်သည်၌ ယှဉ်ခြင်းသည် ပုရိသာဓမမည်၏။ နှစ်ဦးစလုံး တို့သည် ယုတ်မာသော မိတ်ဆွေလည်း မည်ကုန်၏။ ပုရိသာဓမလည်း မည် ကုန်၏။ ထိုသူတို့ကို မဆည်းကပ်ရာ။ ထိုသို့မဟုတ်သော သူတို့သည်ကား ကလျာဏမိတ္တလည်း မည်ကုန်၏၊ သပ္ပုရိသလည်း မည်ကုန်၏။ ထိုသူတို့ကို ဆည်းကပ်ကုန်ရာ၏ ဟူလို။

ဒေသနာတော်၏ အဆုံး၌ လူများစွာတို့သည် သောတာပန် ဖြစ်ကုန်၏၊

ဆန္န မထေရ်သည် ထိုသို့သော အဆုံးအမ ဩဝါဒ ဒေသနာကို အခါခါ ကြားနာရပါလျက်လည်း ရှေးနည်းအတူ ငြူစူစောင်းမြောင်း မောင်းမဲဆဲရေး ရေရွတ်ပြန်၏၊ တစ်ဖန် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ကြားလျှောက် ကြကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ ....ငါဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ ငြိမ်သက်ဣန္ဒြေ တည်စေသဖြင့် ကျင့်စေ ခြင်းငှာ မစွမ်းနိုင်ပေလတ္တံ့။ ငါဘုရား ပရိနိဗ္ဗာန် စံယူတော်မူသည်ရှိသော် စွမ်းနိုင်ပေလတ္တံ့ဟု မိန့်တော်မူ၍ မည်သူ တစ်စုံတစ်ယောက်မျှ မပြောဆို မဆုံးမ အရေးမယူ လျစ်လျူရှုသဖြင့်သာ နေကြ၏။

အရှင်ဆန္နမထေရ် ပရိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

မြတ်စွာ ဘုရားရှင်သည် လေးဆယ့်ငါးဝါမြောက် ကျရောက်တော်မူ၍ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အကြား ခင်းထားအပ်သော ပရိနိဗ္ဗာန်ပွဲရာ ညောင်စောင်း၌ လျောင်းစက်တော်မူသောအခါ အရှင် အာနန္ဒာ မထေရ်က လက်အုပ်ချီမိုး ရှိခိုးဦးတိုက်လျက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်မြတ်သည် ပြည်ရပ်နိဗ္ဗာန်သို့ စံဝင်တော်မူသည်မှ နောက်အကျ၌ ဆန္န မထေရ်ကို တပည့်တော်တို့ အဘယ်သို့ ပြုကျင့်ရပါမည်နည်းဟု လျှောက်ကြား လျှင် ဘုရားရှင် ကိုယ်တော်မြတ်က ချစ်သားအာနန္ဒာ ငါဘုရား မရှိသည် နောက်အာကပ္ပဝယ် ဆန္နမထေရ်ကို ဗြဟ္မဒဏ် ထားကြကုန်လော့ဟု စေခိုင်း တော်မူ၏။ ထိုအခါ ညီတော်အာနန္ဒာမထေရ်က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဗြဟ္မဒဏ် ထားသော ဟူသည် အဘယ်သို့ ပြုကျင့်ရပါသနည်းဟု လျှောက်ထားပြန်သဖြင့် ချစ်သား အာနန္ဒာ ဆန္နမထေရ်သည် အကြင်သို့သော စကား အကြင်သို့သော အမှုကို ပြောဆိုခြင်း ပြုလုပ်ခြင်းငှာ အလိုဆန္ဒရှိပေ၏။ ထိုသို့ အလိုဆန္ဒ ပြောဆို ပြုလုပ်လိုသောအတိုင်း ပြောဆို ပြုလုပ်စေ တစ်စုံ တစ်ယောက်သော ရဟန်းမျှ ပြောဆို ပိတ်ပင်ခြင်း တားမြစ်ဆုံးမခြင်းကို မပြုရ ဟု မိန့်တော်မူ၏။

ထိုနောက် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံယူတော်မူပြီးသောအခါ ရဟန်း သံဃာတော်တို့၏အလယ်တွင် ဘုန်းကြွယ်မြတ်ဖျား ဘုရားအမိန့်တော်အရကို ညီတော် အာနန္ဒာ အရှင်မြတ်က ပြန်ကြား မိန့်ဆိုသော် ဆန္နမထေရ်သည် ဘုန်းစည်ထွတ်တင် ငါ့အရှင်သည် ပရိနိဗ္ဗာန်စံပြီ၊ သံဃာ့ဘောင်က ပယ်ရှောင် ၍ တားမြစ်ချေပြီ တကားဟု သည်းစွာသော သောကဖြင့် ထိုသံဃာ့ဘောင် ဌာနဝယ် သုံးကြိမ်တိုင်အောင် မှူးမေ့ တွေဝေ၍ လဲသွားလေ၏။ ထိုနောက် ခဏ သတိရလျှင် ထပြီး ခယညွတ်လျိုး ရှိခိုးဦးတင်လျက် အရှင်သူမြတ်တို့

တပည့်တော်အား ဖျက်ဆီးခြင်းကို ပြုတော်မမူကြပါကုန်လင့်ဟု အတန်တန် အထပ်ထပ် လျှောက်ကြား တောင်းပန်လျက် ရဟန်းကျင့်ဝတ် မယွင်းမချွတ် မပျက်ပြားရအောင် ကြိုးစား အားထုတ်သည် ရှိသော် မကြာမြင့်မီပင်လျှင် ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာဖြစ်လေသည်။

သုံးခုမြောက် ဆန္နမထေရ်ဝတ္ထုပြီး၏။

၄။ မဟာကပ္ပိနမထေရ်ဝတ္ထု

အတိတ်ဝတ္ထု

ဓမ္မပီတိ သုခံ သေတိ–အစရှိသော ဤဒေသနာတော်ကို ဘုရားကိုယ်တော်မြတ်သည် ဇေတဝန် မဟာဝိဟာရ၌ ယာပထ လေးဖော်ဖြင့် မျှတ တော်မူစဉ် မဟာကပ္ပိနမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသတည်း။

ရှေးလွန်လေပြီးသောအခါ ဤဘဒ္ဒကမ္ဘာမှာသင်္ချာတွက်ကိန်း ကပ်တစ်သိန်း အကျ ကပ္ပိနမထေရ် အလောင်းသည် ပဒုမုတ္တရ ဘုရားရှင် ခြေတော်ရင်း၌ ပြုအပ်သော ဆုတောင်း ပတ္ထနာခြင်းရှိလျက် သံသရာ၌ ကျင်လည်ရသည် ရှိသော် ဗာရာဏသီပြည်မှ မနီးမဝေးသော တစ်ခုသော ရက်ကန်းသည်ရွာ၌ အကြီးအမှူး ရက်ကန်းသည်၏ အဖြစ်ဖြင့် ဖြစ်လေ၏။ ထိုအခါ တစ်ထောင်မျှ လောက်ကုန်သော အရှင်ပစ္စေကဗုဒ္ဓါတို့သည် ရှစ်လတို့ဖြင့် ဟိမဝန္တာ တော၌ သီတင်းသုံးတော်မူကြပြီး မိုးလေးလပတ်လုံး မြို့ရွာဇနပုဒ် စသည်တို့၌ နေခြင်း ပြုလေ့ရှိကုန်၏။ တစ်ကြိမ်သော အလှည့်အခါ ထိုပစ္စေကဗုဒ္ဓါအရှင်တို့သည် ဗာရာဏသီ ပြည်၏အနီး ခရီးမဝေးသော အရပ်၌ ကျောင်းကင်အထက်မှ သက်ဆင်းတော်မူပြီးသော် ကျောင်းကို ဆောက်လုပ်ခြင်းငှါ လက်အမှုပြုလုပ်သူကို တောင်းခံကြချေကုန်လောဟု ပြည့်ရှင်မင်းကြီး၏အထံသို့ ပစ္စေကဗုဒ္ဓါရှစ်ပါးတို့ကို စေလွှတ်ကုန်၏။ ထိုအခါ ပြည့်ရှင်မင်းကြီးအားလယ်ယာမိုက်ပျိုး ထွန်ယက်ခြင်းမင်္ဂလာ ပြုဆဲဖြစ်ပေ၏။ မင်းကြီးသည် ပစ္စေကဗုဒ္ဓါအရှင်တို့ ကြွလာတော်မူကုန်သတဲ့ဟု ကြားသိရ၍ထိုခဏ၌ ထွက်လာပြီးသောအခါ ကြွလာတော်မူသောအကြောင်းကို မေးမြန်းလျှောက်ထားပြီး အရှင်ဘုရား ဒကာတော်အား ယနေ့ အခွင့်မရှိပါ၊ နက်ဖြန်ခါ၌ ဒကာတော်တို့အား ဝပ္ပမင်္ဂလာ ပြုလုပ်မည့်ဆဲဆဲ ဖြစ်ပါသည်။ သုံးရက်မြောက် နေ့မှာမူကား ဒကာတော်ပြုလုပ်ပါအံ့ဟု လျှောက်ကြား၍ ထိုမင်းကြီးသည် ပစ္စေကဗုဒ္ဓါတို့ကို မပင့်ဖိတ်ဘဲ သာလျှင် နန်းအိမ်ခန်းတွင်းသို့ ဝင်သွားလေ၏။

ရက်ကန်းသည်တို့က ဝါဆိုကျောင်း လှူဒါန်းကြခြင်း

ပစ္စေကဗုဒ္ဓါ အရှင်တို့သည်လည်း အရပ်တစ်ပါးသို့ သွားတော့အံ့ဟု ဖဲကြွတော်မူကုန်၏။ ထိုခဏ၌ ရက်ကန်းသည် အကြီးအမှူး၏ မယားခင်ပွန်းမသည် တစ်စုံတစ်ခုသောပြုဖွယ်ကိစ္စဖြင့် ဗာရဏသီမြို့ကြီးသို့ သွားရောက်သည်ရှိသော် ထိုပစ္စေကဗုဒ္ဓါတို့ကို တွေ့မြင်၍ ကြည်လင်ညွတ်လျှိုး ရှိခိုးဦးချပြီးသော် အရှင်ဘုရားတို့ အချိန်မဟုတ်သည့်အခါ အဘယ်မှ ကြွလာတော်မူကြပါကုန်သနည်းဟု ဆီးကြို၍လျှောက်ထားမေးမြန်းသော် မူလမှစ၍ အကြောင်းအလုံးစုံတို့ကို အကုန်ပြန်ကြားပြောဆိုကုန်သဖြင့် ထိုအကြောင်းကို ကြားသိသောအခါ သဒ္ဓါတရားနှင့်ပြည့်စုံသော ထိုမိန်းမသည် အရှင်ဘုရားတို့ နက်ဖြန်နံနက် အရုဏ်တက်အခါ တပည့်တော်မတို့၏ ဆွမ်းကို ခံယူတော်မူပါကုန်လောဟု လျှောက်ကြားပင့်ဖိတ်၏။ နှမ ငါတို့သည် အလွန်ပင်များကုန်သည်ဟု မိန့်တော်မူကြကုန်သည်ရှိသော် အရှင်ဘုရားတို့ အဘယ်မျှလောက် ရှိပါကုန်သနည်းဟု မေးလျှောက်သဖြင့် နှမ တစ်ထောင်မျှလောက်ရှိပေကုန်သည်ဟု မိန့်တော်မူလျှင် အရှင်ဘုရား တပည့်တော်မတို့၏နေရာဖြစ်သော ဤရွာ၌ တစ်ထောင်မျှလောက်ကုန်သော ရက်ကန်းသည်တို့သည် နေထိုင်ကြပါကုန်သည်။ တစ်ဦးတစ်ဦးသော သူသည် တစ်ပါးတစ်ပါးသော အရှင်တို့အား ကြည်ရှင်သောသဒ္ဓါဖြင့် ကောင်းမွန်စွာ ဆွမ်းကို လှူဒါန်းပါလတ္တံ့၊ တပည့်တော်မ ဖိတ်ကြားသောဆွမ်းကို သည်းခံတော်မူပါကုန်လော့။ တပည့်တော်မသည်ပင် အရှင်ဘုရားတို့ သီတင်းသုံးတော်မူရာဖြစ်သောကျောင်းနေရာကို ပြုပါအံ့ဟုလျှောက်ကြား၏။ ပစ္စေကဗုဒ္ဓါ အရှင်တို့သည်လည်း သည်းခံတော်မူကုန်၏။

ထို ဒါယိကာမသည် ရွာသို့ ပြန်သွား ဝင်ရောက်ပြီးသော် ငါသည် တစ်ထောင်မျှလောက် ကုန်သော ပစ္စေကဗုဒ္ဓါအရှင်တို့ကို ဖူးမြင် တွေ့ကြုံသဖြင့် အလုံးစုံသော အရှင်တို့ကို ပင့်ဖိတ်ခဲ့၏။ အရှင်တို့၏ ထိုင်နေ သီတင်းသုံးတော်မူရာဖြစ်သော နေရာကို စီရင်ကြကုန်လော့။ ယာဂု ဆွမ်းစသည်တို့ကို ပြည့်စုံစေကြကုန်လော့ဟု ဟစ်အော် ကြွေးကြော်၍ ရွာ၏ အလယ်၌ မဏ္ဍပ်ကို ပြုလုပ်စေပြီးသော် နေရာတို့ကို ခင်းကျင်းပြီးလျှင် နက်ဖြန်မိုးသောက် ရောက်သောနေ့၌ ပစ္စေကဗုဒ္ဓါတို့ကို ထိုင်နေ သီတင်းသုံးတော်မူစေ၍ မွန်မြတ်သော ဘောဇဉ်ဖြင့် ကြည်ရှင် ပေးကမ်းလှူဒါန်းလုပ်ကျွေးပြီးလျှင် ဆွမ်းစားပြီးသည်၏ အဆုံး၌ ထိုရွာ၌ အလုံးစုံသော မိန်းမတို့ကို ခေါ်ယူပြီး ထိုမိန်းမတို့နှင့် အတူတကွ ပစ္စေကဗုဒ္ဓါ တို့ကို ရှိခိုးဦးချပြီးလျှင် သုံးလပတ်လုံး ဤအရပ်၌ ချဉ်းကပ်ရှင်ပြုး သီတင်းသုံးရန် ပဋိညာဉ်ကို ယူငင်ပန်ကြား လျှောက်ထားပြီး၍ ရွာ၌တစ်ဖန် ကြွေးကြော်ပြန်

သည့်မှာ အို မိခင် ဖခင်တို့ တစ်ဦးတစ်ဦးသောအမျိုးမှ တစ်ယောက် တစ်ယောက်သော ယောကျ်ားသည် ပုဆိုး ပဲခွပ် စသည်တို့ကို ယူ၍ တောသို့ ဝင်ပြီး အဆောက်အဦတို့ကို ဆောင်ယူခဲ့၍ အရှင်မြတ်တို့၏ သီတင်းသုံးတော်မူရာဖြစ်သော ကျောင်းကို ပြုပါကုန်လော့ဟု တိုက်တွန်း ကြွေးကြော်၏၊ ရွာ၌နေသူ လူများအပေါင်းတို့သည် ထိုမိန်းမ၏ ဟစ်အော် ကြွေးကြော်သော အသံကိုကြား၍ တစ်ယောက် တစ်ယောက်သော သူသည် တစ်ပါး တစ်ပါးသော ပစ္စေကဗုဒ္ဓါ အရှင်၏ အဖို့ကို ပြုလျက် နေ့သန့်ရာ ညဉ့် သန့်ရာတို့နှင့်တကွ သစ်ရွက်မိုးသောကျောင်းဆောင်တစ်ထောင်ကို ပြီးပြင်အောင် ပြုစေပြီးသော် မိမိဆောက်လုပ်အပ်သော ကျောင်း၌ ဝါကပ် သီတင်းသုံး ကုန်သော ပစ္စေကဗုဒ္ဓါတို့ကို ငါသည် လုပ်ကျွေးပြုစုအံ့ ငါသည် လုပ်ကျွေး ပြုစုအံ့ဟု တိုင်ပင်၍ အသီးအသီး ရိုသေကောင်းမွန်စွာ လုပ်ကျွေးပြုစုကုန်၏။ မိုးသုံးလအရောက် ဝါမှ ထမြောက်တော်မူကြသောကာလ မိမိတို့၏ သစ်ရွက် မိုးသောကျောင်း၌ သီတင်းသုံး၍ ဝါမှထမြောက်ကုန်သော အရှင်ပစ္စေကဗုဒ္ဓါ တို့အား လှူကောင်းဖွယ်ရာ သင်္ကန်းလျာ ပုဆိုးကို စီရင်ကြကုန်လော့ဟု စီရင် ပြုလုပ်စေ၍ ပစ္စေကဗုဒ္ဓါ အရှင်အပေါင်းအား အသပြာတစ်ထောင်မျှလောက် ထိုက်တန်သော သင်္ကန်းကို ပေးလှူစေ၏။ ပစ္စေကဗုဒ္ဓါအရှင်တို့သည် ဝါကျွတ် ကုန်သည် ရှိသော် အနုမောဒနာကို ပြု၍ ဖဲကြွတော်မူကုန်၏။

ရက်ကန်းသည် ရွာနေဖြစ်သော လူများအပေါင်းတို့သည်လည်း ဤသို့သော ကုသိုလ်ကောင်းမှုကံကို စီမံပြုလုပ်ပြီး ထိုဘဝမှ စုတေသည်ရှိသော် တာဝတိံသာ နတ်ပြည်၌ ဖြစ်ကြ၍ အပေါင်းအစု အဖွဲ့ဖြစ်သော ဂဏနတ်သားတို့မည်သည် ဖြစ်ကုန်၏။ ထိုနတ်အပေါင်းတို့သည် နတ်စည်းစိမ်ချမ်းသာကို ကောင်းစွာ ခံစားပြီး၍ စုတိခဲ့ကြပြန်သည်ရှိသော် ကဿပမြတ်စွာဘုရား ပွင့်တော်မူသော အခါ ဗာရာဏသီပြည်ကြီးဝယ် သူကြွယ်၏အိမ်တို့၌ ဖြစ်ကြကုန်၏။ အကြီးအမှူး ဖြစ်သော ရက်ကန်းသည်သည် အကြီးအမှူးသူကြွယ်၏ သားဖြစ်၏။ ထို ရက်ကန်းသည် အကြီးအမှူး၏ ခင်ပွန်းမယားဟောင်းသည်လည်း အကြီးအမှူး ဖြစ်သော သူကြွယ်သမီး ဖြစ်လေ၏။ ထိုမိန်းမတို့သည် အရွယ်သို့ ရောက်ကုန် သည်ဖြစ်၍ အမျိုးတစ်ပါးဖြစ်သော ခင်ပွန်းအရှင် လင်၏အိမ်သို့သွားရကုန်သည် ရှိသော် ဘဝဟောင်းက ပေါင်းသင်းဆက်ဆံ ခဲ့ဖူးသော ထိုထိုသောအရှင်လင် တို့၏သာလျှင် အိမ်သို့ ရောက်ရကုန်၏၊ ထို့နောက် တစ်နေ့သောအခါ ကျောင်း တော်၌ တရားနာကြွေးကြော်၍ မြတ်စွာသုံးလူ သဗ္ဗညူ ရှင်တော်ဘုရားသည် တရားတော်ကို ဟောတော်မူလတ္တံ့ဟု ကြားသိ၍ အလုံးစုံကုန်သော ထိုသူကြွယ် တို့သည် တရားတော်ကို နာကုန်အံ့ဟု မိမိတို့၏ မယား ခင်ပွန်းတို့နှင့်တကွ ကျောင်းတော်သို့ လာခဲ့ကြ၏၊ ထိုသူတို့၏ ကျောင်းအလယ်သို့ ဝင်ရောက်သော

ခဏ္ဍသာလျှင် မိုးကြီးသည်းထန်စွာ ထ၍ ရွာခဲ့၏။ အကြင်လူတို့အား မိမိတို့၏ အိမ်သို့ ချဉ်းကပ်ဆွမ်းခံကုန်သော ရဟန်းတို့သည် လည်းကောင်း၊ ဆွမျိုး တော်စပ်ကုန်သော ရဟန်းသာမဏေတို့သည် လည်းကောင်း ရှိကြကုန်၏။ ထိုလူတို့သည် မိမိတို့နှင့် သိကျွမ်းတော်စပ်ကုန်သော ရဟန်းသာမဏေတို့၏ ပရိဝုဏ် ကျောင်းခွင်သို့ ပြေးဝင်ကြကုန်၏၊ ထိုသူတို့အား ထိုသို့သော ရဟန်း သာမဏေတစ်ပါးမျှ မရှိသောကြောင့် တစ်စုံတစ်ခုသော ပရိဝုဏ်ကျောင်းခွင်သို့ ပြေးဝင်ခြင်းငှါ မစွမ်းနိုင်ဘဲ ကျောင်းအလယ်ဖြစ်သော ဟင်းလင်းအပြင်၌သာ ရပ်တည်၍ နေကြရကုန်၏။

အမျိုးသား အမျိုးသမီး နှစ်ထောင်တို့ စုပေါင်း ကောင်းမှုပြုခြင်း

ထိုအခါ အကြီးအမှူးဖြစ်သော သူကြွယ်က အို အချင်းတို့ ငါတို့၏ ပျက်စီးခြင်းကို ကြည့်ရှုကြပါကုန်လော့၊ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်ကား ဤမျှဖြင့် ရှက်ဖွယ်ရာ သင့်လှပြီဟု ဆို၏၊ အရှင် ယင်းသို့ ဖြစ်ခဲ့လျှင် အဘယ်သို့ ပြုကုန်အံ့နည်းဟု မေးသဖြင့် ငါတို့သည် အကျွမ်းဝင်သော နေရာဌာန တစ်ခုမျှ မရှိသောကြောင့် ဤသို့သော ပျက်စီးခြင်းသို့ ရောက်ရကုန်သည် အလုံးစုံသော ငါတို့သည် ပစ္စည်းဥစ္စာ အသပြာကို စုဆောင်း၍ ပရိဝုဏ် အရံကို ပြုကုန်အံ့ဟု ပြောလျှင် အရှင် ကောင်းလှပါပြီဟု ဝန်ခံပြောဆိုသဖြင့် အကြီးအမှူးဖြစ်သော သူကြွယ်သည် တစ်ထောင်သော အသပြာကို ထည့်သွင်း ပေးလှူ၏။ ကြွင်းကုန်သော သူကြွယ်ငယ်တို့သည် ငါးရာငါးရာစီသော အသပြာ တို့ကို ထည့်သွင်းပေးလှူကုန်၏။ မိန်းမတို့သည် နှစ်ရာ့ငါးဆယ်စီသော အသပြာ တို့ကို ထည့်သွင်းပေးလှူကုန်၏။ ထိုသူတို့၏ ဥစ္စာအပေါင်းကို စုဆောင်း သိမ်းယူပြီး အထွတ်တပ်သော ကျောင်းတစ်ထောင် အရံရှိသော မြတ်စွာဘုရား သီတင်းသုံးတော်မူရန် အလို့ငှါ ကြီးစွာသော ပရိဝုဏ်ကို ပြုခြင်းငှာ အားထုတ် ကြကုန်၏၊ ပြုလုပ်ရွက်ဆောင်ဖွယ်ဖြစ်သော အမှုသစ်ကိစ္စများက များပြား ကျယ်ဝန်းလှသည်ဖြစ်၍ စုဆောင်းအပ်သော ဥစ္စာတို့ဖြင့် မလောက်ကုန်သည် ရှိသော် ရှေးက လှူဒါန်းအပ်သော ပစ္စည်းထက် ထက်ဝက်ပိုလွန် ထပ်မံ၍ လှူဒါန်းကြရကုန်ပြန်၏ ကျောင်းပရိဝုဏ် ပြုလုပ်ခြင်းကိစ္စပြီး၍ ကျောင်း လှူဒါန်း ပူဇော်ခြင်းကို ပြုကုန်သည်ရှိသော် ဘုရားအမှူးရှိသော သံဃာတော် အား ခုနစ်ရက်တို့ပတ်လုံး အလှူဒါနကို ပေးလှူ ပူဇော်၍ နှစ်သောင်း မျှလောက်ကုန်သော သံဃာတော် အရှင်တို့အား သင်္ကန်းအလှူ ကြည်ဖြူသဒ္ဓါ ကောင်းမွန်စွာ စီရင်ပေးလှူကုန်၏ အကြီးအမှူးဖြစ်သော သူကြွယ်၏မယား သည် တစ်ပါးသောမိန်းမတို့နှင့် ထပ်တူမျှသာ မပြုမူ၍ မိမိ ဉာဏ်ပညာဖြင့်

ကောင်းစွာစီရင်လျက် သူတစ်ပါးတို့ထက် ပိုလွန်သည်ကို ပြု၍ မြတ်စွာဘုရားကို ပူဇော်အံ့ဟု ကြံ၍ အနောဇာပန်း အဆင်းရှိသော အဖိုးတစ်ထောင်ထိုက်သော ပုဆိုးနှင့် အတူတကွ အနောဇာပန်းတောင်းကို ကောင်းစွာယူခဲ့၍ အနုမောဒနာ ပြုသောအခါ၌ မြတ်စွာဘုရားရှင်ကို အနောဇာပန်းတို့ဖြင့် ပူဇော်လျှုဒါန်း၍ ထိုသက်န်းလျာပုဆိုးကို ဘုရားခြေတော်ရင်း၌ ထားပြီးလျှင် ဤသို့ဆုတောင်း၍ ပေးလျှု၏—

ဘုန်းတော်ကြီးတော်မူသော မြတ်ဘုရား တပည့်တော်မသည် ပြုစုလျှုဒါန်း အပ်သော ဤကောင်းမှုကံကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသောဌာန ဘုံဘဝ၌ တပည့်တော်မအား အနောဇာပန်းအဆင်း ရှိသည်သာလျှင် ဖြစ်သော ခန္ဓာ ကိုယ်သည် ဖြစ်ပါစေသတည်း၊ အမည်အားဖြင့်လည်း အနောဇာ မည်သည် သာလျှင် ဖြစ်ပါစေသတည်းဟု ဆုတောင်း၏။

မဟာကပ္ပိနမင်းကြီးနှင့် အနောဇာဒေဝီတို့၏ ကြီးကျယ်သော မင်းစည်းစိမ်

မြတ်စွာဘုရားရှင်သည်လည်း ဤသို့ တောင့်တတိုင်း ဖြစ်စေသတည်းဟု အနုမောဒနာကို ပြုတော်မူ၏၊ ထိုအလုံးစုံသော သူတို့သည်၊ အသက်ရှည်သမျှ ကာလပတ်လုံး တည်နေပြီး၍ ထိုဘဝမှ ပြောင်းကြွသေလွန်သည်ရှိသော် နတ် ပြည်၌ဖြစ်၍ ငါတို့ဂေါတမ လောကထွတ်ထား ဘုရားရှင်သည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူသော ဤအခါ၌ နတ်ပြည်မှ စုတိလာခဲ့၍ အကြီးအမှူး ဖြစ်သော သူကြွယ်သည်။ ကုက္ကုဋဝတီ ပြည်ဝယ် ဆယ်ရပ်သော ရာဇဒဏ် လေးတန်သော သင်္ဂဟတို့ဖြင့် ညီမျှတင့်တယ် ကြီးကျယ်သော တန်ခိုးရှိသော မင်းမျိုး၌ ဖြစ်၍ အရွယ်ရောက်သည်ရှိသော် မဟာကပ္ပိန အမည်ရသောမင်းသည် ဖြစ်လေ၏။ ကြွင်းကုန်သော သူကြွယ်တို့သည် အမတ်တို့၏ အမျိုး၌ ဖြစ်ကုန်၏။ အကြီးအမှူး သူကြွယ်၏မယားသည် မဒ္ဒရာဇ်တိုင်း သာဂလမြို့ မင်းမျိုး၌ ဖြစ်၍ အဆင်းအင်္ဂါလက္ခဏာသည် အနောဇာပန်းနှင့်တူသော သဘောရှိသဖြင့် ထို မင်းသမီးအား အနောဇာဟူသော အမည်ကို ပြုကုန်၏။ ထိုမင်းသမီးသည် အရွယ်သို့ ကျရောက်သော် မဟာကပ္ပိန မင်းကြီးအား ဆောက်နှင်း ထိမ်းမြား သဖြင့် မဟာကပ္ပိနမင်းကြီး၏ နန်းတော်သို့ လိုက်ပါသွားရောက်၍အနောဇာဒေဝီ မည်သော မိဖုရားကြီး ဖြစ်လေ၏။ ကြွင်းကုန်သော မိန်းမတို့သည်လည်း အမတ် ၏ အမျိုးတို့၌ ဖြစ်ကြ၍ အရွယ်သို့ ကျရောက်ကြကုန်သည်ရှိသော် ရှေးဘဝ

ဟောင်းက ပေါင်းသင်းဆက်ဆံခဲ့ဖူးသော အမတ်သားတို့၏ အိမ်တို့သို့သာ အသီးသီး လိုက်ပါသွားရောက်ရလေကုန်၏။ ထို အလုံးစုံကုန်သော အမတ်တို့သည် မင်းကြီးနှင့် တူမျှသော စည်းစိမ်ချမ်းသာတို့ကို ခံစားရကုန်၏။

မင်းကြီးသည် အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် ဆင်ကို တက်စီး၍ လှည့်လည်၏။ ထိုအမတ်တို့သည်လည်း ထိုအတူသာလျှင် ဆင်ကို တက်စီး၍ မင်းကြီးနှင့်အတူတကွ လှည့်လည်ကုန်၏။ မင်းကြီးသည် မြင်းကို လည်းကောင်း၊ ရထားကိုလည်းကောင်း တက်စီးလှည့်လည်သည် ရှိသော် ထိုအမတ်တို့သည်လည်း မင်းကြီးနှင့် ထပ်တူထပ်မျှ တက်စီးဆင်ယင်၍ လှည့်လည် ကုန်၏။ ဤသို့သော အခြင်းအရာဖြင့် ထိုမင်းအမတ်တို့သည် ပေါင်းစပ်ရင်းနှီး တစ်ချက်တည်း ပြုအပ်သော ကောင်းမှုကုသိုလ်ကံတို့၏ အနိသံအကျိုးဆက်ဖြင့် တစ်ပေါင်းတည်း စည်းစိမ်ချမ်းသာကို ကောင်းမွန်စွာ ခံစားကုန်၏။ မဟာ ကပ္ပိနမင်းကြီးအား ဗလ-မည်သောမြင်း၊ ဗလဝါဟန မည်သောမြင်း၊ ပုပ္ဖ-မည်သောမြင်း၊ ပုပ္ဖဝါဟန-မည်သောမြင်း၊ သုပတ္တ မည်သော မြင်းအားဖြင့် မြင်းငါးစီးတို့သည် ရှိသည်ဖြစ်ကုန်၏။ထိုမြင်းငါးစီးတို့တွင် သုပတ္တ-မည်သော မြင်းကို မင်းကြီးစီးနင်းလျက် ကြွင်းလေးစီးကုန်သော မြင်းတို့ကို သတင်းစကားကို ဆောင်ယူခြင်းငှာ ပေးလိုက်၏။ ကပ္ပိနမင်းကြီးသည် မင်းချင်းယောကျ်ား လေးယောက်တို့ကို နံနက် စောစောကပင် ဘောဇဉ် အာဟာရ ကျွေးမွေး၍ အချင်းတို့ သွားတဲ့ကြချေကုန်။ နှစ်ယူဇနာ သုံးယူဇနာ မျှလောက်သော ခရီးဒေသတို့သို့ သွားရောက် လှည့်လည်၍ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ လည်းကောင်း၊ တရားတော်မြတ်၏ လည်းကောင်း၊ သံဃာ တော်မြတ်၏လည်းကောင်း ထင်ရှား ဖြစ်ပေါ်သည်၊ မဖြစ်ပေါ်သည် တို့ကို သိအောင်ပြု၍ ငါ့အား ချမ်းသာဖွယ်ရာသော အကျိုးစီးပွားနှင့် စပ်သော သတင်းစကားကို ဆောင်ယူကြကုန်လော့ဟု စေလွှတ်၏။ ထို မင်းချင်း ယောကျ်ားတို့လည်း လေးခုသော တံခါးတို့မှ လေးမျက်နှာသော အရပ်တို့သို့ ထွက်သွား၍ နှစ်ယူဇနာ သုံးယူဇနာမျှလောက်သော ဒေသခရီးသို့ လှည့်လည်၍ သတင်းစကားထို မရသောကြောင့် ပြန်လည်၍ လာခဲ့ကြကုန်၏။

မဟာကပ္ပိနမင်းကြီး အမတ်တစ်ထောင်နှင့်တကွ မြတ်စွာဘုရားထံ သွားခြင်း

ထိုနောက် တစ်နေ့သောနေ့၌ ကပ္ပိန မင်းကြီးသည် သုပတ္တ အမည်ရှိသော မြင်းကို တက်စီးပြီးလျှင် အမတ်တစ်ထောင် ခြံရံလျက် ဥယျာဉ်တော်သို့ ထွက်တော်မူသည်ရှိသော် ခရီးစခန်း ပင်ပန်းသော သဘော ရှိကုန်သော

လှည်းကုန်သည်ငါးရာတို့ မြို့သို့ ဝင်သွားသည်တို့ကို မြင်၍ ငင်စစ်မချွတ်လျှင် ဤသူတို့သည် ပင်ပန်း နွမ်းနယ်သော အဓွန့်ရှည်သော ခရီးသွားကုန်သည်တို့ ဖြစ်ပေလိမ့်မည်။ ဤခရီးသွားတို့၏ အထံမှ ကောင်းမြတ်သော သတင်းစကား တစ်ခုကို ငါနားထောင်အံ့ဟု ကြံ၍ ထိုကုန်သည်တို့ကို ခေါ်မေတော်မူပြီးသော် အသင်တို့သည် အဘယ်အရပ်မှ လာခဲ့ကြကုန်သနည်းဟု မေး၏။ ကုန်သည်တို့က အရှင်မင်းမြတ် ဤကုက္ကုဋဝတီပြည်မှ ယူဇနာ တစ်ရာ့နှစ်ဆယ်ထက်၌ သာဝတ္ထိ အမည်ရှိသော မြို့ကြီးသည် ရှိပါသည်။ ထိုသာဝတ္ထိမြို့ကြီးမှ လာခဲ့ပါကုန်သည်ဟု ကြားလျှောက်လျှင် အိုအသင် အသင်တို့၏ အရပ်ဒေသ ဌာန၌ တစ်စုံတစ်ခု သော သတင်းစကား မှတ်သားကြားသိဖွယ်ရာ ဖြစ်ပေါ်ပါသလောဟု မေးတော်မူက အရှင်မင်းမြတ် တစ်ပါးသော အကြောင်းထူး ဝိသေသသည်ကား မရှိပါ မြတ်စွာဘုရားကိုယ်တော်မြတ် ဖြစ်တော်မူပါသည်ဟု လျှောက်ကြား၏။

ထိုခဏ၌သာလျှင် ကပ္ပိနမင်းကြီးသည် အဆင်းငါးပါးရှိသော ပီတိဖြင့် တွေ့ထိသော ကိုယ်ရှိသည်ဖြစ်၍ တစ်စုံတစ်ခုသော စကားကို မှတ်သားခြင်းငှါ မစွမ်းနိုင်ဘဲ မိန်းမောလျက် တစ်ခဏမျှလောက်ကို လွန်စေပြီးသော် အမောင်တို့ အသင်တို့သည် အဘယ်ကို ပြောကြားလိုက်ကြပါကုန်ဘိသနည်းဟု မေးတော်မူလျှင် အရှင်မင်းမြတ် မြတ်စွာဘုရားကိုယ်တော်မြတ် ဖြစ်တော်မူပါသည်ဟု လျှောက်သည်ရှိသော် ရှေးနည်းအတူသာလျှင် သုံးကြိမ်တိုင်အောင်မိန်းမောပြီး လေးကြိမ်မြောက်အကျမှ သတိရ၍ အသင်တို့သည် ဘုရားဖြစ်တော်မူ၏ ဟူသော သတင်းစကားကို ငါ့အား ရအပ်ပေ၏။ ထို့ကြောင့် အသင်တို့အား တစ်သိန်းသော အသပြာကို ငါပူဇော်ပါ၏ဟု ဆို၍ တစ်ပါးလည်းဖြစ်သော တစ်စုံတစ်ခုသော သတင်းစကားသည် ရှိပါသေးသလောဟု မေးတော်မူလျှင် အရှင်မင်းမြတ် ရှိပါသေး၏။ တရားရတနာ ဖြစ်တော်မူပါသည် ဟု လျှောက်ကြား၏။ မင်းကြီးသည် ထိုစကားကိုကြား၍လည်း ရှေးနည်းအတူ သုံးကြိမ်တိုင်တိုင် မိန်းမောလွန်မြောက်စေပြီး၍ လေးကြိမ်မြောက်အကျ၌အသင်တို့အား ဤတရားရတနာ ဖြစ်ပေါ်သော သတင်းစကားကို ကြားရ၍လည်း တစ်သိန်း သော အသပြာကို အသင်တို့အား ငါပေး၏ဟု မိန့်တော်မူပြီး၍ အမောင်တို့ တစ်ပါးသော သတင်းစကား ရှိပါသေးသလောဟု မေးတော်မူပြန်လျှင် အရှင်မင်းမြတ် ရှိပါသေးသည် သံဃာရတနာဖြစ်တော်မူပါသည်ဟု လျှောက်ကြား သောအခါ၌လည်း ထိုစကားကို ကြား၍ ရှေးနည်းအတူသာလျှင် တွေဝေမိန်း မောပြီးသော် သတိရ၍ လေးကြိမ်မြောက်အကျ၌ ဤသံဃာရတနာတည်းဟူ သောသတင်းစကားကို ပြောကြားရာ၌လည်း အသင်တို့အား တစ်သိန်းသော အသပြာကို ပေးသနားအံ့ဟု မိန့်တော်မူပြီးလျှင် တစ်ထောင်သော အမတ်တို့ကို စောင်းငဲ့ကြည့်ရှုတော်မူ၍ အမောင်တို့ ယခုအခါ၌ အသို့ပြုကုန်လတ္တံ့နည်းဟု

မေးတော်မူ၏။ အမတ်တို့က အရှင်မင်းမြတ်သည် အသို့ပြုကုန်လတ္တံ့ နည်းဟု တဖန် ပြန်၍ မေး၏။ အမောင်တို့ ငါသည်ကား ဘုရားရတနာ ဖြစ်တော်မူသည်၊ တရားရတနာ ဖြစ်တော်မူသည်၊ သံဃာရတနာ ဖြစ်တော်မူသည် ဟု ကြားပြီး၍ ပြန်သွားဆုတ်နစ်ဖို့ရာကို တစ်ကြိမ်တစ်ခါမျှ မကြံအောက်မေ့မိပေ။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ရည်ညွှန်း၍သွားရောက်၍ ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်၏ အထံ၌ ရဟန်းပြုတော့အံ့ဟု မိန့်တော်မူသော် အမတ်တို့ ကလည်း အရှင်မင်းကြီးနှင့် အတူတကွ ရဟန်းပြုပါကုန်အံ့ဟု လျှောက်၏။ မင်းကြီးသည် ရွှေပြား၌ အက္ခရာတို့ကို ရေးစေ၍ အသင် ကုန်သည်အပေါင်းတို့ အသင်တို့အား အနေ့ဇာဒေဝီ မိဖုရားသည် အသပြာသုံးသိန်းတို့ကို ပေးလတ္တံ့၊ ဤသို့လည်း လျှောက်တင်လေကုန်လော့၊ မင်းကြီးသည် အရှင်မအား အစိုးရသော မင်း၏ စည်းစိမ်ချမ်းသာကို စွန့်လွှတ်အပ်၏။ အရှင်မတို့သည် အလိုတော်ရှိတိုင်း စည်းစိမ်ချမ်းသာကို ခံစားတော်မူပါလော့ဟု စွန့်လွှတ်လိုက်သော အခြင်းအရာကို လျှောက်လေလော။ အကယ်၍ မင်းကြီးသည် အဘယ်သို့ သွားသနည်းဟု ငါတို့ကို မေးသည်ရှိသော် မြတ်စွာဘုရားကို ရည်မှန်း၍ ရဟန်းပြုအံ့သောငှါ သွားသည်ကို လျှောက်ကြား လိုက်လေလော့ဟု သတင်းစကား မှာကြားလိုက်၏။ အမတ်တို့သည်လည်း အသီးသီး မိမိ၏ မယားခင်ပွန်းတို့ထံသို့ သတင်းစကား မှာကြားပေးပို့လိုက်ကုန်၏။ ကပ္ပိနမင်းကြီးသည် လှည်းကုန်သည် တို့ကို လွှတ်လိုက်ပြီးသော် မြင်းတော်ကို တက်စီးလျက် အမတ်တစ်ထောင် ခြံရံပြီး ထိုခဏ၌ပင် ထွက်၏။

မြတ်စွာဘုရားသည် ခရီးဦး ကြိုဆိုတော်မူခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်သည်လည်း ထိုနေ့ မိုးသောက်ယံ အခါ၌ လောကကို ကြည့်ရှု ဆင်ခြင်တော်မူသည်ရှိသော် အခြံအရံနှင့် တကွသော ကပ္ပိနမင်းကြီးကို မြင်တော်မူ၍ ဤကပ္ပိနမင်းကြီးသည် ကုန်သည်တို့အထံမှ ရတနာသုံးပါးတို့ ထင်ရှားဖြစ်ပေါ်သည်ကို ကြား၍ ထိုကုန်သည်တို့ သတင်း စကားကို သုံးသိန်းကုန်သော အသပြာတို့ဖြင့် ပူဇော်ချီးမြှင့်၍ တိုင်းပြည်နှင့် တကွသော မင်း၏ စည်းစိမ်ချမ်းသာကို ပယ်စွန့်ပြီးလျှင် အမတ်တစ်ထောင် တို့ဖြင့် ခြံရံလျက် ငါဘုရားကို ရည်မှန်းပြီးသောအခါ ရဟန်းပြုခြင်းငှါ အလို ရှိသည်ဖြစ်၍ နက်ဖြန်၌ ထွက်လာလတ္တံ့။ အမတ်တစ်ထောင်အခြံရံနှင့်တကွသော ထိုမင်းကြီးသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့။ ငါဘုရား သည် ခရီးဦး ကြိုခြင်းကို ပြုခြင်းငှါ သင့်လျော်ပေသည်ဟု ကြံဆင်ခြင်တော်မူ၍ နက်ဖြန်မိုးသောက် ရောက်သောနေ့၌ သေးသိမ်သော ရွာငယ်ကို ပိုင်စားသော ရွာစား သူကြီးကို လေးကျွန်းလုံးကို အစိုးရသော စကြာမင်းသည် ခရီးဦး

ကြိုဆိုခြင်းငှာ သွားဘိသကဲ့သို့ ကိုယ်တော်တိုင်သာလျှင် သပိတ်သင်္ကန်းကို ယူတော်မူ၍ ယူဇနာ တစ်ရာ့နှစ်ဆယ် ဝေးကွာသော လမ်းခရီးသို့ ကြွသွားတော်မူပြီး စန္ဒဘာဂါမြစ်၏ ကမ်းနားဖြစ်သော ပညောင်ပင်ရင်း၌ ရောင်ခြည်တော်ခြောက်သွယ်တို့ကို လွှတ်လျက် သီတင်းသုံး ထိုင်နေတော်မူ၏။

ရတနာသုံးပါးဂုဏ်ကို ယုံကြည်မိဌာန်လျက် မြစ်သုံးတန်ကို ကူးမြောက်ခြင်း

ကပ္ပိနမင်းကြီးသည်လည်း ခရီးအစဉ်အတိုင်း ထွက်လာခဲ့သည်ရှိသော် တစ်ခုသော မြစ်သို့ရောက်၍ ဤမြစ်သည်ကား အဘယ်အမည် ရှိသနည်းဟု မေးတော်မူ၏။ အရှင်မင်းမြတ် အပရစ္ဆာမြစ် မည်ပါသည်ဟု လျှောက်လျှင် ဤမြစ်၏ ပမာဏသည် အဘယ်မျှလောက် ရှိသနည်းဟု မေးတော်မူပြန်သဖြင့် အရှင်မင်းမြတ် ဤမြစ်သည် အနက်အားဖြင့် တစ်ဂါဝုတ်မျှလောက် ရှိပါသည်၊ အကျယ်အားဖြင့် နှစ်ဂါဝုတ်မျှလောက် ရှိပါသည်ဟု ကြားလျှောက်သော် ဤမြစ်၌ လှေသည်လည်းကောင်း၊ ဖောင်သည်လည်းကောင်း တစ်စုံတစ်ခုသည် ရှိပါသလော မေးပြန်သဖြင့် အရှင်မင်းမြတ် ရှိပါ၏ဟု လျှောက်တင်လျှင် လှေစသည်တို့ကို ရှာဖွေကြည့်ရှု၍နေသော ငါတို့ကို ပဋိသန္ဓေတည်နေခြင်း၊ အိုခြင်း၊ နာခြင်း စသည်တို့သည် မပြတ်ကပ်၍ ဆောင်၏။ ငါလည်း အိုခြင်း၊ နာခြင်း၊ စသည်တို့ကို ငြီးငွေ့ စက်ဆုပ်လှသည်ဖြစ်၍ ရတနာမြတ်သုံးပါးတို့ကို ရည်မှန်းလျက် ရဟန်းပြုခြင်းငှာ ထွက်လာခဲ့၏။ ထိုရတနာမြတ် သုံးပါးတို့၏ အာနုဘော်ကြောင့် ဤမြစ်ရေသည် ရေအလျဉ်ကဲ့သို့ မဖြစ်ပါစေသတည်းဟု အောက်မေ့မိဌာန်လျက် ရတနာသုံးပါးတို့၏ ဂုဏ်ကို ဆင်ခြင်ပြီးလျှင် "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ" အစရှိသော ဘုရားဂုဏ်တော်ကို အောက်မေ့နှလုံးသွင်းလျက် အခြံအရံဖြစ်သော မြင်းတစ်ထောင်နှင့် ရေအပြင်ထက်သို့ နင်းတက်ပြေးသွား၏။ မြင်းတို့သည် ရေအပြင်ထက်သို့ နင်းတက်ပြေးသွားကုန်သည်ရှိသော် ကျောက်ဖျာ အပြင်ကဲ့သို့ဖြစ်၍ မြင်းတို့၏ ခွာအဖျားမျှတို့ကိုသာလျှင် ရေစိုစွတ်ကုန်၏။ ထိုမင်းကြီးသည် ဖြတ်သန်းကူးတက်လျက် ရှေးရှုသွားပြန်သည်ရှိသော် ထိုမှ တစ်ပါးလည်းဖြစ်သော မြစ်ကို တွေ့မြင်သဖြင့် ဤမြစ်သည်ကား အဘယ်အမည်ရှိသနည်းဟု မေး၏။ အရှင်မင်းမြတ် နီလဝါဟန-မည်ပါသည်ဟု လျှောက်တင်လျှင် ဤမြစ်၏ ပမာဏကား အဘယ်မျှ ရှိသနည်းဟု မေးတော်မူသဖြင့် အရှင်မင်းမြတ် အစောက်အနက်အားဖြင့် လည်းကောင်း၊ အကျယ်အားဖြင့် လည်းကောင်း ယူဇနာဝက်မျှလောက် ရှိပါသည်ဟု လျှောက်ထင်သည်ရှိသော် ရှေးနည်းအတူ လှေ ဖောင် စသည်ကို မေးမြန်း ရှာဖွေ မရသဖြင့် "သွာက္ခာတော ဘဂဝတာ ဓမ္မော" အစရှိသော တရားတော် ဂုဏ်တော်ကို

အာရုံပြု၍ ရေအပြင်ထက်သို့ နင်းတက်ပြေးသွားသည့်အခါ ထိုမှတစ်ပါးလည်း ဖြစ်သော မြစ်တစ်ခုကို တွေ့ပြန်၏။ ဤမြစ်သည် အဘယ်အမည်ရှိသနည်းဟု မေးတော်မူလျှင် အရှင်မင်းမြတ် စန္ဒဘာဂါ-ဟု အမည်ရှိပါသည်ဟုလျှောက်ကြား သဖြင့် ဤမြစ်၏ ပမာဏသည် အဘယ်မျှလောက် ရှိပေသနည်းဟု မေးတော် မူလျှင် အရှင်မင်းမြတ် အနက်အစောက်အားဖြင့် လည်းကောင်း၊ အပြန့် အကျယ်အားဖြင့် လည်းကောင်း တစ်ယူဇနာမျှလောက် ရှိပါသည်ဟု လျှောက်ကြား၍ ရှေးနည်းအတူသာလျှင် မေးမြန်းတော်မူပြီးသောအခါ ဤ မြစ်ကို ကူးရာ၌ ''သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော'' အစရှိသော သံဃာတော်၏ ဂုဏ်တော်ကို အောက်မေ့ဆင်ခြင်လျက် ရေအပြင်ထက်သို့ ကူးသန်းပြေးသွားလေ၏။

အမတ်တစ်ထောင်တို့နှင့် ကပ္ပိနမင်းကြီး သောတာပန် ဖော်ဘိက္ခုရဟန်း ဖြစ်ခြင်း

ထိုမြစ်ကို လွန်မြောက်၍ ရှေးရှုသွားပြန်သည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်မှ ထွန်းလင်းတောက်ပ ထွက်ကြကုန်သော ရောင်ခြည်တော်တို့ကို မြင်ရကုန်၏။ ပညောင်ပင်ကြီး၏ အကိုင်း အခက် အရွက် ဟူသမျှတို့သည် ရွှေဖြင့် ပြီးဘိသကဲ့သို့ ဖြစ်ကုန်၏၊ ကပ္ပိနမင်းကြီးသည် ကြံဆင်ခြင်သည်မှာ ဤအရောင်တို့သည်ကား လ၏ အရောင်လည်း မဟုတ်၊ နေ၏ အရောင်လည်း မဟုတ်၊ နတ် အသူရာ ဗြဟ္မာ သက္က မာရ တဖုံ ဂဠုန် နဂါးတို့၏ အရောင်လည်း မဟုတ်။ စင်စစ်မူကား ငါသည် ဘုရားကို ရည်မှန်းလျက် ရဟန်းပြုအံ့ဟု ထွက် လာသည်ကို ဂေါတမဘုရားသည် ထင်ရှားစွာ သိမြင်တော်မူ ပေလိမ့်မည်ဟု ကြံဆင်ခြင်ပြီးမှ ထိုခဏ၌သာလျှင် မင်းကြီးသည် မြင်း၏ ကျောက်ကုန်းထက်မှ ဆင်းသက်၍ညွတ်ရှိုင်းသောကိုယ်ရှိလျက် ရောင်ခြည်တော်ကို အစဉ်အောက်မေ့ ရှုမျှော်သဖြင့် ဘုရားကိုယ်တော်မြတ်၏ အထံသို့ ချဉ်းကပ်၍ ဆေးဒါန်း မြင်းသိလာရေ၌ ငုတ်ဘိသကဲ့သို့ ဘုရားရောင်ခြည်တော်တို့၏ အတွင်းသို့ ဝင်၍ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးဦးချပြီးသော် သင့်တင့်လျောက်ပတ်သော အရပ်၌ အမတ် တစ်ထောင်တို့နှင့်တကွ ထိုင်နေ၏။ မြတ်စွာဘုရားရှင်သည် ထိုမင်းကြီးအား အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူ၏။ ဒေသနာတော်၏ အဆုံး၌ မင်းကြီးသည် အခြံအရံနှင့် တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုအခါ အလုံးစုံသော သူတို့သည် နေရာမှထ၍ လက်အုပ်ချီမိုးရှိခိုးပြီးသော် ရဟန်းအဖြစ်ကို တောင်းပန်ကြကုန်၏။

မြတ်စွာဘုရားရှင်သည် အသို့နည်း ဤအမျိုးကောင်းသားတို့အား တန်ခိုးဖြင့် ပြီးသော သပိတ်သင်္ကန်းတို့သည် လာရောက်ကုန်လတ္တံ့လောဟု စူးစမ်းဆင်ခြင်တော်မူသည်ရှိသော် ဤအမျိုးကောင်းသားတို့သည် ပစ္စေကဗုဒ္ဓါအရှင်တစ်ထောင်တို့အား တစ်ထောင်သော သင်္ကန်းတို့ကို ပေးလှူဖူးကုန်၏။ ကဿပ မြတ်စွာဘုရားရှင် လက်ထက်၌လည်း နှစ်သောင်းမျှကုန်သော ရဟန်းတို့အား နှစ်သောင်းကုန်သော သင်္ကန်းတို့ကို ပေးလှူဖူးကုန်ပြီ။ ဤအမျိုးကောင်းသားတို့အား အံ့ဖွယ်ရှိသော တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းသည် လာရောက်ပေလတ္တံ့ဟု သိတော်မူ၍ လက်ယာလက်မောင်းတော်ကို ဆန့်တန်းတော်မူပြီးသော် "ထေ ဘိက္ခဝေါ စရထ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ" ဟူသော ပါဠိဖြင့် ဧဟိဘိက္ခု ခေါ်တော်မူ၏။ ထိုခဏ၌သာလျှင် ပရိက္ခရာရှစ်ပါးတို့ကို ဆောင်လွယ်လျက် ဝါတော်ခြောက်ဆယ် မထေရ်ကြီးကဲ့သို့ တရည်ထည်း အတမြောက်၍ ကောင်းကင်ထက်သို့ တက်ကြွတော်မူပြီးသော အခါ သက်ဆင်းလာခဲ့၍ မြတ်စွာဘုရားရှင်ကို ကြည်လင် ညွတ်လျှိုး ရှိခိုးဦးချ၍ ထိုင်နေကြကုန်၏။

ရတနာသုံးပါးသတင်း ပြောကြားသူတို့အား အနောဇာဒေဝီ မိဖုရားသည် အသပြာကိုးသိန်းတို့ဖြင့်ပူဇော်ခြင်း

မင်းကြီးသည် သတင်းစကားမှာကြား စေလွှတ်လိုက်သော လှည်းကုန်သည်အပေါင်းတို့သည် မင်းအိမ်နန်းတော်သို့ သွားရောက်၍ မင်းကြီးစေလွှတ်အပ်သော သတင်းစကားကို ကြားစေသော် အနောဇာမိဖုရားက လာခဲ့ကုန်လောဟု မိန့်ခေါ်သည်ရှိသော် နန်းတော်တွင်းသို့ ချဉ်းကပ်ဝင်ရောက် လျှောက်ပတ် သင့်တင့်သောနေရာ၌ ရှိခိုးဦးချ၍ တည်ကြကုန်၏။ ထိုအခါ မိဖုရားက ကုန်သည်တို့ကို အမောင်တို့သည် အဘယ်အကြောင်းကြောင့် လာခဲ့ကြကုန်သနည်းဟုမေးလျှင် အရှင်မိဖုရား မင်းကြီးသည် အကျွန်ုပ်တို့ကို အရှင်မိဖုရားတို့အထံသို့ စေလွှတ်အပ်ကုန်၏။ အသပြာ သုံးသိန်းတို့ကို အကျွန်ုပ်တို့အား ပေးလိုက်စေကုန်ပါသည်ဟု လျှောက်ကြားသော် အမောင်တို့ အသင်တို့သည် အလွန်များသည်တို့ကို ပြု၍ တောင်းဆိုကုန်ဘိသည်၊ အသို့နည်း အသင့်တို့သည် အဘယ်သို့သော အမှုသတင်းစကားကို မင်းကြီးအား ပြုလုပ်ပြောကြား ကြည်ညိုစေ၍ ဤမျှလောက်သော ဥစ္စာကို ပေးစေဘိသနည်းဟု မေးပြန်လျှင် အရှင်မိဖုရား မင်းကြီး၏ တစ်စုံတစ်ခုသော အမှုကို ပြုစုရွက်ဆောင်ရသည် မဟုတ်ပါ၊ စင်စစ်မှာ ဤမျှသော သတင်းစကားကို လျှောက်ကြားကုန်သောကြောင့် ပေးသနားတော်မူပါသည်ဟု လျှောက်သော် အသို့နည်း အမောင်တို့ ထိုသတင်းစကားကို ငါ့အားလည်း ပြောကြားခြင်းငှာ တတ်ကောင်းသည်

မဟုတ်ပါလောဟု မေးသဖြင့် အရှင်မိဖုရား တတ်ကောင်းပါ၏ဟု လျှောက်လျှင် အမောင်တို့ ထိုသို့ဖြစ်လျှင် ငါ့အားလည်း ပြောကြားပါကုန်လော့ဟု မိန့်ဆိုသော် အရှင်မိဖုရား ဘုံသုံးပါး၌ဘုရားဖြစ်တော်မူပါသည်ဟု လျှောက်၏။ မိဖုရားသည် ထိုသို့လျှောက်တင်သော စကားကို ကြား၍ ရှေးနည်းဖြင့်သာလျှင် ပီတိဖြင့် တွေ့ထိသော ကိုယ်ရှိသည်ဖြစ်၍ သုံးကြိမ်တိုင်တိုင် တစ်စုံတစ်ခုကိုမျှ မမှတ်သားနိုင်ဘဲမိန်းမော၍သွားပြီးမှ လေးကြိမ်မြောက်အကျ၌ သတိရ၍ အမောင်တို့ ဤသို့သော သတင်းစကားကို ကြားရာ၌ အသင်တို့အား မင်းကြီးသည်အဘယ်မျှလောက် ချီးမြှင့်ပေးသနားတော်မူသနည်းဟုမေးလျှင် အရှင်မိဖုရား တစ်သိန်းမျှလောက်သော အသပြာဆုဘော်ကို ပေးသနားပါသည်ဟု လျှောက်သောအခါ အမောင်တို့ မင်းကြီးသည် အသင်တို့အား ဤသို့သော သတင်းစကားကို လျှောက်ကြားရာ၌ အသပြာတစ်သိန်းကို ပေးသနား၍ ထိုက်သည်အားလျော်စွာ ချီးမြှင့်တော်မူ၏။ ငါသည်အသင်တို့အား ဆင်းရဲသားတို့၏ ပေးကမ်းသော လက်ဆောင် အသပြာ သုံးသိန်းတို့ကို ပေးပါ၏ဟု ဆိုပြီး၍ ထိုမှတစ်ပါး မင်းကြီးအား ကြားအပ်သော သတင်းစကားရှိပါသလောဟု မေးပြန်လျှင် ကြွင်းကျန်သော သတင်းစကား ရတနာနှစ်ပါးတို့၏ ဖြစ်ခြင်းကို လျှောက်ထားပြန်ကုန်၏။ ၎င်းစကားတို့ကို လျှောက်ကြားရာ၌လည်း ရှေးနည်းအတူသာလျှင် သုံးကြိမ်တိုင်အောင် မိန်းမောပြီး၍ လေးကြိမ်မြောက် အကျ အကျတို့၌ သုံးသိန်း သုံးသိန်းမျှလောက်ကုန်သော အသပြာတို့ကို ပေးစေ၏။ ဤသို့သော အစဉ်အားဖြင့် ထိုကုန်သည်တို့သည် တစ်သန်း နှစ်သိန်းကုန်သော အသပြာတို့ကို ရကုန်၏။

ထိုနောက် မိဖုရားက အမောင်တို့ မင်းကြီးသည် အဘယ်မှာနည်းဟုမေး၏။ အရှင်မိဖုရား မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ရည်မှန်းလျက် ရဟန်းပြုအံ့ဟု ထွက်ကြွတော်မူကြောင်းကို လျှောက်ထားလျှင် ငါ့အား အဘယ်သို့သော သတင်းစကားကို မင်းကြီးသည် မှာကြား မိန့်ဆိုခဲ့ပေသနည်းဟု မေးပြန်သဖြင့် အလုံးစုံအစိုးရသော စည်းစိမ်ချမ်းသာဟူသမျှကို အရှင်မတို့အား စွန့်လွှတ်ပြီး အရှင်မတို့သည် အလိုရှိတိုင်း စည်းစိမ် ချမ်းသာကို ခံစားလေကုန်လော့ဟု မှာထားခဲ့ကြောင်းကို လျှောက်လျှင် အမောင်တို့ အမတ်တို့သည် အဘယ်အရပ်သို့ သွားကြကုန်သနည်းဟု မေးပြန်သော် အရှင်မိဖုရား ထိုအမတ်တို့သည်း မင်းကြီးနှင့်အတူတကွ ရဟန်းပြုအံ့သောငှာ လိုက်ပါသွားကုန်သည်ဟု ကြားလျှောက်သဖြင့် မိဖုရားသည် အမတ်တို့၏ မယားခင်ပွန်းတို့ကို ခေါ်စေပြီးသော် မိခင်တို့ အသင်တို့၏ အရှင် ချစ်လင်တို့သည် မင်းကြီးနှင့် အတူတကွ ရဟန်းပြုအံ့ဟု လိုက်ပါ၍ သွားကုန်ပြီ၊ အသင်တို့သည် အသို့ပြုကုန်လတ္တံ့နည်းဟုမေး၏။ အရှင်မိဖုရား ကျွန်တော်မတို့အား အဘယ်သို့သော

သတင်းကို မှာကြားစေလွှတ်လိုက်ပါသနည်းဟု မေးလျှောက်သဖြင့် ထိုအမတ်တို့က အသင်တို့အား မိမိစိုးပိုင်သော စည်းစိမ်ချမ်းသာကို စွန့်လွှတ်အပ်၏။ အသင်တို့သည် အလိုရှိတိုင်း စည်းစိမ်ချမ်းသာကို ခံစားကြကုန်တော့ဟု မှာထားစေလွှတ်လိုက်ပေသည်ဟု ပြောလျှင် အရှင်မိဖုရား အသင်တို့ကား အသို ပြုကုန်အံ့နည်းဟု မေးလျှောက်ပြန်၏။

မှူးမတ်ကတော် ထစ်ထောင်နှင့် အနောဇာဒေဝီသည် ရဟန်းပြုရန် တိုင်းပြည်မှ ထွက်သွားခြင်း

မိခင်တို့ ငါတို့၏ အရှင်သခင် မင်းမြတ်သည် လမ်းခရီးအရပ်၌ တန့်ရပ်တွေ့ဆုံ ရတနာသုံးပါးတို့ဖြစ်ပုံကို ကြားရရုံ သတင်းစကားမျှဖြင့် ခရီးအကြား၌ တည်လျက်ပင် သုံးသိန်းကုန်သော အသပြာတို့ဖြင့် ရတနာသုံးပါးတို့ကို ပူဇော် ချီးမြှင့်၍ ကြီးမြင့်သော စည်းစိမ် ရိပ်ငြိမ်ချမ်းသာကို ထွေးကာစွန့်မြောက် ထံတွေးပေါက်ကဲ့သို့ စွန့်လွှတ်တော်မူပြီး ဘုရားထံမှောက် ချဉ်းရောက်သမှု ရဟန်းပြုတော့မည်ဟု ကြံစည်စိတ်ထား ထွက်သွားတော်မူချေပြီ၊ ငါသည်လည်း ရတနာသုံးပါးတို့၏ ပေါ်လာစင်စစ် ဖြစ်သောသတင်းစကားကို ကြားသိရ၍ ရတနာသုံးပါးတို့ကို အသပြာကိုးသိန်းတို့ဖြင့် ေ— ်းစွာ ပေးလှူ ပူဇော်အပ် ကုန်ပြီ။ ဤစည်းစိမ်ချမ်းသာသည် မင်းကြီးအားသာ ဆင်းရဲဒုက္ခ ဖြစ်ရသည် မဟုတ်၊ ငါ့အားလည်း ဆင်းရဲဒုက္ခ တွေ့ရောက်ရမည် ဧကန်အမှန်ဖြစ်ချေသည်။ ပြည်ကြီးသခင် အရှင်မင်းမြတ်၏ မနှစ်သက်၍ ထွေးလျက် စွန့်ပစ်အပ်သော တံတွေးပေါက်ကို ဒူးပုဆစ်တို့ထောက်၍ အဘယ်သူသည် ခံတွင်းဖြင့်ကောက်ယူ ပါအံ့နည်း။ ငါ့အား စည်းစိမ်ချမ်းသာကို ခံစားခြင်းဖြင့် အလိုမရှိပြီ။ ငါသည် လည်း ဆရာမြတ်ဖျား ဘုရားရှင်ကို ရည်မှန်းသွားရောက်၍ ဝဋ်မှထွက်မြောက်ရန် အမှု ရဟန်းပြုတော့အံ့ဟု ပြော၏။

ထိုမိန်းမတို့ကလည်း အရှင်မိဖုရား ကျွန်တော်မတို့သည် အရှင်မနှင့် အတူ တကွပင် ရဟန်းပြုပါကုန်အံ့ဟု ပြောဆိုကြသော် မိခင်တို့ စွမ်းနိုင်ပါလျှင် ကောင်းပါ၏ဟု ဆိုသဖြင့် စွမ်းနိုင်ပါ၏ဟု လျှောက်လျှင် မိခင်တို့ ကောင်းလှ ပေပြီ။ ထိုသို့ဖြစ်လျှင် လာလှည့်ကုန်လော့ဟု ခေါ်၍ ရထားတစ်ထောင်တို့ကို ပြုပြင် ယှဉ်ကစေပြီးသောအခါ ရထားထက်သို့ တက်စီး၍ ထိုမိန်းမတို့နှင့် အတူ တကွ ထွက်လာခဲ့၍ ခရီးအကြား၌ မြစ်ကို တွေ့မြင်သောအခါ မင်းကြီးမေးမြန်း အပ်သောအခြင်းအရာဖြင့် မေးမြန်းစိစစ် လျှောက်ထားသည်ကို ကြားသိရပြီး၍ မင်းကြီးကြွသွားသော လမ်းခရီးကို ကြည့်ရှုရှာဖွေကြကုန်လောဟု မိန့်တော်မူ သဖြင့် အရှင်မိဖုရား မြင်းတို့၏ ခြေရာတို့ကို မမြင်ပါကုန်ဟု လျှောက်သည်ရှိသော် မင်းကြီးသည် ရတနာသုံးပါးကို စိတ်ထားရည်မှန်းလျက် ရဟန်းပြုအံ့သောငှာ

ထွက်သွားသည် ဖြစ်ပေ၏။ မချွတ်ကေန် မှန်ကန်လှစွာ တစ်ခုသော သစ္စာကို ပြုပြီး ကူးသွားသည် ဖြစ်ပေလိမ့်မည်။ ငါသည်လည်း ရတနာသုံးပါးတို့ကို ရည်မှန်းလျက် ရဟန်းပြုအံ့သောငှာ ထွက်လာခဲ့ပေ၏။ ထိုရတနာသုံးပါးတို့၏ အာနုဘော်ဖြင့် ငါ့အား ဤရေသည် ရေအလျဉ်ကဲ့သို့ မဖြစ်ပါစေသတည်းဟု ရတနာသုံးပါးတို့၏ဂုဏ်ကို ယုံကြည်စိတ်ဘား နှလုံးသွင်း၍ ရထားတစ်ထောင်ကို စေလွှတ် မောင်းနှင်၏။ ရေအလျဉ်သည် ကျောက်ဖျာအပြင်ကဲ့သို့ဖြစ်၍ ရထားလှည်းဘီးစက်တို့၏ အဖျားအကွပ်မျှကိုသာ စိုစွတ်ကုန်၏။ ဤသို့သော အကြောင်းနည်းလမ်းဖြင့်သာ နောက်၌ မြစ်နှစ်တန်တို့ကိုလည်း လွန်မြောက်လေ၏။

မှူးမတ်ကတော်တစ်ထောင်နှင့် အနောဇာဒေဝီသည် သောတာပန်တည်ခြင်း

ထိုအခါ မြတ်စွာဘုရားကိုယ်တော်မြတ်သည် ထိုမိဖုရား၏လာသောအဖြစ်ကို သိ၍ အကြင်သို့သော အခြင်းအရာဖြင့် ပြုအပ်သည်ရှိသော် မိမိ၏အထံ၌ထိုင်နေကုန်သော ရဟန်းတို့ကို မသိမထင် မမြင်နိုင်ကုန်။ ထိုသို့သော အခြင်းအရာကို တန်ခိုးတော်ဖြင့် ပြုတော်မူ၏။ အနောဇာ မိဖုရားသည်လည်း အစဉ်အတိုင်း လာခဲ့သည်ရှိသော် မြတ်စွာဘုရား ကိုယ်တော်မြတ်မှ ထွန်းလင်း ထွက်ကြွသော ရောင်ခြည်တော်တို့ကို မြင်၍ ကပ္ပိနမင်းကြီး ကြံဆင်ခြင်သော နည်းအတိုင်း ကြံဆင်ခြင်ပြီး မြတ်စွာဘုရားကိုယ်တော်မြတ်သို့ ချဉ်းကပ်ဝပ်လျှိုး ရှိခိုးဦးချပြီးလျှင် မြတ်စွာဘုရား တပည့်တော်မ၏ အရှင်သခင်ဖြစ်တော်မူသော ကပ္ပိနမင်းကျော်သည် ကိုယ်တော်အရှင်မြတ်တို့အားရည်မှန်းလျက် ရဟန်းပြုအံ့သောငှာ ထွက်သွားပါသည်။ အရှင်ဘုရားတို့၏ ထံမှောက်သို့ လာရောက်ဟန် ရှိချေသည်တကား၊ ထိုကပ္ပိနမင်းကြီးသည် အဘယ်မှာ ရှိပါလေသနည်းဟု မေး၍ တပည့်တော်မအား ထိုကပ္ပိနမင်းကြီးကို ညွှန်ပြတော်မူပါကုန်လော့ဟု လျှောက်ကြား၏။

မြတ်စွာဘုရားရှင်က အသင်ဘို့သည် ဤအရပ်တွင်ပင် ထိုင်နေကြဦးလော့၊ အသင်တို့သည် ဤအရပ်၌ ထိုင်နေလျက်ပင် ထိုကပ္ပိနမင်းကြီးကို တွေ့မြင်ရလတ္တံ့ဟု မိန့်တော်မူ၏။ အနောဇာဒေဝီ အမှူးရှိကုန်သော အလုံးစုံသောမိန်းမတို့သည် ဤအရပ်၌ ထိုင်နေလျက်ပင် ငါတို့အရှင် ခင်ပွန်းလင်တို့ကို တွေ့မြင်ရပေကုန်လတ္တံ့ဟု ရှင်လန်းနှစ်သက် တက်ကြွသော စိတ်ရှိကုန်သည်ဖြစ်၍ ထိုင်နေကြကုန်၏။ မြတ်စွာဘုရားကိုယ်ဘော်မြတ်သည် ထိုမိန်းမတို့ကို အစဉ်သော တရားစကားဖြင့် ဟောကြား ဆုံးမတော်မူ၏။ အနောဇာဒေဝီ မဟေသီသည် အစဉ်သောတရား ဟောကြားပြီးသည်အဆုံး၌ အခြံအရံ ဖြစ်ကုန်သော

မိန်းမတို့နှင့် အတူတကွ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ မဟာကပ္ပိန မထေရ်သည်လည်း အနောဇာဒေဝီ အမှူးရှိကုန်သော ထိုမိန်းမတို့အား ရည်ညွှန်းပွားများ ဟောကြားအပ်သော တရားဒေသနာကို အနီးအပါးဖြစ် သော တစ်ခုသောနေရာက ထိုင်နေကြားနာရလျက် အခြံအရံ ဖြစ်ကုန်သော အမတ်ရဟန်းတို့နှင့်အတူတကွ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွသော အရဟတ္တ- ဖိုလ်သို့ရောက်လေ၏။ ထိုခဏ၌သာ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် အနောဇာဒေဝီ အမှူးရှိကုန်သော ထိုမိန်းမတို့အား အရဟတ္တဖိုလ်သို့ ရောက် ကုန်ပြီး မဟာကပ္ပိနမထေရ် အမှူးရှိကုန်သော ရဟန်းတို့ကို ပြတော်မူသော အားဖြင့် မြင်စေတော်မူ၏။

ထိုအနောဇာမိဖုရားနှင့် တကွသော မိန်းမတို့အား လာရောက်စ ဖြစ်သော မေးလျှောက်စဉ် ပြတော်မမူဦးဘဲ တရား ဟောကြားပြီးသည်၏ အဆုံး၌မှ ပြတော်မူခြင်းအကြောင်းမှာ ထိုမိန်းမတို့အား ရောက်လာသောခဏ၌သာလျှင် ဦးပြည်းသည်ဖြစ်၍ ဖန်ရည်စွန်းသော အဝတ်ကို ဆင်မြန်းဝတ်ဆင်ကုန်သော မိမိအရှင် ခင်ပွန်းလင်တို့ကို တွေ့မြင်ရကုန်သည်ရှိသော် စိတ်၏တည်ကြည်ခြင်း မဖြစ်ပေကုန်ရာ၊ ထိုသို့စိတ်တည်ကြည်ခြင်း မဖြစ်က တရားဟောကြားသော် လည်း မဂ်ဖိုလ်သို့ ရောက်ခြင်းငှာ မစွမ်းနိုင်ပေကုန်ရာ။ ထို့ကြောင့် မတုန်မလှုပ် သော အစလသဒ္ဓါ၌ တည်သောအခါဝယ် ထိုမိန်းမတို့အား အရဟတ္တဖိုလ်သို့ ရောက်ကုန်ပြီးသော ထိုရဟန်းတို့ကို ပြတော်မူသည်ဟု မှတ်သားရာ၏ဟု အဋ္ဌကထာ၌ မိန့်တော်မူ၏။

မှူးမတ်ကတော်ဖြစ်ထောင်တို့နှင့် အနောဇာဒေဝီသည် ရဟန္တာထေရီမဖြစ်ခြင်း

အနောဇာဒေဝီ အမှူးရှိကုန်သော ထိုမိန်းမတို့သည် ကပ္ပိနမထေရ်နှင့် တကွကုန်သော ထိုမထေရ်တို့ကို မြင်၍ တည်ခြင်းငါးပါးရှိသော ရှိခိုးခြင်းဖြင့် ကြည်လင်ညွတ်လျိုး ရှိခိုးပြီးသော် အရှင်ဘုရားတို့ အရှင်မြတ်တို့အား ရှေးဦး စွာပင် ရဟန်းကိစ္စပြီးဆုံးခြင်းသို့ ရောက်ပေကုန်သည်ဟု လျှောက်ကြားပြီးလျှင် မြတ်စွာဘုရားရှင်ကို ကြည်လင်ညွတ်လျိုး ရှိခိုးဦးချ သင့်တင့်ကောင်းမြတ် လျှောက်ပတ်သောနေရာ၌ တည်နေပြီး၍ ရဟန်းအဖြစ်ကို တောင်းပန် လျှောက်ကြားကြကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုဒါယိကာမတို့ကို အသင် တို့သည် သာဝတ္ထိပြည်သို့ သွားရောက်၍ ဘိက္ခုနီတို့၏ ကျောင်း၌ ရဟန်းပြု ကုန်လော့ဟု မိန့်တော်မူ၏။

[ဤနေရာ၌ အချို့ကုန်သော ဆရာတို့သည် အနောဇာဒေဝီ အမှူးရှိကုန်သော ဉပါသိကာမတို့သည် ရဟန်းပြုရန် တောင်းပန် လျှောက်ကြားသည်ရှိသော် မြတ်စွာဘုရားရှင်သည် ဥပ္ပလဝဏ္ဏာ ထေရီမ၏ လာခြင်းကို ကြံစည်တော်မူသဖြင့် ဥပ္ပလဝဏ္ဏာထေရီမ ရောက်လာ၍ ထိုနေရာ၌ပင် ရဟန်းပြုသည်ဟု ဆိုကြကုန်၏ဟု ၎င်းအဋ္ဌကထာ၌ မိန့်တော်မူ၏။]

အနောဇာဒေဝီ အမှူးရှိကုန်သော ထိုဒါယိကာမတို့သည် ခရီးအစဉ်အတိုင်း ဇနပုဒ်မြို့-ရွာသို့ လှည့်လည်ဆိုက်ရောက် သွားလာ၍ လမ်းခရီးအကြားဝယ် များစွာသော လူအပေါင်းတို့သည် ရှေးရှုယူဆောင် ချီးမြှင့်လုပ်ကျွေးအပ်သော ပူဇာသက္ကာရကို ခံယူသုံးစားလျက် ခြေဖြင့်သာလျှင် ယူဇနာ တစ်ရာ့နှစ်ဆယ် ရှိသော သာဝတ္ထိပြည်သို့ သွားရောက်ပြီးသော် ဘိက္ခုနီမကျောင်း၌ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည်လည်း ရဟန်းတစ်ထောင်ကို ယူတော်မူ၍ ကောင်းကင်ခရီးဖြင့်သာလျှင် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။ ထိုဇေတဝန်ကျောင်းတော်သို့ ကျရောက်သောအခါ မဟာကပ္ပိနမထေရ်သည် နေ့သန့်ရာ ညဥ့်သန့်ရာ အစရှိသည်တို့၌ "အဟောသုခံ၊ အဟော သုခံ=ဪ ချမ်းသာလေစွ၊ ဪ-ချမ်းသာလေစွ" ဟူသော ဥဒါန်းကိုကျူးရင့်တော်မူသည်ဖြစ်၍သာလျှင် လှည့်လည် သွားလာနေထိုင်လေ့ရှိ၏။ ရဟန်းတို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်သို့ ချဉ်းကပ် ဝပ်တွားလျက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မဟာကပ္ပိနမထေရ်သည် "ဪ-ချမ်းသာလေစွ၊ ဪ-ချမ်းသာလေစွ" ဟူသော ဥဒါန်းကို မြည်တမ်းရွတ်ဆိုလျက် လှည့်လည်ဘိသည်၊ ထိုမထေရ်အား မိမိ၏တိုင်းပြည် မင်းအဖြစ်တည်းဟူသော စည်းစိမ်ချမ်းသာကို ပြန်ကာ စေ့စေ့ ကြံအောက်မေ့၍ ရွတ်ဆိုလေ့ရှိ ယောင်တကားဟု လျှောက်ကြားကြကုန်၍ မြတ်စွာဘုရားရှင်သည် မဟာကပ္ပိနမထေရ်ကို ခေါ်စေတော်မူပြီးလျှင် ချစ်သား ကပ္ပိန အသင်သည် ကာမဟူသော ချမ်းသာကို ရည်မှန်းလျက် ဥဒါန်းကျူးရင့်သော ဟူသည် မှန်ပေသလောဟု မေးတော်မူသော် ဘုန်းတော်ကြီးတော်မူပေသော မြတ်စွာဘုရား တပည့်တော်သည် ကာမဂုဏ်ချမ်းသာကို ရည်မှန်းလျက် ဥဒါန်းကျူးရင့်သည်၏ အဖြစ်ကိုလည်းကောင်း၊ ကာမဂုဏ် ချမ်းသာကို မရည်မှန်းဘဲ ဥဒါန်းကျူးရင့်အပ်သည်၏ အဖြစ်ကိုလည်းကောင်း အရှင်ဘုရား သိတော်မူပါသည်ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ ငါ၏ သားတော်ဖြစ်သော ကပ္ပိနသည်

ကာမချမ်းသာ ပြည့်စုံသော ပြည့်ရှာရိပ်ငြိမ် မင်းစည်းစိမ်ကို စိတ်မြိန်လိုက်စား အကြောင်းပြုသောအားဖြင့် ဤသို့သောစကား ဥဒါန်းကို ရွတ်ဆိုကျူးရင့်သည် မဟုတ်ချေ။ ငါ၏သားတော်အား တရားတည်းဟူသော ပီတိသည် မွမ်းပြည့်တက်လစ်ကိုယ်၌ဖြစ်၏။ ထိုငါ၏သားတော်သည် သေခြင်းတရားကင်းရာ ချမ်းသာသော နိဗ္ဗာန်ကို ရည်မှန်းလျက် ဥဒါန်းကျူးရင့် လေပြီဟု မိန့်တော်မူပြီးလျှင် အနုသန္ဓေကို စပ်တော်မူ၍ တရားကို ဟောကြားတော်မူလိုသောကြောင့် ဤ ဂါထာကို မိန့်တော်မူ၏—

၇၉။ ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။

လောကုတ္တရာ တရားကို သောက်ရသူသည် ချမ်းသာစွာ အိပ်ရနေရ၏။ ပညာရှိသူသည် ဘုရားစသော အရိယာသူတော်ကောင်းတို့ သိမြင်အပ်သော ဗောဓိပက္ခိယတရား၌ ကြည်လင်သော စိတ်ဖြင့် အခါခပ်သိမ်း မွေ့လျော်ရာ၏။

ထိုဂါထာ၌ ဓမ္မပီတိ ဟူသည်=ကိုးပါးသောလောကုတ္တရာ တရားအရသာကို သောက်သူသည် တရားကိုသောက်သည်မည်၏ဟု အနက်ပေးပါဟူလို၊ ဤတရားအရသာမည်သည်ကို အိုးခွက်ဖြင့် ယာဂု စသည်တို့ကို သောက်ခြင်းကဲ့သို့ သောက်ခြင်းငှာ မတတ်နိုင်။ ကိုးပါးသော လောကုတ္တရာ တရားကိုကား နာမကာယဖြင့် တွေ့လျက် အာရုံပြုသောအားဖြင့် မျက်မှောက်ပြုလျက် ပိုင်းခြား၍ သိခြင်းစသည်တို့ဖြင့် ဒုက္ခစသော အရိယာသစ္စာတို့ကို ထိုးထွင်းသိသူသည် တရားကို သောက်သည်မည်၏။

သုခံသေတိ ဟူသည်=ဒေသနာမျှသာတည်း။ ဣရိယာပုထ် လေးပါးတို့ဖြင့် ချမ်းသာစွာ နေရ၏ဟု အနက်ပေးပါဟူလို။

ဝိပ္ပသန္နေန ဟူသည်=နောက်ကျုခြင်း မရှိသော ဟူလို။

အရိယပ္ပဝေဒိတေ ဟူသည်=ဘုရားစသော အရိယာတို့သည် ဟောကြားအပ်သောသတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရား၌ နှစ်သက်ခြင်းဖြင့် ကြည်လင်သော စိတ်ဖြင့် နေသော ပညာနှင့် ပြည့်စုံသူသည် အခါခပ်သိမ်း အထူး မွေ့လျော်၏ဟူလို။

ဒေသနာတော်၏အဆုံး၌ လူများစွာတို့သည် သောတာပန်စသည် ဖြစ်ကုန်၏

လေးခုမြောက် မဟာကပ္ပိနမထေရ် ဝတ္ထုပြီး၏။

၅-ပဏ္ဍိတသာမဏေဝတ္ထု

အတီတ်ဝတ္ထု

ဥဒက ံ ဟိ နယန္တိ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရား ရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ပဏ္ဍိတသာမဏေကို အကြောင်းပြု၍ ဟောကြားတော် မူခဲ့ပေသတည်း။

ရှေးလွန်လေပြီးသောအခါ ဤဘဒ္ဒကပ်ကမ္ဘာ၌ပင် ကဿပမြတ်စွာဘုရား ရှင်သည် ဘုရားဖြစ်တော်မူသည်ရှိသော် ထိုမြတ်စွာဘုရားရှင်သည် ဝန်းကျင် ရံပေါင်း နှစ်သောင်းမျှလောက်ကုန်သော ရဟန္တာပရိသတ်တို့ဖြင့် ဝန်းပတ် ခြံရံလျက် ဗာရာဏသီပြည်ကြီးသို့ ကြွချီတော် မူခဲ့လေသတည်း။

ထိုအခါ များစွာကုန်သော လူတို့သည် မိမိတို့ စွမ်းနိုင်လောက်သော အခြင်း အရာကို မှတ်၍ ရှစ်ယောက်မျှကုန်သော သူတို့သည်လည်းကောင်း၊ ဆယ်ယောက် မျှလောက်ကုန်သော သူတို့သည်လည်းကောင်း တစ်ပေါင်းဘစ်စုတည်းပြုပြီး အာဂန္တုကဒါနကို ပေးလှူကြကုန်၏။ ထိုနောက်တစ်နေ့သောနေ့၌ မြတ်စွာ ဘုရားသည် ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ တရားအနုမောဒနာကို ပြုတော်မူသည့်ရှိသော်-

ဒါယကာ ဒါယိကာမ အပေါင်းတို့....ဤလောက၌ အချို့ကုန်သော သူတို့ သည် မိမိ၏ ပစ္စည်းဥစ္စာကိုသာ ပေးလှူခြင်းငှာ အပ်၏။ သူတစ်ပါးတို့ကို ဆောက်တည် လှူဒါန်းစေသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု နှလုံးသွင်းရှေးရှု လျက် မိမိ၏ ပစ္စည်းဥစ္စာကိုသာ ပေးလှူ၏၊ သူတစ်ပါးကို မဆောက်တည် မလှူဒါန်း မပေးကမ်းစေ။ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘုံဘဝဌာန၌ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကိုမူကားရ၏။ အခြံအရံ၏ပြည့်စုံခြင်းကိုမရ။

အချို့သောသူသည် သူတစ်ပါးကို ဆောက်တည်လှူဒါန်းစေ၏။ မိမိသည် ပစ္စည်းဥစ္စာကို မပေးမကမ်းမလှူဒါန်း။ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘုံဘဝဌာန၌ အခြံအရံ၏ ပြည့်စုံခြင်းကိုမူကား ရ၏၊ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကိုမူကား မရလေ။

အချို့သောသူသည် မိမိသည် မပေးကမ်း မလှူဒါန်း၊ သူတစ်ပါးကိုလည်း မဆောက်တည် မလှူဒါန်းစေ။ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝ ဌာန၌ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကိုလည်းမရ၊ အခြံအရံ၏ ပြည့်စုံခြင်းကို လည်းမရ၊ စားကြွင်းစားဖြစ်၍ အသက်မြင့်ရှည် တည်နေရ၏။

အချိုသောသူသည် မိမိသည်လည်း ပေးကမ်းလှူဒါန်း၏၊ သူတပါးကိုလည်း ဆောက်တည် လှူဒါန်းစေ၏။ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝဌာနၗ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကိုလည်း ရ၏။ အခြံအရံ၏ ပြည့်စုံခြင်းကိုလည်း ရ၏ဟု ဟောကြား မိန့်မြွက်တော်မူ၏။

သံဃာတော်နှစ်သောင်းနှင့်ကဿပမြတ်စွာဘုရားအား ဆွမ်းလှူပူဇော်ပွဲကြီး

ထိုသို့ ဟောကြားတော်မူသောအခါ အနီးအပါး၌ ဟရားနာ၍နေသော ပညာရှိယောကျ်ားတစ်ယောက်သည် ကြားနာရသည်ဖြစ်၍ ကြံဆင်ခြင်သည်မှာ ငါသည် ယခုအခါ ထိုကဲ့သို့သော အခြင်းအရာကိုပြုရသည်ရှိသော်ငါ့အား နှစ်ပါးကုန်သော စည်းစိမ်ချမ်းသာတို့သည် ဖြစ်ပေကုန်လတ္တံ့ ဟုကြံ၏၊ ကြံပြီး ထိုပညာရှိယောကျ်ားသည် မြတ်စွာဘုရားကိုယ်တော်မြတ်ကို ချဉ်းကပ်ဝပ်လျှိုး ရှိခိုးဦးချပြီးသော် ဘုန်းတော်ကြီးမြတ်တော်မူပေသောမြတ်စွာဘုရား၊ နက်ဖြန်ခါ၌ တပည့်တော်၏ ဆွမ်းကိုခံယူတော်မူပါကုန်လော့ဟု လျှောက်ကြားပင့်ဖိတ်၏၊မြတ်စွာဘုရား ကိုယ်တော်မြတ်ကဒါယကာ အသင့်အားအဘယ်မျှလောက်သော ရဟန်းတို့ဖြင့် အလိုရှိဘိသနည်းဟုမေးတော်မူလျှင်ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်မြတ်တို့၏အခြံအရံရဟန်းတို့သည်အဘယ်မျှ အရေအတွက်ရှိပါသနည်းဟုမေးလျှောက်သဖြင့် ဒါယကာ နှစ်သောင်းမျှလောက်ပင်ရှိသည်ဟု မိန့်တော်မူပြန်သည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုအလုံးစုံသော ရဟန်းတို့နှင့် အတူတကွ နက်ဖြန်ခါ၌တပည့်တော်၏ ဆွမ်းကို ခံယူတော်မူပါကုန်လော့ဟု ပင့်ဖိတ်လေလျှင် မြတ်စွာဘုရားရှင်သည် သည်းခံတော်မူ၏၊ ထိုပညာရှိယောကျ်ားသည် ရွာတွင်းသို့ ဝင်၍ အို မိခင် ဖခင်တို့ အကျွန်ုပ်သည် နက်ဖြန်အလို့ငှာဘုရားအမှူးရှိသောသံဃာအပေါင်းကို ပင့်ဖိတ်ခဲ့၏။ အသင်တို့သည် အကြင်မျှလောက်ကုန်သော ရဟန်းတို့အား ပေးကမ်းလှူဒါန်းခြင်းငှာ စွမ်းနိုင်ကုန်၏။ ထိုမျှလောက် စွမ်းနိုင်ကုန်သော ရဟန်း သံဃာဘို့အား ဒါနဝတ္ထုတို့ကို ပြုစုလှူဒါန်းပါကုန်လော့ဟုပြောကြားလှည့်လည်သည်ရှိသော် ထိုသူတို့သည် မိမိတို့ စွမ်းနိုင်သော ခွန်အားကို ထောက်ချင့်တိုင်းထွာလျက် ငါတို့သည် တစ်ကျိပ်မျှလောက်သောသံဃာတော်တို့အား လှူဒါန်းပြုစုအံ့၊ ငါတို့သည် နှစ်ကျိပ်သော သံဃာတော်တို့အား ငါတို့သည် သံဃာတော်တစ်ရာတို့အား ငါတို့သည် သံဃာတော်ငါးရာတို့အား လှူဒါန်းပြုစ လုပ်ကျွေးအံ့ဟု အသီးသီး ဝန်ခံပြောဆိုသည်ရှိသော် အလုံးစုံသော သူတို့၏ စကားကိုအစမှစ၍ အစဉ်အတိုင်း ကမ္ပည်းစာ၌ ရေးမှတ်တင်ယူ၏။

အလှူဆင်းရဲသော မဟာဒုက်အကြောင်း

ထိုအခါ ရင်းဗာရာဏသီမြို့၌ အလွန်ဆင်းရဲသောကြောင့် မဟာဒုက်ဟူ၍ ထင်ရှားသော တစ်ယောက်သောယောကျ်ားသည် ရှိ၏။ထိုကမ္မည်းစာရင်းကို ကိုင်သော ယောကျ်ားပညာရှိသည် မိမိ၏မျက်မှောက်ရှေ့တွင် ထင်ရှားထည့်ရှိသော မဟာဒုက်ကိုမြင်၍ အချင်းမဟာဒုတ် ငါသည် နက်ဖြန်အလိုငှာ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဖိတ်အပ်၏။ နက်ဖြန်ခါ၌ မြို့သူမြို့သား ယောကျ်ား မိန်းမအပေါင်းတို့သည် အလှူဒါနကို လှူဒါန်းပေးကမ်းကုန်လတ္တံ့။ အသင်သည် အဘယ်မျှလောက်သော သံဃာတော်ကိုဆွမ်းလုပ်ကျွေးပြုစုနိုင်လတ္တံ့နည်းဟုမေးလျှင် မဟာဒုက်က အချင်း ငါ့အား ရဟန်းသံဃာတို့ဖြင့် အဘယ်မှာ အလိုရှိပါအံ့နည်း၊ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝကုန်သော သူတို့သည်သာ ရဟန်းသံဃာတို့ဖြင့် အလိုရှိချိမ့်မည်၊ငါ့အားမူကားနက်ဖြန်ခါဝယ် ဝမ်းတစ်ထွာမျှ သူများကဲ့သို့လုံလောက်အောင် ထမင်းကို မစားရဘဲ ယာဂုကိုသာ သုံးဆောင် စားသောက်ရသဖြင့် ယာဂုကျိုချက်ရန် အလို့ငှာဖြစ်သောဆန်တစ်ခြမ်းတစ်လုံးမျှမရှိသေးပါ၊ သူတစ်ပါးတို့၏ထံမှောက်သို့သွားရောက်သောအား အခစားဖြင့် ဝမ်းအားရှာကျွေးအသက်မွေးရသော အကျွန်ုပ်သည် ရဟန်းသံဃာဖြင့် အဘယ်မှာ အလိုရှိနိုင်ပါအံ့နည်းဟု ပြော၏။

သူတစ်ပါးတို့ကို တိုက်တွန်းနှိုးဆော်တတ်သောသူမည်သည် လိမ္မာထက်မြက်သည်ဖြစ်ပေရာ၏။ထိုကြောင့် ရင်းနှိုးဆော်သော ယောကျ်ားသည် မဟာဒုက်က မရှိဟူ၍ပြောသော စကားမျှဖြင့်ဆိတ်ဆိတ်မနေမူ၍ မဟာဒုက်၏အနီးသို့ချဉ်းကပ်လာရောက်ပြီးသော် အချင်းမဟာဒုတ်ဤဗာရာဏသီမြို့ကြီး၌ ကောင်းမွန်သော ဘောဇဉ်အရသာကို စားသုံးလျက် နူးညံ့သိမ်မွေ့ချောမွေ့လှသော အဝတ်အရုံကို ဝတ်ရုံပြီးသောအခါ အထူးထူးသော တန်းဆာတို့ဖြင့် တန်းဆာဆင်ယင်လျက် အသရေရှိသော အိပ်ရာနေရာ၌ကောင်းစွာအိပ်နေကုန်ပြီးလျှင် များစွာကုန်သော လူအပေါင်းတို့သည်ကောင်းမြတ်သော စည်းစိမ်ချမ်းသာကို ခံစားကုန်၏။အသင်သည် တစ်နေ့ပတ်လုံးအခစားအမှုကိုပြုလုပ်ပြီးအသက်မွေးရပါသော်လည်း ဝမ်းပြည့်ရုံမျှကို မရချေ၊ ဤသို့ဝမ်းပြည့်ရုံမျှမစားမသောက်ရသည်ရှိသော်လည်း ငါသည် ရှေးရှေးသော အခါ၌ ဒါနစသော ကောင်းမှုကုသိုလ်ကံကို စီမံပြုလုပ်ခြင်းမရှိသောကြောင့်တစ်စုံတစ်ခုမျှမရ၊ ဝမ်းဝအောင်မစားရဟု အသင်အောက်မေ့ဆင်ခြင်မိ၍ သိပါ၏လောဟုမေးလျှင် အရှင်သိပါ၏ဟုပြန်ပြောသဖြင့် ထိုသို့သိပါလျက် ယခုအခါ အဘယ်ကြောင့်, အသင်သည် ကောင်းမှုကို မပြုလုပ်ပါသနည်း၊ အသင်သည် ပျိုမြစ်နုနယ်ငယ်ရွယ်၍ အားခွန်ဗလနှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့် အခစားအမှုကိုပြုပြီးသောအခါ အစွမ်းသတ္တိရှိသည်အလျောက် အလှူဒါနကို ပြုလုပ်အပ်သည် မဟုတ်ပါတုံ

လောဟု ပြော၏။ မဟာဒုက်သည် ပညာရှိယောကျ်ားပြောဆိုအပ်သောစကား ကို နားထောင်လျက်ပင် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍ အရှင် အကျွန်ုပ် အား တစ်ပါးသောရဟန်းကို ကမ္ပည်းစာ၌ ရေးတင်မှတ်သား လိုက်ပါလော့၊ အကျွန်ုပ်သည် တစ်စုံတစ်ခုမျှ အခစားအမှုကိစ္စ ပြုလုပ်ပြီး တစ်ပါးသောရဟန်း အား ဆွမ်းလှူဒါန်းပါအံ့ဟု ပြောဆိုဝန်ခံ၏။

စာရင်းကိုင်သော ပညာရှိ ယောကျ်ားလည်း သံဃာတော် တစ်ပါးကိုမျှ စာရင်း၌ ရေးမှတ်တင်ထားသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု စာရင်း၌ မတင် ထားမိဘဲ ရှိလေ၏။ မဟာဒုက်လည်း အိမ်သို့ပြန်လာပြီးသော် မိမိ၏ ခင်ပွန်း မယားကို ချစ်နှမ နက်ဖြန်ခါ၌ မြို့၌နေလေ့ရှိကုန်သော လူအပေါင်းတို့သည် သံဃာတော်အား ဆွမ်းလှူဒါန်းခြင်း သံဃာ့ဘတ်ကို ပြုကြကုန်လတ္တံ့၊ ငါ့ကို လည်း နှိုးဆော် တိုက်တွန်းသော ယောကျ်ားက သံဃာတော်တစ်ပါးအား ဆွမ်းကိုပေးလှူလေလော့ဟု နှိုးဆော်တိုက်တွန်း ပြောဆိုအပ်သည်ဖြစ်၍ ငါတို့ သည်လည်း နက်ဖြန်ခါ၌ သံဃာတစ်ပါးအား ဆွမ်းလှူအံ့သောငှာ ဝန်ခံ ပြော ဆိုရှိလာခဲ့ပေသည်ဟု ပြော၏။ ထိုသူ၏ မယားခင်ပွန်းကလည်း ငါတို့သည် ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးကုန်၏၊ အဘယ်ကြောင့် အသင်သည် ဝန်ခံပြောဆို ခဲ့သနည်းဟု မညည်းမညူ မပယ်ရှားမူ၍ အရှင် အသင်သည် ကောင်းမြတ်သည် ကို ပြုအပ်ပေ၏၊ ငါတို့သည် ရှေးရှေးသောဘဝ၌ တစ်စုံတစ်ခုသော ဒါနဝတ္ထု ကို ပြုလုပ်လှူဒါန်းခြင်းမရှိသောကြောင့် ယခုဘဝ၌ ဆင်းရဲပင်ပန်းခြင်း ဖြစ်ရ ကုန်ဘိသည်၊ ငါတို့နှစ်ဦးသည် အခစားအမှုကို ပြုလုပ်ပြီးသောအခါ သံဃာတော် အရှင်တစ်ပါးအား ဆွမ်းကို ပေးလှူကုန်အံ့ ဟု ပြောဆိုပြီး ခင်ပွန်းလင်မယား နှစ်ဦးတို့သည် အိမ်မှထွက်၍ အခစားအမှု လုပ်ရာအရပ်သို့ သွားကြကုန်၏။

သေဌေးကြီး တစ်ယောက်သည် မဟာဒုက်ကို မြင်၍ အချင်း မဟာဒုက် အသင်သည် အခစားအမှုကို ပြုလတ္တံ့လောဟု မေး၏။ ပြော်ဟုတ်ပါ၏။ အရှင် ပြုပါအံ့ဟုဆိုသည်ရှိသော် အဘယ်အမှုမျိုးကိုပြုလတ္တံ့နည်းဟု မေးသဖြင့် အရှင်သေဌေးမင်း–အရှင်တို့သည် အကြင်သို့သော အမှုကို ပြုစေလိုကုန်ဘိ၏။ အရှင်တို့ အလိုရှိသော ထိုအမှုကိုသာ ပြုပါအံ့ဟု ပြောသော် ထိုသို့ဖြစ်လျှင် ကား နက်ဖြန်ခါ၌ ငါတို့သည် နှစ်ရာသုံးရာမျှလောက်ကုန်သော သံဃာတော် အရှင်မြတ်တို့ကို မွန်မြတ်ကုန်သော ဆွမ်းဘောဇဉ်တို့ဖြင့် ပြုပြင်လုပ်ကျွေး ကုန်အံ့၊ လာလှည့် ထင်းသစ်တို့ကို ခွဲစိတ်လေလော့ဟု ပဲခွပ်-ပုဆိန်ကို ထုတ် ဆောင်၍ ပေးစေ၏။ မဟာဒုက်သည် ပုဆိုးကို မြဲမြံစွာ အောက်ပိုးကြိုက်၍ ဖွဲ့ပြီးသောအခါ ကြီးစွာသော အားထုတ်ခြင်းသို့ ရောက်သည်ဖြစ်၍ ပဲခွပ်ကို ပယ်သောအခါ ပုဆိန်ကို ကိုင်ယူလျက် ပုဆိန်ကို စွန့်လွှတ်ချထားသောအခါ

ပါခွပ်ကို ကိုင်ယူလျက် လဲလှယ်ကာ ထင်းတို့ကို ပေါက်ခွဲ၏။ ထိုအခါမဟာဒုက်ကို သေဌေးကြီးက အချင်းမဟာဒုက် အသင်သည် ယနေ့အလွန်သောလုံ့လဥဿာဟ ဝီရိယသို့ ရောက်သည်ဖြစ်၍ အမှုကိစ္စကိုပြုလေဘိသည်။ အသင်အားအကြောင်း အသို့ရှိသနည်းဟု မေး၏။ အရှင် အကျွန်ုပ်သည် နက်ဖြန်အခါ၌ ရဟန်းသံဃာတော် တစ်ပါးကို ဆွမ်းကျွေးခြင်းအလို့ငှာ ပြောဆိုဝန်ခံခဲ့ပါသည်ဟု ပြော၏။ သေဌေးကြီးသည် မဟာဒုက် ပြောကြားသောစကားကို ကြားလျှင် ကြည်ရွှင်သော စိတ်ရှိသည်ဖြစ်၍ ကြံဆင်ခြင်သည်မှာ ဤသူပြုအပ်သော အမှုသည်ကား ခြေဲ အံ့ဖွယ်ရှိလေစွတကား၊ ငါသည် ဆင်းရဲငြိုငြင် ပင်ပန်းသောသူတည်းဟု ဆိတ်ဆိတ်နေခြင်းသို့ မရောက်မူ၍ အခစားမှုကို ပြုလုပ်ပြီး သံဃာတော် တစ်ပါးကို ဆွမ်းကျွေးအံ့ဟု ပြောဆိုဝန်ခံဘိသည်ဟု ကြံ၏။ ကြံပြီး၍ကား သေဌေးကြီးက မဟာဒုက်အား ထင်းတို့ကို ပေါက်ခွဲရာ၌ အသင်အား အဖိုးအခ ဤမျှပေတည်းဟု လေးကွမ်းစားသော သလေးဆန်တို့ကို ပေးစေပြီးမှ ဤသည် ကား အသင်အား ငါသည် ပြုလုပ်အပ်သော အမှုအရာ၌ နှစ်သက်၍ပေးခြင်း ပေတည်းဟု တစ်ပါးလည်းဖြစ်ကုန်သော သလေးဆန် လေးကွမ်းစားတို့ကို ပေးစေ၏။

မဟာဒုက် မယား သူဆင်းရဲမ

သေဌေးကတော်သည်လည်း မဟာဒုက်၏ မယား သူဆင်းရဲမကိုမြင်၍ မိခင် အသင်သည် အဘယ်သို့သော အမှုကို ပြုအံ့နည်းဟု မေးသည်ဖြစ်၍ အရှင်မ အကြင်အမှုကို အရှင်မတို့သည် ပြုလိုကုန်၏။ ထိုအမှုကို ပြုပါအံ့ဟု ပြောဆိုသည် ရှိသော် မောင်းတင်းကုပ်သို့ သွင်း၍ ကျည်ပွေ့ ဗန်း ဆန်ကော စသည်တို့ကို ပေးစေ၏။ ထိုသူဆင်းရဲမသည် သီးချင်းကိုရွတ်ဆို၍ က ဘိသကဲ့သို့ ရွှင်လန်း နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ကောက်ကို ထောင်းဖွပ် ပြာလွင့်၏။ ထိုအခါ သူဆင်းရဲမကို သေဌေးကတော်က မိခင်အသင်သည် အလွန်လျှင် ရွှင်လန်း နှစ်သက်ခြင်းကို ဖြစ်စေလျက် အမှုကိစ္စကို ပြုစုဆောင်ရွက်ဘိ၏။ အသင့်အား အကြောင်း အသို့ရှိသနည်းဟု မေးလျှင် အရှင်မ ကျွန်တော်မတို့သည်လည်း ဤသို့ အခစားမှုကို ပြုလုပ်ပြီး ရဟန်းသံဃာတော်တစ်ပါးကို ဆွမ်းကျွေးပါကုန် အံ့ဟု ပြောဆိုသည်ရှိသော် ထိုစကားကိုကြား၍ သေဌေးကတော်သည်လည်း ခြေဲ အံ့ဖွယ် ရှိလေစွတကား၊ ပြုနိုင်ခဲသောအမှုကို ပြုလေစွတကားဟု ကြည်ညို နှစ်သက်ခြင်း ဖြစ်လေ၏၊ ယင်းသို့ ကြည်ညိုနှစ်သက်ခြင်း ဖြစ်သောကြောင့် သေဌေးကတော်ကလည်း ထိုသူဆင်းရဲမအား တစ်ခုသော ထောပတ်အိုးငယ်ကို လည်းကောင်း၊ နို့မ်းအိုးကို လည်းကောင်း၊ ရေွတ် ချင်းကို လည်းကောင်း၊ စင်ကြယ်သန့်ရှင်းသော ဆန်တစ်ကွမ်းစားကို လည်းကောင်း၊ ပေးစေ၏။ ဤသို့

သော အခြင်းအရာဖြင့် ခင်ပွန်းလင်မယားနှစ်ဦးတို့ ရအပ်သော ဆန်တို့သည်ကား ကိုးကွမ်းစားမျှ ရှိကုန်၏။ ထိုမဟာဒုက်သည် အိမ်သို့ပြန်လာ၍ ခင်ပွန်းမယားကို ချစ်နှမ ငါသည် အခစားမှုကို ပြုအပ်သည်ဖြစ်၍ သလေးဆန်ကို ရအပ်၏။ ဤဆန်သည် ကျေးမွေးရာ ရိက္ခာ ထမင်းဟင်းသည် ဖြစ်ပေလတ္တံ့။ အသင်သည် ရအပ်သောအခဖြင့် နို့ဓမ်း ဆီ ငရုတ် ချင်းတို့ကို ဖလှယ် ဝယ်ယူပါလေလော့ဟု ဆို၏။

ထိုခင်ပွန်း လင်မယားတို့သည် ပေးလှူဖွယ်ဝတ္ထု ပစ္စည်းအစုကို ယခုဒိဋ္ဌ ငါတို့သည် ရအပ်ပေပြီဟု ကြည်လင်ရွှင်လန်း နှစ်သက်ဝမ်းသာခြင်းရှိသည်ဖြစ်၍ နံနက်စောစောကပင် ထကြကုန်၏။ မယားခင်ပွန်းမ ကမဟာဒုက်ကို အမောင်ချစ်လင် အိုအရှင် သွားတဲ့ပါချေ၊ အထွေထွေသော ဟင်းရွက်ကို နှစ်သက်ကောင်းနိုးရာ ဖွေရှာယူဆောင်ခဲ့ပါလော့ဟု ဆို၏။ မဟာဒုက်သည် ခရီးအကြားအိမ်ဈေးသို့ သွားရောက် ရှာဖွေသည်ရှိသော် ဟင်းရွက်ကို မရသောကြောင့် မြစ်ကမ်းသို့ သွားရောက်ပြီး ယနေ့ အရှင်မြတ်တို့အား ဆွမ်းဘောဇဉ်သုဒ္ဓါဘတ်ကို ဆက်ကပ်လုပ်ကျွေးခြင်းငှာ ရပေတော့မည်ဟု နှစ်သက်ရွှင်မျှ သီချင်းကို သီဆိုလျက် သစ်ရွက်တို့ကို ရွေးချယ်ဆွတ်ခူး၏။ ပိုက်ကွန်ကြီးငယ်ကိုပစ်ချ၍ တည်နေသော တံငါသည်က ဤသီချင်းသီဆိုသော အသံသည်ကား မဟာဒုက်၏ အသံဖြစ်ပေလိမ့်မည်ဟု ကြံ၍ မဟာဒုက်ကိုခေါ်ပြီးလျှင် အချင်းမဟာဒုက် အသင်သည် အလွန်လျှင် ရွှင်လန်းနှစ်သက်သော စိတ်ရှိသည်ဖြစ်၍ သီချင်းကို သီဘိ၏။ အဘယ်သို့သော အကြောင်းကြောင့် ဟင်းရွက်ကို ရွေးချယ်ဆွတ်ခူးဘိသနည်း။ အဘယ်အမှုကို ပြုလတ္တံ့နည်းဟုမေးလျှင် ရဟန်းတော်တစ်ပါးကို ဆွမ်းလုပ်ကျွေးပါမည်ဟု ပြောသဖြင့် ပြော်-အံ့ဖွယ်ရှိစွ။ ချမ်းသာခြင်းရှိတော်မူကုန်သော ရဟန်းတော် မြတ်တို့သည် အသင်၏ သစ်ရွက်ကို နှစ်သက်ကောင်းမွန်စွာ အဘယ်မှာ ဘုဉ်းပေးလိုပါအံ့နည်းဟု ဆိုသည်ရှိသော် အချင်းအသို့ ပြုပါအံ့နည်း မိမိအားရအပ်သော သစ်ရွက်ဖြင့်သာ ကျွေးမွေးပြုစုရပါတော့သည်ဟုဆိုလျှင် ထိုသို့ဖြစ်လျှင် လာလှည့်ဟု ခေါ်သဖြင့် အချင်းအဘယ်ကို ပြုရမည်နည်းဟု မေးသည့်အခါ ဤငါးတို့ကိုယူပြီး တစ်မတ်ထိုက်သောငါး၊ နှစ်မတ် ထိုက်သောငါး၊ တစ်ကျပ်ထိုက်သော ငါးတို့ကို ခြားနားစီစဉ် ရွေးချယ် တင်ဆောင်ခြင်းတို့ကို ပြုပါဘိလော့ဟု စေခိုင်းသဖြင့် ထိုသို့ စေခိုင်းတိုင်းကို ပြုပေ၏။ ဖွဲ့တိုင်းဖွဲ့တိုင်းသော ငါးတို့ကို မြို့သူမြို့သားများစွာကုန်သော လူအပေါင်းတို့သည် ပင့်ဖိတ်အပ်ကုန်သော ရဟန်း သံဃာတော်တို့၏ အကျိုးငှာ ဆောင်ယူကြကုန်၏။ ထိုမဟာဒုက်၏ ငါးကို ရွေးချယ်ထုပ်ပိုးစိစစ်၍ နေစဉ်ပင်လျှင် ဆွမ်းစားချိန် ထန်သောအခါသို့ ရောက်လေ၏။

မဟာဒုက်လင်မယားကို ကဿပမြတ်စွာဘုရား မြင်တော်မူခြင်း

မဟာဒုက်သည် အခါကိုမှတ်ပြီး အချင်း ငါသည် သွားတော့အံ့။ ဤယခု အခါသည်ကား ရဟန်းသံဃာတော်တို့ ကြွလာအံ့သောအခါသို့ ကျရောက်ချေပြီဟု ဆို၏။ အသင်အား တစ်စုံတစ်ခု ထုတ်ဆောင်ဖွဲ့သိအပ်သော တစ်ကောင်မျှသော ငါးကိုသော်လည်း ရအပ်သည် ဖြစ်ပါ၏လောဟု မေးသဖြင့် အချင်း တစ်စုံတစ်ခုမျှ မရှိပါ။ အလုံးစုံသော ငါးတို့သည် ကုန်လေပြီဟုဆိုသော် ထိုသို့ဖြစ်လျှင် ငါသည် မိမိ၏အလို့ငှာ သဲ၌တူးမြှုပ်၍ လေးကောင်ကုန်သော ငါးကြင်းတို့ကို ထားအပ်ကုန်၏။ အသင်သည် သံဃာတော်အရှင်အား အကယ်၍ ဆွမ်းကျွေးလိုသည်ဖြစ်အံ့။ ဤငါးကြင်းတို့ကို ဖော်ယူ၍ သွားလေတော့ဟု ထိုငါးတို့ကို မဟာဒုက်အား ပေးလိုက်၏။ ထိုနေ့၌ပင် မြတ်စွာဘုရားရှင်သည် နံနက်အခါ လောကကို ကြည့်ရှုတော်မူသည်ရှိသော် မဟာဒုက်သည် ကိုယ်တော်မြတ်၏ ဉာဏ်တော်တည်းဟူသော ကွန်ရက်အတွင်းသို့ ဝင်သည်ကို မြင်တော်မူ၍ အသို့ဖြစ်လတ္တံ့နည်းဟု ဆင်ခြင်တော်မူပြန်သည်ရှိသော် မဟာဒုက်သည် ရဟန်းတစ်ပါးကို ဆွမ်းပြုစုလုပ်ကျွေးအံ့ဟု မယားခင်ပွန်းနှင့် အတူတကွ ယမန်နေ့က အခစားအမှုကို ပြုသည်ကို မြင်တော်မူ၏။ အဘယ်ရဟန်းကို ရလတ္တံ့နည်းဟု ကြံစည်တော်မူပြန်သည် ရှိသော် လူများအပေါင်းတို့သည် ကမ္ပည်းစာ၌ တင်ရေးမှတ်သားသော အမှတ်သညာဖြင့် ရဟန်းတော်ကို အသီးသီး ပင့်ယူကုန်လျက် မိမိတို့အိမ်တို့၌ ထိုင်နေစေကုန်လတ္တံ့၊ မဟာဒုက်သည် ငါဘုရားကိုထား၍ ရဟန်းတစ်ပါးကိုမျှ မရသဲ ရှိလတ္တံ့ဟု စူးစမ်းဆင်ခြင်တော် မူမိ၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်တို့၏ အလေ့အကျင့်တော်သည်ကား လောက၌ အမိအဖ နှစ်ပါးတို့သည် မွေးဖွား၍ ထားကုန်သော သားသမီးအများတို့တွင် ဆင်းရဲငြိုငြင် ပင်ပန်းလျက် အထီးကျန်သော သားသမီးကိုသာ သာလွန်ကြင်နာ ကရုဏာအားကြီးသဖြင့် အထူးပင် စောင့်ရှောက်မ,စဘိသကဲ့သို့ ဆင်းရဲငြိုငြင် ပင်ပန်းလျက် အထီးကျန်သော သတ္တဝါတို့၌ သနားကြင်နာ သာ၍ ငဲ့ညှာဟော်မူဘတ်၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် နံနက်စောစောကပင်လျှင် ကိုယ်လက် သုတ်သင်ခြင်းကို ပြုတော်မူ၍ မဟာဒုက်အား ချီးမြှင့်အံ့ဟု အောက်မေ့ဆင်ခြင်တော်မူလျက် ဂန္ဓကုဋီတိုက်သို့ ကြွဝင်၍ သီတင်းသုံး ထိုင်နေတော်မူ၏။

မဟာဒုက်အား သိကြားမင်းက ကူညီလုပ်ကိုင်ပေးခြင်း

မဟာဒုက်သည်လည်း ငါးကြင်းတို့ကိုဆွဲငင်ယူဆောင်အိမ်သို့ဝင်သည်ရှိသော် သိကြားမင်းနေရာ ပဏ္ဍုကမ္ဗလာ ကျောက်နေရာသည် ကြမ်းမာပူလောင်သော အခြင်းအရာကို ပြ၏။ သိကြားမင်းသည် အကြောင်းအသို့ပေနည်းဟု ကြည့်ရှု

သည်ရှိသော် ယမန်နေ့က မဟာဒုက်သည် သံဃာတော် တစ်ပါးအား ဆွမ်း လုပ်ကျွေးအံ့ဟု မိမိမယား ခင်ပွန်းနှင့်တကွ အခစားအမှုကို ပြုပေ၏။ အဘယ် ရဟန်းကို ရလတ္တံ့နည်းဟု ဆင်ခြင်ပြန်သော် ထိုမဟာဒုက်အား တစ်ပါးသော ရဟန်းသည်မရှိ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် မဟာဒုက်အား ချီးမြှင့် ခြင်းကို ပြုအံ့ဟု ဂန္ဓကုဋိတိုက်၌ သီတင်းသုံး ထိုင်နေတော်မူ၏။

မဟာဒုက်သည် မိမိအား စွမ်းနိုင်သည်အလျောက် ပင့်မြောက်စိမ် လျော် ကန်သမှု ယာဂုဆွမ်း ဟင်းချက်ဟင်းလျာကိုလည်း မြတ်စွာဘုရားအား ပေးလှူ ပေရာ၏၊ ယခုအခါ ငါသည် မဟာဒုက်၏ အိမ်သို့သွားရောက်ပြီး ထမင်း ချက်အမှုကို ပြုမှုပင် သင့်လျော်ချေမည်ဟု ကြံ၏။ကြံပြီး၍ကား ထိုသိကြားမင်း သည် မထင်ရှားသော ယောကျ်ား၏အသွင်ဖြင့် မဟာဒုက်၏ အိမ်အနီးအပါးသို့ သွားရောက်၍ တစ်စုံတစ်ယောက်သောသူအား အခဖြင့် ငှားရမ်း၍ တစ်စုံတစ်ခု ပြုဖွယ်ကိစ္စသည် ရှိပါသလောဟု မေး၏။ မဟာဒုက်သည် ထိုလုလင်ကို မြင်၍ အဘယ်သို့သော အမှုကို ပြုလတ္တံ့နည်းဟုဆို၏။ အရှင် ငါသည် အလုံးစုံသော အတတ်ကို တတ်မြောက်၏။ငါမသိမမြင်သော အတတ်မည်သည်မရှိ ယာဂုထမင်း စသည်တို့ကို ပြည့်စုံကောင်းမြတ်အောင် စီရင်ခြင်းငှာ စွမ်းနိုင်ပါ၏ဟု ပြောလျှင် အချင်း ငါတို့သည် အသင်၏ ပြုလုပ်အပ်သော အမှုကိစ္စဖြင့် အလိုရှိပါကုန်၏။ အသင်အား ပေးကမ်းဖွယ်ရှိသော အဖိုးအခဝတ္ထုကို ကြည့်ရှု၍ ငါတို့မှာ မမြင်ကုန်ဟု ပြောသော် အသင့်အား ပြုဖွယ်ကိစ္စသည် အဘယ်နည်းဟု မေးလျှင် ရဟန်းတစ်ပါးအား ဆွမ်းကို ပေးလှူခြင်းငှာ အလိုရှိပေ၏။ ထိုသို့ ပေးလှူသောအခါ ယာဂုဆွမ်းကို ကြည့်ရှုစီမံရန် အလိုရှိပါသည်ဟု ပြောပြန် သဖြင့် ရဟန်းသံဃာတော်အား ဆွမ်းကို အကယ်၍ ပြုစုလုပ်ကျွေး လိုသည် ဖြစ်ပါအံ့။ ငါ့အား အဖိုးအခဖြင့် အလိုမရှိပါပြီ၊ ငါ့အား ကုသိုလ်ကောင်းမှု အဖို့ကို ပေးခြင်းငှာ မအပ်ပါသလောဟု ဆို၏။ထိုသို့ဖြစ်လျှင် အချင်းလာလှည့် ကောင်းစွာချက်ပြုတ် စီမံပါလောဟု ပြောဆိုဝန်ခံ၏။ သိကြားမင်းသည် မဟာဒုက်၏ အိမ်သို့ဝင်၍ ဆီ ဆန်စသည်တို့ကို ဆောင်ယူစေပြီးလျှင် အချင်း မဟာဒုက် သွားတဲ့ချေ။မိမိအား ရောက်အပ်ရအပ်သော ရဟန်းကို ပင့်ဆောင် ခဲ့ပါလောဟု ပြောဆို၍ လွှတ်လိုက်၏။

ဆွမ်းလှူဝတ် စီမံ ကြည့်ရှု ပြုစုရွက်ဆောင် စာရင်းကိုင်သော ပညာရှိ ယောကျ်ားသည် ကမ္ပည်းစာ၌ ရေးသားတင်ထားအပ်သော အမှတ်ဖြင့်သာလျှင် ထိုထိုသို့သော လူတို့၏ အိမ်တို့သို့ ရဟန်းတို့ကို လျှောက်ကြား ပင့်လွှတ်ပေ၏။ မဟာဒုက်လည်း စာရင်းကိုင်ယောကျ်ား၏ အထံသို့ သွား၍ အကျွန်ုပ်အား ရောက်အပ် ရအပ်သော ရဟန်းကို ပေးသနားတော်မူပါဟု တောင်းဆို၏။

စာရင်းကိုင် ယောကျ်ားလည်း ထိုသို့ တောင်းဆိုသောအခါ၌ သတိကိုရ၍ အချင်း မဟာဒုက် သင့်အတွက် သံဃာကို ငါမေ့လျော့၍ ရှိချေပြီဟု ပြော၏။ မဟာဒုက်သည် ထိုစကားကိုကြားလျှင် ထက်လှစွာသော လှံသွားဖြင့် နှကြား ရင်ဝမ်းကို ထက်ငန်းကျင် ပုတ်ခတ်ထိုးဆွဘိသကဲ့သို့ အချင်း ပညာရှိယောကျ်ား အဘယ်ကြောင့် အကျွန်ုပ်အား ဖျက်ဆီးပါသနည်း။ ငါသည် မတတ်မစွမ်းနိုင် သောကြောင့် မြစ်ပယ်ပါလျက်ကို ယမန်နေ့က အသင်သည် ငါ့အား တိုက်တွန်း ဆောက်တည် နှိုးဆော်အပ်သည် မဟုတ်ပါတကားလော၊ အသင်သည် နှိုးဆော် တိုက်တွန်းခြင်းကြောင့် မယား ခင်ပွန်းမနှင့်တကွ ယမန်နေ့က တစ်နေ့ပတ်လုံး ကိုယ်သက် ခန္ဓာ မငဲ့ညှာဘဲ ပင်ပန်းကြီးစွာကို ခံလျက် သူတစ်ပါးတို့၏ အထံ၌ အခစားမှုကို ပြုလုပ်ပြီးမှ ယနေ့ စောစောကပင် ဟင်းရွက်အလို့ငှာ မြစ်ဆိပ် ကမ်းပါး၌ လှည့်ပတ်ဖွေရှာလျက် လာခဲ့ပါသည်။ အကျွန်ုပ်အား သနားကြင်နာ ငဲ့ညှာတော်မူပါသဖြင့် ရဟန်းတစ်ပါးကို ပေးသနားတော်မူပါဟု အခါခါ တောင်းဆိုလျက် မောင်းလက် နှစ်ဖက်တို့ကို အထက်သို့ ချီမြှောက်ပြီး သည်းထန်စွာ ဟစ်အော် ငိုကြွေးလေ၏။

မဟာဒုက်သည် မြတ်စွာဘုရား သပိတ်တော်ကိုရခြင်း

လူအပေါင်းတို့သည် စုရုံးစည်းဝေးလာ၍ မဟာဒုက် ဤအမှုကား အကြောင်းအသို့နည်းဟု မေးကုန်သည်ရှိသော် မဟာဒုက်က ထိုအကြောင်းကို ပြန်ကြား၏၊ လူများအပေါင်းတို့သည် အလှူဝတ္ထုကို စီစဉ်သော စာရင်းကိုင် ယောကျ်ားကို အချင်း အသင်သည် ဤမဟာဒုက်ကို အခစား အမှုကို ပြုလုပ် ပြီး ရဟန်းတစ်ပါးအား ဆွမ်းအလှူကို ကြည်ဖြူရွှင်လန်း ပေးကမ်းလှူဒါန်းပါ ဟု နှိုးဆော် တိုက်တွန်း ဆောက်တည်စေသောဟူသည် ဟုတ်မှန်ပါသလောဟု မေးကြကုန်၏၊ အရှင်တို့ ဧကန် ဟုတ်ပါပေ၏ဟု ဝန်ခံ ပြောဆိုသည်ရှိသော် အသင်သည် ဝန်လေးသောအမှုကို ပြုလေစွတကား၊ အသင်သည် ဤမျှလောက် ကုန်သော ရဟန်းတို့ကို ကြည့်ရှုဆင်ခြင်၍ နေပါလျက်နှင့် ထိုမဟာဒုက်အား ရဟန်းတစ်ပါးကိုမျှ ပေးခြင်းငှာ မစွမ်းနိုင်ပါကုန်သလောဟု ပြောဆိုကြကုန်၏။ စာရင်းကိုင်ယောကျ်ားလည်း ထိုလူတို့ပြောဆိုသောစကားဖြင့် နှလုံးမသက်သာ မျက်နှာတန့်တိုခြင်းသို့ ရောက်သည်ဖြစ်၍ အချင်း မဟာဒုက် ငါ့ကို ဖျက်ဆီးခြင်း မပြုပါလင့်၊ အသင်၏ အကြောင်းကြောင့် ငါသည် ကြီးစွာသော ပျက်စီးခြင်း သို့ ရောက်ရတော့မည် ဖြစ်ချေပြီ။ လူများအပေါင်းတို့သည် ကမ္ဘည်းစာ၌ ရေးတင်မှတ်သားသော အတိုင်းအားဖြင့် မိမိအား ရောက်အပ် ရအပ်ကုန်သော ရဟန်းတို့ကို ပင့်ဆောင်၍ သွားကြချေကုန်ပြီ။ မိမိတို့၏အိမ်၌ ထိုင်နေသီတင်း သုံးပြီးသော ရဟန်းကိုလည်း တစ်ဖန် ထုတ်ဆောင်၍ ပေးရမည့် အရာလည်း

ပေးနိုင်သည် မရှိပေရာ။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည်ကား ခံတွင်းဆေးတော်မူပြီး၍ ဂန္ဓကုဋီတိုက်အတွင်း၌သာ သီတင်းသုံးတော်မူလျက် ရှိတော်မူချေသည်။ ပြည့်ရှင်မင်း မင်းသား အမတ် စစ်သူကြီး အစရှိကုန်သော သူတို့သည်လည်း မြတ်စွာဘုရား ဂန္ဓကုဋီတိုက်မှ ထွက်ကြွတော်မူခြင်းကို ကြည့်ရှုကုန်လျက် မြတ်စွာဘုရား သပိတ်တော်ကို ယူအံ့ဟု မျှော်ငံ့ဆိုင်းတွ၍ နေကြကုန်သည်။ ဘုရားရှင်တို့ မည်သည်ကား ဆင်းရဲငြိုငြင် ပင်ပန်းသောသူကို အစဉ်သနားတော်မူတတ်သည်၊ အသင်သည် ကျောင်းသို့သွားရောက်ပြီး ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည်အလွန်အကဲ ဆင်းရဲနွမ်းနယ်သောသူဖြစ်ပါသည်။ တပည့်တော်အား အစဉ်သနားတော်မူပါသဖြင့် ချီးမြှင့်ခြင်းကို ပြုတော်မူပါကုန်လော့ဟု လျှောက်ကြား၍ မြတ်စွာဘုရားကို ရှိခိုးလေလော့။ အသင်အား အကြင်အကြောင်းမှုဘုန်းကံရှိသည် ဖြစ်ခဲ့အံ့၊ မချွတ်မြတ်စွာဘုရား သပိတ်တော်ကို အသင်ရလတ္တံ့ဟု ညွှန်ကြားပြောဆို၍ စေလွှတ်လိုက်၏။

မဟာဒုက်သည်လည်း ကျောင်းသို့ သွား၏။ ထိုအခါ မဟာဒုက်ကို တစ်ပါးကုန်သော နေ့တို့၌ ကျောင်းတော်ဝယ် စားကြွင်းစား၏ အဖြစ်ဖြင့် မြင်ဖူးသောကြောင့် မင်း မင်းသား မင်းချင်းယောကျ်ား စသည်တို့က အချင်းမဟာဒုက် အခုအခါ၌ ဆွမ်းစားသော အချိန်အခါမဟုတ်သေး၊ အဘယ်ကြောင့်အသင်လာဘိသနည်းဟု ဆိုကြကုန်၏။ မဟာဒုက်လည်း အရှင်တို့ အကျွန်ုပ်သည် ဆွမ်းစားချိန်မဟုတ်သေးသည်ကို သိပါ၏။ မြတ်စွာဘုရားရှင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးခြင်းငှာ လာရောက်ပါသည်ဟု ပြောဆိုပြီးလျှင် သွားရောက်၍ ဂန္ဓကုဋီတိုက် လှေကားခုံ၌ ဦးခေါင်းကို ထားပြီးသော် ထိခြင်းငါးပါးဖြင့် ရှိခိုးပြီးသော် ဤသို့ လျှောက်ကြား၏—

ဘန္တေ လ္ခမသ္မိ နဂရေ မယာ ဒုဂ္ဂတတရော နတ္ထိ၊ အဝဿယော မေ ဟောထ ကရောထ မေ သင်္ဂဟံ—

ဘုန်းတော်ကြီးတော်မူပေသော မြတ်စွာဘုရား ဤဗာရာဏသီ မြို့တော်ကြီး၌ တပည့်တော်အောက် ယုတ်နိမ့်ပြီး ဆင်းရဲငြိုငြင် ပင်ပန်းသောသတ္တဝါသည် တစ်စုံတစ်ယောက်မျှ မရှိပါ။ အရှင်ဘုရားတို့သည် တပည့်တော်၏ ကိုးကွယ်ရာ မှီခိုရာ ဖြစ်တော်မူပါကုန်လော့။ တပည့်တော်အားအစဉ်သနားတော်မူပါသဖြင့် သင်္ဂြိုဟ်ချီးမြှင့်ခြင်းကို ပြုတော်မူပါကုန်လော့ဟု လျှောက်ကြား၏

မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋီတိုက် တံခါးကို ဖွင့်၍ သပိတ်တော်ကို ထုတ်တော်မူပြီးလျှင် မဟာဒုက်၏ လက်၌ တင်ထား ပေးလှတ်လိုက်၏။ မဟာဒုက်လည်း မြတ်စွာဘုရား သပိတ်တော်ကို ရလျှင် စကြာမင်း၏အဖြစ်သို့ ရောက်သကဲ့သို့ ဖြစ်လေ၏။

မဟာဒုက်ထံမှ မြတ်စွာဘုရားသပိတ်တော်ကို ဝယ်ကြခြင်း

မင်း မင်းသား အမတ် စစ်သူကြီး စသည်တို့သည် အချင်းချင်း တစ်ယောက်သည် တစ်ယောက်အား မျက်နှာကို ကြည့်ရှုကြကုန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ပေးသနားတော်မူအပ်သော သပိတ်တော်ဖြစ်၍ တစ်စုံတစ်ယောက်သော သူမျှလည်း အစိုးရသဖြင့် ယူခြင်းငှာ စွမ်းနိုင်သောသူမည်သည် မရှိလေ။ အချင်းမဟာဒုက် ငါတို့အား မြတ်စွာဘုရား သပိတ်တော်ကို ပေးပါလော့၊ အသင့်အား ဤမျှလောက်ကုန်သော အသပြာတို့ကို ပေးပါကုန်အံ့၊ အသင်သည် ဆင်းရဲငြိုငြင် ပင်ပန်းလှသည် ဖြစ်သောကြောင့် ပစ္စည်းဥစ္စာကိုသာ ယူပါဘိလော၊ ဘုရားသပိတ်တော်ဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း ဟု ပြောဆိုကြကုန်၏။ မဟာဒုက်လည်း တစ်စုံတစ်ယောက်သော သူကို မပေးတော့အံ့၊ ငါ့အား ဥစ္စာဖြင့် အလိုမရှိ၊ မြတ်စွာဘုရားရှင်ကိုသာ ဆွမ်းလုပ်ကျွေးအံ့ဟု ပြော၏။ ကြွင်းကုန်သော လူများအပေါင်းတို့သည် သပိတ်ကိုတောင်း၍ မရသောကြောင့် ပြန်သွားကြကုန်၏။ ပြည့်ရှင်မင်းကြီးသည်ကား ကြံဆင်ခြင်တော်မူသည်မှာ မဟာဒုက်သည် ပစ္စည်းဥစ္စာဖြင့် ဖြားယောင်းဖျောင်းဖျပါသော်လည်း မြတ်စွာဘုရားသပိတ်တော်ကို မပေး၊ မြတ်စွာဘုရားရှင်သည် ကိုယ်တော်တိုင် သနားဘော်မူအပ်သော သပိတ်တော်ဖြစ်၍ အတင်းယူဆောင်ခြင်းငှာလည်း မစွမ်းနိုင်၊ ဤမဟာဒုက် လှူဒါန်းဖွယ်ဝတ္ထုကား အဘယ်မျှ ဖြစ်လတ္တံ့နည်း၊ မဟာဒုက်သည် လှူဖွယ်ဝတ္ထုကို ပြုစုပေးလှူသောအခါ၌ မြတ်စွာဘုရားကို ပင့်ယူ၍ နန်းအိမ်တော်သို့ဆောင်ပြီးလျှင် စီရင်အပ်သော ငါ၏ဆွမ်းဘောဇဉ်အာဟာရကို လှူဒါန်းအံ့ဟု ကြံ၍ မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့်အတူတကွသာလျှင် လိုက်သွား၏။ သိကြားနတ်မင်းသည်လည်း ယာဂုခဲဖွယ် ဆွမ်း၊ ဆွမ်းဟင်းစသည်တို့ကို ပြည့်စုံစေ၍ မြတ်စွာဘုရား ကိုယ်တော်မြတ်ဘို့သည်သာ ထိုင်နေ သီတင်းသုံးခြင်းငှာ ထိုက်သော နေရာကို ခင်းစေ၍ ထိုင်နေ၏။

မဟာဒုက်သည် မြတ်စွာဘုရားရှင်ကို ပင့်ဆောင်၍ အရှင်ဘုရား ကြွဝင်တော် မူပါကုန်လော့ဟု လျှောက်ကြား၏။ ထိုမဟာဒုက်၏ နေရာဖြစ်သော အိမ်သည်ကား နိမ့်၏။ မညွတ်ရှိုင်း မကိုင်းညွတ်ဘဲ ပင်ခြင်းငှာ မစွမ်းနိုင်၊ ဘုရားတို့မည်သည် ကြွဝင်တော်မူသည်ရှိသော် ညွတ်ကိုင်း၍ ကြွဝင်တော်မူခြင်း

မည်သည်မရှိ၊ ထို့ကြောင့် မြတ်စွာဘုရားသည် မဟာဒုက်၏ အိမ်သို့ ကြွဝင်တော်မူသောအခါ၌ မဟာပထဝီမြေကြီးသည် အောက်သို့ နိမ့်၍ သက်၏။ အိမ်သည် အထက်သို့မြင့်၍ တက်၏။ အဝိညာဏက ဖြစ်ကုန်သော မြေ အိမ်ကို ဤသို့ဖြစ်ရခြင်းသည်ကား ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်တို့အား ပါရမီကို ဖြည့်ဆည်းပူးတော်မူစဉ်အခါက ကောင်းစွာ ပေးကမ်းလှူဒါန်းအပ်သောဒါန၏ အကျိုးဆက် အာနိသံသပေတည်း။ တစ်ဖန် မြတ်စွာဘုရား ထွက်ကြွတော်မူသောအခါ၌ မြေ အိမ်တို့သည် ပကတိအတိုင်းသာလျှင် ဖြစ်လေ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် တံတံမတ်မတ် ရပ်နေတော်မူလျက်သာလျှင် မဟာဒုက်၏ အိမ်သို့ ကြွဝင်တော်မူ၍ သိကြားမင်း ခင်းထားအပ်သော နေရာ၌ ထိုင်နေ သီတင်းသုံးတော်မူ၏။

မြတ်စွာဘုရား ထိုင်နေသီတင်းသုံးတော်မူသည်ရှိသော် မင်းကြီးက အချင်း မဟာဒုတ် ငါတို့ ကောင်းပါကုန်သော်လည်း မြတ်စွာဘုရား သပိတ်တော်ကို မပေး၊ ငါတို့သည် ကြည့်ရှုကုန်အံ့။ အသင်သည် အဘယ်သို့သော လှူဖွယ်ဝတ္ထုဖြင့် မြတ်စွာဘုရားရှင်ကို ပူဇော်လှူဒါန်းလတ္တံ့နည်းဟု ဆို၏။ ထိုအခါ မင်းကြီးအား သိကြားမင်းသည် ယာဂု ခဲဖွယ် စသည်တို့ကို ဖွင့်လှစ်၍ ပြပေ၏။ ထို ယာဂု ခဲဖွယ်တို့၏ ထုံအပ်သော အနံ့သည် အလုံးစုံသော မြို့ကို ဖုံးအုပ်ပျံ့နှံ့ရှိတည်၏။ မင်းကြီးသည် ယာဂု ခဲဖွယ်-အစရှိသည်တို့ကို ကြည့်ရှုပြီးသော် မြတ်စွာဘုရားရှင်ကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဒကာတော်သည် မဟာဒုက်၏ လှူဖွယ်ဝတ္ထုသည် အဘယ်သို့ ကောင်းမွန်လတ္တံ့နည်း။ ဤမဟာဒုက်သည် မကောင်းညံ့ဖျင်းသော လှူဖွယ်ဝတ္ထုကို ပေးလှူသောအခါ၌ မြတ်စွာဘုရားရှင်ကို နန်းအိမ်တော်သို့ ဆောင်၍ မိမိအား စီရင်၍ ထားအပ်သော ခဲဖွယ် ဘောဇဉ် အာဟာရကို လှူဒါန် ပေးကမ်းမည် ကြံရည်စိတ်တွင်း နှလုံးသွင်း၍ လိုက်ပါခဲ့ပါသည်။ ဒကာတော်သည် ဤသို့သဘောရှိသော အစာ အာဟာရကို ရှေးအခါ ကာလက တစ်ရံခါမျှ မတွေ့မထင် မမြင်ဖူးပါ၊ ဒကာတော်သည် ဤအရပ်၌ တည်နေသည်ရှိသော် မဟာဒုက်သည် ပင်ပန်းနွမ်းနယ်ခြင်း ဖြစ်ပေလိမ့်မည်။ ဒကာတော်သည် သွားပါတော့အံ့ဟု လျှောက်ကြား၍ မြတ်စွာဘုရားကို ရှိခိုးဦးချပြီးသော် ဖဲသွားလေ၏။

မဟာဒုက်အိမ်၌ ရတနာခုနစ်ပါး မိုးကြီးရွာခြင်း

သိကြားမင်းသည်လည်း မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ယာဂုခဲဖွယ် စသည်တို့ဖြင့် ရိုသေကောင်းမွန်စွာ လုပ်ကျွေး ပူဇော်၏။ မြတ်စွာဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသည် အဆုံး၌ အနုမောဒနာကို ပြုနေရာမှ ထတော်မူပြီး ဖဲကြွတော်မူ၏။ သိကြားမင်းသည် မဟာဒုက်အား အမှတ်သညာကိုပေးသဖြင့်

မဟာဒုက်သည် သပိတ်တော်ကို ယူပြီးသောအခါ မြတ်စွာဘုရား ကိုယ်တော်မြတ်၏ နောက်တော်သို့ အစဉ်လိုက်၍ ပို့၏။ သိကြားမင်းသည် ဆုတ်နစ်ပြန်လည်ပြီး မဟာဒုက်၏ အိမ်တံခါးဝ၌ ရပ်လျက် ကောင်းကင်သို့ ကြည့်ရှု၏။ ထိုခဏ၌သာလျှင် ကောင်းကင်မှရတနာခုနစ်ပါး အတိပြီးသော မိုးကြီးရွာ၍ မဟာဒုက်၏အိမ်၌ အလုံးစုံသော အိုးခွက်တို့ကို ပြည့်စေပြီးလျှင် တစ်အိမ်လုံးကို ပြည့်လျှံပေသဖြင့် ထိုအိမ်၌ လူနေရာဖြစ်သော တစ်စုံတစ်ခုသော နေရာသည် မကြွင်းမကျန်ဘဲ ရှိလေ၏။ မဟာဒုက်၏ မယားခင်ပွန်းမသည် သားတို့ကို လက်တို့၌ ဆွဲကိုင်ထုတ်ဆောင်၍ အိမ်၏အပ ပြင်ဘက်၌ ရပ်တည်၍ နေရ၏။ မဟာဒုက်သည် မြတ်စွာဘုရားရှင်ကို အစဉ်ပို့လိုက်ပြီးမှ ဆုတ်နစ်ပြန်လည်၍ လာခဲ့သောအခါ အိမ်မှ အပ၌ တည်နေရကုန်သော သားငယ်တို့ကို မြင်၍ ဤအမှုကား အကြောင်း အဘယ်သို့နည်းဟု မေး၏။ အရှင် ငါတို့ အိမ်အလုံးစုံသည် ရတနာခုနစ်ပါးတို့ဖြင့် ပြည့်သည်ဖြစ်၍ ဝင်ခြင်းငှာ အခွင့်ကို မရ၊ အရပ်ဒေသမရှိပါဟု ပြော၏။ မဟာဒုက်သည် ယနေ့ပင်လျှင် ငါလှူဒါန်းအပ်သော ဒါနသည် အကျိုးပေးလေပြီဟု သိ၍ မင်းကြီး၏ထံမှောက်သို့ သွားရောက် ရှိခိုးရပ်တည်၏၊ အဘယ်ကြောင့် လာရောက်သနည်းဟု မင်းကြီး မေးတော်မူသည်ရှိသော် မဟာဒုက်က အရှင်မင်းမြတ် အကျွန်ုပ်၏အိမ်သည် ရတနာခုနစ်ပါးတို့ဖြင့် ပြည့်၍နေ၏။ ထိုပစ္စည်းဥစ္စာတို့ကို သိမ်းဆည်းတော်မူပါလော့ဟု လျှောက်ကြား၏။ မင်းကြီးသည် ယနေ့ ဘုရားရှင်တို့အား လှူဒါန်းအပ်သော ဒါနသည် ယနေ့ပင် အဆုံးသို့ ရောက်လေသည်ဟု ကြံပြီးသော် မဟာဒုက်ကို အဘယ်ကို ရခြင်းငှာ အပ်ပေသနည်းဟု မေးတော်မူလျှင် အရှင်မင်းမြတ် ပစ္စည်းဥစ္စာကို ဆောင်ယူသယ်ပိုးခြင်းငှာ လှည်းတစ်ထောင်တို့ကို ရခြင်းငှာ အပ်ပါသည်ဟု လျှောက်ကြား၏။ မင်းကြီးသည် လှည်းတစ်ထောင်တို့ကို စေလွှတ်၍ ဆောင်ယူစေပြီးလျှင် မင်းရင်ပြင်၌ စုပုံစေသဖြင့် ထန်းတစ်ပင်အရပ်မျှ ပမာဏရှိသော ရတနာအစုအပုံသည် ဖြစ်လေ၏။ မင်းကြီးသည် မြို့သူ မြို့သား အပေါင်းတို့ကို စည်းဝေးစေ၍ ဤမြို့၏ အတွင်း၌ ဤမျှလောက် ပစ္စည်းဥစ္စာပေါများကြွယ်ဝသော တစ်စုံတစ်ယောက်သောသူသည် ရှိပါသလောဟု မေးတော်မူ၏။ အရှင်မင်းမြတ် တစ်စုံတစ်ယောက်မျှ မရှိပါဟု လျှောက်ကြားကုန်သည်ရှိသော် ဤမျှလောက် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသောသူကို အဘယ်သို့ပြုခြင်းငှာ အပ်ပါသနည်းဟု မေးတော်မူပြန်သဖြင့် အရှင်မင်းမြတ် သဌေးကြီးတို့ ရာထူးကို ချီးကျူးမြှောက်စား ပေးသနားတော်မူခြင်းငှာ အပ်ပါသည်ဟူ၍ လျှောက်ကြားကြသောကြောင့် ထိုမဟာဒုက်အားကြီးစွာသော ပူဇာသက္ကာရကို ပြု၍ သဌေးကြီးရာထူးကို ပေးသနားတော်မူ၏။

ထိုနောက် သေဋ္ဌေးရာထူးကိုရပြီးသော မဟာဒုက်အား ရှေးအခါ တစ်ဦးသော သေဋ္ဌေးသည် နေဖူးသော အိမ်နေရာကို ညွှန်ကြား၍ ဤနေရာ၌ ပေါက်ရောက်ကုန်သော ချုံပိတ်ပေါင်းတို့ကို ထုတ်ဆောင် ရှင်းလင်းစေပြီးသော် အိမ်ကို ဆောက်လုပ်၍ နေလော့ဟု ဆို၏။ မဟာဒုက်သေဋ္ဌေးအား ထိုနေရာကို သုတ်သင်ရှင်းလင်း၍ ညီညွတ်သည်ကိုပြုပြီး မြေ၌ တူးဆွအပ်သည်ရှိသော် အချင်းချင်း ထိခိုက်ကုန်သော ရွှေအိုးကြီးတို့သည် ထပေါက်၍ လာကုန်၏။ ထိုအကြောင်းကို မင်းကြီးအား ကြားအပ်ကုန်သည်ရှိသော် အသင်၏ ကောင်းမှု ဘုန်းကံကြောင့် ဖြစ်ပေသည်ကို အသင်ပင် သိမ်းဆည်း၍ ယူလေလော့ဟု ပေးသနားတော်မူ၏။ ထိုမဟာဒုက်သေဋ္ဌေးသည် အိမ်ကို ဆောက်လုပ် ပြုပြင်ပြီးသောအခါ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာတော် အပေါင်းအား ကြီးစွာသော အလှူကြီးကို ပေးလှူ၏။ ထိုမှနောက်၌လည်း အသက်ရှည်သမျှ ကာလပတ်လုံး ကြီးကျယ်စွာသော စည်းစိမ်ချမ်းသာ၌ တည်လျက် ကောင်းမှုတို့ကို ပြုပြီးလျှင် အသက်၏ အဆုံး၌ နတ်ပြည်၌ ဖြစ်လေ၏။

မိခင်သေဋ္ဌေးသမီးအား ချင်ခြင်းတပ်ခြင်း

ပစ္စုပ္ပန်ဝတ္ထု

ဘုရားရှင်တစ်ဆူ၏ အကြားကာလပတ်လုံး နတ်စည်းစိမ်ချမ်းသာကို အစဉ်ခံစား၍ ဤ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ နတ်ပြည်မှ သေလွန်လာခဲ့၍ သာဝတ္ထိပြည်ဝယ် အရှင်သာရိပုတ္တရာမထေရ်၏ အလုပ် အကျွေးဖြစ်သော သေဋ္ဌေးသမီးတစ်ဦး၏ဝမ်းဝယ် ပဋိသန္ဓေတည်နေစွဲယူလေ၏။ ထိုအခါ သေဋ္ဌေးသမီး၏ မိခင် ဖခင်တို့သည် ကိုယ်ဝန်၏ တည်နေသော အဖြစ်ကို သိ၍ ကိုယ်ဝန်၏ အစောင့်အရှောက်ကို ပေးကြကုန်၏။ နောက်အဖို့ ဖြစ်သော အခါတစ်ပါး၌ ထိုသေဋ္ဌေးသမီးအား ငါသည် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်ကို အစပြု၍ ရဟန်းငါးရာတို့အား ငါး ငါးကြင်း အရသာဖြင့် အလှူကို ပေးလှူပြီးသောအခါ ဖန်ရည်စွန်းသော အဝတ် သင်္ကန်းကို ဝတ်ရုံလျက် ရဟန်း သံဃာတော်တို့၏ အဆုံးစွန်ဖြစ်သော နေရာ၌ ထိုင်နေပြီး၍ ရဟန်းတို့၏ စားကြွင်းကို စားရပါမူကား ကောင်းလေစွ ဟူသော ချင်ခြင်းသည်ဖြစ်၍ ထိုသေဋ္ဌေးသမီးသည် မိခင် ဖခင်တို့အား အကြောင်းကိုကြား၍ ထိုသို့သော အခြင်းအရာကို ပြုပေ၏။ ချင်ခြင်းသည် လည်း ငြိမ်းပျောက်လေ၏။ ထိုနောက် သေဋ္ဌေးသမီးအား အခြားမင်္ဂလာ ခုနစ်ပါး အခါတို့၌ ငါး ငါးကြင်း အရသာတို့ဖြင့်သာလျှင် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်အမှူးရှိကုန်သော ရဟန်းငါးရာတို့

ကို ဆွမ်းကျွေးကုန်၏။ ဤသို့သောနည်းဖြင့် အလုံးစုံကို တိဿသတို့သား၏ ဝတ္ထု၌ ဆိုအပ်ပြီးသောနည်းဖြင့်သိအပ်၏၊သတို့သားအားမှာမူကား မဟာဒုက် ဖြစ်စဉ်အခါ၌ ပေးကမ်းလှူဒါန်းအပ်သော ငါး ငါးကြွင်း အရသာအလှူဒါန၏ သာလျှင် အကျိုးဆက်အာနိသံပေတည်းဟု ဂုဏ်းအဋ္ဌကထာ၌ မိန့်တော်မူ၏။

အမည်မှည့်အံ့သော နေ့၌လည်း အရှင်သာရိပုတ္တရာအား **အရှင်ဘုရား** အရှင်မြတ်ဘို့၏ ကျွန်အား သိက္ခာပုဒ်တို့ကို ပေးသနားတော်မူပါကုန်လော့ဟု သူငယ်၏ မိခင်က လျှောက်ကြားသည်ရှိသော် ဤသူငယ်သည် အဘယ်အမည် ရှိသနည်းဟု မထေရ်က မေးတော်မူ၏။ ဤသူငယ် ပဋိသန္ဓေတည်နေသော အခါမှစ၍ ဤအိမ်၌ ဆွံ့အ ထိုင်းမှိုင်းကုန်သော သူတို့သည် ပညာရှိဖြစ်ကုန် သည်။ထို့ကြောင့် တပည့်တော်၏သားအား ပဏ္ဍိတဟူသော အမည်သည်သာ ဖြစ်ပါလိမ့်မည်ဟု လျှောက်ကြား၏။အရှင်သာရိပုတ္တရာ မထေရ်သည် သိက္ခာပုဒ် တို့ကို ပေးတော်မူ၏။ ဖွားမြင်သော နေ့မှစ၍ သူငယ်၏ မိခင်က ငါ့သား၏ အလိုဆန္ဒကို ဘယ်အခါမှ မဖျက်ဆီးအံ့ ဟူသော စိတ်အကြံသည် ဖြစ်၏။

ပဏ္ဍိတသူငယ် ရှင်သာမဏေပြုခြင်း

ထိုသတို့သားသည် ခုနစ်နှစ်သားရှိသောအခါ မိခင်ကို မိခင် အကျွန်ုပ်သည် အရှင်သာရိပုတ္တရာ မထေရ်၏ အထံတော်၌ ရဟန်းပြုတော့အံ့ဟု ပန်ကြား ခွင့်တောင်း၏။အမောင် ချစ်သား ကောင်းပြီ ငါမိခင်သည် အသင်ချစ်သား၏ အလိုဆန္ဒကို မဖျက်ဆီးအံ့ဟု ကြံစည်၍ ထားပေသည်ဟု ပြောဆို၍ အရှင်သာရိပုတ္တရာ မထေရ်ကို ပင့်ဖိတ်ပြီးသောအခါ ဆွမ်းကို ကျွေးမွေး၍ အရှင်ဘုရား အရှင်မြတ်တို့၏ ကျွန်ဖြစ်သော ဤသူငယ်သည် ရဟန်းပြုခြင်းငှာ အလိုရှိပါသည်၊ တပည့်တော်မသည် ညချမ်းသော အခါ၌ ဤသူငယ်ကို ကျောင်းသို့ ပို့ဆောင်ပါအံ့ဟု လျှောက်ကြားပြောဆို မထေရ်ကို လွှတ်လိုက် ပြီး၍ အမျိုးအပေါင်းတို့ကို စည်းဝေးစေပြီးသောအခါ ငါ၏ သားအား လူကဖြစ်၌ ပြုစုချီးမြှင့်ဖွယ်ဟူသမျှ အလုံးစုံသော ပူဇော်သက္ကာရကို ယနေ့ပင် ပြီးဆုံးအောင် ပြုအံ့ဟု ကြံ၍ ကြီးစွာသော ပူဇော်သက္ကာရကို ပြုပြီးသောအခါ သူငယ်ကို ဆောင်ယူ၍ ကျောင်းသို့ သွားရောက်ပြီး ဤသူငယ်ကို ရဟန်းပြုပါ ကုန်လော့ဟု မထေရ်အား ဆောင်နှင်းပေးလှူ၏။

အရှင်သာရိပုတ္တရာမထေရ်သည် ရဟန်းအဖြစ်၌ ခဲယဉ်းလှသော အဖြစ်ကို ပြန်ကြား၍ အရှင်ဘုရား တပည့်တော်သည် အရှင်မြတ်တို့ ပေးအပ်သော အဆုံးအမ ဩဝါဒကို လိုက်နာ၍ ပြုပါကုန်အံ့ဟု လျှောက်ကြားသည် ရှိသော် ထိုသို့ဖြစ်လျှင် လာလှည့်ဟု ခေါ်တော်မူပြီးလျှင် ဆံတို့ကို ရေဖြင့်

ဆွတ်၍ "တစပဉ္စက"ကမ္မဋ္ဌာန်းကို ကြားပြီးလျှင် ဆံကိုရိတ်၍ ရှင်ပြု၏၊ သူငယ်၏ မိခင်ဖခင်တို့သည်လည်း ခုနစ်ရက်ပတ်လုံး ကျောင်း၌သာနေကုန်လျက် ဘုရားအမှူးရှိသော ရဟန်း သံဃာတော်အားငါး ငါးကြင်း အလှူသာလျှင်ဖြစ်သော အလှူဒါနကိုပေးလှူ၍ ခုနစ်ရက်မြောက်သောနေ့ ညချမ်းအခါ၌ အိမ်သို့ ပြန်သွားကြကုန်၏။ အရှင်သာရိပုတ္တရာမထေရ်သည် ရှစ်ရက်မြောက်သောနေ့၌ ရွာတွင်းသို့ ဆွမ်းခံကြွတော်မူသည် ရှိသော် ထိုသာမဏေကို ခေါ်ယူတော်မူ၍ ကြွသွား၏။ အရှင်သာရိပုတ္တရာ မထေရ်သည် ရဟန်းတို့နှင့် အတူတကွ ကြွသွားတော်မမူ နောက်မှသာလျှင် ကြွသွားတော်မူ၏။ အဘယ်အကြောင်းကြောင့်နည်း ဟူမူကား ရှေးဦးစွာ ထိုသာမဏေငယ်အား သက်နှးသပိတ်တို့ကို ကိုင်ယူခြင်းတို့သည် လည်းကောင်း၊ သွင်ပြင်မူရာ ဣရိယာပထ၌ မျှတနှစ်မျို ကြည်ညိုဖွယ်ရှိသည် မဖြစ်သေး။ ထိုကြောင့် ကြွတော်မမူသည်။ တစ်နည်း အကြောင်းမှာ ကျောင်း၌ အရှင်သာရိပုတ္တရာမထေရ်အား ပြုဖွယ်ကိစ္စဖြစ်သော ဝတ်သည်ရှိပေ၏။ ထိုကြောင့် ရဟန်းသံဃာတို့နှင့် အတူတကွ ကြွဝင်တော်မမူဘဲ နောက်မှကြွဝင်တော်မူသတည်း။

အရှင်သာရိပုတ္တရာမထေရ် ပြုတော်မူသော ဝတ်ကား ရဟန်းသံဃာတော်တို့ ရွာတွင်းသို့ ကြွဝင်ကုန်သည်ရှိသော် အလုံးစုံသော ကျောင်းသို့လှည့်လည်လျက် တံမြက်မလှည်းသေးသော နေရာကို တံမြက်လှည်း၍ အချည်းအနှီး ကုန်သော အိုးခွက်တို့၌ သောက်ရေသုံးဆောင်ရေတို့ကို ထည့်ထားထည့်သွင်းသွန်းလောင်းပြီး၍ မကောင်းသဖြင့် ထားအပ်ကုန်သော ညောင်စောင်း အင်းပျဉ်တို့ကို သိမ်းဆည်း သိုမှီးပြီး၍ နောက်မှရွာတွင်းသို့ ကြွဝင်တော်မူ၏။ ဤကား မထေရ် ပြုတော်မူအပ်သော ဝတ်တည်း။ ဤသို့သောဝတ်ကို မထေရ် ပြုတော်မူခြင်းမှာ သာသနာတော်မှအပ ဖြစ်ကုန်သော တိတ္ထိတို့သည် အချည်းနှီးသောကျောင်းသို့ ဝင်ရောက် ကြည့်ရှုပြီး အို အချင်းတို့ မှင်ကြီးဂေါတမ၏ တပည့်သာဝကတို့ နေထိုင်သော နေရာတို့ကို ကြည့်ရှုပါကုန်လော့ဟု ပြောဆိုပြစ်တင် ကဲ့ရဲ့ရှုံ့ချခြင်းကို မရပါစေသတည်းဟု ရည်ညွှန်းဆောက်တည်တော်မူ၍ အလုံးစုံသော ကျောင်းကို သုတ်သင်ပြီးနောက်မှ ရွာတွင်းသို့ကြွဝင်တော်မူ၏။

ပဏ္ဍိတသာမဏေငယ်သည် ရှင်သာရိပုတ္တရာအား မေးမြန်းလျှောက်ထား

ထိုနေ့၌လည်း အရှင်သာရိပုတ္တရာ မထေရ်သည် သာမဏေကို ပရိက္ခရာဘဏ္ဍာကို ယူစေ၍ နေမြင့်မှ ဆွမ်းအလို့ငှာ ကြွဝင်တော်မူ၏။ သာမဏေသည် ဥပဇ္ဈာယ်ဆရာနှင့်အတူတကွသွားသည်ရှိသော် လမ်းခရီးအကြား၌ မြောင်းကို မြင်၍ အရှင်ဘုရား၊ ဤဝတ္ထုသည်ကား အဘယ်အမည် ရှိပါသနည်းဟု

မေးလျှောက်၏။ ငါ့ရှင်သာမဏေ မြောင်းမည်သည်ဟု မိန့်တော်မူလျှင် ဤမြောင်းဖြင့် အဘယ်အမှုကို ပြုသနည်းဟု မေးလျှောက်ပြန်သဖြင့် ထိုမှဤမှ ရေကို ထုတ်ဆောင်ယူပြီး မိမိ၏ ကောက်အမှုကို ပြုကြကုန်သတည်း ဟု မိန့်တော်မူပြန်သည်ရှိသော် အရှင်ဘုရားအသို့နည်း၊ ရေအား စိတ်ရှိပါသလော ဟုမေးလျှောက်ပြန်၏။ ငါ့ရှင်သာမဏေ ရေအားစိတ်မရှိဟု မိန့်တော်မူလျှင် အရှင်ဘုရား ဤသို့သဘောရှိသော စိတ်မရှိသောရေကို မိမိအလိုရှိရာသို့ ဆောင်ခြင်းငှာ စွမ်းနိုင်ပါသလောဟု မေးလျှောက်ပြန်သဖြင့် ဩော်· ဟုတ်ပေ၏ ငါ့ရှင်ဟု မိန့်တော်မူ၏။ သာမဏေသည် ကြံဆင်ခြင်သည်မှာ ဤသို့ စိတ်မရှိသော ရေကို မိမိအလိုရှိအပ်သောအရပ်သို့ ထုတ်ဆောင်ပြီး အမှုကိစ္စကို အကယ်၍ ပြုလုပ်ခြင်းငှာ စွမ်းနိုင်ကုန်သည် ဖြစ်ခဲ့အံ့။ စိတ်ရှိသော ဤခန္ဓာကိုယ်၌ စိတ်ကို မိမိ၏ အလိုသို့ လိုက်စေလျက် ရဟန်းတရားကို အားထုတ်ဆည်းပူးပြုလုပ်ခြင်းငှာ အဘယ်ကြောင့် မစွမ်းနိုင်ဘဲရှိပါအံ့နည်းဟု ကြံ၏။

ထိုနောက် သာမဏေသည် ရှေ့သို့သွားပြန်သည်ရှိသော် မြားသမားတို့သည် မြားတုတ်တံကို မီး၌ကင်၍ မျက်စိအစွန်းဖြင့် ငဲ့သွင်းစောင်းညှာ ပြန်လှန်ကာ ကြည့်ရှုပြီး ဖြောင့်မတ်အောင် ပြုလုပ်သည်တို့ကို မြင်၍ အရှင်ဘုရား ဤသူတို့သည် အဘယ်အမည် ရှိသနည်းဟု လျှောက်၏။ ငါ့ရှင်သာမဏေ မြားပြုလုပ်သော မြားသမားတို့ မည်ကုန်သည်ဟု မိန့်တော်မူသော် ထိုသူတို့သည် အသို့ ပြုကုန်ပါကုန်သနည်းဟု မေးလျှောက်ပြန်သဖြင့် မီး၌ ကင်၍ မြားတံကို ဖြောင့်ကုန်သည်ဟု မိန့်တော်မူလျှင် အရှင်ဘုရား ထိုမြားသည် စိတ်ရှိပါသလော ဟု မေးလျှောက်ပြန်သဖြင့် ငါ့ရှင်သာမဏေ စိတ်မရှိပေ ဟု အမိန့်တော်ရှိ၏။ သာမဏေသည် ကြံဆင်ခြင်တော်မူပြန်သည်မှာ စိတ်မရှိသောမြားကိုယူပြီး မီး၌ ကင်၍ ဖြောင့်မတ်သည်ကို အကယ်၍ ပြုနိုင်ကုန်သည် ဖြစ်အံ့၊ စိတ်ရှိသည်လည်း ဖြစ်သော မိမိ၏စိတ်ကို အလိုသို့ လိုက်ပါစေသည် ဖြစ်၍ ရဟန်းတရားကို အားထုတ်ပြုလုပ်ခြင်းငှာ အဘယ်ကြောင့် မစွမ်းနိုင်ဘဲ ရှိပါကုန်အံ့သနည်းဟု ကြံ၏။

ထိုနောက် ရှေ့သို့လျှောက်၍ ကြွတော်မူပြန်သည်ရှိသော် သစ်တိုကို ရထားလှည်းဘီး အကန့် အကွပ် ချက် စသည် ရွေကုန်သော သစ်ရွေသမားတို့ကို တွေ့မြင်၍ အရှင်ဘုရား ဤသူတို့သည်ကား အဘယ်အမည် ရှိပါကုန်သနည်းဟု မေးလျှောက်၏။ ငါ့ရှင် သာမဏေ သစ်ရွေသမားတို့ မည်ကုန်သည်ဟု မိန့်တော်မူသော် ထိုသူတို့သည် အဘယ်အမှုကို ပြုပါကုန်သနည်းဟု မေးလျှောက်ပြန်သဖြင့် သစ်တိုကို ယူပြီး ရွေ နွှာ ခွဲစိတ်၍ မိမိတို့ အလိုရှိကုန်သော လှည်းဘီးစက် အစရှိသည်တို့ကို ပြုကုန်သည် ဟု မိန့်တော်မူ၏။ အရှင်ဘုရား ထိုသစ်တို့သည် စိတ်ရှိပါကုန်သလော ဟု

မေးလျှောက်ပြန်သော် ငါ့ရှင် စိတ်မရှိကုန်ဟု မိန့်တော်မူ၏။ ထိုအခါ သာမဏေအား ဤသို့သော အကြံသည် ဖြစ်၏။ စိတ်မရှိကုန်သော ထင်းသစ်တို့ကိုယူလျက် လူည်းဘီးစက်စသည်တို့ကို အကယ်၍ ပြုခြင်းငှာစွမ်းနိုင်ကုန်သည် ဖြစ်အံ့။ စိတ်ရှိသော မိမိ၏စိတ်ကို အလိုသို့လိုက်စေလျက် ရဟန်းတရားကို အားထုတ်ပြုလုပ်ခြင်းငှာ အဘယ်ကြောင့် မစွမ်းနိုင်ဘဲ ရှိပါကုန်အံ့နည်းဟူသော အကြံသည်ဖြစ်၏။ထိုသာမဏေသည် ဤအကြောင်းတို့ကို မြင်ပြီး၍ အရှင်ဘုရား အရှင်ဘုရားတို့၏ သပိတ် သင်္ကန်းတို့ကို အရှင်ဘုရားတို့ အကယ်၍ယူပါကုန်သည် ဖြစ်အံ့၊ တပည့်တော်သည် ဆုတ်နစ် ပြန်လည်လိုပါသည်ဟု လျှောက်၏။ အရှင်သာရိပုတ္တရာ မထေရ်သည် ဤသာမဏေငယ်သည် ယခုရဟန်းပြု၍ မကြာမြင့်မီ ငါ၏နောက်သို့ လိုက်လာသည်ဖြစ်ပါလျက် ဤသို့ပြောဆိုဘိသည် ဟု ကြံစည်တော်မူခြင်း တည်းဟူသော စိတ်ကို မဖြစ်စေမူ၍ သာမဏေ ဆောင်ယူခဲ့ခလော့ဟု မိန့်တော်မူပြီးလျှင် မိမိ၏ သပိတ် သင်္ကန်းကို ယူတော်မူ၏။

ပဏ္ဍိတသာမဏေအား သိကြားနတ်မင်းတို့က စောင့်ရှောက်ခြင်း

သာမဏေသည် ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာ မထေရ်ကို ရှိခိုးပြီးသော် ဆုတ်နစ်ပြန်လည်လျက် အရှင်ဘုရား တပည့်တော်အား အာဟာရကိုဆောင်ယူခဲ့ပါလျှင် ငါးကြင်းသား အရသာဖြင့် သာလျှင် အာဟာရကို ဆောင်ယူတော်မူခဲ့ပါကုန်လော့ဟု လျှောက်ကြား၏၊ အဘယ်မှာရနိုင်ပါအံ့နည်း ငါ့ရှင်သာမဏေဟု မိန့်တော်မူလျှင် အရှင်မြတ်၏ ဘုန်းကံကြောင့် မရသော်လည်း တပည့်တော်၏ ကောင်းမှုဘုန်းကံကြောင့် ရပါလတ္တံ့ဟု လျှောက်ကြား၏။ မထေရ်သည် အပပြင်ဘက်၌ နေရသော သာမဏေအား တစ်စုံတစ်ခုသော ဘေးအန္တရာယ် ဖြစ်သော်လည်း ဖြစ်ပေရာ၏ဟု ကြံ၍ သံကောက်ကိုပေး၍ ငါ၏တိုက်ခန်းတံခါးကိုဖွင့်ပြီး အတွင်းသို့ဝင်၍ နေလေလော့ဟု မိန့်တော်မူ၏။ သာမဏေသည် မထေရ်ကြားမှာတိုင်းသော ထိုထိုသို့သော အခြင်းအရာကိုပြု၍ မိမိ၏ ကရဇကာယ၌ ဉာဏ်ကိုသက်စေပြီးသောအခါ အတ္တဘောကို ဆင်ခြင်သုံးသပ်လျက် ထိုင်နေ၏၊ ထိုအခါ သာမဏေ၏ ဂုဏ်ကျေးဇူး တန်ခိုးကြောင့် သိကြားမင်းနေရာသည် ပူလောင်သော အခြင်းအရာကိုပြု၏ သိကြားမင်းသည် အကြောင်းအသို့နည်းဟု စူးစမ်း ဆင်ခြင်သည်ရှိသော် ပဏ္ဍိတ သာမဏေသည် ဥပဇ္ဈာယ် ဆရာအား သပိတ် သင်္ကန်းကို ပေးလျက် ရဟန်းတရားကို ပြုအံ့ဟု ဆုတ်နစ်ပြန်လည်လာ၏ ငါသည်လည်း ထိုအရပ်သို့သွားခြင်းငှာ အပ်၏ဟုကြံ၍ နတ်မင်းကြီးလေးယောက်တို့ကို ခေါ်ပြီးသော် ကျောင်း၏ ဥပစာရ၌ နေကုန်သော ငှက်အပေါင်းတို့ကို ဖယ်ရှောင် ထွက်ပြေးစေလျက် ထက်ဝန်းကျင်မှ အစောင့်အရှောက်ကို ယူကုန်လော့ဟု ပြောဆို၍ လ-နတ်သားကို လဝန်းကို

ဆွဲငင်ယူထားသလော၊ နေနတ်သားကို နေဝန်းကို ဆွဲငင်ယူထားလော့ဟု ပြောဆိုစေခိုင်းပြီးသော် မိမိသည် ကိုယ်တိုင်သွားရောက်ပြီး လှည့်သော ကြိုးကွင်း၏ ကျရာအရပ်၌ အစေ့င့်အရှောက်ကို ယူလျက် ရပ်တည်၏။ ကျောင်း၌ ကြွေကျသော သစ်ရွက်ဟောင်း၏ ကြွေကျသော အသံမျှသော် လည်း မရှိလေ။

သာမဏေ၏စိတ်သည် တည်ကြည်ခြင်းဖြစ်၏၊ သာမဏေသည် ဆွမ်းမစားမိ အကြား၌သာလျှင် အတ္တဘောကို သုံးသပ်၍ ဖိုလ်သုံးပါးတို့သို့ ရောက်လေ၏။ အရှင်သာရိပုတ္တရာ မထေရ်သည်လည်း သာမဏေသည် ကျောင်း၌နေ၏၊ ထို သာမဏေအား လျောက်ပတ်သော ဘောဇဉ်ကို ဤအမည်ရှိသော အမျိုး၌ မှာမူကား ရခြင်းငှာ ကတ်ကောင်းလတ္တံ့ဟုကြံ၍ တစ်ဦးသော ချစ်ခြင်းရှိသေ ကိုင်းညွတ်ခြင်းရှိသော အမျိုးသို့ ကြွတော်မူ၏၊ ထိုအိမ်၌လည်း လူတို့သည် ထိုနေ့၌ ငါးငါးကြင်းတို့ကိုရ၍ မထေရ်၏ ကြွတော်မူလာခြင်းကိုသာ မျှော်လင့် ကြည့်ရှု၍ ထိုင်နေကြကုန်၏။ လူတို့သည် မထေရ် ကြွလာသည်ကိုမြင်လျှင် အရှင်ဘုရား အရှင်မြတ်၏ ကြွလာတော်မူခြင်းသည် သင့်တင့်ကောင်းမြတ် သော ကြွလာတော်မူခြင်းပေတည်း။ အရှင်ဘုရား၊ ဤအရပ်သို့ ကြွလာတော် မူပါလောဟု အိမ်အတွင်း၌ သွင်း၍ ယာဂု ခဲဖွယ် စသည်တို့ကို ပေးလှူပြီးသော် ငါးငါးကြင်းအရသာဖြင့် မထေရ်၏ သပိတ်တော်ကို ပြည့်စေပြီးလျှင် ဆွမ်းကို ပေးလှူကုန်၏၊ မထေရ်သည် ဆောင်ယူ၍ သွားအံ့သော အခြင်းအရာကိုပြ၏၊ လူတို့သည် မြဖ်သော် ဘုဥ်းပေး သုံးဆောင်တော်မူပါဦးလော့ ဆောင်ယူ၍ သွားဖို့ရာဖြစ်သော ဆွမ်းကိုလည်း ရပါလတ္တံ့ဟု လျှောက်ကြား၍ မထေရ် ဆွမ်းစားပြီးသည်၏ အဆုံး၌ သပိတ်တော်ကို ငါးကြင်းသား အရသာရှိသော ဘောဇဉ်ဖြင့် ပြည့်စေပြီး ပေးလှူကုန်ပြန်၏၊ မထေရ်လည်း သာမဏေသည် ဆာလောင်မွတ်သိပ်ပေလိမ့်မည်ဟု လျင်စွာ ပြန်ကြွတော်မူလာ၏။

မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအား ပုစ္ဆာလေးခု မေးတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ထိုနေ့စောစောကပင်လျှင် ဆွမ်းဘုဥ်းပေးပြီး၍ ကျောင်းတော်သို့ ကြွတော်မူပြီး၍ ကြံဆင်ခြင်တော် မူသည်မှာ ပဏ္ဍိတ သာမဏေသည် ဥပဇ္ဈာယ်ဆရာအား သပိတ် သကန်းတို့ကို ပေးလျက် ရဟန်း တရားကို အားထုတ်ပြုလုပ်အံ့ဟု ဆုတ်နစ်ပြန်လည်၍ လာ၏။ အသို့နည်း ထို သာမဏေအား ရဟန်းကိစ္စ ပြီးဆုံးလတ္တံ့လောဟု စူးစမ်း ဆင်ခြင်သည် ရှိသော် ဖိုလ်သုံးပါးတို့သို့ ရောက်သည်၏ အဖြစ်ကို သိတော်မူ၍ အရဟတ္တဖိုလ် သို့ ရောက်အံ့သော ဥပနိဿယ အကြောင်း၏ ပြည့်စုံခြင်း သည် ရှိလေသလော

မရှိလေသလောဟု စူးစမ်းတော်မူပြန်သော် ရှိသည်၏အဖြစ်ကို မြင်တော်မူ၍ ယနေ့နံနက်ပင် ရောက်ခြင်းငှာ စွမ်းနိုင်လတ္တံ့လော မစွမ်းနိုင်လတ္တံ့လော ဟုစူးစမ်းဆင်ခြင်တော်မူပြန်သည်ရှိသော် စွမ်းနိုင်လတ္တံ့သည်ကို သိမြင်တော်မူလေ၏။ ထိုနောက် မြတ်စွာဘုရားကိုယ်တော်မြတ်အား အကြံဖြစ်တော်မူပြန်သည်မှာ သာရိပုတ္တရာသည် သာမဏေအား ပေးရန် ဆွမ်းကို လျင်စွာဆောင်၍ လာ၏။ သာမဏေအား ရဟန်းတရား ပြီးဆုံးခြင်း အန္တရာယ်ကိုသော်လည်း ပြုပေရာ၏။ တံခါးမုခ်၌ အစောင့်အရှောက်ကိုယူ၍ ငါဘုရားသည် နေနှင့်အံ့၊ ထို တံခါးမုခ်၌ သာရိပုတ္တရာကို လေးပါးကုန်သော အမေးပုစ္ဆာတို့ကိုမေးအံ့၊ ထို အမေးပုစ္ဆာကို ဖြေဆိုသည်ရှိသော် သာမဏေသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့ဟု ဆင်ခြင်တော်မူ၏။ ထိုနောက် တံခါးမုခ်သို့ ကြွသွားတော်မူ၍ တံခါးမုခ်၌ တည်တော်မူပြီးလျှင် ရောက်လာသော အရှင် သာရိပုတ္တရာမထေရ်ကို ချစ်သားသာရိပုတ္တရာ အသင့်အား အဘယ်ကို ရအပ်ပေသနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အာဟာရကို ရအပ်ပါသည်ဟုလျှောက်ကြား၏၊ ချစ်သားသာရိပုတ္တရာ အာဟာရ မည်သည် အဘယ်ကို ဆောင်တတ်သနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဝေဒနာကို ဆောင်တတ်ပါသည်ဟု လျှောက်ကြား၏။ ချစ်သား သာရိပုတ္တရာ ဝေဒနာသည် အဘယ်ကို ဆောင်တတ်သနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားရုပ်ကို ဆောင်တတ်ပါသည်ဟုလျှောက်ကြား၏။ ချစ်သားသာရိပုတ္တရာ ရုပ်သည် အဘယ်ကိုဆောင်သနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား ဖဿကိုဆောင်ပါသည်ဟု လျှောက်ကြား၏။

မြတ်စွာဘုရားအမေးတော်ကို အရှင်သာရိပုတ္တရာ ဖြေဆိုလျှောက်ထားသော စကားအဓိပ္ပာယ်မှာ ဤသို့မှတ်သားရာ၏။ မွတ်သိပ် ဆာလောင်သဖြင့် သုံးဆောင်သောအာဟာရသည် ထိုသူ၏ မွတ်သိပ်ဆာလောင်ခြင်းကိုပယ်ဖျောက်၍ သုခဝေဒနာကို ဆောင်၏။ အာဟာရကို သုံးဆောင် စားသောက်ရသဖြင့် ချမ်းသာခြင်းရှိသော သူအား သုခဝေဒနာကြောင့် ကိုယ်၌ အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ ကြည်လင်လှပ ပြည့်စုံခြင်းသည် ဖြစ်လေ၏။ ဤသို့သော အခြင်းအရာဖြင့် ဝေဒနာသည် ရုပ်ကိုဆောင်၏၊ ချမ်းသာခြင်း ရှိသူအား အာဟာရဇရုပ်၏ အစွမ်းအားဖြင့်ဖြစ်သော သုခ သောမနဿရှိသည်ဖြစ်၍ ဤ ယခုအခါ၌ ငါ့အား သက်သာခြင်း ဖြစ်ပေပြီဟု အိပ်သော်လည်းကောင်း၊ ထိုင် နေသော်လည်းကောင်း၊ ကောင်းသော အတွေ့တည်းဟူသော သုခ သမ္ဖဿကို ခံစားရ၏။

ဤကား အမေးပုစ္ဆာ အဖြေဝိဿဇ္ဇနာတို့၏ အကျဉ်းဖြစ်သော အဓိပ္ပာယ်တည်း။

ပါဠိသာဓကကို အလိုရှိကြပါကုန်မူကား ဇာတကအဋ္ဌကထာမှာ ကြည့်ရှု၍ ယူတော်မူကြပါကုန်။

ခုနစ်နှစ်သား ပဏ္ဍိတသာမဏေသည် ရှင်ပြုပြီး ရှစ်ရက်မြောက်၌ ရဟန္တာဖြစ်ခြင်း

ဤသို့သော အခြင်းအရာဖြင့် အရှင်သာရိပုတ္တရာ မထေရ်သည် အမေးပါးတို့ကို ဖြေဆိုကုန်သည်ရှိသော် သာမဏေသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ မြတ်စွာဘုရားရှင်သည်လည်း အရှင်သာရိပုတ္တရာ မထေရ်ကို ချစ်သား သာရိပုတ္တရာ သွားတဲ့ချေ အသင်၏ သာမဏေအား ဆွမ်းကိုပေးလော့ဟု မိန့်တော်မူ၏။ အရှင်သာရိပုတ္တရာမထေရ်သည်ကြွသွားတော်မူ၍ တိုက်ခန်းတံခါးကို ခေါက်တော်မူ၏။ သာမဏေသည် ထွက်လာပြီးလျှင် မထေရ်၏ လက်တော်မှ သပိတ်တော်ကို ယူ၍ သင့်တင့် လျောက်ပတ်သော အရပ်၌ ထားပြီးသော် ထန်းရွက်ယပ်ဖြင့် မထေရ်ကို ယပ်ခတ်၍နေ၏။ ထိုအခါ သာမဏေကို မထေရ်က ငါ့ရှင် သာမဏေ ဆွမ်းစားခြင်းကိစ္စကို ပြုလေလော့ဟု မိန့်တော်မူ၏။ အရှင်ဘုရား အရှင်မြတ်တို့သည် ပြီးပါပြီလောဟု မေးလျှောက်သဖြင့် သာမဏေ ငါသည် ဆွမ်းစားခြင်းကိစ္စကို ပြု၍ပြီးပေပြီ။ သင်သည်သာ ပြုလေလော့ဟု မိန့်တော်မူ၏။ ခုနစ်နှစ်သားမျှသာ ရှိသေးသော သူငယ်သည် ရဟန်းပြု၍ ရှစ်ရက်မြောက်သောနေ့၌ ထိုခဏတွင် ကြည်လင်စွင့်စွင့် ပွင့်သော ပဒုမ္မာ ကြာပန်းနှင့်တူသည်ဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ဆင်ခြင်အပ်သောအရာကို ဆင်ခြင်လျက် ထိုင်နေတော်မူပြီးသောအခါ ဆွမ်းစားခြင်းကိစ္စကို ပြုတော်မူ၏။ ထိုသာမဏေသည် သပိတ်ကို ဆေးကြော၍ သိုမှီးသောအခါ လနတ်သားသည် လကိုလွှတ်၍ နေနတ်သားသည် နေကိုလွှတ်၍ နတ်မင်းကြီး လေးယောက်တို့သည် အရပ်လေးမျက်နှာမှ အစောင့်အရှောက်ကို လွှတ်ကုန်၏။ သိကြားမင်းသည် ကြိုးလှည့်လည်ရာ၌ အစောင့်အရှောက်ကို လွှတ်၏။ အရိပ်သည် ပိုလွန်သော ပမာဏရှိသည်ဖြစ်၍ နေသည် မွန်းတည့်သော အရပ်ဌာနမှ လျောကျ၍ သွား၏။ သာမဏေသည်လည်း ဤယခုအခါ၌သာလျှင် ဆွမ်းစား၍ပြီး၏။ ဤသို့သောအကြောင်းသည် အသို့ပေနည်းဟု ရဟန်းတို့သည် ထိုသို့သော အကြောင်းတို မြတ်စွာဘုရား ကိုယ်တော်မြတ်အား သွားရောက်၍ မေးလျှောက်ကြကုန်၏။

မြတ်စွာဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ အဘယ်ကိုပြောဆိုကြကုန်သနည်းဟု မေးတော်မူသည်ရှိသော် ဤအမည်ရှိသော အကြောင်းပါဟု လျှောက်ကြားကြသဖြင့် ချစ်သားရဟန်းတို့ ဩော် ဟုတ်မှန်ပေ၏။ ကောင်းမှုဘုန်းကံရှိသောသူ၏ ရဟန်းတရားကို အားထုတ်ပြုလုပ်သောအခါ၌ လနတ်သားသည် လကို ဆွဲငင်ဖမ်းထား၏။ နေနတ်သားသည် နေကို ဆွဲငင်ဖမ်းထား၏။ လေးယောက်ကုန်သော နတ်မင်းကြီးတို့သည် ကျောင်း၏ အထောင့်အကွေ့၌ အရပ်လေးမျက်နှာ အစောင့်အရှောက်ကို ယူကုန်၏။ သိကြားမင်းသည် ကြိုးလှည့်ကာသည်ရာအရပ်၌ အစောင့်အရှောက်ကိုယူ၍ ငါဘုရားသည်လည်း ဘုရားဖြစ်သည်ဟု ကြောင့်ကြမဲ့နေခြင်းငှာ မရမူ၍ သွားရောက်ပြီးလျှင် တခါးမုခ်၌ ငါ၏ သားတော် အစောင့်အရှောက်ကို ယူရလေပြီ၊ ထို သာမဏေသည် ရေကို ဆောင်ယူကုန်သော မြောင်းတို့၌ ရေဆောင်ယူသည်တို့ကို လည်းကောင်း မြားသမားတို့ မြားဖြောင့်ခြင်း ပြုသည်တို့ကိုလည်းကောင်း၊ သစ်ခွဲသမားတို့ သစ်ခွဲသည့်တို့ကိုလည်းကောင်း မြင်ခဲ့၍ ဤမျှလောက်သော အာရုံကို ယူပြီးသော် ပညာရှိတို့သည် မိမိကိုယ်ကို ဆုံးမပြီးသောကာလ အရဟတ္တဖိုလ်ကို ယူကုန်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ အနုသန္ဓေကိုစပ်၍ တရားကို ဟောကြားတော်မူလိုရကား–ဤဂါထာကိုဟောတော်မူ၏–

၈၀။ ဥဒကံဟိ နယန္တိ နေတ္တိကာ၊
ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရုံ နမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိပဏ္ဍိတာ——

လယ်သမားတို့သည် မြစ်ချောင်းအင်းအိုင်ရှိရေကို မြောင်းကြီးမြောင်းငယ်ဖြင့် သယ်ဆောင်ကြကုန်၏။ မြားသမားတို့သည် ကောက်သောမြားကို မီးပြဖြောင့်ကြကုန်၏။ လက်သမားတို့သည် သစ်ကို ပုံးတောင်းအကွပ်စသည် ပြုရန်ခွဲစိတ်ကြကုန်၏။ ပညာရှိတို့သည် မိမိကိုယ်ကို ဆုံးမကြကုန်၏။

ထိုဂါထာ၌ = မြေမြင့်ရာအရပ်ကို တူး၍ နိမ့်ရာအရပ်ကို ပြည့်စေ၍ မြောင်းလုပ်ပြီး ရေတံလျှောက်ကိုလည်း ထားကာ မိမိလိုရာလိုရာ အရပ်သို့ရေကို ဆောင်ကုန်၏။ ထိုကြောင့် နေတ္တိက မည်ကုန်၏။

တေဇနံဟူသည်=မြားတည်း။ ဆိုလိုရင်း အဓိပ္ပာယ်ကား–လယ်သမားတို့သည် မိမိအလိုအားဖြင့် ရေကိုဆောင်ကုန်၏။ လေးသမားတို့သည်လည်း မီးကင်၍ မြားကို ဖြောင့်စွာပြုကုန်၏။ လက်သမားတို့သည်လည်း အကွပ်စသည်

တို့အလို့ငှာ ရွေ့ကုန်လျက် သစ်ကို ဖြောင့်ကုန်၏။ မိမိအလိုဖြင့် ဖြောင့်သည်ကို လည်းကောင်း ကောက်သည်ကိုလည်းကောင်း ပြုကုန်၏။ ဤမျှလောက်သော အာရုံကိုပြု၍ ပညာရှိတို့သည် သောတာပတ္တိမဂ် စသည်တို့ကို ဖြစ်စေကုန်လျက် မိမိကိုယ်ကို ဆုံးမကြကုန်၏။ အရဟတ္တဖိုလ်ရောက်သောအခါ၌ ယဉ်ကျေး သိမ်မွေ့ကြကုန်၏ ဟူလို။

ဒေသနာဘော်၏ အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ် စသည် တို့သို့ရောက်ကုန်၏။

ငါးခုမြောက် ပဏ္ဍိတသာမဏေရဝတ္ထု ပြီး၏။

၆–လကုဏ္ဍကဘဒ္ဒိယ မထေရ်ဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

သေလော ယထာ–အစရှိသောဤတရားဒေသနာတော်ကို မြတ်စွာဘုရား သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် လကုဏ္ဍကဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသတည်း။

လကုဏ္ဍက ဘဒ္ဒိယမထေရ်သည် ပုက္ကု-သော အဆင်းသဏ္ဌာန်ရှိ၏။ သာမဏေ တို့သည်လည်းကောင်း၊ ရဟန်းငယ်တို့သည်လည်းကောင်း မထေရ်ကို မြင်ကုန် သည်ရှိသော် ဦးခေါင်း နား၊ နှာခေါင်းတို့၌လည်း ဆွဲငင်ကိုင်ယူ၍ အသို့နည်း ဘထွေး....မြတ်စွာဘုရား သာသနာ၌ မဆန့်ကျင်ဘဲရှိပါ၏လော၊ မွေ့လျော်ခြင်း ရှိပါ၏လောဟု ပြက်ရယ်ပြောဆိုကုန်၏။ မထေရ်သည် ထိုသာမဏေ ရဟန်းငယ် တို့၌ အမျက်မထွက် စိတ်ဖြင့် ပြစ်မှားခြင်းမျှကိုသော်လည်း မပြုလေ။ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ လကုဏ္ဍကဘဒ္ဒိယ မထေရ်ကို ကြည့်ရှု ကြပါကုန်လော့၊ မထေရ်ကို မြင်၍ သာမဏေစသည်တို့သည် ဤသို့သော စကားတို့ကို ပြောဆိုလျက် ညှင်းပန်းကြကုန်၏။ မထေရ်သည် ထိုသာမဏေ စသည်တို့၌ အမျက်မထွက် စိတ်ဖြင့် ပြစ်မှားခြင်းမျှကိုလည်း မပြုပေဟု ဤသို့သော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားကိုတော်မြတ်သည် ကြွတော်မူလာ၍ ချစ်သားရဟန်းတို့....အဘယ်သို့သော စကားကို ပြောကြား စည်းဝေးကုန်ဘိသနည်းဟု မေးတော်မူသော် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဤအမည်သော အကြောင်းပါတည်းဟု လျှောက်ကြားသည် ရှိသော် ဩော် ဟုတ်ပေ၏။ ချစ်သားရဟန်းတို့ ကုန်ပြီးသော အာသဝေါ

တရားရှိကုန်သော ရဟန္တာတို့ မည်သည်ကား၊ အမျက်ထွက်ခြင်းကို မပြုကုန်။ စိတ်ဖြင့် ပြစ်မှားခြင်းကို မပြုကုန်။ ထိုရဟန္တာတို့သည် တစ်ခဲနက်သော ကျောက်တိုင် ကျောက်တောင်နှင့် တူကုန်သည်ဖြစ်၍ မတုန်မလှုပ်သော သဘောရှိကုန်သည် သာလျှင်တည်းဟု မိန့်တော်မူပြီးသော် အနုသန္ဓေ စပ်တော်မူ၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်ဤဂါထာကို ဟောတော်မူ၏–

၈၁။ သေလော ယထာ ဧကဃနော၊ ဝါတေန န သမီရတိ။

ဧဝံ နိန္ဒာပသံသာသု၊ န သမိဉ္ဇန္တိ ပဏ္ဍိတာ–

အခေါင်းမပါသော ကျောက်တောင်သည် လေကြောင့် မတုန်လှုပ်သကဲ့သို့ ဤအတူ ပညာရှိတို့သည် ချီးမွမ်းကဲ့ရဲ့ခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ထိုဂါထာ၌ နိန္ဒာပသံသာသု ဟူသည်= လောကဓံတရားနှစ်ပါးကိုပင် ဟောသော်လည်း လောကဓံတရား ရှစ်ပါးလုံးကိုပင် ယူရမည်ဟူလို၊ ထိုစကားမှန်၏– အခေါင်းမရှိသော ကျောက်တောင်ကြီးကို အရပ်လေးမျက်နှာမှ တိုက်ခတ်လာသော လေသည် မတုန်လှုပ်စေနိုင်သကဲ့သို့ လောကဓံတရားရှစ်ပါး နှိပ်စက်ခံရသောအခါ ပညာရှိတို့သည် ပဋိဃာနုသယတို့၏ အစွမ်းဖြင့် မတုန်လှုပ်ကုန်ဟူလို ဒေသနာတော်၏ အဆုံး၌လူများစွာတို့သည် သောတာပန် စသည် တည်ကုန်၏။

ဒြောက်ခုမြောက် လကုဏ္ဍက ဘဒ္ဒိယမထေရ်ဝတ္ထုပြီး၏။

၇–ကာဏသတ္တိုသမီး၏ မိခင်ဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

ယထာပိ ရဟဒေါ–အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကာဏမာတာဒါယိကာမကြီးကို အကြောင်းပြု၍ ဟောကြားတော် မူပေသတည်း။ ဝတ္ထုကြောင်းသည် ဝိနည်း၌ လာသည့်အတိုင်း သာတည်း။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် သာဝတ္ထိပြည်၌ အနာထပိဏ် သေဌ္ဌေးကြီး ကောင်းစွာ ဆောက်လုပ်အပ်သော ဇေတဝန်ကျောင်းအာရာမ်၌ လေးတန်သော ယာပထဖြင့် မျှတတော်မူသောအခါ သာဝတ္ထိပြည်အတွင်း၌

သဒ္ဓါအားဖြင့်ရတနာသုံးပါးကို လွန်စွာမြတ်နိုး ကြည်ညိုသော သဘောရှိသော အရိယာသာဝိကာမဖြစ်သော ဥပါသိကာမကြီး တစ်ယောက်အား ကာဏာ အမည်ရှိသောသမီးငယ်တစ်ယောက်ရှိ၏။ သမီးဖြစ်သောကာဏာကိုအစွဲပြုသော အားဖြင့် ထိုဒါယကာမကြီးကိုလည်း ကာဏမာတာဟူ၍ မှည့်ခေါ်သမုတ်ကြ၏။ သမီးဖြစ်သော ကာဏာသည် အရွယ်သို့ ကျရောက်သောကာလ၌တစ်ခုသောရွာက တစ်ယောက်သောယောကျ်ားနှင့်ထိမ်းမြားဆောင်နှင်းခြင်းကိုပြု၍ခင်ပွန်းအရှင် လင်၏အိမ်သို့ ထည့်လိုက်ရ၏။ထိုနောက် တစ်ရံတစ်ခါ၌ ကာဏာအမည်ရှိသော သတို့သမီးသည် တစ်စုံတစ်ခု ပြုဖွယ်ကိစ္စဖြင့် မိခင်၏အိမ်သို့ ပြန်လာ၏။ယင်းသို့ ပြန်လာသော ကာဏာသတို့သမီးကိုခင်ပွန်းအရှင်လင်ယောကျ်ားက ကာဏာသည် ပြန်လာခဲ့ပါလော့၊ ကာဏာ၏ ပြန်လာခြင်းကိုငါသည် မျှော်ငံ့ဆိုင်းလင့်၍နေပေ သည်ဟုကာဏာသတို့သမီး၏အထံသို့တမန်ကိုစေလွှတ်လိုက်၏။ တမန်လာရောက် ပြောကြားသဖြင့် စကားကို ကြားသိရလေသောအခါ ကာဏာသတို့သမီးသည် သွားမည်ဟုပြုပြင်လျှင် မိခင်ဖြစ်သော ဒါယိကာမကြီးက ချစ်သမီးအချည်းနှီး လက်ဖြင့်သွားခြင်းငှာ မသင့်လျော်ပေ၊ လက်ဆောင်ပဏ္ဏာ ပေးကမ်းဖို့ရာ ဖြစ်သော ပစ္စည်းဝတ္ထုသည် တစ်ခုခုပါမှသာ သင့်လျော်လျောက်ပတ်ချေမည် ဟု ပြောဆိုပြီး၍ လက်ဆောင်အလို့ငှာ မုန့်ကိုချက်၏။

ကာဏမာတာသည် လက်ဆောင်အတွက် မုန့်ကို အကြိမ်ကြိမ် လှူဒါန်းခြင်း

မုန့်ချက်သောအခါ ရဟန်းကြီးတစ်ပါးသည် ကြွတော်မူလာ၍ ကာဏာ၏ အိမ်သို့ ကြွဝင်ပြီး မုန့်တို့ကို အလှူခံ၏။ ကာဏာ၏ မိခင်ဖြစ်သော ဒါယိကာမကြီးသည် ထိုရဟန်းကြီးအား မုန့်ကိုပေးလှူ၏။ ထိုရဟန်းကြီးသည် မုန့်ကိုရသော် ထွက်သွားပြီးလျှင် ရဟန်းကြီးတစ်ပါးကို လမ်းခရီး၌တွေ့၍ ကာဏာ၏ အိမ်၌ မုန့်တို့ကို ချက်လုပ်၍နေသဖြင့် ကြွသွားခန် အကြောင်းကို ညွှန်ကြား ပြောဆိုလိုက်၏။ဤသို့အဆင့်ဆင့်သောစကားကို ပြောဆိုညွှန်ကြား သဖြင့် များစွာကုန်သော ရဟန်းကြီးတို့သည်လည်း လာရောက်၍ အလှူကို ခံကုန်၏။ ကာဏမာတာ ဥပါသိကာမကြီးသည် အရိယာသာဝိကာမဖြစ်သော ကြောင့် အလှူခံပုဂ္ဂိုလ် ထိုထိုအရှင်မြတ်တို့ကြွရောက်အပ်သည်ရှိသော်လှူဖွယ် ဝတ္ထုပစ္စည်း အစုသည် လက်တွင်ထင်ရှားရှိက မလှူဘဲနေခြင်းငှာ မစွမ်းနိုင်ရ ကား ကြွတော်မူလာသော ရဟန်းတို့ကို လှူဒါန်းပေးကမ်းခြင်းကို ပြုသဖြင့် ချက်လုပ်အပ်သော မုန့်သည် ကုန်ခန်းခြင်းသို့ ရောက်လေ၏။ကာဏာသတို့သမီး ၏ အရှင်ခင်ပွန်းလင်သည်လည်း ရှေးနည်းအတူ တမန်ကို စေလွှတ်ပြန်၏။ ကာဏမာတာ ဥပါသိကာမကြီးသည်လည်း ရှေးနည်းအတူ မုန့်တို့ကို ချက်လုပ်

သော် ရဟန်းတော်တို့ ကြွလာတော်မူသဖြင့် လှူဒါန်းရသောကြောင့် ကုန်ခန်းခြင်းသို့ ရောက်ကုန်၏။ သုံးကြိမ်မြောက်အကျဝယ် ကာဏ သတို့သမီး၏ ခင်ပွန်းလင်က ချစ်နှမ ကာဏသည် ပြန်လာခဲ့ပါလော့၊ အသင်၏ ပြန်လာခြင်းကို ငါသည် မျှော်ငံ့၍ နေပေသည်၊ အသင် မပြန်လာသည်ရှိသော် အခြားမယား ခင်ပွန်းတစ်ယောက်ကို ငါသည် ဆောင်ယူပါလတ္တံ့ဟု တမန်ကို စေလွှတ်လိုက်ပြန်၏၊ ယင်းသို့ စေလွှတ်ပြန်ပါသော်လည်း ရှေးနည်းအတူသာ ဖြစ်ပြန်၏။ ဤသို့သောနည်းဖြင့် လေးကြိမ်မြောက်အကျ စတုတ္ထဝယ် မြတ်စွာဘုရားရှင်သည် ထိုသို့သောဝတ္ထု၌ ဒုတိပ္ပတ္တသိက္ခာပုဒ်ကို ရဟန်းတို့အား ပညတ်တော်မူ၏။

ကာဏ သတို့သမီး သောတာပန်တည်ခြင်း

ကာဏသတို့သမီးသည် ကာလမြင့်ကြာ သွားခြင်းငှာ အခွင့်မရသဖြင့် ကာဏသတို့သမီး၏အရှင် ခင်ပွန်းလင်သည် တစ်ပါးတစ်ယောက်သော မယား ခင်ပွန်းကို ဆောင်ယူသောကြောင့် ထိုအကြောင်းကို ကာဏသတို့သမီးကြားလျှင် ရဟန်းတို့သည် ငါ၏ အိမ်ထောင်ခြင်းကို ဖျက်ဆီးဘိသည်ဟု အမျက်ထွက်၍ မြင်တိုင်းမြင်တိုင်းကုန်သော ရဟန်းတို့ကို ဆဲရေးရေရွတ်၏၊ ရဟန်းတို့သည် ထိုကာဏသတို့သမီး၏ အိမ်ရှိရာ လမ်းခရီးသို့ သွားခြင်းငှာ မဝံ့ကုန်။ မြတ်စွာဘုရားရှင်သည် ထိုအကြောင်းကို သိတော်မူ၍ ကာဏမာတာ ဥပါသိကာမကြီး၏ အိမ်သို့ ကြွတော်မူ၏၊ ကာဏမာတာ ဥပါသိကာမကြီးသည် မြတ်စွာဘုရားရှင်ကို ကြည်လင်စွာ ညွှတ်လျှိုး ရှိခိုးပြီးသော် ခင်းထားအပ်သော နေရာ၌ ထိုင်နေသီတင်းသုံးတော်မူစေပြီး၍ ယာဂုခဲဖွယ်ကို ပေးလှူ၏။ မြတ်စွာဘုရားရှင်သည် နံနက် ဆွမ်းစားခြင်းကိစ္စ ပြီးသောအခါ ကာဏသည် အဘယ်မှာနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကာဏသည် အရှင်မြတ်တို့ကိုမြင်၍မျက်မှောင်ကြုတ်ပြီး ငိုကြွေး၍နေပါသည်ဟု လျှောက်၏။ အဘယ်ကြောင့်နည်းဟု မေးတော်မူပြန်သော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုကာဏသည် ရဟန်းတော်တို့ကိုသာ ဆဲရေးရေရွတ်၍ နေပါသည်။ ထို့ကြောင့် အရှင်ဘုရားတို့ကို မြင်သော် မျက်မှောင်ကြုတ်ပြီး ငိုကြွေး၍ နေပါသည်ဟု လျှောက်ကြား၏၊ ထိုအခါ မြတ်စွာဘုရားရှင်သည် ကာဏသတို့သမီးကို ခေါ်စေ၍ ကာဏ အဘယ့်ကြောင့် ငါဘုရားကို မြင်လျှင် မျက်မှောင်ကြုတ်သည်ဖြစ်၍ ပုန်းအောင်း ကွယ်ကာပြီးသော် ထည်းစွာ ငိုကြွေးဘိသနည်းဟု မေးတော်မူ၏။ ထိုအခါ ကာဏ၏မိခင်ဖြစ်သော ဒါယိကာမကြီးက ကာဏသည် ပြုခဲ့ဖြစ်ခဲ့သမျှသော အကြောင်းအလုံးစုံတို့ကို အကုန်ပြန်ကြား လျှောက်ထား၏။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ကာဏသတို့သမီး၏မိခင် ဒါယိကာမကြီးကို ဒါယိကာမကြီး ငါ၏သားတော်

ဖြစ်ကုန်သော သာဝကတို့သည် အသင်ပေးလှူအပ်သည်ကိုသာ ယူကုန်သလော သို့တည်းမဟုတ် မပေးလှူဘဲသော်လည်း ယူကုန်သလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပေးလှူသည်ကိုသာ ယူပါကုန်သည်ဟု လျှောက်ကြားသည်ရှိသော် ငါဘုရား၏ တပည့်သာဝကတို့သည် ဆွမ်းအလို့ငှာ လှည့်လည်သောအခါ အသင်၏အိမ်တံခါးသို့ ကျရောက်လာသဖြင့် ပေးလှူသည်ကိုသာ အကယ်၍ ယူကုန်သည်ဖြစ်အံ့၊ ထိုရဟန်းတို့အား အဘယ်သို့ အပြစ်ရှိသနည်းဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်မြတ်တို့အား အပြစ်မရှိပါ၊ ထိုကာဏသည်သာလျှင် အပြစ်ရှိပါသည်ဟု လျှောက်ကြား၏။ ထိုနောက် မြတ်စွာဘုရားရှင်သည် ကာဏသတို့သမီးကို အသင်ကာဏ ငါ၏ တပည့်သားတော်တို့သည် ဆွမ်းခံခြင်းငှာ လှည့်လည်ကြကုန်သည်ရှိသော် အသင်တို့၏ အိမ်တံခါးဝသို့ ကျရောက်လာကြကုန်၏။ ထိုအခါ အသင်၏မိခင်သည် ရဟန်းတို့အား မုန့်တို့ကို ပေးလှူ၏။ ဤသို့ ပေးလှူရာ၌ ငါ၏တပည့်သားတော်တို့အား အဘယ်မည်သော အပြစ်သည် ရှိပေသနည်းဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ရဟန်းတော်အရှင်မြတ်တို့အား အပြစ်မရှိပါ၊ တပည့်တော်မအားသာ အပြစ်ရှိပါသည်ဟု လျှောက်ကြားပြီးမှ မြတ်စွာဘုရားရှင်ကို ရှိသေမြတ်နိုး ရှိခိုးဦးချ၍ သည်းခံစေ၏။ ထိုနောက် မြတ်စွာဘုရားရှင်သည် ကာဏသတို့သမီးအား အစဉ်သော တရားစကားကို ဟောကြားတော်မူ၏။ ဒေသနာတော်၏ အဆုံး၌ ကာဏသတို့သမီးသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

ကာဏသတို့သမီးကို ကောသလမင်းကြီးက သမီးအဖြစ် ချီးမြှောက်ခြင်း

မြတ်စွာဘုရားကိုယ်တော်မြတ်သည် နေရာမှထ၍ ဖဲကြွတော်မူသည်ရှိသော် မင်းရင်ပြင်ခရီးဖြင့် ကြွတော်မူ၏။ ပသေနဒီကောသလမင်းကြီးသည် မြင်၍ အဘယ် အချင်းတို့ မင်းရင်ပြင်ခရီးဖြင့် ကြွသွားတော်မူသည်ကား မြတ်စွာဘုရားသို့ ထင်ချေသည်တကား။ ဘုရားကိုယ်တော်မြတ် မဟုတ်တုံလောဟု မေးတော်မူလျှင် အရှင်မင်းမြတ် ဟုတ်ပါ၏ဟု လျှောက်ကြားသည်ရှိသော် သွားကုန်ကြကုန်လော့၊ ငါသည် လာရောက်၍ ရှိခိုးမည်ကို လျှောက်ကြားကုန်လော့ဟု စေလွှတ်၍ မင်းရင်ပြင်၌ ရပ်တည်တော်မူသော မြတ်စွာဘုရားသို့ ချဉ်းကပ်ညွတ်လျှိုး ရှိခိုးပြီး၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အဘယ်သို့ ကြွတော်မူပါကုန်သနည်းဟု မေးလျှောက်၏။ ဒကာတော်မင်းကြီး ကာဏမာတာ ဥပါသိကာမကြီးအိမ်သို့ ကြွတော်မူမည် ဟု မိန့်တော်မူလျှင် ဘုန်းတော်ကြီး

တော်မူသော မြတ်စွာဘုရား၊ အဘယ်သို့သော အကြောင်းကြောင့် ကြွတော်မူပါသနည်းဟု လျှောက်သဖြင့် ကာဏာသတို့သမီးသည် ရဟန်းတို့ကို ဆဲရေးရေရွက်သတတ် စသည်ဖြင့် ကာဏာသတို့သမီးသည် မိခင်၏အိမ်သို့ ပြန်လာသော ကာလမှစ၍ အကြောင်းချီးအလုံးစုံတို့ကို အကုန်ပြန်ကြားတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုကာဏာသတို့သမီးအား မဆဲရေးမရေရွတ်အောင်ဆုံးမခြင်းကို ပြုအပ်ပါပြီလောဟု လျှောက်ပြန်သဖြင့် သြော် ဟုတ်ပေ၏။ ဒကာတော်မင်းကြီး ရဟန်းတို့အား မဆဲရေးအပ်သည်ကိုသည်း ပြုအပ်၏။ လောကုတ္တရာဖြစ်သော သူကြွယ်တို့၏ စည်းစိမ်ချမ်းသာ ပစ္စည်းဥစ္စာ၏ အရှင်ကိုလည်း ပြုအပ်၏ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်မြတ်တို့သည် ထိုသတို့သမီးအား လောကုတ္တရာဖြစ်သော သူကြွယ်တို့ စည်းစိမ်ချမ်းသာ ပစ္စည်းဥစ္စာ၏ အရှင်ကို ပြုအပ်သည်မှာ ရှိပါစေတော့၊ ဒကာတော်သည်လည်း ထိုသတို့သမီးကို လော[illegible]ဖြစ်သော သူကြွယ်တို့၏ စည်းစိမ်ချမ်းသာ ပစ္စည်းဥစ္စာ၏ အရှင်ကို ပြုပါအံ့ဟု လျှောက်ကြားပြီးလျှင် မင်းကြီးသည် မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးလျှင် ဆုတ်နစ်ပြန်လည်၍ ကောင်းစွာ ဖုံးအုပ် လွှမ်းမိုးကာအပ်သော ယာဉ်ထမ်းစင်ကို စေလွှတ်၍ ကာဏာသတို့သမီးကို ခေါ်စေပြီး အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်၍ သမီးအကြီးအရာ၌ ထားပြီးလျှင် ငါ၏ သတို့သမီးတော်ကို ကျွေးမွေးခြင်းငှာ စွမ်းနိုင်သောသူသည် ယူစေသတည်းဟု မိန့်တော်မူ၏။

ရဟန်းသံဃာတော်တို့အား အစဉ်မပြတ်လှူဒါန်းခြင်း

ထိုအခါမင်းကြီး၏ အမှုကိစ္စအလုံးစုံကို အကုန်ရွက်ဆောင်တတ်သော များမြတ်သော စည်းစိမ်ချမ်းသာရှိသော အမတ်တစ်ယောက်သည် ဇကျွန်ုပ်သည် အရှင်မင်းမြတ်၏ သမီးတော်ကို မွေးမြူပါမည်ဟု လျှောက်ကြားတောင်းယူပြီးသောကာလ ကာဏာသတို့သမီးကို မိမိ၏ အိမ်သို့ဆောင်လျက် အလုံးစုံသော စည်းစိမ်ချမ်းသာကို လွှဲအပ်ဆောက်နှင်းစေပြီးသင်သည် အလိုရှိတိုင်းကောင်းမှုကို ပြုလေလော့ဟု ဆို၏။ ထိုအခါကာလမှစ၍ ကာဏာသတို့သမီးသည် လေးမျက်နှာကုန်သော တံခါးတို့၌ ယောကျ်ားအစောင့်အရှောက်ထား၍ ရဟန်းယောကျ်ား၊ ရဟန်း မိန်းမဟူသမျှတို့ကို ပင့်ဖိတ်ပြီး ပေးလှူ၏။ မိမိသည် မလှူဒါန်း မလုပ်ကျွေးဖူးသော ရဟန်းယောကျ်ား ရဟန်းမိန်းမတို့ကို ရှာဖွေ၍ မရပေ၊ ကာဏာသတို့သမီး၏ အိမ်တံခါးငဲ၌ ပြုပြင်စီရင်၍ ထားအပ်သော ခဲဖွယ်ဘောဇဉ်သည် ကြီးစွာသော ရေအဟုန်ကဲ့သို့ ဖြစ်လေ၏၊ ရဟန်းတို့သည် တခုးသဘင် အစည်းအဝေးခွင်၌ ငါ့ရှင်တို့ ရှေးအခါ၌ ရဟန်းကြီးလေးပါးတို့သည် ကာဏာသတို့သမီးအား နှလုံးမသာယာ

ခြင်းကိုပြုကုန်၏။ ထိုကာဏသည် ဤသို့သော အခြင်းအရာဖြင့် နှလုံးမသာယာသည် ဖြစ်ပြီးလျက်လည်း မြတ်စွာဘုရားကိုယ်တော်မြတ်ကို အစွဲပြု၍ သဒ္ဓါတရား တိုးပွားပြည့်စုံခြင်းကိုရ၍ မြတ်စွာဘုရားကိုယ်တော်မြတ်သည် တစ်ဖန် ထိုကာဏသတို့သမီး၏ အိမ်တံခါးသို့ ရဟန်းတို့ ချဉ်းကပ်သွားရောက်ခြင်းငှာ ထိုက်သည်ကို ပြုအပ်၏။ ယခုအခါ၌ ထိုကာဏသတို့သမီး မပြုစုမလုပ်ကျွေးဖူးသော ရဟန်းယောကျ်ား ရဟန်းမိန်းမတို့ကို ရှာဖွေပါသော်လည်းမရ၊ မြတ်စွာဘုရားရှင်တို့မည်သည် ကြွင်း အံ့ဖွယ်သော ဂုဏ်ကျေးဇူးရှိတော်မူပေစွတကားဟု ပြောဆိုချီးမွမ်းသော စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားကိုယ်တော်မြတ်သည် ကြွတော်မူလာပြီးသောအခါ ချစ်သားရဟန်းတို့ ငါဘုရားကြွလာတော်မူသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့်ပြောကြားစည်းဝေး ထိုင်နေကုန်ဘိသနည်းဟု မေးတော်မူ၍ ဤမည်သော စကားပါတကားဟု လျှောက်ကြားကုန်သည်ရှိသော် ချစ်သားရဟန်းတို့ ဤရဟန်းကြီးလေးပါးတို့သည် ဤယခုအခါ၌သာ ကာဏသတို့သမီး၏ နှလုံးမသက်သာခြင်းကို ပြုအပ်သည်မဟုတ်သေး၊ ရှေးအခါ၌လည်း ပြုဖူးသည်သာတည်း၊ ဤယခုအခါ၌သာ ကာဏသတို့သမီးသည် ငါဘုရား၏စကားကို လိုက်နာ၍ ပြုသည်မဟုတ်တုံသေး။ ရှေး၌လည်း ပြုဖူးသည်သာလျှင်တည်းဟု မိန့်တော်မူသော ထိုအကြောင်းကို ကြားနာလိုကုန်သော ရဟန်းတို့သည် တောင်းပန်လျှောက်ကြားအပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

ကာဏသတို့သမီးရှေးအကြောင်း

အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းပြုတော်မူသည်ရှိသော် ဘုရားအလောင်းသည် ကျောက်ဆစ်သမား၏ အမျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် ပြီးဆုံးအောင် တတ်မြောက်သော အတတ်ပညာရှိပေ၏။ ကာသိကတိုင်း အခင်းအပါတစ်ခုသော နိဂုံးရွာ၌ စည်းစိမ်ချမ်းသာ များစွာကြွယ်ဝ ပေါများလှသော ပစ္စည်းဥစ္စာရှင်ဖြစ်သော သေဋ္ဌေးကြီး တစ်ယောက်သည်ရှိ၏။ ထိုသေဋ္ဌေးကြီးအား မြေ၌မြှုပ်နှံ၍ ထားအပ်သော ရွှေငွေသည် ကုဋေလေးဆယ်မျှ ရှိသည်ဖြစ်ကုန်၏။ ထိုအခါ သေဋ္ဌေး၏မယားဖြစ်သော သေဋ္ဌေးကတော်သည် သေလွန်ခြင်းကိုပြုသည်ရှိသော်ဥစ္စာ၌ တပ်မက်နှစ်သက်သော တဏှာကြောင့် သွားရောက်၍ ထိုဥစ္စာ၏ အပြင်၌ ကြွက်မ၏အဖြစ်ဖြင့် ဖြစ်လေ၏။ ဤသို့သောနည်းဖြင့် အလုံးစုံသော အမျိုးသည် ပျက်စီးခြင်းသို့ရောက်လေ၍ အဆက်အနွယ်သည် ပြတ်လေ၏။ ထိုရွာသည်လည်း လူတို့စွန့်လွှတ်အပ်သည်ဖြစ်၍ အချည်းအနှီးအိမ်မရှိသည်၏

အဖြစ်သို့ ရောက်လေ၏။ ထိုအခါ ဘုရားလောင်းသည် ရွာဟောင်းပျက်ဖြစ်သော ထိုနေရာ၌ ကျောက်တို့ ကို တူးဖော်ထုတ်ဆောင်ပြီး ရိုက်ဆစ်ထု၏။ ကြွက်မသည် ကျက်စားရာအရပ်ဖြင့် လှည့်ပတ် သွားလာသည်ရှိသော် ဘုရားလောင်းကို အဖန်ဖန်အထပ်ထပ် မပြတ်တွေ့မြင်ရှသာ နေသောကြောင့် ဖြစ်သောချစ်ခင်ခြင်းရှိသည်ဖြစ်၍ ကြံဆင်ခြင်သည်မှာ ငါ၏ ပစ္စည်းဥစ္စာ များစွာတို့သည် အကြောင်းမဲ့ အချည်းနှီး ပျက်စီးလတ္တံ့။ ဤသူနှင့် အတူတကွတပေါင်းတည်း ဖြစ်၍ ဤဥစ္စာတို့ကို သုံးဆောင်တော့အံ့ဟု ကြံ၏။ ကြံပြီး၍ကား ထိုကြွက်မသည်တစ်နေ့၌ တစ်ခုသော အသပြာကို နှုတ်သီးဖြင့် ကိုက်ချီလျက် ဘုရားလောင်း၏အထံသို့လာ၏။ ဘုရားလောင်းသည် ချစ်ဖွယ်သော စကားဖြင့် ခေါ်ယူလျက် မိခင် အဘယ့်ကြောင့် အသပြာကို ကိုက်ချီယူ၍ လာဘိသနည်းဟုမေး၏။ အမောင် ဤအသပြာကို ယူသွား၍ မိမိသည်လည်း သုံးဆောင် စားသောက်ပါ။ ငါ၏ ဒ ဖို့အသားဟင်းမျိုးကိုလည်း ဆောင်ယူခဲ့ပါဟု ပြောဆို၏။ ဘုရားလောင်းသည်- ကောင်းပြီဟု ဝန်ခံ၍ အသပြာကို ယူပြီး အိမ်သို့ သွားရောက်၍ တစ်ပဲသော အ... ဖြင့် အသားဟင်းမျိုးကို ဝယ်ယူပြီးလျှင် ဆောင်ယူခဲ့၍ ကြွက်မအား ပေး၏။ ကြွက်မသည် ထိုအသားဟင်းမျိုးကို ယူပြီးသော် မိမိ၏နေရာသို့ သွားရောက်၍ အလိုရှိတိုင်း စား၏။ ထိုအခါမှ စ၍ ဤသို့သော အမှတ်ဖြင့်သာလျှင် နေ့တိုင်းနေ့တိုင်းဘုရားလောင်းအား အသပြာကို ပေး၏။ ဘုရားလောင်းလည်း ထိုကြွက်မအားအသားဟင်းမျိုးကို ဆောင်ယူ၍ ပေး၏။

ဥစ္စာစောင့်ကြွက်မနှင့် ကြောင်လေးကောင်တို့အကြောင်း

ထိုနောက် တစ်နေ့သောအခါ၌ထိုကြွက်မကို တစ်ကောင်သောကြောင်သည် ဖမ်း၏၊ ထိုအခါ ကြောင်ကို ကြွက်မက အမောင် ငါ့ကို မသတ်ပါလင့်ဟုဆို၏။ အဘယ့်ကြောင့် အသင့်ကို မသတ်ဘဲ နေရမည်နည်း ငါသည် ဆာလောင်မွတ်သိပ်သည် ဖြစ်သောကြောင့် အသင်၏ အသားကို စားလို၏။ ငါသည် မသတ်ဘဲ နေခြင်းငှါ မစွမ်းနိုင်ဟု ဆို၏။ အသို့နည်း အသင်သည်တစ်နေ့သာ စားလိုသလော၊ သို့ဘည်းမဟုတ် အမြဲမပြတ် အခါခပ်သိမ်းပင် စားလိုသလောဟု မေး၏။ ရခဲ့သည်ရှိသော် အမြဲမပြတ် အခါခပ်သိမ်းပင် အသားဟင်းမျိုးကို စားလိုပေသည်ဟု ဆို၏။ ဤသို့ စားလိုသည်ရှိသော် ငါ့ကို လွှတ်ဘိလော့ အသင်အား ငါသည် အမြဲမပြတ် အသားဟင်းမျိုးကို ပေးပါအံ့ဟု ဆို၏။ ထိုအခါ ကြောင်သည် ထိုသို့ဖြစ်လျှင် မမေ့မလျော့သည် ဖြစ်လေလော့ဟု ပြောဆို၍ လွှတ်လိုက်၏။ ထိုအခါမှစ၍ ကြွက်မသည် မိမိအ လို့ငှာ ဆောင်ယူအပ်သော အသားဟင်းမျိုးကို နှစ်ဖို့နှစ်စုပြုပြီး တစ်စုကို ကြောင်အားပေး၏ တစ်စုကို မိမိစား၏။ ထိုနောက် ကြွက်မကို ပါစ်နေ့သ၌ တစ်ပါးသောကြောင်

တစ်ကောင်သည် ဖမ်းယူပြန်၏။ ထိုကြောင်ကိုလည်း ရှေးနည်းအတိုင်းသိစေ၍ မိမိကို လွှတ်စေ၏။ ထိုအခါမှစ၍ သုံးဖို့သုံးစုပြုပြီး စားကြရကုန်၏။ တစ်ဖန် တစ်ကောင်သော ကြောင်သည် ဖမ်းယူပြန်၏။ ထိုကြောင်ကိုလည်း ရှေးနည်းအတူသာလျှင် သိစေ၍ မိမိကို လွှတ်စေ၏။ ထိုအခါမှစ၍ လေးမုံ လေးစု ပြုပြီးသော် စားကြရကုန်၏။ တစ်ဖန် ကြောင်တစ်ကောင်သည်ဖမ်းယူပြန်၏။ ထိုကြောင်ကိုလည်း ရှေးနည်းအတူသာလျှင် သိစေ၍ မိမိကို လွှတ်စေ၏။ ထိုအခါမှစ၍ ငါးပုံငါးစုကို ပြုပြီး စားကြရကုန်၏။ ထိုကြွက်မသည် ငါးပုံငါးစု ပြုပြီး စားရသည်ရှိသော် နည်းသော အဟာရရှိသည်၏ အဖြစ်ကြောင့် ပင်ပန်းနွမ်းနယ်သည် ဖြစ်၍ ကြုံသော ကိုယ်ရှိ၏။ နည်းသော အသားအသွေး ရှိသည် ဖြစ်လေ၏။

ဘုရားလောင်းအကူအညီကြောင့် ကြောင်တို့သေးရန်မှလွတ်ခြင်း

ဘုရားလောင်းသည် ကြွက်မကို မြင်၍ မိခင် အဘယ့်ကြောင့် ညစ်နွမ်း ညှိုးငယ်ခြင်း ဖြစ်ပေသနည်းဟု မေး၏။ သို့အမည်ရှိသော အကြောင်းကြောင့် ပေတည်းဟု ဆိုသည်ရှိသော် အသင်သည် ဤမျှလောက်သော ကာလပတ်လုံး အဘယ့်ကြောင့် ငါ့အား မပြောမကြားဘိသနည်း ငါသည် ဤအရာကိစ္စကို သိစေအံ့ဟု ပြောဆို၍ ထိုကြွက်မကို သက်သာရာကို ရစေပြီး ပွတ်သင် စင်ကြယ်စေအပ်သည် ဖြစ်၍ဖန်ရောင်တောက်သော ကျောက်ဖြင့် ဂူလိုဏ်ငယ်ကို ပြုပြီး ဆောင်ယူ၍ မိခင် အသင်သည် ဤဂူလိုဏ်သို့ ဝင်ပြီးလျှင် အိပ်နေလျက် လာတိုင်းလာတိုင်း ကုန်သော ကြောင်တို့အား ကြမ်းကြုတ် ခက်ထန်သော စကားတို့ဖြင့် ပြောဆို ခြိမ်းခြောက်လေလော့ဟု မှာထား၏။ ကြွက်မသည် ဂူလိုဏ်သို့ဝင်ပြီးသော် အိပ်နေ၏။ ထိုအခါ တစ်ကောင်သော ကြောင်သည် လာ၍ ငါ့အား ယခု အသားဟင်းမျိုးကို ပေးဘိလော့ဟု တောင်းဆို၏။ ကြွက်မက အချင်း ကြမ်းတမ်းယုတ်မာမသော ကြောင်မိုက် အသင်သည်အဘယ် သို့သော စကားကို ပြောဆိုဘိသနည်း၊ ငါသည် အသင်၏ အသားဟင်းမျိုးကို ဆောင်သောသူ မှတ်သလော၊ အသင်သည် သားငယ်တို့၏ အသားကို စားပါ လေလေော့ဟုခြိမ်း ခြောက်ပြောဆို၏။ ကြောင်သည် ဖန်ဂူလိုဏ်၌ အိပ်နေသည် အဖြစ်ကို မသိသောကြောင့်အမျက်၏ အစွမ်းဖြင့်ကြွက်ကို ဖမ်းယူအံ့ဟုအဆော တလျင်လျင်စွာ ပြေးသွားသဖြင့် နှလုံးရင်သားဖြင့်ဖန်ဂူလိုဏ်ကို တိုက်ခိုက်မိ၏။ ထိုခဏ၌သာလျှင် ကြောင်အား နှလုံးသားသည် ကွဲလေ၏။ မျက်စိတို့သည် ထွက်အံ့သော အခြင်းအရာသို့ ရောက်သည် ဖြစ်ကုန်၏၊ ကြောင်သည် ထိုအရပ် ၌ပင် အသက်ကုန်ခြင်းသို့ ရောက်၍ တစ်ခုသော ဖုံးကွယ်သော နေရာ၌ လဲ၍ သေလေ၏။ ဤသို့သော အကြောင်းဖြင့် တစ်ပါးကုန်သော ကြောင်တို့သည်

လည်း အသက်ကုန်ခြင်းသို့ ရောက်သဖြင့် လေးကောင်ကုန်သော ကြောင်တို့သည် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏။ ထိုအခါမှစ၍ ကြွက်မသည် ဘေးမရှိသည်ဖြစ်၍ ဘုရားအလောင်းအား နေ့တိုင်းနေ့တိုင်း နှစ်သပြာ သုံးသပြာတို့ကို ပေး၏။ ဤသို့ အစဉ်အတိုင်းအားဖြင့် အလုံးစုံလည်းဖြစ်သော အသပြာကို ဘုရားလောင်းအား ပေး၏။ ထိုနှစ်ဦးကုန်သော သူတို့သည် အသက်ရှည်သမျှကာလပတ်လုံး ချစ်ခင်သော အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သည်ကို မဖျက်မဆီးမူ၍ သေလွန်သည်ရှိသော် ကံအားလျော်စွာ လားလေ၏။ မြတ်စွာဘုရားကိုယ်တော်မြတ်သည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူပြီးသော် ဘုရားဖြစ်တော်မူပြီး၍လျှင် ဧကကနိပါတ် ဗဗ္ဗုကဇာတ် အလာ ဤဂါထာကို ဟောကြားတော်မူ၏—

ယတ္ထေကော လဘတေ ဗဗ္ဗု၊ ဒုတိယော တတ္ထ ဇာယတိ။

တတိယော စ စတုတ္ထော စ၊ ဣဒံ တေ ဗဗ္ဗုကာ ဗိလံ။

အကြင်အရပ်၌ တစ်ကောင်သောကြောင်သည် ကြွက်ကိုလည်းကောင်း၊ အသားဟင်းမျိုးကိုလည်းကောင်း ရအပ်၏၊ ထိုကြောင်တစ်ကောင်ရရာအရပ်၌ နှစ်ကောင်မြောက်သော ကြောင်သည်လည်းကောင်း သုံးကောင်မြောက်သော ကြောင်သည်လည်းကောင်း၊ လေးကောင်မြောက်သော ကြောင်သည်လည်းကောင်း ရသည်ဖြစ်ပေ၏၊ ထိုလေးကောင်သော ကြောင်တို့သည် ဤဖန်ဖြင့်ပြီးသော ကျင်းလိုဏ်ဂူကို ရင်ဖြင့် ပုတ်ခတ်တိုက်၍ အလုံးစုံသော ကြောင်တို့သည် အသက်ကုန်ခြင်းသို့ ရောက်လေကုန်၏။

ဗဗ္ဗုဘိ ဗိဠာရေ၊ ဣဒံ ဖလိကမယံ ဗိလံ ဥရေန ပဟရိတွာ သဗ္ဗေပိ ဇီဝိတက္ခယံ ပတ္တာ–

ဟူသော အဋ္ဌကထာအဖွင့်ဘွဲ့နှင့် သင့်လျော်အောင် အနက်ယောဇနာလိုက်ပေသည်။

မြတ်စွာဘုရားရှင်သည် ဤသို့သော ဗဗ္ဗုဇာတ်ကို အကျယ်အားဖြင့် ဟောကြားတော်မူပြီး၍ ချစ်သားရဟန်းတို့ ဤယခုအခါ ရဟန်းကြီးလေးပါးတို့သည် ထိုအခါက ကြောင်လေးကောင်တို့ဖြစ်ကုန်ပြီ။ ထိုအခါကကြွက်မသည် ယခုအခါ ကာဏသတ္တိသမီး ဖြစ်လာ၏။ ကျောက်ဆစ်သမားယောကျ်ားသည် ငါဘုရားပင်တည်းဟု ဇာတ်ဘော်ကို ပေါင်းတော်မူ၍ ချစ်သားရဟန်းတို့ ဤသို့သော အခြင်းအရာဖြင့် ရှေးလွန်လေပြီးသော အခါ၌လည်း ကာဏသတ္တိသမီးသည် မသက်မသာ ကျင်နာနောက်ကျု ကြည့်ရှုမသင့် ဖွံ့ဖြိုးလွင့်သော

စိတ်ရှိသည်ဖြစ်၍ ငါဘုရား၏ စကားဖြင့် ကြည်လင်အေးမြသော ရေကဲ့သို့ ကြည်လင်သော စိတ်ရှိခဲ့ဖူးပြီဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်၍ တရားဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို ဟောတော်မူ၏—

၇၂။ ယထာပိ ရဟဒေါ ဂမ္ဘီရော၊ ဝိပ္ပသန္နော အနာဝိလော။

ဧဝံ ဓမ္မာနိ သုတွာန၊ ဝိပ္ပသီဒန္တိ ပဏ္ဍိတာ—

နက်သောရေအိုင်သည် အထူးကြည်လင်သကဲ့သို့ မနောက်ကျုသကဲ့သို့ လည်းကောင်း၊ ထို့အတူ ပညာရှိတို့သည် တရားမြတ်တို့ကို ကြားနာ၍ မဂ်စိတ်ဖြင့် ကြည်လင်ကုန်၏။

ထို ဂါထာ၌ ရဟဒေါဟူသည်=စစ်အင်္ဂါ ၄-ပါးရှိသော စစ်သည်အပေါင်း ကူးသွားသော်လည်း တစ်စုံတစ်ရာ ပျက်စီးခြင်းမရှိသော အလုံးစုံရှစ်သောင်း လေးထောင်နက်ရှိုင်း၍ ညိုသော ရေရှိသော သမုဒ္ဒရာသည် ရဟဒမည်၏။ ထိုစကားနှင့်၏- ထို သမုဒ္ဒရာ၏အောက်တွင် ယူဇနာ လေးသောင်းမျှရှိသော အရပ်၌ ရေသည် ငါးဘို့ဖြင့် တုန်လှုပ်၏။ အပေါ်အရပ်၌ရှိသော ရေသည် လေကြောင့် တုန်လှုပ်၏။ အလယ် ဖြစ်သော ယူဇနာလေးထောင်မျှ အရပ်၌ ရှိသော ရေသည် လုံးဝ မတုန်လှုပ်ဘဲ တည်နေသော ဤသမုဒ္ဒရာသည် အစောက်နက်သော သမုဒ္ဒရာမည်၏။

ဓမ္မာနိဟူသည်=ဟောအပ်သောတရားတို့ကို ဟူလို၊ ဥပမာမည်သည် ကား-သမုဒ္ဒရာသည် နှောင့်ယှက်ခြင်းမရှိသောကြောင့် အထူးသဖြင့် ကြည် လင်၍ တုန်လှုပ်ခြင်းမရှိသောကြောင့် မနောက်ကျုသကဲ့သို့ ငါဟောအပ်သော တရားဒေသနာကို ကြားနာရ၍ သောတာပတ္တိမဂ် စသည် အစွမ်းအားဖြင့် ညစ် ညူးခြင်းမရှိသော စိတ်ရှိသည်၏အဖြစ်သို့ ရောက်ကုန်သော ပညာရှိတို့သည် အထူးအားဖြင့် ကြည်ညိုကုန်၏။ ရဟန္တာဖြစ်သော အခါ၌ကား-စင်စစ်အထူး ကြည်လင်ကုန်သည်သာတည်း ဟူလို—

ဒေသနာတော်၏ အဆုံး၌ လူများစွာတို့သည် သောတာပန် စသည် တည်ကုန်၏။

[ဤ ကာဏသတို့သမီးကို ဆောင်ယူရာ၌ ဤဝတ္ထုအတိုင်း ဓမ္မပဒ အဋ္ဌကထာကြီး၌ လာသည်။ ဝိနည်း ပါစိတျာဒိအဋ္ဌကထာကြီးမှာ ကာဏာ၏အိမ်သို့ မြတ်စွာဘုရား ကြွတော်မူသည်ကို ကြား၍ ခင်ပွန်း အရှင်လင်ဟောင်းပင် ပြန်၍ ဆောင်ယူသကဲ့သို့ ဆိုသည်။ ကျမ်းပြု

ဆရာ အာချင်မဟာဗုဒ္ဓဃောသ တစ်ဦးတည်းပင် ဤသို့ နှစ်ပါဒ ကွဲပြားခြင်းသည် ဇာတကဘာဏက ဝိနယဘာဏက အရှင်တို့၏ အလိုတော်သို့ လိုက်၍ မိန့်သည်ဟူ၍ ထင်မိပေသည်။ ဆင်ခြင်တော်မူကြပါကုန်။ ဤကား အမှာ။]

ခုနစ်ခုမြောက်သော ကာဏာသတို့သမီး၏ မိခင်ဝတ္ထု

ပြီး၏။

ဂ. ငါးရာကုန်သော ရဟန်းတို့ဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

သဗ္ဗတ္ထ ဝေ သပ္ပုရိသာ စဇန္တိ-အစရှိသော ဤ တရားဒေသနာတော်ကို မြတ်စွာ ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းတော်မူစဉ် ရှေးရှုသဒ္ဒါ ရဟန်းငါးရာတို့ကို အကြောင်းပြု၍ ဟောကြားတော် မူခဲ့ပေသတည်း။ ဒေသနာတော်သည် ဝေရဉ္ဇာပြည်၌ ဖြစ်၏။

မြတ်စွာဘုရားရှင်သည် ဝါတော် နှစ်ဆယ်အတွင်းကျသော ပထမဗောဓိ၌ ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် ဝေရဉ္ဇာပြည်သို့ ကြွရောက်တော်မူ၍ နဠေရု မည်သော တမာပင်ရင်း၌ ချဉ်းကပ် ရှင်ပြုံး သီတင်းသုံးတော်မူ၏။

အရှင်မောဂ္ဂလာန်၏ တန်ခိုးပြခြင်းကို မြတ်စွာဘုရား တားမြစ်ခြင်း

ဝေရဉ္ဇာပြည်၌ ပစ္စည်းဥစ္စာ များစွာကြွယ်ဝ ပေါများလှသော ဝေရဉ္ဇပုဏ္ဏားကြီးသည် ဘုရားကြွတော်မူလာကြောင်း ကောင်းသော သတင်းစကားကို ကြားသိ၍ မြတ်စွာဘုရားကိုယ်တော်မြတ်၏ ထံကော်မှောက်သို့ လာရောက်ချဉ်းကပ် လျှောက်ထားအပ်သဖြင့် မြတ်စွာဘုရား ဟောကြားဖြေဆိုတော်မူသည်ရှိသော် ဝေရဉ္ဇပုဏ္ဏားကြီးသည် ဘုရား၌ ကြည်ညိုသဖြင့် ပင့်ဖိတ်အပ်သည်ဖြစ်၍ ငါးရာကုန်သော ရဟန်းတို့နှင့်အတူတကွ ဝါကပ်ဆိုတော်မူ၏။ ဝေရဉ္ဇပုဏ္ဏားကြီးသည် ဘုရားကို ပင့်ဖိတ်အပ်သော်လည်း မာရ်မင်းသည် လှည့်ပတ်အပ်သဖြင့် တစ်နေ့သောနေ့မျှ၌လည်း မြတ်စွာဘုရားရှင်ကို ကြည်လင်သွတ်ပျောင်း အောက်မေ့နှလုံးသွင်းခြင်း သတိကို မဖြစ်စေနိုင်။ ဝေရဉ္ဇာပြည်သည်လည်း တော်မွတ်ခြင်းဘေးဖြင့် ယုတ်ဆွေး နှိပ်စက်အပ်သည် ဖြစ်လေကုန်၏၊ ရဟန်း သံဃာတော်အပေါင်းတို့သည်း ဝေရဉ္ဇာ မြို့တွင်း မြို့ပ၌ ဆွမ်းခံ လှည့်လည် ကြပါကုန်

သော်လည်း တစ်ယောက်ချိမျှသော ဆွမ်းကို မရသည်ဖြစ်၍ ပင်ပန်း နွမ်းနယ်ကြကုန်၏။ ထိုရဟန်းသံဃာတော်တို့အား ဥတ္တရာပထတိုင်းမှ လာရောက် မိုးခိုကုန်သော မြင်းကုန်သည်တို့သည် တစ်ကွမ်းစား တစ်ကွမ်းစားမျှကုန်သော မုယောဆန်တို့ကို ဆွမ်းဝတ်ပြု၍ ဆောက်တည်ကြကုန်၏။

ဆွမ်းအာဟာရဖြင့် ပင်ပန်းနွမ်းနယ်ကုန်သော ထိုရဟန်းတို့ကို မြင်လျှင် အရှင်မောဂ္ဂလာန် မထေရ်သည် မဟာပထဝီ မြေကြီး၏ အတွင်း၌ တည်ရှိသော မြေဆီလွှာကို သုံးဆောင်စေလိုသည်ဖြစ်၍ မြေကြီးကို ဟန်ခိုးတော်ဖြင့် ပယ်လှန်ရန် အကြောင်းကိုလည်းကောင်း၊ မြောက်ကျွန်းသို့ ဆွမ်းခံခြင်းငှာ စေလွှတ်လိုသည်ကိုလည်းကောင်း၌နှစ်ပါးသောအကြောင်းတို့ဖြင့် တောင်းပန်ပါသည်ကို မြတ်စွာဘုရားရှင်သည် ပယ်ရှားတော်မူ၍ ရဟန်းအပေါင်းတို့သည်လည်း တစ်နေ့သော နေ့မျှ၌သော်လည်း ဆွမ်းအာဟာရကို အကြောင်းပြုသောအားဖြင့် အရိပ်အရောင်ပြုခြင်းမည်သည် မရှိ၊ အလွန်တပ်မက် နှစ်သက်တောင့်တသော အလိုဆိုးကို ပယ်ရှားကြည်ရှောင်သည် ဖြစ်၍သာ သီတင်းသုံးတော်မူကြကုန်၏။ မြတ်စွာဘုရားရှင်သည် ထို ဝေရဉ္ဇာပြည်၌ ဝါတွင်း သုံးလတို့ပတ်လုံး သီတင်းသုံး ဝါဆိုတော်မူပြီး၍ ဝါလကျွတ်လတ်သော် ဝေရဉ္ဇပုဏ္ဏားကြီးကို ပန်ကြား၍ ထိုဝေရဉ္ဇပုဏ္ဏားကြီးသည် ဝါတွင်း သုံးလတို့ပတ်လုံး လှူဒါန်း လုပ်ကျွေး ပြုစုဖွယ်ရာသော ပစ္စည်းအစုကို တစ်နေ့တည်းဖြင့် ပြီးဆုံးအောင် လှူဒါန်း လုပ်ကျွေးအပ်သော ပူဇာသက္ကာရကို ခံယူတော်မူလျက် ထိုပုဏ္ဏားကြီးကို သရဏဂုံ သီလတို့၌ တည်စေပြီးသော် ထိုဝေရဉ္ဇာပြည်မှ ထွက်ကြွတော်မူလျက် အစဉ်အတိုင်းအားဖြင့် ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် တစ်ရံခါ၌ သာဝတ္ထိပြည်ကြီးသို့ ခရီးအစဉ်အတိုင်း ကြွရောက်တော်မူလာ၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ သာဝတ္ထိပြည်၌ နေလေ့ရှိကုန်သော ဒါယကာ ဒါယိကာမ အပေါင်းတို့သည် မြတ်စွာဘုရားကိုယ်တော်မြတ်အား အာဂန္တုကဘတ်ကို ပြုကြကုန်၏။

ကစားပျော်ရွှင်ကြသော စားကြွင်းစား ငါးရာ

ထိုအခါ ငါးရာမျှလောက်ကုန်သော စားကြွင်းစားတို့သည် ရဟန်းသံဃာတော်တို့ကိုမှီ၍ ကျောင်း၏အတွင်း၌သာလျှင် နေကြကုန်၏။ ထိုစားကြွင်းစားတို့သည် ရဟန်းတော်တို့ သုံးဆောင်ပြီးဖြစ်သော မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို စားသောက်၍ အိပ်ပြီးလျှင် အိပ်ရာမှ ထသည်ရှိသော် မြစ်ကမ်းနားသို့ သွားလျက် ကျူးရင့်ကြွေးကြော်ဟစ်အော်ပေါင်းမှု အစုအစုကို ဖွဲ့၍လက်ပမ်းလုံးမှုခြင်း ကစားမြူးတူးခြင်းတို့ကိုပြုကုန်လျက် ကျောင်းအတွင်း၌လည်းကောင်း

ကျောင်း၏အပ၌ လည်းကောင်း မပြုမကျင့်အပ်သော အနာစာရကိုသာလျှင် ပြုကျင့်လျက် လှည့်လည်ကုန်၏၊ ရဟန်းတို့သည် တရားသဘင် အစည်းအဝေး ခွင်၌ ငါ့ရှင်တို့ ဤစားကြွင်းစားတို့ကို ကြည့်ရှုကြပါကုန်လော့။ ဤစားကြွင်း စားတို့အား ဝတ်မွတ်ခေါင်းပါးစဉ် ကာလဖြစ်သော ဝေရဉ္ဇာပြည်၌ တင်စုံတင်ခု ဖောက်ပြန်ပျက်ချော် မသင့်လျော်သည်ကို မပြုကြကုန်။ ဤယခုအခါ၌မူကား ဤသို့သဘောရှိသော မွန်မြတ်ကုန်သော ဘောဇဉ်တို့ကိုစားသောက်သုံးဆောင် ၍ များစွာကုန်သော ဖောက်ပြန်ပျက်စီးသော အခြင်းအရာတို့ကို ပြုလျက် လှည့် ပတ်ကုန်ဘိသည်၊ ရဟန်းတို့မှာမူကား ဝေရဉ္ဇာပြည်၌လည်း ငြိမ်သက်တည်ကြည် သော သဘောရှိကုန်သည်ဖြစ်၍ ဤယခုအခါ၌လည်း ငြိမ်သက်တည်ကြည် သည် ဖြစ်၍သာ နေကြကုန်သည်ဟု ပြောဆိုကြကုန်၏။ မြတ်စွာဘုရားရှင်သည် တရားသဘင်သို့ ကြွတော်မူလာ၍ ချစ်သားရဟန်းတို့ အဘယ်သို့သော စကား တို့ကို ပြောကြားစည်းဝေးကုန်ဘိသနည်းဟု မေးတော်မူသည်ကာလ ဤအမည် ရှိသော စကားပါတည်းဟု လျှောက်ကြားကုန်သည်ရှိသော် ချစ်သားရဟန်းတို့ ဤစားကြွင်းစား ငါးရာတို့သည် ရှေးအခါ၌ မြည်း၏အမျိုး၌ ဖြစ်ကုန်သော ငါးရာကုန်သော မြည်းတို့ဖြစ်၍ ငါးရာကုန်သော အာဇာနည်သိန္ဓောမြင်းတို့၏ စိုသော မုဒရက်သီးဖြင့် ဖျော်အပ်သော အဖျော်သောက်ကြွင်းဖြစ်သော စားကြွင်းအဖတ်ကို ရဖြင့်ဖျော်နယ်၍ သင်ပန်းလျှော်ပုဆိုးတို့ဖြင့် စစ်အပ်သည် ၏အဖြစ်ကြောင့် ဝါဠလာဒက ဟူ၍ ခေါ်ဝေါ်ရေတွက်ခြင်းသို့ ရောက်သော နည်းသော အရသာရှိသော ယုတ်သော သောက်ရည်ကို သောက်၍ မူးယစ်ကုန်သကဲ့သို့ ကျူးရင့်ကုန်လျက် လှည့်လည်ကုန်ဘိသည်ဟု မိန့်တော်မူပြီးမှ ရဟန်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

စားကြွင်းစားငါးရာတို့ ရှေးအကြောင်း အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီး၌ ဗြဟ္မဒတ်မင်းသည် မင်း အဖြစ်ကို ပြုတော်မူသည်ရှိသော် ဘုရားအလောင်းတော်သည် အမတ်၏အမျိုး၌ ဖြစ်၍ အရွယ်သို့ ကျရောက်သောအခါ မင်းကြီး၏ အကြောင်းအကျိုး ကောင်းဆိုးယုတ်မြတ်ကို ဆုံးမတတ်သော အမတ်ပညာရှိသည် ဖြစ်ပေ၏။ ထိုအခါ တစ်နေ့သ၌ ဗြဟ္မဒတ်မင်းကြီးသည် ပစ္စန္တရစ် ပျက်စီးသည်ဟု ကြား သောကြောင့် သိန္ဓောမြင်း ငါးရာတို့ကို ကကြိုးတန်ဆာ ဆင်စေ၍ အင်္ဂါ လေးပါးရှိသော စစ်သည်ဖြင့် ယှက်ကြွတော်မူပြီးသောအခါ ပစ္စန္တရစ်ကိုငြိမ်းစေ လျက် ဗာရာဏသီပြည်သို့ သာလျှင် ပြန်လာတော်မူပြီးသော် ပင်ပန်း နွမ်းနယ် သော သဘောရှိကုန်သော မြင်းတို့အား စိုစွတ်သည်သာလျှင်ဖြစ်သော မုဒရက် အဖျော်ကို ပေးကြကုန်လော့ဟု စေခိုင်း၏။ သိန္ဓောမြင်းတို့သည် ဖျော်၍ပေး

အပ်သောမွေးကြိုင်ကောင်းမြတ်သော အဖျော်ကို သောက်ပြီး၍ မြင်းတင်းကုပ်သို့သွားပြီးလျှင် မိမိတို့နေရာ၌ တည်နေကုန်၏။ ထိုသိန္ဓောမြင်းတို့ကို ပေးအပ်သည်မှ ကြွင်းကျန်သော နည်းသောအရသာရှိသော များစွာကုန်သော အဖတ်တို့သည် ဖြစ်ပေ၏။ လူများအပေါင်းတို့သည် ဤကြွင်းကျန်သော အဖတ်ကို အသို့ပြုကုန်အံ့နည်းဟု မင်းကြီးကို မေးလျှောက်ကုန်၏။ မင်းကြီးကနှစ်ဆတက်လောက်သော ရေတို့ဖြင့်ဖျော်နယ်ပြီးသော် သင်ပန်းလျှော်ဖြင့် ရက်အပ်သောပုဆိုးဖြင့် စစ်၍ အကြွင်းမြည်းတို့သည် မျိုးရိက္ခာတို့ကို ရွက်ဆောင်စေလွှတ်ရကုန်၏။ ထိုမြည်းတို့ကိုပေးကုန်လော့ဟုမိန့်တော်မူ၏၊ လူတို့သည်လည်း ထိုသို့ သောအခြင်းအရာတို့ကိုပြုပေ၏။ မြည်းတို့သည်အဖတ်တို့ဖြင့်ရောနယ်အပ်သောရေကို သောက်ကုန်လျက် ယစ်မူးမေ့လျော့ကုန်သည် ဖြစ်၍ လှည့်လည်လျက် မင်းရင်ပြင်၌ ပြေးသွား မြူးတူးကုန်၏၊ မင်းကြီးသည် လေသာပြူတင်းကို ဖွင့်၍ မင်းရင်ပြင်ကို ကြည့်ရှုလျက် အနီး၌ တည်နေသော ဘုရားလောင်းကို ခေါ်တော်မူပြီးလျှင် အို အချင်း အသင်တို့သည် ကြည့်ရှု ကြပါကုန်လော့၊ ဤမြည်းတို့သည် ကြွင်းကျန်သော အဖတ်ကို ရေဖြင့်ဖျော်သော ဝါလောဒကမည်သော အဖျော်ကို သောက်ရပါလျက် ယစ်မူးကုန်သည်ဖြစ်၍ မြည်တွန် မြူးဟစ်ကုန်လျက် လှည့်လည်ကုန်ဘိသည်။ သိန္ဓောမြင်း၏ အမျိုး၌ ဖြစ်ကုန်သော သိန္ဓောမြင်းတို့သည်ကား အနှစ်အရသာဖြင့် ထုံအပ်သော အဖျော်ကိုသောက်ရပါလျက် အသံကင်း တိတ်ဆိတ်သည်ဆို၍ ကောင်းမွန်စွာ နေကြကုန်၏။ မလျှပ်ပေါ်ကုန်၊အကြောင်းကား အဘယ်သို့ပေနည်းဟု မေးတော်မူလိုသော ကြောင့် ဤဂါထာကိုရွတ်၏။

> ဝါလောဒကံ အပ္ပရသံ နိဟီနံ
> ပိတွာ မဒေါ ဇာယတိ ဂြဒ္ဘာနံ။
>
> ဣမဉ္စ ပိတွာန ရသံ ပဏီတံ၊
> မဒေါ န ယဥ္စာယတိ သိန္ဓဝါနံ။

အဆွေအမတ်ကြီး မြည်းတို့အား ယုတ်သောနည်းသော အရသာရှိသော သင်ပန်းလျှော်ဖြင့် ရက်အပ်သော အဝတ်ဖြင့် စစ်အပ်သော မုဒရက် အဖျော်ရေကိုသောက်၍ ယစ်မူးခြင်းသည် ဖြစ်ပေ၏။ သိန္ဓောမြင်း၏ အမျိုး၌ဖြစ်ကုန်သောမြင်းတို့အား မွန်မြတ်လှသော ဤမုဒရက် အဖျော်ရေကို သောက်ရပါလျက်လည်း ယစ်မူးခြင်း မဖြစ်။ အကြောင်းကား အသို့ဖြစ်ပေသနည်းဟု မေးတော်မူ၏။

[ဤဂါထာမှာ ဝါလောဒကဌ် ဝါလုဒကဟူ၍လည်း ရှိတတ်သည် ဟု အဋ္ဌကထာမိန့်၏။ အနက်တူ။]

ထိုအခါ ဘုရားလောင်း အမတ်သည် မင်းကြီး‌ဆေးတော်မူသည်ကို ပြကြား လိုသောကြောင့် ဤဂါထာကို ရွတ်ဆို၍ လျှောက်၏—

အပ္ပံ ပိဝိတွာန နိဟီနဇစ္စော။
သော မဇ္ဇတီ တေန ဇနိန္ဒ ဖုဋ္ဌော၊
ဓောရယှသီလီ စ ကုလမှိ ဇာတော၊
န မဇ္ဇတီ အဂ္ဂရသံ ပိဝိတွာ—

လူတို့ကို အစိုးရကော်မူသော မင်းမြတ်၊ ယုတ်သော အမျိုးဇာတ်ရှိသော မြည်းအပေါင်းသည် ထိုသို့ယုတ်သော ဇာတ်ရှိသည်၏ အဖြစ်သည် နှိပ်စက်အပ် သည်ဖြစ်၍ နည်းသော အရသာရှိသော မုဒရက်အဖျော်ကို သောက်ရ၍ ယစ်မူး လေ၏။ မြတ်သော အမျိုး၌ဖြစ်သော ဝန်ကို ဆောင်တတ်သော သတ္တိနှင့် ပြည့်စုံသော သိန္ဓောမြင်းအပေါင်းသည်ကား ရှေးဦးစွာ ယူအပ်သော မုဒရက် အဖျော်ရေကို သောက်ရ၍သော်လည်း မယစ်မူးလေ ဟု ပြေဆို၏။

ဇာတ်ကိုပေါင်းတော်မူခြင်း

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဤသို့သော တရားဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ထိုအခါ မြည်းငါးရာတို့သည် ဤ စားကြွင်းစားတို့ ဖြစ်ကုန်ပြီ၊ ထိုအခါက သိန္ဓောမြင်း ငါးရာတို့သည် ယခုအခါ ရဟန်းငါးရာတို့ ဖြစ်လာကုန်၏။ ထိုအခါ ဗြဟ္မဒတ်မင်းကြီး သည် ယခုအခါ အာနန္ဒာဖြစ်လာ၏။ ထိုအခါ အမတ်ပညာရှိသည် အခုအခါ ငါဘုရားဖြစ်လာ၏ ဟု ဇာတ်တော်ကို ပြီးဆုံးစေတော်မူ၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဒုကနိပါတ်၌ ဤဝါလောဒကဇာတ်ကို အကျယ်အားဖြင့် ဟောတော်မူပြီးသော် ချစ်သား ရဟန်းတို့ ဤသို့ ပြုအပ်ပြီးသော အခြင်းအရာအားဖြင့် သူတော် ကောင်းတို့သည် လောကဓမ္မကို ကြည့်၍ ချမ်းသာသော အခါ၌လည်းကောင်း ဆင်းရဲသော အခါ၌လည်းကောင်း ဖောက်ပြန်ခြင်း ကင်းကုန်သည်သာလျှင် တည်းဟု မိန့်တော်မူပြီးသော် အနုသန္ဓေကိုစပ်၍ တရားကို ဟောကြားတော် မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏။

၈၃။ သဗ္ဗတ္ထ ဝေ သပ္ပုရိသာ စဇန္တိ၊
န ကာမကာမာ လပယန္တိ သန္တော။
သုခေန ဖုဋ္ဌာ အထ ဝါ ဒုက္ခေန၊
န ဥစ္စာဝစံ ပဏ္ဍိတာ ဒဿယန္တိ။

အလုံးစုံသော ခန္ဓာ အစရှိသော တရား၌ ဆန္ဒရာဂကို စင်စစ် သူတော်ကောင်းတို့သည် စွန့်ပစ်တော်မူကြကုန်၏။ သူတော်ကောင်းတို့သည် ကာမဂုဏ်အလိုရှိကုန်သည်ဖြစ်၍ မဆိုကြကုန်။ ပညာရှိတို့သည် ချမ်းသာဖြင့် တွေ့ထိသော်လည်းကောင်း၊ ဆင်းရဲဖြင့် တွေ့ထိသော် လည်းကောင်း ချီးမွမ်း ကဲ့ရဲ့ နှစ်သက် အမျက်ထွက်ခြင်းတို့ဖြင့် တက်ကြွနိမ့်ကျခြင်း အခြင်းအရာကို မပြကြကုန်။

ထိုဂါထာ၌ သဗ္ဗတ္ထဟူသည်=ခန္ဓာငါးပါး စသော တရားအားတို့၌ဟူလို။

သပ္ပုရိသာဟူသည်=သူတော်ကောင်းတို့သည် ဟူလို။

စဇန္တိ ဟူသည်=အရဟတ္တမဂ်ဉာဏ်ဖြင့် ဆွဲငင်အပ်သည်၏ အဖြစ်ကြောင့် ဆန္ဒရာဂကို စွန့်ကုန်၏ ဟူလို။

န ကာမကာမာ ဟူသည်=ဝတ္ထုကာမတို့ကို တောင့်တကုန်၏။ ဝတ္ထုကာမ ဟူသော အကြောင်းကြောင့် မပြောဆိုကုန်ဟူလို။

နာလပယန္တိ သန္တောဟူသည်=ဘုရားအစရှိကုန်သောသူတို့သည် သန္တမည်ကုန်၏ ဟူလို။ ဝတ္ထုကာမဟူသော အကြောင်းကြောင့် မိမိလည်းမပြော၊ သူတစ်ပါးကိုလည်း မပြောစေကုန်။ထိုစကားမှန်၏။ဆွမ်းခံဝင်သောအခါ အလိုဆိုးဖြင့်၊"ဒါယကာ သင့်သားမယားများ ဘယ်လိုလဲ ချမ်းသာကြရဲ့လား၊မင်း ခိုးသူစသည်တို့၏ အစွမ်းဖြင့် ခြေနှစ်ချောင်း ခြေလေးချောင်းရှိသော သတ္တဝါတို့၌ ဘေးရန် တစ်စုံတစ်ရာ ကင်းကြ၏လော"ဟု ဆိုသောသူတို့သည် ဤပြောကာမျှဖြင့် ပြောဟောသူတို့ မည်ကုန်၏။ ဤသို့ပြောလိုက်သဖြင့် "မှန်လှပါအရှင်ဘုရား၊ တပည့်တော်တို့အားလုံး ချမ်းသာကြပါ၏၊ ဘေးရန်တစ်စုံတစ်ရာမရှိပါဘုရား၊ ယခုအခါ တပည့်တော်တို့အိမ်သည် ထမင်းအဖျော် များစွာရှိပါ၏၊ ဤအရပ်၌သာလျှင် နေကြပါကုန်၏" ဟု ပြန်လျှောက်ထား၏။ ဤသို့ မိမိကိုဖိတ်စေကုန်လသော် ပြောဟောစေသည်မည်၏။ သူတော်ကောင်းတို့သည်ကား ဤသို့ အလိုဆိုးဖြင့် ပြောခြင်း, ပြောစေခြင်း ဟူသော နှစ်မျိုးတို့ကို မလုပ်ပြုကြကုန်။

သုခေန ဖုဋ္ဌာ အထဝါ ဒုခေန ဟူသည်=ဒေသ နာမျှသာတည်းဟူလို။လောက ဓံ ရှစ်ပါးနှင့် တွေ့ကြုံရသောအခါ နှစ်သက်ခြင်း၊ မျက်နှာမသာယာခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့၏ အစွမ်းအားဖြင့် ကောင်းသောအမူအရာ မကောင်းသော အမူအရာတို့ကို ပညာရှိတို့သည် မပြကြကုန်ဟူလို။

[ဤဝတ္ထု၌ အတိတ်ဆောင်ရာ အကြောင်းမှာ ဤဓမ္မပဒအဋ္ဌကထာ၌ ငါးရာကုန်သော ရဟန်း၊ ငါးရာကုန်သော စားကြွင်းစားတို့ကို အကြောင်းပြုလျက် ရဟန်းတို့ လျှောက်ကြားသောကြောင့် ဟောတော်မူသည်ဟု လာသည်။ ဒုကနိပါတ် ဇာတ်အဋ္ဌကထာမှာ ငါးရာကုန်သော သီတင်းသည် ငါးရာကုန်သော စားကြွင်းစားတို့ကို အကြောင်းပြုလျက် အရှင်အာနန္ဒာ လျှောက်ထားသောကြောင့် ဟောတော်မူသည်ဟု လာသည်။ အဋ္ဌကထာချင်း ညီညွတ်အောင် ညှိနှိုင်းကြပါလေ။ ဤကား အမှာ။]

ဒေသနာတော်၏အဆုံး၌ လူအများတို့သည် သောတာပန်စသည် ဖြစ်ကြကုန်၏။

ရှစ်ခုမြောက် ရဟန်းငါးရာတို့ဝတ္ထု ပြီး၏။

၉-ဓမ္မိကမထေရ်ဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

န အတ္တဟေတု–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်း၌ကိန်းအောင်းတော်မူစဉ် ဓမ္မိကမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသတည်း။

သာဝတ္ထိပြည်ဝယ် ဥပါသကာတစ်ယောက်သည် သူတော်ကောင်းတို့၏ တရားနှင့် တစ်သားတည်း ညီမျှသဖြင့် သင့်လျော် လျောက်ပတ်အောင် အိမ်ရာ ထောင်သော လူ့ဘောင်၌နေသတည်း။ ထိုဥပါသကာသည် ဘုရားသာသနာ တော်၌ကောင်းစွာဝနထမ်း ရဟန်းပြုလိုသည်ဖြစ်၍ တစ်နေ့သောနေ့၌ခင်ပွန်းမ ဖြစ်သောမယားနှင့်အတူတကွနေထိုင်ပြီးသောအခါ ချမ်းသာကောင်းမြတ်သော စကားကိုပြောဆိုလျက် အိုချစ်နှမ ငါသည် မြတ်စွာဘုရား သာသနာတော်ထမ်း ရဟန်းပြုခြင်းငှာ အလိုရှိပါသည်ဟု ဆို၏။ ထိုအခါ ခင်ပွန်းမယားက အမောင် ချစ်လင် အရှင့်ကြင်ဖော်ကျွန်တော်မမှာ တည်ခသန္ဓေ စွဲနေရှိပါသည်။ ကျွန်တော်မသည် အကြင်မျှလောက် ကာလကြာလျှင် ဝမ်း၌တည်သောသူငယ်

ကို ဖွားမြင်ပါလတ္တံ့၊ ထိုမျှလောက်သောကာလကြာအောင် ငံ့လင့်ဆိုင်းတွဲဝေ မှုပါဦးဟု တောင်းပန်ပြောဆို၏။ ထိုဥပါသကာသည် ငံ့လင့်ဆိုင်းတွဲ၍ ကာလ မြင့်ကြာ ဖွားမြင်လာသော သားငယ်၏ ခြေဖြင့်သွားနိုင်သော အနွယ်သို့ ကျရောက်သောအခါ တစ်ဖန်ပန်ကြား ခွင့်တောင်းပြန်သည်ရှိသော် အမယ်ခင် ချစ်လင် ကျွန်တော်မ မွေးဖွားသော သင်၏သားငယ်သည် အကြင်မျှလောက် အရွယ်သို့ရောက်ခြင်းရှိ၏။ ထိုမျှလောက်ကာလကြာအောင် ငံ့လင့်တော်မူပါဦး ဟု တောင်းပန်ပြောဆိုပြန်သည်ရှိသော် ထိုအခါ ဥပါသကာသည် ငါသည်အား ပန်ကြားခြင်းဖြင့် လည်းကောင်း၊ မပန်ကြားခြင်းဖြင့်လည်းကောင်း အဘယ် သို့ အကျိုးရှိအံ့နည်း၊ မိမိ၏သာလျှင် ဒုက္ခမှ ထွက်မြောက်ရာကို ကောင်းစွာ ပြုလုပ်တော့အံ့ဟုကြံ၍ အိမ်ရာထောင်သော လူ့ဘောင်မှ ထွက်သွားပြီးသော် ရဟန်းပြုလေ၏။

ထိုရဟန်းမထေရ်သည် ကမ္မဋ္ဌာန်းကို သင်ယူ၍ စေ့ဆော် လုံ့လဝီရိယကို ပြုလျက် မိမိ၏ရဟန်းကိစ္စကို ပြီးဆုံးစေလျက် ထိုသားသူငယ် ခင်ပွန်းတို့အား ကြည့်ရှုခြင်းငှါ တစ်ဖန် သာဝတ္ထိပြည်သို့ သွား၍ သားငယ်အား တရားစကား ကို ဟောကြား၏။ ထိုသားငယ်သည်လည်း လူ့ဘောင်မှ ထွက်ပြီး ရဟန်း ပြု၏၊ ရဟန်းပြုပြီး၍ မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုမထေရ်၏ မယားဟောင်းဖြစ်သော ခင်ပွန်းမသည်လည်း အကြင် သား, လင် ခင်ပွန်းတို့၏ အကျိုးငှါ ငါသည် ဃရာဝါသ ကိစ္စဖွဲ့နှောင် လူ့ဘောင်ဌာန၌ နေရပေ၏၊ ထိုသား, လင် ခင်ပွန်း နှစ်ဦးတို့သည် ရှင်မြူးသဒ္ဒါ သာသနာဝယ် ကောင်းစွာဝင်မြန်း ရဟန်းပြုကြလေကုန်ပြီ၊ ဤယခုအခါ ငါတစ်ယောက်တည်း အချည်းနှီး ဖွဲ့နှောင် အိမ်ရာထောင်သည့် လူ့ဘောင်မှာနေ၍ ဖြင့် အဘယ် အကျိုးရှိတော့အံ့နည်း ရဟန်းပြုတော့အံ့ဟုကြံ၍ လူ့ဘောင်မှထွက်၍ ရဟန်း ပြုလေ၏၊ ရဟန်းပြုပြီး၍ မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် ငါ့ရှင်တို့ ဓမ္မိက ဥပါသကာသည် မိမိသည် တရား၌ တည်သည်၏ အဖြစ်ကြောင့် လူ့ဘောင်မှ ထွက်ပြီး ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်လေသည်။ သား မယား အား လည်းအရဟတ္တဖိုလ်၌ တည်စေဘိသည်ဟူသောစကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားရှင်သည် ကြွလာတော်မူ၍ ချစ်သား ရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည်သော စကားကို ပြော ကြား စည်းဝေးကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော စကားပါ တည်းဟု လျှောက်ကြားသည်ရှိသော် ချစ်သား ရဟန်းတို့ ပညာရှိသောသူ မည်သည်ကား မိမိတည်းဟူသောအကြောင်း, သူတစ်ပါးတည်းဟူသော

အကြောင်းကြောင့် လောကီရိပ်ငြိမ် စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို အလို မရှိအပ်၊ တရားအားလျော်သဖြင့် သာလျှင် တရားတည်းဟူသော ထက်မြောက် ခြင်းဖြင့် နေ့ထိုင်မျှတင်း ၃နှလုံးသွင်းခြင်း ဖြစ်ပေရာ၏ဟု အနုသန္ဓေကို စပ်တော်မူ၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်–

၈၄။ န အတ္တဟေတု န ပရဿ ဟေတု၊
န ပုတ္တမိစ္ဆေ န ဓနံ န ရဋ္ဌံ။
န ဣစ္ဆေယျ အဓမ္မေန သမိဒ္ဓိမတ္တနော၊
သ သီလဝါ ပညဝါ ဓမ္မိကော သိယာ–

ဟူသော ဤဂါထာကို ဟောကြားတော်မူ၏။

ပညာရှိသူသည် မိမိကြောင့် မကောင်းမှု မပြု၊ သူတပါးကြောင့်လည်း မကောင်းမှု မပြု၊ သားသမီး၊ တိုင်းနိုင်ငံ မတရားသဖြင့် မိမိ၏ပြည့်စုံခြင်းကို အလိုမရှိရာ။ ထိုပညာရှိသည် ပညာရှိ၍ တရားရှိသူမည်၏။

ထိုဂါထာ၌ န အတ္တဟေတုဟူသည်=ပညာရှိမည်သည် မိမိကြောင့် လည်း ကောင်း၊ သူတစ်ပါးကြောင့်လည်းကောင်း၊ မကောင်းမှု မပြု။

န ပုတ္တမိစ္ဆေဟူသည်=သားကိုလည်းကောင်း၊ ဥစ္စာကိုလည်းကောင်း၊ တိုင်း ပြည်ကိုလည်းကောင်း ယုတ်မာသောအမှုဖြင့် အလိုမရှိရာ။ ၎င်းအလုံးစုံကို အလိုရှိခြင်းကြောင့် မကောင်းမှုကို မပြုဟူလို။

သမိဒ္ဓိမတ္တနောဟူသည်=မိမိ၏ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းကိုလည်း မတရားသဖြင့် အလိုမရှိရာ။ စည်းစိမ်ချမ်းသာဟူသော အကြောင်းကြောင့် မကောင်းမှုကို မပြုဟူလို။

သသီလဝါဟူသည်=ဤသို့သဘောရှိသော ပုဂ္ဂိုလ်သည်ရှိ၏။ ထိုပုဂ္ဂိုလ်သည် သာ သီလလည်းရှိ၊ ပညာလည်းရှိ၊ တရားကို ကျင့်သည်လည်းဖြစ်ရာ၏။ အခြားပုဂ္ဂိုလ်မဟုတ် ဟူလို။

ဒေသနာတော်၏အဆုံး၌ လူများစွာတို့သည် သောတာပန်စသည်တို့ တည် ကုန်၏။

ကိုးခုမြောက် ဓမ္မိကမထေရ်ဝတ္ထု ပြီး၏။

၁၀-ငါးရာကုန်သော တရားနာပုဂ္ဂိုလ်တို့ဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

အပ္ပကာတေမနုဿေသု- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တရားနာကုန်သော လူငါးရာတို့ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသတည်း။

များစွာကုန်သော ရတနာတို့ဖြင့် လွန်စွာပြည့်သော ဂုဏ်ထူးရှိသော သာဝတ္ထိပြည်ကြီးဝယ် လမ်းခရီးတစ်ခု၌ မျိုးမိုးပျော်မွေ့ နေထိုင်လေ့ ရှိကုန်သော လူများအပေါင်းတို့သည် နည်းကောင်းညီမျှ ညွှန်ပြတည်ပြု အသင်းအစုကို ဖွဲ့ကြသဖြင့် ဒါနဝတ္တုကို ပြုစု လှူဒါန်းပြီးသော် အလုံးစုံသော ညဉ့်အခါ၌ တရားတော်ကို ကြားနာခြင်းကို ပြုကြကုန်၏။ အလုံးစုံသော ညဉ့်သုံးယာမ်ပတ်လုံး တရားနာခြင်းငှာ မစွမ်းနိုင်ကြကုန်။ အချို့ကုန်သော လူတို့သည် ကာမဖြင့်မွေ့လျော် ပျော်ပါးခြင်းကို မှီကုန်သည်ဖြစ်၍ တစ်ဖန်အိမ်သို့သာလျှင် ပြန်သွားကုန်၏။ အချို့ကုန်သော သူတို့သည် ဒေါသကို မှီကုန်သည်ဖြစ်၍၊ အချို့ကုန်သော သူတို့သည် မာနကို မှီကုန်သည်ဖြစ်၍၊ အချို့ကုန်သော သူတို့သည် ငိုက်မြည်းအိပ်ပျော် ကုန်သည်ဖြစ်၍ ထိုတရားနာသော နေရာ၌ သာလျှင်ထိုင်နေကုန်ပြီး လျှပ်ပေါ်လော်လည်ကုန်သည်ဖြစ်၍ တရားတော်ကို ကောင်းမွန်စွာ နာယူခြင်းငှာ မစွမ်းနိုင်ကြလေကုန်။ တစ်ဖန် မိုးသောက်ရောက်သောနေ့၌ ရဟန်းတို့သည် ထိုသို့သော အကြောင်းကို ကြားသိ၍ တရားသဘင် အစည်းအဝေးခွင်၌ စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားရှင်သည် ကြွတော်မူလာ၍ ချစ်သား ရဟန်းတို့ ငါဘုရားကြွတော်မူလာသော ယခုအခါ၌ အဘယ်သို့သော စကားကို ပြောကြား စည်းဝေးထိုင်နေကုန်သနည်းဟု မေးတော်မူသော် ဤအမည်ရှိသောအကြောင်းပါတည်းဟု လျှောက်ကြားသည် ရှိသော် ချစ်သား ရဟန်းတို့ ဤသတ္တဝါတို့ မည်သည်ကား များသောအားဖြင့် ဘဝကို မှီကုန်၏။ ဘဝ၌ ကပ်ငြိစွဲလမ်း၍သာ နေကြကုန်၏။ ဘဝ၏ တစ်ဘက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ သွားရောက်နိုင်သောသူမည်သည်ကား အနည်းငယ်မျှသာ ရှိသည်ဟု အနုသန္ဓေကို စပ်တော်မူ၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့် ဤဂါထာတို့ကို မိန့်တော်မူ၏-

၈၅။ အပ္ပကာ တေ မနုဿေသု၊ ယေ ဇနာ ပါရဂါမိနော။

အထာယံ ဣတရာ ပဇာ၊ တီ ရမေဝါနုဓာဝတိ။

ဂ၆။ ယေ စ ခေါ သမ္မဒက္ခာတေ၊ ဓမ္မေ ဓမ္မာနုဝတ္တိနော။
တေ ဇနာ ပါရမေဿန္တိ၊ မစ္စုဓေယျံ သုဒုတ္တရံ။

လူတို့တွင် ဟိုမှာဘက်ကမ်းဟူသော နိဗ္ဗာန်ကျွန်းသို့ ကူးသူတို့ကား နည်းကုန်၏။ အခြားသော သတ္တဝါများသည် သက္ကာယဒိဋ္ဌိ စွန်းငြိ၍ ဤမှာဘက်ကမ်းသို့သာလျှင် ပြေးဝင်၏။ ကောင်းစွာဟောအပ်သော ဒေသနာတော်၌ ဘုရားဟောအတိုင်း လိုက်နာသူတို့သည် ကူးနိုင်ခဲသော ဘုံသုံးပါး၌ ဖြစ်သော ဝဋ်ကို ကူးမြောက်လျက် နိဗ္ဗာန်ဟူသော ဟိုမှာဘက်ကမ်းသို့ ရောက်ကြကုန်လတ္တံ့။

ထိုဂါထာတို့၌ အပ္ပကာဟူသည်=နည်းကုန်၏။ မများကုန်ဟူလို။

ပါရဂါမိနောဟူသည်=နိဗ္ဗာန်ရောက်ကုန်၏ ဟူလို။

အထာယံ ဣတရာပဇာဟူသည်=အကြွင်းသတ္တဝါသည် သက္ကာယဒိဋ္ဌိဟူသော ဤမှာဘက်ကမ်းသို့သာလျှင် အစဉ်ပြေး၏။ ဤသတ္တဝါဟူသည်လျှင် အလွန်များ၏ ဟူလို။

သမ္မဒက္ခာတေဟူသည်=ကောင်းစွာဟောအပ်သည်ရှိသော် ဟူလို။

ဓမ္မေဟူသည်= ဒေသနာဓမ္မဟူလို။

ဓမ္မာနုဝတ္တိနောဟူသည်= ထိုတရားကို နာယူ၍ ထို လောကုတ္တရာတရားအား လျော်သောအကျင့်ကို ဖြည့်ကျင့်ပြီး မဂ်ဖိုလ်ကို မျက်မှောက်ပြုသဖြင့် တရားနှင့် လျော်စွာ ကျင့်သောသူတို့သည် ဟူလို။

ပါရမေဿန္တိဟူသည်=ဤသို့ သဘောရှိကုန်သော ထိုလူတို့သည် နိဗ္ဗာန်ဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့ ဟူလို။

မစ္စုဓေယျံဟူသည်= ကိလေသာမာန်ဟု ဆိုအပ်သော သေမင်း၏ နေရာဖြစ်၍ဖြစ်သော ဘုံသုံးပါး၌ ဖြစ်သော ဝဋ်ကို ဟူလို။

သုဒုတ္တရံဟူသည်=တရားနှင့်လျော်စွာ ကျင့်သုံးသူတို့သည်သာ ကောင်းစွာ ကူးမြောက်နိုင်ခဲသော လွန်နိုင်ခဲသော မာန်၏အရာကို ကူး၍ လွန်၍ နိဗ္ဗာန်ဟူသော တစ်ဖက်ကမ်းသို့ ရောက်ကုန်လတ္တံ့ ဟူလို။

ဒေသနာဆော်အကျိုး

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပန်စသည်တို့သို့ ရောက်ကုန်၏။

ဆယ်စုမြောက် ငါးရာကုန်သော တရားနာပုဂ္ဂိုလ်တို့ဝတ္ထု ပြီး၏။

အာဂန္တုကရဟန်းငါးရာတို့ဝတ္ထု

ပစ္စုပ္ပန်ဝတ္ထု

ကဏှံ ဓမ္မံ ဝိပ္ပဟာယ–အစရှိသော ဤတရားဒေသနာတော်ကို ဇေတဝန် ဝိဟာ၌ သီတင်းသုံးတော်မူစဉ်အခါ ဘုရားရှင်ကို ဖူးမြင်ခြင်းငှာ လာရောက် ကုန်သော အာဂန္တုက ရဟန်းငါးရာတို့ကို ရည်မှန်းသမှု အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပေသတည်း။

ကောသလတိုင်းသား ရဟန်းငါးရာတို့သည် ဝါလကျွတ်မြောက် အခါ ရောက်က ဘုန်းတောက်မြတ်စွာ စေသတ္ထာကို သဒ္ဓါကြည်လင် ဖူးမြင်ကုန်အံ့ဟု ကြံ၍ ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ မြတ်စွာဘုရား ကိုယ်တော် မြတ်ကို ညွှတ်ပျပ်ဝပ်လျှိုး ရှိခိုးကြပြီးသော် တင့်အပ်လျောက်ပတ်သော အရပ်၌ ထိုင်နေကြကုန်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်သည် ထိုရဟန်းတို့၏ စရိုက် ဆန့်ကျင်ဘက်ကို မှတ်တော်မူပြီးလျှင် တရားတော်ကို ဟောကြားတော် မူလိုသောကြောင့် ဤဂါထာတို့ကို မိန့်တော်မူ၏—

၈၇။ ကဏှံ ဓမ္မံ ဝိပ္ပဟာယ၊ သုက္ကံ ဘာဝေထ ပဏ္ဍိတော။
ဩကာ အနောကမာဂမ္မ၊ ဝိဝေကေ ယတ္ထ ဒူရမံ။

၈၈။ တတြာဘိရတိ မိစ္ဆေယျ၊ ဟိတွာ ကာမေ အကိဉ္စနော။
ပရိယောဒပေယျ အတ္တာနံ၊ စိတ္တက္လေသေဟိ ပဏ္ဍိတော။

၈၉။ ယေသံ သမ္ဗောဓိယင်္ဂေသု၊ သမ္မာ စိတ္တံ သုဘာဝိတံ။
အာဒါနပဋိနိဿဂ္ဂေ၊ အနုပါဒါယ ယေ ရတာ။
ခီဏာသဝါ ဇုတိမန္တော၊ တေ လောကေ ပရိနိဗ္ဗုတာ။

ပညာရှိသည် မည်းညစ်သော ဒုစရိုက်တရားကို ပယ်စွန့်၍ တဏှာဟူသော အာလယမှ ထွက်မြောက်၍ တဏှာကင်းရာ နိဗ္ဗာန်ကိုစွဲ၍ ဖြူစင်သော သုစရိုက် တရားကို ပွားများရာ၏။ အကြင် ဝိဝေကသုံးပါး၌ မွေ့လျော်နိုင်ခဲ၏။ ကာမဂုဏ်ငါးပါးတို့ကို စွန့်လွှတ်၍ စိုးစဉ်းမျှ အကြောင်းမရှိဘဲ ထိုဝိဝေကသုံးပါး၌ မွေ့လျော်ခြင်းကို အလိုရှိရာ၏။ ပညာရှိသည် စိတ်ညစ်ကြောင်း တရားတို့မှ မိမိကိုယ်ကို သန့်ရှင်းဖြူစင်စေရာ၏။ သမ္ဗောဇ္ဈင်အင်္ဂါတို့၌ သင့်သောအကြောင်း အားဖြင့် ကောင်းစွာပွားများအပ်သောစိတ်ရှိသော ထိုပုဂ္ဂိုလ်တို့သည် မစွဲလမ်း မှု၏ ဥပါဒါန်စွန့်ရာ နိဗ္ဗာန်၌ မွေ့လျော်ကုန်၏။ လောက၌ အာသဝေါ ကုန်ခမ်းပြီးကုန်သော အာနုဘော်ကြီးကုန်သော ထိုပုဂ္ဂိုလ်တို့သည် သဉပါဒိ- ဒိသေသ, အနုပါဒိသေသဓာတ်ဖြင့် ငြိမ်းကုန်၏။

ထိုဂါထာတို့တွင် **ကဏှံ ဓမ္မံ ဟူသည်**=ကာယဒုစရိုက် စသည် အပြားရှိသော အကုသိုလ်ဓမ္မကို စွန့်၍ ဟူလို။

သုက္ကံဘာဝေထဟူသည်=ပညာရှိရဟန်းသည် မြတ်သော တောထွက်ခြင်းမှ စ၍ အရဟတ္တမဂ်တိုင်အောင်ဖြစ်သော ကာယသုစရိုက် စသည် အပြားရှိသော ကုသိုလ်တရားကို ပွားစေရာ၏ ဟူလို။

ဩကာ အနောကမာဂမ္မ ဟူသည်=တပ်မက်ခြင်းကို ဩက ဟု ဆိုအပ်၏။ မတပ်မက်ခြင်းကို အနောက ဟု ဆိုအပ်၏။ တပ်မက်ခြင်းမှ ထွက်၍ အနာလယဟု ဆိုအပ်သော နိဗ္ဗာန်ကို စွဲ၍ ထိုနိဗ္ဗာန်ကို တောင့်တလျက် ပွားစေရာ၏ ဟူလို။

တတြာဘိရတိမိစ္ဆေယျ ဟူသည်=အနာလယဟု ဆိုအပ်သော ဆိတ်ငြိမ်ခြင်း ရှိသော သတ္တဝါတို့ မွေ့လျော်နိုင်ခဲသော နိဗ္ဗာန်၌ လွန်စွာ မွေ့လျော်ခြင်းကို အလိုရှိရာ၏။

ဟိတွာ ကာမေ ဟူသည်=ဝတ္ထုကာမ ကိလေသာကာမတို့ကို စွန့်၍ ရာဂ စသော စိုးရိမ်ခြင်းမရှိသည်ဖြစ်၍ နိဗ္ဗာန်ဟူသော ဝိဝေက၌ လွန်စွာမွေ့လျော်ခြင်းကို အလိုရှိရာ၏ ဟူလို။

စိတ္တက္လေသေဟိ ဟူသည်=နီဝရဏ ငါးပါးတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏ ဟူလို။

သမ္ဗောဓိယင်္ဂေသု ဟူသည်=သမ္ဗောဓိ၏ အကြောင်းဖြစ်သော ဗောဇ္ဈင်တို့၌ ဟူလို။

သမ္မာ စိတ္တံ သုဘာဝိတံ ဟူသည်=သင့်သော အကြောင်းဖြင့် စိတ်ကို ကောင်းစွာ ပွားစေအပ်ပြီ။

အာဒါနပဋိနိဿဂ္ဂေ ဟူသည်=စွဲလမ်းခြင်းကို အာဒါန ဟူ၍ ဆိုအပ်၏။ ပဋိနိဿဂ္ဂ ဟု ဆိုအပ်သော ထိုအာရုံကို မစွဲလမ်းခြင်း၌ ဥပါဒါန်လေးပါးတို့ဖြင့် တစ်စုံတစ်ခုကိုမျှ မစွဲလမ်းမူ၍ အကြင်ပုဂ္ဂိုလ်တို့သည် မွေ့လျော်ကုန်၏ ဟူလို။

ဇုတိမန္တော ဟူသည်=အာနုဘော် ရှိကုန်သော ပုဂ္ဂိုလ်တို့သည် အရဟတ္တမဂ်ဉာဏ်ဟူသော ထွန်းလင်းခြင်းဖြင့် ခန္ဓာ စသည် အပြားရှိသော တရား၌ ထွန်းလင်း၍ တည်ကုန်၏ ဟူလို။

တေ လောကေ ဟူသည်=ထိုပုဂ္ဂိုလ်တို့သည် ဤခန္ဓာ စသော လောက၌ ဟူလို။

တေ လောကေ ဟူသည်=ထိုပုဂ္ဂိုလ်တို့သည် ဤခန္ဓာ စသော လောက၌ ဟူလို။

ပရိနိဗ္ဗုတာ ဟူသည်=အရဟတ္တဖိုလ်သို့ ရောက်သည်မှစ၍ ကိလေသာဝဋ်၏ ကုန်သည်၏အဖြစ်ကြောင့် သဥပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် လည်းကောင်း၊ ပရိနိဗ္ဗာန်စိတ် ချုပ်ခြင်းကြောင့် ခန္ဓာဝဋ်ကို ကုန်စေသည်၏ အဖြစ်ကြောင့် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် လည်းကောင်း၊ ဤပရိနိဗ္ဗာန် နှစ်ပါးတို့ဖြင့် ငြိမ်းကုန်၏။ ဆီမီးစာမရှိသော ဆီမီးကဲ့သို့ အထက်၌ တစ်ဖန် မဖြစ်ခြင်းသို့ ရောက်ကုန်၏ ဟူလို။

ဒေသနာတော်၏အဆုံး၌ လူအများတို့သည် သောတာပန် စသည်တည် ကုန်၏။

အာဂန္တုက ရဟန်းငါးရာတို့ဝတ္ထု
ပြီး၏။

ဓမ္မပဒပါဠိတော် အဋ္ဌကထာတို့၌ ခြောက်ခုမြောက်
ပဏ္ဍိတဝဂ်ပြီး၏။

ဓမ္မပဒအဋ္ဌကထာ မြန်မာပြန် ဓမ္မပဒဝတ္ထု ဒုတိယတွဲ ပြီး၏။

၂၉၁၂

ပ.မ.သ.စ-၅၉/၈.၂.၂၀၁၂ (၂၀၀၀) အုပ် [illegible]